www.burmeseclassic.com

ကြိုက်စာပေ

# မြင့်မြတ်သူတို့ ကျင့်စဉ်

## (ပါရမီဆယ်ပါး)

မောင်ဆန္ဒ

(လယ်ဝေး)

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com






















www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၆၀၀၂၉၈၀၅၁၁
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၆၀၀၆၂၆၀၉၁၁
**ထုတ်ဝေခြင်း**
၂၀၁၁၊ ဒီဇင်ဘာလ၊ ပထမအကြိမ်
**အုပ်ရေ**
၅၀၀
**စီစဉ်သူ**
မျိုးညွန့်(စိတ်ကြိုက်စာပေ)
**အတွင်းသရုပ်ဖော်ပန်းချီ**
ကံကောင်း
**မျက်နှာဖုံးဒီဇိုင်း**
နေဝင်းအောင်
**အတွင်းဖလင်**
A-7 Group (Aisa Plaza)
**ကွန်ပျူတာစာစီ**
A-7 Group (Aisa Plaza)
**ထုတ်ဝေသူ**
ဦးချစ်ညွန့်(၀၄၀၀၄) (ဖင်ရတနာစာပေ)
၂၀၅က/၄-လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်။
**အဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဦးအောင်မြင့်သိန်း (အင်းကြင်းမြိုင်ပုံနှိပ်တိုက်)
၁၄၇၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
**စာအုပ်ချုပ်**
မင်းဇော်
**တန်ဖိုး**
၅၀၀၀

ဆန္ဒ၊ မောင် (လယ်ဝေး) ၂၉၄.၃
မြင့်မြတ်သူတို့ကျင့်စဉ်(ပါရမီဆယ်ပါး)/မောင်ဆန္ဒ(လယ်ဝေး)-
ရန်ကုန်။ ဖင်ရတနာစာပေ၊ ၂၀၁၁။
၄၅၆-စာ ၊ ၁၇.၅ × ၂၄.၅ စင်တီ။
(၁) မြင့်မြတ်သူတို့ကျင့်စဉ်(ပါရမီဆယ်ပါး)

www.burmeseclassic.com

www.burmeseclassic.com

## စိတ်ကြိုက်စာပေမှ ထွက်ရှိပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | စိုင်းကျော်သီဟ | သံသရာကြွေးနှင့် ဖြစ်ရပ်ဆန်းများ |
| ၂။ | စိုင်းကျော်သီဟ | စံအိမ်ကြီးထဲကအေဝိကြီးနှင့်ဖြစ်ရပ်ဆန်းများ |
| ၃။ | အိန်ဂျယ်(လ်) | ချစ်သူအတွက်ရေးတဲ့စာ |
| ၄။ | အိန်ဂျယ်(လ်) | ချစ်သူအတွက်မနက်ဖြန် |
| ၅။ | သီဂီနွယ်+သတိုးနွယ် | ချစ်သူအတွက်ခံစားမှုအသနစာစုများ |
| ၆။ | စိတ်ဓာတ်မြသန်း | တဝါးဝါးတဟားတဟားနှင့် ဖြစ်ရပ်ဆန်းဟာသများ |
| ၇။ | စိတ်ဓာတ်မြသန်း | ရယ်ရယ်မောမော ဂန္ထဝင်ပုံပြင်များ |
| ၈။ | စိတ်ဓာတ်မြသန်း | ဘီးလူးလေးကောင်နှင့် ပျော်ဖွယ်ဟာသများ |
| ၉။ | စိတ်ဓာတ်မြသန်း | ကပ်သီးကပ်သတ်ဟာသအတိုအထွာများ |
| ၁၀။ | အောက်တိုဘာအောင်ကြီး | ဒေါ်မြကြည်၏ဒိုင်ယာရီ |
| ၁၁။ | ဘညိုကြီး | ဝိဉာဉ်ပဲ့လွမ်းခြင်း |
| ၁၂။ | ဒီဆူဇာ | လွှတ်ပါတော် |
| ၁၃။ | နွယ်ဇင်ဦး(မြန်မာစာ) | ဟာသသရုပ်ဆောင်များ၏ ဘဝပုံရိပ်နှင့်အတွေးအမြင်များ |
| ၁၄။ | ဘညိုကြီး | လျှို့ဝှက်ဆန်းကြယ် မိန်းမငယ် |
| ၁၅။ | သတိုးနွယ် | သင်ဘာကြောင့်အခုထိ မအောင်မြင်သေးသလဲ... အောင်မြင်အောင် ဘယ်လိုလုပ်မလဲ ...? |
| ၁၆။ | သတိုးနွယ် | ကြယ်ခွေအသနု |
| ၁၇။ | မောင်ဆန္ဒ(လယ်ဝေး) | ငြိမ်းလေပြီးသော သခါရမီး |
| ၁၈။ | မောင်ဆန္ဒ(လယ်ဝေး) | ကြီးပွားရေးအတွက် သော့ဆယ့်တစ်ချက် |
| ၁၉။ | မောင်ဆန္ဒ(လယ်ဝေး) | မြတ်နိုးစရာ မိန်းမသား |
| ၂၀။ | မောင်ဆန္ဒ(လယ်ဝေး) | ကြောက်စရာ မိန်းမသား |
| ၂၁။ | အချစ်ချို | ချစ်သူအတွက် လွမ်းပွဲစာ |
| ၂၂။ | အချစ်ချို | အချစ်အတွက် နှလုံးသားခံစားမှု စာစုများ |
| ၂၃။ | အချစ်ချို | အချစ်အတွက် ချစ်သူဖတ်ဖို့ |
| ၂၄။ | ရည်ရွယ်မောင် | ချစ်မိလေသူ တစ်ယောက်သို့ |
| ၂၅။ | သုတေသီဘုန်းမြင့်သွေး | သင့်ဘဝအောင်မြင်ရေး လေ့ကျင့်ခန်းများ |
| ၂၆။ | မေသိင်္ဂါစိုး | နှစ်လအတွင်း ဟင်းလျာမထပ်အောင်ချက်နည်း |
| ၂၇။ | စွမ်းထက်အောင် | ချမ်းသာစေမည့် လက်တွေ့နည်းလမ်းများ |
| ၂၈။ | လူအေး (တမာမြေ) | ဗုဒ္ဓအလိုတော်ကျ ဘဝနေနည်း |
| ၂၉။ | နေစိုးထက် | ဗိုလ်ချုပ်အောင်ဆန်း(သို့မဟုတ်) နယ်ချဲ့ကိုအလဲထိုးအောင်နိုင်ခဲ့သူ |
| ၃၀။ | မြတ်နိုးသွယ် | ရင်တွင်းသင်္ချိုင်း |
| ၃၁။ | မြတ်နိုးသွယ် | တိမ်တိုက်၏အခြားတစ်ဖက်မှာ |
| ၃၂။ | မြတ်နိုးသွယ် | ကိုယ်စား |

**ယခု**

| | | |
|---|---|---|
| ၃၃။ | မောင်ဆန္ဒ(လယ်ဝေး) | မြင်မြတ်သူတို့ ကျင့်စဉ် (ပါရမီဆယ်ပါး) |

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| | ဒါနပါရမီ ... ... | ၁ |
| ၁။ | ကျွန်ပင်ဖြစ်ငြား သဒ္ဓါအားထက်သန် ... ... | ၉ |
| ၂။ | သိကြားမင်းပင် တုန်လှုပ်ရသည့်အလှူ ... ... | ၁၇ |
| ၃။ | အသက်ကိုရင်း၍ ပေးအပ်လှူ ... ... | ၂၄ |
| ၄။ | အလှူပေးသူဌေးဖြစ် ... ... | ၂၉ |
| ၅။ | ဒိဋ္ဌဓမ္မ အကျိုးရသည့်အလှူ ... ... | ၃၆ |
| ၆။ | ခြုံလွှာလေးတစ်ထည် ... ... | ၄၁ |
| ၇။ | တစ်ယောက်စာ ထမင်း ... ... | ၄၈ |
| ၈။ | လယ်ကွင်းထဲက အလှူပွဲ ... ... | ၅၃ |
| ၉။ | သက်စွန့်အလှူ ... ... | ၅၈ |
| | သီလ ပါရမီ ... ... | ၆၅ |
| ၁။ | သီလဖက် အသက်ရှည် ... ... | ၇၄ |
| ၂။ | နဂါးဖြစ်သွားသည့် ရဟန်း ... ... | ၇၈ |
| ၃။ | လမ်းလျှောက်သွားသည့် အရိုးစု ... ... | ၈၀ |
| ၄။ | ဂရုဓမ္မသီလ ... ... | ၈၃ |
| ၅။ | အမြတ်ဆုံး ... ... | ၉၀ |
| ၆။ | သီလခြုံ၍ လုံခဲ့ပြီ ... ... | ၉၄ |
| ၇။ | ဣန္ဒြိယသံဝရသီလလုံခြုံသော စိတ္တဂုတ္တမထေရ် ... ... | ၉၇ |
| ၈။ | ဓမ္မာနုဂိုရ်မြို့စားကြီး ... ... | ၁၀၀ |
| | နေက္ခမ္မပါရမီ ... ... | ၁၀၇ |
| ၁။ | တွယ်တာကင်းပြတ်တောရပ်အဝင် ... ... | ၁၁၀ |
| ၂။ | ကာမဂုဏ်တောမှရုန်းထွက်သူ ... ... | ၁၁၂ |
| ၃။ | မင်းမဖြစ်ချင်သူ ... ... | ၁၁၅ |
| ၄။ | စွန့်ခွာရက်တော်မူလေအား ... ... | ၁၂၁ |
| ၅။ | သံလျှောင်အိမ်ထဲက မင်းသား ... ... | ၁၂၇ |
| ၆။ | ချမ်းမြေ့ရဂုံ တောရိပ်လှုံသည် ... ... | ၁၃၁ |
| ၇။ | ကာမဂုဏ် နှံ့နှစ်နေသော ကြားပန်းတစ်ပွင့် ... ... | ၁၃၅ |


www.burmeseclassic.com

www.burmeseclassic.com


| | | | | |
|---|---|---|---|---|
| | **ပညာ ပါရမီ** | ... | ... | **၁၄၁** |
| ၁။ | မဟောသဓာသတို့သားနှင့် နွားတရား | ... | ... | ၁၄၆ |
| ၂။ | ကြံ့စည်သိမြင် စိန္တာမယအရှင် | ... | ... | ၁၄၉ |
| ၃။ | အပ်တစ်ချောင်းနှင့် ဇနီးဝယ် | ... | ... | ၁၅၇ |
| ၄။ | အမျိုးမြတ်ပညာမဲ့နှင့် အမျိုးယုတ်ပညာတတ် | ... | ... | ၁၆၄ |
| ၅။ | မာယာအတတ် | ... | ... | ၁၆၉ |
| ၆။ | ပညာကိုဘယ်လူဆိုးက ယူနိုးလို့ရပါမယ် | ... | ... | ၁၇၃ |
| ၇။ | ပညာရှိအတွေး | ... | ... | ၁၇၇ |
| ၈။ | ထမင်းပို့လာသူ | ... | ... | ၁၇၉ |
| | **ဝီရိယပါရမီ** | ... | ... | **၁၈၃** |
| ၁။ | အမြတ်ဆုံးအောင်ပွဲ | ... | ... | ၁၈၈ |
| ၂။ | ကောင်းကင်တမွတ်ကြယ်ကို ဆွတ်မည် | ... | ... | ၁၉၅ |
| ၃။ | နောက်ဆုံးတူချက် | ... | ... | ၂၀၁ |
| ၄။ | အာဇာနည် စိတ်ဓာတ် | ... | ... | ၂၀၆ |
| ၅။ | ခွဲရှည် သည်းခံ အောင်ကြောင်း အမှန် | ... | ... | ၂၀၉ |
| ၆။ | လုံ့လကြီးသူတို့ အောင်ပွဲ | ... | ... | ၂၁၂ |
| ၇။ | အမွေခံသား | ... | ... | ၂၁၉ |
| ၈။ | ကြောက်ရွံ့နောက်တွန့်မဲ့ | ... | ... | ၂၂၂ |
| | **ခန္တီပါရမီ** | ... | ... | **၂၂၅** |
| ၁။ | ငါသည်းခံ၏ | ... | ... | ၂၃၀ |
| ၂။ | သည်းခံစိတ်ဖြင့်သာ တုံ့ပြန်ပါ့မယ်ဘုရား | ... | ... | ၂၃၉ |
| ၃။ | တုံ့ပြန်မမှု မငြူစူဘဲ | ... | ... | ၂၄၈ |
| ၄။ | တစ်လွှာဖိနပ်နှင့် သစ်ရွက်ထီး | ... | ... | ၂၅၄ |
| ၅။ | သတ်လိုကသတ်ပါစေ | ... | ... | ၂၅၈ |
| ၆။ | ဝင်္ကပါ လမ်းခွဲ | ... | ... | ၂၆၃ |
| ၇။ | သည်းခံကြည်ဖြူ ပေးအပ်လှူ | ... | ... | ၂၆၇ |
| | **သစ္စာပါရမီ** | ... | ... | **၂၇၁** |
| ၁။ | မိဂသမ္မဒါမြစ်ကမ်းမှ သစ္စာစကား | ... | ... | ၂၇၆ |
| ၂။ | မှန်ရာကိုသစ္စာဆိုပါမည် | ... | ... | ၂၈၆ |
| ၃။ | မုသားမဲ့ အလင်္ကာ | ... | ... | ၂၉၁ |
| ၄။ | သစ္စာနှလုံးသား | ... | ... | ၂၉၆ |


www.burmeseclassic.com

www.burmeseclassic.com


၅။ သစ္စာဆိုပြပါမယ် ... ... ၃၀၄
၆။ သစ္စာတန်ခိုးအကျိုးအဖြာဖြာ ... ... ၃၀၉
၇။ အမေ့အတွက် ယုန်သား ... ... ၃၁၂
၈။ သစ္စာဂုဏ်ရည် ... ... ၃၁၇

**အဓိဋ္ဌာနပါရမီ** ... ... **၃၂၃**

၁။ ရဟန်းတစ်ထောင် ... ... ၃၂၆
၂။ အနော်မာသောင်ကမ်းမှအဓိဋ္ဌာန် ... ... ၃၃၂
၃။ မျက်လုံးတော်လှူ အဓိဋ္ဌာန်ယူ ... ... ၃၃၇
၄။ သေသော်လည်းသေစေ ... ... ၃၄၃
၅။ ရန်တုံ့မမူ အဓိဋ္ဌာန်ယူ ... ... ၃၄၇
၆။ ကျူပြင်အဆစ်မကျန်ရစ်စေ ... ... ၃၅၁
၇။ အများအကျိုးသယ်ပိုးရည်သန်အဓိဋ္ဌာန် ... ... ၃၅၄
၈။ နေ့တစ်ဝက် ... ... ၃၅၇

**မေတ္တာပါရမီ** ... ... **၃၆၁**

၁။ တုန့်ရှိုင်းမရသည့် မိခင်မေတ္တာ ... ... ၃၆၆
၂။ သံသရာအဆက်ဆက်နွယ်ယှက်လာသည့်မေတ္တာ ... ... ၃၇၁
၃။ သေသူအတွက်မျက်ရည်မကျနဲ့ ... ... ၃၇၅
၄။ မေတ္တာလက်နက် ... ... ၃၈၀
၅။ မေတ္တာမျက်ဝန်း ... ... ၃၈၄
၆။ မေတ္တာရင်ငွေ့ ... ... ၃၈၉
၇။ မေတ္တာသည်သာ ... ... ၃၉၃
၈။ မေတ္တာရှုပွားလား ဗြဟ္မာ့ပြည် ... ... ၃၉၇
၉။ မေတ္တာတန်ခိုး ... ... ၃၉၉

**ဥပေက္ခာပါရမီ** ... ... **၄၀၃**

၁။ သုသာန်သင်္ချိုင်းထမှ ပါရမီရှင် ... ... ၄၀၈
၂။ ဥပေက္ခာမျက်ဝန်း ... ... ၄၁၅
၃။ မုန်းခြင်းချစ်ခြင်းအပြစ်ကင်းစွာ ... ... ၄၂၃
၄။ ဥပေက္ခာရပ်ဝန်းအလွန် ... ... ၄၃၀
၅။ တရားရှိသူ၏ နှလုံးသား ... ... ၄၃၆
၆။ ဗြဟ္မာ့ဒဏ် ... ... ၄၄၂


❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ခွန်းဆက်-မှာတမ်းလွှာ

မောင်ဆန္ဒ(လယ်ဝေး)ဟု ပြောဆိုလိုက်ပါက စာပေဆုကြီးအသီးသီးကို ဆွတ်ခူးရရှိထားသည့် နိုင်ငံကျော် စာရေးဆရာကြီးဟု စာပေမြတ်နိုးသူတိုင်း သိရှိနေကြပြီး ဖြစ်ပါသည်။ မိတ်ဆက်ပေးရန် မလိုတော့ပါ။ ဤစာအုပ်ကြီးအကြောင်းကိုသာ နှုတ်ခွန်းဆက် မှာတမ်းလွှာ ရေးသားပါတော့မည်။

ဆရာမောင်ဆန္ဒ(လယ်ဝေး)ကို (၂၊၁၊ ၂၀၁၁)နေ့ နေပြည်တော်၊ လယ်ဝေးမြို့အနောက်ဘက်၊ ကန်လှရွာ၊ အ.ထ.က စာပေဟောပြောပွဲ၌ စတင်တွေ့ရှိပြီး အကြောင်း အားလျော်စွာ စကားအနည်းငယ် ပြောဖြစ်သည်။ (၁၈၊ ၁၊ ၂၀၁၁)နေ့ ပန်းတောင်းမြို့၊ စာပေဟောပြောပွဲမှ ဆက်၍ အောင်လံသို့ ရောက်ရှိလာသည်။

ရောက်လာပြီး သူရေးသားပြုစုထားသော ''မြင့်မြတ်သူတို့ကျင့်စဉ်''စာမူကြီးကို ဖတ်ရှုပြီး အမှာစာ ရေးသားပေးပါရန် ပြောကြားသဖြင့် ကြည့်ရှုလိုက်ရာ လျှောက်လွှာ စာရွက်ကြီးများဖြင့် ကွန်ပျူတာ ရိုက်နှိပ်ထားသည့် စာမျက်နှာ(၄၅၀)ကျော်ရှိသည့် စာမူကြီးဖြစ်နေ၍ ဆရာ၏ စေတနာနှင့်ကြိုးစားအားထုတ်မှု (ဝီရိယ)ကို မလေးစားဘဲ မနေနိုင်တော့၊ ထုတ်ဖော်ချီးကျူးလိုက်မိသည်။

မိမိသည် ပါရမီဆယ်ပါးအကြောင်းအရာများ စာရေးရန် စိတ်ကူးခဲ့ဖူးသည်။ ပြည့်ပြည့်စုံစုံလေး ဖြစ်စေရန် ဘယ်အကြောင်းတွေ၊ ဘယ်ဇာတ်လမ်းတွေ ထည့်ရကောင်းမည် စသည် ကြံစည်ရုံသာ စိတ်ကူးရုံသာ ရှိခဲ့သည်။ ပျင်းရိခြင်းစသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် ယနေ့ထိ အကောင်အထည်မပေါ်ခဲ့။ အကောင် အထည်ဖော်ရေးခဲ့သည်တိုင် ဤမျှဘက်စုံ ပြည့်စုံသည့် စာမူကြီးမျိုး ဖြစ်ကောင်းမှ ဖြစ်နိုင်ပါလိမ့်မည်။

''ဘာသာရပ်တစ်ခုခုကို ကျွမ်းကျင်လိုပါက ကျမ်းပြုလိုက်ပါ'' အဆိုအမိန့်အရ ကျမ်းတစ်ကျမ်း ရေးသားပြုစုကြသည့် စာရေးသူ၊ ကျမ်းပြုသူတို့သည် စာဖတ်သူများ သိစေလို၊ တတ်စေလို၊ မှတ်စေလိုသည့် စေတနာထားလျှင် ထားသည့်အလျောက် သက်ဆိုင်ရာ စာပေမျိုးစုံ၊ ကျမ်းစာမျိုးစုံတို့ကို ရှာဖွေ၊ ဖတ်ရှု၊ လေ့လာပြီးမှ ရေးသားတတ်ကြရာ မိမိတို့ စာရေးသူများလည်း ဖတ်ရှု၊ လေ့လာပြီးဖြစ်၍ အထိုက်အလျောက် ကျွမ်းကျင်ကြမြဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာမောင်ဆန္ဒသည် ဘာသာရေးဘက်၌ သာသနာ့ဝန်ထမ်းများကဲ့သို့ ခြေခြေမြစ်မြစ်၊ ပိုင်ပိုင်နိုင်နိုင် သိရှိသူမဟုတ်ပါ။ စာပေများရေးသားရာမှ စတင်လေ့လာပြီး ဖြတ်လမ်းမှ လိုက်ရသူသာ ဖြစ်ပေသည်။ သို့သော် ဖြတ်လမ်းမှ လိုက်ရသူဖြစ်သော်လည်း ''ဗုဒ္ဓစာပန်းချီ''စသည့် ဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်များ သောင်းဂဏန်းကျော်အထိ အကြိမ်ကြိမ်ရိုက်နှိပ်နေရပြီး နိုင်ငံတော် စာပေဆုကြီးအမျိုးမျိုးကိုလည်း ရရှိနေသဖြင့် မည်မျှအထိ ဖတ်ရှု၊ လေ့လာထားကြောင်း၊ လေ့လာနေကြောင့် သိရှိနိုင်ပေသည်။

(၂၅)အုပ်ကျော် ပုံနှိပ်ထုတ်ဝေပြီး စာအုပ်များအနက် ''မြင့်မြတ်သူတို့ကျင့်စဉ်''စာအုပ်ကြီးသည်ကား ဆရာ၏စေတနာပြယုဂ်၊ ဝီရိယမှတ်တိုင်ကြီးအဖြစ် မှတ်တမ်း တင်ရမည်သာ ဖြစ်ပါ၏။

နည်းနည်းပါးပါးကြည့်ရှုပြီး အမှာစာလေး တတ်သလောက်၊ မှတ်သလောက် ရေးသားပေးပါရန် အကူအညီတောင်းသော်လည်း စာအုပ်ကြီးကို အနည်းအကျဉ်းဖတ်ရှု ကြည့်လိုက်ရာ ဤမျှကြိုးစား၊ ရှာဖွေ၊ စုဆောင်းရေးသားထားသည့် စာမူကြီးကို ဟိုလှန်ဒီလှန်၊ တိုင်းကျေဝတ်ကျေဖတ်ရှု၊ ဖြစ်ကတတ်ဆန်းရေးသား ပေးလိုက်ပါက ဆရာ၏ စေတနာနှင့် ဝီရိယတို့ကို မလေးစားရာရောက်ရုံမျှမက အားနာစရာလည်း ကောင်းနေပါ လိမ့်မယ်။

သို့ပါ၍ အလုပ်များနေမှန်းသိသည့်ဆရာက ကိုယ်ချင်းစာနာစိတ်ဖြင့် (၂)လခန့် အချိန်ပေးခဲ့သော်လည်း ရှောင်လွှဲမရသည့် ကိစ္စကြီးငယ်များမှအပ ရွှေ့ဆိုင်းရသည့် ကိစ္စကြီးငယ်တို့ကို ခေတ္တရပ်တန့်ထားလျက် (၂၇၊ ၁၊ ၂၀၁၁)နေ့မှ စတင်ဖတ်ရှုခဲ့ရာ (၄၊ ၂၊ ၂၀၁၁)နေ့တွင် ပြီးဆုံးသွားသည်။

အသေးစိတ်ဖတ်ရှုလေ့လာကြည့်ရာ ...

၁။ မြင့်မြတ်သူတို့၏ အကျင့်လမ်းအနက်အဓိပ္ပာယ်တို့ကို လူအများနားလည်စေရန် ရေးသားထားခြင်း။

၂။ ပါရမီများနှင့်သက်ဆိုင်သည့် ဖြစ်တော်စုံ၊ ဇာတ်တော်များကို ပြည့်ပြည့်စုံ ရှာဖွေတင်ပြထားခြင်း။

၃။ သက်ဆိုင်ရာ ဖြစ်တော်စုံ၊ ဇာတ်တော်များ တင်ပြထားရာ၌ ဇာတ်လမ်းနှင့်နာမည်များကို မူရင်းအတိုင်းရေးသား၍ ဇာတ်ကွက်ဆင်ပုံ၊ တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုပုံစသည်များကို ယခုခေတ်လူတို့ ပြောဆိုနေကြသည့် ဟန်တို့ဖြင့် ရေးသားတင်ပြထားခြင်း စသည်တို့ကို တွေ့ရှိရပေသည်။

အထက်ပါအကြောင်းအရာတို့ကြောင့် မိမိတို့အများဆုံးတွေ့ဖူး၊ သိဖူး၊ ကြားဖူးနေသည့် ဖြစ်တော်စုံ၊ ဇာတ်တော်များကို ဖတ်ရှုနေရစေကာမူ လက်ကပင် မချချင်လောက်အောင် ဆွဲဆောင်သွားသည့် ဆရာ၏ လက်ရာစွမ်းကား အံ့မခန်းရှိလှပါသည်။

ပါရမီများနှင့် သက်ဆိုင်သည့် ဖြစ်တော်စုံ၊ ဇာတ်တော်များကို ပြည့်ပြည့်စုံစုံ ရှာဖွေ တင်ပြထားပုံမှာ

| | | | |
|---|---|---|---|
| ၁။ | ဒါနပါရမီနှင့်စပ်၍ | ဖြစ်တော်စုံ၊ ဇာတ်တော် | (၉)ဇာတ် |
| ၂။ | သီလပါရမီနှင့်စပ်၍ | ဖြစ်တော်စုံ၊ ဇာတ်တော် | (၈)ဇာတ် |
| ၃။ | နေက္ခမ္မပါရမီနှင့်စပ်၍ | ဖြစ်တော်စုံ၊ ဇာတ်တော် | (၇)ဇာတ် |
| ၄။ | ပညာပါရမီနှင့်စပ်၍ | ဖြစ်တော်စုံ၊ ဇာတ်တော် | (၈)ဇာတ် |
| ၅။ | ဝီရိယပါရမီနှင့်စပ်၍ | ဖြစ်တော်စုံ၊ ဇာတ်တော် | (၈)ဇာတ် |
| ၆။ | ခန္တီပါရမီနှင့်စပ်၍ | ဖြစ်တော်စုံ၊ ဇာတ်တော် | (၇)ဇာတ် |
| ၇။ | သစ္စာပါရမီနှင့်စပ်၍ | ဖြစ်တော်စုံ၊ ဇာတ်တော် | (၈)ဇာတ် |

www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၈။ | အဓိဋ္ဌာန်ပါရမီနှင့်စပ်၍ | ဖြစ်တော်စုံ၊ ဇာတ်တော် | (၈)ဇာတ် |
| ၉။ | မေတ္တာပါရမီနှင့်စပ်၍ | ဖြစ်တော်စုံ၊ ဇာတ်တော် | (၉)ဇာတ် |
| ၁၀။ | ဥပေက္ခာပါရမီနှင့်စပ်၍ | ဖြစ်တော်စုံ၊ ဇာတ်တော် | (၆)ဇာတ် |

စုစုပေါင်းဖြစ်တော်ပုံ ဇာတ်တော်(၇၈)ဇာတ်တို့ကို ထိုထိုပိဋကာ၊ ကျမ်းစာအုပ်များမှ ရှာဖွေ ဖတ်ရှု ကိုးကားလျက် ရေးသား ပြုစုထားရုံမျှမက ဓမ္မပဒကျမ်း၊ သံယုတ်ကျမ်း၊ ဓိနတ္တပကာသနီကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းစသည့် ကြီးကျယ်ထင်ရှားလှသည့် ကျမ်းကြီးများမှ ထုတ်နုတ်ကိုးကားထားသဖြင့်လည်း တိကျခိုင်ခံ့လှပါ၏။

ဤမျှ ကြီးကျယ်၊ တိကျ၊ ခိုင်ခံ့၍ ဆွဲဆောင်မှုရှိလှသည့် ကျမ်းကြီး၌ အနည်းငယ်မျှသော ပါဠိများ၊ သတ်ပုံမှား၊ နာမည်မှားစသည့် အမှားလေးများ ကင်းစင်စေရန် ဖတ်ရှုပြီး တွေ့ရှိသမျှ အတတ်နိုင်ဆုံးပြင်ဆင်ထားပါသည်။

အယူအဆမှား၊ အရေးအသားမှား၊ ပါဠိမှား၊ သတ်ပုံမှား၊ နာမည်မှား စသည်တို့ အကယ်၍ တွေ့ရှိကြပါက ဆရာ၏စေတနာနှင့် ဝီရိယကို ငဲ့ညှာသောအားဖြင့်၊ အမှာစာ ရေးသူ၏ မကျွမ်းကျင်မှုကို စာနာသောအားဖြင့် ...

ကိုယ်တိုင်ရေးသား
ကျမ်းစာလားသို့
အမှားပြင်ဆင်
စိတ်ကောင်းဝင်လျက်
ကြည်ရွှင်ဝမ်းသာ
ဖတ်,မှတ်ပါ .... ဟု .....။

ပဲခူးပ်မျိုး (အောင်လံ)

www.burmeseclassic.com

www.burmeseclassic.com

# စကားဦး

ဗုဒ္ဓဝင်ရသဝတ္ထုများ တစိုက်မတ်မတ်ရေးခဲ့သည်မှာ (၁၅)နှစ်နီးပါးရှိခဲ့ပြီဖြစ်သည်။ ကျမ်းတတ်သူ မဟုတ်သဖြင့် ပါဠိမြန်မာပြန် စာအုပ်များကို အားကိုးလျက် ဖတ်ချင်စဖွယ် ဖြစ်အောင်ရေးသားရာတွင် စာဖတ်သူတို့၏ အားပေးမှု အတော်အတန်ရခဲ့ပါသည်။ စာဖတ်သူတချို့က အားနည်းချို့ယွင်းချက် ထောက်ပြ ဝေဖန်မှုကိုလည်းရရှိပါသည်။ ကိုယ့်ကိုယ်ကို အားနည်းမှန်းသိထားသဖြင့် ဝမ်းမြောက်ကြည်သာစွာခံယူပြီး၊ နောက်နောင် အမှားကင်းစင်အောင် အားထုတ်ပါမည်ဟု ကတိပေးခဲ့ပါသည်။

ဗုဒ္ဓဝင်ရသဝတ္ထုများရေးသည်မှာ ပါဠိဘာသာ မကျွမ်းကျင်သူများ ဖတ်ရှုချင်စိတ် ရှိလာစေရန် ဘာသာတရားအပေါ် စိတ်ဝင်စားစေရန်ရည်ရွယ်ပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်များအတွက် မရည်ရွယ်ပါ။ သို့သော် ကျမ်းတတ်ပုဂ္ဂိုလ်များက ဖတ်ရှုအကြံပေး ပြုပြင်လာသဖြင့် ဝမ်းမြောက်ပီတိဖြစ်ရပါသည်။

ဗုဒ္ဓဝင်ရသဝတ္ထုတစ်ပုဒ် ရေးရန်အားထုတ်တိုင်း ရှေးဆရာများ၏ ရေးသားချက်ကိုနမူနာယအတုခိုး ပါသည်။ ထို့နောက် စာဖတ်သူစိတ်ဝင်စားအောင် ကိုယ်နည်း ကိုယ့်ဟန်ဖြင့် အားထုတ်ရေးသားပါသည်။ ဤသို့ထပ်တလဲလဲဖတ်၊ ထပ်တလဲလဲလေ့လာသည့်အခါ ဘုရားရှင်အကြောင်း၊ ဘုရားရှင်ဟောမိန့်သည့် တရားတော်တို့အပေါ် စိတ်ဝင်စားလာသည်။ ထိုအခါ အတုမရှိသောမြတ်ဗုဒ္ဓ၏ ဝိဇ္ဇာစရဏဂုဏ်တော်ကို မကြည်ညိုဘဲ မနေနိုင်။ မပူဇော်ဘဲ မနေနိုင်တော့ပါ။

ဤတွင် မြင့်မြတ်သူတို့ကျင့်စဉ်ကို ရေးသားလိုစိတ် ပေါ်လာပါသည်။ အကြောင်းအရာမှာ အလောင်းတော် ဖြည့်ဆည်းခဲ့သည့် "ပါရမီဆယ်ပါး" ဖြစ်ပါသည်။

ဤအကြောင်းအရာသည် ပညာရှင်များသာ ဆောင်ရွက်သင့်သော အမှုဖြစ်ပါသည်။ ကျွန်တော်လို ပုဂ္ဂိုလ်မျိုးက မဆောင်ရွက်သင့် မကြံစည်သင့်သော အမှုဖြစ်ပါသည်။ သို့သော်ဘုရားရှင်၏ အကြောင်း ထေရုပ္ပတ်ကို ဖတ်ရတိုင်း ကြည်ညိုစိတ်ဖြစ်ရသည်။ ထိုကြည်ညိုစိတ်က ဆုတ်ယုတ်မသွားဘဲ ဆတက် ထမ်းပိုးတိုး၍ တိုး၍သာလာရာ၊ ကြည်ညိုသဒ္ဓါစိတ်ကို ဆို့ပိတ်နိုင်စွမ်းမရှိသဖြင့် ဤမြင့်မြတ်သူတို့၏ ကျင့်စဉ်ကို ရေးသားလိုက်ရပါသည်။

ဘုရားအလောင်းတော် ဖြည့်ကျင့်ခဲ့သော ဒါန၊ သီလစသည့် ပါရမီ(၁၀)ပါးကို ဖတ်ရှုသော် အလောင်းတော်ကြီးများ၏ သဒ္ဓါစိတ် မဆုတ်မတွန့် ကြိုးစားမှုက မချီးကျူးဘဲမနေနိုင်၊ မကြည်ညိုဘဲ မနေနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com

ဒါနပါရမီနှင့်ပတ်သက်၍ အလောင်းတော်တို့၏ ဒါနပါရမီဖြည့်ကျင့်ပုံကို "ခြံလွှားလေးတစ်ထည်" ဖတ်လိုက်ရုံဖြင့် မကြည်ညိုဘဲမနေနိုင်။ အလားတူလှူလိုစိတ် တဖွားဖွားပေါ်လာသည်။

သီလပါရမီတွင်မူ "ဂရုမွေသီလ" ဖတ်ရရုံဖြင့် သီလ၏ အကျိုး၊ အနှစ်သာရကို ခံစားရနိုင်ပေသည်။

အလောင်းတော်ကြီးများ နေက္ခမ္မပါရမီအားထုတ်ပုံကို "သံလျှောင်အိမ်ထဲကမင်းသား" ဝတ္ထုကအားကျစေမည်။ နမူနာကောင်းရမည်ထင်ပါသည်။

ပညာပါရမီဖြည့်ဆည်းခဲ့ပုံကို "အပ်တစ်ချောင်းဖြင့်ဇနီးဝယ်" ဝတ္ထုက ခံစားမှုရသ ပေးလိမ့်မည်ထင်ပါသည်။

ဝီရိယပါရမီအကြောင်းကို "နောက်ဆုံးတူချက်"က ကျင့်ကြံသူတို့၏ အသိဉာဏ်ကိုပံ့ပိုးလိမ့်မည်ဖြစ်ပါသည်။

ခန္တီပါရမီအကြောင်းကို အလောင်းတော်ကြီးများဖြည့်ဆည်းပုံကို "တစ်လှာဖိနပ်နှင့်သစ်ရွက်ထီး" ကထင်လင်းစေမည်ဖြစ်ပါသည်။

အလောင်းတော်ကြီးတို့၏ သစ္စာပါရမီဖြည့်ကျင့်ပုံကို "မုသားမဲ့အလင်္ကာ" ဖတ်ပြီး ဆင်ခြင်နိုင်မည်ထင်ပါသည်။

အဓိဋ္ဌာန်ပါရမီနှင့်ပတ်သတ်၍ "မျက်လုံးတော်လှူအဓိဋ္ဌာန်ယူ"က စာဖတ်သူ၏ သဒ္ဓါစိတ်ကို မြင့်တက်စေပါလိမ့်မည်။

မေတ္တာပါရမီအတွက်မူ "မေတ္တာလက်နက်" က အနက်ထင်စေမည် ထင်ပါသည်။

ဥပေက္ခာပါရမီနှင့်ပတ်သက်၍ အလောင်းတော်တို့ ဖြည့်ကျင့်ခဲ့ပုံကို "သုသာန်သချိုင်းထဲမှပါရမီရှင်" ဖတ်ပြီး အံ့ဩတုန်လှုပ်စွာဖြင့် ဝမ်းသာပီတိရှိမည်ဟု ထင်ပါသည်။

ပါရမီဟူသည် မြင့်မြတ်သူတို့၏အကျင့်ဖြစ်ပါသည်။ သာမန်ပုဂ္ဂိုလ်တို့ မစွမ်းဆောင်နိုင်ပါ။ သို့သော် ပါရမီမျိုးစေ့ကို စတင်စိုက်ပျိုးပြီး တစ်စတစ်စရင့်သန်စေရန် အားထုတ်ခြင်းဖြင့် သူတော်ကောင်း တို့၏ လမ်းကြောင်းကို လိုက်နိုင်ရန်ရည်ရွယ်လျက် ကြိုးစားအားထုတ်ရေးလိုက်ပါသည်။

ဤစာမူကိုမအားမလပ်သည့်ကြားမှ ဒုက္ခခံဖတ်ကြားပြီး အမှားကိုထောက်ပြပေးသည့် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တ ဣန္ဒောဘာသ(မွော်စရိယ) စာရေးဆရာ ပဲခွပ်မှူး(အောင်လံ)ကိုလည်းကောင်း၊ ဤစာမူကို စာဖတ်သူလက်ထဲရောက်အောင် ထုတ်ဝေပေးသည့် ဦးမျိုးညွန့် (စိတ်ကြိုက်စာပေ)အားလည်းကောင်း၊ အမှားစင်နိုင်သမျှစင်အောင် ဖတ်ရှုပြင်ဆင်ပေးသော ပုဂ္ဂိုလ်အားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာရေးသူအနေဖြင့် မနိုင်ဝန်ကိုထမ်းသည် ဆိုသော်လည်း စာရေးသူ၏စေတနာ၊ အားထုတ်မှုပေါ် အသိအမှတ်ပြုပြီး၊ တစ်စုံတစ်ခုအကျိုးရှိသည်ဟုဆိုလျှင် အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်ရတော့သည်။

ပါရမီရှင်များဖြစ်ကြပါစေ......

ဓမောင်ဆန္ဒ (လယ်ဝေး)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဟာ...
ဘယ်လိုပြောလိုက်တာလည်း ဆရာကြီးရာ...
ကျုပ်ဘဝမှာ နောက်တစ်ကြိမ်ဆိုတဲ့ အခွင့်အရေးက မရနိုင်တော့ဘူးဗျ။
ဒါလေး အထမြောက်အောင်ဘယ်လောက်ရှုန်းကန်ထားရတယ်ထင်သလဲ။
မယုံရင်ဆရာကြီး အိမ်လိုက်ကြည့်ဗျာ...

www.burmeseclassic.com

www.burmeseclassic.com

## ဒါနပါရမီ

''ဒါနဟူသည် သိင်္ဂါလ သူဌေးသားများကဲ့သို့သော လူပြိန်းများအလို့ငှာ မြတ်စွာဘုရား ဟောတော်မူသည်''ဟု ယောမင်းကြီး ဦးဘိုးလှိုင်က သူ၏ ဝိမုတ္တိရသကျမ်းတွင် ရေးသားထားသည်။ ''ဒါန မပြုသင့်''ဟု ဆိုလိုသည့် သဘော သက်ရောက်နေသည်။ ယင်းအဆိုကို လက်မခံနိုင်သည့် ဗုဒ္ဓဝါဒီဂိုဏ်းဝင် သူတော်စင် တော်တော်များများ ရှိပေသည်။

နောက်ဘဝသစ်မဖြစ်ဘဲ ယခုတစ်ဘဝအတွင်းမှာပင် ကိလေသာကုန်ခန်း ရဟန္တာဖြစ်နိုင်သူများအတွက်မူ ဒါနပါရမီ မလိုပေ။ ယခုဘဝမှာပင် ရဟန္တာစင်စစ် ဖြစ်နိုင်သူများသည် ဘဝသစ် ထူထောင်စရာ မလိုတော့ပေ။ ဒါနသည် ဘဝသစ်တွင် စည်းစိမ်အသစ် ဖြစ်နိုင်သည်။ အနာဂတ်ဘဝသစ် မရှိသူအတွက် ဒါနသည် အပိုဖြစ်သွားပြီ။ ထို့ကြောင့် ပုဂ္ဂိုလ်ထူးများအတွက် ဒါနထက် ကိလေသာကုန်ခန်းစေသည့် သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါးသာလျှင် အဓိကကျပေသည်။

သို့သော် ကိလေသာကုန်ခန်း ရဟန္တာဖြစ်မည့်သူ မဟုတ်က သံသရာတွင် လူးလာဆန်ခတ် ကူးသန်းရဦးမည်။ ဒါနမပါသည့် သံသရာခရီးသွားသည် ဒါနကင်းလျက် သုဂတိကောင်း မရနိုင်။ ရလျှင်လည်း စည်းစိမ်မဲ့မည်။ ဒါနမပါဘဲ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးဖြည့်ဆည်းရေးသည် ခက်ခဲမည် အမှန်ပင်။ ဒါနရိက္ခာပါမှ သံသရာတွင် သုဂတိဘဝရောက်မည်။ အသုံးအဆောင်ပြည့်စုံမည်။ မိမိအားထုတ်လိုသော ကုသိုလ်ပြည့်စုံပေမည်။

ဒါနသည် စိတ်နှလုံးကို နူးညံ့စေသော တရားဖြစ်သည်။ တစ်စုံတစ်ခု လှူဒါန်းလိုသူသည် ထိုဒါနကျေးဇူးပြု ဥပနိဿယပစ္စည်း တပ်ပေးမှုကြောင့် သီလဆောက်တည်ရန်၊ သမာဓိဘာဝနာပွားများရန်၊ ပညာဘာဝနာပွားများရန် စိတ်နှလုံး နူးညံ့နေပေမည်။

သံသရာခရီးသွား အလောင်းတော်ကြီးများ၏ ခရီးတာက ရှည်လျားသည်။ ဘုရားရှင်သည် နိယတဗျာဒိတ်ရပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ရရန် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ဆည်းရသည်။ ပစ္စေကဗုဒ္ဓါလောင်းလျာသည် နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ဖြည့်ဆည်းရသည်။ အဂ္ဂသာဝကအလောင်းလျာသည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ဆည်းရသည်။ မဟာသာဝကသည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။ ဤကာလအတိုင်းအတာထက် လျော့နည်းပြီး ပန်ဆုကို မရနိုင်ပေ။ သို့ဆိုလျှင် ဆုကြီးပန်ပုဂ္ဂိုလ်များသည် ရှည်လျားသည့် ဘဝပေါင်းမြောက်မြားစွာ သံသရာခရီး လျှောက်လှမ်းရမည်။ ထိုခရီးကို မပင်မပန်း လျှောက်နိုင်အောင် ဒါနပါရမီ ဖြည့်ကျင့်ဖို့ လိုပေသည်။

''ဒါနတစ်ခုတည်းနှင့် နိဗ္ဗာန်ရောက်နိုင်မည်လော''ဟု မေးဖွယ်ရာ ရှိလာသည်။ အဖြေမှာ ရှင်းသည်။ မရနိုင်ပါ။ ထို့အတူ သီလတစ်ခုတည်းဖြင့်လည်း မရောက်နိုင်။ ဘာဝနာတစ်ခုတည်းဖြင့်လည်း မရောက်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနတစ်ခုတည်းဆိုရာမှာ သီလနှင့် ဘာဝနာ မပါဟု ယူရသကဲ့သို့၊ ဘာဝနာတစ်ခုတည်းဟု ဆိုလျှင်လည်း ဒါနနှင့် သီလမပါဟု အဓိပ္ပာယ်ယူရမည်။ သီလမပါလျှင် ဒုစရိုက်မှုတွေကိုပြုကျင့်နေသော ဒုစရိုက်ကောင်ကြီးသာဖြစ်၏။ ထိုဒုစရိုက်တုံးသည် မည်သို့ပင် ဘာဝနာပွားစေကာမူ လမ်းစမမြင်နိုင်။ ဘာဝနာတစ်ခုတည်းဖြင့် ဒါန၊ သီလမပါဘဲ လျှောက်လှမ်းလျှင် အလွန်ကောင်းသည့်မျိုးစေ့ကို ရဲရဲတောက်ပူလောင်နေသည့် သံခဲပေါ် တင်စိုက်သကဲ့သို့ အညွှန့်အညှောက် မထွက်နိုင်ပေ။ ပြာဖြစ်သွားရုံသာ ရှိမည်။

ဘုရားအလောင်း သုမေဓာရှင်ရသေ့သည် "ဒါနပါရမီကို ဦးစွာဖြည့်ဆည်းလော့"ဟု မိမိကိုယ်ကို ဆုံးမလျက် ရှိသမျှပစ္စည်း ပုံတိုက်လှူခဲ့သည်။ သံသရာတွင် ဘဝများစွာ ဒါနပါရမီ ဖြည့်ဆည်းခဲ့သည်။ ဒါနဖြင့် ဘဝကို တည်ဆောက်ကျားကန်ပြီး သီလ နေက္ခမ္မစသော ပါရမီ(၁၀)ပါးကို ဖြည့်ဆည်းခဲ့ပေသည်။

ပါရမီ(၁၀)ပါးတွင် ဖြည့်ဆည်းရန် လွယ်ကူသည့် ဒါနပါရမီကို ထိပ်ဆုံးက တင်ထားသည်။ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းသည် အလျှင်အမြန် ပြုနိုင်သကဲ့သို့ လှူဒါန်းခွင့်လည်း အချိန်မရွေးကြုံနိုင်ပေသည်။ သို့သော် လှူဒါန်းခြင်း အမှုသည် အမှန်ပင် လွယ်သလော။ မခက်ခဲသော်လည်း လွယ်ကူသည်တော့ မဟုတ်ပေ။

ငွေတစ်ထောင် ချမ်းသာသူသည် တစ်ကျပ်တစ်ပြား ပေးကမ်းခြင်းကား လွယ်၏။ ချက်ချင်းလည်း ထမြောက်နိုင်၏။ ထို့အတူ တစ်ဆယ်၊ တစ်ရာလှူဖို့လည်း မခက်ခဲပေ။ သို့သော် တစ်ထောင် ချမ်းသာသူသည် တစ်ထောင်လှူဖို့ကား ခက်ခဲသည်။ မိမိပိုင်ဆိုင်သမျှ၊ ချမ်းသာသမျှ စွန့်လွှတ်ဖို့ကား အပြောလွယ်သလောက် အလုပ်ခက်သည်။ ထိုသို့ ခက်ခဲသောအမှုကို ပြုပြန်လျှင်လည်း အလှူခံပုဂ္ဂိုလ်ကို ရွေးမိကြလိမ့်မည်။

ရွေးချယ်ခြင်းမှာလည်း အကြောင်းရှိသည်။ မြတ်ဘုရားသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောစဉ် ဣန္ဒကနတ်သားနှင့် အင်္ကုရနတ်သားသည် အခြားနတ်ဗြဟ္မာများနှင့်အတူ တရားနာသည်။ ဦးဆုံးရောက်၍ ရှေ့နားကျကျ ထိုင်နေသော်လည်း တန်ခိုးကြီးသောနတ်များ ကြွလာသောအခါ အင်္ကုရနတ်သားက နေရာဖယ်ပေးရသည်မှာ ဘုရားရှင်နှင့် (၁၀)ယူဇနာ ကွာသွားသည်။ ဣန္ဒကနတ်သားကမူ မဖယ်ရှားရဘဲ မူလနေရာမှပင် တရားနာခွင့်ရသည်။ ဤသို့ ဖြစ်ခြင်းမှာ အင်္ကုရနတ်သားသည် အသက်တစ်သောင်းတမ်း၌ အလှူပြုခဲ့ရာ နတ်ပြည်စံစားခွင့်ရခဲ့သည်။ သူသည် (၁၂)ယူဇနာရှည်သော ဖိုခုံလောက်တန်းကြီးဖြင့် ချက်ပြုတ်ကျွေးမွေးလှူခဲ့သည်။ သို့သော် အလှူခံပုဂ္ဂိုလ်မှာ သာမန် ပုထုဇဉ် ပုဂ္ဂိုလ်များသာဖြစ်၍ အကျိုးပေးနည်းသည်။ ဣန္ဒက နတ်သားကမူ ဆွမ်းတစ်ယောက်မျှသာ လှူခဲ့သော်လည်း တန်ခိုးကြီးနတ် ဖြစ်ခဲ့သည်။ အလှူခံပုဂ္ဂိုလ်မှာ အရှင်အနုရုဒ္ဓါရဟန္တာမထေရ်မြတ်ဖြစ်၍ ကုသိုလ်အကျိုး ပိုခဲ့ရသည်။ အလှူကိုလှူလျှင် အကျိုးများမည့် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်လှူအပ်ကြောင်း ကျမ်းဂန်၌လည်း ပြဆွန်ထားပေသည်။

ဒက္ခိဏာဝိဘင်္ဂသုတ် အလိုအရ အလှူခံပုဂ္ဂိုလ် ရွေးချယ်သင့်သည်ဆိုသော်လည်း ဗုဒ္ဓဝင်၌မူ အယုတ်၊အလတ်၊ အမြတ်မရွေး ပေးလှူရမည်ဟု ဆိုထားသည်။ ဆိုလိုရင်းမှာ နတ်၊ ဗြဟ္မာစည်းစိမ်မျှသာ မျှော်မှန်းထားသူအတွက် အလှူခံပုဂ္ဂိုလ် ရွေးချယ်ခြင်းမှာ မှန်သည်။ သဗ္ဗညုတဉာဏ်တော်ရှင် ပုဂ္ဂိုလ်တို့အဖို့မူ အယုတ်၊ အလတ်၊ အမြတ် စဉ်းစားဖို့မလို။ ကိုယ်တိုင်က သဗ္ဗညုတဉာဏ်ကိုသာ ရည်မှန်းလှူဒါန်းခြင်းဖြစ်သည်။

## ဒါနဟူသည်

ဒါနဟူသည် ပေးအပ်ခြင်းဖြစ်သည်။ ကြည်လင်စင်ကြယ်သော သဒ္ဓါတရားဖြင့် ပေးအပ်ခြင်းဟူသမျှ ပုညဝိသယဒါန ဟုခေါ်သည်။ ဒါနပါရမီပင်။ သဒ္ဓါတရားဖြင့်မဟုတ်ဘဲ ချစ်ကြိုက်၍ပေးခြင်း၊ စိတ်ဆိုး၍ပေးခြင်း၊ ကြောက်ရွံ့၍ပေးခြင်း၊ မိုက်မဲ၍ပေးခြင်း၊ အပြစ်ဒဏ်ကြောက်၍ ပေးခြင်းကား ဒါနနှင့် မသက်ဆိုင်ပေ။

ဒါနဟူသည် နောင်သံသရာတွင် ခံစားရမည့်အကျိုးကို မျှော်မြင်၍ လှူဖွယ်ဝတ္ထု စွန့်လှူခြင်းသည် ဒါနဖြစ်သည်။ မျက်မှောက်အကျိုးမျှော်လျက် သူရဲကောင်း အမှုထမ်းကို ချီးမြှောက်ခြင်း၊ လာဘ်လာဘပေးခြင်းကား ပရိစ္စာဂ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဘုရားအလောင်းတော် အကိတ္တိပုဏ္ဏားသည် မိဘနှစ်ပါးကွယ်လွန်သော် ကျန်ရစ်သော ပစ္စည်းဥစ္စာကိုကြည့်လျက် သံဝေဂဖြစ်သည်။ ဤမျှ များပြားသော ဥစ္စာပစ္စည်းကို ပင်ပင်ပန်းပန်းရှာဖွေလျက် ငါ့မိဘများသည် ဥစ္စာကိုစွန့်ကာ လက်ချည်းထွက်သွားရသည်။ ငါမူကား ဥစ္စာကို ယူသွားအံ့။ ဤသို့ တွေးလျက် ရှိသမျှပစ္စည်းကို ခုနစ်ရက်တိုင်လှူ၏။ လှူ၍မကုန်သော် ဘဏ္ဍာတိုက်ကိုဖွင့်လျက် ယူလိုသူ လာယူလော့ဟု ထားရစ်ပြီး တောသို့ ထွက်သွားသည်။ ဘုရားလောင်း အကိတ္တိပုဏ္ဏားသည် ခုနစ်ရက်မျှ ဒါနပြု၏။ ကျန်ရက်တွင် ကျန်ပစ္စည်းကို ပရိစ္စာဂပြုသွားသည်။

ဒါနဟူသည် (၁)အလှူပေးသူ၊ (၂)လှူဖွယ်ဝတ္ထုပစ္စည်း၊ (၃)ထင်ရှားရှိသောအလှူခံပုဂ္ဂိုလ်၊ (၄)လှူလိုသောစေတနာ ဤအင်္ဂါလေးတန် ညီညွတ်မှပြည့်စုံပေသည်။ ဆိုရသော် ဒါနဟူသည် မိမိပိုင်ပစ္စည်းကို သူတစ်ပါးအား ပေးလှူခြင်း ဖြစ်သည်။ မိမိပိုင်ပစ္စည်းကို သိမ်းပိုက်လိုစိတ်မရှိ၍ စွန့်ပစ်လျှင် ပရိစ္စာဂဖြစ်ပေသည်။

## လှူဒါန်းခြင်း အမျိုးမျိုး

မိမိပိုင်ပစ္စည်းကို အလှူခံပုဂ္ဂိုလ်အား ပေးကမ်းခြင်းသည် လှူဒါန်းခြင်းဖြစ်သည်။ ကြီးကျယ်သော လှူဒါန်းမှုကို မဟာပရိစ္စာဂဟုခေါ်သည်။ စွန့်ခြင်းကြီးငါးပါးဟု ဘုရားအလောင်းတော်တို့ စွန့်လွှတ်ကြပေသည်။ ဝိသုဒ္ဓိမဂ်ဋီကာအရ (၅)မျိုးမှာ…

(၁) အတ္တပရိစ္စာဂ = မိမိကိုယ်ကို (အသက်ကိုပါ)စွန့်ခြင်း၊
(၂) နယနပရိစ္စာဂ = မျက်လုံးကို စွန့်ခြင်း၊
(၃) ဓနပရိစ္စာဂ = ဥစ္စာကိုစွန့်ခြင်း၊
(၄) ရဇ္ဇပရိစ္စာဂ = မင်းအဖြစ်ကိုစွန့်ခြင်း၊
(၅) ပုတ္တပရိစ္စာဂ = သားသမီးကိုစွန့်ခြင်း၊

ဟု ဖော်ပြထားသည်။ ဗုဒ္ဓဝင် အဋ္ဌကထာ၌ အင်္ဂပရိစ္စာဂ၊ အင်္ဂါကြီးငယ်စွန့်ခြင်း၊ ဇီဝိတပရိစ္စာဂ အသက်စွန့်ခြင်းဟု ခွဲခြားဖော်ပြထားသည်။ အင်္ဂပရိစ္စာဂနှင့် နယနပရိစ္စာဂက (မျက်လုံးစွန့်ခြင်း) သဘောမျိုးပင်။ ပုတ္တပရိစ္စာဂသာဝိသုဒ္ဓိမဂ်ဋီကာ၌ ဖော်ပြသည်။ ဗုဒ္ဓဝင်၌မူ ပုတ္တဒါရပရိစ္စာဂဟူ၍ သားမယားစွန့်ခြင်းဟု ပြထားသည်။ ခက်ခဲသော စွန့်ခြင်းကြီးများကို အလောင်းတော်တို့ ဖြည့်ဆည်းခဲ့ပေသည်။

## ဒါနဟု ခေါ်ရခြင်း

လှူဒါန်းလိုသော စေတနာကို လှူဒါန်းနိုင်ကြောင်းဖြစ်၍ ဒါနဟုခေါ်ခြင်းပင်။ စေတနာမပါလျှင် မလှူနိုင်။ စေတနာရှိမှသာ လှူနိုင်သည်။ စေတနာဟူသည် "လှူဒါန်းတုန်း၊ လှူဒါန်းဆဲ၌ ဖြစ်ပေါ်သော မုဉ္စစေတနာ"ကို မှတ်ရမည်။ ဤမုဉ္စစေတနာသည်သာ ဒါနတရားကိုယ် အစစ် ဖြစ်သည်။

မစွန့်လွှတ်မီ ကြိုတင်ဖြစ်ပေါ်သော စေတနာကိုမူ ပုဗ္ဗစေတနာဟု ခေါ်သည်။ ဤပုဗ္ဗစေတနာကိုလည်း ဒါနအတွင်း ထည့်သွင်းရေတွက်အပ်သည်။ မိမိတွင် လှူဒါန်းရန် ဝတ္ထုရှိပြီးမှ "ဤဝတ္ထုကို လှူဒါန်းမည်"ဟု ကြံစည်ခြင်းသည် ပုဗ္ဗစေတနာဖြစ်သည်။ လှူဖွယ်ပစ္စည်းမရှိဘဲ "ငါ့မှာ ဒါရှိရင် လှူဒါန်းမည်"ဟု ကြံစည်ခြင်းကား ပုဗ္ဗစေတနာမဟုတ်။ ဒါနအတွင်း မထည့်နိုင်ပေ။

ဒါနအရ စေတနာနှင့် ဝတ္ထု နှစ်မျိုးကောက်ရမည်။ စေတနာဒါနနှင့် ဝတ္ထုဒါနဟူ၍ နှစ်မျိုးရှိသည်။ စေတနာကသာ အကျိုးပေးနိုင်ပြီး ဝတ္ထုက အကျိုးမပေးနိုင်ပေ။ စေတနာကသာ အကျိုးပေးနိုင်သော်လည်း ဝတ္ထုပစ္စည်း ထင်ရှားမရှိက ဒါနမမြောက်သဖြင့် ဝတ္ထုပစ္စည်းသည် တိုက်ရိုက်အကျိုးမပေးသော်လည်း အကြောင်းအားဖြင့် အကျိုးရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒါန အမျိုးအစား

ဒါနတွင် (၁)အာမိသဒါန၊ (၂)ဓမ္မဒါနဟူ၍ နှစ်ပါးရှိသည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူကို လှူဒါန်းခြင်းသည် အာမိသဒါန ဖြစ်သည်။ သူတစ်ပါးအား တရားဟောခြင်း၊ တရားပေးလှူခြင်းသည် ဓမ္မဒါနသည် ဖြစ်သည်။ ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်သည်။

ဓမ္မဒါနသည် တရားဟောကြားခြင်း၊ တရားပေးလှူခြင်းကား မြတ်သည်ဟု ဆိုထားရာ မဟောနိုင်သူအဖို့ ငွေကြေးအကုန်အကျခံလျက် ပေစာ၊ စာအုပ်၊ ကျောက်စာများ လှူဒါန်းခြင်းသည်လည်း ကိုယ်တိုင် ဟောကြားသူလောက် မစစ်သော်လည်း အလားတူပင် အကျိုးရှိပေသည်။

အာမိသဒါနနှင့် ဓမ္မဒါနသည် အကျိုးများသည်၊ နည်းသည်ဟု ဆိုငြားလည်း ဒါနအမျိုးအစား အတူတူသာ ဖြစ်ပေသည်။

ဒါနတွင် (၁)အဇ္ဈတ္တိကဒါန၊ (၂)ဗာဟိရဒါနဟူ၍ နှစ်ပါးရှိပြန်သည်။ ကိုယ်တွင်းဆိုင်ရာ အသက်ခန္ဓာ အင်္ဂါ ကြီးငယ်လှူခြင်းသည် အဇ္ဈတ္တိကဒါန ဖြစ်သည်။ ပြင်ပဝတ္ထုပစ္စည်းလှူခြင်းကား ဗာဟိရဒါနဖြစ်သည်။

ဒါနတွင် (၁)ဝဋ္ဋနိဿိတဒါန၊ (၂)ဝိဝဋ္ဋနိဿိတဒါနဟူ၍ နှစ်ပါးရှိသည်။ ဝဋ်ဆင်းရဲဖြစ်စေသော လောကီချမ်းသာကိုသာ တောင့်တလှူသော အလှူကို ဝဋ္ဋနိဿိတဒါနဟု ခေါ်သည်။ ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ကို တောင့်တလှူသော အလှူကား ဝိဝဋ္ဋနိဿိတဒါနဟုခေါ်သည်။

ဒါနတွင် (၁)သာဝဇ္ဇဒါန၊ (၂)အနဝဇ္ဇဒါနဟူ၍ ရှိသည်။ သား၊ ငါးစသော သတ္တဝါကို သတ်ဖြတ်ကျွေးမွေး လှူဒါန်းသော ဒါနကို အပြစ်နှင့်တကွဖြစ်သောကြောင့် သာဝဇ္ဇဒါနဟုခေါ်သည်။ သတ္တဝါ၏အသက်သတ်မှုမှ ကင်းသော၊ အပြစ်မရှိသောဒါနကို အနဝဇ္ဇဒါနဟု ခေါ်သည်။

ဒါနတွင် (၁)သာဟတ္ထိကဒါန၊ (၂)အာဏတ္တိကဒါနဟူ၍ ရှိသည်။ မိမိလက်ဖြင့် ကိုယ်တိုင်ကိုယ်ကျ ကိုင်တွယ်လှူသော အလှူသည် သာဟတ္ထိကဒါနခေါ်သည်။ သူတစ်ပါးကိုစေခိုင်းလှူသော အလှူကား အာဏတ္တိကဒါန ဖြစ်သည်။

ဒါနတွင် (၁)သက္ကစ္စဒါန၊ (၂)အသက္ကစ္စဒါနဟူ၍ ရှိသည်။ လှူဖွယ်ပစ္စည်းကို ကောင်းစွာပြုပြင်၍ လှူဒါန်းသော ဒါနသည် သက္ကစ္စဒါနမည်၏။ ကောင်းစွာ မပြုပြင်ဘဲ လှူဒါန်းသောအလှူကား အသက္ကစ္စဒါန ဖြစ်သည်။

ဒါနတွင် (၁)ဉာဏသမ္ပယုတ္တဒါန၊ (၂)ဉာဏဝိပ္ပယုတ္တဒါနဟု ရှိသည်။ လှူဒါန်းရာ၌ ကံ၊ကံ၏အကျိုးကို သိမြင်လှူဒါန်းခြင်းသည် ဉာဏ်နှင့်ယှဉ်သည့်အတွက် ဉာဏသမ္ပယုတ္တဒါန ခေါ်သည်။ ကံ-ကံ၏ အကျိုးမသိဘဲ သူတစ်ပါးတု၍သာ လှူဒါန်းခြင်းသည် ဉာဏ်နှင့်မယှဉ်၍ ဉာဏဝိပ္ပယုတ္တဒါနခေါ်သည်။

ဒါနတွင် (၁)သသင်္ခါရိကဒါန၊ (၂)အသင်္ခါရိကဒါနဟူ၍ ရှိသည်။ တိုက်တွန်းခြင်းကြောင့်ပြုသော ဒါနသည် သသင်္ခါရိကဒါနခေါ်သည်။ တိုက်တွန်းခြင်းမရှိဘဲပြုသောဒါနသည် အသင်္ခါရိကဒါနခေါ်၏။

ဒါနတွင် (၁) သောမနဿဒါန၊ (၂) ဥပေက္ခာဒါနဟူ၍ ရှိသည်။ စိတ်ရွှင်လန်းစွာ လှူဒါန်းအပ်သော ဒါနသည် သောမနဿဒါနခေါ်၏။ ဝမ်းလည်းမသာဝမ်းလည်းမနည်း လှူအပ်သောဒါနသည် ဥပေက္ခာဒါန ဖြစ်သည်။

ဒါနတွင် (၁) ဓမ္မိယဒါန၊ (၂)အဓမ္မိယဒါနဟူ၍ ရှိသည်။ တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းကို လှူဒါန်းခြင်းသည် ဓမ္မိယဒါနခေါ်သည်။ တိုက်ခိုက်ခိုးဝှက် မတရားသဘောဖက်၍ရသော ပစ္စည်းကိုလှူခြင်းသည် အဓမ္မိယဒါန ဖြစ်သည်။

ဒါနတွင် (၁) ဒါသဒါန၊ (၂)ဘုဇိဿဒါနဟူ၍ ရှိသည်။ လောကီစည်းစိမ်ချမ်းသာကို တောင့်တ၍ လှူဒါန်းသော ဒါနကို ဒါသဒါန ခေါ်၏။ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန် ရည်သန်တောင့်တ လှူဒါန်းသောဒါနသည် ဘုဇိဿဒါန ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါနတွင် (၁)ထာဝရဒါန၊ (၂)အထာဝရဒါနဟူ၍ ရှိသည်။ တည်မြဲသည့် ဘုရားတန်ဆောင်း၊ ဇရပ်၊ ကျောင်း၊ ရေတွင်းရေကန် လှူဒါန်းခြင်းသည် ထာဝရဒါနခေါ်သည်။ ခဏမျှသာ သုံးဆောင်ရသော ဆွမ်း၊ သင်္ကန်းလှူဒါန်းခြင်းသည် အထာဝရဒါနဖြစ်သည်။

ဒါနတွင် (၁) သပရိဝါရဒါန (၂) အပရိဝါရဒါန ဟူ၍ရှိသည်။ သင်္ကန်းလှူရာ၌ သင်္ကန်းသာမက အခြား အခြံအရံပစ္စည်းဖြင့် လှူဒါန်းခြင်းကို သပရိဝါရဒါနခေါ်သည်။ အခြံအရံမပါဘဲ သင်္ကန်းချည်းသက်သက်လှူလျှင် အပရိဝါရ ဒါနခေါ်သည်။

ဒါနတွင် (၁)နိဗဒ္ဓဒါန၊ (၂)အနိဗဒ္ဓဒါနဟူ၍ ရှိသည်။ အမြဲမပြတ် ပြုလုပ်သော ဒါနသည် နိဗဒ္ဓဒါနခေါ်သည်။ နေ့စဉ်မဟုတ်ဘဲ တတ်နိုင်သည့်အခါ ပြုလုပ်သောဒါနသည် အနိဗဒ္ဓဒါန ဖြစ်သည်။

ဒါနတွင် (၁) ပရာမဋ္ဌဒါန၊ (၂) အပရာမဋ္ဌဒါနဟူ၍ ရှိသည်။ တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်အပ်သောဒါနသည် ပရာမဋ္ဌဒါနခေါ်သည်။ တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်သော ဒါနသည် အပရာမဋ္ဌဒါန မည်၏။

ဒါနတွင် (၁) ဥစ္ဆိဋ္ဌဒါန၊ (၂) အနုစ္ဆိဋ္ဌဒါန ဟူ၍ရှိသည်။ အကြွင်းအကျန် အညံ့အဖျင်းဖြစ်သော ဒါနပစ္စည်း လှူဒါန်းခြင်းသည် ဥစ္ဆိဋ္ဌဒါန ခေါ်သည်။ အကြွင်းအကျန် အညံ့အဖျင်းမဟုတ်သော ပစ္စည်းလှူဒါန်းခြင်းသည် အနုစ္ဆိဋ္ဌဒါန ခေါ်၏။

ဒါနတွင် (၁)သဓီဝဒါန၊ (၂)အစ္စယဒါနဟူ၍ ရှိသည်။ မိမိ အသက်ထင်ရှားရှိစဉ် လှူဒါန်းသောဒါနသည် သဇီဝဒါနခေါ်သည်။ "ငါ သေပြီး ငါ့ပစ္စည်းအား မည်သူ့ပေး၊ ထိုသူအလိုရှိတိုင်း သုံးဆောင်လော့"ဟု သေပြီးနောက် ရည်မှန်းပေးထားခြင်းသည် အစ္စယဒါန ခေါ်၏။

ဒါနတွင် (၁)ပုဂ္ဂလိကဒါန၊ (၂)သံဃိကဒါနဟူ၍ ရှိသည်။ ပုဂ္ဂိုလ်တစ်ဦး၊ နှစ်ဦးအား ပိုင်းခြားသတ်မှတ် လှူဒါန်းခြင်းသည် ပုဂ္ဂလိကဒါန ခေါ်သည်။ သံဃာတော်ကို ရည်မှန်းလှူဒါန်းခြင်းသည် သံဃိကဒါန ဖြစ်သည်။

ဒါနတွင် (၁)ကာလဒါန၊ (၂)အကာလဒါနဟူ၍ ရှိသည်။ ကထိန်လှူသင်္ကန်း၊ ဝါဆိုသင်္ကန်း၊ ဂိလာနဘတ်ခေါ် မကျန်းမမာသော ရဟန်းတို့အား ဆွမ်းလှူခြင်း၊ အာဂန္တုကဘတ်ခေါ် ဧည့်သည်ရဟန်းအား လှူခြင်း၊ ဂမိကဘတ်ခေါ် ခရီးထွက်မည့်ပုဂ္ဂိုလ်အား လှူခြင်းသည် ကာလဒါနခေါ်၏။ အချိန်အခါမရွေးဘဲ လှူလိုသည့်အခါ လှူသော ဒါနကို အကာလဒါနဖြစ်သည်။

ဒါနတွင် (၁)ပစ္စက္ခဒါန၊ (၂)အပစ္စက္ခဒါနဟူ၍ ရှိသည်။ မျက်မြင်ကိုယ်တွေ့ဖြစ်သော ဒါနသည် ပစ္စက္ခဒါန ဖြစ်သည်။ ကိုယ့် မျက်ကွယ်၌လှူသော ဒါနသည် အပစ္စက္ခဒါနမည်၏။

ဒါနတွင် (၁)သဒိသဒါန၊ (၂)အသဒိသဒါနဟူ၍ ရှိသည်။ အလှူဒါနပြုရာတွင် တန်းတူရည်တူ ရနိုင်စကောင်းသော အလှူဒါနမျိုးသည် သဒိသဒါန ခေါ်သည်။ အချင်းချင်း အပြိုင်အဆိုင် လှူဒါန်းကြရာ တစ်ဖက်သားလိုက်မမီ၊ မတုပနိုင်အောင် လှူဒါန်းသော ဒါနကို အသဒိသဒါနခေါ်သည်။

ဤသို့ နှစ်ပါးတွဲ ဒါနစုများအပြင်၊ သုံးပါးတွဲဒါနစု၊ ငါးပါးတွဲဒါနစု၊ ရှစ်ပါးတွဲဒါနစု၊ ကိုးပါးတွဲဒါနစုများရှိ၏။ မိတ်ဆက်သဘောအရသာ တင်ပြထားသည်။

(ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် အနုဒီပနီမှ ကောက်နုတ်ဖော်ပြချက်)

www.burmeseclassic.com

www.burmeseclassic.com



## အလှူခံပုဂ္ဂိုလ်

အလှူဒါနပြုရာတွင် လှူသူ၊ လှူဖွယ်ပစ္စည်း၊ အလှူခံပုဂ္ဂိုလ်၊ လှူလိုသည့်စေတနာ ဤလေးချက်ညီမှ အလှူဒါနမှ အထမြောက်သည်။ အလှူခံပုဂ္ဂိုလ်ဆိုရာတွင် ''ဘုရားမြတ်စွာ၊ ပစ္စေကနှင့်၊ ရိယာရှစ်ဝ၊ ဈာန်ရဗာဟိ၊ နှစ်လီပုထုဇဉ်၊ တိရစ္ဆာန်၊ လှူခံတစ်ကျိပ်လေး''ဟု အဆိုရှိသည်။ မြန်မာစကားပုံတွင် ''အလှူခံတစ်ကျိပ်လေး ခွေးတောင် မလွတ်''ဟူသော ဝေါဟာရစကားလည်း ရှိသည်။ ဆိုလိုသည်မှာ မိမိအိမ်၌ မွေးထားသော ခွေး၊ ကြောင်၊ ငှက်တို့ကို စေတနာဖြင့် ကျွေးမွေးလျှင် ဒါနမြောက်သည်။ မိမိအိမ်လာသော ဧည့်သည်၊ အလှူခံလာသော ရဟန်း၊ ဆွမ်းဆန်အလှူခံလာသော သီလရှင်၊ သူတော်စင်ကို လှူလျှင် အလှူဒါနမြောက်သည်။ ထိုက်သင့်သော အကျိုးရှိသည်။ ကျွေးစရာ လူမရှိလျှင် တိရစ္ဆာန်အား ကျွေးပါ။ လူသီလဝန္တမရှိလျှင် လူဒုဿီလအား ပေးလှူပါ။ လှူရန် ပရိဗိုဇ်၊ ရဟန်းမရှိလျှင် လူသီလဝန္တအားပေးလှူပါ။ သကဒါဂါမ်ပုဂ္ဂိုလ်မရှိလျှင် သောတာပန်ပုဂ္ဂိုလ်အား လှူပါ။ ရဟန္တာမရှိလျှင် အနာဂါမ်ကိုလှူပါ။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် မရှိလျှင် ပစ္စေကဗုဒ္ဓါအား လှူပါ။ ဘုရားရှင်သည် မည်သည့်ပုဂ္ဂိုလ်အား လှူရမည်ဟု သီးသန့် မတိုက်တွန်းပေ။ တိရစ္ဆာန်တစ်ကောင်အား တစ်နပ်စာ ဝအောင်ကျွေးမွေးလိုက်သောအလှူသည် ဘဝပေါင်းတစ်ရာ၌ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန ကောင်းကျိုးပေးသည်။ လူဒုဿီလ တစ်နပ်စာ ဝအောင်ကျွေးမွေး လှူဒါန်းလျှင် ဘဝတစ်ထောင် အကျိုးပေးသည်။ သရဏဂုံမရှိသော သာသနာပ၌လှူလျှင် ဘဝတစ်သောင်း အကျိုး ပေးသည်။ လူသီလဝန္တရှိသူအား တစ်နပ်စာ ဝအောင်လှူလျှင် ဘဝတစ်သိန်း အကျိုးပေးသည်။ ဈာန်ရ ရသေ့အားလှူလျှင် ဘဝကုဋေတစ်သိန်း အကျိုးငါးပါးပေးသည်။ သရဏဂုံသီလရှိသော လူသာမဏေမှအစ သောတာပတ္တိမဂ်၌တည်သော ပုဂ္ဂိုလ်အားလှူလျှင် ဘဝအသင်္ချေအကျိုးပေးသည်။ ဤမှအထက် မြတ်ဘုရားတိုင်အောင် လှူဒါန်းလျှင် အကျိုးငါးပါးအား အသင်္ချေများစွာ အကျိုးပေးကြောင်း အဋ္ဌကထာ၌ ဖွင့်ဆိုပေသည်။ အရေးကြီးသည်မှာ စင်ကြယ်သောစိတ်ဖြင့် ရောက်လာသော အလှူခံအား ပေးလှူရန်သာ လိုအပ်ပေသည်။

ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်လာ အလှူခံပုဂ္ဂိုလ်(၁၄)ပါးမှာ...

(၁) မြတ်စွာဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ဘုရားတပည့်သား ရဟန္တာဖိုလ်ပုဂ္ဂိုလ်၊ (၄) ရဟန္တာမဂ်ပုဂ္ဂိုလ်၊ (၅) အနာဂါမ်ဖိုလ်ပုဂ္ဂိုလ်၊ (၆) အနာဂါမ်မဂ်ပုဂ္ဂိုလ်၊ (၇) သကဒါဂါမ်ဖိုလ်ပုဂ္ဂိုလ်၊ (၈) သကဒါဂါမ် မဂ်ပုဂ္ဂိုလ်၊ (၉) သောတာပန်ဖိုလ်ပုဂ္ဂိုလ်၊ (၁၀) သောတာပန်မဂ်ပုဂ္ဂိုလ်၊ (၁၁) သာသနာတော်ပ၌ ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်၊ (၁၂)သီလရှိသော လူပုထုဇဉ်ပုဂ္ဂိုလ်၊ (၁၃)သီလမရှိသော လူပုထုဇဉ်ပုဂ္ဂိုလ်နှင့် (၁၄) တိရစ္ဆာန်တို့ ဖြစ်သည်။

## အလှူဒါန ရေစက်ချမှု၊ မချမှု

အလှူဒါနပြုလျှင် ရေစက်ချခြင်းသည် အစဉ်အလာတစ်ရပ် ဖြစ်နေသည်။ အမှန်တော့ အလှူဒါနပြုရာတွင် ပုဗ္ဗ၊ မုဥ္စ၊ အပရစေတနာသာလျှင် အရေးကြီးသည်။ ထိုစေတနာပေါ်တည်လျက် အကျိုးပေးမှု ဖြစ်ပေသည်။ ရေစက်ချခြင်း၊ မချခြင်းက အကြောင်းရင်း မဟုတ်ပေ။

မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် မြို့တွင်းသို့ ဆွမ်းခံကြွခိုက် သုမနပန်းသည်က ဖူးခွင့်ရသည်။ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက် ကြွလာသော ဘုရားရှင်ကို ဖူးမြင်ရသော် သဒ္ဓါစိတ် ထက်သန်၍ ပန်းလှူဒါန်းသည်။ ထိုပန်းသည် ဗိမ္ဗိသာရမင်းကြီးအား ဆက်သရမည့် ပန်းဖြစ်ရာ အခန့်မသင့်လျှင် သေဒဏ်ပေးခံရမည့် အနေအထားရှိသည်။ အသက်စွန့်လျက် လှူဒါန်းသော စေတနာကား ချက်ချင်းအကျိုးပေးသည်။ ဤဒါနပြုရာတွင် ရေစက်သွန်းချခြင်း မရှိပေ။

သို့သော် ရေစက်သွန်းချ အမျှပေးဝေခြင်းမှာ အပိုအလုပ်တော့ မဟုတ်ပေ။ မကျွတ်မလွတ်သေးသော မိဘောင်းဖဘောင်း၊ ဆွေဘောင်းမျိုးဘောင်းတို့သည် သာဓုအနုမောဒနာခေါ်လျှင် ချမ်းသာခွင့်၊ ကျွတ်လွတ်ခြင်း ရနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သာသနာတော်စောင့်နတ်တို့သည် ကုသိုလ်ကောင်းမှု ပြုလျှင် ရေစက်ချ၊ အမျှဝေမည်ကို စောင့်စားကြသည်။ အမျှဝေ၍ သာဓုခေါ်ခွင့်ကြုံလျှင် တူမျှသော အကျိုးရနိုင်သည်။ သူတစ်ထူး၏ဒါနအပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းကြောင့် ချမ်းသာခြင်း၊ တစ်ဆင့်ထက် တစ်ဆင့်မြင့်သော ဘုံဌာနရောက်နိုင်ခြင်းကြောင့် စောင့်မျှော်နေကြသည်။ ကိုယ်တိုင် ဒါနကောင်းမှု မပြုနိုင်သော ဘဝဖြစ်၍ အားကိုးသည့်သဘောဖြစ်သည်။ ဤသို့ပြုသည့်အတွက် အလှူရှင်တွင် အကျိုးမလျော့သည့်ပြင် နတ်တို့၏ ချစ်ခင်မှုပင်ခံရသဖြင့် တိုက်ရိုက်အကျိုးမရှိသော်လည်း သွယ်ဝိုက်၍ အကျိုးရှိပေသည်။

## ဒါနအကျိုး

အလှူဒါနပြုခြင်း၊ ပေးကမ်းစွန့်ကြဲခြင်းသည် ကုသိုလ်အမှုဖြစ်၍ ထိုကုသိုလ်အကျိုး ရရှိပေသည်။ မျက်မှောက် ခံစားခွင့်ရှိသော အကျိုး (၅)ပါးမှာ…

(၁) လူအများက မျက်နှာမြင် ချစ်ခင်ခြင်း၊
(၂) သူတော်ကောင်းတို့ မှီခိုဆည်းကပ်ခြင်း၊
(၃) ဂုဏ်ကျေးဇူး ပျံ့နှံ့ကျော်ကြားခြင်း၊
(၄) ပရိသတ်လေးပါးသို့ ရဲတင်းစွာ ချဉ်းကပ်နိုင်ခြင်း၊
(၅) သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့လားနိုင်သော အကျိုးများ ရရှိပေသည်။

ကံ-ကံ၏အကျိုးကို ယုံကြည်သော ဗုဒ္ဓဘာသာဝင်များအဖို့ ကောင်းမှုပြုလျှင် ကောင်းကျိုးချမ်းသာ ရရှိသည်။ မကောင်းမှုပြုလျှင် မကောင်းကျိုးခံရသည်ဟု မြတ်ဘုရား ဟောကြားခဲ့သည်။ သံယုတ်ပါဠိတော်၊ ဝနရောပနသုတ်တွင် "အကြင်ပုဂ္ဂိုလ်တို့သည် သီးပင်၊ ပန်းပင်၊ တော၊ သစ်ပင်တို့ကို စိုက်ပျိုးကုန်၏။ တံတားခင်းကုန်၏။ ရေအိုးစင်၊ ရေတွင်း၊ အိမ်၊ ကျောင်း၊ ဇရပ်တို့ကို လှူကုန်၏။ ထိုပုဂ္ဂိုလ်တို့အား နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း၊ အခါခပ်သိမ်း ကောင်းမှုသည် တိုးပွား၏။ ထိုပုဂ္ဂိုလ်သည် တရား၌လည်းကောင်း၊ သီလ၌လည်းကောင်း တည်ကုန်သည် ဖြစ်၍ နတ်ပြည်သို့ သွားကုန်၏" ဟု ဟောမိန့်ခဲ့သည်။

"အလှူကို ပေးလှူခြင်းကြောင့်၊ သီလကို ဆောက်တည်ခြင်းကြောင့်၊ ဥပုသ်ကို စောင့်သုံးခြင်းကြောင့် အချို့သူတို့သည် များသောဥစ္စာနှစ်ရှိသော မင်းမျိုးတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ အချို့သောသူတို့သည် များသောဥစ္စာနှစ်ရှိသော ပုဏ္ဏားမျိုးတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ အချို့သူတို့သည် များသော ဥစ္စာနှစ်ရှိသော သူကြွယ်မျိုးတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ အချို့သူတို့သည် စတုမဟာရာဇ်နတ်ဘုံ၊ တာဝတိံသာ နတ်ဘုံ၊ ယာမာနတ်၊ တုသိတာနတ်၊ နိမ္မာနရတိနတ်၊ ပရနိမ္မိတ ဝသဝတ္တီ နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်၏" ဟု မူလပဏ္ဏာသပါဠိတော် သာလေယျကသုတ်၌ ဖော်ပြထားသည်။

အလှူဒါနပြုခြင်းကြောင့် နေ့ချင်းညချင်း ကြီးပွားချမ်းသာဖြစ်ရသော မြက်ရိတ်သမား အန္နဘာရ၊ ပန်းသည်သုမန၊ ကေသာဋကပုဏ္ဏား၊ မောင်ပုဏ္ဏနှင့် ဥတ္တရာတို့ ဇနီးမောင်နှံ၏ သာဓကသည် လွန်စွာထင်ရှားသည်။ လှူဖွယ်ပစ္စည်း နည်းခြင်း၊ များခြင်းသည် အကြောင်းရင်းမဟုတ်၊ လှူလိုသော သဒ္ဓါစိတ်သာလျှင် အဓိကဖြစ်သည်။

မြတ်ဘုရား ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတစ်ပါးသည် ဘုရားဖူးရန်လာသည်။ လမ်းခရီးတွင်မိုးချုပ်၍ ရွာသို့ချဉ်းကပ်ရာ ဒါယကာတစ်ဦးက ရဟန်းအား မိမိအိမ်ကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးစေသည်။ ဆွမ်းကပ်လှူ၏။ ထန်းလျက်ခဲ လှူ၏။ ဤကောင်းမှုကြောင့် သေလွန်သော် နတ်ပြည်၌ (၁၂)ယူဇနာရှိ ရွှေဗိမာန်၌ စံရသည်။

သာဝတ္ထိပြည်သား ဆင်းရဲသား ဥပါသကာသည် ကူလီလုပ်လျက် မိဘကို လုပ်ကျွေးသည်။ ဆင်းရဲသော်လည်း သဒ္ဓါအားကောင်းပြီး မိဘလုပ်ကျွေးသဖြင့် တာဝတိံသာနတ်ပြည်ရောက်သည်။ (၁၂)ယူဇနာရှိသော စိတ္တလတာ ဥယျာဉ်အလား တင့်တယ်သော ဗိမာန်တွင် စံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းတစ်နပ်လှူသဖြင့် နတ်ပြည်ရောက်သူ၊ မြတ်ဘုရားဟောသည့် တရားနာယူမိသဖြင့် ဖားဘဝမှ နတ်သားဖြစ်သူ၊ ပျားသလက်လှူသဖြင့် တိရစ္ဆာန် မျောက်ဘဝမှ နတ်သားဖြစ်ရသူ၊ ပေါက်ပေါက်ဆုပ်လှူသဖြင့် နတ်သမီးဖြစ်လာသူ စသည့် စသည့် သာဓကပေါင်းမြောက်မြားစွာ ရှိသည်။ ပေးကမ်းစွန့်ကြဲခြင်းဟူသော ကောင်းမှုကြောင့် ပစ္စုပ္ပန်ရော သံသရာပါ နှစ်ဘဝစလုံး အကျိုးကျေးဇူး စံစားရသည်။

သံသရာခရီးသွား ပုဂ္ဂိုလ်များသည် မပင်မပန်း လျှောက်လှမ်းနိုင်ရန် ဒါနကုသိုလ်မျိုးစေ့ကို စိုက်ပျိုးသင့်ပေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ပင်ဖြစ်ပြား သဒ္ဒါအားထက်သန်

''ရှင်မ''

ထင်းစည်းကို ပစ်ချလိုက်ပြီး သစ်မြစ်တစ်ခုပေါ် ခြေပစ်လက်ပစ်ထိုင်ချလျက် နဖူးမှ စီးကျနေသော ချွေးသီးချွေးပေါက်တို့ကို ခေါင်းခုဖြင့် သုတ်နေသည့် ဖနီးသည်က လင်တော်မောင်၏ခေါ်သံကြောင့် လည်ပြန်လှည့်ကြည့်သည်။ ''မောရပန်းရတဲ့အထဲ ဘာကိစ္စ အခေါ်တော်ပြုရပြန်လဲ မသိဘူး''ဟူသော အကြည့်ဖြင့် တုံ့ပြန်လိုက်သည်။

ရင်တစ်ခုလုံး နိမ့်တုံမြင့်တုံဖြစ်အောင် အားစိုက်အသက်ရှူနေသော ဖနီးသည်ကိုကြည့်လျက် စိတ်မကောင်းဖြစ်ရသည်။ သူ့ရုပ်ရည်နှင့်ဆိုလျှင် မိမိထက်သာသော ယောကျ်ားကောင်းရနိုင်သည်။ ဘာ့ကြောင့်များ သူလို ဆင်းရဲမွဲတေသူကို ရွေးပါလိမ့်ဟုလည်း တွေးမိသည်။

တစ်နေကုန် တစ်နေခန်း တောထဲဝင်၊ ထင်းခြောက်ရှာခုတ်၊ စည်းနှောင်ထုပ်ပိုးပြီး ခရီးတစ်တိုင်ကျော် နှစ်တိုင်နီးပါး ခရီးထမ်းလာရသည့် ထင်းတစ်စည်းဖိုးက ဘာမျှမရ။ ထင်းကောင်းမှတစ်ပဲ၊ တစ်မူး။ အမျိုးအစား မမှန်သည့် ထင်းတစ်ချောင်းတလေ ရောညှပ်ပါသွားလျှင်ပင် ''ဟင့်အင်း…မကြိုက်ဘူး၊ ထင်းကမသန့်ဘူး''ဟု လက်ခါကြသည်။ ဝယ်သူကြိုက်ပါစေတော့ ချောချောရှူရှူ ဝယ်ပါမှ လင်မယားနှစ်ယောက် တစ်နပ်စာဝမ်းရေး အဆင်ပြေသည့်ဘဝ။

သည်ဘဝတွင် လင်တစ်ထမ်း၊ မယားတစ်ရွက် ဒိုးတူပေါင်ဖက် ရုန်းကန်နေသည့် ဖနီးသည်အဖြစ်ကို တစ်ခါတစ်ရံတော့ စာနာမိသည်။ ကြင်နာမိသည်။ ခုလည်းကြည့်၊ သူ ဘယ်လောက်ပင်ပန်းနေသည်ကို အသွင်ကြည့်ရုံဖြင့် သိသာနိုင်ပေသည်။

''ရှင်မ''

''ရော်…ဘယ့်နှယ် တရှင်မမ ဖြစ်နေတာလဲ၊ ပြောမယ့်ဟာ မပြောဘူး''

''အေးပါ၊ ပြောချင်လို့ အားယူနေတာပါကွာ၊ ပြောချင်ပေမယ့် ပြောအားမရှိလို့ ချိန်ဆနေတာ''

''တော်နဲ့ကျုပ်ပြောတာ အဖိုးအခပေးစရာမှ မလိုတာ၊ ပြောစရာရှိတာ ချိန်ဆနေသေးတယ်၊ ဒီလို ဒီအကြောင်းကွာဆိုပြီးရောပဲဟာ''

''အေးအေး…ဒီလိုကွာ၊ တို့များ လူဖြစ်လာရတာ တော်တော် ယုတ်ညံ့သကွ''

လင်တော်မောင် စကားကြားတော့ သူမ မချိတင်ကဲ ပြုံးလိုက်သည်။ ထင်းခွေရောင်းစားသည့်ဘဝ ယုတ်ညံ့သည်ကို ခုမှ တွေးမိပုံရသည်။ ရှေးရှေးက ဒီအတွေး ဘယ်ချောင်ရောက်နေသလဲဟု ခနဲ့တဲ့တဲ့စကား မေးလိုက်ချင်သည်။ သို့သော် လင်တော်မောင်အသွင်ကြည့်ပြီး မမေးရက်။

www.burmeseclassic.com

www.burmeseclassic.com



လင်တော်မောင်သည် ထင်းခွေရောင်းစားသူဖြစ်၍ မချမ်းသာမှန်း အစကတည်းက သိသည်။ ပစ္စည်းဥစ္စာနှင့် ပတ်သက်၍ ဘာမျှ မျှော်လင့်စရာ မရှိမှန်းလည်း သိထားသည်။ သို့စဉ်လျက် သူ့ကို သံယောဇဉ် ဖြစ်မိခြင်းမှာ သူ၏ ရိုးသားဖြူစင်သောစိတ်ထား၊ ကိုယ့်ခွန်ကိုယ့်အားသုံးပြီး ရိုးရိုးသားသား ရှာဖွေစားသည့်အတွက် ဖြစ်သည်။

လင်တော်မောင် ရုပ်အသွင်က မိန်းမသားတိုင်း ကြိုက်သည့် နုနုဖွံ့ဖွံ့ ချောချောမောမော မဟုတ်။ ခပ်ကြမ်းကြမ်း၊ ခပ်မာမာအသွင်၊ ညိုသောအသား၊ တောင့်တင်းသည့်ခန္ဓာ၊ စူးရှထက်မြက်သည့် မျက်လုံးများက ယောကျ်ားပီသမှုကို ညွှန်းနေသည်။ ရုပ်ကိုကြည့်လျှင် မက်မောစရာမရှိ။ သို့သော် အချစ္စသန္တာန်ကမူ ဖြူစင်ရိုးသားမှု ရှိသည်။ ဤစိတ်ထားကို နှစ်သက်၍ပင် သူကမ်းလှမ်းစဉ်က ကြည်ကြည်ဖြူဖြူ လက်ခံခဲ့သည်။

လင်ရယ်၊ မယားရယ်ဖြစ်တော့လည်း မိမိအပေါ် အလိုလိုက်သည်။ အနစ်နာခံသည်။ ပင်ပန်းစရာ အလုပ်ရှိလျှင် သူကပဲ တာဝန်ယူလုပ်သည်။ ဤသို့ သိတတ်၍လည်း ကိုယ်က ပြန်လည် နားလည်ရသည်။ တစ်ယောက်လုပ်စာဖြင့် မဝရေစာ စားနေရသဖြင့် မောင်တစ်ထမ်း၊ မယ်တစ်ရွက် တာဝန်ယူဖို့ ဆုံးဖြတ်တော့ လင်တော်မောင်က အတန်တန် တားသည်။ "ဘာပဲဖြစ်ဖြစ်ကွာ၊ ဝမ်းဝအောင်တော့ ငါ ရှာကျွေးပါ့မယ်"ဟု ကတိပေးပြီး နှစ်ဆတိုးလုပ်သည်။ ပင်ပန်းနေသည့် လင်တော်မောင်ကို ငဲ့ညှာပြီး ဖွတ်တိုးဆုံးဖြတ်လျက် ဝိုင်းကူလုပ်ခဲ့သည်။

တောထဲတောင်ထဲ သွားလာလှုပ်ရှားရသည့် အလုပ်မှာ သာမန် မိန်းမသားတို့အဖို့ အလွန်ပင် ကြမ်းတမ်းသည်။ ယောကျ်ားသားနှင့် ယှဉ်လုပ်ရသဖြင့် ဝန်နှင့်အား မမျှသကဲ့သို့ ဖြစ်နေသည်။ ခုလည်း ပင်ပန်းလွန်းသဖြင့် စကားပင် မဆိုချင်။

"အင်း...ဒီလို ယုတ်ညံ့တဲ့ ဘဝမျိုးမှာ လူလာဖြစ်ရတာ ရှေးရှေးဘဝက ကုသိုလ်နည်းခဲ့လို့ကွ"

"ကိုယ် မမြင်တဲ့ဘဝ စဉ်းစားမနေစမ်းပါနဲ့၊ မျက်မှောက်ဘဝအကြောင်းပဲ ပြောပါလား"

"အေး...မျက်မှောက်ဘဝအကြောင်း ပြောမလို့ပါ၊ အတိတ်ဘဝက ဒါနပါရမီနည်းလို့ အခုဘဝ ဆင်းရဲနေရတာ၊ ဒီတော့ အခုဘဝမှာ ချမ်းသာအောင် လုပ်ရမယ်"

လင်တော်မောင်၏ စိတ်ကူးယဉ်အတွေးကြောင့် ခပ်တိုးတိုး ရယ်မိသည်။ ကျွန်မရယ်သံတွင် လှောင်သံတစ်ဝက် ရောနှောပါဝင်နေသဖြင့် သူက မျက်လုံးလှန်ကြည့်သည်။

"ထင်းခွေသမားက ဘယ်လိုများ ချမ်းသာချင်ပြန်လဲ"

"မင်းကလည်း အကြံတုံးဉာဏ်တုံးစကား ပြောလိုက်တာ၊ ချမ်းသာချင်ရင် လှူရမယ်ကွ"

"ဘာရယ်"

"ချမ်းသာချင်ရင် လှူရမယ်၊ ခုဘဝ မချမ်းသာတောင် နောက်ဘဝမှာတော့ ချမ်းသာမှာပေါ့"

"တော့်နှယ်တော်..."

ဇနီးသည်၏ မှတ်ချက်ချ အသံပြုပုံက သူ့စကားကို ဆန့်ကျင်မှန်း သိလိုက်သည်။

"ကျုပ်တို့မှာ မရှိရတဲ့ကြားထဲ လှူချင်စိတ်က ဘယ်လိုပေါ်လာတာလဲ"

"အဲဒါပြောတာ မရှိလို့မလှူ၊ မလှူလို့ မရှိဆိုတဲ့စကား မယ်မင်း မကြားဖူးဘူးလား၊ ဒီမယ် မြတ်ဘုရားဟောတဲ့ တရား ငါ နာဖူးတယ်၊ အလှူဒါနကို နေ့စဉ် ဝတ်တစ်ခုအနေနဲ့ ပြုကျင့်ပါတဲ့၊ အဲသလို ပြုကျင့်ရင် အကျိုးများမယ်တဲ့"

"အင်း"

"နိဗ္ဗဒါနပေါ့ကွာ၊ ဆွမ်းတစ်ယောက်မဖြစ်ဖြစ် လှူပါ၊ နည်းနည်း လှူပေမယ့် စေတနာသဒ္ဓါ ကောင်းရင် များများအကျိုးရှိပါတယ်တဲ့"

"အဲဒါ ဘုရားရှင် ဟောတာလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး…ငါကိုယ်တိုင် နာခဲ့ရတာ"

"ထားပါ၊ အဲဒီ နိဗ္ဗဒါနလုပ်ဖို့ ကျုပ်တို့မှာမှ ကံမပါလာတာ"

"ဟေ"

"ရှင် စဉ်းစားကြည့်လေ၊ ကိုယ့်ဝမ်းစာတောင် ဝဝလင်လင်စားနိုင်ဖို့ မနည်းရုန်းကန်နေရတာ၊ လှူဖို့ ဘယ်လို လုပ်မလဲ"

"ငါ တွေးနေတာ အဲဒါပဲ ရှင်မ၊ မရှိတော့ လှူဖို့ ခက်နေတယ်၊ ဒါပေမယ့် ရှိတာလေးကို ခြိုးခြံစား၊ တစ်နေ့ ဆန်လက်တစ်ဆုပ်စု၊ အဲဒီဆန်ကို ယာဂုကျိုပြီး လှူရင်တော့"

လင်သားဖြစ်သူက စကားတစ်ပိုင်းတစ်စနှင့် ရပ်လိုက်သော်လည်း သူ့ဆန္ဒ ဘယ်လိုရှိသည်။ သူ ဘာလုပ်ချင်သည်ကို အဆုံးအထိ နားလည်လိုက်သည်။ သို့သော် သူ့အကြံအစည်က မြင်းမိုရ်တောင်ကိုဖြိုဖို့ ပခုံးနှင့် တွန်းကြည့် နေသူနှယ် စိတ်ကူးယဉ်ဆန်လွန်းသည်။

"တစ်ခုတော့ ရှိပါတယ်၊ နေ့စဉ် နိဗ္ဗ အလှူမလုပ်နိုင်ရင်တောင် လဆန်းပက္ခ၊ လဆုတ်ပက္ခ တစ်ကြိမ်တော့ လှူနိုင်မှာပါ"

"လှူတာတော့ ကျုပ်လည်း ဆန္ဒရှိပါတယ်၊ တော်ပြောသလို ဖြစ်နိုင်၊ မနိုင်သာ တွေးပါ"

"စေတနာပဲကွာ၊ စေတနာပါရင် ဘာမဆို ဖြစ်ရမှာပေါ့"

လင်တော်မောင်က တက်တက်ကြွကြွ စကားဆိုပေမယ့် သူ့စိတ်ကတော့ အားမပါ။ သို့သော် လင်သား စိတ် ချမ်းသာအောင် ခေါင်းညိတ်ပြလိုက်မိတော့သည်။

* * *

"ကိုရင် တိဿ"

"ဟေ"

"မလှူနိုင်တာကမှ ကောင်းဦးမယ်တော်"

"ဟာကွာ၊ လှူနေတဲ့ကြားက ဘယ့်နှယ် မစ္ဆရိယစိတ် ဖြစ်ပြန်လဲ"

"ဟုတ်တယ်လေ၊ တော်က မမြင်တော့ ဘာမှမသိဘူး၊ ကိုယ့်ရှိတာလေး လှူပေမယ့် တော့်ရဟန်းတွေက ကျုပ်လှူတဲ့ဆွမ်းကို သွန်ပစ်တယ်"

"ဟယ်…"

ကြားလိုက်ရသည့် စကားကြောင့် စိတ်မကောင်းဖြစ်ရသည်။ ကိုယ့်မှာတော့ မရှိ ရှိတာလေး စုဆောင်းချက်ပြုတ် လှူဒါန်းခဲ့ပေမယ့် ဖွယ်ဖွယ်ရာရာမရှိတော့ နှစ်လိုဟန်မရှိ။ တခြားအိမ်က အလှူခံရသည့် ဆွမ်း၊ ဆွမ်းဟင်းက ကောင်းနေတော့ ရှင်မလောင်းသည့်ဆွမ်းကို ရှေ့မှာတင် သွန်ပစ်သည်။ သဒ္ဓါစိတ်ပျက်ပြားအောင် ပြုမူခြင်းမှာ ရက်စက် လွန်းရာ ကျသည်။

"ရှိစေတော့ရှင်မရာ၊ တို့လည်း တတ်နိုင်သလောက် လှူတာပါ၊ မနှစ်သက်လို့ သွန်လည်း အပြစ်လို့မမြင်ပါနဲ့"

"တော့်ဘုရားရှင်က အဲဒါ မလုပ်သင့်ဘူးလို့ မပညတ်ဘူးလား"

"ဘယ်က တော့်ဘုရားရှင်လည်း၊ ဘုရားရှင်မှ မရှိတော့တာ"

"ဒါနဲ့ တော်ပဲ ဘုရားရှင်ဟောတဲ့ တရားနာရတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



''ဩော်…ငါက စကားလောသွားတယ်ကွ၊ ဘုရားရှင်က ပရိနိဗ္ဗာန်စံတာ ကြာပြီ၊ ဘုရားသားတော် မထေရ်ကြီးတစ်ပါးက ဘုရားရှင် ထားခဲ့တဲ့မေ့ ပြန်ဟောပြတာ။ ထားပါကွာ၊ ဒီအတွက် မင်းစိတ် အနှောင့်အယှက် မဖြစ်ပါနဲ့၊ တို့များက ကြိုးစားရှာ၊ ဟင်းကောင်းဟင်းမွန် လောင်းလှူရင် ရဟန်းတွေ နှစ်သက်လက်ခံလာမှာပါ''

''ကျုပ်လည်း ဆွမ်းလောင်းလှူဖို့ တတ်နိုင်သမျှ လုပ်ထားတာပါ၊ ဒါပေမယ့်…''

ရှင်မက စိတ်ကောင်းဟန် မတူ။ သူ့သဒ္ဓါစိတ် ပျက်မသွားအောင်သာ ဖျောင်းဖျရသည်။ တစ်ဖက်က ဖျောင်းဖျသလို အခြားတစ်ဖက်ကလည်း ဘယ်နည်းဘယ်ပုံ ဆွမ်းလောင်းလှူနိုင်မလဲဟု စဉ်းစားကြည့်သည်။

''ကိုရင်တိဿ၊ တော် လှူချင်စိတ်ရှိနေတယ်မို့လား''

''မေးမှမေးပလေ ရှင်မရယ်၊ ဒါနပျိုးပင် စိုက်ချင်လို့ ငါ အလုပ်ပိုလုပ်၊ ပိုခြိုးခြံနေတာ မင်းအမြင်ပဲ၊ ငွေမရှိလို့သာပေါ့''

''သားသမီးရှိရင် ငွေရှာလို့ ရတာပဲတော်''

''ဟေ…မင်း ဘာကို ပြောတာလဲ''

''ဆွမ်းခံရဟန်းတွေ နှစ်လိုတဲ့ ဆွမ်းလှူနိုင်အောင် သမီးလေးကို အပေါင်ထားလိုက်''

''ဟာ…မဟုတ်တာ၊ ဘယ့်နှယ် ဒီလိုလုပ်သင့်မှာလဲ၊ တို့များမှာ ဒီသမီးလေး တစ်ယောက်ပဲရှိတာ၊ ချစ်စရာဆိုလို့ ဒီသမီးလေးပဲရှိတဲ့ဥစ္စာ''

''ခေတ္တခဏ ပေါင်တာပဲတော်၊ တစ်သက်လုံး ထားမှာမှ မဟုတ်တာ၊ သမီးပေါင်လို့ရတဲ့ငွေနဲ့ တော်အားရပါးရ လှူပြီးတော့ အလုပ်ကို ကြိုးစားလုပ်၊ ငွေလည်း ကြိုးစားစု၊ ပေါင်ထားတဲ့ငွေရတော့ သမီးကို ပြန်ရွေးလိုက်ပေါ့''

''အဲဒီ အစီအစဉ် ကောင်းပါတယ် ဖေဖေ''

လင်မယား နှစ်ယောက် နှစ်ကိုယ်ကြား၊ နှစ်နားတိုင်ပင်နေသည်ကို ဘယ်နေရာက နားထောင်နေမှန်း မသိသည့် သမီးလေးက ဝင်ပြောလိုက်သဖြင့် အကြီးအကျယ် တုန်လှုပ်သွားသည်။

''သမီး''

''အဖေ လှူချင်နေတာ အထမြောက်အောင် သမီး ပံ့ပိုးပါ့မယ် အဖေ၊ အဖေနဲ့ အမေ စိတ်မကောင်းဖြစ်နေတာ မြင်တော့ သမီးကလည်း ကူညီချင်တယ်၊ ဘယ်လိုကူညီရမှန်းမသိလို့ စိတ်မကောင်းဖြစ်နေတာ၊ ခုတော့ သမီးကူညီခွင့် ရသွားပြီ''

''သမီးရယ်''

''ဘာလဲ အဖေ၊ သမီးကို မပေါင်ရက်၊ မခိုင်းရက်ဘူးပေါ့၊ ဒါဆို သမီးက ဘယ်လို ကုသိုလ်ရပါ့မလဲ။ အဖေတို့၊ အမေတို့နဲ့အတူ ကုသိုလ်ယူချင်နေတာပါ''

''သမီးက ဒီလို သိတတ်လေ အဖေ စိတ်မကောင်းဖြစ်ရလေပေါ့ကွယ်''

ဇနီးသည်က အကြံပေးရာ သမီးကပါ လိုလိုလားလား တောင်းဆိုနေသဖြင့် ဆွမ်းလောင်းလှူနိုင်ရေးအတွက် သမီးကို ငွေဆယ့်နှစ်ကျပ်ဖြင့် အပေါင်အနှံထားလိုက်သည်။ ငွေပေးပြီး ပြန်၍မရွေးနိုင်သမျှ သမီးကို အခိုင်းအစေအဖြစ် ခိုင်းပါဟု ကတိကဝတ်ပြုပြီး လှူရေးတန်းရေးအတွက် စီစဉ်လိုက်မိသည်။ သမီးအတွက် ရင်ထဲ၌မူ မကောင်းနိုင်တော့ပေ။

* * *

သမီးကို အပေါင်ထားသဖြင့် ရလာသော အသပြာငွေနှင့် နို့စား နွားမတစ်ကောင် ဝယ်လိုက်သည်။ နို့ညှစ်ရသမျှကို နို့ဆွမ်းချက်လျက် လှူဒါန်းသည်။ သူတို့လင်မယား၏ သဒ္ဓါအားကြောင့် နို့ကလည်း

www.burmeseclassic.com



အလှူပယ်ထွက်သဖြင့် နို့ခမ်းပင် လုပ်ထားရသည်။ ထောပတ်၊ နို့ခမ်းဖြင့် ချက်ပြုတ်ထားသည့် နို့ဆွမ်းကိုမူ ရဟန်းတို့ နှစ်လိုစွာ သုံးဆောင်သည်ကို မြင်ရ၍ ကျေနပ်ပီတိ ဖြစ်ရသည်။

"ရှင်မ"

"ပြောလေ ကိုရင်တိဿ"

"ထင်းခွေရောင်းစားလို့ ဒါရုဘဏ္ဍကတိဿလို့ အမည်ရတဲ့ ငါဟာ ခုတော့ အများနည်းတူ ပေးလှူနိုင်ခဲ့ပြီ"

"တော်လုပ်ချင်တာ လုပ်နိုင်တော့ ဝမ်းသာတယ်ပေါ့ ဟုတ်လား၊ တော်ဝမ်းသာရင် ကျုပ်လည်း ဝမ်းသာပါတယ်"

"အေး…တစ်ပိုင်းတော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် ငါ့စေတနာ၊ ငါ့ဆန္ဒကြောင့် တို့များရဲ့ သမီးလေးက သူများအိမ်မှာ ကျွန်ဖြစ်နေရတယ်"

"ဘယ်တတ်နိုင်မလဲရှင်"

"မတတ်နိုင်ဘူးလို့ မပြောနဲ့ ရှင်မ၊ တို့ သမီးလေးကို တို့ ပြန်ရအောင်ရွေးမယ်၊ ဒါကြောင့် ငါ အရပ်တစ်ပါးသွားပြီး ငွေရှာမယ်၊ ငါသွားနေတဲ့အချိန်မှာ မင်းက နိစ္စဒအလှူဝတ် မပျက်အောင် ကြိုးစားထား"

"ဒီအတွက် စိတ်ချပါ"

ဒါရုဘဏ္ဍကတိဿသည် ဇနီးသည်ကို မှာစရာရှိသမျှ အသေးစိတ်မှာထားပြီး ငွေရှာရန် အရပ်တစ်ပါးသို့ ထွက်ခဲ့သည်။ ကံအားလျော်စွာ ကြံသုစ်ရုံတွင် အလုပ်ရသဖြင့် ကြိုးစားပမ်းစားလုပ်သည်။ သူ့အာရုံတွင် သမီးလေး အမြန် ပြန်ရွေးနိုင်ရေးကိုသာ အဓိကထားလုပ်သဖြင့် ခြောက်လအကြာတွင် ငွေဆယ့်နှစ်ကျပ်ရခဲ့သည်။ ပြန်ရွေးမည့်ငွေ လုံလောက်သည်နှင့် ရက်မဆိုင်းဘဲ ပြန်လာခဲ့သည်။

အပြန်ခရီးတွင် သူနှင့် အမည်တူသည့် တိဿမထေရ်မြတ်နှင့်အတူ ခရီးသွားခွင့် ကြုံသည်။ ရဟန်းကိုမြင်လျှင် လှူချင်စိတ်၊ တရားနာယူချင်စိတ်က အလိုလို ပေါ်လာသဖြင့် နှုတ်ဆက်စကား ဆိုမိသည်။

"ဘယ်ကြွမှာလဲ ဘုရား"

"သြော်…ဒကာ၊ ငါ မဟာဂါမကို ကြွမှာပါ"

"ဒါဆို ခရီးကြုံတာပဲ၊ အဖော်ကောင်းရတာပေါ့၊ ဒါနဲ့ မဟာဂါမကို ကြွတာက…"

"ဘုရားဖူး သက်သက်ပါ"

"သာဓုပါဘုရား၊ သာဓု ခေါ်ပါတယ်၊ အင်း…အရှင်မြတ်တို့ကတော့ ကျင့်နိုင်၊ ပြုနိုင်ခဲ့တဲ့ ရဟန်းဘဝရတော့ ကုသိုလ်ကံကောင်းကြပါ့ ဘုရား"

"အိန်း…မြင့်မြတ်တဲ့ ရဟန်းဘဝကို ဒကာလည်း ကြိုးစားရင်ရနိုင်ပါတယ်"

"မှန်ပါ၊ တပည့်တော်က ပါရမီနည်းတယ် ထင်ပါရဲ့ ဘုရား၊ သားကျွေးမှု၊ မယားကျွေးမှု တာဝန်က ရှိနေသေးတော့ ရဟန်းဝတ်လို့ မဖြစ်သေးပါဘူး၊ ကိုယ်မလုပ်နိုင်တဲ့ အကျင့်ကိုကျင့်ဆောင်နေတဲ့ အရှင်မြတ်တို့လို ပုဂ္ဂိုလ်တွေကို ပူဇော်ဖြည့်ဆည်းတဲ့ တာဝန်ပဲယူနိုင်ပါတယ်၊ သြော်…ပြောမှ သတိရတယ်၊ အရှင်ဘုရားတို့ ဆွမ်းစားချိန်တောင် သင့်နေပြီ၊ ဆွမ်းအတွက်ကော ပြည့်စုံပြီလား"

"ရနိုင်ကောင်းပါတယ် ဒကာ"

လှူရေးတန်းရေး စကားပြောမိမှ နေကို မော့ကြည့်မိသည်။ နေပင် မွန်းတိမ်းတော့မည်။ မွန်းလွဲသွားလျှင် မထေရ်မြတ်အနေနှင့် ဆွမ်းဘုဉ်းပေး၍ မရနိုင်တော့။ ခရီးကလည်း အတန်ငယ် လိုသေးသည်။ ဤအရပ် ဤဒေသတွင် ဆွမ်းခံဖို့ အိမ်လည်းမမြင်၊ ဒါရုဘဏ္ဍက တိဿသည် ရဟန်းအတွက် ပူပန်မိသည်။ တစ်ယောက်စာ ဆွမ်း ဘယ်ကများ ရနိုင်မလဲဟု အေားဘီဘယ်ညာ ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဖြတ်သန်းလာသည့်လမ်းက တောလမ်း၊ နတ်တွေ ဖန်ဆင်းပေးမှသာ ဆွမ်းရမည့် အခြေအနေ။

''ဟော''

ရဟန်း၏ ဆွမ်းကိစ္စအတွက် ကြောင့်ကြပူပန်နေစဉ် ရှေ့တူရူ၌ ခရီးသွားတစ်ယောက်ကို မထင်မှတ်ဘဲ တွေ့လိုက်သည်။ သူ့လက်ထဲတွင် စားမြိန်ထုပ်ကို ကိုင်ထားမှန်း သိလိုက်သည်။ တစ်နည်းနည်းဖြင့် ဆွမ်းရနိုင်ပြီဟု တွက်လျက် ရဟန်းအား သစ်ပင်ရိပ်တွင် ထိုင်နေစေပြီး သူကမူ ထိုသူထံ ခြေလှမ်းကျဲကြီးဖြင့် လျှောက်ခဲ့တော့သည်။

''ဒီမှာ မိတ်ဆွေ၊ ခင်ဗျားလက်ထဲက ပစ္စည်းဟာ စားစရာ တစ်ခုခုများလား''

''ဘာဖြစ်လို့လဲ၊ ဒီဟာ ကျုပ်စားဖို့ ထမင်းထုပ်''

''အတော်ပဲဗျာ၊ တစ်ခု ကူညီပါ၊ ကျုပ်ကတော့ ကူညီတယ်လို့ပဲ သဘောထားပါတယ်၊ အဲဒီ ထမင်းထုပ်ကို တစ်ကျပ်နဲ့ ရောင်းပါ''

''ဘာ...ဘယ်လို''

တစ်ပဲမျှသာ တန်သည့် ထမင်းထုပ်ကို တစ်ကျပ်ပေးဝယ်လာသည့် တိဿအား လူထူးလူဆန်းပမာ ကြည့်သည်။ ကြည့်ရင်းနှင့် ကုန်သည်တွက်လည်း တွက်မိသည်။ အဖိုးမတန်သည့် ထမင်းထုပ်ကို တစ်ကျပ် ပေးဝယ်သည်မှာ အင်မတန် လိုအပ်နေ၍သာ ဖြစ်မည်။ စားရကံ ကြုံ၍ မုတ်ဆိတ်၌ ပျားစွဲခြင်းသာပဲဟု တွက်လိုက်သည်။

''မရောင်းပါဘူး၊ ဒါက ကျုပ် စားဖို့''

''ဟုတ်ပါတယ်၊ မိတ်ဆွေစားဖို့ ယူလာတဲ့ ထမင်းထုပ်မှန်း သိပါတယ်၊ ကျုပ်တို့လူတွေက မနက်စာလွတ်သွားလည်း ညစာကျ ပိုစားလို့ ရပါတယ်၊ ဒါမှမဟုတ် နေ့လွဲညစာလည်း စားနိုင်ပါတယ်၊ ရဟန်းတွေကျတော့''

သစ်ပင်အောက်တွင် ထိုင်နေသော ရဟန်းအတွက် ဆွမ်းအလို့ငှာ တိဿ လာဝယ်မှန်းသိလိုက်သည်။ ထိုအခါ ခရီးသွားပုဂ္ဂိုလ်အဖို့ ပို၍ပင် အကွက်ဆိုက်သွားသည်။

''မဖြစ်ပါဘူး၊ ကျုပ်က ဆာတတ်တယ်''

''နှစ်ကျပ်ပေးမယ်ဗျာ''

''မလုပ်ပါနဲ့၊ ဒီလမ်း ဒီခရီးမျိုးမှာ ထမင်းရဖို့ မလွယ်ဘူးဗျ''

''ဒါဆို သုံးကျပ် ပေးမယ်ဗျာ''

''မရောင်းဘူး မိတ်ဆွေ''

''လေးကျပ်ပေးရင်တော့ ရောင်းသင့်ပါပြီဗျာ၊ ဒီကြေးဟာ မတန်မရာဈေးမှန်း မိတ်ဆွေ သိပါတယ်၊ ကျုပ်ကလည်း လှူချင်နေတယ်၊ အလှူခံမယ့် ပုဂ္ဂိုလ်ကလည်း အဆင်သင့် ရှိနေတယ်၊ လှူစရာ၊ ပစ္စည်းကလည်း ခင်ဗျားလက်ထဲမှာ အရန်သင့်ရှိနေပြီ၊ ကဲကဲ...ခင်ဗျားလည်း အဆင်ပြေ၊ ကျုပ်လည်း ကုသိုလ်ရ၊ ငါးကျပ်ထိ ပေးမယ်''

''မရောင်းဘူး''

''ခြောက်ကျပ်ဗျာ''

''မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ''ဟူသော စကားအတိုင်း ဆွမ်းအလို့ငှာ ထမင်းထုပ်ကို မရမနေ ပေးဝယ်မည်မှန်းသိ၍ ခရီးသွားက မရောင်းဘူးဟု တင်းခံနေသည်။ တိဿအနေနှင့်လည်း မရမနေပေးဝယ်ပြီး အလှူတစ်ခုဖြစ်အောင် ပေးလှူဖို့သာ အာသီသရှိနေသည်။ သို့ဖြစ်၍ ခြောက်လလုံးလုံးလုပ်ပြီး စုဆောင်းရသည့် အသပြာ ဆယ့်နှစ်ကျပ်ထိ တန်ဖိုး သတ်မှတ်ဝယ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်လောက်ပေးပေး ကျူပ် မရောင်းနိုင်ဘူး"

"အင်း…ငွေဆယ့်နှစ်ကျပ်ဟာ ကျုပ်ရှိတဲ့ ငွေအကုန်ပါပဲ မိတ်ဆွေ၊ ထမင်းတစ်ထုပ်က ဆယ့်နှစ်ကျပ်မတန်မှန်း ကျုပ်သိပါတယ်၊ ဒါပေမယ့် လှူချင်လို့သာ ပေးဝယ်နေတာပါ"

အရိပ်အကဲကြည့်ပြီး ဈေးတင်ထားသည့်ပစ္စည်းက ဤတွင် အစသတ်မှန်း နားလည်လိုက်သည်။ သို့ဖြစ်၍ ဆက်တင်းလျှင် အရောင်းအဝယ်ပျက်ရုံသာ ရှိတော့မည်ဟု သဘောပေါက်လိုက်သည်။

"အေးလေ၊ ခင်ဗျားကလည်း သိပ်လှူချင်နေတော့ လိုက်လျောရမှာပေါ့၊ ကဲကဲ…ဆယ့်နှစ်ကျပ်နဲ့ပဲ ယူလိုက်တော့"

ဒါရုဘဏ္ဍကတိဿသည် ဆွမ်းအတွက် ထမင်းထုပ်ဝယ်ရပြီး ဆိုသည်နှင့် အသပြာဆယ့်နှစ်ကျပ်ထုတ်ပေးပြီး ထမင်းထုပ်ကို အလျင်အမြန်ယူလာလျက် မထေရ်မြတ်အား ဆက်ကပ်လိုက်လေသည်။

* * *

ဆွမ်းဘုဉ်းပေးပြီး ခရီးဆက်ချိန်တွင် ဒုက္ကရဒါနဆွမ်း ဘုဉ်းပေးမိပြီကို မထေရ်ကြီး သိလိုက်သည်။ မထေရ်ကြီး အနေနှင့် ဤလမ်း၊ ဤခရီး လာကတည်းက ဆွမ်းကိစ္စ အခက်အခဲရှိမည်ကို တွက်ထားသည်။ သို့သော် ခရီးဖော် တိဿ၏ စေတနာကြောင့် အခက်အခဲမရှိဘဲ သုံးဆောင်လိုက်ရသည်။ လွယ်လွယ်ကူကူ ရသည်မဟုတ်မှန်း သူ့အမူ အရာကို ကြည့်ရုံဖြင့် သိသည်။ သို့သော် စုံစမ်းကြည့်မှ ပို၍ခက်ခဲသော အခြေအနေကို ပို၍ သိလာရသည်။

"တပည့်တော်က ဆင်းရဲသားပါ ဘုရား၊ အသပြာ ဆယ့်နှစ်ကျပ် ရဖို့ ခြောက်လလုံးလုံး အပင်ပန်းခံရှာခဲ့ရပါတယ်၊ ဒီလို ရှာရတာလည်း သမီးလေးကို ပြန်ရွေးချင်လို့ပါ၊ ခုတော့ လောလောဆယ် ပြန်မရွေးနိုင်သေးပါဘူး၊ အလုပ်ထပ်လုပ်၊ ထပ်ငွေရှာပြီးမှ ရွေးရပါတော့မယ်"

"မိုက်ပါ့ ဒကာရယ်၊ ဒီအခြေအနေသိရရင် သင့်ဆွမ်းကို ငါ အလှူမခံရက်ပါဘူး"

"ဒီလိုတွေးရင် တပည့်တော် ဘယ်မှာ ကုသိုလ်ရတော့မလဲ ဘုရား၊ လှူချင်လွန်းလို့၊ ကုသိုလ် လိုချင်လွန်းလို့ ကျေကျေနပ်နပ် လှူတာပဲဟာ"

"ဒါပေမယ့် အပြစ်မဲ့တဲ့ ကလေးမလေးက သနားစရာ ဖြစ်နေပြီ"

"မှန်ပါ၊ ဒီသဘောမျိုး သမီးငယ်က တွေးမှာ မဟုတ်ပါဘူး၊ သူကိုယ်တိုင်က မိဘတွေရဲ့ ကုသိုလ်ရေးမှာ ပါဝင်ချင်လို့ ကျွန်အဖြစ်ခံ ကြိုးပမ်းခဲ့တာပါ၊ အခုပြုတဲ့ ကုသိုလ်ကောင်းမှု အကြောင်းကြားရရင် သမီးလေးက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှာပါ ဘုရား"

အရှင်မြတ်သည် ကြီးလေးသော တာဝန်ကြီးတစ်ခု မိမိပခုံးပေါ်ပုံကျလာပြီဟု တွက်လိုက်သည်။ ဒကာ၏ကျေးဇူးကို ပေးဆပ်ရန်လည်း စဉ်းစားမိသည်။

"ငါဟာ ဒုက္ကရဒါန ဆွမ်းစားမိပြီ၊ ဒီဒကာရဲ့ ကျေးဇူးကို သိထိုက်တယ်၊ သင့်လျော်တဲ့ နေရာရောက်ရင် သူ့ကျေးဇူး ပေးဆပ်ရမယ်၊ အသားအရေတွေ ခန်းခြောက်ပြီး ပုံလဲချင်လည်းလဲ၊ သေသော်လည်း သေ၊ အရဟတ္တဖိုလ် မရမချင်း ငါ ကြိုးစားတော့အံ့"

မထေရ်သည် သွားရင်းလာရင်း သံဝေဂဖြစ်လျက် ယတိပြတ် ဆုံးဖြတ်လိုက်သည်။ မဟာဝိဟာရကျောင်းတိုက် ရောက်သည်နှင့် လျောက်ပတ်သော နေရာဝင်သည်။ "ရဟန္တာဖြစ်မှ ဤနေရာမှထမည်"ဟု နှလုံးသွင်းလျက် အပြင်းအထန် ကြိုးစားသည်။ ဆွမ်းစား၊ ဆွမ်းခံချိန်ပင် အကြွင်းမထားဘဲ မဆုတ်မနစ်စိတ်ဖြင့် ကြိုးစားရာ ခုနစ်ရက်မြောက်သောနေ့တွင် ပဋိသမ္ဘိဒါပတ္တနှင့်တကွ ရဟန္တာအဖြစ်ကို ရောက်သည်။ ရဟန်းကိစ္စပြီးသော် ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်နေသည့်အဖြစ်ကို ဆင်ခြင်မိသော် သူ၏ အာယုအသက်ကို ချင့်တွက်ကြည့်သည်။ ဇီဝိတရုပ်နာမ် သန္တာန်ဆက်သည် မတည်တံ့တော့ကြောင်း သိမြင်သဖြင့် ကျောင်းအိပ်ရာနေရာကို သိမ်းဆည်းသည်။ သပိတ် သင်္ကန်းကို

www.burmeseclassic.com

www.burmeseclassic.com



ယူဆောင်လျက် ကျောင်းအလယ်ရှိ စည်ကိုတီးခတ်လိုက်သည်။ စည်တီးသံကြားသည်နှင့် ရဟန်းများ ရုတ်ခြည်း စုရုံးရောက်ရှိလာသည်။

"ဘယ်သူ စည်တီးသလဲ"

"တပည့်တော်ပါ ဘုရား"

"အဘယ်အကျိုးကြောင့်လဲ"

"တခြားတစ်ပါး ကိစ္စမရှိပါ၊ မဂ်တရား၊ ဖိုလ်တရားအပေါ် ယုံမှား သံသယရှိရင် တပည့်တော်ကို မေးမြန်းစေလိုလို့ တီးတာပါ ဘုရား"

"ဟေ...သြော်၊ ငါ့ရှင်က ရဟန်းကိစ္စ ပြီးပြီကိုး၊ ဒါနဲ့ အဘယ်အကြောင်းကြောင့် ဒီလောက် ပင်ပန်းတကြီး အသက်စွန့် ကြိုးစားရသလဲ"

"ဒါရုဘဏ္ဍကတိဿ ဒါယကာရဲ့ ကျေးဇူးဆပ်ချင်လို့ပါဘုရား၊ အခု ဆပ်ခွင့်ကြုံပါပြီ၊ ဘုရားတပည့်တော် ဒီနေ့ပဲ ပရိနိဗ္ဗာန် စံဝင်ပါတော့မယ်၊ ဒီလိုစံတဲ့အခါ အလောင်းတင်ကြာကလာပ်ကို ဆွမ်းဒကာ လာမမ,ချင်း မလှုပ်မရှား တည်ပါစေ၊ သူ့လက်နဲ့ချီမှ ကြွပါစေလို့ အဓိဋ္ဌာန်တင်ခဲ့ပါတယ်ဘုရား"

မထေရ်မြတ်သည် ဈာန်ဝင်စားပြီး ညင်သာစွာဖြင့် ခန္ဓာကို စွန့်လွှတ်လိုက်သည်။ မထေရ်ကြီး ပျံတော်မူကြောင်း ကာကဝဏ္ဏတိဿ မင်းကြီး ကြားသော် ကျောင်းတိုက်သို့ ကြွလာသည်။ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ရန် ကြာကလာပ်ပေါ် တင်စေသည်။ အလောင်းက မ,မရချေ။ အဘယ်ကြောင့် ဤသို့ဖြစ်သည်ကို လျှောက်မေးမှ ရဟန်းတို့က အဓိဋ္ဌာန်ထားခဲ့သည်ကို သိရသည်။ မင်းကြီးက ဒါရုဘဏ္ဍကတိဿကို ခေါ်ယူစေလျက် ပင့်ချီစေမှ အလောင်းကကြွသည်။ ပရိသတ်စုံညီရှေ့မှောက်တွင် ထူးဆန်းသော အဖြစ်အပျက်ကြုံရ၍ တိဿ၏ အလှူဒါန သတင်းက ပျံ့လွင့်သွားသည်။

"အချင်းတိဿ၊ သမီးကို အပေါင်ထားပြီး ဒါနကောင်းမှု ပြုတယ်ဆိုတာ ဟုတ်သလား"

"မှန်ပါတယ် အရှင်မင်းကြီး၊ လှူဒါန်းလိုတဲ့ သဒ္ဓါစိတ်က ဆိုင်းဝိတ်မရအောင် တက်ကြွနေလို့ သမီးကို ဆယ့်နှစ်ကျပ်နဲ့ ပေါင်ပါတယ်၊ ရတဲ့ငွေနဲ့ နွားမတစ်ကောင်ဝယ်ပြီး နေ့စဉ် နို့ဆွမ်းကပ်ခဲ့ပါတယ်၊ ခုအချိန်ထိ နေ့စဉ်မပျက် နိဗဒ္ဓဒါနပြုနိုင်တာ သမီးရဲ့ ကျေးဇူးပါပဲ မင်းကြီး"

"သာဓု...သာဓု၊ ထူးခြားလိုက်တဲ့ မိသားစုပဲ၊ ဒါနနဲ့ ပတ်သက်ရင် ရောင့်ရဲတဲ့စိတ်ကင်းပြီး ကိုယ့်သမီးကို စွန့်နိုင်တဲ့ သင့်ကို ငါကိုယ်တော်မြတ် ချီးကျူးတယ်၊ မိဘကျေးဇူးသိတတ်တဲ့ သင့်သမီးငယ်ဟာလည်း ဒီကနေ့ပဲ လွတ်ငြိမ်းခွင့် ရှိစေရမယ်"

"ဝမ်းမြောက်လှပါ ဘုရား"

"သင်တို့မိသားစု ကြောင့်ကြမဲ့စွာ ပေးလှူနိုင်အောင် ငါကိုယ်တော်တိုင် စီစဉ်ပေးမယ် တိဿ"

ဒါရုဘဏ္ဍကတိဿသည် ထင်းခွေရောင်းချစားရသော သူဆင်းရဲ တစ်ယောက် ဖြစ်သည်။ သို့သော် စေတနာ သဒ္ဓါအားကောင်းပြီး ဒါနကောင်းမှု ပြုခဲ့ခြင်းကြောင့် မျှော်မှန်းမထားသည့် စည်းစိမ်ချမ်းသာ ရရှိသည်။

လှူဒါန်းပေးကမ်းခြင်းသည် အကျိုးမရှိ၊ ကိုယ်ပိုင်ပစ္စည်း စွန့်ကြဲပေးကမ်းသဖြင့် ယုတ်လျော့ခြင်းသာ အကြောင်းရှိသည်ဟု တိတ္ထိတို့၏ ဟောပြချက်က ပါစင်အောင် လွဲလေပြီ။ အလှူပေးသဖြင့် သူဌေးဖြစ်သော တိဿက ထိုအယူအဆကို လက်တွေ့ပြ ချေဖျက်လိုက်ခဲ့လေပြီ။

ကျမ်းကိုး။ ။သီဟိုဠ်ဝတ္ထုများ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သိကြားမင်းပင် တုန်လှုပ်ရသည့်အလှူ

“သူဌေးမင်း၊ မနက်ဖြန် အလှူအတွက် ဆန်ပြာတီးရမယ်၊ ကြက်သွန်အဖြူအနီတွေ သင်ထားရမယ်”

“ရော်…ဒီကိစ္စအတွက် ပြောစရာလိုလို့လား စိတ္တရဲ့၊ ပစ္စည်း ဂိုထောင်သော့ အပ်ထားတာပဲ”

“ဂိုထောင်ထဲမှာ ဘာမှမရှိတော့ဘူး”

“ဘာ…ဘယ်လို”

ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗာရာဏသီသူဌေးဝိသယှသည် အလှူပေးခြင်း၌ မွေ့လျော်သည်။ သို့ဖြစ်၍ မြို့တံခါးလေးရပ်တွင် ကြီးကျယ်ခမ်းနားသည့် မဏ္ဍပ်ကြီးတွေ ထိုးသည်။ အိမ်စေအမှုလုပ် ကျွန်များကို မဏ္ဍပ်လေးခု၌ တာဝန်ခွဲဝေချထားသည်။ လူယုံတော် စိတ္တကို အကြီးအမှူးတာဝန်ပေးလျက် ဘဏ္ဍာတိုက်သော့ကို အပ်သည်။ “မဏ္ဍပ်တစ်ခုမှာ အသပြာတစ်သိန်းဖိုးကျွေး၊ မြို့တံခါးလေးမျက်နှာမှာ မဏ္ဍပ်လေးခု၊ မြို့လယ်ဇရပ်မှာတစ်ခု၊ အိမ်ရှေ့မှာတစ်ခု မဏ္ဍပ်ဆောက်ထားတော့ မဏ္ဍပ်ခြောက်ခုရှိမယ်၊ အသပြာခြောက်သိန်း အကုန်အကျခံပြီး နေ့စဉ်လှူမယ်၊ အဲဒါ အကွက်ချေအောင် မင်းက စီစဉ်”ဟု တာဝန်ပေးထားသည်။

ငွေအသပြာတစ်ကျပ်ရှိလျှင် သာမန် မိသားစုတစ်နေ့တာစားနိုင်သည့်ကာလတွင် အသပြာခြောက်သိန်း အကုန်အကျခံ ကျွေးမွေးသည်ဆိုတော့ ထမင်းရေချောင်းစီး မောင်းတီးလှူသည့် တကယ့် အလှူကြီး။ အရပ်လေးမျက်နှာ လာလာသမျှ အယုတ်၊ အလတ်၊ အမြတ်မရွေး ကျွေးမွေးပါ။ ဝလင်အောင် စီမံပါဟု ခိုင်းထားရာ ခြိမ့်ခြိမ့်သဲသဲ စည်ကားနေပေသည်။ မိမိ၏အလှူအတွက် ကြည်နူးကျေနပ်နေစဉ် စိတ္တစကားကြားသဖြင့် ဖနီးဖြစ်သူ သူဌေးကတော်ဘက် လှည့်ကြည့်လိုက်မိသည်။

“မနေ့ကပဲ ပစ္စည်းတွေ မြင်ပါသေးတယ်”

သူဌေးကတော်က သံသယဖြစ်သော မျက်လုံးနှင့်တုံ့ပြန်ကြည့်ရင်း စိုးရိမ်သောက ညည်းညူသံဖြင့် ပြောလိုက်သည်။

“ကျွန်တော်လည်း တွေ့နေပါတယ်၊ အခု ဖွင့်ကြည့်တော့ ပစ္စည်းတွေက မရှိတော့ဘူး၊ သူဌေးတို့များ နေရာ ရွှေ့ထားသလားလို့”

“ငါတို့က ဘာကြောင့် ရွှေ့ထားရမလဲ၊ သူဌေးကတော် ရွှေ့မိလား”

“ကြံကြံဖန်ဖန် ရှင်၊ ဒီလောက်များပြားတဲ့ ပစ္စည်းကို ကျွန်မက ဘယ်လို ရွှေ့မလဲ”

လှူဒါန်းရန် သီးသန့်ထားသည့်ပစ္စည်းများ ပျောက်ခြင်းမလှ ပျောက်သည့်အတွက် စဉ်းစားမရအောင် ဖြစ်ကုန်သည်။ ပစ္စည်းပျောက်သည်က အကြောင်းမဟုတ်။ လှူရန် ရည်စူးထားသည့်ပစ္စည်းဖြစ်၍ ခုမကုန်လည်း

www.burmeseclassic.com



တစ်နေ့ကုန်မည်သာ။ ပစ္စည်းအတွက် မကြောင့်ကြသော်လည်း နံနက်ဖြန် အလှူအတွက် အခက်ကြုံနိုင်သည်။ နေ့စဉ်နေ့တိုင်း ကျွေးမွေးလှူဒါန်းမည့်အကြောင်း မြို့လုံးပတ်လျက် မောင်းကြေးနင်းခတ် ကြေညာထားသည်။ လှူညည့်နေ့ကစပြီး မဏ္ဍပ်တိုင်းတွင် အုတ်အုတ် ကျက်ကျက် ရုတ်ရုတ်သဲသဲ ရှိသည်။ အားပါးတရ စားသောက်သူတွေ ကြည့်ပြီး နှစ်သက်ပီတိဖြစ်ရသည့် အရသာမှာ ဘယ်အရသာနှင့်မျှ မတူဟု ခံစားမိသည်။

အလှူအတွက် ကြည်နူးခဲ့ရသည့် အချိန်ကာလက တိုတောင်းလွန်းသည်။ စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်းက မမျှော်လင့်ဘဲ ပေါ်လာသည်။ လတ်တလော ဖြေရှင်းရမည့်ကိစ္စကို ဘယ်ပုံ ဖြေရှင်းရမှန်း မသိတော့။

* * *

"သူဌေးကတော်"

"ဟုတ်ကဲ့၊ ပြောပါ သူဌေး"

"ကျုပ်လှူဒါန်းနေတာ ကြည်ဖြူပါတယ်နော်"

"ချမ်းသာသမျှ စည်းစိမ်ကိုလှူဖို့ တိုင်ပင်တော့ သူဌေးကြီး ဆန္ဒအတိုင်းပါပဲ၊ မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ နေထိုင်တဲ့ ကျွန်မတို့ အိမ်ထောင်ရေးမှာ လင်လုပ်ရင် မယားကြည်ဖြူ မယားဆန္ဒရှိတော့လည်း လင်ကလိုက်လျော၊ တစ်သဘောတည်း ရှိခဲ့တာပဲ"

"သာဓုဗျာ၊ ဒါဆိုရင် အလှူပွဲမပျက်အောင် ကျုပ်တို့ စားဖို့ထားတဲ့ပစ္စည်းတွေ ထုတ်ပေးလိုက်"

"ဟိုဒင်း…ဒီလောက်နဲ့ ရပ့်မလား၊ သူဌေး နေ့စဉ်လှူနေတဲ့ ပစ္စည်းပစ္စယက ဒီမျှမှ မကတာ"

"လတ်တလော လုပ်ရမယ့်ကိစ္စ အဆင်ပြေအောင်လို့ပါ၊ ပျောက်သွားတဲ့ ပစ္စည်းတွေအတွက် အစားဝယ်ထည့်ရမှာပေါ့"

ဝိသယှသူဌေးသည် နံနက်ဖြန် အလှူအတွက် ချက်ပြုတ်ရန် စားဖိုဆောင်မှ ထုတ်ယူစေလိုက်သည်။ သာမန်အိမ်ဆိုလျှင် အိမ်ရှိပစ္စည်းနှင့် လှူဖို့ပစ္စည်းက မလုံလောက်နိုင်။ သို့သော် သူဌေးဝိသယှအိမ်တွင်မူ အိမ်သူအိမ်သားနှင့် အိမ်စေကျွန်စားဖို့ တစ်နှစ်စာ အလုံအလောက် ထားသဖြင့် တစ်နံနက်စာ အလှူအတွက် ဖူလုံသွားသည်။

လှုယုံတော်စိတ္တ ပစ္စည်းတွေ သယ်ယူသွားမှ သက်ပြင်းဖွဖွချလျက် သလွန်ထက်တွင် ခြေပစ်လက်ပစ်ထိုင်ချ လိုက်သည်။ စိတ်ထဲတွင် မရှင်းနိုင်သည့် သံသယစိတ်များဖြင့် ရှုပ်ထွေးနေသည်။ သူဌေးကတော်က ခြေလှမ်းညင်ညင်သာသာဖြင့် လျှောက်လာပြီး သူဌေးအပါးတွင် တင်မလွဲလေးထိုင်လိုက်သည်။ ဝိသယှက ခေါင်းကို ငုံ့စောင်းကြည့်လိုက်ပြီး ခပ်တိုးတိုး မေးမိသည်။

"ခင်ဗျား ဘယ်လိုထင်လဲ သူဌေးကတော်"

"ကျွန်မကတော့ မထင်တတ်တော့ဘူး၊ ဥစ္စာပျောက် ငရဲရောက် ဆိုသလို မဟုတ်တဲ့လူ ယိုးစွပ်မိမှာလဲ စိုးတယ်"

"ဟုတ်တော့ ဟုတ်ပါတယ်၊ စောစောက ပြောသလို ဒီပစ္စည်းတွေက လှူမှာဆိုတော့ ကုန်သွားလည်း အကြောင်း မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်အနှောင့်အယှက် ဖြစ်တာပေါ့"

"ဒီကိစ္စ မတွေးနဲ့ပေါ့ရှင်၊ နောက်ရက်နောက်ရက်တွေမှာ ဘာလုပ်မယ်ဆိုတာသာ စဉ်းစား"

စဉ်းစားဟု ဇနီးသည်က သတိပေးလိုက်၍ "အေး…ဟုတ်တယ်" ဟူသော အဓိပ္ပာယ်နှင့် ခေါင်းညိတ်လိုက်ပြီး အစီအစဉ်ကို စိတ်တွက် တွက်ကြည့်သည်။ လက်ထဲ ငွေရှိသော်လည်း အချိန်မီ ပစ္စည်းရဖို့က မလွယ်။ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငရုတ်၊ ကြက်သွန် စသည့် အခြေခံ စားကုန်များ အလျင်အမြန်ရဖို့ လိုသည်။

"ရှင်မ၊ ဘဏ္ဍာတိုက်ထဲက ငွေသွားယူ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက် ယူခဲ့ရမလဲ သူဌေး"

"အတိုင်းအတာ ပြောဖို့ခက်တယ်၊ မယ်မင်း တနိုင်သာယူခဲ့ဗျာ၊ ပြီးတော့ စိတ္တကို ကျုပ်ဆီလွှတ်လိုက်"

ပစ္စည်းဝယ်ဖို့ ငွေယူနိုင်းလိုက်ပြီး မိတ်ဆွေသူဌေးများထံ အကူအညီတောင်းရန် စဉ်းစားကြည့်သည်။ ထိုစဉ်မှာပင် စိတ္တက "ကျွန်တော် ရောက်ပါပြီ သူဌေး၊ ခိုင်းစရာရှိတာ ခိုင်းပါ"ဟု သတင်းပေးသည်။

"စိတ္တ၊ မင်းကိုယ်တိုင် တောင်ပြင်သူဌေးဆီသွား၊ ဆန်သန့်သန့်ထဲက ငါးရာလောက် အမြန်ဆုံး လိုချင်တယ်၊ ပေါက်ဈေးနဲ့ ရှင်းပါမယ်လို့ပြော၊ အဲ…ဆန်ချော၊ ဆန်သန့်ဖို့တော့ မင်းကိုယ်တိုင် ဂရုစိုက်ကြည့်၊ လှူဖို့တန်းဖို့ဆိုပြီး မျက်နှာလွှဲခဲပစ်မလုပ်နဲ့ ကြားလား"

"စိတ်ချပါ သူဌေး"

"အေး…မင်းသွားရင် ပုညခေါ်သွား၊ ဆန်တွေ ခြင်တွယ်ခိုင်းခဲ့ပြီး မင်းက မဇ္ဈိမရွာသွား၊ အဲဒီက ငါ့မိတ်ဆွေ ဣသရိရှိတယ်။ သူ့ဆီမှာ ရှိရင်လည်းရှိ၊ မရှိရင် ဆီရသလောက် လိုချင်တယ်၊ လိုသလောက် ရနိုင်အောင် အကျိုးဆောင်ပေးပါလို့ပြော"

"ဟုတ်…"

"ဟုတ်ကဲ့ပါ သူဌေး"ဟု တုံ့ပြန်စကားဆိုဖို့ အားယူချိန်မှာပင် "အောင်မယ်လေး ခက်ကုန်ပြီ"ဟု အော်ဟစ်ရင်း ငိုယိုပြေးလာသည့် သူဌေးကတော်ကြောင့် စကားစ ရပ်သွားသည်။

"ခက်ကုန်ပြီ သူဌေး၊ ကျွန်မတို့ပစ္စည်းတွေ ဘာမှမရှိတော့ဘူး"

"ဟေ"

"ပစ္စည်းဝယ်ဖို့ ဘဏ္ဍာတိုက်က ငွေထုတ်ဖို့သွားတာ၊ ဘဏ္ဍာတိုက်ထဲမှာ ငွေတစ်ပြားတစ်ချပ်မှ မရှိတော့ဘူး"

"ဘယ်လို"

"ကျွန်မ လက်ဝတ်လက်စားတွေရော၊ သူဌေးမင်း ညီလာခံတက်ရင် ဆွဲလေ့ရှိတဲ့ ရွှေစလွယ်ရော၊ ငွေတွေရော ဘာတစ်ခုမှ မရှိတော့ဘူး"

"ဟုတ်ရဲ့လား"

"ဒီကိစ္စ နောက်ရမယ့်ကိစ္စမှ မဟုတ်တာ၊ အခြေအနေမှန် သိရအောင် အမြန်လိုက်ကြည့်ပါ"

ဝိသယှသူဌေး၏ လက်ကိုဆွဲခေါ်လျက် အပြေးတစ်ပိုင်းနှင့် ထွက်ခဲ့သည်။ "အိမ်ရှေ့ပူတော့ အိမ်နောက် မချမ်းသာ" ဆိုစကားအတိုင်း ကျေးဇူးရှင် သူဌေးလင်မယား ပူပင်သောကရောက်တော့ စိတ္တလည်း မချမ်းသာ။ သူကိုယ်တိုင်ပင် ဘာကိုင်လို့ ကိုင်ရမှန်းပင် မသိတော့။

ဘဏ္ဍာတိုက်တံခါးက ဖွင့်လျက်သား။ အတွင်း၌မူ ပစ္စည်းကဗလာ။ ရှေးရှေးအခါက ဤဘဏ္ဍာတိုက်မှ ငွေတွေထုတ်ပေးနေသည်ကို မြင်ဖူးသည်။ လူတစ်ရပ်နီးပါး ငွေတွေကိုကြည့်ပြီး အားကျမိသည်။ ကုဋေရှစ်ဆယ် ကြွယ်ဝသည်ဆိုခြင်းမှာပင် နည်းပေသည်ဟု တွေးခဲ့ မိသည်။ ထိုနေရာတွင် အခုတော့ ဟင်းလင်းပြင်ကြီး ဖြစ်နေပြီ။

"ဘယ်လိုလုပ်ကြမလဲ သူဌေး"

"အင်း…ဒီငွေတွေကို လှူမယ်လို့ စိတ်ထဲမှန်းထားတာ၊ အခုတော့ လှူစရာတောင် မရှိတော့ပါလား"

"နောက်နေ့အတွက် စဉ်းစားပါ သူဌေး"

"မပူပါနဲ့ ရှင်မရာ၊ အရေးဟဲ့ဆို ထုတ်သုံးနိုင်ဖို့ မြေမြှုပ်သိမ်း ထားတဲ့ပစ္စည်း ရှိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



''ဟယ်…ဟုတ်သားပဲ၊ ကျွန်မ ခေါင်းတွေပူပြီး အကြံကုန်ဉာဏ်ကုန်ဖြစ်နေတာ၊ ဒါဆိုပစ္စည်းတွေ ဖော်ကြရအောင်''

ဝိသယှသူဌေးနှင့် သူဌေးကတော်သည် လှူယုံတော် စိတ္တကို ခေါ်လျက် ဂင်္ဂါမြစ်ကမ်းဘေး ထွက်ခဲ့ကြသည်။ စိုးရိမ်သောကစိတ်တွေ ဖိစီးနေသဖြင့် ကတုန်ကယင်ဖြစ်နေသည်။ နောက်ဆုံးလက်နက်ကို ထုတ်သုံးရသည်ဖြစ်၍ စိတ်လှုပ်ရှားနေသည်မှာ အမှန်ပင်။

ဟယ်…

ပစ္စည်းသိုဝှက် မြှုပ်နှံထားသည့် ကမ်းပါးယံက ဘယ်အချိန်က ရေတိုက်စားပြီး ကမ်းပြိုသွားသည် မသိ။ ရတနာအိုးရော၊ အမှတ်သင်္ကေတထားသည့် ရေသဖန်းပင်ကြီးပါ ရေ၌ မျောပါသွားခဲ့လေပြီ။

* * *

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူဟူသော ရန်သူမျိုးငါးပါးအနက် ရေ၏နှောင့်ယှက်မှုကိုသာ လက်ညှိုး ထိုးပြစရာရှိသည်။ ကုဋေရှစ်ဆယ်သော ဥစ္စာသည်ကား မျက်လှည့်ပြသည့်အလား ပျောက်ဆုံးခဲ့ချေပြီ။ ဤပစ္စည်းဥစ္စာကို လှူဒါန်းမည်ဟု ရည်စူးထားသဖြင့် နှမြောတွန့်တိုစိတ်မဖြစ်သော်လည်း မလှူဒါန်းနိုင်သဖြင့် စိတ်မကောင်း ဖြစ်ရသည်။

နေ့စဉ်နေ့တိုင်း လူတွေနှင့် တရုန်းရုန်းဖြစ်နေသော မဏ္ဍပ်ကြီးတွေလည်း ခြောက်သွေ့နေပြီ။ လူသူမရှိသည့် မဏ္ဍပ်များတွင် ကျီးတစ်ကောင်၊ နှစ်ကောင်သာ စွန့်ပစ်ပစ္စည်းတွေ ကောက်စားနေသည်ကို တွေ့ရသည်။ မဏ္ဍပ်တွေသာ လူသူခန်းခြောက်နေသည်မဟုတ်။ တစ်ချိန်က လူတရုန်းရုန်းဖြစ်နေသည့် သူဌေးကြီး ဝိသယှအိမ်တွင်လည်း လူသူမရှိတော့။ သူဌေးကြီးနှင့် သူဌေးကတော်ကလွဲ၍ ဘယ်သူမှ မရှိတော့။ ကျွေးနိုင်၊ မွေးနိုင်၊ ပေးကမ်းနိုင်စဉ်က သူတို့အပါး မှီခို ကပ်စားနေသူများက နှုတ်ပင်မဆက်ဘဲ ထွက်သွားကြသည်။ မြက်ရိတ်သမားက မြက်ရိတ်တံစဉ်၊ မြက်ထမ်းတံပိုးတို့ကို အိမ်ရှေ့လှေကားရင်းတွင် ထားရစ်ပြီး ပြေးသွားလေပြီ။

ဝိသယှသူဌေးသည် လှေကားရင်းမှတွေ့သည့် ထမ်းပိုးနှင့်တံစဉ်ကို ကောက်ယူလျက် ဘာလုပ်ရမလဲဟု စဉ်းစားနေမိသည်။ ရုတ်တရက် ပြေးဝင်လာသော အတွေးတစ်ခုကြောင့် အိမ်ပေါ်ပြန်တက်ခဲ့သည်။ စိတ်မကောင်းဖြစ်ဟန်ဖြင့် အိမ်ရှေ့ဧည့်ခန်းတွင် အသီးကျုံ ထိုင်မှိုင်နေသော သူဌေးကတော်အပါး ချဉ်းကပ်သွားသည်။ တံစဉ်နှင့်ထမ်းပိုးကို ရှေ့တွင်ချလျက် တက်ကြွသည့်လေသံဖြင့် ပြောလိုက်သည်။

''ရှင်မ…ဒီမယ် ရှင်မ''

''ပြောပါ သူဌေး''

''ကျုပ် မြက်ရိတ်ရောင်းမယ်''

''ရှင်…ဘာပြောလိုက်တယ် သူဌေး''

''ကျုပ်ဘဝ တစ်သက်တာမှာ ပင်ပင်ပန်းပန်း မလုပ်ဖူးတာ ရှင်မအသိပဲ၊ မြက်ရိတ်တဲ့အလုပ်လည်း ကျုပ် မလုပ်တတ်ဘူး၊ ဒါပေမယ့် လူတွေလုပ်တဲ့ အလုပ်မှန်ရင် ငါလည်း လုပ်နိုင်ရမယ်။ ဒီတော့ မြက်ရိတ်ရောင်းပြီး လှူမယ်''

''သြော်…သူဌေးရယ်၊ မဟုတ်သေးပါဘူး''

''ဟုတ်တယ် သူဌေးကတော်၊ ကျုပ်ဟာ မလှူဒါန်းဘဲ မနေနိုင်ဘူး၊ ကံအကြောင်းမလှလို့ ဆင်းရဲမွဲတေသွားပေမယ့် လှူလိုစိတ် မကုန်ဘူး၊ လှူနိုင်အောင် ငွေရှာမယ့်နည်းက ဒီနည်းပဲရှိတယ်၊ ဘယ့်နှယ်လဲ''

''ဘယ့်နှယ်လဲ''ဟု စိတ်အားတက်ကြွသည့် အမူအရာဖြင့် မေးလာသည့် လင်တော်မောင်ကို ''တော် မဖြစ်ပါဘူး''ဟု စကားမဆိုရက်။ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသည့် သူဌေးကြီးက လူမွဲသော်လည်း သဒ္ဓါစိတ်မမွဲ။

www.burmeseclassic.com

www.burmeseclassic.com



မြက်ရိတ်ပြီး လှူဒါန်းသည်ဟုဆိုလျှင် ကဲ့ရဲ့စရာတော့ အကြောင်းမရှိ။ ပတ်ဝန်းကျင်က ကဲ့ရဲ့လည်း သူဌေးဝိသယှကမူ အလျှဉ်း ဂရုစိုက်မည်မဟုတ်။ သူ့အာရုံတွင် လှူဒါန်းဖို့တစ်ခုတည်းသာ ရှိနေသည်။

"ရှင် လုပ်မယ်ဆိုရင်တော့ ကျွန်မကလည်း ကူညီမှာပါ"

"ဒါပဲ၊ အဲလိုစိတ်ထားရှိတဲ့ မိန်းမမျိုး ရွေးယူမိတာ ကျုပ်ကံကောင်းတာပဲ"

"မြှောက်မနေပါနဲ့ ရှင်၊ ရှင်မမြှောက်လည်း ဝတ္တရားအရ ကူညီမှာပါ"

"အို…ဘယ့်နှယ် မြှောက်ပင့်စကား ပြောရမလဲ၊ ကျုပ် တကယ်အတည်ပြောတာ၊ ဝိသယှချမ်းသာစဉ်က ဝိသယှအပါးမှာ မျက်နှာလို အားရစကားတွေပြော၊ မြှောက်လုံးပင့်လုံးတွေနဲ့ လိမ်ညာစားသူတွေက ခုတော့ ကျုပ်အပါးမှာ မရှိတော့ဘူး။ သစ္စာရှိရှိနဲ့ ကောင်းတူဆိုးဘက် ရပ်တည်နေတာ ရှင်မပဲရှိတယ်၊ ပြီးတော့ ကျုပ်နဲ့အတူ ဘဝရေဆန်ကို ရင်ဆိုင်ကျော်လွှားမယ်ဆိုတာ သိရတော့ ရင်ထဲ မဖော်ပြနိုင်အောင် ကျေနပ်မိတယ်။ ဟော…အခု ကျုပ်ရဲ့ဆန္ဒကို ဖြည့်စွမ်းပြီး မြက်ရိတ်၊ မြက်ရောင်းတာ ကူမယ်ဆိုတော့ ရှင်မကို မချီးကျူးရင် ဘယ်သူ့ချီးကျူးရမလဲ"

"အခု သူဌေးမင်း ကြံစည်တာကမကောင်းတဲ့ အလုပ်မှမဟုတ်တာ၊ သူတစ်ပါးပစ္စည်း လုယက်၊ ခိုးဝှက် မယ်ဆိုရင်တော့ ကျွန်မ အားပေးချင်မှအားပေးမှာပေါ့၊ အခုကိစ္စက အလှူအတန်းအတွက်လေ"

"သာဓုပါဗျာ၊ သာဓုပါ"

ဝိသယှတို့ ဇနီးမောင်နှံသည် ပစ္စည်းဆုံးရှုံး မွဲတေသွားသော်လည်း စိတ်ဓာတ်မကျ၊ ဝမ်းမနည်း၊ လှူရေးတန်းရေး မလုပ်ရ၍ စိတ်ညစ်ညူး သည်ကလွဲပြီး အခြား အပူအပင်မရှိခဲ့။ ခုတော့ စွမ်းနိုင်သမျှ လှူနိုင်တော့မည်ဟု တွေးလျက် ပို၍ပင် အားတက်လာသည်။

ဝိသယှသူဌေးမောင်နှံသည် မြက်ကို မြက်မှန်းတော့ သိသည်။ သို့သော် မြက်ရိတ်နည်း မသိ။ မြက်ကို တံစဉ်ဖြင့် လှီးဖြတ်ရမှန်း သိသည်။ သို့သော် ဘယ်နည်းဘယ်ပုံ လှီးဖြတ်ရမည်မသိ။ မြက်ပြတ်လျှင်ပြီးရောဟု တွက်လျက် မြက်ရိတ်သည်။ နည်းလမ်းမကျသဖြင့် တစ်မနက်လုံးလုံး ချွေးတလုံးလုံးနှင့်ရိတ်မှ မြက်တစ်ထမ်းရသည်။ ထိုမြက်ထုံးကို ထမ်းပိုးလျက် မြို့ပြင်တံခါးဝတွင် ချရောင်းသည်။ သူဌေးကြီး လင်မယားက မြက်ထမ်းရောင်းနေသည်ကို မြင်တော့ တချို့က လှောင်ပြုံး၊ ခနဲ့ပြုံးနှင့် ပြုံးသွားသည်။ "မြက်ထမ်းရောင်းတာ တွက်ခြေကိုက်ရဲ့လား"ဟု ခနဲ့သူကလည်း ခနဲ့သည်။ တစ်ဖက်သားအပေါ် ကြင်နာသနားတတ်သူတို့ကမူ စုတ်သပ်ကြသည်။ "စိတ်မကောင်း လိုက်တာ သူဌေးရယ်"ဟု ဆိုသူက ဆိုသည်။ မည်သူက မည်သို့ပင်ပြောပြော၊ ချီးမွမ်းလည်း ဘဝင်မမြင့်၊ ကဲ့ရဲ့လည်း မတုန်လှုပ်၊ သူ့အလုပ်ကို သူလုပ်သည်။

တစ်နေကုန် မြက်ရိတ်ရောင်းသည့်ဝင်ငွေက တစ်ပဲနီသာရသည်။ ပဲနီဝက်ကို လင်မယားနှစ်ယောက် စားရေးအတွက် သုံးပြီး ကျန်ပဲနီ ဝက်ကို လှူဖို့ ဆုံးဖြတ်လိုက်သည်။

ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်ဘဝ ရောက်နေသော်လည်း ဝိသယှကမူ အားမပျက်။ မာန်မလျှော့။ ငါ့ဘဝ ဘာပဲဖြစ်ဖြစ် လှူရရင် တော်ပြီဟုသာ တွက်ထားသည်။ သို့နှင့် မြက်ရောင်းရငွေ တစ်ပဲနီကို ကိုင်လျက် ဝမ်းသာကြည်နူးစိတ်ဖြင့် မြို့တွင်း ပြန်ဝင်ခဲ့သည်။

"သူဌေး…သူဌေးမင်း၊ ကျွန်တော်တို့တစ်တွေ စားရမယ့် သောက်ရမယ့် ပြစ်နေပြီ၊ ဟိုတုန်းကဆို ဒီနေရာ၊ ဟောဟိုမြင်ရတဲ့ မဏ္ဍပ်ပျက်ကြီးမှာ အလှူကြီး နေ့စဉ်ပေးနေတော့ စားရမှာ မပူပင်ရဘူး၊ တကယ် ကျေးဇူးတင်မိတယ်၊ ကျုပ်တို့ အသက်ရှင်နေတာဟာ သူဌေးရဲ့ ကျေးဇူးကြောင့်ပါ"

"အင်း…ငါလည်း ခုတော့ မလှူနိုင်တော့ဘူး၊ မွဲပြာကျသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အဟဲဟဲ၊ သူဌေးကြီး မွဲတယ်ဆိုတာတော့ ကျုပ်တို့ မယုံဘူးဗျာ၊ ဆင်ပိန်ရင် ကျွဲလောက်တော့ ကျန်မှာပါ၊ ဘယ်လိုလဲ၊ လှူချင်စိတ် မရှိတော့လို့လား"

"ဟာ…ဒီလိုစိတ် မရှိပါဘူး၊ ကျုပ် တကယ် ဆင်းရဲသွားတာပါ၊ လှူချင်စိတ်ရှိလို့ မြက်ရိတ်ရောင်းပြီး လှူဖို့ လုပ်နေတာပါ"

"လှူမယ်၊ ဒါဆို သနားပါဗျာ၊ ကျုပ်တို့ မစားရ မသောက်ရတာ နှစ်နှစ်၊ သုံးနှစ်ရှိပြီ၊ ကယ်ပါ သူဌေးရယ်"

လှူဖို့ ရည်စူးပြီး ဆောင်လာသည့် ငွေတစ်ပဲနိကို ပြန်ကြည့်သည်။ ဤထဲမှ ပဲနိဝက်တန်းဖိုးရှိ လှူဖွယ်ပစ္စည်းကို ဝယ်မည်။ အကျင့်မြတ် ရှိသော ရသေ့ရဟန်းတို့အား လှူဒါန်းမည်ဟု ကြံစည်ထားခဲ့သည်။ သို့သော် အလှူခံသူတွေက ရှိနေပြီ။ သူ့အပါးတွင် ဝန်းရံနေပြီ။ လှူဖွယ်ဝတ္ထု တစ်ပဲနိကလည်း ရှိပြီ။ လှူလိုစိတ်လည်း ရှိနေပြီ။ အလှူဒါန ပြုဖို့သာ လိုတော့သည်။

"ရော့"

မိမိ ပိုင်ဆိုင်သည့် အသပြာတစ်ပဲနိကို ပေးလိုက်သဖြင့် သူဌေးကတော်က မျက်လုံးလှန်ကြည့်သည်။ ပဲနိဝက်သာလှူဒါန်းရန် ရည်သန်ထားရာ ပိုင်ဆိုင်သမျှအားလုံး လှူလိုက်သဖြင့် စားဖို့ပင်မကျန်တော့။ ကိုယ်ရှာသည့်ငွေ ကိုယ်ပင်မစားရဘဲ လှူလိုက်သဖြင့် ဝမ်းဟောင်းလောင်းဖြင့် အိပ်ရသည်။ သို့သော် နောက်တစ်နေ့ကျမှ စားတော့မည်ဟု ရေသောက် အိပ်လိုက်သည်။ ခြောက်ရက်လုံးလုံး ပင်ပင်ပန်းပန်း လုပ်ရပြီး အစာမစားဘဲ နေရသဖြင့် အာဟာရပြတ်ပြီး လဲပြိုကျသွား တော့သည်။

* * *

"အသင် ဝိသယ၊ အခု ဘယ်လိုဖြစ်နေသလဲ"

အားအင်ပြတ် လဲကျနေစဉ် တစ်စုံတစ်ယောက်၏ မေးသံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ အားအင်ချို့တဲ့သဖြင့် အမြင်အာရုံတို့က ဝေဝါးနေသည်။ ဘယ်သူဘယ်ဝါဟူ၍ ခွဲခွဲခြားခြားမသိ။

"ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သင့်ဓနစည်းစိမ်တွေ ကုန်ပြီမို့လား"

တစ်ပါးသူအရေးကို စိတ်ဝင်စားဟန်ဖြင့် စူးစမ်းပုံကြောင့် စိတ် အချဉ်ပေါက်သွားသည်။ "ငါ့ပစ္စည်းတွေကုန်တာ သင်နဲ့ ဘာဆိုင်လဲ" ဟု မေးလိုက်ချင်သည်။

"သင်က တော်တော် မိုက်မဲလှသူပဲ၊ လက်ထဲ ခြူးတစ်ပြားမှ မကျန်အောင် ဖြုန်းတီးပစ်တာကိုး၊ အခုလှူလို့ ကုန်သွားပြီမို့လား၊ သင့်မှာသာ လှူဒါန်းချင်စိတ်မရှိရင် ဒီငွေကုန်ပါ့မလား"

"ဘာ"

"သင်နဲ့ ဆွေမျိုးလည်းမတော်၊ သွေးလည်းမစပ်၊ အဲ့သလို လူတွေကိုပေးတော့၊ လှူတော့ ဘာအကျိုးရှိလဲ၊ မွဲတေသွားတာပဲ အဖတ်တင်တယ်မို့လား"

"ဟော့…မင်း ဘယ်သူလဲ"

ဝိသယသည် လှူဒါန်းချင်စိတ်ပျက်ပြားအောင် လာရောက်ပြောနေ သူကို ဒေါသထွက်သွားသည်။ သင်းလိုလူမျိုးသည် သူ့အိမ်နှင့်မတန်။ အိမ်ထဲဝင်ဖို့ မဆိုထားနှင့် အိမ်ရိပ်ပင် မနင်းစေလို။ သင်းက ကျူးကျူးကျော်ကျော် ဝင်ရောက်ပြီး စေတနာ မပျက်ပျက်အောင် လှုံ့ဆော်နေသည်။ အလှူအပေါ် ကပျက်ကယက်လုပ်သူအား ရိုက်မောင်းနှင်ထုတ် ချင်ပေမယ့် ကိုယ်တိုင်က မထူနိုင်။ မထနိုင်။

"ငါရဲ့ သဒ္ဓါစိတ် ဖျက်ဆီးသူက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် သိကြားမင်းပါ"

"ဘာ…ဘယ်လို၊ သိကြားမင်း ဟုတ်လား၊ သင်ဟာ ရှေးဘဝက ကုသိုလ်ကောင်းမှုပြုလို့၊ သီလဆောက်တည်လို့ တာဝတိံသာ နတ်ပြည် ရောက်ရတာမို့လား"

"မှန်ပါတယ်"

"ဒါနဲ့များ တခြားလူရဲ့ ဒါနကောင်းမှုကို ပိတ်ပင်ရက်တယ်"

"သင့် အကျိုးအတွက်ပါ"

"ဘာ…ငါ့အကျိုး၊ စင်ကြယ်တဲ့ အကျင့်ရှိသူက ဒါနကောင်းမှု ပြုတာကို တားမြစ်ရသလား၊ ဒီမယ် သိကြားမင်း၊ ငါဟာ ဒါနနဲ့ ယဉ်ပါးသူပါ၊ အလှူမပေးဘဲ မနေနိုင်ဘူး၊ ငါ သေချင်သေပါစေ၊ စည်းစိမ် ပျက်ချင်ပျက်ပါစေ၊ လှူပစ်လို့တော့ပြီး ပျက်စီးမယ်ဆိုလည်း ငါကလှူမှာပဲ"

သိကြားမင်းသည် ဝိသယှသူဌေး၏ သဒ္ဓါစိတ်ကို ဖျက်ဆီးရန် ကြံစည်သည်။ နေ့စဉ် အသပြာခြောက်သိန်းဖိုး ပေးကမ်းစွန့်ကြဲနေသည့် ဝိသယှ၏ ဒါနစွမ်းအားကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြ ကျောက်ဖျာ တင်းမာလာသည်။ ဤအကြောင်းခြင်းရာကို ကြည့်သော် ဝိသယှ၏ မဟာအလှူကို တွေ့ရသည်။ ဤမျှ သဒ္ဓါစွမ်းအားထက်သန် နေလျှင် သူသည် နတ်ပြည် နတ်ရွာသို့ ရောက်လာလိမ့်မည်။ သူ့ စွမ်းအားက ဝေဇယန္တာ နန်းပြာသာဒ်ကိုပင် လုယူတော့မည့်အလား ရှိနေသည်။ မိမိ၏စည်းစိမ်ကို မရွှေ့လျောလိုသည့် သိကြားမင်းသည် ဝိသယှ၏ စေတနာပျက်ပြားစေရန် စည်းစိမ်တွေ ကွယ်သည်။ မြေမြှုပ်ရတနာများ ရွှေလျားစေသည်။ သို့သော် ဝိသယှ၏ စေတနာအားက မယုတ်လျော့။ အသက်ပင် အသေခံ၍ ဆောင်ရွက်မည့် အနေအထား။

"အချင်း ဝိသယှ၊ သင် ကုသိုလ်ကောင်းမှု ပြုနေတာ နတ်ရွာစည်းစိမ် ခံစားချင်လို့လား"

"ငါ မတောင့်တ"

"ဒါဆို တာဝတိံသာမှာ သိကြားမင်း မဖြစ်လိုဘူးပေါ့"

"သင့် စည်းစိမ်ဟာ ငါ့အတွက် မက်မောစရာမဟုတ်"

"ဒါဆို ဗြဟ္မာမင်းစည်းစိမ်ကို ရည်ရွယ်တောင့်တတာလား"

"အသင် သိကြားမင်း၊ ငါဟာ ဗြဟ္မာဖြစ်ဖို့ ရည်သန်ပြီးမလှူ၊ ဒီကောင်းမှုအတွက် သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားဖြစ်ရေးသာ ရည်ရွယ်တယ်"

"ဩော်…"

မိမိ၏ အမြင်လွဲမှားမှုကြောင့် ဝိသယှသူဌေး၏ သဒ္ဓါစိတ် ဖျက်ဆီးရန် ကြံမိသည်။ သို့သော် ဝိသယှကား လောကီချမ်းသာကို မခုံမင်။ လောကသုံးပါး၏အတွက်အထိပ် ဘုရားဖြစ်ရေးသာ တောင့်တကြောင်း သိရသဖြင့် တောင်းပန်သည်။ ဝိသယှနှင့် သူ၏ ကြင်ယာတို့ကို ကျောသပ်ပေးလိုက်သည်နှင့် အကောင်းပကတိ ပြန်ဖြစ်သွားသည်။ ထို့အတူ တန်ခိုးဖြင့် ဖျောက်ဖျက်ထားသော စည်းစိမ်များကို ပြန်လည် ပေးအပ်သည့်အပြင် အတိုင်းအဆမရှိသော စည်းစိမ်ကို ထပ်ပေးသည်။

"အချင်း ဝိသယှ၊ စိတ်အလိုရှိတိုင်း ပေးလှူပါတော့"

"ကောင်းပြီ သိကြားမင်း၊ ငါ့ ဝါသနာအထုံစရိုက်က အလှူဒါနနှင့် ကင်းကွာ၍မရ၊ အသက်မသေသမျှ လှူဒါန်းရင်း အသက်ရှင် မှာပါ"

"သာဓု…သာဓု…သာဓု"

သိကြားမင်းသည် ဝိသယှတို့ ဇနီးမောင်နှံအား ကောင်းချီးပေးလျက် တာဝတိံသာသို့ ပြန်သည်။ ဝိသယှသူဌေး၏ အလှူမဏ္ဍပ်များက ပြန်၍ စည်ကားခဲ့လေသည်။

ကျမ်းကိုး။ ။(ငါးရာ့ငါးဆယ်၊ ကောကိလဝဂ်၊ ဝိသယှဇာတ်)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အသက်ကိုရင်း၍ ပေးအပ်လှူ

ကျွန်ုပ်သည် နှစ်ကြိမ်၊ သုံးကြိမ်ထက်မနည်း ဘုရားရှင်ကိုဖူးခွင့်ကြုံသည်။ သို့သော် ရှင်းရှင်းလင်းလင်း ဖူးခွင့် မရ။ မင်း၊ မှူးမတ်၊ အထက်တန်းအရာရှိကြီးများက ရှေ့ဆုံးမှ နေရာယူထားသည်။ သူတို့ နောက်ပါးတွင် သူဌေးသူကြွယ်၊ ကုန်သည်တွေက နေရာယူထားပြန်သည်။ သာမန် ဆင်းရဲသားတွေက နောက်ဘက်မှသာ နေရာရသဖြင့် ဘုရားရှင်၏ မျက်နှာတော်ကို အဝေးမှပင် ဖူးမြော်ရသည်။

အမှန်တော့ သည်အစီအစဉ်အတိုင်း ဖူးရမည်ဟု ကန့်သတ်ထားသည်မဟုတ်။ လောကဝတ်အရ ကိုယ့်အသိနှင့်ကိုယ် ဆင်ခြင်ခြင်းသာ။

ဝေဠုဝန်ကျောင်းကို အလှူခံပြီး ဘုရားရှင် သီတင်းသုံးတော့ ကျွန်ုပ်အဖို့ ဖူးခွင့်ကြုံနေခြင်း ဖြစ်သည်။ ဝေဠုဝန် ကျောင်းဒကာကြီးက ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရ။ ထိုရာဇဂြိုဟ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရကို ပန်းတော်ဆက်ရသည်က ကျွန်ုပ် သုမန။ မင်းကြီးက ဘုရားရှင်အား ပန်းဖြင့် ပူဇော်လိုတော့ တစ်နေ့အသပြာရှစ်ကျပ်ဖိုး ကပ်လှူရန် တာဝန်ပေးသည်။ ဤတွင် ကျွန်ုပ်သည် ဘုရားရှင်အတွက် ပန်းဆက်ကပ်ရသော တာဝန်ရလာသည်။

အကြောင်းတိုက်ဆိုင်တိုင်း ဘုရားရှင်ကို ဖူးခွင့်ကြုံပေမယ့် သည်လို အနီးကပ် ပူဇော်ခွင့် တစ်ကြိမ်မျှ မရခဲ့။

ထိုနေ့က ပန်းယူလာပြီး ရာဇဂြိုဟ် လမ်းမကြီးအတိုင်း ပြန်လာစဉ် ဘုရားရှင် ဆွမ်းခံကြွသည်နှင့် ပက်ပင်းပါ ဆုံတွေ့သည်။ ရဟန်းတို့ကို ဦးဆောင်လျက် ကြွလာသော ဘုရားရှင်ကို ဖူးလိုက်ရသည်နှင့် ကျွန်ုပ်သည် အံ့ဩတုန်လှုပ်စွာဖြင့် မှင်တက်မိနေသည်။

"အလို…တင့်တယ်လိုက်တဲ့ အသရေ၊ အရှေ့မျက်နှာက နေမင်းကြီး ထွက်လာသည့်အလားရှိပါဘိ"

ကျွန်ုပ်သည် စိတ်ထဲက ရေရွတ်လျက် လက်အုပ်ချီလိုက်မိသည်။ ရပ်လျက် ပူဇော်သည်မှာ မသင့်တော်ဟု အလိုလို သိလိုက်သဖြင့် ပုဆစ်ဒူးတုပ် ထိုင်ချလိုက်သည်။ ထို့နောက် လက်ထဲမှ ဆွဲလာသော ပန်းခြင်းကို ဘေးမှာချပြီး အကြိမ်ကြိမ် ရှိခိုးလိုက်သည်။

ဘုရားရှင်သည် တောကောင်တို့၏သားမင်း ခြင်္သေ့မင်းအလား ခံ့ညားစွာ ကြွလာသည်။ ဘုရားရှင်၏ နောက်ပါးတွင် ကောဏ္ဍည မထေရ်၊ ထို့နောက် ဝပ္ပ။ ဤသို့ ဝါစဉ်အလိုက် နေရာယူကြွလာသည့် အရိယာသူတော်စင် ပုဂ္ဂိုလ်ကြီးများကို ကြည့်လျက် ကြည်နူးသွားမိသည်။ ဤမျှ ညီညွတ်သော၊ ဤမျှ သပ်ရပ်တင့်တယ်သော၊ ဤမျှ နှစ်လိုဖွယ်အသွင်ရှိသော အဖွဲ့အစည်းမျိုး ရှေးက မတွေ့ဖူးခဲ့။

ရာဇဂြိုဟ်မြို့တွင်း သွားလာနေသော တိတ္ထိဂိုဏ်းသားတို့ကို ကြိမ်ဖန် များစွာ မြင်ဖူးပါသည်။ ဆံကေသာ လက်လေးသစ်၊ မည်းညစ်ညစ် ရုံသင်္ကန်း၊ ဆန်းပြားသည့် ဝတ်စားဆင်ယင်ပုံ၊ စိတ်ကုန်အောင် ဣန္ဒြေမဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်များကို တွေ့ဖူးသည်။ ကိလေသာစိတ် ခေါင်းပါးသည်ဆိုငြားလည်း သူတို့အကြည့်၊ သူတို့သွင်ပြင်၊ သူတို့ အမူအရာ မြင်ရုံဖြင့် ဘယ်လို အမျိုးအစားဖြစ်မည်ကို ခွဲခြားသိနေသည်။

ယခုမြင်ရသော မြင်ကွင်းက တစ်ခါမြင်လိုက်ရုံဖြင့် နောက်တစ်ကြိမ် ထပ်မကြည့်ဘဲ မနေနိုင်အောင် ဆွဲဆောင်နေသည်။ ဘုရားရှင်သည် စင်္ကြံ့လှမ်းရင်ပြင်ပြေ ချလျက် သတိကိုဆောင်ကာ ကြွလှမ်းနေပုံမှာ လွန်စွာ ကြည်ညိုဖွယ် ကောင်းလှသည်။ ဖြူစင်သော ရင်ပြင်ပေါ်က ဆင်းလာသော ဖြူဝင်းကြီးအလား တင့်တယ်လွန်းသည်။

ရောင်ခြည်တော်ခြောက်သွယ်ကို ကွန့်မြူးလျက် ပရိသတ်၏ အဖူးအမြော်ခံနေသော ဘုရားရှင်ကို မြင်သည်နှင့် မကြည်ညိုဘဲ မနေနိုင် သဒ္ဓါစိတ်တွေ တလှိမ့်လှိမ့် တက်လာသည်။ လှူဖွယ်ပစ္စည်း ဘာများ ရှိပါလိမ့်ဟု ကိုယ့်အိတ်တွေ ပြန်စမ်းကြည့်သည်။

"အဟော…ဘုရားရှင်ကို လှူဖို့ ပန်းတွေ ပါနေသားပဲ၊ ဒီမုလေးပန်းတွေ လှူလိုက်ရုံပေါ့"

ကျွန်ုပ်သည် ထိုင်ရာမှထလျက် ပန်းခြင်းတောင်းကို ဆွဲယူလိုက်သည်။ မိုးကောင်းကင်ထက်က တိမ်စိုင်၊ တိမ်ခဲ၊ တိမ်ဆုပ်ကြီးများ အလား ဖွေးဆွတ်နေသည့် မုလေးပန်းတစ်ဆုပ်ကို ကုတ်ယူလိုက်သည်။ ထို့နောက် ဘုရားရှင်၏ မဏိတော်ထက်ကို မှန်းလျက် ကြဲပက်လိုက်သည်။ မုလေးပန်းတို့သည် တစ်ခုနှင့်တစ်ခု ချိတ်တွဲလျက် ဦးထိပ်တွင် ဇိမာန်ကျက်သည့်အလား တည်နေသည်။

အံ့ဩစရာမြင်ကွင်းကြောင့် တစ်ဒင်္ဂမျှ ကြက်သေ သေနေမိသည်။ သို့သော် ဒုတိယအကြိမ် ပန်းကို ဆုပ်ကိုင်မိသည်။

"ဟဲ့…သုမန၊ ဒီပန်းတွေဟာ ဘုရင်မင်းမြတ်ကို ဆက်သွင်းရမယ့် ပန်းတွေမဟုတ်လား၊ ဒီမှာ လှူလိုက်လို့ ပန်းမဆက်နိုင်ရင် ဘာဖြစ်သွားမယ်ထင်လဲ၊ အဖမ်းခံရင်ခံ၊ ထောင်ချချင်ချ၊ ပြည်နှင်ဒဏ် ပေးရင်ပေး၊ ကံဆိုးရင် အသတ်ခံရမယ်ဆိုတာ မသိဘူးလား"

တစ်စုံတစ်ယောက်က နားကို ကပ်ပြောသည့်အလား ကြားလိုက် မိသည်။ ပန်းကိုဆုပ်ထားသောလက်များ ပြေကျသွားသည်။ ကျရောက် မည့်ဘေးကို ချင့်ချိန့်နှိုင်းဆနေမိသည်။ သို့သော် ဘုရားရှင်၏ ကြည်ညို ဖွယ်အဆင်း မြင်ရတော့ မလှူဘဲ မနေနိုင်။ သဒ္ဓါစိတ်တွေ ပြန်လည် ပေါ်ထွက်လာပြန်သည်။

"ဒီပန်းကိုလှူလို့ ဘုရင်က သတ်ချင်လည်းသတ်၊ ပေးသမျှ အပြစ်ဒဏ် ငါခံမယ်၊ ဘုရားရှင်ကို မပူဇော်ဘဲ မနေနိုင်ဘူး"

ဤသို့ တွေးမိသည်နှင့် နောက်ထပ် ပန်းနှစ်ဆုပ်ကို ကြဲဖြန့် ပူဇော်လိုက်ပြန်သည်။ ပန်းတို့က အချင်းချင်း ချိတ်ဆက်လျက် လက်ျာနံပါးမှ တွဲလျားကျလျက် ပူဇော်ကုန်သည်။ မကြုံစဖူး ထူးကဲသည့် အဖြစ်ကြောင့် တတိယအကြိမ်မြောက် ကြဲဖြန့်လိုက်ပြန်သည်။ ပန်းတို့ သည် လက်ဝဲဘက်မှ တွဲလျားကျလျက် တည်နေပြန်သည်။ ရှစ်ကွမ်းစား ရှိသော ပန်းတို့သည် ဘုရားရှင်အပါးတွင် ပူဇော်နေပုံမှာ အံ့အားသင့်ဖွယ်။ လမ်းမလယ်တွင် ဆွမ်းခံကြွနေသော ဘုရားရှင်ကို ပန်းပြာသာဒ်ကြီးဖြင့် ပူဇော်ဘိအလား ရှိနေသည်။ ထိုပန်းပြာသာဒ်ကြီးသည် ဘုရားရှင် လှမ်းကြွတိုင်း တရွေ့ရွေ့ လိုက်ပါသွားသည်မှာ မြင်သူတိုင်း ရင်သပ်ရှုမော ဖြစ်ရတော့သည်။

* * *

"မိန်းမရေ…သာစု ခေါ်လိုက်စမ်း၊ ငါပြုခဲ့တဲ့ ကုသိုလ်အဖို့ကို အမျှပေးဝေပါတယ်၊ အမျှ…အမျှ…အမျှ"

သုမနသည် ပန်းမပါသည့် ခြင်းတောင်းကို ကိုင်မြှောက်လျက် အိမ်ပေါ် ခုန်တက်လာပြီး ဝမ်းသာစကား ပြောလိုက်သည်။ သူက တက်ကြွဝမ်းမြောက်နေသော်လည်း ဇနီးသည်ကမူ ကြောင်တောင်တောင် အမူအရာဖြင့် ငေးကြည့်နေသည်။ ကုသိုလ်အဖို့ အမျှဝေသော်လည်း သာစု မခေါ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



"ကို…ကိုသု…ကိုသုမန၊ ပန်းတွေရော…"

"ဟာ…ဒီမိန်းမ၊ ပြောစကား မကြားဘူးထင်တယ်၊ ဒီနေ့ ပန်းယူ သွားတယ်၊ ပြန်အလာမှာ ဘုရားရှင်ကို ဖူးတွေ့ရလို့ ကြည်ညိုစိတ် ဖြစ်ပြီး လှူလိုက်တယ်"

"လှူလိုက်တယ်၊ ဒါဆို ပန်းတွေ မရှိတော့ဘူးပေါ့"

"ဟာ…ဒုန်းဝေးလိုက်တာ၊ ဘုရားရှင်ကို လှူလိုက်ပါပြီဆိုမှ ဘယ်ရှိတော့မလဲ၊ ဒီမယ်…မင်းမြင်ရင် ငါ့လိုပဲ လှူချင်စိတ်ဖြစ်မယ် သေချာတယ်၊ အောင်မယ်လေး မိန်းမရာ၊ ရောင်ခြည်တော် ကွန့်မြူးနေတဲ့ ဘုရားရှင်ကို တစ်ခါမှ မဖူးဘူးတာ ဒီတစ်ခါ ကံထူးတာ သိလား"

"သိတယ်၊ ကံထူးတာ သိပ်သိတာပေါ့၊ တော်က သေပန်းပွင့်အောင် ကံထူးတာကိုး"

"ဟာ…ဒီမိန်းမ၊ မဦးမချွတ်စကား ပြောရော့မယ်"

သုမနက ဒေါသဖြစ်ဟန်ဖြင့် ပန်းခြင်းကို ဆောင့်ချလိုက်ပြီး ဇနီး မယားကို မျက်စောင်းထိုးကြည့်လိုက်သည်။ သူ့အမူအရာကိုကြည့်ပြီး မခိုးမခန့် အမူအရာဖြင့် အဟက်ခနဲ ရယ်လိုက်သည်။

"ဒီမယ် ကိုသုမန၊ တော် ဘာလုပ်ခဲ့တယ်ဆိုတာ သိလား"

"သိတယ်လေ၊ ဘုရားရှင်ကို ပန်းလှူခဲ့တာ"

"အဲဒါ ဘယ်သူ့ကို ဆက်သရမယ့် ပန်းလဲ"

"ဘုရင်မင်းမြတ် ဆက်ရမှာလေ၊ နေ့စဉ် ရှစ်သပြာဖိုး ပန်းလှူတာကို ငါက တာဝန်ယူ ပေးသွင်းရတယ်၊ အဲဒါ ဘာဖြစ်လဲ"

"အဲဒါ ဘာဖြစ်လဲ၊ ဟုတ်လား၊ သေပန်းပွင့်တာလေ၊ ရှင် ပန်း မဆက်နိုင်ရင် ဘာဖြစ်မယ်ဆိုတာ သိရဲ့လား"

ဒေါသမျက်နှာဖြင့် ကြည့်လျက် မေးလာသော ဇနီးသည်ကို ကြည့်ပြီး သုမနက ဟားတိုက်ပစ်လိုက်သည်။

"ဒီမယ် မိန်းမ၊ ငါလုပ်တဲ့ကိစ္စ ဘယ်လို အကျိုးသက်ရောက်မယ်ဆိုတာ မသိဘဲ နေမလား၊ ဆက်နေကျ ပန်းမဆက်ရင် တာဝန် မကျေဘူးဆိုပြီး အပြစ်ပေးခံရမယ်၊ ဒီအပြစ်နဲ့ ထောင်ကျချင်ကျမယ်၊ ကြိမ်ဒဏ် ခံရရင်ခံရမယ်၊ အကြောင်းမသင့်ရင် အသတ်ခံရမယ်။ ဒါ မသိဘဲ နေမလားကွ၊ ပေးတဲ့အပြစ် ငါခံမယ်"

"ဘာ…ပေးတဲ့ အပြစ်ခံမယ်၊ ဒီအပြစ်က ရှင့်မှာတင် နားမယ်ထင်နေလား၊ ကျုပ်တို့ မိသားစုပါ မင်းဒဏ်သင့်မည့်ကိစ္စ"

"ဘာဖြစ်လဲကွာ၊ ပန်းလှူလို့ အပြစ်ရလည်း ပိုပြီး ကုသိုလ်တောင် ရသေးတယ်၊ ပျော်ပျော်ကြီး ခံယူမယ်"

"ကျုပ် မခံနိုင်ဘူး။ မစဉ်းစား၊ မဆင်ခြင်ဘဲ တော်လုပ်တဲ့ကိစ္စအတွက် ဘာမဆိုင်တဲ့ ကျုပ်က ခံရမလား၊ ကျုပ် မခံဘူး၊ ဒီပြဿနာ ကျုပ်နဲ့ မပတ်သက်ဘူးလို့ဖြစ်အောင် တရားဝင် ကွာရှင်းမယ်"

ဇနီးသည်သည် ပြောပြောဆိုဆိုဖြင့် နို့စို့ရွယ် သားငယ်ကို ကောက်ယူလျက် ထလိုက်သည်။ သုမနပန်းသည် စကားမဆိုဘဲ စိုက်ကြည့် နေသည်။ သူ ကြည့်နေစဉ်မှာပင် ဇနီးသည်က အိမ်ထက်မှ ဆင်းဖို့ ပြင်သည်။

"ဟဲ့…ဒါက ဘယ်ကိုလဲ"

"အခုချက်ချင်း နန်းတော်ထဲ သွားမယ်၊ ဘုရင်မင်းမြတ်ထံ လင်မယား ကွာရှင်းကြောင်း အသိပေး လျှောက်ထားမယ်၊ တော့်ကြောင့် အသေမခံနိုင်ဘူး"

"မင်းကလဲကွာ"

သုမနပန်းသည်က အကျိုးအကြောင်း ရှင်းပြပြီး တစ်ဖွတ်ထိုး မလုပ်ရန် တားဖို့ကြံသော်လည်း ဇနီးသည်ကမူ သူ့စကားပင် နားမထောင်ဘဲ ထွက်သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် သုမနပန်းသည်၏ ဂုဏ်ကျေးဇူးကို ထင်ရှားစိမ့် သောငှာ သုံးဂါဝုတ်ခရီးမျှရှိသော ရာဇဂြိုဟ်မြို့တွင်း ကြွသည်။ ဘုရားရှင် ကြွလေတိုင်း ပန်းဆိုင်း၊ ပန်းပြာသာဒ်က လိုက်ပါပူဇော်သည်။ အဝိဉာဏက အသက်မရှိသော ပန်းကပင် ဘုရားရှင်၏ ဘုန်းကံကို သိမြင် ပူဇော်သဖြင့် လူအများ ကြည်ညိုမဆုံးတော့။ ဘုရားရှင်၏ နောက်တော်ပါးမှ လိုက်ပါကြည်ညိုကြသည်။

တရှန်းရှန်း၊ တအုန်းအုန်း ကြည်ညိုမဆုံး ဖြစ်နေသည့် ရှုခင်းကို သုမနပန်းသည်၏ဇနီး မြင်သည်။ မြင်သော်လည်း စိတ်မဝင်စားနိုင်။ နန်းတော်သို့သာ အဆောတလျင်ဝင်ပြီး ဘုရင်မင်းမြတ်ထံ ဦးတိုက်လျှောက်တော့သည်။

"အချင်း သူငယ်မ၊ သင်က ဘာအကြောင်းနဲ့ သုမနကို ကွာချင်တာလဲ"

"အရှင်မင်းမြတ်၊ ရူးသွပ်မိုက်မဲသူရဲ့ ဇနီးမယားအဖြစ် ဆက်နေရင် အကျိုးမရှိလို့ပါ"

ပန်းသည်၏ဇနီးက ယနေ့ အဖြစ်အပျက် အလုံးစုံကို လျှောက်တင် သည်။ သုမနပန်းသည်ကို အပြစ်ဆိုလျက် ကွာရှင်းခွင့်တောင်းသည်။ သောတာပန်ပုဂ္ဂိုလ်ဖြစ်သောမင်းကြီးသည် သုမနပန်းသည်၏ လုပ်ရပ်မှာ အပြစ်ရှိသော်လည်း လှူချင်တန်းချင်သော သဒ္ဓါစိတ်ကို ချီးကျူးလျက် ခွင့်လွှတ်တော်မူသည်။ သို့ဖြစ်၍လည်း ဂနသေချာဖြစ်အောင် မေးမြန်း သည်။

"အချင်း သူငယ်မ၊ သင်ဟာ လင်သားရှာကြွေးခဲ့တဲ့ ကျေးဇူးကို ထောက်ထားပြီး လင်သား အပြစ်ရရင်လည်း အတူအမျှ ခံစားလိုစိတ် မရှိသလော"

"ရူးသွပ်တဲ့ သူ့ရဲ့လုပ်ရပ်ကို အတူအမျှ မခံစားနိုင်ပါ"

"ဒါဆို အကောင်းအဆိုး ဘာကိုမျှ မရယူချင်ဘူးပေါ့"

"မှန်ပါတယ် အရှင်မင်းကြီး"

စကားကို ကွဲကွဲပြားပြား ခြားနားသိလိုက်သဖြင့် ပန်းသည်၏ ဇနီးသည် အလိုအတိုင်း ကွာရှင်းခွင့်ပေးလိုက်သည်။

ထိုအချိန် ဘုရားရှင်၏ ရွှေဉာဏ်တော်၌ မင်းကြီး၏ဆန္ဒကို သိမြင်သဖြင့် နန်းတော်သို့ကြွသည်။ ဘုရားရှင် ကြွလာသည်ကိုမြင်တော့ မင်းကြီးသည် နန်းတော်တံခါးဝမှ ဆီးကြိုလျက် လျှောက်ပတ်သော နေရာထိုင်ခင်း ပြင်ဆင်ဆီးကြိုသည်။ ဘုရားရှင်သည် ရဟန်း ပရိသတ်အခြံအရံဖြင့် တင့်တယ်စွာ ထိုင်သည်။ မင်းကြီး ဆက်ကပ်သော ဆွမ်းကို အလှူခံယူတော်မူပြီး ဆွမ်းအတွက် အနုမောဒနာတရား ချီးမြှင့်သည်။ ထိုသို့ ချီးမြှင့်ရာတွင် ဒါနနှင့် ပတ်သက်၍ အထွတ်တင် ဟောကြားခဲ့သည်။

တရားဟောကြားပြီး ဘုရားရှင်ပြန်ကြွသော် မင်းကြီးသည် ပန်းသည် သုမနအားခေါ်လျက် စုံစမ်းမေးမြန်းသည်။

"အချင်း သုမန၊ ဒီနေ့ ဆက်ကပ်ရမယ့် ပန်းတွေကို သင်လှူတယ်ဆိုတာ ဟုတ်သလား"

"မှန်ပါတယ် အရှင်မင်းကြီး"

"ဒီအတွက် သင့်မှာ အပြစ်ရှိတာ သိသလား"

"မှန်ပါတယ် အရှင်မင်းကြီး၊ ဒီအမှုကို ပြုကတည်းက အပြစ်ခံရမယ်ဆိုတာ သိပါတယ်။ ဒီအမှုအတွက် သေဒဏ်ပေးရင်လည်း ကြည်ကြည်ဖြူဖြူ ခံယူပါ့မယ်၊ ကျွန်တော်မျိုးရဲ့ စိတ်ထဲမှာ မြတ်ဘုရားကို ကြည်ညိုလွန်းလို့ လှူမိပါတယ် အရှင်မင်းကြီး"

"သာဓု…သာဓု…သာဓု၊ အမောင် သုမန၊ သင်ဟာ ပြုနိုင်ခဲသော အမှုကိုပြုပြီး မြတ်သောအလှူကို လုပ်ဆောင်ခဲ့ပေတယ်။ ဒီအတွက် ထိုက်တန်တဲ့ဆု ငါ ချီးမြှင့်အံ့"

ဗိမ္ဗိသာရမင်းကြီးသည် သုမနပန်းသည်ကို အပြစ်မပေးသည့်အပြင် မြတ်သောအလှူ၊ ပြုနိုင်ခဲသော အလှူပြုပေသည်ဟု ချီးကျူးလျက် ဆင်ကောင်းရှစ်စီး၊ မြင်းကောင်းရှစ်စီး၊ သမီးကညာရှစ်ယောက်၊ ကျွန် မိန်းမရှစ်ယောက်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ယောက်ျားရှစ်ယောက်၊ အဝတ်တန်ဆာနှင့် အသပြာရှစ်ထောင်စီ ကွမ်းဖိုးရသည့် ရွာကြီးရှစ်ရွာကို ချီးမြှင့်လိုက်ပေသည်။

ထိုသတင်းကို သိရသဖြင့် ပန်းသည်၏ဇနီးမှာ နောင်တကြီးစွာ ဖြစ်ရသည်။ တစ်သက်လုံး ရှာကြံကျွေးသည့် ကျေးဇူးကို မထောက် ထားသည့်ပြင် ဒါနကောင်းမှုကို ငြင်းပယ်လိုက်ခြင်းကြောင့် အကျိုး ယုတ်ခဲ့သည်။

သုမနပန်းသည်၏ ခံစားရသော အကျိုးအာနိသင်ကို ဆင်ခြင်လျက် အရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်မေးသည်။ ထိုအခါ ဘုရားရှင်က "သဒ္ဓါတရား ထက်မြက်စွာဖြင့် အသက်စွန့်၍ ပေးလှူခဲ့သော သုမန ပန်းသည်၏ ဒါနသည် မျက်မှောက်ဘဝ၌သာ ကောင်းကျိုးချမ်းသာ ခံစားရသည်မဟုတ်၊ ဤအကျိုးကြောင့် ဒုဂ္ဂတိဘုံသို့ မလားရောက်ဘဲ လူ့ရွာ၊ နတ်ရွာ ကျင်လည်ရပြီး နောင်တစ်ချိန်တွင် သုမနမည်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ပင် ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်ပေးလေ၏။

အသက်ကိုပေး၍ လှူခြင်းကြောင့် ဒုက္ခမရောက်ဘဲ ချမ်းသာရာ ရသော သုမနပန်းသည်၏ သာဓကသည် အားကျဖွယ်ပင်။

ကျမ်းကိုး။ ။ဓာလဝဂ်၊ သုမနပန်းသည်ဝတ္ထု။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အလှူပေးသူငွေဖြစ်

"ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းစားရတဲ့ ကျုပ်ဟာ ××× စေတနာ သဒ္ဓါတရား ××× မိုးတိမ်ထိ မြင့်မား ××× ကဿပဘုရားရှင်ကို လှူဦးမှာ ××× မနက်ဖြန်ခါ စာရေးတံမဲနှိုက်လို့သာလှူမှာ"

ဗာရာဏသီပြည်သား ဆင်းရဲသား မဟာဒုက်သည် မိတ်ဆွေတစ်ယောက် အကြံပေးသဖြင့် ရဟန်းတစ်ပါး ဆွမ်းကျွေးရန် စာရင်းပေးလိုက်သည်။ စာရင်းသာပေးသော်လည်း ဘာတစ်ခုမျှ အရန်သင့် မရှိ။ အိမ်ရှင်မနှင့် တိုင်ပင်ပြီး ဆွမ်းအတွက် ငွေရှာထွက်သည်။

"ကျုပ်ကို ခိုင်းစရာရှိတာ ခိုင်းပါ၊ ထင်းခွဲရမလား၊ ကျင်းတူး ရမလား၊ မြက်နုတ်ရမလား၊ ဘာမဆို လုပ်ပါ့မယ်။ မနက်ဖြန် ရဟန်းတစ်ပါး ဆွမ်းကျွေးချင်လို့ အလုပ်ပေးကြပါ"

မဟာဒုက်သည် ကိုယ်စွမ်းကိုယ်စဖြင့် ငွေရှာမည်။ ဓမ္မိယလဒ္ဒ ဖြစ်သောငွေဖြင့် ဆွမ်းတစ်နပ် လှူဒါန်းမည်ဟု ဆုံးဖြတ်လျက် အလုပ် ရှာသည်။ "ဆွမ်းကျွေးချင်လို့ပါ"ဟု ပြောလိုက်သည်နှင့် အလုပ် ပေးချင်သည့် စေတနာရှင်တွေ ပေါ်လာသည်။

"လာဦးဟေ့…မဟာဒုက်"

"ဟုတ်ကဲ့…ခင်ဗျာ၊ ဘာများ ခိုင်းစရာရှိပါသလဲ"

"အေး…အစကတော့ မရှိပါဘူး၊ မင်းလှူချင်တဲ့ စေတနာကို အားပေးတဲ့အနေနဲ့ အလုပ်ပေးရမှာ၊ ဟိုမှာတွေ့လား တုံးတွေ"

"ဟုတ်ကဲ့၊ ဒါတွေပေါက်ရမလား၊ ပေါက်ရမယ်ဆိုရင် ပုဆိန်တော့ ငှားပါခင်ဗျာ"

"အေး…ဟောဟိုစားဖိုဆောင်ဘေးမှာ ပုဆိန်ထောင်ထားတယ်၊ အဲဒီတုံးကို ဖိုဝင်ထင်းဖြစ်အောင် ပေါက်ပေး၊ ဆွမ်းဆန်အတွက် မပူတော့နဲ့"

မဟာဒုက်သည် မိမိအလှူ အထမြောက်အောင် ကူညီသည်ဆိုသည့် စကားတစ်ခွန်းနှင့်ပင် စေတနာပိုသွားသည်။ ထင်းတုံးများကို တဝုန်းဝုန်း ပေါက်ခြမ်းပစ်လိုက်သည်။ ဟီးထနေသည့် ထင်းပုံကြီး တစ်ဝက်ကျ ချိန်တွင် အလုပ်ရှင်က အလိုက်တသိ တားသည်။ ကျေနပ်ပါပြီဆိုပြီး ဆန်နှစ်ပြည်ခန့် ပေးလိုက်သည်။

ဆွမ်းကျွေးနိုင်ဖို့ သူ့နှယ် အလုပ်ရှာထွက်သည့် ဇနီးသည်ကလည်း အလုပ် လွယ်လွယ်ကူကူ ရလိုက်သည်။ လုပ်ခရသောငွေနှင့် ဆီ၊ ဆား၊ ငါးပိ၊ ကြက်သွန်များနှင့် ပြန်လာသည်ကို လမ်းမှာပင်ဆုံသည်။ ရလာသည့်ပစ္စည်းများ တစ်ယောက်ကိုတစ်ယောက်ပြလျက် နံနက်ဖြန် ချက်ပြုတ်လှူဒါန်းမည့် ဆွမ်းဟင်းအတွက် တိုင်ပင်ကြသည်။

"တော်က ဒီလိုလုပ်"

"ဘယ်လိုလုပ် လုပ်ရမှာလဲ၊ ပြော"

www.burmeseclassic.com

www.burmeseclassic.com



"ချောင်းကမ်း၊ မြစ်ကမ်းဘေးမှာ ဟင်းရွက်ရှိတတ်တယ်၊ ကျီးအာညွန့်ပဲရရ၊ ပဲညွန့်၊ ဘူးညွန့်ပဲရရ ရှာကြဲခူး၊ အဲဒါကို ဟင်းချိုတစ်ခွက်ဖြစ်အောင် ကြံမယ်"

"ဟင်းရည်သောက် ရပြီထား၊ ဟင်းလေးတစ်ခွက်တော့ ပါမှဖြစ်မှာ"

"အဲဒါအတွက် ဒီမှာ တစ်မူးရှိပါသေးတယ်၊ အမဲ၊ သားငါး လာရောင်းသူရှိရင် တစ်ပါးစာ ဝယ်ချက်မယ်"

"ကောင်းတယ်၊ မင်း အစီအစဉ် ကောင်းတယ်၊ တို့ မစားရရင် နေပစေ၊ ပင့်သံဃာ ဖွယ်ဖွယ်ရာရာ ဘုဉ်းပေးရရင် ကျေနပ်ပြီကွာ"

"စိတ်ချပါ၊ တော်သာ ဟင်းရွက်ခူးချေတော့"

မယားဖြစ်သူက ခိုင်းလိုက်သည်နှင့် မြစ်ကမ်း ချောင်းကမ်းဘက် ဒုန်းစိုင်းထွက်ခဲ့သည်။ တစ်သက်လုံး မလှူဖူးသည့် အလှူမျိုး လှူနိုင်တော့မည်ဟု တွေးလျက် ပျော်နေမိသည်။ ခေါင်းလေးတညိတ်ညိတ်နှင့်တွေးရင်း လေလေး ချွန်ကာ ချွန်ကာဖြင့် လျှောက်လာခဲ့ရာ ရင်ထဲမှ အပျော်လုံးလေးဖြစ်လာပြီး သီချင်းပင် ကောက်ဆိုမိသွားသည်။

"ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်း စားရတဲ့ ကျုပ်ဟာ စေတနာ သဒ္ဓါတရား၊ မိုးတိမ်ထိမြင့်မား၊ ကဿပဘုရားရှင်ကို လှူဦးမှာ"

* * *

"ဟေ့…မဟာဒုက်၊ သီချင်းတကြော်ကြော်နဲ့ ငါ့လူ တယ်ဟုတ်နေပါလား"

"ဟော…ဦးကြီး၊ အဟက်ဟက်၊ ပျော်နေတာဗျ"

"ပျော်နေတာ၊ နေစမ်းပါဦး၊ မင်းဘဝမှာ ပျော်စရာများ ရှိသေးလို့လား ငါ့လူရာ"

"အဟား…ရှိပါသကောဗျာ၊ မနက်ဖြန်မနက်ကျရင် ကျုပ်အိမ်မှာ ရဟန်းတစ်ပါး ဆွမ်းကပ်မလို့ဗျ၊ တစ်သက်လုံး မလှူဖူးတဲ့အလှူ လှူခွင့်ရတာ မပျော်ဘဲနေမလား"

ရွှင်မြူးတက်ကြွသည့်လေသံဖြင့် ပြောရင်း ချုံနွယ်တွင်းမှ ဟင်းရွက်၊ ဟင်းသီးခူးနေသည့် မဟာဒုက်ကိုကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ဘာလဲ၊ မနက်ဖြန် ပင့်ထားတဲ့ သံဃာကို ဒါ ချက်ကပ်မှာလား"

"ဟုတ်တယ်လေ၊ ကျုပ်မိန်းမက ဟင်းရွက်ခူးချေတဲ့၊ ဟင်းသီး ဟင်းရွက် ဟင်းချိုတစ်ခွက် ချက်မှာပေါ့ဗျာ၊ ဒါနဲ့ ငါးပိထောင်းနဲ့ဆို လိုက်ဖက်မှလိုက်ဖက်၊ ဒီလို ဟင်းမျိုးတောင် မစားနိုင်တဲ့ရက်တွေ ဘယ်လောက်ရှိမှန်းတောင် မသိဘူး၊ ကိုယ် မစားနိုင်တာ အပထား၊ ပင့်သံဃာကိုတော့ မွှန်မွှန်မြတ်မြတ် ချက်ကပ်ရမှာပေါ့ဗျာ"

"မဟုတ်သေးပါဘူး"

"ဗျာ"

"ဟကောင်…မဟာဒုက်၊ တစ်ခါတစ်ရံ လှူဖြစ်တဲ့အလှူကို ဒီလို ပြီးလွယ်စီးလွယ် မလုပ်နဲ့လေ၊ အသား ငါးလေးတော့ ထည့်မှပေါ့"

"ထည့်ချင်တာပေါ့ဗျာ၊ လှူချင်လိုက်တာမှ ကြက်သားဆီပြန်၊ ဝက်သားဘီးစပတ်တုံး၊ ပုစွန်ထုပ်၊ ငါးဖယ်နပ်၊ ငါးကြင်းဗိုက်သားချက်၊ အဲသလို လှူချင်တာ၊ အခုလို လှူနိုင်အောင်တောင် မနည်းကုန်းရုန်း ထားရတာ"

"အင်း…အင်း၊ ကဲကွာ…ဒီလိုလုပ်၊ ငါလည်း မင်းကို ပါရမီ ဖြည့်တဲ့အနေနဲ့ ငါးဟင်းစားပေးမယ်။ ဟောဒီ ငါးပုံကို အကြီးအသေး ခွဲပေး"

"အဟုတ်လား၊ ဒါလောက်တော့ မဟာဒုက်တို့က အပျော့ပေါ့ဗျာ၊ ငါးရွေးတဲ့အတွက် ဟင်းလျာတစ်မယ် ရမယ်ဆိုရင် အတိုင်းထက်အလွန်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တံငါသည်က ကူညီသည့်သဘောဖြင့် ခိုင်းသော်လည်း မဟာဒုက် စိတ်ကမူ ဆွမ်းကပ်နိုင်ဖို့ အလုပ်လုပ်သည်ဟု သဘောထားလျက် အားစိုက်လုပ်သည်။ ငါးအသေးအကြီး ရွေးပြီးချိန်မှာပင် မနက်ဖြန် စာရေးတံမဲချ ဆွမ်းကပ်ရန် ဟင်းလျာဝယ်လာသူတွေ စုပြုံရောက်လာသဖြင့် မဟာဒုက်ပါ ဝိုင်းကူချိန်တွယ်ပေးလိုက်သည်။ သူက နှစ်ပိဿာ၊ ဟိုက သုံးပိဿာ စသဖြင့် ချိန်တွယ်ယူကြရာ ငါးတစ်ပုံက ချက်ချင်း ပျောက်သွားသည်။

"ဟောဗျာ၊ ချိန်ရင်းချိန်ရင်းနဲ့ ငါးတောင်မရှိတော့ဘူး၊ ကျုပ်အတွက် ဘယ်မှာ ကျန်တော့လို့လဲ"

"အဟား…ဟား…ဟား၊ ဒီ့အတွက် မပူပါနဲ့ မဟာဒုက်ရာ၊ ငါ ရှောင်းကောင်းသလို မင်းလည်း အကောင်းစား ရချင်လို့ပေါ့၊ ဟောဒီနေရာ တူးစမ်း"

"ဒီသောင်ပြင်ကို ဘာလုပ်ဖို့ တူးမှာလဲ"

"တူးမှာ တူးစမ်းပါ ငါ့လူရာ၊ အိမ်စားဖို့ ငါးကြင်းလေးကောင် မြှုပ်ထားတယ်၊ ငါက ကြိုတွက်ပြီးသား၊ ဒီငါးကြင်းသာမြင်ရင် အလုအယက် ပေးဝယ်ကြမှာ၊ ငါးကြင်းသား စားရခဲလို့ ငါ စားဖို့ဆိုပြီး ဝှက်ထားတာ၊ အဲဒါ မင်း ယူသွား"

"ဗျာ…နှောက်တာတော့ မဟုတ်ပါဘူးနော်"

"လှူရေးတန်းရေးကိစ္စ နှောက်ရမလားကွ၊ မင်းရဲ့ စေတနာကို ဂုဏ်ပြုတဲ့အနေနဲ့ ငါးကြင်းသားနဲ့ ဆွမ်းကပ်နိုင်အောင် ပေးလိုက်တာ"

"ရွှေ…နိပ်ပဟ"ဟု အော်ဟစ်ပြီး သဲသောင်ခုံပေါ်တွင် မဟာဒုက် ထခုန်လိုက်မိသည်။ မလှူဖူးသည့်အလှူ မရနိုင်သည့် ငါးကြင်းသားနှင့် ဆွမ်းလှူနိုင်တော့မည်မို့ မဟာဒုက် ဝမ်းသာနေသည်။ ငါးကြင်း လေးကောင်ကို အမြီးပိုင်းမှ ဖမ်းကိုင်လျက် ကျောပေါ်ပစ်တင်ပြီး အိမ်ဆီ သို့ ကဆုန်ပေါက် ပြန်ပြေးခဲ့မိတော့သည်။

* * *

"မိန်းမရေ…ဟေ့…မိန်းမ၊ ဒီမှာ ကြည့်စမ်း"

"ဟယ်…ငါးကြင်းတွေပါလား"

"ဟုတ်တယ်ဗျာ၊ မနက်ဖြန် ဆွမ်းလှူဖို့ ကျုပ် ကြိုးစားပမ်းစား ရှာလာတာ၊ ကဲ…ဒီငါးကြင်းသားကို မင်း ဘယ်လို ချက်မလဲ၊ မဟာဒုက် မစားဘူးတဲ့ ငါးကြင်းသားကို လျှာလည်သွားအောင် ချက်လိုက်စမ်း"

မဟာဒုက်သည် ငါးကြင်းလေးကောင်ကို ပခုံးထက်ထမ်းလျက် အိမ်ထဲဝင်လိုက်သည်နှင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာပူလောင်လာသည်။ အဘယ်အကြောင်းကြောင့် ဤသို့ ဖြစ်ရသည်ကို ချင့်ချိန်သော် မဟာဒုက်ဆင်းရဲသား၏ မွန်မြတ်သော စေတနာ အလှူကို တွေ့လိုက်သည်။ ရှားရှားပါးပါး ရဟန်းတစ်ပါးသာ လှူနိုင်သည့် ဆင်းရဲသားမောင်နှံ၏အလှူကို ကြီးကျယ်ခမ်းနားအောင် ကူညီဖို့သင့်သည်ဟု တွက်လျက် လူအိုယောင် ဖန်ဆင်းလျက် မဟာဒုက်ရှိရာ အရပ်သို့ ဆင်းခဲ့သည်။

"အလှူကြီး အတန်းကြီး လုပ်သူများအတွက် အခစားနဲ့ ချက်ပေးပါ့မယ်၊ အလှူရှင်ကြောင့်ကြ ပူပန်စိတ် မများရအောင် ချက်ပြုတ်ရေး တာဝန်ယူပါတယ်ဗျာ"

သိကြားမင်းသည် မဟာဒုက်ကြားအောင် တမင် အသံပေးလိုက်သည်။ မဟာဒုက်သည် ငါးကြင်းလေးကောင် ရလာသော်လည်း သူရော၊ သူ့မယားပါ ဖွယ်ဖွယ်ရာရာဖြစ်အောင် မချက်တတ်မှန်း သိသည်။ တစ်ခါဖူးမျှ မစားဖူးသည့် ငါးကြင်းသားကို ဘယ်ပုံ စီမံရမှန်း မသိချိန်၊ ဟင်းချက်ပေးမည့်သူက ရောက်လာသည်။ သို့သော် သူတို့က တစ်ပါးစာသာ ချက်ပြုတ်လှူမည်ဖြစ်၍ ဝန်လည်းမကျယ်၊ အဖိုးအခပေးစရာလည်း မရှိ၍ နှုတ်ဆိတ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခစားနဲ့ ချက်ပေးပါ့မယ်၊ ဘာများ ချက်စရာရှိသလဲ"

"ချက်စရာတော့ ရှိပါတယ် အဘိုးရာ၊ ဒါပေမယ့် ပင့်သံဃာက တစ်ပါးတည်း"

"ဟုတ်လား၊ ဒါဆိုလည်း အဖိုးအခ မယူပါဘူးဗျာ၊ စေတနာနဲ့ ကူညီပါ့မယ်"

"ကျေးဇူးပါပဲ ခင်ဗျာ၊ ဒီမှာ ငါးကြင်းသား မချက်တတ်လို့ ရှာလည်တော့မယ့် အနေအထား ခင်ဗျ"

"ဒီအတွက် ဘာမှမပူနဲ့၊ ကျုပ် တာဝန်ယူတယ်၊ ကိုရင်လေးက ဘုန်းကြီးပင့်ဖို့သာ သွားတော့"

"ဟုတ်ကဲ့…ဟုတ်ကဲ့၊ ဒါဆိုလည်း စိတ်ချသွားပါတော့မယ်၊ မိန်းမရေ ဒီက အဘိုးကို လိုအပ်တာ ဝိုင်းကူလိုက်ပါဦး၊ ငါက သံဃာ သွားပင့်မယ်"

မဟာဒုက်သည် အိမ်ထဲတွင် တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေသည့် ဇနီးသည်ကို နှုတ်ဆက်ခဲ့ပြီး စာရေးတံမဲချရာဆီသို့ ထွက်ခဲ့တော့သည်။

* * *

"တောင်ပြင်သူဌေး ဦးဘောဂ အိမ်မှ ပင့်သံဃာငါးဆယ်"

စာရေးတံမဲ ချပေးသူ၏ အသံက ပီပြင်ပြတ်သားစွာ ပေါ်လာသည်။ သံဃာတွေပင် မဲချပေးနေပြီပဲဟု သိလိုက်၍ ခြေလှမ်းခပ်ကျဲကျဲ လှမ်းခဲ့သည်။ သံဃာငါးဆယ်ကို ပင့်ကျွေးနိုင်သည့် သူဌေးဦးဘောဂကို မုဒိတာပွားမိသည်။ သံဃာတစ်ပါးစာ ဆွမ်းကျွေးဖို့ပင် ပူပါခတ် နေရသည့်အတွက် ငါးဆယ်သမား အားကျမိသည်မှာအမှန်။ အကယ်၍ မိမိ၌သာ ငွေကြေးပြည့်စုံလျှင် ဤသို့ တစမ်းတနား လှူလိုက်ချင်ပါဘိ။

"မြောက်ပြင်သူဌေး ဦးနေအိမ်မှ ပင့်သံဃာတစ်ရာ"

စာရေးတံမဲရသူများက သံဃာတော်များကို တစ်အုပ်တစ်မကြီး ပင့်သွားကြသည်။ ဆွမ်းအလှူခံရန် ကြွသွားသော ရဟန်းတို့ကိုကြည့်ပြီး ပီတိဖြင့် လက်အုပ်ချီမိသည်။

"ဆရာကြီး ကျွန်တော် ရောက်ပြီ"

စာရေးတံမဲ ချပေးနေသူအနား ချဉ်းကပ်သွားပြီး ခြေထောက် လေးကို လက်နှင့်တို့လျက် အသိပေးလိုက်သည်။ ထိုပုဂ္ဂိုလ်ကြီးက မိမိကိုယ်ပင် ပြန်ငဲ့စောင်းမကြည့်ဘဲ သူ့အလုပ် သူဆက်လုပ်နေသည်။

"အရှေ့ပြင်သူဌေး ဦးသီရိအိမ်မှ ပင့်သံဃာတစ်ရာ"

သံဃာတော် အပါးတစ်ရာက ချောင်းကမ်းပါး ရေတိုက်စားသဖြင့် ပြိုပါသွားသည့်နယ် ပါသွားသည်။ သူဌေးကြီးတွေ အိမ်မှ ထုနှင့်ထည်နှင့် ပင့်သွား၍ သံဃာအရေအတွက်ပင် တော်တော်နည်းနေပြီ။ လေးပါး၊ ငါးပါး၊ ဆယ်ပါး စသဖြင့် ပင့်သွားသူတွေကလည်း အမြောက်အမြား။ လက်ကျန်သံဃာ နည်းနေချိန်တွင် မဟာဒုက်ရင်၌ စိုးရိမ်စိတ် ဖြစ်လာသည်။

"ဆရာကြီး၊ ကျွန်တော် ရောက်နေပြီ"

"ဟ…ဘယ်လို ဖြစ်နေတာလဲ၊ ဒီမှာ အလုပ်လုပ်နေတာ မမြင် ဘူးလား"

"စိတ်မရှိပါနဲ့ ဆရာကြီးရယ်၊ ကျွန်တော်လည်း တစ်ပါးပင့်ထား လို့ပါ"

"မောင်ရင့်တစ်ပါးက အကြောင်းမဟုတ်ပါဘူး"

"ခင်ဗျာ"

သံဃာတစ်ပါးသာ ဆက်ကပ်နိုင်၍ တစ်ပါးပင့်သည်ကို အကြောင်းမဟုတ်ပါဘူးဟု ဆိုလိုက်သဖြင့် စိတ်မသက်မသာ ဖြစ်သွားသည်။ သံဃာအပါးတစ်ရာပင့်သူက ကိုးဆယ့်ကိုးပါးရလျှင် အကြောင်းမဟုတ်။ တစ်ပါးသာ

www.burmeseclassic.com

www.burmeseclassic.com



ပင့်ထားသူက တစ်ပါးမှမရလျှင် အကြောင်း။ လှူချင်လွန်းလို့ တစ်နေ့လုံး ပင်ပင်ပန်းပန်း ရှာကြံ ချက်ပြုတ်ထားသည့် အဖြစ်ကို မြင်စေချင်စမ်းသည်။

"ဟင်"

စိုးရိမ်စိတ်ဖြင့် ကြည့်နေစဉ်မှာပင် နောက်ဆုံးအိမ်က ကျန်သမျှ သံဃာ ပင့်သွားသည်။ ပင့်စရာသံဃာ မရှိတော့။

"ဆရာကြီး၊ ကျွန်တော့်အတွက်ရော..."

"မင်းက ဘယ်သူလဲ"

"ကျွန်တော် မဟာဒုက်လေ၊ သံဃာတစ်ပါးလို့ ကိုယ်တိုင် စာရင်းပေးထားပါတယ်၊ ဆရာကြီးကိုယ်တိုင် ရေးမှတ်ထားလိုက်တာပဲ"

"ဟာ...ဟုတ်သားပဲ၊ သေလိုက်ပါတော့ကွာ၊ ငါ လုံးလုံး သတိမေ့သွားတယ် မဟာဒုက်ရာ"

စာရေးတံမဲချသည့် ဆရာကြီးက သူ့နဖူးသူ ရိုက်လျက် သေလိုက်ပါတော့ဟု ညည်းညူသည်။ သူက သေလိုက်ပါတော့ဟု ညည်းညူ ငြားလည်း တကယ် သေချင်သူက မဟာဒုက်။ စာရေးတံမဲချသည့် ဆရာကြီး၏ မျက်နှာကိုသာ ဆွဲဆုပ်ပစ်ချင်သည်။

"အခု ဘယ်လိုလုပ်မလဲ"

"စိတ်မရှိပါနဲ့ကွာ၊ ဒီတစ်ခါ မလှူလိုက်ရလည်း နောက်တစ်ကြိမ် အားခဲထားပေါ့"

"ဟာ...ဘယ်လို ပြောလိုက်တာလဲ ဆရာကြီးရာ၊ ကျုပ်ဘဝမှာ နောက်တစ်ကြိမ်ဆိုတဲ့ အခွင့်အရေးက မရနိုင်တော့ဘူးဗျ။ ဒါလေး အထမြောက်အောင် ဘယ်လောက် ရုန်းကန်ထားရတယ် ထင်လဲ၊ မယုံရင် ဆရာကြီး အိမ်လိုက်ကြည့်ဗျာ"

"ယုံပါတယ် မဟာဒုက်ရာ၊ ငါလည်း စာရင်းဖယားကိုက်အောင် ကြိုးစားလုပ်တာပဲ၊ ဒီကြားထဲက ကျန်ခဲ့တာ ငါ့အပြစ်ပဲ၊ မကျေနပ် ရင်လည်း ငါ့ကို ပြောချင်သလိုသာ ပြောတော့"

သူ့စကားက ကမ်းကုန်နေပြီ။ သူ့အတွက် သံဃာတစ်ပါး စီစဉ်ပေးဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့မှန်း သိလိုက်သည်။

မဟာဒုက်၏ ဒူးအစုံသည် ခွေညွတ်ကျသွားသည်။ စောစောပိုင်းက တက်ကြွလန်းဆန်းနေသော အားအင်များ အဘယ်ပုံ ဆုတ်ယုတ် သွားသည်မသိ။ မတ်မတ်ပင် မရပ်နိုင်အောင် ပျော့ကျသွားသည်။

မဟာဒုက် ငိုပစ်ချင်သည်။ ကလေးသာဆိုလျှင် လွတ်လွတ်လပ်လပ် အော်ငိုလိုက်ချင်သည်။ "ငါ့အတွက် သံဃာတစ်ပါးပေး... အခုပေး" ဟု ပြောလျက် ငိုချင်သည်။ ခုတော့ ငိုရမည့်အရွယ်မဟုတ်၊ ငိုလို့လည်း မတင့်တယ်၊ ဒေါသဖြစ်လို့လည်း မလျောက်ပတ်၊ ဆဲဆို ကြိမ်းမောင်းဖို့လည်း မကောင်း။ ဝေ့ဝဲနေသော မျက်ရည်တို့ကို ပုတ်ခတ် ပစ်ပြီး မချိတင်ကဲမျက်နှာဖြင့် ဆရာကြီးကို ကြည့်လိုက်သည်။

"ကျုပ်တို့လင်မယား တကယ့်စေတနာနဲ့ လှူဖို့အားခဲထားတာပါဗျာ၊ မှန်တာပြောရမှာ ကျုပ် မရှက်ပါဘူး၊ ကျုပ်တို့ လင်မယား နေ့စဉ် စားတာ ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းပါ၊ သံဃာတော်ကို လှူချင်လွန်းလို့ အလုပ်ကြမ်းလုပ်ပြီး ရှာဖွေထားတာ ဆန်ကောင်း ပျော့ပျောင်းလိုက်တဲ့ ထမင်းက သွားရည်တောင်ကျမိပါတယ်။ တကယ်ပြောတာပါ။ မယုံရင် အိမ်မှာ လိုက်ကြည့်ပါ။ တစ်ခါမှ မစားဖူးတဲ့ ငါးကြင်းသားကို အခုစားနဲ့ ချက်ပြုတ်ထားတာပါ။ လှူချင်လွန်းလို့၊ ဆွမ်းကပ်ချင်လွန်းလို့ ကြိုးစားထားသမျှဟာ သဲထဲရေသွန်ဖြစ်ရပြီ"

"စိတ်မရှိပါနဲ့ကွာ၊ အဲဒါ ငါ့အပြစ်ပါ၊ မင်း စာရင်းပေးတာ အမှန်ပဲ၊ ဘယ်လို ကျန်ခဲ့မှန်းမသိတဲ့အတွက် ငါ တောင်းပန်ပါတယ်။ အဲ...တစ်ခုတော့ရှိတယ်၊ မင်း ကံကောင်းရင် ဘုရားရှင်တော့ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဘုရားရှင်ကို ပင့်ချင်လွန်းလို့ ဂန္ဓကုဋီတိုက်ဝက စောင့်နေကြ တယ်၊ မင်းလည်း အဲဒီထဲဝင်တိုးပြီး ပင့်ကြည့်ပေါ့"

"ဗျာ…ဒါ အဟုတ်လား၊ သံဃာတစ်ပါးပဲ ပင့်ထားတဲ့ ကျူပ်အတွက် ကောင်းဖြစ်ရမယ်"

"ကဲ…ကဲ၊ သွားစောင့်…သွားစောင့်"

စာရေးတံမဲချသည့် ဆရာကြီးက နားအေးပြီးရော သဘောဖြင့် ဝေးရာကို ထွက်သွားပေမယ့် မဟာဒုက်ကမူ တက်ကြွသည့် ခြေလှမ်း အစုံဖြင့် ဘုရားရှင် သီတင်းသုံးရာ ဂန္ဓကုဋီတိုက်ဆီ လှမ်းခဲ့ပေသည်။

* * *

ဘုရားရှင်သည် နံနက်အရုဏ်ဦးအစတွင် လောကအလုံးကို ကြည့်ရှုဆင်ခြင်သော် မဟာဒုက်တို့ ဇနီးမောင်နှံ သံဃာတစ်ပါး ဆွမ်းကပ်ရန် ကြိုးပမ်းနေသည်ကို မြင်သည်။ သို့သော် ပင့်သံဃာစာရင်းတွင် ရေးသွင်း မထား၍ သဒ္ဓါဆွမ်းအလှူပျက်ရမည့်အရေး ကြုံနေသည်။ ထိုအကြောင်းလင်မယား နှစ်ယောက်ကို ချီးမြှောက်ရန်အတွက် ဂန္ဓကုဋီတိုက်အတွင်း သီတင်းသုံးနေသည်။

မဟာဒုက်သည် အုံနှင့်ကျင်းနှင့် စောင့်ဆိုင်းနေသူများကိုကြည့်ပြီး ရှိန်သွားသည်။ ဗာရာဏသီပြည့်ရှင်မင်းက ထိပ်ရုံးတံခါးဝမှ စောင့်နေသည်။ ထို့နောက် မင်းညီမင်းသားများ၊ ဝန်ကြီးများ၊ သူဌေးသူကြွယ်များက ဘုရားရှင်ကြွအလာကို ငံ့လင့်နေကြသည်။

အဝတ်အစားတွေ ပြောင်ပြောင်လက်လက်ကြားတွင် စုတ်ပြဲညစ်ပတ်နေသည့် အဝတ်ကို ဝတ်ထားသော မဟာဒုက်မှာ လွန်စွာ သိမ်ငယ်လှသည်။ ဂုဏ်ထည်သူများက စူးစမ်းသော မျက်လုံးများဖြင့် သူ့ကို ဝိုင်းကြည့်သည်။ "မင်းပွဲ စိုးပွဲထဲ သင်လို ဆင်းရဲသားက ဘာလာလုပ်တာလဲ"ဟူသော အကြည့်မှန်း သိလိုက်သည်။ သိပင် သိငြားသော်လည်း မသိဟန်ဆောင်လျက် ဘုရားရှင် ကြွလာမည့်လမ်းဆီ မျှော်ကြည့်လိုက်သည်။

"ဘုန်းတော်ကြီးသော မြတ်ဘုရား၊ တပည့်တော် မဟာဒုက် တစ်သက်မှာ တစ်ခါသာ လှူခွင့်ရတဲ့ ဆွမ်းအလှူကို ခံယူတော်မူပါ ဘုရား"

မဟာဒုက်သည် ဘုရားရှင်ကို အာရုံပြုလျက် စိတ်ထဲမှ လျှောက်ထားလိုက်သည်။ ထိုခဏမှာပင် ဂန္ဓကုဋီတံခါးပွင့်လာသည်။ ဘုရား ရှင်သည် တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေဖြင့် ဆင်းကြွလာသည်။ ဘုရားရှင်၏ လက်တော်မှ ကမ်းလာမည့် သပိတ်ကို လှမ်းယူရန် လက်အစုံအစုံက ထုတ်ထားကြသည်။ မဟာဒုက်သည်လည်း လက်ကိုထုတ်လျက် မျက်လုံးမှိတ်ကာ ဘုရားရှင်ကိုသာ ပင့်ဖိတ်နေမိသည်။

"ဟာ"

သူ့လက်ပေါ် တင်လိုက်သည့် သပိတ်ကို မြင်လိုက်သည်နှင့် အားလုံး၏ အံ့အားတသင့် ရေရွတ်သံတွေထွက်ပေါ်လာသည်။ မဟာဒုက်နှုတ်ကပင်လျှင် ယောင်ထွက်သွားသည်။ သို့သော် သူ တုံ့နှေးမနေတော့ သပိတ်ကိုထမ်းလျက် ဝမ်းမြောက်ဝမ်းသာ ကခုန်ပစ်လိုက်မိတော့သည်။

* * *

"အမောင် မဟာဒုက်၊ သင်ဟာ ဘုရားရှင်ရဲ့ မြသပိတ်ကို ခံယူ ခွင့်ရပြီ၊ ဒါပေမယ့် သင့်အနေနဲ့ ဘုရားရှင်ကို ပူဇော်ရာမှာ မပြည့်မစုံ ဖြစ်ပေလိမ့်မယ်၊ ဒီမြသပိတ်အား ငါ့ကို ရောင်းပါလော့"

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် ဘုရားရှင်၏ မြသပိတ်ကို အာဏာနှင့်ယူ၍လည်း မလျော်။ အတင်းအကျပ် ပင့်ဖိတ်၍လည်း မသင့်။ ထို့ကြောင့် မဟာဒုက် အနားကပ်လျက် တီးတိုးစကားဖြင့် တောင်းဆိုသည်။ မဟာဒုက် ပြုံးလိုက်သည်။

"သည်းခံပါ မင်းကြီး၊ အမှန်တော့ ဒီသပိတ်ကို ရသင့်သူဟာ အရှင်မင်းကြီးပါ၊ ဒါပေမယ့် ဘုရားရှင်ကိုယ်တိုင်က ကျွန်တော်မျိုးကို ချီးမြှောက်လေတော့ ကျွန်တော်မျိုးပဲ ပူဇော်ပါ့မယ်"

"သင့်အတွက် ထိုက်တန်တဲ့ ဆုလာဘ်ပေးပါ့မယ်"

"ဒီသပိတ်လောက် ထိုက်တန်တာ ဘာမှမရှိပါဘူး မင်းကြီး"

မင်းကြီးသည် အမျိုးမျိုးသော လာဘ်သပ္ပကာယပေးလျက် မဟာဒုက်ကို ဆွယ်သော်လည်း မဟာဒုက်က ခေါင်းခါသည်။ သူဌေးသူကြွယ်များကလည်း မက်လောက်သော စည်းစိမ်ကိုပေး၍ သပိတ်ကိုဝယ်ပြန်သည်။ ထိုသို့ ဝိုင်းအုံလုလေလေ မဟာဒုက်အနေနှင့် ဝမ်းသာ စိတ် ပိုလေလေ"

"ဒီဇမ္ဗူတစ်လွှား ပြိုင်စံရှားတဲ့ ကံထူးရှင်…။ လောကသရဖူရှင် မြတ်ဘုရားက မြှောက်စားခဲ့တဲ့ ကျုပ်ကံထူးရှင်…။ အလှူရှင် ဇမ္ဗူတစ်ခွင် မဟာဒုက်တဲ့ဟေ့ ကံထူးရှင်"

မဟာဒုက်သည် ဝမ်းသာစိတ်ဖြင့် မြသပိတ်ကိုထမ်းလျက် သီချင်း အော်ဆိုပြီး ကပစ်လိုက်သည်။ မဟာဒုက်ကိုကြည့်ပြီး သူဌေးသူကြွယ် များပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။

မင်းကြီးနှင့်တကွ သူဌေးသူကြွယ်များသည် မဟာဒုက်အိမ်အထိ လိုက်ပါလာကြသည်။ ဘုရားရှင်သည် သူဆင်းရဲသား မဟာဒုက် အခြေအနေမြင်လျှင် စိတ်လည်းပျက်၊ သပိတ်လွှဲလေမလားဟု တွေးကြ ပုံရသည်။ သို့သော် ဘုရားရှင်ကမူ မဟာဒုက် ဇနီးမောင်နှံ ကပ်လှူသော ဆွမ်းကိုခံယူပြီး ဆွမ်းအတွက် အနုမောဒနာတရား ချီးမြှင့်သည်။

ဆွမ်းအလှူခံပြီး ပြန်ကြွသော ဘုရားရှင်အား အိမ်ပေါက်ဝထိ လိုက်ပါပို့ဆောင်ပြီး မဟာဒုက်သည် ပြုသမျှ ကုသိုလ်အတွက် အမျှပေးဝေလိုက်သည်။ ထိုထူးကဲသည့် သဒ္ဓါဆွမ်းအတွက် အဘိုးအိုယောင် ဆောင်ထားသော သိကြားမင်းက သာဓုခေါ်လိုက်သည်။ အမျှဝေသံ မဆုံးမီမှာပင် ကောင်းကင်ထက်မှ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းချလိုက်ရာ မဟာဒုက်၏ အိမ်တစ်ခုလုံး ရွှေရောင်ဖြင့် ဖုံးသွားတော့သည်။

ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်၊ ဆင်းရဲသမျှ၊ တာတေလဲ ကမ်းကုန်အောင် ဆင်းရဲနွံချာသော မဟာဒုက်တို့ ဇနီးမောင်နှံသည် သဒ္ဓါဆွမ်းတစ်နပ် ကပ်လှူလိုက်သဖြင့် နေ့ချင်းပင် သူဌေးကြီး ဖြစ်သွားရလေသည်။

ကျမ်းကိုး။ ။ဓမ္မပဒ၊ ပဏ္ဍိတဝဂ်၊ ပဏ္ဍိတသာမဏေဝတ္ထု။

❖ ❖ ❖

www.burmeseclassic.com

## ဒိဋ္ဌဓမ္မ အကျိုးရသည့်အလှူ

''ဟော…ပုရောဟိတ်ကြီးပါလား၊ နန်းတော်ထဲ ကြွမလို့ထင်ပ''

''ဟုတ်ပဗျာ၊ သူဌေးကြီးက ညီလာခံကို သွားမှာထင်တယ်''

''ဟုတ်ကဲ့၊ ဩော်…ဒါနဲ့ မေးနေကျစကား မေးပါဦးမယ်။ နက္ခတ်အသွားအလာ ကောင်းပါရဲ့လား''

သူဌေးကြီး မေးလိုက်သည်နှင့် ပုရောဟိတ်ကြီး မျက်နှာညှိုးရော် သွားသည်ကို ဖျတ်ခနဲ တွေ့လိုက်သည်။ အကြောင်းထူး တစ်စုံတစ်ရာ ရှိလိမ့်မည်ဟု တွက်လိုက်သည်။ စကားတုံ့နှေးနေသည့် ပုရောဟိတ် ကြီးကို ''မိန့်ပါဦး''ဟု တိုက်တွန်းလိုက်မိသည်။

''အင်း…သူဌေးကြီးမို့ ပြောရဦးမယ်၊ နက္ခတ် အသွားအလာက မကောင်းဘူးဗျာ၊ ကပ်ဘေးကြီး ဆိုက်လိမ့်မယ်''

''ကပ်ဘေး၊ ဘယ်လို ကပ်ဘေးလဲ''

''ဒုဗ္ဘိက္ခန္တရကပ်ဘေးပဲ သူဌေး၊ လူတွေ ငတ်မွတ်သေကြမယ်''

''ဘုရား…ဘုရား၊ ငတ်မွတ်ဘေးကြီး ဟုတ်လား၊ စိတ်မချမ်းသာ လိုက်တာ၊ အဲဒီဘေးက ဘယ်နေ့ ဘယ်ရက်လောက် ကျမယ်လို့ မြင်လည်း ပုရောဟိတ်''

''အင်း…အခုချက်ချင်းတော့ မဟုတ်သေးပါဘူး၊ နောက်သုံးနှစ် လွန်တဲ့အခါကျမှ ကျရောက်မှာပါ''

''ဩော်…ဩော်''

ဘေးဒုက္ခကြုံရမည်ဆိုသော်လည်း ချက်ချင်းလက်ငင်း မဟုတ်ဘဲ နောင်သုံးနှစ်မှဆို၍ စိတ်သက်သာရာ အနည်းငယ်တော့ ရသွားသည်။ ဘာပဲဖြစ်ဖြစ် ပြင်ဆင်ချိန်ရသေး၍ လာမည့်ဘေးကို ပြေးတွေ့ရန် စိုင်းပြင်းရတော့သည်။ သူဌေးကြီးသည် အိမ်ရောက်သည်နှင့် အိမ်ရှိ လူကုန်ခေါ်ပြီး ရလာသည့် သတင်းစကား ပြောလိုက်သည်။

''အထိတ်တလန့်လည်း မဖြစ်ကြနဲ့၊ ကပ်ဘေးဆိုတာကတော့ ရှောင်လို့လွှဲလို့ ရခဲတယ်၊ ဒါပေမယ့် ဘေးဆိုးကြီးကို ရင်ဆိုင်ဖို့ အချိန် ရတာပဲ ကျေးဇူးတင်ရဦးမယ်''

''ဘယ်လို ပြင်ဆင်ရမှာလဲ သူဌေး''

''အငတ်ဘေးကြုံရမှာဆိုတော့ သီးနှံတွေ ပျက်စီးမှာ၊ မိုးလေဝသ ဆွံ့ပါးမှာ၊ ဒီတော့ မိုးရွာတုန်းရေခံ၊ ရေရှိရင် ထွန်ယက်၊ စပါး၊ ပြောင်း၊ နှမ်း၊ မြေပဲတွေ စိုက်ပျိုးသိုလှောင်ရမယ်၊ ဒီအတွက် အားလုံးက အင်တိုက်အားတိုက် ကြိုးစားကြရမယ်၊ ငါက ပစ္စည်းတွေ သိုလှောင်ဖို့ တိုက်တာ၊ ကျီကျတွေ ဆောက်ပေးမယ်၊ ရသမျှ သီးနှံတွေ သိုလှောင်ပြီး ဘေးဆိုးကို ခုခံကြမယ်''

www.burmeseclassic.com

www.burmeseclassic.com


ဗာရာဏသီသူဌေးသည် အိမ်စေကျွန်အားလုံးကိုခေါ်လျက် ဩဝါဒ ပေးပြီး လုပ်ငန်းခွဲဝေလိုက်သည်။ ကိုယ်တိုင်ကြီးကြပ်ပြီး စပါးကျီထောင့် နှစ်ရှောင်းဆယ် ဆောက်လုပ်လျက် စပါးသိုလှောင်သည်။ ကျီများ ပြည့်လျှံသည့်အခါ ရာဝင်အိုးကြီးများတွင် ထည့်သိုပြန်သည်။ ထို့နောက် တစ်ဖန် ပိုလျှံသော စပါးတို့ကို မြေတွင်မြှုပ်နှံ သိုမှီးသည်။ ထို့ထက် ပိုလျှံသော စပါးများကို မြေနံရံတွင် လိမ်းကျံထားလိုက်သည်။

သူဌေးကြီးက စိုးရိမ်စိတ်ဖြင့် ပြင်ဆင်နေသည်ကိုကြည့်ပြီး အချို့ က လှောင်ပြုံးလေး ပြုံးသည်။ "အလကားပါကွာ၊ မိုးပြိုမှာ ကြောက်လို့ ခြေထောက် မိုးထောင်အိပ်တဲ့ တီတီတွတ်ငှက်လို ဖြစ်နေတာပါ။ ဘယ်တော့ ဘယ်ခါရောက်လာမယ့် ဘေးမှန်းမသိဘဲ ထိတ်လန့်နေတာပါ"ဟု အပြစ်တင်လေသံဖြင့် ပြောကြသည်။ အချို့ကလည်း သူဌေးကြီးနှယ် သိုမှီးကြ သိမ်းဆည်းကြနှင့် လာမည့်ဘေးကို ဆီးကြိုနေကြသည်။

* * *

သုံးနှစ်လွန်မြောက်သော် မိုးလေဝသ ခေါင်းပါးသဖြင့် သီးနှံတွေ ဆုံ့ရှားပြီး ငတ်မွတ်ဘေး ကြုံရသည်။ သူဌေးကြီးကို ကြောက်အား ပိုသဖြင့် မိုးပြိုမည်စိုး၍ ခြေထောက်မိုးထောင်အိပ်သည့် တီတီတွတ် ငှက်ဟု လှောင်ပြောင်သူများ ဦးစွာ ဘေးဆိုးကြုံရသည်။ ကြိုတင် ပြင်ဆင်မှု မရှိသူတွေ ဒုက္ခရောက်ကြပြီ။

သူဌေးကြီးနှင့် သူ့လူများကမူ ကျီရှိစပါး ထုတ်ယူစား၍ အခက်အခဲ မရှိ။ ကျီစပါး ကုန်သည့်အခါ ရာဝင်အိုးနှင့်ထားသည့် စပါးကို ထုတ်ယူစားကြပြန်သည်။ ထိုစပါးကုန်သော် ကျေးကျွန်များကိုခေါ်သည်။

"အမောင်တို့ ဒီအရပ်မှာ စုပြုံနေရင် အားလုံး သေရုံပဲရှိမယ်၊ ဒီတော့ တောင်ခြေသို့ သွားကြပါ၊ ဒီအရပ်မှာ ပြန်လည် ပြည့်စုံမှ လာကြလော့"

"အရှင်…သူဌေး၊ ကျွန်တော်တို့ မသွားပါရစေနဲ့၊ အကယ်လို့ ကျွန်တော်တို့ သွားရမယ်ဆိုလည်း သူဌေးမင်းတို့ မိသားစုပါ လိုက်ခဲ့ ကြပါ၊ အလုပ်အကျွေး ပြုပါ့မယ်"

"အမောင်တို့ စေတနာကို လေးစားပါတယ်၊ ဒါပေမယ့် ငါတို့ မလိုက်နိုင်"

ကျေးကျွန်များသည် မတတ်သာ၍ ခွဲခွာရသော်လည်း မခွဲချင်ကြ။ အခြေအနေအရ မတတ်သာသဖြင့် ငိုယိုပြီး ထွက်ခွာသွားကြသည်။ ကျေးကျွန် အမြောက်အမြားအနက် ပုဏ္ဏာတစ်ယောက်သာလျှင် ကျန်ရစ် သည်။ သူဌေးကြီး၊ သူဌေးကတော်၊ သူဌေးသား၊ သူဌေး၏ ချွေးမနှင့် ကျွန်ပုဏ္ဏ ထိုငါးယောက်သာလျှင် မရှိအတူ၊ ရှိအတူ၊ အေးအတူ ပူအမျှ နေထိုင်ရန် ဆုံးဖြတ်ကြသည်။

သူဌေးကြီး မိသားစုသည် အိုးရှိစပါးများ ကုန်သောအခါ နံရံတွင် ကပ်ထားသည့် စပါးများခွာလျက် ရေဆွတ်ပြီး ချက်ပြုတ်စားကြပြန် သည်။

"သူဌေးကတော်၊ ကျုပ်တို့ရဲ့ အခြေအနေ ဘယ်လိုရှိလဲ"

"အင်း…သူဌေးမင်း သိတဲ့အတိုင်းပဲ၊ ကျီစပါးလည်း ကုန်ပြီ၊ အိုးနဲ့လှောင်ထားတဲ့ စပါးလည်းကုန်ပြီ၊ နံရံကပ်ထားတဲ့ စပါးလည်း ကုန်ပြီ၊ နံရံအခြေရှိ မြေကိုတူးလို့ စပါးတစ်စလယ်တော့ ရထားတယ်၊ ဒါကုန်ရင် နောက်ထပ် ရစရာ အကြောင်းမရှိတော့ဘူး"

"အေး…ကုသိုလ်ကံပေါ့ကွာ၊ တို့များ ကြိုတင်ပြင်ဆင်ခဲ့လို့ ဒီလောက် အခြေအနေကြာခဲ့တာ၊ ပေါ့တီး ပေါ့ဆနေသူတွေ သေကြတာ မင်း အမြင်ပဲ"

"ဟုတ်ပါတယ်၊ ဒီဘေးက ဘယ်တော့များမှ လွတ်ပါ့မလဲ မသိ ပါဘူး"

"သေရင်တော့ ဘေးလွတ်ပြီပေါ့"

"အို…မဦးမချွတ်တော်"

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးစကားကြောင့် သူဌေးကတော်၏မျက်နှာ ပျက်သွားသည်။ သေရမည်မှန်းသိလျက် သေစကား ပြောသည်ကို လက်မခံနိုင်။

"ကဲ…ကြောက်မနေပါနဲ့ကွာ၊ နေ့လား၊ ညလား ကြုံရမယ့် ကာလ ရောက်ပါပြီ။ ကိုင်း…လက်ကျန်ဆန်ကို ချက်ပြုတ်ဖို့ ကြိုးစား"

"ဘယ်လို ချက်မလဲ၊ ဆန်တစ်စလယ်ကို ယာဂုကျိုသောက်၊ နှစ်ရက်တော့ သောက်နိုင်တယ်၊ ထမင်း ချက်စားရင်တော့ တစ်ရက်နဲ့ ပြီးပြီ၊ ကြိုက်ရာရွေးတော့"

"ရှင်မ၊ သေရမယ့်ရက်တစ်ရက် နောက်ကျရုံနဲ့ မထူးပါဘူး၊ ဒီတော့ ထမင်းစားပြီး သေတာက မြတ်သေးတယ်၊ ထမင်းသာ ချက်တော့"

သူဌေးမင်း၏ ဆုံးဖြတ်ချက်အတိုင်း ထမင်းချက်ပြုတ်ပြီး မိသားစု ငါးဦးကို အညီအမျှ ခွဲဝေလျက် အရသာရှိရှိစားရင်း သေနေ့ကို စားရင်းစောင့်တော့အံ့ဟု ဆုံးဖြတ်လိုက်သည်။

* * *

"ဟယ်"

ထမင်းစားအံ့ဟု ပြင်နေချိန်တွင် ဆွမ်းရပ်ခံနေသော ပစ္စေကဗုဒ္ဓါ တစ်ပါး အိမ်ရှေ့တံခါးဝ၌ ရပ်နေသည်ကို မြင်လိုက်သည်။ ဗာရာဏသီသူဌေးသည် လက်ထဲကိုင်ထားသည့် ထမင်းပန်းကန်ကို ငုံကြည့်လိုက်သည်။ ရက်ပေါင်းများစွာ ခြိုးခြံစားခဲ့ရသဖြင့် ရောင့်ရဲခြင်းမရှိခဲ့။ အမြဲတစေ ဆာလောင်မွတ်သိပ်နေသည်။ အလျှံပယ် ပေါများစဉ်က တောင့်တောင့်တတမရှိသည့် ထမင်းက ခုတော့ မြူဆွယ်နေပြီ။ နောက်ဆုံးစားရမည့် ထမင်း။ သည်ထမင်းကို အရှင်မြတ်က ရပ်ခံလာသည်။ ဗာရာဏသီသူဌေးသည် ထမင်းပန်းကန်မှ မျက်လုံးကိုခွာလျက် အရှင်မြတ်ဆီ ကြည့်လိုက်သည်။

အရှင်မြတ်သည် နိရောဓသမာပတ်မှ ထလာဟန်တူသည်။ သို့ဆိုလျှင် ဆာလောင်မွတ်သိပ်နေမည်မှာ အမှန်ပင်။ သမာပတ်ဝင်စားနေစဉ် သမာပတ်အစွမ်းကြောင့် မွတ်သိပ်မှုက မနှိပ်စက်နိုင်သော်လည်း သမာပတ်မှထသော် ဆာလောင်မည် အမှန်ပင်။ စွမ်းအားကြီးသော မွတ်သိပ်မှုကြောင့် ဝမ်းရေပြင်က လောင်ကျွမ်းသကဲ့သို့ ဖြစ်ခဲ့သည်။ သို့ဖြစ်၍ အာဟာရအလို့ငှာ ဆွမ်းရပ်ခံလာသော အရှင်မြတ်ကို ကြည့် လိုက်သည်။

"အင်း…အရှင်မြတ်အဖို့ ဆွမ်းအာဟာရ လိုအပ်တာ အမှန်ပဲ၊ ခုအချိန်မှာ ဆွမ်းရဖို့က ခက်ခဲနေပြီ၊ ဇမ္ဗူဒိပ်တစ်ဝန်းလုံး ငတ်မွတ်ဘေးကြီး ကြုံနေတော့ ဘယ်သူက လောင်းလှူနိုင်မှာလဲ၊ ငါကလွဲပြီး ဆွမ်းလောင်းနိုင်သူ မရှိနိုင်ဘူး၊ ဒီတော့…"

ဗာရာဏသီသူဌေးသည် စားမည့်ဟန် ပြင်ထားသော ထမင်းပန်းကန်ကို ကိုင်လျက် ထရပ်လိုက်သည်။ "ငါဟာ ရှေးက အလှူဒါနမရှိလို့ အခုလို ငတ်မွတ်ဘေးကြုံရတာ၊ တကယ်တော့ ဒီထမင်းတစ်နပ်ဟာ ငါ့အသက်တစ်ရက်သာ ရှည်ကြာအောင် ထိန်းနိုင်မယ်။ အရှင်မြတ်ကို ဒီအာဟာရဆွမ်း လှူလိုက်ရင် များစွာ အကျိုးရှိပေမယ်"ဟု တွေးလျက် အရှင်မြတ်ထံ လျှောက်သွားသည်။

"အရှင်မြတ်ဘုရား၊ တစ်နပ်စာဆွမ်းနှင့် လုပ်ကျွေးပါရစေ၊ တပည့် တော်ရဲ့ အိမ်ဂေဟာသို့ ကြွပါ"

ဗာရာဏသီသူဌေးသည် တရိုတသေ ပင့်ဖိတ်သည်။ အရှင်မြတ်၏ ခြေတို့ကို ဆေးကြောသုတ်သင်ပေးပြီး လျှောက်ပတ်သော နေရာပြင်ဆင်ပေးသည်။ ထို့နောက် ထမင်းခွက်ကိုယူလျက် အရှင်မြတ်၏ သပိတ်၌ လောင်းလှူ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''အရှင်မြတ်ဘုရား၊ ယခုပြုမိတဲ့ ကောင်းမှုကြောင့် ဖြစ်ရာဘဝတိုင်းမှာ ဤလို အငတ်ဘေးနဲ့ ကင်းဝေးရပါလို၏ဘုရား၊ ခုအချိန်မှ စပြီး ဇမ္ဗူတစ်ဝန်းလုံးမှာ နေသူတို့ကို မျိုးစပါးပေးနိုင်သူ ဖြစ်ရပါလို၏ ဘုရား၊ မိမိလက်နဲ့ လုပ်ကိုင်အသက်မမွေးရဘဲ ထောင့်နှစ်ရာငါးဆယ်သော စပါးကျီတံခါး၌ထိုင်လျက် အထက်သို့ကြည့်သည့် ခဏတွင် သလေး မိုးရွာလျက် ကျီအားလုံး ပြည့်ရပါလို၏ ဘုရား၊ ဖြစ်ရာ ဘဝတိုင်းမှာလည်း ဒီမယား၊ ဒီသား၊ ဒီကျွန်နဲ့အတူ ဖြစ်ရပါလို၏ ဘုရား''

သူဌေးကြီးသည် လောလောဆယ် ကြုံနေသည့်ဘေးမှ လွတ် မြောက်ရန်၊ တောင့်တသမျှ ပြည့်စုံရန် ရည်သန် ဆုတောင်းလိုက် လေသည်။

* * *

သူဌေးကြီး၏ လှူပ်ရှားမှု အဖုံဖုံကို အငေးသား စောင့်ကြည့်နေသော ဇနီးသည်လည်း ပုတ်ခတ်အန္တီးခံရသူနှယ် သတိရသွားသည်။ ''ငါ၏ခင်ပွန်းသည်က ထမင်းကို စွန့်နိုင်လျှင် ငါလည်း စွန့်နိုင်ရမည်''ဟု တွေးပြီး အရှင်မြတ်၏သပိတ်ထဲ ဆွမ်းလောင်းလှူလိုက်သည်။

''အရှင်မြတ်ဘုရား၊ သံသရာတွင် ဖြစ်လာမည့် ဘဝတိုင်း ဤသို့ သော ငတ်မွတ်ဘေးမျိုး မကြုံပါရစေနဲ့ ဘုရား၊ ယခုပြုသော ကောင်းမှုကြောင့် ထမင်းအိုးကို ရှေ့ချပြီး ဇမ္ဗူတစ်ဝန်းလုံးနေသူတို့ကို ပေးဝေသော်လည်း ပြည့်မြဲတိုင်း ပြည့်ပါရစေ၊ ဒီလင်၊ ဒီသား၊ ဒီချွေးမ၊ ဒီ ကျွန်တို့နဲ့ အတူတကွနေရတဲ့ကိုယ် ဖြစ်ပါရစေ ဘုရား''

မိခင်၏ အပြုအမူ တွေ့ရသော် သားဖြစ်သူကလည်း လှူဒါန်းချင်စိတ်ဖြစ်လာသည်။ အရှင်ပစ္စေက ဗုဒ္ဓါ၏ သပိတ်ထဲ လောင်းလှူလိုက်ပြီး လိုလားမှုကို တောင်းဆုယူသည်။

''အရှင်မြတ်ဘုရား၊ အခုလို အငတ်ဘေးမျိုး ဘယ်သောအခါမှ မကြုံပါရစေနဲ့၊ တပည့်တော်ဟာ အသပြာတစ်ထောင်ရှိတဲ့အိတ်ကို ဇမ္ဗူတစ်ဝန်းရှိ လူတို့ကို ပေးလှူသော်လည်း ပေးမကုန်ဘဲ ပြည့်မြဲတိုင်း ပြည့်ပါရစေ၊ ဒီအမိ၊ ဒီအဘတို့ရဲ့ သားသမီးသာ ဖြစ်ရပြီး ဒီမယား၊ ဒီကျွန်တို့နှင့် အတူတကွ နေပါရစေ ဘုရား''

ခင်ပွန်းဖြစ်သူက သူ့ကိုယ်တာကို မစားဘဲ ပေးလှူသည်ကို မြင်ရတော့ သူဌေး၏ချွေးမကလည်း ဆွမ်းကို လောင်းလှူသည်။

''အရှင်ဘုရား၊ ဒီလို ငတ်မွတ်ဘေးကို ဘယ်တော့မှ မကြုံပါရ စေနဲ့၊ ယနေ့ပြုရတဲ့ ကောင်းမှုကုသိုလ်ကြောင့် မျိုးစပါးတောင်းရှေ့မှာ ချထားပြီး ဇမ္ဗူတစ်ဝန်းလုံးရှိတဲ့လူတွေကို မျိုးထမင်းပေးငြားလည်း ပေးမကုန်၊ လှူမခန်း ဖြစ်ရပါလို၏။ ဖြစ်လေရာ ဘဝတိုင်းမှာ ဒီလင် ဒီသား၊ ဒီယောက္ခမ၊ ဒီကျွန်တို့နှင့် အတူတူ ဖြစ်ရပါလို၏ ဘုရား''

အရှင်သခင်အားလုံးက အသက်စွန့်၍ ပေးလှူနေသည်ကိုမြင်သော် ကျွန်ဖြစ်သူ ပုဏ္ဏကလည်း ထမင်းစားဖို့ မကြံရှယ်တော့။ ငါ့အရှင်သခင်တွေက အသေခံနိုင်ရင် ငါက ဘာကြောင့် အသေမခံနိုင်ရမှာလဲဟု တွေးပြီး ထမင်းကို လောင်းလှူလိုက်သည်။

''အရှင်မြတ်ဘုရား၊ သံသရာမှာ ကျင်လည်ရမည့်ဘဝတိုင်းတွင် ဒီလို အငတ်ဘေးမျိုး မကြုံပါရစေနဲ့၊ တပည့်တော်ဟာ လယ်ထွန်သည်ရှိသော် လက်ျာဘက်၌သုံးခု၊ လက်ဝဲဘက်၌သုံးခု၊ အလယ်တစ်ခု ဤသို့သော ထွန်ရေး ခုနစ်ခု ဖြစ်ရပါစေ ဘုရား၊ ဖြစ်ရာဘဝတိုင်းမှာ ဤသခင်မျိုးနှင့်သာ ရာသက်ပန် ကြုံတွေ့ပါရစေ ဘုရား''

အရှင်မြတ်သည် အလုံးစုံသောဆွမ်းကို ခံယူပြီးနောက် ''ဣစ္ဆိတံ ပတ္တိတံ တုယှံ၊ ခိပ္ပ မေဝ သမိဇ္ဈတု''ဟု ဆုပေးလိုက်သည်။ ထို့နောက် အလှူရှင်များ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန် ရည်သန်လျက် ဂန္ဓမာဒန တောင်သို့ ကောင်းကင်ခရီးကပြန်ကြွသည်။ ဂန္ဓမာဒနတောင်သို့ ရောက်သည်အထိ ငါ့ကို မြင်စေသတည်းဟုလည်း အဓိဋ္ဌာန်လိုက်

www.burmeseclassic.com



သည်။ သူဌေးကြီးနှင့်တကွ အားလုံးသော မိသားစုသည် အရှင်မြတ်ကို အထင်အရှား ဖူးမြင်ရသဖြင့် လွန်စွာ ပီတိဖြစ်ရသည်။

အရှင်မြတ်သည် ရလာသောဆွမ်းကို ဂန္ဓမာဒနတောင်ရှိ ပစ္စေကဗုဒ္ဓါငါးရာအား လောင်းလှူသော်လည်း မကုန်အောင် ဖြစ်ရလေတော့သည်။

* * *

ဇာရာဏာသီသူဌေး မိသားစုသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ဆွမ်းလှူဒါန်းရသည့်အတွက် ကြီးစွာသော ပီတိဖြစ်လျက် ရှိကြသည်။ သို့သော် မွန်းတိမ်းချိန်ရောက်သော် သူဌေးကြီးသည် လွန်စွာ မွတ်သိပ်မှု ဖြစ်လာသည်။ ကြိုးစား ဖြေသိမ့်သော်လည်း တန့်တည်နေနိုင်စွမ်း မရှိတော့''

''ရှင်မ၊ ထမင်းအိုးမှာ ကပ်ကျန်နေတာများ ရှိမလား၊ ရှိရင် ငါ့ကို ပေးပါလား၊ ဆာလွန်းလို့ ဟန်ဆောင်ပြီး မနေနိုင်တော့ဘူး''

မရှိပါဘူး သူဌေးရယ်ဟု မပြောရက်သဖြင့် စောစောကပင် ဆေးကြောမှောက်ထားသည့် ထမင်းအိုးကို ယူပြမည်ဟု အကြံဖြင့် သူဌေးကတော်က အိုးကို ဖွင့်လိုက်သည်။

''ဟယ်...အံ့ဩစရာပဲ''

''ဘာဖြစ်လို့လဲ သူဌေးကတော်''

''ဟောဒီ ထမင်းအိုးထဲမှာ ဘယ်လိုနည်းနဲ့မှ ထမင်းမရှိနိုင်တဲ့ ကိစ္စ၊ ကျုပ် စောစောကပဲ ဆေးကြောသုတ်သင်ပြီးထား တဲ့ အိုးမှာ ထမင်းတွေ ပြည့်နေပြီ''

''ဟော...ပြစမ်း၊ ပြစမ်း၊ ဟာ...မြလေးငုံ အဆင်းရှိတဲ့ ထမင်းပဲ၊ ဒါဟာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ပေးလှူခဲ့တဲ့ ဆွမ်းတစ်နပ်ရဲ့ အကျိုးကျေးဇူးပဲ၊ ကဲကဲ၊ ထမင်းခူးပေးစမ်းဗျာ''

သူဌေးကတော်သည် သူဌေးကြီးရော၊ သားနှင့်ချွေးမပါ ခူးခပ် ကျွေးသည်။ ထို့နောက် ကျွန်ပုဏ္ဏကိုလည်း ဝလင်အောင် စားစေသည်။ ထမင်းအိုးမှ ထမင်းကို ခူးလိုက်သည်နှင့် ခူးလိုက်သည့်နေရာတွင် ထမင်းတို့က ပကတိ ရှိမြဲအတိုင်း ရှိနေသည်။ အားလုံး ဝလင်အောင်စားပြီးသည်နှင့် ဗမ္ဗူတစ်ဝန်းလုံးရှိ လူတို့ကို ဖိတ်ခေါ်လျက် ကျွေးမွေး လည်း မကုန်နိုင်အောင် ရှိချေသည်။ ထိုစဉ်အခိုက်မှာပင် သူဌေးကြီး၏ စပါးကျီများ၌လည်း စပါးတို့က ပြည့်နေသည်။ မျိုးစပါးများ အလိုရှိက လာယူကြဟု ကြွေးကြော်ပြီး ပေးလှူသည်။ ဤသို့ဖြင့် ငတ်မွတ် ခေါင်းပါးမှု ဘေးဆိုးကြီးမှ လွန်မြောက်ခဲ့သည်။

ဇာရာဏာသီသူဌေးမိသားစုသည် ဆွမ်းတစ်နပ်လှူဒါန်းခဲ့သည့် မွန်မြတ်သောစေတနာကြောင့် အသက်မသေရသည့် အပြင် အသက်ရှင်နေသမျှ ကာလပတ်လုံး လှူဒါန်းပေးကမ်းသွားနိုင်သည်။ ထိုဘဝမှ စုတေသော်နတ်ပြည် နတ်ရွာတွင် အကြိမ်ကြိမ် ဖြစ်ရသည်။ တစ်ဖန် နတ်ဘဝမှ စုတေလျက် ဘုရားရှင်ပွင့်တော်မူချိန်၌ ဘဒ္ဒိယမြို့တွင် လူလာဖြစ်ပြန်သည်။ ရလာသော လူ့ဘဝတွင်လည်း အတိုင်းမသိ ချမ်းသာကြွယ်ဝခဲ့သည်။ မင်းရှစ်ပယ်မျှကျယ်သော အိမ်ဝန်းတစ်ခုလုံး တွင် နွားတစ်ကောင်မျှ ကြီးမားသည့် ရွှေသားဆိတ်ရုပ်များ ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် မေဏ္ဍက သူဌေးကြီးဟု ကျော်စောထင်ရှားခဲ့သည်။ သူဌေးကတော်၊ သူဌေးသား၊ သူဌေးချွေးမနှင့် သူဌေးကျွန်တို့သည်လည်း ဆုတောင်းသည့်အတိုင်း ဖြစ်လာရသည်။

အလုံးစုံသော ဥစ္စာပစ္စည်းနှင့်တကွ ကြွယ်ဝချမ်းသာသူ ဖြစ်လာရခြင်းမှာ ဇာရာဏာသီသူဌေးဘဝက အသက်နှင့် ရင်းလျက် ပေးလှူခဲ့သော စေတနာသန်သည့် အလှူဒါနကြောင့် ဖြစ်ပေသည်။

ကျမ်းကိုး။ ။ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ ဓိနတ္ထပကာသနီ(ဆ)တွဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ခြုံလွှာလေးတစ်ထည်

ကောသာဋ္ဌက။

ဟုတ်တယ်။ ကျုပ်တို့ လင်မယားကို ဗာရာဏသီ တစ်မြို့လုံးက ကောသာဋ္ဌကလို့ ခေါ်ကြတယ်။

မှန်ပါတယ်။ လင်မယားနှစ်ယောက်မှာမှ အပေါ်ခြုံလွှာတစ်ထည် တည်းရှိတဲ့ ကျုပ်တို့ကို ကောသာဋ္ဌကလို့ခေါ်တာ မမှားပါဘူး။ အသား မည်းသူကို မဲလုံး၊ ကျီးကန်းလို့ နာမည်မှည့်တာ သဘာဝကျပါတယ်။ ငွေကြေးနေ ပြည့်စုံသူကို ဦးဘောဂလို့ နာမည်ပေးတာလည်း မမှားပါဘူး။

ဗာရာဏသီသားတို့ရဲ့ဉာဏ်ကို ချီးကျူးတယ်။ ရုပ်နဲ့ အမည် တစ်ထပ်တည်းကျအောင် မှည့်ခေါ်တတ်ပုံက ချီးကျူးလောက်တယ်။ ခုလည်းကြည့်လေ ကျုပ်တို့ လင်မယားကို ကောသာဋ္ဌကတဲ့။

ခေါ်ပါ။ ဒါက နာစရာမှ မဟုတ်တာဘဲ။ အမှန်တရားကို ပြောတာပဲ။ အဟဲဟဲ…အဲဒီ ကောသာဋ္ဌကဆိုတဲ့ ကျုပ်ဟာ အသက်ကြီးမှ စည်းစိမ် ဥစ္စာ တိုးပွားချမ်းသာခဲ့တော့ သူတို့ခေါ်တဲ့ ကောသာဋ္ဌကဆိုတဲ့ နာမည်က ပြောင်းရမလို ဖြစ်နေတယ်။ ပြောင်းရမလို ဖြစ်နေတယ်ဆိုတာ သူတို့ အပိုင်းပဲ။ ကျုပ်ကတော့ ပြောင်းတာ၊ မပြောင်းတာ အကြောင်း မဟုတ် ဘူး။ နာမည်ဆိုတာ ပညတ်တစ်ခုပဲ။ ကောသာဋ္ဌကပဲ ခေါ်ခေါ်၊ ဗဟုသာဋ္ဌကပဲခေါ်ခေါ် ဒါတွေက ပညတ်၊ မရှိတာရား၊ အမှန်ရှိတာက ရုပ်နဲ့နာမ်ပဲ မဟုတ်လား။ အဲ…ထူးခြားတဲ့ အဖြစ်အပျက်ကိုတော့ ပြောပြဦးမယ်။ ဒီလို…ဒီလို။

ဤဘဒ္ဒကမ္ဘာမှအလွန် ကိုးဆယ့်တစ်ကမ္ဘာမှာ ဝိပဿီဘုရားရှင် ပွင့်တော်မူတယ်။ အဲဒီအချိန်မှာ ဗန္ဓုမတီဆိုတဲ့ တိုင်းပြည်ရှိတယ်။ အဲဒီတိုင်းပြည်မှာ နောင်အခါ ကောသာဋ္ဌကလို့ ထင်ရှားမည့် ကျွန်ုပ်တို့ လင်မယားဟာ ဆင်းရဲသိမ်ငယ်စွာ အသက်မွေးရသူတွေပါ။ ဟင်းရွက်ချူး၊ ထင်းခွေအလုပ်နဲ့ မဝရေစာ စားရတဲ့သူတွေပါ။ ဘယ်လောက်တောင် ဆင်းရဲသလဲဆိုရင် ကျုပ်မှာ အောက်ပိုင်းလုံအောင်ကာရုံတဲ့ ပုဆိုးတစ်ထည်ပဲ ဝတ်နိုင်တယ်။ ဒီပုဆိုးကလည်း သစ်သစ်လွင်လွင် မဟုတ်ပါဘူး။ အရှက်လုံအောင် ကာကွယ်တဲ့နံ့ငယ်ပိုင်းလေးပါ။ ထိုနည်းနှင်နှင်ပဲ။ ကျုပ်ရဲ့ ဇနီးမယားမှာလည်း လုံချည်တစ်ထည်ပဲ ရှိတယ်။ အပေါ်ပိုင်းလုံအောင်ကာကွယ်ဖို့ ခြုံထည်မရှိဘူး။ အဲ… ခြုံထည်မရှိဘူးဆိုတော့ မှသားစကား ဖြစ်နေဦးမယ်။ ကျုပ်တို့ လင်မယားမှာ လွှမ်းခြုံဖို့ တစ်ထည်တည်းသော ခြုံထည်တော့ ရှိပါတယ်။ ဒီခြုံထည်က နှစ်ယောက် အတူပိုင်တဲ့ ဘုံပိုင်ပစ္စည်းပါ။ ခြုံထည်ကတော့ အပြင်သွားစရာရှိရင် လူမြင်ကောင်းအောင် ခြုံလွှမ်းဖို့ ကန့်သတ်ထားပါတယ်။ အိမ်မှာတော့ ကျုပ်အတွက်က ရင်ဟောင်းလောင်း ကျောပြောင်ပြောင်၊ အဲသလို နေရတာပါ။ အဲ…မိန်းမကတော့ ဒီလိုနေလို့ ဘယ်သင့်တော်မလဲ။ ထဘီရင်ရှား ထားရတာပေါ့။ အိမ်မှာ ထဘီရင်ရှားနေပေမယ့် အပြင်မှာတော့ ဘယ်ဖြစ်မလဲ။ ခြုံထည်လေး လွှမ်းသွားမှ ဖြစ်မှာပေါ့။ ဒီတော့ မဖြစ်မနေ သုံးဖို့လိုအပ်တဲ့ ခြုံထည်လေးတစ်ထည်သာ ပိုင်ထားတဲ့ ကျုပ်တို့ လင်မယားကို ကောသာဋ္ဌကလို့ ခေါ်တာ ဘာဆန်းလဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲ···ဆန်းကြယ်တဲ့ အဖြစ်ကတော့ ကျုပ်တို့ ဗန္ဓုမတီမြို့ကို ဝိပဿီဘုရားရှင် ကြွလာတာပဲ။ ခုနစ်နှစ်ကြာမှ တစ်ကြိမ်ကြွလာတဲ့ ဘုရားရှင်ကို ကြိုဆိုကြ၊ ပူဇော်ကြ၊ အလှူဒါနပြုကြ၊ တရားနာကြနှင့် ဗန္ဓုမတီမြို့ကြီးတစ်မြို့လုံး ရုတ်ရုတ်သဲသဲကို ဖြစ်နေတာပဲ။ အများသူငါ သွားကြ၊ လာကြ၊ လှူဒါန်းကြတော့ ကျုပ်လည်း လှူချင်စိတ်ဖြစ်မိတယ်။ ဒါပေမယ့် ကျုပ်လို ထင်းခွေစားရသူက ဘာလှူနိုင်မှာလဲ။ မရှိလို့ မလှူနိုင်ပေမယ့် သီလစောင့်တရားနာဖို့ကတော့ အခက်အခဲ မရှိလောက်ဘူး။ ဟုတ်တယ်လေ။ ဒါက ငွေကုန်တဲ့အလုပ်မှ မဟုတ်တာ။ တရားပွဲရှိတဲ့နေရာ အရောက် သွားနိုင်ဖို့ပဲလိုတယ်။

အဲ···အရောက်သွားဖို့ဆိုတဲ့ကိစ္စ ဆက်တွေးတော့ ပြဿနာဖြစ်ရော။ ပြောခဲ့ပြီလေ··· ကျုပ်တို့လင်မယားမှာ ကိုယ်ပေါ်ခြုံဖို့ ခြုံထည်က တစ်ထည်တည်းရှိတယ်။ တရားပွဲသွားမယ်ဆိုရင် လင်မယား နှစ်ယောက် အတူတူ သွားသင့်တယ်။ အခြေအနေက နှစ်ယောက်သွားဖို့ မဖြစ်ဘူး။ လူကြားထဲသွားရင် ကျောပြောင်ကြီးနဲ့သွားလို့ ဘယ်သင့်တော်မလဲ။ ခြုံသွားမှ လွှမ်းသွားမှဖြစ်မှာပေါ့။ ကျုပ်က ခြုံထည် ယူသွားရင် ပုဏ္ဏေးမကြီးက အိမ်တွင်းအောင်းရမယ်။ ပုဏ္ဏေးမကြီး တရားပွဲသွားရင် ကျုပ်ကအိမ်ထဲကုပ်နေ၊ ဒါမှဖြစ်မယ့် အခြေအနေ။ လင်မယားနှစ်ယောက် အတူတူ တရားနာခွင့်မရတဲ့ ဘဝပါ။

ဒီကိစ္စအတွက် စိတ်မချမ်းမသာဖြစ်ပြီး ကျုပ် အိမ်ပြန်လာခဲ့ပါတယ်။

* * *

"တော် ဘာဖြစ်နေတာလဲ"

ကျုပ်အမူအရာကို အကဲခတ်ရိပ်စားမိပုံရတဲ့ ပုဏ္ဏေးမကြီးက စူးစမ်း စကားဆိုတယ်။ ပြောရင်လည်း စိတ်မချမ်းသာစရာဘဲဖြစ်မှာမို့ "ဘာမှမဖြစ်ပါဘူး"ဟု ခပ်တိုးတိုး ပြန်ဖြေလိုက်တယ်။

"မဟုတ်ပါဘူး၊ တော် တစ်ခုခု ဖြစ်နေပါတယ်။ ဒီလောက် နှစ်ရှည်လများပေါင်းလာတဲ့ လင်မယားပဲ၊ မသိဘဲနေမလား၊ ထင်းခွေလို့ ပင်ပန်းနွမ်းနယ်တာလည်း မဟုတ်ဘူး၊ အဲဒီပင်ပန်းမှုက ရုပ်သဏ္ဌာန်ပဲ ပြောင်းလဲတယ်၊ စိတ်သဏ္ဌာန် မပြောင်းလဲဘူး။ အခု ဖြစ်နေတာက စိတ်သဏ္ဌာန် ပြောင်းလဲနေတာ၊ ရှင့်မှာ ဘာစိတ်ညစ်စရာရှိလဲ"

"အွန်း"

လူတစ်ယောက်၏ သွင်ပြင်ကိုကြည့်ပြီး မှန်မှန်ကန်ကန် သုံးသပ်နိုင်သည့် ပုဏ္ဏေးမကြီး၏ စွမ်းရည်ကို အံ့ဩမိသည်။ ရုတ်တရက်တော့ ဘာပြန်ပြောရမှန်း မသိနိုင်အောင် ဖြစ်သွားသည်။

"ပြောပါဦး"

"ဘာမှ မဟုတ်ပါဘူးကွာ"

"မဟုတ်ဘဲတော့ မဟုတ်သေးဘူးလေ၊ တစ်ခုခု ခံစားနေရမှန်း သိပါတယ်။ ဒီအိမ်မှာ ရှင်နဲ့ ကျွန်မပဲရှိတာ၊ တစ်ယောက်ဖြစ်တာ တစ်ယောက်ကို ပြောပြမှ သိရမှာ၊ သိမှလည်း ဖြေရှင်းရမှာပေါ့"

"ဘာရယ် မဟုတ်ပါဘူး၊ တရားနာချင်လို့"

"တရားနာချင်လို့"

"အေး···ဝိပဿီ ဘုရားရှင် ဗန္ဓုမတီမြို့ကို ကြွလာမယ်၊ အဲဒီတော့ တို့မြို့သားတွေ တရားနာကြလိမ့်မယ်၊ ငါလည်း တရားနာချင်တယ်"

"အလိုတော်···တရားနာချင်တာများ စိတ်သောက ရောက်စရာမှမဟုတ်တာ၊ နာချင် သွားနာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တရားနာသွားဖို့ တိုက်တွန်းစကားဆိုသည့် ပုဏ္ဏားမကြီး၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ စိတ်ထဲ ခံစားနေရသည့် အကြောင်းအရာများကိုလည်း ဖွင့်ဟပြောလိုက်ချင်သည်။

''အေး…တရားနာသွားတာ လွယ်ပါတယ်။ ခက်နေတာက တို့နှစ်ယောက် အတူတူနာယူဖို့ မဖြစ်ဘူး၊ မင်းပဲဖြစ်ဖြစ်၊ ငါပဲဖြစ်ဖြစ် တစ်ယောက်ပဲ သွားနိုင်မှာ၊ တို့မှာက ခြုံထည်တစ်ခုပဲ ရှိတယ်လေ၊ နှစ်ယောက်တည်း ကျောချင်းကပ် ရင်ချင်းအပ်နေတဲ့ဘဝမှာ ခွဲခြားခွဲခြား မလုပ်သင့်ဘူးလေ''

ဤသို့ စာနာမှုထားသဖြင့် အခက်အခဲ ဖြစ်နေကြောင်း၊ ရင်ထဲ ဆူးတစ်ချောင်း ဝင်စူးသလိုဖြစ်ပြီး စိတ်ညစ်ညူးသည်မှာ ဤအကြောင်း၊ ဤကိစ္စဖြစ်ကြောင်း ရှင်းပြချင်သည်။ သို့သော် မရှင်းပြရက်၍ စူးစိုက်ကြည့်နေမိသည်။

''ဘာလဲ၊ ခြုံလွှာတစ်ထည်တည်း ရှိနေလို့လား''

''အေး…''

''အဲဒါ တော်ပဲယူသွား''

''ငါယူသွား…အင်း၊ အဲလို မလုပ်ရက်လို့ အခက်ကြုံနေတာပေါ့''

''ဘာလဲ၊ ကျုပ် မလိုက်နိုင်လို့လား၊ ရှင်သွားရင် ပြီးပြီပေါ့''

''ပြီးပြီ၊ ဘယ်ဟုတ်မလဲ ရှင်မရာ၊ မင်းလည်း တရားနာသင့်တာပေါ့''

''နာမှာပါ၊ ရှင်က တရားနာပြီး ကျုပ်ကို ပြန်ဟောပြ၊ ဘုရားရှင်ဟောသမျှ ပြန်ဟောရင် ကျုပ်နာရပြီပေါ့၊ တရားပွဲမလိုက်နိုင်လို့ ဘာမှစိတ်မကောင်းမဖြစ်နဲ့''

မိမိအပေါ် စိတ်ကောင်းစေတနာထားသည့် ဇနီးသည်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရတယ်။ အိမ်ထောင်ကျကတည်းက မရှိအတူ ရှိအတူ အေးအတူပူအမျှနေလာခဲ့တဲ့ လင်မယား။ ထမင်းတစ်ပွဲရှိလည်း မျှစား၊ ဟင်းတစ်ဖတ်ရှိလည်းဝေစား၊ အခက်အခဲတွေ့ရင် မညည်းညူ ရင်ဆိုင် ဖြေရှင်းခဲ့ကြရာ ဒီကိစ္စကျမှ ကွဲပြားရမည်ဆိုတော့ စိတ်မကောင်း နိုင်တော့…။

သို့သော် အခြေအနေအရ ဒီလိုမှ မရှင်းရင် မဖြစ်နိုင်တော့ စိတ်မပါ့တပါနှင့်ပင် ခေါင်းညိတ်လိုက်ရတော့တယ်။

* * *

ကေသာဋ္ဌကသည် တစ်ထည်တည်းသာရှိသော ခြုံထည်ကို ဝင့်ဝင့်ကြွားကြွားလွှားတင်လျက် တရားပွဲကို ရောက် သွားတယ်။ တရားသဘင်တွင် မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်များသာမက ဗန္ဓုမတီမြို့သားများ စုံစုံညီညီ ရောက်နေသဖြင့် ထိုင်စရာပင်မရှိသလောက်။ ကေသာဋ္ဌကသည် ပရိသတ်အစွန်တွင် နေရာယူလျက် ဘုရားရှင်၏ တရားကို နာယူမိတယ်။

ဘုရားရှင်က ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာကို အစဉ်အတိုင်း ဟောပြောနေရာ ကေသာဋ္ဌကဟာ တရားအပေါ်မှာ အာရုံညွှတ်ထားလိုက်တယ်။ မရှိလို့မလှူ မလှူလို့မရှိ ဖြစ်တတ်တဲ့ သဘာဝကို ဖြိုဖျက်ဖို့၊ အလှူမှာ ဝတ္ထုပစ္စည်းက ပဓာနမကျဘဲ စိတ်စေတနာ သဒ္ဓါတရားသာလျှင် အရေးပါကြောင်း၊ ညောင်စေ့လောက် လှူပေမယ့် ညောင်ပင်ကြီးလောက် အကျိုးဖြစ်စေကြောင်း၊ အတ္တစိတ်ပယ်ခွာလျက် ကြိုးစားကောင်းမှုပြုကြရန် တိုက်တွန်းစကားကြားတော့ သူ့လက်က ပခုံးထက်မှ ခြုံလွှာပေါ် ရောက်သွားတယ်။

လှူစရာဆိုလို့ သူ့မှာ ဒီခြုံလွှာတစ်ထည်သာ ရှိတယ်။ ရှိတဲ့ ပစ္စည်းကို စွန့်လှူဖို့ စိတ်ဓာတ်ပေါ်လာတဲ့အတွက် ခြုံလွှာကို ဆွဲယူဖို့ ကြံစည်လိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ကေသာဋ္ဌက သင်က တစ်ထည်တည်းရှိတဲ့ ဒီခြုံလွှာကိုလှူလိုက်ရင် သင့်ဇနီးသည်က ဘာကို ခြုံလွှမ်းမလဲ၊ ခြုံထည်မရှိရင် ဇနီးသည်က အပြင်ဘယ်လိုထွက်မလဲ၊ နှစ်ယောက်ပိုင်တဲ့ ခြုံထည်ကို သင့်သဘောနဲ့ သင်လှူရင် တစ်ဖက်သားကို ရက်စက်ရာ ကျမနေဘူးလား"

ခြုံလွှာကို ကိုင်လိုက်ချိန်တွင် တစ်စုံတစ်ယောက်ရဲ့ စကားသံကို နားက ကြားလိုက်သလို ဖြစ်သွားတယ်။ ဒီအခါ ခြုံလွှာကို ကိုင်ထားတဲ့ လက်ကို ပြန်ရုပ်လိုက်ပြီး ပြန်တွေးလိုက်တယ်။

အတွေးပုံရိပ်မှာ ဇနီးသည်ရဲ့ ညှိုးငယ်တဲ့ မျက်နှာလေး ပေါ်လာတယ်။ တကယ်လို့ သူလှူရင်လည်း ဇနီးသည် ကတော့ ကန့်ကွက်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် တွန့်တိုစိတ်နဲ့ နှမြောစိတ်ဖြစ်မှာတော့ သေချာတယ်။ အမှန်က ခြုံလွှာနှစ်ထည်သာရှိရင် ဒီအဖြစ်မျိုး ကြုံချင်မှကြုံမယ်။

ဘုရားရှင်က အတိတ်ဖြစ်ရပ်တွေ ကိုးကားပြီး သံသရာမှာ ရိက္ခာထုပ်ပါသွားအောင် သယ်ပိုးဖို့လိုကြောင်း၊ သံသရာအတွက် အထောက်အပံ့ရှိမှ ကျင်လည်ရမယ့်ဘဝမှာ သက်သာရာရကြောင်း၊ ဒီနေ့ ပိုင်ဆိုင်တဲ့ ပစ္စည်းဟာ ဒီဘဝသာ ထားရစ်ပြီး စွန့်ခွဲရမှာဖြစ်ကြောင်း၊ နောင်ဘဝဆက်တိုင်း အပါသယ်သွားနိုင်တာက ဒါနကောင်းမှု၊ သီလ ကောင်းမှု၊ ဘာဝနာကောင်းမှုသာဖြစ်ကြောင်း ဘုရားရှင်က အကျယ်တဝင့် ရှင်းပြပါတယ်။ ဒီအခါမှာ ကေသာဋ္ဌကရဲ့ လက်က ပခုံးထက် ပြန်ရောက်သွားပြန်တယ်။

"ဟဲ့…ကေသာဋ္ဌက၊ တစ်မူးရှိလို့ တစ်ပဲလှူရင်လှူ၊ သူ့ရဲ့ လက်ထဲမှာ တစ်ပဲကျန်ရစ်သေးတယ်၊ အခု သင့်မှာရှိတာက ခြုံလွှာတစ်ထည်၊ ဒီတစ်ထည်ပေးလှူရင် သင်ပိုင်ပစ္စည်းဆိုလို ဘာတစ်ခုမှ မရှိတော့တာ တွေးမိလား၊ နောင်ဘဝဆိုတာ မြင်ရတဲ့ ကိစ္စလည်း မဟုတ်ဘူး၊ လှူလို့ အကျိုးရှိတယ်ဆိုတာကရော ဘယ်လောက် သေချာလဲ၊ လက်ထဲ ဖမ်းမိနေတဲ့ ငှက်တစ်ကောင်ကို လွှတ်ပစ်ပြီး ချုံထက်က ငှက်နှစ်ကောင်ကို မျှော်မှန်းနေတာဟာ မိုက်ရူးရဲကျတာပဲ ကေသာဋ္ဌက"

ကေသာဋ္ဌက၏ အကြားအာရုံတွင် ပေါ်လာသည့် စကားသံကြောင့် ဆွဲယူဟန်ပြင်နေတဲ့လက်က ပြန်ကျ သွားတယ်၊ တကယ် စဉ်းစားကြည့်တော့ မှန်နေတယ်။ လှူလိုက်ရင် ကိုယ့်ရဲ့ပိုင်ဆိုင်မှု စွန့်လွှတ်လိုက်ရတာ ဖြစ်တယ်။ စွန့်ပြီဆိုကတည်းက ဆုံးရှုံးသွားပြီ။ ပြန်ရဖို့ လမ်းက မမြင်တော့ဘူး။

ဒါနကောင်းမှု ပြုလိုစိတ်ကို အတွေးစက ချေဖျက်လိုက်ပြန်တယ်။ သို့ပေမယ့် ဘုရားရှင်ရဲ့ တရားသံက နားစည်ထဲ လှိမ့်ဝင်လာပြန်တယ်။ ဒါနကောင်းမှုပြုတဲ့အတွက် နတ်ရွာချမ်းသာ ခံစားရတဲ့သာဓကတွေ ထုတ်ပြတယ်။ ဘုရားရှင်တို့မည်သည် မှန်သောစကား တစ်ခွန်းသာ ဆိုလေ့ရှိတယ်။ မဟုတ်မမှန်ဘဲ ဒါနအကျိုးကို ဟောမှာမဟုတ်ဘူး။

ခြုံလွှာတစ်ထည်သာ ပိုင်ဆိုင်ခွင့်ရအောင် ဆင်းရဲရတာဟာ အတိတ်ဘဝက ကုသိုလ်ကောင်းမှု နည်းပါးလို့ပဲ၊ အလှူမရှိလို့ဘဲ အခု ပစ္စုပ္ပန်ဘဝမှာ ပိုင်ဆိုင်တဲ့ခြုံလွှာလေးတောင် မစွန့်နိုင်ရင် တစ်သက်လုံး ဘာကောင်းမှုမှ ရှိမှာမဟုတ်ဘူး။ အဲလိုမရှိရင် နောင်ဘဝမှာ ဒီ့ထက်ဆင်းရဲရုံပဲ ရှိတယ်။ ဒီထက် ဆင်းရဲရင် တောင်းစားဖို့ပဲ ကျန်တော့တယ်။ ငါ သူတောင်းစား အဖြစ်ခံမလား၊ ခြုံလွှာတစ်ထည်လှူပြီး ဒါနကောင်းမှုပြုမလား။

ဤအတွေး ဝင်လာသည်နှင့် ကေသာဋ္ဌကရဲ့ လက်ကခြုံလွှာပေါ် ပြန်ရောက်သွားတယ်။

"ဟဲ့…ကေသာဋ္ဌက၊ လူဆိုတာ အတ္တစိတ်တော့ ထားရမယ်၊ ထားရမယ်ဆိုလို့ ပရစိတ် မမွေးရဘူးလို့ ပြောတာမဟုတ်ဘူး။ သူ့အကျိုးဆောင်လို့ ကိုယ့်အကျိုးရှိမယ်ဆိုရင်တော့ လုပ်ပါ၊ ခုကိစ္စက သင့်ရော သင့်ဇနီးပါ အကျိုးယုတ်မဲ့ကိစ္စ၊ ခြုံလွှာမရှိရင် သင်တို့ ဘယ်လိုဖြစ်မလဲ စဉ်းစားစမ်း"

ကေသာဋ္ဌက၏ လှူလိုသောစိတ်သည် ကြေပျက်သွားရပြန်တယ်။ ငါ့အိမ်၊ ငါ့ယာ၊ ငါ့ပစ္စည်းဆိုတဲ့ စွဲလမ်းစိတ်က စွန့်လွှတ်ဖို့ တုံ့နှေးသွားတယ်။ ဒါပေမယ့် ဘုရားရှင် ဟောတဲ့တရားမှာ ပစ္စည်းသင်္ခါရ၊ လူသင်္ခါရ အစိုးမရတော့

www.burmeseclassic.com



ပျက်ချိန်တန်ရင် ပျက်မယ်၊ ဆုံးရှုံးချိန်တန်ရင် ဆုံးရှုံးမယ်။ အဘယ်သို့သော ပုဂ္ဂိုလ်ကမှ ပျက်စီးမယ့်ဘေးကို မတားနိုင်ဘူး။ ကံအကြောင်း မသင့်ရင် တစ်ထည်တည်းသော ခြုံလွှာပင် ပျက်စီးသွားနိုင်မှန်း အသိရှိလာတယ်။ လှူချင့်လည်းကြုံ၊ လှူရန့်လည်း ရှိ၊ အလှူခံပုဂ္ဂိုလ်လည်း အဆင်သင့်ဖြစ်နေချိန်မှာ သဒ္ဓါစိတ်အားနည်း နေတဲ့အတွက် အလှူပွဲ ပျက်ရတော့မလို ဖြစ်နေတယ်။ အမှန်တော့ ဧကသာဋကမှာ သဒ္ဓါစိတ်မနည်းတာတော့ သေချာတယ်။ ဒါပေမယ့် မစ္ဆရိယစိတ်က နှောင့်ယှက်နေတော့ သဒ္ဓါစိတ်လျော့ကျသွားတာပါ။

ဒီလောက် အခွင့်အခါကောင်းကြုံပါလျက် လှူချင့်မသာခြင်းမှာ မဖြစ်စကောင်း၊ ဒါနတစ်ခု ပြီးမြောက်အောင် ကြိုးစားမှ ဖြစ်မယ်လို့ တွေးလိုက်တယ်။ ဒီအတွေးပေါ်လာတာနဲ့ တစ်ပြိုင်နက်တည်း ပခုံး ထက်မှ ခြုံလွှာကိုဆွဲယူပြီး ဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ ပုံချလိုက်ပါတယ်။

ခက်ခက်ခဲခဲ ကြိုးစားတည်ဆောက်ရတဲ့ အလှူပွဲ အထမြောက်သွားတာနဲ့ ဝမ်းသာစိတ်က ရင်တစ်ခုလုံး ဖုံးလွှမ်းသွားတယ်။ အပျော်စိတ်ကို ဆို့ပိတ်တားဆီးနိုင်စွမ်း မရှိတော့လို့ လက်မောင်းကို ဆန့်တန်းပြီး အားကုန် အော်လိုက်မိပါတယ်။

"အောင်ပြီ...အောင်ပြီ...အောင်ပြီ"

* * *

ဘုရားရှင်ရဲ့ တရားသံကလွဲပြီး ပကတိတိတ်ဆိတ်ငြိမ်သက်နေချိန်မှာ ဧကသာဋကရဲ့ အော်ဟစ်သံကြောင့် တုန်လှုပ်သွားကြတယ်။ တရားပွဲမှာ ဗန္ဓုမတီမင်းကြီးကိုယ်တိုင် တရားနာဖို့ ရောက်နေတော့ "အောင်ပြီ"ဆိုတဲ့ ဟစ်ကြွေးသံဟာ မင်းကြီးကို အထူးချောက်ချားသွားစေတယ်။ ဧကသာဋကအသံ ကြားလိုက်တာနဲ့ မင်းကြီးရဲ့ ကိုယ်ရံတော်အချို့က မင်းကြီးအနား ရောက်သွားတယ်။ တစ်စုံတစ်ရာ နှောင့်ယှက်ခံရပြီအမှတ်နဲ့ ကာကွယ်ဖို့ ရောက်လာတာပါ။ တချို့ ကိုယ်ရံတော်တွေကတော့ အသံပြုရာ ဧကသာဋကအပါး ရောက်လာပြီး ဓား၊ လက်နက်တွေနဲ့ ချိန်ရွယ်ထားတယ်။ တရားနာ ပရိသတ်ကလည်း ဘာတွေဖြစ်ကုန်ပြီလဲဟူသော အတွေးနဲ့ ကြည့်နေတယ်။ ဒီအချိန်မှာပဲ ကိုယ်ရံတော်ရဲမက်တွေနဲ့အတူ ဗန္ဓုမတီမင်းကြီး ရောက်လာတယ်။

"အချင်းပုဏ္ဏား၊ ငါဟာ ရန်သူဗိုလ်ခြေကို ခြေဖျက်သုတ်သင်နိုင်တဲ့အခါ ဒီလိုပဲ ကြုံးဝါးလေ့ရှိတယ်။ သင်ဟာ ရန်သူမရှိဘဲ ဘာကို အောင်နိုင်တာလဲ"

"အရှင်မင်းကြီး၊ မင်းကြီးရဲ့ အောင်မြင်မှုဟာ ပြင်ပရန်သူကို အောင်နိုင်တာပါ၊ ကျွန်ုပ်က အတွင်းရန်သူကို အောင်မြင်တာပါ"

"ဘယ်လို အတွင်းရန်သူလဲ"

"အရှင်မင်းကြီး၊ ကျွန်ုပ်ဟာ လွန်စွာ ဆင်းရဲတဲ့ ထင်းခွေရောင်း စားရသူပါ၊ ကျွန်ုပ်တို့ လင်မယားမှာ ကိုယ်ထည်ခြုံဖို့ ခြုံထည်တစ်ခုသာ ပိုင်ဆိုင်ပါတယ်၊ တရားပွဲကို ကျွန်ုပ်လာတော့ ဇနီးသည် ပုဏ္ဏေးမဟာ အိမ်မှာ နေခဲ့ရပါတယ်၊ ခြုံထည်မရှိလို့ တရားပွဲ မလာနိုင်ပါဘူး"

"ဩော်"

"ဒါပေမယ့် မြတ်ဘုရားရဲ့တရားကို နာရချိန်မှာ ကျွန်ုပ်ဟာ တစ်ထည်တည်းရှိတဲ့ ဒီခြုံထည်ကို စွန့်လှူဖို့ အကြံဖြစ်ခဲ့တယ်၊ ဒါပေမယ့် တွန့်တိုစိတ်က နှောင့်ယှက်လို့ တော်တော်နဲ့ မလှူဖြစ်ခဲ့ဘူး၊ ညဥ့်ဦးယံကတည်းက သဒ္ဓါစိတ်နဲ့ ဝန့်တိုမစ္ဆရိယစိတ်တို့ သူနိုင်ငါနိုင် တိုက်ခိုက်ကြတာ မဇ္ဈိမယံမှာ မစ္ဆရိယစိတ်ကို အောင်နိုင်လိုက်ပါတယ်၊ ဒီအောင်မြင်မှုအတွက် ဂုဏ်ယူဝင့်ကြွားစွာ အော်ဟစ်လိုက်တာပါ မင်းကြီး"

www.burmeseclassic.com



ကေသာဌကပုဏ္ဏားရှ၏စိတ်တွင် အကြံအစည်နှင့် ရင်တွင်းတိုက်ပွဲကို ဘုရားရှင်က သိနေတယ်။ အဘယ်မျှ ရှုန်းကန်တိုက်ခိုက်ရတာကို သိနေတော့ ''မှန်ပေတယ် မင်းကြီး၊ ကေသာဌကပုဏ္ဏားဟာ ခက်ခဲတဲ့တိုက်ပွဲကို အောင်မြင်လိုက်တာပါ''ဟု မိန့်၍ ကျေနပ်သွားတယ်။

''အချင်း ကေသာဌက၊ သင့်ရဲ့ သဒ္ဓါစိတ်ကို ငါ ချီးကျူးတယ်၊ ဒီအတွက် ဆုလာဘ်အဖြစ် ကတ္တီပါခြုံလွှာတစ်စုံ ချီးမြှင့်ပါတယ်''

ဗန္ဓုမတီမင်းကြီးက အဖိုးတန်ခြုံလွှာတစ်စုံ ချီးမြှင့်လိုက်တော့ ကေသာဌကပုဏ္ဏားက လက်ခံယူတယ်။ အဖိုးတန်ခြုံလွှာရတော့ တစ်ဒင်္ဂမျှ စိတ်ကူးနှင့် ရှုးမိတယ်။ ကတ္တီပါခြုံလွှာကို မိမိနှင့် ပုဏ္ဏေးမကြီးခြုံပြီး တရားနာခွင့်ရပြီဆိုတဲ့ အတွေးနဲ့ ပျော်သွားတယ်။ အဲဒီ အချိန်မှာပဲ ဒါနရဲ့ အကျိုးပေးမှုကို လက်တွေ့ကြုံရတာ စဉ်းစားမိတယ်။ ခြုံလွှာတစ်ထည် လှူတဲ့အတွက် ကတ္တီပါခြုံထည်နှစ်ခုရတာ မြင်ရ တွေ့ရတော့ ဒါနအကျိုးကို ပိုသဘောပေါက်သွားတယ်။

''မြတ်ဘုရား…ဤကတ္တီပါခြုံလွှာအား ဘုရားရှင်ကို လှူပါ၏ ဘုရား''

ကေသာဌကပုဏ္ဏား၏ သဒ္ဓါစိတ်မြင်ရတော့ မင်းကြီးက ပိုလေးစား သွားတယ်။ ပစ္စည်းကို မခုံမင်ဘဲ ဘုရားရှင်အပေါ် ကြည်ညို သဒ္ဓါစိတ်ရှိတာ ထင်ရှားလို့ ခြုံလွှာနှစ်စုံလေးထည်ကို ထပ်မံပေးလိုက်ပြန်တယ်။

''ရှင်တော်မြတ်ဘုရား၊ တပည့်တော် ကေသာဌက ရှေးအခါက ဒါနအကျိုးကို ပြတ်ပြတ်ထင်ထင် မသိမြင်ခဲ့ပါ။ ဘုရားဟောမိန့်လို့ တရားသဘော သိခဲ့ပေမယ့် လက်တွေ့အကျိုး မကြုံဘူး၍ ယုံရခက်ခဲခဲ့ပါတယ်။ သို့သော် မျက်မှောက်ဒိဋ္ဌ ကြုံရလို့ အကြွင်းမဲ့ယုံကြည်သွားပါပြီ။ ဒါကြောင့် ဤခြုံလွှာ နှစ်စုံကိုလည်း ဘုရားရှင်အား လှူပါ၏ ဘုရား''

ကေသာဌကက ခြုံလွှာကို လှူပြန်သော် မင်းကြီးက ခြုံလွှာ လေးစုံ ထပ်ချီးမြှင့်သည်။ ပုဏ္ဏားအိုက ထပ်မံလှူပစ်ပြန်သည်။ တစ်ခါ မင်းကြီးက ခြုံလွှာရှစ်စုံ ပေးလှူပြန်သည်။ ကေသာဌကက ထပ်မံ လှူဒါန်းပြန်သည်။ ထိုအခါ ဗန္ဓုမတီမင်းကြီးက ခြုံလွှာဆယ့်ခြောက်စုံ ပေးပြန်သည်။ ခြုံလွှာလှူတိုင်း နှစ်ဆတိုး ချီးမြှင့်နေသဖြင့် ကေသာဌက ပုဏ္ဏား စဉ်းစားသွားတယ်။ လှူတိုင်း နှစ်ဆတိုး ချီးမြှင့်နေလို့ ပို၍ ပို၍ရအောင် လှူနေတာပါဟု တွေးထင်မည်စိုးသဖြင့် ခြုံလွှာ ဆယ့်ခြောက်စုံထဲမှ နှစ်ထည်ကိုယူပြီး ကျန်ခြုံလွှာတို့ကို ဘုရားရှင်အား ပေးလှူလိုက်ပေတယ်။

ထိုနေ့ တရားပွဲတွင် ကေသာဌကပုဏ္ဏား၏ အပြုအမူ၊ အပြော အဆိုအရ ဂုဏ်သတင်းက ကျော်ကြားသွားသည်။ အလှူဒါန ပြုလို စိတ်များလည်း ဗန္ဓုမတီမြို့သားတွေရင်မှာ ကိန်းအောင်းသွားပါတယ်။

* * *

ကေသာဌကပုဏ္ဏားဟာ ထိုအလှူပွဲ နောက်ပိုင်းမှာ ဘုရားရှင်နဲ့ အကျွမ်းတဝင်ဖြစ်ခဲ့လို့ သရဏဂုံနဲ့ သီလခံယူပြီး နေ့စဉ်မပြတ် ချဉ်းကပ်တယ်။ ဘုရားရှင်ကလည်း ကေသာဌကကို တရားဓမ္မလမ်း ပြခဲ့တယ်။

တစ်ရက်မှာတော့ ဗန္ဓုမတီမင်းကြီးကို ကောတုမ္ဗရစ်တိုင်းမှ အဖိုးတစ်သိန်းထိုက်တဲ့ ကမ္ဗလာခြုံထည်တစ်စုံ ဆက်လာတယ်။ ဒီလို အဖိုးတန် ပစ္စည်းရချိန်မှာ မင်းကြီး မျက်စိထဲ ကေသာဌကပုဏ္ဏားကို မြင်လာတယ်။ နေ့စဉ်မပြတ် ဘုရားထံ ဆည်းကပ်နေတဲ့ ကေသာဌကသာလျှင် ဒီခြုံလွှာနဲ့ ထိုက်တန်တယ်ဆိုပြီး ''တရားနာ လာတိုင်း ဝတ်ရုံလာပါ''ဟု ပြောလျက် ချီးမြှင့်လိုက်တယ်။

ကေသာဌကဟာ အဖိုးတန်ကမ္ဗလာထည်ကိုကြည့်ပြီး ဒီလောက် အဖိုးတန်တဲ့ပစ္စည်းဟာ ငါလို အပုပ်ကောင် ရဲ့ကိုယ်မှာ လွှမ်းခြုံထားလည်း ဘယ်မှာ အကျိုးရှိမလဲ။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကိုလှူမှ ဘဝဆက်တိုင်းပါလေရဲ့ဟု တွေးပြီး ဘုရားရှင်သီတင်းသုံးရာ ဂန္ဓကုဋီတိုက်မှာ တစ်ထည်ကိုခင်း၊ တစ်ထည်ကို ဗိတာန်ကျက်လှူလိုက်တယ်။ မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါ်သို့ လာတဲ့အခါ ဘုရားရှင်ရဲ့ ကိုယ်တော်အရောင်နဲ့ ကမ္ဗလာရောင်တို့ ရောယှက်လျက် နှစ်သက်ဖွယ် ဖြစ်နေတာမြင်တော့ ကြည်နူးဝမ်းသာ သွားတယ်။ ဒီကုသိုလ် ဘယ်သူပြုလဲလို့မေးတဲ့အခါ ကောသာဋ္ဋက ပုဏ္ဏားပေး လှူကြောင်း သိလိုက်တော့ သဒ္ဓါစိတ်ကို ချီးကျူးမိတယ်။ တရားမွေနဲ့ ယဉ်ပါးပြီး အမြဲထာဝရ လှူချင်တန်းချင်စိတ်ရှိတဲ့ ကောသာဋ္ဋကကို သံဃာတော်တွေ အလုပ်အကျွေးပြုနိုင်ဖို့ မြတ်သောဆု ချီးမြှင့်ပါတယ်။

ခြုံလွှာတစ်ထည် လှူခဲ့တဲ့ ကောသာဋ္ဋကပုဏ္ဏားဟာ မပြတ်သော လက်ဆောင်ပဏ္ဍာ ရတဲ့အပြင် အခုတစ်ဖန် အဖိုးတစ်သိန်းတန်တဲ့ ရွာကြီးရှစ်ရွာ ပေးတယ်။ ဒီမျှမကသေးဘူး ရထားရှစ်စီး၊ ကညာပျို ရှစ်ယောက်၊ ဆင်ပေါက်ရှစ်စီး၊ ကျွန်သီးရှစ်အိမ်ထောင်၊ ရှစ်ဆောင်သော တိုက်ပြာသာဒ်နဲ့ ဆင်၊ မြင်း၊ ကျွဲ၊ နွားတို့ကိုလည်း ချီးမြှင့်လိုက်တယ်။ ဆင်းရဲလွန်းလို့ ကောသာဋ္ဋကလို့ တွင်ခဲ့တဲ့ ပုဏ္ဏားအိုဟာ မျက်မှောက်ဘဝမှာပင် ချမ်းသာသုခနဲ့ ပြည့်စုံခဲ့ပါတယ်။ ဒါကြောင့် လည်း အလှူပေး သူဌေးဖြစ်တယ် ဆိုစကားကို ကောသာဋ္ဋကပုဏ္ဏား ကတော့ အကြွင်းမဲ့ ယုံသွားပါတော့သည်။

ကျမ်းကိုး။ ။ကျီးသဲလေးထပ် ဆရာတော်ဘုရား၏ ဓိနတ္ထပကာသနီ (တ)တွဲ။

ဓမ္မပဒ၊ အရဟန္တဝဂ်၊ အရှင်မဟာကဿပဝတ္ထု

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တစ်ယောက်စာ ထမင်း

ကျွန်ုပ်ဟာ သူဌေးသုမနအိမ်မှ ထမင်းအိုးထမ်း အလုပ်သမားမှ မွေးဖွားခဲ့လို့ အန္နဘာရလို့ အမည်ရပါတယ်။ ဖခင်ကိုယ်တိုင်က သုမန သူဌေးကို မှီခိုနေသူဆိုတော့ ကျွန်ုပ်လည်း သူဌေးကို အမှီပြုနေရသူပေါ့။ သူ့မှီနေတော့ သူခိုင်းရာလုပ်ရတယ်။ မြက်ရိတ်ဆိုလည်းရိတ်။ ထင်းခွေဆိုလည်းခွေ။ စပါးရိတ်ဆိုလည်းရိတ်။ နွားစာကျွေး ဆိုလည်းကျွေး။ ခိုင်းတာလုပ်ရတဲ့ ဘဝပါ။

သူဌေးသုမနကလည်း ကျွန်ုပ်တို့ မိသားစုအပေါ် ကောင်းပါတယ်။ စွမ်းနိုင်သမျှ ထောက်ပံ့ကျွေးမွေးပါတယ်။ ဒီကိစ္စအတွက် ငြိုငြင်မှု မရှိဘူး။ အင်းလေ…ဘာမှမဆိုင်ဘဲ ခွက်ထိုးခံ တောင်းရမ်းသူတွေ ရှိရင်တောင် မတွန့်တိုဘဲ ပေးလှူနေတော့ အသုံးချလို့ရတဲ့ ကျွန်ုပ်တို့အပေါ် ဘယ်မှာ ငြိုငြင်မလဲ။

လူ့ကံကြမ္မာဟာ ပြောဖို့ ခက်ပါတယ်။ မမြင်ရတဲ့ ကံကြမ္မာက ဘယ်နေ့ ဘာဖြစ်မယ်၊ ဘယ်ဘဝ ရောက်မယ်၊ ဘယ်လို အဆုံးသတ်ရမယ်ဆိုတာ ပြောဖို့ ခက်ပါတယ်။ အဲလို ပြောဖို့ခက်တဲ့ ကံကြမ္မာ အလှည့်အပြောင်းက ကျွန်ုပ်ဆီ ဦးတည်ရောက်လာပါတယ်။

ရောက်လာမယ့် အခြေအနေကို ကျွန်ုပ် ကြိုမသိခဲ့တာ အမှန်ပါ။ အဲဒီနေ့မှ ဂန္ဓမာဒနတောင်မှာ သီတင်းသုံးတဲ့ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်မြတ်ဟာ နိရောဓသမာပတ် ဝင်စားရာမှ ထတယ်။ ထတော်မူတဲ့ အချိန်မှာ အဘယ်သူကို ချီးမြှောက်ရမလဲလို့ ကြည့်တဲ့အခါ ဖြည့်ဆည်း ခဲ့တဲ့ ပါရမီအဟုန်ကြောင့် ကံလမ်းပွင့်နေတဲ့ အန္နဘာရကို ချီးမြှောက်ဖို့ ဖြစ်လာတယ်။ ဒါနဲ့ ဂန္ဓမာဒနတောင်မှ ကောင်းကင်ခရီးဖြင့် ကြွလာပြီး အန္နဘာရရဲ့ အိမ်တံခါးဝရှေ့ ရပ်တော်မူပါတယ်။

အဲဒီအချိန်မှာပဲ သူဌေးအိမ်အတွက် ထင်းခွေရာက ပြန်လာတဲ့ အန္နဘာရနဲ့ ကြုံပါတယ်။ အရှင်မြတ်ကို မြင်လိုက်တဲ့ ခဏမှာပဲ ကြည်ညိုစိတ်က ပြင်းပြလာပါတယ်။ ဒါနဲ့ အန္နဘာရဟာ သုတ်သီး သုတ်ပျာ အမူအရာနဲ့ ဇနီးဖြစ်သူကို လှမ်းမေးလိုက်တယ်။

"ရှင်မ၊ ထမင်း ကျက်ပြီးလား"

"ကျက်ပါပြီးတော်…"

"ကျက်ရင် ငါ့အတွက် ကိုယ်တာ မြန်မြန် ခူးလိုက်စမ်း"

"ရော်…ရောက်ရောက်ချင်း အလောတကြီး စားချင်နေရအောင် ဘယ်လို ဖြစ်လာတာလဲ၊ ချွေးတွေ သံတွေနဲ့ စားဖို့ ပြင်နေတာလား၊ ရေလေးမိုးလေး ချိုးစမ်းပါဦး"

"ဟာ…ဒီမိန်းမ ဘာတွေ ပြောနေတာလဲ၊ ငါစားဖို့ မဟုတ်ဘူး၊ အိမ်ရှေ့ ထွက်ကြည့်ပါဦး၊ အရှင်မြတ် ဆွမ်းရပ်နေတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ မထွက်ဘဲ အလုပ်ကုန်းလုပ်နေတာကြောင့် ဆွမ်းရပ်နေတဲ့ အရှင်မြတ်ကို မြင်ပုံမရဘူး။ ထမင်းကို ကသောကမျော ခူးခိုင်းနေတော့ သူစားမယ်ထင်ပြီး ပြောနေတာ။ သတိပေးလိုက်မှ ထမင်းတစ်ပန်းကန် ခူးပေးတယ်။

အန္နဘာရဟာ သူစားမည့် ထမင်းကို သက္ကစ္စဂါရဝထားပြီး အရှင် မြတ်ရဲ့ သပိတ်ထဲ လောင်းလှူလိုက်တယ်။

အဲဒီအခိုက်မှာပဲ အသိအလိမ္မာရှိတဲ့ မယားဖြစ်သူဟာ "ပင်ပင်ပန်းပန်း အလုပ်လုပ်ပြန်လာတဲ့ လင်သားက သူစားမည့်အစာကို မစားဘဲ လှူနိုင်ရင် အိမ်မှာနေတဲ့ သူက ဘယ်မှာ မလှူနိုင်ဘဲ ရှိမလဲ။ မိမိအတွက် ရတဲ့ထမင်းကို ပေးလှူအံ့"လို့ တွေးပုံရပါတယ်။ ဇနီးသည်ဟာ သူ့အတွက် ထမင်းကို ထပ်မံလောင်းလှူပြန်ပါတယ်။ ဆွမ်းလောင်းပြီးတဲ့အခါမှ အန္နဘာရက သတိရသွားတယ်။ ဒါနဲ့ အပေါ်ရုံအဝတ်ကို ဖြေပြီး လျှောက်ပတ်တဲ့နေရာမှာ ခင်းလိုက်တယ်။

"အရှင်ဘုရား၊ ဒီမှာ ဘုဉ်းပေးလို့ ရပါတယ်၊ ပင့်လျှောက်ပါရစေ"

"ကောင်းပြီး ဒကာ"

ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်မြတ်ဟာ ဆက်ကပ်လာတဲ့ ဆွမ်းကို ဘုဉ်းပေးပြီး ဆွမ်းအတွက် အနုမောဒနာတရား ဟောပါတယ်။ ဒီအခါ အန္နဘာရက "အရှင်ဘုရား၊ တပည့်တော်တို့ ဇနီးမောင်နှံဟာ ရှေးဘဝက ဒါနကုသိုလ်နည်းပါးလို့ ခုဘဝမှာ ဆင်းရဲခဲ့ရတာပါ၊ ဒါကြောင့် ယနေ့ ယခုပြုတဲ့ ကောင်းမှုကုသိုလ်ကံကြောင့် နိဗ္ဗာန်မရသေးမီ ဘဝခပ်သိမ်း ဆင်းရဲခြင်းမျိုး မကြုံပါရစေနဲ့။ အလိုရှိတဲ့အခါ ခဏခြင်းသာရနိုင်တဲ့ ကိုယ်ဖြစ်ပါစေ၊ ထမင်းဖြစ်ရာဌာနက ဘယ်နေရာဆိုတာ သိခွင့်မရတဲ့ သုခတရားတွေနဲ့ ပြည့်စုံရပါစေဘုရား"လို့ ဆုတောင်းလိုက်တယ်။ မျက်မှောက်ဘဝ ကြုံတွေ့ရတဲ့ ဒုက္ခသုခကြည့်ပြီး ဆုတောင်းလိုက်တယ်။ ဒီအခါ အရှင်မြတ်က "ဣစ္ဆိတံ ပတ္တိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု"လို့ ဆုပေးလိုက်ပါတယ်။

အရှင်မြတ်ဟာ ဆုပေးပြီး ခရီးဆက်ထွက်သွားပါတော့တယ်။

* * *

"ဟယ်…ထီးချက်စောင့် နတ်သမီး၊ ငါ အလှူပေးခဲ့တာ ကြိမ်ဖန် များစွာ အချိန်ကြာပြီ၊ ခုမှ သာဓုခေါ်ရသလော"

အန္နဘာရ၏ ဆွမ်းအလှူကို မြင်ရ၊ သိရတဲ့ ထီးချက်စောင့် နတ် သမီးဟာ ဆွမ်းအနုမောဒနာတရားအဆုံးမှာ ကောင်းချီးနမော် သာဓု ခေါ်တယ်။ ဒီအသံကြားတော့ သူဌေးသုမနက အပြစ်တင်စကား ဆိုလိုက်တယ်။ မှန်ပါတယ်။ သူဌေးသုမနဟာ ဆင်းရဲသား ဖုန်းတောင်းယာစကာတွေ လာရောက်တောင်းရမ်းရင် အလစ်အဟာမရှိအောင် ပေးလှူတယ်။ ရဟန်းသံဃာတွေ၊ ပရိဗိုဇ်တွေ ကြွလာရင်လည်း ဆွမ်းတန်ဆွမ်း၊ အဖျော်ရည်တန်ရင် အဖျော်ရည် အချိန်အခါကြည့်ပြီး သင့်ရာ လှူတယ်။ ဒီလို လှူဒါန်းပေးကမ်းမှုကြောင့် သူဌေးသုမနရဲ့ အိမ်ဂေဟာ မှာ အလှူအတန်းနဲ့ မပြတ်ဘူး။ အန္နဘာရတို့ သားအဖဟာ သူဌေးရဲ့ကောင်းမှုအတွက် သာဓုခေါ်ရတာ အကြိမ်ကြိမ်ပါ။ ဒါပေမယ့် ထီးချက်စောင့်နတ်သမီးရဲ့ သာဓုခေါ်သံ တစ်ခါဖူးမျှ မကြားခဲ့ရဘူး။

ဒီနေ့မှ ထူးထူးခြားခြား သာဓုခေါ်သံကြောင့် သူဌေးကြီးက မေးလိုက်ပါတယ်။

"ငါဟာ သင့်အလှူအတွက် သာဓုခေါ်တာမဟုတ်"

"ဟင်…ဒါဆို၊ အဲ…အဲ…ဒါဆို ဘယ်သူ့အတွက် သာဓုခေါ်တာလဲ"

"အန္နဘာရရဲ့ အလှူအတွက်ခေါ်တာ သူဌေး"

"ဟေ…အန္နဘာရ၊ နေပါဦး ဘယ် အန္နဘာရလဲ၊ ငါ့အိမ်က မြက်ထမ်း ထင်းခွေ အလုပ်လုပ်တဲ့ အန္နဘာရလား"

www.burmeseclassic.com

www.burmeseclassic.com



သင်းမှာ ဘာရှိလို့ အလှူပေးနိုင်တာလဲ။

"ဟုတ်တယ်၊ အနန္တာရရဲ့ အလှူပဲ။ သူ့မှာ ဘာမှမရှိပေမယ့် သူ ခွဲတမ်းရတဲ့ထမင်းကို သူ မစားဘဲ သဒ္ဓါစိတ်နဲ့ ပေးလှူခဲ့တဲ့အလှူ။အနန္တာရဟာ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင် မြတ်ကို တစ်ယောက်စာဆွမ်းလှူခဲ့တယ်လေ"

"သြော်"

"အလှူမှာ ပစ္စည်းဥစ္စာနည်းခြင်း၊ များခြင်းက ပဓာနမဟုတ်ဘူး သူဌေး၊ သူ့ရဲ့စေတနာ သဒ္ဓါစိတ်ထက်မြက်မှုက အရေးကြီးတယ်၊ အနန္တာရဟာ မျှော်ကိုးမှုမထားဘဲ သဒ္ဓါတရားအပြည့်နဲ့ လှူခဲ့တယ်၊ ဒီအတွက် ငါ သာဓုခေါ်ခဲ့တယ် သူဌေး"

ထီးချက်စောင့်နတ်သမီးစကားကြားတော့ သုမနသူဌေး စိတ်ဝင်စားသွားတယ်။ အနန္တာရအတွက်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်မိတယ်။ ဒါကြောင့် အနန္တာရကို ချီးကျူးစကားဆိုချင်လို့ သူ့ရှိရာအရပ်ကို ထွက်ခဲ့ပါတော့တယ်။

* * *

"သာဓုပါဗျာ၊ သာဓု...သာဓု၊ မောင်ရင်လေးရဲ့ ကောင်းမှုအတွက် သာဓု ခေါ်ပါတယ်"

"ဗျာ"

"မောင်ရင်လေးက ကံထူးပါပေတယ်။ ပုဂ္ဂိုလ်ထူးရဲ့ အလှူ ရပ်ခံမှုနဲ့ကြုံပြီး စေတနာ သဒ္ဓါစိတ်နဲ့ လှူခဲ့မိတာ ဝမ်းသာစရာပဲ"

"နေ...နေ...နေပါဦး သူဌေးမင်း၊ ဒီအကြောင်းကို အသိပေးဖို့ ခုမှ ကြံစည်နေတာ၊ သူဌေးမင်းက ဘယ်က ဒီသတင်းရလဲ"

"အ...ဟဲ...ဟဲ...ဟဲ၊ ထူးခြားတဲ့ အမှုကိစ္စဆိုတာ ဖုံးကွယ်လို့ ဘယ်မှာ ရမလဲဗျာ၊ မောင်ရင်လေးရဲ့ အလှူဒါနကို ထီးချက်စောင့် နတ်သမီးက သာဓုခေါ်တယ်လေ"

"သြော်...သြော်"

"ဒီအလှူကို ကျပ် ရောင်းပါ အနန္တာရ၊ အသပြာတစ်ကျပ် ပေးပါမယ်"

"ဗျာ"

"မောင်ရင်လေးရဲ့ ထမင်းတစ်ယန်းကနက တစ်ကျပ်မတန်ပါဘူး၊ ဒါပေမယ့် ကျပ် ဝယ်ပါ့မယ်၊ သင့်အလှူက ကျပ်အလှူ ဖြစ်ပါရစေ"

"ခင်ဗျာ...အဲ၊ သူဌေး မင်း ဒီလိုဝယ်တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တစ်သက်တာမှာ တစ်ခါမှ မလှူဖူးတဲ့ အလှူကို ငွေကြေးနဲ့ ရောင်းမစားပါရစေနဲ့"

"ဘာဖြစ်လို့လဲ၊ ငွေနည်းလို့လား၊ ဒါဆို နှစ်ကျပ်ပေးမယ်ဗျာ"

"ဒီလို မဟုတ်ပါဘူး သူဌေးရယ်၊ ကျွန်တော့်ဘဝမှာ ပြုနိုင်ခဲ့တဲ့ ကုသိုလ်လေးတစ်ခုရတာ ငွေကြေးနဲ့ တန်ဖိုး မဖြတ်ချင်ပါဘူး"

"ဒါဆို တစ်ရာပေးမယ် အနန္တာရ"

"မရောင်းပါရစေနဲ့"

"နှစ်ရာကွာ...နှစ်ရာ၊ ကဲကွာ...ကြာပါတယ်၊ ငါးရာပေးမယ်၊ ဒီငွေကြေးနဲ့ဆိုရင်တော့ ရောင်းသင့်ပြီ"

"မဟုတ်ပါဘူး သူဌေး၊ ငွေကြေးကြောင့် မဟုတ်ပါဘူး၊ ဒါန ကုသိုလ်လေး ယူချင်လို့ပါ"

"ဒါဆို တစ်ထောင်ကွာ၊ အသပြာတစ်ထောင်ဆိုတာ မောင်ရင့်ဘဝ ပြောင်းလဲသွားနိုင်တဲ့ အနေအထားပါ၊ ဒီလောက်ဆိုရင်တော့ မျှတပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးသူဌေးရယ်၊ ကျွန်တော်တို့ဟာ သူဌေးကြီးကို မှီခို နေရတာပါ၊ သူဌေးရဲ့ ကျေးဇူးတရားကိုလည်း သိပါတယ်၊ ဒီကျေးဇူးကို ပေးဆပ်နိုင်ဖို့လည်း အစဉ် အောက်မေ့နေပါတယ်၊ အခုကိစ္စကတော့ ကျွန်တော့်ဘဝမှာ ထူးခြားတဲ့ ဒါနပွဲလေးဖြစ်လို့ မရောင်းပါရစေနဲ့"

"ဒါဆိုလည်း မင်းကုသိုလ်ကို မျှဝေပေးပါ၊ အဲဒီ မျှဝေကုသိုလ်ကိုပဲ အသပြာတစ်ထောင် ချီးမြှင့်ပါ့မယ်။ ဒီလို ချီးမြှင့်တာကိုလည်း ချီးမြှင့်ရတယ် မထင်ဘူး၊ ကုသိုလ်ကိုသာ မျှဝေပေးပါ"

"ဟို…ဟိုဒင်း၊ ကုသိုလ်ကို မျှဝေပေးလို့ ရသလား"

"အဲဒါတော့ ငါလည်း မသိဘူး"

"ဒါဆို ကျွန်တော် ခုပဲ အရှင်မြတ်ကို ပြေးမေးကြည့်ပါ့မယ်၊ အရှင်မြတ်က ပေးဝေရတယ်ဆိုရင် ကြည်ကြည်ဖြူဖြူ ပေးပါ့မယ်"

အန္နဘာရဟာ သူဌေးတောင်းခံနေသည့် ပြဿနာ ပြေလည်အောင် ရှင်းရှင်းလင်းလင်း သိနိုင်ဖို့ အရှင်မြတ်အား မေးလျှောက်ကြည့်မည်ဟု တွေးလျက် အပြေးလိုက်ခဲ့တော့သည်။

* * *

ပစ္စေကဗုဒ္ဓါ အရှင်မြတ်နောက် ပြေးလိုက်သွားသည့် အန္နဘာရ သည် ခဏအကြာတွင် ကဆုန်စိုင်းလျက် အပြေးတစ်ပိုင်းနှင့် ပြန်ရောက် လာသည်။

"သူဌေးမင်း ခင်ဗျာ၊ ပြုခဲ့သမျှ ကုသိုလ်အတွက် အမျှပေးဝေ ပါတယ်၊ အမျှ…ခင်ဗျာ၊ အမျှ…အမျှ"

"ဟေ…အမျှဝေတယ်၊ သာဓုကွာ၊ သာဓု…သာဓု"

"ဒါနဲ့ အရှင်မြတ်က ကိုယ်ပြုခဲ့တဲ့ အလှူကို မျှဝေပေးလို့ ရသတဲ့လား"

"ဟုတ်ကဲ့၊ ဒီကိစ္စမရှင်းလို့ ကျွန်တော် မေးလျှောက်ခဲ့တယ်၊ ပေးဝေလို့ ရပါတယ်တဲ့၊ ရဟန်းတစ်ပါးကို ဆွမ်းတစ်ယန်းကန် လှူလိုက် ပြီး ဒီကုသိုလ်အတွက် လူတစ်ရာကို အမျှပေးဝေရင် ဆွမ်းယန်းကန် တစ်ရာ လှူတဲ့အတိုင်း အကျိုးရပါတယ်တဲ့"

"ဒီလို ပြောသလား"

"ဟုတ်ကဲ့…ခင်ဗျ၊ အရှင်မြတ်က ဥပမာပေးပြီး မိန့်သွားပါတယ်၊ ညချမ်းအချိန် သင့်အိမ်မှာ ဆီမီးထွန်းတာကို တခြားသူတွေက မီးစာဖြင့် လာကူးယူရင် သင့်မီးလည်း အလင်းအား လျော့မသွားသလို တခြားအိမ်မှာလည်း သင့်နည်းတူ မီးအလင်းရောင် ရစေပါတယ်၊ ကုသိုလ်ကို အမျှဝေလို့ လျော့ပါးခြင်းမရှိဘဲ တိုးပွားတဲ့ သဘာဝ ရှိပါတယ်တဲ့"

"ဝမ်းသာလိုက်တာ မောင်ရာ၊ ရော့…အသပြာတစ်ထောင်"

"ခင်ဗျား…ဒါက အဲ…ဟင့်အင်း၊ ကျွန်တော် မယူပါဘူး"

"ငါက စေတနာနဲ့ ပေးတာပါ၊ မင်းအလှူကို အဖိုးအခပေး ဝယ်တာ မဟုတ်ဘူး၊ မင်းရဲ့ သဒ္ဓါတရား ကောင်းမှုအတွက် ချီးမြှင့်တာ။ ဂုဏ်ပြုတာ၊ ပြီးတော့ ဒီနေ့ကစပြီး မင်းဟာ ငါ့ရဲ့မိတ်ဆွေ ဖြစ်သွားပြီ၊ ငါ့ရဲ့ အိမ်အမှု လုပ်စရာလည်း မလိုတော့ဘူး၊ ဒီငွေတစ်ထောင်နဲ့ ကြီးပွားအောင် လုပ်ပြီး ကုသိုလ်ကောင်းမှုပြုတော့"

အန္နဘာရဟာ လက်ခံနိုင်တဲ့ အကြောင်းပြချက်ကြောင့် ငွေသား တစ်ထောင်ကို သိမ်းဆည်းလိုက်တယ်၊ အဲဒီနေ့မှာပဲ ညချမ်းအခါမှာ မင်းကြီးထံကို သုမနသူဌေး ညီလာခံဝင်ရတယ်၊ အဲလို ဝင်ချိန်မှာ အန္နဘာရကို အဖော်ပြုပြီး ခေါ်ငင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးဟာ သုမနသူဌေး အဖော်ပြုလာတဲ့ အန္နဘာရကို မကြာခဏ ကြည့်တယ်။ ဒီအခါ သုမနသူဌေးက နှစ်လိုစွာ တစ်ချက်ပြုံးလိုက်တယ်။

“အရှင်မင်းကြီး ဘာကို စူးစမ်းပါသလဲ”

“အချင်း သူဌေး၊ ခါတိုင်း အဖော်ပြုသူ ပါမလာဘဲ ဒီနေ့ လူသစ်ကို ခေါ်လာသလားလို့”

“သူက အန္နဘာရပါ မင်းကြီး၊ ထူးခြားတဲ့ ပါရမီရှင်ပါ”

“ပါရမီရှင်”

“မှန်ပါတယ် မင်းကြီး၊ အန္နဘာရဟာ ကျွန်တော်မျိုးအိမ်က အမှုလုပ်ပါ။ ဒါပေမယ့် ထူးမြတ်တဲ့ စေတနာ သဒ္ဓါစိတ်ရှိလို့ ဒီနေ့ပဲ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ဆွမ်းလှူလိုက်ရပါတယ်၊ သူ့ရဲ့ သဒ္ဓါထူးကြောင့် ကျွန်တော်မျိုးအိမ်ကိုစောင့်တဲ့ ထီးချက်စောင့်နတ်သမီးက သာဓု ခေါ်ခဲ့ပါတယ်”

“နတ်သမီးက သာဓု ခေါ်တယ်”

“မှန်ပါတယ် မင်းကြီး၊ အန္နဘာရဟာ စေတနာသဒ္ဓါစိတ် ပြတ်သားသလို အလှူအပေါ်မှာ အာသီသ ပြတ်ပုံကလည်း ထူးခြားပါတယ်၊ ဆွမ်းတစ်ယန်းကန်လှူတဲ့သူ့အလှူကို ကျွန်တော်မျိုးက အသပြာ တစ်ထောင်ပေးဝယ်တာ မရောင်းပါဘူး၊ အဲ…ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို မေးလျှောက်ပြီးချိန်မှာတော့ ကုသိုလ်အဖို့ကို အလကား မျှဝေပေးပါတယ်၊ သူ့စေတနာကို တုံ့ပြန်ပူဇော်တဲ့အနေနဲ့ အသပြာတစ်ထောင် ချီးမြှင့်ပြီး အိမ်ကျွန်အဖြစ်က ကင်းလွတ်ခွင့်ပေးခဲ့ပါတယ်”

“ကောင်းပေတယ် သူဌေးကြီး၊ သင်ကိုယ်တိုင် ချီးမြှင့်သလို ကျွန်ုပ်လည်း ချီးမြှင့်သူကောင်း ပြုရတာပ”

မင်းကြီးသည်လည်း သူဌေးနည်းတူ အသပြာတစ်ထောင် ထပ်မံ ချီးမြှင့်လျက် သူဌေးအရာ ခစားစေတယ်။ ထို့မှုမက သူဌေးအရာနှင့် လျောက်ပတ်တဲ့ အိမ်ဆောက်နေဖို့ မြေတစ်ကွက်ပေးအပ်တယ်။ ဒီ မြေကို အိမ်ဆောက်ဖို့တူးရာမှာ နှုတ်ခမ်းချင်း ထိစပ်နေတဲ့ ရွှေအိုးတွေက မြေကွက်နဲ့ အပြည့်ရပါတယ်။ ဒီရွှေအိုးတွေကို တူးဖော်တဲ့အခါ မင်းကြီးက “မြေမှဖြစ်တဲ့ ဥစ္စာဟာ မြေရှင် ဥစ္စာဖြစ်လို့ ငါ ပိုင်ဆိုင်တယ်၊ ငါ့ဥစ္စာကို တူးဖော်ကြ”လို့ အမိန့်ပေးတယ်။ ဒီလို ပြောတဲ့အခါ ရွှေအိုးများက ကွယ်သွားပြီ၊ အန္နဘာရရဲ့ ဥစ္စာလို့ပြောမှ အလွယ်တကူ တူးဖော်ရခဲ့တယ်။ အတိုင်းအဆမရှိတဲ့ ဥစ္စာပစ္စည်းတွေ ရယူပိုင်ဆိုင်လို့ ဘုရင်မင်းမြတ်က သူဌေးကြီးဘွဲ့ထူးနဲ့ ချီးမြှင့်မြှောက်စားခဲ့ပါတယ်။

အန္နဘာရခေါ်တဲ့ ထင်းခွေမြက်ထမ်းသမားဟာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို တစ်ယောက်စာဆွမ်းလှူဒါန်းရတဲ့ အကျိုးက နေ့ချင်းပဲ သူဌေးကြီး အရာကို ရရှိခဲ့ပါတယ်။ အလှူပေးရင် ဥစ္စာမလျော့ပါးဘဲ ချမ်းသာရာရတာ အထင် အရှားပါပဲ။

ကျမ်းကိုး။ ။ဓမ္မပဒဋ္ဌကထာသနိ(၃)တွဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# လယ်ကွင်းထဲက အလှူပွဲ

"ဟော…ဒီနေ့ နက္ခတ်သဘင်ပွဲရှိလို့ အနားပေးထားတယ်လေ"

"ဟုတ်ကဲ့၊ အနားပေးမှန်း သိပေမယ့် အလုပ်လုပ်ချင်သူအတွက် အလုပ်က မရှားပါဘူးလို့ သူဌေးကြီး ပြောစကားရှိလို့ပါ"

"အေး…ဟုတ်တယ်လေ၊ ငါ ပြောဖူးပါတယ်၊ ပွဲလမ်းသဘင်ရှိလို့ အလုပ်သမားအားလုံး နားကြတော့၊ မောင်ရင်လည်း နားမယ်ထင်တာ"

"နားလို့မဖြစ်ဘူး သူဌေးရဲ့၊ တစ်နေ့လုပ်မှ တစ်နေ့စာ စားစရာရတဲ့ ကျွန်တော့်အဖို့ အလုပ်လုပ်မှ ဖြစ်မှာ"

"ဒါဆို မင်းက အလုပ်လုပ်မယ်ပေါ့"

"ဟုတ်ကဲ့၊ အနားမယူဘဲ ထွန်ရယက်ရမယ့် လယ်တွေထွန်ပါ့မယ်"

သူဌေးကြီးသုမနသည် အများသူငါ အနားယူရက်တွင် မနားနိုင်ဘဲ အလုပ်လုပ်ဖို့ လာပြောတဲ့ မောင်ပုဏ္ဏကို စူးစိုက်ကြည့်နေမိသည်။ သူ၏ အလုပ်သမားထဲတွင် မောင်ပုဏ္ဏသည် အလုပ်ကြိုးစားသည်။ စိတ်ရောကိုယ်ပါ လုပ်သည်။ လုပ်ငန်းပိုင်းတွင်လည်း စိတ်ချရသည်။ အလုပ်က တာဝန်ကျေပွန်သဖြင့် တခြားသူထက် နေ့တွက်ခ ပိုပေးလို သော်လည်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်လာမှာစိုးသဖြင့် ခပ်မဆိတ်သာ နေခဲ့သည်။

ဒီနေ့တော့ ထူးထူးခြားခြား အလုပ်လာတောင်းသည်။

"မောင်ပုဏ္ဏ၊ မင်း တကယ်လုပ်မှာလား"

"ကျွန်တော့်ကို နွားတစ်ရှဉ်းနဲ့ထွန်သာ ယူခွင့်ပြုပါ"

"အဟ…ကြိုက်ပြီ၊ ငါက ဒီလိုလူကို ရှာနေတာ၊ နွားတင်းကုပ်ထဲက ကြိုက်တဲ့ နွားတစ်ရှဉ်းယူသွား၊ ရော့…ဟောဒီမှာ နေ့တွက်ခ တစ်သပြာ၊ အဲ…နေဦး၊ ဒါက ကြိုးစားမှုရှိလို့ ဆုချတဲ့ တစ်သပြာ"

"ရပါတယ် သူဌေး၊ ခါတိုင်းပေးရိုးပေးစဉ်အတိုင်း ပေးလည်း ရပါတယ်"

"ဘယ်ကလာ၊ ပေးရိုးပေးစဉ် ပေးရမလဲ၊ သူများမလုပ်တဲ့ အချိန် မင်းက အလုပ်လုပ်တော့ ဆုချရမှာပေါ့၊ ယူပါ၊ ကျုပ်က သဒ္ဓါစိတ်နဲ့ ပေးတာပါ"

မောင်ပုဏ္ဏ ပျော်သွားသည်။ လာရကျိုးနပ်သွားပြီဟုလည်း တွေး လိုက်ပြီး နွားတစ်ရှဉ်းကို ထွန်ကောက်လျက် ထွက်ခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တွင် အရှင်သာရိပုတ္တရာမထေရ်သည် နိရောဓသမာပတ် ဝင်စားရာမှ (၇)ရက်ပြည့်မြောက်သဖြင့် သမာပတ်မှ ထသည်။ ထိုအခါ လောက၌ အဘယ်သူကို ချီးမြှောက်ရမလဲဟု ဆင်ခြင်ကြည့်သည်။ ရှေးရှေးက ပြုဖူးသော ကုသိုလ်ပါရမီရှိသည့်ပြင် ထိုပါရမီပြည့်မြောက် ရန်လည်း အချိန်သင့်ချိန် ဖြစ်ရမည်။ ထို့ပြင် သဒ္ဓါစွမ်းအားရှိပြီး လှူဒါန်းနိုင်သည့် ပစ္စည်းလည်း အရန်သင့် ရှိဖို့လိုသည်။ ထိုအချက်တွေ ပြည့်စုံသော ဆင်းရဲသား မောင်ပုဏ္ဏကို အရှင်မြတ်ကြီး၏ အာရုံတွင် ထင်လာသည်။ ထို့ကြောင့် သင်္ကန်းကိုပြင်ရုံလျက် သပိတ်ကို ဆွဲပြီး မောင်ပုဏ္ဏရှိရာ လယ်ကွင်းဆီသို့ ကြွလှမ်းခဲ့ပေသည်။

"ဟော"

မောင်ပုဏ္ဏသည် လယ်ထွန်ရာမှ အရှင်မြတ်ကြီးကို လှမ်းမြင်လိုက်သည်။ အဘယ်အလို့ငှာ လယ်ကွင်းထဲ လာပါလိမ့်ဟု တွေးနေစဉ် အရှင်မြတ်ကြီးက ရေတွင်းတစ်ခုအနားတွင် ရပ်တန့်လိုက်သည်ကို မြင်လိုက်သည်။

မောင်ပုဏ္ဏသည် နွားများကို စုတ်သပ်ရပ်လိုက်ပြီး ထွန်တုံးကို ဘေးတိုက်လှဲချလိုက်သည်။ "ခေတ္တခဏ နားကြပေဟ့"ဟု သင်္ကေတပြလျက် ရပ်တန့်လိုက်ပြီး အရှင်မြတ်ကြီးထံ အပြေးတစ်ပိုင်းနှင့် ထွက်ခဲ့သည်။

မောင်ပုဏ္ဏသည် အရှင်မြတ်ကြီးအပါးရပ်လျက် မျက်နှာသစ်ရန် ရေကို ခပ်လိုက်သည်။ ဒန်ပူတစ်ချောင်းကို အမြန်ဆုံး ပြုလုပ်ပြီး မျက်နှာသစ်ရန် ကပ်လှူသည်။

"အင်း...အရှင်မြတ်ကြီးဟာ ဒီနေရာကို အကြောင်းမဲ့လာတာ မဟုတ်လောက်ဘူး၊ ငါ့ကို ချီးမြှင့်ချင်လို့ လယ်ကွင်းထဲအထိ ကြွလာတာပဲ၊ ငါလှူနိုင်တဲ့ပစ္စည်းကို သတ္တုစွဂါရဝထားပြီး လှူရမယ်"

မောင်ပုဏ္ဏသည် မျက်နှာသစ်ရေ၊ ဒန်ပူနှင့် သောက်ရေကို ကပ်လှူပြီး ရှိခိုးပူဇော်လိုက်သည်။ "ဤကောင်းမှု ကြောင့် ဆင်းရဲမှုအပေါင်းမှ ကင်းဝေးရပါလို၏ ဘုရား"ဟု ဆုတောင်းလိုက်သည်။

ထိုအချိန်တွင် ပုဏ္ဏ၏ဇနီး ဘာရိတာသည် ထမင်းဟင်းချက်ပြုတ်လျက် လယ်တောသို့ ထွက်လာသည်။ အရှင်မြတ်ကြီးသည် ဘာရိတာ လာမည့်လမ်းကို ရွေးချယ်ပြီး ပြန်လာသည်။ ဘာရိတာသည် အရှင်မြတ်ကိုဖူးရလျှင် သဒ္ဓါစိတ်ဖြင့် လှူဒါန်းလိမ့်မည်။ ဤလှူဒါန်းရသော အကျိုးသည် နေ့မကူးဘဲ အကျိုးပြုလိမ့်မည်။ ဘာရိတာတို့ ဇနီး မောင်နှံ၏ ဥပနိဿယကို သိသဖြင့် ပါရမီဖြည့်ဆည်းရန် လာရာလမ်းမှ ကြွချီခြင်း ဖြစ်ပေသည်။

ဘာရိတာသည် လင်တော်မောင် ဆာလောင်နေမည်မှန်း သိ၍ ခြေလှမ်းကျဲကျဲနှင့် လျှောက်လာစဉ် ရှေ့မှ ကြွလာသော အရှင်မြတ်ကြီးကို ဖူးတွေ့ရလိုက်သည်။ အရှင်မြတ်၏ ရင့်ကျက်တည်ငြိမ်သော ဣန္ဒြေကို မြင်သည်နှင့် ကြည်ညိုစိတ်များ တဖွားဖွား ဖြစ်လာသည်။

"အင်း...ငါတို့ လင်မယား ခုလို ဆင်းရဲနေတာ၊ ပင်ပင်ပန်းပန်း ရှာဖွေစားသောက်နေရတာဟာ အတိတ်ဘဝက ကုသိုလ်ဒါန နည်းခဲ့ လို့ပဲ၊ မလှူတော့ မရှိတဲ့ဘဝကို ဖျက်သိမ်းနိုင်တာဟာ ဒါနကုသိုလ် တစ်ခုပဲ ရှိတယ်၊ ငါ့မှာ လှူလိုတဲ့စိတ်လည်း ရှိတယ်၊ လှူဖွယ်ပစ္စည်း လည်းရှိတယ်၊ အလှူခံပုဂ္ဂိုလ်လည်း အသင့်ရှိနေပြီ၊ ဒီလို အခွင့်ကောင်း အခါကောင်းကို အလွတ်ခံလို့ မဖြစ်ဘူး။ ဟုတ်တယ်၊ ငါဟာ အထမြောက်အောင် လှူရမယ်"

ဤသို့ တွေးမိသည်နှင့် ခေါင်းထက်မှ ထမင်းတောင်းကိုချပြီး "ရပ်တော်မူပါဦး ဘုရား"ဟု တောင်းပန် လျှောက်ထားလျက် လင်သားအတွက် ချက်ပြုတ်လာသော ထမင်းနှင့်ဟင်းအား ဆွမ်းအဖြစ် လောင်းလှူလိုက် သည်။

"တော်သင့်ပြီ ဒကာမ"ဟူသော အဓိပ္ပာယ်နှင့် အရှင်မြတ်ကြီးက သပိတ်အဖုံးကို ပိတ်သည်။ ထိုအခါ ဘာရိတာက "မှန်ပါ ဘုရား၊ ဒီဆွမ်းဟာ တစ်ပါးစာသင့်ရုံမျှသာ ရှိပါတယ်၊ တပည့်တော်မ လှူဒါန်း တဲ့အကျိုးကို အခုဘဝမှာ မချီးမြှင့်ဘဲ နောင်ဘဝများစွာအတွက်သာ အထောက်အပံ့ဖြစ်ပါစေ ဘုရား"ဟု တောင်းပန်ပြီး အားလုံးကို ပေးလှူ လိုက်သည်။ ထိုသို့ လှူလိုက်ရသည့်အတွက် ကြည်နူးကျေနပ်မှု ဖြစ်မိသည်။ ထိုအချိန်မှာပင် အရှင်မြတ်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



သာခု အနုမောဒနာခေါ်သဖြင့် ''အရှင်မြတ်တို့ ရအပ်သောတရား အသိရပြီး နိဗ္ဗာန်မရမီ စပ်ကြား တောင့်တမဲ့သော ဘဝများ ရရလိုပါ၏''ဘုရားဟု ဆုတောင်း လိုက်သည်။

ဘာရိတာသည် အရှင်မြတ်ကြီးကို လောင်းလှူလိုက်သဖြင့် လင်တော်မောင်အတွက် အသစ်တစ်ဖန် ချက်ရမည်ဖြစ်၍ အိမ်သို့ အလျင်အမြန် ပြန်ပြေးသည်။ ထမင်းအိုး၊ ဟင်းအိုး အသစ်တည်လျက် ကတိုက်ကရိုက်နှင့် ပြန်လာသော်လည်း အချိန်က လင့်နေပြီ။ သည်အချိန်တွင် ထမင်းဆာသဖြင့် လင်တော်မောင်က လည်တဆန့်ဆန့် မျှော်နေမည်ကို တွေးပြီး ခလုတ်တိုက် မလဲရုံတမယ် ခြေလှမ်းကျဲကျဲ လှမ်းလာခဲ့တော့သည်။

* * *

ဘာရိတာသည် လယ်ကွင်းဆီသို့ အလျင်အမြန်လာသော်လည်း စိတ်ထဲကမူ ပူပန်နေသည်။ အချိန်လင့်ပြီး အဆာလွန်နေသဖြင့် ဒေါပွနေသော လင်သားက ဆူပူကြိမ်းမောင်း အပြစ်တင်လျှင် လှူခဲ့သမျှ ကုသိုလ်သည် အကုသိုလ် ဖြစ်သွားနိုင်သည်။ နှစ်ဦးသား စိတ်တူကိုယ်တူ ကြည်ဖြူစွာ လှူဒါန်းပြီး ဒါနကောင်းမှုအတွက် ကြည်နူးပီတိ ဖြစ်စေချင်သည်။ အမျက်ဒေါသမရှိဘဲ ကြည်ကြည်ဖြူဖြူ လက်ခံစေရန် ဘယ်သို့ ပြောရမလဲဟု တွေးနေမိသည်။ ထွန်ကိုဖြုတ်ပြီး နွားတွေကို မြက်ကျွေး အနားပေးလျက် မျှော်နေသောလင်တော်မောင်ပုဏ္ဏ မြင်သည်နှင့် ပြုံးရယ်ပြ လိုက်သည်။

''သာခုခေါ်တော့ ကိုရင်ရေ့''

''ဟေ''

''ဒီနေ့တော့ ရှင်ရော ကျွန်မပါ ကြီးကျယ်တဲ့ အလှူကြီးတစ်ခု ပြုလိုက်နိုင်ခဲ့ပြီ''

''ဟေ...ဒါကို မင်း ဘယ်လိုလုပ်သိလဲ''

မောင်ပုဏ္ဏသည် မိမိပြုခဲ့သော ကောင်းမှုကုသိုလ်ကို ရည်ရွယ်ပြောသည်ထင်၍ ရွှင်လန်းတက်ကြွစွာ ပြုံးလိုက်သည်။ လင်သား၏ အပြုံးကို မြင်လိုက်သဖြင့် ဘာရိတာလည်း ဘဝင်ကျသွားသည်။

''ဘယ်လို သိရမလဲတော့ ကိုယ်တိုင်လုပ်ခဲ့တဲ့ အလှူပဲ''

''ဟေ''

''ထမင်းဟင်း ချက်ပြုတ်ပြီး ရှင့်ကို ထမင်းပို့အလာမှာ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးနဲ့ လမ်းမှာ ဆုံတယ်၊ သိလား''

''ဟေ''

''ကျုပ်မှာ လှူစရာလည်း အဆင်သင့်ပါနေ၊ အရှင်မြတ်ကြီးနဲ့လည်း ဆုံတွေ့တော့ လှူချင်စိတ်ပေါ်တာနဲ့ လောင်းလှူလိုက်တယ်''

''ဟုတ်လား၊ တိုက်ဆိုင်လိုက်တာ၊ ငါ့ထံလည်း အရှင်မြတ်ကြီး ကြွလာလို့ ဒန်ပူနဲ့မျက်နှာသစ်ရေ ကပ်လိုက် သေးတယ်''

''အဟုတ်''

''မဟုတ်ဘဲ ငါက လုပ်ကြံပြောမလား မယ်ဘာရိတာရယ်၊ ဒီလို ကောင်းမှုပြုခွင့်ရလို့ ဝမ်းသာစကားပြောဖို့ မင်းကို မျှော်နေတာ၊ မင်းက အလာနောက်ကျနေတာကိုး''

''နောက်ကျဆို ရှင့်အတွက် ပြန်ချက်နေရတယ်လေ၊ ထမင်းစားနောက်ကျလို့ ရှင်ကများ ဆူမလားလို့ တွေးပူနေတာ''

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ၊ အလှူအတန်းလုပ်တာကို အပြစ်တင်ရမလား၊ တို့များ ဒါနကုသိုလ်မရှိလို့ ခုလို ဆင်းရဲရတာ အခါအခွင့်ကြုံလို့ လှူဖြစ်တာကိုပဲ ဝမ်းသာရဦးမယ်"

"ဒါဆို တော် စိတ်မဆိုးဘူးပေါ့"

"မဆိုးပါဘူး၊ သိတတ်လိမ္မာတတ်တဲ့ မင်းကို ကျေးဇူးတောင် တင်ရဦးမယ်၊ ငါပြုတဲ့ ကုသိုလ်အဖို့ကို အမျှဝေပါတယ်၊ သာဓုခေါ်ပါ ဘာရီတာ"

"သာဓုပါတော်၊ သာဓုပါ၊ ကျုပ်ကလည်း အမျှပေးဝေပါတယ်၊ ကဲကဲ…ရှင်လည်း ဆာနေရော့မယ်၊ ကျုပ် ပြင်ဆင်ပေးမယ်"

"အင်း…ဝမ်းသာစိတ်ကြောင့် ဆာလောင်မှန်းတောင် မသိတော့ပါဘူး။ ဒါပေမယ့် တစ်လုတ်တစ်ဆုပ်တော့ စားလိုက်ဦးမယ်၊ စားပြီးရင် ခဏအနားယူမယ်ကွာ"

ဘာရီတာသည် ရင်လေးနေသည့်ကိစ္စ ချောချောမောမော အဆင်ပြေသွားသဖြင့် ရင်ထဲက အပူလုံးကြီး ပြေကျသွားသည်။ မိမိတို့ ပြုခဲ့သောကောင်းမှုကုသိုလ်ကို ပြန်လည်စဉ်းစားရင်း ရင်တစ်ခုလုံး ပီတိတွေ ဖုံးနေလေတော့သည်။

* * *

"ဟယ်…ဟိုမှာ၊ ကြည့်စမ်း ဘာရီတာ၊ လယ်ကွင်းထဲ ကြည့်လိုက် စမ်း"

တစ်မနက်လုံး လယ်ယာထွန်ယက်ထားသဖြင့် ပင်ပန်းနေသော လင်သားက တစ်ရေးတစ်မော အိပ်လိုကြောင်း ပြောသဖြင့် ဘာရီတာက ပေါင်ကို ခင်းပေးလိုက်သည်။ မောင်ပုဏ္ဏကလည်း ဘာရီတာ၏ရင်ခွင်တွင် ခေါင်းထိုးလျက် အိပ်လိုက်သည်နှင့် တစ်ခဏချင်းပင် အိပ်ပျော်သွားသည်။ အိပ်ရာမှဖျတ်ခနဲ လန့်နိုးသည်နှင့် အလန့်တကြား ထအော်သံကြောင့် ဘာရီတာသည် ညွှန်ပြရာသို့ ကြည့်မိသည်။

"ငါ မျက်စိ မှားနေလား မသိဘူး၊ လယ်ကွင်းတစ်ခုလုံး ရွှေရောင်တွေ တောက်နေသလိုပဲ"

"ဟယ်…ဟုတ်ပါရဲ့၊ ကျုပ်တောင် လှည့်မကြည့်မိဘူး၊ ရှင် ထွန်ခဲ့တဲ့ ထွန်စာခဲတွေက ရွှေဖြစ်နေသလားပဲ"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ မြေကြီးခဲက ရွှေတုံးရွှေခဲ ဖြစ်စရာ အကြောင်းမရှိပါဘူး"

"နေစမ်းပါဦး၊ ရှင် ခဏထ၊ ကျွန်မ ပြေးကြည့်လိုက်မယ်"

ဘာရီတာသည် မောင်ပုဏ္ဏ၏ ခေါင်းကိုမ,ထူလျက် ထိုင်ရာမှထပြီး လယ်ကွင်းဆီသို့ ပြေးသွားသည်။ လယ်ကွင်းထဲအရောက်တွင် ထွန်စာ ခဲတစ်ခုကို ကောက်ယူလျက် ကြည့်သည်။ လက်ထဲမှ ထွန်စာခဲနှင့် အခြားထွန်စာခဲကို ထုကြည့်နေသည်။

"ကိုပုဏ္ဏ၊ ရွှေ…ရွှေ…ရွှေတုံးရွှေခဲတွေတော့ ထွန်စာခဲသမျှ ရွှေတွေ ဖြစ်နေပြီ"

"ဟေ"

မောင်ပုဏ္ဏသည် ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထပြီး မယ်ဘာရီတာရှိရာ လယ်ကွင်းဆီသို့ ပြေးသွားပြီး ထွန်စာခဲ တစ်ခဲပြီးတစ်ခဲ ကောက်ကြည့် သည်။ မြေစာခဲအားလုံးက ရွှေတုံး ရွှေခဲတွေဖြစ်သည်ကို တွေ့ရသဖြင့် အလှူဒါနအကျိုးက ဒိဋ္ဌဓမ္မ ရလေပြီဟု တွေးလိုက်မိသည်။

"ကိုပုဏ္ဏ၊ ဒါ ဘယ်လိုလုပ်မလဲ"

"ဘယ်လို လုပ်ရမလဲ မိန်းမရဲ့၊ တို့နဲ့ထိုက်လို့ ရတာပဲ၊ ဒါတွေ ယူရမှာပေါ့"

"အဲလိုယူလို့ သတင်းပေါက်ကြားသွားရင် ခက်မှာပေါ့"

"ဟ…ဒီမိန်းမ၊ ဘယ်လို အတွေးမျိုးဝင်လဲ မသိဘူး၊ ဒီလောက်များပြားတဲ့ ဥစ္စာရတနာတွေရတာ ဘုရင်မင်းမြတ်ကို သံတော်ဦးတင်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ မင်းကြီးကိုလျှောက်တော့ သိမ်းသွားမှာပေါ့"

"အဟဲဟဲ၊ အကုန်တော့ ဘယ်သိမ်းမလဲ ရှင်မရာ၊ ဒီတစ်ဝက် ရှိဦး၊ တို့ဘာဝက လုံးလုံးလျားလျား ပြောင်းသွားပြီ၊ ကဲကဲ...ပြောနေ တာကြာတယ်၊ သူဌေးဆီ နွားပြန်အပ်ရင် ဒီသတင်းပေးမယ်၊ ပြီးတော့ သူဌေးနဲ့အတူ မင်းကြီးကို လျှောက်တင်မယ်၊ ကိုင်း...ပြန်ကြစို့"

မောင်ပုဏ္ဏနှင့် မယ်ဘာရိတာက အကြောင်းစုံ ပြောပြတော့ သူဌေးသုမန အံ့သြနေသည်။ ဖြစ်နိုင်ပါ့မလား ဟူသော သံသယစိတ်ဖြင့် ကြည့်သည်။ သို့သော် ထိုသတင်းကို မင်းကြီးအား အသိပေးလိုက်သည်။

မင်းကြီးသည် မင်းချင်းများစေလွှတ်ပြီး အကြည့်ခိုင်းသော် မောင် ပုဏ္ဏတို့ ပြောသည့်အတိုင်း မြေစာခဲများက ရွှေတုံးရွှေခဲများ ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့သြကုန်သည်။ မင်းကြီးသည် လှည်းတစ်ထောင်ကို စေလွှတ်ပြီး သယ်စေသည်။ မင်းချင်းတို့သည် "မင်း၏ဘဏ္ဍာ၊ သယ်ယူကြစို့"ဟု ပြောဆို သယ်ဆောင်ရာ ရွှေခဲများက မြေကြီးခဲတွေ ပြန်ဖြစ်ကုန်သည်။ မင်းချင်း တို့လည်း အခက်တွေ့ကုန်သည်။ "မောင်ပုဏ္ဏ ဥစ္စာရတနာများ သယ်ကြတော့"ဟုဆိုမှ မြေစိုင်ခဲများက ရွှေခဲပြန်ဖြစ်ကုန်သည်။ ရွှေတုံးရွှေခဲများ တင်ယူခဲ့ပြီး မင်းရင်ပြင်တွင် ပုံထားရာ အတောင်ရှစ်ဆယ်မျှ အမြင့်ရှိပေသည်။

"မင်းကြီးတို့ ငါ စံမြန်းတဲ့ ရာဇဂြိုဟ်ပြည်မှာ ဒီလောက်များပြားတဲ့ ရွှေတွေရှိနိုင်သူ ရှိသလော"

"ရှိရန် ခက်ခဲပါတယ် မင်းကြီး"

"ဒီပစ္စည်းရှင် မောင်ပုဏ္ဏရဲ့ ဘုန်းကံကြောင့် ဒီရတနာတွေရတာပဲ၊ သူဟာ ရာဇဂြိုဟ်သူဌေးအဖြစ် ချီးမြှောက်ခံ သင့်ပေတယ်"

"မှန်ပါတယ် မင်းကြီး၊ သူဌေးဘွဲ့ ချီးမြှောက်သင့်ပါတယ်"

မောင်ပုဏ္ဏနှင့် မယ်ဘာရိတာသည် အရှင်သာရိပုတ္တရာ ကိုယ်တော် ကြီးအား အဖိုးမထိုက်သော ပစ္စည်းကို ပေးလှူခဲ့သည်။ ပစ္စည်းဥစ္စာက တန်ကြေးမရှိသော်လည်း စေတနာသဒ္ဓါတရားက တန်ဖိုးမဖြတ်နိုင်။ သို့ဖြစ်၍ သဒ္ဓါအားဖြင့် အဖိုးတန်ရတနာများရပြီး ကြွယ်ဝချမ်းသာသွားခဲ့သည်။ မောင်ပုဏ္ဏနှင့် မယ်ဘာရိတာသည် ဒါနကောင်းမှုကြောင့် နေ့ချင်းပင် ကြီးပွားချမ်းသာခဲ့ပေသည်။

ကျမ်းကိုး။ ။ဓမ္မပဒ၊ ကောခဝဂ်၊ ဥတ္တရာဝတ္ထု။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အလှပင် ပျက်ချင်ပျက်စေတော့

“ဘာအေ့၊ အသပြာတစ်ထောင်ပေးတာ မရောင်းနိုင်ဘူး ဟုတ် လား”

“ဟုတ်ပါတယ် မမ၊ အသပြာတစ်ထောင်ဆိုတာ မရှိတဲ့လူအတွက် မက်မောစရာပါပဲ၊ ဒါပေမယ့် မိန်းမသားရဲ့ အလှတရားမှာ ဆံကေသာက ပဓာနကျတယ်။ ဒါကြောင့် မရောင်းပါဘူးတဲ့”

“ကြီးကျယ်လိုက်တာ၊ သင့်ဆံပင်က ဘယ်လောက်များ အသုံး ကျလို့ မာန်တက်နေတာလဲ၊ အဟင်း…ကြည့်သေး တာပေါ့”

တေလပနာဋ္ဌီရွာရှိ စည်းစိမ်ဥစ္စာ ပြည့်စုံသော နိကေသီသည် ဒေါသ ကြောင့် မျက်နှာခြင်းခြင်း နီနေသည်။ သူ အလိုရှိသည်ကို မရခြင်း ထက် စကားဖြင့် ခနဲ့ခံလိုက်ရသည်ထင်သဖြင့် ပို၍ ဒေါသဖြစ်မိသည်။ ငွေဖြင့် အရာရာကို ဖန်တီးနိုင်သည်။ ငွေရှိလျှင် ဘာမဆိုရနိုင်သည်ဟု အမြင်ရှိထားရာ ငွေနှင့်ပေါက်သည်ကို မရသဖြင့် ပို၍ပို၍ ဒေါသ ဖြစ်ရသည်။

တေလပနာဋ္ဌီရွာတွင် တစ်ချိန်က စီးပွားဥစ္စာ ချမ်းသာသော်လည်း မိဘများ ဆုံးပါးပြီးနောက် စီးပွားရေး တဖြည်းဖြည်း ကျဆင်းနေသည့် ဒီဃကေသာဆိုသူ ရှိသည်။ သူမသည် ကောင်းခြင်းငါးဖြာအနက် ဆံပင်၏ ကောင်းခြင်းမှာ ထူးထူးခြားခြား ရှိသည်။ ပိတုန်းရောင်ကဲ့သို့ မည်းမှောင်နေသည့်ဆံပင်က လူတစ်ရပ်။ ဆံပင်ကို ဖွချပြီး ခေါင်းကို ဘယ်ညာဝှေ့ဝဲလိုက်လျှင် ကျူတောကို လေတိုက်သည့်နှယ် ယိမ်းနွဲ့သွားပုံက အလွန်လှသည်။ ဒီဃကေသာ၏ ဆံပင်အလှကိုကြည့်ပြီး မိန်းမသားတိုင်း တောင့်တသည်။ အားကျစကား ဆိုသည်။

ငွေကြေးချမ်းသာသော်လည်း ပင်ကိုအလှ ပျက်နေသော နိကေသီသည် ထိုဆံပင်ကို လိုချင်နေသည်။ သူမ၏ ရှင်းသန့်သောရုပ်အလှကို အကျည်းတန်စေသည့် ဆံပင်ကို ပြုပြင်ပုံသွင်း ခြယ်သရန် လိုလား နေသည်။ သို့ဖြစ်၍လည်း မတန်သည့်ဈေးပေးလျက် အရယူဖို့ ကြိုးစားလိုက်သည်။

“ငွေတစ်ထောင်ဆိုတာ သင်းလို မိန်းမအတွက် တစ်သက် စားနိုင်တဲ့ ငွေကြေးပါ”

“ဟုတ်ပါတယ် မမ”

“ငါက သင်းတို့ ပြည့်စုံလာပါစေ၊ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ ဘဝက လွတ်မြောက်ပါစေဆိုတဲ့ စေတနာနဲ့ ကူညီတာပါ”

“မမ စေတနာ နားမလည်တာပေါ့၊ မမသာ ကျွန်မဆံပင်ကို ယူမယ်ဆိုရင် ချက်ချင်း ဖြတ်ပေးပါတယ်”

“အိုအေ…ညည်းဆံပင်က ဘယ်လောက် ကောင်းလို့လဲ၊ ဆံပင်လေး လက်တစ်ဆုပ်၊ ပြီးတော့ မဖြီးမသင်ဘဲထားတော့ ငှက်သိုက်လို လိမ်ရှုပ်နေသေး၊ ပြီးတော့ ခေါင်းမလျှော် ဆီမလိမ်းဘဲထားတာ သန်းကြီးမတွေ ဗရပွနဲ့၊ အလကားပေးတောင် မယူဘူး”

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားအပေါ် ချိုးချိုးနှိမ်နှိမ်ပြောတတ်သည့်အပြင် အလိုလို ဒေါပွနေ၍ အခိုင်းအစေမလေးကို ပေါက်ပစ်လိုက်သည်။ မအပ်မရာ စကား တုပပြောမိသဖြင့် တုတ်စဉ်မှန်သော ကြက်အလား ထိတ်လန့်သွားသည်။

ဒီဃကေသာ၏ စကားကို ပြန်စဉ်းစားတိုင်း တနုံ့နုံ့ ဒေါပွနေသော နိကေသီသည် အံကြိတ်လိုက်သည်။ "တစ်နေ့နေ့ တွေ့ကြသေးတာပေါ့"ဟု ဒေါသတကြီး ကြိမ်းမောင်းရင်း လက်ထဲမှ စမုန်နက်ပုလင်းနှင့် ကိုယ်လုံးပေါ် မှန်ကြီးကို ပစ်ပေါက်ချလိုက်လေတော့သည်။

* * *

"ဘုရားရှင် ပွင့်ထွန်းတော်မူပြီ"

သည်သတင်းကို ရာဇဂြိုဟ်ပြည်မှလာသော ကုန်သည်များထံမှ စန္ဒပဇ္ဇောတမင်း ကြားရသည်။ ရှေးရှေးက ကြားဖူးသောစကား၊ မြင်ဖူး သော ဘုရားတို့ကို စန္ဒပဇ္ဇောတမင်း လေ့လာကြည့်သည်။ ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေးဗရပျစ်၊ မည်းညစ်ညစ်တာတေလန် ရုပ်သဏ္ဌာန်က အော့နှလုံးနာစရာ၊ အများအားဖြင့် ကိုယ်တွင် အဝတ်ဗလာ၊ အရှက်မျက်နှာ ပါမလာလေရှေ့သလား အောက်မေ့ပါသည်။ ထိုထိုသော ပုဂ္ဂိုလ်ကြီးတို့ကို ရှိခိုးဦးတင်ဖို့ နေနေသာသာ မြင်ရုံနှင့် အော်ဂလီဆန်နေသည်။

"အသင်တို့ ဘုရားရဲ့ ရုပ်အဆင်းက ဘယ်လိုလဲ"

"တုနှိုင်းပြစရာမရှိအောင် အသရေနဲ့ ပြည့်စုံပါတယ် မင်းကြီး"

"ဟုတ်လား၊ နေပါဦး၊ အဝတ်မပါ ဗလာကိုယ်တည်းသာ"

"မဟုတ်ပါဘူး မင်းကြီး၊ ဝါထိန်သော ရွှေသင်္ကန်းလွှမ်းရုံထား ပုံက အဆင်းအသရေကို တင့်တယ်စေပါတယ်"

"အဟုတ်၊ ဒါဆို ကြည်ညိုစရာအသွင် ပြောပါဦး"

"မှန်ပါ မင်းကြီး၊ ယောက်ျားမြတ်တို့မှာ ရှိအပ်တဲ့ လက္ခဏာတော် (၃၂)ပါး ရှိပါတယ်"

"မဟာပုရိသ လက္ခဏာပေါ့"

"မှန်ပါတယ် မင်းကြီး၊ လက္ခဏာတော် ရှစ်ဆယ်ကလည်း ထပ် ဖိုးပြီး အသရေတိုးစေပါတယ်"

"ဟုတ်ပြီ၊ ဒါဆို ဘုရားရှင်လို့ မှတ်ယူလို့ရပြီ၊ ဒါနဲ့ အရှင်မြတ်က အဘယ်တရား ဟောလဲ"

"ရုပ်နာမ်ဓမ္မ သင်္ခါရတို့ဟာ မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရတဲ့ အနတ္တပါတဲ့ မင်းကြီး"

"အနတ္တ...အနတ္တ၊ ထူးခြားလှချည့်လား"

စန္ဒပဇ္ဇောတမင်းကြီး ရင်ထဲတွင် လောကစက္ခု သဗ္ဗညုမိပတ်မှုနိ စင်စစ်ဖြစ်ပြီဟု တစ်ထစ်ချ မှတ်ယူလိုက်သည်။ ဘုရားဖြစ်ပြီဟု သိလိုက်သည်နှင့် ဘုရားရှင်၏ ရွှေမျက်နှာတော်ကို ဖူးချင်စိတ်ဖြစ်လာသည်။ စက်တော်ခေါ် ပျော်တော်ခိုက် မှာပင် အိပ်မက်များမက်သည်အထိ ဖြစ်ခဲ့သည်။ အတွင်းစိတ်ကို ဖုံးမိထားသော်လည်း အောင့်အည်းမရ၊ ဆန္ဒပြင်းထန် ဖူးလိုဟန်ကြောင့် ဆောက်တည်မရတော့။ နန်းညီလာခံစုံညီစဉ် အမျူးအမတ်များကို "ဘယ်သူက ဘုရားရှင်ကို ဥဇ္ဇေနီရောက်အောင် ပင့်ဆောင်နိုင်မလဲ"ဟု မေးလိုက်သည်။ ပညာရှိအမတ်များ တစ်ဦးမျက်နှာတစ်ဦးကြည့်လျက် ငြိမ်နေသည်။

"အရှင်မင်းကြီး၊ အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ဆင့်၊ ဂုဏ်တော်အစိန္တေယျ ရှိတော်မူသည့် ဘုရားရှင်ကို ဆရာကစ္စာနက လွဲပြီး တခြားသူ မပင့်နိုင်လောက်ပါ"

သက်တော်ရှည် အမတ်ကြီး၏ အကြံပြုစကားကြားတော့ ပျောက်ပတ်သည်ဟု တွက်သည်။ သို့ဖြစ်၍ ကစ္စာနပုရောဟိတ်ကို အဖော် ခုနစ်ဦးနှင့်အတူ ဘုရားပင့်ချေဟု စေသည်။ ဉာဏ်အမြော်အမြင်ရှိသော ပုရောဟိတ်က "အရှင်မင်းကြီးက ရဟန်းပြုခွင့်ပေးပါလျှင်" အရအမိ ပင့်နိုင်ပါမည်ဟု ပြန်ကြားလျှောက်တင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုရောဟိတ် ကစ္စာနသည် ပညာဉာဏ်ထက်မြက်ပြီး စကားအရာ လိမ္မာသူဖြစ်သဖြင့် ဥဇ္ဇေနီပြည်တွင် မရှိမဖြစ်သော ပုဂ္ဂိုလ်ဖြစ်သည်။ သို့သော် ကစ္စာနာထက် ဘုရားရှင်ကို ဖူးလိုသော ဆန္ဒပြင်းပြသဖြင့် လိုက်လျောရတော့၏။

* * *

ဆရာကစ္စာနနှင့် လိမ္မာရေးခြားရှိသော အခြံအရံပုဏ္ဏား ခုနစ်ယောက်တို့သည် ဘုရားရှင်အားပင့်ရန် ရာဇဂြိုဟ်ပြည်သို့ ထွက်ခဲ့သည်။ လမ်းခရီးတစ်လျှောက်တွင် ဘုရားရှင်၏သတင်းကို နားစွင့်သွားမိသည်။ ကြားရလေတိုင်း ဘုရားရှင်၏ ဂုဏ်တော်ကား တိုးပွားနေသည်။ မဖူးရမီပင် ဖူးမြင်ချင်သည့်စိတ်က လွှမ်းကဲနေမိသည်။

သို့နှင့် ဝေဠုဝန်ကျောင်းတော်ကြီးသို့ ရောက်သွားသည်။ ဆရာ ကစ္စာနတို့ ရောက်သွားချိန်တွင် ဘုရားရှင်သည် တရားပလ္လင်ထက်မှ ပရိသတ်လေးပါးကို တရားရေအေး တိုက်ကျွေးနေသည်။ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာဟူသော တရားစဉ်အတိုင်းဟောရာ ဒေသနာအဆုံးတွင် ပရိသတ်အများနှင့်အတူ နာယူနေသည့် ဆရာကစ္စာန နှင့် ပုဏ္ဏားတို့ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အဘိညာဉ်ရပြီး အရဟတ္တဖိုလ်တည်၏။ ဘုရားရှင်က ဧဟိဘိက္ခု ခေါ်သည်နှင့် တစ်ပြိုင်နက် ဝါတော်ခြောက်ဆယ်ရ ရဟန္တာကြီးများအသွင် ဖြစ်လေတော့သည်။

ဆရာကစ္စာနသည် ရဟန်းကိစ္စပြီးသော် လာရင်းကိစ္စကို မမေ့ လျော့ဘဲ ဘုရားရှင်ကို ပင့်လျှောက်လေသည်။

"ဘုန်းတော်ကြီးသော မြတ်ဘုရား၊ ရာဇဂြိုဟ်ပြည်ကြီးပမာ သာယာသည့်နည်းတူ စန္ဒပဇ္ဇောတမင်း စိုးအုပ်သိမ်းချုပ်တဲ့ ဥဇ္ဇေနီပြည် ကလည်း သာယာပါပေတယ် ဘုရား"

"ဘုန်းတော်ကြီးသော မြတ်ဘုရား၊ ဥဇ္ဇေနီပြည့်ရှင် ဘုရင်စန္ဒပဇ္ဇောတမင်းဟာ ဘုန်းတော်ကြီးသည့် မြတ်ဘုရားရဲ့ ဂုဏ်သတင်း ကြားသည်နှင့် ဆောက်တည်ရာမရ ဖူးလိုလှသော ဆန္ဒအာသီသ ရှိနေပါ တယ် ဘုရား"

"ဘုန်းတော်ကြီးသော မြတ်ဘုရား၊ ရာဇဂြိုဟ်နှင့် ဥဇ္ဇေနီပြည်ဟာ အလှမ်းကွာသေးငြားလည်း ခရီးလမ်းပန်းက သာယာ၊ ရာသီကလည်း သင့်မြတ်၊ ဆွမ်းရပ်ခံရာ ဝတ္တကနယ်ပယ်လည်း ပြည့်စုံသဖြင့် မပင် မပန်း ရွှင်လန်းမှုတစွာ သွားလာနိုင်တဲ့ အနေအထား ရှိပါတယ်ဘုရား"

"ဘုန်းတော်ကြီးသော မြတ်ဘုရား၊ ဓမ္မတစ်ဝန်းလုံး ပတ်ချွန်း ဟစ်ကြွေး၊ မိစ္ဆာဒိဋ္ဌိတို့ဘေးမှ သတ္တဝါတို့ရဲ့ ဖောက်ပြန်တဲ့အယူကို ဘုရားရှင်သာလျှင် ကယ်တင်နိုင်မယ့် အခြေအနေဖြစ်ပါတယ်ဘုရား၊ သတ္တဝါတို့ကို ငဲ့ညှာသောအားဖြင့် ခရီးဒေသစာရီ ကြွချီလျက် ဟောဖော်ဆုံးမ ညွှန်ပြတော်မူပါ ဘုရား"

ဘုရားရှင်သည် ငဲ့ကွက်ထောက်ထားအပ်သော အကြောင်းတရားရှိလျှင် အချိန်မဆိုင်း ကြွချီလေ့ရှိသည်။ ကြွချိန်မသင့်၊ နာယူချင့်ချိန် ကျွတ်ချိန်မတန်သေးက ဆုတ်ဆိုင်းငံ့လင့်အချိန်သင့်သည်ထိ စောင့်တတ်သည်။ ဤအချိန်သည် ဥဇ္ဇေနီပြည်သားတို့အဖို့ အကြောင်းမသင့်သေးဟု ဘုရားရှင် ယူဆသည်။

"ချစ်သား ကစ္စာန၊ သင်တို့သာ ရှေးဦးစွာ ဥဇ္ဇေနီပြည်သို့ ပြန်လေ၊ ဗုဒ္ဓပ္ပါဒကို ထင်ရှားအောင်ပြလေ၊ သင့်သောအခါမှ ငါဘုရား ကြွလာ ပေအံ့"

"ကောင်းမြတ်လှပါ ဘုရား"

အရှင်ကစ္စာနမထေရ်သည် အဖော်ပြုလာသော ရဟန္တာခုနစ်ပါးနှင့် အတူ ကောင်းကင်ခရီးမှကြွသည်။ သို့သော် ခရီးအကြားရှိ တေလပနာဠိ ရွာရောက်သော် ဆွမ်းစားချိန်သင့်သဖြင့် ရွာတွင်းသို့ဝင်၍ ဆွမ်းရပ်တော် မူလေသည်။

* * *

"အရှင်မ၊ အိမ်ရှေ့မှာ ရဟန်းရှစ်ပါး ဆွမ်းရပ်နေတယ်"

"ဟင်...လောင်းလှူစရာ ဘာများရှိလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒီဃကေသာသည် ရဟန်းတော်များ ဆွမ်းရပ်သည်ဆိုရုံနှင့် အာဂန္တု ပုဂ္ဂိုလ်များဖြစ်တယ်လို့ ထင်လိုက်သည်။ မှန်ပေသည်။ အကြောင်းသိသော ပုဂ္ဂိုလ်များက မလှူမတန်းနိုင်မှန်း သိ၍ ရပ်ခဲလှေမရှိ။ ယခုရောက်လာ သည့် ရဟန်းများမှာမူ အာဂန္တုသော် လည်းကောင်း၊ ချီးမြှောက်လိုသည့် အာသီသဖြင့် ကြွလာသော ပုဂ္ဂိုလ်များသော် လည်းကောင်း ဖြစ်မည်ဟု အတတ်သိလိုက်သည်။

"ဒေါ်အိုစာ၊ အရှင်မြတ်တို့ကို အိမ်ပေါ်ပင့်ပါ၊ သင့်ရာနေရာ စီစဉ်ပေးပါ၊ ဆွမ်းစီစဉ်ဖို့ သုဇိတာကို ကျွန်မဆီ လွှတ်လိုက်ပါ"

ဒီဃကေသာ စကားကြားသော် ဒေါ်အိုစာသည် အစိပ္ပာယ်ပါသော အကြည့်နှင့် ကြည့်သည်။ တစ်သက်လုံး အတူနေခဲ့သဖြင့် ဒီဃကေသာ စိတ်ထားကို သိပြီးဖြစ်သည်။ ရဟန်း သံဃာများအား လှူဒါန်းချင်၍ ခေတ္တ သည်းခံရန် ပင့်လျှောက်သည်။ ပင့်သည်ဆိုငြားလည်း လှူဖွယ်ပစ္စည်း မပြည့်စုံ။ ဘယ်ပုံလှူမည်ကို မပြောဘဲ သိလိုက်သည်။

"သမီး ဆံပင်ဖြတ်ရောင်းမလို့လား"

"လောလောဆယ် ဆွမ်းရဖို့က ဒီနည်းပဲ ရှိတယ်လေ"

"စိတ်မကောင်းလိုက်တာ သမီးရယ်၊ တစ်သက်လုံး အမြတ်တနိုး ထိန်းသိမ်းထားတဲ့ ပစ္စည်းကို စွန့်ရမှာ"

"သြော်…အမေရယ်၊ အသက်ကိုတောင်စွန့်ပြီး လှူကြသေးတာ၊ ကျွန်မက ဆံပင်ပဲဖြတ်ရောင်းရတာပါ"

"အင်းလေ၊ အလှူကိစ္စဆိုတော့ မပိတ်ပင်ကောင်းပါဘူး၊ အမေ ဆရာတော်တွေ ပင့်လိုက်ဦးမယ်"

ဒေါ်အိုစာထွက်သွားပြီး မကြာမီတွင် သုဇိတာရောက်လာသည်။ ထိုအချိန်တွင် ဒီဃကေသာက ဆံပင်ကို ဖြတ်ပြီးပြီ။

"သုဇိတာ၊ ဟို…သူဌေးမ နိကေသီဆီ ဒီဆံပင် သွားရောင်း၊ ရလာတဲ့ငွေနဲ့ ဆွမ်းအလို့ငှာ စီစဉ်၊ ကဲ…ကဲ… အံ့အားသင့်မနေနဲ့ အမြန်သာ သွားတော့"

သတိပေးဟန်ဖြင့် တွန်းလွှတ်လိုက်သဖြင့် သုဇိတာလည်း နိကေသီ အိမ်သို့ အပြေးတစ်ပိုင်း ထွက်ခဲ့သည်။ ထွက်ပင်ထွက်လာရသော်လည်း အဆင်မှ ပြေပါ့မလားဟု စိုးတထိတ်ထိတ်။

ဆံပင်ထွေးကို လက်နှင့်ပွေ့ပြီး တက်လာသော သုဇိတာကို နိကေသီက မခန့်ပြုံးလေး ပြုံးကြိုနေသည်။ ဒီဃကေသာ၏ လက်ရုံးသုဇိတာနှင့် ရင်ခွင်ထဲမှဆံပင်ထွေးကို မြင်သည်နှင့် ဘယ်လိုအကြောင်း ဖြစ်မည်ဟု တွက်လိုက်ပြီးပြီ။ ကိုယ့်အကွက်ထဲ ဝင်လာပြီဖြစ်၍ မျက်နှာထားတင်းတင်းနှင့် မေးလိုက်သည်။

"ဘာလဲဟေ့"

"အစ်မ ဒီဃကေသာက ဒီက သခင်မလေး လိုချင်တဲ့ဆံပင် ရောင်းခိုင်းလိုက်လို့ပါ"

"ဟုတ်တယ်၊ အဲ…ဒါလွဲတာပဲ၊ ဒီက လိုချင်တာက ဟိုတုန်းကကွယ့်၊ အခု မလိုတော့ဘူး၊ ငါ့မှာ ရှိနေပြီ၊ ငွေရှိတော့ ပစ္စည်းဆိုတာ ဝယ်လို့ရတာပဲအေ"

"ရှင်…ကျွန်မ တောင်းပန်ပါတယ်"

နိကေသီသည် ဆံပင်ကို မြင်ကတည်းက လိုချင်စိတ် ငမ်းငမ်းတက်ဖြစ်နေသော်လည်း မလိုလားဟန်ဖြင့် ဖုံးဖိစကား ဆိုလိုက်သည်။ သူလိုချင်သည့် ဆံပင်က အမှန်တော့ မရှိသေးပေ။

"ပစ္စည်းဆိုတာ ယူချင်သူနဲ့ တိုက်ဆိုင်မှ ရောင်းရတာအေ့၊ ယူချင် သူမရှိရင် ဒီပစ္စည်းက တန်ဖိုးမဲ့သွားရော"

"ဟုတ်ပါတယ် သခင်မ၊ အခုကိစ္စကလည်း ရဟန်းတော်တွေ ကြွလာလို့ ဆွမ်းကပ်ချင်တာနဲ့ ရောင်းရတာပါ"

နိကေသီသည် လှောင်ပြောင်သည့်အသွင်ဖြင့် ရင်ထဲမှ ရယ်ပစ် လိုက်သည်။ ဒီလောက်ဆိုလျှင် ဒီဃကေသာ အဘယ်မျှ ဦးနှောက် ခြောက်နေမည်ကို မှန်းဆကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ၊ ငါ့မှာလည်း ဆံတုတွေက 'အပိုတွေဖြစ်နေပြီ၊ ကဲပါလေ၊ ဆွမ်းကပ်ချင်လို့ဆိုရင် တစ်ကျပ်ပေးလိုက်မယ်"

"ရှင်…တစ်ကျပ်၊ ကျွန်မ နားကြားမမှားလောက်ပါဘူးနော်၊ ဒီ ဆံပင်ဟာ တစ်ချိန်တုန်းက အသပြာတစ်ထောင်ပေးဝယ်တဲ့ ဆံပင်ပါ သခင်မ"

"အေးလေ၊ ငါလိုတုန်းက တန်ရာတန်ကြေးထက် ပေးဝယ်တာ ငါသိတာပေါ့၊ ခု ငါမှာ မလိုဘူး၊ ဒီဆံပင်တွေးကြီး ရှိနေလို့လည်း ငါ့မှာ ဘာအကျိုးမှ မရှိဘူး၊ ကဲပါလေ၊ ဆွမ်းကပ်မှာဆိုတော့ ညည်း သခင်မလည်း လှူဖြစ်၊ ငါလည်း ကုသိုလ်ရ၊ နှစ်ကျပ်ပေးလိုက်မယ်"

"သခင်မရယ်၊ ဒီဃကေသာကို မုန်းချင်မုန်းပါ၊ ရဟန်း သံဃာ တွေကတော့ ငြိုးသူရန်ဘက်လည်း မဟုတ်ဘူး၊ ကုသိုလ်ရေးလည်း ဖြစ်ပါတယ်။ ငွေနှစ်ကျပ်နဲ့ သံဃာရှစ်ပါးကို ဆွမ်းကပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

"ဒါက ငါပေးနိုင်တာလေ၊ ရောင်းနိုင်ရင် ရောင်းခဲ့"

"ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ် သခင်မရယ်"

သုဗိတာက ရှိုးဦးတင် တောင်းပန်မှ အသပြာငွေရှစ်ကျပ် ပစ်ပေး သည်။ သည့်ထက်လည်း ရနိုင်စရာအကြောင်း မမြင်သဖြင့် ငွေရှစ် ကျပ်ကို ကပျာကယာ ကောက်ယူပြီး လိုအပ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် အသားဟင်းလျာများဝယ်ပြီး အိမ်ကို ဒုန်းစိုင်း ပြန်ခဲ့သည်။

သုဗိတာက အသပြာတစ်ထောင်ပေးခဲ့သည့် ဆံပင်ကို ရှစ်ကျပ်နှင့် ဈေးဖြတ်ကြောင်း ပြောတော့ တုန်လှုပ်ဟန်မပြဘဲ "ရတဲ့ငွေနဲ့ အဆင်ပြေအောင် စီစဉ်လိုက်ပါ၊ အချိန်မီ အဆင်ပြေသွားတာပဲ ကျေးဇူးတင် ရမှာပါ"ဟု ဖြေသိမ့်စကား ပြောသည်။

ထမင်းဟင်းလျာကို အမြန်ဆုံး စီစဉ်ဆက်ကပ်သည်တွင် အရှင် မဟာကစ္စည်း (ကစ္စာန)မထေရ်က အလှူရှင်၏ ဥပနိဿယကို ဆင်ခြင် သည်။ ကြီးစွာသော လာဘ်လာဘရကြောင်း မြင်သဖြင့် "အလှူ ဒါယိကာမ" ဘယ်မှာလဲဟု မေးသည်။ ဒီဃကေသာသည် ဆံပင်ကို ဖြတ်လှူကြောင်း အရှင်မြတ်များ မမြင်၊ မသိစေလို၍ အိမ်ခန်းတွင်းမှ မထွက်ဘဲ နောက်ပိုင်းမှ စီစဉ်ပေးနေခြင်း ဖြစ်သည်။ အရှင်မြတ်က ခေါ်လိုက်ပါဟု မိန့်သဖြင့် သုဗိတာ ပြေးခေါ်သည်။

ဒီဃကေသာသည် ရင့်ကျက်တည်ကြည်သော အရှင်ကစ္စာနကို ဖူးရသော် သဒ္ဓါစိတ်ယိုဖိတ်လာသည်။

"အရှင်မြတ်ဘုရား၊ အခုပြုရသော ကုသိုလ်ကောင်းမှုကြောင့် မျက်မှောက်ဘဝမှာပင် အကျိုးထူး ခံစားရပါလို၏ဘုရား"

"တောင်းတဲ့ဆု ပြည့်ပါစေ"

အရှင်မြတ်သည် ဆွမ်းအတွက် အနုမောဒနာတရား ဟောမိန့်ပြီး နောက် ခရီးဆက်သွားတော့သည်။ ထိုအခိုက်မှာပင် သဒ္ဓါတရားနှင့် လှူခဲ့သည့် ကောင်းမှုကြောင့် ဖြတ်လိုက်သည့်ဆံပင်များသည် ပကတိ အတိုင်း ပြန်ဖြစ်ခဲ့ပေသည်။

* * *

အရှင်မြတ်ရှစ်ပါးသည် ကောင်းကင်ခရီးဖြင့် ဥဇ္ဇေနီပြည်သို့ ကြွသွား ပြီး ကဥ္စနာအမည်ရှိသော မင်းဥယျာဉ်၌ ဆင်းသက်သည်။ အရှင်မြတ် တို့ကိုမြင်သော ဥယျာဉ်မှူးသည် မင်းကြီးထံ အကျိုးအကြောင်း သံတော် ဦးတင်သည်။ စန္ဒပဇ္ဇောတမင်းသည် ရွှင်လန်းအားရစွာဖြင့် လိုက်ပါလာပြီး ရှိခိုးကန်တော့သည်။

"အရှင်ဘုရား၊ အခု ဘုရားရှင် အဘယ်မှာနည်း"

"မင်းကြီး၊ ဘုရားရှင်က အခု ကြွမလာသေး၊ ငါတို့ကို အရင် ကြွစေပြီး သာသနာပြုဖို့ စေလိုက်ပေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဘုရားရှင်ဟောတဲ့ တရားနာယူပါရစေ"

"မြတ်သော မင်းကြီး၊ ရုပ်နာမ်ခန္ဓ သင်္ခါရတို့ဟာ အရှည်တည် မမြဲ ဖောက်လွဲဖောက်ပြန်တတ်တယ်၊ ဖြစ်လာရင် ပျက်ရတာ ဓမ္မတာ၊ သင်္ခါရတရားဟာ မုချ ကြုံရမယ်လို့ ဘုရားရှင် မိန့်တော်မူပေတယ်"

အရှင်မြတ်သည် ဘုရားရှင်ဟောသည့် တရား၏ အမြွက်မျှကို ဟောကြားပေးလိုက်သဖြင့် မင်းကြီး ကျေနပ်သွားသည်။

"အရှင်မြတ်တို့ ဘုရား၊ ဒီနေ့ ရာဇဂြိုဟ်မှ ဥဒ္ဒေနီသို့ အရောက် ကြွလာတာပါလား"

"ငါတို့ တေလပနာဠိရွာမှာ တစ်ထောက်နားပြီး သဒ္ဓါဆွမ်းရှင် ဒီဃကေသာရဲ့ဆွမ်းကို အလှူခံယူတော်မူပါတယ်"

"သင့်မြတ်ပါလား ဘုရား"

"အင်း…ဆွမ်း အလှူရှင်ဟာ တစ်ချိန်က ကြွယ်ဝချမ်းသာသူ ဖြစ်ပေမယ့် လက်ရှိအခြေအနေကတော့ စီးပွားပျက်လို့ ဆံပင်ကို ရောင်းချပြီး ဆွမ်းအလို့ငှာ စီစဉ်ရတယ်"

"အို…ဒီအဖြစ်မျိုး ရှိပါသလား ဘုရား"

"မှန်ပေတယ် မင်းကြီး၊ ငါဟာ ဒီဃကေသာရဲ့ ဥပနိဿယကို မြော်မြင်မိလို့ ငြိုငြင်စွာ စီမံတဲ့ဆွမ်းကို အလှူခံယူပါတယ်၊ အလှူရှင်ရဲ့ မွန်မြတ်တဲ့ သဒ္ဓါစွမ်းအားကြောင့် ကုသိုလ်ထူးက လက်ငင်းအကျိုး ပေးပါတယ် မင်းကြီး"

"မိန့်ပါ အရှင်"

"ဒီဃကေသာရဲ့ စေတနာ ဒါနအကျိုးကြောင့် ဖြတ်ပစ်တဲ့ ဆံပင်ဟာ မူလပကတိ ပြန်ဖြစ်ခဲ့ပါတယ်၊ အလှူရှင်ရဲ့ ကောင်းမှုကို ခံယူပြီး ဒီဥဒ္ဒေနီပြည်ကို ကြွခဲ့တာပဲ မင်းကြီး"

စန္ဒပဇ္ဇောတမင်းသည် အရှင်မြတ်များ သီတင်းသုံးရန်နေရာကို ကောင်းစွာစီမံခဲ့ပြီး နောက်တစ်ရက်တွင် သဒ္ဓါတရားပြည့်စုံသော ဒီဃကေသာကို အခမ်းအနားဖြင့် ခေါ်ယူစေသည်။ ဒီဃကေသာကို မြင်သည်နှင့် ရှေးရှေးက ချဖူးသောပန္နက်၊ ဆုံစည်းခဲ့တဲ့ ရေစက်ကြောင့် လွန်စွာတိမ်းညွှတ်သဖြင့် အဂ္ဂမဟေသီ မိဖုရားအဖြစ် မြှောက်စားလိုက်ပေသည်။

တေလပနာဠိရွာသူ ဒီဃကေသာသည် မွန်မြတ်သည့် စေတနာ၊ ကြီးမားသည့် သဒ္ဓါအားဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းကိုစွန့်လျက် ဒါနကောင်းမှု ပြုခဲ့သည်။ ထိုကောင်းမှု၏ အကျိုးဆက်က နေ့မကူးဘဲ ထူးကဲသော အကျိုးရသည့်အပြင် မိန်းမသားတို့၏ အထွတ်အထိပ် မိဖုရားအဖြစ် ရရှိခဲ့ပေသည်။

ကျမ်းကိုး။ ။ဓမ္မနုဋ္ဌ ပကာသနီ(စ)တွဲ။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အဟဲ...၊ ရှင်းနေတဲ့စကား မေးနေရသေးလား ဆရာကြီးရယ်...
ဓမ္မဆိုတာ တရား၊ ပါလဆိုတာ စောင့်ရှောက်တာလေ...
ကျွန်တော်တို့ရွာသားတွေက တရားစောင့်ကြတယ်။
ဓမ္မနဲ့ပတ်သက်ရင် ခါးဝတ်ပုဆိုးလို မြဲမြံကြတယ်။
ဒီမယ် ဆရာကြီး။
စာမရီသားကောင်ဟာ သူ့ရဲ့ မြီးဆံတစ်ချောင်းကို အကျွတ်မခံဘူး။
မြီးဆံကျွတ်မယ်ဆိုရင် အသက်အသေခံတတ်တယ်။
ကျွန်တော်တို့ရွာသူရွာသား တွေဟာလည်း သီလနဲ့ ပတ်သက်ရင် အဲသလောက်
ခိုင်မြဲတယ်။

www.burmeseclassic.com

www.burmeseclassic.com

# သီလ ပါရမီ

သီလဟူသည်···

သီလ၏အနက်မှာ နဂိုသဘော၊ ကောင်းသောအကျင့်ဟူ၍ ဖွင့်ဆိုသည်။

နဂိုသဘောဟူသော အနက်ကိုပင် အလေ့အထဟူသော အဓိပ္ပာယ်ဖြင့် ပြောင်းလဲ သုံးစွဲကြပြန်သည်။ မကောင်းမှုကို ပြုလေ့ရှိသူ၊ မကောင်းသော စကားပြောလေ့ရှိသူ၊ ရှိခိုးထိုက်သူအား ရှိခိုးလေ့ရှိသူ၊ တရားဟောလေ့ရှိသူ စသည်ဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ကောင်း မကောင်းဟူသော နဂိုသဘောကို သီလဟုခေါ်သည်။

ကောင်းသော အကျင့်ဟူသည်ကား မြင့်မြတ်သော အရာချည်းဖြစ်သည်။ မြင့်မြတ်သော အရာဟူသည် ကောင်းစွာ ထားရှိခြင်း၊ ကောင်းစွာဆောင်ရွက်ခြင်းဟူ၍ သီလသဒ္ဒါ၏အနက် နှစ်မျိုးရှိ၏။ ကောင်းစွာထားရှိခြင်းဟူသည် ကာယကံနှင့် ဝစီကံမှုကို ဖရိုဖရဲမရှိစေခြင်းပင်ဖြစ်သည်။ သီလမစောင့်ထိန်းသူ၏ သန္တာန်၌ ကာယကံမှု အပြုသဘော၊ ဝစီကံမှု အပြောသဘောတို့သည် အထိန်းမရှိသော ချည်ခင်ပမာ ဖရိုဖရဲ ဖြစ်နေတတ်သည်။ သီလစောင့်ထိန်းသောအခါ ယင်းအမှု၌ ဖရိုဖရဲမဖြစ်တော့ပေ။ ပမာဆိုရသော် သီလစောင့်ခိုက် ထိုသူကို အခြားတစ်ယောက်က မခံနိုင်အောင် လာရောက်ပြောဆိုလျှင် မိမိကိုယ်ကိုထိန်းချုပ်လျက် ကာယကံမှု၊ ဝစီကံမှု သောင်းကျန်းခြင်းမရှိအောင် ကောင်းစွာ ထားနိုင်သည်။ ကာယကံမှု၊ ဝစီကံမှု ဖရိုဖရဲမဖြစ်အောင် သီလထိန်းထားသည်။ ဤသည်မှာ ကောင်းစွာထားရှိခြင်း ဖြစ်သည်။

ကောင်းစွာဆောင်ရွက်ခြင်းဟူသည် သီလရှိသည့် သူ၏သန္တာန်၌ ကုသိုလ်တရား ကောင်းစွာဖြစ်ပွားနိုင်သည်။ သို့ဖြစ်၍ သီလသည် ကုသိုလ်ဟူသမျှ ဖြစ်ပွားအောင် ဆောင်ရွက်တတ်သောတရား ဖြစ်သည်။

သို့ဖြစ်ရာ သီလဟူသည်မှာ···

(၁) ကာယကံမှု၊ ဝစီကံမှုတို့ကို ရုန့်ရင်းကြမ်းတမ်းစွာ ဖြစ်ခွင့်မပေးဘဲ သိမ့်မွေ့နူးညံ့အောင် ကောင်းစွာ ထားခြင်း။

(၂) ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်၊ လောကုတ္တရာ ကုသိုလ်တည်းဟူသော ကုသိုလ်လေးမျိုး အဆင့်ဆင့် ဖြစ်ပွားအောင် အခြေခံအကြောင်းရင်းအဖြစ် ကောင်းစွာရွက်ဆောင်တတ်ခြင်းကြောင့် သီလဟုခေါ်သည်။

ဤအနက် နှစ်မျိုးမှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ပြဆိုချက်ဖြစ်သည်။ အခြားသော ဆရာတို့ကမူ သီလဟူသော စကားသည် သိရ သို့မဟုတ် သီသဟုဆို၏။ သိရနှင့် သီသ သဒ္ဒါသည် ဦးခေါင်းဟူသော အနက်ကိုဟောသည်။

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတို့၌ ဦးခေါင်းပြတ်သွားလျှင် တစ်ကိုယ်လုံး ပျက်စီးသွား၏။ ထို့အတူ သီလပျက်လျှင် ကုသိုလ်တရားအားလုံး ပျက်၏။ ဦးခေါင်းသဖွယ်ဖြစ်သောကြောင့် သိရ (သို့မဟုတ်) သိသကို အက္ခရာ ပြောင်းလဲလျက် သီလဟုခေါ်ဝေါ်သည်။

အခြားတစ်နည်းအရမူ လောက၌ အပူငြိမ်းအေးခြင်းကို သီတလဟု ပါဠိလို ခေါ်သည်။ သတ္တဝါတို့၏ သန္တာန်၌ ကိလေသာ အပူမှန်သမျှကို သီလက ငြိမ်းအေးစေတတ်၍ (သီတလ)ဟု ဆိုသည်။ အလယ်မှ (တ)အက္ခရာကို ခြေဖျက်လျက် သီလဟု ခေါ်ကြောင်းဆို၏။

သီလတရားသည် ငါးမျိုးရှိ၏။ ၄င်းတို့မှာ… စေတနာသီလ၊ ဝိရတီသီလ၊ အနဘိဇ္ဈာဒိသီလ၊ သံဝရသီလနှင့် အဝိတက္ကမသီလတို့ ဖြစ်သည်။

သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။

မုသာမိတ်ခွဲ၊ ဆဲရေးပြိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးအင်ဝစီကံ။

သူ့အသက်သတ်ခြင်း (ပါဏာတိပါတ)၊ သူ့ဥစ္စာခိုးခြင်း (အဒိန္နာဒါန)၊ မိမိမပိုင်သော ဝတ္ထုကာမ၌ ဖောက်ပြန်ယှဉ်းမှားခြင်း (ကာမေသု မိစ္ဆာစာရ) ဤသုံးခုကို ကာယဒုစရိုက် ခေါ်သည်။

မဟုတ်မမှန် ပြောဆိုခြင်း (မုသာဝါဒ)၊ ဂုံးတိုက်စကားပြောခြင်း (ပိသုဏာဝါစာ)၊ ကြမ်းတမ်းစွာ ဆဲရေးစကားပြောခြင်း (ဖရုသဝါစာ)၊ အကျိုးမရှိ ပြိန်ဖျင်းစကားပြောခြင်း (သမ္ဖပ္ပလာပ) ဤလေးပါးကို ဝစီဒုစရိုက်လေးပါး ခေါ်သည်။

ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးကို ပြုမှားခြင်းသည် အသက်မွေးမှုကြောင့်လည်းကောင်း၊ အသက်မွေးမှု မဟုတ်သည့် အပျော်အပါးအတွက်လည်းကောင်း ဖြစ်တတ်သည်။

အသက်မွေးမှု အကြောင်းမရှိသော ကာယဒုစရိုက် သုံးပါး ရှောင်ခြင်းကို သမ္ပတ္တဝိရတီ ခေါ်သည်။ ဝစီဒုစရိုက် လေးပါး ရှောင်ခြင်းသည် သမ္မာဝါစာဝိရတီခေါ်သည်။ မိစ္ဆာအာဇီဝ အမျိုးမျိုး ရှောင်ခြင်းကို သမ္မာအာဇီဝ ဝိရတီ ခေါ်သည်။ အဆိုပါ ဝိရတီစေတသိက်သုံးပါးကို ဝိရတီသီလခေါ်သည်။ ထိုဝိရတီစေတသိက်နှင့် တွဲဖက်ယှဉ်ဖက်ဖြစ်သော စေတနာစေတသိက်ကို စေတနာသီလခေါ်သည်။

အနဘိဇ္ဈာ၌ သီလဟူသည် အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ ဟူသော မနောသုစရိုက်သုံးပါးကို သီလဟု ခေါ်သည်။

ဤစည်းစိမ်သည် ငါ၏ဥစ္စာဖြစ်ပါမူ ကောင်းလေစွဟု သူတစ်ပါး စည်းစိမ်ရှေးရှု ကြံစည်သည်ကို အဘိဇ္ဈာ မနောဒုစရိုက် ခေါ်သည်။ ဤအဘိဇ္ဈာ မနောဒုစရိုက်ပယ်ရှားသော အနဘိဇ္ဈာမည်သော အလောဘ စေတသိက်သည် သီလမည်၏။ သူတစ်ပါး ပျက်စီးရန် စိတ်ဖြင့်ကြံခြင်း သည် အဒေါသစေတသိက် ဖြစ်၏။ ယင်းသည် အဗျာပါဒသီလ ဖြစ်သည်။ အလှူဒါနမည်သည်မရှိ။ ဒါနသည် အကျိုးမရှိ အယူဖောက်ပြန် ခြင်းသည် မိစ္ဆာဒိဋ္ဌိ မနောဒုစရိုက်ဖြစ်သည်။ ထိုမနောဒုစရိုက်ကို ပယ်ရှားသော အမောဟစေတသိက်သည် သီလမည်၏။

အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော မနောဒုစရိုက် သုံးပါးရှိလျှင် သူ့အသက်သတ်ခြင်းစသော ကာယဒုစရိုက်၊ မနောဒုစရိုက်တို့သည် စိတ်ဖြစ်လျှင် စေတနာပါသည်ချည်းဖြစ်၏။ စေတနာကစေ့ဆော်ပေး၏။ စိတ်ဖြစ်တိုင်း စေတနာပါရ သည့်တွင် သီလနှင့်စပ်သော ဖြစ်ရာတွင်ပါသော စေတနာကို သီလခေါ်သည်။ ဤသည်မှာ အနဘိဇ္ဈာဒိသီလ ခေါ်သည်။

စေတနာသီလ၊ ဝိရတီသီလ၊ အနဘိဇ္ဈာဒိသီလတို့သည် လူရော၊ ရဟန်းပါစောင့်ရသည်။ ထို့ပြင်ရဟန်းသည် သံဝရသီလနှင့် အဝိတိက္ကမသီလစောင့်ရသည်။

သံဝရသီလသည် ပါတိမောက္ခသံဝရသီလ၊ သတိသံဝရသီလ၊ ဉာဏသံဝရသီလ၊ ခန္တီသံဝရသီလ၊ ဝီရိယ သံဝရသီလတို့ ဖြစ်သည်။ ပါတိမောက္ခသံဝရသည် စောင့်ထိန်းသူကို အပါယ်ဘေးမှ လွတ်၏။ သတိသံဝရသီလဟူသည်

www.burmeseclassic.com

www.burmeseclassic.com



မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေခြောက်ပါးကို အကုသိုလ် ခိုးသားဝင်ခွင့်မရစေရန် သတိနှင့် စောင့်ကြပ်ခြင်းဖြစ်သည်။ ဉာဏသံဝရသည် ကိလေသာတရား မဖြစ်ပွားအောင် စောင့်ထိန်းသော ပညာခေါ်သည်။ ခန္တီသံဝရ သည် သည်းခံစိတ်ဖြင့် အကုသိုလ်တရား မဖြစ်ပွားအောင် စောင့်ထိန်း ခြင်းဖြစ်သည်။ ဝီရိယသံဝရသည် မိစ္ဆာဝိတက်စိတ် မဖြစ်ပွားအောင် အားထုတ်စောင့်စည်းခြင်း ဖြစ်သည်။

အဝီတက္ကမသီလဟူသည် ဆောက်တည်ထားသော သိက္ခာပုဒ်ကို ကိုယ်နှုတ်ဖြင့် မလွန်ကျူးခြင်း ဖြစ်သည်။

## သီလစောင့်ခြင်း အကျိုး

သီလစောင့်သူသည် စိတ်နှလုံးကို သာယာရွှင်လန်းစေနိုင်ခြင်းစသော ဂုဏ်ကျေးဇူး ရနိုင်သည်။ စိတ်ရွှင်လျှင် ပီတိဖြစ်၏။ ပီတိ ဖြစ်လျှင် ငြိမ်းချမ်းခြင်း ပဿဒ္ဓိ ဖြစ်၏။ ပဿဒ္ဓိဖြစ်သူသည် ကိုယ်စိတ် ချမ်းသာခြင်း သုခဖြစ်သည်။ သုခဖြစ်လျှင် တည်ကြည်ခြင်း သမာဓိဖြစ်၏။ သမာဓိဖြစ်လျှင် ဟုတ်တိုင်းမှန်ရာ သိနိုင်သော ယထာဘူတ ဉာဏ်ဖြစ်သည်။ ယထာဘူတဉာဏ်ဖြစ်သူသည် ဝဋ်ဒုက္ခသံသရာငြီးငွေ့ခြင်း နိဗ္ဗိန္ဒာဉာဏ်ရသည်။ ထိုမှဆက်၍ မဂ်တရား၊ ဖိုလ်တရား ဖြစ်ပြီး အရဟတ္တဖိုလ်သို့ ဆိုက်နိုင်၏။ သီလစောင့်ခြင်းအကျိုးကား နိဗ္ဗာန်သို့ ဦးတည်၏။

သီလအကျိုးနှင့် ပတ်သက်၍ အခြားတစ်နည်းမှာ…

(၁) သီလစောင့်သူသည် မမေ့လျော့ခြင်း အခြေခံထား၍ များစွာသော စည်းစိမ်ရနိုင်ပါသည်။

(၂) ကောင်းမြတ်သော ဂုဏ်သတင်း ကျော်စေနိုင်သည်။

(၃) သီလရှိသူသည် မင်း၊ ပုဏ္ဏား၊ သူဌေး၊ ရဟန်းဟူသော ပရိသတ်လေးပါးကို မကြောက်မရွံ့၊ တင့်တယ်စွာ ချဉ်းကပ်နိုင်သည်။

(၄) သီလရှိသူသည် မတွေဝေဘဲ ကောင်းစွာ သေရ၏။

(၅) သေသည်၏နောက်၌ သုဂတိဘုံဘဝသို့ ရောက်ရ၏။

အခြားတစ်နည်းအားဖြင့် "သီလသည် သိတင်းသုံးဖော်ကို ချစ်ခင် ကြည်ညိုခြင်းမှစ၍ အရဟတ္တဖိုလ်တိုင်အောင် အကျိုးရှိသည်ဟု မူလပဏ္ဏာသ"အာကင်္ခေယျသုတ်၌ ဖော်ပြထားပေသည်။

## စာရိတ္တသီလနှင့် ဝါရိတ္တသီလ

ဤအမှုကို ပြုကျင့်ရမည်ဟု ဘုရားရှင် ပညတ်တော်မူသည့်အတိုင်း အလိုတော်ကျ ပြုကျင့်သည့်သီလကို စာရိတ္တသီလဟုခေါ်သည်။

ဤအမှုကို မပြုကျင့်အပ်ဟု ဘုရားရှင်က ပညတ်သည်ကို ရှောင်ကြဉ်၊ ထိန်းသိမ်းခြင်းသည် ဝါရိတ္တသီလ မည်၏။

စာရိတ္တသီလသည် မကျင့်သော်လည်း အပြစ်မရှိ။ ကျင့်လျှင် တိုးတက်ဖြူစင်သည်။ အကြင်ဒုစရိုက်မှုသည် အပါယ်ပဋိသန္ဓေကျိုး ပေးနိုင်သည်လည်း ရှိသည်။ မပေးနိုင်သည်လည်း ရှိသည်။ ထိုသဘော ရှိသော ဒုစရိုက်မှုရှောင်ခြင်း၊ သက်ကြီးရွယ်အိုများ ရိုသေခြင်းသည် စာရိတ္တသီလ မည်၏။

ဝါရိတ္တသီလသည် အသက်ကိုပင်စွန့်၍ မလွန်ကျူးဘဲ ထိန်းသိမ်း ခြင်းသည် ဝါရိတ္တသီလ ဖြစ်သည်။ ယင်းသည် အပါယ်ပဋိသန္ဓေကျိုး ကေန်ပေး၍ ဒုစရိုက်မှ ရှောင်ကြဉ်ရသည်။ ပမာအားဖြင့် ငါးပါးသီလကို

www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်သတ်၊ သူ့ဥစ္စာခိုး၊ သူ့အိမ်ရာကျူးလွန်၊ မုသားပြော၊ သေရည် သောက်ခြင်းဟူသည် အပါယ်ပဋိသန္ဓေ ကျေနပ်ပေးနိုင်စွမ်းသဖြင့် ရှောင်ရသည်။

လူတို့ကျင့်သုံးအပ်သော ရှစ်ပါးသီလတွင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ မုသားပြောခြင်း၊ သုရာမေရယ ဟူသော သေရည် သောက်ခြင်း သီလတို့သည် ဝါရိတ္တသီလဖြစ်သည်။ ရှောင်ရမည်။ ကျန်လေးပါးဖြစ်သော မိမိအိမ်ရာ၌ စပ်ယှက်ခြင်း၊ နေလွဲညစာ စားခြင်း၊ က၊ သီ၊ တီးမှုကို ကြည့်ခြင်း သိက္ခာပုဒ်သည် အပါယ်လားကြောင်းမဟုတ်။ စာရိတ္တသီလ ဖြစ်သည်။

သရဏဂုံတည်သော ဥပါသကာသည် ငါးပါးသီလလုံလျှင်ပင် သီလရှိသော ဥပါသကာ ဖြစ်သည်။ ရှစ်ပါး သီလစောင့်ထိန်းမှ အပါယ်ဘေးမကျနိုင်ဟု မဆိုလိုပေ။ ရဟန်းတော်များအဖို့မူ စာရိတ္တသီလဟု သတ်မှတ်သော မမြတ်သော အကျင့်ကျင့်ခြင်း၊ နေလွဲညစာ စားခြင်း၊ က၊ သီ၊ တီးသည်ကို ကြည့်ခြင်း၊ မြင့်မြတ်သောနေရာ၌ အိပ်ခြင်း မပြုရဟု တားမြစ်ထားသည်။

စာရိတ္တသီလနှင့် ဝါရိတ္တသီလ ခွဲခြားပြရာတွင် ရှစ်ပါးသီလ၌ မိမိပိုင် ဝတ္ထုကာမ၌ စပ်ယှက်ခြင်း၊ နေလွဲညစာ စားခြင်း၊ ပွဲကြည့်ခြင်း၊ မြင့်မြတ်သောနေရာ၌ နေထိုင်မှုသည် လုံးဝအပြစ်မရှိဟု အယူအဆလွဲမှားတတ်သည်။ ပုထုဇဉ်နှင့် အရိယာတို့ ယှဉ်ဆပုံခြင်း မတူပေ။

## အာဇီဝဋ္ဌမကသီလနှင့် အာဘိသမာစာရိကသီလ

အာဇီဝဋ္ဌမကသီလဟူသည် (အာဒိ=အစ၊ ဗြဟ္မစရိယ=မြတ်သော အရိယမဂ်အကျင့်) မြတ်သောအရိယမဂ် အကျင့်၏ အဦးအစကို ခေါ်သည်။ အာဇီဝဋ္ဌမကသီလသည် သူ့အသက်သတ်ခြင်းမှရှောင်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှရှောင်ခြင်း၊ သူ့အိမ်ရာဖောက်ပြန်ခြင်းမှ ရှောင်ခြင်း၊ မုသားပြောခြင်းမှရှောင်ခြင်း၊ ကုံးတိုက်စကားပြောခြင်းမှရှောင်ခြင်း၊ ဆဲရေး စကားပြောဆိုခြင်းမှရှောင်ခြင်း၊ ပြိန်ဖျင်းစကားပြောခြင်းမှရှောင်ခြင်း၊ မကောင်းသော အသက်မွေးမှုမှရှောင်ခြင်းကို အာဇီဝဋ္ဌမက သီလဟုခေါ်သည်။

အချို့ပုဂ္ဂိုလ်များက အာဇီဝဋ္ဌမကသီလဟူသည် မကြားဖူး၊ ဘုရားဟော မဟုတ်ဟု ဆိုကြသည်။ သီလဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ပါရှိရာ ဤသို့ မဆိုအပ်။

အချို့ကမူ "မြတ်သော အရိယာမဂ်၏အစသည် အာဇီဝဋ္ဌမကသီလ ဖြစ်သည်ဟူသော စကားအရ၊ ယခု စောင့်ထိန်းသော ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါး သီလသည် မြတ်သော အရိယာမဂ် စတင်ကျင့်သုံးအပ်သည် မဟုတ်ဟု ဆိုတတ်ကြသည်။

အမှန်မှာ မြတ်ဘုရားသည် ဒုစရိုက်အမိုက်မှောင်ထုလွှမ်းနေသော လောက၌ပွင့်တော်မူခဲ့ရာ သတ္တဝါတို့ကို အကျင့်သီလဖြင့် ဆုံးမသောအခါ သီလအမျိုးမျိုးထဲမှ အကြမ်းစားဒုစရိုက်သမားနှင့် သင့်လျော်ရာဆုံးမသည်။ ဒုစရိုက်ယုတ်လျော့သွားသောအခါမှ အာဇီဝဋ္ဌမကသီလ အသုံးပြုရန် ဆုံးမခြင်းဖြစ်သည်။

အာဇီဝဋ္ဌမကသီလတွင် သုရာမေရယသိက္ခာနှင့် နစ္စဂီတ သိက္ခာပုဒ်မပါ၍ အရက်သောက်ရင်း၊ ပွဲကြည့်ရင်း စောင့်နိုင်သည်ဟုဆိုလျှင် အလွယ်ကြိုက်သူများ နှစ်ခြိုက်ကြမည်။

အာဇီဝဋ္ဌမကသီလမှ ကြွင်းသောသီလအလုံးစုံသည် အာဘိသမာစာရိကသီလမည်သည်။ ရဟန်းတော်တို့အဖို့ သေးငယ်သောအပြစ် မဖြစ်အောင် ရှောင်ရာ၏။ ယင်းသည် အာဘိသမာစာရိယသီလမည်၏။

www.burmeseclassic.com

www.burmeseclassic.com



## နိယတသီလနှင့် အနိယတသီလ

တဏှာကိုဖြစ်စေ၊ ဒိဋ္ဌိကိုဖြစ်စေ အမှီပြု၍ စောင့်သုံးအပ်သော သီလသည် နိယတသီလမည်၏။ ဤသီလကြောင့် ငါသည် နောင်ဘဝတွင် ကောင်းသောဘဝ၊ မြတ်သောစည်းစိမ် ရလိုပါ၏ဟု ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ တောင့်တ ကျင့်သုံးသော သီလဖြစ်သည်။ ဤသို့ တဏှာ၊ ဒိဋ္ဌိနှစ်ပါး အမှီမပြုဘဲ မြတ်သောအကျင့် ငါ ကျင့်မည်ဟု နှလုံးသွင်း စောင့်အပ်သောသီလကား အနိယတသီလဖြစ်သည်။ မဂ်ဖိုလ်နှင့်ယှဉ်သော သီလဖြစ်သည်။

## ကာလပရိယန္တသီလနှင့် အာပါဏကောဋိကသီလ

အလိုရှိသလောက် ကာလပိုင်းခြား၍ စောင့်သောသီလကို ကာလပရိယန္တသီလ ခေါ်သည်။ ကာလပိုင်းခြား ခြင်းမရှိဘဲ တစ်သက်ပတ်လုံး စောင့်ထိန်းသောသီလကို အာပါဏကောဋိကသီလဟု ခေါ်သည်။

ယခုခေတ်တွင် လူအများ သီလခံယူရာ၌ ကာလပိုင်းခြားမှု မရှိကြ။ "သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏"ဟု ဆောက်တည်လျှင် တစ်သက်လုံး ဆောက်တည်သကဲ့သို့ ဖြစ်နေသည်။ ဆောက်တည်သူ စိတ်ထဲ၌ တစ်နေ့တစ်ရက် ရည်မှန်းထား၍သာ ကာလပရိယန္တသီလဟု ယူဆရသည်။ အမှန်က ပိုင်းခြားရွတ်ဆိုသင့်သည်။ ကျောင်းတွင်းရှိစဉ် အလှူအတန်းပြီးချိန်အထိ တစ်ထိုင်တွင်းမျှဟု ပိုင်းခြားဆောက်တည်သင့်ပေသည်။

## သပရိယန္တသီလနှင့် အပရိယန္တသီလ

ဤသီလအစိပ္ပာယ်မှာ အဆုံးရှိသော သီလနှင့် အဆုံးမရှိသော သီလဟူ၍ ဖြစ်သည်။ ဥပမာအားဖြင့် တစ်နေ့တာ ဥပုသ်ဆောက်တည် သူအား တစ်စုံတစ်ယောက်က သီလချိုးလိုက်ပါ။ ငွေတစ်ထောင်ပေးမည်ဟု ဆိုသဖြင့် ဖျက်လျှင် သပရိယန္တသီလ ဖြစ်သည်။ သီလမဖျက်လျှင် သတ်မည်၊ ခြေလက် ဖြတ်မည်၊ ဆွေမျိုးအခြံအရံ ဖျက်စီးမည်ဟုဆို၍ ချိုးဖျက်ရသော သီလမျိုးဖြစ်သည်။ ဘေးကြောင့် သီလချိုးဖောက်ရသော်လည်း ထိုသို့ မချိုးဖောက်မီ ရှေ့ပိုင်းတွင် သီလသည် ကောင်းမြတ်၏။

ဤသို့ ဖျက်စီးသော်လည်း ဖျက်မရဘဲ ရည်မှန်းချက်ပေါက်အောင် ဆောက်တည်သောသီလကို အပရိယန္တ သီလဟု ခေါ်သည်။

## လောကီယသီလနှင့် လောကုတ္တရသီလ

အာသဝေါတရားတို့၏ အာရုံဖြစ်သော သီလသည် လောကီယသီလ မည်သည်။ လောကီယသီလသည် လူ့ဘဝ၊ နတ်ဘဝ ဆောင်ရွက်နိုင်သည်။ ဘဝမှ လွတ်မြောက်ရေး အဆောက်အအုံလည်း ဖြစ်နိုင်သည်။ လောကုတ္တရ သီလမူ အာသဝေါတရားတို့က အာရုံပြုမခံရပေ။ ဘဝမှလွတ်မြောက်ခြင်းကို ဆောင်ရွက်နိုင်ပေသည်။

## ဟီနသီလ၊ မဇ္ဈိမသီလ၊ ပဏီတသီလ

အညံ့စားဖြစ်သော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့ဖြင့် ဆောက်တည် ကျင့်သုံးသော သီလသည် ဟီနသီလ ဖြစ်သည်။ အလတ်စားဖြစ်သော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ ဆောက်တည်ကျင့်သုံးသော သီလသည် မဇ္ဈိမသီလ ဖြစ်သည်။ မြတ်သောဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဖြင့် ဆောက်တည်သော သီလကား ပဏီတသီလ မည်၏။ ဟီနသီလသည် အကျော်စောဂုဏ်သတင်း လိုလား၍ ဆောက်တည်ခြင်း ဖြစ်သည်။ ကောင်းမှု၏ ဘဝချမ်းသာ လိုလားဆောက်တည် ခြင်းသည် မဇ္ဈိမသီလဖြစ်သည်။ ဂုဏ်ပကာသနလည်း မလိုလား။ နောင်ခံစားရမည့် အကျိုးလည်း မလိုလားဘဲ "မြတ်သောအကျင့်ကို ငါကျင့်အပ်၏"ဟု နှလုံးသွင်းဆောက်တည်ခြင်းကား ပဏီတသီလ ဖြစ်သည်။ ဤသီလကား ပါရမီသီလ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### အတ္တာဓိပတေယျသီလ၊ လောကာဓိပတေယျသီလ၊ ဓမ္မာဓိပတေယျသီလ

မိမိ၏ မသင့်လျော်သော အကျင့်အကြံ ပယ်စွန့်လိုသဖြင့် မိမိကိုယ်ကို အလေးဂရုပြုဆောက်တည်သော သီလသည် အတ္တာဓိပတေယျသီလ ဖြစ်သည်။

လူအများက ကဲ့ရဲ့ရှုတ်ချမည်ကို ပယ်ရှားလို၍ လူအများ အလေးဂရုပြုရန် ကျင့်သုံးသောသီလသည် လောကာဓိပတေယျသီလဖြစ်သည်။

မြတ်ဘုရားဟောသော မဂ်ဖိုလ်နိဗ္ဗာန်တရားတော်သည် ကြီးမြတ်သော အာနုဘော်ရှိ၏။ သံသရာမှ ထွက်မြောက်စေနိုင်သော တရားဖြစ်၏။ ထိုတရားကို ပဋိပတ်အကျင့်ဖြင့် ပူဇော်သင့်၏။ ထို့ကြောင့် ငါသည် မဂ်ဖိုလ်နိဗ္ဗာန်တရားကို သီလအကျင့်ဖြင့် ပူဇော်တာဟု ဆောက်တည်သောသီလသည် ဓမ္မာဓိပတေယျသီလမည်၏။

### ဝိသုဒ္ဓသီလ၊ အဝိသုဒ္ဓသီလ၊ ဝေမတိကသီလ

စင်ကြယ်သောပုဂ္ဂိုလ်၏ သီလသည် ဝိသုဒ္ဓသီလမည်၏။ မစင်ကြယ်သော ပုဂ္ဂိုလ်၏သီလသည် အဝိသုဒ္ဓသီလမည်၏။ ပါစိတ် အာပတ်သင့်လေသလော။ ဒုက္ကဋ်အာပတ် သင့်လေသလော။ ဤသို့ အာပတ်ဖြစ်စေ ငါသည် ဝတ္ထုကို လွန်ကျူးမိလေသလော၊ မလွန်ကျူးဘဲ ရှိလေသလောဟု ယုံမှားရှိသော သူ၏သီလသည် ဝေမတိကသီလမည်၏။ ကမ္မဋ္ဌာန်းအားထုတ်သူသည် မစင်ကြယ်သော သီလကို စင်ကြယ်အောင်ပြုသင့်သည်။

### သေက္ခသီလ၊ အသေက္ခသီလ၊ နေဝသေက္ခနာသေက္ခသီလ

မဂ်တရားလေးပါး၊ အောက်ဖိုလ်တရားသုံးပါးတို့နှင့်ယှဉ်သော သီလသည် သေက္ခသီလမည်၏။ အရဟတ္တဖိုလ်နှင့် ယှဉ်သောသီလသည် အသေက္ခသီလမည်၏။ ထိုမှ ကြွင်းသော လောကီသီလအစုသည် နေဝသေက္ခနာသေက္ခသီလ မည်၏။ ပုထုဇဉ်တို့၏ သီလပင်တည်း။

### ဟာနဘာဂိယသီလ၊ ဌိတိဘာဂိယသီလ၊ ဝိသေသဘာဂိယသီလ၊ နိဗ္ဗေဓဘာဂိယသီလ

အကြင်ရဟန်းသည် သီလမရှိသော ပုဂ္ဂိုလ်သာပေါင်း၍ သီလ ရှိသောပုဂ္ဂိုလ်ကို မဆည်းကပ်၊ အာပတ်၏ အကြောင်း မကောင်းသော အရာဝတ္ထုလွန်ကျူးခြင်း၌ အပြစ်မမြင်၊ သီလည်းမသိ၊ ဣန္ဒြေကိုစောင့်ထိန်းခြင်းမရှိသော ရဟန်း၏သီလသည် ရှေ့မတိုးဘဲ ဆုတ်ယုတ်၏။ ဤသီလမျိုးကို ဟာနဘာဂိယသီလ ခေါ်သည်။

အကြင်ရဟန်းသည် သီလနှင့်ပြည့်စုံခြင်းကို နှစ်သက်၏။ ကမ္မဋ္ဌာန်း အလုပ် တိုးတက်အားထုတ်ရန်ကား စိတ်မရှိ၊ သီလနှင့်သာ တင်းတိမ် နေ၏။ ရှေ့သို့လည်း မတိုးတက်၊ ယုတ်လျော့ခြင်းမရှိသော သီလသည် ဌိတိဘာဂိယသီလ မည်၏။

အကြင်ရဟန်းသည် သီလနှင့် ပြည့်စုံ၏။ ပြီးနောက် ရောင့်ရဲ မနေဘဲ သမာဓိဖြစ်ဖို့ ကြိုးစားသည်။ ထိုရဟန်း၏ သီလသည် ထူးသောအဖို့ရှိ၍ ဝိသေသဘာဂိယသီလ မည်၏။

အကြင်ရဟန်းသည် သီလဖြင့် ရောင့်ရဲမနေဘဲ သင်္ခါရဒုက္ခတို့မှ ငြီးငွေ့သည်။ ဝိပဿနာဉာဏ်ရရန် အားထုတ်သည်။ ထိုရဟန်း၏ သီလသည် ကိလေသာအမှောင်ထုကို ဖြိုခွဲခြင်းရှိ၍ နိဗ္ဗေဓဘာဂိယ သီလခေါ်၏။

### ဘိက္ခုသီလ၊ ဘိက္ခုနီသီလ၊ အနုပသမ္ပန္နသီလ၊ ဂဟဋ္ဌသီလ

ရဟန်းယောကျ်ားတို့စောင့်ထိန်းရန် မြတ်ဘုရား ပညတ်တော်မူသော သီလအစုသည် ဘိက္ခုသီလ မည်၏။

ရဟန်းမိန်းမတို့အတွက် ပညတ်အပ်သော သိက္ခာပုဒ် အစုသည် ဘိက္ခုနီသီလ မည်၏။

သာမဏေယောကျ်ား၊ သာမဏေမိန်းမ ထိန်းအပ်သော ဆယ်ပါး သီလသည် အနုပသမ္ပန္နသီလမည်၏။

ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့ ကျင့်သုံးအပ်သော သီလကို ဂဟဋ္ဌသီလခေါ်သည်။ ငါးပါးသီလမှာ

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ အမြဲစောင့်ထိန်းအပ်သောသီလဖြစ်သည်။ ဆယ်ပါးသီလမှာ စောင့်ထိန်းအပ်သော်လည်း စွမ်းရည်ရှိသူသာ စောင့်ရှောက်ရမည်။ စွမ်းရည်ဆိုသည်မှာ ရွှေ၊ ငွေ သိမ်းထားမှု၊ ကိုင်တွယ်မှု၊ ရောင်းဝယ်မှုမပြုဘဲ အာလယမပြတ် ပယ်စွန့်နိုင်သော စွမ်းရည်ကို ခေါ်သည်။ ရွှေငွေကို သီလစောင့်ထိန်းစဉ်အတွင်းသာ ရှောင်ကြဉ်မည်၊ သီလကထွက်လျှင် သုံးစွဲမည်ဟူသော တစ်မက်မှုရှိလျှင် မစောင့်ရပေ။

ဤနေရာတွင် လူတို့သည် ရွှေငွေအပေါ် အာလယမပြတ်နိုင်၍ ဆယ်ပါးသီလ မစောင့်အပ်ဟုဆိုသည်။ ဇာတရူပ သိက္ခာပုဒ်ကို အစွဲပြု၍ အယူကွဲပြားခြင်း ဖြစ်သည်။ ဤသိက္ခာပုဒ်အရ ရွှေငွေကို ကိုင်တွယ်ခြင်း၊ သုံးစွဲခြင်းကင်းအောင် မိမိရှိသော ရွှေငွေကို စွန့်နိုင်မှ ဆယ်ပါးသီလ စောင့်အပ်၏ဟု ဆိုသည်။ အမှန်မှာ ဆယ်ပါးသီလ စောင့်ငြားလည်း သင့်လျော်ရာတွင်ထားသော ရွှေငွေအတွက် သီလကို တစ်စုံတစ်ရာ အနှောင့်အယှက်မရှိပေ။

## ပါတိမောက္ခ သံဝရသီလ

(ပါတိ=စောင့်ရှောက်သူ+မောက္ခ=လွတ်စေသည်)

စောင့်ရှောက်သူကို အပါယ်စသော ဆင်းရဲတို့မှ လွတ်မြောက် စေသောသီလသည် ပါတိမောက္ခသံဝရသီလ မည်၏။ ဤသီလ စောင့်သူသည် ကောင်းသောအကျင့်တရား ရှိရသည်။ ကျက်စားရာဌာနတို့နှင့် ပြည့်စုံရသည်။ မြူမှုန်မျှလောက် အပြစ်လေးကိုပင် မြင့်မိုရ်တောင်ကြီးလောက် ကြောက်ဖွယ် ဘေးပမာရှုကြည့်ရသည်။ သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ရသည်။

## ဣန္ဒြိယ သံဝရသီလ

ဣန္ဒြေကို စောင့်ရှောက်ခြင်းသည် ဣန္ဒြိယ သံဝရသီလမည်၏။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဤခြောက်ပါးကို အစိုးရခြင်း ဖြစ်သည်။ ဣန္ဒြေကို စောင့်စည်းဟန်ကား မျက်စိဖြင့် အဆင်း၊ ရူပါရုံကိုမြင်သော် မြင်သည့်အတိုင်း စိတ်ထဲ တည်ရှိရမည်။ မိန်းမ၊ ယောကျ်ား ဖြစ်သည်။ တင့်တယ်သည် စသည်ဖြင့် ကိလေသာ ဖြစ်ခြင်းအကြောင်း မမှတ်ယူရ။

## အာဇီဝပါရိ သုဒ္ဓိသီလ

ဝိနည်းတော်လာ အသက်မွေးမှုတည်းဟူသော အကြောင်းနှင့်စပ်၍ ပညတ်သော သိက္ခာပုဒ် အစွမ်းအားဖြင့်လည်းကောင်း၊ အခြား ယုတ်မာသော အစွမ်းအားဖြင့် လည်းကောင်း၊ ပစ္စည်းကိုမှီ၍ အသက်မွေးမှုမှ ရှောင်ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။

## ပစ္စယသန္နိသိတသီလ

ပစ္စည်းလေးပါးကိုမှီ၍ ပြည့်စုံစေအပ်သောသီလသည် ပစ္စယသန္နိသိတသီလမည်၏။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးကို မသုံးရင်လည်းမဖြစ်။ သုံးရမည်။ သုံးသည့်အခါ လောဘ၊ ဒေါသ စသော အကုသိုလ်တရားများ စင်အောင် ဆိုင်ရာသဘော ဆင်ခြင်သုံးရသည်။

## သီလညစ်ညူးခြင်း၊ ဖြူစင်ခြင်း

သီလညစ်ညူးခြင်းသည် သီလပြတ်ခြင်း၊ ပေါက်ခြင်းသဘော ဖြစ်သည်။ သီလမပြတ်၊ မပေါက်လျှင် သီလ ဖြူစင်၏။ သီလပြတ်ခြင်း၊ ပေါက်ခြင်းသည် လာဘ်လာဘ၏ အရှိန်အဝါ၊ အကျော်အစော စသည့် အကြောင်းရင်းရှိသော ပျက်စီးခြင်းဖြင့်လည်းကောင်း၊ မေထုနသံယောဂတရား ခုနစ်ပါးဖြင့်လည်းကောင်း ဖြစ်၏။

လာဘ်ကြောင့် ကျိုးပြတ်ခြင်း၊ ပေါက်ခြင်း၊ ကြားခြင်း၊ ပြောက်ခြင်း မရှိစေကာမူ မေထုန်နှင့်စပ်သော အမှုခုနစ်ပါးမှာ···

www.burmeseclassic.com

www.burmeseclassic.com



(၁) မာတုဂါမက မိမိကိုယ်ပေါ် မှီလာသည်ကို သာယာခြင်း၊ နင်းနှိပ်ပေးသည်ကို သာယာခြင်း၊ ရေချိုးပေးသည်ကို သာယာခြင်း။

(၂) မာတုဂါမနှင့် ပြင်းစွာ ရယ်မောနေရသည်ကို သာယာခြင်း။

(၃) မျက်စိချင်းဆိုင်၍ ကြည့်နေရသည်ကို သာယာခြင်း။

(၄) နံရံတာစ်ဖက်မှ မာတုဂါမ၏ ရယ်သံ၊ စကားပြောသံ နားထောင်၍ သာယာမှု။

(၅) မာတုဂါမနှင့် စကားပြောခဲ့ဖူးသည်ကို အောက်မေ့ သာယာခြင်း။

(၆) ကာမဂုဏ်ငါးပါးနှင့် ပြည့်စုံသော သူကြွယ် (သို့) သူကြွယ်သား အဖြစ်ကို တပ်မက်သာယာခြင်း။

(၇) နတ်အဖြစ်ကို သာယာတပ်မက်ခြင်း။

သီလဖြူစင်ခြင်းမှာ မကျိုးပြတ်ခြင်း၊ မပေါက်ခြင်း၊ ပျက်စီးသော် လည်း ကောင်းစွာ ကုစားခြင်း၊ မေထုန်ငယ် ခုနစ်ပါးနှင့် စပ်ယှက်မှု မရှိခြင်း၊ ထိုမှတစ်ပါး အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ဂုဏ်ကျေးဇူး ချေဖျက်ခြင်း၊ မနာလိုခြင်း၊ ဝန်တိုခြင်း၊ ထင်ရှားသော အပြစ်ဖုံးလွှမ်းထားခြင်း၊ ဂုဏ်ထင်ပေါ်အောင် ပြုလုပ်ခြင်း၊ အလိုနည်းခြင်းစသော ဂုဏ်တို့၌ စင်ကြယ်သည်ကို သီလဖြူစင်သည်မည်၏။

## သီလပြည့်စုံခြင်းအကျိုး

လောက၌ သီလရှိသော၊ သီလနှင့် ပြည့်စုံသော သူသည် မမေ့မလျော့၊ မပေါ့ဆမှုကြောင့် အောက်ပါအကျိုးများ ရရှိသည်...

(၁) ကြီးစွာသော စည်းစိမ်ကိုရသည်။

(၂) ကျော်စောသတင်း ပျံ့နှံ့သည်။

(၃) ပရိသတ်ကိုကြောက်ရွံ့ခြင်း ကင်းလျက်ရဲရင့် ရွှင်လန်းစွာ ချဉ်းကပ်၏။

(၄) မိမိပြုဖူးသော ကောင်းမှုကုသိုလ်ကြောင့် မတွေဝေဘဲ ကြည်လင်စွာသေရ၏။

(၅) သေသည်မှ နောက် သုဂတိဘုံသို့ရောက်၏။

သီလနှင့် ပတ်သက်၍ရဟန်းတို့အား ဘုရားရှင်က ဤသို့မိန့်ဆိုသည်။

"ရဟန်းတို့၊ သီတင်းသုံးဖော်တို့၏ ချစ်ခင်လေးစားချီးမွမ်းခံရသူ၊ ဆွမ်း၊သင်္ကန်း၊ ကျောင်းဆေးရသူ၊ ထိုပစ္စည်းလေးပါးထောက်ပံ့သူအား အကျိုးကြီးများစေလိုသူ၊ ပြိတ္တာဖြစ်နေသော ဆွေမျိုးသားချင်းတို့၏ ကြည်ညိုစိတ် အကျိုးကြီးများစေလိုသူ၊ စိတ်ချမ်းမြေ့ပျော်မွေ့သူ၊ အပြစ်မှလွတ်ကင်းလိုသူ၊ ကြောက်ရွံ့ခြင်းကင်းလိုသူ၊ ရုပ်ဆင်းရဲကို လွန်မြောက်ကာ နာမ်ချမ်းသာဖြင့်နေလိုသူ၊ အပါယ်မကျဘဲ ကောင်းရာသုဂတိသို့သာ ဧကန်လားရမည့် သောတာပန်ဖြစ်လိုသူ၊ လောက၌ တစ်ကြိမ်သာ လူဖြစ်ပြီး ဝဋ်ဆင်းရဲကို အဆုံးသတ်မည့် သကဒါဂါမ်ဖြစ်လိုသူ၊ ဗြဟ္မာဘုံ၌သာ ပဋိသန္ဓေနေ၍ အောက်ဘုံသို့ ပြန်လည်လားရောက်ခြင်း မရှိသူ၊ များသောတန်ခိုးကို ဖန်ဆင်းနိုင်သူ၊ အနီးအဝေးအကုန်ကြား နိုင်သော နတ်တို့၏နားနှင့်တူသော ဒိဗ္ဗသောတဉာဏ်နားရလိုသူ၊ အခြားသူများ၏စိတ်ကို အကုန်အစင်သိလိုသူ၊ ရှေးဘဝများစွာကို ပြန်လည်အောက်မေ့သိနိုင်သူ၊ သတ္တဝါတို့၏ ကောင်းသော၊ မကောင်းသောလားရာကို သိရှိသူဖြစ်လို ခဲ့ပါက သီလကိုဖြည့်ကျင့်ပြီး မိမိစိတ်ကို ငြိမ်သက်အောင် ကြိုးစားကာ၊ ကမ္မဋ္ဌာန်း၊ ဝိပဿနာတရား ပွားများ အားထုတ်ကြကုန်လော့။

"ဣဓ္ဓနုတိဘိက္ခဝေ သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ"

ရဟန်းများတို့၊ သီလရှိသူမှာ သူ၏တောင့်တမှုက စင်ကြယ်သည့်အတွက် စိတ်တောင့်တတိုင်းပြည့်စုံနိုင်ပေသည်။

(ဆရာတော် ဦးဝိစိတ္တသာရ၏ မဟာဗုဒ္ဓဝင်အနုဒီပနီမှ ကောက်နုတ်ချက်)

(သီလ သို့မဟုတ် ကိုယ်ကျင့်တရား စာအုပ်မှ)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## သီလပျက်ခြင်း အပြစ်များ

## အားထုတ်အပ်သော သီလပျက်ပြားလျှင်-

(၁) စည်းစိမ်ဥစ္စာဆုတ်ယုတ်ခြင်း။

(၂) မကောင်းသတင်း ကျော်စောခြင်း။

(၃) ပရိသတ်အလယ် မျက်နှာညှိုးခြင်း။

(၄) မကောင်းမှုကို ပြုမိချေပြီဟု ကြောက်ရွံ့ထိတ်လန့်ကာ တွေဝေစွာ သေရခြင်း။

(၅) သေသည်မှနောက် အပါယ်လားရခြင်း။

(၆) နတ်တို့ မုန်းခြင်း။

(၇) အတူတကွပေါင်းဖော်ကြ သူတို့ ဆုံးမပဲ့ပြင်မှု မရှိတော့ခြင်း။

(၈) မကောင်းသည့် အကျင့်များကြာရှည်သဖြင့် ပြုပြင်ရန် ခဲယဉ်းခြင်း။

(၉) အရှိန်အဝါ မရှိခြင်း။

(၁၀) သီလရှိသူတို့က ဝေးစွာရှောင်ခြင်း။

(၁၁) မဂ်ဖိုလ်တရားထူးရရန် လမ်းမမြင်ခြင်း။

(၁၂) မိမိကိုယ်ကို စွပ်စွဲခြင်းဟူသော အတ္တာနုဝါဒ ဘေးဆိုက်ခြင်း။

(၁၃) ပညာရှိတို့ ကဲ့ရဲ့ခြင်းဟူသော ပရာနုဝါဒ ဘေးဆိုက်ခြင်း။

(၁၄) တူညီသော ပြစ်ဒဏ်ခံရသော ဒဏ္ဍဘေးဆိုက်ခြင်းတို့ဖြစ်ပေသည်။

(သီလ သို့မဟုတ် ကိုယ်ကျင့်တရား စာအုပ်မှ)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သီလဖက် အသက်ရှည်

"ဟောဗျာ…ဘယ်အသက်ရှိသေးလို့ သေရတာလဲ"

ဓမ္မပါလ၏ တအံ့တသြ ရေရွတ်သံကြောင့် လှည့်ပြန်လှည့်ကြည့်သည်။ ဓမ္မပါလ အမူအရာက ရင်ကိုဖိလျက် စုတ်တသပ်သပ်ဖြစ်နေခြင်းမှာ အမှန်ပင်အံ့သြနေလေဟန်။

"ဟေ…မင်းကရှူးကြောင်ကြောင်လုပ်ပြန်ပြီ။ သေတာပဲ အသက်အရွယ်နဲ့ မဆိုင်ပါဘူး။ ငယ်ငယ်လည်း သေတတ်တာပဲ။

"မကြားဖူးပေါင်…"

"ဟ၊ ငယ်ငယ်ရွယ်ရွယ်သေတာ မကြားဖူးဘူး၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒီလိုသေတာမျိုး ငါတော့ မကြားဖူးဘူး။ လူကြီး မိဘတွေကလည်း မပြောကြဘူး။ မှန်တာပြောရရင် ဒါမျိုးမမြင်ဖူးဘူး"

"ဟော့ဟော့၊ လာကြပါဦး။ ဒီမှာ လူထူးလူဆန်းတစ်ယောက်ကို အရှင်လတ်လတ်တွေ့ရတယ်ကွ"

မောင်သိက္ခာက သူ့ကိစ္စနှင့်သူ အလုပ်ရှုပ်နေကြသော အပေါင်းအသင်းတို့ကို လက်ယပ်ခေါ်သည်။ အထိတ်တလန့် အမူအရာဖြင့် ခေါ်လိုက်သည့် မောင်သိက္ခာအသံကြောင့် စာသင်ဖော်များ ဝိုင်းအုံရောက်လာသည်။

"သူငယ်ချင်းတို့၊ သူ့ကိုကြည့်စမ်း၊ ဘာထူးခြားသလဲ"

မောင်သိက္ခာက ဓမ္မပါလကို လက်ညှိုးထိုးပြပြီး အံ့အားတသင့် အမူအရာဖြင့် ပြောလိုက်၍ ဓမ္မပါလလုလင်ကို ကြည့်ကြသည်။ သူတို့သိသော ဓမ္မပါလတွင် ထူးထူးခြားခြား မတွေ့သဖြင့် ဘာကြောင်တာလဲဟူသော အမူအရာဖြင့် ပြန်ကြည့်သည်။

"မင်းတို့သိထားတဲ့ ကိစ္စလေ…မနက်က မောင်ရူပ ဆုံးသွားတယ်မို့လား"

"အေးလေ"

"မောင်ရူပဆုံးတာ မဖြစ်နိုင်ဘူးတဲ့၊ ဒီလောက်ငယ်ငယ်ရွယ်ရွယ်နဲ့ သေတယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့"

"ဟာကွာ…မင်းတို့နှစ်ယောက်ကတော့ နောက်စရာမရှိရှာကြံနေတယ်။ သေတဲ့လူက သေလို့ဆရာကြီး စိတ်မကောင်းဖြစ်နေရတဲ့ အထဲ"

သူတို့ထဲမှ အသက်အကြီးဆုံးဖြစ်သည့် မောင်ဒီပက နောက်စရာမဟုတ်သည်ကို နောက်ရမလားဟု အပြစ်တင်စကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်တာ မဟုတ်ပါဘူး ကိုဒီပ။ ကျွန်တော် ဒီအဖြစ်မျိုး မမြင်ဘူးလို့ ပြောမိတာပါ"

"ဟေ"

"မောင်ရူပက ဘယ်အသက်အရွယ်ရှိသေးလို့လဲဗျာ…လွန်ရော ကျံရောရှိလှ (၁၅) နှစ်ပေါ့။ ဒီလောက်ငယ်ငယ်ရွယ်ရွယ်နဲ့ သေရမလား"

"အွန်း…နေ…နေပါဦး။ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့သေတာ မမြင်ဖူးဘူးလား"

"ဟင့်…အင်း"

" မွေးကင်းစတွေ၊ တစ်နှစ်သား၊ နှစ်နှစ်သားတွေ၊ ကျောင်းနေရွယ်တွေ သေတာမတွေ့ဖူးဘူးပေါ့"

"ဟုတ်တယ်၊ မတွေ့ဖူးဘူး"

"ဒါဆို နေပါဦး။ မင်းတို့ဆီမှာ လူတွေ ဘယ်အရွယ်မှသေလဲ"

"လူ့သက်တမ်းက တစ်ရာတမ်းရှိတာပဲ။ တစ်ရာပြည့်မှ သေချင်သေ၊ ဒီထက်အသက်ရှည်မှလည်း သေကြတယ်။ အဲတစ်ယောက်စ နှစ်ယောက်စတော့ ကိုးဆယ်ကျော်၊ တစ်ရာနီးမှာသေတယ်။ ဒါကလည်း ခပ်ရှားရှားပါ"

"ဟေ မင်းပြောတာ တကယ်လား"

"ကျုပ်မညာပါဘူး။ မုသားစကားဆိုဖို့လည်း ဝန်လေးပါတယ်"

မောင်ဒီပသည် ဓမ္မပါလစကားကြားသော် အံ့အားသင့်သော အမူအရာဖြင့် အပေါင်းအသင်းများကို ကြည့်သည်။ ပြောရခက်၊ နားလည်ရခက်သော အကြောင်းအရာဖြစ်၍ စိတ်မသက်မသာနှင့် ခေါင်းခါယမ်းသည်။ မောင်ရူပက "ဘယ်နှယ်လဲ၊ မထူးဆန်းဘူးလား"ဟူသော အမူအရာဖြင့် မေးထိုးပြပြီး၊ မျက်စပစ်လျက်မေးသည်။ ကျောင်းသားအားလုံးအကြည့်က ဓမ္မပါလဆီရောက်သွားတော့သည်။

"နေပါဦး မောင်ဓမ္မပါလ၊ သူတို့ပြောတာ ဟုတ်လား"

ပြဿနာက ကျောင်းသားအချင်းချင်းအတွင်းသာ မဟုတ်ဘဲ၊ ဓမ္မပါလလုလင်ကို အထူးအဆန်းအဖြစ် ဆရာကြီးဆီ ခေါ်သွားကြသည်။မောင်ဒီပကပင် အဖြစ်အပျက် အလုံးစုံရှင်းပြသည်။

"ဟုတ်ကဲ့၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရတာမြင်တော့ ကျွန်တော် အံ့သြသွားလို့ပါ"

"အေး၊ သေခြင်းတရားဆိုတာ ငယ်တာကြီးတာနဲ့ မဆိုင်ဘူးကွဲ့။ အတိတ်ဘဝက သူပြုခဲ့တဲ့ ကံကြမ္မာကသိုလ် အရဖြစ်လာရတာလေ။ ဒီလိုကွယ် မောင်ရူပရဲ့ ကံကြမ္မာက သူ့နဖူးမှာ ရေးလိုက်ပြီးသားကွဲ့။ ဒီအရွယ်၊ ဒီသက်တမ်းမှာ သေရမယ်လို့ စာဆွဲထားတော့ နေချင်လည်း နေလို့မရတော့ဘူး"

"အဲဒါကျွန်တော် နားမလည်တာ ဆရာကြီး။ လူမှန်ရင် အသက်တစ်ရာတော့ နေရသင့်တာပေါ့"

"နေဦး မောင်ဓမ္မပါလပြောပုံဆိုရင် အမောင်တို့ရွာသားတွေက သက်တမ်းစေ့နေပြီးမှ သေရတယ်ပေါ့"

"ဟုတ်ပါတယ် ဆရာကြီး။ ငယ်ငယ်ရွယ်ရွယ် သေသူဆိုတာ မရှိပါဘူး။ ကိုးဆယ်တမ်းလောက် သေရင်တောင် စုတ်တသတ်သတ် ဖြစ်ကြတာ"

"ဒီစကား အမှန်ပဲလား"

"အကျိုးမရှိတဲ့စကား ဘာလို့ပြောနေမှာလဲ ဆရာကြီး။ အံ့သြစရာမို့ အံ့သြတဲ့ အကြောင်းပြောမိတာပါ"

ဆရာကြီးသည် မောင်ဓမ္မပါလကို ကြည့်ပြီး မေးခွန်းရှည်ကြီးမေးမိသည်။ ဆရာကြီးကိုယ်တိုင်လည်း နားမလည်နိုင်အောင် ဖြစ်သွားသည်။ ဤပြဿနာကို ရေဆုံးရေဖျားထိလေ့လာမှ ဖြစ်တော့မည်ဟု တွေးလိုက်မိသည်။

* * *

"ဗျာ အဟုတ်၊ ဆရာကြီးက နောက်တတ်သားပဲ"

"ကျွန်တော် မနောက်ပါဘူးခင်ဗျာ သူဌေးမင်းရဲ့ သား မောင်ဓမ္မပါလ ဆုံးသွားတယ်ဆိုတာ အမှန်ပါ။ ကျွန်တော့်မှာ ဝတ္တရားရှိလို့လာအကြောင်းကြားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒီသာပါမောက္ခဆရာကြီးသည် ဓမ္မပါလစကားကို အတည်ပြုနိုင်ရန်အတွက် ကိုယ်တိုင်ပင် ဓမ္မပါလရွာသို့ ထွက်ခဲ့ သည်။ ထိုသို့ ထွက်မလာမီ စကားယုတ္တိရှိအောင် သက်သေသက္ကာယပြရန် ဆိတ်ရိုးတချို့ရှာဖွေယူသွားသည်။ "သူဌေးမင်းရဲ့သားဟာ (၉၆) ပါးသော ရောဂါထဲမှ တစ်ပါးပါးသော ရောဂါကြောင့်သေဆုံးသွားပါပြီး။ ဝတ္တရားအရ ကောင်းမွန်စွာ သင်္ဂြိုဟ်မှုပြုပြီးသိနိုင်ရန်အတွက် အရိုးယူလာပြတာပါ"ဟုပြောရန် ကြံစည်ထားသည်။ သို့သော် ဆရာကြီးထံက နိဒါန်းစကား ကြားလိုက်သည်နှင့် ရယ်စရာ ပြက်လုံးကောင်း ကြားလိုက်သည့်အလား ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"ကျွန်တော့် သား မသေပါဘူး ဆရာကြီး"

"ရော့ ဟောဒီမှာ သူ့ အရိုးတွေ"

"အဲဒါ ဆိတ်ရိုး၊ နွားရိုးဖြစ်ပါလိမ့်မယ်။ ဒီအသက်အရွယ်နဲ့ ကျွန်တော့်သား မသေနိုင်ပါဘူး"

"ခင်ဗျား ဒီစကားကို ဘာကြောင့်ခိုင်ခိုင်မာမာ ပြောရတာလဲ"

"ထုံးစံမရှိလို့ပါ ဆရာကြီး။ ကျွန်တော်တို့ ဓမ္မပါလရွာသားတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အသက်မသေဘူးဆိုတာ ဆရာကြီး ရှာထဲလိုက်ကြည့်၊ တစ်ဦးချင်းမေးကြည့်"

"ဒါဆို ဘယ်အရွယ်မှသေလဲ"

"လူ့သက်တမ်းစေ့မှ သေပါတယ်။ တစ်ရာတမ်းဆိုတော့ အသက်တစ်ရာပြည့်မှ မီးစာကုန်ဆီခန်း သဘောနဲ့သေကြ တာပါ။ ဒါဟာ ဓမ္မပါလရွာသားတွေရဲ့ ထုံးစံ၊ သဘာဝပါပဲ"

ဒီသာပါမောက္ခဆရာကြီးသည် အလေးခံယူလာသော ဆိတ်ရိုးကို လွယ်အိတ်ထဲမှ ထုတ်လျက် လွှင့်ပစ် လိုက်သည်။ သူ့တပည့်တွေ အံ့သြသကဲ့သို့ သူလည်း အံ့သြရချေပြီ။

"ကျွန်တော် မေးပါရစေ သူဌေး။ ဒီ ဓမ္မပါလရွာသားတွေ ဘာကြောင့် အသက်ရှည်သလဲ"

"အဟဲ၊ ရှင်းနေတဲ့ စကားမေးနေရသေးလား ဆရာကြီးရယ်။ ဓမ္မဆိုတာ တရား၊ ပါလဆိုတာ စောင့်ရှောက်တာလေ၊ ကျွန်တော်တို့ ရွာသားတွေဟာ တရားစောင့်ကြတယ်။ ဓမ္မနဲ့ပတ်သက်ရင် ခါးဝတ်ပုဆိုးလို မြဲမြဲကြတယ်။ ဒီမယ် ဆရာကြီး။ စာမရှိ သားကောင်ဟာ သူ့ရဲ့မြီးဆံတစ်ချောင်းကို အကျွတ်မခံဘူး။ မြီးဆံကျွတ်မယ်ဆိုရင် အသက် အသေခံတတ်တယ်။ ကျွန်တော်တို့ ရွာသူရွာသားတွေဟာလည်း သီလနဲ့ပတ်သက်ရင် အဲသလောက်ခိုင်မြဲတယ်"

"ဒါဆို၊ သူဌေးတို့ရွာသားတွေ ပါဏာတိပါတက် မကျူးလွန်ကြဘူးပေါ့"

"လုံးဝပဲ။ သတ္တဝါတွေကို ကိုယ်နဲ့ထပ်တူ မေတ္တာထားတယ်။ ငါဟာ အသက်မခံချင်ဘူး။ မနာကျင်ချင်ဘူး။ ထို့အတူပဲ တစ်ပါးသူ တစ်ပါးသတ္တဝါတွေလည်း သေချင်မှာမဟုတ်ဘူး။ ဒါကြောင့် စာနာရမယ်လို့ လူတိုင်းခံယူတယ်"

"ဒါဆို အသားမစားဘူးပေါ့"

"ကြားသား မြင်သား ရှောင်ပါတယ်။ ကိုယ်တိုင်လုံးဝ မပြုဘူး။ လုံးလုံးလျားလျား မစားဘူးတော့ မဟုတ်ပေမယ့်၊ များသောအားဖြင့်တော့ သက်သတ်လွတ်စားတာ များပါတယ်"

"ဒါကြောင့်များလား"

ဆရာကြီးသည် အသက်ရှည်ခြင်း အကြောင်းရင်းတစ်ချက်ကို တွေးမိလိုက်သည်။ သို့သော် ဤမျှ ဤမျှနှင့်မှု အချက်အလက် မခိုင်လုံသေး။

"သူဌေးမင်းတို့ ရွာမှာ အဒိန္နာဒါနကံ ကျူးလွန်သူရှိလား"

"မရှိသလောက်ရှားပါတယ် ဆရာကြီး။ ဒါကလည်း လူကြီးမိဘတွေဆုံးမသွန်သင်ထားလို့ ပြုလုပ်သူမရှိ သလောက်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒါတင်မကဘူး။ လူတိုင်းက မုသားစကား မပြောကြဘူး။

''မပြောဘူးဆိုတာ ဟုတ်ပါ့မလား။ စကားတိုင်းက မှန်တယ်လို့ ယူဆလို့ရပါ့မလား''

''မုသားစကားဆိုတာ မဟုတ်ကို အဟုတ်လုပ်တာ အဟုတ်ကို မဟုတ်လုပ်ပြောတာ၊ မဟုတ်လားဆရာကြီး''

''မှန်ပါတယ်''

''အဲဒီလိုပြောရင် တစ်ဖက်သူ နစ်နာဆုံးရှုံးရတယ်။ အကျိုးမဲ့တယ်။ ကိုယ့်အတွက်လည်း အကျိုးမရှိဘူး။ ကျွန်တော်တို့ရွာသားတိုင်းဟာ လူ့ရပ်လူ့ရွာမှာ ဖြစ်တဲ့စကားခြောက်ခွန်းအနက်၊ နှစ်ခွန်းစကားသာ ပြောတတ်ကြပါတယ်။ ဒါက မှန်ရမယ်၊ အကျိုးရှိရမယ်၊ တစ်ဖက်သားလည်း နာလိုရမယ်။ အဲဒီစကားတစ်ခွန်း။ နောက်တစ်ခွန်းက မှန်ရမယ်၊ အကျိုးရှိရမယ်။ တစ်ဖက်သူတော့ နာလိုမှုရှိချင်မှရှိမယ်။ ဒီစကားမျိုးက လွဲပြီးတခြားစကားမပြောပါဘူး''

ဒိသာပါမောက္ခဆရာကြီးသည် သူဌေးစကားကြားမှ ဓမ္မပါလလုလင်ပြောသည့်စကားတစ်ခွန်းကို ပြေးသတိရသွားသည်။ ထို့မှုမက ကျောင်းရောက်သည့်နေ့မှစ၍ ဓမ္မပါလလုလင်ကို စောင့်ကြည့်မိရာ၊ သူသည် သီလနှင့်စပ်သော စကားသာလျှင် ပြောလေ့ရှိသည်ကို သတိပြုမိသည်။

''ဆရာကြီးခင်ဗျာ ကျွန်တော်တို့ ဓမ္မပါလရွာသားတွေဟာ ပဉ္စသီလကို ခါးဝတ်ပုဆိုးနှယ် မြဲမြဲကြပါတယ်။ ဒါကြောင့်လည်း တစ်ဦးနဲ့ တစ်ဦးရန်လိုမုန်းတီးခြင်း မရှိဘူး။ လောဘဖက်ပြီး ရက်စက်မှုမျိုးလည်း မရှိဘူး။ ဒေါသစွက်ပြီး ခက်ထန်ရိုင်းစိုင်းခြင်း မရှိဘူး။ လောဘ၊ ဒေါသ။ မောဟတရားတွေ ကင်းတာကြောင့် စိတ်ဟာအထူးကြည်လင် ချမ်းမြေ့ကြပါတယ်။ နေထိုင်မှုဘဝရိုးရှင်းလို့ ဘေးကင်းပါတယ် ဆရာကြီး''

ဒိသာပါမောက္ခဆရာကြီးသည် အထူးစုံစမ်းဖို့မလိုအောင် သိမြင်ခဲ့ရပြီး ဓမ္မပါလရွာသားများ ဘာကြောင့် အသက်ရှည် ရသည်ကို သိရ၍၊ မိမိလည်း သီလစောင့်တော့အံ့ဟု ဆုံးဖြတ်လိုက်မိလေတော့၏။

ကျမ်းကိုး။ ။ ၅၅၀ ဇာတ်တော်၊ ဒသကနိပါတ်၊ ဓမ္မပါလဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## နဂါးဖြစ်သွားသည့် ရဟန်း

ခန္တိ ပရမံ တပေါတိတိက္ခာ၊

တိတိက္ခာ၊ လွန်လွန်ကဲကဲ အမြဲသည်းခံခြင်းဟူသော။ ခန္တိ၊ သည်းခံခြင်း တရားသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်မည်၏။

သဒ္ဓါစိတ်ဖြင့် ရဟန်းအဖြစ်ကူးပြောင်းခဲ့သော အမျိုးသားကောင်း သည် ကဿပဘုရားရှင် ဩဝါဒပါတိမောက်သည်ကို ရွေရွတ်သည်။ အဆုံးအမကို ရင်ဝယ်သိမ်းဆည်းမိအောင် ထပ်ပြန်တလဲလဲ ရွေရွတ်နေသည်။ သည်းခံခြင်း၊ သည်းခံခြင်းဟူသော စကားရပ်က သူ့အသိဉာဏ်ကို စိုးမိုးထားသည်။ ဆက်၍ ဆင်ခြင်မိပြန်သည်။

ဘာကို သည်းခံရမှာလဲ။ ရန်ရှာလာသူကို ရန်တုံ့မမူခြင်းဟာ သည်းခံခြင်းတရားလား။ အင်း ဒီကိစ္စကတော့ ထင်လွယ်မြင်လွယ်ပါပေတယ်။ ကာယကံမှုနဲ့ ရန်ပြုစော်ကားလာရင်ပဲဖြစ်ဖြစ်၊ ဝစီကံမှုနဲ့ ရန်စလျှင်ပဲဖြစ်ဖြစ်၊ သည်းခံမှုနဲ့ တုံ့ပြန်ရင် ပဋိပက္ခ ဖြစ်လာဖို့အကြောင်း မရှိတော့ဘူး။

ရဟန်းသည် ထိုမျှသာမက ဆက်တွေးဖြစ်ပြန်သည်။

''ဒါဆို လောဘစိတ်ကြောင့်ရချင်၊ လိုချင်၊ တောင့်တချင်တာကရော၊ ဆွမ်း အလို့ငှာခံယူရာမှ မမျှတလို့ ဆွမ်းမရရင် ဒေါသစိတ် ဖြစ်ရမလား၊ ဆွမ်းတစ်နပ်လစ်လပ်လို့ ဒီခန္တီ ကြီးက ရပ်စဲသွားမလား၊ ရခြင်းမရခြင်းဟာ လောကဓံလို့ မှတ်ယူပြီး သည်းခံစိတ်မွေးရမယ်''

ရဟန်းသည် မိမိ၌ဖြစ်ပေါ်တတ်သည့် ကိုယ်တွင်းရန်သူများကို တစ်ခုချင်းဖော်ထုတ် ဆင်ခြင်ကြည့်သည်။ အစားကြောင့်၊ အဝတ်ကြောင့်၊ နေစရာကြောင့်၊ ပစ္စည်းလေးပါးကြောင့် စသည့် တောင့်တမှုတို့ကို ထိန်းသိမ်းခြင်းသည်လည်း ခန္တီတရားပေပဲဟု ရှုမြင်မိသည်။

''န ဟိပဗ္ဗဇိတော ပရူပဃာတီ''

ပဗ္ဗဇိတော- ရဟန်းသည်။ ပရူပဃာတီ- သူတစ်ပါးကို ညှဉ်းဆဲလေ့ရှိသည်။ န ဟိ-မဟုတ်နိုင်။ မဖြစ်နိုင်။

''ဩော် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်လို့ သတ်မှတ်ခံရတဲ့ ငါတို့ရဟန်းဟာ သူတစ်ပါးကို ညှဉ်းဆဲခြင်းမပြုရတဲ့ မှန်ပါပေတယ်။ သူတော်ကောင်းဆိုမှ တစ်ပါးသူကို နှိပ်စက်လို့ ဘယ်ဖြစ်တော့မလဲ''

''န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော''

ပရံ သူတစ်ပါးကို။ ဝိဟေဌယန္တော- ညှဉ်းဆဲ သူသည်။ နသမဏော ဟောတိ- ရဟန်း မဟုတ်ချေ။

ရဟန်းငယ်သည် ဘုရားရှင်၏ အဆုံးအမကို ထပ်ခါတလဲလဲ ရွေရွတ်ရင်း အပြစ်ကင်းနိုင်သမျှ ကင်းအောင်နေထိုင်သည်။ သီလစင်ကြယ်အောင် ထိန်းသိမ်းသည်။ ဘုရားရှင်သည် အချိန်အခါရောက်တိုင်း ရဟန်းတို့ ကို စုဝေးစေလျက်

www.burmeseclassic.com

www.burmeseclassic.com



ပါတိမောက်ပြုလေ့ရှိသည်။ သီလစင်ကြယ်ခြင်း မရှိလျှင် စင်ကြယ်အောင်ပြုရသည်။ သံဃာဒိသိသ်အာပတ်ကို ဝတ်ဆောက်တည်၍ ကုစားရသည်။ ထုလ္လစ္စည်းမှစ၍ အာပတ်ငါးမျိုးကို အချင်းချင်းဒေသနာကြားခြင်းဖြင့် ကုစားရသည်။ ထိုသို့ ကုစားခြင်းဖြင့် စင်ကြယ် မှသာ ၂၂၇-သွယ်သော သိက္ခာပုဒ်ကို ရွတ်ဆိုနာယူရသည်။

ရဟန်းငယ်သည် သဒ္ဓါစိတ်ဖြင့် သာသနာတော်တွင်း ဝင်ရောက်ခဲ့သည့်အလျောက် မိမိကိုယ်ကို သီလစင်ကြယ်မှုရှိ အောင် အစဉ်ထိန်းသိမ်းခဲ့ပေသည်။

တစ်နေ့။

ထိုနေ့က ရဟန်းငယ်သည် လှေစီးလျက်မြစ်ကြောင်းမှ ခရီးထွက်ခဲ့သည်။ တသွင်သွင် အဆက်မပြတ်စီးနေသော မြစ်ရေယာဉ်ကို ကြည့်လျက်၊ သံသရာတွင် မရပ်မနားပြေးလွှားနေသည့် သတ္တဝါတို့အဖြစ်ကို တွေးနေမိသည်။လှိုင်းကြယ်ခွပ်နေသည့် ရေယာဉ်တွင် ရုပ်တိုက်ပြေးလွှားနေသော လှေလေးက နိမ့်ချည်တစ်ခါ၊ မြင့်ချည်တစ်လှည့်၊ တစ်ခါတစ်ရံ လှိုင်းလေက ပုတ်ခတ်မှုကြောင့် လှေငယ်လေးက ယိမ်းထိုး၍ပင် သွားသည်။

ကမ်းနားကပ်သွားနေသော လှေငယ်ပေါ်ထိုင်လိုက်လာသည့် ရဟန်းငယ်သည် ကမ်းနံဘေးတွင် အလေ့ကျပေါက်နေသော ပိန်းမြက်ချုံကို မြင်လိုက်သည်။ လူတို့ ဆေးဖန်ချိုခြယ်ထားခြင်းမရှိပါဘဲလျက် အရောင်အသွေးတို့ဖြင့် လှပနေသော ပိန်းမြက်ရွက်ကို မြင်လိုက်သည်။ ရယူလိုစိတ်မရှိသည့်တော့ အမှန်။ နှစ်သက်မှု မဖြစ်သည်လည်း အမှန်၊ သို့သော် တစ်စုံတစ်ခုသော စေ့ဆော်မှုကြောင့် ပိန်းမြက်ရွက်ကို ဖမ်းကိုင်လိုက်မိသည်။ ထိုအချိန် ရေစီးက ဆောင့်တိုးလိုက်သဖြင့် လှေငယ်ကအရှိန်ဖြင့် ရွေ့လျားသွားသည်။ ရဟန်းငယ်သည် အမိအရဖမ်းကိုင်ထားသည့် ပိန်းမြက်ပင်ကို မလွှတ်မိ။ ပိန်းမြက်ပင်က ရဟန်းငယ်၏ လက်တွင်းပြတ်ပါလာတော့သည်။

ရဟန်းငယ်သည် မိမိကျူးလွန်မိသော အမှုကြောင့် အာပတ်သင့်ပြီဟု သံသယရှိသည်။ ထိုသံသယပြေပျောက်စေရန် အာပတ်ဖြေရမည်ဟုလည်း သိသည်။ သို့သော် ဒေသနာကြားနာမည့် ရဟန်းကလည်းမရှိ၊ အပြစ်ကလည်း ကြီးကြီးမားမား မဟုတ်သဖြင့် ဒေသနာမကြားမိ။ ဤသို့ဖြင့် တစ်နေ့တစ်နေ့ရွေ့လာရာ ရက်မှ လ၊ လမှ နှစ်သို့ တိုင်သွားသည်။

ရဟန်းငယ်သည် အနှစ်နှစ်သောင်းပတ်လုံး ရဟန်းတရားကို လုံ့လစိုက်ထုတ်ကျင့်ကြံသည်။ သို့သော် တရားထူးမရချေ။ တရားထူးကို မရလေတိုင်း ပိန်းမြက်ရွက်သည် လည်ဌိရစ်သကဲ့သို့ထင်မြင်လာသည်။ ထိုသို့ထင်မြင်တိုင်း ဒေသနာကြားရန် ရဟန်းရှာမိသည်။ ရဟန်းမရလေတိုင်း ငါ့သီလကား မစင်ကြယ်ပါတကားဟု ထင်မြင်လာသည်။ အတွေးနှင့် ခြောက်လှန့်နေသည်။

ယင်းစိတ်ဖြင့် သေလွန်သော် သစ်လုံးထွင်းထားသည့် လှေစာကျင်းပမာဏရှိသည့် နဂါးပြိတ္တာအဖြစ် ရောက်သွားရလေသည်။

ရဟန်းငယ်သည် သဒ္ဓါစိတ်ပြင်းထန်၏။ သဒ္ဓါစိတ်ဖြင့် ရဟန်းပြုသည်။ ရဟန်းကျင့်ဝတ်နှင့် အညီစောင့်ထိန်းသည်။ ဘုရားရှင် လမ်းပြသည့်အတိုင်း ကမ္မဋ္ဌာန်းတရားကိုလည်း အားထုတ်သည်။ သို့သော် သံသရာမှ လွတ်မြောက်မှုမရသည့်အပြင် ဒုဂ္ဂတိဘုံ၌ ဖြစ်ရသည်။ ဤသည် အလေးဂရုမပြုမိသော သိက္ခာပုဒ်ငယ်လေးတစ်ခု ကျူးလွန်မိ၍ပင်။

မြွေပွေးကိုငယ်သည်ဟူ၍ အလမ္ပာယ်မပြသင့်။ အကောင်ငယ်သော်လည်း အဆိပ်ကားပြင်း၏။ သီလသည် အကျင့်သိက္ခာပုဒ်ကို ဖျက်မိရာ၌ ငယ်သည်ဟုလည်း ပမာမပြုဘဲ မနေသင့်။ သီလမစင်ကြယ်က ရဟန်းဖြစ်သော်ငြားလည်း ရဟန်းမမည်ဟု ရှင်တော်ဘုရားက ဆုံးမထားသည်ကို သတိပြုသင့်ပေသည်။

ကျမ်းကိုး။ ။ ဓမ္မပဒ

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# လမ်းလျှောက်သွားသည့် အရိုးစု

သီဟိုဠ်ကျွန်း၊ စေတီယတောင်ထိပ်ပေါ်ရှိ တောကျောင်းတွင် မဟာတိဿမထေရ်သည် တစ်ပါးတည်း သီတင်းသုံးသည်။ ဤသို့ပရိသတ်နှင့် ကင်းကင်းရှင်းရှင်းနေခြင်းအားဖြင့် အပြစ်ကင်းစင်စေလိုသည်။ အကယ်၍ ပရိသတ်နှင့် နီးနီးကပ်ကပ်နေရလျှင် မမြင်အပ်သည်ကို မြင်ရမည်။ မကြားအပ်သည်ကို ကြားရမည်။ မကောင်းသည့် နိမိတ်အာရုံကို မြင်ရ၊ ကြားရလျှင် အလိုဆိုးတွေဖြစ်လာမည်။ ဤဘေးကို ကြိုတင်ကာကွယ်သည့်အနေဖြင့် တစ်ပါးတည်း သီးခြားနေထိုင်ခြင်းဖြစ် သည်။

သို့သော် မထေရ်ကြီးသည် တရားဓမ္မအားထုတ်ရန်အတွက် အာဟာရမှီဝဲဖို့လိုသည်။ ထိုအခါ အနုရာဓမြို့တွင်းသို့ ဆွမ်းခံကြွရသည်။ ဤအချိန်တွင်မူ အများနှင့် မဆက်ဆံ၍ မရတော့။ ဤသို့ဆက်ဆံရသည့် အခါ မမြင်အပ်သည်ကို မမြင်ရအောင် စက္ခုပသာဒကို ထိန်းချုပ်ရသည်။ သောတာပသာဒကို ထိန်းချုပ်ရသည်။ ထိုမျှမက ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ၊ မနောပသာဒတို့ကိုလည်း တတ်စွမ်းသမျှ ထိန်းချုပ်ထားသည်။ အာရုံခြောက်ပါးကို ထိန်းချုပ်နိုင်သည်က ဣန္ဒြေပင်။ ဣန္ဒြေသည် အစိုးရသော သဘောရှိသဖြင့် ကာမဂုဏ်အာရုံတို့ဝင်လာနိုင်သော ခြောက်ပါးသော ဒွါနကို ထိန်းချုပ်ထားလိုက်သည်။

မဟာတိဿမထေရ်သည် ဆွမ်းခံရန်အလို့ငှာ သင်္ကန်းကို ပြင်ရုံသည်။ သပိတ်ကို ကိုင်စွဲသည်။ ထိုသို့ ကိုင်စွဲပြီးသည်နှင့် ဣန္ဒြေယသံဝရသီလ စောင့်ထိန်းရန် ကိုယ့်ကိုယ်ကို သတိပေးလိုက်သည်။

"ဟယ်တိဿ သင်သည် ဣန္ဒြေခြောက်ပါးကို ထိန်းလော့၊ မျက်စိပသာဒသည် အဆင်းရူပါရုံကို အစိုးရ၏။ ဤပသာဒချို့ယွင်းလျှင် အဆင်းကို မမြင်နိုင်။ အဆင်းမမြင်နိုင်က စက္ခုဝိညာဏ်စိတ်မဖြစ်။ ထိုစိတ်မဖြစ်က အဆင်းအပေါ်နှစ်သက်ခြင်း မြတ်နိုးခြင်းမရှိတော့။ သို့ဖြစ်၍ စက္ခုပသာဒကို စက္ခုဣန္ဒြေဖြင့် ထိန်းချုပ်လော့"

ဘုရားရှင်၏ အဆုံးအမလမ်းညွှန်ချက်ကို ဆရာသခင်များထံမှ တစ်ဆင့်နာခံရသည်ကို သတိရ၍ ရင်ထဲက တီးတိုးရေရွတ်လိုက်သည်။

"ဟယ် တိဿ။ သင့်နားကို ထိန်းချုပ်လော့။ ကာမဂုဏ် အာရုံကို လှုံ့ဆော်မှုပေးတတ်သော အသံကို မကြားနိုင်အောင် သင့်နားကို ပိတ်လော့။ နားကို သောတပသာဒသည် အစိုးရ ၏။ ထိုသောတပသာဒ ချို့ယွင်းလျှင် နှစ်သက်စွဲမက်ဖွယ်သော အသံကို မကြားနိုင်။ ထိုသို့ မကြားနိုင်ရန် သောတိန္ဒြေဖြင့် ထိန်းချုပ်လေလော့"

မထေရ်ကြီးသည် ပွဲမဝင်ခင် အပြင်က ကျင်းပဟူသော စကားအတိုင်း မျက်စိနှင့်နားကို ဣန္ဒြေနှင့် ပိတ်ဆို့လိုက်သည်။ မျက်စိရှိလျက်မမြင်တော့။ နားရှိလျက်မကြားတော့။

www.burmeseclassic.com

www.burmeseclassic.com



''ဟယ် တိဿ။ အနံ့အမျိုးမျိုးသည် သင်၏ကာမဂုဏ်အာရုံကို နှိုးဆွတတ်၏။ အနံ့ကို နမ်းရှုရာ၌ နှာခေါင်းကို ဃာနပသာဒက အစိုးရသည်။ ဤပသာဒ ချို့ယွင်းလျှင် အနံ့မရနိုင်။ အနံ့မရက ဃာနဝိညာဏ်စိတ်မဖြစ်တော့။ ယင်းဃာနပသာဒကို ဃာနိန္ဒြေဖြင့် ထိန်းချုပ်လော့''

မထေရ်ကြီးသည် မျက်စိကို လည်းကောင်း၊ နားကို လည်းကောင်း၊ နှာခေါင်းကို လည်းကောင်း ထိန်းချုပ်နိုင်ပြီ ဖြစ်သည်။ ထိုအခါ ပတ်ဝန်းကျင်နှင့် အဆက်ပြတ်သကဲ့သို့ရှိသွားသည်။ ထိုအခါ စိတ်ကို ထိန်းချုပ်နိုင်စွမ်းရှိသဖြင့် အတော်အတန်ငြိမ်သက်သွားသည်။ သို့ဖြစ်၍ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေတို့ကိုလည်း ဆက်လက်စောင့်စည်း လိုက်သည်။

မဟာတိဿမထေရ်သည် ဣန္ဒြေဖြင့်စောင့်စည်းသော်လည်း မျက်စိကို မှိတ်ပြီးလမ်းလျှောက်သည် မဟုတ်။ မျက်စိကို ဖွင့်ထားသည်။ ထိုသို့ ဖွင့်သဖြင့် အဆင်းရူပါရုံကို မြင်ရသည်။ မြင်သော်လည်း မြင်သည့်အတိုင်းသာ ရပ်တန့်ထားခြင်းဖြစ်သည်။ ရှေ့ဆက်မတွေး။ ဤကား ယောကျ်ား၊ ဤကား မိန်းမဟု ဆက်မတွေး။ တင့်တယ်မှု အပေါ်သာယာစိတ်မဖြစ်အောင် အဆင်းရူပါရုံ၌သာ ရပ်တန့်ထားခြင်း ဖြစ်သည်။

ဤသို့ထိန်းချုပ်ပြီးသည်နှင့် မဟာတိဿမထေရ်သည် စေတီယတောင်ပေါ်မှ ရင့်ကျက်သော ဣန္ဒြေဖြင့် ဆင်းလာခဲ့ပေ တော့သည်။

''အဟိ ဟိ ဟိ''

ကတွတ်ပေါက်မှ ရေဆင်းသည့်နှယ် သံစဉ်လေးက နားထဲတိုးဝင်လာသည်။

အဘယ်သူက ဘာကြောင့်ဖြင့်ရယ်လေသနည်းကို တွေးလိုက်သည်။ ဣန္ဒြိယသံဝရသီလကို ထိန်းလျက်ကြွလာသော မဟာတိဿသည်အသံ၏နှောင့်ယှက်မှုကြောင့် မျက်စိဖွင့်ကြည့် လိုက်မိသည်။ ကြည့်ပြီးမှ သတိက ဖျပ်ခနဲ ပြေးဝင်လာသဖြင့် စက္ခုဣန္ဒြေချလိုက်သည်။ ရှေ့တူရှုနှစ်လံကွာခန့်သာ မျက်လုံးကိုရွှေ့ထားလိုက်သည်။

''အဟင့် ဟင့် ဟင့်''

''ရော် ဝိသဘာဂ အမျိုးသမီးပါလား။ သူ ဘာကိုသဘောကျနေပါလိမ့်။ ရယ်ပုံကလည်း မဟုတ်သေးပါလား''

မထေရ်ကြီးသည် မာရ်၏နှောင့်ယှက်မှုဒဏ်ခံရလေပြီဟု နှလုံးသွင်းလိုက်သည်။ ထိုဘေးအန္တရာယ်မှ ကင်းစေရန် ဣန္ဒြေကိုပို၍ တင်းကျပ်စွာ ထိန်းချုပ်လိုက်သည်။

''ဣန္ဒြေရှင်ရယ် မုန်းတော်မူနဲ့တကယ်၊ မျက်နှာရွှေလဝင်းပပကိုကွယ် ရူပါလှည့်ဦးရှင်ရယ် ရူပါရုံစွဲမက်ဖွယ် သဒ္ဒါရုံစွဲမက်ဖွယ် ဖောဋ္ဌဗ္ဗာရုံ အတွေ့ထူးစေရမယ်ရှင်ရယ်။ အဟီး ဟီး ဟီး ဟီး''

မဟာတိဿမထေရ်သည် ကိလေသာအလိုဆိုးတွေမဝင်အောင် ဣန္ဒြေဖြင့် ထိန်းချုပ်ထားမှ ဝိသဘာဂ၏ နှောင့်ယှက်မှု ခံရလေပြီ။ တစ်ချက်ကြည့်လိုက်မိသည်မှာပင် သူ့အမှား။ မှားမှန်းသိ၍ အကြည့်ကိုဖယ်သည်။ အမြင်အာရုံကို ဖျက်သည်။ သို့စဉ်လျက် ဝိသဘာဂကမူ ဖွတ်တရွတ်ပင် တိုးဝင်နှောင့်ယှက်လေပြီ။

အမှန်မှာ ထိုအမျိုးသမီးသည် လင်သားနှင့် ကတောက်ကဆဖြစ်လျက် လက်ဝတ်ရတနာများယူပြီး အိမ်ပေါ်မှ ဆင်းလာသူပင်။ ချင်းစိမ်းနှင့်မိတ်သလင် သူကြင်မှ ကိုယ်ကြင်မည်။ သူက စိမ်းလျှင် ကိုယ်က အစိမ်းရောင် မင်းသမီး။ သူမဲ့လျှင် ကိုယ်ကရွဲ့မည်ဟူသော စိတ်ကူးဖြင့် အိမ်ပေါ်က ဆင်းအလာတွင် မဟာတိဿနှင့် တွေ့သည်။

အရှင်မြတ်၏ဥပဓိရုပ်သည် ရှင်းသန့်သည်။ ယောကျ်ားပီသသော သွင်ပြင်ရှိသည်။ ဣန္ဒြေလည်းကြီးသည်။ ထိုထိုအချက်များကပင် ခင်ပွန်းသည်ထက် အစစအရာရာသာနေသည်။ ဤသာနေသည်ဟူသော အတွေးတစ်ခုနှင့်ပင် မထေရ်ကို အရအမိသိမ်းသွင်းတော့အံ့ဟုစိတ်ကူးလိုက်သည်။

သည်နေရာတွင် မိန်းမတို့၏ မာယာလက်နက်ဖြင့် ဆွဲဆောင်သိမ်းသွင်းဖို့ ကြံသည်။

ကြံသော်လည်း ဣန္ဒြေရှင်က စက္ခုဣန္ဒြေချထား၍ ရူပါရုံအဆင်းဖြင့် မြူဆွယ်လို့မရနိုင်။ အကယ်၍ မျက်လွှာသာ ချမထားလျှင် မြူဆွယ်သည့် မျက်လုံးအကြည့်ဖြင့် စတင်လိုက်မည်။ မျက်လွှာလေးပင့်၊ မျက်လုံးလေးကို ထောင့်ကပ်၊ မျက်ခုံးလေးတစ်ချက်ပင့်ကာ နှုတ်ခမ်းနှစ်လွှာကို အပြုံးရိပ်ထင်စေလိုက်လျှင် အဘယ်ပုရိသက တင်းခံနိုင်မည်နည်း။ ကိုယ်က မြူသည်ကို မကြည်ဖြူသူ ဘယ်မှာရှိအံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဣန္ဒြေရှင်က မျက်လွှာချထားသည်။ ရွှေတူရှူနှစ်တောင်ကွာခန့်သာအကြည့်က ရှေ့ရှုထားသဖြင့် ရုပ်ဆင်း ရူပကာဖြင့် ဆွဲဆောင်ခြင်းက မစွမ်းသာ။ သည်တော့ မထေရ်ရှင်စိတ်ဝင်စားအောင် အသံပြုလိုက်သည်။

ဟိ ဟိ လို့အသံပေးသည်နှင့် အရှင်မြတ်က မျက်လွှာပင့်ကြည့်သည်။ အပြုံးတစ်ချက်ဖြင့် မြူဆွယ်လိုက်ပေမယ့် ချက်ချင်းမျက်နှာလွှဲသွားသည်။

တကယ်ဆို သည်အသံသည် မိန်းမသားတစ်ယောက်၏ လိုအင်ဆန္ဒကို ဖွင့်ဟထုတ်ဖော်လေမှန်း ပုရိသတိုင်း သိသည်။ ''အရှင့်အလိုလိုက်ကာ အကြိုက်ဆောင်ပါ၏''ဟု နှုတ်က ဖွင့်မပြောသော်ငြားလည်း အသွေးယူယူ အသားယူယူ ကြည်ဖြူပါတယ်ဟု ဝန်ခံလေမှန်းသိသာသည်။ သို့သော် မထေရ်မြတ်က နားမလည်ဟန်ဖြင့် မတုန်မလှုပ်ရပ်နေသည်။ လှမ်းမည့်ခြေလှမ်းကိုပင် ရပ်လျက် နောက်ကြောင်းပင်ပြန်လှည့်တော့မည့် အလားပြင်နေသည်။ ကျွန်မ မရယ်ဘဲ မနေနိုင်။ ဤရွှေဤမြူ နားလည်ရန်ခက်သည့် ယောကျ်ားသားမျိုး တွေ့ရသဖြင့်ရယ်မိသည်။

သူ့ရယ်သံတွင် လိုလားချက်၊ တောင့်တချက်၊ မျှော်လင့်ချက်တွေ အပြည့်ပါမှန်း သူပင်သိနေသည်။ သို့ငြားသော် လည်း အရှင်ကမူ မသိကျိုးကျွံဟန်ဖြင့် ကျောက်ရုပ်အလား ခိုင်ခိုင်ကြီးရပ်နေသည်။ သူသည် ပထမမြားချက်က ချက်ကောင်းမထိဘဲ လွဲသွားသဖြင့် ဒုတိယမြားချက် ပစ်လွှတ်လိုက်သည်။ ထိုမြားချက်ကလည်း အလားတူပင် လွဲချော်သွားသဖြင့် တတိယမြားချက် ဆင့်လွှတ်လိုက်သည်။

ပရိယာယ်စကားဖြင့် မထိရောက်မှန်းသိတော့ မြူဆွယ်သံပေးလိုက်သည်။ မထေရ်ရှင်သည် သူ့ကို မော့ကြည့် သည်။ အာရုံစိုက်မှန်း သိလိုက်သည်နှင့် သူ၏နှုတ်ခမ်းနှစ်လွှာကိုဖွင့်လျက် ဖြူဖွေးညီညာသည့် သွားများပေါ်အောင် ပြုံးရယ် လိုက်မိသည်။

သူ့ရယ်သံမဆုံးမီပင် အရှင်မြတ်သည် ရှောင်ဖယ်တိမ်းလျက် ခရီးဆက်သွားတော့သည်။

❖ ❖ ❖

''အရှင်ဘုရား၊ ဟောဒီလမ်းမှာ မိန်းမငယ်တစ်ယောက်တွေ့လိုက် ပါသလား''

''ဟေ''

''တပည့်တော်ရဲ့ ခင်ပွန်းမစိတ်ကောက်ပြီး အိမ်ပေါ်ကဆင်းသွားပါတယ်။ မြင်တဲ့မိတ်ဆွေတစ်ယောက်က ဒီဘက် ထွက်သွားတယ်လို့ ညွှန်လိုက်ပါတယ်။

''အေး''

''အရှင်ဘုရားလာခဲ့တဲ့ လမ်းမှာ တပည့်တော်ရဲ့ ခင်ပွန်းမကိုတွေ့မိပါသလား''

''အချင်းဒကာ၊ မိန်းမဟူ၍ ငါမသိလိုက်၊ အရိုးစုကြီးတစ်ခုတော့ ဒီလမ်းအတိုင်းလျှောက်သွားလေရဲ့''

''ဟင်''

ဇနီးသည်ပျောက်သဖြင့် လိုက်ရှာသော အမျိုးသားသည် မဟာ တိဿမထေရ်၏စကားကြောင့် အူကြောင်ကြောင် ဖြစ်သွားသည်။ မထေရ်ကိုလည်း နားမလည်သည့် အကြည့်နှင့် ကြည့်သည်။

မထေရ်ကမူ သူ့အမြင်၊ သူ့အသိအတိုင်း အမှန်ပြောလိုက်ခြင်းပင်။ သူသည် မိန်းမငယ်ကို တွေ့လိုက်သည်။ သို့သော် သူ့အမြင်တွင် ထိုမိန်းမငယ်ကို မိန်းမငယ်ဟုမမြင်။ မိန်းမငယ် ရယ်ရယ်မောမောဖြင့် မြူဆွယ်ဟန်ပြချိန် မိန်းမငယ်၏ သွားအစုကို တွေ့လိုက်သည်။ ဖြူဖွေးသည့် သွားကိုကြည့်လျက် အရိုးစုအသုဘသညာရုပ်ခန္ဓာသည် အမှန်တော့ အရိုးစုသာတကားဟု မြင်လိုက်သည့်ခဏတွင် ဝိပဿနာဉာဏ်ဖြင့် ရှုလိုက်သော် ပဋိသမ္ဘိဒါနှင့်တကွ ကိလေသကုန်ခန်းသော ရဟန္တာကြီးဖြစ်ခဲ့သည်။ တဒင် အသိဉာဏ်ကို အပြောင်းအလဲကြီး ပြောင်းလဲလိုက်သည်။

''အရိုးစုကြီးတစ်ခုတော့ ဒီလမ်းအတိုင်းလျှောက်သွားလေရဲ့''ဟူသော စကားကို ယောကျ်ားသားကမသိ။ အရှင်မြတ်၏အသိမှာမူ ထိုသို့သာရှိ၍ အေးဆေးတည်ငြိမ်စွာဖြင့် အနုရာဓမြို့တွင်းသို့ ဝင်ရောက်ခဲ့လေတော့၏။

ကျမ်းကိုး။ ။သီဟိုဠ်ဝတ္ထု

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ဂရုဓမ္မသီလ

''ကယ်တော်မူပါ အရှင်မင်းကြီး''

''ကျွန်တော်မျိုးတို့ကို စပါး ဆန် ရေ ပေးတော်မူပါ''

''သတ္တဝါတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို စောင့်ရှောက်တော်မူပါ''

ကလိင်္ဂမင်းသည် ချစ်စွာသော မိဖုရားနှင့်အတူ သလွန်ထက်၌ စံစားနေစဉ် ဟစ်ကြွေးလိုက်သော အသံကြောင့် ရုတ်တရက်ခုန်ထမိလုမတတ် ဖြစ်သွားသည်။

နန်းတော်မုခ်တံခါးဝတွင် စိုက်ထူထားသည့် ဟစ်တိုင်ဆီမှ ကြွေးကြော်သံကြောင့် စိုးရိမ်ပူပန်သွားသည်။ ဤအပြုအမူမှာ တစ်စုံတစ်ဦးက မတရားဖိနှိပ်လျှင် မင်းကြီးသိအောင် ဦးတိုက်လျှောက်ထားခြင်းဖြစ်၍ ''ကယ်တော်မူပါ''ဟူသော အသံသည် တစ်စုံတစ်ခုသော ဘေးရန်ကြုံပြီဟူသော သင်္ကေတပင်။

မင်းကြီးသည် ညီလာခံခန်းမဆောင်သို့ ချက်ချင်းလှမ်းကြွသည်။ အရေးပေါ်ညီလာခံတစ်ရပ်ဖိတ်ခေါ်လိုက်သဖြင့် အမှူးအမတ်စုံညီရောက်လာသည်။

''ဟစ်တိုင်မှာ ပြည်သူတွေ စုရုံးအော်ဟစ်နေတာ အဘယ်အကြောင်းလဲ ''

''မှန်ပါ အရှင်မင်းကြီး။ ပြည်သူတွေ စားရေး ရိက္ခာပြတ်လပ်ပြီး ငတ်မွတ်ခေါင်းပါးလို့ အရှင်မင်းကြီးကို တိုင်တည်တာပါ''

''ဟေ ငတ်မွတ်လို့။ အဲဒါငါကိုယ်တော်မြတ်က ဘာလုပ်ရမှာလဲ လူတွေဘယ်လောက်ငတ်မွတ်နေပြီလဲ''

''မှန်လှပါ အရှင်မင်းကြီး။ စပါး၊ ဆန် ရေမရှိလို့ အာဟာရပြတ်ပြီး သေကုန်ပါပြီ။ အရှင်မင်းကြီးက မစောင့်ရှောက်ရင် ပြည်သူအားလုံး အသက်ဆုံးရှုံးရပါလိမ့်မယ်''

''ဟဲ့၊ တစ်ပြည်လုံးရှိတဲ့ လူကို ငါက ဘယ်လိုလုပ်ကျွေးနိုင်မှာလဲ။ နေပါဦး၊ သင်းတို့က စပါးမစိုက်ကြဘူးလား''

''စိုက်ပါတယ်''

''စိုက်ရင် စပါးရနိုင်ရမှာပေါ့''

''မှန်ပါတယ် မင်းကြီး။ ဒါပေမယ့် မိုးလေဝသမမှန်လို့ စိုက်သမျှ ပျိုးစပါးပျက်စီးကုန်ပါတယ်။ မိုးမရွာတာ သုံးနှစ် သုံးမိုးရှိတော့ စပါး ဆန် ရေပြတ်ငတ်ကုန်ပါပြီဘုရား''

''ဟဲ့ ရာသီဥတုဖောက်ပြန်တာ ငါကရော ဘာများတတ်နိုင်မှာလဲ။ မိုးကဘာကြောင့် ဒီလောက်ခေါင်နေတာလဲ''

ကလိင်္ဂမင်းသည် မိုးခေါင်သဖြင့် စပါးဆန်ရေ စိုက်ပျိုးမရ၍ ပြည်သူတွေ ငတ်မွတ်ကြောင်းကြားရသဖြင့် စိတ်မချမ်းမသာဖြစ်မိသည်။ သို့သော် မိုးမှန်အောင် အဘယ်သို့ ပြုရမည်မသိ။ ဟူးရား ဗေဒင်ဆရာတွေနှင့် တွက်ချက်ကြည့်ရမလား၊ မိုးနတ်မင်းကို ပသရမလား စဉ်းစားမရအောင်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


ယင်းကိစ္စအတွက် အဘယ်သို့ဆောက်ရွက်သင့်သည်ကို တင်လျှောက်ကြရန် အကြံဉာဏ်တောင်းသည်။ အမတ်များက တစ်ဦး မျက်နှာတစ်ဦးကြည့်လျက် သူလျှောက်ပါ၊ ငါလျှောက်ပါဟု အသံတိတ်နှင့် တိုင်ပင်နေသည်ကို တွေ့ရသည်။ မင်းကြီးကိုယ်တိုင်ပင် သက်တော်ရှည်အမတ်ကြီးကို တင်လျှောက်ပါဟု အမိန့်ပေးရတော့သည်။

"မှန်လှပါ အရှင်မင်းကြီး။ ဣန္ဒပတ္တနဂိုရ်မင်းကြီးဟာ ဂရုဓမ္မသီလ စောင့်ထိန်းလို့ ဆယ်ရက်တစ်ကြိမ်၊ ဆယ့်ငါးရက် တစ်ကြိမ် မိုးရွာကြောင်းသိရပါတယ်။ အဲဒီတိုင်းပြည်မှာတော့ မိုးလေမှန်ပါတယ် မင်းကြီး"

"မှန်လှပါ အရှင်မင်းကြီး။ ဣန္ဒပတ္တနဂိုရ်မင်းဟာ ဂရုဓမ္မသီလစောင့်ထိန်းလို့ ဆယ်ရက် တစ်ကြိမ်၊ ဆယ်ငါးရက် တစ်ကြိမ် မိုးရွာကြောင်းသိရပါတယ်။ အဲဒီတိုင်းပြည်မှာတော့ မိုးလေ မှန်ပါတယ် မင်းကြီး"

"အမတ်ကြီး လျှောက်တင်တာက မင်းဟာ ဂရုဓမ္မသီလစောင့်ရင် မိုးမှန်တယ်လို့ ဆိုချင်တာလား"

"မှန်ပါတယ် မင်းကြီး"

"ကောင်းပြီ၊ ပြည်သူတွေနှလုံးစိတ်ဝမ်းအေးချမ်းမယ်ဆိုရင် ငါကိုယ်တော်မြတ်ဆောင်ရွက်ရမှာပ။ ကဲ ဂရုဓမ္မသီလဆိုတာ အဘယ်ကိစ္စလဲ"

"ကျွန်တော်မျိုးတို့လည်း မသိပါမင်းကြီး"

"ရော် မသိတဲ့ကိစ္စ ငါဘုရင်မင်းမြတ်က ဘယ်လိုလုပ်ရမှာလဲ။ ကဲ အဲဒါအရင်သိအောင်လုပ်။ ကုရုတိုင်းက ဓနဥ္စယကောရဗျမင်းထံ သံတမန်များစေလွှတ် ပြီး ဂရုဓမ္မသီလတောင်းစေဗျာ"

ပြည်သူအပေါ်ငဲ့ညာသောမင်းကြီး၏ အစီအမံဖြင့် ပုဏ္ဏားပညာရှိ ရှစ်ဦးကို အလျင်အမြန်ပင် စေလွှတ်လိုက်တော့သည်။

❖ ❖ ❖

"အမတ်တို့၊ ငါဟာဂရုဓမ္မသီလစောင့်သည်ကား မှန်ပေတယ်။ ဒါပေမယ့် ငါ့သီလအပေါ်ငါသံသယရှိနေတယ်၊ ငါဟာ သုံးနှစ်တစ်ကြိမ် ကျင်းပတဲ့ တန်ဆောင်မုန်းလမှာ မင်းဝတ်တန်ဆာဝတ်ဆင်ပြီး စိတ္တရာဇာနတ်ကွန်းက နေပြီး ပန်းတွေ တန်ဆာဆင်ထားတဲ့ မြားကို ပစ်ကစားလေ့ရှိတယ်။ အဲဒီ မြားဟာရေကန်တွင်ကျသွားတယ်။ မြားဟာ ငါးတစ်ကောင်ကို ထိမှန်သွားသလား မသိနိုင်ဘူး။ သူ့အသက်သတ်မိလေပြီလို့ သံသယရှိတယ်"

ကလိင်္ဂမင်း၏ သံတမန်အမတ်များသည် မင်းကြီးထံ ဂရုဓမ္မသီလတောင်းခံရန် အကျိုးအကြောင်းတင်လျှောက်ကြသည်။ မိုးလေဝသခေါင်သဖြင့် သီးနှံတွေမဖြစ်ထွန်းဘဲအစာရေစာငတ်မွတ်နေကြောင်းကြားသော် စိတ်မကောင်းဟန်ဖြင့် စုတ်သပ်သည်၊ ဖြစ်မှဖြစ်ရလေဟု ရေရွတ်သည်။ ဖြစ်နိုင်လျှင် တတ်စွမ်းသမျှ အကူအညီပေးလိုသော်လည်း သီလ မစင်ကြယ်ဟု တွေးပြီးသံသယဖြစ်နေသည်။ မင်းကြီးသံသယဖြစ်သည်ဟူသော စကားကအမှန်တော့ ကျူးလွန်မိလေ သလော မမိလေသလောဟုပင် ဝေဃနဇာ မသိ။

"အရှင်မင်းကြီး။ မင်းကြီးပစ်လွှတ်တဲ့မြားဟာ ငါးကိုထိ ကောင်းမှ ထိပါမယ်။ ထိရင်လည်း စေတနာမပါတဲ့ ဖြစ်ရပ်ပါ"

"ဘယ်လိုပဲ ဖြစ်ဖြစ်၊ သူ့အသက်က သေခဲ့ပြီလေ၊ ဒါပေမယ့် စိတ်မပျက်ပါနဲ့ အမတ်တို့၊ ငါရဲ့မယ်တော်ကတော့ သီလလုံခြုံတယ်၊ ငါ့မယ်တော်ထံမှာ သွားတောင်းချေတော့"

ကောရဗျမင်းကညွှန်သဖြင့် သံတမန်အဖွဲ့သည် ဘုရင်မယ်တော်ထံ ခစားလိုက်ကြတော့သည်။

"အမောင်တို့၊ သင်တို့တိုင်းပြည်ရဲ့ ဒုက္ခကို ငါအမှန်ပင် ကယ်တင်လိုပါတယ်။ ဒါပေမယ့် ငါကိုယ်တိုင်လည်း ငါ့သီလအပေါ်မှာ သံသယရှိနေတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com


''အဘယ်အကြောင်းကြောင်းလဲ မယ်တော်''

''ငါ့မှာ သားတော်နှစ်ပါးရှိတယ်။ သားကြီးက မင်းဖြစ် ပြီး သားငယ်က အိမ်ရှေ့စံဖြစ်တယ်။ တစ်နေ့တော့ တိုင်းတစ် ပါးမှ အသပြာတစ်ထောင်တန်တဲ့ ရွှေပန်းကုံးနဲ့ အသပြာတစ်သိန်းထိုက်တဲ့ စန္ဒကူးသားတွေ သားတော်ကြီးကို ဆက်သလာတယ်။ သားတော်ကြီးက ငါ့ကို ပြန်ဆက်သတယ်။ ငါလည်း ချွေးမတော်တွေကို ပေးဖို့စိတ်ကူးရလို့ ချွေးမကြီးကို ရွှေပန်းကုံးပေးလိုက်တယ်။ ချွေးမငယ်ကတော့ ချွေးမကြီးလောက် စည်းစိမ်မရှိလို့ စန္ဒကူးနံ့သာနှစ်တွေ ပေးလိုက်ပါတယ်။ အဲလိုပေးပြီးမှ ငါသတိထားမိတယ်''

''ဘာများလဲ မယ်တော်''

''ငါဟာ ဂရုဓမ္မသီလစောင့်သူဖြစ်လျက် ကြီးသူကို လေးစားသင့်တယ်။ ခုတော့ မျက်နှာလိုက်ပြီး စီရင်မိပြီးလို့ သီလအပေါ်သံသယဖြစ်မိတယ် အမောင်တို့''

''အမှန်တော့ ဒါဟာမျှတတဲ့ အစီအမံပါ။ ဒီကိစ္စအတွက်လည်း ချွေးမတော်တွေက ဘယ်လိုမှ စိတ်ထားမှာ မဟုတ်ပါဘူး မယ်တော်''

''ဒါပေမယ့် ငါ့သီလကို သံသယရှိမိတယ်။ ငါရဲ့ ချွေးမကြီးကတော့ သီလစင်ကြယ်သူဖြစ်မယ်။ သူ့ထံကသာ တောင်း ပေတော့''

သံတမန်အဖြစ်ရောက်လာသော အမတ်များသည် မယ်တော်ကြီး၏ သီလအပေါ် အံ့ဩတုန်လှုပ်သွားရ တော့သည်။

''အမတ်တို့၊ ငါဟာ ဂရုဓမ္မသီလစောင့်သူ မှန်ပါတယ်။ ဒါပေမယ့် ငါလည်း သီလအပေါ်သံသယရှိနေတယ်''

''အဘယ်သို့ သံသယရှိတာပါလဲ မိဖုရား''

''ဒီလိုပါ အမတ်တို့။ တစ်နေ့မှာ မင်းကြီးနဲ့ အိမ်ရှေ့မင်းသားဟာ နန်းဝတ်တန်ဆာ အဆောင်အယောင်နဲ့ ဆင်တစ်စီးတည်း အတူစီးပြီး အပူဇော်ခံခဲ့တယ်။ ဒီမြင်ကွင်းကိုကြည့်ပြီး ငါဟာ မတ်တော်မောင်အပေါ် စိတ်ညွှတ်ခဲ့မိတယ်။ ဒါဟာ သီလညစ်နွမ်းစေတာပေါ့''

''အရှင်မိဖုရား စိတ်နဲ့ညွှတ်ပြောင်းခြင်းဟာ ကာယကံအဖြစ် ကျူးလွန်တာ မဟုတ်လို့ သီလမပျက်ပါဘူး''

''ဒါပေမယ့် ငါသံသယရှိတယ်။ ဂရုဓမ္မသီလနဲ့ ပတ်သက်လို့ မတ်တော်မောင် အိမ်ရှေ့မင်းသားက ပိုမို လုံခြုံအောင် ထိန်းနိုင်ပါလိမ့်မယ်။ သူ့ထံကသာ တောင်းကြပေတော့''

အမတ်ရှစ်ဦးသည် မိဖုရား၏သီလ စောင့်သိမှုကို ကြည့်၍ လက်ဖျားခါ ချီးကျူးမိသည်။ ဤမျှေဤမျှ သီလ စောင့်ထိန်းသော မင်းနှင့်မိဖုရားအုပ်ထိန်းသော တိုင်းပြည်သည် ဘယ်မှာမိုးခေါင်မည်နည်း။ သို့သော် မိဖုရားစေသည့်အတိုင်း အိမ်ရှေ့မင်းသားထံ တောင်းခံကြပြန်သည်။

''အချင်းအမတ်တို့၊ ငါဟာ အမှန်ပင် ဂရုဓမ္မသီလစောင့်ထိန်းပါတယ်။ ဒါပေမယ့် ငါ့ရဲ့သတိမေ့လျော့ပေါ့ဆ မှုကြောင့် ငါ့သီလ မစင်ကြယ်ဟု ထင်မိတယ်''

''အဘယ်အကြောင်းကြောင့်ပါလဲ မင်းသား''

''ငါဟာ ညအချိန်မှာ မင်းကြီးထံအခစားဝင်လေ့ရှိတယ်။ မင်းကြီးထံအိပ်မယ်ဆိုရင် ကြိုးနှင်တံကိုရထားဦးမှာ ထားလေ့ရှိတယ်။ ဒါကိုကြည့်ပြီး အခြွေအရံတွေက အိမ်ပြန်ကြပြီး နောက်တစ်နေ့မှ စောစောလာကြိုကြတယ်။ မင်းကြီး ထံမှာ မအိပ်ဘူးဆိုရင် ကြိုးနှင့် နှင်တံကို ရထားတွင်းမှာပဲထားခဲ့တယ်။ ဒါကို အခြွေအရံတွေက စောင့်ပါတယ်။ အဲဒီ အလေ့အထရှိတဲ့ ငါဟာ သတိမေ့လျော့ပြီး ကြိုးနှင်တံကို ရထားတွင်းမှာထားပြီး မင်းကြီးထံ အခစားဝင်ခဲ့တယ်။ ငါအိပ်ဖြစ်ပေမယ့် အစောင့်တွေဟာ ငါပြန်လာ မယ်ဆိုပြီး မိုးရွာထဲမှာ တစ်ညလုံးစောင့်နေခဲ့တယ်။ လက်အောက်ငယ်သားကို ဆင်းရဲစေတဲ့ ငါက သီလမပျက်ရင် ဘယ်သူပျက်ဦးမလဲ။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်သား၊ လက်အောက်ငယ်သားဆိုတာ အရှင့်အကျိုး သယ်ပိုးခွင့်ရရင် စိတ်ချမ်းသာတာပါပဲ။ ဒီအတွက်သံသယမဖြစ်ပါနဲ့။

"အင်း ငါတော့ အမှန်ပဲ စိတ်မကောင်းဖြစ်မိတယ်။ ငါ့ထက် သီလ ပိုစင်ကြယ်တဲ့ပုရောဟိတ်ထံမှသာ တောင်းခံကြပါတော့"

အိမ်ရှေ့မင်းသား၏ လက်အောက်ငယ်သာအပေါ်ထားရှိသည့် စေတနာ၊ စောင့်ထိန်းသည့် သီလကို ကြားရတော့ အမတ်အားလုံး မင်တက်မိမတတ် အံ့သြရပြန်တော့သည်။ သို့သော် လမ်းညွှန်သည့်အတိုင်း ပုရောဟိတ်ထံဝင်ခဲ့သည်။

"အမတ်တို့၊ ကျုပ်ဟာ ဂရုဓမ္မသီလစောင့်တာ မှန်ပါတယ်။ ဒါပေမယ့် ကျုပ်ရဲ့သီလက စင်ကြယ်တယ် မထင်ပါ"

"ဘာကြောင့်လဲ ပုရောဟိတ်ကြီး။ ဖြစ်နိုင်ရင်တော့ ပြည်သူ တွေကို ငဲ့ညှာတဲ့အနေနဲ့ ကူညီပါ"

"အမှန်ပင် ကူညီချင်ပါတယ်။ ကျုပ်သီလအပေါ် သံသယရှိလို့ပါ"

"ဒါဆို ပြောပါဦး"

"ဒီလိုပါ၊ တစ်နေ့ ကျွန်ုပ်ဟာ မင်းထံအခစားဝင်တော့ တိုင်းတစ်ပါး မင်းက ရထားသစ်တစ်စီး ဆက်သလာပါတယ်။ ဒီအခါ ကျွန်ုပ်စိတ်ထဲမှာ ငါ့ကိုပေးရင် ကောင်းလေစွလို့ တောင့်တမိတယ်။ အဲဒီအချိန်မှာပဲ မင်းကြီးက "ငါ့ဆရာ ပုရောဟိတ်အိုလှပြီ၊ နန်းတော်ထဲလာရတာ မသက်သာဘူး၊ ရထားကို ယူလော့"လို့ မိန့်ပါတယ်။ ကျွန်ုပ်က အတန်တန် ငြင်းပယ်ပေမယ့် မင်းကြီးက စွန့်ကြဲခဲ့ပါတယ်။ အင်း သူတစ်ပါးပစ္စည်းကိုရလို့မှုနဲ့ တောင့်တခဲ့တဲ့ ကျုပ်မှာအပြစ် မရှိဘူးလားဗျာ"

"ဘယ်မှာအပြစ်ရှိလဲ ပုရောဟိတ်။ နှုတ်နဲ့ဖွင့်တောင်းတာမှ မဟုတ်တာ မင်းကြီးက ငဲ့ညှာလို့ချီးမြှင့်ခဲ့တာပဲ"

"ဒါပေမယ့် သီလအပေါ် သံသယရှိတယ်လို့ထင်တယ်။ ကျုပ်ထက်သီလမြဲတဲ့ မြေတိုင်းအမတ်ထံကတောင်းယူကြပါဗျာ"

ကျွန်ုပ်တို့အချင်းချင်းတစ်ဦးမျက်နှာ တစ်ဦးကြည့်မိသည်။ အရှင်သခင်က စေတနာဖြင့် ချီးမြှင့်သည်ကိုပင် တောင့်တမိခြင်းကြောင့် အပြစ်ဟု မြင်သော မင်းမှူးထမ်း၏ စိတ်ထားကာ ကျွန်ုပ်တို့ကို အရှက်ရစေသည်။ လာဘ် လာဘရရန် ကြံဖန်ကြိုးစား ကျူးလွန်သော မိမိတို့စိတ်ထားနှင့် ကွာလေစွ ဟုသြချမိပြန်သည်။

ထို့နောက် ပုရောဟိတ်ညွှန်သည့်အတိုင်း မြေတိုင်း အမတ်ထံသွား ကြပြန်သည်။

"အမတ်တို့၊ ကျွန်ုပ်လည်း သီလအပေါ်သံသယ ရှိနေပါတယ်"

"ပြောပါဦး အမတ်မင်း"

"ကျွန်ုပ်ဟာ နေ့ပဒ်က လယ်မြေတစ်ခုကို တိုင်းစဉ်ကြိုးစွန်းမှာ ပုစွန်တွင်းက တည့်တည့်ကျနေတယ်။ တွင်းထဲ တော့ ပုစွန်လုံးမရှိတန်ရာလို့ယူဆပြီး တုတ်စိုက်ချတော့ "ကရိ" ဆိုတဲ့ အသံကြားလိုက်တယ်။ ပုစွန်လုံးကို တုတ်စိုက်မိပြီး ပုစွန်သေရပြီလို့ စိတ်မကောင်းဖြစ်မိတယ်"

"တကယ်ကော သေသလား"

"မတွေ့ရဘူးလေ"

"ဒါနဲ့များ အမတ်မင်းရယ်၊ သံသယမရှိစမ်းပါနဲ့။ တကယ်လို့ သေရင်လည်း စေတနာနဲ့လုပ်မိတာမှ မဟုတ်တာ"

"ဒါပေမယ့် သံသယရှိတယ်လေ၊ ရထားထိန်းထံကသာ တောင်းယူကြပါတော့"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



သံတမန်အဖြစ်ရောက်လာသော အမတ်တို့သည် မင်းနှင့်တကွ မင်းမှုထမ်းများ၏ သီလစောင့်သိမှုကို ကြားရရုံဖြင့် ဘာကြောင့် မိုးလေဝသမှန်သည်ကို နားလည်လိုက်တော့သည်။ ဤရွေ့ဤမျှ သီလစင်ကြယ်သော မင်းနှင့် အမှုထမ်းမျိုးကို ရှေးကမတွေ့ဖူးသဖြင့် အံ့သြခြင်းကြီးစွာဖြစ်မိသည်။ သို့သော်လမ်းညွှန်သည့်အတိုင်း စုံစမ်းသင့်သည်ဟု တိုင်ပင်လျက်လည်း သံတမန်တို့သည် ရထားထိန်းထံ သွားကြပြန်သည်။

''အမတ်တို့၊ မြေတိုင်းအမတ်က ညွှန်ပေမယ့် ကျွန်ုပ်သီလစင်ကြယ်သည်မထင်ပါ''

''အဘယ်ကြောင့်လဲ ရထားထိန်း''

''တစ်နေ့မှာ မင်းကြီးဥယျာဉ်ထွက်စံရာ အပြန်မှာ မိုးသားတွေအုံ့တက်လာတယ်။ မင်းကြီးကို မိုးစိုးမှာစိုးလို့ သိန္ဓောမြင်းကို နှင်တံနဲ့ရိုက်ပြီးပြေးစေခဲ့ပါတယ်။ ဒါကိုအမှတ် သညာထားတဲ့ သိန္ဓောမြင်းဟာ ဒီနေရာရောက်တိုင်းလျင်လျင်မြန်မြန်ပြေးလေ့ရှိတယ်။ အမှန်တော့ ကျူပ်ဟာအရာမဟုတ်တဲ့ နေရာနှင်တံ သုံးမိလို့မြင်းဟာ ပင်ပန်းစေခဲ့ပါတယ်''

''ဒါအပြစ်မှ မဟုတ်တာပဲ''

''သာမန်အားဖြင့်တော့ အပြစ်မဟုတ်ပေမယ့် သီလညစ်ညူး စေတယ်လို့ သံသယရှိပါတယ်။ ကျူပ်ထက် သူဌေးကြီးက သီလပိုစင်ကြယ်ပါတယ်။ သူ့ထံကပဲတောင်းယူပါ။ သံတမန် များသည် ဂရုဓမ္မကံနှင့် ပတ်သက်၍ပို၍ပို၍ စိတ်ဝင်စားစရာ ဖြစ်လာသည်။ သို့ဖြစ်၍ သူဌေးကြီးထံ အပြေးတစ်ပိုင်းနှင့် သွားလိုက်ကြပြန်သည်''

''အင်း ဒီကိစ္စကျူပ်ဆီဆိုက်လာလိမ့်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျူပ်ကလဲ သီလမစင်ကြယ်ဘူး အမတ်တို့ရဲ့''

''ဗျာ''

''ဒီလိုဗျာ တစ်နေ့မှာ ကျူပ်ပိုင်တဲ့ လယ်ထဲကထွက်ပြူစ ကောက်နှံပန်းတစ်ဆုပ်ယူလာပြီး အိမ်တိုင်မှာ အလှချည်ထားလိုက်တယ်။ မင်းဘဏ္ဍာအတွက် ဆယ်ဖို့တစ်ဖို့မပေးရမီ ဒီလိုယူမိတော့ အခွန်တော်ကို အလွဲသုံးစားပြုမိရာ မရောက်ဘူးလား''

''သြော် သူဌေးရယ်၊ စပါးတစ်နှံက ဘာဖြစ်မှာလဲ''

''ဒါပေမယ့် မသင့်ဘူးလေ။ ဒီအပြုအမူပြုမိတဲ့ ကျူပ်ရဲ့သီလကို သံသယရှိတယ်။ ပိုပြီးသီလစင်ကြယ်တဲ့တင်းခြင် အမတ်ထံကသာ ယူသွားပါ''

မင်းရော ပြည်သူပါ ဂရုဓမ္မသီလမြဲမြံကြသည်ကို စဉ်စားစရာပင်မလိုတော့။ သို့သော်ညွှန်သည့်အတိုင်း တင်းခြင်အမတ်ထံသို့ သွားခဲ့ကြပြန်သည်။

''အင်း ဂရုဓမ္မသီလထိန်းတယ်ဆိုလို့ အထင်မကြီးပါနဲ့အမတ်တို့၊ ကျွန်ုပ်လည်း သီလစင်ကြယ်မယ် မထင်ဘူး''

''ပြောပါဦး''

''ကျူပ်ဟာ မင်းဘဏ္ဍာအဖြစ်ဆယ်ဖို့ကောက်ရာမှာ တင်းခြင် တွယ်ရပါတယ်။ တစ်နေ့စပါးခြင်ရာမှ မခြင်ရသေးတဲ့ စပါးပုံထဲကစပါးလက်တစ်ဆုပ်ယူလိုက်မိပါတယ်''

''အင်း''

''အဲဒါနဲ့ ဂရုမှတ်တာပါ။ အဲဒီလိုခြင်တွယ်နေချိန် မိုးရွာလာတော့ ဂရုမှတ်ဖို့ယူထားတဲ့ စပါးလက်တစ်ဆုပ်ကို ဘယ်စပါး ပုံထဲထည့်မိမှန်းမသိဘူး။ ဘုရင့်စပါးပုံထဲထည့်မိရင် ဘုရင်စပါးပိုရပြီး လယ်ရှင်နစ်နာပါတယ်''

''မဖြစ်စလောက်လေးပါဗျာ။ ဒီအတွက်နစ်နာတယ်လို့လဲ လယ်ရှင်ကယူဆမှာ မဟုတ်ပါဘူး''

''ဒါပေမယ့် သီလအပေါ်သံသယရှိတယ်လေ ဂရုဓမ္မသီလစောင့်လို့ မိုးလေဝသမှန်တယ်ယူဆရင်၊ တကယ်စောင့်သူထံက ယူသင့်ပါတယ်။ လူကြီးမင်းတို့ အနေနဲ့တံခါးမှူးထံသွားကြပါ''

www.burmeseclassic.com

www.burmeseclassic.com



တင်းခြင်အမတ်က ညွှန်လိုက်၍သွားသော်လည်း အမှန်တော့ ဆက်စုံစမ်းစရာပင်မလို။ မင်းနှင့်ပြည်သူအားလုံး ဤရှေ့ဤမျှသီလစောင့် ထိန်းသော တိုင်းပြည်သည် အဘယ်မှာလျှင် ဘေးအန္တရာယ်ကျတော့ မည်နည်း။

"ဟုတ်ကဲ့၊ ကျွန်ုပ်လည်း ဂရုဓမ္မသီလစောင့်တာမှန်ပါတယ်။ ဒါပေမယ့် သီလစင်ကြယ်မယ်တော့ မထင်ဘူး"

"ပြောပါဦး"

"ကျွန်ုပ်ဟာ မြို့တံခါးပိတ်ခါနီးမှာ သုံးကြိမ်အော်ပြီး သတိပေးလေ့ရှိပါတယ်။ အဲလိုအော်တဲ့ အခိုက်တစ်နေ့မှာ ထင်းခွေယောက်ျားနဲ့ မိန်းမငယ်တစ်ဦး လက်ဆွဲပြေးလာကြတယ်။ ကျွန်ုပ်က သူတို့ကိုတွေ့တော့ တစ်နေကုန်တောထဲ ပျော်ပါးနေပြီး တံခါးပိတ်ချိန်မှ လာရသလား။ ဘာဘာညာညာပြောမိတယ်။ ဒီတော့ အမျိုးသားက ဒါကျွန်ုပ်မယား မဟုတ် ပါဘူး။ နှမငယ်ပါလို့ ပြောတယ်။ ကြည့်စမ်း၊ ကျွန်ုပ်ဟာ သီလစောင့်သူဖြစ်လျက် မဆင်မခြင်ပြောမိတယ်"

"ဒါကဖြစ်တတ်တဲ့ သဘာဝပါ"

"ဘယ်ဟုတ်မလဲ၊ လုံးဝမဖြစ်သင့်တဲ့ကိစ္စ။ အမှန်က ကြိုတင်စူးစမ်းရမယ်။ သူတို့ကတော့ အပြစ်မမြင်ပါဘူး၊ ဒါပေမယ့် သံသယဖြစ်မိတယ်"

"မဟုတ်သေးပါဘူး တံခါးမှူးရယ်။ သေးငယ်တဲ့အမှုကိစ္စအပေါ် ဒီလောက်ကုက္ကုစ္စမဖြစ်ပါနဲ့"

"မဟုတ်ဘူးလေ…သီလမစင်ကြယ်ဘဲ၊ စင်ကြယ်သယောင်နဲ့ပေးရင် မကောင်းဘူးလေ သီလမြဲသူထံက ရတာကောင်းပါတယ်။ ဒါကြောင့် ပြည့်တန်ဆာမထံသွားပါ"

"ဗျာ"

"ကျွန်ုပ်တို့ပြည်မှာ သီလသန့်စင်သူဟာ ပြည့်တန်ဆာမ ဖြစ်ပါတယ်။ သူ့ဆီကတောင်းယူပါ"

ကလိင်္ဂတိုင်းမှလာသော သံတမန်များသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် မေးဆတ်ကာ အသံတိတ်တိုင်ပင်ကြသည်။ ဂရုဓမ္မသီလစောင့်ထိန်းမှုဖြင့် ပတ်သက်၍ ကောရဗျပြည်ကား စိတ်ဝင်စားစရာပို၍ပင် ကောင်းလာသည်။ ထို့ကြောင့် ပြည့်တန်ဆာမ အိမ်သို့သွားရပြန်တော့သည်။

"မှန်ပါတယ်။ ကျွန်မဟာ ဂရုဓမ္မသီလကို စင်ကြယ်နိုင်သမျှ စင်ကြယ်အောင် စောင့်ထိန်းပါတယ်။ ဒါပေမယ့် တစ်နေ့ တော့ လုလင်တစ်ယောက်ဟာ ကျွန်မနဲ့ ပျော်ပါးမယ်ဆိုပြီး ငွေတစ်ထောင်ပေးပြီး ထွက်သွားပါတယ်"

"သြော်"

"ကြေးယူထားပေမယ့် သုံးနှစ်တိုင်အောင် ဒီလူက ရောက်မလာဘူး။ ကျွန်မလည်း တခြားလူကို လက်မခံဘဲ သူ့အလာကိုသာ စောင့်နေမိတယ်။ ဟုတ်တယ်လေ ကြေးယူ ထားတော့ ကျွန်မဟာ သူ့အခစားဖြစ်သွားပြီ။ စောင့်သိရမယ်။ ဒါပေမယ့် အဲဒီလို စောင့်သိတဲ့အတွက် ကျွန်မမှာ စားဝတ်နေရေး ခက်လာတယ်"

"ဟုတ်တာပေါ့"

"ဒါကြောင့် တရားရုံးသွားပြီး အဆုံးအဖြတ်ခံခဲ့ပါတယ်"

"သြော် သြော်"

"တရားရုံးက သုံးနှစ်ကျော်ပြီဆိုတော့ တရားစောင့်စရာမလိုတော့ဘူး။ အခြားယောက်ျားတွေ လက်ခံခွင့်ရှိပါ တယ်လို့ ဆုံးဖြတ်လိုက်ပါတယ်"

"ဒါ မှန်တာပဲ"

"ဟုတ်ကဲ့၊ အဲဒီဆုံးဖြတ်ချက်ကြားနာပြီး ပြန်လာချိန်မှာ လက်ခံဖို့ လက်ဖြန့်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ ငွေတစ်ထောင်ပေးထားသူက ပေါ်လာလို့ ငွေလက်မခံဘဲငြင်းပယ်လိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ"

"အမှန်တော့ ငွေသုံးထောင်ပေးသူက သိကြားမင်းပါ။ ကျွန်မကို သီလစမ်းချင်လို့ ဒီလိုပြုမူတာပါ။ သီလစင်ကြယ်မှုကိုတွေ့ရလို့ ဝမ်းမြောက်ကြောင်း၊ ကျွန်မလိုပဲ သီလစင်ကြယ်ကြပါလို့ ဆုံးမပြီး ကျွန်မကို ရတနာခုနစ်ပါးချီးမြှင့် သွားပါတယ်"

"ဒါမှန်ကန်တဲ့ လုပ်ရပ်ပဲ"

"တွေးရင်တော့ အဲလိုယူဆစရာပါ။ ဒါပေမယ့် ပထမလူနဲ့ မပြတ်သေးဘဲ ဒုတိယလူထံက ငွေလက်ခံဖို့ လက်လှမ်းမိတဲ့ ကျွန်မရဲ့သီလဟာ မစင်ကြယ်ဘူးလို့ ထင်မိပါတယ်"

"ဘာပဲပြောပြော သူငယ်မရဲ့သီလဟာစင်ကြယ်ကြောင်း သိကြားမင်းက ထုတ်ဖော်ချီးကျူးခဲ့ပါပြီ။ ဂရုဓမ္မသီလသာ ပေးပါတော့"

ကလိင်္ဂမှလာသော သံအမတ်များသည် ပြည့်တန်ဆာမထံမှ ဂရုဓမ္မသီလကို ရွှေပြားထက်တွင် ကူးယူလျက် မင်းကြီးထံ ဆက်သခဲ့သည်။ ကြုံတွေ့ရသော အချက်အလက်များလည်း အလုံးစုံ တင်လျှောက်လိုက်ရာ မင်းကြီးက အံ့သြကြီးစွာဖြင့် သာဓုခေါ်လိုက် လေတော့၏။

ကျမ်းကိုး။ ။၅၅၀ ဇာတ်တော်၊ တိကနိပါတ်၊ ဂရုဓမ္မသီလဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အမြတ်ဆုံး

''ပုရောဟိတ်ကြီး ကျန်းခန့်သာမာပါ၏လော''

''မှန်ပါအရှင်မင်းကြီးပို့သတဲ့ မေတ္တာတော်ကြောင့် စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာပါတယ်ဘုရား''

''သာဓု သာဓု သာဓု''

ဗြဟ္မဒတ်မင်းကြီးသည် နန်းတော်သို့ခစားရောက်လာတိုင်း ပုရောဟိတ်ကြီးကို နှုတ်ခွန်းဆက်စကားဆိုသည်။ မင်းကြီး၏ နှစ်လိုဖွယ်စကားကြားရသဖြင့် ကြည်နူးဝမ်းမြောက်မိသည်မှာ အမှန်ပင်။

မင်းကြီး၏အလေးဂရုပြုမှုကို ခံရသော ပုရောဟိတ်ကြီးသည် ဘယ်အတွက်ကြောင့် မိမိအပေါ် ဤမျှလေးစားသလဲဟု တွေးသည်။ မိမိသည် ဗေဒင်သုံးပုံအရာတွင် ကဝိတစ်ဆူအလော် ခံထိုက်အောင် ကျွမ်းကျင်သည်။ ဤပညာကို လေးစား၍လော။ မိမိသည် အမျိုးအားဖြင့်မြတ်သော ဗြဟ္မဏတစ်ဦးဖြစ်သည်။ ဤသို့ အမျိုးမြတ်၍ လေးစားလေသလော။ မိမိသည် ရုပ်ဆင်းရူပကာအားဖြင့် သန့်ပြန့်သည်။ ဤရုပ်အဆင်းကြောင့် လေးစားလေသလော။ မိမိသည် ကိုယ်ကျင့်သီလ ကောင်းမွန်သူဖြစ်အောင် စောင့်ထိန်းသည်။ ဤအကျင့်ကြောင့်ပင် လေးစားလေသလော။ အဘယ်အကြောင်းကြောင့် လေးစားမှု ခံရသည်ကို မဝေခွဲနိုင်။ ယင်းပြဿနာကို အဖြေရှာရန် ပုရောဟိတ်ကြီး အစဉ်ကြံဆ နေပေသည်။

❖ ❖ ❖

ဟယ်...။

ဟန်းထိမ်သည် အံ့အားတသင့်ရေရွတ်မိသည်။ သို့သော် သူရေရွတ်သံကို ပုရောဟိတ်ကြီးကြားသွားမည်စိုးသဖြင့် ရင်ထဲမှအသံအပြင်ထွက်မသွားအောင် ကြိုးစားမျိုသိပ်လိုက်ရသည်။

ဟန်းထိမ်သည်စိတ်ထဲတွင်ပုရောဟိတ်ကြီး ဤသို့ပြုမူလိမ့်မည်ဟု မထင်မိ။

ရွှေနန်းတော်က ပြန်လာသော ပုရောဟိတ်ကြီးသည် ခရီးသွားဟန်လွှဲ ကြံ့လေဟန်ဖြင့် ဟန်းထိမ်သည်၏ အိမ်သို့ဝင်လာသည်။

''ကြွပါဆရာပုရောဟိတ်။ ဘယ်အကြောင်း အဘယ်ကိစ္စ ရှိပါသလဲ။ ခိုင်းစေစရာများရှိရင်ခိုင်းပါ''

''ဩော် အကြောင်းထူးမရှိပါဘူး။ ခရီးကြုံလို့ သက်သက် ဝင်လာတာပါ''

''ကြိုဆိုပါတယ် ဆရာပုရောဟိတ်။ ဆရာတို့လို ဂုဏ်သရေရှိ ပုဂ္ဂိုလ်တွေလာတဲ့အတွက် ကျွန်တော့်အိမ်ဟာ ကျက်သရေ မင်္ဂလာနဲ့ ပြည့်စုံစေပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



"အဲလောက်လဲ မဟုတ်ပါဘူးလေ"

"ဘယ်မဟုတ်ရမလဲ ပုရောဟိတ်ကြီးရယ် ဆရာလိုပညာရှိ၊ ဆရာလို အကျင့်သိက္ခာပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးကို ချဉ်းကပ်ခွင့်ရတာ ဂုဏ်တက်လှပါပြီ။ ခဏလေးသည်းခံပါဆရာ၊ တစ်ခုခုစီစဉ်လိုက်ပါ့မယ်"

"လုပ်မနေပါနဲ့"

"မလုပ်လို့ဖြစ်မလား ပုရောဟိတ်ကြီးရယ် ခဏလေးပါ"

ပန်းထိမ်သည်လည်း ပျာပျာသလဲအမူအရာဖြင့် အိမ်ထဲသို့ လှမ်းဝင်သွားသည်။ ပန်းထိမ်သည် ဝင်သွားသည်နှင့် ပုရောဟိတ်ကြီးက ကျေနပ်သည့်အမူအရာဖြင့် ပြုံးလိုက်သည်။ အခွင့်ကောင်းရပြီဟုတွေးလျက် အနီးရှိခုံပေါ်တွင် တင်ထားသည့် ငွေအိတ်ထဲမှ ဒင်္ဂါးတစ်ပြားနှိုက်ယူ လိုက်သည်။ ပုရောဟိတ်ကြီး၏ အပြုအမူကို စားဖွယ်သောက်ဖွယ်များ ပြင်ဆင်ယူလာသည့် ပန်းထိမ်သည်မြင်လိုက်သည်။ မထင်ထားသည့် အပြုအမူကြောင့် အံ့အားသင့်သွားသည်။

"ဒါဘာလုပ်တာလဲ ပုရောဟိတ်ကြီး"ဟုမေးချင်သည်။ အကျင့်သိက္ခာနှင့်ပြည့်စုံသူ၊ ပညာပြည့်စုံသူ၊ အမျိုးအားဖြင့် မြင့်မြတ်သူဟု အထင်ကြီးထားသော ပုဂ္ဂိုလ်ကြီးက ဤသို့ပြုခြင်းမှာ စက်ဆုပ်ဖွယ်ရာပင်။ သို့သော် သည်ကိစ္စကို ပန်းထိမ်သည်က ရင်ထဲ၌ပင် သိုဝှက်ထားလိုက်သည်။ မသိုဝှက်၍မဖြစ်။ "ပုရောဟိတ်ကြီးက ကျုပ်ရဲ့ငွေဒင်္ဂါးတစ်ပြားခိုးယူတယ်ဗျာ"ဟု ပြောလျှင် ဘယ်သူက ယုံမည်နည်း။ မယုံကြည်သည့်ပြင် နာမည်ပျက်အောင် မတရားရိုးစွပ်သည်၊ မသင့်သော စကားပြောသည်ဟုပင် အပြစ်တင်ကြမည်။ သိလျက်၊ မြင်လျက်နှင့် ငြိမ်နေလိုက်သည်။

နောက်တစ်နေ့တွင်လည်း ပုရောဟိတ်ကြီးသည် အကြောင်းရှာလျက် ဝင်လာပြန်သည်။ ထုံးစံအတိုင်းဧည့်ခံဖို့စီစဉ် ခိုက်မှာပင် လစ်ပြီထင်ပြီး ဒင်္ဂါးနှစ်ပြားခိုးယူလိုက်ပြန်သည်။

တစ်ကြိမ်ကျူးလွန်လျှင် အပြစ်ကိုသည်းခံနိုင်သော်လည်း၊ နှစ်ကြိမ် မြောက်ကျူးလွန်သည်ကိုမူ ခွင့်မလွှတ်နိုင် အောင်ဖြစ်လာသည်။ သို့သော် လက်ပူးလက်ကြပ်မိအောင် စောင့်ဖမ်းမှသင့်မည်ဟု တွေးလိုက်သည်။

နောက်ရက်တွင်လည်း ပုရောဟိတ်ကြီးသည် အချိန်မှန်ရောက်လာသည်။ အကြောင်းရှာပြီး စကားတွေ ဖောင်ဖွဲ့ပြောသည်။ နောက်တစ်ကြိမ် ပြစ်မှုမကျူးလွန်သာအောင် စောင့်ကြည့်နေလိုက်သည်။

"ရေအေးအေးတစ်ခွက် လောက်ပေးပါလား"

"သြော် ဟုတ်သားပဲ။ ဒီနေ့ဧည့်ဝတ်မကျေဖြစ်သွားပြီ ခဏစောင့်ပါ ပုရောဟိတ်ကြီး"

ပုရောဟိတ်ကြီးက အလစ်အငိုက်မရသဖြင့် ပြစ်မှုကျူးလွန်ရန် အခက်ကြုံနေပုံရသည်။ ပန်းထိမ်သည် ထသွားစေရန် ရေတောင်းသောက် မှန်းသိလိုက်သည်။ သို့သော်မသိဟန်ဆောင်ပြီး အိမ်တွင်းလှမ်းဝင်ခဲ့သည်။ သို့သော် အလစ် အငိုက်မပေးဘဲ စောင့်ကြည့်လိုက်သည်။

"ကဲ၊ မိပြီ။ ခင်ဗျားက ကြောင်သူတော် ကြွက်သူခိုးပဲ"

"ဘာပြောတယ်၊ ငါ့ကိုဒီစကားမျိုးပြောဝံ့လား၊ ငါက မင်းမြှောက်စားခံရတဲ့ ပုရောဟိတ်"

"အဟား ဟား ဟား၊ သင့်အကြောင်းကို မင်းကြီးမသိလို့ မြှောက်စားထားတာ ဒီလိုအကျင့်ပျက်တဲ့ သူခိုးမှန်းသိရင် မြှောက်စားမှာ မဟုတ်ဘူး"

"ငါ့ကို သူခိုးလို့ စွပ်စွဲတာလား"

"စွပ်စွဲတာမဟုတ်ဘူး။ လက်တွေ့ကျကျဖမ်းတာ။ ဖြေလိုက်စမ်း၊ ခင်ဗျားလက်ထဲ ဆုပ်ထားတာက ဘာတွေလဲ"

"ဒါ ငါ့ ပစ္စည်း"

"အံမာ၊ ခင်ဗျားဟာ ခိုးဝံ့ရုံတင်မကဘူး၊ လိမ်လည်းလိမ်ရဲတယ်။ ဒီမယ် ပုရောဟိတ်သူခိုး၊ ပထမနေ့ အိမ်လာစဉ်က ဒင်္ဂါးတစ်ပြားခိုးတာ ကျုပ်မသိဘူးထင်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"ဒုတိယနေ့မှာ ဒင်္ဂါးနှစ်ပြားခိုးတာကို အားမရသေးဘူး၊ ဒီနေ့ကျတော့ လက်တစ်ဆုပ်တောင်ခိုးတယ်။ နောင်ဆို တွေ့သမျှအကုန်ယူမယ့်လူ၊ ခင်ဗျားလိုလူကို ဒီအတိုင်း ခွင့်မလွှတ်ဘူး လာခဲ့"

ပန်းထိမ်သည်သည် ပုရောဟိတ်ကြီးကို ဖမ်းချုပ်လျက် လက်ပြန်ကြိုး တုပ်နှောင်လိုက်သည်။ အင်မတန်လေးစား ကြည်ညိုသည့် ပုရော ဟိတ်ကြီးကို ပန်းထိမ်သည်က ကြည်ညိုစိတ်မရှိတော့။ ရိုက်ပုတ်လျက်မင်းကြီးထံ ခေါ်ဆောင်သွားတော့သည်။

"ဟယ် ဘယ်လိုဖြစ်တာလဲ"

"သူခိုးဖမ်းလာတာလေ"

"ဘယ်က သူခိုးဖြစ်ရမှာလဲ။ အဲဒါ ပညာရှိပုရောဟိတ်ကြီးလေ"

"အဟ ဟ၊ အပြင်ပန်းအမြင်ကတော့ လေးစားစရာကောင်းလောက်အောင် ပညာရှိသူ၊ အကျင့်သီလနဲ့ ပြည့်စုံသူပဲ။ ဒါပေမယ့် သင်းဟာ ကျုပ်ရဲ့အသပြာ ငွေခိုးတဲ့သူခိုး။ သူခိုးမှ သူခိုးအစစ်"

လမ်း၌တွေ့သူများက ပုရောဟိတ်ကြီးကို ဖမ်းဆီးလာသည်မြင်၍ အံ့ဩနေသည်။ မသင့်သောအမှုဖြစ်ပြီးဟု စိတ်ဝင်စားစွာမေးကြသည်။ ပန်းထိမ်သည်သည် အဖြစ်အပျက်ကို အစုံအလင်ရှင်းပြပြီး ရွံ့ရှာစက်ဆုပ်လေဟန်ဖြင့် ပုရောဟိတ်ကြီးကို တံတွေးနှင့်ထွေးသည်။

ပုရောဟိတ်ကြီးသည် ပန်းထိမ်သည်ပြုသမျှကို တစ်ခွန်းတုံ့ပြန်မဆိုဘဲ ငြိမ်လျက်လိုက်ပါလာသည်။ လမ်းခရီး တစ်ဝက်တွင် အလမ္ပာယ် သမားတို့ကို ပုရောဟိတ်ကြီးတွေ့သည်။ သူတို့သည် မြွေနှင့်ကစား နေကြသည်။

"အမောင်တို့၊ ဒီမြွေနဲ့မကစားသင့်။ ဒီမြွေကိုက်ရင် သင်တို့ အသက်ဆုံးရှုံးလိမ့်မယ်"

"မစိုးရိမ်ပါနဲ့ ပုရောဟိတ်ကြီး။ ဒီမြွေက ငါတို့ကို မကိုက်ပါ"

"ဟင် မြွေဆိုတာကိုက်တဲ့ အမျိုးလေ"

"မြွေဟာကိုက်တဲ့ အမျိုးဆိုတာမှန်ပါတယ်။ ဒါပေမယ့် ဒီမြွေက သီလရှိသူပါ"

"ဘယ်လို၊ သီလရှိသူ"

"မှန်ပါတယ်၊ သီလရှိသူအမည်ခံထားလို့ ရန်မရှာတတ်ပါဘူး။ လူမှာသီလရှိရင်တော့ အပြစ်ဆိုစရာ မရှိဘူးပေါ့။ လောကမှာ သီလဟာ အမြတ်ဆုံးပဲ။ သီလထက် ပိုမြတ်တဲ့တရား ဘာမှမရှိပါဘူး"

ပုရောဟိတ်ကြီးသည် မိမိစူးစမ်းသည့်အဖြေကို ကောင်းစွာထင်ထင် သိမြင်လိုက်သည်။

ကြိုးဖြင့်ချည်နှောင်ခံထားရသည့် ပုရောဟိတ်ကြီးကို မင်းကြီးမြင်သော် အံ့အားသင့်သွားသည်။ "အဘယ်ကြောင့်၊ အဘယ်ကိစ္စဖြစ်သည်ကို"မေးမြန်းသည်။ ပန်းထိမ်သည်က အဖြစ်အပျက်အလုံးစုံကို လျှောက်ထားသော် အပြစ်က ထင်းထင်းကြီး ပေါ်လာသည်။ ထို့ကြောင့် အပြစ်အလျောက်စီရင်ရန် အမိန့်ပေးလိုက်သည်။

"အရှင်မင်းကြီး ခဏသည်းခံပါ။ ကျွန်တော်မျိုးဟာ သူခိုးမဟုတ်ပါ"

"သင်ဝန်ခံပြီးပြီပဲ"

"မှန်ပါတယ် အရှင်မင်းကြီး။ ကျွန်တော်မျိုးဟာ ပန်းထိမ်သည်ထံမှ အသပြာငွေယူတာမှန်ပါတယ်။ ဒါကလည်း အရှင်မင်းကြီးနဲ့ ပတ်သက်နေပါတယ်"

"ဘာကြောင့်ဆိုတာ ရှင်းအောင်လျှောက်တင်စမ်း"

"မှန်ပါအရှင်မင်းကြီး၊ ကျွန်တော်မျိုးကို အရှင်မင်းကြီးက တလေးတစားမြှောက်စား ချီးမြှင့်ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



''အိန်း မှန်ပါပေတယ်''

''ဒီလို မြှောက်စားတာဟာ ငါရဲ့အမျိုးအနွယ်မြင့်မြတ်မှုကြောင့်လော… ငါရဲ့စီးပွားဥစ္စာခနကြောင့်လော… ငါရဲ့ပညာကြောင့်လော… ဒါမှမဟုတ် ငါရဲ့အကျင့်သီလကြောင့်လောလို့ သို့လောသို့လောတွေးတောစရာဖြစ်ခဲ့ပါတယ်။ ဒီအဖြေကို ရအောင် စူးစမ်းတာပါ အရှင်မင်းကြီး''

''ဒါနဲ့ခိုးမှုနဲ့က ဘယ်လိုပတ်သက်လဲ''

''အရှင်မင်းကြီး ကျွန်တော်မျိုးဟာ ပန်းထိမ်သည်ထံက ဒင်္ဂါးပြား ယူပါတယ်။ ပထမနေ့က တစ်ပြား၊ ဒုတိယနေ့ နှစ်ပြား၊ တတိယ နေ့မှ လက်တစ်ခုပ်ယူပါတယ်။ ဒီအသပြာငွေဟာ ဘာမှ မဖြစ် လောက်ပါဘူး။ ကျွန်တော်မျိုးရဲ့ ကြွယ်ဝချမ်းသာမှုနဲ့ ယှဉ်ရင်ဆီးစေ့နဲ့ မြင့်မိုရ်တောင်တမျှကွာပါတယ်။ ဒီငွေကို ပိုင်ရှင်မပေးဘဲယူမိတဲ့အတွက် ခိုးသူ၊ အကျင့်ပျက်သူဆိုပြီး တစ်ချိန်က လေးစားတဲ့ ပန်းထိမ်သည်ကတောင် ရိုက်မောင်းပုတ်မောင်း လုပ်ခဲ့ပါတယ်။ သီလမရှိရင် လူဟာ ဘာမှတန်ဖိုးမရှိမှန်းသိသွားပါပြီ။ အရာရာမှာ သီလသာလျှင် အမြတ်ဆုံးလို့ သိရပါပြီမင်းကြီး''

''ဖြစ်ရလေ ပုရောဟိတ်ကြီးရယ် သင့်ရဲ့သီလဂုဏ်ကို ပူဇော်မှန်း သင်မသိလေရော့သလား''

''မှန်ပါ။ ခုတော့သိရပါပြီ။ ဒါကြောင့်မြတ်တဲ့သီလနဲ့သာ နေချင်လို့ ရသေ့ရဟန်းသာ ပြုခွင့်ပေးပါတော့ အရှင်မင်းကြီး''

မင်းကြီးသည် ဆရာပုရောဟိတ်ကို ခွင့်လွှတ်သည်းခံလျက် ဆန္ဒအတိုင်း ခွင့်ပြုလိုက်လေတော့၏။

**ကျမ်းကိုး- ဧကနိပါတ်၊ သီလဝီမံသဇာတ်**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သီလခြံ၍ လုံခဲ့ပြီ

''အမောင်တို့၊ ငါ့ရဲ့သမီးကို သိကြပါကုန်၏လော''

ဒီသာပါမောက္ခဆရာကြီးက စာသင်ဆောင်တွင် စုဝေးကြပါ ဟုပြောစဉ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ ''ဘာကိစ္စလဲ''ဟု မေးလေးဆတ်၊ မျက်စလေးပစ်မေးကြသည်။ ဘာမှန်းညာမှန်းမသိ၍ ခေါင်းခါကုန်သည်။

ဆရာကြီးသည် အကြောင်းမရှိဘဲ တပည့်များကို စုဝေးစေမည်မဟုတ်။ တစ်ဦးဦးက စည်းကမ်းချိုးဖောက်၍ ''တစ်ယောက်မကောင်းအများ'' ဆုံးမရန်စုဝေးခြင်းလော။ ဖြစ်လောက် သည်။ ဆရာကြီးသည် အချင်းချင်းထိန်းချုပ်သည့်နည်းဖြင့် အုပ်ချုပ်သည်။ တပည့်များစွာကို ဆရာကြီးတစ်ယောက်တည်း စောင့်ကြပ်ကြည့်ရှုလျှင် ဘယ်မှာလုံလောက်မည်နည်း။ ထောင့်စေ့မည်နည်း။ သည်တော့ အချင်းချင်း၊ အပြန်အလှန်ထိန်းကွပ်စေရန် ''တစ်ယောက်မကောင်း'' အများအပြစ်ပေးလေ့ရှိသည်။ ဤစနစ်ဖြင့် အုပ်ထိန်းတော့ ဟာကွက်ယိုကွက် မရှိတော့။

ခုလည်း တစ်ယောက်ယောက်က စည်းကမ်းချိုးဖောက်သဖြင့် အများကိုအပြစ်ပေးတော့မည်ဟု တွေးနေစဉ် ဆရာကြီးက သူ့သမီးကို သိကြပါ၏လောဟု မေးသည်။ ရူပကလျာကို သတိမထားမိသူ ဘယ်သူရှိအံ့နည်း။

ဖူးငုံပွင့်စအလှကြွယ်သူ၊ မိန်းမသားတို့၏ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသူ၊ ချိုမြသည့်အပြုံးပိုင်ဆိုင်သူ လိမ္မာယဉ်ကျေးသည့်အမူအရာ ပိုင်ဆိုင်သူ စသည့်ဂုဏ်တွေပြည့်စုံသော ရူပကလျာကို အားလုံးက သတိပြုမိသည်။ အချို့သော သူဌေးသားများက ''ငါသာ အိမ်ထောင်ပြုလျှင် ဒီလိုမိန်းမချောလေးကိုပဲ သူဌေးကတော်အရာပေးမယ်''ဟု ရင်ဖွင့်ပြောတတ်သည်။ အချို့သော မင်းသားများကလည်း အနာဂတ် စီမံကိန်းတွင် ရူပကလျာကို မိဖုရားအရာမြှောက်ဖို့ လျာထားကြသည်။ ကိုယ့်အတွေးနှင့်ကိုယ် သူမသိငါပိုးကျိတ်ပိုးပိုးနေသူများအား ''ငါ့သမီးကို သိကြပါကုန်၏လော''ဟုမေးလိုက်၍တက်ကြွစွာ ဖြေလိုက်သည်။

''အေး၊ သူဟာအရွယ်ရောက်တဲ့ မိန်းကလေးဖြစ်နေပြီ။ ဒီတော့ ငါ့အနေနဲ့ မိဘဝတ္တရားအတိုင်း ထိမ်းမြားလက်ထပ်ပေးဖို့ တာဝန်ရှိလာတယ်။ မိဘဆိုတာ ကိုယ့်သားသမီးကို ဆင်စီး မြင်းရံတဲ့ဘဝကို လိုလားကြတယ်၊ ဟုတ်ရဲ့လားဟေ့''

''ဟုတ်ပါတယ် ဆရာကြီး''

''အေး၊ ငါ့တပည့်တွေထဲက တစ်ယောက်ယောက်ကို သမီးရဲ့ကြင်ဘက်အဖြစ်ရွေးမယ်လို့ စိတ်ကူးရှိပါတယ်''

ဆရာကြီး၏စကားကြားတော့ ကျောင်းသားထုသည် ပုရွက်အုံကို တုတ်နှင့်ထိုးလိုက်သည့် အလား ရှုစိရှုစိဖြစ်ကုန်သည်။ တပည့်ထဲက တစ်ယောက်ယောက်ဟု ဆိုလိုက်သည်နှင့် မင်းညီမင်းသားတချို့က ရင်ကိုကော့လျက်

www.burmeseclassic.com

www.burmeseclassic.com



ဝင့်ကြွားကုန်သည်။ အချို့သော ပုဏ္ဏားလုလင်များကမူ ''တို့လိုအမျိုးမြတ်၊ ပညာတတ်သူသာ ဆရာကြီးရဲ့ သမီးနဲ့ ထိုက်တန်ပေတယ်''ဟူသော အသွင်ဖြင့် မခန့်ပြုံးလေးပြုံးနေသည်။ ဆရာ ကြီးသည် တပည့်အားလုံး၏ မျက်နှာကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ပြီး၊ အဓိပ္ပာယ်ပါပါ ဘစ်ချက်ပြုံးလိုက်သည်။

''အေး သင့်တော်တဲ့ တပည့်ကိုရွေးဖို့စဉ်းစားတော့ တချို့က ရာထူးဂုဏ်ရှိန်ရှိတယ်၊ တချို့က စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံတယ်၊ တချို့က အမျိုးနွယ်အားဖြင့် မြင့်မြတ်ကြတယ်။ ပညာအရာမှာတော့ ဆရာကြီးတပည့်တွေက သိသိသာသာ ကွာခြားမှု မရှိသလို၊ မူလအခြေအနေတွေကလည်း သိပ်မကွာခြားကြသူ။ ဒီတော့ဘယ်သူ့ကို ရွေးရမှန်း ဆရာကြီး ကိုယ်တိုင်ဝေခွဲရခက်နေတယ်''

''ဆရာကြီးခင်ဗျာ… လူတစ်ယောက်ရဲ့ အနာဂတ်ကို ကြိုမသိနိုင်ပေမယ့်၊ ဒီလူဟာဘယ်လိုလူဖြစ်မယ်ဆိုတာ ရေခဲ မြေခံကြည့်ရင်သိသာပါတယ်''

မင်းသားတစ်ပါးက အကြံပြုသလိုလိုနှင့် သူ့ဘက်ဆွဲပြောလိုက်သည်။ မင်းသားတစ်ယောက်ဖြစ်တဲ့သူဟာ တစ်နေ့ကျ မင်းဖြစ်ဖို့ အခြေအနေရှိသည်။ မိန်းမသားတို့၏အထွတ်အထိပ် မိဖုရား အရာရစေလိုလျှင် သူနှင့် ထိမ်းမြားပေးပါဟူသည့် အဓိပ္ပါယ်။ ဆရာကြီးက ပါးပါးနပ်နပ်ခေါင်းညိတ်လိုက်သည်။

''မှန်တာပြောရရင် ကျုပ်သမီးဟာ အမောင်တို့နဲ့ မထိုက်တန်ပါဘူး''

''ဒီလို ကိုယ့်သမီးကို ဂုဏ်မနှိမ့်ပါနဲ့ ဆရာကြီး''

ကျောင်းသားများက တစ်ယောက်တစ်ခွန်းထပြောသဖြင့် ဆရာကြီးက လက်ကာပြပြီး တားလိုက်သည်။

''ဆရာပြောတာက ဒီလိုပါ။ အမောင်တို့လို ဂုဏ်သရေရှိ အမျိုးသားနဲ့ ထိမ်းမြားမယ်ဆိုရင် လျော်ကပ်တဲ့ အဝတ် တန်ဆာလိုတယ်။ ဆရာကြီးရဲ့သမီးမှာ အဲဒါမပြည့်စုံဘူး''

''ဒီတွက် မစိုးရိမ်ပါနဲ့ ဆရာကြီး။ ဖနီးသည်ကို တင့်တင့်တယ်တယ် ဖြစ်အောင် ဆင်ပေးဖို့တာဝန် ကျွန်တော်တို့မှာ ရှိပါတယ်''

သူဌေးသားတစ်ယောက်က သူ၏ချမ်းသာကြွယ်ဝမှုအပေါ် ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် လက်မထောင်စကားဆိုလိုက် သည်။ ဆရာကြီးက ခေါင်းတဆတ်ဆတ်ညိတ်လျက် နှစ်လိုစွာပြုံးလိုက်သည်။

''အမောင်တို့ဟာ ကျုပ်သမီးအပေါ်စေတနာရှိမှာ ကျုပ်နားလည်ပါတယ်။ ဒါပေမယ့် ဒီလိုသွေးဆောင်စကားပြော တာကို အမောင်တို့မိဘတွေကြားရင် မလျောက်ပတ်ဘူး။ ဒီတော့ မိဘများ မသိအောင်ရတနာပစ္စည်းယူလာကြပေါ့။ ပြောဆိုအသိပေးပြီးယူမလာပါနဲ့။ အေး ဒီလိုစွမ်းဆောင်နိုင်သူကို သမီးနဲ့ လက်ဆက်ပေးပါ့မယ်''

ကျောင်းသားများ ပျော်ရွှင်ကုန်သည်။ သူတို့ချစ်မြတ်နိုးသည့် ရူပကလျာကို ခက်ခက်ခဲခဲမကြိုးစားရပဲ အလွယ်တကူရမည်ဆို၍ လက်ခုပ်တီးသူ တီး၊ လက်ကွင်းမှုတ်သူ မှုတ်၊ လက်ရုံးဆန့်တန်း ကြုံးဝါးသူ ကြုံးဝါးနှင့် ခန်းမကြီးတစ်ခုလုံး ပွက်ပွက်ညံသွားတော့သည်။

ဆရာကြီး၏အစီစဉ်ကြားသည်နှင့်တပည့်အားလုံး အိမ်ကို ဒုန်းစိုင်းပြန်ကုန်ကြသည်။ မိဘမသိအောင် အဖိုးတန် ရတနာများ ခိုးဖွက်ယူလာပြီး ဆရာကြီးထံ အပ်နှံကြသည်။ ဆရာကြီးက တစ်ဦးချင်း၏ရတနာထုပ်ကို လက်ခံသိမ်းယူပြီး ပိုင်ရှင်အမည်ကပ်လျက် သိမ်းဆည်းထားသည်။ အများနည်းတူပြန်သွားသော်လည်း ဘုရားအလောင်း လုလင်ကမူ ပစ္စည်းတစ်စုံတစ်ရာမပါဘဲ နောက်ဆုံးမှပြန်ရောက်လာသည်။

''အမောင် သင့်မိဘရဲ့ ရတနာပစ္စည်းတစ်ခုခု ပါလာသလား''

''မပါပါဘူးဆရာ''

''ဘယ်လိုလဲ၊ ကျုပ်ရဲ့သမီးကို မမြတ်နိုးလို့လား''

www.burmeseclassic.com



''မဟုတ်ပါဘူး၊ ဆရာကြီး ရူပကလျာကို ကျွန်တော် မြတ်နိုးပါတယ်။ ဒါပေမယ့် ဆရာကြီးရဲ့ အစီအစဉ်ကို ကျွန်တော်လုပ်နိုင်စွမ်းမရှိလို့ပါ''

''ဘာကြောင့်လဲ''

''ဆရာကြီးခင်ဗျာ၊ မိဘမသိအောင် ခိုးဝှက်ယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ မကောင်းမှုကို ကျူးလွန်ရာမှာ ဆိတ်ကွယ်ရာမရှိနိုင်ပါဘူး။ လူမမြင်သော်လည်း နတ်သိကြားတွေကတော့ မြင်ရမှာပါ။ ဒါကြောင့် ပစ္စည်းမပါလာတာပါ''

ဘုရားလောင်းစကားကြားသော် အခြားသူများက လှောင်ပြောင် ရယ်မောကြသည်။ ညံ့ပါ့ကွာဟုရွတ်ချစကားဆိုသူက ဆိုသည်။ သို့သော် ဆရာကြီးကမူ ကျေနပ်နှစ်သက်ပီတိဖြစ်သည့် အမူအရာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လျက် တပည့်၏ပခုံးကို နှစ်လိုဖွယ်ပုတ်ခတ်သည်။

''အမောင်၊ ငါ့အိမ်မှာ ဥစ္စာပစ္စည်းမရှိလို့ ခိုးခိုင်းတာ မဟုတ်။ အကျင့်သီလစမ်းလို၍ ခိုင်းခြင်းဖြစ်သည်။ ငါဟာတပည့်များစွာထဲက တစ်ယောက်ယောက်ကို ရွေးဖို့က ခက်ခဲနေတော့ သူတော်ကောင်းစိတ်ရှိသူကို စိစစ်တာပါ။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်း ဥစ္စာခုနစ်ပါးမှာ အရေးပါတဲ့ သီလအကျင့်ရှိသူသာ ငါ့သမီးနဲ့ ထိုက်တန်မယ်လို့ ယူဆပြီးဒီအစီအစဉ်စီမံလိုက်တာပဲ။ အမောင်ဟာအထိုက်တန်ဆုံးလို့ဆရာသတ်မှတ်လိုက်ပါပြီ''

ဆရာကြီး၏အဆုံးအဖြတ်စကားကြားတော့ ပစ္စည်းခိုးဝှက်လာသူတွေ ရှိုးတိုးရှန့်တန့်ဖြစ်ကုန်သည်။ ဆရာကြီးသည် ရတနာထုပ်များကို ပိုင်ရှင်လက်ပြန်အပ်ပြီး သမီးကို အကျင့်သီလကောင်းသူနှင့် ထိမ်းမြား ပေးလိုက်လေတော့သည်။

ကျမ်းကိုး။ ။ ၅၅ဝဇာတ်တော်စတုတ္ထနိပါတ်၊ သီလဝိမံသဇာတ်

❖ ❖ ❖

www.burmeseclassic.com

## ကုန္တြီယသံဝရသီလလုံခြုံသော စိတ္တဂုတ္တမထေရ်

"အရှင်ဘုရား၊ အရှင်သီတင်းသုံးရာလိုဏ်ဂူ၌ ရေးခြယ်ထားသည့် တောထွက်ခန်း ရုပ်ပုံတော်များက လွန်စွာ နှစ်သက်ဖွယ် ရှိပါပေတယ်"

"ဟုတ်သလား"

"ရော် အဲဒါအရှင်ဘုရားရေးခြယ်ထားတာ မဟုတ်လား"

"ငါမသိပါ ဒကာ။ ငါဟာ အနှစ်ခြောက်ဆယ်ကျော် ဒီလိုဏ်ဂူမှာ သီတင်းသုံးလာတာ ပန်းချီဆေးခြယ်ရုပ်ရှိမှန်း မသိဘူး။ သင်လို မျက်စိအမြင်စူးရှသူကို အမှီပြုရမှဒီလိုရှိကြောင်း သိရတော့တယ်"

"အို အံ့ဩဖွယ်ပါလား"

ဒကာသည် ကုရုဏ္ဍကလိုဏ်ဂူ၌သီတင်းသုံးနေသော အရှင် မြတ်ကြီးကို လွန်စွာကြည်ညိုသည်။ မျက်စိကိုလည်း ကောင်း၊ နားကို လည်းကောင်း၊ နှာခေါင်းကို လည်းကောင်း ထိန်းချုပ်စောင့်စည်း သည်။ အကုသိုလ်ကို ဖြစ်စေသော ကိလေသာ ရမ္မက်ဆိုးတွေ မဝင်စေရန် အတွက် ဒွါရခြောက်ပါးကို လုံအောင်စောင့်စည်းသည်။ နှစ်သက်ကြည်ညိုစရာ ကောင်းသည့် အရှင်မြတ်ကြီး၏ ကျင့်ကြံနေထိုင်မှုကို လေ့လာရန် သူသည် ကုရုဏ္ဍကလိုက်ဂူသို့ရောက်သွားခဲ့သည်။ ထိုအခါလိုဏ်ဂူနံရံတွင် ရေးခြယ်ထားသော ဆေးရောင်စုံပန်းချီကားတွေ မြင်ရသည်။ ဝိပဿီ စသော ဘုရားခုနစ်ဆူ တောထွက်ခန်း ရေးခြယ်ပုံမှာ အနုလက်ရာ မြောက်လှသည်။

ဝိပဿီဘုရားတောထွက်စဉ်ကရထားယာဉ်ကို စီးသည်။ မင်းမျိုးမှ လာသော အလောင်းတော်ပီပီ အဆင်းတန်ဆာ ခြယ်သထားသော ရထားကိုမြင်းလေးကောင် ကထားသည်။ ထိုရထားထက်၌ အလောင်းတော် မင်းသားစံပယ်နေပုံမှာ တင့်တယ်လှ၏။ ပန်းချီဆရာ လက်စွမ်းပြထားပုံကြောင့် တော်တော်နှင့် မျက်လုံးခွာမရဖြစ်ခဲ့မိသည်။

သိခီဘုရားရှင်တောထွက်စဉ်ကမူ ဆင်တော်ကို စီးသည်။ ကကြိုး တန်ဆာဆင်ယင်ထားသော မင်္ဂလာဆင်တော်၏ အသွင်မှာ အသက်ဝင်လှသည်။ ပကတိဆင်အလားထင်ရသည်။

ဝေဿဘူဘုရားရှင်ကမူတောထွက်စဉ် ရွှေထမ်းစင်ကိုသုံးသည် ကကုသန္ဓဘုရားရှင်က ဝိပဿီဘုရားလောင်းနှင့် တူစွာ ရထားယာဉ်ကို ပင်သုံးသည်။ သို့သော် ယာဉ်နှစ်စီး၏ သွင်ပြင်မှာခေတ်အလျောက် အနည်းငယ်ကွဲပြား နေသယောင်ရှိသည်။ ကောဏာဂမနဘုရားရှင်က ဆင်တော်ကို စီးသည်။ ကဿပဘုရားရှင်ကမူ ရွှေပြာသာဒ်ကိုစီးလျက် တောထွက်သည်။ ဂေါတမဘုရားရှင်သည် ဖွားဖက်တော်ကဏ္ဍကမြင်းကိုစီးလျက် တရားစစ်တရားမှန်ကိုရှာရန် တောထွက်သည်။ ဘုရားခုနစ်ဆူ၏ တောထွက်ခန်းကို ကြည်ညိုစဖွယ်ဖြစ်အောင် လက်စွမ်းပြ ရေးခြယ်ထားသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



အံ့သြချီးမွမ်းစရာပင်။ ဆွမ်းဒကာသည် ဤပန်းချီများကို အရှင်စိတ္တဂုတ္တမထေရ်ကြီး ရေခြယ်ထားသည်ထင်၍ ချီးကျူးစကားပြောမိပါသည်။ ပြောမိမှ သင်လိုအမြင်စူးရှသူကို အမှီပြု၍ ပန်းချီကားတွေရှိကြောင်း သိရသည်ဟု အပြောခံရသည်။ ပြောသည်ကို နာခံရခက်သည်တော့မဟုတ်။ ဂူထဲမှာ ပန်းချီကားတွေရှိမှန်း ရေးကမသိဟုဆိုလိုက်ခြင်းကြောင့် အံ့သြနေမိတော့လေသည်။

စိတ္တဂုတ္တမထေရ်သည် နှစ်ပေါင်းခြောက်ဆယ်ကျော် သီတင်းသုံးလာသည့် ဤဂူကို တစ်ကြိမ်တစ်ခါမျှ မော့မကြည့်ဖူးခဲ့။ ထို့ပြင်မက လိုဏ်ဂူဝတွင် ကံ့ကော်ပင်ကြီးရှိသည်ကို မော့မကြည့်ဖူးခဲ့။ ကံ့ကော်ဝတ်ဆံများမြေပြင်တွင် ကြွေကျနေသည်မြင်မှ "သြော် ဒီအရပ်မှာ ကံ့ကော်ပင်ရှိလေရဲ့"ဟု သတိပြုမိသည်။

စိတ္တဂုတ္တမထေရ်ကြီးသည် သီလ၊ သမာဓိနှင့် ပြည့်စုံပုံ၊ အထူးသဖြင့် ဣန္ဒြိယသံဝရသီလစောင့်ထိန်းရာတွင် ထူးခြားပုံကို အံ့သြတကြီး ပြောမိသည်။ သူ့စကားအရတစ်စတစ်စလူသိများလာရာ ဘုရင်မင်းမြတ် ရွှေနားတော်သို့ပင် ပေါက်ကြားခဲ့သည်။

"မောင်မင်းတို့၊ ဤရွှေဉာဏ်မျှ နာမည်ကြီးသည့် အရှင်မြတ်ကို ငါဖူးလိုတယ် ပင့်ခေါ်ချေပါ"

ဘုရင့်အမိန့်နှင့် မင်းချင်းတစ်ယောက်က စိတ္တဂုတ္တမထေရ်ကို ပင့်လျှောက်သည်။ "ဒကာတော်နဲ့ အကြောင်းဆိုက်ရင် ဆုံစည်းပါလိမ့်မယ်"ဟုပြန်ကြားလိုက်သည်။ သုံးကြိမ်သုံးခါပင့်သော်လည်း အရှင်မြတ်ကြီးက ကြွမလာ။ သူတော်စင် သူတော်ကောင်းကို အတင်းအဓမ္မတုပ်နှောင်ခေါ်၍လည်းမသင့်။ မင်းကြီးသည်ထို့သို့အဆင်မပြေလေလေ ဖူးလိုစိတ်များ ပြင်းပြလေလေ ဖြစ်လာသည်။ မင်းကြီးသည် မနိုင်နိုင်ရာ ကိုင်သည့်အနေဖြင့် ကလေးမိခင်များ၏ ရင်ကို အဝတ်စည်း နှောင်သည်။ မင်းတံဆိပ်ခပ်နှိပ်သည်။ မထေရ်ကြီးကြွမလာမခြင်း ကလေးတို့ကို နို့တိုက်ခွင့်မပေးဟုအမိန့်ထုတ်လိုက်သည်။

နို့ဆာသဖြင့် ငိုကြွေးသည့် ကလေးတို့အသံက တစ်မြို့လုံးဆူညံနေသည်။ ရင်သွေးငယ်များငိုသဖြင့် မိခင်တို့လည်း ငါးရံ့ပြာလူး ဖြစ်ကုန်သည် "ကယ်ပါ ယူပါတစာစာနှင့် မထေရ်ကြီးကို အသနားခံသည်။ မထေရ်ကြီး မနေသာတော့။ ကလေးတို့ ဘေးဒုက္ခမှကင်းစေရန် ရွှေနန်းတော်သို့ ကြွလာရတော့သည်။

"ဟေ… မထေရ်ကြီး ကြွလာပြီ ဟုတ်စ"

"မှန်ပါအရှင်မင်းကြီး၊ ကလေးတို့ကို ကြောင့်ကြပြီး ကြွလာပါပြီ"

"ဒါဆို နန်းတော်ထဲပင့်ခဲ့ကြ။ ငါပူဇော်ပါရစေ၊ ရှိခိုးပါရစေ ဆွမ်းအလုပ်အကျွေးပြုပါရစေ"

မင်းကြီးသည် ကျော်စောသတင်းရှိသည့် အရှင်မြတ်ကိုဖူးချင်၍ တုန်လှုပ်သည်အထိပင် ဝမ်းမြောက်နေသည်။ ဆွမ်းကပ်လှူ ကြည်ညိုသည်။

"အရှင်ဘုရား၊ ဒီနေ့တော့ သီလခံယူဖို့အခွင့်အခါမသင့်ပါ။ နံနက်ဖြန်မှ သီလခံယူပါမည်၊ အရှင်မြတ်ကြီး ကြွရောက်တော်မူပါဘုရား"

"ကောင်း၏ ဒကာ"

စိတ္တဂုတ္တမထေရ်ကြီးကို ဖူးခွင့်ရလိုက်သဖြင့် မင်းကြီးဝမ်းမြောက် သွားသည်။ နောက်နေ့အတွက်လည်း ဆွမ်းအလှူခံရန်လျှောက်ထားပြီးဖြစ်သဖြင့် ကလေးတို့ကို နို့တိုက်ခွင့်ပြုလိုက်တော့သည်။ မထေရ်ကြီးအား ခုနစ်ရက်တိုင်တိုင်ပူဇော်ခွင့်ရ၍ ဝမ်းသာနေသည်။ မြတ်မြတ်နိုးနိုးရှိခိုးသည်။

"မင်းကြီး၊ ချမ်းသာခြင်းရှိသည် ဖြစ်ပါစေ"

"သာဓုပါဘုရား"

"မင်းကြီး၊ ချမ်းသာခြင်းရှိသည် ဖြစ်ပါစေ"

www.burmeseclassic.com

www.burmeseclassic.com



''အရှင်မြတ်၊ အခုရှိခိုးနေတာ မိဖုရားကြီးပါ''

မိဖုရားကြီးက သတ္တစ္စဂါရဝ တရားဖြင့် ရှိခိုးချိန်တွင် အရှင်မြတ်ကြီးက အလားတူပင်ဆုပေးသည်။ ထိုအခါ ရဟန်းတို့က ဆုပေးမှားနေသည်ကို ထောက်ပြသည်။

''ငါ့ရှင်တို့၊ ငါသည်မင်းဖြစ်သည်ဟူ၍ လည်းကောင်း၊ မိဖုရားဟူသည်လည်းကောင်း ပိုင်းခြားသတ်မှတ်ခြင်းမရှိ''

အရှင်မြတ်ကြီးသည် ပုဂ္ဂိုလ်သတ္တဝါဟု အမှတ်မထား။ မြင်သမျှသည် ရုပ်နာမ်အစုအဝေးသာဟု မှတ်ယူကြောင်း ပြောသဖြင့် သာဓုခေါ်ကြပြန်သည်။

အရှင်မြတ်ကြီးသည် မိမိသီတင်းသုံးရာလိုဏ်ဂူသို့ ပြန်ကြွသည်။ ညအခါတွင် စင်္ကြံလျှောက်လျက် အမှတ်သတိဖြင့် တရားရှုသည်။ ထိုအခါ ကံ့ကော်ပင်စောင့်နတ်က ဆီမီးတိုင်ကိုင်လျက် လမ်းပြသည်။ ထိုအခါ ကမ္မဋ္ဌာန်း၏စင်ကြယ်ခြင်းကို အမှတ်သတိပြုမိ၍ နှစ်သက်ပီတိ ဖြစ်ရသည်။

ဂျိမ်း…ဂျိမ်း…ဂျိမ်း။

အရှင်မြတ်ကြီးသီတင်းသုံးရာ တောင်ကြီတစ်ခုလုံးပဲ့တင်သံပေးလျက် မြည်ဟည်းတုန်လှုပ်သွားသည်။ ထိုအခါ မဟာဂါမရွာနေ ပြည်သူတို့သည် အသံလာရာဆီသို့ မျှော်ကြည့်လိုက်သည်။ တောင်တော်တစ်ခု လုံးမီးရောင်တို့ဖြင့် ဝင်းပြောင်နေပြီး၊ အပြာရောင်မီးလုံးကြီးများက ဟိုမှသည်သို့ ပြေးလွှားမြူးတူးနေသည်ကို မြင်ရသဖြင့်ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်သည်။

''ငါတို့ရဲ့ မထေရ်ကြီး ရဟန်းကိစ္စပြီးပြီဟေ့''

''ဒါအမှန်ပဲ၊ ကြည့်လေ ကုရဏ္ဍကဂူကြီး တစ်ခုလုံးဝင်းထိန်နေတာ ကြည့်တော့''

ဣန္ဒြိယသံဝရသီလစောင့်ထိန်းသော အရှင်မြတ်ကြီးသည် အကျင့်မှန်ကို လှမ်းလျှောက်နိုင်သဖြင့် ကိလေသာ အာသဝေါတရားကင်းပြတ်သည့် ရဟန္တာကြီးဖြစ်ခဲ့တော့သည်။

ကျမ်းကိုး။ ။ ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်မှ ကောက်နုတ်ချက်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# စမ္မာနဂိုရ်မြို့စားကြီး

ကျွန်ုပ် သောဏာဒဏ္ဍကိုမြို့စားကြီးလို့ စမ္မာမြို့သူ၊မြို့သားတွေက တလေးတစားခေါ်ကြတယ်။ အရိုအသေ ပေးဆက်ဆံကြတယ်။

မာဂဓတိုင်းအရှင်ဘုရင် ဗိမ္ဗိသာရက ဆုလာဘ်အဖြစ် စမ္မာမြို့ကို အပိုင်စားပေးခံရလို့ ကျွန်ုပ်ဟာ စမ္မာမြို့ရဲ့ ဘုရင်ငယ်တစ်ပါးဆိုလည်း မမှားပါဘူး။

စမ္မာမြို့ကိုတော့ သိကြမှာပေါ့။ ဘုရားအလောင်း မဟာဇနကမင်းဖွားရာ စမ္မာနဂိုရ်လို့ ထင်ရှားတဲ့မြို့။ တစ်ချိန်က အင်္ဂတိုင်းရဲ့ မင်းနေပြည်တော်ပေါ့။

စမ္မာလို့ ဘာကြောင့်ခေါ်တွင်တယ်ဆိုတာကို အမျိုးမျိုး ပြောကြတယ်။ စမ္မာအမည်ရှိတဲ့ နဂါးမင်းမိတင်း နေထိုင်ရာ စမ္မာမြစ်ကမ်းမှာ တည်ရှိလို့ခေါ်သတဲ့။ ဖြစ်နိုင်ပါတယ်။ သို့သော်လည်း ဒီအယူကို ကျွန်ုပ် သိပ်သဘောမကျဘူး။

အခြားအယူတစ်မျိုးကတော့ ဒီလိုပါ။

တစ်ချိန်က စမ္မာမင်းကြီး ဒီမှာစိုးစံတယ်။ မင်းကြီးရဲ့ မိဖုရားကြီးက ဂဂ္ဂရာတဲ့။ အဲဒီမိဖုရားကြီးက သတ္တဝါတွေအကျိုးကြည့်ပြီး လူသူကျွဲနွားတွေ သောက်သုံးဖို့ ရေကန်ကြီး တစ်ကန်တူးတယ်။ ပတ်ပတ်လည်မှာ အရိပ်အာဝါသရအောင် စကားပင်တွေ စိုက်တယ်။ စကားပွင့်ညို၊ စကားပွင့်စိမ်း၊ စကားပွင့်ဝါ၊ စကားပွင့်ဖြူဆိုတဲ့ စကားငါးမျိုး စိုက်ခဲ့ပါ သတဲ့။ ဒီနေ့မြင်ရတာကတော့ သော်ကညို၊ မဟာလှေကားပန်း၊ ကသစ်၊ သင်းခွေ၊ ငုရွှေပင်တွေ ဖြစ်ထွန်းနေတာတွေ့ရပါတယ်။ စကားငါးမျိုးဆိုတာ ဒီအပင်တွေပဲဖြစ်မှာပါ။

စကားကို စံကားလို့ ရေးကြတယ်။ စံကားကို ပါဠိအလိုအားဖြင့် စမ္မာလို့ရေးတယ်။ စကားပင်တွေတောအထိ ဖြစ်ထွန်းနေတဲ့မြို့မို့ စမ္မာမြို့လို့ အမည်တွင်ကြောင်း ပြောကြတယ်။ ဒီအယူအဆက ပိုပြီးသဘာဝ ယုတ္တိရှိတယ်။ ပကတိအခြေအနေနဲ့ ဟပ်စပ်တယ်။ ကျွန်ုပ်ပို နှစ်ခြိုက်ပါတယ်။

ထားပါလေ…ဒါတွေက ပညတ်သဘောတွေပါ။

စမ္မာနဂိုရ်မြို့စားကြီးဆိုတာကလည်း ပူဇော်တဲ့ သဘောပါ။

ကျွန်ုပ်ရဲ့ မျိုးရိုးဂုဏ်နဲ့ ပညာဂုဏ်ကို ပူဇော်တဲ့ သဘောပါ။

ကျွန်ုပ်ဟာ အမျိုးမြင့်မြတ်စင်ကြယ်တဲ့ ဇာတ်ရှိသူဗြာဟ္မဏတစ်ဦး။ အဖဘက်ကရော၊ အမိဘက်ကရော ဇာတ်မြင့်သူတွေ၊ ဇာတ်မြင့်သူလည်းဖြစ်၊ ဥစ္စာနေလည်းကြွယ်ဝ၊ ဗေဒင်သုံးပုံလည်းတတ်၊ ရုပ်ဆင်းအင်္ဂါလည်း တင့်တယ်၊ အကျင့်သီလနဲ့လည်း ပြည့်ဝလို့ ဗြာဟ္မဏတွေက ဂိုဏ်းဆရာအဖြစ်တင်မြှောက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အနေနဲ့ မဂဓတိုင်းရှင်ဘုရင်ဗိမ္ဗိသာရ ချီးမြှင့်တဲ့ မြို့စားရာထူး ထက်၊ ဗြာဟ္မဏတွေရဲ့ ဂိုဏ်းဆရာဆိုတဲ့ ဂုဏ်ကိုပိုနှစ်သက်တယ်။ ကျွန်ုပ်တို့ဗြာဟ္မဏတွေဟာ ဇာတ်ခွဲခြားမှုကို အထူးအလေးထားတယ်။ အမျိုးလေးပါးမှာ အမြတ်ဆုံးအမျိုးဖြစ်တဲ့ ဗြာဟ္မဏမျိုးဆိုတဲ့ဂုဏ်ကို တန်းဖိုးထားတယ်။

ဘယ်သို့ပဲဖြစ်ဖြစ် ဂိုဏ်းဆရာကြီးကျွန်ုပ်သောဏဒဏ္ဍဟာ စမ္ပာမြို့စားကြီးရယ်လို့ မာဂဓတိုင်းတစ်ခုလုံး ကျော်စောသူပါ။

စည်းစိမ်ချမ်းသာမှုနဲ့ ကျော်စောမှုကို ယစ်မူးနေတဲ့ ကျွန်ုပ် သောဏဒဏ္ဍဟာ လောကကြီးမှာဘာဖြစ်နေတယ်၊ ဘယ်လိုပြောင်းလဲ တိုးတက်နေတယ်ဆိုတာ သတိမမူမိတာ အမှန်ပါ။ ကျွဲခြေရာခွက်ထဲစံမြန်းနေတဲ့ ဖားသူငယ်ဟာ ကိုယ့်အမိုပြုရာ ရေအိုင်ကိုမဟာသမုဒ္ဒရာ ထင်တယ်ဆိုစကားရှိ မဟုတ်လား၊ စမ္ပာဟာ ကျွန်ုပ်အတွက်တော့ သမုဒ္ဒရာပဲပေါ့။

"ဟဲ့ အမတ်ကြီးဥတ္တိယ၊ ဟိုမှာ ရုတ်ရုတ်သဲသဲ၊ အုတ်အုတ်ကျက်ကျက် နဲ့ ဘာဖြစ်နေတာလဲ"

သလွန်ညောင်စောင်းထက်လဲလျောင်းပြီး စမ္ပာမြို့ရဲ့ ရှုခင်းအရသာကို မိန်းမောခံစားနေစဉ်လူအများ ရုတ်ရုတ် သဲသဲသွားလာနေတာမြင်လို့ အမတ်ကြီးဥတ္တိယကို မေးလိုက်တယ်။ ဥတ္တိယကျွန်ုပ်ညွှန်ရာကို ကြည့်လိုက်ပြီး…

"သြော်…ဒါဟာ စမ္ပာမြို့သားတွေ ဘုရားဖူးသွားနေကြတာပါ မြို့စားမင်း"

"ဘယ်လို…ဘုရား၊ ဘုရားဖူးသွားကြတယ် ဟုတ်ရဲ့လား"

"မှန်ပါတယ် မြို့စားမင်း၊ သာကီနွယ်ဖွား ရဟန်းကြီးဂေါတမဟာ အင်္ဂတိုင်းအတွင်း ဒေသစာရီကြွရာက စမ္ပာမြို့ကို ရဟန်းငါးရာနဲ့ ရောက်လာပါတယ်…"

"ဟေ…စမ္ပာကို ကြွလာတယ် ဟုတ်စ၊ နေပါဦး၊ ငါမရှင်းလို့မေးပါရစေကွယ်…မောင်မင်းပြောတဲ့ ဂေါတမဆိုတာ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနနဲ့ မာယာဒေဝီရဲ့ သားဆိုတာလား…"

"မှန်ပါတယ်အရှင်…မဂဓပြည့်ရှင်ဘုရင် ဗိမ္ဗိသာရကိုးကွယ်တဲ့ ရဟန်းကြီးပါ။ အခုရဟန်းကြီး ဂေါတမက ဂဂ္ဂရာအိုင်အနီးက စကားတောမှာ ယာယီသီတင်းသုံးနေတယ်။ အဲဒါ စမ္ပာမြို့သားတွေ သွားဖူးနေတာပါ"

ဘုရားဆိုသော စကားကြားလိုက်ရတဲ့ ကျွန်ုပ်ရဲ့ နှလုံးသားဟာ ကြည်နူးမှုဖြင့် တဖျပ်ဖျပ်လှုပ်နေတယ်။ ဂေါတမဘုရားရှင်လို့ ကြားလိုက်ကတည်းက ဆောက်တည်ရာမရဖြစ်ပြီး၊ ညောင်စောင်းထက်က လူးလဲထမိတယ်။

မဇ္ဈိမမှာ ဘုရားပွင့်တယ်ဆိုတဲ့ သတင်းကြားနေတာတော့ ကြာပါပြီ။ ဒီသတင်းက တစ်စတစ်စပိုပြီး ကျယ်လောင် လာတယ်။ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ၊ ဘုရားရှင်ရဲ့ တရားဒေသနာတွေ ကြားနေရပါတယ်၊ ကြားနေပေမယ့် သံသယစိတ်နဲ့ မယုံကြည်ခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေသမှာ ဘုရားရယ်လို့ ဟစ်ကြွေးနေတဲ့ပုဂ္ဂိုလ်တွေက အများသား၊ ပုရာဏကဿပကလည်းဘုရားတဲ့၊ မက္ခလိဂေါသာလကလည်း ဘုရားတဲ့၊ သိဥ္စည်းတို့ နာဋပုတ္တတို့ကလည်း ဘုရားလို့ပြောကြတာပဲ။ ဒီတော့ နောက်မှ ပေါ်လာတဲ့ဂေါတမကိုလည်း ဒီပုတ်ထဲက ဒီပဲလို့ပဲ တွက်လိုက်တယ်။

သို့သော်လည်း ရဟန်းဂေါတမရဲ့သတင်း တစ်နေ့တခြား ပိုထူးခြားလာတယ်။ ဘုရင်ဗိမ္ဗိသာရနဲ့ ပသေနဒီ ကောသလမင်းကြီးတို့က ထူးထူးခြားခြား ယုံကြည်ကိုးကွယ်တာ၊ သကျမျိုးနွယ်တွေ လောကီစည်းစိမ်စွန့်ပြီး ရဟန်းပြုကြတာ၊ ယသလိုသူဌေးသားက ဂေါတမနောက်လိုက်ဖြစ်သွားတာ၊ ဥရုဝေလကဿပလို ပုဂ္ဂိုလ်နဲ့ရှင်တစ်ထောင်ရဟန်းပြုခဲ့တာ၊ သိဥ္စည်းဆရာကြီးရဲ့ ညာလက်ရုံးနှစ်ယောက် ဂေါတမထံရောက်တာ…၊ ဒီသတင်းတွေက စိတ်ဝင်စားစရာအမှန်။ ပြီးတော့ အခြားဘုရားတွေက အတ္တတရားဟောနေချိန်မှာ အနတ္တတရားဟောလိုက်တာ တကယ့်ကိုထူးခြားတာပဲ။ အခွင့်ကြုံ အခါသင့်ရင် ဝါဒရေးရာနဲ့ပတ်သက်ပြီး ဆွေးနွေးချင်စိတ်ဖြစ်ခဲ့တယ်၊ မမျှော်လင့်ဘဲ ဘုရားရှင် ကြွလာတယ် ဆိုတော့…။

"အတော်ပဲဟေ့၊ ငါဘုရားရှင်နဲ့ သွားတွေ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ပြောပြောဆိုဆိုထိုင်ရာက ထလိုက်တော့ ဥတ္တိယက ဘာပြောရမှန်းမသိအောင် အံ့သြသွားတာကို တွေ့လိုက်ပါတယ်။

"အရှင်…အရှင်က ရဟန်းဂေါတမကို သွားဖူးမယ်ဆိုတာ အမှန်ပဲလား"

ကျွန်ုပ်ဟာ အဝတ်အစားလဲပြီး အခန်းထဲက ထွက်လိုက်တာနဲ့ အခန်းပေါက်မှာ ဝိုင်းအုံစောင့်နေတဲ့ ဗြာဟ္မဏတွေကို တွေ့လိုက်ပါတယ်၊ သူတို့ဟာ မနေ့ကမှ အနယ်နယ်အရပ်ရပ်က ရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေပါ၊ တစ်နှစ်တစ်ခါ ယဇ်ပူဇော်ဖို့ ရိုးရာမန္တန်တွေရွတ်ဖို့ ဂိုဏ်းဆရာကြီးဖြစ်တဲ့ ကျွန်ုပ်ကို ဂါရဝပြုဖို့ရောက်လာသူတွေ ဖြစ်ပါတယ်။

"အေး…ဟုတ်တယ်၊ ငါဘုရားဖူးသွားမလို့ ပြင်နေတယ်"

"မဟုတ်သေးပါဘူးအရှင်…၊ အရှင်မသွားပါနှင့်၊ သွားဖို့လဲ မသင့်ဘူး၊ သွားရင် စမ္ပာမြို့စား ဗြာဟ္မဏ ဆရာကြီးဆိုတဲ့ ဂုဏ်သိက္ခာကျသွားမှာပါ…"

သူတို့ အားလုံးကဝိုင်းတားကြတယ်။ သူတို့တားတာ သဘာဝကျပါတယ်။ အားလုံးက အလေးအမြတ်ထားနေတဲ့ ကျွန်ုပ်လိုပုဂ္ဂိုလ်က ရဟန်းဂေါတမသွားတွေ့ရင် သိက္ခာကျပြီပေါ့။ သူတို့ရဲ့ဆရာ ကျွန်ုပ်က ရဟန်းဂေါတမ အောက်ရောက်သွားပြီဆိုကတည်းက သူတို့အနေအထားလည်း နိမ့်သွားပြီပေါ့။ ဒါပေမယ့် ကျွန်ုပ်အနေနဲ့တော့ ဝါဒရှင်ကို နှီးနှောချင်တယ်။ သူ့ရဲ့တရားကို ကြားနာချင်တယ်။ ရဟန်းကြီး ဂေါတမဟောတဲ့ အနတ္တဝါဒကို သိချင်တယ်၊ ဒီသဘောကို နားလည်အောင်ပြောချင်ပေမယ့် အားလုံးကလက်ခံမှာ မဟုတ်ဘူး၊ ဒီတော့ စကားလွှဲ ဆိုရတော့မယ်။

"အင်း…ဒီလိုပြောလို့တော့ မဟုတ်သေးဘူးကွဲ့၊ စမ္ပာမြို့ကို ကြွလာတဲ့ ရဟန်းဂေါတမဟာ ခုချိန်မှာ ဧည့်သည်၊ တို့ကအိမ်ရှင်၊ ဧည့်သည်ကို အိမ်ရှင်ကြိုဆိုရမယ့် ဝတ္တရားရှိပါတယ်"

ကျွန်ုပ်အကြောင်းပြချက်ကို သူတို့လက်မခံဘူး၊ ခေါင်းခါကန့်ကွက်ကြတယ်။

"တကယ်တမ်း လာတွေ့သင့်တာက ရဟန်းကြီးဂေါတမပါ အရှင်…။ ဘာဖြစ်လို့လဲဆိုတော့ အရှင်က အမျိုးနွယ်ဇာတ်လည်း မြင့်မြတ်တယ်။ ဥစ္စာနေလည်း ကြွယ်ဝတယ်။ ဗေဒင်သုံးပုံလည်းတတ်တယ်။ ရုပ်ဆင်းအင်္ဂါလည်း တင့်တယ်တယ်။ အကျင့်သီလလည်း ရှိတယ်။ အသက်အရွယ်လည်း ကြီးတယ်။ ပြီးတော့ မင်းနဲ့ပုဏ္ဏားတွေ အလေးအမြတ်ထားတဲ့ ဂိုဏ်းဆရာကြီးလည်းဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်မျိုးကို ရဟန်းဂေါတမ မဖူးရင် ဘယ်သူ့ကိုဖူးရမလဲ ပြောစမ်းပါအရှင်…။

ဗြာဟ္မဏတွေက ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဆရာစွဲနှင့် ပြောမှန်းသိပါတယ်။ ပြောရရင်တော့ သူတို့ရဲ့ဆရာက တခြားဂိုဏ်းဆရာကို အညံ့မခံစေချင်ဘူး။ ဒါပေမယ့် ကျွန်ုပ်စိတ်ကအလိုလို အညံ့ခံချင်စိတ်ဖြစ်နေတယ်။ ဒါကို သူတို့လက်ခံအောင်ပြောဖို့ ကြိုးစားမိပြန်တယ်။

"အချင်းတို့၊ သင်တို့စကားဟာ မှန်ပါတယ်။ ဒါပေမယ့် ရဟန်းဂေါတမဟာ စင်ကြယ်တဲ့ဇာတ်ရှိတယ်။ လှပတဲ့ ရုပ်အဆင်းရှိတယ်။ ယောက်ျားမြတ်တို့ အင်္ဂါ (၃၂)ပါးနဲ့လည်း ပြည့်စုံတယ်။ သူဟာ လောကီစည်းစိမ်ကို ယတိပြတ် ပယ်စွန့်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ရဟန်းပြုခဲ့တယ်။ တပ်မက် ခြင်းလည်းကင်းတယ်။ မင်းနဲ့ပရိသတ်တွေ ကိုးကွယ်သူဖြစ်တဲ့အပြင် ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတယ်လို့ ဆိုကြတယ်။ ဒီလို ဘုရားရှင်ထံကို ငါသွားသင့်တာ အမှန်ပဲအချင်းတို့"

ကျွန်ုပ်ရဲ့စကားကြားရတဲ့ ဗြာဟ္မဏတွေဟာ အတော်စိတ်ပျက်ကုန်တယ်။ သူတို့ရဲ့ဆရာဆုံးပါပြီ၊ သူတို့ရဲ့ ဝါဒကျဆုံးပါပြီလို့တွေးတောပုံပါပဲ၊ ကျွန်ုပ်ရဲ့ အပြုအမူနဲ့ အပြောအဆိုက ဘယ်နည်းနဲ့မှ တားမရမှန်း သဘော ပေါက်သွားတယ်။ သူတို့အချင်းချင်းတိုင်ပင်တဲ့ အကြည့်နဲ့ကြည့်ပြီး၊ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ပါတယ်။

"ကောင်းပြီအရှင်…ဒါဆိုရင်လဲ ရဟန်းဂေါတမဆီကို ကျွန်ုပ်တို့အားလုံးလိုက်ခဲ့ပါ့မယ်။"

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားငါးရာခြံရံပြီး ကျွန်ုပ်သောဏဒဏ္ဍဟာ ဘုရားရှင်သီတင်းသုံးရာ စကားတောကို ခမ်းခမ်းနားနား ထွက်ခဲ့ပါတယ်။ ဒီအခြံအရံကို ဘုရားရှင်တွေ့ရင် သောဏဒဏ္ဍဟာ ဘယ်လိုပုဂ္ဂိုလ်မှန်း ရိပ်စားမိမှာပါ။ ဂိုဏ်းဆရာတစ်ယောက်ကို မထီလေးစားဆက်ဆံမှာ မဟုတ်ပါဘူး။

ဒီအတွေးနဲ့ ဂဂ္ဂရာရေအိုင်ဆီ ဦးတည်လာခဲ့ရာ စကားတောကို ချဉ်းနင်းလိုက်သည်နှင့် ခေါင်းထဲအတွေး တစ်ခုဝင်လာပါတယ်။

''အင်း…မကြာခင် ရဟန်းဂေါတမနဲ့ တွေ့ရတော့မယ်။ ဒီလို တွေ့လို့ ငါက ပြဿနာစမေးတယ်။ ဆိုပါတော့၊ ငါ့အမေးကို အကျိုးသင့်အကြောင်းသင့်ဖြေရင်ကောင်းတယ်။ မဖြေဘဲ ဒီလိုမမေးထိုက်ဘူး သောဏဒဏ္ဍ၊ သင်မေးသင့်တာက ဒီပုံဖြစ်တယ်ဆိုရင် သေရော။ ငါ့ရဲ့လွဲမှားမှုကို ပုဏ္ဏားတွေ ကြားကုန်လိမ့်မယ်။ တစ်သက်လုံး ဆည်းကပ်နေသူတွေ ငါ့ကိုအထင်သေးသွားရောပေါ့''

ကျွန်ုပ်ဟာ ဒီလိုတွေးမိတော့ ရင်လေးသွားတယ်။ ကိုယ်ကစမေးဖို့ ခက်ပြီ။ ဟုတ်တယ်လေ…အရှက်ကွဲ မခံနိုင်ဘူး။

''အဲ၊ ထားပါ။ ကိုယ်ကမမေးဘဲ ရဟန်းဂေါတမက မေးလာလို့ ပြဿနာဖြေနိုင်ရင် အကြောင်းမဟုတ်ဘူး။ မဖြေ နိုင်ဘူးဆိုရင် သိက္ခာကျမယ်။ မဖြစ်သေးပါဘူး။ မသွားတော့ဘဲ လှည့်ပြန်တာကောင်းပါတယ်…''

လှည့်ပြန်မယ်ဆိုတဲ့ အတွေးနဲ့ လှမ်းလက်စခြေလှမ်းကို ရပ်ပစ်လိုက်တယ်။ ကျွန်ုပ်အမူအရာကြည့်ပြီး ပုဏ္ဏားတွေက အဓိပ္ပာယ်နားမလည်ဟန်ဖြင့် ကြည့်နေတယ်။

''ဟယ်…မဟုတ်သေးပါဘူး။ အလာကြီးလာပြီး ဒီနေရာရောက်မှ နောက်ကြောင်းပြန်လှည့်ရင် ပုဏ္ဏားတွေနဲ့ စမ္ပာမြို့ သားတွေက ဘာပြောမလဲ။ ရင်မဆိုင်ဝံ့အောင် ကြောက်ရွံ့သူ၊ မလိမ္မာမိုက်မဲသူလို့ ကဲ့ရဲ့ကြမှာပေါ့။ ဘုရားရှင်ကလည်း မာနကြီးသူလို့ သတ်မှတ်သွားမှာပေါ့။ ဒီလိုလုပ်တာ ပိုပြီးသရုပ်ပျက်တယ်။ အင်း…ဘုရားရှင်နဲ့ မတွေ့လို့တော့ မကောင်းဘူး။ တွေ့သင့်တယ်။ အဲ…တွေ့တဲ့အချိန် ငါကျွမ်းကျင်တဲ့ ဗေဒင်အရာမေးရင် ကောင်းမယ်။ ဒါဆို အလွယ်တကူဖြေနိုင်လို့ ငါလည်း သိက္ခာမကျဘူး။ ဂိုဏ်းဆရာကြီးဆိုတဲ့ဂုဏ်လည်း မပျက်ဘူး။ အင်း…သိတာပဲ မေးပါစေလို့ ဆုတောင်းရမှာပဲ။

ကျွန်ုပ်သောဏဒဏ္ဍဟာ စိတ်မရောက်ခင် မြားကုန်နေပေမယ့် ဟန်ကိုယ့်ဖို့ဟု အားဆေးတင်လျက် စကားတောထဲ ချဉ်းနင်းဝင်လိုက်တော့တယ်။

ဘုရားရှင်ရဲ့အပါးမှာ စမ္ပာမြို့သားတွေ ဝိုင်းရံနေတယ်။ စမ္ပာတစ်မြို့လုံးကလူတွေ ဒီစကားတောကို ရောက်နေ သလားလို့ ထင်မိတယ်။

ကျွန်ုပ်နဲ့ ပုဏ္ဏားငါးရာ ဝင်လာတာကိုတွေ့တာနဲ့ စမ္ပာမြို့သားတွေရဲ့ ကိုင်းရှိုင်းမှုတွေ့ရတဲ့ ရဟန်းဂေါတမဟာ ကျွန်ုပ်ကို အထင်သေးမယ် မထင်ပါဘူး။

''အခြံအရံတွေတယ်များပါလား သောဏဒဏ္ဍ''

''မှန်ပါ ရဟန်းကြီးဂေါတမ။ အနယ်နယ်အရပ်ရပ်ကရောက်လာတဲ့ ဗြာဟ္မဏတွေပါ။ ဂိုဏ်းဆရာဖြစ်တဲ့ ကျွန်ုပ်ကိုကန်တော့ဖို့နဲ့ ယဇ်ပူဇော်ပွဲ လုပ်ဖို့လာကြရင်း ရဟန်းကြီးကို လာတွေ့တာပါ''

ရဟန်းကြီးဂေါတမရဲ့ နှုတ်ဆက်မှုကို ဝင့်ကြွားဂုဏ်ယူတဲ့လေသံနဲ့ တုံ့ပြန်လိုက်တယ်။ အမှန်မှာတော့ စိတ်ထဲက အရှိအသေပေးချင် ပေမယ့် တပည့်တွေ ရှေ့မှာမို့ မာနသံနှင့် တုံ့ပြန်လိုက်ခြင်းပါ။

''သင်တို့ အလေ့အထဟာ ကောင်းပေတယ် သောဏဒဏ္ဍ။ ဗြာဟ္မဏတွေ စုံလင်တုန်း ငါဘုရားမေးပါဦးမယ်။ အသင်တို့ ဗြာဟ္မဏဟူသည် အဘယ်မျှသော ဂုဏ်အင်္ဂါရှိရလဲ။ ဘယ်လိုပြည့်စုံသူကိုမှ ဗြာဟ္မဏလို့ ပညတ်လဲ''

www.burmeseclassic.com

www.burmeseclassic.com



ရောက်မဆိုက်မေးလိုက်တဲ့ စကားကြားပြီး ဝမ်းသာသွားတယ်။ ကျွန်ုပ်ကျွမ်းကျင်ရာသာ မေးလေခြင်းကြောင့် ဆန္ဒကိုမလျှောက်ဘဲသိနေတဲ့ ဘုရားရှင်ရဲ့စကားကို ကျေနပ်သွားတယ်။

"မှန်ပါ ရဟန်းဂေါတမ။ ဗြာဟ္မဏမှန်ရင် ငါးပါးသော ဂုဏ်အင်္ဂါရှိရပါတယ်။ မျိုးရိုးဇာတ်ကောင်းခြင်း ဝေဒကျွမ်းကျင်ခြင်း၊ တင့်တယ်တဲ့ ကိုယ် အင်္ဂါရှိခြင်း၊ အကျင့်သီလပြည့်စုံခြင်းနှင့် ဝေဖန်နိုင်တဲ့ပညာခြင်းပါပဲ"

"ဟုတ်ပြီ သောဏဒဏ္ဍ ဒီငါးပါးထဲက တစ်ပါးပါးနုတ်ရင် ဗြာဟ္မဏလို့ ပညတ်နိုင်သေးလား"

ဘုရားရှင်အမေးကို ကျွန်ုပ်ကောင်းကောင်း ရိပ်စားမိပါတယ်။ ဗြာဟ္မဏ၊ ဗြာဟ္မဏလို့ပြောနေတဲ့ ကျွန်ုပ်တို့ မျိုးနွယ်တွေထဲမှာ ဒီငါးချက်နဲ့ မပြည့်စုံသူတွေ ဒုနဲ့ဒေးပါ။ ပြောရရင် လှူစုန်းပြူးတွေပေါ့။ ဒါကို ရည်ညွှန်းပြောလေတော့ ဗြာဟ္မဏတွေရဲ့ သိက္ခာကိုကာကွယ်ဖို့ တာဝန်ရှိပါတယ်။

"အရှင်ဂေါတမ၊ တင့်တယ်တဲ့ အင်္ဂါရှိခြင်းကို ပယ်ပြီး၊ ကျန်လေးပါးပြည့်စုံရင် ဗြာဟ္မဏလို့ ပညတ်နိုင်ပါတယ်"

ကျွန်ုပ်အဖြေကြားလိုက်တော့ နောက်ပါ ပုဏ္ဏားပရိသတ်ဟင်းချတာကို သဲ့သဲ့ကြားလိုက်တယ်။ တစ်မျိုးနွယ်လုံးရဲ့ ဂုဏ်သိက္ခာကိုထိန်းတဲ့ ကျွန်ုပ်ကို အားလုံးကကျေးဇူးတင်ကြမှာပါ။

"ကောင်းပြီ ပုဏ္ဏားကြီး။ အဲဒီလေးပါထဲက တစ်ပါးထပ်နုတ်ပြီး ကျန်သုံးပါးရှိရင် ဗြာဟ္မဏလို့ သတ်မှတ်နိုင်သေးလား"

သည်အမေးကြားလိုက်တာနဲ့ ကျွန်ုပ်ရဲ့ ပရိသတ်ကိုလည်ပြန်လှည့် အကဲခတ်လိုက်တယ်။ ဗြာဟ္မဏတွေထဲမှာ မပြည့်စုံတာကို တွေ့လိုက် တယ်။ ဒီအရေးကိုလည်း ကာကွယ်ပေးသင့်တယ်လို့ ထင်မိတယ်။

"ဝေဒကျွမ်းတတ်မြောက်ခြင်း ယဇ်ပူဇော်ခြင်းဆိုတာ ပယ်နုတ်ပြီးကျန်သုံးပါး နဲ့ပြည့်စုံရင် ဗြာဟ္မဏလို့ ပညတ်နိုင်ပါတယ်"

"ဟုတ်ပြီး ပုဏ္ဏားကြီး။ အဲဒီကျန်တဲ့ သုံးပါးထဲက တစ်ပါးနုတ်ပြီး၊ ကျန်နှစ်ပါးနဲ့ ဗြာဟ္မဏလို့ ပညတ်နိုင်သေးလား"

သည်အမေးကို ချက်ခြင်းဖြေဖို့ တုံ့ဆိုင်းသွားတယ်။ ရဟန်းကြီး ဂေါတမရဲ့ အမေးကို ကျွန်ုပ်လွယ်လင့်တကူ ဖြေနိုင်လိမ့်မယ်လို့ တွက်ထားပေမယ့် တကယ်အရေးကျတော့ မလွယ်မှန်းသိရတယ်။ တစ်ရစ်တစ်ရစ် တိုးပတ်လာတဲ့ကြိုးကို ဖြေနိုင်ဖို့ဆိုတာ အမှန်တော့ ခက်ခဲပါတယ်။ ဒါပေမယ့် ကျွန်ုပ်အပြန်ပြန်အလှန်လှန် စဉ်းစားပြီး ဖြေလိုက်ပါတယ်။

"အရှင်ဂေါတမ။ မိဘမျိုးရိုးကိုပယ်ပြီး ကျန်နှစ်မျိုးနဲ့ ဗြာဟ္မဏလို့ ပညတ်နိုင်ပါတယ်"

ကျွန်ုပ်စကားဆုံးသည်နှင့် နောက်ကဝန်းရံနေတဲ့ ပုဏ္ဏားတွေက ပွက်ပွက်ညံသွားပါတယ်။

"အရှင်သောဏဒဏ္ဍ၊ ဒီစကားမဆိုပါနှင့်။ မျိုးရိုးနွယ်စဉ်ကို ပစ်ပယ်ရင် ဗြာဟ္မဏဆိုတာ အဓိပ္ပာယ် ဘယ်ရှိတော့မလဲ"

ကျွန်ုပ်ရဲ့ ညာလက်ရုံးဥတ္တိယက ဒေါသတကြီးထကန့်ကွက်တယ်။

"ဟုတ်တယ်…အရှင်ဟာ ကိုယ့်အဆင်းကိုလည်း ပယ်တယ်။ ဝေဒကျွမ်းတတ်မှုကိုလည်း ပယ်တယ်။ ဒါကို မပြောလိုပေမယ့် မျိုးနွယ်ဇာတ်ကို ပယ်တာတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး"

ဗြာဟ္မဏဟူသော အစွဲပြင်းထန်သည့် ပုဏ္ဏားတစ်ယောက်က အကြောက်အကန်ဆိုပြန်တယ်။

"အို ပုဏ္ဏားတို့…သင်တို့က သောဏဒဏ္ဍထက် အကြားအမြင်များတယ်။ စကားအရာ လိမ္မာတယ်။ ယှဉ်ပြိုင် ပြောနိုင်တယ်ဆိုရင် အဲဒီပုဏ္ဏားထွက်ပြီး ငါ့စကားဖြေပါ"

ရဟန်းဂေါတမ မိန့်ကြားတာကို ကြားလိုက်ရတော့ ကျွန်ုပ်ပျာပျာသလဲ တောင်းပန်ရတယ်။ တကယ်တော့ ကျွန်ုပ်တပည့်တွေဟာ ရဟန်းဂေါတမကို စကားအရာမှာ ဘယ်မှာယှဉ်နိုင်မလဲ။ ကျွန်ုပ်သည်ပင် အကျဉ်းအကျပ်ထဲရောက် အောင် ဆွဲသွင်းနိုင်စွမ်းတဲ့ ရဟန်းကြီးကို တုလို့ မရနိုင်ပါဘူး။ ဒါကြောင့် ကိုယ့်လူတွေကိုသာ မာန်လိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဒီမယ် အချင်းတို့၊ သင်တို့က ငါနားမလည်လို့ ဒီစကားပြောတယ်ထင်လေသလား…ငါ့စကားဟာ ဗြာဟ္မဏတွေရဲ့ သိက္ခာကို ထိန်းလိုက်တာပါ။ ဒီမယ် သင်တို့အားလုံးတစ်ခုတွေးကြည့်ကြပါ။ ဟောဒီငါ့ဘေးမှာထိုင်နေတဲ့ အင်္ဂက ကျွန်ုပ်တူကို ကြည့်။ အင်္ဂကဟာ ရုပ်အဆင်းရှိ တယ်။ ဝေဒကျမ်းလည်းတတ်တယ်။ စင်ကြယ်တဲ့ဇာတ်လည်းရှိတယ်။ ဒီအင်္ဂါရှိတာနဲ့ဗြာဟ္မဏလို့ပညတ်မလား။ ဒါတွေဟာ အဓိကကျလား…။ အင်္ဂကဟာ သူ့အသက်သတ်မယ်။ သူ့ဥစ္စာခိုးမယ်၊ သူ့သားမယားပြစ်မှားမယ်။ သေရည်သေရက် သောက်မယ်။ မုသားစကားဆိုမယ်။ ရန့်ရင်းတဲ့စကားဆိုမယ်။ အကျိုးမရှိတဲ့စကားဆိုမယ်။ အဲဒီဒုစရိုက်မှုတွေ လုပ်ရင်သူဟာ စင်ကြယ်တဲ့ မိဘမျိုးရိုးကိုထိန်းရာ ရောက်မလား…။ အင်္ဂကြောင့် မိဘမျိုးရိုးယုတ်ညံ့မသွားဘူးလား…"

ကျွန်ုပ်စကားကြားလိုက်ရတဲ့ ပုဏ္ဏားတွေဟာ ပါးပြင်းထောင်နေတဲ့မြွေဟောက် အလမ္ပာယ်ဆရာရဲ့ ပုလွေသံ ကြားရသည့်နှယ်ငြိမ်ကျသွားတယ်။ ကျွန်ုပ်နှိုင်းနှိုင်းချင့်ချင့် ဆင်ခြင်စကားဆိုမှန်း နားလည်သွားကြတယ်။ ဒုစရိုက် ကျူးလွန်သူဟာ မျိုးနွယ်ဂုဏ်ကို မထိန်းနိုင်ဘူးဆိုတာ သဘောပေါက်သွားကြပါတယ်။

"မှန်ပါအရှင်ဂေါတမ။ မြင့်မြတ်တဲ့ သီလအကျင့်နှင့် ထက်မြက်တဲ့ဉာဏ်ရှိရင် ဗြာဟ္မဏလို့ပညတ်နိုင်ပါတယ်"

"ကောင်းပြီးသောဏဒဏ္ဍ။ ဒီနှစ်ပါးကတစ်ပါးကို ပယ်ရင်ဗြာဟ္မဏလို့ ပညတ်နိုင်သေလား"

"အိုအရှင်…ဒီနှစ်ပါးက တစ်ပါးပယ်လို့တော့ မဖြစ်ပါဘူး။ တစ်ပါးတည်းနဲ့ဗြာဟ္မဏလို့ မဆိုနိုင်ပါဘူး။ သီလနဲ့ပညာကို ဆေးကြောရတယ်။ ပညာနဲ့သီလကို ဆေးကြောရတယ်။ သီလရှိသူဟာ ပညာရှိတယ်။ ပညာရှိသူဟာ သီလရှိတယ်။ လက်တစ်ဖက်နဲ့ တစ်ဖက်ကိုဆေးရသလို သီလနဲ့ ပညာဟာ အပြန်အလှန်ဆေးရတာမို့တစ်ပါးတည်း ရှိလို့မရဘူး။"

"မှန်ပေတယ် သောဏဒဏ္ဍ။ ဒီအင်္ဂါနှစ်ပါးရှိမှ ဗြာဟ္မဏလို့မှတ်၊ ဒီတော့ သီလဆိုတာ ဘယ်ဟာလဲ၊ ပညာက ဘာလဲ။"

ဒီအမေးကို ကျွန်ုပ်မဖြေနိုင်ပါ။ မှန်ရာဝန်ခံရလျှင် သီလအကြောင်း ကျွန်ုပ်မသိပါ။ ခုချိန်မှတော့ မသိတာကို မသိကြောင်းဝန်ခံရမှာ ကျွန်ုပ် မရှက်တော့။ ဝန်မလေးတော့။ သိက္ခာကျမည်ဟု မတွေးတော့။

"မှန်ပါဘုရား။ ဒီအဆင့်ထိမသိသေးပါ။ သိနိုင်အောင် ဆုံးမတော်မူပါ"

ကျွန်ုပ်ဟာဘုရားရှင်ရဲ့ အမေးကိုဖြေရင်းဖြေရင်း ဗြာဟ္မဏတို့ဆုပ်ကိုင် ထားတဲ့ မျိုးနွယ်ဇာတ်ရဲ့အားနည်းချက်ကို ပို၍ပို၍ သိလာပါသည်။

ဗြာဟ္မဏဟာ အမျိုးလေးပါးမှာ အမြတ်ဆုံး၊ ဝေဒကျမ်းကျွမ်းကျင်သူ၊ ယဇ်ပူဇော်မှုကို ဦးဆောင်နိုင်သူဟူသော သာမညကိစ္စကို အလေးထား နေကြတယ်။ သီလအကျင့်မြတ်ရှိဖို့နဲ့ ထက်မြက်တဲ့ ဉာဏ်ရှိဖို့အရေး မထားကြဘူး ဒီအရေးမထားတဲ့ ပညတ်ချက်က အဓိကကျနေမှန်း ရဟန်းကြီးဂေါတမနှင့် တွေ့မှသိရတယ်။ ဒါကြောင့် ကိုယ့်ရဲ့ အားနည်းချက်ကို ခပ်မြန်မြန်ပဲ ဝန်ခံလိုက်တော့တယ်။

"အို…ဗြာဟ္မဏအပေါင်းတို့။"

ဘုရားရှင်ရဲ့ကြည်လင်ပြတ်သားတဲ့ အသံကြားလိုက်လို့ ကျွန်ုပ်နှင့် ဗြာဟ္မဏအားလုံး ဘုရားရှင်ဆီအာရုံရောက် သွားတယ်။

"ပူဇော်အထူးခံယူတော်မူထိုက်တဲ့ မြတ်စွာဘုရားဟာ ဒီလောကမှာ ပွင့်တော်မူပြီ ပုဏ္ဏားတို့။ ထိုဘုရားရှင်ဟာအစ အလယ်အဆုံးသုံးပါးသော ကောင်းခြင်းဂုဏ်နဲ့ ပြည့်တဲ့ တရားကိုဟောတယ်။ စင်ကြယ်တဲ့တရားကိုပြတယ်။ အချင်းပုဏ္ဏား တို့…ဘုရားရှင်ရဲ့ တရားကိုနာရတဲ့ သူတွေဟာ လူ့ဘောင်ကိုခွာပြီး ရဟန်းအဖြစ်ခံယူကြတယ်၊ ပါတိမောက္ခ သံဝရ သီလကို စောင့်ထိန်းတယ်။ စင်ကြယ်သော အသက်မွေးမှု ပြုကြတယ်။ စက္ခုအစရှိသော ဣန္ဒြေကိုစောင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ဟာ ရဟန်းတို့ကျင့်ဆောင်တဲ့ သီလသုံးမျိုးကို အသေးစိတ် ဆက်ဟောပါတယ်။ မိုးသီးမိုးပေါက်ကျသည့် နှယ် အဆက်မပြတ် ဟောလေတဲ့ တရားကိုကျွန်ုပ်အာရုံပြုနေပါတယ်။

ကျွန်ုပ်တို့အမြတ်တနိုးထားသင်ယူတဲ့ ဝေဒကျမ်းအတတ်ဟာ ရဟန်းတို့ရှောင်ကြဉ်မှန်းသိလိုက်ပါတယ်။ အင်္ဂကျမ်း၊ နိမိတ်ကျမ်း၊ ဥပါသကျမ်း၊ အိမ်ကျမ်းစတဲ့ ဒီပညာရပ်တွေဟာ မဂ်ဖိုလ်ခရီးနဲ့ ဖီလာတဲ့အတွက် ရှောင်သင့်သော အသက်မွေးမှုလို့ ဘုရားရှင်က ဟောတာ၊ ပြတ်ပြတ်ထင်ထင်နာလိုက်ရတယ်။

ကျွန်ုပ်တို့ ဗြာဟ္မဏတွေ အလေးဂရုပြုတဲ့ လောကီပညာရပ်များကို ဘုရားရှင်ကရှောင်ကြဉ်စောင့်ထိန်းဖို့ သီလလို့ ပညတ်တယ်။ ရုတ်တရက်လက်ခံနိုင်ဖွယ်မရှိပေမယ့် ကျွန်ုပ်ရဲ့အသိဉာဏ်က ဘုရားရှင်ကို ဆန့်ကျင်နိုင်စွမ်းမရှိတာ အမှန်ပါ။

"အိုသောဏဒဏ္ဍနဲ့ ဗြာဟ္မဏအပေါင်းတို့။ ဒီလိုသီလအကျင့်ရှိတဲ့ ရဟန်းဟာ ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်ပြီး ကမ္မဋ္ဌာန်းကို ရှေးရှုထိုင်တယ်။ ရဟန်းဟာ အဘိဇ္ဈာ ဗျာပါဒ၊ ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ ကင်းသောစိတ်ရှိလို့ ပထမဈာန်ကို ဖြစ်စေတယ်။ တစ်ဖန်ဝိတက်ဝိစာရကို ပယ်ခွာပြီး ဒုတိယဈာန်နှင့် နေပြန်တယ်။ တစ်ဖန်နှစ်သက်မှုနဲ့ ပီတိကိုခွာပြီး၊ တတိယဈာန်နှင့် နေပြန်တယ်။ သည်နောက် ချမ်းသာဆင်းရဲကို ပယ်ခွာပြီး စတုတ္ထဈာန်နှင့် ယှဉ်တဲ့စိတ်ဖြင့် နေပေတယ်။"

ဘုရားရှင်က ကျွန်ုပ်တို့ အပမ်းတကြီးကြိုးစားနေတဲ့ ဈာန်လမ်းကို လမ်းပြသွားလို့ လွန်စွာကျေနပ်သွားတယ်။ မှန်တာဝန်ခံရရင် ဒီတရားတွေကို ကျွန်ုပ်ကဃနဏာမသိခဲ့တာ အမှန်ပဲ။ ဂိုဏ်းဆရာကြီးလို့ ပညတ်ခံရပေမယ့် အမှန်လမ်းကို လုံးဝမသိခဲ့ဘူး။ ဘုရားရှင်ဟောတဲ့ တရားကို စိတ်ဝင်တစားနားထောင်မိတယ်။ ထောင်နေရင်း အမှောင်လမ်းမှာ စမ်းတဝါးဝါးလျှောက်နေတဲ့ ကျွန်ုပ်ဟာ အလင်းတန်းကို မြင်ရလို့ အားတက်သလို ခံစားဝမ်းမြောက်နေမိတယ်။

"ပုဏ္ဏားကြီးသောဏဒဏ္ဍ။ စိတ်ဓာတ်သန့်စင်တဲ့ ထို ရဟန်းဟာ ဝိပဿနာဉာဏ်အမြင်အလို့ငှာ စိတ်ကိုညွှတ်ခြင်းဟာ ပညာပေပဲ"

"အို…ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တနဲ့ ပြည့်စုံသောမြတ်ဘုရား။ တပည့်တော် သောဏဒဏ္ဍ ပြတ်ပြတ်ထင်ထင် သိမြင်ခဲ့ပါပြီ။ တပည့်တော်ဟာ ဒီနေ့ကစပြီး ဗြာဟ္မဏတို့ရဲ့ ဆရာဆိုတဲ့ အနှစ်သာရမရှိတဲ့ ပညတ်ကို ဖယ်ပစ်လိုက်ပါပြီ အို…အမှန်လမ်းပြမြတ်ဗုဒ္ဓ၊ ကျွန်ုပ်အရာရာကို နားလည်သွားပါပြီ။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါတော့မယ် သရဏဂုံတည်သူဟူ၍ မှတ်ပါလော့…"

"သာဓု…သာဓု…သာဓု"။

ဘုရားရှင်ရဲ့ သာဓုအနုမောဒနာအဆုံးတွင် ကျွန်ုပ်သောဏဒဏ္ဍဟာ ထိခြင်းငါးပါးနှင့်အညီ ရှိခိုးဦးတင်လိုက်ပါတယ်။ ကျွန်ုပ်ခေါင်း ပြန်ထောင်လိုက်ချိန်တွင် ဝမ်းသားအားရချီးကျူးသံနဲ့အတူ ပြုံးနေတဲ့ စမ္ပာမြို့သားတွေရဲ့ မျက်နှာများကို တွေ့လိုက်ရပါတော့တယ်။

ကျမ်းကိုး။ ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အရှင်မင်းကြီး၊
ကျွန်တော်မျိုး ပစ်တင်လိုက်တဲ့မြားဟာ
သရက်ခိုင်ရဲ့ အညှာကို ထက်ဝက် ခွဲပြီးအပေါ်တက်သွားပါလိမ့်မယ်။
အဲဒီမြားပြန်သက်လို့ရှိရင်
မူလမြားချက်အတိုင်း တစ်ဆံချည် မတိမ်းဘဲ ဖောက်ထွက်ပြီးသရက်ခိုင်ကို
ယူလာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# နေက္ခမ္မပါရမီ

နေက္ခမ္မဟူသည် လွတ်မြောက်ခြင်းဟုအဓိပ္ပာယ်ရသည်။ ထွက်မြောက်ခြင်းအဓိပ္ပာယ်လည်းဆောင်သည်။

ထွက်မြောက်ခြင်းဆိုရာ၌ သံသရာမှ ထွက်မြောက်ခြင်း၊ ကာမမှထွက်မြောက်ခြင်းဟူ၍ ရှိသည်။ သံသရာမှ ထွက်မြောက်ခြင်းသည် အကျိုးဖြစ်၏။ ကာမမှထွက်မြောက်ခြင်းမှာ အကြောင်းဖြစ်သည်။ ကာမမှထွက်မြောက် အောင်ဖြည့်ကျင့်နိုင်မှသာ သံသရာမှထွက်မြောက်မည် ဖြစ်သည်။

မြတ်ဘုရားဖြည့်ကျင့်သည့် ပါရမီ (၁၀)ပါးတွင် ဒါန၊ သီလ စသော ပါရမီတို့သည် သီးခြားဖြစ်သော ပရမတ္ထတရား ကိုယ်ကို ရကောင်းသကဲ့သို့ နေက္ခမ္မမှာမူ သီးခြားပရမတ္ထတရား ကိုယ်ကို မရကောင်းပေ။ သို့ဖြစ်ရာ ကာမနှစ်မျိုးမှ လည်းကောင်း၊ ဘဝသုံးမျိုးမှ လည်းကောင်း ထွက်မြောက်ခြင်းထက် အစွမ်းအားဖြင့်ဖြစ်သော ကုသိုလ်စိတ်၊ စေတသိက်တရားအစုကိုပင် နေက္ခမ္မဟုခေါ်သည်။

ကာမနှစ်ပါးဆိုရာတွင် ဝတ္ထုကာမနှင့် ကိလေသာကာမတို့ ဖြစ်သည်။ နှစ်သက်သောအာရုံကို လိုချင်တပ်မက် တတ်သောကြောင့် လောဘကိလေသာကို ကိလေသာကာမဟုခေါ်သည်။ အလိုရှိအပ်သောအရာ အစုစုကို ဝတ္ထုကာမဟု ခေါ်သည်။ နေက္ခမ္မပါရမီသည် ထိုကာမနှစ်မျိုးမှ ထွက်မြောက်ခြင်းကို ဆိုလိုပေသည်။

ဤနေရာတွင် ဆရာဦးရွှေအောင် (ဝဋ္ဋသကာသိရောမဏိ မဟာဝိဇ္ဇာ-သက္ကတ)၏ ဖွင့်ဆိုချက်ကို ဖော်ပြလိုပါသည်။

"လူမှန်သမျှ အလုပ်ကိုတစ်ခုမဟုတ် တစ်ခုကို လုပ်နေကြရ၏။ ထိုသို့လုပ်ရာ၌ ရည်ရွယ်ချက်ရှိ၏။ ထိုရည်ရွယ် ချက်ကိုလိုက်၍ ပါရမီသဘောနှင့် ပါရမီမဟုတ်သော သဘောသည်ကွဲပြားသွားသည်။ ငါ့အတွက်သက်သက် ဟု ရည်ရွယ်လျှင် ပါရမီမဟုတ်တော့။ လောကအတွက်၊ သူတစ်ပါးအတွက်ဟူ၍ဆိုသည်နှင့် တစ်ပြိုင်နက် မိမိအတွက် တပ်မက်ခြင်း၊ လောဘကို အလိုလိုပယ်စွန့်ပြီးသားဖြစ်၏။ ယင်းကိုပင် နေက္ခမ္မပါရမီဟု ဆိုရာ၏။ နေက္ခမ္မပါရမီ သဘောဝင်လာလျှင် သာယာဖွယ်ဟူသမျှ ဥန္နိုင်၏။ ရဲရင့်လာ၏။

ဆရာဦးရွှေအောင်၏အဆိုအရ သာယာတပ်မက်မှုဟူသမျှ စွန့်လွှတ်ရာတွင် ကိလေသာကာမမှ လွတ်မြောက်အောင် ဦးစွာ နှလုံးသွင်း၏။

အဒ္ဒသံ ကာမ တေမူလံ၊
သင်္ကပ္ပါ ကာမ ဇာယသိ။
န တံ သင်္ကပ္ပယိဿာမိ၊
ဧဝံ ကာမ န ဟောဟိသိ။

www.burmeseclassic.com


ဟယ်…ကိလေသာကာမ၊ သင်၏အမြစ်အရင်းကို ငါမြင်ပြီ။ နှစ်သက်ဖွယ်အာရုံတို့ကို နှစ်သက်ဖွယ်အနေဖြင့် ကြံစည်စိတ်ကူးခြင်း=ကာမဝိတက်ဟူသော အကြောင်းကြောင့်သင်ကားဖြစ်ရ၏။ ထို အာရုံကို နှစ်သက်ဖွယ်အနေဖြင့် ငါမကြံတော့အံ့။ ဟယ်…ကိလေသာ ကာမ…ဤသို့ငါမကြံစည်ခဲ့လျှင် သင်ဖြစ်တော့မည်မဟုတ်။

(မဟာနိဒ္ဒေသပါဠိတော်)

ဤတွင် ဝိတက်ဟူသော အကြောင်းကြောင့် ကိလေသာကာမဖြစ်ရကြောင်း ပေါ်လွင်သည်။ ဝိတက်တွင် (၁)မိစ္ဆာဝိတက်သုံးပါး (၂) သမ္မာဝိတက်သုံးပါးရှိသည်။ မိစ္ဆာဝိတက် သုံးပါးကား…

(၁) ကာမဝိတက်၊ ဝတ္ထုကာမကို တွယ်တာဖွယ်အနေဖြင့် ကြံစည်စိတ်ကူးခြင်း။

(၂) ဗျာပါဒဝိတက်၊ သူတစ်ပါးကို နှိပ်စက်သတ်ဖြတ်ရန် စိတ်ကူးခြင်း။

(၃) ဝိဟိံသာဝိတက်၊ သူတစ်ပါးကို ညှင်းဆဲရန် ကြံစည် စိတ်ကူးခြင်း ဖြစ်သည်။

သမ္မာဝိတက် သုံးပါးကား…

(၁) နေက္ခမ္မဝိတက်၊ ဝတ္ထုကာမတို့မှထွက်မြောက်ရန် ကြံစည်စိတ်ကူးခြင်း။

(၂) အဗျာပါဒဝိတက်၊ မေတ္တာတရားနှင့် ယှဉ်သော ကြံစည် စိတ်ကူးခြင်း။

(၃) အဝိဟိံသာဝိတက်၊ ကရုဏာဖြင့်ယှဉ်သော စိတ်ကူးခြင်းတို့ဖြစ်သည်။

ကိလေသကာမ၏အကြောင်းရင်းကို ရှာဖွေသော် မိစ္ဆာဝိတက် သုံးပါး အပါအဝင်ဖြစ်သော ကာမဝိတက်ကို တွေ့ရသည်။ ကာမဝိတက်ကိုတိုး၍သာဖြစ်ပွားသဖြင့် ထိုကိလေသာကာမမှ မထွက်နိုင်ပေ။ ကာမဝိတက်ကို မကြံစည်မှသာ ကိလေသာကာမ မဖြစ်သဖြင့် ထိုကိလေသာကာမမှ ထွက်မြောက်နိုင်သည်။

ကိလေသာကာမမှ ထွက်မြောက်အောင် နှလုံးသွင်းရာ၏။ ကာမမှ ထွက်မြောက်အောင် အားထုတ်လျှင် ဘဝမှလွတ်မြောက်ခြင်း အကျိုး ရသကဲ့သို့ ကိလေသာမှ ထွက်မြောက်အောင် ဘဝမှထွက်မြောက်ခြင်း အကျိုးရသကဲ့သို့ ကိလေသာကာမမှ ထွက်မြောက်အောင် လုံ့လကြိုး ကုတ် နှလုံးသွင်းဆင်ခြင်အားထုတ်လျှင် ဝတ္ထုကာမမှ ထွက်မြောက်ခြင်း အကျိုးရနိုင်ပေသည်။

ဆရာဦးရွှေအောင်အဆိုအရ တပ်မက်ခြင်းလောဘကိုပယ်သတ်ရန် မိမိအတွက်ပယ်စွန့်၍ လူအများအတွက် ရည်ရွယ်ဖို့လိုသည်။ သို့ဖြစ်ရာ ကိလေသာကာမမှ ထွက်မြောက်အောင်ဦးစွာ နှလုံးသွင်းရမည်။

ကိလေသာကာမနယ်ပယ်မှ လွန်မြောက်အောင် တောထွက်ခြင်း=နေက္ခမ္မပါရမီဖြည့်ကျင့်ရာ၊ ရဟန်းဖြစ်ခြင်းသည် အရင်းခံဖြစ်သည်။ တောထွက်ပြီဆိုကတည်းက ရသေ့၊ ရဟန်းပြုလျက် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်တွင် ကျင့်ကြံအားထုတ်တော့မည်ဖြစ်ရာ ဝတ္ထုကာမကိုစွန့်လွှတ်ကြသည်။ ထို့နောက်ရသေ့၊ ရဟန်းပြုသည်။ သပိတ်၊ သင်္ကန်း၊ ပရိက္ခရာဆောင်ယူသည်မှအပ အခြားမဆောင်တော့ပေ။

တောထွက်သည်ဆိုရာ၌ ဟိမဝန္တာကဲ့သို့တောကြီးမြိုင်ကြီးခိုမှီးသည်လည်းရှိသည်။ အချို့ကမူ မိမိတို့ပိုင်ဆိုင်သည့် ဥယျာဉ်တော်၌ တောထွက်ကာ ဈာန်အဘိညာဉ်တရားအားထုတ်သည်။ မိမိပိုင်ပစ္စည်းအပေါ်အာလယပြတ်လျက် တောရပ်ဝင်လျက် နေက္ခမ္မပါရမီ ထမြောက် အောင်မြင်ပေသည်။

တောထွက်ကြရာတွင် အချို့က လူပျိုလူလွတ်ဘဝဖြင့် တောထွက်သည်။ အချို့ကမူ အိမ်ထောင်ကျပြီး အရွယ်ကျမှ တောထွက်သည်။ လူပျိုလူလွတ်များမှာ အိမ်ထောင်မကျသဖြင့် ဝတ္ထုကာမ၏နှောင်ဖွဲ့မှု မရှိသေးလှပေ။ အိမ်ရာတည်ထောင်ပြီးမှ သားမယားနှင့် ဝတ္ထုကာမကို ဖြတ်တောက်စွန့်ခွာရသည်မှာ ခက်ခဲလှသည်။ ဤသို့ဖြည့်ကျင့်ရသည်ကို ပရမတ္ထနေက္ခမ္မပါရမီဟုခေါ်သည်။ ရွှေနန်းစည်းစိမ်၊ ဝတ္ထုကာမ၊ ဇနီးမယား၊ မိဘများကိုစွန့်လျက် အတင်းအကြပ်ရန်းထွက်ရသော သဘောရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


**တောဦနေရခြင်း ၅ မျိုး**

တောဦ နေခြင်းသည်-

၁။ တစ်စုံတစ်ရာအကြောင်းအကျိုးမသိဘဲ ဉာဏ်နုံ့နေး မိုက်မဲသောကြောင့် တောဦနေခြင်း။

၂။ ငါတောဦသွားနေလျှင် တောနေပုဂ္ဂိုလ်ဟူ၍ များစွာလှူဒါန်းကြလိမ့်မည်ဟု ယုတ်မာသော အလိုဆိုးရှိ၍ တောဦနေခြင်း။

၃။ စိတ်ရူးသွပ်သောကြောင့် တောဦနေခြင်း။

၄။ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော အရာဖြစ်သည်ဟူ၍ တောဦနေခြင်း။

၅။ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်းအစရှိသည့် တရားကောင်းတို့ကို အမှီပြု၍တောဦနေခြင်း။

ဤသို့နေခြင်း ငါးမျိုးတွင် နောက်ဆုံးနှစ်ပါးကိုသာ တောထွက် ခြင်းမှာ ချီးမွမ်းအပ်သည်ဟု မှတ်ယူပေသည်။

**တောထွက်ခြင်း ၂ မျိုး**

တောထွက်ခြင်းနှစ်မျိုးသည်ကား လူပျိုတောထွက်ခြင်းနှင့် လူအို တောထွက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။

အိမ်ရာမထောင်ရသေးသော လူပျိုသည် ဝတ္ထုကာမကိုသာ နှောင်ဖွဲ့မှုမှဖြတ်တောက်ရသည်။ ဝတ္ထုကာမရှိစေကာမူ ထိုဝတ္ထုကာမတို့က အတင်းအကျပ်ဖွဲ့နှောင်ထားသည်ဟု မဆိုသာ။ အိမ်ရာထူထောင်မှုရှိသည်။ ထို့ကြောင့် လူအိုတို့ တောထွက်ခြင်းမှ ပို၍ခက်ခဲသောသဘောရှိသည်။ သို့သော် တေမိမင်းသားမှာမူ မိဘများက ထီးနန်းစံစေလိုသည်။ မင်းသားက မစံလိုသဖြင့် ဆွံ့အယောင်ဆောင်ရသည်။ မ,အပဲ အယောင်ဆောင်ရသည်။ ခက်ခဲစွာ နှောင်ကြိုးဖြတ်ရပေသည်။ မြတ်သော တောထွက်မှုဟု ဆိုနိုင်ပေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# တွယ်တာကင်းပြတ်တောရပ်အဝင်

အစဉ်အလာအယူအဆအရ ကျွန်ုပ်တို့ဗြာဟ္မဏများသည် အသက်အပိုင်းအခြားအလိုက် ဘဝသုံးမျိုးခွဲခြားကာ ပြုကျင့်ရသည်။

ဗြဟ္မစာရီဟူသော မေထုန်မှုကို ရှောင်ကြဉ်ခြင်းအား ငယ်စဉ်မှ အသက်(၄၈)နှစ်ထိ ကျင့်သုံးရသည်။ ဤကာလတွင် မေထုန်မှုကို ရှောင်ကြဉ်ပြီး၊ ဝေဒကျမ်းကို သင်ယူသည်။ လေ့ကျက်သည်။ ဗေဒင်ကို သရဇ္ဈာယ်သည်။ သီလကိုစောင့်ထိန်းသည်။ ဝိဇ္ဇာနှင့် စရဏကို ပြင်းထန်စွာအားထုတ်သည့် ဗြဟ္မစာရီဘဝဖြစ်သည်။

ဗြဟ္မစရိယကျင့်ကြံပြီး အစဉ်အလာအရ အိမ်ထောင်ပြုရန် မင်း၊ သူဌေး၊ သူကြွယ်၊ ကုန်သည်တို့ထံချဉ်းကပ်လျက် သမီးတောင်းရသည်။ “ငါသည် လေးဆယ့်ရှစ်နှစ်တိုင် မြတ်သောအကျင့်ကျင့်ပြီးပြီ။ အရွယ်ရောက်သည့် သမီးပျိုရှိက ငါ့ကို လှူဒါန်းကြပါဟု ကညာဘိက္ခ ခေါ်သည့် အပျိုဆွမ်းခံရသည်။

အပျိုဆွမ်းခံသောအိမ်တွင် သမီးပျိုရှိက မိဘတို့သည် သမီးပျိုကို အဝတ်တန်ဆာဆင်လျက် အိမ်တံခါးဝတွင်ရပ်နေရသည်။ “အချင်းဗြဟ္မဏ၊ ဤသမီးပျိုကို သင့်ရဲ့မယားအဖြစ်လှူဒါန်းပါတယ်” ဟုပေးလှူသည်။ ရေစက်ချလှူဒါန်းသည်။ ဗြဟ္မဏသည် သမီးပျိုရသည့်အခါ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်၊ စိတ်တူကိုယ်မျှ ပေါင်းသင်းရသည်။ ဇနီးသည်ကို နှိပ်စက်ကလူမပြုရပေ။ သားသမီးမျိုးဆက် မပြတ်ရေးအတွက် ဦးတည်လျက် ပုဏ္ဏေးမထံချဉ်းကပ်ရသည်။ ကာမဂုဏ်ခံစားလို၍ ပဓာနမထားရ။ မိမိဇနီးသည် ဥတုလာပြီးစကာလတွင် ပေါင်းသင်းရသည်။ အခြားအချိန်တွင် မဆက်ဆံရ။ သားသမီးတစ်ယောက်စ၊ နှစ်ယောက်စရသည်အထိ အိမ်ထောင်ရှင်ဘဝဖြင့် နေရသည်။ ဤကာလကို ဂဟဋ္ဌဘဝဟုခေါ်သည်။

သားသမီးရသော် တောထွက်၍ ရသေ့ဝတ်ရသည်။ ရသေ့ ယောကျ်ားနှင့် ရသေ့မဖြစ်သူ အတူနေထိုင်လေ့ရှိသည်။

ရသေ့သည် လေးမြားအတတ်၊ ဆေးဝါးအတတ်၊ နက္ခတ်အတတ်၊ တူရိယာဂီတအတတ်လိုက်စား၍ တပည့်များကို သင်ကြားပို့ချသည်။ ရသေ့သည် မီးကိုလုပ်ကျွေးခြင်း၊ ယဇ်ပူဇော်ခြင်းတို့ ပြုလုပ်သည်။ ထို့ပြင် သမာဓိဘာဝနာ လုပ်ငန်းဖြစ်သော ဈာန်လမ်းကိုကျင့်သည်။ ဤသည်မှာ ဗြဟ္မဏတစ်ယောက်၏ အစဉ်အလာကျင့်စဉ်ဖြစ်သည်။

ဘုရားလောင်းပုဏ္ဏားသည် အစဉ်အလာကျင့်စဉ်ဖြစ်သော ဗြဟ္မဏတို့၏ မြင့်မြတ်သောအကျင့်ကို ငယ်စဉ်ကပင် လေ့လာသည်။ မြတ်သော အကျင့်ကိုကျင့်ခဲ့သည်။ အရွယ်ရောက်သော် ဗာရာဏသီမင်းကို ခွင့်ပန်လျက် ရသေ့ရဟန်းပြုကာ တောထွက်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟော...''

ရသေ့သည် မြို့မှထွက်တောလမ်းခရီးသို့အလာတွင် စွန်ရဲ တစ်ယောက်ကို အမှတ်မဲ့မြင်လိုက်သည်။ ဈေးမှသား တစ်တစ်ခုကို အလစ်ယူလျက် ပျံလာခြင်းဖြစ်သည်။ ထိုသားတစ်ချီလာသော စွန်ရဲကို အခြားသော စွန်များက ဝိုင်းအုံလိုက်သည်။ ဝိုင်းအုံ ထိုးဆိတ်ကြသည်။ အချို့က သားတစ်ကိုဝင်လုသည်။ အပျားနှင့် တစ်ကောင်ဖြစ်၍ သားတစ်ချီလာသော စွန်ရဲမခံသာ။ နှုတ်ကချီလာသော သားတစ်ကိုလွှတ်ချလိုက်ရသည်။ ထိုအခါ ကျသွားသော သားတစ်ကို ဝိုင်းအုံလိုက်ကြသည်။ ဘေးရန်မှ လွတ်သော စွန်ရဲသည် ဝေးရာသို့ ပျံ့သွားသည်။ ပထမစွန်ရဲသည် ဘေးကင်းလွတ်သွားသော်လည်း သားတစ်ရသွားသော ဒုတိယစွန်ရဲကို အခြားစွန်ရဲများက ဝိုင်းအုံထိုးဆိတ်ကြသည်။

သားတစ်ချီပြေးတိုင်းချီပြေးတိုင်း အခြားစွန်များ၏ရန်မူမှု ခံရသည်။ ဆင်းရဲဒုက္ခကြုံရသည်။ သားတစ်လွှတ်ချလိုက်သည်နှင့် ချမ်းသာမှု ရသည့်အဖြစ်ကို ဘုရားလောင်းပြဟ္မဏာလုလင်မြင်ရသည်။

''အင်း၊ ကိလေသကာမသည် သားတစ်နှင့်တူလေစွ။ သားတစ်ကို ခံမင်စွဲလမ်းနေသမျှ ဆင်းရဲရမှာပါတကား''

ဘုရားလောင်းသည် တဒင်္ဂမြင်ရသည့် မြင်ကွင်းကိုဆင်ခြင်လျက် ရင်ထဲမှ တီးတိုးရေရွတ်လိုက်မိလေတော့သည်။

ကိလေသာကာမ၏ ဘေးဆိုးကိုဆင်ခြင်လာသော ဘုရားလောင်းသည် ရွာတစ်ရွာသို့ရောက်သည်။ အချိန်လင့်ပြီဖြစ်သဖြင့် အိမ်ရှင်ထံခွင့်တောင်းပြီး တစ်ညတာတည်းခိုသည်။

ထိုအိမ်တွင် ပိင်္ဂလာမည်သော ကျွန်မရှိသည်။ သူသည် ဘဝလက်တွဲဖော်အဖြစ်ရည်မှန်းထားသော ယောက်ျားရှိသည်။ ထိုသူနှင့် ချိန်းဆိုထားသောကြောင့် အိမ်ရှင်တို့အိပ်ချိန်ကို ဂဏှာမငြိမ်စွာ စောင့်စားနေသည်။ အိမ်ရှင်တို့ကလည်း ဘုရားလောင်းနှင့် အာလာပသလ္လာပ စကားပြောနေသဖြင့် တော်တော်နှင့်မအိမ်စက်။ အိမ်ရှင်လင်မယား မအိပ်လေလေ ပိင်္ဂလာသည် စိတ်လှုပ်ရှားနေမှန်းမြင်ရသည်။ သန်းခေါင်ကျော်တွင် အိမ်ရှင်လင်မယားအိပ်စက်သွားသော် ပိင်္ဂလာသည် သက်ပြင်းဖွဖွချလျက် ချစ်သူအလာကို မျှော်နေသည်။

သူ၏ချစ်သူလာလျှင် အသင့်နိုးနေအောင် တံခါးခုံတွင် အိပ်စက်သည်။ အိပ်စက်သည်ဆိုငြားလည်း လုံးလုံးလျားလျား ပျော်ဟန်မတူ။ တချောက်ချက်ချက်နှင့် လှုပ်ရှားနေသည်။ မိုးသောက်ယံရောက်မှပင် သူ့ချစ်သူအမျိုးသား မလာတော့ကြောင်း ဆုံးဖြတ်လျက် အိပ်စက်သည်။ မျှော်လင့်ချက်မထားဘဲ အာသာပြတ်သွားတော့မှပင် တံခါးခုံတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်သွားတော့သည်။

ထိုမြင်ကွင်းကို မြင်တွေ့ရသော ဘုရားလောင်းသည် ကိလေသာ၏ တောင့်တခြင်းအာသာသည် ဆင်းရဲ၏။ အာသာပြတ်ခြင်းသည်သာ ချမ်းသာ၏ဟု ဆင်ခြင်မိသည်။

နဂိုကပင် ကိလေသာအာရုံကာမဂုဏ်တို့ကို စွန့်ပယ်လျက် တရားကျင့်ရန် တောထွက်ခဲ့သော ဘုရားလောင်းသည် ခုတော့ စိတ်နှလုံး ဒုန်းဒုန်းချနိုင်သည်။ ကိလေသာ၏ ပူပန်ခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ ဒုက္ခရောက်စေတတ်သည့်သဘောကို သိမြင်သဖြင့် သူ့ခရီးလမ်းကို တွန့်ဆိုင်းခြင်းမရှိဘဲ တောသို့လှမ်းဝင်သွားလေတော့သည်။

ကျမ်းကိုး။ ။ ငါးရာငါးဆယ်ဇာတ်တော်၊ စတုက္ကနိပါတ်၊ သီလဝိမံသဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ကာမဂုဏ်တောမှရုန်းထွက်သူ

''နောင်တော်ကြီးကတော့ အလှူရေစက် လက်နဲ့မကွာပဲ ဟော့''

''ဟုတ်ပ၊ တို့နောင်တော်ကြီးက နေကွမ္ဘမ္မမိုးဖို့ အားယူနေတာ ထင်ပ''

ယုဓဋ္ဌယသည် ညီငယ်နှစ်ဦး၏ပြောစကားကို နားထောင်ရင်း မပွင့်တပွင့်ပြုံးလိုက်သည်။ သူတို့ ဘာကို ရည်ရွယ်ပြောမှန်း ယုဓဋ္ဌယသိသည်။

ရမ္မပြည့်အရှင် ခမည်းတော်သဗ္ဗဒတ္တမင်းတွင် သားတော်တစ်ထောင်ရှိသည်။ ယုဓဋ္ဌယက အကြီးဆုံး။ ရှေးထုံးအစဉ်အလာအရ ရမ္မပြည် ထီးနန်းဆက်ခံခွင့်က ယုဓဋ္ဌယ လက်ထဲတွင်ရှိသည်။ ခမည်းတော်မင်းကြီး ကလည်း ယုဓဋ္ဌယကို အိမ်ရှေ့စံအရာ ချီးမြှင့်ထား၍ ခရီးလမ်းက ဖြောင့်ဖြူးနေသည်။ ခမည်းတော်မင်းကြီးနတ်ရွာစံလျှင် ထီးနန်း ဆက်ခံရုံသာ။

မင်းညီမင်းသားတို့မဆိုထားနှင့် သာမန်ပုဂ္ဂိုလ်တွေပင် မင်းစည်းစိမ်ကို လိုလားသည်။ နန်းတော်ထဲတွင် ကြီးပြင်းပြီး၊ ရွှေထီးရွှေနန်း၏ စည်းစိမ်အရသာကို တစ်စိတ်တစ်ပိုင်းခံစားဖူးသူ မင်းညီမင်းသားများအဖို့ ဘယ်မှာ မရယူမခံစားချင်ဘဲ ရှိအံ့နည်း။ ရမ္မပြည်၏ ထီးနန်းစည်းစိမ်ကိုသာ ခံစားခွင့်ရှိသည့် မင်းညီမင်းသားများအဖို့ စိတ်ကူးယဉ် ကြမည်။ တောင့်တကြမည်။

ညီတော်တစ်ထောင်အနက် အချို့သောမင်းသားများကမူ ရောင့်ရဲကြသည်။ ယခုရသော စည်းစိမ်သည်ပင် ကံကောင်းလှပြီဟု တွက်သည်။ အချို့ကမူ အဆောကျယ်သည်။ မင်းညီမင်းသားဘဝတွင် ဧကရာဇ်၊ ပဒေသရာဇ် ဘဝကို တောင့်တသည်။ အချို့ကမူ သာမန်ဧကရာဇ်တစ်ပါး ဘဝထက် လေးကျွန်းသနင်းစကြာမင်းဖြစ်လိုသည်။ ထိုသူတို့သည် ရွှေနန်းစည်းစိမ် ရရေးအတွက် အစဉ်နည်းလမ်းရှာ အားထုတ်နေကြသည်။ လူသူ လက်နက်နှင့် အတတ်ပညာများစုပြီး အဓမ္မနည်းဖြင့် လုယူရန်ပင် ကြံစည်အားထုတ်နေသည်။ အထူးသဖြင့် နန်းစည်းစိမ်ခံစားရန် အခွင့်အရေးနည်းပါးသည့် ညီငယ်များက ပိုဆိုးနေသည်။

ယုဓဋ္ဌယမင်းသားသည် ရှေးဘုန်းရှေးကံကြောင့် ရမ္မပြည်ထီးနန်းကို ဆက်ခံရန် အခွင့်အရေးရှိနေသော်လည်း မက်မက်မောမောမရှိလှ။ အများတကာ မက်မောသည့် ထီးနန်းကို အဘယ့်ကြောင့် မမက်မောသနည်းဟု မေးစရာရှိသည်။ ယုဓဋ္ဌယမင်းသားသည် စည်းစိမ်ထက် ဘေးရန်ပိုကြီးမားသည်ကို မြင်နေသည်။ မင်းတစ်ပါးအနေဖြင့် အခြားတစ်ပါး တိုင်းပြည်က ကျူးကျော်စော်ကားမည်ကိုလည်း ကြောင့်ကြရသည်။ အတွင်းနေ ပုဂ္ဂိုလ်များ၏ သစ္စာဖောက်ဖျက်မည်ကိုလည်း ကြောင့်ကြရသည်။ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်တွင် အသက်အန္တရာယ်ကို ရန်ရှာလေမည်။ စည်းစိမ်အလုခံရလေမည်

www.burmeseclassic.com

www.burmeseclassic.com



နည်းဟုတွေးလျက် အိပ်စက်သည်ကိုပင် ဖြောင့်ဖြောင့်မအိပ်နိုင်။ အမြဲတမ်းစိုးရိမ် သောက ရောက်နေသည်။ ကိုယ်ကလွဲလျှင် ကိုယ့်ဒူးကိုပင် မယုံနိုင်သည့်ဘဝ။ အိမ်ရှေ့စံတစ်ပါးဖြစ်သော ယုဓဋ္ဌယမင်းသားသည် ထိုသောကဒဏ်ကို ယခုကတည်းက ကြုံတွေ့နေရသည်။ မင်းမဖြစ်သေးပါပဲလျက် မင်းဖြစ်နိုင်သည့် အခွင့်အရေးကို လုယက်ချင်သူတွေများနေသည်။ ဆင်၏ ငယ်ပါပြုတ်ကျလာလျှင် စားအုံ့ဟု စောင့်မျှော်နေသော ခွေးများပမာ တမျှော်မျှော် မျှော်ရင်းဖြင့် တစ်ဦးကို တစ်ဦး ရန်စောင်ကြနေသည်မှာလည်း အသည်းထိတ်စရာ။

ယုဓဋ္ဌယမင်းသားသည် ဘေးရန်များသည့်ဘဝထက် အေးချမ်းသည့်ဘဝကိုသာ ရယူချင်သည်။ ထို့ကြောင့်လည်း အခွင့်အရေးရသည်နှင့် ဥယျာဉ်တော်ထွက်ပြီး ခံစားလေ့ရှိပေသည်။

ဥယျာဉ်တော်၏အရိပ်သည် အေးချမ်းသည်။ ဥယျာဉ်မှူးက ကြည်နူးချမ်းမြေ့ဖွယ်ဖြစ်အောင် သစ်သီးဝလံ ပန်းမာလ်တို့ကို စိုက်ပျိုးပြုပြင်ထားသည်။ ရောင်စုံပန်းလေးများက လွတ်လပ်စွာ ရှင်သန်နေသည့် ဘဝကိုမြင်ရသည်မှာ နှစ်သက်စရာ။ ထို့ထက် ပိတုန်း၊ လိပ်ပြာ၊ ကျေးငှက်သာရကာတို့သည် ဟိုသည်ပျံသွား၊ တစ်ပင်မှ တစ်ပင်ကူးခတ်ပြေးလွှားရင်း ဘာသာဘာဝပျော်ပါးနေကြပုံမှာ စိတ်ချမ်းမြေ့စရာ။ လွတ်လပ်ပျော်ပါးစွာ သီကျူးကခုန်နေသည့် ငှယ်ငယ်များဘဝကို ကြည့်ပြီး အားကျမိသည်။ ကိုယ်တိုင်ထိုဘဝမျိုးမရသေးသော်လည်း သူတို့ကို အားကျမိသဖြင့် ဥယျဉ်တော်ထွက်စံလေ့ရှိပေသည်။

* * *

ယနေ့လည်း ဥယျာဉ်တော်ထွက်စံပျော်မည်ဟု အသိပေးထားသဖြင့် အမှုထမ်းကျေးကျွန်တို့ ပြင်ဆင်နေသည်။ အိမ်ရှေ့စံမိဖုရားနှင့် မောင်းမမိဿံတွေလည်း ပျော်မြူးနေသည်။ ဣန္ဒြေသိက္ခာနှင့် ကျဉ်းကျဉ်းကျပ်ကျပ် နေရသောဘဝထက် လွတ်လပ်ပေါ့ပါးနေရသည့်ဘဝကို သူတို့အားလုံး တောင့်တကြသည်။

အလှူကြီးနေ့စဉ်ပေးနေသည်ကိုပင် ခနိုးခနဲ့ပြောချင်သည့် ညီငယ်တွေ...နန်းစည်းစိမ်ကို အာသာငမ်းငမ်း လိုချင်နေသည့် ညီငယ်တွေ၏ အသိုင်းအဝန်းမှ ခေတ္တရုန်းထွက်နိုင်သည်ကိုပင် လိုလားမိသည်။

"ဟော..."

အမှတ်တမဲ့မြင်လိုက်သည့်မြင်ကွင်းက အခြားသူအတွက်အံ့ဩစရာ မဟုတ်ပေမယ့် ယုဓဋ္ဌယမင်းသားအတွက်မူ သတိပြုစရာလို ဖြစ်နေသည်။ ဘာကိုအံ့ဩနေရတာလဲ မင်းသားဟု မေးလျှင်ပင် ဖြေရခက်ခက်။

ဥယျာဉ်တော်သို့ထွက်အလာတွင် အမှတ်တမဲ့ပင် သစ်ပင်တွေဆီ ကြည့်မိသည်။ သစ်ပင်များ၊ သစ်ကိုင်းဖျားတွင် အိမ်ဖွဲ့နေသော ပင့်ကူအိမ်ကို မြင်လိုက်သည်။ ထိုပင့်ကူမျှင်လေးများတွင် လွင့်မျောလာသော နှင်းပွင့်၊ နှင်းစက်လေးများက သီးခိုနေသည်။ နှင်းစက်ဖြူဖွေးဖွေးလေးများက ပင့်ကူမြေးတို့က ဖမ်းယူထိန်းသိမ်းထားသည့်အလား မလူးသာမလွန့်သာ ချုပ်နှောင်ထားခံရသည်။ ယုဓဋ္ဌယမင်းသားသည် မိမိ၏ ဘဝသည်လည်း အလားတူချုပ်နှောင်ထားခံရပါလားဟု တွေးမိသည်။ ထိုနှောင်အိမ်တွင်းမှ ဘယ်နည်းဘယ်ပုံရုန်းထွက်ရမလဲဟု တွေးစရာဖြစ်လာသည်။

ယုဓဋ္ဌယမင်းသားသည် ဥယျာဉ်တော်တွင် တစ်နေ့တာပျော်ပါးပြီး ပြန်အလာတွင် နံနက်ကမြင်ကွင်းကို ကြည့်မိသည်။ နှင်းစက်ကလေးများ ဘယ်ရောက်သွားသည်မသိ။ ပင့်ကူမျှင်လေးများသာ လေအသုတ်တွင် တလှုပ်လှုပ်ကျန်ရစ်ခဲ့သည်။ နေ့မြင်ညပျောက်ဘဝမျိုးပါကလားဟု အတွေးဝင်လာသည်နှင့် ယုဓဋ္ဌယမင်းသားဆက်၍ ဆင်ခြင်မိသည်။

"သြော်...သတ္တဝါတို့၏ ဇီဝိတခေါ်အသက်သည် မမြဲ။ သေခြင်းသည်သာလျှင် မြဲ၏။ သေခြင်းသာ အဆုံးရှိပေတကား။ ငါသည်လည်း အိုမှု၊ နာမှု၊ သေမှုဘေးက မကင်းနိုင်။ ထိုဘေးဆိုးမှ မနှိပ်စက်အောင် ငါရဟန်းပြုမှဖြစ်ပေမယ်"ဟု တွေးမိသည်။မင်းသားသည် ထိုသို့အကြံဖြစ်သည်နှင့် ခမည်းတော်နှင့် မယ်တော်ထံ ရဟန်းပြုခွင့်တောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားတော်...ဒီစကားဟာ အမောင်ပြောရမယ့်စကား မဟုတ်ဘူးကွဲ့။ နန်းစည်းစိမ်ခံစားဖို့ အခွင့်အရေးနည်းတဲ့ မင်းရဲ့ညီတွေပြောရမှာ..."

"လူ့ဘဝရဲ့ဆင်းရဲတဲ့ဘဝကို သူတို့မှမမြင်တာပဲ ခမည်းတော်"

"ဟေ...အိမ်ရှေ့စံမင်းသားဘဝရောက်နေတဲ့ အမောင်က ဘာကိုဆင်းရဲတာလဲ...အမောင့်အတွက် လောကီစည်းစိမ် တွေက အပြည့်ပဲမို့လား..."

"တဒင်္ဂသုခချမ်းသာကို သားတော်မမက်မောပါဘူး ခမည်းတော်၊ ထာဝရချမ်းသာကို တောင့်တပါတယ်"

ယုဓဋ္ဌယမင်းသားက ရဟန်းပြုခွင့်တောင်းသော်လည်း ခမည်းတော် မင်းကြီးက ခွင့်မပြုပေ။ ဤရမ္မပြည်၏ ထီးနန်းသည် ယုဓဋ္ဌယမင်းသားနှင့်သာ ထိုက်တန်သည်ဟု မြင်သဖြင့်ခွင့်မပြုပေ။ မင်းသားကမူ နောက်တွန့်ဆုတ်ဆိုင်းခြင်း မရှိဘဲ ထပ်ပြန်တလဲလဲသာ ခွင့်တောင်းသည်။ အိမ်ရှေ့ မင်းသားသာမက ညီတော်ယုဓိဋ္ဌိလကလည်း ရဟန်းပြုခွင့်တောင်း သည်။ မတည်မမြဲ ဖောက်ပြန်ပြောင်းလဲတတ်သည့် လူ့လောက၊ လူ့ဘဝကို မနေလို၊ ထာဝရချမ်းသာနှင့် ပြည့်စုံသော ရဟန်းဘဝကိုသာ ခိုလှုံခွင့်ပြုပါဟု တောင်းပန်သည်။

ရမ္မပြည်ရှင် ဘုရင်သဗ္ဗဒတ္တမင်းလည်းတင်းခံမနေသာတော့။ သားတော်နှစ်ပါးစိတ်ချမ်းသောစေရန် ခွင့်ပြု လိုက်သည်။

မင်းကြီးထံမှ ခွင့်ပြုချက်ရသည်နှင့် ညီနောင်နှစ်ပါးသည် ရသေ့ ရဟန်းပြုလျက် ဥယျာဉ်တော်သို့ဝင်သည်။ ငြိမ်းအေးတိတ်ဆိတ်သည့် ဥယျာဉ်တော်တွင် ရသေ့သူတော်စင်တို့၏ ချမ်းသာကိုရရန် ကျင့်ကြံရာ မကြာမြင့်မီ ဈာန် အဘိညာဉ်ကိုရရှိသည်။ နန်းစည်းစိမ်ချမ်းသာထက် ဈာန်ချမ်းသာ၏သုခကအတိုင်းအဆမရှိ ချမ်းသာသဖြင့် နှစ်သက် ကြသည်။ မင်းသားနှစ်ပါးသေလွန်သော် ဗြဟ္မပြည်သို့ လားကုန်လေ၏။

ကျမ်းကိုး။ ။ကောဒသကနိပါတ်၊ ယုဓဋ္ဌယဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# မင်းမဖြစ်ချင်သူ

လက်ပြန်ကြိုးတုပ်နှောင်ခံထားရသော ခိုးသားလေးယောက်ဟာ သူတို့ရဲ့ဘေးကိုမြင်လို့ ကြောက်ရွံ့တုန်လှုပ်နေတယ်။ တွန်းထိုးခေါ်ငင်လာတဲ့ကြားက ခမည်းတော်ကို အသနားခံတဲ့ အမူအရာနဲ့ ကြည့်နေတယ်။ ခမည်းတော်ကာသိကရာဇ်မင်းကတော့ စီရင်မြဲထုံးစံအတိုင်း စီရင်ချက်ချလိုက်ပါတယ်။

''ပထမခိုးသားဟာ မိခင်ပစ္စည်းကို ပြန်ခိုးတယ်။ မိခင်က ခွင့်လွှတ်ပေမယ့်၊ ဥပဒေက ခွင့်မလွှတ်သင့်၊ ဒါကြောင့် ဆူးရှိတဲ့ကြိမ်နဲ့ အချက်တစ်ထောင်ရိုက်စေ...''

သာမန်ကြိမ်နဲ့အချက်တစ်ရာရိုက်လျှင်ပင် သေနိုင်သူကို ဆူးတပ် ကြိမ်နဲ့ အချက်တစ်ထောင်ရိုက်လို့ အမိန့်ချတော့ တရာခံ ဇက်ကျိုးကျသွားတယ်။

''ဒုတိယခိုးသူဟာ ခိုးရန်ကြံရွယ်ရုံသာရှိပြီး အပြစ်မလုပ်ရသေးလို့ သံခြေကျင်းခတ်ပြီး ထောင်သွင်းထားစေ...''

ဩော်...ဝဋ်ဆင်းရဲကြီးလိုက်တာဟု ကျွန်ုပ်ရင်ထဲက ရေရွတ်မိတယ်။

''တတိယခိုးသူကတော့ ဆည်းကပ်ကိုးကွယ်ရမယ့် ရဟန်း သံဃာရဲ့ပစ္စည်း ခိုးလို့ မသေမချင်းလှံနဲ့ထိုးသတ်''

ခိုးသားဟာ ခမည်းတော်ကို အသနားခံပေမယ့် သူ့စကား မဆုံးခင်မှာပင် အမှုထမ်းတို့က တရွတ်ဆွဲခေါ်သွားလို့ အော်ဟစ် တောင်းပန်ရင်း ယက်ကန်ယက်ကန်နဲ့ ပါသွားတယ်။

''စတုတ္ထခိုးသားကတော့ မင်းဘဏ္ဍာပစ္စည်းခိုးဖို့ကြံရွယ်တာကြောင့် တံကျင်လျှိုသတ်စေ...''

ခမည်းတော်ဟာ လသားအရွယ်သာရှိသေးတဲ့ ကျွန်ုပ်ကို ရင်ခွင်ပိုက်ထားပြီး ခိုးမှုလေးမှုကို စီရင်ပါတယ်။ ခမည်းတော်ရဲ့ဆန္ဒက ကျွန်ုပ်ဟာ တစ်နေ့ကျ ခမည်းတော်အရိုက်အရာဆက်ခံရမည်သူ၊ လေးကျွန်းသနင်း စကြာမင်းဖြစ်ရမယ့် မင်းသား၊ ဒါကြောင့် မင်းတို့ပြုကျင့်ရတဲ့ လုပ်ငန်းဆောင်တာနဲ့ ယဉ်ပါးအောင်ပြုမူတာဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ဇာတိဿရဉာဏ်ရတဲ့ ကျွန်ုပ်ဟာ ရှေးရှေးကဘဝကို တွေ့မြင်တယ်။ အဲဒီဘဝတုန်းက ကျွန်ုပ်ဟာ ဟာရဝကာသီမင်းအဖြစ် နှစ်ပေါင်းနှစ်ဆယ်စိုးစံခဲ့တယ်။ မင်းဖြစ်စဉ်က ကျွန်ုပ်ပြုကျင့်ခဲ့တဲ့ အမှုကိစ္စတွေကြောင့် ငရဲမှာ အနှစ်ရှစ်သောင်းခံရတာ ပြန်မြင်တယ်။ မင်းဖြစ်စေလိုတဲ့ဆန္ဒနဲ့ ရင်ခွင်ပိုက်စီရင်ချက်ချတဲ့ ခမည်းတော် ကာသိကရာဇ်မင်းကို အထိတ်တလန့် ပြန်လှည့်ကြည့်လိုက်တယ်။

မမြင်ချင်တာမြင်ရ၊ မကြားချင်တာကြားရတဲ့ ကျွန်ုပ်ဟာ အထူးတုန်လှုပ်ချောက်ချားနေမိတယ်။

''သားတော်၊ သိပ်ကြောက်လန့်နေလား။''

www.burmeseclassic.com

www.burmeseclassic.com



ဒီစကားနဲ့လှမ်းမေးလိုက်သူက ထီးချက်စောင့်နတ်သမီးပါ။ တစ်ခုသောဘဝမှာ အမိတော်ဖူးတဲ့ ထီးချက်စောင့်နတ်သမီး ရဲ့ အမေးစကားကို ခေါင်းညိတ်ဖြေလိုက်တယ်။

''မင်းလုပ်လိုတဲ့ ဆန္ဒမရှိဘူးပေါ့''

''မှန်ပါတယ် မယ်တော်။ တဒင်္ဂစည်းစိမ်အတွက် ငရဲပြန်ကျခံရမှာ မလိုလားပါဘူး''

''ဘုရင် မလုပ်ချင်ရင် မဆွံ့ပေမယ့် ဆွံ့သလိုနေ…''

''ဗျာ…ဆွံ့အ, နေရမယ် ဟုတ်သလားမယ်မယ်''

''မှန်တယ်သား၊ မအ,ပေမယ့် အ,သလိုနေ၊ နားမပင်းပေမယ့် ပင်းသလိုနေ၊ ဒါမှ မင်းလုပ်ရမယ့်ဘဝက လွတ်မယ်''

''ကောင်းပါပြီ မယ်မယ်။ မယ်မယ်စကား သားနာယူပါ့မယ်''

ကျွန်ုပ်သည် ငရဲကိုကြောက်သဖြင့် မင်းမလုပ်ရအောင် ဆွံ့၊ အ၊ နားမကြားသူနှယ် ဟန်ဆောင်နေဖို့ ဆုံးဖြတ်လိုက်သည်။

* * *

ဗာရာဏသီပြည်ရဲ့ ထီးနန်းဆက်ခံဖို့ နန်းလျာမင်းသား တောင့်တနေချိန်တွင် မယ်တော်စန္ဒာဒေဝီမှ ကျွန်ုပ်ကို ဖွားမြင်လိုက်ပါတယ်။ ဒါကြောင့် ခမည်းတော် ကာသိကရာဇ်မင်းကြီး ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး လိုတဲ့ဆုတောင်းစေလို့ ဆုပေးပါတယ်။ မယ်တော်က နောင်ကျမှ တောင်းခံပါမယ်လို့ လျှောက်ထားခဲ့တယ်။

ခမည်းတော်ဟာ နန်းလျာရပြီဆိုပြီး ဘယ်မျှဝမ်းသာနေတယ်ဆိုတာ မပြောဘဲသိတယ်။ ကျွန်ုပ်ကိုစောင့်ရှောက်ဖို့ နို့ထိန်း ၂၄ဝခန့်ပြီး၊ တစ်နာရီလေးယောက်စောင့်ရှောက်ခိုင်းတယ်။ အန္တရာယ်ကင်းဖို့ ပုဏ္ဏားတော်တွေခေါ်ယူတွက်ချက်တယ်။ နိမိတ်ဖတ်စေတယ်။ ပုဏ္ဏား တွေပြောတာဟောတာက အကောင်းချည်းပါပဲ။ ဘုန်းကံရှိမယ်၊ လေးကျွန်းသနင်းအစိုးရမယ်။ အနှောင့်အယှက်ကင်းမယ်ပေါ့။ ဒီစကားမျိုးကြားရတော့ စိတ်မချမ်းသာဘဲ ဘယ်ရှိမလဲ။ ဒါနဲ့သင့်တော်တဲ့ အမည်ပေးကြလို့ အမိန့်မှတ်တယ်။ ပုဏ္ဏားတွေက ''သားတော်လေး ဖွားမြင်ချိန်မှာ မိုးကြီးသည်းထန်စွာရွာလို့ တစ်လောကလုံး စိုစွတ်နေတယ်။ ဝမ်းမြောက်ဝမ်းသာရွှင်လန်းစေတယ်၊ ဒါကြောင့် တေမိယလို့ အမည်တော် ပေးသင့်ကြောင်း'' လျှောက်ထားကြတယ်။

မှန်ပါတယ်။ ကျွန်ုပ်တေမိမင်းသားပါ။

အများသူငါ အာသာငမ်းငမ်းလိုလားတောင့်တတဲ့ ဘဝမျိုးကို ကျွန်ုပ်ရခဲ့တယ်။ နောင်တစ်ချိန်မှာ ကာသိကရာဇ်ထီးနန်း စိုးစံခွင့်ရှိတယ်။ ဒီလိုအခွင့်ကောင်းရပေမယ့် ကျွန်ုပ်ကတော့ ငရဲကျမယ့်ဘေးမြင်လို့ မင်းမလုပ်ချင်ဘူး။ ဒါကြောင့် မယ်တော်ဟောင်းက အကြံပေးတယ်။ ''မအ,သော်လည်း အချင်ယောင်ဆောင်ပါလေ''တဲ့။

ကျွန်ုပ်ဟာ မိခင်ဟောင်း ထီးချက်စောင့်နတ်သမီး အကြံပေးတဲ့အတိုင်း အ,ချင်ယောင်ဆောင်ပြီး စကားမပြောဘူး။ နားပင်းချင်ယောင် ဆောင်ပြီး မကြားဟန်ပြုနေတယ်။ ဒီအနေအထားကို ခမည်းတော် သိသွားတော့ အင်မတန်စိတ်ဆင်းရဲသွားတယ်။ သေချာအောင် စူးစမ်းတဲ့အနေနဲ့ နို့မတိုက်ခိုင်းဘူး။ နို့ဆာရင်တော့ ကလေးဆိုတာ ငိုယိုပြီးနို့တောင်းမယ်ပေါ့။ ဒါပေမယ့် ကျွန်ုပ်မငိုဘူး။ ဆာလောင်ပေမယ့် ဒီဒုက္ခကတစ်ခဏပဲခံရမယ်။ မင်းလုပ်ရရင် ငရဲမှာခံရမယ့် ဒုက္ခက ဒီထက်ပိုဆိုးမယ်လို့တွေးပြီး အောင့်အည်းသည်းခံခဲ့တယ်။

''အရှင်မင်းကြီး၊ ကလေးဆိုတာ မုန့်ကိုနှစ်သက်ပါတယ်။ မုန့်နဲ့အလိုစမ်းကြည့်ပါ''

မင်းကြီးက အမတ်တွေနဲ့တိုင်ပင်တော့ အမတ်တွေက အဲဒီလို လျှောက်ထားတယ်။ ဒါနဲ့ ကျွန်ုပ်ကို ကစားဖော်သူငယ်တွေနဲ့ အတူထားပြီး၊ မုန့်ချပေးတယ်။ အားလုံးက တစ်နေရာက ချောင်းကြည့်တယ်။ အင်း…မုန့်ကိုကလေးတိုင်းက နှစ်သက်တယ်။ ကျွန်ုပ်လည်း နှစ်သက်ပါတယ်။ ဒါပေမယ့် ဒီနှစ်သက်မှုကိုပြုရင် ကျွန်ုပ်ဟာ တစ်သက်လုံး ဒုက္ခရောက်

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်။ ဒါကြောင့် စားချင်ပေမယ့် မစားချင်သလို နေတယ်။ တခြားကလေးတွေ အလုအယက်တွန်းထိုးပုတ်ခတ် စားပေမယ့် ကျွန်ုပ်ကတော့ မနှစ်မြို့ဟန်နဲ့ နေလိုက်ပါတယ်။ အဲဒီလို တစ်နှစ်တိတိ စုံစမ်းပေမယ့် ထူးခြားမှုမတွေ့ရတော့ ခမည်းတော်ဟာ တော်တော်စိတ်ပျက်သွားတယ်။

"အရှင်မင်းကြီး။ နှစ်ခါလည်ကလေးတွေက သစ်သီးကို မက်မောတတ်ပါတယ်"

"ဒါဆို သစ်သီးတွေ ကျွေးစမ်း"

ကျွန်ုပ်က သစ်သီးကို မက်မောဟန်မပြဘူး။ တခြားကလေးတွေက သစ်သီးကို အလုအယက်ယူ၊ ပျော်တပြုံးပြုံးနဲ့ စားတာကို ကျွန်ုပ်ကိုယ်တိုင် မြင်နေပါတယ်။ သူတို့လိုစားချင်တာအလွန်ပါ။ ဒါပေမယ့် ကွယ်ရာက စောင့်ကြည့်နေတဲ့ ခမည်းတော်နဲ့မှူးမတ်တွေ အခြေအနေသိနေလို့ မက်မောဟန်မပြခဲ့ပါဘူး။

ဒီလိုနဲ့ သုံးနှစ်သားအရွယ်မှာ ကစားစရာအရုပ်တွေနဲ့ မြူဆွယ်ပါတယ်။

လေးနှစ်သားကျတော့ စားကောင်းသောက်ဖွယ်တွေနဲ့ အလိုစမ်းပြန်တယ်။ ကျွန်ုပ်က သူတို့ဖြစ်စေချင်တာ မဖြစ်အောင်စောင့်စည်းခဲ့တယ်။

ငါးနှစ်သားကလေးတွေဟာ မီးကိုကြောက်တတ်တယ်ဆိုပြီး ထန်းလက်တဲကြီးထဲမှာ ကျွန်ုပ်တို့ကိုစုထားပြီး အမိုးကိုမီးနဲ့ ရှို့တယ်။ အမိုးကို မီးလောင်တော့ ကလေးငါးရာက အော်ဟစ်ထွက်ပြေးကြတယ်။ ကျွန်ုပ်က မပြေးဘူး။ မီးလောင်ပြီးသေရင် တစ်ဘဝမှာ တစ်ခါပဲသေရမယ်။ မင်းလုပ်ရရင် ဘဝများစွာ မီးလောင်ကျွမ်းခံရမယ်ဆိုတဲ့ အသိကြောင့် မကြောက်ဟန်ဖြင့် မလှုပ်မယှက်ငုတ်တုတ်ထိုင်နေလိုက်တယ်။ မီးစွဲခံရတော့မယ့် အခြေအနေရောက်ခါနီးမှ ကျွန်ုပ်ကို ဆွဲထုတ်သွား တယ်။

ခြောက်နှစ်သားရောက်တော့ ဆင်နဲ့ခြောက်လှန့်ပြန်တယ်။ ကလေး ငါးရာဟာ ဆင်ကိုမြင်တော့ အော်ဟစ်ထွက်ပြေးတယ်။ ကျွန်ုပ်ကတော့ ကိုယ့်စိတ်ကိုအားပေးပြီး ထိုင်နေလိုက်တယ်။ ဒီအခါဆင်ကြီးက ကျွန်ုပ်ကို နှာမောင်းနဲ့ပွေ့ယူသွားတယ်။ တစ်စုံတစ်ခုနဲ့ ထုပြီးသတ်လိုက်လေမလားလို့ တွေးကြောက်မိသေးတယ်။ ဒါပေမယ့် ဆင်ကြီးက မရက်စက်လို့ ကျွန်ုပ်အသက်ရှင်ခဲ့ပါတယ်။

ခုနစ်သားမှာတော့ မြွေနဲ့စမ်းပါတယ်။ မြွေပွေး၊ မြွေဟောက်၊ စပါးကြီး၊ စပါးအုံစတဲ့ မြွေအမျိုးမျိုးနဲ့ တစ်နှစ်လုံးခြောက်လှန့်စမ်းသပ်ပေမယ့် ကျွန်ုပ်က ကြောက်ဟန်မပြလို့လက်လျှော့သွားပြန်ပါတယ်။

"အရှင်မင်းကြီး။ ရှစ်နှစ်သားအရွယ်ဆိုတာ သိတတ်၊ ပျော်တတ်တဲ့အရွယ်ပါ။ အတီး၊ အမှုတ်၊ အက၊ အခုန်တွေနဲ့ ဖမ်းစားရင်တေမိယမင်းသား စိတ်ပြောင်းလာပါလိမ့်မယ်"

"ဒါဆို နန်းတော်ကပွဲဆောင်မှာ နေ့စဉ်အငြိမ့်သဘင်ခင်းကျင်း ပြသကြစေ..."

ကျွန်ုပ်နဲ့အတူကလေးငါးရာဟာ နေ့စဉ်ကပွဲတွေကြည့်ခွင့်ရပါတယ်။ ကလေးတွေကတော့ ရယ်စရာတွေ့ရင် ရယ်တယ်...ပျော်စရာတွေ့ရင်ပျော်တယ်။ ကျွန်ုပ်ကတော့ ကြုံရမယ်ဘေးကို ကြိုမြင်နေရလို့ မတုန်မလှုပ်ကျောက်ရုပ်နှယ် နေလိုက်ပါတယ်။ ကိုးနှစ်သားမှာတော့ သန်လျက်နဲ့စမ်းသပ်ပါတယ်။

ဒီလိုနဲ့ကျွန်ုပ်ဟာဆယ်နှစ်သားအရွယ်ရောက်ခဲ့ပါပြီ။ စကားမပြော၊ နားမကြားတဲ့ သားတော်ကြောင့် ခမည်းတော်ကြီး ဘယ်လောက် စိတ်ဆင်းရဲနေတယ်ဆိုတာ သိပါတယ်။ အမှန်တော့ မိဘကို ဒီလောက် စိတ်မ ဆင်းရဲစေချင်ဘူး။ ဒါပေမယ့် ကြုံတွေ့ရမယ့် ဘေးကလွတ်မြောက်ဖို့ နည်းလမ်းမှာ ဒီတစ်နည်းပဲရှိလို့ ဆက်လက်ဟန်ဆောင်နေတယ်။

"တကယ်နားပင်းတာလား... မပင်းဘူးလားခွဲခြားသိအောင် ခရုသင်းတွေနဲ့ အထိတ်တလန့်ဖြစ်အောင်လုပ်စမ်း"

ကျွန်ုပ်ကို ခုတင်ပေါ်ထားပြီး၊ ခရုသင်းသမားတွေကို ခုတင်အောက် သွင်းထားတယ်။ အချက်ပြတာနဲ့ ခရုသင်းသမားတွေက တွီ.. တွီ..တွီတွီလို့အသံမြည်အောင် တစ်ပြိုင်နက်မှုတ်စေတယ်။ ကျွန်ုပ်ကတော့ ထိတ်လန့်မှုမပြ မိအောင် တော်တော်သတိထားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်တစ်နှစ်သားအရွယ်မှာတော့ စည်တွေတီးခတ်ပြန်ပါတယ်။ ဆယ့်နှစ်နှစ်သားမှာတော့ ဆီမီးနဲ့ စမ်းသပ်ပါတယ်။ မီးရောင်မထွက်အောင် အိုးထဲဆီမီးထည့်ထွန်း၊ အခန်းကို အမှောင်ချထားတယ်။ မှောင်နေတဲ့ အခန်းကြီးရုတ်တရက်မီးအလင်းရောင် ထွက်လာစေခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေတတ်ပါတယ်။

ဆယ်သုံးနှစ်သားအရွယ်ရောက်တော့ ကျွန်ုပ်ရဲ့ခမည်းတော်က ခပ်ကြမ်းကြမ်းနိုပ်စက်ပါတယ်။ ကျွန်ုပ်တစ်ကိုယ်လုံး တင်လဲရည်တွေ သုပ်ပြီး ခြင်တွေ၊ ယင်တွေ၊ ပုရွက်ဆိတ်တွေပေါတဲ့နေရာ ပစ်ထားလိုက်ပါတယ်။ စဉ်းစားကြည့်စမ်းပါ။ ယင်တွေက ရွစိရွစိနဲ့ ပျံလိုက်၊ နားလိုက်လုပ်ပုံက သည်းမခံနိုင်စရာ။ ခြင်တွေက အလုအယက် သွေးစုတ်ကြတာ ခန္ဓာကိုယ်ထဲ သွေးမှကျန်ပါသေးရဲ့လားလို့တောင် တွေးမိတယ်။ ပုရွက်ဆိတ်ကလည်း နာကြင်အောင် ကိုက်ခဲတဲ့ဒဏ်ကို ခံကြည့်စမ်းပါ။ တစ်နှစ်မပြောနဲ့၊ တစ်မနက်ပဲခံစားကြည့်။ အဲဒီဆင်းရဲမှု ဝေဒနာကို အောင့်အည်းသည်းခံခဲ့တယ်။

ဒီစမ်းသပ်မှုကိုအောင်မြင်အောင်ရုန်းကန်နိုင်တော့ ဆယ့်လေးနှစ်သားမှာ တစ်မျိုးစမ်းသပ်တယ်။ ကျွန်ုပ်ကို ကျင်ကြီး၊ ကျင်ငယ်လည်း မသုတ်သင်ပေးဘူး။ ဝတ်လဲတော်လည်း လဲမပေးဘူး။ နံစော်ဟောင်စပ်နေတဲ့အနံ့တွေ သည်းမခံနိုင်အောင် ပစ်ထားတယ်။ ဒါပေမယ့် ကျွန်ုပ် သည်းခံနိုင်ခဲ့ပါတယ်။

ဆယ့်ငါးနှစ်သားအရွယ်ကျတော့ မီးကျီးခဲနဲ့စမ်းသပ်ပြန်တယ်။ ကျွန်ုပ်အိပ်နေတဲ့ခုတင်အောက်မှာ မီးကျီးအပြည့် ထည့်ထားတဲ့ အိုးတွေထားတယ်။ အမဲသားကျပ်တင်သလို အပူခံရတဲ့ ကျွန်ုပ်ဘဝဟာ ဘယ်သို့ဖြစ်မလဲတွေးသာကြည့်။

ဆယ့်ခြောက်နှစ်သားအရွယ်မှာတော့ ကျွန်ုပ်အလိုကို မိန်းမပျိုလေးတွေနဲ့စမ်းသပ်ပါတယ်။ ချော့ပေ လှပေ၊ မာယာပရိယာယ်ကြွယ်ပါပေ့ဆိုတဲ့ မိန်းမပျိုလေးတွေကို တစ်နေ့တစ်ယောက်လွှတ်ပေးတယ်။ ကိလေသာနဲ့ ဖမ်းစားနိုင်ရင်၊ နှန်းစည်းစိမ်ခံစားစေရမယ်လို့ လာဘ်ပေးပြီး ဖျက်ဆီးခဲ့တယ်။ ဒီစမ်းသပ်မှုကိုလည်း ကျွန်ုပ်က အောင်မြင်စွာကျော်လွှားနိုင်ခဲ့ တယ်။

ကျွန်ုပ်အသက်ဆယ့်ခြောက်နှစ်ရှိတဲ့အထိ နည်းအမျိုးမျိုးနဲ့စမ်းသပ်ခဲ့ပေမယ့် ထူးမလာတော့ ခမည်းတော်စိတ်ပျက် သွားတယ်။ ဒီအခါ ကျွန်ုပ်မွေးဖွားစက နိမိတ်ဖတ်တဲ့ ပုဏ္ဏားတွေကို နန်းတော်ထဲ ဆင့်ခေါ်တယ်။ ''သင်တို့ဟာ ငါ့သားတော်ကို နိမိတ်လက္ခဏာဖတ်တာ တစ်ချက်မှမမှန်ဘူး။ ဘုန်းကံကြီးမယ်ဆိုတာ ဘယ်မလဲ။ ဆွံ့အနားမကြားတဲ့ မင်းသားက ဘယ်လိုဘုန်းကံကြီးမှာလဲ'' လို့မေးတယ်။ ဒီအခါ ပုဏ္ဏားတွေက အလိုက်သင့်ပြင်လျှောက်တယ်။ ''အရှင်မင်းကြီး စိတ်မချမ်းမသာဖြစ်မှာစိုးလို့ အကြိုက်ဆောင်ဟောတာပါ။ မင်းသားဟာ နိမိတ်မရှိတဲ့ သတ္တဝါ တစ်ကောင်ပါ။ ဒီမင်းသားကို သုတ်သင်ပစ်မှ လာဘ်ကောင်းပါလိမ့်မယ်''လို့ လျှောက်ထားတယ်။

''ငါရဲ့သားတော်ဟာ နန်းတော်တစ်ခုလုံး ကျက်သရေယုတ်စေတဲ့ သတ္တဝါကောင်ဖြစ်လို့၊ အရှင်လတ်လတ် မြေမြှုပ်သတ်စေ''

ကျွန်ုပ်ဟာ ခမည်းတော်ရဲ့တစ်ချက်လွှတ်အမိန့်စကားကြားရတော့ တုန်လှုပ်မိတာအမှန်ပါ။ အသက်ဘေးဆိုတော့လည်း စိုးရိမ်မိပါတယ်။ ဒါပေမယ့် တစ်သက်တစ်ခါသေရတာက ရှောင်မလွှတ်ဘူး။ မင်းဖြစ်ရင် အချိန်နဲ့အမျှ ဒုက္ခခံရမယ့် ငရဲဘေးကြောက်ပြီး ကျွန်ုပ်ဟာ နှုတ်ဆိတ် နေလိုက်ပါတော့တယ်။

* * *

''မောင်တော်ဘုရား၊ သားတော်လေးမွေးဖွားစဉ်က လိုရာဆုတောင်းစေလို့ ချီးမြှင့်ခဲ့တာ အခုတောင်းခံပါရစေ… သားတော်ကို မင်းအဖြစ်ပေးတော်မူပါဘုရား''

ကျွန်ုပ်တေမိယမင်းသားကို လူသတ်တို့လက်ထဲအပ်နှံကြောင်း သတင်းကြားတော့ မယ်တော်စန္ဒာဒေဝီမိဖုရားကြီး နန်းတော်ထဲ အပြေးအလွှားရောက်လာပါတယ်။ မယ်တော် ဘယ်လောက်ပူဆွေးသောက ရောက်နေတယ်ဆိုတာ သွင်ပြင်ကြည့်ရုံနဲ့သိပါတယ်။ မယ်တော်ရဲ့အပူကို လည်း ငြိမ်းချင်တယ်။ ခမည်းတော်ရဲ့ဒေါသကိုလည်း ပြေစေချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အစိဋ္ဌာန်ဖျက်ရမလားလို့ စဉ်းစားမိတယ်။ ဒါပေမယ့် အသက်ကြောင့် အစိဋ္ဌာန်မဖျက်သင့်ဘူး။ ငရဲကို ကျမယ့်ဘေး ရှောင်သင့်တယ်လို့တွေးမိလို့ ခပ်မဆိတ်ဘဲနေလိုက်တယ်။ အဲဒီအချိန်မှာပဲ ကျွန်ုပ်မနှစ်သက်တဲ့ မင်းအဖြစ် ချီးမြှင့်ပါလို့ မယ်တော်က တောင်းခံနေတော့ ကျွန်ုပ်အစိဋ္ဌာန်က ပိုခိုင်မြဲသွားတယ်။

ခမည်းတော်မင်းကြီးဟာ ကျွန်ုပ်ကို ရထားထက်တင်ပြီး အနောက်တံခါးဆီ မောင်းလာတယ်။ ဒါပေမယ့် ကျွန်ုပ်ရဲ့ ဘုန်းကံပါရမီကြောင့် ရထားက အရှေ့တံခါးဆီ ဦးတည်သွားတယ်။ ရထားထိန်း သုနန္ဒလည်း အရှေ့တံခါးမှ သုံးယူဇနာ အကွာရှိတဲ့ တောအုပ်ဆီမောင်းလာပြီး သုသာန်အမှတ်နဲ့ရပ်တယ်။ ဒီနေရာမှာပဲ ကျွန်ုပ်ကို မြေမြှုပ်သတ်တော့မယ်လို့ ကြံရွယ်ပုံရပါတယ်။ ကျွန်ုပ်ကိုမြေမြှုပ်ဖို့ ကျင်းတစ်ခုကို အဆောတလျင် တူးဆွနေပါတယ်။

"ဘယ်သူခိုင်းလို့ အရေးတကြီးတူးနေတာလဲ၊ ဘာအတွက်လဲ"

ကျွန်ုပ်ရဲ့အမေးကြောင့် ရထားထိန်းက တူးလက်စကိုရပ်တယ်။ ကျွန်ုပ်ကို ပြန်မော့မကြည့်ဘဲ "ဘုရင်းမင်းမြတ်က ဆွံ့အနေတဲ့သူ့သားကို သတ်ဖို့စေခိုင်းလိုက်လို့" ဟုပြန်ဖြေတယ်။

"အချင်းရထားထိန်း ငါဟာ ဆွံ့သူမဟုတ်"

ဒီစကားကြားတော့ ရထားထိန်းဟာ အံ့အားတသင့်အမူအရာနဲ့ ပေါက်တူးကို ပစ်ချပြီး တွင်းထဲက ခုန်တက်တယ်။ ကျွန်ုပ်ကို အံ့သြတုန်လှုပ်တဲ့ အမူအရာနဲ့ ကြည့်တယ်။

"ရထားထိန်း၊ ငါ့ကိုမြေမြှုပ်သတ်ရင် မတရားတဲ့အမှုပြုရာ ရောက်မှာပေါ့"

"သင်ဘယ်သူလဲ"

"ရထားထိန်းသုနန္ဒ၊ ငါဟာ ကာသိကရာဇ်မင်းရဲ့သားတော် တေမိယမင်းပဲ။ သင်ဟာ ငါ့ရဲ့ခမည်းတော်ကို အမှီပြုပြီး အသက်ရှင်သူဖြစ်လျက် ကျေးဇူးရှင်သားကို မတရားသတ်ဖြတ်တော့မှာလား..."

"အရှင်...အရှင်မင်းသား"

"အချင်းရထားထိန်း၊ သစ်ပင်တစ်ပင်လျှင်သူ့အရိပ်ခိုဖူးက သူ့အကိုင်းမချိုးရာ...ချိုးဖျက်ရင် အဆွေခင်ပွန်းကို ပြစ်မှားရာရောက်တယ်"

"အို...အံ့ဖွယ်ပါလား...တစ်သက်လုံးစကားမပြောဘဲ ဆွံ့အနေသူက စကားပြောတယ်"

ရထားထိန်းဟာ ကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြည့်ရင်း ရေရွတ်တယ်။ သူဟာ စပါးကြီးမြွေ အညှို့ခံထားရသူပမာ ကြောင်တက်တက်အမူအရာ ဖြစ်နေပါတယ်။

"အချင်းရထားထိန်း၊ အဆွေခင်ပွန်းကို မပြစ်မှားသူဟာ ဘယ်အရပ်ရောက်ရောက် အစားအသောက်မရှားပါဘူး၊ ခပ်သိမ်းသူတို့ရဲ့ ပူဇော်မှု ခံရပါတယ်"

"ဟုတ်...ဟုတ်၊ မှန်...မှန်"

"အချင်းရထားထိန်း ကျေးဇူးမဲ့မပြုသူဟာ သူခိုးဓားပြရဲ့ နှိပ်စက်မှုလည်း မခံရ၊ အစိုးရသူရဲ့ အထင်လွဲခြင်းလည်း မခံရ။ ရန်မှန်သမျှလည်း လွတ်မြောက်ပါပေတယ်"

"မှန်ပါအရှင့်သား"

"အချင်းရထားထိန်း၊ ကျေးဇူးသိသူဟာ ရွှင်လန်းစေတယ်။ ပရိသတ်ရဲ့ အရေးတယူပျူငှာစွာ ဆက်ဆံမှုခံရတယ်။ ကြီးမြတ်သူလည်းဖြစ်တယ်။ ပြီးတော့ သူတစ်ပါးရဲ့ ရိုသေလေးစားမှုခံရတယ်။ ကြီးမြတ်သူအဖြစ်နဲ့ ဂုဏ်သတင်းကျော်ကြားပါတယ်"

"မှန်ပါအရှင့်သား"

"အချင်းရထားထိန်း၊ သူကျေးဇူးသိရင် အခြံအရံလည်း ပေါများတယ်။ ဘုန်းကျက်သရေလည်း တောက်ပတယ်။ ဆင်၊ မြင်း၊ ကျွဲ၊ နွားစတဲ့ အရံပစ္စည်းတိုးပွားပြီး စိုက်ပျိုးရင်လည်း အောင်မြင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



''မှန်ပါ၊ သဘောရပါတယ် အရှင့်သား''

''အချင်းရထားထိန်း၊ သူ့ကျေးဇူးသိသူဟာ ချောက်ကမ်းပါးထက်ကကျရင်လည်း ဆောက်တည်ရာရပါတယ်။ တောင်ပေါ်ကကျရင်လည်း အသက်ဘေးက လွတ်မြောက်ပါတယ်။ အမြစ်တွေနဲ့နိုင်မြဲတဲ့ ညောင်ပင်ကြီးဟာ လေးတိုးပေမယ့် အညှဉ်းဆဲမခံရသလို ရန်သူရဲ့ ညှဉ်းဆဲမှုကို မခံရပါဘူး။ သင်ကျေးဇူးသိပါလော့''

''အို…အံ့သြစရာအဖြစ်မျိုးကို ကျွန်ုပ်ကြုံရတာပါပဲ အရှင့်သား။ အရှင့်သားဟာ ခုမှ ဘာကြောင့် စကားပြောတာလဲ…(၁၆)နှစ်လုံးလုံး ဆွံ့အသူ အဖြစ်နေခဲ့တာ ဘာအကြောင်းကြောင့်လဲ''

''ငါ မင်းမလုပ်ချင်ဘူး သုနန္ဒ''

''အို…ဖြစ်မှဖြစ်ရလေ…လူတိုင်း အာသာငမ်းငမ်း ရချင်လိုချင်တဲ့ မင်းအဖြစ်ကို အသင်မင်းသားက ပစ်ပယ်လေသလား''

''မသိသူသာ မင်းအဖြစ်ကို မက်မောပေမယ် သုနန္ဒ''

''ထားပါဘုရား။ သင်မင်းသားနန်းတော်ကိုပြန်လိုက်ခဲ့ပါ။ မင်းသားမျက်နှာမြင်ရင် မယ်တော်မိဖုရားကြီး သိပ်ဝမ်းသာ သွားမှာပါ''

''အချင်းရထားထိန်း၊ ငါဟာ ခမည်းတော်၊ မယ်တော်နဲ့တကွ တိုင်းသူပြည်သားတွေက စွန့်ပစ်သူဖြစ်ပေတယ်။ ငါဒီအရပ်မှာပဲ နေတော့မယ်''

ရထားထိန်းဟာ မင်းသားကိုနန်းတော်ပြန်ခေါ်ဖို့ မစွမ်းသာတော့သဖြင့် ''ဒီမှာပဲခေတ္တစံနေတော်မူပါ'' လို့ပြောပြီး၊ နန်းတော် ဆီအလျင်အမြန်ပြန်ခဲ့တယ်။ ရထားထိန်းက တေမိယမင်းသား စကားပြောကြောင်း၊ သူ့ကိုပင်တရားချလျက်ကောင်းစွာ ဆုံးမစကားပြောတယ်ဆိုတော့ မင်း၊ မိဖုရားဟာ လွန်စွာဝမ်းမြောက်ဖြစ်ကုန်တယ်။ သားတော်ရှိရာကို သွားမယ်ဆိုပြီး မင်း၊ မိဖုရားတို့ ပြင်ဆင်ကြတယ်။ မင်းသားကတော့ သိကြားမင်းဖန်ဆင်းပေးတဲ့ တဲကျောင်းမှာပဲ အေးချမ်းစွာ စံမြန်းပါတယ်။

''သားတော်၊ ဘာကြောင့်များဒီလိုခက်ခဲကြမ်းတမ်းတဲ့ဘဝကို ရွေးချယ်တာလဲ။ သင့်အတွက် နန်းတော်ကြီးရှိပါရက်နဲ့ ဒီတဲနန်းကို ခုံမင်ရသလား''

မင်းကြီးဟာ သားတော်ရဲ့နေမှုထိုင်မှုကြည့်ပြီး စိတ်မချမ်းမြေ့ဟန်ဖြင့် မေးသည်။

''ခမည်းတော်မင်းမြတ်၊ ကျွန်ုပ်ဟာ သစ်ရွက်ခင်းတဲ့ အိပ်ရာ၊ အစောင့်အကြပ်မရှိတဲ့ အရပ်မှာ တစ်ယောက်တည်းနေရ ပေမယ့် စိတ်ချမ်းသာပါတယ်''

''ဒါအတွက်များ (၁၆)နှစ်လုံး ဒုက္ခခံရသလားသားတော်''

''ကျွန်ုပ်ဟာ လွန်ပြီးတဲ့အရာကို မတောင့်တပါ။ စိုးရိမ်မှုလည်း မရှိပါ။ လက်ငင်းကြုံရသမျှနဲ့ ရောင့်ရဲပါတယ်''

''ဘာပဲဖြစ်ဖြစ်၊ နန်းတော်ပြန်လိုက်ခဲ့ပါ။ သားတော်က ငယ်ရွယ်သေးတော့ နန်းစည်းစိမ်ခံပါဦး။ အရွယ်ကြီးရင့်မှသာ တောထွက် ရဟန်းပြုပါသားတော်''

''ခမည်းတော်၊ သေခြင်းတရားဟာ ငယ်သူ၊ ကြီးသူ မဟုတ်။ ငယ်ငယ်ရွယ်ရွယ်နဲ့လည်း သေရပါတယ်။ အိုးခြင်း၊ နာခြင်း၊ သေခြင်းတရားနဲ့ အမြဲဝန်းရံနေတဲ့ ဒီဘဝကို ဘယ်မှာခုံမင်နေမလဲ။ သတ္တဝါတို့ရဲ့ အသက်နဲ့ခွန်အားကို သယ်ဆောင်တဲ့ ကာလကို ဘာကြောင့်စောင့်မျှော်နေမှာလဲ ခမည်းတော်''

တေမိယမင်းသား တရားပြသဖြင့် ခမည်းတော်၊ မယ်တော်နဲ့ ဗာရာဏသီပြည်သားတွေဟာ သားတော်နဲ့အတူ တောထွက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ထီးနန်းကိုစွန့်ပယ်ပြီးအားလုံးက ချမ်းသာသုခကို မျှော်ရည်လျက်တောရိပ်ခိုပါတော့တယ်။

ကျမ်းကိုး။ ။တေမိယဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## စွန့်ခွာရက်တော်မူလေအား

"သားတော်၊ သင်ဟာ အဖမဲ့သားမဟုတ်၊ မိထိလာပြည့်ရှင် ဘုရင်အရိဋ္ဌဇနကဆိုတာ သားရဲ့ခမည်းတော်ပဲ"

"ဟင်…ဟုတ်သလားမယ်တော်၊ သားရဲ့ခမည်းတော်ဟာ မိထိလာပြည့်ရှင်၊ ဒါနဲ့များ၊ ဒီအရပ်မှာဘာ့ကြောင့် ညိုးညိုးငယ်ငယ်နဲ့ နေသလဲမယ်တော်"

"အင်း…ဒီအကြောင်းတွေက ပြောရမှာက ရှည်လျားလွန်းပါတယ် သားရယ်၊ ခုလည်းနေထိုင်ရတာ အဆင်ပြေနေတာပဲ"

"အဆင်ပြေတယ်ဆိုပေမယ့် ထိုက်တန်တဲ့နေရာ မရသင့်ဘူးလား မယ်တော်…မိထိလာပြည့်ရှင်ထီးနန်းကို ဆက်ခံခွင့် ရှိသင့်တာပေါ့"

သားဖြစ်သူက မရမကတောင်းဆိုနေသဖြင့် ဘဝဖြစ်စဉ်အလုံးစုံကို ပြန်ပြောပြသည်။

ဘိုးတော်မဟာဇနကမင်းတွင် အရိဋ္ဌဇနကနှင့် ပေါလဇနကဟူသော သားတော်နှစ်ပါးရှိကြောင်း၊ အရိဋ္ဌဇနကမင်းသားကို အိမ်ရှေ့စံအပ်နှင်းပြီးပေါလဇနကကို စစ်သူကြီးအရာခန့်ထားကြောင်း၊ ဘိုးတော်နတ်ရွာစံသော် ခမည်းတော် အရိဋ္ဌဇနက မင်းဖြစ်ပြီး၊ ဦးရီးတော်ပေါလဇနကသည် အိမ်ရှေ့စံဖြစ်လာကြောင်း၊ အိမ်ရှေ့စံမင်းသားက နန်းလုရန်ကြံစည်နေသည်ဟု အမတ်တစ်ယောက်က ဂုံးချောသဖြင့် ဦးရီးတော်ပေါလဇနကကို အရေးယူရန် စီမံစဉ် ဦးရီးတော်က လူသူစုရုံးလျက် မိထိလာပြည်ကို စစ်ထိုး လာကြောင်းပြောပြသည်။

ဇနကမင်းသားသည် နန်းစည်းစိမ်အတွက် ညီနောင်အချင်းချင်း မသင့်မတင့်ဖြစ်ရသည်ကိုကြားရသဖြင့် သံဝေဂ ဖြစ်ရသည်။

"အေး၊ ညီနောင်အချင်းချင်း စစ်မထိုးမီ မောင့်ခမည်းတော်က ကိုယ်ဝန်စောင့်ရှောက်ဖို့မှာခဲ့တော့ အဖိုးတန်ရတနာတွေ ထုပ်ပိုးပြီး မထင်မရှားအသွင်နဲ့ထွက်စေခဲ့တယ်။ မယ်တော်လည်း ရှေးကကြားဖူးတဲ့ ကာလစမ္ပာနဂိုရ်ကိုရောက်လာပြီး၊ ဒိသာပါမောက္ခဆရာကြီးရဲ့ စောင့်ရှောက်မှုအောက်မှာ မယ်တော်တို့ အသက် ရှင်သန်ခဲ့တာပါ"

"အင်း…အစဉ်အလာသဘောကတော့ ဒီလိုပဲပေါ့သား။ ဒါပေမယ့် မယ်တော်သားက ငယ်ပါသေးတယ်။ အတတ် ပညာသင်ပါဦး"

မယ်တော်၏အဆုံးအမကြောင့် အောင့်အည်းသည်းခံလျက်နေရသော်လည်း တစ်နေ့တွင် မိထိလာထီးနန်းကို အရယူရန် သန္နိဋ္ဌာန်ချခဲ့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဖခင်၏ထီးနန်းကို အရယူရန်ဆုံးဖြတ်ထားသော ဇနကမင်းသားသည် အသက်အရွယ်လည်းရောက်၊ ပညာလည်းပြည့်စုံသည်နှင့် စီးပွားဥစ္စာရှာရန် အားထုတ်တော့သည်။ ငွေကြေးမရှိ၍မဖြစ်။ ငွေရှိမှ လက်နက်လူသူစုရုံး၍ရမည်။ လူသူလက်နက်ပြည့်စုံမှ မိထိလာပြည်ကို ပြန်လည်သိမ်းပိုက်နိုင်မည်။ သို့ဖြစ်၍ ငွေရရှိရန် ပင်လယ်ခရီးစွန့်စားသွားလျက် ကုန်သွယ်ရောင်းဝယ်ရန် ဆုံးဖြတ်လိုက်သည်။

"ဘာကြောင့်အာသာငမ်းငမ်းငွေလိုချင်တာလဲသား"

"မိထိလာထီးနန်းပြန်လိုချင်လို့ပါ မယ်တော်..."

"ဒီအတွက်ရှာစရာမလိုပါဘူးသား၊ မယ်တော်မှာပါလာတဲ့ ပစ္စည်းနဲ့ ဖူလုံပါတယ်။ ပင်လယ်ခရီးက ခက်ခဲကြမ်းတမ်းတယ်။ အသက်အန္တရာယ်နီးတယ်၊ မသွားပါနဲ့"

"မယ်တော့်စေတနာကို သားတော်နားလည်ပါတယ်။ ဒါပေမယ့် ကိုယ်စွမ်းကိုယ်စနဲ့သာ မိထိလာပြည်ပြန်လိုချင်ပါတယ်။ ဒီအတွက် စိုးရိမ်ကြောင့်ကြမဖြစ်ပါနဲ့ မယ်တော်"

မယ်တော်ကတားသော်လည်း မဟာဇနကမင်းသားကမူ ကြိုတင် စီစဉ်ထားသည့်အတိုင်း ကုန်သွယ်ရန်သင်္ဘောနှင့်ထွက်ခဲ့သည်။ သူ့အနေနှင့်ဘဝအတွေ့အကြုံရှာသင့်သည်၊ မိတ်ကောင်း ဆွေကောင်းရှာသင့်သည်။ ဤအရာတို့သည် ငွေကြေးနှင့်ဝယ်ယူ၍မရနိုင်ဟု မြင်သည်။ သို့ဖြစ်၍လည်း မိခင်ဆန္ဒကို ဆန့်ကျင်ပြီးထွက်ခဲ့သည်။

ခရီးထွက်စတွင် အစစအဆင်ပြေသော်လည်း ခုနစ်ရက်မြောက်နေ့တွင် လေမုန်တိုင်းမိတော့သည်။ မုန်တိုင်းဒဏ်ကြောင့် သင်္ဘောကြီးတိမ်းမှောက်ချိန်တွင် သင်္ဘောသားများဆောက်တည်ရာမရ ငိုကြွေးကုန်သည်။ အမေကယ်ပါ၊ အဖေကယ်ပါ၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်တော်မူပါဟု တမ်းတငိုကြွေးသော်လည်း လွတ်မြောက်ဖို့အားမထုတ်ကြ။ မဟာဇနကမင်းသားကမူ ငိုကြွေးရုံဖြင့် မလွတ်မြောက်နိုင်။ ကိုယ်စွမ်းကိုယ်စနှင့် ရုန်းကန်ရမည်ဟု နှလုံးပိုက်သည်။ ထို့ကြောင့် ထောပတ်နှင့် သကာကို ဗိုက်ပြည့်အောင်စားသည်။ ချည်ချောပုဆိုးနှစ်ထည်ကို ဆီဆွတ်၊ မြဲမြံစွာဝတ်လျက် ရွက်တိုင်ထိပ်မှလွတ်အောင် ခုန်ထွက်ပြီး အပြောကျယ်သည့် ပင်လယ်ပြင်ကြီးကို အန်တုကူးခပ်တော့သည်။

"အသင်လူသား ကမ်းမမြင် လမ်းမမြင်တဲ့ သမုဒ္ဒရာကိုအန်တုနေခြင်းမှာ အဘယ်အကျိုးကြောင်းလဲ"

ဇနကမင်းသားသည် ခုနစ်ရက်တိုင် မရပ်မနားကူးခပ်နေရာ အမေးစကားကိုကြားသဖြင့် လည်ပြန်လှည့်မော့ကြည့်လိုက်သည်။ အဝတ်တန်ဆာ ဒွါဒရာတို့နှင့် တောက်ပနေသော နတ်သမီးကို ပင်လယ်ပြင်၏ ကောင်းကင်ထက်၌ တွေ့လိုက်ရသည်။

"နတ်သမီး ဝီရိယအကျိုးကား အလဟဿမဖြစ်။ ယခု ဒုက္ခခံရလျှင် နောင်တစ်ချိန် သုခစံရမည်။ ဒီသဘောကို သိမြင်လို့ ငါဟာ သမုဒ္ဒရာကို အန်တုပေတယ်"

"အသင်လူသား၊ သမုဒ္ဒရာဟာ နက်လည်းနက်တယ်။ ကျယ်လည်းကျယ်တယ်။ သင်ဟာ ကမ်းကိုမရောက်ခင် သေရလိမ့်မယ်"

"အချင်းနတ်သမီး၊ လုံ့လဝီရိယရှိသူကို အများက ကဲ့ရဲ့မည်မဟုတ်။ ချီးမွမ်းသာခံရမယ်။ အကယ်၍ မအောင်မြင်လည်း နောင်တမဖြစ်"

"အိုလူသား၊ လုံ့လပြုလို့ဘယ်နည်းနဲ့မှ မအောင်မြင်နိုင်တဲ့ ကိစ္စကို ဘာကြောင့်ကြိုးစားနေမှာလဲ။ ပင်ပန်းပြီး အကျိုးမရှိနိုင်"

"အချင်းနတ်သမီး၊ တောဆင်ရိုင်းနဲ့တိုးလို့ လုံ့လပြုရင် အကျိုးမရှိဟုတွေးပြီး လုံ့လမစိုက်ထုတ်သူဟာ မိမိအသက်ကို မစောင့်ရှောက်သူသာပင်။ ဒီလောကမှာ အကျိုးရှိမည်ထင်ပြီး လုပ်ကြပေမယ့် အကျိုးရှိတာလည်းရှိတယ်။ မရှိတာလည်း ရှိပါတယ်။ ငါဟာလုံ့လရဲ့အကျိုးကို မျက်ဝါးထင်ထင်တွေ့နေရပြီးလေ..."

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီးရဲ့ ပြည်ပါ မင်းကြီး"

"ငါ့ပြည်ဆိုလျှင် ငါ့အမိန့်နာခံရန် သင်တို့မှာ တာဝန်မရှိလော"

"နာခံလျက်ပါမင်းကြီး"

"ကောင်းပြီ၊ သို့ဆိုလျှင် ဒီစည်းကိုကျော်ပြီး မလိုက်နဲ့။ လိုက်လာသူဟာ မင်းဒဏ်သင့်ပြီမှတ်"

မင်းကြီးသည် သစ်ကိုင်းခြောက်တစ်ခုကိုကောက်ယူလျက် လမ်းမြေပေါ် စည်းခြစ်တားလိုက်သည်။ သီဝလီဒေဝီနှင့် မင်းပရိသတ်သည် မင်းကြီး၏အပြုအမူကြောင့် ရှေ့မတိုးဝံ့။ သီဝလီဒေဝီသည် သစ်စိမ်းချိုး ချိုးလျက်ထားရစ်ခဲ့သော မင်းကြီးကိုကြည့်ပြီး ဝမ်းနည်းလာသည်။ ချစ်မြတ်နိုးလှပါသည်…တွယ်တာလှပါသည်ဟု တဖွဖွပြောခဲ့သည့် စကားများကိုပင် မေ့လျော့ပြီး၊ စွန့်ခွာသွားသည့်မင်းကြီးကိုကြည့်လျက် အလူးအလှိမ့်ငိုတော့သည်။

မဟာဇနကမင်းကြီးကမူ နောက်ကိုလှည့်မကြည့်။

မဟာဇနကမင်းကြီးသည် ဥယျာဉ်တော်သို့ ထွက်ပျော်စဉ် မြင်တွေ့ရသော သရက်ပင်နှစ်ပင်ကို ကြည့်လျက်စည်းစိမ်၊ ဥစ္စာ၊ အခြွေအရံရှိခြင်း၏ အပြစ်ကို မြင်သည်။ မရှိခြင်း၏အကျိုးကိုလည်း ဆင်ခြင်မိသည်။ ဖြစ်ပြန်ပျက်ပြန်လောကဓံဟု လူတို့ဆိုရိုးစကားနှင့် ဖြစ်ခြင်း၊ပျက်ခြင်း၊ ကုန်ဆုံးခြင်းသဘောကိုလည်း ဆင်ခြင်မိသည်။ ထိုအခါ တစ်ချိန်က တောင့်တသော ရွှေနန်းစည်းစိမ်နှင့် ထိုစည်းစိမ်၏အရသာသည် ဘေးရန်သာဖြစ်ကြောင်း တွေးမိလာသည်။ နန်းစည်းစိမ်ကြောင့် ခမည်းတော် အရိဋ္ဌဇနကမင်း အသက်ဆုံးရှုံးရပုံ၊ သူတို့သားအမိ ညှိုးငယ်စွာနေခဲ့ရပုံဘဝများကို သတိရလာသည် စည်းစိမ်ရှိခြင်း၏ အပြစ်၊ စည်းစိမ်မဲ့ခြင်း၏အကျိုးကိုတွေ့သော် ရသေ့ရဟန်းတို့ဘဝကို မြတ်နိုးခုံမင်စိတ်ဖြစ်သည်။ ဤတွင် တရားကို ရှုပွားခဲ့သည်။ တရား၏အေးမြမှုကိုခံစားရသော တစ်သက်လုံးချမ်းသာရာရမည့် ဘဝသို့ ကူးပြောင်းရန် ခိုင်ခိုင်မာမာဆုံးဖြတ်လိုက်သည်။

မဟာဇနကမင်းကြီး တားထားသည့်စည်းကို မကျော်ဝံ့၍ ပြည်သူပြည်သားများ အော်ဟစ်ငိုကြွေး တောင်းပန်ကြသည်။ သို့သော် မဟာဇနကမင်းသည် ဝတ္ထုကာမကို အပြီးတိုင် ပယ်ဖြတ်လျက် အုံ့ဆိုင်းညို့မှိုင်းနေသည့် တောရပ်ခွင်သို့ လှမ်းဝင်သွားတော့သည်။

**ကျမ်းကိုး။ ။မဟာဇနကဇာတ်**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com


မဟာဇနကမင်းကြီးသည် တစ်နေ့တွင် ဥယျာဉ်တော်သို့ ဆင်စီးလျက် ထွက်ပျော်စံသည်။ ထိုအခါ ဥယျာဉ်တံခါးဝ၌ သရက်ပင်နှစ်ပင်ကို တွေ့သည်။ တစ်ပင်က အသီးများပြွတ်သိပ်နေအောင် သီးနေပြီး၊ အခြားအပင်ကမူ အသီးမရှိချေ။ မင်းကြီးသည် ဆင်ထက်မှ သရက်သီးတစ်လုံးကို ဆွတ်ယူသုံးဆောင်ပြီး ဥယျာဉ်တော်သို့ဝင်သည်။ နောက်ပါဗိုလ်လူများသည် မင်းကြီးသုံးဆောင်ပြီးလေပြီဟူသော အမှတ်ဖြင့် သူ့ထက်ငါ အလုအယက် ခူးဆွတ်ကြသည်။ သရက်သီးကို တုတ်ခဲတို့ဖြင့် လည်းကောင်း၊ တံချူဖြင့်လည်းကောင်း၊ ပုတ်ခတ်ရာ အသီးသာမက၊ အရွက်တို့ပါ ပျက်ပြုန်းကုန်သည်။ ညချမ်းအချိန်တွင် ဥယျာဉ်တော်မှ ပြန်ထွက်လာသော အုံ့ဩဖွယ်ကောင်းအောင် ဖြစ်ပျက်နေသည့် သရက်နှစ်ပင်ကို တွေ့ရသည်။

"သြော်…အသီးနဲ့ပြည့်စုံတဲ့ သရက်ပင်ဟာ အသီးသာမက အခက်အလက်တွေပျက်ပြုန်းပြီး၊ အကိုင်းတို့လည်း ကျိုးပြတ်နေတယ်။ အသီးမရှိတဲ့ သရက်ပင်ကတော့ နှောင့်ယှက်သူမရှိလို့ ပကတိအတိုင်းစိုပြည်ဝေဆာနေပါလား"

ဇနကမင်းသည် ထိုအဖြစ်အပျက်ကိုကြည့်လျက် အတွေးတစ်ခု ဝင်လာသည်။

"အင်း…မင်းအဖြစ်ကား အသီးရှိတဲ့သရက်ပင်နဲ့တူတယ်။ ရသေ့၊ ရဟန်းအဖြစ်ကား အသီးမရှိတဲ့ သရက်ပင်နဲ့တူပေတယ်"

မင်းကြီးသည် မင်းဘဝကိုရချိန်တွင် တွေးတောစရာဆင်ခြင်မိပြီး သံဝေဂစိတ်ဖြစ်သည်။ ထို့ကြောင့် တိုင်းရေးပြည်ရေးကို အမှူးအမတ်များနှင့်လွှဲအပ်ပြီး တရားအားထုတ်ရန် ကြံစည်တော့သည်။

"ငါ့ထံကို စားတော်အုပ်ပို့သူမှလွဲပြီး ဘယ်သူမျှမလာရ၊ တရား အလုပ်ကို မနှောင့်ယှက်ကြနဲ့"

မဟာဇနကမင်းကြီးသည် ပြာသာဒ်ထက်တွင် တစ်ပါးတည်းစံမြန်းလျက် တရားနှင့်ချမ်းသာစွာနေသည်။ တရား၏ ချမ်းသာမှုကိုရသော် ရသေ့ရဟန်းပြုလျက် လောကီကိုစွန့်ခွာရန်ဆုံးဖြတ်သည်။ ထို့ကြောင့် မင်းချင်းယောကျ်ားကိုခေါ်လျက် မည်သူမျှမသိစေဘဲ သပိတ်၊ သင်္ကန်းရှာခိုင်းသည်။ ဆတ္တာသည်ကိုခေါ်လျက် ဆံမုတ်ဆိတ်ကိုပယ်သည်။ လောကတွင် ပွင့်တော်မူပြီးသော ဘုရားရှင်အဆူဆူနှင့် ရဟန္တာတို့ကို ရည်ရွယ်လျက် ရဟန်းဝတ်သည်။ ထို့နောက် ပြာသာဒ်ထက်မှ ဆင်းခဲ့သည်။

ထိုအချိန်တွင် သီဝလိဒေဝီနှင့် အခြားမိဖုရားများသည် မဖူးမတွေ့ရတာကြာပြီဖြစ်သော မင်းကြီးကိုဖူးရန် ပြာသာဒ်ထက် တက်လာသည်။ လှေကားတွင် မဟာဇနကမင်းကြီးနှင့်တွေ့သော်လည်း မင်းကြီးဟုမထင်။ ပစ္စေကဗုဒ္ဓါတစ်ပါး မင်းကြီးအား တရားဟောပြီးပြန်ကြွလာသည်ထင်၍ ရှိခိုးကန်တော့ကြသည်။ ပြာသာဒ်ထက်ရောက်သော် မင်းကြီးကို မတွေ့ရဘဲ၊ ရိတ်ထားသည့် ဆံမုတ်ဆိတ်နှင့်ဝတ်လဲတော်များကို မြင်ရမှ စောစောကဆင်းသွားသည်မှာ မင်းကြီးဖြစ်ကြောင်းသိကြသည်။သီဝလိဒေဝီနှင့် မိဖုရားများသည် ငိုယိုလျက် မင်းကြီးနောက်သို့လိုက်ကြသည်။

သီဝလိဒေဝီသည် အိမ်အိုအိမ်ဟောင်းတစ်ခုကို မီးတင်ရှို့လျက်၊ "အရှင်မင်းကြီး၊ ဘဏ္ဍာတိုက်တွေ မီးလောင်ကုန်ပါပြီ၊ အမတ်တို့ကို မီးငြိမ်းသတ်ဖို့ခိုင်းတော်မူပါ"ဟု တောင်းပန်သည်။ မင်းကြီးသည် သွားမြဲခရီးအတိုင်း ရှေ့ဆက်သွားသည်။ "ငါ့မှာကြောင့်ကြစရာမရှိတော့"ဟု မိန့်သည်။

သီဝလိဒေဝီလက်မလျှော့သေး။ မင်းကြီးမြင်သာသည့်အရပ်သို့ လက်နက်ကိုင်များစေလွှတ်လျက် သူခိုးဓားပြများဆူပူ လေဟန်ပြုသည်။ ပြည်သူအပေါ် ရင်ဝယ်သားနှယ် စောင့်ရှောက်လေ့ရှိသော မင်းကြီးသည် ပြည်သူတို့ ဒုက္ခရောက်လျှင် လက်ပိုက်ကြည့်မနေ။ တောထွက်ရန် အကြံကိုဖျက်လျက် ပြန်လာလိမ့်မည်ဟု တွေးထင်ခဲ့သည်။ သို့သော် မင်းကြီးကမူ ဂရုမစိုက်ဘဲ "ငါနဲ့မဆိုင်"ဟု ဆိုလျက် ကြွမြဲတိုင်း ကြွသည်။

သီဝလိဒေဝီနှင့်တကွ "အမှူးအမတ်များ၊ နန်းတွင်းသူ၊ နန်းတွင်းသားများသည် ငိုယိုတောင်းပန်လျက်လိုက်လာကြပြန်သည်။ ဤသူတွေ လိုက်မလာအောင် ငါကြံတော့အံ့ဟု တွေးလျက်၊ ပရိသတ်ကို စောင့်သည်။

"ဤတိုင်းပြည်ဟာ ဘယ်သူပြည်လဲ"

www.burmeseclassic.com

www.burmeseclassic.com



''ဘာကိုလဲ''

''လုံ့လရှိသော ငါကအသက်ရှင်နေပြီး ကျန်သူများက သေကုန်ပြီလေ။ ငါမူကား အသက်နဲ့ကိုယ်မြဲနေသေးတယ်။ ဒါကြောင့် ငါဟာ အသက်ရှင်နေသမျှ လုံ့လမလျှော့ဘဲ ဆက်ကြိုးစားသွားမယ်''

မဏိမေခလာနတ်သမီးသည် ဘုရားလောင်း၏စိတ်ဓာတ်ကို သဘောကျသွားသည်။ ဤသို့သော ပုဂ္ဂိုလ်မျိုး အကြောင်းမဲ့ မဆုံးရှုံးသင့်ဟု တွေးလျက် ရေထဲမှ ဆယ်တင်ယူလိုက်သည်။ မင်းသားရောက်လိုသော မိထိလာမြို့ ဥယျာဉ်ထဲရှိကျောက်ဖျာထက်တွင် တင်လိုက်သည်။ ခုနစ်ရက်မျှ ပင်လယ်ပြင်တွင် ကူးခပ်ရသဖြင့် မောပန်းနွမ်းနယ်နေသော မင်းသားသည် နတ်သမီး၏ရင်ခွင်ထဲရောက်သည်နှင့် မိခင်၏ မေတ္တာရင်ငွေ့ အရသာကို ခံစားရ၍ အိပ်ပျော်သွားလေတော့သည်။

* * *

ထိုကာလတွင် မိထိလာပြည်ရှင် ပေါလဇနကမင်းနတ်ရွာစံသည်မှာ (၇)ရက်ပြည့်သောနေ့ဖြစ်သည်။ မင်းကြီးတွင် သမီးတော်သာရှိ၍ သားရတနာမရှိရကား ထီးနန်းဆက်ခံမည့်သူ ရွေးရန်ခက်နေသည်။ မင်းကြီးနတ်ရွာမစံမီ၊ ထီးနန်းဆက်ခံသူသည် သမီးတော်လက်ခံသူဖြစ်ပြီး ပြဿနာလေးချက်ဖြေနိုင်သူဖြစ်ရမည်ဟု ဆိုထဖြင့် မင်းလောင်းမရနိုင်။ ထိုအခါမှူးမတ်များတိုင်ပင်လျက် ဖုဿရထားစေလွှတ်သည်။ အဆိုပါရထားသည် ဥယျာဉ်တော်တွင် ကျောက်ဖျာထက် အိပ်ပျော်နေသော ဇနကမင်းသားထံဆိုက်သွားသည်။ အခြင်းအရာနှင့် ရုပ်ရည်သွင် ပြင်ကြည့်သော် မင်းတို့၏လက္ခဏာနှင့် ပြည့်စုံသဖြင့် ''မင်းအဖြစ်ကိုလက်ခံရန်'' တောင်းပန်ကြသည်။ မင်းသားကလက်ခံသဖြင့် ကျောက်ဖျာထက်၌ပင် အဘိသိက် သွန်းလိုက်သည်။

မင်းလောင်းယောကျ်ား နန်းတော်တွင်းရောက်ပြီဟု သီဝလိဒေဝီ သိသော် စုံစမ်းရန် မင်းချင်းတစ်ယောက်အား စေသည်။ ဇနကမင်းသားအား မင်းသမီးက ''အမြန်ကြွလာပါ''ဟု လျှောက်ထားလိုက်သည်။ ဤသို့စေခိုင်းလျှင် မဆင်မခြင် ကြွလာက အစိုးရသူမဖြစ်နိုင်ဟု မင်းသမီးယူဆသည်။ မင်းချင်းက မင်းသမီးမှာသည့်အတိုင်း လျှောက်ထားသော် မဟာဇနကမင်းသည် မကြားဟန်ပြုလျက် မှူးမတ်များနှင့် စကားဆိုနေသည်။ နန်းတော်ကိုကြည့်လျက် ချီးမွမ်းနေသည်။ ထိုအကြောင်း ပြန်လည်သံတော်ဦးတင်သော် သီဝလိဒေဝီသည် အစိုးရသူဖြစ်လေပြီဟု တွက်လျက် ကိုယ်တိုင်ပင် ထွက်ကြိုသည်။

ပေါလဇနကမင်း နတ်ရွာမစံမီ ဤထီးနန်းဆက်ခံသူသည် သမီးတော် နှစ်သက်သူဖြစ်ရမည်။ ပလ္လင်ခေါင်းရင်း သိသူဖြစ် ရမည်။ ဗိုလ်ခြေတစ်ထောင်တင်နိုင်သော လေးကိုတင်နိုင်ရမည်။ ရွှေအိုးကြီး (၁၆)လုံး ဖော်နိုင်သူဖြစ်ရမည်ဟု မှာထားသည်။ သီဝလိဒေဝီက နှစ်သက်သဖြင့် ပထမအချက်ကို အောင်မြင်ပြီဖြစ်သည်။ ပလ္လင်ခေါင်းရင်း သိသူဖြစ်ရမည် ဟူသောအချက်ကို စူးစမ်းသည်။ မင်းသားသည် ပလ္လင်ခေါင်းရင်းကို မသိနိုင်။ ထို့ကြောင့် ဦးသျှောင်ကိုချွတ်လျက် မင်းသမီး လက်အပ်သည်။ မင်း၏တန်ဆာဖြစ်သော ဦးသျှောင်ကို မြင့်မြတ်သည့်အရပ်၌သာ ထားမည်ဟု တွက်သဖြင့် ပေးလေ၏။ ထိုအခါ မင်းသမီးက ဦးသျှောင်ကို ခေါင်းရင်းအရပ်၌ထားသဖြင့် ပလ္လင်ခေါင်းရင်းကိုသိသွားသည်။ တတိယပြဿနာဖြစ်သော လေးကိုလည်း အလွယ်တကူတင်နိုင်သွားသည်။ နောက်ဆုံးအချက်ဖြစ်သော ရွှေအိုးကြီးများ ဖော်ထုတ်ရန်သည် ကျန်တော့သည်။

''အရှင့်သားရွှေအိုးကြီး (၁၆)လုံးကို ခမည်းတော်မင်းကြီးက မြှုပ်နှံထားပါတယ်။ ဒါကို တူးဖော်ယူနိုင်စွမ်း သူသာလျှင် ဒီနန်းနဲ့ထိုက်တန်သူ ဖြစ်ပါတယ်။ ဒါကြောင့် ဖော်ထုတ်နိုင်ရန် အရပ်အနေဖြင့် ဖော်ပြပါမယ်။ ရွှေအိုးကြီး (၁၆)လုံးအနက် နေထွက်ရာအရပ်မှာ တစ်လုံးရှိပါတယ်''

''ဒါဆို ပစ္စေကဗုဒ္ဓါတို့ ကြွလာတဲ့အခါမှ မင်းကြီးက ဘယ်နေရာကထွက်ကြိုသလဲ။ အဲဒီအရပ်မှာ တူးယူပါ''

အဲဒီအရပ်မှာ တူးဖော်ကြည့်ရာ အမှန်ပင် ရွှေအိုးကြီးတစ်လုံးရသည်။ သီဝလိဒေဝီသည် မင်းသား၏ ဉာဏ်ရည်ကိုချီးကျူးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေဝင်ရာအရပ်မှာ တစ်လုံးပါတဲ့"
"အရှင်မြတ်တို့ပြန်ကြွရင် မင်းကြီးလိုက်ပို့တဲ့နေရာမှာ တစ်လုံးရှိပါလိမ့်မယ်"
"နောက်တစ်လုံးက အတွင်းမှာပါ"
"မင်းတံခါးမကြီးရဲ့အတွင်းခုံနေရာမှာ တူးဖော်ပါ"
"နောက်တစ်လုံးက အပြင်မှာပါ"
"အဲဒီတံခါးခုံမှာ ရှိပါတယ်"
"အတွင်းမကျအပြင်မကျအရပ်မှာတစ်လုံးပါ"
"အတွင်းမကျအပြင်မကျဆိုတော့ တံခါးခုံအောက် တည့်တည့်ပါ"
"နောက်တစ်လုံးက တက်ရာအရပ်မှာပါ"
"ဒါကမင်္ဂလာဆင်တော်တက်ရာ အရပ်ပါ"
"ဆင်းရာအရပ်မှာ တစ်လုံးလို့ညွှန်ပါတယ်"
"မင်္ဂလာဆင်တော်ဆင်းရာအရပ်မှာ တူးဖော်ကြည့်ပါ"

ရွှေအိုးကြီးတစ်ဆယ့်ခြောက်လုံးမြှုပ်နှံထားရာအရပ်ကို အလွယ်တကူ အတိအကျ ညွှန်ပြတူးဖော်ယူနိုင်သဖြင့် သီဝလိဒေဝီနှင့်တကွ အမှုးအမတ်များက ချီးမွမ်းသည်။ အံ့ဩလောက်အောင် ပညာစွမ်းရည်နှင့် ပြည့်စုံပါပေသည်။ နှလုံးရည်နှင့် လက်ရုံးရည်ပြည့်စုံပါတကားဟု ဝမ်းမြောက်ဝမ်းသာချီးကျူးကြသည်။

ဇနကမင်းသားသည် ရွှေအိုးကြီးများတူးဖော်ပြီး၊ ကြီးစွာသောအလှူကို ပေးသည်။ သူ၏ရည်မှန်းချက်အတိုင်း ထမြောက်အောင်မြင်သော် မယ်တော်နှင့်တကွ သူတို့ကိုစောင့်ရှောက်ထားသော ဒိသာပါမောက္ခ ဆရာကြီးအား ခေါ်လျက် ကောင်းစွာ စောင့်ရှောက်ပြုစုလေသည်။

* * *

"အရှင့်ဇနက မင်းရဲ့သားတော်တဲ့"
"ဘုန်းကံကြီးတဲ့ယောက်ျားမို့ အနှောင့်အယှက်မရှိဘဲ ထီးနန်းကို စိုးစံခွင့်ရတာပဲ"

မိထိလာပြည်သူများသည် သူတို့ကျေးဇူးရှင်၏သားတော် ထီးနန်းရသည်ဆို၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ လက်ဆောင်ပဏ္ဏာများ ဆောင်ယူလာလျက် ဝမ်းမြောက်စကားဆိုကြသည်။

မဟာဇနကမင်းသားသည် သူ၏စည်းစိမ်ကိုကြည့်လျက် ပင်လယ်ပြင်တွင် သင်္ဘောပျက်စဉ်က အဖြစ်အပျက်ကို ပြန်တွေးမိသည်။ သူသည် ကမ်းမမြင်၊ လမ်းမမြင်ပင်လယ်ပြင်ကြီးကို မလျှော့သောဇွဲလုံ့လဖြင့် လက်ပစ်ကူးခဲ့သည်။ ဤအားထုတ်မှု၏အကျိုးဆက်ကို တွေးမိသဖြင့် ဥဒါန်းကျူးရင့်လိုက်သည်။

"အချင်းတို့၊ ယောက်ျားကောင်းမှန်ရင် ကြိုးစားအားထုတ် ရမယ်။ မပျင်းရိမပေါ့လျော့ရ။ ငါဟာ သမုဒ္ဒရာထဲ သင်္ဘောနစ်မြုပ်ရာမှ လွတ်မြောက်ပြီး အလိုရှိတဲ့အတိုင်းမင်းဖြစ်ခဲ့တယ်။ ငါ့ကို နမူနာကြည့်ကြ"

"အချင်းတို့၊ ပညာရှိသူက ဆင်းရဲဒုက္ခရောက်သော်လည်း ချမ်းသာသုခရရေးအတွက် ရည်မှန်းချက်မစွန့်ရာ။ လောကဓမ္မတာအရ ဆင်းရဲချမ်းသာကို ကြုံရစမြဲကပင်။ ဆင်းရဲပေမယ့် နောင်အခါချမ်းသာတဲ့အလှည့်ရနိုင်ပေတယ်။ မကြံစည်သော်လည်း ဖြစ်တတ်သလို၊ ပျက်တတ်ပေတယ်"

မင်းကြီးသည် မိမိဘဝအတွေ့အကြုံနှင့်ယှဉ်လျက် အသိပညာပေးသည်။ တရားနှင့်အညီ အုပ်ချုပ်သဖြင့် ပြည်သူတို့၏ ချစ်ခင်လေးစားမှုရခဲ့သည်။ ဤသို့ဖြင့် သားတော်ဒီဃာဝုမင်းသားမွေးဖွားလာရာ သားတော်ကို အိမ်ရှေ့အရာ အပ်နှင်းလိုက်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# သံလှောင်အိမ်ထဲက မင်းသား

ကျွန်ုပ်၏ဘဝတွင် အိပ်မက်ဆိုးကြီး မြင်မက်နေသည့်ပမာ။ ထိုအိပ်မက်သည် တစ်ညတာမဟုတ်၊ တစ်ရက်မဟုတ်၊ တစ်လမဟုတ်၊ နှစ်နှင့်ရှည်ကြာသည်။ အမိဝမ်းတွင်း၌ (၁၀)လကြာမြင့်ရုံဖြင့် အားမရသေး။ အမိဝမ်းမှကျွတ်ပြီးနောက် သံလှောင်အိမ်ထဲတွင် နှစ်ရှည်ကြာမြင့်စွာ မြင်မက်ရပြန်သည်။ လူတစ်ယောက်ကို သံလှောင်အိမ်ထဲထည့်ထားလျှင် ထိုသူသည် တစ်ရက်တော့ ပြီးလွယ်စီးလွယ်ကုန်သွားနိုင်သည်။ တစ်ရက်က နှစ်ရက်…သုံးရက်…လေးရက်။ ထိုမှ တစ်လ…နှစ်လ…သုံးလနေရလျှင် ထိုသူဆန္ဒ အဘယ်သို့ ရှိမည်နည်း။ လွတ်လပ်မှုဆုံးရှုံးရသော အများသူငါလိုပျော်ရွှင်မှု ကင်းမဲ့ရသော ဘဝကို အဘယ်သူကကြာရှည်စွာ လျှောက်ချင်မည်နည်း။ ဘဝအမှောင်ထဲရောက်နေသူအဖို့ အလင်းရောင်ကိုသာ တောင့်တမည်။ အလင်းမှတစ်ပါး အခြားမလိုချင်။

အိပ်မက်ဆိုးကြီးမက်ခဲ့ရသော ကျွန်ုပ်သည် ထိုအိပ်မက်မှ ရုန်းထွက်ချင်သည်။ အိပ်မက်ကို အမြန်ပျက်ပြယ်သွားစေချင်သည်။ သို့သော် ရုန်းမထွက်သာ။ အန္တရာယ်က ဆီးကြိုနေသည်။ သံယောဇဉ်မရှိ၍မဟုတ်၊ ရှိလွန်း၍ဖြစ်သည်။ မိဘနှစ်ပါးသည် ကျွန်ုပ်၏ အသက်အန္တရာယ်အတွက် စိုးရိမ်သဖြင့် သံလှောင်အိမ်ထဲ ထည့်ထားခဲ့သည်။

ကျွန်ုပ်၏ခမည်းတော်မှာ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးဖြစ်သည်။ မယ်တော်မှာ မင်း၏ မိဖုရားခေါင်ကြီးဖြစ်သည်။ ခမည်းတော်နှင့်မယ်တော်တွင် ကျွန်ုပ်အပြင် သားနှစ်ယောက်ဖွားမြင်ခဲ့သည်။နောင်တော်ကြီးရော၊ နောင်တော်ငယ်ကိုပါ ဘီလူးမက လုယူထွက်ပြေးပြီး စားပစ်ခဲ့သည်။ နောင်တော်ကြီးကို လုယူစဉ်က အမှတ်တမဲ့မို့ အဓိုက်ခံလိုက်ရသည်။ "ဟဲ့ ဟဲ့၊ လုပ်ကြပါ…ဆီးတားကြပါ… ငါ့သားတော်ကိုဘီလူးမ လုယူသွားပြီ"ဟု အော်ရုံသာ အော်လိုက်နိုင်သည်။ နောင်တော်ကြီး ဘီလူးအစားခံရသည်။

ဘီလူးမ၏ရန်ကိုသိထားပြီးဖြစ်၍ နောက်တစ်ကြိမ်သားဖွားတော့ သတိထားသည်။ အစောင့်အရှောက်တွေ နန်းတော် တစ်ခုလုံးချထားသည်။ မီးနေခန်းတွင်လည်း အစောင့်တွေနှင့်ပိတ်ဆို့ထားသည်။ အတွင်း၌လည်း ရံရွေတော်တွေ လူချင်းထပ်ချထားသည်။ ထိုသို့ တင်းတင်းကျပ်ကျပ်ချထားသည့်ကြားမှ သားကိုလုသွားပြန်သည်။ ဘီလူးမ ကလေးကို ဝင်လုချိန်တွင် အစောင့်များက ဓားလှံလက်နက်ဖြင့် ဆီးဆို့တားသည်။ သို့သော် ကာမ္မဗိဒ္ဓိတန်ခိုးရှင်ကို လူသားတွေ မဟန့်တားနိုင်ခဲ့။ ဒုတိယသား ဆုံးပါးရပြန်သည်။

သားရတနာဟူသည် မင်းဧကရာဇ်တို့အဖို့ အဖိုးတန်ရတနာဖြစ်သည်။ နန်းစောင့်မင်းလျာဖြစ်၍ အထူး တန်ဖိုးထားသည်။ နန်းလျာမဲ့လျှင် မျိုးဆက်ပြတ်မည်ကို အထူးစိုးရိမ်သည်။ မျိုးဆက်မပြတ်ရေးအတွက် အပူတပြင်း တိုင်ပင်ပြီး၊ ဘီလူးမရန်မှ လွတ်အောင် သံလှောင်အိမ်ကြီးတစ်လုံး ဆောက်သည်။ ကျွမ်းကျင်သော ပန်းပဲဆရာများကို

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းဆင့်ခေါ်လျက် လိုချင်သည့်ပုံစံကို ပြောပြသည်။ ပြင်ပမှဝင်မလာနိုင်သည့် သံလှောင်အိမ်။ ထိုအိမ်သည် နန်းတော်တမျှ ကြီးချင်ကြီးရမည်။ နန်းတော်နှင့်မခြား အဆင်အပြင်၊ အသုံးအဆောင်များ ထည့်ထားနိုင်ရမည်။ သို့သော် အဓိကလိုအပ်ချက်မှာ လုံခြုံမှု။ ဘီလူးမ ရန်က ကာကွယ်နိုင်မှုပင်။ နိုင်ငံတွင်းမှ ပန်းပဲကျော်များဆင့်ခေါ်ပြီး ကျွန်ုပ်နေရန် သံလှောင်အိမ်ကြီးကို တည်ဆောက်စေသည်။ မည်မျှ ခမ်းနားကြီးကျယ်သည့် လှောင်အိမ်ဖြစ်မည်ကို မှန်းဆကြည့်လျှင် ရသည်။ ပန်းပဲကျော်အမြောက်အမြားနှင့် တည်ဆောက်ခဲ့သော သံလှောင်အိမ်ကြီးက ကိုးလကြာမှ ပြီးသည်။ ထိုလှောင်အိမ်ထဲ၌ပင် ကျွန်ုပ်ကို ဖွားမြင်ခဲ့သည်။

ဖွားမြင်ရုံသက်သက်ဆိုလျှင် ကျွန်ုပ်၏စိတ် ဤမျှပင်ပန်းမည် မဟုတ်။ မွေးဖွားပြီးချိန်မှ (၁၆)နှစ်အရွယ်ထိ၊ ဘယ်မှမထွက်ရဘဲ ဤလှောင်အိမ်ထဲ၌ ကျွန်ုပ်ကြီးပြင်းခဲ့ရသည်။ သံလှောင်အိမ်ထဲ ကြီးပြင်းခဲ့ရသည့် ကျွန်ုပ်ကို အယောဃရဟု အမည်ပေးခဲ့သည်။

* * *

ကျွန်ုပ်ကို မင်းဖြစ်စေလိုသော စေတနာဖြင့် ခမည်းတော်၊ မယ်တော်က သံလှောင်အိမ်ထဲ ထည့်ထားခဲ့သည်။ မချစ်၍မဟုတ်၊ ချစ်သည်။ အပြစ်ရှိ၍ မဟုတ်၊ ဘေးအန္တရာယ်ရောက်မှာစိုး၍ ဖြစ်သည်။ ဘေးမသီရန်မခဘဲ ကြီးပြင်းလာလျှင် ကျွန်ုပ်အား မင်းအဖြစ်ချီးမြှင့်မည်။ လူတိုင်းလူတိုင်း တောင့်တသော ကေရာဇ်မင်းအဖြစ် မြောက်စားလို၍ ဖြစ်သည်။ ချမ်းသာသုခ အပြည့်အဝခံစားရသော မင်းဖြစ်စေလို၍ သံလှောင်အိမ်ထဲထည့်ထားခြင်းပင်။

မိဘများက ချမ်းသာစေလိုသော စေတနာနှင့်ထားသော်လည်း ကျွန်ုပ်ဘဝတွင် ဆင်းရဲလှသည်။ ဘယ်မှ မသွားရဘဲ သံလှောင်အိမ်ထဲ၌သာ နေရသည်။ ကျွန်ုပ်အတွက် လိုအပ်ချက်မှန်သမျှ သံလှောင်အိမ်ထဲ အရောက်ပို့ပေးသည်။ ကျွန်ုပ်သည် စားစရာလည်း မပူရ။ နေစရာလည်း မပူရ။ ယံစဉ်ဘဝတွင် ကစားဖော်များပင် သံလှောင်အိမ်ထဲအရောက် ပို့ပေးသည်။ ထိုမျှမကသေး ကျွန်ုပ် ပျင်းနေမည်စိုးသဖြင့် အတီးတော်၊ အဆိုတော်၊ အကတော်များကိုလည်း အလှည့်ကျ အသုံးတော် ခံစေသည်။ မင်းသားတစ်ယောက် ခံစားခွင့်ရှိသည့် အခွင့်အရေးမှန်သမျှ လိုအပ်သည်မရှိအောင် စီမံပေးသည်။

ဤရွေ့ဤမျှ ပြည့်စုံသော်လည်း ကျွန်ုပ်ကမူ အာသာဆန္ဒမပြည့်။ လွတ်လပ်မှုဆုံးရှုံးနေသောမိမိအဖြစ်ကို ပြန်တွေးပြီး ဒုက္ခဆင်းရဲဖြစ်နေသည်။ ကျွန်ုပ်အဖြစ်သည် ရွှေလှောင်ချိုင့်အတွင်းထည့်ပြီး အလှမွေးထားသော ကျေးငှက်လေးနှင့် တူနေသည်။ အစာအာဟာရအတွက်ကြောင့်ကြမဲ့သော်လည်း သဘာဝအတိုင်း လွတ်လွတ်လပ်လပ် မနေရသည့် ကျေးငှက်လေးက ဘယ်မှာပျော်ရွှင်မှု ရနိုင်မည်နည်း။

ကျွန်ုပ်သည် ချမ်းသာမှုရရန် ဒုက္ခနှင့် ရင်းနှီးရယူနေရသည့်နှယ် ဖြစ်နေသည်။ မိခင်ဝမ်းမှ လွတ်မြောက်ရပြီး၊ သံလှောင်အိမ်ထဲ ပြန်ဝင်ရသည့်အဖြစ်မှာ အကျဉ်းထဲက အကျဉ်းထဲ ကူးပြောင်းသည်နှင့် မခြားနားပေ။

ကျွန်ုပ်သည် မိမိဘဝကို စိတ်နာသည်။ မိမိအဖြစ်ကို စိတ်ပျက်သည်။ ဤဒုက္ခနယ်ပယ်မှ လွတ်မြောက်ရန်သာ အမြဲတွေးနေမိသည်။ ဤသံလှောင်အိမ်ကလွတ်လျှင် အဘယ်ဘဝ ရောက်မည်နည်း။ မင်းဘဝ ရောက်မည်။ ဗာရာဏသီပြည်၏ မင်းအဖြစ် ရမည်။ လှောင်အိမ်ငယ်မှ လှောင်အိမ်ကြီးထဲ ကူးပြောင်းရသည်ပင်။

ဦးဆုံး အမိဝမ်းလှောင်အိမ်၌ ဘဝရှင်သန်ခဲ့ရသည်။ အမိဝမ်းမှ လွတ်မြောက်ချိန်တွင် သံလှောင်အိမ်ထဲ ဝင်ရသည်။ ထိုသံလှောင်အိမ်က လွတ်လျှင် ဗာရာဏသီပြည်၏ နန်းတော်လှောင်အိမ်ထဲ ပြန်ဝင်ရဦးမယ်။ ဘယ်မှာ လွတ်မြောက်လို့ လဲ... လှောင်အိမ်ငယ်မှ လှောင်အိမ်ကြီးထဲ ပြန်ဝင်ရသည်ပင်။

* * *

www.burmeseclassic.com

www.burmeseclassic.com



''သားတော်၊ ငါ့သားတော်ကို ပိုးမွေးသလိုမွေးပြီး စောင့်ရှောက်ခဲ့တာ ခုတော့ အောင်မြင်သွားပြီ။ အရွယ်ရောက်တဲ့ ငါ့သားတော်ကို ခမည်းတော် ထီးနန်း လွှဲပေးတော့မယ်''

''ကျွန်ုပ်ထီးနန်းမလိုလားပါ ခမည်းတော်…''

''ဟေ…ဗာရာဏသီထီးနန်းကို ဘာကြောင့်ငြင်းပယ်ရတာလဲ သားတော်…။ ဗာရာဏသီမင်းဆိုတာ ဂုဏ်ငယ်လို့လား''

''ဒီလိုမဟုတ်ပါ ခမည်းတော်၊ သားတော်ဟာ စကြဝတေးမင်း ဖြစ်မယ်ဆိုလည်း ဒီဘဝ၊ ဒီအဖြစ်ကို မစုံမက်ပါ''

''အို…မဟုတ်သေးပါဘူး သားတော်။ ငါတို့နှစ်ရှည်လများ မျှော်လင့်တကြီးစောင့်ခဲ့ရတဲ့ မျှော်လင့်ချက် မပျက်ပြယ်ပါရစေနဲ့ သားတော်…''

''သားတော်ကို ခွင့်လွှတ်ပါ ခမည်းတော်။ မင်းအဖြစ်ကို အခြားလူတွေမက်မောပေမယ့် သားတော်တော့ မမက်မောပါ။ ကျဉ်းကျပ်တဲ့ အနှောင်အဖွဲ့ထဲ မနေချင်ပါ''

''ဘယ်လို၊ ကျဉ်းကျပ်တဲ့ အနှောင်အဖွဲ့…''

ခမည်းတော်သည် ကျွန်ုပ်စကားကို နားမလည်ဟန်ဖြင့် အံ့အားတသင့်အမူအရာဖြင့် ကြည့်နေသည်။ ကျွန်ုပ်သည် မိမိမြင်ထားသည့် အမြင်ကို ခမည်းတော်နားလည်အောင် ရှင်းပြဖို့လိုမည်ဟု တွေးလိုက်သည်။

''ခမည်းတော်၊ သားတော်ဟာ အမိဝမ်းအကျဉ်းတိုက်မှာ ဆင်းဆင်းရဲရဲ၊ ကျပ်ကျပ်တည်းတည်းနဲ့ နေခဲ့ရတယ်။ မစင်အိတ်ကို ခေါင်းပေါ်တင်ထားပြီး ဆယ်လလုံးလုံး ဆင်းဆင်းရဲရဲနေရတဲ့အဖြစ်ဟာ ငရဲကျခံနေရသလိုပါပဲ''

''အို…..''

''ဖွားမြင်ပြီးတော့ တစ်ဆယ့်ခြောက်နှစ်လုံးလုံး သံလှောင်အိမ်ထဲမှာ ကြီးပြင်းခဲ့ရတယ်''

''သားကို ဘီလူးမ အစားမခံရအောင် စောင့်ရှောက်တာပါသား''

''မှန်ပါတယ် ခမည်းတော်၊ ဘီလူးမရဲ့ အစားခံရရင်လည်း သေမှာပဲ။ အစားမခံရဘဲ အခုလိုအသက်ရှင်လာတော့လည်း အိုခြင်းဆိုတဲ့ဘီလူး၊ နာခြင်းဆိုတဲ့ဘီလူး၊ သေခြင်းဆိုတဲ့ဘီလူးကြီးတွေက အဆင့်ဆင့်ဖမ်းပြီး စားကြမှာပါ။ နောက်ဆုံးတော့ သေခြင်းဆိုတဲ့ ဘီလူးဘေးကတော့ ဘယ်လိုမှ လွတ်နိုင်မှာ မဟုတ်ဘူး''

''သားတော်ရာ ဘာကြောင့် ဒီလောက်တွေးရတာလဲ။ လူတိုင်းလူတိုင်း မရှောင်သာလို့ တွေ့ရမယ့် မရဏဘီလူးရန်က ပုံမှန်တွေ့ရတာပဲ။ တွေ့မှတွေ့၊ အစားခံရမှ ခံပေါ့။ မသေခင်ကတော့ စည်းစိမ်ခံစားသွားပါလား…''

''ခမည်းတော်၊ နန်းစည်းစိမ်ကို ခမည်းတော်အမြင်မှာ သုခလို့ထင်နေပေမယ့် သားတော်အမြင်မှာတော့ ဒါဟာ ဒုက္ခတွေချည်းပါပဲ။ နေ့စဉ်ဖြစ်ပျက်ကြုံတွေ့နေရတာတွေက ဘယ်မှာအကောင်းရှိလို့လဲ။ ဒါကြောင့် သုခချမ်းသာရှိတဲ့ ရဟန်းဘဝကို ကူးပါရစေ…''

''ဟေ…''

ကျွန်ုပ်ထံက မမျှော်လင့်သည့်စကားကြားရသည့် ခမည်းတော်သည် ကျွန်ုပ်မျက်နှာကို အံ့သြခြင်းကြီးစွာဖြင့် ငေးစိုက်ကြည့်နေလေတော့သည်။

* * *

ကျွန်ုပ်သည် အများသူငါ အာသာငမ်းငမ်းလိုချင်သည့် ထီးနန်းကို ပစ်ပယ်လျက်၊ ရဟန်းအဖြစ်ကို တောင့်တခြင်းမှာ ဒုက္ခကိုမြင်၍ ဖြစ်သည်။ ကျွန်ုပ်မြင်သော ဒုက္ခတရားတို့ကို ခမည်းတော်မင်းကြီးအား ဟောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငုပ်နေသော အသိကို ဖွင့်ပေးလိုက်သဖြင့် ခမည်းတော်မင်းကြီးက ‘‘ဟုတ်ပါပေတယ်…ဟုတ်ပါပေတယ်’’ဟု ရေရွတ်ချိန်မှာပင် ခမည်းတော်နှင့် မယ်တော်ကို ရှိခိုးလျက် သံလျောင်အိမ်ထဲမှ ထွက်လိုက်သည်။ ထို့နောက် ရွှေနန်းတော်လျောင်အိမ်မှ ထွက်ခဲ့သည်။

စည်းစိမ်ဥစ္စာကိုစွန့်လျက် သပိတ်တစ်လုံး၊ သင်္ကန်းတစ်စုံဖြင့် ဟိမဝန္တာဆီ ဦးတည်ထွက်သွားသောကျွန်ုပ်ကို ငေးမျှော်ကြည့် နေသည်။ ထို့နောက် မယ်တော်သည်လည်း နန်းကိုစွန့်ခွာလျက် ကျွန်ုပ်၏နောက်မှ လိုက်လာသည်။ ပုဏ္ဏား၊ သူကြွယ်နှင့် နန်းတွင်းသူ၊ နန်းတွင်းသားများသည် အဖြစ်အပျက်အလုံးစုံကို မျက်မြင်ကိုယ်တွေ့ သိထားသည့်ပြင်၊ ကျွန်ုပ် ဟောပြသည့် တရားကိုနာရသဖြင့် ပစ္စည်းအိုးအိမ်တို့ကို စွန့်လျက် ရသေ့ရဟန်းပြုကြကုန်သည်။ များပြားလှသော ဗာရာဏသီပြည်သား ပရိသတ်များနှင့်တကွ ကျွန်ုပ်သည် ဟိမဝန္တာသို့ ရှေးရှုကြွလာသည်ကို သိကြားမင်းမြင်သည်။ ဝိသကြုံနတ်သားအား ခေါ်လျက် အလျားတစ်ဆယ့်ရှစ်ယူဇနာ အနံခုနစ်ယူဇနာရှိသော ကျောင်းအာရမ်ကို တန်ခိုးဖြင့် ဖန်ဆင်းစေလိုက်သည်။ ထိုမှျမက ရဟန်းသုံးပရိက္ခရာအစုံကိုလည်း ကျောင်းထက်တွင် အသင့်ထားပြီး၊ ကျွန်ုပ်အလာကို စောင့်မျှော်နေကြပေလေ သည်။

ကျမ်းကိုး။ ။ဝိသတိနိပါတ်၊ အယောဃရဇာတ်

❖ ❖ ❖

www.burmeseclassic.com

## ချမ်းမြေ့ရဂုံ တောရိပ်လှုံသည်

''ငါလွန်လျှင် သားတော်ကြီး အသဒိသကို နန်းအား ပေးပြီး သားတော်အငယ် ဗြဟ္မဒတ်အား အိမ်ရှေ့စံထား လော့''

ဗြဟ္မဒတ်မင်းသည် နတ်ရွာစံခါနီးတွင် အမှူးအမတ်တို့အားခေါ်လျက် ဤသို့ အမိန့်ပေးသည်။

တက္ကသိုလ်ပြည်မှ ပညာသင်ပြီးပြန်လာသော အသဒိသမင်းသားအား အမှူးအမတ်တို့က နန်းအပ်သည်။ သို့သော် ဘုရားလောင်း အသဒိသမင်းသားသည် မင်းအဖြစ်ကို အလိုမရှိ။ မြတ်သောတရားဓမ္မနှင့် အေးချမ်းစွာ စံမြန်းလိုသည်။ သို့ဖြစ်၍ ညီငယ်ကို လွှဲသည်။ မှူးမတ်တို့သည် ဗြဟ္မဒတ်မင်းသားကို အဘိသိက်သွန်းလျက် မင်းအဖြစ် မြှောက်သည်။

ဗာရာဏသီ ထီးနန်းကို ဗြဟ္မဒတ်မင်းဆက်ခံသော်လည်း၊ အသဒိသမင်းသားမှာမူ မင်းစည်းစိမ်ထက်သာလွန်သည်။ အခြွေအရံအင်အား တောင့်တင်းသည်။ ထိုသည်ကို အကြောင်းပြုလျက် ဗြဟ္မဒတ်မင်း၏ လူများက အသဒိသမင်းသား ပျက်ပြားအောင် ကုန်းချောစကားဆိုသည်။

''အရှင်မင်းကြီး၊ သင့်ရဲနောင်တော် အသဒိသဟာ ထီးနန်းကို ထိပါးဖို့ ကြံရွယ်နေပါတယ်...''

''အသို့ဖြစ်မည်နည်း၊ နန်းကိုမလိုလားလို့ သူပင်လွှဲအပ်ခဲ့ပြီ''

''အရှင်မင်းကြီး၊ နောင်တော်က မလိုလားသော်လည်း သူ့လူများက မင်းဖြစ်စေလိုသည်မှာ ဧကန်ပင်''

ဗြဟ္မဒတ်မင်းသည် နောင်တော်က နန်းစည်းစိမ်လုမည်ဆိုစကားကို လက်မခံချင်။ သို့သော် သူ့လူများက အကြောင်း အမျိုးမျိုးပြလျက် ယုံလောက်အောင်စကားဆိုသည်။ ပြောဖန်များတော့ နောင်တော်အပေါ် သံသယစိတ်ဝင်လာသည်။ ''အသဒိသမင်းသားအား ဖမ်းစေ''ဟု အမိန့်ပေးသည်။

နောင်တော်၏ကျေးဇူးကိုပင် မထောက်ထားဘဲ ကုန်းချောစကားကိုယုံလျက် မအပ်မရာ ဆောင်ရွက်သည့်အတွက် အသဒိသမင်းသား ဒေါသဖြစ်သည်။ ဗာရာဏသီပြည်မှ ထွက်ပြေးလျက် အခြားတစ်ပါးသောမင်းထံ ခစားသည်။

''သင်ဟာ တက္ကသိုလ်ပြည်မှာ ပညာသင်ခဲ့တယ်၊ လေးအတတ်တစ်ဖက်ကမ်းခပ်တတ်တယ်လို့သိရတယ်။ ငါ့ထံခစားရင် အဘယ်စည်းစိမ်အလိုရှိသလဲ''

''တစ်နှစ်ကို တစ်သိန်းရရင် ထမ်းဆောင်နိုင်ပါတယ် မင်းကြီး''

''ကောင်းပြီ၊ သင် ငါ့အပါးမှာနေတော့''

တစ်နှစ်တွင် အသပြာတစ်သိန်းဖြင့် ချီးမြှောက်သည်ဆိုတော့ ရှေးကရှိသော လေးသမားဟောင်းများက အလိုမကျ။

''ဒါက မင်းကြီးမျက်နှာလိုက်တာပဲ''

www.burmeseclassic.com

www.burmeseclassic.com



''အေး၊ လေးသမားချင်းအတူတူ သူက ဘာပိုတတ်လို့လဲ။ တို့လည်း တိုင်းကျော်ပြည်ကျော်လေးသမားတွေပဲ။ လေးရေးကြီးလေးပါး၊ လေးရေးငယ် (၁၂)ပါးကတော့ လူတိုင်းတတ်တာပဲ''

''တို့ကတောင် အတွေ့အကြုံ ပိုပါသေးတယ်။ ထားပါ၊ တို့နဲ့ တန်းတူ လစာရိက္ခာပေးတယ်ဆို ဖြေသာသေးတယ်။ ခုတော့ တို့ရတဲ့ လစာထက် ခေါက်ချိုးမက များနေတယ်''

''အဟဲ၊ သင်ကပဲ လေးစွမ်းပိုသလား၊ တို့ကပဲ သင်ထက် အစွမ်းအစရှိသလားဆိုတာတစ်နေ့ကျပြခွင့်ကြုံမှာပါ''

လေးသမားဟောင်းတို့သည် အသဒိသမင်းသားအား တရားလွန်အခွင့်အရေးပေးသည့်အတွက် မင်းကိုလည်းကောင်း၊ မင်းသားကိုလည်းကောင်း မကျေနပ်။ မကျေနပ်သည်ကို တရားဝင်ထုတ်ဖော်ပြောခွင့် မရ၍ ကျိတ်မှိတ်ကြံစည်နေတော့ သည်။

* * *

တစ်နေ့တွင် မင်းသည် ဥယျာဉ်တော်ထွက်ပျော်စံသည်။ မင်္ဂလာ ကျောက်ဖျာအနီး တစ်ခုသော သရက်ပင်ရိပ်တွင် တင်းတိမ်ကို ကာရံစေလျက် ယာယီစံနန်းပြုသည်။ မြတ်သော အိပ်ရာနေရာ ခင်းကျင်းစေလျက် သက်သောင့်သက်သာ အနားယူသည်။ ပက်လက်လျောင်းလျက်စံနေစဉ် အမှတ်မဲ့ကြည့်မိရာ သရက်ပင်၏ထိပ်ဖျားတွင် တစ်ခုသော သရက်ခိုင်ကို တွေ့သည်။ တစ်ပင်လုံးတွင်ကျန်နေသည့်တစ်ခုတည်းသော သရက်ခိုင်ဖြစ်သည်။ ဝင်းအိရွှန်းစိုသော သရက်သီးကိုမြင်သော် စားချင်စိတ်ဖြစ်သည်။ တက်ခူးဖို့လည်းမလွယ်၊ ပစ်ချလို့လည်းမရနိုင်သဖြင့် လေးသမားတို့ကို ခေါ်သည်။

''အသင်တို့တစ်တွေ ပင်ထိပ်ဖျားက သရက်ခိုင်ကို မကွဲမရှဘဲ၊ ပကတိအတိုင်းရအောင် ဆောင်ယူနိုင်ပါမလား''

မင်းကြီးသည် လေးသည်တော်များအား သရက်သီးကို ညွှန်ပြသည်။ သာမန်လေးအတတ်နှင့်မူ စွမ်းဆောင်နိုင်ဖွယ်မရှိ။ သို့သော် တစ်ချက်ခုတ်ရုံဖြင့် သုံးချက်ပြတ်နည်းကို ကြံရမည်ကို တွေးသည်။ မိမိတို့မစွမ်းသည်ကိုလည်း အပြစ်မတင်သာ၊ လေးသမားအသစ်လည်း ပြဿနာဖြစ်စေ၊ မင်းကြီးလည်း ရွေးမှားမှန်းသိစေအံ့ဟု ကြံလျက် တင်လျှောက်လိုက်သည်။

''မင်းကြီးအလိုကျဆောင်ရွက်ဖို့ ဝန်မလေးပါ''

''ဒါဆို ပစ်ချကြစမ်း''

''မှန်ပါမင်းကြီး။ ကျွန်တော်မျိုးတို့ရဲ့ လေးစွမ်းရည်ကို မင်းကြီး တွေ့ဖူးမြင်ဖူးပါတယ်။ ဒါပေမယ့် အသစ်ခန့်ထားတဲ့ လေးသမားရဲ့အစွမ်းအစကို မင်းကြီးလည်း မရှုစားရသေး၊ ပရိသတ်လည်းမမြင်ဖူး၊ သူ့အစွမ်းအစ ဘယ်လောက်ရှိတယ်ဆိုတာ ပြခိုင်းပါမင်းကြီး။ သူ့လေးစွမ်းသာ အရှင်မင်းကြီးချီးမြှင့်တဲ့ လစာရိက္ခာနဲ့ တန်မတန် အကဲဖြတ်ပါ''

''ဟုတ်ပေသားပဲ။ ကဲ…လေးသမားအသစ်ကို ဆင့်ခေါ်စမ်း''

မင်းကြီးသည် လေးသမား အသဒိသကိုခေါ်လျက် သရက်သီးကို ပြသည်။ ဤအသီးကို ပုံသဏ္ဌာန်မပျက် ယူပေးနိုင်စွမ်း ရှိမရှိ မေးသည်။

''အရှင်မင်းကြီး၊ အလိုရှိတဲ့နေရာက ပစ်ခွင့်ရရင်စွမ်းနိုင်ပါတယ်''

''ဟုတ်လား…သင်ဘယ်နေရာက ပစ်ချင်တာလဲ''

''ဟောဒီ မင်းကြီးယာယီစံမြန်းတဲ့ တင်းတိမ်ကမ္ဘလာအတွင်းက ပစ်ခွင့်ရရင် အလိုရှိတဲ့ ပုံစံအတိုင်းရနိုင်ပါတယ်''

''ကောင်းပြီ၊ သင်အလိုရှိသလို အသုံးပြုလော့''

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းအသဒိသသည် တင်းတိမ်အရံတွင်းဝင်သည်။ အပေါ်ဝတ်ရုံကိုဖယ်လျက် နီသောပုဆိုးကိုဝတ်သည်။ ပုဆိုးကို အောက်ပိုးကျိုက်လိုက်ပြီး အခြားနီသော ပုဆိုးကို ခါးတွင် စည်းနှောင်လိုက်သည်။ ထို့နောက် အိတ်ဖွဲ့ထားသည့် သန်လျက်ကိုထုတ်ယူပြီး လက်ဝဲနံပါးတွင်လွယ်လိုက်သည်။ ထို့နောက် ဆိတ်ချိုဖြင့်ပြီးသော လေးကိုယူလျက် သန္တာအဆင်းရှိသော ညှို့ကို တင်လိုက်သည်။ ယင်းနောက် အဆောင်အယောင်ဖြစ်သောသင်းကျစ်ကို ဦးခေါင်းထက်စွပ်လျက် စဉ်းသွားကို လက်သည်းနှင့်ခတ်လိုက်သည်။

ဒန်…ဒန်…ဒန်။

လေးညှို့မှထွက်ပေါ်လာသော အသံသည်မိုးချုန်းသံတမျှထွက်၍ အထိတ်ထိတ်အပျာပျာ ဖြစ်ကုန်သည်။

"အလကားနေရင်း ထိတ်လန့်နေကြတယ်…လေးညှို့သံပါ"

"အဟဲဟဲ၊ လေးစွမ်းကတော့ ဘယ်လိုရှိမယ်မသိဘူး၊ လေးရေးပြနေပုံကတော့ ရာမမင်းသားနဲ့ တထေရာတည်"

လေးသမားဟောင်းတို့က အသဒိသမင်းသားမကြားကြားအောင် ပြောပြီး အချင်းချင်း အချိန်းအချက်ပေးလျက် ရယ်ကြသည်။

"အရှင်မင်းကြီး၊ ဒီသရက်သီးခိုင်ကို အထက်တက်တဲ့မြားနဲ့ ကျစေချင်ပါသလား၊ ဒါမှမဟုတ် အောက်ပြန်ကျတဲ့ မြားနဲ့ ကျတာလိုချင်ပါသလား…"

"သင်ဆိုလိုတာ မြားအရှိန်တန့်ပြီး ပြန်ကျလာချိန် သရက်သီးခိုင်ကို မှန်အောင်ပစ်မယ်ဆိုလိုသလား…"

"မှန်ပါတယ် မင်းကြီး၊ မြားကို စတုမဟာရာဇ်နတ်ပြည်ရောက်အောင် ပစ်တင်လိုက်ပါမယ်။ အဲဒီ အရှိန်နဲ့ တက်သွားတဲ့မြားဟာ အရှိန်ကုန်တော့ ပြန်ကျလာပါလိမ့်မယ်။ ဒါပေမယ့် မင်းကြီး အချိန်တော့စောင့်ရပါ့မယ်…"

"အိန်း၊ ကောင်းပေသားပဲ။ အထက်တက်တဲ့မြားနဲ့ ပစ်ချတာမျိုးတော့ သူသူကိုယ်ကိုယ် စွမ်းနိုင်တယ်။ ဒါမျိုးလည်း ကြည့်ဖူးတယ်။ သင်ပြောတဲ့နည်းတော့ မကြည့်ဖူးဘူး"

"အရှင်မင်းကြီး။ ကျွန်ုပ်မျိုးပစ်တင်လိုက်တဲ့မြားဟာ သရက်ခိုင်ရဲ့ အညှာကိုထက်ဝက်ခွဲပြီး အပေါ်တက်သွားပါလိမ့်မယ်။ အဲဒီမြားပြန်သက်လို့ရှိရင် မူလမြားချက်အတိုင်း တစ်ဆံချည်မတိမ်းဘဲ ဖောက်ထွက်ပြီး၊ သရက်ခိုင်ကို ယူလာပါလိမ့်မယ်"

အသဒိသ၏စကားကြားတော့ လေးသမားဟောင်းတို့က ပါးစပ်ပိတ်ပြီး ရယ်မောကြသည်။ မဖြစ်နိုင်သည်ကို ဟန်လုပ် ကြွားလုံးထုတ်သည်ဟူသော အဓိပ္ပါယ်ပင်။

အသဒိသကမူ မိမိအပေါ်အထင်အမြင်သေးနေသူတို့ကို ပညာစွမ်းပြခွင့်ရပြီ၊ လူ့ပြည်တွင်မကြုံဖူးသော လေးအစွမ်းကိုပြတော့အံ့ဟု တွေးလျက် နေရာယူသည်။ လေးကိုပင့်ယူလျက် လေးညှို့ကို ဆွဲတင်လိုက်သည်။ အားလုံးဟာ အသဒိသ၏လှုပ်ရှားမှုကို မျက်တောင်မခတ် ကြည့်နေကြလေသည်။

အသဒိသမင်းသားသည် ပထမမြားဖြင့် သရက်အညှာကိုဖြတ်ပြီး မြားကို စတုမဟာရာဇ်နတ်ဘုံသို့ တက်သွားစေသည်။ ထို့နောက် ဒုတိယမြားကို ထပ်လွှတ်လိုက်သည်။ ဒုတိယမြားသည် ပို၍လျင်မြန်သောအဟုန်ဖြင့် တက်သွားပြီး ပထမမြားကို ပုတ်ခတ်လျက် လည်သွားစေပြီး၊ ဒုတိယမြားက တာဝတိံသာ ဆက်တက်သွားသည်။ ပစ်ခတ်သည့်မြား ပြန်ကျလာသော သရက်ခိုင်ကို ဆောင်ယူလာသည်။ ထိုမြားနှင့် သရက်သီးကို မြေမကျစေဘဲ ဖမ်းယူလိုက်သည်။

အသဒိသမင်းသား၏ စွမ်းရည်ကိုမြင်သော ပရိသတ်များက ဂုဏ်ပြုသည့်အနေဖြင့် လက်ခုပ်တီး၊ လက်ကွင်းမှုတ် ဂုဏ်ပြုကြသည်။ ပုဆိုးဦးရစ်ပေါင်းတို့ကို လေထဲမြှောက်တင် ဂုဏ်ပြုကြပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းအသဒိသမင်းသား၏ လေးအစွမ်းပြသည့်သတင်းကြားရသော် ဗာရာဏသီပြည်တွင် အသဒိသ မရှိကြောင်း သိကုန်သည်။ ထိုအခါ ခုနစ်ပြည်ထောင်မင်းတို့သည် စစ်ထိုးလာ၏။ "ပြည်ကိုပေးမည်လော… စစ်ထိုးမည်လော"ဟု ရာဇသံပေးလာသည်။ ဗြဟ္မဒတ်မင်းသည် ခုခံနိုင်စွမ်းမရှိ။ အသက်ဘေးကြုံတော့မှ နောင်တော်ကို သတိရသည်။ "ငါ့နောင်တော်သာရှိလျှင် ရန်သူရဲခြိမ်းခြောက်မှု မခံရနိုင်။ ခုတော့ပျက်ပျောက်ရတော့အံ့"ဟု တွေးသည်။ အမှားကို မြင်သော် နောင်တော်အား အကျိုးအကြောင်းပြလျက် ကန်တော့တောင်းပန်စကားဖြင့် တမန်တို့ကို လွှတ်သည်။

အသဒိသမင်းသားသည် မင်းကိုခွင့်ပန်လျက် ဗာရာဏသီသို့ ပြန်လာသည်။ ခုနစ်ပြည်ထောင်မင်းတို့ထံသို့ မြားတွင် စာဆွဲလျက် စေလွှတ်သည်။

"ငါရှိလျက် ငါ့ပြည်ကို ကျူးကျော်စော်ကားဝံ့တကား။ ဤမြား ၏နောက်ပါးမှ ထပ်လာသောမြားကား သင့်တို့ အားလုံး သေလေအံ့၊ အသက်ကို မနမြောလျှင် တံ့တည်နေကြလေ။"

ခုနစ်ပြည်ထောင်မင်းတို့သည် စုပေါင်းဖွဲ့လျက် ပွဲတော်တည်နေစဉ် ရွှေခွက်အဖုံးသို့ မြားလာစိုက်သည်။ မင်းတို့သည် လည်း သေဘေးကိုကြောက်သဖြင့် အလွှတ်ရုန်းကာ ထွက်ပြေးကြသဖြင့် ရန်အပေါင်းငြိမ်းသည်။

ဗြဟ္မဒတ်မင်းသားသည် သူ၏အမှားကို ဝန်ချတောင်းပန်လျက် နောင်တော်အား နန်းအပ်သည်။ သို့သော် အသဒိသငြင်းပယ်သည်။

"ညီတော်၊ ငါဟာ ကိလေသာကာမဂုဏ်ကို တွယ်မက်ခြင်းမရှိ။ ပစ္စည်းအာရုံ၊ ကာမအာရုံကို ပယ်လျက် ရသေ့ရဟန်း အဖြစ်ကိုသာ တောင့်တသည်"

အသဒိသမင်းသည် ထိုသို့မိန့်ဆိုပြီးနောက် လေးမြားကိုစွန့်သည်။ မုတ်ဆိတ်ကြင်စွယ်ကိုပယ်လျက် ရဟန်းအဖြစ်သို့ ကူးပြောင်းသည်။ ဗာရာဏသီပြည်ကို ကျောခိုင်းလျက် ဟိမဝန္တာဆီသို့ ထွက်ခွာခဲ့တော့သည်။ အသဒိသမင်းသားအဖို့ ရွှေနန်းစည်းစိမ်သည် မက်မောဖွယ်မဟုတ်။ သောကဗျာပါဒတရားတို့ဖြင့် နှေစဉ်ရှုပ်ထွေးနေသော အမှိုက်ပုံးကြီးအဖြစ်သာ မြင်ထားသည်။ သို့ဖြစ်၍လည်း ချမ်းမြေ့သာယာသည့်ဘဝကို ထူထောင်ရန် တောဝနာသို့ လှမ်းကြွခဲ့သည်။ ရဟန်း အဖြစ်နှင့် ဗြဟ္မစရိယ အကျင့်မြတ်ကျင့်ရာ ဈာန်အဘိညာဉ်ရသည်။ အသက်အတိုင်းနေပြီးနောက် ဗြဟ္မာ့ပြည်သို့ လားလေ၏။

ကျမ်းကိုး။ ။အသဒိသဝင်၊ အသဒိသဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ကာမဂုဏ် နွံနစ်နေသော ကြာပန်းတစ်ပွင့်

''မယ်မင်းတို့၊ သားတော်ကို ရေမိုးသန့်စင်၊ သန့်ရှင်းတဲ့ အဝတ်ကို လဲလှယ်၊ ပြီးတော့ အရွေးခြယ်ခံနို့ထိန်းတို့က နို့ချိုတိုက်ကြ''

မိဖုရားခေါင်ကြီးသည် ငိုကြွေးနေသည့် သားတော်အား နို့ဆာသဖြင့် တအီအီတအာအာလုပ်နေသည်ထင်ပြီး ကိုယ်လုပ်မောင်းမ တစ်ဦးထံ သားကိုကမ်းသည်။ မိခင်လက်မှလွတ်ပြီး အခြားတစ်စိမ်းတစ်ယောက်လက် ရောက်သော် သားတော်က ပို၍ငိုကြွေးသည်။

''အငိုတိတ်အောင် ချော့ကြစမ်းပါအေ…၊ ဟဲ့… အချီတော်၊ အချော့တော်တွေ…သင်တို့အတတ်ပညာက ငါ့သားတော်လေးတောင် အငိုတိတ်အောင် မစွမ်းနိုင်ပါကလား…''

မိဖုရားကြီး၏စကားကြောင့် အချီတော်၊ အချော့တော်တွေ ပျာယာခတ်ကုန်သည်။ သူတို့၏ပညာသည် နန်းတော်ရင်သွေး မင်းသားတို့ကို မြူရန်၊ ချော့ရန် တမင်ခန့်ထားခြင်းဖြစ်သည်။ ကလေးတစ်ယောက်ကို ဘေးမရောက်၊ ရန်မငြိစေဘဲ ကျန်းမာရွှင်လန်းအောင် ပြုစုရေးမှာ သူတို့တာဝန်ဖြစ်သည်။ အမြင်အားဖြင့်ကြည့်လျှင် အလွန်လွယ်သည့် ကိစ္စဟု ထင်ဖွယ်ရှိသည်။ သာမန်ရင်သွေးတစ်ဦးကို စောင့်ရှောက်ရခြင်းက လွယ်ကောင်းလွယ်မည်။ မင်းသားငယ်ကို စောင့်ရှောက်ရသည်မှာ ကျောက်တုံးကျောက်ခဲ ချွန်ချွန်တွေကြားမှ ငှက်ဥကိုစောင့်ရှောက်ရသည်ထက် ခက်ခဲသည်။ တစ်ချက်ထိမိရုံဖြင့် ကွဲအက်ပျက်စီးသွားနိုင် သည်။ အကယ်၍ ထိုသို့ဖြစ်လျှင် ကြီးလေးသောအပြစ် ရောက်မည်ဖြစ်ရာ ရွှေပေါ်မြတင် စောင့်ရှောက်ရသည်။

''အို…အို…အေးအေး''

''ညည်းမလဲ၊ ကလေးချော့က ဒီအိုအိုအေးပဲရသလား…ပေးစမ်းသားတော်လေးကို။ ကြောင်ပါးကြီးရဲ့ မြီးတံတို…အဆီကိုစား''

''ဟဲ့၊ ကြည့်စမ်း၊ ညည်းသီချင်းကို ဒီမှာအစသတ်''

''ဘာကြောင့်လဲ''

''ဘာကြောင့်လဲဟုတ်လား…ခေါင်ဖုရားမိန့်ကြားထားတာ မေ့နေပလား။ သားတော်လေးထိတ်လန့်စေတဲ့ အပြုအမူ၊ အပြောအဆိုမရှိရဘူးသိလား။ ကြည့်လုပ်၊ အာဟက်ခံနေရမယ်''

''အေးဟယ်…သားတော်လေးက သည်းသည်းထန်ထန် ငိုနေတော့ အပြစ်ရောက်မှာစိုးပြီး ဆိုမိဆိုရာ ဆိုမိတာ…ကဲ၊ လုပ်စမ်းပါဦး''

www.burmeseclassic.com

www.burmeseclassic.com



"ပေးပေး၊ သားတော်လေးပေး။ နန်းသူရင်သွေး သားတော်လေးငဲ့…ရှေးဘုန်းကံရှင် နန်းတော်ရှင်ငဲ့… မောင်မောင်လူလေး…အိုး…အေး…အဲအဲ၊ ဒုက္ခပါပဲ"

အချီတော် အချော့တော်များ တစ်ယောက်လက်မှ တစ်ယောက် ပြောင်းလျက် တတ်သိသမျှ ချော့မြူကြသော်လည်း သားတော်လေးက အငိုမစဲ။ ဗိုးပုရွက်ကိုက်သည့်အတွက် ငိုလေသလားဟု ကြည့်သော်လည်း မတွေ့။ လေထိုး၊ ဗိုက်နာ၊ ကျောပူ၊ ခေါင်းပူ၊ သူငယ်နာ၊ ကျဗဟုန်းလေလားဟု စစ်ဆေးတွက်ချက်ကြည့်တော့လည်း မမြင်။ သည်းသည်းထန်ထန်သာလျှင် ငိုနေသဖြင့်၊ စုန်းတိုက်လား…မြေကိုင်လား… ဘီလူးသဘက် ဖမ်းစားလေရော့သလားဟု အတွေးနှင့် ခေါင်းချင်းဆိုင် တိုင်ပင်ကြသည်။

ရံရွေတော်တို့ ဗျာများပြီး၊ ခေါင်ဖုရားကြီးပင် ပူပန်သည်ကိုမြင်တော့ အိမ်တော်ဝန်လည်း မနေသာ။ ဘာဘာညာညာ မတွေးဘဲ သားတော်လေးကို ကောက်ယူပွေ့ချီလိုက်သည်။

"ဟော…"

အချီတော် အချော့တော်အားလုံး အံ့အားသင့်ကုန်ကြသည်။

သည်းသည်းထန်ထန် ငိုကြွေးနေသည့် သားတော်လေးသည် အိမ်တော်ဝန်၏ လက်တွင်းရောက်သည်နှင့် ငိုသံရပ်သွား ပုံမှာ ထူးဆန်းနေသည်။

"အမိတို့က ကလေးမှ မချော့တတ်တာ…"

"အဖဝန်မင်းရယ်…ကျွန်မတို့လည်း တတ်သမျှနဲ့ ပြုစုတာပဲ။ မြူဖို့ချော့ဖို့နေနေသာသာ၊ လက်ထဲရောက်တာနဲ့ ခြစ်ခြစ် တောက်တောက်အော်နေတော့"

"အမိတို့လက်က မသန့်လို့ဖြစ်မှာပဲ"

"အို…မဆိုင်တာ…နန်းမဆောင်ထဲဝင်ရတဲ့ ရံရွေတော်မှန်သမျှ သန့်သန့်ပြန့်ပြန့် နေရထိုင်ရတာ အဖဝန်မင်းလည်း သိသားနဲ့"

"ဒါဆို…အဲ…နေဦး။ အမိတို့ထဲက တစ်ယောက်လာစမ်း…"

အိမ်တော်ဝန်က သားတော်လေးကို ချီပွေ့ထားရင်း ရံရွေတော်တစ်ယောက်ကို ခေါင်းညိတ်ခေါ်လိုက်သည်။ သွက်လက်ချက်ချာပုံရသည့် ရံရွေတော်တစ်ဦး ရှေ့ထွက်လာသည်နှင့် သားတော်လေးကို ကမ်းပေးလိုက်သည်။ အချီတော် မိန်းကလေးလက်ထဲရောက်သည်နှင့် တိတ်ဆိတ်ငြိမ်သက်နေသည့် သားတော်လေးက ငိုပြန်သည်။ နောက်တစ်ယောက် လက်ထဲပြောင်းလိုက်ဟူသော အမိန့်ပါယ်နှင့် အသံတိတ်အချက်ပြလိုက်သည်။ ကလေးကအငိုမတိတ်။ နှစ်ယောက်၊ သုံးယောက်ပြောင်းချီပြီးနောက်၊ အိမ်တော်ဝန်က ပြန်ချီလိုက်သည်နှင့် အငိုကရပ်သွားပြန်သည်။

"ငါ့အဖြေရပြီ…"

"ဘာဖြစ်လို့လဲ အဖဝန်"

"သားတော်က မယ်မင်းတို့ အနံ့မခံနိုင်ဘူး"

"အို…"

"မယ်မင်းတို့သာ မဟုတ်ဘူး။ ဘယ်အမျိုးသမီးရဲ့အနံ့ကိုမှ မခံနိုင်ဘူး"

"ရှင်…"

"ပြောရရင် အနိတ္ထိဂန္ဓ၊ ဆန့်ကျင်ဘက်လိင်နဲ့ မရောယှက်၊ မဆက်ဆံလိုတဲ့သဘော။ ကြည့်လေ… အမိတို့ချီတော့ ငိုလိုက်တာ တက်မတတ် ငါ့လက်ထဲရောက်တော့ အို…အေ အေလို့တောင်မဆိုရဘူး"

"ဟုတ်တယ်နော် အဖဝန်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ၊ အမိတို့ သင့်ရာသာနေကြ။ ဒီအရေးကို ငါကိုယ်တိုင် ခေါင်ဖုရားကို သံတော်ဦးတင်ပြီး၊ သားတော်လေးကို စောင့်ရှောက်ပြုစုဖို့ လုလင်ပျိုတွေ စီစဉ်လိုက်တော့မယ်"

နန်းတွင်း အချီတော်၊ အချော့တော်၊ အထိန်းတော်၊ အသီတော်တို့ လောကတွင် ပြောစမှတ်စကားဖြစ်ပြီး၊ သားတော်လေး၏ထူးထူးခြားခြား အပြုအမူကြောင့် "အနိတ္တိဂန္ဓ သတို့သား"ဟု တွင်သွားလေတော့၏။

* * *

ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်သည် ထီးနန်းဆက်ခံမည့် နန်းလျာမင်းသား မရသဖြင့် ပူပန်သောကရောက်နေသည်။

"မယ်မင်းတို့၊ နန်းလျာမင်းသားရဖို့ သားဆုပန်ကြပါ"

ဗြဟ္မဒတ်မင်းသည် နန်းလျာမင်းသားအတွက် သားယောကျ်ားလေးမွေးဖွားသဖြင့်၊ အိမ်ရှေ့မင်းသား၏ မယ်တော်ဖြစ် မည်။ အနာဂတ်တွင်လည်း တိုင်းပြည်အုပ်ချုပ်မင်းလုပ်မည့်သူ၏ မယ်တော်ဖြစ်ရမည်။ ဤအခွင့်အရေးသည် မိန်းမသား တိုင်း တောင့်တသည့်အရာဖြစ်၍ သားဆုပန်ကြသည်။

"အရှင်ရက္ခစိုးမင်း၊ နန်းသူ့ရင်သွေးသားလှလေးကို လက်ဆောင်အဖြစ် ပေးသနားပါ၊ အသင်နတ်မင်းအား အထူးထူးဖြင့် ပူဇော်ပသပါမယ်..."

မိဖုရားများ တစ်ပါးပြီးတစ်ပါး သားဆုပန်ကြသည်မှာ ကာလပင် အတော်ကြာညောင်းသွားသည်။ တစ်ပါးမျှ သားမရသည့်အတွက် ပူပန်ကုန်သည်။ မဇ္ဈိမဒေသတွင် သားသမီးမဖွားမြင်သော မိန်းမသားသည် ယုတ်ညံ့သူဟု သတ်မှတ်သည်။ မိဖုရားများမှာမူ သမီးကလေးဖွား၏။ ယုတ်ညံ့သည်မဆိုသာသော်လည်း သားရတနာမရခြင်းမှာ အလိုဆန္ဒ မပြည့်ဝသလိုဖြစ်သွားသည်။ သို့သော် ကံအားလျော်စွာ မိဖုရားခေါင်ကြီးမှ သားတော်တစ်ပါး ကောက်ခါငင်ခါ ဖွားမြင်လိုက်သည်။ အားလုံး၏ရင်ထဲ ချမ်းမြေ့ ပျော်ရွှင်သွားသည်။ မိဖုရားအားလုံးသည် မိဖုရာခေါင်ကြီးမှဖွားသော သားတော်လေးကိုပင် စုပြုံဝိုင်းချစ် မြတ်နိုးရတော့သည်။

ဗာရာဏသီ ထီးနန်းကို စောင့်မည့်မင်းသား...အနာဂတ်၏ မင်းလောင်းဟူသောအသိဖြင့် အားလုံးက ဖူးဖူးမှုတ်ထား သည်။ သို့သော် မင်းသား၏အမူအကျင့်က စိတ်စနိုးစနောင့်ဖြစ်စရာ...။

အနိတ္တိဂန္ဓမင်းသားသည် ထီးနန်းဆက်ခံရမည့်သူ ဖြစ်သော်လည်း မင်းအဖြစ် ဘိသိက်ခံနန်းသိမ်းပွဲခံရန် ကြင်ယာ နှင်းအပ်ဖို့ ခက်နေသည်။

"အဘယ်မိဖုရား၊ သားတော်ကို ကြင်ယာနှင်းအပ်ဖို့အရေး ကြံစမ်းပါ"

"မှန်ပါမောင်တော်မင်းကြီး၊ နမတော် စိတ်ညစ်ညူးနေတာလည်း ဒီအရေးပါပဲ။ မိန်းမသားနဲ့ ပတ်သက်ရင် အနံ့တောင် မခံလေတော့ ဘယ်လို ထိမ်းမြားလက်ထက်ပေးမလဲ"

"အသင် မိဖုရား။ ကိလေသာအာရုံကာမဂုဏ်ဆိုတာ ရသာခံစားဖူးသူအတွက် သောက်လေသောက်လေ ငတ်မပြေရှိပါတယ်။ ဒီတော့ အချောအလှ သဘောကျစရာတွေ သားတော်အပါးမှာ အမြဲရှိနေစေရင်..."

"အဲဒါအခက်ဆုံးပဲ မောင်တော်...ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ငါးပါးအာရုံက အလိုရမ္မက် ရှိသူအတွက် မခက်ခဲပေမယ့်၊ သားတော်က ငယ်ငယ်ကတည်းက ငြင်းပယ်နေတော့"

"အင်းလေ...စွမ်းနိုင်သူတော့ရှိတန်၊ ပေါ်လာတန်ကောင်းပါရဲ့"

"တစ်ယောက်တော့ မြင်ထားတယ်မောင်တော်...သူဟာ ကချေသည်မလေးပါ..."

www.burmeseclassic.com

www.burmeseclassic.com



ပြဟ္မဒတ်မင်းကြီးသည် မိဖုရားတင်ပြလျှောက်ထားသည့် ကချေသည်မလေးကို စိတ်ဝင်စားသွားသည်။ အဆိုပါ ကချေသည်မလေးက သားတော်ကို ဆွဲဆောင်ပြောင်းလဲနိုင်လိမ့်မည်ဟု ပုံသေတွက်လိုက်သည်။ ထို့ကြောင့် ကချေသည်မလေးကို နန်းတော်ထဲ ဆင့်ခေါ်လိုက်သည်။

"အရှင်မင်းကြီး။ ကျွန်တော်မျိုးမ တတ်ကျွမ်းသည်မှာ ဝမ်းရေးအတွက် သီဆိုကပြတဲ့အတတ်က အပရိကပါ။ အထူးကျွမ်းကျင်သည်မှာ မာယာအတတ် ဖြစ်ပါတယ်…"

"ဒါဆို ငါ့သားတော် အနိတ္တိဂန္ဓကို သင် သိမ်းသွင်းနိုင်မယ်ပေါ့"

"ဇမ္ဗူဒီပါမှာရှိတဲ့ ဘယ်ပုရိသမဆိုတိမ်းမူးအောင် ဆွဲဆောင်နိုင်လို့ မာယာရှင်အမည်ခံထားတာပါ အရှင်မင်းကြီး။ အရှင် မင်းကြီးသားတော်ကို ကာမဂုဏ်ရမ္မက်တောမှာ မျောပါအောင် သိမ်းသွင်းနိုင်မှာပါ"

"အိမ်း၊ ကောင်းပြီ။ အကယ်၍ ငါ့သားတော်သာ သင့်အလိုပါပြီဆိုရင်…အသင်ကချေအတွက် ထိုက်သင့်တဲ့ ဆုလာဘ်က မိဖုရားခေါင်အရာပဲ။ အသင်ကချေသည်ကို ငါ့သားတော် ရွှေလက်ဆွဲ ဘိသိက်ခံစေမယ်…"

မင်းကြီးထံမှ မက်မောလောက်သည့် ဆုလာဘ်ကိုကြားလိုက်သည်နှင့် ကချေသည်မ မာယာရှင်သည် လွန်စွာနှစ်ထောင်း အားရဖြစ်သွားသည်။ ခေါင်းဖိုကြီးကို အလိုပါအောင် ဥဒေါင်းမလေးက မြူဆွယ်သည့်အလား မြူဖို့ကအခက်။ မင်းသား အပါး ချဉ်းကပ်ခွင့်ရလျှင်မူ အကြောင်းမဟုတ်။ ရုပ်ရည်ဖြင့်လည်း အရေးမလှ။ အနိတ္တိဂန္ဓမင်းသားကို ထိုးဖောက်နိုင်မည်က သဒ္ဒါရုံအစွမ်းသာ…"

"အမောင်သခင်…ရွှေဘဝင်ချမ်းမြေ့စေချင်…မယ်သခင် ကြည်ရွှင်စေကြောင်း မယ်ဆုတောင်းပေးလိုက်ပါရဲ့ ရှင်… စွဲဘဝင်၊ အမြဲပင်…မယ့်အသံလေးကြားပါစ သခင်…ရွှေနား တော်သွင်းချေင်းဆက်သွင်းပါပြီ သခင်…မယ့်အသံ လေးကြားရပါစရှင်…ထာဝစဉ် ကြည်ရွှင်လန်းပါစေရှင်…မေတ္တာပို့ပါရဲ့အစဉ်…"

ကချေသည်မာယာရှင်သည် နန်းတော်မှပြန်လာသည်နှင့် အချိန်းအချက်ပြုသင့်သူတို့အား အသိပေးပြီးနောက် စောင်းကိုယူလျှက်၊ အတီးနှင့်အဆိုပါ တွဲဖက်ထိုးစစ်ဆင်လိုက်သည်။ အနိတ္တိဂန္ဓမင်းသားသည် သလွန်ညောင်စောင်းထက်၌ လျောင်းစက်နေစဉ် တေးသံလေးကြားရသည်နှင့် နားစွင့်သည်။ စောင်းသံက ငြိမ့်ငြောင်းသာယာသလို၊ တေးသံ ကလည်း စောင်းနှင့်မလွန်မူဘဲ တွဲဖက်ထွက်လာသည်မှာ ကြားရသူတိုင်းစိတ်မဝင်စားဘဲ မနေနိုင်။

မင်းသားသည် လျောင်းစက်ရာမှ ထထိုင်ပြီး သီချင်းသံလာရာဆီ သို့ မှန်းမျှော်ကြည့်သည်။ စမ်းရေစီးသည့်အလား တသွင်သွင်စီးမျောနေသည့် တေးသံလေးက တရွေ့ရွေ့နှင့် ဖယ်ခွာသွားသည်။ နောက်ဆုံးတွင် လုံးလုံးလျားလျားပင် ပျောက်သွားတော့သည်။

"ကောလိတ…ဟဲ့ကောလိတ"

"အရှင့်သား၊ လာပါပြီ…"

အနိတ္တိဂန္ဓမင်းသားသည် သီချင်းသံကိုနှစ်လိုစွာ ဖြစ်နေချိန်၊ အသံပျောက်သွားသဖြင့် ထိုင်မရ၊ ထမရ အနေအထားဖြစ် သွားပုံရသည်။ မင်းသားစိတ်ဝင်စားဖြစ်နေချိန် အသံတိတ်သွားသဖြင့် နေမထိထိုင်မသာ ဖြစ်လေဟန်။ ငယ်ကျွန်ရင်း ကောလိတကို အရေးတကြီးအသွင်နှင့် ခေါ်သဖြင့် အပြေးအလွှားရောက်လာသည်။

"မောင်မင်းကြားသလား…"

"ဘာများလဲအရှင့်သား၊ ထူးထူးခြားခြား ဘာသံတင်းမျှ မကြားပါလား"

"မောင်မင်း နားကန်းနေသလား…စောစောက သီချင်းသံ မကြားရှေ့သလား"

"ဩော်…ဒါတော့ ကြားမိပါတယ်အရှင်…၊ သီချင်းသံလေးက သာယာတော့ အရှင်မင်းသားခေါ်တာတောင် ရုတ်တရက်သတိမထားမိဘူး။ တော်တော်ဆွဲဆောင်မှုရှိတဲ့ အသံပါအရှင့်သား…"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သကွဲ့။ ငါက ဒီအသံမျိုးတစ်ခါမှ နားမဆင်ဘူးတော့…"

မှန်ပါသည်။ အနိတ္တိဂန္ဓ၏ အပါးတွင် မိန်းမသားများ ချဉ်းကပ်ခွင့်မရ၍ ကချေသည် မာယာရှင်နှင့် ဆုံစည်းခွင့်မရ။ ဖျော်ဖြေခွင့်မရ။ လုလင်ပျိုတွေ၏ သီဆိုဖျော်ဖြေမှုသာ နားဆင်ခဲ့ရသည်။ ခုတော့… မာယာရှင်က အသံဖြင့်ဖမ်းစားလိုက်ချေပြီ။

"ကောလိတ ခုန သီဆိုသူကိုသိလား…"

"ကောင်းကောင်းသိတာပေါ့ အရှင်သား။ သူဟာ နန်းတွင်း ကချေသည်တစ်ဦးပါ"

"သြော်…သြော်"

"အရှင့်သား နားဆင်လိုစိတ်ရှိသလား…"

"အိန်း၊ သြော်…မ…မလိုပါဘူးကောလိတ"

မင်းသား၏စိတ်အလိုကို ကောလိတ သိလိုက်ပြီ။ မာယာရှင်နှင့် တစ်ကျိတ်တည်းတစ်ဉာဏ်တည်း အချိန်းအချက်ထားပြီးမှ စီစဉ်သည် ဖြစ်၍၊ သူတို့ အစီအစဉ်အောင်ပြီဟု တွေးကာ၊ တစ်ဖက်လှည့် ပြုံးလိုက်မိပေတော့သည်။

* * *

မျှော်လင့်တောင့်တသူသည် မျှော်လင့်သည့်အတိုင်း ဖြစ်မလာတော့ ဆောက်တည်ရာမရ ဖြစ်နေသည်။ "ဟဲ့၊ ကောလိတ၊ ကချေသည်မကို ခေါ်ချေစမ်း"ဟုလည်း မဆိုသာ" မင်းသား၏အခြေအနေကို ကချေသည်မအား သတင်းပေးသည်။ နှစ်ရက်ခန့်ပျက်နေသည့် အသံလေးပြန်ပေါ်လာတော့ မင်းသားပျော်သွားသည်။

"အရှင့်သား၊ စောင်းသံရှင်ကို ဒီခေါ်ပေးရမလား…"

"ခေါ်လို့ရပါ့မလား…"

"အရှင်သားသာအလိုရှိရင် ဟောဒီဗာရာဏသီပြည်မှာ မရနိုင်တာ ဘာမှမရှိပါဘူး"

"သြော်…အေး"

"သြော်…အေး"ဟု သူ့ဘာသာ ညည်းညူရေရွတ်ဟန်ပြုသည်ကို အလိုတော်ရှိသည်ဟု ကောက်ယူလျက် ကောလိတက ကချေသည် မာယာရှင်ကို နန်းတော်တွင်း ပို့ပေးလိုက်သည်။

စောင်းသံရှင်မာယာမင်းသမီး၏ ညွတ်ကွင်းတွင် မရုန်းသာ မလွန့်သာ ငြိနေပြီကိုမင်းကြီးအားလျှောက်တင်လိုက်သည်။ အကယ်၍ မာယာရှင်ကသာ သားတော်ကိုထိန်းချုပ်နိုင်ပြီဆိုလျှင်…။

"ငါမျှော်လင့်တောင့်တတဲ့ နန်းလျာကိစ္စ ရင်အေးသွားပြီ"

"စောင့်ကြည့်ပါဦးမောင်တော်…"

"စောင့်ကြည့်ရမယ့်အချိန် မဟုတ်ဘူးနှမတော်။ ဒီကိစ္စအတွက် အံ့ဝင်ခွင်ကျဖြစ်အောင် စီစဉ်ပြီးပြီ"

"စီစဉ်ပြီးပြီ"

"ဟုတ်တယ်…ခဏနေရင် သားတော်နဲ့ မာယာရှင်ကို စစ်သည်တော်တွေ ဖမ်းဆီးခေါ်လာတော့မယ်"

"ဟင်…"

"မစိုးရိမ်ပါနဲ့ နှမတော်…သားတော်ဟာ မဖောက်ပြားသင့်တဲ့ ကချေသည်မိန်းကလေးနဲ့ ဖောက်ပြားတယ်…ဒါကြောင့် ထီးနန်းနဲ့ မတန်ဘူးဆိုပြီး နန်းတော်က နှင်ထုတ်မယ်။ ဒီအခါ သားတော်နဲ့ ကချေသည်မဟာ တောတွင်းတစ်နေရာ အတူတူနေကြလိမ့်မယ်။ အဲဒီလိုနေရတော့မှ သံယောဇဉ် ပိုလို့ရစ်ပတ်ဖွဲ့နှောင်သွားမှာပေါ့"

"သားတော် ပင်ပန်းနေပါဦးမယ် မောင်တော်…"

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် အစီအစဉ်အတိုင်း အံဝင်ခွင်ကျ ဆောင်ရွက်နိုင်သဖြင့် အနိတ္ထိဂန္ဓမင်းသားနှင့် ကချေသည်မကို တောအရပ်သို့ နှင်ထုတ်နိုင်လိုက်တော့သည်။

* * *

မြဟ္မာ့ပြည်က ဆင်းသက်လာသော မင်းသားသည် မွေးဖွားချိန်မှ အသက် (၁၆)နှစ်တိုင် မိန်းမကို ငြင်းပယ်ခဲ့ရာ၊ မာယာရှင်၏ ညွှတ်ကွင်းတွင်မိပြီး၊ ကာမဂုဏ်နယ်ပယ်မှ ရုန်းမထွက်နိုင်အောင် ဖြစ်ရသည်။ "သားတော်သာ သူ့အလို အတိုင်း ဖြစ်အောင် ဆွဲဆောင်နိုင်လျှင် အိမ်ရှေ့စံမိဖုရား အရာပေးပြီး၊ နောင်တစ်ချိန် ဗာရာဏသီနန်း၏ အခေါင်မိဖုရားအရာ ရရှိမည်ဖြစ်၍ မာယာရှင်ကလည်း ကြည်မွေ့နေသည်။

မာယာ၏ညွှတ်ကွင်းအတွင်းကျနေသော အနိတ္ထိဂန္ဓမင်းသားသည် ခုတော့ ကိုယ်တိုင် သစ်သီးဝလံရှာ နေရပြီ။ တစ်ခါဖူးမျှ မသွားဘူးသော အရပ်၊ တစ်ကြိမ်မှ မလုပ်ဘူးသောအလုပ်ကို ပင်ပန်းဆင်းရဲစွာ လုပ်နေရသည်မှာ ကိလေသာကာမဂုဏ်၏ ထိုးနှက်ချက်ကြောင့်ဟုမမြင်။ မာယာရှင်၏အလှက ဆွဲဆောင်ထားသဖြင့် ငါးဝအာရုံကာမဂုဏ်၏ အပြစ်ကိုမမြင်တော့။

တောကြီးမျက်မည်းထဲတွင် ကျားသံ၊ ဆင်သံကိုလည်း မကြောက်၊ မြွေပွေး၊ မြွေဆိုးရန်လည်းမမှု၊ စုန်းတစ္ဆေ မြေဘုတ်ဘီလူးတို့ ဖမ်းစားမည်ကိုလည်းမတွက်။ မာယာရှင်နှင့်သာ နေရလျှင် ရွှေဘုံ၊ ရွှေနန်းကိုပင် သတိမရတော့။

မင်းသားသည် မိုးလင်းသည်နှင့် တံချူကိုဆွဲပြီး၊ တောတောင်အနှံ့ ခရီးဆန့်သည်။ တစ်တောဝင် တစ်တောင် တက်လျက် သစ်သီးသစ်ဥ ရှာသည်။ မိုးလင်းကမိုးချုပ်ရှာဖွေနေချိန်တွင် မာယာရှင်က တဲ၌တစ်ယောက်တည်းကျန်ခဲ့သည်။

ထိုအချိန် တစ်ကျွန်းနေ ရသေ့သည် ကောင်းကင်ခရီးဖြင့် ဈာန်ပျံလာရာ၊ တောတွင်းတစ်နေရာ၌ မီးခိုးကိုမြင်သည်။ အဘယ်အရာနည်းဟု လှေလာသော် တဲယ်၌အမျိုးသမီးတစ်ယောက်ကို တွေ့သည်။ ရသေ့သည် မာယာရှင်အပါးကပ် လျက် ချစ်တင်းနှီးနှောစကားဆိုသည်။ မာယာရှင်မင်းသမီးသည် ရသေ့ကိုပါဖမ်းစားသိမ်းသွင်းလိုက်ရာ ဈာန်တန်ခိုးတွေ လျှော့ပါးသွားသည်။


ထိုစဉ်အခိုက် မင်းသားရောက်လာသော် ရသေ့သည်တဲတွင်းမှ ပြေးထွက်လျက် ကောင်းကင်ခရီးဖြင့် ပျံတက်ရန် ကြိုးစားသည်။ ဈာန်တန်ခိုးယုတ်လျော့နေသည်ကို မသိသောရသေ့သည် ဂင်္ဂါမြစ်အတွင်း ကျလျက် အသက်ဆုံးရှုံး တော့သည်။

ဘုရားအလောင်း အနိတ္ထိဂန္ဓသည် မိန်းမတို့၏ ဖောက်ပြန်သောသဘော၊ မာယာသဘောကို လက်တွေ့ မြင်ရသည့်အပြင်၊ ကိုယ်တိုင်လည်း နွံနစ်ရသည့်အဖြစ်ကို ကြုံရသဖြင့် သံဝေဂရသွားသည်။ ထို့ကြောင့် မာယာရှင်ကို လူ့ရပ်ခွင်သို့ ပြန်လွှတ်ပြီး၊ မင်းသားကမူ ရသေ့ဝတ်လိုက်သည်။ ထို့နောက် လူသူနှင့် မရောနှောလို၍၊ လူသူဝေးရာ ဟိမဝန္တာအရပ်သို့ ခိုဝင်သွားလေတော့သည်။

ကျမ်းကိုး။ ။တိကနိပါတ်၊ ပဒုမဝဂ်၊ စူဠပလောဘနဇာတ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အနုစိတ်လက်ရာတွေ အစသတ်ဖို့ပဲ ကျန်ပါတယ် မင်းသား။
ကောကဒနရဲ့ဂုဏ်ဟာ ဒီအနုစိတ်လက်ရာပေါ်မှာ တည်ပါတယ်။
ပြင်ပသဏ္ဌာန်ကို မြင်ရုံလောက်နဲ့ ချီးမွမ်းရင်
ကောကဒနရဲ့ ရသပျက်ပါမယ်။
အတွင်းအနုစိတ်လက်ရာကြည့်မှ
ချီးမွမ်းကြရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

# ပညာပါရမီ

ဘုရားဖြစ်ရန် ဆုကြီးပန်ပြီး ပါရမီ (၁၀)ပါးကို သုမေဓာရှင်ရသေ့ ဖြည့်ကျင့်ရာတွင် စတုတ္ထမြောက် ပါရမီသည် ပညာပါရမီဖြစ်သည်။ ပညာပါရမီနှင့်စပ်လျဉ်း၍ ဉာဏဝိဘင်း၌-

(၁) စိန္တာမယပညာ၊

(၂) သုတမယပညာ၊

(၃) ဘာဝနာမယပညာ ဟူ၍ သုံးမျိုးရှိသည်။

## စိန္တာမယပညာ

လောက၌ အသုံးတည့်အမြတ်ဖြစ်သော အမှုကိစ္စအမျိုးမျိုး၊ အတတ်ပညာအမျိုးမျိုး၌ အကျိုးအကြောင်း ဖြစ်သမျှကို မိမိဉာဏ်ဖြင့် ကြံစည်ဖြစ်ပေါ်လာသော အသိဉာဏ်ကို စိန္တာမယပညာဟု ခေါ်သည်။

စိန္တာ၊ ကြံစည်ခြင်း။ မယ၊ ပြီးစီးဖြစ်ပေါ်လာသော ပညာ။ ကြံစည်သဖြင့် ပြီးစီးဖြစ်ပေါ်လာသောပညာကို စိန္တာမယပညာဟု ခေါ်သည်။ လောက အကြောင်းအရာသာမက ဓမ္မအကြောင်းအရာလည်းပါသည်။ လက်သမား၊ လယ်သမားကိစ္စမှစ၍ ဓမ္မသဘာဝ စသော ဒါန၊ သီလ၊ သမထ၊ ဝိပဿနာဟု ဆိုအပ်သော တရား၊ သဘောစုကို ကြံစည်သိမြင်သောပညာဟူသ၍ စိန္တာမယပညာဖြစ်သည်။ မြတ်ဘုရား၏ သဗ္ဗညုတဉာဏ်တော်သည်ပင် စိန္တာမယ ပညာဟုဆိုနိုင်သည်။ သဗ္ဗညုတဉာဏ်တော်ရကြောင်း ကောင်းမြတ်သော ပဋိပတ်အကျင့်ကို မည်သူ့ထံမှ ကြားနာခြင်းမရှိဘဲ ကိုယ်တော်တိုင် ကြံစည်ထိုးထွင်း သိမြင်ကျင့်ကြံ၍ သဗ္ဗညုတဉာဏ်တော် ရလာခြင်းပင်။

## သုတမယပညာ

ကိုယ်တိုင်ကြံစည်သိမြင်ခြင်းမပြုနိုင်၍ ပညာရှိများထံမှ မေးမြန်း၍ ပြောဟောသည်ဖြစ်စေ၊ မမေးမြန်းဘဲ အလိုအလျောက် ပြောဟောသည်ဖြစ်စေ၊ ကြားနာရ၍ ဖြစ်ပေါ်လာသော ပညာဟူသမျှသည် သုတမယပညာဖြစ်သည်။

သုတ၊ ကြားခြင်း။ မယ၊ ပြီးစီးဖြစ်ပေါ်လာသောပညာ။ ကြားရ၍ဖြစ်ပေါ်လာသောပညာကို သုတမယ ပညာခေါ်သည်။

## ဘာဝနာမယပညာ

ဈာနသမာပတ်၊ ဖလသမာပတ် ဝင်စားသူတို့၏ သမာပတ်အတွင်းဖြစ်ပေါ်သည့်ပညာသည် ဘာဝနာမယ ပညာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပညာအမျိုးအစား

ပညာအမျိုးအစားကို (၁) အဆင့်အတန်းမြင့်သောပညာ (၂) အဆင့်အတန်းကိုမမီသော အောက်တန်းပညာဟု ခွဲခြားထားသည်။ အသက်မွေးမှု၏အကြောင်းဖြစ်သော အမှုမျိုး (ကမ္မာယတန)၊ အသက်မွေးမှု၏ အကြောင်းဖြစ်သော အတတ်မျိုး (သိပ္ပာယတန) ဟူ၍ရှိသည်။

ပညာဖြင့်စီမံအပ်သော အမှုအမျိုးမျိုးကို (ကမ္မာယတန) ဟုခေါ်သည်။ ပညာဖြင့်စီမံအပ်သော အတတ်အမျိုးမျိုးကို (သိပ္ပာယတန)ဟု အဋ္ဌကထာ၌ ဖွင့်ဆိုခေါ်သည်။

ကမ္မာယတနအရ အမှုမျိုးတွင် အညံ့စား၊ အမြတ်စားဟူ၍ နှစ်မျိုးရှိသည်။ လက်သမားအလုပ်ကို အညံ့စားတွင်ထည့်ပြီး၊ လယ်သမားအလုပ်၊ ကုန်သွယ်အလုပ်ကို အမြတ်စားတွင် ထားသည်။

သိပ္ပာယတန အတတ်မျိုးတွင်လည်း အညံ့စား၊ အမြတ်စားဟု ခွဲထားသည်။ ထရံရက်အတတ်၊ ရက်ကန်းရက်အတတ်ကို အညံ့စားတွင် ထည့်ထားပြီး၊ ဂဏန်းအတတ်၊ စာရေးအတတ်ကို အမြတ်စားတွင် ထည့်ထားသည်။

ကမ္မာယတနအမှုသည် အထူးသင်ကြားရခြင်းမရှိဘဲ ပြုလုပ်နိုင်သော အမှုဖြစ်သည်။ သိပ္ပာယတနမှာမူ သင်ကြားမှ တတ်မြောက်သိမြင်သော အတတ်ဖြစ်သည်။

ပညာတွင် သိအပ်သောအရာက ယုတ်ညံ့၍ ယုတ်ညံ့သောပညာ၊ သိအပ်သောပညာက မြင့်မြတ်၍ မြင့်မြတ်သော ပညာဟု မခွဲခြားသင့်။ အားသေးသောပညာ၊ အားကြီးသောပညာဟုသာ ခွဲသင့်သည်။

ပညာပါရမီဆည်းပူးသူသည် အထက်တန်း၊ အောက်တန်းဟူ၍ မခွဲခြား။ မိမိမသိသေးသည့်အရာဖြစ်လျှင် ပညာရှိထံမေးလျက် ဆည်းပူးဖြည့်ကျင့်သင့်သည်။

**ပညာပွားကြောင်း ခုနစ်ပါး**

၁။ ပညာရှိတို့ထံ အဖန်ဖန်မေးမြန်းခြင်း။

၂။ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနလုံးသောဝတ္ထုတို့ စင်ကြယ်အောင် ပြုလုပ်ရခြင်း။

၃။ သဒ္ဓါစသော ဣန္ဒြေညီမျှအောင်ပြုခြင်း။

၄။ ပညာမဲ့ပုဂ္ဂိုလ်တို့ကို ဝေးစွာရှောင်ကြဉ်ခြင်း။

၅။ ပညာရှိသူတို့ကို မှီဝဲခြင်း။

၆။ နက်နဲသော ဉာဏ်ကျက်စားရာဖြစ်သော တရားသဘောကို ဆင်ခြင်ခြင်း။

၇။ ညွတ်ကိုင်းသော စိတ်ရှိခြင်းဟူသော အကြောင်းခုနစ်ပါးဖြစ်သည်။

ဤတွင် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနစင်ကြယ်စေခြင်းဆိုရာ၌ ဆံပင်၊ မုတ်ဆိတ်၊ ခြေသည်း၊ လက်သည်း ရှည်လျားနေက အတွင်းဓာတ်တောင့်တင်းလျက် ချွေး၊ ကြေးညော်တို့ ထူထပ်သဖြင့် ကိုယ်တွင်းမစင်ကြယ်။ သန့်ရှင်းသောကိုယ်ရှိလျှင် စိတ်လည်း လန်းဆန်းသည်။ အဝတ်အစား ဟောင်းနွမ်းခြင်း၊ အိပ်ရာနေရာ၌ အမှိုက်သရိုက်များ ထူခြင်းကြောင့် ကိုယ်ပစင်ကြယ်မှုမရှိနိုင်။ အမြင်အာရုံ၊ အနံ့အာရုံတို့ကြောင့် စိတ်လက်မကြည်လင်နိုင်ပေ။ အညစ်အကြေးထူထပ်နေသော၊ မှိုင်းများသီးနေသော မီးခွက်၏မီးတောက်သည် မကြည်လင်သကဲ့သို့ အညစ်အကြေး မစင်ကြယ်က စိတ်မကြည်လင်။ စိတ်မကြည်လင်ကဉာဏ်လည်းမရွှင်နိုင်။ သန့်ရှင်းပြီး အညစ်အကြေးကင်းစင်သော မီးခွက်မှမီးတောက်သည် ကြည်လင်သကဲ့သို့ ကိုယ်တွင်းကိုယ်ပ ကြည်လင်လျှင် ဉာဏ်လည်းရွှင်ပေသည်။ ထို့ကြောင့် ပညာပွားများရန် စိတ်နေ၊ ကိုယ်နေသန့်ဖို့လည်း အရေးကြီးပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒြေညီမျှရေးသည်လည်း ပညာပွားစည်းရေး၏ အကြောင်းရင်း ဖြစ်သည်။

ဣန္ဒြေငါးပါးတွင် သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ၊ သတိဟူ၍ ငါးပါးရှိသည်။

သဒ္ဓါလွန်လျှင် ကွန့်သည်။

ပညာလွန်လျှင် ဆွဲ့သည်။

ဝီရိယလွန်လျှင် ပြန့်သည်။

သမာဓိလွန်လျှင် တွန့်သည်။

သတိမူကား လွန်သည်မရှိ ဟူ၍ အဆိုရှိသည်။

ဣန္ဒြေငါးပါးအနက် သဒ္ဓိန္ဒြေအားကြီးလျှင် အခြားဣန္ဒြေလေးပါး အလိုလိုအားနည်းသွားသည်။ ဝီရိယိန္ဒြေက သူ၏တာဝန်ဖြစ်သော အားစိုက်မှုမလုပ်နိုင်။ သတိန္ဒြေကလည်း အာရုံထင်၊ အမှတ်ရမှု မဆောင်ရွက်နိုင်။ သမာဓိန္ဒြေကလည်း တည်ကြည်ခြင်းကိစ္စမလုပ်နိုင်။ ပညိန္ဒြေကလည်း သိမြင်မှုမလုပ်နိုင်။ သဒ္ဓိန္ဒြေအားကြီးသဖြင့် ကွန့်သည်။

ထို့အတူပင် ဝီရိယိန္ဒြေအားကြီးက အခြားဣန္ဒြေတို့ အလိုလို အားသေးသွားသည်။ ဝီရိယိန္ဒြေကြောင့် ပြန့်လွင့်သွားသည်။ သို့ဖြစ်ရာ ဣန္ဒြေငါးပါးကိုအညီအမျှ ထားရှိဖို့လိုသည်။

သဒ္ဓါနှင့်ပညာ၊ သမာဓိနှင့် ဝီရိယညီမျှခြင်းကို ပညာရှိများက ချီးမွမ်းသည်။ သဒ္ဓါအားကြီး၍ ပညာအားနည်းပါက အချည်းနှီးသော ကြည်ညိုခြင်းဖြင့် ကြည်ညိုတတ်သည်။ ကြည်ညိုအပ်သောအရာ ဟုတ်မဟုတ် မစဉ်းစားနိုင်၊ ပညာအားနည်းသဖြင့် ကြည်ညိုဖွယ်ရာ မဟုတ်ဘဲ ကြည်ညိုတတ်ပြီး၊ ဘုရား၊ တရား၊ သံဃာအပေါ် ကြည်ညိုစိတ်လျော့တတ်သည်။ ဘုရားစစ်မဟုတ်ဘဲ ဘုရားစစ် ထင်သည်။ တရားစစ်မဟုတ်ဘဲ တရားစစ်ထင်သည်။ သံဃာစစ်မဟုတ်ဘဲ သံဃာစစ် ထင်သည်။ မိစ္ဆာအယူရှိသူ ဖြစ်သွားနိုင်ပေသည်။

ပညာတရားအားကြီးပြီး သဒ္ဓါတရား အားနည်းလျှင်လည်း လမ်းမှန် မရောက်တတ်။ ကောက်ကျစ်စဉ်းလဲသော ဘက်ကို ရောက်သွားတတ်သည်။ ဒါနတွင် စေတနာသည်သာ အရေးကြီးသည်။ ဝတ္ထုပစ္စည်းကအရေးမကြီး စေတနာကောင်းကောင်းထားလျှင် ဝတ္ထုပစ္စည်းလှူစရာမလိုဟု ကောက်ကျစ်စဉ်းလဲစိတ်ဖြင့် ဖိတ်ပင်လျှင် ထိုသူကား ငရဲကျရုံသာရှိသည်။

ဝီရိယနှင့် သမာဓိလည်း ညီမျှဖို့လိုသည်။ ဝီရိယနည်းပြီး သမာဓိအားများလျှင် ထကြွလုံ့လမရှိ။ သမာဓိရအောင် ငြိမ်သက်နေသယောင်ဖြင့် အပျင်းစိတ်လွှမ်းမိုးနေမည်။ ဝီရိယအားကြီးပြီး သမာဓိနည်းလည်း တည်ကြည်မှုမရှိနိုင်။ အမြဲလုံ့လပြုသလောက် အကျိုးမဖြစ်လျှင် စွန့်လွှတ်လိုစိတ် ဖြစ်လာတတ်သည်။ ဝီရိယနှင့် သမာဓိမျှလျှင် ပျင်းရိခွင့်ဝင်မရ၊ ပျာန်ကိုအလျင်အမြန်ရစေ၏။

သတိန္ဒြေမှာမူ လိုသာလိုသည်။ ပိုသည်မရှိ။ သတိသည် ဆားနှင့်တူ၏။ ဟင်းခွက်၏အရသာကို ဆားနှင့်ထိန်းချုပ်ထားရသကဲ့သို့ ဣန္ဒြေငါးပါးတွင် သတိသည် အရေးပါ၏။

ပညာမဲ့သူကို ရှောင်ရှားပြီး ပညာရှိသူကို ချဉ်းကပ်ရခြင်းမှာမူ အထူးရှင်းစရာမလိုပေ။ တစ်စုံတစ်ခုကိုမျှပေးမရ၊ မိမိအတွက်အထောက်အကူ မဖြစ်သောသူကို ရှောင်ရှားသင့်ပေသည်။

နက်နဲသောဉာဏ်၏ကျက်စားရာ တရားသဘောဆင်ခြင်ခြင်းဟူသည် ပညာ၏ကျက်စားမှုပင်။ ပညာဉာဏ်သည် သိအပ်ရာမှန်သမျှ သိ၏။ သေးငယ်သောအရာသိလျှင် သေးငယ်သောဉာဏ်ပေါ်၏။ နက်နဲသောအရာကိုသိလျှင် နက်နဲသောဉာဏ်ပေါ်၏။ ဉာဏ်၏ကျက်စားရာဟူသည်မှာ အာယတနစသော တရားစုပင်။ ထိုတရားစု၌ဖြစ်သော အသိဉာဏ်သည် နက်နဲသော ဉာဏ်မည်၏။ နက်နဲသောသဘောတရားများပြားသလောက် ခွဲခြမ်းဝေဖန်သည့် ဉာဏ်လည်း ကြီးပွားခြင်းအကြောင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာဉာဏ်ပွားများရာတွင် လျှော့ျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ် လေးပါး၌ ပညာတရားဖြစ်ပွားရန်သာ ညွှတ်ကိုင်းစိတ်ရှိရပေမည်။

(ဆရာတော်ဦးဝိစိတ္တ၏ မဟာဗုဒ္ဓဝင် အနုဒီပနီမှ)

## ပညာဆိုတာဘာလဲ

မြန်မာဝေါဟာရတွင်သုံးသော ပညာဟူသည် သုတမယပညာကို ဆိုလိုခြင်းဖြစ်သည်။ သင်ပေးသမျှ တတ်သော အတတ်ဖြစ်သည်။ ကျောင်းနေစာသင်သဖြင့် ဘွဲ့တွေ၊ ဒီဂရီတွေရခြင်းမှာ သုတမယပညာဖြစ်သည်။ လယ်လုပ်သည်ကို ကြည့်ပြီး လယ်သမား အတတ်တတ်ခြင်း၊ လက်သမားလုပ်သည်ကိုကြည့်ပြီး လက်သမားပညာတတ်ခြင်း မှာလည်း သုတမယပညာပင်ဖြစ်သည်။

ဒွိဟိတ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ တိဟိတ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သင်လျှင်တတ်သည်။ ဗိဒ္ဓကတ်သုံးပုံလည်း သင်လျှင်တတ်သည်။ မြန်မာစကားတွင် ဤသို့သင်ပေး၍ တတ်သည်ကို ပညာတတ်သည်ဟုဆိုသည်။

အဘိဓမ္မာတွင်ပါသော ပညာစေတသိက်သည်ကား ကိုယ့်ဘာသာကိုယ် ထိုးထွင်းသိလာသောပညာဖြစ်သည်။ ထိုးထွင်းသိမြင်ခြင်းကို ဉာဏ်ဟုဆိုသည်။ ပဋိသန္ဓေက ပညာပါလာသော ပုဂ္ဂိုလ်သည် သူ့ဘာသာသူ တီထွင်ပြီး သိသည်။ ထိုသို့ ထိုးထွင်းသိမြင်သော ပုဂ္ဂိုလ်ကို တိဟိတ်ပုဂ္ဂိုလ်ခေါ်သည်။

ပဋိသန္ဓေနေကတည်းက ပဋိသန္ဓေစိတ်တွင် ပညာပါလာလျှင် တိဟိတ်ပုဂ္ဂိုလ်ခေါ်သည်။ အလောဘ၊ အဒေါသ၊ အမောဟဆိုသည့် ဟိတ်သုံးပါး ပါလာသည်။ အမောဟသည် ပညာကိုဖွင့်ဆိုသည်။

အဘိဓမ္မာတွင် စာတစ်လုံးမှ မတတ်သော်လည်း ထိုးထွင်းသိမြင်လျှင် ပညာရှိဟုခေါ်နိုင်သည်။

(သဒ္ဓမ္မဇောတိက အဘိဓမ္မာမှ)

## ပညာရှိ သုလသာ

ဇာတ်တော်လာ သုလသာသည် ခိုးသူကို ပရိယာယ်ဖြင့် အောင်မြင်စွာ သတ်နိုင်သည်။ ထိုအခါ နတ်များက ပညာရှိပါပေတယ်...ဟု ချီးမွမ်းကြသည်။ ပါဏာတိပါတအမှုကိုကျူးလွန်ပြီး ပညာစေတသိက်မပါသဖြင့် အဘယ်ကြောင့် ပညာရှိဟုဆိုသနည်းဟု စောဒကတက်သည်။ အသိတွင် သညာသိ၊ ဝိညာဏ်သိ၊ ပညာသိဟူ၍ အသိသုံး မျိုးရှိသည်။ ဝိညာဏ်သိသည် စိတ်ကူးသိဖြစ်သည်။ သုလသာသည် ဘေးကို မြင်၏။ ထိုဘေးမှလွတ်မြောက်ရန် ကြံစည်၏။ ထိုအခါ နည်းလမ်းကို ဝိညာဏ်သိက ရှာတွေ့၏။ ဤသည်ပင် ပညာရှိဟု ခေါ်ကြောင်း ရှင်းလင်းသည်။

ဤအယူအဆမှာ ပညာမဟုတ်သည့် ဝိညာဏ်နှင့်ဒိဋ္ဌိကို ပညာဟု ပြောဆိုသဖြင့် အဘိဓမ္မာသဘောနှင့် ဆန့်ကျင်သည်။ အမှန်မှာ... "ဤခိုးသူကို ဤသို့ ပရိယာယ်ဖြင့်ပြော၍ ကြံစည်လျှင် ငါနိုင်မည်" ဟု သုလသာသိခြင်းမှာ အမှန် သိဖြစ်သည်။ ပညာသိဖြစ်သည်။ ပရိယာယ်ဖြင့်ပြော၍ ကြံစည်လျှင် ငါနိုင်မည်ဟု သိခြင်းသည် ပညာသိဖြစ်၏။ သတ်တော့မည်ဟု ဆုံးဖြတ်ပြီး ဒုစရိုက်အမှုကျူးလွန်လျှင် အပြစ်ရှိသည်။ ဤနေရာတွင် အသိနှင့်ယှဉ်သောအတွေးကို ပညာဟု ဆိုအပ်ခြင်း ဖြစ်ပေသည်။

မကောင်းသောအရာကိုသိခြင်းကြောင့် ပညာဟု မသတ်မှတ်လျှင် သဗ္ဗညုတဉာဏ်တော်ကိုပင် အပြစ်ပြစရာ ဖြစ်နေသည်။ သဗ္ဗညုတဉာဏ်တော်သည် မကောင်းသည်ကို မကောင်းမှန်းသိသည်။ ကောင်းသည် ကို ကောင်းမှန်းသိသည်။ ခပ်သိမ်းသောအရာကို သိ၍ သဗ္ဗညုတဉာဏ်တော်ဟု ခေါ်ခြင်းပင်။

သုလသာသည် ခိုးသူကို ပရိယာယ်ဖြင့် အောင်နိုင်၍ နတ်က "ပညာရှိပါပေသည်"ဟု ချီးမွမ်းခြင်းမှာ ထိုးထွင်းသိ၍ ချီးကျူးခြင်း ဖြစ်သည်။ အမှုကျူးလွန်သည်ကို ချီးမွမ်းခြင်းမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



## ပညာရှိသော မိဗ္ဗိသာရနှင့် ကုမ္ဘဃောသက

ဇာတ်တော်လာအရ-ရာဇဂြိုဟ်ပြည်တွင် ယင်းနာဖြစ်၏။ ကုဋေလေးဆယ်ချမ်းသာသော ရာဇဂြိုဟ်သူဌေး ရောဂါရ၏။ သားကိုအလွတ်ပြေးစေ၏။ ရောဂါကင်းရှင်းလျှင် ပြန်လာပြီး မြှုပ်နှံထားသော ငွေကို ထုတ်ယူသုံးစွဲလော့ဟု မှာရစ်၏။ ကုမ္ဘဃောသက လွတ်ကင်းရာထွက်ပြေး၏။ နောင်(၁၂) နှစ်ကြာမှ ရာဇဂြိုဟ်ပြန်ရောက်သည်။ အဖြစ်အပျက် တွေကို မေ့လျော့ကုန်ပြီ။ ကုမ္ဘဃောသကကို သူဌေးသားမှန်း ဘယ်သူမှ မသိတော့။ ကုဋေလေးဆယ်ရှိလျက် ငြိုငြင်စွာ လုပ်ကိုင်စားရသည်။ အချိန်အခါမကျသေး၍ ဖော်ယူအသုံးချ၍မရ။ ကုမ္ဘဃောသကသည် တစ်ဝမ်းတစ်ခါးအတွက် နိဗ္ဗာန်ဆော်အလုပ်ဖြင့် အသက်မွေးသည်။

ဇာတ်လမ်းက အပြောင်းအလဲဖြစ်လာသည်။ နံနက်ဝေလီဝေလင်း ထပြီး နိဗ္ဗာန်ဆော်လုပ်သည့် ကုမ္ဘဃောသကအသံကို မိဗ္ဗိသာရမင်းကြီး ကြားရသည်။ "ဤအသံသည် ပစ္စည်းဥစ္စာကြွယ်ဝသော ယောကျ်ား တစ်ယောက်အသံပင်"ဟု မိဗ္ဗိသာရ မင်းကြီး ရေရွတ်သည်။ မင်းကြီးသည် အသံ၏ဂုဏ်အင်္ဂါရပ်၊ အသံနှင့်ပတ်သက်သော ပညာရပ် နားလည်သဖြင့် ဤသို့ မှတ်ချက်ချသည်။ သို့သော် မင်းချင်းတစ်ယောက်ကို လိုက်စုံစမ်းခိုင်းသော် ပစ္စည်းမဲ့ခြေသလုံးအိမ်တိုင်ဟု အကြောင်း ပြန်သည်။ သို့သော် ဤသူသည် ချမ်းသာသူသာဖြစ်မည်ဟု အခိုင်အမာ ထပ်ဆိုသည်။

ကုမ္ဘဃောသက၏ဖုံးကွယ်ထားသောဘဝကို ဖော်ထုတ်နိုင်ရန် နန်းတွင်းသူသားအမိက စုံစမ်းသည်။ ကုမ္ဘ ဃောသကထံ ပူးဝင်ကပ်နိုင်ရန် ပရိယာယ်သုံးသည်။ မာယာသုံးသည်။ အဖြစ်မှန်ကို တော်တော်နှင့် ဖော်ထုတ်မရ။

ကုမ္ဘဃောသကသည် အခြေအနေနှင့် အချိန်အခါကိုသိသည်။ ရာဇဂြိုဟ်ပြည်မှ (၁၂)နှစ်တိုင် ကင်းကွာသွားသော သူ့ရုပ်သွင်ကို မည်သူမျှ မသိနိုင်။ ဇာတ်ကြောင်းသိသူများကလည်း ယင်းနာဖြစ်ချိန်တွင် သေကုန်ပြီ။ ယခုလက်ရှိ ရာဇဂြိုဟ် ပြည်သူတွေက သူ့ကိုမသိ။ ကျွန်တော်ဟာ ရာဇဂြိုဟ်သူဌေးရဲ့သားပါ...ကျွန်တော့်မိဘမြှုပ်နှံထားရစ်သော ငွေကုဋေ လေးဆယ်နဲ့ ချမ်းသာကြွယ်ဝသူပါဟု ပြောလည်း ယုံကြည်သူမရှိ။ သူသည် အခြေအနေတွက်သည်။ အချိန်အခါ ကြည့်သည်။ ဘဝကို ဆင်ခြင်သည်။ မွေးရာပါ ပဋိသန္ဓေစိတ်အသိဖြင့် မိမိရပ်တည်ရမည့်ဘဝကို နားလည်သည်။ ထို့ကြောင့် နိဗ္ဗာန်ဆော်အလုပ်ဖြင့် အသက်မွေးသည်။ ခနမာန်တက်လျက် ထောင်လွှားမှုမပြု။

သို့သော် နန်းတွင်းသူတို့၏ ပရိယာယ်၊ မာယာကြောင့် သူဌေးဖြစ်ကြောင်း ထုတ်ဖော်နိုင်ခဲ့သည်။

ဤဇာတ်တော်တွင် မိဗ္ဗိသာရမင်းကြီး၏အသံကို နားလည်သောပညာ၊ ကုမ္ဘဃောသက၏ စဉ်းစားဆင်ခြင် တတ်သော ပညာတို့ကို အံ့သြစွာ ရှုမြင်ရပေသည်။

## ပညာပါရမီ

သူတော်ကောင်းတို့ ဖြည့်ကျင့်ရသော ပါရမီ (၁၀)ပါးတွင် ပညာပါရမီသည်လည်းပါသည်။ စိန္တာမယပညာ သော်လည်း ဖြစ်ချင်ဖြစ်မည်။ သုတမယပညာသော်လည်း ဖြစ်ချင်ဖြစ်မည်။ ဘာဝနာမယပညာလည်း ဖြစ်ချင်ဖြစ်မည်။ အဓိကမှာ ဘာဝနာမယပညာဖြစ်သော်လည်း ဘဝများစွာ ဖြတ်သန်းကျော်လွှားရသော ဘုရားလောင်းတို့အဖို့ ပညာပါရမီ တစ်ခုခုကို ကြိုးစားဖြည့်ဆည်းခဲ့ရသည်မှာ အမှန်။ လောကီရေးအတွက်ပင်ဖြစ်စေ၊ ပညာကြောင့် ပြေလည်အောင် ဖြေရှင်းနိုင်သည့် သာဓကများသည် မှတ်သားနာယူဖွယ်၊ အတုယူဖွယ်ရှိပါပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မဟောသဓာသတို့သားနှင့် နွားတရား

ဝိဒေဟတိုင်း၊ မိထိလာပြည်တွင် ဝိဒေဟရာဇ်မင်းစိုးစံစဉ် မဟောသဓာပညာရှိသည် အရှေ့ယဝမဇ္ဈဂုံးရွာတွင် သူဌေးကြီး သိရိဝဍ္ဍနနှ၏ဇနီး သုမနဒေဝီမှ မွေးဖွားသည်။

မွေးစတွင် လက်ထဲ၌ သိကြားမင်းထည့်ပေးသောဆေးတောင့် ပါလာသည်။ မိခင်က ဘာလဲ "ဟုမေးသော်" ဆေးတောင့်ပါမေမေ" ဟု မွေးစ၌ပင်ပြောသည်။ ထိုဆေးတောင့်ဖြင့် ရောဂါအားလုံးကို ကင်းငြိမ်းပပျောက်စေသည်။

ဖခင်သူဌေးကြီးသည် "ငါ့သားကားဘုန်းကံကြီးသူဖြစ်သည်။ တစ်ယောက်တည်း မွေးဖွားလာသည် မဟုတ်တန်ရာ"ဟု တွေးလျက် စုံစမ်းသော် မဟောသဓာနှင့် တစ်ချိန်တည်းမွေးဖွားသူ တစ်ထောင်ရှိကြောင်း သိရသည်။ သူဌေးကြီးသည် "နောင်အခါ ငါ့သား၏အခြံအရံ ဖြစ်စေအံ့"ဟု ကြံရွယ်လျက် အဝတ်အစားများပေးပြီး နို့ထိန်းတစ်ယောက်စီ ခန့်ထားပေးသည်။ မဟောသဓာနှင့်အတူ မင်္ဂလာပြုပြီး အခြံအရံဖြစ်စေသည်။

မဟောသဓာခုနစ်နှစ်သားအရွယ်ရောက်သော် မြို့လယ်တစ်နေရာတွင် ကစားပျော်ပါးရန် ကစားရုံကြီး တည်ဆောက်သည်။ လက်သမားများခေါ်ပြီး သူကိုယ်တိုင်ပင် ပန္နက်ရိုက်လျက် အစစအရာရာ စီမံသည်။ ကစားရုံ ဆိုသော်လည်း ခိုးကိုးရာမဲ့သူတို့ တည်းခိုရန်၊ ခိုးကိုးရာမဲ့မိန်းမတို့ မီးဖွားရန်၊ အာဂန္တုရဟန်းပုဏ္ဏားများ တည်းခိုရန်၊ လှူဒည့်သည်တို့ တည်းခိုရန်၊ ကုန်ပစ္စည်းများ သိုလှောင်ရန် စသည့် အခန်းများပါသည်။ တရားဆုံးဖြတ်ရန် နေရာလည်းပါသည်။ ထို့နောက် ပန်းချီဆရာများခေါ်ပြီး စိတ်တိုင်းကျ ရေးဆွဲခိုင်းသည်။ ကစားရုံဆိုသော်လည်း လူနေအိမ်နှယ် လိုလေသေးမရှိ ပြည့်စုံသည်။ ကစားရုံအနီးတွင် ရေတွင်း၊ ရေကန်၊ ရေဆိပ်များပြုလုပ်ထားပြီး သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထား၍ လွန်စွာအမြင်လှ၏။ ထိုကစားရုံတွင် မဟောသဓာနှင့် အဖော်တစ်ထောင် ပျော်ရွှင်စွာနေကြပေသည်။

* * *

တစ်နေ့တွင် မဟောသဓာ၏ ပညာပါရမီကို ထုတ်ဖော်ပြသခွင့် ကြုံလာသည်။

ထိုနေ့က အရှေ့ယဝမဇ္ဈဂုံးရွာသားတစ်ဦးသည် မိုးတွင်း၌လယ်တွင်ခိုင်းရန် အခြားရွာမှ နွားတစ်ရှဉ်းဝယ်လာပြီး၊ စားကျက်တွင် လွှတ်ကျောင်းနေ၏။ သူကမူ ခပ်လှမ်းလှမ်းရှိ အရိပ်ရသောသစ်ပင်အောက်တွင်ထိုင်ပြီး ကြည့်နေသည်။ အတန်ကြာသော် ငိုက်မျဉ်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် သူခိုးတစ်ယောက်သည် ရောက်လာပြီး နွားကို မောင်းပြေးသည်။ မလှမ်းမကမ်းအရောက်တွင် နွားရှင် အိပ်ပိုက်ရာမှ လန့်နိုးသော် နွားကိုကြည့်သည်။ နွားကိုမတွေ့ "ခပ်လှမ်းလှမ်းတွင် သူခိုးက မောင်းပြေးသွားသော သူ့နွားတွေကို လှမ်းမြင်သည်။ ကဆုန်စိုင်းပြေးလိုက်ပြီး ခိုးသား၏လည်ကုပ်ကို ဖမ်းဆွဲလျက် "ငါ့နွားတွေကို ဘယ်မောင်းသွားတာလဲ"ဟု ဆိုသည်။ နွားသူခိုးက "ဘာစကားလာပြောတာလဲ၊ ငါ့နွားငါမောင်းလာတာ၊ မနှောင့်ယှက်နဲ့"ဟု ဆိုပြီး ပခုံးကိုင်ထားသော လက်ကိုပုတ်ချသည်။ နွားရှင်နှင့် နွားသူခိုးသည် သူ့နွား၊ ငါ့နွားဟု အငြင်းပွားလျက် ဆွဲလားရှန်းလား ဖြစ်နေရာ၊ လူအများ စုဝေးအုံကြည့်နေသည်။

မဟောသဓာသတို့သားသည် အချင်းဖြစ်သည့်အကြောင်း ကြားသော် သူ၏အဖော်သူငယ်များကို အခေါ်ခိုင်းလိုက်သည်။ အချင်းများနေသည့် သူနှစ်ဦးရောက်သော် မည်သူကား သူခိုး၊ မည်သူက နွားရှင်မှန်း အတတ်သိသည်။ သို့သော် ကျေနပ်အောင် အဆုံးအဖြတ်မပေးလျှင် ကာယကံရှင်များလည်း မကျေနပ်၊ လာရောက်ကြည့်နေသူတွေလည်း စိတ်ထဲ ဇဝေဇဝါဖြစ်မည်စိုး၍ "သင်တို့ငါ့အဆုံးအဖြတ် နာခံကြမလား"ဟု မေးလိုက်သည်။ နာခံမည်ဆိုသဖြင့် နွားခိုးဘက်ကို လှည့်မေးလိုက်သည်။

"ဒီနွားက သင့်နွား အမှန်ပဲလား..."

"မှန်ပါတယ်။ ကျုန်ုပ်နွားကိုဆောင်ယူပြီး သွားနေစဉ်လိုချင်စိတ်ရှိတဲ့ ဒီလောဘသားက သူ့နွားဆိုပြီး စွပ်စွဲတာပါ"

"စွပ်စွဲတာ မဟုတ်ဘူး၊ ငါ့နွားမို့ ငါ့နွားလို့ပြောတာ..."

နွားရှင်ကသူမမေးဘဲ ဝင်ပြော၍ မဟောသဓာက လက်ပြတားလိုက်သည်။ "မ မေးဘဲ စကားမဆိုပါနဲ့၊ မေးလာမှ လိုရင်းပဲဖြေပါ" ဟုဟန့်တားလိုက်သည်။ ထို့နောက် နွားသူခိုးဘက်လှည့်ပြီး မေးလိုက်သည်။

"ကောင်းပြီ၊ သင့်နွားဆိုရင် အဘယ်အစာကို ကျွေးသလဲ"

"ခင်ဗျာ၊ အစာကျွေးတာလား...ဩော်၊ ဒီလိုပါ။ ကျုန်တော်က တိရစ္ဆာန်ကို ချစ်တယ်။ တန်ကြေးလည်း ထားတယ်။ ဒါကြောင့် ယာဂုတိုက်ပြီး နှမ်းဖတ်နဲ့ ပဲမှော်ပဲတိုက်ပါတယ်"

"သေချာတယ်နော်...ကဲ အားလုံးမှတ်ထားပါ"

မဟောသဓာသည် သူ့လူများကို မျက်ရိပ်မျက်ခြည်ပြ မှတ်သားခိုင်းပြီး နွားရှင်ဘက်လှည့်သည်။

"သင်ကလည်း သင့်နွားပါလို့ဆိုတယ်၊ ဟုတ်သလား"

"ဟုတ်ပါတယ်။ ကျုန်တော့်နွားပါ။ စားကျက်မှာ လွှတ်...လွှတ်"

"မဟောသဓာက မေးသည်သာဖြေရန်၊ စကားအပိုမပြောရန် လက်ပြဟန့်တားလိုက်သည်။

"တော်ပြီ၊ မေးတာပဲ ဖြေ။ ဟုတ်လားဆိုရင် ဟုတ်တယ်၊ မဟုတ်ဘူး ပဲဖြေ"

"ဟုတ်ပါတယ်"

"ဒါဆို ဘယ်အစာကျွေးလဲ"

"ကျုန်တော်က ဆင်းရဲသားပါ၊ ယာဂု မတိုက်နိုင်ပါဘူး။ မြက်ပဲ ကျွေးပါတယ်"

"မြက်ကျွေးတယ်ဆိုရင် လုံလောက်ပြီ။ ကဲ သူတို့စကား မှတ်သားပြီးပလား"

"မှတ်သားပြီးပါပြီ သူငွေးသား"

"ဒါဆို သျှိသျှားရွက်ရှာခဲ့စမ်း။ သျှိသျှားရွက်ထောင်းပြီး ရေနဲ့ ဖျော်တိုက်လိုက်"

မဟောသဓာ သူဌေးသားသည် သူ့လူများကို ခိုင်းစေလိုက်ပြီး၊ ကုလားထိုင်ပေါ်တွင်ထိုင်လျက် အချိန်စောင့်ကြည့်သည်။ နွားများဝမ်းသွားသော် နွားချေးကို ဝိုင်းအုံကြည့်သည်။ မြက်သာစားထားသဖြင့် လတ်လတ်ဆတ်ဆတ် မြက်များရောပါသည့် နွားချေးစွန့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ၊ အားလုံးမျက်မြင်ပဲ။ ဒီနွားဟာ သူ့နွား၊ သင်က ခိုးသူ မဟုတ်လား..."

"ဟုတ်...ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော်ခိုးမိပါတယ်"

"အင်း...သင်ဟာ မိုက်ရုံတင်မကဘူး၊ အမှောင်ထုလွှမ်းသလို မည်းညစ် သူပဲ။ သူတစ်ပါး ပစ္စည်းကိုခိုးတယ်၊ တစ်မှု။ ငါ့ကိုလိမ်တာကတစ်မှု။ တစ်ချိန်တည်း နှစ်မှုကျူးလွန်သူပဲ"

"ခွင့်လွှတ်ပါခင်ဗျာ။ ရုတ်တရက် လောဘစိတ်ဖြစ်ပြီး ကျူးလွန်မိတာပါ"

"အင်း...မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူး။ ဒီလိုအပြစ် ကျူးလွန်တဲ့အတွက် ပစ္စုပ္ပန်မှာ အပြစ်ခံရတဲ့အပြင်၊ နောင်တမလွန်မှာလဲ ငရဲကျတတ်တယ်။ နောင်မကျူးလွန်ပါနဲ့"

"ဟုတ်ကဲ့၊ လိမ္မာပါမယ်ခင်ဗျာ"

မဟောသဓာသည် နွားသူခိုးကို သွန်သင်ဆုံးမလျက်၊ နွားကို ပိုင်ရှင်လက်သို့ ပြန်အပ်လိုက်သည်။ မဟောသဓာ၏ ပညာဉာဏ်ကြီးမှုအတွက် ပရိသတ်က ကောင်းချီးသြဘာ ပေးလေသတည်း။

ကျမ်းကိုး။ ။မဟောသဓာ ဇာတ်တော်မှ ကောက်နုတ်ချက်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ကြံစည်သိမြင် စိန္တာမယအရှင်

''ဒီမယ် သိရိဂုတ္တ၊ တို့များပုဂ္ဂိုလ်ရေးရာ ဆည်းကပ်တာ ဘာဖြစ်လို့လဲသိလား…အကျိုးရှိလို့၊ ဟုတ်တယ်… အကျိုးရှိလို့ကိုးကွယ်တာ…အကျိုးမရှိရင် ဘာကိုကိုးကွယ်စရာရှိလို့လဲ''

ဂရဟဒိန္န၏စကား အခင်းကို ကြားသည်နှင့် ရင်ထဲမှရယ်သွမ်းသွေးလျက် သူငယ်ချင်း၏ မျက်နှာကို စိုက်ကြည့်နေသည်။ နှုတ်က မပြောသော်လည်း ထုံးစံအတိုင်း ဆွယ်တရားဟောပြန်ပြီဟု သိလိုက်သည်။

ဂရဟဒိန္နနှင့် သိရိဂုတ္တသည် အလွန်ရင်းနှီးကျွမ်းဝင်သော သာဝတ္ထိမြို့သားများဖြစ်သည်။ သူတို့နှစ်ဦးသည် ငယ်စဉ် ကတည်းက ရင်းနှီးသော ကစားဖော်များဖြစ်သည်။ ကြီးပြင်းလာတော့ စီးပွားလုပ်ငန်း မတူကြားလည်း တစ်ဦးကိုတစ်ဦး အကြံပေး၊ ဖေးမစောင့်ရှောက်ကြသည်။ မိတ်ကောင်း၊ ဆွေကောင်းပီပီ စောင့်ရှောက်သည်ဆိုကြားလည်း အမှန်တော့ တစ်ဦးနှင့်တစ်ဦး ငွေကြေးအကူမလို။ နေဥစ္စာပြည့်စုံသူများဖြစ်၍၊ အကြံဉာဏ်ပေးရုံမျှသာ။

နှစ်ဦးသားသည် အရာရာတွင် စိတ်တူကိုယ်တူရှိကြသော်လည်း ဘာသာအယူဝါဒအားဖြင့်မူ မတူညီကြ။ သိရိဂုတ္တက ဘုရားရှင်နှင့် ဘုရားတပည့်ရဟန်းများကို ဆည်းကပ်သည်။ အဆုံးအမ နာယူသည်။ ဂရဟဒိန္နကမူ တိတ္ထိတို့ကို ဆည်းကပ်သည်။ တိတ္ထိဆရာကြီးများနှင့် အပေါင်းအသင်းတို့သာလျှင် ဆည်းကပ်ရမည့် ပုဂ္ဂိုလ်ဟု အထင်ရောက်သည်။

ဘုရားရှင်သည် ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ ဆွယ်တရား မဟောရန် ဆုံးမသည်။ ကိုယ်တိုင်လေ့လာ၊ ကောင်းမကောင်း အပ်မအပ် ကိုယ်တိုင်ဆင်ခြင်၊ ဘေးပြောနှင့် မယုံကြည်ဘဲ လက်တွေ့လေ့လာပြီးမှ…မှန်လေပြီဟုထင်မှ ကိုးကွယ်ဟု အစဉ်ဆုံးမသည်။ ထိုကြောင့် ဂရဟဒိန္နနှင့်တွေ့သော်လည်း တိုက်တွန်းစကားမဆို။ သူမဆိုသော်ကြားလည်း ဂရဟဒိန္နကမူ ကြုံလေတိုင်း ဆွယ်တရားဟောလေ့ရှိသည်။

''သူငယ်ချင်း စဉ်းစားလေ…တို့လောက်ပဲသိတယ်၊ တို့လိုပဲတတ်တယ်ဆိုရင် တို့က သူ့ကို ဘာလို့ကိုးကွယ်နေစရာလိုလဲ။ သာသူသာ ဆည်းကပ်ရမယ်၊ မဟုတ်ဘူးလား''

''အေး…''

''ငါ့ဆရာကြီးတွေဆိုရင် မသိတာမရှိဘူး။ အရာအားလုံးကို သိတယ်။ အတိတ်က အကြောင်းအရာလည်း သိတယ်။ အနာဂတ်အခြေအနေလည်း သိတယ်။ အဲ…ပစ္စုပ္ပန် အခြေအနေတော့ ပြောစရာမလိုဘူးပေါ့''

''အင်း…အင်း''

''ပြီးတော့ ငါ့ဆရာကြီးတွေက တန်ခိုးဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတယ်။ ဒီမယ် သူငယ်ချင်း၊ မြေလျှိုး မိုးပျံအတတ်ဆိုတာ တော်ရုံတန်ရုံပုဂ္ဂိုလ်များ မစွမ်းနိုင်ဘူး။ ငါ့ဆရာတွေက စွမ်းနိုင်တယ်…''

''သြော်…သြော်''

www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတာက ကျင့်မှုဆိုင်ရာ စရဏပိုင်းပဲ။ အကျင့်မြတ်ရှိတဲ့ ငါ့ဆရာကြီးတွေကို မင်းတွေ့ဖူးစေချင်တယ်... တစ်ကြိမ်လောက်မြင်ရုံနဲ့ မင်းကြည်ညိုသွားလိမ့်မယ်"

ဂရုဟဒိန္နာသည် သူ့ဆရာတိတ္ထိများအကြောင်းကို အမွှမ်းတင်ပြောသည်။ သူဘယ်လိုပင်ပြောသော်လည်း တိတ္ထိတို့သည် သိမှုနယ်ပယ်၌ ဘာတစ်ခုကိုမျှ ထိုက်ထိုက်တန်တန်မရှိ၊ မသိသူများမှန်း သိရိဂုတ္တသိနေသည်။ ထို့အတူ ကျင့်မှုနယ်ပယ်၌လည်း အကျင့်မြတ်ရှိသူများ မဟုတ်ကြ။ တိတ္ထိတို့သည် လာဘ်လာဘရရေးမျှော်ကိုးလျက် တစ်ဖက်သားအထင်ကြီးအောင်၊ လေးစား ကြည်ညိုလာအောင်နေပြခြင်း၊ ထင်ပေါ်ကျော်ကြားအောင် လုပ်ပြခြင်းသာဖြစ်သည်။ ခြိုးခြံသောအကျင့် ကျင့်သည်ဆိုလည်း အမှန်ခြိုးခြံခြင်းမဟုတ်။ အကျင့်ထူး အကျင့်မြတ်ဟု ပတ်ဝန်းကျင်မှ အထင်ကြီးအောင် အဆန်းတကြယ် လုပ်ပြသည်ကလွဲ၍ အကျိုးရှိသည့်အကျင့် မဟုတ်။

သိရိဂုတ္တသည် သူငယ်ချင်း ဂရုဟဒိန္နအား ကိုးကွယ်မှုနှင့် ပတ်သက်၍ လမ်းလွဲနေမှုကို အမှန်ရောက်အောင် လမ်းပြချင်သည်။ အမှောင်ကို အလင်းထင်ပြီး၊ အလင်းကို အမှောင်ထင်နေသူအား ပြောဟောရုံနှင့် ဆွဲဆောင်ရမည်မဟုတ်။ ကိုယ်ကတစ်ခွန်းပြောလျှင် သူကနှစ်ခွန်းငြင်းပယ်ပြီး၊ သုံးခွန်းအကြောင်းပြမည်ကို သိနေသည်။ အပြောနှင့်စည်းရုံးမရနိုင်မှန်းသိသဖြင့် လက်တွေ့ပြမှ နားလည်လာမည်ဟု တွေးမိလိုက်သည်။

* * *

"ငါ မင်းဆရာတွေ ဆွမ်းပင့်ကျွေးချင်တယ်...ရနိုင်မလားသူငယ်ချင်း"

"ဟေ...ဘာပြောတယ်။ မင်းပြောတာ ငါ့ဆရာကြီးတွေ ဆွမ်းကျွေးချင်တယ်...ဒီလိုပြောလိုက်သလား၊ ငါနားကြား မမှားပါဘူးနော်..."

"ဟုတ်ပါတယ်"

ဂရုဟဒိန္နသည် သူ့သူငယ်ချင်းအသံ ကြားတော့ အံ့သြသွားသည်။ စကား ပြန်မပြောတတ်အောင်ပင် အံ့သြသွားသည်။ ဤစကားမျိုးပြောသည်မှာ သူ့သူငယ်ချင်း သိရိဂုတ္တမှဟုတ်ပါလေစ...ဟုပင် တွေးမိသည်။ သို့သော် ဤအတွေးက ချက်ချင်းပျက်ပြယ်သွားသည်။ သိရိဂုတ္တကို ဆွယ်တရားဟောသည်က အောင်မြင်လေပြီဟု အတွေးပေါ်လာသဖြင့် ပီတိပြုံး ပြုံးလိုက်သည်။

"မင်းဆွမ်းကပ်ချင်ရင် ငါလျှောက်ပေးရမှာပေါ့။ ငါ့သူငယ်ချင်းကြီးအတွက်ဆိုက မရ, ရအောင်ပင့်ပေးမယ်။ ဒီမယ်သိရိဂုတ္တ၊ မင်းက အသိဉာဏ်ရှိသူပါ။ ဝေဖန်ပိုင်းခြားတတ်ပါတယ်။ အကောင်းအဆိုး ဝေဖန်နိုင်ပါတယ်။ ငါရဲ့တိတ္ထိဆရာကြီးတွေကို မြင်ရုံနဲ့ မင်း ကြည်ညိုသွားမယ်။ ဆရာကြီးတွေက အလိုနည်းတယ်။ အကျင့်မြတ်ရှိတယ်။ အမြော်အမြင်လည်းရှိတယ်"

"အရာရာသိတယ်ဆိုပါတော့"

"သိတာပေါ့။ ဆရာကြီးတွေမသိတာ ဘာမှမရှိဘူး။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး၊ အကြောင်းသုံးရပ်၊ လောကစာတ်တစ်ခွင်မှာ မသိတာမရှိဘူး"

"ဒါဆို ကောင်းတာပေါ့။ တကယ်သိတယ်နော် သူငယ်ချင်း..."

"လက်တွေ့စမ်းကြည့်တော့ မင်းသိသွားမယ်"

"အေး၊ ငါကလည်း လက်တွေ့စမ်းချင်တာ ဂရုဟဒိန္န။ အရာရာ မသိတာမရှိဘူးဆိုတာ ငါလက်တွေ့သိအောင် လုပ်ချင်တာ..."

"ကြိုက်ပြီ၊ ငါလက်ခံတယ်။ မင်းက အဲဒီလိုတွေမှ ငါ့ဆရာတွေကို ယုံကြည်သွားမှာ..."

www.burmeseclassic.com

www.burmeseclassic.com



ဂရဟာဒိန္နသည် သူ့သူငယ်ချင်း သိရိဂုတ္တက တိတ္ထိဆရာကြီးများအပေါ် ယုံကြည်ကိုးစားလာသည့်အတွက် ကျေနပ်ပီတိဖြစ်နေသည်။ အောင်မြင်အောင် ဆွဲဆောင်နိုင်မှုအတွက် မိမိကိုယ်ကို ဂုဏ်ယူနေမိသည်။

သိရိဂုတ္တကမူ တိတ္ထိတို့၏ မှိုင်းမိနေသော သူ့သူငယ်ချင်း အမြင်မှန်ရလာစေရန်၊ သူတွေးထင်ထားသလို တိတ္ထိဆရာကြီးများသည် အသိဉာဏ်ရှိသူများမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းသိစေရန် ကြံရွယ်ထားသည်။ ထိုအစီအစဉ်ကို ရက်ပေါင်းများစွာ စီစဉ်စဉ်းစားထားသည်။

သိရိဂုတ္တ၏ခြံဝန်းက ကျယ်သည်။ အိမ်ကလည်း ကြီးကျယ်ခမ်းနားသည်။ ခြံဝန်းကြီးအတွင်း၌ ပုံသဏ္ဌာန် အမျိုးမျိုးနှင့် အိမ်ကြီးများဆောက်ထားသည်။ ထိုအိမ်ထဲမှ အိမ်နှစ်လုံးကြားရှိနေရာတွင် တိတ္ထိဆရာကြီးများကို ဆွမ်းကျွေးရန် စီစဉ်ထားသည်။ အိမ်နှစ်ဆောင်ကြား၌ တွင်းကြီးတစ်တွင်း တူးထားသည်။ ထိုတွင်းထဲ၌ မစင်များထည့်ထားသည်။ တွင်းပေါ်တွင် အခင်းခင်းထားသည်။ ထိုအခင်းများကို လျှို့ဝှက်စက်ခလုတ် တပ်ထားသည်။ စက်ခလုတ်ကို ဖြုတ်ချလိုက်သည်နှင့် အခင်းပျဉ်များရွေ့ပြီး၊ တိတ္ထိဆရာကြီးများသည် မစင်တွင်းထဲ ဦးစောက်ပြောင်းပြန် ကျသွားပြီး မစင်တွေ ပေကျံကုန်မည်။ အရာရာကို သိမြင်သည်ဆိုသည့် တိတ္ထိဆရာကြီးများသာ မစင်တွင်းထဲကျသွားလျှင် ''ကိုင်း၊ ဘယ်မှာလဲ သိတာဆို··· ဘာကိုသိတာလဲ''ဟု မေးလိုက်မည်။

တိတ္ထိဆရာကြီးများကို ဆွမ်းစားပင့်ထားသော်လည်း ဘာမျှချက်ပြုတ်မထား။ အိုးကြီးအိုးငယ်များကို ဟန်ပြ အဖြစ် တည်ထားပြီး၊ ငှက်ပျောဖက်များနှင့် ဟန်ပြုအုပ်ဆိုင်းထားသည်။ အိမ်နောက်ဘက်ရှိ အိုးကြီးအိုးငယ်များကိုလည်း အပြင်ဘက်မှာ ထမင်း၊ ယာဂု၊ ဆီ၊ ထောပတ်၊ တင်လဲရည်များ ပေကျံနေစေသည်။ အပြင်ပန်းကကြည့်လျှင် ဆွမ်း၊ ဘောဇဉ်တွေ အသင့်ပြင်ထားသယောင် ရှိသည်။ အမှန်ကတော့ ဘာတစ်ခုမှလုပ်မထား။ လုပ်ထားလျှင်လည်း စားမည့်သူမရှိနိုင်။ တိတ္ထိဆရာကြီးတွေအားလုံးက အရုက်တကွဲအကျိုးနည်းဖြစ်လျက် ပြန်ပြေးမည်ကို ကြိုသိနေ၍၊ ဘာမျှ ပြင်ဆင်ထားခြင်း မရှိပေ။

* * *

နောက်နေ့နံနက်တွင် ဂရဟာဒိန္နသည် အောင်မြင်ဝင့်ကြွားသည့် အမူအရာဖြင့် တိတ္ထိဆရာကြီးများကို ဦးဆောင် ခေါ်လာသည်။ သူဂုဏ်ယူမည်ဆိုက ဂုဏ်ယူစရာ။ အယူဝါဒမတူသော သူငယ်ချင်းကို သူ့အယူဘက် ယိမ်းယိုင် ပါလာအောင် စည်းရုံးနိုင်ခဲ့သည် မဟုတ်လော···သိရိဂုတ္တလို ကျော်ကြားသည့် ပုဂ္ဂိုလ်တစ်ယောက် ပါလာအောင် စည်းရုံးနိုင်သည်က တော်ရုံတန်ရုံစွမ်းဆောင်မှုမဟုတ်။ ဆရာကြီးများ၏ ယုံကြည်ကိုးစားမှု ခံရသည့်ပြင် တိတ္ထိသာသနာ ပြန့်ပွားအောင် အကျိုးဆောင်နိုင်သူဟူသည့် ဂုဏ်ပုဒ်က ဝင့်ထည်လွှမ်းသည်။

သိရိဂုတ္တသည် အိမ်ရှေ့မှ ထွက်ကြိုဆိုလိုက်သည်။

''အသင် တိတ္ထိဆရာကြီးတွေကို ကြိုဆိုပါတယ်···''

''ကောင်း၏။ အလွန်အလွန် ကောင်းပေ၏''

''အသင်တို့ဟာ ကျွန်ုပ်မိတ်ဆွေ ဂရဟာဒိန္နပြောသည့်အတိုင်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သိတယ်ဆိုရင် အိမ်တွင်းကို မကြွပါနဲ့။ အသင်တို့ကို ကျွေးမွေးလှူဒါန်းဖို့ စီစဉ်ထားတာမရှိပါ''

''ဟေ···အဟားဟားဟား၊ ငါ့သူငယ်ချင်းက နောက်တတ်ရန်ကော။ အရှင်မြတ်တို့ဘုရား၊ တပည့်တော်ရဲ့ သူငယ်ချင်း ပြောစကား အတည်မယူပါနဲ့၊ သူက တစ်ခါတစ်ရံ ဒီလိုပဲ ခပ်တည်တည်နဲ့ နောက်တတ်တယ်''

သိရိဂုတ္တလျှောက်ထားသည့်အတွက် တိတ္ထိဆရာကြီးတွေ မျက်စိမျက်နှာ ပျက်သွားသည်။ သိတယ်ဆိုရင် အိမ်ထဲ မကြွပါနဲ့၊ စားစရာစီစဉ်မထားပါဟု ဆိုလိုက်ခြင်းမှာ သူတို့၏ သိမှု၊ မသိမှု စမ်းလိုက်ခြင်းပင်။ အကယ်၍ဆီးကြို ပိတ်ပင်စကားပြောပါလျက် အကျွေးအမွေးမျှော်လင့်ပြီး အိမ်တွင်းကြွလျှင် စီစဉ်ထားက ရယ်စရာစကားဖြစ်နိုင်သည်။ တကယ် စီစဉ်မထားပါလျှင် ကြိုတင်လျှောက်ပါလျက် ကြွလာသည်မှာမသိ၍ဟု ပြောစရာဖြစ်မည်။

www.burmeseclassic.com



ညှော်သည်စိတ်ပျက်အောင် ဆိုးကြီးပြောသည့် သိရိဂုတ္တအပေါ် စိတ်ထဲကွက်မိသော်လည်း တိတ္တိဆရာကြီးများရှေ့တွင် မျက်နှာမပျက်ချင်၍ ဖာထေးပြောလိုက်သည်။

"အသင်တို့ဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကိုမသိရင် အိမ်တွင်းကြွက မစင်တွင်းထဲ ကျွမ်းပစ်ကျပါလိမ့်မယ်။ ဒါဟာသင့်တို့ တန်ခိုးရှိမရှိ စမ်းသပ်ခြင်းပါ"

"အဟ၊ စမ်းသပ်တယ်ဟုတ်လား သူငယ်ချင်း။ မင်းကို ကြိုက်သွားပြီ။ လက်တွေ့ကြုံမှယုံတဲ့ မင်းအတွက် ငါ့ရဲ့ဆရာကြီးတွေက လက်တွေ့ပြလိမ့်မယ်"

"ဩော်…ဒီကိစ္စက အမှန်ပြောတာပါ။ ဆရာကြီးတို့သာ အမှန်သိရင် ကျွန်ုပ်ပြောသလို ပြုကျင့်ကြမှာပါ"

ဂရဟာဒိန္နသည် သိရိဂုတ္တ၏ပခုံးကို တရင်းတနှီးပုတ်လျက် တဟားဟားရယ်ရင်း "အရှင်မြတ်တို့ ကြွပါဘုရား"ဟုပင် လောကွတ် ပြုလိုက်သည်။ တိတ္တိဆရာကြီးများကလည်း ရှေ့ဖြစ်မည့်အလားအလာကို မသိ၊ ပကတိအနေအထားကို မသိသဖြင့် ပြင်ဆင်ထားသည့် နေရာတွင် ဝင်ထိုင်ကြသည်။ တိတ္တိငါးရာလုံး နေရာယူပြီးချိန်တွင် သိရိဂုတ္တက အချက်ပြ လိုက်သည်နှင့် ခလုတ်ကို နှိပ်ချလိုက်ရာ ပျဉ်ချပ်တွေ ရွှေ့လျောသွားတော့သည်။

* * *

"မင်း ဘယ်လိုလုပ်တာလဲ သိရိဂုတ္တ"

"ဘာကိုလဲ"

"မင်းရှူးချင်ယောင်မဆောင်နဲ့၊ ငါ့ဆရာတွေကို ဆွမ်းကျွေးမယ်ဆိုပြီး ပင့်ခိုင်းတယ်၊ ငါပင့်လာတော့ ကျွေးမွေးဖို့ ဘာတစ်ခုမှစီစဉ်မထားဘူး"

"ဟ…၊ ဒီကိစ္စကိုရောက်ရောက်ချင်း ငါလျှောက်သားပဲ။ အသင်တို့ဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို သိတယ်ဆိုရင် အိမ်ထဲမကြွပါနဲ့၊ ချက်ပြုတ်ထားတာ မရှိပါဘူးလို့"

"ဘာပြောတယ်…"

"သူငယ်ချင်းရဲ့ဆရာတွေက ဘာမဆို သိနေတယ်ဆို"

"သိတာပဲ"

"ဒါဆိုရင် ငါဆွမ်းမချက်ထားမှန်း ဘာဖြစ်လို့မသိလဲ"

သိရိဂုတ္တက သူ့သူငယ်ချင်း ဂရဟာဒိန္န သဘောမပေါက်သေးသည် ကို သဘောပေါက်အောင် ရှင်းပြလိုက်သည်။ ထိုအခါမှ ဂရဟာဒိန္နက ဒေါသမျက်လုံးနှင့် စူးစူးစိုက်စိုက်ကြည့်သည်။ မိမိအနေရအထိုင်ရကျပ်အောင် လုပ်လေသည်ဟု တွေးလျက် ဒေါပွနေသည်။

"သူငယ်ချင်း၊ မင်းဒေါမပွပါနဲ့၊ ငါကစမ်းသပ်ကြည့်ချင်တယ်ဆိုတော့ ကြိုက်တယ်…လက်တွေ့မြင်မှ ယုံတတ်တဲ့မင်းကို လက်တွေ့ပြချင်တယ်ဆိုလို့ ငါကလက်တွေ့စမ်းသပ်တာပါ"

"ဒီအပြုအမူဟာ ကောင်းသလား…"

"ငါပြောပါတယ် သူငယ်ချင်းရာ…မင်းဆရာတွေ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သိသလား…မသိရင်တော့ အိမ်ထဲမဝင်ပါနဲ့၊ အိမ်ထဲဝင်ရင် မစင်တွင်းထဲကျပါလိမ့်မယ်လို့ ငါသတိပေးတယ်လေ"

"ဟေ…"

"မသိသူကို သိအောင်ပြောထားရက်နဲ့ ဖွတ်တိုးလုပ်တာက ငါ့အပြစ်လား သူငယ်ချင်း"

"မင်း…မင်း၊ မင်း…တော်တော်ရိုင်းစိုင်းတာပဲ။ ဟောဒီသာဝတ္ထိပြည်မှာ လူတိုင်းလွတ်လွတ်လပ်လပ် ကိုးကွယ်နိုင်တယ်။ အေး…တစ်ဦးရဲ့ ယုံကြည်ချက်ကို တစ်ဦးက မဖျက်ဆီးရဘူး"

www.burmeseclassic.com

www.burmeseclassic.com



''ငါမဖျက်ဆီးပါဘူး။ စမ်းသပ်တာပါ''

''စမ်းသပ်တယ်ဆိုပေမယ့် မင်းလုပ်ရပ်က ငါ့ဆရာတွေ အရှက်မရဘူးလား…''

''ကြိုပြီးပြောသွားပဲ ဂရဟာဒိန္န''

သိရိဂုတ္တ၏လုပ်ရပ်ကို အပြစ်တင်နေသော်လည်း သူ့အလွန်မဟုတ်ဘဲ ဂရဟာဒိန္နနှင့် တိတ္ထိဆရာကြီးများ၏ အမှားသာ ဖြစ်နေသည်။ ဂရဟာဒိန္နကသာ ဒီပြဿနာကို အစပျိုးခဲ့သည်။ သူကပင် စိန်ခေါ်ခဲ့သည်။ သူကပင် အလိုတူအလိုပါ စမ်းသပ်ခံခဲ့သည်။ ဤသို့ စမ်းသပ်ခံခြင်းမှာလည်း သိရိဂုတ္တ၏အကြံအစည်ကိုယယ်၍၊ တိတ္ထိဆရာကြီးများ အစွမ်းအစကို ယုံကြည်၍ဖြစ်သည်။ သို့သော် ဆရာကြီးများက အစစအရာရာ ဘာမျှမသိ၍ မစင်တွင်းထဲကျကုန်သည်။ မစင်တွေလူးပြီး အရှက်ရကုန်သည်။ အရှက်ကြီးရှက်သဖြင့် အိမ်ရှေ့ကပင် မပြန်ဝံ့ဘဲ၊ အိမ်နောက်ဖေးရှိ ခြံစည်းရိုး ခွေးတိုးပေါက်မှ ငုံ့လျှိုးထွက်ပြေးခဲ့ရသည်။ ဤကိစ္စအတွက် ဆရာကြီးများ ဒေါပွကြသည်။ ပျစ်ပျစ်နှစ်နှစ် ဆဲရေးကြသည်။ ဂရဟာဒိန္န ခေါင်းမဖော်ဝံ့အောင် ငုံ့ခံရသည်။

ဤဖြစ်ရပ်၏ အဓိကတရားခံမှာ သူငယ်ချင်း သိရိဂုတ္တကြောင့်ဟု အပြစ်ပုံချလိုက်သည်။

''မင်းကို ငါမကျေနပ်ဘူး။ ဒီကိစ္စအတွက် မင်းကြီးကို လျှောက်ထားမယ်။ မင်းအပြစ်ရမှ ငါကျေနပ်မယ်''

''စဉ်းစားလေ…ကိုယ့်လုပ်ရပ် မှန်သလား၊ မှားသလား စဉ်းစား၊ အဲ…မင်းက ဘုရင်မင်းမြတ်ကိုတိုင်ရင် ငါက လိုက်ရှင်းရုံပေါ့''

''တိုင်မယ်…တိုင်မယ် သိရိဂုတ္တ။ ဒါက ငါယုံကြည်တဲ့ သာသနာကို စော်ကားတာ…''

ဂရဟာဒိန္နသည် ဒေါသတကြီးနှင့် ဆဲရေးပြီး၊ ပသေနဒီကောသလမင်းထံ တိုင်ကြားသည်။ ကောသလမင်းကြီးသည် သတ်သတ်မှတ်မှတ် ယုံကြည်ကိုးကွယ်မှု မရှိသေး။ ဘုရားရှင်နှင့်တွေ့လည်း ပူဇော်သည်။ တရားမေ့နာယူသည်။ တိတ္ထိတို့ တွေ့လျှင်လည်း အလိုက်အထိုက် ဆက်ဆံသည်။ လှူဒါန်းသည်။ ဂေါတမဘုရားရှင်၏ ဥပါသကာလည်း မဟုတ်။ ပုရာဏကဿပ၏တပည့်လည်း မဟုတ်။ မက္ခလိဂေါသာလနှင့်လည်း အကျွမ်းတဝင်ရှိသည်။ အဇိတကေသကမ္ဗလလည်း နန်းတော်ထဲ ပင့်ချင်ပင့်သည်။ သာဝတ္ထိပြည်တွင် လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားသည့်အလျောက် မင်းကြီးကလည်း စိတ်ဆန္ဒရှိတိုင်း ဆည်းကပ်သည်။

ဂရဟာဒိန္နက တိုင်တန်းသဖြင့် ဘုရင်မင်းမြတ်က ဆင့်ခေါ်မေးမြန်းသည်။

''သူဌေး သိရိဂုတ္တ၊ သင့်သူငယ်ချင်းစွပ်စွဲတာ ဟုတ်လား…''

''ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဂရဟာဒိန္နခွင့်ပြုချက်နဲ့ လုပ်မိတာပါ''

''ဘာ…ဘယ်လို၊ ငါဘယ်တုန်းက ခွင့်ပြုလဲ''

''ပညာရှိမရှိ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကိုသိမသိ စူးစမ်းမယ်ဆိုတော့ သင်ကကြိုက်ပြီ၊ ဒါမျိုးကြိုက်တယ်လို့ သဘောတူခဲ့တယ်လေ…''

''မင်းဒီလို ယုတ်ညံ့တဲ့အကြံ မရှိဘူးထင်လို့ပေါ့''

''မှန်ပါအရှင်မင်းကြီး။ တိတ္ထိဆရာကြီးတွေဟာ တကယ်သိသူမှန်လား…သိရင်အိမ်ထဲမကြွပါနဲ့၊ ဆွမ်းချက် မထားပါဘူးလို့ မှန်မှန်ကန်ကန် လျှောက်ပါတယ်''

''ဒီစကားမှန်လား ဂရဟာဒိန္န…''

''ဒီလိုတော့ လျှောက်ပါတယ်''

''တစ်ခါ အရှင်တို့ အနာဂတ်ကိုမသိရင် အိမ်ထဲမဝင်ပါနဲ့၊ မစင်တွင်းထဲကျပါမယ်လို့ သတိပေးပါတယ်''

''ဒီစကားမှန်လား ဂရဟာဒိန္န''

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်…"

"ဒါဆို သိရိဂုတ္တမှာ အမှားမှမရှိတာဘဲ။ သင့်ဆရာတွေဟာ အမှန်ကိုမသိလို့သာ ဖြစ်ကြတာပဲ"

ပသေနဒီကောသလမင်းက မျက်နှာလိုက်ပြီး ဆုံးဖြတ်ခြင်း မဟုတ်၍၊ သိရိဂုတ္တ အနိုင်ရသွားသည်။ ဂရဟာဒိန္န မကျေနပ်။ သူ့ဆရာတွေက အမှန်ကို မသိဘဲ၊ သိဟန်ဆောင်နေသည်ကို အပြစ်မမြင်။ သိရိဂုတ္တကိုသာ မကျေမနပ် ဖြစ်နေသည်။ တစ်နေ့ကျလျှင်မူ အမှန်ကို မြင်နိုင်လိမ့်မယ်ဟု တွေးလျက် သည်းခံလိုက်ရပေသည်။

* * *

"သိရိဂုတ္တ၊ သင့်ဆရာရဟန်းကြီးဂေါတမကို ဆွမ်းစားပင့်လို့ ရမလား"

"ရပါတယ်…ဘယ်ပင့်မှာလဲ"

"ဟ…၊ ဆွမ်းစားပင့်ချင်တာက ငါလေ…ငါ့အိမ်မှာပေါ့"

သိရိဂုတ္တ နားလည်လိုက်သည်။ ဂရဟာဒိန္နသည် သူရော၊ သူ့ဆရာများ အရှက်တစ်ကွဲ အကျိုးနည်းဖြစ်ရသည့် ကိစ္စအပေါ် မကျေနပ်သဖြင့် ကလဲ့စားချေလိုပုံရသည်။ အမှန်တော့ ဂရဟာဒိန္နသည် ဘုရားရှင်၏အနန္တ စွမ်းအားကိုမသိ၍ ကြံစည်ခြင်းပင်။ မြတ်ဘုရားကို ဤလောကဥ္စ ဗြဟ္မာ၊ နတ်၊ လူ မည်သူမျှ အန္တရာယ်ပေးနိုင်စွမ်း မရှိ။ အာဠဝကဘီလူးသည် လည်းကောင်း၊ နန္ဒောပနန္ဒနဂါးသည်လည်းကောင်း၊ စိဥ္စမာနသည်လည်းကောင်း၊ ယုတ်မာသောအကြံနှင့် ရန်ပြုသည်ကို မေတ္တာဖြင့်အနိုင်ယူခဲ့သည်။ အကြံဆိုးနှင့်ကြံလျှင်လည်း အထမြောက်မည်မဟုတ်။

ဂရဟာဒိန္နသည် အမှန်လည်း ကြံစည်ထားသည်။ သူ့ဆရာများ မစင်တွင်းကျ၊ အရှက်ရပြီး ကျောင်းတွင်းမှ ကျောင်းပြင်သို့ မထွက်ဝံ့အောင်ဖြစ်ရသည်ကို ကလဲ့စားချေလိုသည်။ ဘုရားရှင်နှင့်ရဟန်းတွေ အသေဆိုးနှင့် သေစေရန် အကြံဖြင့် တွင်းကြီးတစ်တွင်းတူးသည်။ ထိုတွင်းထဲ မီးကျီးခဲတွေထည့်မည်။ ဘုရားရှင်နှင့်ရဟန်းတွေကို ဆွမ်းစားကြွပါဟု ထိုနေရာ အရောက်ပင့်မည်။ တစ်ပါးချင်းပင့်ခေါ်ပြီး၊ တစ်ပါးချင်း မီးကျီးတွင်းထဲ ကျသေစေမည်ဟု ကြံစည်ထားသည်။

"သင်က ဘယ်နေ့ကျွေးချင်တာလဲ"

"ငါ့ဘက်က အဆင့်သင့်ပဲ"

"ဘာကို အဆင်သင့်ဖြစ်တာလဲ ဂရဟာဒိန္န။ ဘုရားရှင်အပေါ် လုပ်ကြံချင်တာလား…ဆွမ်းချက်ထားတာလား…"

"ဟာကွာ…မဟုတ်တာ မကြံစည်ပါဘူး။ သင့်ဆရာဂေါတမသာ အရာရာကိုသိတယ်၊ အတိတ်ရော… ပစ္စုပ္ပန် သာမက အနာဂတ်ကိုပါ မြော်မြင်သိတယ်ဆိုရင် ငါဘာလုပ်လို့ရမှာလဲ"

"အေးလေ…တကယ်လို့ သင်က ဒီလိုအကြံဆိုးလုပ်ထားလည်း ထမြောက်အောင်မြင်မှာမှ မဟုတ်တာ…"

"တကယ်လား…သင့်ဆရာက အရာရာကိုသိတယ်လို့ ရဲရဲဝံ့ဝံ့ ပြောတာပေါ့"

"ပြောတာမဟုတ်ဘူး ဂရဟာဒိန္န၊ သင်ကိုယ်တိုင် လက်တွေ့မြင်မှ ဘုရားရှင်ရဲ့ဘုန်းတော်၊ ကံတော်၊ တန်ခိုးတော် အစွမ်းကိုသိမှာ… မကြုံဖူးတော့ မယုံဘူး၊ ကြုံဖူးမှအံ့သြသွားမယ်…"

"အေး ငါကလည်း လက်တွေ့ စမ်းချင်တာပါပဲ"

သိရိဂုတ္တသည် ဘုရားရှင်အား ဆွမ်းစားပင့်သည်။ ပင့်ချိန်၌လည်း ဂရဟာဒိန္န၏ တိတ္ထိဆရာကြီးများ မစင်လူးပြီး အရှက်ရသွားသည့် အကြောင်း၊ ယင်းအတွက် ကလဲ့စားချေနိုင်ကြောင်း ကြိုတင်လျှောက်ထားလိုက်သည်။ သိရိဂုတ္တက အစိုးရိမ်ပိုပြီးလျှောက်ထားသော်လည်း အနာဂတံသဉာဏ်တော်ဖြင့် အလုံးစုံသိမြင်တော်မူသော မြတ်ဘုရားက ဂရဟာဒိန္န၏ အကြံအစည်ကို သိထားသည်။ ထို့ပြင်မက ဘုရားရှင်၏ တန်ခိုးအဖုံဖုံကို မြင်သောအခါ ဂရဟာဒိန္နသည် အမြင်မှန်ရပြီး

www.burmeseclassic.com

www.burmeseclassic.com



သစ္စာတည်မည်၊ သောတာပန် ပုဂ္ဂိုလ်ဖြစ်မည်ကို ကြိုတင်သိနေသည်။ ထို့ပြင် သိရိဂုတ္တနှင့်တကွ အခြားတရားနာခွင့်ရသည့် ပုဂ္ဂိုလ်များ သူတော်ကောင်း ဖြစ်ကြမည်ကို မြင်သဖြင့် ဂရဟာဒိန္န ဖိတ်ကြားသည့် ဆွမ်းကို လက်ခံလိုက်လေသည်။

* * *

သိရိဂုတ္တသည် နောက်တစ်နေ့မနက်တွင် ဂရဟာဒိန္နအိမ်ကို စောစောထွက်သွားသည်။ ဘုရားရှင်နှင့် နောက်ပါ ရဟန်းငါးရာအတွက် ဆွမ်း ချက်ပြီးမပြီး လေ့လာသည်။ ဂရဟာဒိန္နက အိုးများကိုညွှန်ပြသည်။ ညွှန်ပြပင်ပြငြားသော်လည်း လက်တွေ့ကမူ ဘာမျှစီမံထားခြင်းမရှိ။ အကယ်၍ အနာဂတ်ကို မမြင်လျှင် မီးကျီးတွင်းထဲ ကျပြီးသေကုန်က ကျွေးစရာမလို။ ချက်ပြုတ်ထားလည်း အပိုသာဖြစ်မည်ဟု တွက်ပြီး ပြင်ဆင်မထားပေ။

ဘုရားရှင်နှင့် သံဃာငါးရာ ကြွလာသော် ဂရဟာဒိန္နက အိမ်ရှေ့ထွက်ကြိုသည်။ ရိုရိုသေသေရှိခိုးသည်။

"အရှင်တို့၊ အလုံးစုံသိသည်ဆိုပါလျှင် ကျွန်ုပ်အိမ်သို့မဝင်ပါနှင့်၊ အရှင်တို့အားကျွေးစရာ ဘာမျှမရှိပါ။ အရှင်တို့အားလုံး မီးကျီးတွင်းထဲကျဖို့သာ အကြောင်းရှိပါတယ်..."

မြတ်ဘုရားသည် ဂရဟာဒိန္န၏လျှောက်ထားချက်ကို ငြိမ်သက်စွာ ခံယူသည်။ ဂရဟာဒိန္နက သပိတ်တော်ကို လှမ်းယူလျက် ဒီလမ်းကကြွပါဟု လမ်းညွှန်သည်။ ဘုရားရှင်က ကြွသည်။ ဂရဟာဒိန္နက တစ်ပါးထိုင်ပြီးမှ တစ်ပါး ကြွပါဟု လျှောက်ထားသည်။ ဘုရားရှင်က ဂရဟာဒိန္နလျှောက်ထားသည့်အတိုင်း ကြွသည်။ ဂရဟာဒိန္နသည် မီးကျီးတွင်းထဲ ကျလျက် သေဆုံးတော့မည်ဟုတွေးလျက် ကြည်နူးနေသည်။

ဘုရားရှင်သည် မီးကျီးတွင်းထဲ ခြေလှမ်းလိုက်သည်နှင့် လှည်းဘီး အဝန်းမျှရှိသော ပဒုမ္မာကြာပန်းသည် ဆီးခံ၏။ ဘုရားရှင်က ကြာပန်းထက် ခြေတင်လျက် လှမ်းကြွသည်။ ထိုအခြင်းအရာကိုမြင်သော ဂရဟာဒိန္နသည် အံ့အားသင့်ပြီး ငိုင်နေသည်။ ထို့နောက် ရဟန်းတစ်ပါးချင်းကြွလာပြီး၊ ပဒုမ္မာကြာပန်းပေါ် နင်းလျက် ဆွမ်းလုပ်ကျွေးမည့် နေရာတွင် ဝင်ထိုင်လိုက်သည်။

ဂရဟာဒိန္နသည် မျှော်လင့်သလိုဖြစ်မလာဘဲ အံ့ဩဖွယ်အဖြစ်အပျက်ကြောင့် ကြောင်ငေးနေသည်။ တစ်စုံ တစ်ယောက်က နောက်မှဆောင့်တွန်းလိုက်သည့်အလား ဖြစ်သွားမှ သတိရသွားသည်။

"သူငယ်ချင်း၊ ငါတော့ဒုက္ခရောက်ပြီ"

"ဟေ...ဘာဖြစ်လို့လဲ"

"ငါက ဘုရားရှင်နဲ့ရဟန်းတွေ မီးကျီးတွင်းထဲကျသေကုန်လိမ့်မယ်လို့ထင်တာ..."

"မင်းက ဘုရားရှင်ရဲ့ တန်ခိုးတော်ကိုမှ မယုံတာ..."

"အဲဒါ ဆွမ်းမစီစဉ်ထားဘူး"

"ဒါဆို အရန်သင့်မရှိဘူးပေါ့"

"ဘယ်ကလာရှိမလဲ။ ချက်မှ ချက်မထားတာ၊ ခုဘာလုပ်ရမလဲ သူငယ်ချင်း"

"အဟဲဟဲ။ မစိုးရိမ်ပါနဲ့ ဂရဟာဒိန္န။ ဘုရားရှင်အတွက်ဆိုရင် အရာရာပြည့်စုံပါတယ်။ မင်းမှာကျွေးလိုတဲ့ ဆန္ဒရှိဖို့ပဲလိုတယ်"

"ဟာ...အဲဒါတကယ်လား။ မှန်တာပြောရင်အစက သဒ္ဓါစိတ်မရှိဘူး။ ဘယာစိတ်ပဲရှိတယ်။ ဒါပေမယ့် ဘုရားရှင်ရဲ့ဘုန်းတန်ခိုးကို မြင်ရတော့ အလိုလိုသဒ္ဓါစိတ်တွေပေါ်လာတယ်။ လှူချင်တယ် ဆက်ကပ်ချင်တယ်"

"ဒါဆို မင်းအိုးတွေ သွားယူ"

"ဟ...ဘာမှချက်မထားပါဘူးဆို"

"မပူပါနဲ့ သူငယ်ချင်း။ တန်ခိုးတော်နဲ့ ဘုန်းတော်အစွမ်းကြောင့် ဆွမ်းအရန်သင့် ဖြစ်နေမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



သိရိဂုတ္တကယုံကြည်ချက်အပြည့်နှင့် တာဝန်ခံလိုက်သည်။ ဂရဟာဒိန္န အပြေးအလွှားသွားပြီး အိုးများ ဖွင့်ကြည့်သောအခါ အန့်အရသာနှင့် ပြည့်စုံသော နတ်သုဓာထမင်းနှင့် ဟင်းများပြည့်စုံနေသည်ကို အံ့သြစွာ တွေ့ရသည်။ ဂရဟာဒိန္နသည် တစ်ခါဖူးမျှမဖြစ်ဖူးသော သဒ္ဓါစိတ်များ တဖွားဖွားပေါ်လာပြီး ဘုရားရှင်အား လုပ်ကျွေးသည်။ ဆွမ်းအမှုပြီးသော် ဘုရားရှင်က ဆွမ်းအနုမောဒနာတရား ချီးမြှင့်ရာတွင် သူ့အား ဉာဏ်အလင်းရစေသည့် တရားတစ်ပုဒ်ချီးမြှင့်သည်။

"လမ်းမဥ္စွန့်ပစ်အပ်သော အမှိုက်ပုံ၌ မွှေးကြိုင်သောအနံ့ရှိသည့် စိတ်နှလုံးကို မွေ့လျော်စေသော ပဒုမ္မာကြာသည် ပွင့်သကဲ့သို့"

"ထို့အတူ အမှိုက်သဖွယ်ဖြစ်သော မျက်ကန်းပုထုဇဉ်တို့အလယ်၌ မြတ်ဘုရား၏ တပည့်သာဝကသည် ပညာဖြင့် အလွန်တင့်တယ်၏"

ဂရဟာဒိန္နနှင့် သိရိဂုတ္တသည် ဒေသနာတော်အဆုံးတွင် သောတာပန် ဖြစ်သွားသည်။ လောကသားတို့၏ အကျိုးကို ဆောင်လေ့ရှိသောဘုရားရှင်သည် သတ္တဝါတို့၏တရားအသိ အနုအရင့်ကို သိသည်။ထို့အတူ အဘယ်တရားသည် အဘယ်သူနှင့် သင့်လျော်မည်ကို သိသည်၊ ထိုအပြင် အနာဂတ်ကာလ ဖြစ်ပျက်မည်ကိုလည်း ဉာဏ်တော်နှင့် သိသည်။ မြတ်ဘုရားသည် အတုမရှိဉာဏ်တော်ရှိ ဖြစ်သည့်အလျောက် ပညာဖြင့် သတ္တဝါတို့၏ လွတ်မြောက်ရေးကို ကယ်တင်ပေး နိုင်စွမ်း ရှိပါပေတော့သည်။

ကျမ်းကိုး။ ။ ဓမ္မပဒဋ္ဌကထာ-ပ-၂၇၅၊ ဂရဟာဒိန္နဝတ္ထု။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အပ်တစ်ချောင်းဖြင့် ဇနီးဝယ်

ယန်းပဲသူကြီး၏ သမီးချောလေးဂုဏ်သတင်းက လူပျိုကာလသားတို့၏နှုတ်ဖျားတွင် တစ်နေ့တခြား ရေပန်းစားနေသည်။

“တခြားဒေသမှာတော့ သူ့ထက်သာတာရှိမရှိ မသိဘူး၊ ဟောဒီ ကာသိတိုင်းထဲမှာတော့ ရုပ်ဆင်းသာသူ မရှိတာ သေချာတယ်…”

အားပါးတရစကားပြောတတ်လေ့ရှိသည့် မောင်ဗေလုက မယ်ရှုပ၏ရုပ်ရည်ချောမောပုံကို ချီးကျူးသည်။

“ကိုယ့်လူပြောပုံက မြင်ဖူးတွေ့ဖူးသယောင်”

“ဟ၊ မမြင်ဖူးဘဲရှိမလား၊ တောင်ထိပ်ပွဲတုန်းက သေသေချာချာ လှမ်းမြင်လိုက်တာကိုး၊ မြင်တယ်ဆိုတာ ဝေးဝေးလံလံမဟုတ်ဘူး၊ ပြောရရင် ဝါးတစ်ပြန်တောင်မရှိဘူး။ ၊ ပဝါတစ်ကမ်း လက်တစ်လှမ်း”

“တယ်ဆိုတဲ့စာပါလား…ပြောပါဦး”

“သူ့အသားအရေက ဇမ္ဗူရာဇ်ရွှေစင်လို ဝင်းဝါစိုပြည်နေတယ်၊ မထိရက်မကိုင်ရက်စရာ”

လက်ဖျားလေးတစ်ခါခါနှင့် အမူအရာပါပါပြောနေသော ဗေလုကို ကြည့်ပြီး အပေါင်းအသင်းတွေက သဘောကျရယ်မောသည်။ အဆင်းတွန်းချတတ်သည့် မောင်သဏ္ဍကက အပေါင်းအသင်းတွေကို “အသာနေ၊ ဒီကောင်ကို ငါဆီထည့်ပေးလိုက်မယ်”ဟူသော အဓိပ္ပာယ်နှင့် မျက်စိမှိတ်ပြလိုက်ပြီး၊ ရယ်ကာမောကာ စကားစလိုက်သည်။

“ဒီလောက် နီးနီးကပ်ကပ် တွေ့ရတော့ မင်းက စကားမပြောဖြစ်ခဲ့ဘူးလား…”

“အဟဲ… ငါကတော့ပြောချင်တာပေါ့၊ ဒါပေမယ့် သူ့အပါးမှာ အခြွေအရံတွေဝိုင်းအုံနေတာ ကိုယ့်လူတို့ရ။ တစိမ်းတစ်ရံ သူက ဝင်ရောရင် ဣန္ဒြေပျက်သွားမှာပေါ့။ အဟေး၊ ပြောလို့ပြောတာ မဟုတ်ဘူး၊ မယ်ရှုပ ဣန္ဒြေရှိလိုက်ပုံက ရွှေပေးလို့ မရရုံမကဘူး၊ ကျောက်သံပတ္တမြား တင်းတောင်းနဲ့ချိန်ပေးတောင် မရဘူး”

“ဒါဆို မပြောဖြစ်ခဲ့ဘူးပေါ့”

“အေး၊ မပြောဖြစ်ခဲ့ဘူး၊ ဒါပေမယ့် ကြိုးကြာငှက်ရဲ့ တွန်သံလိုချိုသာအေးမြနေတဲ့ အသံလေးကြားခဲ့ရတယ်။ ဘယ်လောက်များချိုသာလဲဆိုရင် သူ့အသံလေးနားထောင်ရတာနဲ့ နားဝင်ပီယံ ဆိမ့်သွားတာပဲ”

“ဟုတ်လား၊ ဒါဆို ငါမေးပါဦးမယ်။ မယ်ရှုပနဲ့ ဒေဝဏ္ဏရာနတ်သမီး ဘယ်သူကလှမလဲ”

“မယ်ရှုပက လှတာပေါ့။ ဒေဝဏ္ဏရာကို ငါမှမမြင်ဘူးတာ…”

www.burmeseclassic.com



ဗေလုဏ်စကားကြောင့် သူငယ်ချင်းတစ်သိုက်က ဝါးခနဲရယ်မောလိုက်သည်။ သူတို့တစ်တွေဆုံလေတိုင်း တောရောက် တောင်ရောက်စကားတွေ ပြောကြသော်လည်း အဆုံးသတ်တွင် မယ်ရူပ၏ အလှအပကို ချီးမွမ်းခြင်းဖြင့်သာ အနား သတ်လေ့ရှိသည်။ မယ်ရူပအကြောင်းမပါလျှင် စကားဝိုင်းက မဖြစ်သလောက်ပင်။

ဤမျှ ဂုဏ်သတင်းကျော်စောနေသော ပန်းပဲသူကြီး၏သမီးချောလေး မယ်ရူပကို မြင်ဖူးအောင် မောင်ပုညတကူးတက သွားကြည့်သည်။ ပထမတစ်ရက်နှစ်ရက်ကြိုးစားရာ မယ်ရူပ၏ရုပ်ကို မြင်ခွင့်မရခဲ့။ သုံးရက်မြောက်နေ့မှ ရေချိုးဆိပ်ဆင်း လာသည့် မယ်ရူပကိုမြင်ရသည်။ အပေါင်းအသင်း မိန်းမဖော်လေးများနှင့်လာသော မယ်ရူပကိုအနီးကပ် လေ့လာ လိုသော်လည်း အာရုံစူးစိုက်ကြည့်လျှင် ရိုင်းစိုင်းမည်စိုးသဖြင့် ခပ်လှမ်းလှမ်းမှကြည့်ရသည်။ အဝေးမှကြည့်ရသော ရုပ်သွင်ကပင်လျှင် မောင်ပုည၏နှလုံးသားကို ဆွဲဆောင်သွားနိုင်ခဲ့ပေသည်။

ပန်းပဲသူကြီး၏သမီးကို စွဲလမ်းချစ်ခင်သွားမိသော မောင်ပုညသည် နီးစပ်ခွင့်၊ ချစ်ခင်ခွင့်ရနိုင်မည့် နည်းလမ်းကို ရှာကြံကြည့်သည်။ စီးပွား ဉစ္စာ ကြွယ်ဝသူ၏မျက်လုံးတွင် စီးပွားဉစ္စာသာ မြင်တတ်သည်။ ပညာရှင်၏မျက်လုံးတွင် ပညာကိုသာမြင်တတ်သည်။ ပန်းပဲသူကြီးသည် မိမိ၏ပန်းပဲအတတ်ကိုသာ အထင်ကြီးလေးစားလေ့ရှိသည်။ ထိုပညာရပ်ကိုသာလျှင် တန်ဖိုးထားသည်။ ဤသို့တွေးမိသော မောင်ပုညသည် တစ်လကိုးသီတင်း ဘယ်မှမထွက်ဘဲ အခန်းတွင်း အောင်းလျက် ကြိုးစားအလုပ်လုပ်သည် စိတ်တိုင်းကျ အလုပ်လုပ်ပြီးမှ မယ်ရူပနှင့် နီးစပ်နိုင်သည့်နည်းလမ်းကို အကောင်အထည်ဖော်တော့သည်။

* * *

"ယောဒီဘက်က အပ်ခင်ဗျာ…အပ်၊ အပ်။ ရုပ်ပေါ်ရွာကျော်အပ်… ကာသိတိုင်းဖြစ်အပ်၊ စူးတဲ့ခိုင်တဲ့အပ်၊ အပြဲအစုတ် ချုပ်ဖို့အပ်… အကောင်းအသစ်ချုပ်ဖို့အပ်၊ ပျို့တိုင်းကြိုက်တဲ့အပ်…အပ် ခင်ဗျာ ယူကြဦးမလား…"

အိမ်ခြေတစ်ထောင်ရှိသည့် ပန်းပဲ၊ ပန်းပုလက်မှုပညာထွန်းကားသည့်ရွာကြီးတွင် အပ်လာရောင်းသည့် မောင်ပုညကို အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်နေသည်။

ဤရွာတွင် လယ်ယာသုံးထွန်၊ ထယ်၊ တူရွင်း၊ ပေါက်တူး၊ ပေါက်ပြား၊ ဓား၊ လှံ၊ ခက်ရင်း၊ ကောက်ဆွမှအစ လိုအပ်သမျှအကုန်ရသည်။ လက်မှုပညာရပ်ဖြစ်သည့် ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းပဲပညာရှင်များ ထွန်းကားရာအရပ်ဖြစ်သဖြင့် ကြေးထည်၊ သံထည်၊ ငွေထည်၊ ရွှေထည် အမျိုးမျိုးလည်းရသည်။ အဆန်းတကြယ်ပုံစံဖြင့် ထုလုပ်၊ ပုံသွင်းထားသည့် ပန်းအိုး၊ လင်ပန်း စသည့် အနုလက်ရာများလည်း ထွက်သည်။ လက်ရာမြောက်၊ အနုပညာ လက်စွမ်းပြပစ္စည်းများကြောင့် ကာသိတိုင်းသာမက ကောသလ၊ မဂဓ၊ ဝံသတိုင်းအထိပင် သတင်းကျော်စောရှိသည်။ ပန်းပဲရွာကြီးမှ ပစ္စည်းဆိုလျှင် လူကြိုက်များသဖြင့် ဈေးနှုန်းလည်းကောင်းသည်။

ထိုသို့ အနုပညာထွန်းကားရာအရပ်တွင် အပ်ကို အထူးအဆန်းသဖွယ် အော်ဟစ်ရောင်းချနေသည့် မောင်ပုညကို ကြည့်လျက် ပြုံးစိစိနှင့် ဝေဖန်ကြသည်။

"ဒီသူငယ်ကြီးပွားဦးမယ်"

"ဗျာ…အပ်ရောင်းတဲ့ လူငယ်ကိုပြောတာလား…"

"အေးလေ…ပိုးထည်လုပ်ငန်းနဲ့ မဇ္ဈိမတစ်ဝန်းလုံးကျော်ကြားတဲ့ ကောတုမ္ဗရာစ်ကို ချည်ကြမ်းထည်ရောင်းတဲ့ လူလို၊ အရင်းဆုံးပြီး လူလုံးမလှဖြစ်မှာ မြင်သေးတယ်။ ဘယ်နှယ်ကွာ…တို့ရွာလိုမျိုး ပန်းပဲပညာရှင်တွေ ထွန်းကားတဲ့ အရပ်မှာ အပ်လာရောင်းသတဲ့"

"ဟုတ်ပါရဲ့၊ ဘယ်ကရလာတဲ့ စိတ်ကူးစိတ်သန်းလဲ မသိဘူး။ ဒါပေမယ့် ထူးတော့ထူးတယ်ဗျ"

www.burmeseclassic.com



"ဘယ်လိုလဲ..."

"ဒီလူ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာ ကျုပ်တို့အကြီးအကဲ ပန်းပဲသူကြီးအိမ်ရှေ့ဗျ။ ပန်းပဲသူကြီးဆိုတာ တကယ့်ပညာရှင်ပဂေး။ ပစ္စည်းတစ်ခု ကောင်းမကောင်းကို မြင်ရုံနဲ့ သိတယ်။ ငွေစစ်မစစ်ခေါက်ကြည့်နေစရာမလိုဘူး။ သံထည်၊ ရွှေထည်၊ ငွေထည်၊ ကြေးထည်မှန်သမျှ ကြည့်ရုံနဲ့သိတာ..."

"ခင်ဗျားပြောချင်တာက သူကြီးကိုတုချင်၊ ပြိုင်ချင်ပုံရတယ်၊ ဒီလို ပြောချင်တာလား..."

"တုတာမဟုတ်တောင် အကဲဖြတ်ခံချင်တာဖြစ်မယ်။ လူတစ်ယောက်ရဲ့ ပညာအတိမ်အနက်ကို ပညာရှင်မှ သိတယ်လေ..."

"သြော်...သြော်"

ပြုံးစိစိနှင့်လှောင်ပြောင်သရော်နေသူများ၏ စိတ်ထဲတွင်အလေးအနက် ထားစရာဖြစ်လာသည်။ အကြောင်းမဲ့ သက်သက် မဟုတ်ကြောင်း စဉ်းစားသွားသည်။

"ဟော..."

မိုးတိမ်တိုက်တွင်းမှ လမင်းကြီးရုန်းထွက်လာသည့်အလား အိမ်တံခါးဖွင့်လျက် မယ်ရှုပထွက်လာသဖြင့် အံ့အားသင့် ကုန်သည်။ မယ်ရှုပက လမ်းပေါ်အကဲခတ်ဟန်ဖြင့်ကြည့်သည်။

"အပ် ခင်ဗျာ...အပ်အပ်။ အတိုင်းမရှိထင်ရှားတဲ့ ကာသိတိုင်းထွက် အပ်တွေပါ...ဆတ်ခနဲထိရုံနှင့် စူးနစ်ဝင် သွားစေမယ့် အပ်၊ ဆင်နင်းလို့ မချေ၊ မြင်းကန်လို့မကျိုး၊ နွားသိုးဇော့လို့လည်း အရာမထင်၊ ကြွခိုင်မှုအရာတွင် စံတင်ထိုက်တဲ့ အပ်တွေပါ...ကြိုက်ဈေးပေးမှ ရောင်းပါ့မယ်"

မယ်ရှုပ ထွက်ကြည့်မှ အပ်ရောင်းသမားက တမင်အသံမြှင့်အော်လိုက်သည်။ ဝယ်သူကို ဈေးခေါ်သည် ဆိုသော်လည်း သူရောင်းလိုသည်က မယ်ရှုပကိုသာလျှင်ဖြစ်ကြောင်း ရိပ်စားမိကြသည်။

မယ်ရှုပသည် အပ်ရောင်းသမားကို ကြည့်လျက် စိတ်ပျက်လက်ပျက် အမူအရာဖြင့်ပြုံးသည်။ ကရုဏာ သက်လေဟန်ဖြင့် ကြည့်ပြီး ဏ္ဍမြေနှင့် လျှောက်လာသည်။

"အပ်သည် ခဏ"

"သြော်...ဒီကညီမက အပ်လိုချင်လို့လား...ကျုပ်ပစ္စည်းအတွက် အာမခံချက်ပေးတယ်။ အဝတ်အထည် ချုပ်မလား...သက်န်းချုပ်မလား၊ ကြိုက်ရာချုပ်၊ တစ်နှစ်၊ ခြောက်လအာမခံတာ မဟုတ်ဘူး၊ တစ်သက် အာမခံတယ်..."

"ရှင့်ကိုခေါ်တာ အပ်ဝယ်မလို့မဟုတ်ဘူး။ ရှင်ဒီရွာမှာ အပ်လာရောင်းတာ မှားနေပြီ။ ဒီရွာကြီးက ပန်းပဲ ရွာကြီးရှင့်...အပ်ကအစ အထည်ကြီးမှန်သမျှ လက်ခံလုပ်ပေးနေတဲ့ရွာကြီး။ အရပ်ရပ်က လိုသမျှပစ္စည်းတွေကို ဒီရွာမှာပဲ လာမှာနေကြတာလေ...၊ အပ်လည်းဒီရွာမှာ တစ်ပုံချည်း။ ဒီလောက်ပစ္စည်းပေါတဲ့အရပ်မှာ ရှင်လာရောင်းတော့ ထမင်းတော်ရုံပဲရှိမှာပါ"

"ဟုတ်ပါတယ် နှမ။ ဒီရွာဟာ ပန်းပဲဆရာအကျော်အမော်ထွန်းကားတဲ့ရွာကြီးမှန်း သိပါတယ်။ တတ်ကျွမ်းသူ ပေါပေမယ့် ပညာရှင်က ရှားတတ်ပါတယ်"

"ရှင်..."

"ကျုပ်ရောင်းတဲ့အပ်က သာမန်လက်ရာမဟုတ်ပါဘူး။ အပ်ကောင်း မကောင်းကို ပန်းပဲသမားပဲ သိနိုင်ပါတယ်။ ကျုပ်ရဲ့ပစ္စည်းအရည်အသွေးကို သာမန်လူ အကဲဖြတ်လို့ မရပါဘူး။ နှမရဲ့ဖခင်လို ပညာရှင်ကြီးတွေသာ သိနိုင် ပါတယ်..."

"ညွှန်းလှချည်းလား..."

www.burmeseclassic.com

www.burmeseclassic.com



"ညွှန်းတယ်လို့မထင်ပါနဲ့။ နမရဲ့ဖခင်သာ ကျူပ်အပ်ရဲ့အရည်အသွေးကိုမြင်ရင် အပ်ကို နမငယ်နဲ့တောင် အရောင်းအဝယ်သဘော ကမ်းလှမ်းလိမ့်မယ်"

"ဘာ…ရှင်က ရဲတင်းလှချည်းလား"

"နမရဲ့ကျော်စောသတင်းကြောင့် အကျွမ်းတဝင်ဖြစ်ချင်လို့ တမင် တီထွင်ပြီး အစမ်းသပ်ခံဖို့လာတာပါ"

"ကျွန်မရဲ့ ဖခင်ကတော့ စိတ်ဝင်စားမှာ မဟုတ်ဘူး"

မောင်ပုညနှင့် မယ်ရူပပြောဆိုနေစဉ် အိမ်ထဲမှ ပန်းပဲသူကြီးထွက်လာသည်။ အမှန်တော့ ဤပန်းပဲရွာတွင် အပ် လာရောင်းသည်ဆိုကတည်းက လူငယ်အပေါ် စိတ်ဝင်စားမိသည်။ ရဲရဲဝံ့ဝံ့အော်ဟစ်ရောင်းဝယ်နေသည့် အသံ ကြားကတည်းက တစ်ခုခု ထူးခြားသလိုရှိနေသည်။ သူ့အသံတွင် သူ့ပညာအပေါ် ယုံကြည်စိတ်ရှိနေကြောင်း သိရသည်။ သို့ဖြစ်၍ သမီးမယ်ရူပကို အိမ်ရှေ့ထွက်ပြီး အကဲခတ်ကြည့်စမ်းဟု စေခိုင်းလိုက်ခြင်းပင်။

မယ်ရူပသည် ဖခင်ထံမှ ပန်းပဲပညာအမွေအနှစ်ရထားသည့်အလျောက် တော်ရုံတန်ရုံအတတ်ပညာရှင်နှင့် ပခုံးချင်းယှဉ်နိုင်သည်။ ပညာစွမ်းချင်း ဖလှယ်နိုင်သည်။ မယ်ရူပထွက်ကြည့်သောအခါ ရုပ်ရည်သန့်ပြန့်သည့် လုလင်ငယ်ကို မြင်ရုံနှင့် သာမန်အတတ်ပညာရှင်မဟုတ်မှန်း အကဲခတ်မိသည်။ စကားပြောဆိုကြည့်တော့ ရဲရင့်ထက်မြက်သူမှန်း သိလိုက်သည်။

"သမီး၊ အပ်သည်လေးကို အိမ်ပေါ်ခေါ်ခဲ့ပါ"

ပန်းပဲသူကြီး၏စကား ကြားလိုက်၍ မောင်ပုညဝမ်းသာသွားသည်။ သူ့အစွမ်းကို ပြသခွင့်ရပြီ၊ သူ့အကြံအစည် အောင်မြင်ပြီဟု အတတ်တွေးလိုက်တော့သည်။

* * *

"သူငယ်၊ အပ် ရောင်းလာတာ အမောင်လား…"

ပန်းပဲသူကြီးသည် မောင်ပုည၏ ရုပ်ရည်လက္ခဏာကို ခြေဆုံး ခေါင်းဆုံးကြည့်လျက် အကဲခတ်ဟန်ဖြင့် မေးသည်။ မောင်ပုညက ခေါင်းငုံ့ အရိုအသေပေးလျက် "ဟုတ်ကဲ့၊ အပ်ရောင်းတာ ကျွန်တော်ပါ"ဟု ဖြေလိုက်သည်။ မောင်ပုည၏ တည်ကြည်ရဲရင့်သော အသွင်အပြင်ကြောင့် လှောင်ပြောင်ရယ်မောလိုဟန်မပြဝံ့။ ပညာရှင်ပီပီ မပွင့်တစ်ပွင့် ပြုံးလျက် မေးလိုက်သည်။

"ဒီရွာဟာ ပန်းပဲရွာကြီးဆိုတာ အမောင်သိပါတယ်နော်…"

"ဟုတ်ကဲ့၊ သိပါတယ်"

"ဒီရွာက နာမည်ကျော်အပ်တွေ အမြောက်အမြားထွက်တာလဲ သိပါတယ်နော်…"

"သိပါတယ် ခင်ဗျာ။ ကာသိတိုင်းမှာ ပညာရှင်တွေပေါတာရော… မဇ္ဈိမတစ်ဝန်းလုံး အကျော်အစောရှိတဲ့ ပန်းပဲ ဆရာကြီးရှိနေတာလဲ သိပါတယ်။ အဲဒီပညာရှင်ကြီးနဲ့ ခုလိုစကားပြောခွင့်ရတာကိုပဲ ဂုဏ်ယူမိပါတယ်…"

"အင်း…ဒါဆို၊ အမောင်ရဲ့ပညာစွမ်းရည်ပြချင်တာက အပ်ရောင်းချင်တာထက် အဓိကကျမယ်ထင်တယ်…"

မောင်ပုညက နှုတ်တုံ့မပြန်၊ ခေါင်းမညိတ်ဘဲ ပြုံးရုံဖြင့် မှန်ကန်ကြောင်း ဝန်ခံလိုက်သည်။

"မောင့်မိဘက"

"ပန်းပဲဆရာကြီး ဦးသောဏပါ"

"သြော်…သြော်၊ သိတယ်…သိတယ်။ ဒီရွာနဲ့အလှမ်းမဝေးတဲ့ရွာက ပန်းပဲဆရာ အကျော်အမော်ကြီးပဲ။ ပညာရှင် ချင်းတော့ အဆက်အသွယ်ရှိပါတယ်။ ကုသိုလ်ကံမလိုက်လို့ စီးပွားဥစ္စာမဖြစ်ပေမယ့် လေးစားလောက်တဲ့ ပညာရှင်ကြီးပါ"

www.burmeseclassic.com

www.burmeseclassic.com



''အဖေ့ထံက ပညာအမွေရလိုက်တာပါ''

''ဒါဆို လူတော်တစ်ယောက်ဖြစ်မှာ အသေအချာပါပဲ။ ကဲ မောင် အပ်ကိုပြပါဦး''

''ဆရာကြီးခင်ဗျာ…ကျွန်တော်အပ်ရဲ့အကြောင်းကို ဆရာကြီးသာမကဘဲ၊ ဒီရွာက ပန်းပဲသမားတွေ ရှေ့မှောက်မှာ ပြခွင့်ရရင်ပိုပြီး လေးနက်မယ်ထင်ပါတယ်''

''သြော်…ဟုတ်ပေသားပဲ''

မောင်ပုည၏ရဲဝံ့သော ပညာသတ္တိကို ချီးမွမ်းဟန်ဖြင့် လက်ခုပ်တစ်ချက်တီးလျက် အားပါးတရ ရေရွတ်သည်။ ထို့နောက် လက်သင်တပည့်တစ်ဦးကို ခေါ်လျက်၊ ပန်းပဲရွာတွင်းမှ ပန်းပဲသမားမှန်သမျှ အမြန်စုဝေးလာကြရန် အကြောင်းကြားလိုက်သည်။

မောင်ပုည အပ်ရောင်း လာကတည်းက စိတ်ဝင်တစားရှိနေသော ပန်းပဲသမားများသည် မလှမ်းမကမ်းမှ အကဲခတ် နေသည်။ မောင်ပုညအား ပန်းပဲဆရာကြီးက ခေါ်တွေ့သည့်အခါ ပို၍ စိတ်ဝင်စားစွာဖြင့် အကဲခတ်စောင့်စားနေ၍ စုရုံး ခိုင်းလိုက်သည်နှင့် တစ်ခဏချင်း လူစုံသွားသည်။

''ကဲ၊ အမောင် သင့်အပ် ပြပါဦး''

''ဟုတ်ကဲ့၊ ကျွန်တော် ပန်းပဲရွာကြီးမှာ အပ်လာရောင်းကတည်းက ထူးဆန်းတဲ့အမူအရာနဲ့ အကဲခတ်နေကြတာ သတိပြုမိပါတယ်။ ကျွန်တော့်အပ်ကို အကဲဖြတ်စေချင်လို့ ဒီရွာကိုတမင်လာတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဟောဒီ ပန်းပဲရွာက ပန်းပဲဆရာကြီးကသာ ကောင်းတယ်လို့သတ်မှတ်ရင် ကျွန်တော်ပစ္စည်းရဲ့အရည်အသွေးဟာ မဇ္ဈိမတစ်ဝန်းလုံးမှာ မကျော်ကြားစရာအကြောင်း မရှိပါဘူး။ ဒါကြောင့် ကျွန်တော့်အပ်ကို အကဲဖြတ်ဖို့ ဆရာကြီးကိုအပ်ပါတယ်''

မောင်ပုညသည် ပရိသတ်ကြီးကို နှုတ်ဆက်စကားပြောပြီး၊ အိတ်ထဲတွင် တရိုတသေထည့်လာသည့် အပ်ဘူးကိုပန်းပဲ ဆရာကြီးလက်ထဲ ထည့်ပေးလိုက်သည်။ သာမန်အပ်များထက် အနည်းငယ်ပိုတုတ်ပြီး၊ ပိုရှည်သည့် ပစ္စည်းကို လက်ပေါ်တင်ကြည့်ပြီး မောင်ပုညဘက် လှည့်မေးလိုက်သည်။

''ဒါအပ်လား…''

''မဟုတ်ပါဘူးဆရာကြီး အပ်ထည့်အိမ်ပါ''

''သြော်…သြော်''

ပန်းပဲဆရာကြီးက အပ်ထည့်အိမ်ကို လက်ဝါးပေါ်တင်လျက် အနီးအဝေး အနေအထားအမျိုးမျိုးမှ ကြည့်သည်။ ကနုတ်ပန်းများ စီခြယ်ထားသည့် အနုလက်ရာမြောက် အပ်အိမ်ကိုကြည့်ရုံနှင့် လုလင်၏ပညာကို ရင်ထဲက ချီးကျူးလိုက်သည်။ ပန်းပဲဆရာကြီးက အပ်ကိုကြည့်ရန် အိမ်ကိုဆွဲဖွင့်သည်။ လက်ရာသပ်ရပ်ပြီး အံဝင်ခွင်ကျလုပ်ထားသည့် အပ်အိမ်ကို ဘယ်လိုဖွင့်ရမှန်းမသိ။ ဆွဲဖွင့်သော်လည်းမရသဖြင့် မောင်ပုညအား လှည့်ကြည့်သည်။ မောင်ပုညက အပ်အိမ်ကိုယူလျက် လက်သည်းလေးနှင့် ခြစ်လိုက်ရာ အလိုက်သင့်ပွင့်လာသည်။ အပ်အိမ်ထဲမှ ပစ္စည်းကို ထုတ်ယူလျက် ပန်းပဲဆရာကြီးလက်ပေါ် တင်ပေးလိုက်သည်။

''ဒါအပ်လား…''

''မဟုတ်သေးပါဘူး ဆရာကြီး၊ ဒါလည်းအပ်အိမ်ပါပဲ''

ပန်းပဲဆရာအားလုံး စိတ်ဝင်တစားဖြစ်ကုန်သည်။ ဤမျှသေးငယ်သော ပစ္စည်းကို အပ်အိမ်အဖြစ်လုပ်ထားသည်မှာ မကြုံဖူး မတွေ့ဖူးချေ။ လုပ်ထားသည့် လက်ရာမှာလည်း ဖြစ်ကတတ်ဆန်းမဟုတ်။ လက်ရာသန့်ရုံမက ကောင်းသည် ဟုပင် ဆိုရလိမ့်မည်။ မောင်ပုညသည် ပန်းပဲဆရာကြီးလက်ပေါ်မှ အပ်ဘူးယူလျက် လက်သည်းနှင့်ခြစ်ပြီး ဖွင့်လျက် ပစ္စည်းတစ်ခုကို ထုတ်ယူပြီး၊ ပန်းပဲဆရာကြီး လက်ပေါ်တင်ပေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒါကတော့ အပ်ဖြစ်ပြီထင်ပါရဲ့''

''မဟုတ်သေးပါဘူး ဆရာကြီး၊ အပ်အိမ်ပါပဲ''

''ဟေ...''

''ကျွန်တော် ထပ်ဖွင့်ပေးပါဦးမယ်''

မောင်ပုညက တတိယမြောက်အပ်အိမ်ကိုဖွင့်လျက် အထဲမှပစ္စည်းကို ထုတ်ယူပြီး၊ ပန်းပဲဆရာများဘက်ကို ထောင်ပြလိုက်သည်။ လက်ညှိုးနှင့်လက်မ ညှပ်ကိုင်ပြသည့် ပစ္စည်းကိုကြည့်လျက် ရင်သပ်ရှုမောတသောသော ဖြစ်နေသည်။

''တော်ပါပေတယ်။ ဒီလောက်သေးငယ်ပြီး၊ လက်ရာမြောက်တဲ့အပ်မျိုး မတွေ့ဖူးသေးဘူး''

''ဒါက အပ်မဟုတ်ပါဘူး၊ အိမ်ပါပဲခင်ဗျာ...''

''ဟေ...ဒါအပ်အိမ်ဟုတ်လား။ ဒီလိုဆို အပ်က ပိစိညှောင့်တောက်လေး ဖြစ်မှာပေါ့။ တော်သဗျာ''

မောင်ပုညက အပ်အိမ်တစ်ခုကို ထပ်မံဖွင့်ပြီး၊ အတွင်းမှပစ္စည်းယူလျက် ပန်းပဲဆရာကြီး၏ လက်ဝါးပေါ် တင်ပေး လိုက်သည်။

''အင်း၊ လက်ရာမြောက်တဲ့ အပ်ပါ''

''အပ်မဟုတ်သေးပါဘူး ဆရာကြီး၊ စတုတ္ထမြောက် အပ်အိမ်ပါ''

''ဟေ...ဒီလိုအပ်အိမ်မျိုး ဘယ်နှစ်ခုလဲ''

''အိမ်ခုနစ်ခုပါ ဆရာကြီး။ ကျွန်တော် တစ်ခုချင်း ဖွင့်ပြပါ့မယ်''

မောင်ပုညသည် အပ်ထည့်အိမ်တစ်ခုချင်းကို လက်သည်းနှင့် ခြစ်လျက်ခြစ်လျက်ဖွင့်ပြီး သူ့လက်ဝါးပေါ် တင်ပြသည်။

ပဥ္စမအိမ်။

ဆဋ္ဌမအိမ်။

သတ္တမအိမ်။

အိမ်ခုနစ်လုံးတွင်း၌ ထည့်ထားသည့်အပ်လေးကို ထုတ်ယူလျက် ပန်းပဲဆရာကြီး၏ လက်ပေါ်သို့ အပ်ကို တင်ပေးလိုက်သည်။

လမ်းလယ်လမ်းမတွင် အော်ကာဟစ်ကာရောင်းနေသော မောင်ပုည၏အပ်ကို ခုမှပင် တွေ့ရသည်။ အပ်ချည်မျှင် သာသာရှိသော အပ်ချောင်းလေးကို လက်နှင့်ညှပ်ယူလျက် ထောင်ပြလိုက်သည်။

''အံ့ဩစရာပါဗျာ...ဒီလောက်သေးငယ်ပြီး ဒီလောက်လက်ရာမြောက်တဲ့အပ်မျိုး တစ်ခါမှ မတွေ့ဖူးဘူး''

''ဟုတ်ပါရဲ့၊ ဒီအပ်မျိုးလုပ်ဖို့ စိတ်ကူးထဲတောင် မရှိခဲ့ပါဘူးဗျာ...''

'''ကျုပ်တို့က သာမန်အပ် ထင်နေတာ...''

ပန်းပဲဆရာများ အံ့ဩတကြီးချီးမွမ်းနေသောအပ်ကို ပန်းပဲဆရာကြီးက သမီးဖြစ်သူလက်သို့ ကမ်းပေးလိုက်သည်။ မယ်ရှုပက တရိုတသေ လှမ်းယူလျက် အသေးစိတ် ကြည့်ရှုစစ်ဆေးနေသည်။

''ဆရာကြီးခင်ဗျာ...ပစ္စည်းတစ်ခု မြင်ရုံနဲ့ မချီးမွမ်းပါနဲ့ဦး ဒီအင်ရဲ့ စွမ်းရည်ကိုကြည့်ပြီးမှ ကောင်းမကောင်း အကဲဖြတ်ပေးပါ''

''အေး''

''အပ်ကိုစမ်းသပ်ပြဖို့ ပေခုံတစ်ခုံရယ်...ရေအပြည့်ထည့်ထားတဲ့ ကြေးခွက်ရယ် ရနိုင်မလား''

www.burmeseclassic.com

www.burmeseclassic.com



''ရတာပေါ့။ ဟဲ့သမီး၊ အပ်ထားခဲ့။ ဟောဒီ ပန်းပဲပညာရှင်လေး တောင်းတဲ့ပစ္စည်းတွေ စီမံပေးလိုက်စမ်း''

အပ်ကိုမြင်ရပြီး၊ အပ်အစွမ်းကို ကြည့်ရမည်ဆိုသဖြင့် ပန်းပဲဆရာများ အထူးစိတ်ဝင်စားကုန်သည်။ မောင်ပုည တောင်းသည့် ပစ္စည်းများ ဝိုင်းဝန်းရှာဖွေလျက် ကူသယ်ပေးသည်။

''ရေခွက်အပေါ်မှာ ပေခုံကိုတင်လိုက်ပါ။ ဟုတ်ပြီ…ဟုတ်ပြီ။ သံထည်နဲ့လုပ်ထားတဲ့ ဒီပေခုံပေါ်မှာ အပ်စိုက်ပြပါ့မယ်။ ကျွန်တော့်အပ်ရဲ့ စူးရှမှု၊ ခိုင်ခံ့မှုကို မြင်ရပါလိမ့်မယ်။ အရွယ်ပမာဏ သေးသော်လည်း အပ်ဟာ သာမညအပ် မဟုတ်ဘူးဆိုတာ လက်တွေ့ပြပါ့မယ်''

မောင်ပုညသည် ပေခုံပေါ်တွင် အပ်ကိုတင်ပြီး တူနှင့် တအားရိုက်ချလိုက်သည်။ အပ်သည်ပေခုံကို ထုတ်ချင်းဖောက် ဝင်သွားပြီး အောက်ဘက် ကြေးခွက်တွင်းရှိ ရေထဲရောက်သွားသည်။ အပ်က ရေပေါ်လည်း ပေါ်မနေ။ ရေအောက်လည်း နစ်မသွား။ ရေထုအလယ်တွင် အုံ့ဩဖွယ် တည်နေသည်။

''ဟာ…''

ပန်းပဲသမားများသည် အသံမပြုနိုင်အောင် ကျက်သေသေကုန်သည်။ တဒင်္ဂမျှမင်တက်မိ မေ့မျောနေသော ပရိသတ်ကြီးသည် သတိရလာချိန်တွင် ကျီးပြိုသည့်အလား ဝေါခနဲအသံထွက်လာသည်။ ပန်းပဲဆရာကြီး ကိုယ်တိုင် မချီးကျူးဘဲ မနေနိုင်တော့။

''ကျုပ်ချီးကျူးပါတယ်…အမောင်ဟာ ပညာရဲရင့်သလို ပွဲလယ်မှာတင့်ခဲ့ပါပြီ။ အစက ပန်းပဲရွာမှာ အပ် လာရောင်းတဲ့ အမောင့်ကို ရူးကြောင်ကြောင်လို့ ထင်ခဲ့မိတယ်။ ဒါပေမယ့် လက်တွေ့မြင်ရတော့ မရူးဘဲ ထူးသူဆိုတာ သိရတယ်။ အမောင်ရဲ့ အပ်တစ်ချောင်းဟာ ကျုပ်သမီးနဲ့ လက်ဆက်ပေးဖို့ထိ ထိုက်တန်မှန်း သိပါတယ်။ ဟဲ့သမီး မယ်ရှုပ''

''ရှင် အဖေ…''

''အဖေမရှိရင် ဟောဒီရွာမှာပန်းပဲသူကြီး ဖြစ်နိုင်သူက ဟောဒီ သူငယ်…''

''မောင်ပုညပါ ခင်ဗျာ''

''အေး၊ မောင်ပုညကို အဖေ့အရာ လွှဲပေးချင်တယ်။ ကိုင်း… ဘယ်လိုလဲ တပည့်တို့''

''သဘောတူပါတယ် ဆရာကြီး။ ကိုပုညဟာ ကျွန်တော်တို့ရဲ့ အကြီးအမှူးဖြစ်သင့်သူပါ။ ဆရာကြီးရဲ့ အရိုက်အရာ ဆက်ခံသင့်သူပါ''

ပန်းပဲဆရာကြီးသည် မောင်ပုည၏လက်ကိုဆွဲလျက် သမီးနှင့် လက်ဆက်ထိမ်းမြားပေးလိုက် လေတော့သည်။

ကျမ်းကိုး။ ။ ငါးရာငါးဆယ့်၊ သတ္တနိပါတ်၊ သုစိဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အမျိုးမြတ်ပညာမဲ့နှင့် အမျိုးယုတ်ပညာတတ်

"ဟာ…"

သေတကေတုပုဏ္ဏားလုလင်၏ အထိတ်တလန့် အော်သံကြောင့် အတူလျှောက် လာသူများက "ဘာလဲ…" ဟူသော အမူအရာဖြင့် လှည့်ကြည့်သည်။ သေတကေတုသည် အင်မတန်စက်ဆုပ်ရွံရှာဖွယ်အရာကို တွေ့သည့်အလား လက်ကိုပုတ်ခါယမ်းလျက် လေညာအရပ်ဆီ ပြေးတက်သွားသည်။

"သြော်…"

လေညာအရပ်တွင် ရပ်နေသည့်စဏ္ဍာလလုလင်တစ်ယောက်ကို တွေ့လိုက်မှ သေတကေတု၏အပြုအမူကို နားလည်လိုက်သည်။

စဏ္ဍာလလုလင်ကို ဖြတ်တိုက်လာသောလေသည် သူတို့ထံသို့ ရောက်လာနိုင်သည်။ ထိုလေကို ရှူရှိုက်မိ၊ ထိခိုက်မိမည်စိုး၍ သေတကေတု ရှောင်တိမ်းခြင်းဖြစ်သည်။ တစ်ဖက်သားကို နှိမ်ချလျက်၊ မိမိကိုယ်ကို မြှင့်တင်လွန်းသော သေတကေတုကို မလိုတမာအကြည့်နှင့် စဏ္ဍာလက တုံ့ပြန်ကြည့်သည်။ "ဒီလောက်ဖြစ်နေတဲ့ကောင် တွေ့ကြသေးတာပေါ့"ဟူသည့် အမူအရာဖြင့် ကြည့်ပြီး၊ သေတကေတု၏ အထက်လေညာအရပ်တွင် သွားရပ်သည်။ သေတကေတု ဒေါပွသွားသည်။ "လူယုတ်မာ"ဟုကျယ်လောင်စွာ ဟစ်အော်ဆဲဆိုလျက် စဏ္ဍာလ၏အထက်ဘက် လေညာအရပ်တွင် သွားရပ်သည်။ စဏ္ဍာလကလည်းလုပြီး ရပ်ပြန်သည်။ သူတို့နှစ်ဦးဖြစ်ပျက်နေပုံမှာ ဘေးကကြည့်လျှင် ဆော့နေသည့်အလား… အတူလာသူငယ်ချင်းများက အယူသီးသောသေတကေတုကို စိတ်ပျက်လက်ပျက် ဖြစ်နေသည်။

"လူယုတ်မာ၊ ပျက်စီးပါစေ"

သေတကေတုက မောပန်းနေသည့် လေသံဖြင့် အော်ဆဲသည်။ စဏ္ဍာလလုလင်သည် သေတကေတုနှင့် မျက်နှာချင်း ဆိုင်ရပ်သည်။

"ဘာကြောင့် ကျိန်ဆဲရတာလဲ"

"မင်းဟာ လူယုတ်မာမို့ လူယုတ်မာလို့ ပြောတာ‥ ငါလိုမြင့်မြတ်သူ လာတာမြင်ရက်နဲ့ ဘာကြောင့်လေညာအရပ်ကနေလဲ…"

"ဘာ…အများသူငါ သွားတဲ့လမ်းမှာ ဘယ်သူမဆို ကိုယ်ကြိုက်တဲ့နေရာက သွားခွင့်ရှိတယ်။ လူတွေနဲ့ ရောရော နှောနှော မနေနိုင်ရင် အပြင်မထွက်နဲ့၊ လမ်းပေါ် မလျှောက်နဲ့"

"ဒါပေမယ့် မင်းတို့လို စဏ္ဍာလတွေ သိသင့်တယ်။ ဗြဟ္မဏတွေ လာတဲ့လမ်းက ရှောင်သင့်တယ်…"

www.burmeseclassic.com

www.burmeseclassic.com


သေတကေတု၏စကားကြားတော့ စဏ္ဍာလလုလင်က မခိုးမခံ့ရယ်သည်။ လက်ညှိုးငေါက်ငေါက်ထိုးလျက် မေးခွန်းထုတ်လိုက်သည်။

''မင်းကိုမင်း၊ မြင့်မြတ်သူလို့ပြောရအောင် မင်းမှာ ဘာအကျင့်မြတ်ရှိလဲ…ဘာပညာတတ်လဲ''

''ငါတို့ဟာ ဒိသာပါမောက္ခကြီးရဲ့ တပည့်တွေ…အားလုံးပညာတတ်တွေ…''

သေတကေတုက သူ့အပေါင်းအဖော်များဘက် လက်ညှိုးထိုးညွှန်ပြပြီး၊ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောလိုက်သည်။

''ဪ…တက္ကသိုလ်ကျောင်းသားတွေ ဆိုပါတော့''

''အမှန်ပဲ''

''ဒါဆို ငါမေးတဲ့မေးခွန်းဖြေနိုင်မလား…''

''မင်းလိုစဏ္ဍာလ တစ်ယောက်မေးတဲ့ မေးခွန်းကို ငါလိုဗြဟ္မဏပညာတတ်တစ်ယောက်က မဖြေနိုင်စရာ အကြောင်းမရှိဘူး''

''ဒါဆို အလောင်းအစား လုပ်ဝံ့လား…ငါမေးတာမှန်အောင် ဖြေနိုင်ရင် ငါ့ခေါင်းကိုသင့်ခြေထောက်ကြား ထားပြီးလှည့်၊ မဖြေနိုင်ရင် သင့်ကို ငါလှည့်မယ်…''

''အဟား၊ ကြိုက်ပြီ။ ဒီမယ်အပေါင်းအသင်းတို့၊ ဟောဒီစဏ္ဍာလက ငါ့ကို ပညာယှဉ်လာတယ်။ သူမေးတာ ငါဖြေနိုင်ရင် သူ့ခေါင်းကို ခြေထောက်နဲ့ လှည့်တဲ့။ အဟ၊ ငါနိုင်ရင် သင်းခေါင်းကို ငါ့ခြေထောက်နဲ့ မထိနိုင်ဘူး။ ငါ့ကိုယ်စား တစ်ယောက်ယောက်က လှည့်ကြစမ်းကွာ…''

အပေါင်းအသင်းများဘက်လှည့်ပြီး ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ပြောပြီး၊ ''မေးချင်တာမေးစမ်း''ဟူသော အမူအရာဖြင့် မေးဆတ်လိုက်သည်။

''အရပ်မျက်နှာဆိုတာ အဘယ်နည်း''

''အဟဟ၊ အရပ်မျက်နှာများ ခက်ခက်ခဲခဲ လုပ်မေးနေရသလား စဏ္ဍာလရဲ့။ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟာ အရပ်မျက်နှာပေါ့''

''မှားတယ်။ ငါမေးတာ ဒီအရပ်မျက်နှာမဟုတ်၊ သင်မသိ''

''ဘယ်ကလာ မသိရမှာလဲ။ အရပ်မျက်နှာဆိုတာ အရှေ့၊ အနောက်၊ တောင်၊ မြောက်ပေါ့''

''သင်မသိဘူး။ သင့်ဆရာကြီးကိုပြန်မေး၊ လောလောဆယ်တော့ ငါပြုသလိုသာခံတော့''

စဏ္ဍာလသည် သေတကေတု၏ခေါင်းကို ဆွဲနှိမ်လျက်ခြေထောက်ကြားသွင်းပြီး၊ လှည့်ပတ်လိုက်သည်။ ဇာတ်နိမ့်သူ၏ စော်စော်ကားကား ပြုမူပုံကြောင့် သေတကေတု ဒေါပွသွားသည်။ သူ့သူငယ်ချင်းများရှေ့မှောက်တွင် မဖွယ်မရာပြုမူခံရ၍ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်သည်။ စဏ္ဍာလကို တိုက်ခတ်လာသည့် လေပင် အထိမခံ၊ အနံ့မခံနိုင်သည့် သေတကေတုသည် စဏ္ဍာလ၏ ခြေထောက်ကြား ခေါင်းငုံ့ရရုံမက လှည့်ပတ်အမွေ့ခံရသဖြင့် သေမလောက် ရှက်သွားသည်။

ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်၊ မခံချင်စိတ်လည်းဖြစ်သည်။ အကျိုးအကြောင်းပြောလျက် ဒိသာပါမောက္ခ ဆရာကြီးအား အဖြေမှန်မေးလိုက်သည်။

''အမောင်၊ သေတကေတု၊ စဏ္ဍာလကို အမျက်မထွက်နဲ့၊ သူက ပညာရှိသူဖြစ်တယ်''

''ခင်ဗျာ…''

သေတကေတု သတင်းကို ဒိသာပါမောက္ခဆရာကြီးက ဘယ်ပုံ ကြားထားသည်မသိ။ အမျက်ဒေါသ ထွက်နေသော သေတကေတုကို နှစ်သိမ့်စကားဆိုသည်။ ပညာကိုသာ တန်ဖိုးထားသော ဆရာကြီးအနေနဲ့ ဗြဟ္မဏဟူ၍

www.burmeseclassic.com



လည်းကောင်း၊ ခတ္တိယဟူ၍ လည်းကောင်းမမြင်။ ရှေးအစဉ်အလာ လူတန်းစားခွဲခြားမှုထက် အကျင့်သီလပညာကိုသာလျှင် တန်ဖိုးထားသည်။ ပညာမဲ့လျှင် မြင့်မြတ်သည်ဟု မထင်။

ဤကိစ္စတွင် သေတကေတု၏ အယူသီးမှုနှင့် အသိပညာမဲ့မှုကြောင့် အရှက်ရစေသည်ဟု မှတ်ယူသည်။

''အမောင်သေတကေတု၊ လောကမှာ အနည်းအကျဉ်းသိရုံမျှဖြင့် အလုံးစုံသိပြီးဟု မယူဆသင့်။ သင်ယူတတ်သိသောအရာကား စရည်းအိုးထဲထည့်သော ရေပမာဏသာရှိပြီး၊ သိအပ်စရာကား ပင်လယ်သမုဒ္ဒရာတွင်းရှိ ရေပမာဏရှိပေသည်''

''သူပြောတဲ့ အရပ်ဆိုတာက''

''အမောင်ပြောတဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက် မဟုတ်။ ကျေးဇူးရှိအပ်သော မိဘကို အရှေ့အရပ်ဟုမှတ်၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာကိုတောင်အရပ်ဟုမှတ်၊ ရဟန်းပုဏ္ဏားကား အထက်အရပ် ဟုမှတ်''

''ဆရာကြီးခင်ဗျာ...ဒါဆိုအနောက်အရပ်က''

''သားသမီးများ ယူရမယ်''

''မြောက်အရပ်က''

''ဆွေမျိုးမိတ်ဆွေကို ယူကွဲ့''

''ဒါဆိုကျေးကျွန်တွေက အောက်အရပ်ပါလား''

''မှန်ပေတယ် တပည့်၊ စဏ္ဍာလက လူ့ကျင့်ဝတ်၊ လူ့စည်းကမ်း၊ လူ့ဝတ္တရားနဲ့နွယ်ပြီး အရပ်ဒိသာကိုမေးတာဖြစ်တယ်...''

ဒိသာပါမောက္ခဆရာကြီးရှင်းပြမှ ကိုယ်ဆည်းပူး လေ့လာရမည့် ပညာရပ်များ အမြောက်အမြား ရှိသေးသည်ကိုသတိပြုမိသည်။ သို့ဖြစ်၍ ဆရာထံ ဆက်လက် ပညာသင်ယူပြီး ပညာစုံသည့်အခါ လောကလူ့ရွာ၌ တတ်သိအပ်သော အတတ်ပညာ ဆည်းပူးရန် လှည့်လည်ခဲ့သည်။ ထို့နောက်အရွယ်ရသော် ရသေ့ရဟန်းပြုလျက် နယ်စွန်နယ်ဖျားတွင် ရသေ့ငါးရာ၏ဂိုဏ်းဆရာအဖြစ် ခံယူလိုက်ပေသည်။

* * *

သေတကေတုရသေ့နှင့် တပည့်ငါးရာသည် ဟိမဝန္တာတွင် သီတင်း သုံးနေရာမှ ချဉ်ဆားမှီဝဲရန်အလို့ငှာ ဗာရာဏသီ ပြည်ဘက်သို့ထွက်ခဲ့သည်။ ဗာရာဏသီမင်းသည် အကျင့်မြတ်ရှိသူဟု အထင်ရောက်သဖြင့် နန်းတော်သို့ပင့်ဆွမ်းကျွေးသည်။ မင်း၏ဥယျာဉ်တွင် အေးချမ်းစွာ သီတင်းသုံးပါဟုဖိတ်ခေါ်သည်။

''အချင်းရသေ့တို့၊ ဒီနေ့ မင်းကြီး ဥယျာဉ်တော်ကြွလာမယ်လို့ ဥယျာဉ်မှူးက သတင်းပေးတယ်''

''ဒါဆို အဆင်ပြေတာပေါ့''

''ဘာကိုအဆင်ပြေတာလဲ။ ဒီမယ် မင်းကြီးက ငါတို့ကို ဆွမ်းကပ်လှူတယ်၊ ဥယျာဉ်မှာနေခွင့်ပြုတယ်ဆိုတာဘာဖြစ်လို့လဲ သိလား...''

''မိန့်ပါဆရာ...''

''ဟိမဝန္တာက ဆင်းလာတဲ့ ရသေ့တွေဆိုတော့ အကျင့်မြတ်ရှိသူလို့ အထင်ရောက်တာ... အကျင့်သီလနဲ့ပြည့်စုံလား၊ မပြည့်စုံလားဆိုတာ အသင်တို့ ကိုယ့်ကိုယ်ကိုသိတယ်''

''ဒါတော့...''

''ထားပါလေ...မင်းကြီးလာရင် တို့များကို အထင်ကြီးအောင်နေရမယ်။ အကျင့်မြတ်အကျင့်လွန်ရှိသူတွေလို့ အထင်ရောက်စေရမယ်။ ဒါမှ မကြောင့်မကြ စားသောက်နေနိုင်မှာ...''

www.burmeseclassic.com

www.burmeseclassic.com



''ဒီအတွက် မပူပါနဲ့။ တပည့်က လင်းနို့အကျင့် ကျင့်ဖူးပါတယ် မင်းကြီးမြင်တာနဲ့ လန့်ဖျားသွားရမယ်''

''အေး၊ တချို့က ဆူးပုံပေါ် သားရေနွယ်ခင်းအိပ်။ ခက်ခဲတဲ့အကျင့်၊ လူတို့ပြုနိုင်ခဲတဲ့ အကျင့်ရှိရင် အထင်ကြီးလေးစားတာပဲ''

သေတကေတု ရသေ့သည် အကျင့်မြတ် မရှိသော်လည်း အရေးဟဲ့ဆိုလျှင် နေတတ်၊ စားတတ်ရန် လမ်းညွှန်မှုပြုသည်။ သူကိုယ်တိုင်ကလည်း ကျောင်းတံခါးဝတွင် နောက်မှီပါသော ကုလားထိုင်ကို ချသည်။ သူစိမ်းဘာရုံမြင်လျှင် အလိုလို အထင်ကြီးသွားစေရန် တစ်တောင်ခန့်ရှည်သော ပုရပိုက်ကို ကိုင်သည်။ ကောတဉ္ဇရစ်တိုင်းဖြစ် အမွေးပွကတ္တီပါခင်းလျက် ခံ့ခံ့ညားညားထိုင်သည်။ သူ၏ရှေ့တွင်မူ ရသေ့ငယ်လေးပါးကို ထိုင်နေစေပြီး၊ ရှိသေ့ညွတ်ကျိုးစွာဖြင့် အမေးပုစ္ဆာတွေကို မေးသည်။ သေတကေတု ရသေ့၏အသွင်အပြင်မှာ တကယ့် ပဏ္ဍိတ်ကြီးအလား ရှိပေသည်။

ထိုအချိန်မှာပင် ဗာရာဏသီမင်းသည် စစ်အင်္ဂါလေးပါးအခြံအရံနှင့် ဥယျာဉ်တော်အတွင်း ဝင်လာသည်။ မင်းလာရာလမ်းတွင် လင်းနို့များကဲ့သို့ စောက်ထိုးဆွဲနေသည့် ရသေ့များတွေ့သည်။ အကျင့်မြတ်ပေစွဟု နှုတ်ကရေရွတ်လျက် လက်အုပ်ချီသည်။ ထိုမှတစ်ဖန် ဆက်သွားသော် ဦးစောက်ကျွမ်းပြန် အနေအထားဖြင့် ခြေထောက်မိုးပေါ်ထောင်ထားသည့် ရသေ့တို့ကို တွေ့သည်။ ဤအကျင့်မျိုး တစ်နေကုန်နေလျှင် မလွယ်ဟု မင်းကြီးတွက်သည်။ ရှေ့သို့ ဆက်လျှောက်သော် ဆူးပုံပေါ်တွင် လျောင်းစက်နေသောရသေ့ကို တွေ့သည်။

''အရှင်မြတ်တို့အကျင့်က ကျဉ်းကျပ်လှပါဘိ''

''အသင်မင်းကြီး ကိလေသာ ခေါင်းပါးသော အကျင့်မည်သည် လွယ်လွယ်ကူကူမရှိ။ ကိလေသာစိတ်လျော့ပါးအောင် မိမိကိုယ်ကို ညှဉ်းဆဲခြင်းသာ အမှန်ကန်ဆုံး ကျင့်နည်းဖြစ်ပေတယ်''

''သာဓု…သာဓု…သာဓု''

မင်းကြီးနှင့်ပရိသတ်သည် ဂိုဏ်းဆရာကြီးသေတကေတုရသေ့ရှိရာကျောင်းပေါ်သို့ တက်သွားသည်။ သေတကေတုရသေ့သည် မင်းကြီးကို ခုမှမြင်တွေ့လေဟန်ဖြင့် နေရာပေးသည်။

''အရှင်မြတ်၊ ဘာတွေသင်ကြားပို့ချနေတာလဲ ဘုရား''

''အသင်မင်းကြီး ခက်ခဲနက်နဲတဲ့ ဗေဒင်ပညာရပ်တွေ သင်ပေးနေတာပါ။ ဗြာဟ္မဏတို့ရဲ့ ချီးမွမ်းအပ်တဲ့ အတတ်ပညာဟာ ဗေဒင်ပညာပါပဲ။ အမြဲမပြတ် လေ့ကျင့်ခြင်းဖြင့် အကျင့်နဲ့ပြည့်စုံစေပါတယ်''

မင်းကြီးက ခေါင်းကိုဖြည်းညင်းစွာ ညိတ်လျက်၊ အနီးရှိပုရောဟိတ်ကြီးအား ''ဗေဒင်ကို ရွတ်ဖတ်သရဇ္ဈာယ်နေခြင်းဖြင့် အပါယ်ဘေးက လွတ်မြောက်နိုင်ပါလား'' ဟုမေးလိုက်သည်။ ပုရောဟိတ်ကြီးကခေါင်းကို ဖြည်းညင်းစွာ ခါယမ်းသည်။

''အကြားအမြင်များသူပင် ဖြစ်စေကာမူ မကောင်းမှုကျူးလွန်နေက အပါယ်ဘေးမလွတ်ပါ''

''ဟေ…''

''အရှင်ရသေ့၊ ဗေဒင်ကျမ်းပေါင်း တစ်ထောင်တတ်ကျွမ်းသော်လည်း အကျင့်မြတ်မရှိရင် ပညာရှိဟု မဆိုနိုင်ပါ''

''ဒါဆို ဗေဒင်ပညာက အကျိုးမရှိတဲ့ အတတ်လား ပုရောဟိတ်''

သေတကေတု ရသေ့သည် မိမိ၏ဆန္ဒကို ဆန့်ကျင်လျက် အကျိုး ပျက်စေသည့်စကား ပြောသဖြင့် ပုရောဟိတ်ကို ဒေါသထွက်သွားသည်။ မိမိအတတ်ပညာကို မထီလေးစား လုပ်ရပါမလားဟု ပုရပိုက်ကို ဘေးသို့ ချလိုက်သည်။

''အရှင်ရသေ့၊ ဗေဒင်ပညာကို မလေးမစားသည် မဟုတ်ပါ။ ဒီပညာဟာ တစ်စုံတစ်ရာကို အကျိုးရှိတာ အမှန်ပါ''

''ဘယ်အရာလဲ''

''ပစ္စုပ္ပန်မှာ ကျော်စောသတင်းရှိစေတာ အမှန်ပါ။ ဒါပေမယ့် နိဗ္ဗာန်ရောက်ဖို့ရာတော့ အကျင့်၊ သီလ၊ သမာဓိနဲ့ ဘာဝနာပွားများမှုသာ အကျိုးရှိပါလိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com



"အသင်၊ ပုရောဟိတ် သင်ဟာယုတ်မာသူပဲ၊ ငါရဲ့ဝါဒကို ဖြိုဖျက်သူပဲ"

မင်းကြီးသည် ဒေါသအားကြီးပြီး၊ ရန်လိုစိတ်ရှိသော ရသေ့၏အမူအကျင့်ကို သိလိုက်သည်။ ဤသူတို့ကား ပညာရှိယောင် ဆောင်နေသည့် အကျင့်ယုတ်သူများသာဖြစ်သည်ဟု ဆုံးဖြတ်လျက် လူထွက်စေသည်။ ဓား၊ လှံ၊ လက်နက်များ စွဲကိုင်စေလျက် မင်းအမှုထမ်းအဖြစ် ခန့်အပ်လိုက်ပေသည်။

ကျမ်းကိုး။ ။ ငါးရာ့ငါးဆယ့်ဇာတ်တော်၊ ဆတ္တနိပါတ်၊ သေတကေတုဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# မာယာအတတ်

"မောင်ကြီး၊ မောင်ကြီးရဲ့တူကို မိဂမာယာအတတ် သင်ပေးပါ"

နှမငယ်သည် သူ၏သားငယ်ကို ခေါ်ဆောင်လာပြီး ဘုရားအလောင်းတော်သမင်ကြီးထံ လာရောက်အပ်နှံသည်။ အလောင်းတော်သည် တူတော်မောင်၏ရုပ်လက္ခဏာကို ကြည့်သည်။

တိကျခိုင်မာသည့် မျက်နှာထား၊ စူးရှထက်မြက်သည့် မျက်လုံး၊ ဖျက်လတ်တက်ကြွသည့်အမူအရာကို ကြည့်လျက် သင်သမျှ အလွယ်တကူတတ်မြောက်မည်ဟု တွက်လိုက်သည်။

"အိမ်း၊ ထားခဲ့လေ…"

"မောင်ကြီးတူက ဆော့တယ်နော်…"

"ကလေးပဲကွယ်…ဆော့ကစားတာနဲ့ ငိုကြွေးတာဟာ ကလေး သူငယ်ရဲ့စရိုက်ပဲ"

"သူကဆိုးတယ် မောင်ကြီး"

"ဘယ်လိုဆိုးတာလဲ"

"မိဘအပေါ် နွဲ့ဆိုးလည်း ဆိုးချင်တယ်။ စိတ်လည်း ကောက်တတ်တယ်"

"ဒါကလည်း သားနဲ့အမိရဲ့စရိုက်လက္ခဏာပါ။ ကြီးလာရင် ဆိုးပါဆိုလို့တောင် မဆိုးတော့ပါဘူး"

"မောင်ကြီးတူကို မောင်ကြီးပဲ ကြည့်ဆုံးမတော့၊ သင်ကြားသင့်တာမှန်သမျှ သင်ပေးလိုက်တော့"

နှမငယ်က သူ့သားကို အစ်ကိုဖြစ်သူထံ လုံးဝပုံအပ်သည်။ ဤသည်မှာလည်း အစ်ကိုအပေါ် အနိုင်ယူချင်သည့် နှမငယ်တစ်ယောက်၏ စရိုက်မှန်း နှမကတော့မသိပါလေ…။

ဘုရားလောင်းသမင်ကြီးသည် အမိအဖများ ကွယ်လွန်ချိန်မှစ၍ သည်နှမလေးကို အစ်ကိုလိုတစ်မျိုး၊ မိဘလိုတစ်သွယ်၊ ခေါင်းဆောင်အဖြစ်တစ်နည်း စောင့်ရှောက်ခဲ့ရသည်။ အခြွေအရံများစွာကို အုပ်ထိန်း ကွပ်ကဲရသည့်အတွက် တစ်ခါတစ်ရံ နှမငယ်ကို စောင့်ရှောက်ဖို့ လွတ်သွားတတ်သည်။ အရွယ်ရောက်သည့်နှမငယ်က ဖို့ရွယ်သူတို့ဓလေ့အတိုင်း မျိုးနွယ်တူ သမင်လုလင်တစ်ဦးနှင့် ချစ်ကြိုးသွယ်မိသည်။ ယင်းသတင်းကို တပည့်များထံမှ တစ်ဆင့်စကားရောက်လာသည်။ အချိန်တန်အရွယ်ရောက်သည့် မိန်းမသားကို ထိန်းအုပ်ထားရေးက မလွယ်ကူ။ မျက်စိဒေါက်ထောက်ကြည့်ဖို့လည်း အခက်။ သို့နှင့် နှမငယ် လုလင်တို့ ချစ်ကြိုက်သွားခဲ့ပြီး၊ တူတော်မောင်ကို ဖွားမြင်ခဲ့သည်။ တူတော်မောင်မွေးဖွား စမှာပင် သူ့ဖခင်က မုဆိုးတစ်ယောက်၏ လက်ချက်နှင့် ဆုံးပါးခဲ့၍၊ တူတော်မောင်သည် အဖမဲ့ဘဝဖြင့် ကြီးပြင်းခဲ့ရသည်။ ခင်ပွန်းသည်အတွက် ပူပန်ရသည်က တစ်မျိုး၊ သားအတွက် သောကရောက်ရသည်က တစ်နည်း။ ဤသို့ သောကပရိဒေဝမီး လောင်မြိုက်ခံရသောနှမအတွက် ဖြေသိမ့်စကားကလွဲ၍ အခြားမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ရရှာသော နမငယ်၊ ဥမမည်ရွယ်မရောက်ခင် ဖတဆိုးလေး ဖြစ်ရရှာသော တူတော်မောင်အတွက် ရင်လေးနေချိန်မှာပင် တာဝန်တစ်ရပ်က အလိုလို ရောက်လာသည်။

"တူတော်မောင်..."

"ဟုတ်ကဲ့၊ ပြောပါဦးရီး"

"ဇာတိရုပ်ရလာတဲ့ သတ္တဝါတိုင်းမှာ ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ် ရှိနေတယ်ဆိုတာ မှတ်ကွဲ့"

"ဟုတ်ကဲ့ပါ ဦးရီး"

"သက်ရှိသတ္တဝါလောကမှာ ကြီးနိုင်ငယ်ညှဉ်း နှိပ်စက်တာလဲ ဓမ္မတာပဲ...ဖားကိုမြွေက သတ်တယ်... မြွေကိုသိန်းငှက်က ဖမ်းတယ်...သိန်းငှက်ကိုမုဆိုးကသတ်တယ်...မုဆိုးကို ကျားကကိုက်တယ်...ကျားကိုမုဆိုး သတ်တယ်၊ အဲဒီလို သတ်ဖြတ်မှုတွေ၊ အနိုင်ကျင့်မှုတွေ၊ စာနာစိတ်ကင်းမဲ့မှုတွေ ရှိနေတာ ဒီလောကပဲ"

"ဟုတ်ကဲ့ ဦးကြီး"

"အေး၊ ဒီလောကနဲ့သဟဇာတ ဖြစ်အောင် မနေနိုင်ရင်တော့ မြန်မြန် အနှိပ်စက်ခံရမှာပဲ၊ လွယ်လွယ် အသက်ဆုံးရှုံး ရမှာပဲ။ တို့မှာ အားကိုးစရာ ဆိုလို့ သဘာဝကပေးထားတဲ့ နားနဲ့၊ မျက်စိရှိတယ်။ တို့ဟာ တစ်ပါးသူကို အနိုင်ယူနိုင်တဲ့ စွမ်းအားမရှိဘူး။ ဒါကြောင့် အနှိပ်စက်ခံသတ္တဝါအဖြစ်နဲ့ အစဉ်ရပ်တည်ခဲ့ရတယ်"

"ဟုတ်ကဲ့"

"အဲဒီလို ရပ်တည်နိုင်အောင် ရန်သူ့အသံကို ဖမ်းယူနိုင်တဲ့နား ရှိတယ်...ဒီနားကိုအမြဲဖွင့်ထားပြီး နိုးနိုး ကြားကြားနေ။ မျက်စိကို ရှင်အောင်ထား။ အထူးကြည်လင်တဲ့မျက်လုံးဟာ တို့မျိုးရဲ့ လက်နက်ကောင်းပဲ။ ရန်သူကို မျက်လုံးနဲ့ကြည့်။ ရန်မူမယ်လို့သိရင် ခြေထောက်ကို အားပြုပြီး ဘေးကလွတ်အောင်ပြေးတော့ အဲဒါမာယာတစ်ချက်ပဲ"

အလောင်းတော် သမင်ကြီးသည် တူတော်မောင်အား သမင်တို့ တတ်သိအပ်သည့် ပညာတစ်ရပ်ကို သင်ပြလိုက် သည်။ ဤအတတ် ပညာကို သူ၏မိခင်ကလည်း သင်ပြကောင်း သင်ပြလိမ့်မည်။ အရွယ် ရောက်လာပြီဆိုကတည်းက လမ်းလျှောက်နည်း၊ ပြေးနည်း၊ ပုန်းနည်း၊ စားနည်းကို မသင်ဘဲမနေ။ လက်ဦးဆရာဖြစ်သည့်မိဘက သင်ပြထား မည်သာ။ သင်ပြပေးရမည်ဟု နှလုံးပိုက်၍ သင်ပေးခြင်းဖြစ်ပေသည်။

* * *

"ဒီမယ် ငါ့တူ၊ လောကမှာရှိတဲ့ သတ္တဝါတိုင်းဟာ မာယာအတတ်ကို တတ်မြောက်ရတယ်။ ဒါမှလည်း ဘဝ ရှင်သန်မှာကွဲ့..."

အလောင်းတော် သမင်ကြီးသည် တူတော်မောင်ကို မိဂမာယာ အတတ်သင်ပေးခဲ့သည်မှာ ရက်အတန်ကြာခဲ့ပြီ။ သွားရင်းလာရင်း "ဒါက ဒီလို...ဟိုဟာက ဟိုနည်း"စသည်ဖြင့် လက်တွေ့သင်ကြားပြသခဲ့သဖြင့် အတော်အတန် ခရီးပေါက်ခဲ့ပြီ။ တူတော်မောင်၏အစွမ်းအစ အဘယ်မျှရှိသည်ကိုလည်း လက်တွေ့စမ်းသပ်ကြည့်သည်။ စိတ်ချ လောက်ပြီးဟု တွက်ပြီး အဆုံးသတ်၊ နာယူမှတ်သားအပ်သည်ကို သွန်သင်နေပေသည်။

"အေး၊ ဖားက တွင်းအောင်းနေတာ သူ့ရဲ့မာယာ"

"မြွေကခေါင်းကိုဝှက်ပြီး ငြိမ်သက်ခွေနေတာ သူ့မာယာ"

"ရေထဲမှာ ကျင်လည်ကျက်စားတဲ့ငါး ရေကူးတတ်တာ သူ့မာယာ"

"ဆင်က နှာမောင်းကိုအသုံးချပြီး အစာရှာတယ်၊ ရန်သူကိုအစွယ်နဲ့ ချေမှုန်းတယ်။ အဲဒါ ဆင်ရဲ့မာယာ..."

"အေး...လောကမှာ မာယာအများဆုံးတတ်တာ လူပဲ"

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော် သမင်ကြီး၏စကားကြောင့် မေးခွန်းပေါင်းများစွာ တုံ့ပြန်မေးလာသည့် မျက်လုံးအစုံနှင့် တူတော်မောင်ကကြည့်သည်။ လူတွေ မာယာပိုများသည်ကို လက်ခံချင်ပုံ မရချေ။

''လူတွေမှာ ပြေးနိုင်တဲ့ ခြေထောက်ရှိပေမယ့် တို့လိုလျင်လျင်မြန်မြန် မပြေးနိုင်ဘူး။ လက်ရှိပေမယ့် တို့လို မသန်မာဘူး။ နားရှိပေမယ့်အကြားအာရုံ တို့လောက် မခံယူနိုင်ဘူး။ ဒါပေမယ့် အပြေးသန်မာတယ်ဆိုတဲ့ကျားသစ်ကိုလည်း အမိဖမ်းနိုင်တယ်။ ခွန်အား ကြီးပါတယ်ဆိုတဲ့ ဆင်ကြီးကိုလည်း ဇက်ခွစီးနိုင်တယ်။ ကောင်းကင်မှာပျံနေတဲ့ ငှက်ကိုလည်း သူတို့လက်ထဲကျလာအောင် ဖမ်းနိုင်တယ်။ ဘယ်လို သတ္တဝါမျိုးကိုမဆို အနိုင်ယူနိုင်တဲ့စွမ်းအား သူတို့မှာရှိတယ်။ အဲဒါ အသိပညာပဲ''

''အသိပညာ...''

''ဟုတ်တယ် ငါ့တူ။ လူတွေဟာ လူ့မာယာလည်း တတ်တယ်။ တိရစ္ဆာန်အားလုံးရဲ့မာယာလည်း တတ်တယ်။ တို့ဟာ ဘယ်အချိန်နိုးထတယ်။ ဘယ်အချိန် အစာရှာတယ်။ ဘယ်လိုအလေ့အကျင့်ရှိတယ် ဆိုတာ လူတွေသိတယ်။ တို့အားနည်းချက်ကို သိထားတော့ တို့များကို အလွယ်တကူ ဖမ်းနိုင်တာပေါ့''

''ဒါဆို''

''တို့ရဲ့မာယာကို လူတွေတတ်သလို တို့ကလည်း လူတွေထံက သူတို့မာယာအတတ်ကို ပြန်သင်ယူရမယ်။ လူတွေကို ပရိယာယ်နဲ့ သိမ်းသွင်းနိုင်ရမယ်။ မိဂမာယာအတတ်သာမကဘူး လူ့မာယာလည်းတတ်မှ လူ့လက်က လွတ်မယ်...အသက်ရှင်ရှည်နေချင်ရင် မာယာအတတ်ကိုကုန်စင်အောင် သင်ရမယ် ငါ့တူ''

အလောင်းတော် သမင်ကြီးသည် တူတော်မောင်အား ဆက်လက် လေ့လာရန် လမ်းညွှန်ပေးပြီး၊ လောကထဲမှာ အတတ်ကို ရှာလော့ဟု ဆုံးမလိုက်ပေသည်။

* * *

''မောင်ကြီး...ကယ်ပါဦး မောင်ကြီးရယ်၊ မောင်ကြီးရဲ့တူလေး ခုချိန်ထိ ပြန်မရောက်ဘူး''

''ဘယ်သွားလို့ ပြန်မရောက်တာလဲ''

''အစာရှာသွားဦးမယ်ဆိုပြီး ထွက်သွားတာ၊ ကျွန်မက ဝေးဝေးလံလံ မသွားပါနဲ့၊ ရန်များပါတယ်လို့ တားသေးတယ်။ ဘာမှမဖြစ်ပါဘူး၊ အမေရာ...စိတ်ချနေစမ်းပါဆိုပြီး ထွက်သွားတာ...''

''အေး...''

''ခုဘယ်အချိန်ရှိပြီလဲ၊ ပြန်လာသင့်ပြီ။ တစ်ခုခုဖြစ်နေလို့သာ ပြန်မရောက်တာ...ကယ်ပါဦးမောင်ကြီးရယ်''

နှမငယ်က သားဇောကြောင့် သောကရောက်နေသည်။ နှမငယ် ပြောသလိုပြန်ရောက်မည်ဆိုလျှင် ရောက်ချိန် သင့်ပြီ။ ပြန်ရောက်မလာပုံထောက်တော့ တစ်ခုခုဖြစ်ပြီဟု တွေးလိုက်သည်။ သို့သော် အလောင်းတော်ကမူ သိပ်ပြီးမကြောင့်ကြ။

''စိတ်မပူပါနဲ့ နှမ၊ မင်းရဲ့သားဟာ မိဂမာယာအတတ် တတ်မြောက်ပါတယ်။ စိတ်ချယုံကြည်လောက်အောင် အတတ်ပညာရှိပါတယ်၊ သူပြန်လာမှာပါ''

''ဟုတ်ပါ့မလား မောင်ကြီးရယ်...''

မိခင်သောက ရောက်သလို သမင်ငယ်လေးမှာလည်း ဒုက္ခအမှန် ရောက်နေသည်။ သမင်ငယ်လေးသည် မုဆိုး တစ်ယောက် ထောင်ထားသည့်ကျော့ကွင်း၌ အမိခံရသည်။ သမင်လေးက ရုန်းကြည့်သည်။ ရုန်းလိုက်မှ သားရေကျော့ကွင်းက ပိုမိုတင်းကျပ်သွားစေသည်။ ရုန်းလေချုပ်နှောင်ခံရလေ ဖြစ်သည့်အတွက် မရုန်းတော့ဘဲ လွတ်မြောက်ဖို့ အကြံထုတ်သည်။ ထိုအခါ ဦးရီးတော် အလောင်းတော်သမင်ကြီး သွန်သင်ထားသည့် လူတို့၏ မာယာတွေကို စဉ်းစားသည်။ တစ်ဖန်လူတို့မသိနိုင်သေးသည့် သမင်မာယာကို ကြံဆသည်။

www.burmeseclassic.com

www.burmeseclassic.com



သမင်ငယ်သည် လက်ခြေတို့ကို ဆန့်တန်းလျက် မြေပြင်ပေါ်တွင် လှဲချသည်။ အနီးအနားရှိ မြက်ပင်တို့ကိုခွာဖြင့် ကျွတ်ထွက်အောင် ရုပ်ပစ်သည်။ လျှာကိုပါးစပ်မှထုတ်သည်။ ဝမ်းဗိုက်ကို ဖောင်းကားလာအောင် လေတို့ကို ရှူသွင်းသည်။ ကိုယ်ကိုတောင့်တင်းလျက် မာအောင်ပြုသည်။ သမင်သေတစ်ယောက်အလား ဟန်ဆောင်လိုက်သည်။

သမင်သည် အပေါ်ပိုင်းမှလေကို ရှူမသွင်းဘဲ၊ အောက်ခြမ်းမှသာ လေကိုရှူသည်။ သွားရည်များ ယိုစီးကျလျက် အနံ့အသက်များဖြစ်စေသည်။ စအိုမှချေးကိုစွန့်ထုတ်ပြီး၊ သေးနံ့ချေးနံ့များ ဖုံးလွှမ်းနေစေသည်။ မျက်လုံးတွင် ယင်များနားသည်ကိုပင် သည်းခံအောင့်အည်းနေသည်။

ထိုစဉ်မှာပင် မုဆိုးသည် လက်နက်ကိုင်ဆောင်လျက် အနီးကိုရောက်လာသည်။

''ဟာ…ဘယ်အချိန်က မိထားလဲမသိဘူး။ အပုပ်နံ့တောင်ထွက်နေပြီ။ အင်း…ဒီအတိုင်းပစ်လိုက်ရရင်တော့ နှမျောစရာပဲ။ ဝမ်းတွင်းသားတွေ ထုတ်ပစ်ရင်တော့ အသားစားလို့ကောင်းလောက်ပါရဲ့''

မုဆိုးသည် သေဟန်ဆောင်နေသော သမင်၏ခြေမှကျော့ကွင်းကိုဖြုတ်သည်။ သမင်ကို ဖျက်ယူရန်အတွက် အမှိုက်သရိုက်စုရန် လှည့်ထွက်သွားချိန်တွင် သေဟန်ဆောင်နေသော သမင်လေးက ဂူးခနဲခုန်ထထွက်ပြေးသွားခဲ့သည်။

ရန်သူ့လက်မှ လွတ်မြောက်အောင် ရုန်းထွက်နိုင်ခဲ့သော သမင်ငယ်သည် သမင်အုပ်သို့ ပြန်ရောက်သည်နှင့် ဦးရီးရှေ့မှောက်သွားလျက် ရှိခိုးသည်။

''ဦးရီးခင်ဗျာ…ကျွန်တော့်မှာ ဦးရီးပေးတဲ့အသက်ပဲ ရှိပါတော့တယ်''

''တူမောင်…သင့်ကိုအသက်ဘေးက လွတ်မြောက်အောင် ကယ်တင်သူဟာ ဦးရီးမဟုတ်ဘူး။ မင်းအသက်ကို ကယ်တင်တာက မိဂမာယာ…သမင်တိုင်း တတ်သင့်တဲ့မာယာအတတ်။ အတတ်ပညာရှိသူဟာ အသက်ကို စောင့်ရှောက်နိုင်တယ်။ ဘေးအန္တရာယ်ကို အမိလည်း မကာကွယ်နိုင်ဘူး။ ဦးရီး၊ ဦးလေးလည်း မကာကွယ်နိုင်ဘူး။ အတတ်ပညာကသာ ကာကွယ်နိုင်တယ် ငါ့တူ''

ဘုရားလောင်း သမင်ကြီး၏ အဆုံးအမကို ခံယူလျက် သမင်အပေါင်းသည် နှလုံးပျော်ရွှင်စွာဖြင့် တောတောင် အနှံ့လှည့်လည်ကျက်စားနေပေတော့သည်။

**ကျမ်းကိုး။ ။ဇာတကဋ္ဌ-ပ-၁၇၇။ တိပလ္လတ္ထမိဂဇာတ်**

❖ ❖ ❖

www.burmeseclassic.com

# ပညာကိုဘယ်လူဆိုးက ယူခိုးလို့ရပါ့မယ်

"မိတ်ဆွေ သိဋ္ဌဝ၊ ဒီဇမ္ဗူမှာ ဒီပြာသာဒ်အပြင် တခြားအလားတူ ပြာသာဒ်မျိုး မြင်ဖူးလား…"

ဗောဓိမင်းသား၏အမေးကြောင့် တစ်ချက်ပြုံးလိုက်သည်။ အဆန်းတကြယ်နန်းပြာသာဒ်ကြီးကို တစ်ကြိမ်ငေးကြည့်လိုက်သည်။ လက်သမားဆရာကြီး စိတြဝဓကီ၏ အစွမ်းပြလက်ရာကို အောက်ခြေမှ အထက်၊ အထက်မှအောက် စုန်ချည်ဆန်ချည်၊ လူးလာခေါက်တုံ့ ကြည့်မိသည်။

သိဋ္ဌဝအနေနှင့် ဗိသုကာအတတ်ကို အကျွမ်းတဝင်တတ်မြောက် ခြင်းမရှိပါ။ သို့သော် လူပြိန်းတစ်ယောက် အမြင်ဖြင့်တော့ ကောင်းမကောင်း အကဲခတ်နိုင်သည်။ ဘုံခုနစ်ဆင့်ပါသောပြာသာဒ် တော်တော်များများ တွေ့ဖူးသည်။ လက်ရာ တစ်ခုနှင့်တစ်ခု ထူးထူးခြားခြား မကွဲပြား။ သို့သော် ဗောဓိမင်းသား၏ ပြာသာဒ်ကမူ လက်ရာဆန်းသည်။ အနုပညာအမြင် ဆန်းသည်။ ပန်းကနုတ်တွေ၊ ပန်းဆိုင်ပန်းဆွဲတွေ တန်ဆာဆင်ထားပုံက ဆန်းသည်။ အဆန်းတကာ့ အဆန်းဆုံးမှာ မြေပြင်ပေါ် အခြေစိုက်တည်ထားသော ပြာသာဒ်ဖြစ်လျက် မြေပေါ်တည်ဟန်မရှိဘဲ၊ ကောင်းကင်၌ တည်ထားသည့်အလား ကြွနေသည်။ ရွှေနေသည်။ ဟသ်ာငှက်ကြီး ပျံတက်တော့မည့်အလား ထင်မှတ်ရသည်။

"ဘယ်လိုလဲ သိဋ္ဌဝ"

"ဒီဇမ္ဗူမှာတော့ တုပပြိုင်ဆိုင်လို့မရတဲ့နန်းပြာသာဒ်ပဲ မင်းသား"

"အဟဲဟဲဟဲ၊ ဘယ့်နှယ်လဲ၊ လက်သမားဆရာ အရွေးမတော်ဘူးလား"

"အမှန်ပဲ ဗောဓိမင်းသား။ ဒီလိုပညာရှင်မျိုး ရှာတွေ့ဖို့ မလွယ်ဘူး။ လက်သပ်မွေးထားဖို့လိုမယ်"

"ဘာလုပ်ဖို့လဲ"

"ဘာလုပ်ရမလဲ မင်းသားရဲ့။ အတတ်ပညာရှင်ဆိုတာ ကိုယ်က မြှောက်စားမှ သူတို့လည်း တောက်ကြွားတာ။ ချီးမြှင့်သင့်သူကို ချီးမြှင့်တာဟာ မင်းကောင်းမင်းမြတ်တို့ရဲ့ကျင့်ဝတ်လေ… သင်က သံသုမာဂိရိကို အစိုးရတဲ့ မင်းသားလေ…"

"အဟာ၊ ငါ့လူသိဋ္ဌဝက လည်မလိုလို့နဲ့ အ,သေးတာကိုး။ ဒီမယ်မိတ်ဆွေ… ဟောဒီနန်းပြာသာဒ်ဆောက်တဲ့ လက်သမားဆရာကြီး စိတြဝဓကီကို အစသတ်ပစ်ရမယ်…"

"ဘာ…ဘယ်လိုဘယ်လို မင်းသား။ လက်သမားဆရာကြီးကို သတ်ပစ်ရမယ်ဟုတ်လား… မကြံစည်မတွေးတော အပ်တာ မင်းသားရာ…ဒီလိုပညာရှိကိုသတ်ပစ်ရင် ကိုယ့်မျက်စိကိုဖောက်ပစ်တာနဲ့ ဘာထူးသေးလဲ"

သိဋ္ဌဝလုလင်သည် မထင်မှတ်သည့်စကားမျိုး ကြားရသဖြင့် ဗောဓိမင်းသား၏ စိတ်ရင်းသဘောထားကို နားမလည်နိုင်တော့။ ပညာရှင်ကို မမွေးဘဲ ဖျက်ဆီးဖို့ ကြံရွယ်သောမင်းလောက် မိုက်မဲသူမရှိဟု ထင်သည်။

www.burmeseclassic.com



"သိဋ္ဌဝ"

"မိန့်ပါ မင်းသား"

"ငါဟာ ဘယ်လိုမင်းမျိုးဆိုတာ သင်သိတယ်။ ငါဟာ အဆာကျယ်သူ၊ အကောင်းဆုံးကို လိုလားသူ။ အဝတ်အစားတောင် သူများနဲ့ မတူတာဘဲ ဝတ်တယ်။ အလားတူဝတ်စားတာမျိုးရှိလာရင် ဒီအဝတ်အစားကို မီးပုံရှို့ပစ်တယ်။ အခု နန်းပြာသာဒ်ကြီး ဆောက်တာဟာလည်း ဘယ်မှာမှမရှိဖူးတဲ့ ပုံစံဆောက်ဖို့ ငါခိုင်းထားတယ်..."

"အရှင်မင်းသား ဆန္ဒပြည့်ဝပြီမို့လား..."

"ဟုတ်တယ်ပြည့်ဝပြီ။ ဒါပေမယ့် ဒီလိုနန်းပြာသာဒ်မျိုး တခြားနေရာ ထပ်ပေါ်လာမှာ ငါမလိုလားဘူး။ တကယ်လို့ စိတ်ရှိနေရင်..."

"ဟာ..."

သိဋ္ဌဝလုလင်သည် အလွန်ကြောက်ဖွယ်ရာ သူငယ်ချင်းကို မိတ်ဆွေ ဖွဲ့မိပါပေ့လားဟု တွေးပြီး ထိတ်လန့်မိသည်။

သိဋ္ဌဝလုလင်သည် အဖိုးတန်လူတစ်ဦး အကျိုးမဲ့ဆုံးရှုံးသွားမည်ကို မလိုလား...။ အထူးသဖြင့် စိတ်ဝမကီ လက်သမားဆရာကြီးကို မသေစေလို။ အဘယ်သို့ ကြံရမည်နည်းဟု အလျှင်အမြန်တွေးလိုက်သည်။

"အချင်း လက်သမားဆရာကြီး၊ သင့်လုပ်ငန်းပြီးပလား"

"အင်း၊ ပြီးပြီလို့ပြောရင်ရပါတယ်။ အချောသတ်ဖို့နည်းနည်းပဲကျန်တော့တယ်"

"ဒီစကားကို ဗောဓိမင်းသားမေးရင် အမှန်အတိုင်းမဖြေနဲ့"

"ဗျာ..."

"နန်းပြာသာဒ်ကြီးပြီးရင် သင့်ကိုသတ်လိမ့်မယ်"

"ဟင်..."

"ဟုတ်တယ် လက်သမားဆရာကြီး။ လက်သမားဆရာကြီး ရှိနေရင် ဒီလောကမှာအလားတူ နန်းပြာသာဒ်မျိုး ပေါ်ပေါက်မှာစိုးလို့ သင့်ကို သတ်လိမ့်မယ်...ဒီဘေးကလွတ်အောင် သင့်နည်းသင့်ဟန်နဲ့ ကြိုးစားတော့"

သိဋ္ဌဝလုလင်သည် မဆုံးရှုံးသင့်သူကို မဆုံးရှုံးရအောင် မိတ်ဆွေကို သစ္စာဖောက်လိုက်ရတော့သည်။

* * *

ဗောဓိမင်းသားသည် ဤကောကနဒပြာသာဒ်ဆောက်လုပ်စကပင် အကြံဆိုးရှိနေမှန်း ခုမှပင်သိရသည်။ မတွေးသင့်သောအတွေး၊ မကြံစည်သင့်သည့် အကြံအစည်ရှိ၍သာ ကောကနဒပြာသာဒ်မဆောက်မီ ဝန်းတစ်ခုလုံး တံတိုင်းကြီး ခတ်ခြင်းဖြစ်မည်။ ဗောဓိမင်းသား၏ အကြောင်းပြချက်ကမူ မပြီးခင်မမြင်စေလို၍ တံတိုင်း ကာရံသည်ဟုဆိုသည်။ အပြင်မှ ကြည့်လျှင်အတွင်း၌ တည်ဆောက်နေသည်ကို မမြင်ရ။ အလုပ်သမားတွေကို မမြင်ရ။ ထို့အတူ အတွင်းမှ ကြည့်လျှင်လည်း အပြင်ကိုမတွေ့ရပေ။ အနေအထားမှာ အလုပ်သမားများကို ထောင်ကြီး တစ်ခုထဲထည့်လှောင်ထားပြီး လိုရာခိုင်းနေပုံနှင့်တူသည်။

ထိုဝန်းကြီးတစ်ခုလုံးကို အတွင်းရော၊ အပြင်ပါ အစောင့်တွေ ချထားပြန်သည်။ ပြင်ပက မဆိုင်သူမဝင်ရ။ အတွင်းမှာလည်း မထွက်ရ။ လိုအပ်သည့်ပစ္စည်းကို အစောင့်များမှ တစ်ဆင့် ဖြည့်ဆည်းပေးသည်။ အဆောက်အဦကို မပြီးသေးဘဲ မမြင်စေလို၍ဟု အကြောင်းပြချက်မှာ အမှန်အကန်မဟုတ်ဘဲ၊ လက်သမားများ ထွက်မပြေးနိုင်ရန် ကြိုတင်စီမံ ထားခြင်းဖြစ်ကြောင်း ခုမှသိရသည်။

လက်သမားဆရာကြီး စိတ်ဝသည် ထိပ်ချခံရမှ စားပြမှန်း သိသွားသည်။ သိချိန်က သိသီလေးမိ၍သာ တော်ရော့သည်။ သို့မဟုတ်လျှင် မိမိဆောက်ခဲ့သည့် နန်းပြာသာဒ်ကြီးပင် မြင်ရဖွယ်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုလဲ လက်သမားဆရာကြီး၊ နန်းပြာသာဒ်က အစသတ်ပလား''

''ဟုတ်ကဲ့ပါ မင်းသား။ အနုစိတ်လက်ရာတွေ အစသတ်ဖို့ပဲ ကျန်ပါတယ်။ ကောကဒနရဲ့ဂုဏ်ဟာ ဒီအနုစိတ်လက်ရာပေါ်မှာ တည်ပါတယ်။ ပြင်ပကမြင်ရုံလောက်နဲ့ ချီးမွမ်းရင် ကောကဒနရဲ့ရသ ပျက်ပါ့မယ်။ အတွင်း အနုလက်ရာကြည့်မှ ချီးမွမ်းကြမှာပါ''

''ဒီလိုလား…အဲဒါ ဘယ်လောက်ကြာမလဲ''

''မင်းသား ပစ္စည်းဖြည့်ပေးမှုပေါ် မူတည်ပါတယ်''

''ပစ္စည်းအတွက် မပူပါနဲ့၊ လိုတာသာပြော…''

ဟေမိမင်းသား၏ စကားအသွားအလာကိုကြည့်လျက် လက်သမားဆရာကြီး သိဋ္ဌဝကို မသိမသာခိုးကြည့်သည်။ သူ့အကြည့်တွင် အဓိပ္ပာယ်ပေါင်းမြောက်မြားစွာ ပါနေသည်။

''အရှင့်သား၊ အနုစိတ်လက်ရာအတွက် အပေါ့စားပျဉ်တွေ လိုပါတယ်။ အဲဒီပျဉ်တွေမှာ အနုအဆာ ကင်းရပါ့မယ်…''

''ကောင်းပြီလေ…''

''ပြီးတော့ အမျိုးအစားကောင်းတဲ့ကော်တစ်မျိုး လိုချင်ပါတယ်''

''ရစေမယ်…''

''နောက်တစ်ခုက ဒီကာလအတွင်း လူအဝင်အထွက် မရှိစေချင်ပါဘူး။ ဖြစ်နိုင်ရင် အသင်မင်းသားတောင် မလာစေချင်ပါဘူး''

''ဟေ…ဒါကဘာကြောင့်လဲ''

''မှန်ပါအရှင်သား။ အနုစိတ်လက်ရာ ဖန်တီးချိန်မှာ လုပ်ငန်းထဲရောနှံသွင်းလုပ်မှ လက်ရာမြောက်မှာပါ။ အရှင့်သားလာရင် မေးစမ်းနေတော့ အာရုံပျက်သွားမှာ စိုးပါတယ်''

''ဒီလိုလား…ဒါကြောင့်ဆိုရင် ငါဆင်ခြင်ပါ့မယ်။ တခြားဘာလိုသေးလဲ''

''ကျွန်တော်မျိုး အလုပ်လုပ်နေချိန်မှာ ထမင်းဟင်းစီစဉ်ပေးဖို့ ကျွန်တော်မျိုးရဲ့ဇနီးသည် တစ်ယောက်တည်း လာစေချင်ပါတယ်။ လိုအပ်ရင် သားသမီးတွေ အကူအညီခေါ်ပါ့မယ်''

''ဒီကိစ္စက လိုလို့လား…''

''ကျွန်တော်မျိုး တတ်တဲ့ပညာကို အမွေအဖြစ်ပေးထားတာက ကျွန်တော်မျိုးမိသားစုပဲရှိပါတယ်။ တစ်ခါတစ်ရံ လိုအပ်ရင် သူတို့ အကူအညီ ယူရပါ့မယ်။ အဲဒီလို လိုက်လျောခွင့်ပြုရင် တစ်လအတွင်း လက်စသတ်နိုင်ပါလိမ့်မယ်''

''ကောင်းပြီလေ၊ သင်လိုတာဖြည့်ဆည်းပေးပါမယ်။ မြန်မြန်သာ အစသတ်ပါ''

လက်သမားဆရာကြီးသည်လိုအပ်သည့်တောင်းဆိုချက်များ တောင်းခံ ပြီးနောက်၊ ပြာသာဒ်ကို ဆက်မလုပ်တော့ဘဲ၊ သူတို့မိသားစုလိုက်ပါနိုင်ရုံ ဂဠုန်ငှက်စက်ယန္တရားရုပ်ကို တည်ဆောက်တော့သည်။ ထိုကာလအတွင်း ဝင်ခွင့်ပြု ထားသည့် ဇနီးသည်ကို ပစ္စည်းပစ္စယများ သိုသိုသိပ်သိပ် ရောင်းချပြီး၊ ရွှေထည်ငွေထည်များအဖြစ် ပြောင်းလဲထားရန်၊ တခြား တစ်ပါးသူနှင့် အဆက်အသွယ်မလုပ်ဘဲ မိသားစုအားလုံး စုရုံးထားရန် မှာသည်။ ထမင်းပို့ရင်း ယူဆောင်သင့်သည့် စားရေရိက္ခာများလည်း နည်းနည်းချင်း စုဆောင်းထားသည်။

ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် ငှက်ရုပ်အတွင်းထည့်မည့် စက်ယန္တရား ပြီးသွားသည်။ ပြင်ပငှက်ရုပ်အပိုင်းသာ ကျန်တော့သည်။ ထိုကာလအတွင်းမှာပင် မင်းသားထံမှ လုပ်ငန်းအခြေအနေ စုံစမ်းမှုများရှိလာ၍ လက်စသတ် ပါတော့မည်ဟု ပြန်ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့မနား ညမနားလုပ်ရာ မှန်းဆထားသည့် နေ့မတိုင်မီ ဂဠုန်ငှက်ရုပ်ကြီး ပြီးသွားသည်။ သို့ဖြစ်၍ မိသားစုအားလုံးမှာပြီး၊ ပစ္စည်းပစ္စယများထည့်သိုပြီး တံတိုင်းကိုကျော်လျက် ကောင်းကင်ယံမှ ပျံပြေးခဲ့တော့သည်။

"ဂဠုန်ငှက်ကြီး...ဂဠုန်ငှက်ကြီး"

"'ဟာ...ကောကဒနန်းပြာသာဒ်ထဲက ရောမငှက်ကြီးပျံသွားတယ်..."

ပထမဦးဆုံး မြင်လိုက်သည်မှာ အတွင်းနေအစောင့်များ။ ရောမဂဠုန်ငှက်ကြီး ပျံထွက်လာသည်ကိုမြင်သဖြင့် ကြောင်ကြည့်နေသည်။ သူတို့ စိတ်ထဲတွင် ဤမျှကြီးသောငှက်ကြီးကို မမြင်ဘူး၍ ငှက်လော...အရုပ်လော ခွဲခြားမသိ။ တတီတီ...တဝူးဝူးအသံများ အော်မြည်လျက် အတောင်နှစ်ဖက်လှုပ်ခတ် ပျံသန်းနေသောငှက်ကိုကြည့်ပြီး ကြက်သေ သေနေသည်။ သတိရ၍ လက်နက်များ ကောက်ယူချိန်တွင် ငှက်ကြီးက အုတ်နံရံကိုကျော်သွားပြီ။ ထို့ကြောင့် အုံ့အားတသင့်အသံနှင့် "ဂဠုန် ငှက်ကြီး" ဟူသာ အော်ဟစ်လိုက်နိုင်သည်။

အတွင်းရှိ အစောင့်များ၏ ထိတ်လန့်တကြား အော်ဟစ်သံကြောင့် တံတိုင်းအပြင်ဘက်ရှိ အစောင့်များ မော့ကြည့်သည်။ သူတို့မော့ကြည့်စဉ်မှာပင် ဝေါခနဲအသံပြုလျက် ငှက်ကြီးက ဟိမဝန္တာဆီ ဦးတည်ပျံပြေးသည်။ ကောကဒနပြာသာဒ်ထဲမှ ငှက်ကြီးတစ်ကောင် ပျံသန်းသွားသည်ဟူသာ အသိပေးလိုက်နိုင်သည်။ ဘာတစ်ခုမှ မလုပ်နိုင်တော့။

ဗောဓိမင်းသားသည် ကောကဒနန်းပြာသာဒ်ဘက်မှ ဆူဆူညံညံ အသံများကြောင့် တစ်ခုခုဖြစ်ပြီကို အတတ်သိလိုက်သည်။ နောက်ပါ အစောင့်အချို့ကိုခေါ်လျက် အမြန်လာသည်။ အစောင့်များက အကြောင်းစုံ တင်လျှောက်၍ နန်းပြာသာဒ်ထဲဝင်ကြည့်သော် လက်သမားဆရာကြီးက မရှိတော့။

လက်သမားဆရာကြီးသည် ဂဠုန်စက်ယန္တရား စက်ရုပ်ကြီးအကူအညီဖြင့် ဗောဓိမင်းသားလက်မှ ရှုန်းထွက်နိုင်ခဲ့ပြီး၊ ဟိမဝန္တာအရပ်တွင် အခြေစိုက်နေထိုင်ခဲ့သည်။ နောင်တွင် လက်သမားဆရာကြီး တပည့်များ အလျှိုအလျှို ရောက်လာသည်။ ထို့ပြင်သာမက သံသုမာဂီရိအရပ်မှ လက်သမားဆရာကြီး၏ပညာကို လေးစားတန်းဖိုးထားသူများ ရွှေ့ပြောင်း လာရာ လူဦးရေများလာသဖြင့် ကဋ္ဌဝါဟနမြို့ကိုတည်ပြီး မင်းပြုအုပ်ချုပ်ခဲ့ပေသည်။

လက်သမားဆရာကြီး၌သာ ဆန်းကြယ်သော အတတ်ပညာမတတ်ပါလျှင် ဗောဓိမင်းသား၏ အကြံဆိုးကြောင့် သေဖို့သာအကြောင်းရှိသည်။ ယုတ်မာသောစိတ်ဖြင့် သတ်ဖြတ်ရန်ကြံသော်လည်း လက်သမားဆရာကြီးကမူ သူ၏ အတတ်ပညာဖြင့် လွတ်မြောက်ခဲ့လေတော့သည်။

ကျမ်းကိုး။ ။ဓိနတ္ထုပကာသနီ (ဆဋ္ဌတွဲ)

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# ပညာရှိအတွေး

ဘုရားအလောင်း ဆတ်မင်းသည် တောတောင်အတွင်း လှည့်ပတ် သွားလာနေကြားလည်း သတိလက်လွတ်မနေ။ သွားသတိ၊ လာသတိ၊ စားသတိ၊ အိပ်သတိ…ဤသို့သတိရှိရန် ကိုယ့်ကိုယ်ကို လှုံ့ဆော်သည်။

မလှုံ့ဆော်၍မရ။ သတ္တဝါလောကသည် ကြီးနိုင်ငယ်ညှဉ်းဒုက္ခပေးသည်။ သမင်၊ ဒရယ်၊ ချေငယ် စသည့် သတ္တဝါများသည် ကျား၏ရန်ကို အစဉ်ကြောက်နေရသည်။ အသားစား ကျားသတ္တဝါတို့ရန်ကြောင့် မြက်စားသမင်ငယ်များ အသက်ပေါင်းများစွာ သေကျေရသည်။ ထို့အတူ တောဘုရင်ဟုဆိုအပ်သော ခြင်္သေ့များကြောင့် မိမိတို့ဆတ်မျိုးနွယ်များ အသက်စွန့်ရသည်။

မြက်စားသတ္တဝါများက သူတို့၏ရန်သူမဟုတ်၊ အစာလုဖက်လည်း မဟုတ်၊ ပြဿနာရှာသူလည်း မဟုတ်။ စိမ်းစိုနေသည့် သစ်ရွက်နှင့် သစ်ဥသစ်ဖု သစ်သီးများကိုသာ အေးချမ်းစွာ ရှာဖွေစားသောက်ကြသည်။ သို့စဉ်လျက် အသားစား သတ္တဝါတို့နှင့်တွေ့လျှင် နှိပ်စက်ခံရတော့သည်။

မိမိအသက်ကို မိမိကိုယ်တိုင် ရှာကြံမွေးရသည့်ဘဝဖြစ်၍ ဘေးရန်ကိုလည်း ကြည့်ရသည်။ အစာကို အာသာငမ်းငမ်းရှိလျှင် ရန်သူ၏ ချောင်းမြောင်းတိုက်ခိုက်မှုခံရမည်မှာ ဧကန်။

တောသတ္တဝါက တောသတ္တဝါ၏ဘေးရန်ကို ကြည့်ရသလို လူမုဆိုးတို့၏ ရန်ကိုလည်း ရှောင်ရတိမ်းရသည်။ တောတိရစ္ဆာန်အချင်းချင်း အသိဉာဏ်မကွာ၍၊ မာယာအတတ်နှင့် ရှောင်နိုင်ဦးတော့၊ လူမုဆိုးတို့ကိုမူ မာယာပရိယာယ်နှင့် ရှောင်၍မရ။ သူတို့က အသိဉာဏ် ပိုပြေးသဖြင့် မုဆိုး၏ မာယာညွှတ်ကွင်းအောက် ကျရောက်သည်ကများသည်။ ထို့ကြောင့် လူမုဆိုးရန်ကို ပို၍ပင် သတိထားနေရသည်။

ဘုရားအလောင်းဆတ်မင်းသည် လှည့်လည်သွားလာရင်း အသီးများမှည့်နေသည့် ယမနေပင်ကိုတွေ့သည်။ ကြွေကျသည့်ယမနေသီးကို စားလိုက်၊ မလှမ်းမကမ်းရှိ စမ်းချောင်းထဲမှ ရေသောက်လိုက်၊ ယမနေပင် ရိပ်တွင် အိပ်စက်အနားယူလိုက်၊ ပူလောင်လာသည့်အခါ စမ်းချောင်းသို့ ပြန်သွားပြီး ရေချိုးလိုက်နှင့် တော်တော် အဆင်ပြေနေသည်။ ယမနေသီး မတုံးမချင်း ဆတ်မင်းအတွက် အထူးကြောင့်ကြစရာမလိုအောင် အဆင်ပြေနေသည်။

ယမန့်နေ့ညက အိပ်နေကျနေရာတွင် ဖိမ်ခံအိပ်စက်ပြီး၊ နေမြင့်မှ အိပ်စက်ရာကထလျက် ယမနေပင်ရှိရာသို့ တရွေ့ရွေ့လျှောက်ခဲ့သည်။ အစဉ်သတိထားသွားလာနေသော ဆတ်မင်း၏အမြင်အာရုံတွင် ယမနေကိုင်းတချို့ လေမတိုက်ဘဲ လှုပ်နေသည်ကို ဖျတ်ခနဲ တွေ့လိုက်သည်။

မိမိတွင် ရန်သူရှိနေပြီဟုစိတ်ထဲက သိလိုက်သည်။ သို့ဖြစ်၍ အနံ့ခံကြည့်သည်။ ခရီး အလှမ်းဝေးနေ၍ အနံ့အသက်မရ။ ရှေ့သို့အတန်ငယ် တိုးကြည့်သည်။ ယမနေသီးတချို့ မိမိနှင့် မလှမ်းမကမ်းဆီသို့ အလိုလို ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



''သြော်…လူမုဆိုးကိုး။ သူက ငါ့ရဲ့အသွားအလာ အလေ့အထကို လေ့လာစောင့်ကြည့် နေတာဖြစ်မယ်… ဟုတ်တယ်။ နေ့စဉ်ပုံမှန် ယမနေပင်ရှိရာလာ…ယမနေသီးမှည့်တွေ ကောက်စားနေတာ သိထားလိမ့်မယ်။ဒါကြောင့် ကြိုတင်လာပြီး ငါ့ကိုစောင့်နေတာ…သင်းဟာ ယမနေပင်ပေါ်မှာ ကွယ်ဝှက်ပုန်းနေတာဖြစ်မယ်''

ဆတ်မင်းသည် မိမိကိုရန်ရှာမည့် လူမုဆိုး၏အနေအထားကို စဉ်းစားလိုက်သည်။ မုဆိုးရှိနိုင်မည့် ယမနေပင်ကိုင်းဆီ ဝေ့ဝဲကြည့်လိုက်ရာ သစ်ကိုင်းပေါ်၌ လှံကိုင်စောင့်နေသည့် မုဆိုးကိုလှမ်းမြင်သည်။ ဆတ်မင်းသာ ယမနေပင်အောက် အမှုမဲ့အမှတ်မဲ့ဝင်သွားလျှင် လှံနှင့် ထိုးသတ်ခံရမှာ သေချာသည်။ အကယ်၍ ဤရန်ကို ရှောင်တိမ်းလျှင်လည်း ယနေ့အစားအစာ အခက်ခဲဖြစ်တော့မည်။

ဆတ်မင်းသည် ယမနေပင်အောက်မဝင်သေးဘဲ အကဲခတ်နေသည်။ အလစ်အငိုက် ချောင်းမြောင်းနေသော မုဆိုးကို မြင်တွေ့နေသော်လည်း မမြင်ဟန်ဆောင်လိုက်သည်။

''ဗျို့ ယမနေပင်ကြီး၊ သင်ဟာ ကိုယ့်ဓလေ့ကို ဘာကြောင့် စွန့်လွှတ်တာလဲဗျ''

ဆတ်မင်းသည် သွေးတိုးစမ်းသည့်အနေဖြင့် အသံပြုလိုက်သည်။ အကယ်၍ ဆတ်မင်းခေါ်သည်ကိုထူးလျှင် သူ၏ချောင်းမြောင်းနေသည်ကို ရိပ်မိသွားမှာစိုးဟန်ဖြင့် မုဆိုးကငြိမ်နေသည်။

''အဟ၊ ဘယ်လိုလဲ ယမနေပင်ကြီးရဲ့။ ခါတိုင်းခါတိုင်းရက်တွေမှာ သင့်ရဲ့အသီးက အောက်တည့်တည့်မတ်မတ် ကျပါတယ်။ ဒီနေ့ကျ တော့ သစ်သီးကြွေပုံက သစ်ပင်သဘာဝနဲ့ ဆန့်ကျင်နေပါလား…အောက်ကျရမယ့်သစ်သီးက ကျုပ်ရှေ့ လာကျတယ်ဆိုတော့ မရိုးဘူး။ သင်ဟာ သဘာဝကို စွန့်တဲ့အတွက် ငါကလည်းဆတ်ရဲ့သဘာဝကိုစွန့်တော့မယ်''

ဆတ်မင်းသည် ''သင့်အကြံငါသိနေတယ်…''ဟူသောအဓိပ္ပာယ်နှင့် မုဆိုးကိုအသိပေးပြီး၊ နောက်ကြောင်းပြန်လှည့်ပြေးခဲ့သည်။ ဆတ်မင်းသည် ယမနေပင်အောက် မဝင်တော့ဘဲ အဝေးသို့ပြေးသည့်အတွက် မိလိုမိငြားသဘောဖြင့် လှံနှင့်ပစ်ထိုးသည်။ သတိရှိသော ဆတ်မင်းက တိမ်းရှောင်လိုက်သည်။

''ဟယ်၊ ယုတ်မာတဲ့အကြံရှိတဲ့ ယောကျ်ား၊ သင်ဟာ ငါ့ကိုသတ်ဖို့ အကြံနဲ့ အားထုတ်သော်လည်း ငါကဆင်ခြင်တုံ တရားနှင့် စူးစမ်းမှုအသိရှိလို့ သင်လွဲချော်သွားရပြီ။ ဒါပေမယ့် သင်ဟာ ငရဲကြီးရှစ်ထပ်နဲ့တော့ လွဲမှာမဟုတ်။ တစ်ပါးသူရဲ့အသက်ကို သတ်ဖြတ်နေတဲ့ မုဆိုး၊ မကောင်းမှု ဒုစရိုက်ကျူးလွန်တဲ့ မုဆိုး၊ အကုသိုလ်တရား ဖိစီးနေတဲ့ မုဆိုး၊ သင်ဟာ ဒီမကောင်းမှုတွေ နှိပ်စက်လို့ သေတဲ့အခါ ငရဲကိုသွားရလိမ့်မည်မဟုတ်''

ဆတ်မင်းသည် ထိုသို့ဟစ်ကြွေးဆုံးမပြီး အဝေးသို့ထွက်ပြေးခဲ့သည်။ သစ်ပင်ပေါ်မှချောင်းနေသော မုဆိုးသည်လည်း ယမနေပင်ပေါ်မှ ခုန်ဆင်းလျက် ဒေါသတကြီး အော်ဟစ်ဆဲဆိုရင်း ကျန်ရစ်ခဲ့တော့သည်။

ပညာရှိဆတ်မင်းသည် ဆင်ခြင်နိုင်သော အသိဉာဏ်ရှိ၍ ရန်သူ၏သတ်ဖြတ်မှုဘေးမှ လွတ်မြောက်ခဲ့ပေသည်။

ကျမ်းကိုး။ ။ဇာတကဋ္ဌကထာ-ပ-၁၈၉။ ကုရုင်္ဂမိဂဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ထမင်းပို့လာသူ

''ဘီလူးထံ ထမင်းပို့နိုင်သူဖြစ်က ဤအသပြာတစ်ထောင် ယူလော့''

သုတနုလုလင်၏နား၌ အစပိုင်းအကြောင်းအရာမသဲကွဲ၍ ဂရုစိုက်နားထောင်နေမိသည်။ တဖြည်းဖြည်း စည်သံနီးလာသည်။ သဲသဲကွဲကွဲသိရတော့ လုပ်လက်စအလုပ် မလုပ်ဘဲ ငိုင်နေသည်။

ဤဇာတ်လမ်းကို ဗာရာဏသီမင်းကြီး စတင်ခဲ့ခြင်းပင်။

တစ်နေ့တွင် ဗာရာဏသီမင်းသည် နောက်လိုက် ဗိုလ်ပါအများနှင့် တောတွင်သမင်လိုက်သည်။ အမှူးအမတ် စစ်သည်ဗိုလ်ပါများကို နေရာချထားပေးပြီး ''အကယ်၍ ကိုယ်စောင့်သည့်တာမှ သမင်ထွက်ပြေးလျှင် ဒဏ်ပေးမည်၊ သမင်ကိုအရမိဆောင်ရမည်၊ ငါဘုရင်မင်းမြတ်ကိုယ်တိုင် တာတစ်ခုတာဝန်ယူမည်''ဟု ဆိုလျက် သမင်ကိုဖမ်းရန် စီစဉ်သည်။ မကြာမီ ဇော်မည်သော သမင်ကိုဝိုင်းမိသည်။ ညာသံပေးလျက် ဖမ်းသည်တွင် သမင်သည် မင်းကြီးတာမှ ပြေးထွက်သွားသည်။

''သမင်-သမင်-ရွှေသမင်··· ရွှေသမင်ဘယ်ကထွက်၊ မင်းကြီးတာက ထွက်''

အမှူးအမတ်များနှင့် စစ်သည်ဗိုလ်ပါအားလုံးက မင်းကြီးတာမှ ရွှေသမင်ထွက်ပြေး၍ လှောင်ပြောင်ကြသည်။ ကိုယ်တိုင်အမိန့်ချမှတ်လုပ်စေရာ ကိုယ့်ဘက်က ချို့ယွင်းသဖြင့် အပြစ်မတင်သာ။ အရှက်ရသောမင်းကြီးသည် လေးနှင့်မြားကိုယူလျက် ထွက်ပြေးသည့်သမင်နောက်ကိုလိုက်သည်။ ခရီးအတော်လှမ်းသည့်အရပ်တွင် သမင်ကို ပစ်ခတ်ဖမ်းဆီးနိုင်၍ သုံးပိုင်းပိုင်းပြီး ထမ်းယူခဲ့သည်။

သမင်လွတ်ထွက်ပြေးသည့်အတွက် အရှက်ရသည့်အပြင်၊ ပြန်လည်ဖမ်းမိအောင် လိုက်ရသည့်အတွက် မောပန်းနေသည်။ လမ်းဘေးရှိ အရိပ်ကောင်းသည့်ညောင်ပင်ရိပ်တွင် ဝင်ရောက်နားခိုသည်။ ထိုညောင်ပင်ကား မဃဒေဝအမည်ရသော ဘီလူးစောင့်သည်။ မိမိ၏အရိပ်သို့ ခိုဝင်သူရှိလျှင် ဖမ်းယူစားစေခွင့်ကို စတုမဟာရာဇ် နတ်မင်းကြီးများက ပေးထားသည်။ ယခုဗာရာဏသီမင်းက ခိုနားသဖြင့်''သင်မပြေးနဲ့၊ ငါ့အစာဖြစ်ပြီ''ဟု လက်ကိုဖမ်းဆွဲသည်။ မင်းကြီးသည် သေရမည့် ဘေးကြောင့် ထိတ်လန့်လေရာ···''သမင်သားကိုစားပါ၊ ငါ့ကိုလွှတ်ပါ၊ တစ်နေ့ လူတစ်ယောက်ကျ ထမင်းပို့စေလွှတ်ပါမည်''ဟု ကတိပေးသည်။ နန်းတော်ရောက်သော် အကျိုးအကြောင်းရှင်းပြပြီး ကတိအတိုင်း စေလွှတ်ရန် မိန့်သည်။ အမှုထမ်းများသည် အကျဉ်းကျ ရာဇဝတ်သားကို တစ်နေ့တစ်ယောက်ထုတ်ပြီး၊ ဘီလူးထံပို့သည်။ အကျဉ်းသားကုန်သော် ထမင်းပို့မည့်သူအား အသပြာတစ်ထောင်ချီးမြှင့်မည့်အကြောင်း စည်လှည့်ကြေညာသည်။ ထိုစည်က သုတနုရှိရာ အရပ်သို့ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


သုတနုသည် မိခင်အိုကြီးကို လုပ်ကျွေးနေရသော ဆင်းရဲသားဖြစ်သည်။ တစ်နေ့လုံး အလုပ်ကြမ်းလုပ်မှ ပဲဝက်မျှသာ လုပ်ခရသည်။ မိခင်အိုကြီးကို ဆင်းဆင်းရဲရဲ ပြိုပြိုငြင်ငြင် လုပ်ကျွေးနေရသဖြင့် စိတ်မချမ်းသာ။ ဤငွေအသပြာ တစ်ထောင်ကို မိခင်ကြီးအားပေးပြီး၊ ချမ်းသာစွာနေစေအံ့၊ ငါသည် စွန့်စားလျက် မိဘလုပ်ကျွေးမည်၊ ငါသာဘီလူးကို ဆုံးမနိုင်လျှင် အန္တရာယ်မရှိနိုင်။ မဆုံးမနိုင်လျှင်သေမည်။ သေသော်လည်း မိခင်ကမူချမ်းချမ်းသာသာနေနိုင်မည်''ဟု တွေးလျက် ငွေတစ်ထောင်ယူလိုက်သည်။

* * *

''အချင်းဆင်းရဲသား၊ ဤအရပ်တွင် ညောင်ပင်ရှိ၏။ ထိုညောင်ပင်၌ ဘီလူးစောင့်၏။ ထိုဘီလူးအား ထမင်းပို့ရန် ငါကတိခံထား၏။ သင်ဆောင်ရွက်ပါလေ...''

''ကောင်းပါပြီ မင်းကြီး၊ ကျွန်တော်မျိုးအား သနားငဲ့ညှာသောအားဖြင့် ရွှေခြေနင်း ချီးမြှင့်တော်မူပါ''

''အလိုရှိရာယူလော့''

''နောက် ထီးဖြူနှင့် သန်လျက်လည်း ချီးမြှင့်တော်မူပါ''

''ကောင်းပြီ၊ အခြားလိုအပ်တာ ရှိသေးလား''

''ပြည့်စုံပါပြီ မင်းကြီး။ စားတော်ခွက်သာပေးပါတော့''

မင်းကြီးသည် အကျိုးဆောင်မည့် သုတနုလုလင်အား မြို့ပြင်ရောက်သည်အထိ ရထားနှင့်ပို့ပေးသည်။ သုတနုသည် စားသောက်ခွက်ကို ယူလျက် ဘီလူးရှိရာအရပ်သို့ ချဉ်းကပ်သည်။ ချဉ်းကပ်ခါနီးတွင် ရွှေခြေနင်းကို စီးသည်။ ထီးဖြူကို ဖွင့်ဆောင်းလျက် တည်ငြိမ်သောဣန္ဒြေနှင့် ညောင်ပင်အောက်ဝင်လာသည်။ သန်လျက်နှင့် ထမင်းခွက်ကို လာချပေးပြီး၊ လာစားလော့ဟုဆိုသည်။

''သင့်တာဝန်က ငါ့လက်အရောက် ပို့ရမည်မဟုတ်လော...''

''ကောင်းပြီ။ ရော့ ထမင်း''

''ဒီထမင်းသာမဟုတ် သင်လည်း ငါ့အစာဖြစ်ပြီ''

''ဘယ့်အတွက် ဒီစကားကို ဆိုရသနည်း''

''ငါ့၏ဗိမာန် ညောင်ပင်အရိပ် ဝင်သူအား ငါစားခွင့်ရှိတယ်...''

''သင့်အရိပ်ကို ငါမခို၊ ငါဟာ ထီးဖြူရိပ်မှာရှိနေတာ သင်မမြင် သလော...ထီးဖြူဟူသည် မင်း၏လက္ခဏာ၊ သင်္ကေတ။ ငါဟာ ဗာရာဏသီမင်း၏ ထီးဖြူရိပ်အောက်တွင်နေသည်၊ သင့်အရိပ်မဟုတ်''

''ဒါပေမယ့် ငါပိုင်မြေပေါ်ရပ်မိပြီ''

''သင့်မြေပေါ်မရပ်။ ခြေနင်းပေါ် ရပ်နေတာဖြစ်တယ်။ ဤခြေနင်းဟာ ဗာရာဏသီမင်းရဲ့ ခြေနင်းဖြစ်တယ်။ ဤခြေနင်းချရာအရပ်ကား မင်း၏အရပ်သာလျှင်ဖြစ်တယ်...ဒါကြောင့်သင်စားခွင့်မရှိ''

''သင်ဟာ ပရိယာယ်ကြွယ်သော်လည်း ငါ့လက်ကမလွတ်''

''အသင်ဘီလူး၊ စားခွင့်မရှိဘဲစားသော် သင့်အားသန်လျက်နဲ့ ပိုင်းရုံသာရှိတော့တယ်''

ဘီလူးသည် သုတနုလုလင်၏ စကားပရိယာယ် ကြွယ်ဝမှု၊ ရဲရင့်မှု၊ ပညာကြီးမှုကို မကျော်လွှားနိုင်။ ထို့ကြောင့် မစားတော့ပါဟု ဝန်ခံသည်။ သုတနုသည် မကောင်းမှုကို ရှောင်ကြဉ်သင့်ကြောင်း၊ ကောင်းမှုကို ဆောက်တည်သင့်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com


သူ့အသက်သတ်ခြင်းကြောင့် အဖန်ဖန်အလီလီဆင်းရဲနိုင်ကြောင်း၊ မေတ္တာသည်သာ ချစ်မြတ်နိုးအပ်သော တရားဖြစ်ကြောင်းနှင့် သူ့အသက်သတ်ခြင်း၏အပြစ်ကို ပြောဟောလျက် ငါးပါးသီလပေးရာ ဘီလူးက "တစ်သက်လုံး ရှောင်ကြဉ်ပါတော့မည်"ဟု ဝန်ခံသည်။

သုတနုလုလင်သည် ဘေးကင်းစွာဖြင့် ပြန်ရောက်လာသည့်ပြင် ဘီလူးအားဆုံးမနိုင်သဖြင့် မင်းကြီးက သဘောကျပြီး၊ စစ်သူကြီးရာထူးပေးသည်။ ပညာရှိသူသည် ထိုပညာဖြင့် ရန်အပေါင်းကို အောင်မြင်ခဲ့ပေသည်။ ပညာသာလျှင် အရာရာကိုအောင်မြင်၏။

ကျမ်းကိုး။ ။ငါးရာ့ငါးဆယ်ဇာတ်တော်၊ သတ္တကနိပါတ်၊ သုတနုဇာတ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

သောဏာမထေရ်သည် ခြေဖဝါးတို့ အလှားလိုက်ကွာကျလျက်
စင်္ကြံပင်မလျှောက်နိုင်ပြန်သော် ထိုင်လျက်ရှု၏။
သို့သော်ပြင်းပြင်းထန်ထန် ကြိုးစားသော်လည်း နိမိတ်မျှမထင်
ခြော်...ငါသည်
ယောသမျှသာ မှတ်နိုင်သော ပဒပရမပုဂ္ဂိုလ်ဖြစ်လိမ့်မည်။
ညံ့နံ့နဲ့လှချေတကားဟု စိတ်ပျက်အားလျော့သည့်အတွေးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဝီရိယပါရမီ

## ဝီရိယဟူသည်

ဝီရိယ=အားထုတ်ခြင်း၊ ကြိုးစားခြင်း၊ ဖွဲ့ရှိခြင်း၊ မဆုတ်မနစ်ခြင်း၊ အလုပ်တစ်ခုကို မရပ်မနားဆောင်ရွက်ခြင်းဟူ၍ အဓိပ္ပာယ်ဆောင်သည်။ ဝီရိယကို ဖွဲ့ဟုလည်း သုံးနှုန်းကြသည်။

ဝီရိယသည် အလုပ်နှင့်ပတ်သက်သည့် စွမ်းရည်ပြခြင်းဖြစ်သည်။ စွမ်းရည်ဆိုရာ၌လည်း စိတ်ဝင်စားမှု၊ မရပ်မနားဆောင်ရွက်မှု၊ မဖြစ်မနေ အဖန်တလဲလဲကြိုးစားမှုစသော အချက်များပါဝင်သည်။

ဝီရိယတရားသည် ပညာကဲ့သို့ပင် စေတသိက်တရားတစ်ပါးဖြစ်သည်။ ပညာသည်ကား ကောင်းမြတ်သော တရားချည်း ဖြစ်သည်။ ဝီရိယကမူ ကောင်းမှုဖက်၌လည်းပါသည်။ မကောင်းမှုဖက်၌လည်းပါသည်။ ကောင်းသော ကုသိုလ်တရားလည်းဖြစ်နိုင်သည်။ ယုတ်ညံ့သောအကုသိုလ်တရားလည်းဖြစ်နိုင်သည်။ ကုသိုလ်၊ အကုသိုလ်မှ အလွတ်တရားလည်းဖြစ်နိုင်သည်။

ကောင်းမြတ်မှန်ကန်သော ဝီရိယကို သမ္မာဝါယာမဟုခေါ်သည်။ ယုတ်ညံ့သော ဝီရိယကို မိစ္ဆာဝါယာမဟု ခေါ်သည်။

သမ္မာဝါယာမကို သမ္မပ္ပဓာနဟုလည်း ခေါ်သည်။ သမ္မပ္ပဓာန လေးပါးရှိသည်-

(၁) ယခုဘဝ မိမိသန္တာန်၌ မဖြစ်ဘူးသေးသော (သို့မဟုတ်) တစ်စုံတစ်ခုသောအခါ၊ တစ်စုံတစ်ခုသော အရပ်၊ တစ်စုံတစ်ခုသော အာရုံ၌မိမိသန္တာန်မှာ ဖြစ်ဖူးသည်ဟု မမှတ်မိသောအကုသိုလ်တရားကို မည်သည့်အခါ၊ မည်သည်အရပ်၊ မည့်သည့်အာရုံမှာမှ မဖြစ်ရအောင် ကြိုးစားအားထုတ်ခြင်း တစ်ပါး။

(၂) ယခုဘဝ မိမိသန္တာန်၌ ဖြစ်ဖူးကုန်သော အကုသိုလ်တရားတို့ကို ပယ်ရှားနိုင်ရန် ကြိုးစာခြင်းတစ်ပါး။

(၃) ယခုဘဝမိမိသန္တာန်မှာ ရှေးကမဖြစ်ဘူးသေးကုန်သော (သို့မဟုတ်) တစ်စုံတစ်ခုသောအခါ၊ တစ်စုံတစ်ခုသော အရပ်၊ တစ်စုံတစ်ခုသောအာရုံ၌ မိမိသန္တာန်မှာ ဖြစ်ဖူးသည်ဟု မမှတ်မိ၊ သတိမရကုန်သော ကုသိုလ်တရားတို့ကို ဖြစ်ပွားစေရန် ကြိုးစားအား ထုတ်ခြင်းတစ်ပါး။

(၄) ယခုဘဝ မိမိသန္တာန်မှာ ဖြစ်ဖူးကုန်သော (သို့မဟုတ်) ဖြစ်ပွားနေဆဲဖြစ်ကုန်သော ကုသိုလ်တရားတို့ အစဉ် တည်တံ့ပွားများစေရန် ကြိုးစားအားထုတ်ခြင်းသည်လည်း တစ်ပါး။



www.burmeseclassic.com

www.burmeseclassic.com



ဝီရိယပါရမီသည် သမ္မာဝါယာမတရားကိုသာ အားထုတ်ရမည်ဖြစ်သည်။ မကောင်းသော အကုသိုလ်တရားဖြစ်စေသည့် မိစ္ဆာဝါယာမတရားကိုအားမထုတ်ရပေ။ သမ္မာဝါယာမဖြစ်သော ဝီရိယကို မပြည့်ဝပြည့်ဝအောင် ဖြည့်ဆည်းပွားများ ရပေမည်။

## ဝီရိယဖြစ်ကြောင်း (၁၁) ပါး

ဝီရိယဖြစ်စေသော အကြောင်း (၁၁) ပါးမှာ-

၁။ အပါယ်ဘေးကို စဉ်းစားမိ၍ ဖြစ်ခြင်း။
၂။ ဝီရိယ၏ အကျိုးအာနိသင်ရှုမြင်လေ့ရှိခြင်း။
၃။ သွားရာလမ်းကြောင်း ကောင်းစွာဆင်ခြင်ခြင်း။
၄။ ဒါယကာတို့လှူဒါန်းသော ဆွမ်းကိုရိုသေခြင်း။
၅။ ခံယူရမည့် အမွေ၏မြင့်မြတ်ပုံ ဆင်ခြင်ခြင်း။
၆။ ဆရာဖြစ်သော မြတ်ဘုရား၏မြင့်မြတ်ပုံ ဆင်ခြင်ခြင်း။
၇။ မိမိ၏မျိုးရိုး မြင့်မြတ်ပုံ ဆင်ခြင်ခြင်း။
၈။ သီတင်းသုံးဖော်၏ မြင့်မြတ်ပုံ ဆင်ခြင်ခြင်း။
၉။ ပျင်းရိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်၍ဖြစ်ခြင်း။
၁၀။ ဝီရိယအားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်ကိုမှီဝဲခြင်း။
၁၁။ ဣရိယာပုတ် လေးပါး၌ ဝီရိယညွတ်ကိုင်းသော စိတ်ရှိခြင်းတို့ ဖြစ်သည်။

## အပါယ်ဘေးကို စဉ်းစားမိ၍ဖြစ်ခြင်း

ဝီရိယပေါ့လျှင် သေသည့်နောက် အပါယ်ဘုံကျရောက်ချင် ကျရောက်မည်။ အပါယ်လေးဘုံအနက် ငရဲကျလျှင် နှိပ်စက်ခြင်းဘေးအမျိုးမျိုး ခံရလိမ့်မည်။ တိရစ္ဆာန်ဘဝရောက်လျှင် လူတို့၏ညှဉ်းဆဲမှု ခံရမည်။ ပြိတ္တာဘုံရောက်လျှင် နှစ်များစွာ ငတ်မွတ်ခြင်းခံရမည်။ အသူရကာယ်ဘုံရောက်လျှင် အရိုးအရေမျှဖြစ်သော ခန္ဓာကိုယ်ဖြင့် လေတိုက်နေပူ ဆင်းရဲအမျိုးမျိုးခံရမည်။ တရားကောင်းကိုလည်း အားထုတ်နိုင်ခြင်းမရှိ။ ဤသို့ဆင်ခြင်နိုင်သူသာလျှင် ဝီရိယဖြစ်နိုင်ပေသည်။

## ဝီရိယ၏အကျိုးအာနိသင်ကို ရှုမြင်လေ့ရှိခြင်း

ပျင်းရိသူသည် သံသရာဝဋ်မှကျွတ်လွတ်ကာ လောကုတ္တရာမဂ်ဖိုလ်တရားကို မည်သည့်နည်းဖြင့်မျှမရနိုင်။ လုံ့လစိုက်ထုတ်သူသာ ရနိုင်သည်။ ဝီရိယတရားသည်ရခဲသော လောကုတ္တရာမဂ်ဖိုလ်တရားကို ရခြင်းအကျိုးရှာသည်ဟူ၍ရှုမြင်ဆင်ခြင်လေ့ရှိမှသာ ဝီရိယများဖြစ်နိုင်ပေသည်။

## သွားရာလမ်းကို ကောင်းစွာဆင်ခြင်ခြင်း

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာတို့သည် ဝီရိယတည်းဟူသောလမ်းကြောင်းဖြင့်သာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကအဖြစ်သို့ ရောက်ကုန်၏။ သို့ဖြစ်ရာ အရှင်မြတ်တို့သွားရာ ဖြောင့်သောလမ်းကြောင်းကြီး ဖြစ်သည်။ ဤလမ်းကြောင်းကို ပျင်းရိသူတို့ မလိုက်နိုင်ဟု ဆင်ခြင်သူသာ ဝီရိယတရားဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒါယကာတို့လှူဒါန်းသော ဆွမ်းကိုရှိသေခြင်း

ဤဆွမ်းလှူသော ဒါယကာသည် ဆွေမျိုးမဟုတ်ကြ၊ မိမိကိုမှီ၍ အသက်မွေးလိုသောကြောင့်သာ ဆွမ်းကို လှူသည်မဟုတ်၊ စင်စစ်မှာ ကောင်းမှုအကျိုးကြီးသည်ကို လိုလား၍ လှူဒါန်းကုန်၏။ ဘုရားရှင်သည် ဒကာတို့လှူသော ဆွမ်းကို ပေါ့ပေါ့စား၊ ပေါ့ပေါ့နေခြင်းအား ခွင့်မပြု၊ သံသရာမှလွတ်မြောက်ရန် ရည်သန်ခွင့်ပြုတော်မူ၏။ လုံ့လ မရှိသူကား စားခြင်းမထိုက်၊ လုံ့လရှိသူသာ စားထိုက်၏ဟု ခံယူ၍ ဆွမ်းကို လေးစားသောအားဖြင့် ဝီရိယပွားနိုင်၏။

## ခံယူရမည့်အမွေ၏ မြင့်မြတ်ပုံဆင်ခြင်ခြင်း

သာဝကတို့ခံယူရမည့်အမွေမှာ သူတော်ကောင်းဥစ္စာ (၇)ပါးဖြစ်၏။ ထိုအမွေကို ပျင်းရိသူကား မခံယူနိုင်၊ သားဆိုး သမီးဆိုးသည် မိဘအမွေမခံနိုင်၊ ထို့အတူ ပျင်းရိသူလည်း သူတော်ကောင်းဥစ္စာ (၇) ဖြာဟူသော မြတ်ဘုရားအမွေမရနိုင်၊ လုံ့လရှိသူသာ ရနိုင်သည်ဟု အမွေ၏မြင့်မြတ်ပုံဆင်ခြင်သူသာ ဝီရိယဖြစ်နိုင်သည်။

## မြတ်ဘုရား၏မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း

"ငါတို့၏ ဘုရားရှင်သည်မြတ်၏။ ပဋိသန္ဓေနေစဉ်၊ တောထွက်စဉ်၊ တရားဦးဓမ္မစကြာဟောစဉ်၊ တိတ္ထိများအား တန်ခိုးပြစဉ်၊ သင်္ကာသနဂိုရ်ပြည်ဆင်းစဉ်၊ အာယုသင်္ခါရလွှတ်စဉ်၊ ပရိနိဗ္ဗာန်စံစဉ် စကြဝဠာတိုက်တစ်သောင်း တုန်လှုပ်၏။ ဤသို့မြတ်သော ဘုရားရှင်၏သားဖြစ်လျက် သူတော်ကောင်းတရားအားမထုတ်ဘဲ ပျင်းမနေသင့်၊ ဤသို့ နှလုံးသွင်းလျက် ဝီရိယပွားနိုင်သည်။

## မိမိ၏မျိုးရိုးမြင့်မြတ်ပုံ ဆင်ခြင်ခြင်း

ငါ၏မျိုးရိုးသည် မဟာသမ္မတမင်းမှ ဆင်းသက်သောသြက္ကာကမင်း၏အနွယ်တော် သုဒ္ဓေါဒနနှင့် မာယာတို့၏ မြေး ရာဟုလာ၏ညီထွေးဖြစ်၏။ ရာဟုလာသည် မြတ်ဘုရား၏သားတော်စစ် ဖြစ်၏၊ ရာဟုလာနှင့် ငါသည် ညီအစ်ကိုဖြစ်၏။ ဤမျှအမျိုးအနွယ်မြင့်မြတ်သူကား ပေါ့ပေါ့လျော့လျော့မနေအပ်။ တရားအားထုတ်သင့်၏ဟု ဆင်ခြင်လျက် ဝီရိယပွားနိုင်သည်။

## သီတင်းသုံးဖော်၏မြင့်မြတ်ပုံ ဆင်ခြင်ခြင်း

ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှစ်ကျိပ်သော မဟာသာဝကတို့သည် ကောင်းမြတ်သောတရားအားထုတ်၍ လောကုတ္တရာမဂ်ဖိုလ်ရ၏။ သင်လည်း သီတင်းသုံးဖော် အရှင်မြတ်တို့လမ်းစဉ်လိုက်သင့်သည် ဟူ၍ ဆင်ခြင်မိ၍ဝီရိယ ပွားနိုင်သည်။

## ပျင်းရိသော ပုဂ္ဂိုလ်ကို ဝေးစွာရှောင်ခြင်း

ဝမ်းပြည့်အောင်စားထားသော စပါးကြီးမြွေကဲ့သို့ ကိုယ်ဖြင့်၊ စိတ်ဖြင့်ပြုလုပ်ဖွယ်ဟူသမျှ စွန့်လျက် တလူးလူးတလွင့်လွင့် အိပ်ခြင်းဖြင့် ပျင်းရိစွာနေသူကို ရှောင်သူမှာ ဝီရိယတရားဖြစ်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



## လုံ့လရှိသော ပုဂ္ဂိုလ်ကိုမှီဝဲခြင်း

အလုပ်ထဲ၌သာ ကိုယ်စိတ်နှစ်ပါးစေလွှတ်ထားသူကို မှီဝဲသူမှာ ဝီရိယတရားဖြစ်နိုင်၏။

## ဣရိယာပုတ်လေးပါး၌ ဝီရိယကိုင်းညွတ်သောစိတ်ရှိခြင်း

လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာပုတ်လေးပါး၌ ဝီရိယအားထုတ်ဖို့ရန်သာ ညွှန်သူသည်ဝီရိယဖြစ်နိုင်သည်။

## ဝီရိယ၏အခြေခံအကြောင်းရင်း

ဝီရိယသည် ထိတ်လန့်ကြောက်ရွံ့ခြင်း၏ အခြေခံအကြောင်းတရား ဖြစ်သည်။ သံဝေဂ(၃)ပါးရှိသည်။ (၁) စိတ္တုတြာသ သံဝေဂဟူသည် ဆင်းဘေး၊ ကျားဘေး၊ စားလုံးဘေးတို့ကြောင့်ဖြစ်သော သံဝေဂ ဖြစ်သည်။ (၂) ဩတ္တပ္ပသံဝေဂဟူသည် မကောင်းမှုပြုလုပ်ရန် ကြောက်သော သံဝေဂဖြစ်သည်။ (၃) ဉာဏသံဝေဂဟူသည် အကျိုးအကြောင်းတို့ကိုကောင်းစွာ ဆင်ခြင်မြော်မြင်ကြောက်ရွံ့ခြင်းဖြစ်သည်။ သံသရာဒုက္ခဘေးကို မြော်တွေး ဆင်ခြင်ကြောက်ရွံ့လျှင် ထိုသံသရာဘေးဒုက္ခမှ လွတ်မြောက်ကြောင်းတရားကို ကောင်းစွာအားထုတ်မည်။ သိမြင် ကြောက်ရွံ့ခြင်း မရှိလျှင် အားထုတ်မည်မဟုတ်ပေ။ ဥပမာအားဖြင့် ပညာမတတ်လျှင် ကြီးသော် ငါဒုက္ခရောက်မည်ဟု မြော်တွေးလျက် ဉာဏသံဝေဂဖြစ်သောကျောင်းသားသည် စာကိုကြိုးစားသင်၏။ အလုပ်သမားသည် အလုပ်မကြိုးစားလျှင် စားဝတ်နေရေး ကျပ်တည်းမည်ဟု တွေးတောလျက် ဉာဏသံဝေဂဖြစ်သော အလုပ်သမားသည် အလုပ်ကြိုးစား၏။ ဤသို့ ဉာဏသံဝေဂ ရှိမှသာ ဝီရိယဖြစ်နိုင်ပေသည်။

ဝီရိယသည် ကောင်းသောအမှုအားထုတ်ခြင်းလည်းရှိ၏။ မကောင်းသောအမှုအားထုတ်ခြင်းလည်းရှိ၏။ မကောင်းမှုဖြစ်သော စိတ္တုတြာသသံဝေဂဖြစ်က သုံးစွဲရန်ဥစ္စာပြတ်လပ်သူသည် မသင့်သော နှလုံးသွင်း၍ သူတစ်ပါးပစ္စည်း ခိုးယူရန် အားထုတ်ခြင်းပြု၏။ မကောင်းသော စိတ္တုတြာသသံဝေဂသည် မကောင်းသော ဝီရိယဖြစ်၏။ ဝီရိယပါရမီအရာကား မကောင်းသောအားထုတ်ခြင်းမယူအပ်၊ ကောင်းသောအားထုတ်ခြင်းနှင့် အပြစ်မရှိသော အားထုတ်ခြင်းသာပြုအပ်၏။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်လေးပါးမြင်၏။ သံသရာတွင် ကျင်လည်နေရသဖြင့် ဤလေးမျိုးသောဆင်းရဲခြင်းကို ကြုံတွေ့ရမည်မှာ မလွဲ၊ ကြောက်ဖွယ်ကောင်း၏။ ဆင်းရဲခြင်းအတိရှိ၏။ ဤဒုက္ခဆင်းရဲမှ လွန်မြောက်ရန်၊ မင်္ဂဖိုလ်နိဗ္ဗာန်သို့ ရောက်စေအံ့ဟု ရည်သန်ကြိုးစားသည်။ ဝီရိယ စိုက်ထုတ်သည်။ ဤကား ဉာဏသံဝေဂမှဖြစ်လာသော ဝီရိယပါရမီ ဖြစ်သည်။

မဟာဇနကဇာတ်တော်တွင် ဇနကမင်းသားသည် ကုန်ကူးသန်းရန် ခရီးထွက်၏။ ကြီးပွားချမ်းသာရန်အားထုတ်ခြင်းဖြစ်သည်။ သို့သော် သင်္ဘောပျက်ပြီး ပင်လယ်ထဲတွင် ခုနစ်ရက်လုံးလုံးမျောနေ၏။ မဟာဇနကမင်းသားသည် မလျှော့သောဇွဲလုံ့လဖြင့် ပင်လယ်ပြင်ကို ဆန့်ကျင်လျက် ကူးခပ်၏။ ငါသည်သေမှသာ လုံ့လလျှော့မည်။ မသေသရွေ့ အားထုတ်မှုမလျှော့ဟူသော ဇွဲဖြင့်ကြိုးစားသည်။ ဤသို့ ပင်လယ်ပြင်ကိုဖြတ်၍ကူးခြင်းမှာ ကုသိုလ်ရေးရည်ရွယ်သည် မဟုတ်။ ဒါန၊ သီလ၊ ဘာဝနာကိစ္စမဟုတ်။ ကုသိုလ်ရေးအထူးမဖြစ်နိုင်သကဲ့သို့ အကုသိုလ်တရားလည်း ဖြစ်ပွားမည်မဟုတ်။ သို့သော် အကုသိုလ်ကင်းသဖြင့် ဝီရိယပါရမီဟုသာ မှတ်ယူသင့်ပေသည်။

ကဏှဇာတ်တော်၌ ကဏှဟူသောနွားလား ဥသဘသည် မိမိအား မွေးမြူထားသော အမယ်အိုအားကျေးဇူးဆပ်ရန် ကုန်သည်လှည်းငါးရာအား မနားမနေဆွဲထုတ်ပေးလျက် အဖိုးအခရယူပေး၏။

ကောင်းဆိုးနှစ်တန်ရှိသော အမှုတွင် ဝီရိယပြုရာ၌ ကုသိုလ်ကောင်းမှုဖြစ်သော ဒါန၊ သီလ၊ ဘာဝနာအမှုကို အားထုတ်ရန်သာ ဘုရားရှင်က ခွင့်ပြုသည်။ အားပေးသည်။ လိုလားအပ်သော အားထုတ်မှုဟုဆို မိန့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကောင်းသောအရာ၌ အားထုတ်ခြင်းကိုကား ကဲ့ရဲ့၏။ ရှုတ်ချ၏။ သို့သော် မကောင်းမှုဘက် မယိမ်းဘဲ၊ ကောင်းမှုဘက်ယိမ်းပြီး ကုသိုလ် ရေးမပါသော ဝီရိယပါရမီကိုလည်း ဘုရားရှင် ကလိုလားနှစ်သက်ပေသည်။

ဝီရိယကို ပွားများအပ်ပြီး၊ ဝီရိယ၏ဆန့်ကျင်ဘက်ပျင်းရိခြင်းကိုမူ လောကနီတိဆရာများက အပြစ်ဟုပြဆိုသည်။

အလသဿ ကုတော သိပ္ပံ။
အသိပ္ပဿ ကုတော ဓနံ။
အဓနဿ ကုတော မိတ္တံ။
အမိတ္တဿ ကုတော သုခံ။
အသုခဿ ကုတော ပုညံ၊
အပုညဿ ကုတော ဝရံ။

ပျင်းရိသောသူအား အတတ်ပညာမရနိုင်။ အတတ်ပညာမရှိသူအား ဥစ္စာမရနိုင်။ ဥစ္စာမရှိသူအား မိတ်ဆွေမရှိနိုင်။ မိတ်ဆွေ မရှိသူအား သုခချမ်းသာ မရှိနိုင်။ သုခချမ်းသာမရှိသူအား ကောင်းမှုမပြုနိုင်။ ကုသိုလ်ကောင်းမှု မပြုနိုင်လျှင်ကား ရုပ်နာမ်ချုပ်ငြိမ်းရာ နိဗ္ဗာန်မရောက်နိုင်ဟု ဆိုသည်။ နိဗ္ဗာန်ချမ်းသာသည် အမြတ်ဆုံးချမ်းသာဖြစ်သဖြင့် နိဗ္ဗာန်ရောက်ရန် ကြိုးစားရမည်။ ထိုသို့ကြိုးစားရာတွင် တစ်ဆင့်ပြီးတစ်ဆင့် ပျင်းရိမမှုဘဲ၊ ပန်းတိုင်အရောက် ကြိုးပမ်းအားထုတ်ရန် လောကနီတိ ဆရာတို့ ညွှန်ပြခြင်းဖြစ်သည်။ ဝီရိယမရှိက အဘယ်အရာမှ မရနိုင်။ အိပ်နေသော ခြင်္သေ့၏ပါးစပ်ထဲသို့ သားသမင်ငယ်သည် အလိုအလျောက်ဝင်မလာ။ သမင်ရှိရာသွားရမည်။ သမင်အလစ်ကို ချောင်းမြောင်းစောင့်ဆိုင်းရမည်။ ချက်ကောင်းပေါ်သည်နှင့် ခုန်အုပ်ဖမ်းယူမှသာ သားသမင်ကိုရပေမည်။ လိုအပ်သောအားထုတ်မှု အဆင့်ဆင့်ရှိ ရပေမည်။

နိဗ္ဗာန်ဟူသောခရီးသည် ခက်ခဲ၏။ ဝေးလံ၏။ ဥပမာအားဖြင့် မိုးတိမ်တိုက်ထိ ထိုးဝင်နေသော ဖန်သား ကျောက်တောင်ကြီး တစ်ခုထိပ်၌ အဖိုးအနှုဋ္ဌထိုက်သော ပတ္တမြားကြီးရှိ၏။ ထိုပတ္တမြားကြီးကိုရလျှင် မအို မသေ အသက်ရှည်မည်။ သို့ဆိုလျှင် ဤပတ္တမြားကိုမရမယူချင် သူမရှိ၊ အားလုံးကရချင်၊ ယူချင်ကြမည်။ ရလိုလျှင်ဖန်သား ကျောက်တောင် ထိပ်ရောက်အောင် တက်ရမည်။ ဖန်သားကျောက်တောင်ကား ဆုံးစမမြင်အောင်မြင့်၏။ ချောပြောင်နေ၍ တက်ရန်ခက်၏။ တောင်ထိပ် ရောက်ဖို့မဆိုထားနှင့်အောင်ခြေ၌မှာပင် ချော်ကျပြီးသေရာ၏။ ကြိုးစားမှုကား အကျိုးမရှိ။ ပျက်စီးရုံ သာရှိသည်ဟု တွေးလျက်လုံ့လမပြုလျှင် ပတ္တမြားမရနိုင်။ ခက်ခဲပါစေ၊ သေလိုက သေပါစေ၊ ငါအသက်ရှင် သမျှ ကြိုးစားအံ့ဟုတွေးမှသာ ပတ္တမြားရနိုင်ခွင့်ရှိသည်။ နိဗ္ဗာန်ခရီးကား ဝေးလွန်း၏။ ခက်ခဲလွန်း၏ဟုတွေးသူအတွက် နိဗ္ဗာန်ရရန်ခရီးမမြင်။ ဝီရိယမဲ့သူသည် အောင်မြင်ဖို့အကြောင်း မရှိသည်ကို တွေးမြင်လျက် ကြိုးစားရပေမည်။

ကျမ်းကိုး ။ ။ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် အနုဒီပနီမှကောက်နုတ်ချက်

❖ ❖ ❖

www.burmeseclassic.com

# အမြတ်ဆုံးအောင်ပွဲ

''အရှင်မင်းမြတ်၊ လောကဓာတ်သုံးခွင်ဝယ် မြင်မြင်သမျှသော သတ္တဝါအပေါင်းသည်ကား အကြောင်းသုံးပါးကြောင့် ဖြစ်၍ ခေတ်ကာလသုံးရပ်နှင့် ယှဉ်စပ်သော သစ်ပင်သစ်သီးပမာ မာတာပိတ အမှီရ၍ ကလလရေကြည်တည်နေ ပေါက်ဖွားသော သူအပေါင်းသည် အကြောင်းသုံးပါးနှင့် ကြုံကြိုက်၊ ဤအခိုက်အတန့်သုံးရပ်ဖြင့် ပျက်စီးမြဲဓမ္မတာရှိပေသည်။ ဇာတိရှိက ဇရာရ၍၊ ဒုက္ခဗျာဓိ၊ ပရိဒေဝ၊ မရဏသဘော၊ ရောက်သောဓမ္မတာ၊ ဤအရာကို သူငါမလွတ်၊ တွေ့တတ်ရကား၊ ရှင်မင်းဖျားလည်း၊ မရှားရှောင်သာ၊ ဤခန္ဓာသည်၊ အိုပါမည် ဆက်ဆက်ပင်ဘုရား…''

အလောင်းတော်မင်းသားသည် ညစ်ညူးစိတ်ကို ဖြေလျှော့ရန် ဥယျာဉ်တော်သို့အထွက်တွင် သတိသံဝေဂရသင့်ပြီဟု နတ်အပေါင်းက မျှော်တွေးလျက် သူအိုယောင်ဖန်ဆင်းပြသည်။ ဆံဖြူ ခါးကိုင်း၊ နားထိုင်းပြီး ယိုင်လဲတော့မည့်သဏ္ဌာန်ဖြင့် တောင်ဝှေးအားပြု လျှောက်နေသော သူအိုကိုမြင်သော် ''သူကား အဘယ်သူနည်း''ဟု မေးသည်။ ထိုအခါ ရထားထိန်းက သူအိုဖြစ်ကြောင်း ဖြေကြားသည်။ ကိုယ့်ဝန်ကိုယ်ပင် မဆောင်နိုင်တော့သည့် အိုကြီးအိုမအဘိုးအိုအသွင်ကို မြင်၍ ထိတ်လန့်သည်။ ''ဤအဘိုးအိုကဲ့သို့ ငါရော အိုမည်လော…''ဟု မေးသော် ရထားထိန်းက သူသူငါငါမရှောင်သာသည့် ဘေးဖြစ်ကြောင်း လျှောက်တင်၍ သံဝေဂဖြစ်၏။ ရထားကို ပြန်လှည့်စေသည်။

နောက်လေးလအကြာ၌ ထွက်တော်မူပြန်သော် သူနာကိုတွေ့သည်။

ထို့နောက်လေးလအကြာ၌ ထွက်တော်မူပြန်သော် သူသေကိုတွေ့သည်။

ထို့နောက်လေးလအကြာ၌ ထွက်တော်မူပြန်သော် ရဟန်းကိုတွေ့သည်။

တစ်ဖန် နောင်ဖွဲ့ပြန်လေပြီဟု ညည်းညူသည်။ တစ်ရက်တွင် ဥယျာဉ်တော်မှ နန်းတော်အပြန်တွင် တေးသီချင်းဆိုလျက် စောင်းတီးခတ်နေသော အသံကြားရသည်။

နိဗ္ဗုတာ နူန သာမာတာ၊

နိဗ္ဗုတာ နူနသောပီတာ၊

နိဗ္ဗုတာ နူန သာနာရီ၊

ယဿာသံ ဤဒိသော ပတိ။

ကိသာဂေါတမီ သီဆိုသည့်သီချင်းသံကို နားစွင့်လိုက်မိသည်။ အဆိုနှင့်အတီးက ညီညွတ်သည်ကို သတိပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com


သီချင်းအဓိပ္ပာယ်က လေးနက်သည်။ အို…ခင်ပွန်းမတို့။ ဤလူ့ရွာဝယ် ဘုန်းအသရေ အခြွေအရံတို့နှင့် တင့်တယ်ရာတွင် အတုမရှိ အသဒိသ ဖြစ်ပေသော သားမြတ်၏ မိခင်ဖခင်သည် ကြည်လင် ငြိမ်းချမ်းပေအံ့။ ဤသို့သော လင်ကောင်းမယားသည် ရှင်မြူး၊ လန်းဆန်းငြိမ်းချမ်းပေအံ့ ဟူလို။ ထိုသီချင်းစာသား နားဆင်ရာတွင် ငြိမ်းချမ်းခြင်း… ငြိမ်းချမ်းခြင်းဟူသာ ထပ်ပြန်တလဲလဲကြားနေရသည်။ ဇနီးမယား သမီးသားအတွက် ပူပန်ခြင်း၊ မိဘအတွက် ပူပန်ခြင်း၊ ဇာတိ ဇရာ ဗျာဓိ မရဏ တရားအတွက် ပူပန်ခြင်းတို့ကား ဘယ်မှာငြိမ်းချမ်းမည်နည်း။ ထိုထို ဝဋ်ဆင်းရဲတို့မှ လွတ်မြောက်ရန် ငြိမ်းချမ်းရာအမှန် မြတ်နိဗ္ဗာန်သာဖြစ်မည်။ နိဗ္ဗာန်မရမချင်း မငြိမ်းချမ်းနိုင်သည့်ဘဝမှ ရှန်းထွက်တော့အံ့ဟု ကြံသည်။

ထို့ကြောင့် ညသန်းခေါင်ယံခါတွင် မောင်ဆန်ကို ကဏ္ဍကမြင်း ဆောင်ယူခဲ့ချေဟု စေပြီ ရသေ့ရဟန်းပြုလျက် တရားရှာမှီးရန် တောထွက်တော်မူခဲ့သည်။

* * *

အလောင်းမင်းသားသည် မောင်ဆန်ကို အဖော်ပြုလျက် ကပိလဝတ်မြို့နန်းမမှ ထွက်သည့်တွင် ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်ကရှေ့မှ ဆီးတားသည်။

''အို…သိဒ္ဓတ္ထ၊ လွဲမှားသည့်အကြံ တောထွက်ရန် ရည်ရွယ်သည်မှာ ဆင်းရဲဖို့ဖန်ခြင်းပင်၊ သင်မထွက်ပါနဲ့၊ ဒီနေ့က ခုနစ်ရက်မြောက်လျှင် စကြာရတနာဆိုက်ပါမည်။ လေးကျွန်းသနင်းအဖြစ် စိုးစံတော်မူလော့''

ဘုရားလောင်းတောထွက်ကျင့်လျှင် ဝီရိယမိုမောက်သဖြင့်ဧကန်စင်စစ် ဘုရားဖြစ်မည်မှန်းသိ၍ မာရ်နတ်မလိုလား။ လောကီဘုံသား သတ္တဝါအများကို မာရ်နတ်၏နယ်ပယ်မှ အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ဆီ ပို့လိမ့်မည်။ ထိုအခါ မိမိ နယ်ပယ်ကျဉ်းကျုံ့တော့မည်စိုး၍ မာရ်နတ်ကား တားခြင်းပင်။

''ဟယ်မာရ်နတ်၊ လောကီချမ်းသာကို ငါမခုံမင်။ စွန့်ပစ်သည့်တံတွေးပေါက်နှယ် ရွံရှာ၍ ငါထွက်လာသည်၊ ဖယ်ရှားလော့''

ဘုရားလောင်းသည် သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဧကန်ပင်ဖြစ်ရမည်ဟု ယုံကြည်ချက်ဖြင့် ဝီရိယကို တွန့်ဆုတ်မရှိဘဲ ထွက်ခဲ့ရာ၊ တစ်ညတွင်းမှာပင် ယူဇနာသုံးဆယ်ခရီးကို လွန်၏။ ရှစ်ဥသဘကျယ်သော အနော်မာမြစ်ကိုတွေ့သော် ''အဘယ်အမည်ခေါ်သနည်း''ဟု မေးသည်။ အနော်မာဟုသိရသော် ငါရဟန်းပြုခြင်းသည် မယုတ်မညစ် မြင့်မြတ်ခြင်းဟူသော နိမိတ်တည်းဟုတွေးလျက် မြစ်ကို ကဏ္ဍကအား ခုန်ကူးစေသည်။ မြစ်၏တစ်ဖက်ကမ်း၌ သက်၏။

ဘုရားလောင်းသည် အနော်မာမြစ်၏ သဲဖြူလွလွသောင်ပြင်စတွင် ဆင်သော အဝတ်တန်ဆာကို ချွတ်၏။ ဆံတော်ကိုပယ်၏။ ''ငါသည် ဧကန်စင်စစ် ဘုရားဖြစ်မည်မှန်က ဆံတော်မြေမခဘဲ ကောင်းကင်၌ တည်စေ…''ဟု အဓိဋ္ဌာန်လျက် ကောင်းကင်သို့ လွှင့်တင်၏။ သိကြားမင်းသည် ဆံတော်ကိုရတနာပန်းတောင်းနှင့် ခံယူလျက် တာဝတိံသာ တွင် စူဠာမဏိစေတီတည်ပြီး ကိုးကွယ်သည်။

ဘုရားလောင်းသည် ကာသိတိုင်းဖြစ် အထည်ပုဆိုးကား ရဟန်းနှင့်မလျော်ဟု အကြံတော်ဖြစ်သော ဃဋိကာရ ဗြဟ္မာမင်းက ပရိက္ခရာရှစ်ပါးနှင့် ကြာသကၤန်းကပ်၏။

ရဟန်းပြုပြီးသော် ကျွန်ရင်းဆန္နနှင့် ကဏ္ဍကမြင်းအား နေပြည်တော်ပြန်လွှတ်သည်။ ဝမ်းနည်းပူဆွေးလျက် ကဏ္ဍကမြင်းရင်ကွဲနာကျသေသည်။

မောင်ဆန်တစ်ကိုယ်တည်း ပြည်တော်ပြန်သည်နှင့် အလောင်းတော် မင်းသားသည်လည်း အနုပိယသရက်တော သို့ ဝင်လေသည်။

* * *

www.burmeseclassic.com



အနုပိယသရက်တောတွင် ရဟန်း၏ချမ်းသာခြင်းဖြင့် ခုနစ်ရက်စံပြီးနောက် ယူဇနာသုံးဆယ်ခရီးကို နေ့ချင်းအရောက်သွားလျက် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်သည်။

ဘုရားလောင်း၏ အဆင်းအသရေနှင့် တည်ငြိမ်သော ဣန္ဒြေဖြင့်ကြွလှမ်းနေပုံကို ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရက လေသာပြတင်းမှမြင်၏ မင်းချင်းတစ်ယောက်ကို စုံစမ်းစေသော် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၏သား ဖြစ်ကြောင်းသိရသည်။ မင်းကြီးသည် အရွယ်မကျသေးမီတောထွက်လာခြင်းမှာ ညစ်ညူးစရာဖြစ်၍သာဟု တွက်လျက် စည်းစိမ်နှင့် ဆွဲဆောင်သည်။

"အရှင့်သား၊ သင့်အရွယ်ကားငယ်လှသေး၏။ မင်းစည်းစိမ်ခံပါဦး။ သင့်ဆန္ဒရှိလျှင် ပြည်တစ်ဝက်ခွဲပေးပါအံ့"

"မင်းမြတ်၊ နန်းစည်းစိမ်ကာ ရေပွက်ပမာတစ်သက်လျှာသာ။ ထိုစည်းစိမ်ကိုမှီ၍ ကိလေသာပွားလျှင် အကုသိုလ်ဒုစရိုက်ဖြစ်ပြီး သံသရာ၌ နစ်မွန်းစရာချည်းပင်။ မင်းစည်းစိမ်ကို မစင်လောက်တို့တွယ်သည့် ဘင်အိမ်နှယ်ရွံရှာ၍ ငါစွန့်ခွာပေတယ်။

ဤသို့မိန့်ကြားသော် ဗိမ္ဗိသာရမင်းကြီးက "လွှလပြုအားထုတ်ပါ။ ဘုရားဖြစ်သည့်အခါ ဦးစွာဖူးခွင့်ရပါရစေ…" ဟုတောင်းပန်သည်။ အလောင်းတော်ကလည်း ဝန်ခံခဲ့သည်။

ဘုရားလောင်းသည် ထိုအရပ်မှကြွသော် တစ်ခုသောတော၌ ကာလာမနွယ်ဖွား အာဠာရရသေ့နှင့်တွေ့သည်။ ဈာန်သမာပတ်နီးနေသော လောကီဈာန်ခုနစ်တန်ကို နှစ်ရက်သုံးရက်နှင့် ရသည်။ ထိုလောကီဈာန်ကား မိမိရှာနေသော ငြိမ်းချမ်းရာအမှန် နိဗ္ဗာန်ရောက်ကြောင်း မဟုတ်၍ ဖယ်ခွာသည်။ ထို့နောက် ဥဒကရသေ့နှင့် တွေ့ပြန်သည်။ အထက်ဈာန်ကို စီးဖြန်းသော ရှစ်တန်သော သမာပတ်ကိုရသည်။ ဤရှစ်ပါးသည်လည်း သဗ္ဗညုတဉာဏ်တော်၏ အကြောင်းရင်းမဟုတ်မှန်းသိ၍ ဖယ်ခွာသည်။ ဤသို့ဖြင့် ပဉ္စဝဂ္ဂီတို့တရား အားထုတ်ရာ ဥရုဝေလတောသို့ ရောက်ရှိခဲ့ပေသည်။

* * *

"ဟော…ကြွလာပြီ"

အရှင်ကောဏ္ဍညသည် ထိုင်ရာမှအလျင်အမြန်ထလျက် ခရီးဦးကြိုပြုသည်။ အခြားရဟန်းလေးပါးကလည်း ရှေ့ဆင့်နောက်ဆင့်ထသည်။

ကောဏ္ဍညဦးဆောင်သော ရဟန်းငါးပါးသည် ပွဲ့ထွန်းတော်မှ မည့်ဘုရားရှင်အားရည်စူးလျက် ရဟန်းဝတ်ပြီး စောင့်နေသည်မှာ နှစ်နှစ်ဆယ်ကျော်ကြာပြီ။

ကောဏ္ဍညသည် အလောင်းတော်ဖွားမြင်စက ဗေဒင်ပညာရှင် တစ်ဦးအနေနှင့် နန်းတော်ထဲ ဝင်ခွင့်ရခဲ့သည်။ ဘုရင်သုဒ္ဓေါဒနဖိတ်ကြားချက်အရ မင်းသား၏ဘဝနိမိတ် ဟောခွင့်ရခဲ့သည်။ အခြားခုနစ် ယောက်က နှစ်ခွ စကားဟောခဲ့ပေမယ့်၊ ကောဏ္ဍညကမူ ဧကန်စင်စစ် ဘုရားဖြစ်မည်ဟု လက်ညှိုးတစ်ချောင်းထောင် လျက်ဟောခဲ့သည်။ မင်းကြီးက မနှစ်မြို့။ သူ၏သားရတနာအား စကြာမင်းဖြစ်စေချင်သည်။ ဘုရားမဖြစ်စေလို။ သို့သော် ကောဏ္ဍညသည် သူ့ပညာကို အကြွင်းမဲ့ယုံသည်။ သို့ဖြစ်၍ မိတ်ဆွေလေးယောက်ကို အဖော်ပြုလျက် ဘုရားရှင်ရည်စူးရဟန်းဝတ်လျက် ဥရုဝေလတောမှ စောင့်နေသည်မှာကြာပြီ။

"အလောင်းတော်မြတ်၊ တပည့်တော်တို့စောင့်ရကျိုးနပ်ပါပြီ။ ခရီးဦးကြိုဆိုပါတယ်…ရဟန်းတရားကို အားထုတ်တော် မူပါ။ အရှင်မြတ်အတွက် လိုအပ်ချက်မှန်သမျှ တပည့်တော်တို့ တာဝန်ထားပါ"

အရှင်ကောဏ္ဍညက ဖော်ရွေစကားဖြင့်ကြိုဆိုသည်။ ဝပ္ပကလွယ်ထားသည့် သပိတ်ကိုလှမ်းယူသည်။ ဘဒ္ဒိယက ခြေဆေးရေခပ်လျက် သန့်စင်ပေးသည်။ မဟာနာမ်က နေရာခင်းကျင်းပေးသည်။ အဿဇိက အရိပ်ကောင်းစေရန် သစ်ခက်ကိုချိုးလျက် ကာရံပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာဟာ တရားရှာမှီးသူတွေအတွက် သင့်မြတ် လျော်ကန်တဲ့နေရာပါ။ ရသေ့ရဟန်းမှန်သမျှ ဒီတောမှာဝင်ပြီး ရဟန်းတရားအားထုတ်ကြတယ်။ ရျာန်တရားရကြတာ အမြောက်အမြားပါ"

ကောဏ္ဍညသည် ဘုရားအလောင်းအား နှလုံးဖြောင့်ဖြောင့်အားထုတ်ရန်တိုက်တွန်းသည်။ ဘုရားအလောင်းတော်သာ ကျင့်ကြံမည်ဆိုလျှင် အမှန်ပင် ဘုရားဖြစ်မည်ဟု ယုံကြည်သည်။ ထိုအခါတရားဦးနာယူနိုင်ရန်မျှော်လင့်ပြီး အလုပ်အကျွေးပြုသည်။

ဘုရားအလောင်းသည် တစ်နေ့လျှင် ဆွမ်းတစ်လုတ်သာ ဘုဉ်းပေးလျက် အချိန်ပြည့်ကျင့်ကြံသည်။ နောင်တွင် သစ်သီးတစ်လုံး၊ နှမ်းတစ်စေ့၊ ဆန်တစ်စေ့သာလျှင် သုံးဆောင်သည်။ အစားအသောက်ကို မှီဝဲခြင်းသည်ပင် ပလိဗောဓ များလှသည်ဟူ၍အောက်မေ့ပြီး အာဟာရကို ဖြတ်သည်။

ရုပ်သည်အာဟာရစောင့်ရာ လိုအပ်သည့်အာဟာရမဖြည့်ဆည်းသဖြင့် ကိုယ်ခန္ဓာကြုံလှီသွားသည်။ လက္ခဏာတော်ကြီးငယ်များပင် ကွယ်ပျောက်သွားသည်။ အားအင်ယုတ်လျော့နေရာ အလွန်ပင်ပန်း ဆင်းရဲသဖြင့် အာနာပါနရျာန်ကိုပင် မဝင်စားနိုင်ဘဲ စင်္ကြံဦး၌လဲကျသွားသည်။

ဘုရားလောင်းသည် ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်ကျင့်သော်လည်း ဘုရားအဖြစ်သို့ကားမရောက်။ သတ္တဝါတို့၏ ဓမ္မတာသည် သဒ္ဓါလွန်လျှင်ကွန့်သည်။ပညာလွန်လျှင် ဆွံ့သည်။ ဝီရိယလွန်လျှင် ပျံ့သည်။ သမာဓိလွန်လျှင် တွန့်သည်ဟူသည့်အတိုင်း ဝီရိယအားလွန်၍ ပျံ့နှံ့နေသည်။ ပျံ့နှံ့မှုကို စုစည်းသင့်ပြီဟု သတိထားလိုက်သည်။ ထိုအခါ ဆွံ့သွားသည့် ပညာအသိသည်လည်း ပြန်လည်ရလာသည်။

ရုပ်ကို အာဟာရသာလျှင် စောင့်၏။ အာဟာရမျှတစေမှသာလျှင် ခန္ဓာကိုယ်ကိုထိန်းသိမ်းနိုင်မည်။ အားရှိမှတရားအလုပ်ကို ဆက်လုပ်နိုင်မည်ဟု သတိထားလိုက်နိုင်သည်နှင့် သဒ္ဓါ၊ ပညာ၊ ဝီရိယနှင့် သမာဓိကို မျှတစေသည်။

ဘုရားလောင်းသည် မြို့ရွာသို့ချဉ်းကပ်လျက် ဆွမ်းခံယူရန် လများစွာ အနားပေးထားသော သပိတ်ကို လှမ်းယူသည်။

"အလောင်းတော်...ဒါက"

"ငါဆွမ်းခံကြွမယ်"

"ဆွမ်းခံမယ်၊ ဟုတ်စ။ ဒါဆို အကျင့်တရားကို လက်လျှော့ပြီပေါ့"

"လက်မလျှော့ပါ။ မျှတစေခြင်းပါ ရဟန်းတို့"

အစာရေစာကိုဖြတ်လျက် ပြင်းပြင်းထန်ထန်အားထုတ်သည်ပင် ဘုရားမဖြစ်ဘဲ၊ ကျင့်ကြံအားထုတ်မှုကို လျှော့ချတော့မည်။ အာဟာရအတွက် ဆွမ်းကိုမှီဝဲတော့မည်ဟု ဆိုလိုက်သဖြင့် စိတ်ပျက်ကုန်သည်။ အနှစ်နှစ်အလလစောင့်စားခဲ့ရမှုသည် အချည်းနှီးဖြစ်ရလေပြီဟု စိတ်ပျက်ကာ ဘုရားအလောင်းကိုစွန့်ခွာကြတော့သည်။

* * *

"ဟယ်...ထူးပေစွ၊ အလွန်ပင် ထူးပေစွ။ ငါဟာ ဟိမဝန္တာကို ခေါင်းအုံးလျက် အရှေ့-အနောက် သမုဒ္ဒရာကို လက်တော်ထားပြီး၊ ခြေတော်အစုံကို တောင်သမုဒ္ဒရာမှာထားပြီး အိပ်စက်တယ်လို့ အိပ်မက်မြင်မက်ပါကလား"

ဘုရားလောင်းသည် စက်ရာမှနိုးလျှင် နိုးခြင်း၊ ပထမဦးဆုံးမြင်မက်သည့် အိပ်မက်ကိုစဉ်းစားလိုက်သည်။

"အင်း...သန္တာအဆင်းရှိတဲ့ တိရိယမည်သောမြက်ဟာချက်တော်မှ ဖောက်ပြီးဘဝဂ်တိုင်ရောက်အောင် တက်တယ်လို့ လည်း မြင်မက်ပြန်တယ်"

"နောက်အိပ်မက်တစ်ခုက ဖြူရောင်အဆင်းရှိတဲ့ ပိုးကောင်တွေဟာ ခြေတော်မှ ပုဆစ်တိုင်တက်တယ်လို့ မြင်မက်တယ်"

www.burmeseclassic.com



ထူးခြားသည့် အိပ်မက်ပေပဲဟု နိမိတ်ဖတ်လိုက်သည်။ ထို့နောက် စတုတ္ထမြောက်အိပ်မက်ကို ထပ်တွေးလိုက်သည်။

"ငှက်အပေါင်းသည် အရပ်လေးမျက်နှာမှလာ၍ ခြေတော်ရင်းမှာလာနားနေကြတယ်။ ပြီးသော် ငါဟာ မစင် တောင်ကိုတက်၍ စင်္ကြံသွားပေမယ့် မစင်တွေလိမ်းကျံခြင်းမရှိဘူးတဲ့"

ဒီအိပ်မက်တွေကို နိမိတ်ကောက်ရင် ငါဟာယနေ့ပင် ဘုရားဖြစ်တော့အံ့။ မှန်ပေသည်။ ငါ၏ ကျင့်ကြံအားထုတ်မှုကား အထွတ်အထိပ်ကိုရောက်ပြီ။ အောင်ပွဲနှင့်လက်တစ်ကမ်းအကွာသာရှိပေပြီ။ လှမ်းဆွတ်ယူရုံသာ ကျန်ရှိပေသည်တကား။

ဘုရားအလောင်းသည် ဤသို့နိမိတ်ဖတ်ကောက်ယူသည်နှင့် ဝမ်းသာမှုပီတိသည် ကိုယ်အလုံးသို့ပျံ့နှံ့သွားသည်။ မိုးသောက်ယံတွင် ဆွမ်းခံထွက်ရန်အချိန်ကိုစောင့်ရင်း ပစ္စက္ခအခြေအနေကို ဆင်ခြင်နေလိုက်လေသည်။

နံနက်လင်းသည်နှင့် သေနနိဂုံးရွာအနီးရှိ ညောင်ပင်ရင်း၌ ခေတ္တနားနေစဉ် အမျိုးသမီးငယ်တစ်ယောက်သည် မြတ်သောဆွမ်းကိုလာရောက် ဆက်ကပ်သည်။

သူမသည်ကား သေနနိဂုံးရွာမှ မဟာသေနသူဌေးသမီး သုဇာတာပင်။ သူမသည် အရွယ်ရောက်ချိန်တွင် မျိုးနွယ်တူ ယောကျ်ားတစ်ဦးနှင့် ပေါင်းဖက်သည်။ နှစ်လရှည်ကြာပေါင်းဖော်သော်လည်း သားယောကျ်ား မဖွားသဖြင့် ဤညောင်ပင်၌ သားဆုပန်သည်။ ဆုပန်ပြီးမကြာမီတွင် သားယောကျ်ားလေးဖွားမြင်သဖြင့် လွန်စွာဝမ်းမြောက်ပြီး ညောင်ပင်စောင့် ရုက္ခစိုးနတ်ကို ပူဇော်လေ့ရှိသည်။ ယနေ့လည်း အချိန်ကျသဖြင့် ဃနာနို့ဆွမ်းကပ်ရန်အလာတွင် ဘုရားရှင်ကို တွေ့သည်။ သူဆုပန်ဖူးသော ညောင်ပင်စောင့်ရုက္ခစိုးနတ် ကိုယ်ထင်ပြသည်ထင်လျက် လွန်စွာ နှစ်သက်ဝမ်းမြောက်စွာဖြင့် ကပ်လှူသည်။ ဘုရားအလောင်းတော်သည် သုဇာတာကပ်လှူသည့် အသပြာတစ်သိန်းတန် ရွှေခွက်ပါခံယူသည်။ ထို့နောက် အနီးရှိ နေရဉ္ဇရာ မြစ်ကမ်းသို့ဆင်းလျက် ရေချိုးသုတ်သင်သည်။ ထို့နောက် တင့်တယ် စွာတင်ပျဉ်ခွေထိုင်ပြီး နို့ဃနာဆွမ်းကို ဘုဉ်းပေးသည်။ ထို့နောက် မြစ်ကမ်းသို့တစ်ဖန်ပြန်ဆင်းပြီး "ငါသည် ယနေ့ ဘုရားဖြစ်မည်မှန်က ဤရွှေခွက်သည် ရေညာသို့ဆန်စေသတည်း"ဟု အဓိဋ္ဌာန်လိုက်သည်။ ရွှေခွက်သည်ရေညာသို့ ဖြတ်လျက်ဆန်ပြီးမှ ရေအောက်သို့ မြုပ်သွားသည်ကိုမြင်ရသော် ဧကန်မုချဘုရားအဖြစ်ရတော့မှာပါလားဟု တွေးမိလေတော့၏။

ဘုရားလောင်းသည် နေရဉ္ဇရာမြစ်မှ တစ်ဖန်ဖယ်ခွာလျက် အင်ကြင်းတောတွင် နေ့သန့်နေပြီး ကာယဂတာသတိဘာဝနာကို စီးဖြန်းနေသည်။ ထို့နောက် မဟာဗောဓိပင်ရှိရာအရပ်သို့ ကြွသည်။ ကြွရာလမ်း၌ သောတ္ထိယ မြက်ထမ်းသမားလှူဒါန်းသော မြက်ရှစ်ဆုပ်ကိုခံယူသည်။ မဟာဗောဓိပင်သို့ တောင်အရပ်မှကပ်သည်။ စကြဝဠာသည် စောင်းထောင်လာဘိအလားထင်၍ ဘုရားဖြစ်ရာအရပ် မဟုတ်ဟုတွေးကာ အနောက်အရပ်ဘက်ရွှေ့၏။ ဤသို့ ပြောင်းရွှေ့ရာ အရှေ့အရပ်ရောက်မှ ပကတိအတိုင်း ကြံ့ကြံ့ခံသဖြင့် ဤအရပ်သာလျှင် ပွင့်တော်မူရာတည်းဟု တွေးလျက် မြက်ရှစ်ဆုပ်ကိုဖြန့်ခင်းသည်။ ထိုအခါ အပရာဇိတပလ္လင်သည် မြေထက်ပေါ်၏။ ဘုရားရှင်သည် အပရာဇိတပလ္လင်ထက် တက်လျက်ထက်ဝယ်ဖွဲ့ခွေထိုင်သည်။

"ငါသည် အာနာပါနစျာန်ကို ဝင်စားအံ့။ ဘုရားမဖြစ်သမျှ ဤနေရာက ငါမထ။ လေးပါးသော ဝီရိယဖြင့် အရိုးကြေကြေ အရေခန်းခန်း မလျှော့သောလုံ့လဖြင့် ကြိုးပမ်းတော့အံ့"

ဤသို့ အဓိဋ္ဌာန်ပြုလျက် ဘုရားအလောင်းတော်သည် ဘုရားဖြစ်ရန်စိတ်ရည်သန်လျက် အာနာပါနကမ္မဋ္ဌာန်း စီးဖြန်း တော်မူလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…သိဒ္ဓတ္ထ၊ ငါပိုင်ဆိုင်တဲ့ ပလ္လင်ထက်က ဆင်းလော့"

ဘုရားလောင်းသည် ဆယ့်လေးတောင်မြင့်သည့် အပရာဇိတပလ္လင်ထက်၌ ထိုင်လျက် အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းစဉ် ကျယ်လောင်သည့် အော်ဟစ်သံကြီးပေါ်လာသည်။ တစ်လောကလုံး ချောက်ချားသွားသည်။

သိကြားမင်းသည် တစ်ကြိမ်မှုတ်လျှင် လေးလမှအသံစဲသော ဝိဇယုတ္တရခရုသင်းကို မှုတ်လျက်ပူဇော်နေစဉ် ကိုအသံကြား၍ ခရုသင်းကိုချလျက်ပြေးသည်။

ကာဠနဂါးသည် ဘုရားရှင်အားတစ်ထောင်သော ဂါထာဖြင့် ချီးကျူးထောမနာပြုနေစဉ် ထိုအသံကြား၍ သမုဒ္ဒရာထဲ ပြေးဝင်ငုပ်သွားသည်။

ပဉ္စသိခနတ်သားသည် ဗေလုဝနတ်စောင်းကို တီးခတ်ပြီး၊ နတ်သမီးများက တေးသီကျူးကခုန်ဖျော်ဖြေစဉ် ထိုအသံကြား၍ အထိတ်တလန့်ကြည့်သည်။ နတ်စစ်သည်ထုကိုမြင်သည်နှင့် ဗေလုဝနတ်စောင်းကို ပစ်ထားခဲ့ပြီး တာဝတိံသာနတ်ပြည်သို့ ပြေးတက်သည်။

ဗြဟ္မာမင်းသည် ထီးဖြူမိုးပေးထားပြီး၊ သုယာမနတ်မင်းက သားမြီးယပ်ကိုခတ်လျက် ပူဇော်နေရာမှ မာရ်နတ် အသံကြား၍ ပြေးလေ၏။

ဝသဝတ္တီမာရ်နတ်မင်းသည် လက်ရုံးတစ်ထောင်ဖန်ဆင်းပြီး လက်နက်မျိုးစုံစွဲကိုင်ထားသည်။ ယူဇနာ (၁၅၀)ရှိ ဂိရိမေခလာဆင်ကို စီးသည်။ လက်ဝဲ-လက်ျာ(၁၂) ယူဇနာရှိပြီး၊ အထက်တွင် ကိုးယူဇနာ၊ နောက်တွင်မူ စကြဝဠာ တံတိုင်းထိရှိသော နတ်စစ်သည်များကလည်း လက်နက်မျိုးစုံ စွဲကိုင်ထားသည်။ သူတို့သည် အရှိန်အဟုန်နှင့် ပြေးဝင်လာပုံ မှာ ဟိမဝန္တာတောင်ကြီးကိုပင် ဖြိုလှဲထားရစ်တော့ မည့်အလား…၊ ဤအင်အားနှင့်သာ ဘုရားရှင်ကို ဝိုင်းဝန်းတိုက်လျှင် မှုန်မှုန်ညက်ညက်ကျေပျက်စရာ အကြောင်းသာရှိသည်။

ဝသဝတ္တီမာရ်နတ်မင်းက ပလ္လင်ကိုအကြောင်းပြုလျက် ဘုရားရှင်ကို တိုက်ခိုက်သည်။ ငါ့ပလ္လင်ထက်မှ ဆင်း…ဟု ခြိမ်းခြောက်သည်။ မိမိ၏ ကာမဘုံအတွင်း ပေါ်ပေါက်သောပလ္လင်ဖြစ်သဖြင့် မိမိပိုင်ဆိုင်သည်ဟု စွပ်စွဲခြင်းပင်။ အမှန်မှာ ဘုရားရှင်အား သောတ္ထိယမြက်ထမ်းသမားပေးလှူသည့်မြက်ရှစ်ဆုပ်မှ ပေါ်ပေါက်လာသော ပလ္လင်တော်ဖြစ်သည်။

ဘုရားလောင်းသည် ရှေးရှေးအခါများမှ ဖြည့်ဆည်းခဲ့သော ပါရမီတော်ကိုယုံသည်။ ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကောင်းမှုကုသိုလ်အရ ပေါ်လာသော ပလ္လင်တော်ကား ဘယ်နည်းနှင့်မျှ မာရ်နတ်မပိုင်ဆိုင်။ ထို့ကြောင့် "သင့်ဟာဟု အဘယ်အထောက်အထားရှိသနည်း"ဟု မေးသည်။ မာရ်နတ်က နတ်စစ်သည်များကို သက်သေထားသည်။ နတ်စစ်သည်များကလည်း ဟုတ်၏၊ မှန်၏ဟု လိမ်လည်ထောက်ခံကြသည်။ ဘုရားရှင်သည် မိမိမှလွဲ၍ အခြားသက်သေ မရှိ။ သို့သော် မိမိပြုသည့် ကုသိုလ်ပါရမီကို အောက်မေ့ဆင်ခြင်လိုက်သည်။ ခဏ၌ လောကတစ်ခွင်လုံး ရေအလျှံဖုံးကာ နတ်စစ်သည်တို့ ဖရိုဖရဲပြို ကွဲကုန်သည်။ ထိုနေ့ နေမဝင်မီ မာရ်နတ်၏ရန်ကို အောင်သည်။

ဘုရားရှင်သည် အာနာပါနစျာန်ကို ထပ်မံဝင်စားပြီး ကျင့်ကြံအားထုတ်ရာ ညဥ့်ဦးယံတွင် ပုဗ္ဗေနိဝါသဉာဏ် ရသည်။ ရှေးရှေးဖြစ်ပြီးသော ကမ္ဘာ အသင်္ချေ၊ ထိုကာလတွင်ဖြစ်ခဲ့သော ဘဝများစွာ၊ ထိုဘဝများ၌ ဖြည့်ဆည်းခဲ့သည့် ပါရမီတို့ကိုမြင်နိုင်ခဲ့၍ ဆက်လက်ကျင့်ကြံအား ထုတ်ပြန်သည်။ သန်းခေါင်ယံရောက်သော် ဒိဗ္ဗစက္ခုဉာဏ်ရသည်။ နတ်တို့၏ မျက်စိအလားမြင်နိုင်သောဉာဏ်ရ၍ သတ္တဝါတို့၏ အဖြစ်အပျက်ဆင်ခြင်နိုင်သည်။သံဝေဂပို၍ဖြစ်ရသည်။ ထိုအခါ ဆက်လက်အားထုတ်ရာ မိုးသောက်ယံတွင် အာသဝက္ခယဉာဏ်ဖြင့် ကိလေသာအပေါင်းကို ထောင်းထောင်း ပယ်ဖြတ် သုတ်သင်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာအာသဝေါတရားကုန်ခန်းသောအခါ မဂ်လေးတန်ကို အစဉ်အတိုင်းရရှိသည်။ ရရှိသော မဂ်ဖိုလ်ကို ဆင်ခြင်သည်တွင် တရားအလုံးစုံကိုသိမြင်သော သဗ္ဗညုတဉာဏ်တော်ကိုရတော်မူသည်။ ထိုနေ့အရုဏ်တက်ချိန်တွင် လောက၏အထွတ်အထိပ်အဖြစ်သို့ရောက်ရှိ သည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်လေတော့သည်။

"ဟယ်...တဏှာလက်သမား၊ သင့်ကို ငါမြင်ပြီ။ သင့်လုပ်ရပ်ကို ငါသိပြီ။ သင်ဆောင်လုပ်အပ်သော ခန္ဓာအိမ်ကို ငါအောင်မြင်နိုင်ခဲ့ပြီ။ နောက်တစ်ကြိမ် တည်ဆောက်ခွင့်ကို သင့်အားမပေးတော့။ ငါသည် သံသရာမှ လွန်မြောက်အောင် ရုန်းထွက်နိုင်ခဲ့ပြီတည်း"

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည်။ အနှစ်နှစ်အလလက ကြိုးစားကြံစည် အားထုတ်ခဲ့သော သဗ္ဗညုတဉာဏ်ကိုရပြီ။ ဤသို့ရအောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ဘဝများစွာ ပါရမီဖြည့်ဆည်းခဲ့ရသည်။လူသာမန်တို့ရနိုင်ခဲ၊ ကျင့်ကြံနိုင်ခဲ၊ ကြိုးစားနိုင်ခဲသော အောင်မြင်မှုကို ဘုရားရှင်သည် ဝီရိယဖြင့် ရယူနိုင်ခဲ့လေတော့၏။

**ကျမ်းကိုး။ ။ဇိနတ္ထပကာသနီ (ပ)တွဲ**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကင်တမွတ် ကြယ်ကိုဆွတ်မည်

သောဏာရဟာန်း၏ဖဝါးသည် ငါး၏ကိုယ်ကိုစားနှင့် မွှန်းသကဲ့သို့ ကွဲအက်ကုန်သည်။ ထိုအကွဲကြောင်းမှ သွေးစိမ်းရှင်ရှင်ကျရာ စကြံလမ်းတစ်ခုလုံး နီရဲနေသည်။ နူးညက်သည့်ဖဝါးပြင်သည် မြေပေါ်ချလိုက်တိုင်း အသည်းခိုက်အောင် နာနေသည်။ အထိပင် မခံနိုင်တော့။ သို့သော် သောဏာကမူ "ငါသည် ရဟာန်းတရားမရ မချင်း အားမလျှော့၊ ငါ့အသက်ပင်သေစေကာမူ သေစေ...တရား အားထုတ်ရင်းသေက မြတ်၏" ဟုနှလုံးသွင်းလျက် ဆက်လျှောက်သည်။

လူတို့ရောပြွမ်းခြင်းမရှိသော ယင်းတိုက်တောသုသာန်တွင် သောဏာမထေရ်သည် တစ်ပါးတည်းလာလျက် သီတင်းသုံး၏။ အိပ်ခြင်းကိုပယ်လျက် ထိုင်ခြင်း၊ ရပ်ခြင်း၊ ဣရိယာပုတ်ဖြင့်သာပွားများရာ လွန်စွာပင်ပန်း၏။ ရပ်ခန္ဓာပင်ပန်းပြီး ညှိုးချုံးကျသွားသည်။ လူရုပ်ပင် မပေါ်တော့။

ဤရဟာန်းသည် စမ္ပာနဂိုရ်မြို့မှ ဥပသေဋ္ဌိသူဌေးကြီး၏သား သူဌေးလေးသောဏာပါဟု ပြောလျှင်ယုံဖွယ်မရှိ။ ကိုယ်တိုင်ဝန်ခံလျှင်ပင် "မဟုတ်တာ...သူဌေးသားသောဏာဆိုတာ ဒီအဆင်းရှိသူမျိုးမှ မဟုတ်ဘဲ" ဟုစောဒက တက်ကြမည်သာ။

မှန်ပေသည်။ သူဌေးသားသောဏာသည်ကား အဆင်းအသရေ ပြည့်စုံသလောက်၊ ဥစ္စာခနေကြွယ်ဝသူ ဖြစ်ပေသည်။

သောဏာ၏ရုပ်သွင်သည် မီးကျီးခဲကဲ့သို့ ရဲရဲပြောင်ပြောင် တောက်လောင်လှဘနန်းသော ဇမ္ဗူရာဇ်ရွှေစင်ကို သွန်းထုထားသည့်အလား ထင်မှတ်ရသည်။ ယောကျ်ားနှယ်ခံ့ညားပြီး မိန်းမသားနှယ်ချောမော၏။ လက်ဖဝါး၊ ခြေဖဝါးတို့သည် လယ်ခေါင်ရန်းပန်းကဲ့သို့ နီစွေးနေပြီး၊ အကြိမ်တစ်ရာဖတ်ထားသည့် ဝါဂွမ်းအလားနူးညက်နေသည်။

သောဏာ ပဋိသန္ဓေနေသည်နှင့် ဖခင်သူဌေး၏စည်းစိမ်သည် ဒီရေအလားတိုးပွားနေသည်။ ရွှေငွေရတနာ၊ စပါးဆန်ရေကလည်း ဘဏ္ဍာတိုက်တွင်းသို့ တဖြောဖြောဝင်လာသည်။ လက်ဆောင်ပဏ္ဏာတွေလည်း အဆက် မပြတ်ရသည်။ မွေးဖွားသည့်အခါ ရှင်းသန့်သော အသရေကြောင့် "ငါ၏သားကား သူ့အမည်ကိုယ်တိုင် ယူလာသူတည်း" ဟုဆိုလျက် သောဏာဟု အမည်မှည့်သည်။

သောဏာ၏မိဘများသည် ပစ္စည်းဥစ္စာကုံလုံကြွယ်ဝသဖြင့် မင်္ဂလာရှိသောသတို့သားမွေးသော် လွန်စွာချစ်မြတ်နိုး သဖြင့် အရွယ်အဆင်းပြည့်စုံသော မိန်းမချောလေး ခြောက်ကျိပ်လေးယောက်အား အထိန်းအယအဖြစ်ခန့်ထားသည်။

သောဏာ၏ခြေလက်နှင့် ဘာတစ်ခုမျှ မလုပ်ရ။ မြတ်သောအာဟာရကိုလည်း မှီဝဲရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပသေဋ္ဌိသူဌေးသည် သားသောဏစားရန် ပယ်ခြောက်ဆယ်လောက်သောမြေကို ညက်အောင်ထွန်စေသည်။ ပကတိရေ၊ နို့သာရေ၊ နို့ရေတို့ဖြင့် နူးစေပြီး၊ သလေးစပါးစိုက်၏။ ဖုံးတုန်းလုံးတုန်း အရွယ်ရောက်သော ကျေးငှက်တို့ မနှောင့်ယှက်စေရန် ရတနာချည်ဖြင့်ပြီးသော ကွန်ယက်ဖြင့် ဖုံးအုပ်၏။ လုံလောက်သော အစောင့်ထားသည်။ မျိုးရင့်သော် နို့သာလေးမျိုးပက်ဖျန်းလျက် သီးနှံကိုရိတ်သိမ်းစေသည်။ သီးနှံဖျားကိုသာ ရိတ်စေပြီး တလင်း၌ခြောက်စေသည်။ ကျီသွင်းသော် နံရံတွင် အင်္ဂတေသရွတ်ကိုမံပြီး နို့သာမှုန့်ကိုခံလျက် အထက်၌သလေးနှံထား၏။ နို့သာမှုန့်တစ်ထပ်၊ သလေးနှံတစ်ထပ်စီလျက် ကျီပြည့်ထည့်ပြီး သုံးနှစ်ထားပြီးမှ ဖွင့်ယူချက်ပြုတ်သည်။

ထိုသလေးစပါးကို ထောင်းဖွပ်သော် ဖွဲနုဖွဲကြမ်းကို သေသောက်ကြူးသူတို့အား သေအိုးတွင် သုံးရန်ပေးသည်။ အကျိုးအကြေကို အလုပ်အကျွေးတို့ စားသုံးစေသည်။ မကွဲမပျက်သော ဆန်ကောင်းသာယူလျက် ကျိုက်ကျိုက်ဆူရေတွင် ထည့်ပြီးဆယ်ယူသည်။ ထို့နောက် ကျိုက်ကျိုက် ဆူသော ထောပတ်၊ ဃနာ၊ ပျားသကာတို့ သွန်းလျက် အငွေ့နှင့်နှပ်၏။ ထိုထမင်းကို ငွေလင်ပန်းနှင့် ခူးခပ်ထည့်လျက် သူဌေးသားကို ပေးသည်။ သောဏသည်မျှတရုံသာ သုံးဆောင်၏။

သောဏသတို့သားသည် သားမွေးလက်ရှစ်သစ်ရှိသောကော်ဇောခင်းထားသည့် စင်္ကြံ၌သာ လမ်းလျှောက်၏။ ရတနာသလွန်ထက်၌ အိပ်စက်၏။ ထိုအချိန် တစ်ရာစီသော ကညာပျိုများက ရွှေယပ်၊ ငွေယပ် ဖြင့် လွှဲခတ်ပေးနေပြီး၊ တေးသီချင်းဖြင့် ဖျော်ဖြေနေသည်။

ဤသို့လူ့လောကတွင် ရနိုင်ခဲသော စည်းစိမ်ချမ်းသာခံစားလျက် ကြီးပွားရာ၊ ပင်ပန်းခြင်းမရှိသဖြင့် ဖဝါးပြင်တွင် ပတ္တမြားနားတောင်း၌ လက်ျာရစ်ကြာချည်သဏ္ဍာန်တင့်တယ်သောမွေးညှင်းတို့ပေါက်နေသည်။ ဤရွေ့ ဤမျှ ထူးခြားသော အသွင်းရှိသည့်အတွက် သောဏသူဌေးသား၏ဂုဏ်သတင်းက ဇမ္ဗူတစ်ဝန်းလုံးတွင် ကျော်စောနေသည်။

ထိုမျှ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသူက ကြမ်းတမ်းခက်ထန် ဆင်းရဲသည့် ရဟန်းဘဝကူးပြောင်းကြောင်း ကြားရသဖြင့် အံ့သြကုန်သည်။ တစ်ဖန်အကျင့်မြတ်ကို အပြင်းအထန် ညှိုးငယ်အောင် ကျင့်ကြံနေကြောင်းကြားရတော့ ပို၍ပို၍ပင် အံ့သြကုန်သည်။

ယင်းတိုက်တော သုသာန်တွင် ရဟန်းတရားကျင့်ကြံနေသူကား ဥပသေဋ္ဌိသူဌေးသား သောဏ ဟုတ်ပါလေစ ဟုပင် သံသယ ဖြစ်နေကြလေသည်။

* * *

မွေးဖွားချိန်မှစ၍ ဂုဏ်သတင်းကျော်ကြားခဲ့သော သူဌေးသားသောဏသည် တင့်တယ်သောအရွယ်ရောက်သော် ပို၍ကျော်ကြားစေပြန်သည်။ သူသည် စောင်းတီးအတတ်တွင် တစ်ဖက်ကမ်းခပ် ထူးချွန်လာသည်။ ဆရာက တစ်ထွာပြလျှင် ရှေးပါရမီကြောင့် တစ်ထောင်ထိမြင်နိုင်သည်။ တီထွင်ဆန်းသစ်သည့် တေးဂီတကို ဖန်တီးတီးခတ်သောအခါ ပဥ္စသိခနတ်သားသည် ဗေလုဝနတ်စောင်းတီးသည့်အလား ငြိမ့်ညောင်းသာယာလွန်းလှသည်။ စပါးကြီးမြွေကို အလမ္ပာယ်ဆရာက ပလွေနှင့် ဖမ်းစားနိုင်သကဲ့သို့ သောဏလုလင်ကလည်း စောင်းအတတ်နှင့် ပရိသတ်ကို ဖမ်းစားနိုင်ခဲ့သည်။

သောဏ၏ရုပ်ဆင်းလှပမှုကို အငမ်းမရလာကြည့်ချင်သူများအတွက် အကြောင်းပြစရာအချက် ဖြစ်လာသည်။ သောဏ၏ စောင်းသံနားခံချင်လို့ဟုအကြောင်းပြလျက် ရပ်ဝေးရပ်နီးမှ တဖွဲဖွဲလာရောက်ကြသည်။

''ငါတော့ သောဏသူဌေးလေးကို မြင်လိုက်ရုံနဲ့ မင်တက်မိသွားတယ်''

''အောင်မယ်၊ ညည်းက စောင်းသံနားထောင်သလိုလိုနဲ့ သူဌေးသားကို လာပိုးတာကိုး''

''စောင်းသံလည်း ကြားချင်လို့ပါ''

''တော်စမ်းပါ ဒေါ်ချမ်းသာရယ်…စောင်းခတ်သံကိုအဝေးက နားထောင်ရင်လည်းဖြစ်သားနဲ့၊ လာပါဟဲ့… ရုပ်ကိုမမြင်ရသေးဘူး။ ရှေ့တိုးကြည့်ရအောင်လေးဘာလေးနဲ့။ အဲဒါ စောင်းသံနားထောင်ချင်တာလား''

www.burmeseclassic.com

www.burmeseclassic.com



''ဒါတော့ ကိုယ်ချင်းစာပါကောင်မရယ်…ညည်းလည်း ငါလိုမိန်းမနောက်ပိုးလုပ်တာပါပဲ…''

မိန်းမသားအချင်းချင်း တီးတိုးတီးတိုး သဖန်းပိုးထိုးသံက တဖြည်းဖြည်းကျယ်လောင်ပြီး ဘေးလူတွေပင် သတိပြုမိသည်။ အချင်းချင်း နားလည်မှုရှိဟန်ဖြင့် ပြုံးလျက်အသံတိတ်ခေါင်းညိတ်ပြသည်။

''ကျုပ်က အစကဒီလောက်မထင်ဘူး''

''ဘာကိုလဲ''

''သူဌေးသားသောဏရဲ့ချောပုံက တော်ရုံတန်ရုံလှတဲ့ မိန်းကလေးလိုက်မမီဘူး၊ ခံစားနေတဲ့ စည်းစိမ်ကလည်း တာဝတိံသာက နတ်သားအလားပဲလို့ ပြောတာလေ…''

''ခုတွေ့တော့''

''ရုတ်တရက်မြင်တော့ ကိုယ့်ဘဝကိုယ်တောင် မေ့သွား တယ်။ ငါများနတ်ပြည်ရောက်နေတာလား…ရွှေသလွန်ထက်မှာ စောင်းတီးနေတဲ့ နတ်သားလေးက ပဉ္စသိခနတ်သားများ လား…ငါ့ကိုသီရိဝစ္ဆထင်လို့ ချစ်တေးတွေသီပြနေတာလား…အဲလိုထင်သွားတာ''

''ကောင်မ''

အချင်းချင်းတီးတိုးပြောပြီး ကွယ်ဝှက်တို့ဆိတ်ကြပုံကြောင့် ပြုံးသူပြုံး၊ ပျော်သူပျော်။ သောဏသူဌေးသားအပါးမှ မခွာနိုင်အောင်ရှိကြသည်။

သောဏသည် ရာဇဂြိုဟ်ပြည်တွင်ကျင်းပမည့် စောင်းတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေခြင်းဖြစ်သည်။ ဇမ္ဗူတစ်ဝန်းလုံးမှ စောင်းဆရာအကျော်အမော်တို့ လာရောက်ယှဉ်ပြိုင်ကြမည်။ ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရကိုယ်တိုင် ကမကထလုပ်ကျင်းပသောပွဲ… ဝေဠုဝန်ကျောင်းတော်အတွင်း ထူးထူးခြားခြားပြုလုပ်သည့်ပွဲမို့ သောဏစိတ်ဝင်စားမိသည်။

ဤပွဲတွင် ဆုရသူသည် ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြုခံရမည်။ ဆုလာဘ်ထိုက်ထိုက်တန်တန်ရမည်ဆို၍ စိတ်ဝင်စားကြသည်။ သောဏကတော့ ဆုလာဘ်အတွက်တော့ မက်မက်မောမောမရှိ။ ဘုရင်မင်းမြတ်က ဘယ်ရွှေဘယ်မျှ ချီးမြှင့်မည်နည်း။ အသပြာတစ်ထောင်လော…၊ နှစ်ထောင်လော။ ထိုမျှလောက်သော ငွေကြေးအတွက် မတုန်လှုပ်။ အာသာငမ်းငမ်းမရှိ။ သူဝင်ရောက်ယှဉ်ပြိုင်မည်မှာ ဂုဏ်သတင်းအတွက်သာ။ သောဏဆိုသည့် သူဌေးသားသည် စောင်းပညာတွင် အထွတ်အထိပ်ဟု သတ်မှတ်ခံရသည့်ဂုဏ်ကိုသာ မက်မောသည်။

ထိုက်တန်သောဂုဏ်အတွက် သောဏပြင်ဆင်ထားသည်မှာလည်း ကြည့်ဦး။ သူ၏ညာဘက်တွင် ရွှေအိုရောင်စောင်းကိုင်ထားသည့် လုလင်ငါးရာ။ သူတို့သည် ရဲရဲပြောင်ပြောင်နီမြန်းသော ပိုးလုံချည်၊ ပိုးအင်္ကျီများဝတ်ဆင်လျက် ပဝါဖြူများပေါင်းထားသည်။ လုလင်တို့၏ အသက်အရွယ်သည် သောဏထက်လည်းမကြီးလွန်း၊ မငယ်လွန်းဖြစ်ပြီး၊ အရွယ်တူရုပ်ရည်သန့်ပြန့်သည့် လူငယ်တွေချည်းဖြစ်ရမည်။

သူ၏လက်ဝဲဘက်တွင် ငွေသားရောင် စောင်းများကို ကိုင်ထားသည့် လုလင်ငါးရာ။ ထိုသူတို့သည် ကျောက်စိမ်းရောင် ပိုးလုံချည်၊ အင်္ကျီကိုဝတ်ဆင်ထားပြီး ပဝါဖြူပေါင်းထားသည်။ ထိုလူငယ်တစ် ထောင်ခြံ ရံနေသည့် သောဏလုလင်သည် အလယ်ရှိ ပလ္လင်ထက်တွင် ထိုင်မည်။ သပြေသီးမှည့်အဆင်းရှိရတနာခုနစ်ပါးစီခြယ်ထားသော စောင်းကိုပိုက်လျက်၊ ရွှေအိုရောင်ဝတ်စုံကိုဝတ်ဆင်ထားရာ၊ ရွှေအသားဖြင့် ထုဆစ်ထားသည့် ရွှေမင်းသားလေးအလား မှတ်ထင်ရသည်။

ဦးစွာလက်ျာဘက်ရှိ လုလင်များက စောင်းငါးရာကို တစ်ပြိုင်တည်း တီးခတ်သည်။ ထိုတီးကွက်အတိုင်းပင် လက်ဝဲဘက်ရှိလုလင်များက ဒုတိယအကြိမ်ထပ်မံ တီးခတ်သည်။ သူတို့တီးသွားသည့် အတိုင်း သောဏလုလင်က

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း တီးခတ်သည်။ ငါးရာသောစောင်းတို့၏ အသံကိုပင်ဖုံးလွှမ်းလျက် ကြည်မြပီသသည့် စောင်းသံကိုကြားလိုက်ရသည်မှာ နားထောင်သူတို့ နှလုံးကိုဆွဲယူထားသည့် အလားရှိပေသည်။ လုလင်ငါးရာထက် တီးကွက်ဆန်းပြား၊ အကွန့် အညွန့်တပ်လျက် တီးခတ်သဖြင့် ရင်သပ်ရှုမောအံ့သြနေကြသည်။

စမ်းသပ်လေ့ကျင့်မှုပင် ဤမျှထည်ဝါနေလျှင် တကယ့်ပြိုင်ပွဲဝင်လျှင် အဘယ်မျှပင်ရှိမည်ကို မှန်းဆကြည့်မိကြတော့သည်။

* * *

ဝေဠုဝန်ဥယျာဉ်ထဲတွင် မဏ္ဍပ် နှစ်ခုက မလှမ်းမကမ်းတွင် ယှဉ်လျက် ဆောက်ထားသည်။ ခမ်းနားစွာပြင်ဆင်ထားပုံမှာ အံ့သြရလောက်သည်။ သို့သော် မဏ္ဍပ်နှစ်ခုအနက် တစ်ခုမှာမူ တရားပလ္လင် တစ်ခုသာချထားသည်။ ပရိသတ်က မရှိသလောက်ပင်။ ဝေယျာဝစ္စ လုပ်သူနှင့် သန့်ရှင်းရေးလုပ်နေသူလောက်သာရှိသည်။

အခြားမဏ္ဍပ်ကမူ ပရိသတ်ကတိုးမပေါက်အောင်ပင်စည်ကားနေသည်။ မဏ္ဍပ်တွင်း၌သာမဟုတ် မဏ္ဍပ်သို့လာရာ နတ်လမ်း၏ဝဲယာ တစ်လျှောက်တွင်လည်း ပရိသတ်များအုံခဲနေသည်။ ကျပ်သိပ်နေသည်။ ဆူညံနေသည်။ အားလုံးကမူ တစ်စုံတစ်ယောက်ကို မျှော်နေဟန်ဖြင့် ဝင်ပေါက်ဆီသို့ ငဲ့စောင်းနေကြသည်။

"ဟော…လာပြီ"

တစ်စုံတစ်ယောက်၏အော်သံကြောင့် လူအုပ်ကြီးက ပုရွက်အုံကို တုတ်နှင့်ထိုးသည့်အလား လှုပ်လှုပ်ရွရွဖြစ်သွားသည်။

ရာဇဗြိုဟ်မြို့လမ်းမကြီးပေါ်တွင် မြင်းလေးကောင်ကသည့်ရထား ရွရွလေးပြေးလာသည်။ ထိုရထားလမ်းဘေးနှစ်ဖက်တွင်လည်း ရထားငါးရာစီခြံရံပါလာသည်။ နေနတ်သားသည် ကြယ်တာရာအပေါင်း ခြံရံလျက်လောကအတွင်း ဆင်းလာသည့်နှယ်…။

"အံ့သြစရာကောင်းလိုက်တာ…"

"သူဌေးသားသောဏပဲလေ…ဒီလောက်တော့ရှိမှာပေါ့"

"စောင်းပြိုင်ပွဲဝင်လာတာမှ ဟုတ်ရဲ့လား…"

"အဟဲဟဲ၊ စောင်းပြိုင်ပွဲက အဓိကမဟုတ်ဘူးလေ…"

"နို့၊ ဘာကအဓိကလဲ"

"သောဏလေ…သောဏ။ စကြဝတေးမနတ်မင်းက လွဲရင်လူတို့ ကြည့်သင့်တဲ့သူက သောဏပဲမဟုတ်လား"

အချင်းချင်းပြောဆိုနေစဉ် ရထားရပ်သွားသည်။ အလုပ်အကျွေး လုလင်တွေ ရထားပေါ်မှ ပြေးဆင်းလာသည်။ မွေးပွကော်ဇောကြီးတစ်ခုကို လျှောက်လမ်းပေါ်တွင် ဖြန့်ခင်းလိုက်သည်။ ထိရက်ကိုင်ရက်စရာပင်မရှိသည့် ကော်ဇောပေါ်သို့ သူဌေးသားသောဏခြေချလိုက်ပုံမှာ ကချေသည်မလေး၏ အချိုးကျသော ခြေအကျ၊ လက်အကျနှယ်…။

"အဲဒီခြေဖဝါးကို ငါ့မျက်နှာနဲ့ ထိစမ်းကြည့်ချင်လိုက်တာ"

"ကောင်မနယ်"

"သိချင်လို့ပါအေ…ဖဝါးပြင်မှာ အမွေးလေးတွေ ပေါက်နေလောက်အောင် နူးညံ့ရတဲ့ ခြေထောက်မို့ပါ"

ပြောနေစဉ်မှာပင် သောဏသည် လုလင်များခြံရံလျက် ပြိုင်ပွဲဝင်များရှိရာ မဏ္ဍပ်တွင်းသို့ ဝင်သွားသည်။ ပြိုင်ပွဲဝင် အမြောက်အမြားကြားတွင် သောဏထိုင်လိုက်သည့်အခါ၊ လမင်းကြီးသည် ကြယ်တာရာများ ခြံရံထွန်းလင်းသကဲ့သို့ ရှိနေသည်။

စောင်းတီးပြိုင်ပွဲစတင်တော့မည့်ကြေညာသံပေါ်လာသဖြင့် မဏ္ဍပ်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။ ဘယ်နိုင်ငံ၊ ဘယ်ပြည်သား လာရောက်ပြိုင်ပွဲဝင်သည်ကို သိချင်ဟန်ဖြင့် ခေါင်းလေးတွေ ငဲ့ကာ၊ စောင်းကာ ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စောင်းသမား နေရာယူပြီး လက်စွမ်းပြတီးခတ်သည်။ တောဘွဲ့တောင်ဘွဲ့သီချင်းတစ်ပုဒ်။ သံစဉ်များဖြင့် တောတွေ၊ တောင်တွေ၊ စမ်းချောင်းရေတံခွန်တွေကို ဖွဲ့နွဲ့ထားသည်မှာ အဆန်းတကြယ်ရှိလှသည်။ တကယ့် တောတောင် ထဲရောက်သည့်အလား ခံစားရသည်။ သီချင်းဆုံးသည်နှင့် သြဘာလက်ခုပ်သံတွေ ပေါ်ပေါက်လာသည်။

ထို့နောက် ဒုတိယပြိုင်ပွဲဝင်စောင်းသမားတက်လာပြန်သည်။

ဒုတိယမြောက်ပြိုင်ပွဲဝင်ဆင်းသွားချိန်တွင် ကြေညာသူ၏အသံ ပေါ်လာသည်။

"စမ္ပာနဂိုရ်မြို့မှ မဟာဥပသေဋ္ဌိသူဌေးကြီးရဲ့သား သောဏ"

ကြေညာသံအဆုံးတွင် သြဘာလက်ခုပ်တီးသံ၊ အော်ဟစ်အားပေးသံ၊ လက်ကွင်းမှုသံတွေ စီစီညံသည်။ စောင်းလက်သံကို နားမဆင်ရသေး။ အားလုံးက သောဏကိုဆုပေးချင်နေပြီ။ အားလုံးသော ပြိုင်ပွဲဝင်တွေထက် အလေးသာနေပြီကိုး။

သောဏနှင့် လုလင်တစ်ထောင်အစီအစဉ်တကျနေရာယူပြီး စတင်တီးခတ်သည်။ လုလင်တစ်ထောင်နှင့် တစ်လှည့်စီအစွမ်းပြတီးကြပြီး၊ မသိမသာတီးကွက်ပြောင်းသွားပုံမှာ ညင်သာသည်။ ညက်ညောသည်။ လုလင် တစ်ထောင်၏စောင်းသံများတိတ်ဆိတ်ပြီး၊ သောဏ တစ်ယောက်တည်း တီးခတ်သံပေါ်လာသည်။ စမ္ပာနဂိုရ်မြို့ကို ချီးပ ထားသည့် မြို့ဘွဲ့။ သာမန်မြို့ပြလေးသည်ပင် ရာဇဂြိုဟ်နှင့် ကောသလတိုင်းကြီးပြည်ကြီးကို ယှဉ်နိုင်အောင် ဖွဲ့ဆိုထားပုံမှာ အံ့မခန်းပင်။

ပရိသတ်သည် သူ၏စောင်းသံတွင်နစ်မျောနေသည်။ သောဏသည် မိမိ၏တေးသီချင်းအပေါ် အာရုံ နှစ်မြှုပ်လျက် ရသကိုခံစားနေသည်။ နူညက်ဖြူဖွေးသည့်လက်ချောင်းလေးများက စောင်းကြိုးပေါ်တွင် ပြေးလွှားနေသည်။ ကြိုးတန်းပေါ်တွင် ငှက်လေးတစ်အုပ် နားချည်၊ ပျံချည်လုပ်နေသည့်အလား လှုပ်ရှားနေသည်။ သောဏသည် စောင်းကို ယုယစွာ ပွေ့လျက်၊ မျက်လုံးအစုံကိုမှိတ်လျက် တီးခတ် နေသည်။ မိမိ၏ ဂီတအရသာကို ပရိသတ် ဘယ်ရွေ့ဘယ်မျှ ကြည် မွေ့နေမလဲဟုတွေးပြီး စိတ်ထဲမှပီတိဖြစ်နေသည်။ အတို့၊ အဆတ်၊ အထိ၊ အခတ်၊ အဖိ တွေဖြင့် ဆန်းကြယ် စွာတီးခတ်လိုက်ပြီး ကျေနပ်ပီတိဖြစ်စွာဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

"ဟယ်..."

* * *

စောစောက အုန်းအုန်းကျွက်ကျွက် ကြိတ်ကြိတ်တိုး တိုးဝှေ့ကြည့်ရှုနေသော ပရိသတ်ကြီးသည် တစ်ဖက် မဏ္ဍပ်ဆီ ဘယ်လိုရောက် ကုန်သည်မသိ။ ပြိုင်ပွဲဝင်မဏ္ဍပ်ထဲတွင် သူနှင့်သူ၏အလုပ်အကျွေးလုလင်များသာ ကျန်ရစ် သည်။ အခြားပရိသတ်များကမူ တစ်ဖက်မှာရှိသည့်မဏ္ဍပ်တွင် စနစ်တကျနေရာယူလျက် လက်အုပ်ချီထားသည်။ သူတို့အားလုံးသည် ပလ္လင်ထက်၌စံပယ်နေသော ဘုရားရှင်ကို ဦးခိုက်ကြည်ညိုနေသည်။

စောစောက မိမိအပါးတွင် တရစ်ဝဲဝဲလုပ်နေသူအားလုံးသည် ဘုရားရှင်အပါးရောက်နေပြီ။ ၃၂-ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံသော ဘုရားရှင်၏ အသရေသည် သောဏကို ဖုံးလွှမ်းသွားလေပြီ။ ပိုးစုန်းကြူး၏ အလင်းရောင်သည် လမင်း၏အရောင်အောက်ကွယ်ပျောက်ရသကဲ့သို့ သောဏ၏ အဆင်း အသရေသည် ဘုရားရှင်အားမယှဉ်သာ။ လူတွင်သာမဟုတ် နတ်၊ ဗြဟ္မာပြည်၌ပင် မရှိနိုင်သော အသရေတော်ကို မြင်ရသော သောဏသည် ဘုရားရှင်ရှိရာ မဏ္ဍပ်ဆီသို့ ကူးခဲ့သည်။

"ချစ်သား သောဏလာလော့"

ဘုရားရှင်သည် သောဏသတို့သားကို အလေးဂရုထား၍ ခေါ်လိုက်သည်။ သောဏသည်လည်း ဘုရားရှင်အား တဝကြီးဖူးမြော်နိုင်ရန် ရှေ့ဘက်ကျကျနေရာ၌ ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် ရောက်လာသောပရိသတ်နှင့် သောဏလုလင်ကို ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ စသည့်ဖြင့် ဟောစဉ်အတိုင်းဟောသည်။ မြတ်ဘုရား၏တရားနာရသော် သောဏသည်လောကီစည်းစိမ်သည် လည်းကောင်း၊ အဆင်း ရူပကာသည်လည်းကောင်း အစိုးမရသည့် သဘော၊ ဆင်းရဲသည့်သဘော၊ မမြဲ နိုင်သည့် သဘောကို ဆင်ခြင်မိသည်။ မိမိဘဝအပေါ်ကြည်နူး နှစ်သိမ့်နေမိသောသောဏသည် ဉာဏ်နှင့်ယှဉ်သောသံဝေဂ ဖြစ်မိသည်။

"ဘုန်းတော်ကြီးသော မြတ်ဘုရား၊ တပည့်တော်အား ရဟန်း ပြုခွင့်ပေးတော်မူပါ"

"ချစ်သား သောဏ၊ မိဘအုပ်ထိန်းမှုမကင်းသောသူသည် မိဘ၏ခွင့်ပြုချက်ရမှ ငါဘုရား၏ သာသနာ၌ လက်ခံပေတယ်။ ခွင့်တောင်းချေဦး"

သောဏသည် ထိုစကားရသည်နှင့် စမ္ပာနဂိုရ်မြို့သို့ ပြန်လာပြီး မိဘများထံမှ ခွင့်တောင်းသည်။ သို့သော် တစ်ဦးတည်းသောအမွေခံသားဖြစ်၍ မိဘများက ခွင့်မပေးပေ။ ရဟန်းဖြစ်ချင်သော သောဏကမူ ခွင့်မပြုလျှင် အစာမစား၊ အစာရေစာမစားရ၍ သေလျှင်လည်း သေစေတော့ဟု ပြောလျက်တင်းခံသည်။ သား၏အခြေအနေကြည့်ပြီး အဆုံးရှုံးမခံနိုင်သဖြင့် ခွင့်ပေးလိုက်ရသည်။ သောဏသည် ဘုရားထံ ပြန်လာပြီး ရဟန်းပြုလေသည်။

သောဏလုလင်ရဟန်းပြုသွားကြောင်း ကြားသည်နှင့် ပရိသတ်များက ဝေဠုဝန်ကျောင်းသို့ ဝင်လာမစဲဖြစ်နေ ပြန်သည်။ မိဘဆွေမျိုးများ၊ သူငယ်ချင်းအပေါင်းအသင်းများ မပြတ်လာရောက် ပူဇော်နေရာ ကမ္မဋ္ဌာန်းအလုပ်ပင် ကောင်းကောင်း မလုပ်နိုင်။ ထို့ကြောင့် လူသူများ စက်ဆုပ်ကြောက်ရွံ့သည့် ယင်းတိုက်တောသုသာန်တွင် ရဟန်းတရား ကျင့်သည်။ ခရောင်းလမ်းကမူ၊ ကမူ၊ ဆူးငုတ်တို့နှင့် ပြွမ်းသော လမ်းတွင် စင်္ကြံကြွရင်းတရားရှုရာ၊ နဂိုကတည်းက နူးညက်သော ခြေထောက်သည် ကွဲအက်ကုန်၏။ ဖားနှင့် လှီးထားသည့်အလား ခြေဖဝါးများကွဲပြီးထိုအကွဲများကြားမှာ သွေးတို့ကျသည်မှာ စင်္ကြံလမ်းတစ်လျှောက်လုံးရဲရဲနီနေသည်။ သောဏရဟန်းသည် မကြုံဖူးသော ဒုက္ခဆင်းရဲ ကြုံရသည်။ သို့သော် သံသရာတွင် ကြုံတွေ့ရမည့်ဒုက္ခများက ပို၍ဆိုးဝါးသည်ကို ဆင်ခြင်မိသည်။ သို့ဖြစ်၍ ရဟန်းတရားကို မရမနေ အားထုတ်တော့အံ့ ဟုဆုံးဖြတ်လျက် မလျှော့သောလုံ့လဖြင့် ကြိုးစားသည်။

သောဏမထေရ်သည် ခြေဖဝါးတို့အလွှားလိုက်ကွာကျလျက် စင်္ကြံပင် မလျှောက်နိုင်ပြန်သော် ထိုင်လျက်ရှု၏။ သို့သော် ပြင်းပြင်းထန်ထန်ကြိုးစားသော်လည်း နိမိတ်မျှမထင်။ "ဩော်…ငါသည် ဟောသမျှသာမှတ်နိုင်သော ပဒပရမပုဂ္ဂိုလ်ဖြစ်လိမ့်မည်" "ညုံ့နွံ့နဲ့လှချေတကား" ဟုစိတ်ပျက်အားလျော့သည့် အတွေးဝင်လာသည်။ ထို့နောက်တစ်ဖန် "ငါသည်လောကီစည်းစိမ်ခံစားဖူး၍ တရားထူးနှင့်ဝေးပုံရသည်၊ လောကီစည်းစိမ်ကိုအတိုင်းမသိပြန်ခံစားပြီးမှ ချမ်းသာကိုရှာအံ့"ဟု တွေးသည်။ ထိုအတွေးဖြစ်သည်ကို ဘုရားရှင်ကသိမြင်၏။ ဘုရားရှင်သည် သံဃာတော်များ ခြံရံလျက် ယင်းတိုက်တောသို့ ကြွလာသည်။ ကျင့်နည်းမမှန်၍ အားပျက်နေသော သောဏအား၊ ဝီရိယလွန်၍ပျံ့လွင့်တတ်သော သဘောရှိပုံကိုပြသည်။ စောင်းကြိုးလျော့လျှင် အသံမကောင်းသကဲ့သို့ တင်းလွန်းလျှင်လည်း အသံမမှန်၊ မလျော့မတင်း စောင်ကြိုးညှင်းသို့ ကျင့်ရမည့်သြဝါဒပေးသည်။

သောဏမထေရ်သည် ဘုရားရှင်အဆုံးအမကိုနာယူလျက် ဝီရိယနှင့် သမာဓိ၊ သတိနှင့် ပညာကို မျှတစွာအားထုတ်ရာ မကြာမီကာလတွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးရသော ရဟန္တာပုဂ္ဂိုလ် အဖြစ်ရောက်သည်။ ဘုရားရှင်သည် ဇေတဝန်ကျောင်းရောက်သော် ရဟန်းတို့အား ဧတဒဂ်အရာချီးမြှင့်ရာတွင် သောဏမထေရ်အား ဝီရိယအရာတွင် ငါဘုရားမှလွဲ၍ လွန်ကဲသူမရှိ ဟူသော "အာရဒ္ဓဝီရိယ ဧတဒဂ်" ထားလေ၏။

ကျမ်းကိုး။ ဓိနတ္ထပကာသနီ

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးတစ်ချက်

အကြိမ်ကြိမ်သွားလာခဲ့သည့် ခရီးတို့တွင် ဤခရီးသည် ဒုက္ခအပေးဆုံး။ တစ်ခါဖူးမျှ ဤကဲ့သို့ဒုက္ခရောက်သည့် အဖြစ်မျိုးမကြုံတွေ့ခဲ့။ ခရီးစမထွက်ခင်ကတည်းက အန္တရာယ်များမှန်းတော့သိသည်။ သို့သော် လှည်းမှူးကြီး၏ အရည်အချင်းကို သူယုံကြည်သည်။

လှည်းမှူးကြီးသည် အရည်အချင်းပြည့်ဝသော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ သူသည် မြော်မြင်တွေးခေါ်နိုင်သည်။ မှန်ကန်သည့် အဆုံးအဖြတ်ပေးနိုင်သည်။ လက်အောက်ငယ်သားတို့အပေါ် သာတူညီမျှအခွင့်အရေးပေး ဆက်ဆံတတ်သည်။ လူငယ်များအားလုံးနှစ်သက်သည်မှာ အနစ်နာခံသည့်စိတ်ဓာတ်ပင်။

လှည်းမှူးကြီးသည် လုပ်စရာရှိလျှင် သူကိုယ်တိုင်လုပ်သည်။ ခေါင်းဆောင်ဆိုပြီး လက်ညှိုးထိုးခိုင်းခြင်းမရှိ။ ဦးဆောင်လမ်းပြ ရှေ့ကလုပ်သည်။ ခေါင်းဆောင်ကိုယ်တိုင်လုပ်နေသည်မှာ အမြင်မတော်၍ တစ်ဦးဦးကဝင်လုပ်လျှင် "ရပါတယ်…၊ မင်းတို့နားနားနေနေ နေကြပါ။ ဒီလောက်တော့ ငါလုပ်နိုင်ပါတယ်"ဟု ဆီးကြိုပြောသည်။ အတင်းဝင်လုပ်မှ ဘေးဖယ်ပေးသည် လုပ်စရာရှိလျှင် သူကပိုလုပ်ပြီး၊ ခံစားခွင့်ရှိလျှင် နောက်ကျခံစားတတ်၍ တပည့်အားလုံးက ချစ်ခင်ခြင်းခံရသည်။

လှည်းမှူးကြီးနှင့် ခရီးထွက်သည့် အကြိမ်ပေါင်းမနည်းတော့။ ထွက်လေတိုင်း ပြဿနာနည်းပါးပြီး အလွယ်တကူအောင်မြင်သည်ချည်း။ ယခုတစ်ခေါက်တွင်မူ လှည်းမှူးကြီး ကိုယ်တိုင်အန္တရာယ်ကြိုမြင်ဟန်ဖြင့် စကားစလာသည်။

"တို့အခုထွက်မယ့်ခရီးက ယူဇနာ (၆၀) နီးပါးရှိတဲ့ သဲကန္တာရခရီးသွားရမှာ ဖြစ်တယ်…ခက်ခဲတဲ့လမ်းပဲ။ အန္တရာယ်များလို့ မလိုက်သည်းနေနိုင်ပါတယ်။ အေး…ခရီးလမ်းခက်ခဲရင် အကျိုးအမြတ်ပိုရတတ်တဲ့သဘောတော့ ရှိတယ်။ ဒုက္ခနဲ့သုခက ဒွန်တွဲနေတယ်"

"လှည်းမှူးကြီးရှိနေမှတော့ ဘာကိုစိုးရိမ်ရမှာလဲ"

ခွန်အားဗလတောင့်တင်းသန်မာပြီး၊ မဆုတ်မနစ်လုပ်တတ်သည့် အသွင်ရှိသော လှည်းသမားဗလကြီးက ယုံကြည်ချက်အပြည့်နှင့် ပြောလိုက်သည်။ သူ့စကားကြောင့်တွေဝေနေသူများပင် အားတက်လာသည်။ ဘုရားအလောင်း လှည်းမှူးက ဗလကြီးကိုကြည့်လျက် သဘောကျဟန် ဖြင့်ပြုံးသည်။

"ဒါဆို၊ မင်းက လိုက်မယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



''ထိပ်ဆုံးကသာ စာရင်းတို့ထားလိုက်''

''တခြားလှည်းသားတွေရော…''

''လိုက်မှာပေါ့ဆရာ…ဆရာနဲ့ပဲဟာ''

''အဟဲဟဲ။ ကျုပ်ကိုချည်းအားကိုးလို့မရဘူး။ ကြုံတွေ့လာမယ့် ပြဿနာကို ညီညီညွတ်ညွတ်ပူးပေါင်း ဖြေရှင်းဖို့က အဓိက''

''အဲဒါတွေပြောမနေပါနဲ့ ကိုယ့်လူတို့ရာ…ဒီခရီးကို မလိုက်ချင်ရင် နောက်ထွက် လိုက်ကြမှာမဟုတ်ဘူးလား လှည်းမှူးကြီး''

ဗလကြီးက တွေဝေနေသည့် လှည်းသမားများ၏အမူအရာကို မနှစ်မြို့ဟန်ဖြင့် ခပ်ပြတ်ပြတ်ဝင်ပြောသည်။ သူ့သဘောနှင့် သူပြောပြီး လှည်းမှူးကြီး၏သဘောထားဖြစ်လေဟန် အဆုံးသတ်လိုက်၍ လှည်းမှူးကြီးက ပြုံးလိုက်သည်။

''ကဲ၊ ဆန့ဘယ်လိုလဲ''

''လိုက်မှာပါ…အားလုံးလိုက်ကြမှာပါ။ အလုပ်လုပ်ရင် အခက်အခဲဆိုတာတော့ ကြုံတတ်တာပဲ။ ဒါကို တွေးနေရင် ဘာအလုပ်မှဖြစ်မှာမဟုတ်ဘူး''

''ဟုတ်ပြီ၊ အခုသွားမယ့်ခရီးစဉ်မှာ ဝန်အပြည့်တင်ထားတဲ့လှည်းငါးရာ ပါမယ်။ လှည်းသားငါးရာ၊ ကူဖော်လောင်ဖက်ကတစ်ရာ…နွားတစ်ထောင်၊ အရန်ခေါ်လာမယ့်နွားက ရှစ်ဆယ်အဲဒီလူနဲ့နွားအတွက် ရိက္ခာတွေကို လှည်းတိုင်းမှာ အချိုးကျတင်မယ်။ ဒီခရီးမှာ မောင်သုတမပါလို့တော့ မဖြစ်ဘူး''

စာအုပ်လေးတကိုင်ကိုင်၊ စာကြည့်မှန်ဘီလူးလေးနှင့် အမြဲတမ်းတကုပ်ကုပ်အလုပ်ရှုပ်နေသော မောင်သုတကို ခေါ်မည်ဆို၍ ဗလကြီး ခေါင်းထောင်ကြည့်သည်။ သူ့အမူအရာက ''ဒီကောင်ကို ဘယ်နေရာ သွားအသုံးချမှာလဲ'' ဟုမေးချင်သည့်အမူအရာ။ ဗလကြီးမမေးမီမှာပင် လှည်းမှူးကြီးက လက်ပြတားလိုက်သည်။ ဘာမဟုတ်သည့် စကားတစ်လုံးကြောင့် အချင်းချင်းစိတ်ဝမ်းကွဲသည်မျိုး မလိုလား…။

''တို့ခရီးဟာ သဲကန္တာရကိုဖြတ်ရမှာပါ။ ယူဇနာ တစ်ထောင်နီးနီးရှိတဲ့ခရီး။ အေး…ယူဇနာတစ်ထောင်ကျော် ခရီးတွေ သွားဖူးလာဖူးတော့ ဒီလောက်များလို့ တွေးစရာရှိတယ်။ အဲလိုမတွေး ပါနဲ့။ ကုန်းလမ်းခရီးမှာ ဘာမှ အခက်အခဲမရှိပေမယ့် သဲကန္တာရခရီးက လမ်းမရှိဘူး။ ရှိဖူးသွားဖူးတဲ့လမ်း ဆိုရင်လည်း သဲမုန်တိုင်းတွေတိုက်လို့ ပျောက်ကွယ်နေမှာ အမှန်ပဲ။ လမ်းမရှိတဲ့အပြင် အမှတ်အသားထားနိုင်တဲ့ သစ်တောသစ်ပင်တွေကလည်း ကန္တာရထဲမှာ မရှိဘူး။ ဒီတော့ တို့အားကိုးသွားရမှာက ကောင်းကင်မှာရှိတဲ့ နက္ခတ်တွေပဲ''

လှည်းမှူးကြီးစကားဆုံးမှ မောင်သုတကိုဘာကြောင့်ခေါ်လာရသည်ကို ရှင်းသွားသည်။ အရေးအကြီးဆုံး ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံရတော့ မောင်သုတက ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် သူ့လက်ထဲက စာအုပ်ကို ထောင်ပြ သည်။ ''ဟောဒီထဲမှာ ကန္တာရကို ဖြတ်သန်းရမယ့်နည်းတွေပါတယ်''ဟူသော အဓိပ္ပါယ်မှန်း နားလည်လိုက်သည်။

''အေး၊ ဒီခရီးမှာ ငါက ကွပ်ကဲမယ်ဆိုပေမယ့်၊ အဓိကဦးဆောင်သူကတော့ မောင်သုတပဲ။ သူညွှန်တဲ့ လမ်းအတိုင်း တို့ကသွားရမှာ…တောင်အရပ်ကိုမောင်းပါဆိုရင် တောင်ဘက်မောင်းရုံပဲ။ နားပါဆိုရင် နားရုံပဲ။ ဒါကြောင့် လှည်းသားတွေနဲ့ ငါတို့ရဲ့အသက်ဟာ မောင်သုတအပေါ် တည်နေတယ်''

သည်စကားကြားတော့ လှည်းသမားများက မောင်သုတကို အားကိုးသည့်အမူအရာများပေါ်လာသည်။ ဘာအသုံးကျမှာလဲ…ဟု ပြောချင်နေသည့် ဗလကြီးလည်း ပါးစပ်ပိတ်သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မောင်သုတက ကောင်းကင်၊ နေ၊ လ၊ နက္ခတ်အခြေအနေကို တွက်ချက်လျက် ''ထွက်ကြစို့'' ဟုအချက်ပေးသည်။

မောင်သုတသည် ရှေ့ဆုံးလှည်းတွင်နေရာယူပြီး၊ လှည်းမှူးကြီးက ဒုတိယမြောက်လှည်းမှာ လိုက်ပါသည်။ ခရီးမထွက်ခင်ကတည်းက လှည်းအုပ်ကြီး ဖရိုဖရဲမဖြစ်အောင် ရှေ့ကဘယ်လိုမောင်း၊ နောက်က ဘယ်ပုံလိုက်၊ လှည်းတစ်စီးနှင့် တစ်စီးမျက်ခြည်ပြတ်သွားရင် စောင့်ခေါ်ဖို့အချက်ပြ၊ မည်သည့်အကြောင်းပေါ်ပေါ် လှည်းအုပ်တွင်းရှိလူများ အားလုံးသိပါစေ…ဟု မှာထား၍၊ တစ်မျှော်တစ်ခေါ်လှည်းတန်းကြီးက စနစ်တကျခရီးဆက်ခဲ့သည်။ သို့နှင့် သဲကန္တာရကိုဖြတ်ဖို့ အခြေအနေ ရောက်တော့ လှည်းတပ်ဖွဲ့ကိုအရိပ်ရသည့် တောအုပ်တစ်ခုတွင် နားလိုက်သည်။

''ကဲ၊ ခရီးကြမ်းကစပြီ…၊ ဒီခရီးမှာ တို့များအားလုံးနေ့ဘက် နားနေပြီး၊ ညဘက်ကျမှ လရောင်ကိုအားပြုပြီး သွားရလိမ့် မယ်…ကိုယ်မကျွမ်းကျင်တဲ့ခရီးမို့ မောင်သုတညွှန်တဲ့အတိုင်း တစ်သဝေမတိမ်းလုပ်ကြပါ''

မောင်သုတ၏လမ်းညွှန်ချက်အတိုင်းခရီးဆက်ခဲ့ရာ ယူဇနာတစ်ရာငါးဆယ်ကျော် ခြောက်ဆယ်နီးပါးပင်ပေါက်ပြီ။ "နောက်ထပ် ကိုးယူဇနာကျော်သွားလျှင် ကန္တာရကိုလွန်ပြီ။ ကန္တာရကိုလွန်လျှင် ကန္တာရကိုကျော်လွှားနိုင်လျှင် ခရီးဆုံးပြီ။ အောင်ပြီဟု တွက်ပြီး ပျော်နေကြသည်။

''မင်းပြောတာအမှန်ပဲလား သုတ။ နောက်ထပ် ကိုးယူဇနာ ပဲသွားရတော့မယ်၊ ဒါသေချာတယ် နော်…''

''ဗလကြီးရာ…မင်းငါ့ပညာကိုယုံစမ်းပါ။ ဒီလမ်းခရီးမျိုး မသွားဖူးပေမယ့် ကောင်းကင်ပေါ်က နက္ခတ်တာရာတွေက တို့ကိုဖုံးကွယ် မထားဘူး''

''ဒါတော့ ဟုတ်ပြီ။ ရှေ့မှာ ကိုးယူဇနာပဲရှိတော့တယ်လို့ ဘာကြောင့် အတတ်ပြောတာလဲ''

''တို့သွားနှုန်းနဲ့၊ တို့သွားခဲ့တဲ့ရက်ကို တွက်ကြည့်ရင် လွယ်လွယ်နဲ့သိနိုင်တာပဲ။ ကဲပါ…တစ်ရက်ခရီးပဲ ကျန်တော့လို့ အပိုဝန်စည်စလည်တွေ စွန့်ပစ်တော့''

''စွန့်ပစ်။ မင်းပြောတာက ရေတွေပါသွန်ပစ်ရမှာလား''

''ဘာဖြစ်လို့အလေးခံသယ်နေမှာလဲ။ ကန္တာရလွန်ရင် ဒီထက် ကောင်းတဲ့အစားအစာတွေ ရတော့မှာပဲဟာ''

အားလုံးက မောင်သုတစကားကို ယုံကြည်သည်။ သူလမ်းညွှန်၍ယူဇနာတစ်ရာငါးဆယ်ပင် ဖြတ်ကျော်နိုင်ခဲ့ပြီ။ ကျန်ကိုးယူဇနာအတွက်က စိုးရိမ်စရာမရှိ။ ကုန်တင်လှည်းတို့ကို ရုန်းရသည့်နွားတွေကလည်း ဝန်ပေါ့သွားလျှင် ပို၍ ခရီးတွင်နိုင်သည်။ ထို့ကြောင့် အများသဘောတူဆုံးဖြတ်ပြီး၊ ရေနှင့် ထင်းတို့ကိုစွန့်ပစ်ခဲ့တော့သည်။

* * *

''ဟိုး…ဟိုး၊ ခဏ…ခဏ''

''ဘာဖြစ်တာလဲ မောင်သုတ''

''လမ်းမှားသွားပြီ။ ကျွန်တော်တို့ရှေ့မဆက်ဘဲ နောက်ပြန်လှည့်နေတာ…''

''ဘာ…''

ဦးဆုံးလှည်းတွင်ပါလာသည့် မောင်သုတက လှည်းပေါ် မတ်တတ်ရပ်လျက် အထိတ်တလန့်အော်သည်။ နောက်လှည်းမှပါလာသော လှည်းမှူးကြီးက အကျိုးအကြောင်းလှမ်းမေးသည်။ လမ်းမှားကြောင်း သိလိုက်သော် ဗလကြီးဒေါပွသွားပုံရသည်။ လှည်းပေါ်မှခုန်ဆင်းပြီး ရှေ့ဆုံးလှည်းဆီ လျှောက်လာသည်။

''ဘယ်လိုဖြစ်တာလဲ သုတ''

www.burmeseclassic.com

www.burmeseclassic.com



"ညတိုင်းညတိုင်းငုတ်တုတ်ထိုင် မိုးလင်းခဲ့တော့ အိပ်ရေး ပျက်ပြီး သက်ကြီးခေါင်းချချိန်မှာ ငိုက်သွားတယ်။ ငါ ဘာတွေဘယ်လိုညွှန်မိမှန်းမသိဘူးဗလ။ မိုးလင်းခါနီး ဖျတ်ခနဲနိုးတော့ ကောင်းကင်ကိုမော့ကြည့်မိမှ လာရာလမ်း ပြန်နေမှန်း သိတယ်"

"သိတယ်ဆိုတာက အရေးမကြီးဘူး။ ပြဿနာက ရေတွေ သွန်ပစ်တာ…"

လှည်းမှူးကြီးသည် အပြစ်တင်နေသော ဗလကြီးကို ဟန့်လိုက်ရသည်။ ဤကိစ္စနှင့်ပတ်သက်ပြီ မောင်သုတကိုလည်း အပြစ်မတင်သာ။ ပင်ပန်းပြီး အိပ်ပျော်သွားကြောင်း ဝန်ခံထားသည်။ပြဿနာအခက်အခဲ ဆိုသည်က မျှော်မှန်းမထား သည်လည်း ဖြစ်တတ်သည်။ စိုးရိမ်စိတ်ဖြင့် အပြစ်တင်နေသည့် ဗလကြီးကိုတားရသည်။ မောင်သုတကိုလည်း အပြစ်မတင်ချင်၊ အားလုံးက စေတနာနှင့် မှားကြသည်ချည်း။

"ကဲ…ညဦးကထွက်တဲ့နေရာ တို့ပြန်ရောက်တော့ နောက်ထပ်တစ်ရက်ခရီးသွားရဦးမှာပေါ့"

"သွားရတာက အကြောင်းမဟုတ်ဘူး။ လှည်းသမားတွေအတွက် ရေမရှိဘူး"

"အေး…ဖြစ်လာမှတော့ ခေါင်းအေးအေးထားစဉ်းစားကြတာပေါ့။ အရေးကြီးတဲ့ရေကိုတော့ ရှာရမှာပဲ။ ကဲ၊ ငါနဲ့ သုံးလေးယောက်လိုက်ခဲ့ကွာ…"

လှည်းမှူးကြီးသည် လှည်းသားသုံးလေးဦးကိုခေါ်လျက် ကန္တာရအတွင်း ဟိုသည်လှည့်ကြည့်သည်။ လှည်းမှူးကြီး ဘာကိုရှာနေမှန်း မသိ။ နောက်မှပါလာသူများ ယောင်တောင်တောင်နှင့် လိုက်လာကြသည်။ တစ်နေရာအရောက်တွင် ဆတ်ခနဲ ရပ်လိုက်သည်။

"ဆရာ…"

"ဒီအောက်မှ ရေရှိမယ်။ ကန္တာရတစ်ခုလုံး လှည့်ပတ်ကြည့်တာ ဒီနေစာမြက်ဖုတ်လေး တစ်ခုပဲတွေ့တယ်။ ရေရှိလို့ မြက်ပင်ပေါက်တာ။ ကဲ…လှည်းသမားတွေ သွားခေါ်၊ တစ်ယောက်တစ်လက်ဝိုင်းတူးရင် တို့ရေရမှာပါ"

လှည်းမှူးကြီးညွှန်ကြားသည့်အတိုင်း ကန္တာရသဲပြင်ကို စတင်တူးသည်။ သုံးလေးငါးယောက်တစ်ဆိုင်းဖွဲ့ပြီး၊ တစ်ယောက်မော တစ်ယောက်ပြောင်းနှင့်တူးရာ ပေနှစ်ဆယ်ပင် ကျော်သွားပြီ။ ရေ၏အရိပ် အရောင်ပင် မမြင်။ နဂိုကပင်ပန်းသည့်အထဲ တူးယက်နေရသဖြင့် မောဟိုက်နေပြီ။ ရေကား မမြင်ရသေး။

"ဒုတ်…"

"ဟာ…"

"ဘာလဲ ဗလကြီး"

"သွားပြီဆရာကြီးရေ၊ ပေနှစ်ဆယ်လောက် တူးခဲ့တာအလကား ဖြစ်ပြီ။ အောင်မှာ ကျောက်ဖျာကြီးခံနေပြီ"

ဒုက္ခခံတူးနေသည့်ကိစ္စက အချည်းနှီးဖြစ်သွား၍ စိတ်ပျက်လက် ပျက်ဖြစ်ကုန်သည်။ လှည်းမှူးကြီးက တူးလက်စ တွင်းထဲ ဆင်းကြည့်သည်။ ကျောက်ဖျာကို ပုတ်ကြည့်သည်။ ကျောက်ဖျာကို နားနှင့် ကပ်ကြည့်သည်။

"ကဲဟေ့၊ တစ်ယောက်ယောက်က သံတူတစ်လက်သွားယူ"

"ဘာလုပ်မှာလည်း လှည်းမှူးကြီး"

"ဒီအောက်မှာ ရေရှိတယ်။ ဟောဒီကျောက်ဖျာကြီးကို ထုခွဲလိုက်တာနဲ့ ရေတွေပန်းထွက်လာလိမ့်မယ်"

"ဆရာ…"

"ဟေ…"

www.burmeseclassic.com

www.burmeseclassic.com



''ကျောက်ဖျာကဘယ်လောက်ကြီးပြီး ဘယ်လောက်ထုမှန်း မသိဘူး။ ဒါကို ကွဲသွားအောင် ထုဖို့ဆိုတာ မဖြစ်နိုင်ဘူးထင်တယ်''

''မောင်ဗလ''

''ခင်ဗျာ၊ လှည်းမှူးကြီး''

''မဖြစ်နိုင်ဘူးထင်တဲ့ သဲကန္တာရခရီးကို တို့ဖြတ်ခဲ့တာ ခရီးရဲ့ခြောက်ပုံငါးပုံကျော်နိုင်ခဲ့ပြီ။ လမ်းသာမမှားရင် ဒီအချိန်ဆို တို့လိုတဲ့ခရီးရောက်နေပြီ။ အဲဒီခရီးက တို့မဖြစ်နိုင်ဘူးလို့ ထင်ခဲ့တာမို့လား...''

''မှန်ပါတယ် လှည်းမှူးကြီး''

''အများအမြင်မဖြစ်နိုင်ဘူးလို့ ထင်နေတဲ့ ဒီကျောက်ဖျာကြီးကို မင့်ခွန်၊ မင့်အားနဲ့ ခွဲပစ်နိုင်တယ်လို့ မင်းဂုဏ်မယူချင်ဘူးလား''

လှည်းမှူးကြီးစကားကို နားထောင်ရာမှ မပွင့်တပွင့်ပြုံးသည်။ ထို့နောက် ရောမတူကြီးကို လှမ်းယူလိုက်သည်။ အားမာန်ဆောင်လျက် ပြင်းထန်သည့် ထုနှက်ချက်ဖြင့် ကျောက်ဖျာကြီးကို ခွဲလိုက်သည်။

တိန်...တိန်...တိန်...တိန်။

ဗလကြီးက ကျောက်ဖျာကို အားနှင့်အင်နှင့်ထုလိုက်သည်။ သို့သော် ကျောက်ဖျာက မထူးခြား။ အက်ကွဲဖို့ မဆိုထားနှင့် အရာပင်မက်လောက်အောင်မထင်။ ဗလကြီးစိတ်ပျက်လာသည်။ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

''ကဲ၊ ဆက်ထုကွာ...နောက်တစ်ချက်လောက်ဆို ကွဲလောက်ပြီ''

''ဟုတ်ပါ့မလား လှည်းမှူးကြီး''

''ငါသိပါတယ်၊ တပည့်တို့ရာ...စိတ်ပျက်အားလျှော့ချင်တဲ့ လူပေါ့လူပျက်တို့စိတ်ကို ဖယ်ပစ်။ အရှုံးမပေးဘူး၊ ဒူးမထောက်ဘူးဆိုတဲ့ စိတ်မွေး။ ဒီမယ်ဗလကြီး မင်းအားနဲ့ တစ်ချက်ပဲထုတော့ ဒါနောက်ဆုံးတူချက်ပဲ''

''ဟုတ်ပါ့မလား ဆရာ''

လှည်းမှူးကြီးကဆွဲခေါ်ပြီး တူကိုကမ်းပေးသည်။ ဗလကြီးသည် တူကိုအားကုန်မြှောက်လျက် ထုချလိုက်ရာ ရေလုံးကြီးပန်း ထွက်လာလေတော့၏။

**ကျမ်းကိုး။ ။ ၅၅၀ဇာတ်တော်၊ ဧကနိပါတ်၊ ဝဏ္ဏုပထဇာတ်**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အာဇာနည် စိတ်ဓာတ်

"အရှင်မင်းကြီး၊ ဘောဇာဇာနိယသိန္ဓောမြင်းသာရလျှင် ရန်သူကို ထိုးဖောက်တိုက်ခိုက်နိုင်ပါတယ်..."

"အိမ်း၊ သို့ဆိုလျှင် ဘောဇာဇာနိယမြင်းကိုယူလော့"

ဗာရာဏသီတွင် ဗြဟ္မဒတ်မင်းအုပ်စိုးသော် ဘုရားအလောင်းသည် ဘောဇာဇာနိယသိန္ဓောမြင်းမျိုး၌ဖြစ်သည်။ မင်း၏မြင်းတည်း။

တစ်နေ့တွင် ခုနစ်ပြည်ထောင်မင်းတို့သည် ဗာရာဏသီကို ဝန်းရံပိတ်ဆို့သည်။

"ငါတို့အား တိုင်းပြည်ကိုအပ်မည်လော...စစ်မက်ထိုးမည်လော"

ခုနစ်ပြည်ထောင်မင်းတို့ထံမှ ရာဇသံရောက်လာသည်။ ဗာရာဏသီမင်းသည် အမျက်ပြင်းစွာ ထွက်သည်၊ တစ်ပြည်ချင်းတိုက်ခိုက်မည် ဆိုလျှင် ဗာရာဏသီပြည်၏ အင်အားကို မယှဉ်သာ။ ဗာရာဏသီပြည်တွင် ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲသူခက်ကောင်းပြည့်စုံသည်။ ထို့ကြောင့် အချင်းချင်းညှိနှိုင်းလျက် အလုံးအရင်းနှင့် ချီလာသည်။

ဗာရာဏသီမင်းသည် မြို့ရိုးပေါ်မှတက်လျက် ရန်သူတပ်ကို အကဲခတ်သည်။ ဆင်အလုံး၊ မြင်းအလုံး အားကောင်းလွန်းသည်။ မြို့မှ ထွက်မပြေးနိုင်အောင် အထပ်ထပ်ပိတ်ဆို့ထားသည်။ ဓားလှံတဖွေးဖွေးရှိသော သူ့တပ်ကို ယှဉ်ရန်မှာ တော်ရုံတန်ရုံဖြင့် မလွယ်ကူ။

"အဘယ်သူသည် ရန်သူ့တပ်ကို ဖောက်နိုင်မည်နည်း"

"ဘောဇာဇာနိယ အာဇာနည်မြင်းရရင် ကျွန်တော်မျိုးဖောက်ထွင်းတိုက်ခိုက်နိုင်ပါတယ်"

မြင်းစီးသူရဲက မင်း၏သိန္ဓောမြင်းကို တောင်းသည်။ သိန္ဓောမြင်း၏အစွမ်းကား ရေပြင်ထက်တွင် ခွာချင်း ဆက်ပြေးနိုင်သည်။ ကောင်းကင်ရံကို ပျံတက်ပြေးနိုင်သည်။ ယူဇနာခရီးကိုပင် တစ်ခဏနှင့် အရောက် ပြေးနိုင်သော သတ္တိရှိ၏ ရန်သူတပ်ကို ဖောက်နိုင်မည်မှာ သေချာသည်။ သို့သော် အဖိုးတန်ရှားပါးသော မြင်းဖြစ်၍ မတော်တဆ ထိခိုက်ဒဏ်ရာရမည်ကို စိုးရိမ်သည်။ မဖြစ်မနေသုံးရမည့်အနေအထားမှသာ သုံးလိုသည်။ အခြေအနေအရ သုံးရတော့မည်။

"ကောင်းပြီ။ ဘောဇာဇာနိယမြင်းကိုရလျှင် သင်မည်သို့ တိုက်မည်နည်း"

"အရှင်မင်းကြီး၊ သူ့အင်အားကောင်းလွန်းသည်။ တစ်ပိုင်း ချင်း၊ တစ်ဖွဲ့ချင်း ခွဲမှ သူ့အင်အားယှဉ်နိုင်ပါ လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ။ သင်အကျိုးဆောင်လော့"

မြင်းစီးသူရဲသည် ဘောဇာဇာနီယမြင်းကို ယူသည်။ ချပ်ဝတ်တန်ဆာကို တင်သည်နှင့် စစ်ပွဲဆင်နွှဲရတော့မည် မှန်းသိ၍ ပြင်းစွာဟီသည်။ အာဇာနည်မြင်း၏ဟီသံသည် မြို့ကိုထွင်းဖောက်လျက် ရန်သူတပ်တွင်း ပျံ့နှံ့သွားရာ၊ ဆင်တွေ မြင်းတွေလန့်ကုန်သည်။ ထိုအချိန်ကောင်းအခွင့်ကောင်းကို အရအမိယူပြီး မြင်းစီးသူရဲသည် ဘောဇာဇာနီယမြင်းကိုစီးလျက် မြို့တံခါးမှ အဟုန်ပြင်းပြင်းထွက်သွားသည်။

မြို့တံခါးပွင့်လာ၍ အသို့နည်းဟုကြည့်ချိန်မှာပင် သိန္ဓောမြင်းက တပ်အနီးရောက်လာသည်။ မျက်စိတစ်မှိတ်အတွင်း ပတ်ပတ်မွှေနှောက် ထိုးဖောက်သည်မှာ ရန်သူတို့ပင် ပြင်ဆင်ချိန်မရ။ တအံ့တဩဖြစ်နေချိန်တွင် ရန်သူမင်းကိုဖမ်းဆီးလျက် မြို့တွင်းပြန်ဝင်သည်။

"တို့မင်းပါသွားပြီ"

"ရန်သူ့သူရဲကောင်းက နတ်စစ်သည်အလား အစွမ်းထက်ဘိ"

"သွေးပျက်ဖွယ်ပါတကား"

ဘုရင်အဖမ်းခံရသောတပ်သည် ဖရိုဖရဲပြိုကွဲပြီး၊ ရုတ်ရုတ်သဲသဲ ဖြစ်ကျန်ရစ်သည်။ အုပ်စီးမရတော့။ တပ်လုံးပျက်လျက် ပြေးသည်။ ထိုအချိန်မှာပင် သိန္ဓောမြင်းစီးသူရဲသည် ဒုတိယတပ်ကို ဖောက်ဝင်ပြန်သည်။ အထိတ်အလန့်ရှိသဖြင့် အဆင်သင့်ဖြစ်နေရာခုခံမှုအချို့ ရှိသည်။ သို့သော် သိန္ဓောမြင်းသည် ကောင်းကင်ယံထိ ပျံတက်ရောက်လာပြီ၊ ရန်သူ မင်းကိုဖမ်းသည်။

မြင်းစီးသူရဲကောင်းသည် ဘောဇာဇာနီယ သိန္ဓောမြင်းကို စီးလျက် တစ်တပ်ပြီး၊ တစ်တပ်ဝင်တိုက်ရာ တစ်တပ်ပြီး တစ်တပ်ပျက်သည်။ တတိယမင်း၊ စတုတ္ထမင်း၊ ပဉ္စမမင်းတို့ကို ဖမ်းဆီးအပြီး၊ ဆဋ္ဌမမြောက် မင်းကို ဖမ်းရန်ကြံစဉ် ဘောဇာဇာနီယမြင်းကို ရန်သူများခသည်။ တုံ့ခနဲ့ဖြစ်သွားသည့်အတွက် အသို့နည်းဟု မေးသည်။ သန္ဓောမြင်းက ငါ့အားမြားထိလေပြီဟု ပြောပြီးမြို့တွင်းသို့ ဝင်လာသည်။

ရန်သူတပ် ခုနစ်တပ်အနက် ခြောက်တပ်ကိုချေမှုန်းနိုင်ချိန်တွင် သန္ဓောမြင်းက ဒဏ်ရာရသွားသည်။ ဆက်သုံး၍ မရတော့။ မြင်းစီးသူရဲသည် သန္ဓောမြင်းမှ ချပ်ဝတ်တန်ဆာကို ဖြုတ်သည်။

"ဘာကိုပြုသနည်း သူရဲကောင်း"

"အာဇာနည်မြင်းကောင်း၊ သင်ဒဏ်ရာရနေပြီဖြစ်ရာ... အခြားမြင်းနှင့် လဲလှယ်စီးပြီးတိုက်မည်၊ သင်က အနားသက်သာအောင် နေရစ်ပါ"

"အချင်းမြင်းစီးသူရဲကောင်း၊ သတ္တမမြောက်မင်းကို ဖမ်းဆီးရန် အခြားမြင်းများမစွမ်းနိုင်။ ရန်သူ့တပ်ဟာ ခုအခါမှာ နိုးကြားနေပြီ။ အသင့်ရှိနေပြီ။ ထိုသို့ပြင်ဆင်ထားသည့် တပ်ကို ထွင်းဖောက်တိုက်ခိုက်ရန်မှာ ငါမှတစ်ပါး အခြားမရှိ။ ချပ်ဝတ် တန်ဆာပြန်ဆင်လော့"

ဘောဇာဇာနီယသိန္ဓောမြင်းက တာဝန်ယူ၍ ချပ်ဝတ်တန်ဆာကို ဆင်သည်။ တန်ဆာဆင်ပြီးသည်နှင့် ရဲသွေးရဲမာန်တက်ပြီး မြို့အလုံး ကြားနိုင်သော ဟီသံပေးသည်။ မြို့တွင်းမှတဟုန်ထိုးပြေးထွက်ပြီး ရန်သူ တပ်ကို ချဉ်းကပ်သည်။ အတွင်းသို့ဝင်လျက် ပတ်ပတ်မွှေနှောက်တိုက်ခိုက်ရာ ရန်သူကို အောင်နိုင်သည်။

ဘောဇာဇာနီယ သိန္ဓောမြင်း မြားဒဏ်ရာရကြောင်း သတင်းကြားသော ဗာရာဏသီမင်းရောက်လာသည်။

"အချင်းသန္ဓော၊ အသို့နည်း"

www.burmeseclassic.com

www.burmeseclassic.com



"ငါကား တာဝန်ကျေပွန်ပြီ။ ရန်သူစုနစ်ပြည်ထောင်မင်းတို့ကို မသတ်ပါနှင့်။ သစ္စာရေပေးပြီးလွှတ်ပါ"

"ကောင်းပါပြီ သိန္ဓောမြင်း၊ သင်ဟာ တစ်စုံတစ်ခုသောကိစ္စကို အပြီးတိုင်ဆောင်ရွက်နိုင်သည်။ သေသော်လည်း သေစေ၊ အရှုံးမပေးဟူသော သူရဲကောင်းစိတ်ရှိသူတည်း"

မင်းကြီးသည် ဘောဇာဇာနိယမြင်းကို အထူးထူးသော ချီးမြှောက်မှုဖြင့် ချီးကျူး၏။ မြင်းစီးသူရဲသည် ချပ်ဝတ် တန်ဆာကို မြင်း၏ကိုယ်မှခွာ၏။ ထိုခဏ၌ပင် သိန္ဓောမြင်း အသက်ပျောက်လေ၏။

ကျမ်းကိုး။ ။ ၅၅၀ ဇာတ်တော်၊ ဧကကနိပါတ်၊ ဘောဇာဇာနိယဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ဇွဲရှည်သည်းခံ အောင်ကြောင်းအမှန်

“ဆရာ…ကျွန်တော့်အတွက် အခွင့်အရေးမရှိဘူး။ နောင်တော်တွေရှိနေတော့ ဗာရာဏသီနန်းက ကျွန်တော်နဲ့ ဝေးပြီ”

သံဝရမင်းသားသည် ပညာသင်ပေးသည့် ဘုရားလောင်းအမတ်ကို အကူအညီတောင်းသည့် လေသံနှင့် ပြောလိုက်သည်။ ပြောသင့်သည့် စကားမဟုတ်၍ မရွံ့မရဲ။ သံဝရမင်းသား၏အခြေအနေကို ပညာရှိအမတ် ရိပ်စားမိသည်။ တပည့်၏အခြေအနေကို ကြည့်ပြီးစာနာမိသည်။

သံဝရမင်းသားသည် ကျိုးနွံစိတ်ရှိသည်။ လုံ့လဝီရိယလည်းရှိသည်။ “ငါကား မင်းသား၊ သူက အမတ်ဟူသော စိတ်လည်းမမွေး၊ ပညာသင်ပေးသည့်ဆရာပါလား”ဟူသော အသိစိတ်လည်းရှိသည်။ မှန်ရာကိုဝန်ခံရလျှင် သံဝရမင်းသားဆန္ဒကို ဖြည့်ဆည်းပေးချင်သည်။

“အသင် မင်းသား၊ အခွင့်အရေးမရှိဆိုပြီး အားမလျှော့သင့်။ အခွင့်အရေးဟူသည် ကံတရားနှင့် ဆိုင်ပေတယ်။ ကံကြမ္မာကို ဘယ်သူမှကြိုတင်မှန်းဆလို့ မရပါ”

“ဒါပေမယ့် အစဉ်အလာသဘောကတော့ ကျွန်တော့်ဘက်က အခွင့်အရေးနည်းနေပါတယ်”

“သမားရိုးကျတွက်ရင်တော့ အဲလိုယူဆလို့ရပါတယ်။ ဒါပေမယ့် အသင်မင်းသား ကျွန်ုပ်စကားကို နာယူမယ်ဆိုရင် အခွင့်အရေးဖြစ်လာနိုင်ပါတယ်…”

“ဆရာ့စကား နာယူပါ့မယ်။ သွန်သင်ပါ…”

“ကောင်းပါပြီ ဒါဆို သင့်ခမည်းတော်က ကျေးလက်လွှတ်ရင် မသွားလေနဲ့”

“မသွားလေနဲ့၊ ဟုတ်ပါသလားဆရာ…ဒါဆို ခမည်းတော်ရဲ့ စကားကို ဖီဆန်သလို ဖြစ်မနေဘူးလား ဆရာ…”

“အသင်မင်းသား၊ စကားဆိုတာ အပြောအဆိုပေါ်မှာ တည်ပါတယ်။ ဆဲရေးတဲ့စကားပင်လျှင် တစ်ဖက်သား နာခံအောင် ဆဲရေးရင်ဆဲတယ်လို့ မထင်ဘူး။ ခင်မင်နှစ်သက်မှု ပြတယ်လို့ မြင်ကြတယ်”

“ဒီလိုရှိပါသလား ဆရာ”

“အသင်မင်းသား၊ ဖခင်ဖြစ်သူက သားကိုချီးမြှောက်မြှူရင်း “ခွေးကောင်လေး”လို့ ဆဲရေးတာကို သင်ဘယ်လိုမြင်လဲ။ သားကိုချစ်လို့ မြှူတဲ့သဘောမဟုတ်ပေဘူးလား”

“မှန်ပါတယ်ဆရာ…”

www.burmeseclassic.com

www.burmeseclassic.com



"မိတ်သဂ်ဟာ အချင်းချင်း "ယောက်ဖ"လို့ ခေါ်တယ်။ ယောက်ဖရဲ့ အစ်ပွာယ်က ကိုယ့်နှမကို သူ့ပေးရရင်လည်း ယောက်ဖတော်တယ်။ သူ့နှမကိုယ်က ယူရင်လည်း ယောက်ဖတော်စပ်တယ်။ ဟုတ်ရဲ့လား..."

"မှန်ပါတယ်ဆရာ..."

"ယောက်ဖလို့ခေါ်လိုက်တာဟာ အစ်မပေး၊ နှမပေးလို့ ပြောတာမဟုတ်လော..."

"မှန်ပါတယ်..."

"ဒါပေမယ့် ရင်းနှီးကျွမ်းဝင်တဲ့ သဘောလည်း ဆောင်နေတော့၊ ဆဲပေမယ့် ဆဲတယ်လို့မထင်ဘူး။ ရိုင်းပေမယ့် ရိုင်းတယ်မထင်ဘူး။ ခုလည်း သင်မင်းသားပညာပြည့်စုံလို့ ကျေးလက်ဒေသတာဝန်ပေးရင် မသွားနဲ့၊ ငြင်းဆန်လိုက်ပါဆိုရာမှာ ကျွန်တော်မျိုးမသွားလိုပါဘူး ခမည်းတော်လို့ ငြင်းဆန်မည့်အစား "ခမည်းတော်ရဲ့ခြေရင်းမှာပဲ အလုပ်အကျွေးပြုနေချင်ပါတယ်"လို့လျှောက်တော့ အပြစ်လို့မြင်ပါဦးမလား မင်းသား"

သံဝရမင်းသားသည် ဆရာပညာရှိအမတ် ရှင်းပြသည်ကို သဘောကျနှစ်ခြိုက်သွားသည်။ ခမည်းတော်မင်းကြီးက တာဝန်ပေးသည့်အခါ၌ လည်း ဆရာသင်ပြသည့်အတိုင်း လျှောက်တင်၍၊ မင်းကြီးက ကျေနပ် ပြီး နေခွင့်ပေးလေသည်။

* * *

"ညီတော်သံဝရ၊ ငါ့ညီဟာ ဗာရာဏသီမင်းရဲ့သားတော် ထင်နေတာ...ခုတော့ဥယျာဉ်မှူးဖြစ်နေပါလား"

"ဝါသနာအရပါ နောင်တော်..."

"အဟက်၊ ဝါသနာအရဟုတ်လား...ပန်းလိုချင်ရင် ဥယျာဉ်မှူးကို ငါဘာလိုချင်တယ်လို့မိန့်ရင် အရန်သင့်ရတာပဲ ညီတော်..."

"အလွယ်တကူရတဲ့ ပန်းနဲ့၊ ကိုယ်တိုင်စိုက်ပျိုးလို့ ဖူးပွင့်လာတဲ့ပန်းက အနှစ်သာရချင်းဘယ်တူမလဲ နောင်တော်...ဟော ကျွန်တော်စိုက်ထားတဲ့ နှင်းဆီပန်းတွေပွင့်နေပြီ။ နောင်တော်အတွက် လက်ဆောင်ပေးပါဦးမယ်..."

"နေပါစေ...နေပါစေ ညီတော်။ ညီမောင့်နှင်းဆီပန်းမကိုင်ပါရစေနဲ့။ မတော်တဆလက်စူးသွားရင် အနာတရဖြစ်နေပါဦးမယ်။ ဥယျာဉ်မှူးလုပ်ရမှ ကျေနပ်တယ်ဆိုရင်လည်း ဥယျာဉ်မှူးသာ လုပ်နေတော့၊ နောင်တော်သွားပြီ"

သံဝရမင်းသားသည် ဆရာလမ်းညွှန်သည့်အတိုင်း ပန်းဥယျာဉ်စိုက်သည်။ သစ်သီးဝလံခြံစိုက်သည်။ ရလာသည့် အသီးအပွင့်များကိုရွေးဆွတ်လျက် နန်းတွင်း၌ အာဏာလက်ကိုင်ရှိသည့် အမှုထမ်းများ အိမ်ကိုပို့စေသည်။ တချို့အိမ်များကို ကိုယ်တိုင်ကြွရောက် ပေးကမ်းသည်။ ပန်းဥယျာဉ်ကိုယ်တိုင်စိုက်ပျိုးသည့် မင်းသားကိုစိတ်သဘောထားနူးညံ့ချောတကားဟု မှတ်ချက်ချသူက ချသည်။ အချို့ကမူ နိုင်ငံစည်ပင်အောင် ပျိုးထောင်လိုစိတ်ရှိသူဟု မြင်သူကမြင်သည်။ ပန်းမန် သစ်သီးတို့ပေးပို့သည့်အခါ မင်းသားတစ်ပါးက အသိအမှတ်အပြုခံရ၍ ကျေနပ်သူက ကျေနပ်သည်။

သံဝရမင်းသားသည် နန်းတွင်းသူနန်းတွင်းသားများအား စားရေရိက္ခာပေးဝေသည့်တာဝန်ကိုလည်း လွှဲယူသည်။ ဆရာက ထိုတာဝန်ကို လွှဲပြောင်းယူပါ၊ အပင်ပန်းခံလုပ်ပါဟုဆိုစဉ်က သဘောမပေါက်ခဲ့။ ဆရာ့ဩဝါဒနာယူပြီး လုပ်ခဲ့သည်။ သို့သော် ဤတာဝန် ယူသည့်အတွက် နန်းတွင်းသူ နန်းတွင်းသားတို့၏ အားကိုးယုံကြည်စိတ်တိုးလာမှ ဆရာအရှင်ဘာကြောင့် စေခိုင်းသည်ကို သဘောပေါက်လာသည်။

ထိုမျှ မရပ်တန့်သေး။ နိုင်ငံခြား သံတမန်များကို ခရီးဦးကြိုခြင်း၊ နေရာချထားပေးခြင်း၊ ဧည့်ဝတ်ပြုခြင်းအမှုကိစ္စများပါတာဝန်ယူစေပြန်သည်။

သံဝရမင်းသား၏သတင်းကား ပြည်တွင်း၌သာမက အခြားနိုင်ငံထိပင် ပြန့်နှံ့ကျော်ကြားသည်။ စိတ်သဘောထားကောင်းမွန်ပြီး၊ ဆက်ဆံရေးပြေပြစ်သောမင်းသားသာ တိုင်းပြည်၏အတွက်အထိပ်နေရာ ဆက်ခံလျှင် ကောင်းလေစွဟူသော

www.burmeseclassic.com

www.burmeseclassic.com



အမြင်ဖြစ်လာသည်။ ပြည်တွင်းရော ပြည်ပကပါလိုလားသော သံဝရမင်းသားကို ခမည်းတော်နတ်ရွာစံချိန်တွင် အားလုံးဆန္ဒအရ နန်းကိုအပ်သည်။

''ဟော့ သံဝရ၊ ဗာရာဏသီမင်းဟာ မင်းနဲ့မထိုက်တန်၊ ငါတို့ကို လွဲလော့''

ကိုးဆယ့်ကိုးယောက်သော နောင်တော်မင်းသားများသည် အလုံးအရင်းနှင့် ချီလာသည်။ မြို့ကိုဝန်းရံသည်။ သံဝရမင်းသားသည် နောင်တော်တို့ကို ခုခံမည်ဆိုက ခုခံနိုင်စွမ်းအင်အားရှိသည်။ မင်းသားလိုအပ်မည်ဆိုလျှင် နန်းတွင်းသားအားလုံး မင်းသားဘက်မှာရှိနေသည်။ အသက်ပေးထမ်းရွက်မည့် သူချည်း။ သို့သော် ဆရာ၏အလိုအရ နောင်တော်တို့နှင့် ငြိမ်းချမ်းစွာ ပြေအေးချင်သည်။

''နောင်တော် မင်းသားတို့၊ ခမည်းတော်၏စည်းစိမ်ကို အပုံတစ်ရာပုံပြီး ကိုးဆယ့်ကိုးပုံကို နောင်တော်တို့အား ပေးပါမည်။ နောင်တော်တို့ကို စစ်မထိုးလိုပါ''

ဒေါသကြီးသူကို မေတ္တာနှင့်ဆက်ဆံလိုက်၍၊ တစ်ဖက်က ဒေါသပြေသွားသည်။ လောဘကြီးသူကို ပေးကမ်းခြင်းဖြင့် ရောင့်ရဲစေလိုက်၍ ပြေငြိမ်းသွားသည်။ ဖခင်၏အမွေဟူသည် သားသမီးတိုင်း ခံစားခွင့်ရှိသည်။ ခမည်းတော်မင်းကြီး၏ စည်းစိမ်ကို အပုံတစ်ရာပုံပြီး ခွဲဝေပေးခြင်းမှာ ရောင့်ရဲသည့်သဘောပြလိုက်ခြင်းပင်။ အငယ်ဆုံးညီငယ်က သဘောထား ကြီးမှုပြလိုက်သဖြင့် နောင်တော်များကလည်း အလားတူသဘောထားပြရတော့မည်။ အကယ်၍ အလိုရမ္မက်ကြီး ကြောင်းပြလျှင် ပတ်ဝန်းကျင်ကသူတို့အဆိုးသာ မြင်တော့မည်။ သို့ဖြစ်၍ ညီတော်သာလျှင် ဗာရာဏသီနန်းကို ယူပါတော့ဟု မိန့်ဆိုပြီး၊ ငြိမ်းအေးစွာဖြင့် တောလက်မြို့များသို့ ပြန်သွားတော့သည်။

လောကသဘာဝအရ သံဝရမင်းသားသည် ဗာရာဏသီထီးနန်းကို ဆက်ခံနိုင်မည့် အနေအထားမရှိ။ သို့သော် သံဝရမင်းသားသည် နှစ်ရှည်လများ ဖွဲ့ရှိရှိဖြင့် ယုံကြည်မှုရအောင် တည်ဆောက်ခဲ့သည့် အာရုံကို ပျောက်ပျက်မသွားဘဲ အာရုံစိုက် လုပ်ဆောင်သည့်အတွက် နောက်ဆုံးတွင် မျှော်မှန်းသည့် ပန်းတိုင်ကိုရရှိခဲ့ပေသည်။

ကျမ်းကိုး။ ။ ၅၅၀ ဇာတ်တော်၊ ကောဒသကနိပါတ်၊ သံဝရဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# လုံ့လကြီးသူတို့ အောင်ပွဲ

အဿကပြည်သည် တိုင်းငယ်ပြည်ငယ်လေးတစ်ခု။ သို့သော် အရည်အချင်းနှင့်ပြည့်စုံသော နန္ဒိသေနစစ်သူကြီး အမတ်ရှိနေခြင်းသည် အပြည်ပြည်၊ အမင်းမင်းတို့၏ ခံ့ညားလေးစားမှု ရရှိနေသည်။ ကျူးကျော်ချင်လျက် မကျူးကျော်ဝံ့။

ကာလိင်္ဂတိုင်း၊ ဒန္တပူရပြည်သည် နိုင်ငံအဝန်းကျယ်၏။ ရာသီဥတု သင့်တင့်ပြီး၊ စိုက်ပျိုးဖြစ်ထွန်းသည့် မြေယာပေါများ သဖြင့် စီးပွားဥစ္စာ ပြည့်စုံသည်။ တိုင်းပြည်စီးပွားရေးကောင်းမွန်သဖြင့် စစ်အင်အားတိုးချဲ့ ဖွံ့စည်းရာ၊ မဇ္ဈိမဒေသတွင် အင်အားကောင်းသော တိုင်းပြည်တစ်ပြည် ဖြစ်လာသည်။

ကာလိင်္ဂမင်းသည် မိမိအင်အားကို အသုံးချလျက်စစ်ပွဲများ ဆင်နွှဲသည်။ စစ်ပွဲမှန်သမျှ အောင်နိုင်ရာ မာန်တက်လာသည်။ ယှဉ်ပြိုင်စစ်ထိုးဖက်ရှာသော်လည်း အင်အားကိုရွံ့သဖြင့် ယှဉ်လိုသူမပေါ်ချေ။ စစ်လိုလားသော ဘုရင်အား အမတ်များက စစ်ပွဲဆင်နွှဲနိုင်မည့် နည်းလမ်းပေးသည်။

"အရှင်မင်းကြီး။ မင်းကြီးရဲ့သမီးတော်လေးပါးဟာ အဆင်းအင်္ဂါနဲ့ပြည့်စုံတယ်…နှစ်လိုဖွယ်ရှိပါတယ်။ ဒီသမီးတော်လေးပါးကို ရထားမှာတင်ပြီး နိုင်ငံတကာလှည့်လည်ပါ။ အကယ်၍ သမီးတော်တို့ကို သိမ်းပိုက်သူရှိရင် အဲဒီမင်းကို အကြောင်းပြတိုက်ခိုက်ပါ"

အမတ်တို့၏အကြံပေးစကားသည် လျော်ကန်သင့်မြတ်မှုရှိသည်။ စစ်ထိုးရခြင်းအကြောင်းရင်းလည်း ကောင်းသည်။ ထို့ကြောင့် သမီးတော်လေးပါးကို ရထားပေါင်းချုပ်ပေါ်တင်လျက် စစ်အင်္ဂါလေးပါးနှင့် တိုင်းပြည်အနှံ့ လှည့်လည်စေသည်။ သို့သော် ကာလိင်္ဂမင်း၏ ပရိယာယ်ကို ရိပ်စားမိသဖြင့် မည်သည့်တိုင်းပြည်ကမှ ထောင်ချောက်တွင်း မဆင်း၊ သမီးတော်များကို ကောင်းမွန်စွာ ကြိုဆိုဧည့်ခံပြီး လက်ဆောင်ပဏ္ဏာများပေးလျက်သာ ပြန်လွှတ်ကြသည်။

စစ်ထိုးလို၍ စီမံမှ စစ်ထိုးခွင့်မရ၍၊ ကာလိင်္ဂမင်းစိတ်ပျက်နေသည်။ သို့ဆိုလျှင် သူ၏နယ်ပယ်ချဲ့ထွင်ရေး အစီအစဉ်က ပျက်ပြယ်ရုံသာရှိသည်။ တစ်နိုင်ငံတည်းကျန်ရစ်သော အဿကပြည်ကလည်း တိုင်းငယ်ပြည်ငယ်၊ ကာလိင်္ဂတိုင်းပြည်ကြီးကို ဖက်ပြိုင်အန်တုဖို့က ဘယ်နည်းနှင့် မဖြစ်နိုင်။

သို့သော် ထုံးစံအတိုင်း သမီးတော်လေးပါးကို ရထားထက်တင်ပြီး၊ အဿကပြည်သို့လွှတ်လိုက်သည်။

စစ်သူကြီးနန္ဒိသေနသည် ကာလိင်္ဂမင်း၏ပရိယာယ်ကို သိနေသည်။ စစ်လိုလား၍ ကြံစည်သော်လည်း အထမမြောက်ခြင်းအပေါ် ရောင့်ရဲမည်မထင်။ တစ်နည်းကြံမရလျှင် တစ်နည်းနှင့် ကြံမည်။ အပြစ်ရှာနေသူအတွက် အကြောင်းပြချက်က အချိန်မရွေး ရှာဖွေလို့ရနေသည်။ ဤပြဿနာသည် မီးမငြိမ်းနိုင်ဟုတွေးပြီး၊ အဆုံးသတ်ရန်အတွက် သမီးတော်လေးပါးကို သိမ်းပိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"အချင်းတမန်တို့၊ သင်တို့ ကာလိင်္ဂမင်းရဲ့လိုက်လျော့မှုကို အဿကပြည့်ရှင်က ကြိုဆိုပါတယ်။ ဒါကြောင့် သမီးတော် လေးပါးကို မိဖုရားအဖြစ် မြှောက်စားလိုက်ကြောင်း၊ မင်္ဂလာ သတင်းပါးလိုက်ပါ"

"သင့်လုပ်ရပ်အတွက် နှောင်တမရပါစေနဲ့ နန္ဒိသေန"

"မစိုးရိမ်ပါနဲ့ တမန်တော်တို့၊ မြော်မြင်ဆင်ခြင်ဉာဏ်ရှိသူအတွက် နှောင်တဆိုတဲ့စကားလုံးမရှိပါဘူး။ လုပ်ဆောင်ချက် အားလုံးဟာ အမှန်တရားချည်းပါပဲ"

"ကောင်းပါပြီ။ ဒါဆို အဿကတိုင်းသားတွေကို ကာလိင်္ဂမင်းကိုယ်စား သတိပေးလိုက်ပါ့မယ်။ စစ်ကိုစောင့်မျှော်နေပါ။

* * *

"အမောင်နန္ဒိသေန၊ သင် ဘယ်လိုပြုမူတာလဲ"

"အရှင်မင်းကြီးရဲ့ ဂုဏ်သိက္ခာအတွက်ပါ"

"စစ်လိုလားသူအတွက် လမ်းဖွင့်ပေးသလိုဖြစ်ပြီ နန္ဒိသေန"

"မှန်ပါမင်းကြီး၊ ဒီနည်းနဲ့ ဆွဲဆောင်မရရင်လည်း ကာလိင်္ဂမင်းဟာ တခြားနည်းလမ်းတစ်ခုခုနဲ့ ဝင်လာပါလိမ့်မယ်။ သူ့ပရိယာယ်အတွင်း ဝင်မလာရင် အကြမ်းဖက် တိုက်ခိုက်မှာပါ။ ဒါကြောင့် မင်းကြီးက ရှောင်လွှဲချင်ပေမယ့် စစ်ကိုတော့ မလွှဲမသွေကြုံရမှာ ပါ။ အဲဒီလိုကြုံရရင်လည်း ကာလိင်္ဂမင်းစစ်ထိုးမယ့် တိုင်းပြည်ဟာ အဿကဖြစ်ပါလိမ့်မယ်။ ခွန်အားကြီးသူက ခွန်အားကိုအားကိုးပြီး စော်ကားတတ်တာမှမှတာမို့ အဿကပြည်ကိုဝင်တိုက်မှာ သေချာပါတယ်။ ဒါကြောင့် မင်းကြီးရဲ့ဂုဏ်သိက္ခာအတွက် သမီးတော်တွေကို သိမ်းပိုက်လိုက်တာပါ"

အဿကမင်းသည် နန္ဒိသေနအမတ်၏ တင်ပြချက်မှာကြောင်းကျိုး ဆီလျော်နေသဖြင့် အပြစ်မဆိုသာ။ သို့သော် ကာလိင်္ဂမင်းသာ စစ်ထိုးလာလျှင် ခုခံနိုင်ဖွယ်မရှိ။ စည်းစိမ်ပျက်စီးမည့်အရေးတွေးလျက် စိုးရိမ်သောကဖြစ်နေသည်။

"အရှင်မင်းကြီး၊ ဒီပြဿနာကို ကျွန်တော်မျိုး ကိုင်တွယ် ဖြေရှင်းပါ့မယ်။ မင်းကြီးအနေနဲ့ စိတ်အေးအေးထားပြီး၊ သမီးတော်တွေနဲ့ စံစားနေပါ"

"အမောင် နန္ဒိသေန။ အိမ်ကိုစွဲလောင်နေတဲ့မီးကို မြင်နေတဲ့ အိမ်ရှင်ဟာ ဘယ်မှာစိတ်အေးအေးထားနိုင်မှာလဲ"

"စစ်တို့ရဲ့သဘောက ရန်သူထိုးစစ်ကိုထိုးစစ်နဲ့ တုံ့ပြန်ခြင်းဟာအကောင်းဆုံးခံစစ်လို့ အဆိုရှိပါတယ်။ သူစစ်ထိုးလာရင် ပြန်လည်ထိုးစစ်ဆင်ခြင်းဖြင့် ရန်သူကြောက်ရွံ့သွားစေရပါမယ်။ စိုးရိမ်တော်မမူပါနဲ့မင်းကြီး။ ချမ်းမြေ့စွာ စံမြန်းတော်မူပါ"

"အမောင် နန္ဒိသေန၊ သမားတော်ရဲ့ လက်လျှော့မှုခံရတဲ့ လူနာဟာ သေခြင်းတရား မလွဲမသွေရင်ဆိုင်ရမှာမို့ စိတ်အေးမယ်လို့ထင်လား နန္ဒိသေန"

"အရှင်မင်းကြီး၊ သေခြင်းတရားဟာ လူတိုင်းလူတိုင်း မလွဲမသွေကြုံတွေ့ရမယ့်ကိစ္စပါ။ ဒီနေ့ မသေလည်း တစ်နေ့နေ့တော့ သေရမှာပါ။ သေရတာချင်း အတူတူ ဂုဏ်သိက္ခာရှိရှိနဲ့ သေပြသူသာ အာဇာနည်လို့ သတ်မှတ်ကြပါတယ်။ အရှင်မင်းကြီး၊ တိုင်းပြည်တိုင်းက ရွံ့ကြောက်နေတဲ့ ကာလိင်္ဂမင်းကို အဿကဘုရင်က ဖက်ပြိုင်တိုက်ခိုက်တယ်ဆိုတဲ့ဂုဏ်ဟာ အခုဆို မရွှံ့မတစ်ဝန်းလုံးကျော်ကြားသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အမောင် နန္ဒိသေန၊ အဲဒီကျော်ကြားမှုနောက်ကွယ်က ရလာဘ်ဟာ ဘာလဲသိလား...သေခြင်းတရားပဲ"

"အရှင်မင်းကြီး၊ နန္ဒိသေနဆိုတဲ့ စစ်သူကြီးဟာ တိုင်းပြည်အတွက် အသက်ပေးအပ်ပြီးသားပါ။ တိုင်းပြည်အကျိုး၊ အရှင့်အကျိုး ကြည့်ပြီးတိုက်ပွဲဝင်သွားပါ့မယ်။ ကျွန်တော်မျိုး မသေမချင်း မင်းကြီးကို မဲ့တစ်ပေါက်အစွန်းအထင်းမခံစေရပါဘူး"

ရဲရဲဝံ့ဝံ့ကတိခံသည့် နန္ဒိသေနအမတ်စကားကြောင့် အဿကမင်း အားတက်သွားသည်။ သို့သော် စိတ်ချလက်ချ မနေနိုင်။ စိုးရိမ်သောကတွေ ရင်မှာဖိစီးနေပေတော့သည်။

* * *

ကာလိင်္ဂမင်း၏ သမီးတော် လေးပါးကို သိမ်းပိုက်လိုက်ခြင်းမှာ "အိပ်ပျော်နေသည့်ကျားကို တုတ်နှင့်ထိုးပြီး နှိုးလိုက်ခြင်းပဲ"ဟု ဝေဖန်သူကဝေဖန်သည်။ "ဒီလုပ်ရပ်က အဿကတိုင်းပြည်လေးပျက်စီးဖို့ လမ်းစပဲ"ဟု ဆိုသူကဆို။ အဿကပြည်သူတို့သည် ထိုနေ့ကစ၍ချောက်ချားသကဲ့သို့ ရှိနေသည်။ သို့သော်ပြည်သူအားလုံးက နန္ဒိသေန၏ စွမ်းရည်ကိုယုံကြည်သည်။ အကျိုးမရှိဘဲ မလုပ်တန်ရာဟု တွေးသည်။ သို့ဖြစ်၍ နန္ဒိသေနအမတ် ပြောလာမည့်စကားကိုသာ စောင့်နေကြသည်။

"အမောင်စစ်သည်တို့၊ ငါတို့တိုင်းပြည်ရဲ့အရေးဟာ သေရေးရှင်ရေးတမျှ အရေးကြီးလာပြီ။ တို့ပြည်ကို ကမ္ဘာပေါ် မှာ ဆက်လက်တည်ရှိဖို့က အမောင်တို့ လက်ထဲမှာရှိတယ်။ အဿကတိုင်းပြည်ရဲ့သမိုင်း မော်ကွန်းထိုးနိုင်တာလဲ အမောင်တို့ပဲဖြစ်တယ်"

နန္ဒိသေနအမတ်သည် စစ်သည်အားလုံးကို နန်းရင်ပြင်မှာ စုဝေးစေသည်။ နန္ဒိသေနအမတ်က ခေါ်ပြီးဆိုကတည်းက အဖြေတစ်ခုခု ရတော့မည်ဟုတွေးပြီး ပြည်သူတွေလည်း စုရုံးရောက်လာသည်။ သို့သော် နန္ဒိသေနဆင့်ခေါ်သည်က ပြည်သူများမပါဘဲ၊ စစ်သည်များသာဖြစ်၍၊ မလှမ်းမကမ်းကအရိပ်အခြည်ကြည့်နေသည်။ နားစွင့်နေကြသည်။

"အမောင်တို့။ ကာလိင်္ဂမင်းဟာ သူ့အင်အားကိုအားကိုးပြီး အတိုင်းတိုင်းအပြည်ပြည်ကို ကျူးကျော်စစ်ခင်းဖို့ ကြံရွယ်နေတယ်။ ဒီသတင်းရကတည်းက တစ်နေ့နေ့မှာ တို့အဿကတိုင်းပြည်ကို ရောက်လာမယ်လို့ မျှော်လင့်ထားတယ်။ အဲလို မျှော်လင့်ထားတဲ့အတိုင်း ပရိယာယ်နဲ့ မြှူဆွယ်တယ်။ ငါတို့မှာ ရွေးချယ်စရာ နှစ်လမ်းရှိတယ်။ အဲဒီနှစ်လမ်းအနက် တစ်လမ်းလမ်းကို ရွေးရမယ်။ တစ်လမ်းက ယာယီငြိမ်းချမ်းမှု ရှိမယ်။ ဒါပေမယ့် အဿက ပြည်သူတွေ အားလုံးဟာ ကာလိင်္ဂတိုင်းပြည်ရဲ့ ကျွန်တွေဖြစ်ကြမယ်"

နန္ဒိသေနစစ်သူကြီး၏စကားကြားသဖြင့် ပရိသတ်များထဲမှ မကျေနပ်သံတွေ ထွက်လာသည်။ စစ်သည်တို့၏ မျက်နှာ၌မှုမာနတွေ ထင်လာသည်။ ထိုမာနလေးပေါ်လာအောင် နန္ဒိသေန ဖန်တီးလိုက်ခြင်းပင်။

"အမောင်တို့၊ ယာယီအသက်ရှင်ရေးအတွက် အဿကတိုင်းပြည်ရဲ့အသရေကို ညှိုးနွမ်းစေမလား"

"မညှိုးစေရဘူး"

"အသက်ကိုင်ငဲ့ပြီး ကျွန်ဘဝနဲ့ ရပ်တည်မလား"

"မတည်ဘူး၊ မနေဘူး။ ကျွန်မဟုတ်ဘူး။ အဿကလူမျိုးတွေဟာ သခင်"

"ဟုတ်ပြီ။ ငါနဲ့အတူ အမောင်တို့အားလုံးရဲ့စိတ်ထားဟာ အတူတူပဲ။ နန္ဒိသေနအမတ်ဟာ ကျွန်တစ်ယောက်ပဲလို့ အမည်ခံရမှာထက်စာရင် သခင်အဖြစ်နဲ့ အသေခံသွားမယ်။ ဒါကြောင့် စစ်လိုလားတဲ့ကာလိင်္ဂမင်းကို အကောင်းဆုံးတုံ့ပြန်လိုက်တာက စစ်ပွဲပဲ"

"မှန်တယ်...မှန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



''အမောင်တို့၊ ငါတို့ဟာ ဒီပွဲမှာ သေချင်သေနိုင်တယ်။ တို့ဟာအခုမသေရရင်လည်း တစ်နေ့သေရမှာပဲ။ ဒီတော့ အမြတ်ဆုံးသေခြင်းနဲ့ သေဖို့ ငါသူရဲကောင်းတစ်ထောင်လိုချင်တယ်...''

အဿကပြည်သူများနှင့်စစ်သည်များသည် နန္ဒိသေနအပေါ် မမှိတ်မသုန်အကြည့်ဖြင့်ကြည့်နေသည်။ သံသယ စိတ်တွေနဲ့ ငြိမ်နေသည်။

''ကာလိင်္ဂတိုင်းပြည်က အခေါပဏိတပ်ကြီးကိုခုခံဖို့ ငါသူရဲ ကောင်းတစ်ထောင်ပဲလိုချင်တယ်။ ဒီသူရဲကောင်း တစ်ထောင်နဲ့ရျေှ့ရှုန်းမယ်။ တိုင်းပြည်အတွက် အသက်ပေးဝံ့တယ်ဆိုရင် ရှေ့ထွက်ပါ''

နန္ဒိသေန၏စကားဆုံးသည်နှင့် တန်းစီနာခံနေသော စစ်သည် အားလုံးက ဝုန်းခနဲရှေ့တက်လိုက်သည်။ နန္ဒိသေနသည် ကျေနပ်ပြုံးဖြင့် စစ်သည်တွေကို ကြည့်လိုက်သည်။

''ငါလိုချင်တာ စစ်သည်တစ်ထောင်တည်းပဲ။ ဒီတော့ ငါ့စိတ်ကြိုက်ရွေးမယ်။ အေး...အရွေးမခံရသူတွေက စိတ်မပျက်ပါနဲ့။ သင်တို့အားလုံးရွေးချယ်ထားတဲ့ စစ်သားတွေရဲ့ နောက်မှာရှိနေရပါလိမ့်မယ်။ တိုင်းပြည်တာဝန်ဟာ သင်တို့အားလုံးအပေါ်ကျရောက်နေပြီလို့ မှတ်ပါ''

နန္ဒိသေနသည် သူ့စိတ်ကြိုက်စစ်သားတစ်ထောင်ကို ရွေးချယ်လိုက်ပေသည်။

* * *

နန္ဒိသေနသည် စိတ်ကြိုက်လက်ရွေးစင် စစ်သားတစ်ထောင်ကို အသူရာချောက်ဆီ ခေါ်လာသည်။

''အမောင်တို့၊ သင်တို့ဟာအဿကတိုင်းပြည်အတွက် အသက်ပေးကာကွယ်မယ်...ကျေးဇူးရှင် အဿက ဘုရင်မင်းမြတ်အတွက် အသက်စွန့်ကြမယ်လို့ ငါယုံကြည်တယ်''

အလေးအနက်စကားပြောပြီးနောက် စစ်သည်တို့၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ အားလုံးက မဆုတ်မနစ် အသက်စွန့်မည်အသွင်။

''ကောင်းပြီ၊ သင်တို့အားလုံးရဲ့ စိတ်ဓာတ်ကို အဿကပြည်သူတို့ကလည်း ဂုဏ်ယူစောင့်ကြည့်နေကြတယ်။ ဒါပေမယ့် နောက်ဆုံးအနေနဲ့ အခွင့်အရေးတစ်ရပ်ပေးပါ့မယ်။ အသက်စွန့်ရမှာ မဝံ့ရင် ဒီနေရာကလှည့်ပြန်ကြ''

''မပြန်ဘူး။ စွန့်မယ်''

''ကောင်းပြီ၊ သင်တို့ရဲ့ စကားတည်မတည်ငါကြည့်မယ်။ ဟောဟိုမှာတွေ့လား''

နန္ဒိသေနအမတ်က အသူရာချောက်ကို လက်ညှိုးညွှန်ပြလိုက်သည်။

''ဒီချောက်ထဲကျရင် အရိုးအသားရှာမရအောင် သေဖို့ကလွဲပြီး အခြားမရှိဘူး။ သင်တို့ သေဝံ့တယ်ဆိုရင် ဒီချောက်ထဲ ခုန်ချ''

''ဝံ့တယ်၊ ခုချက်ချင်းသက်သေပြမယ်''

''အေး၊ သင်တို့ရဲ့ ရဲဝံ့မှုကို ငါဂုဏ်ယူတယ်။ ဒီတော့ ငါအချက်ပေးလိုက်တာနဲ့ အားလုံးကချောက်ထဲခုန်ချပြီး သေပြလိုက်စမ်းပါ။ သေရဲတယ်၊ သေဝံ့တယ်ဆိုတဲ့ သင်တို့ ရဲ့စိတ်ဓာတ်ကို လက်တွေ့ပြလိုက်စမ်းပါ။ ကိုင်း...ခုန်ချ''

နန္ဒိသေနအမိန့်ပေးသည်နှင့် စစ်သည်တစ်ထောင်သည် ဘေးကိုမကြည့်ဘဲ ချောက်ဆီသို့ ခုန်စိုင်းပြေးသွားသည်။ ရှေ့ဦးဆုံးစစ်သည်များ ချောက်နှုတ်ခမ်းအရောက်တွင် နန္ဒိသေန၏ ကျယ်လောင်သော အမိန့်သံထွက်ပေါ်လာသည်။

အမိန့်သံအတိုင်းစစ်သည်တွေက တုံ့ခနဲကရပ်သွားသည်။ ''ဘယ်လိုလဲ..ဘာဖြစ်တာလဲ''ဟူသော အဓိပ္ပာယ်နှင့် ပြန်ကြည့်သည်။

ရပ်...။

www.burmeseclassic.com

www.burmeseclassic.com



"အမောင်တို့၊ သင်တို့ဟာ ဘာကြောင့်အချည်းနှီးမဲ့ သေချင်ကြတာလဲ"

"သေဝံ့ရင် ချောက်ထဲခုန်ချပြလို့ စစ်သူကြီးက အမိန့်ပေးတယ်လေ…"

"အေး၊ တိုင်းပြည်အတွက်တကယ်အသက်ပေး ဝံ့ရဲ့လားလို့ ငါစူးစမ်းတာ…ဒီလိုအချည်းနှီး သေခြင်းထက် ကျူးကျော်လာတဲ့ စစ်သည်တွေကို သုတ်သင်ရင်း သေတာကပိုမမြတ်ဘူးလား…"

"မြတ်ပါတယ်"

"ဒါဆို တိုင်းပြည်အတွက် ဂုဏ်ယူရမယ့် သူရဲကောင်းတွေ အဖြစ်သေပြကြစမ်းပါ။ မကြာခင်မှာ ရောမစစ်ပွဲကြီး ဆင်နွှဲရ တော့မယ်။ ပြောရရင် တရားသောစစ်ပွဲဆင်နွှဲကြရတော့မယ်။ အဲဒီတိုက်ပွဲမှာ သင်တို့ရဲ့ဂုဏ်ကိုပြကြ"

နန္ဒိသေနသည် လက်ရွေးစင်စစ်သည် တစ်ထောင်ကိုရွေးချယ်ပြီး နောက်ကာလိင်္ဂစစ်တပ်ချီလာမည့် တောင်ကြား သို့ ပို့လွှတ်နေရာချထားသည်။ ကျန်စစ်သည်များကိုလည်း အစုလိုက် အစုလိုက်ဖွဲ့ပြီး ရန်သူလာနိုင်သည့် လမ်းကြောင်း များသို့ ပို့လွှတ်တပ်စွဲသည်။ အဿကပြည်သူအားလုံးကိုမူ ရိက္ခာလက်နက်စုဆောင်ရေး၊ ရှေ့တန်းသို့ပို့ရေး တာဝန် များ ပေးလိုက်သည်။

ကျူးကျော်စစ်ကိုခုခံရန်အတွက် အဖက်ဖက်မှလစ်ဟာမှုမရှိအောင်စီမံပြီး၊ ရန်သူ့သတင်းကို နားစွင့်ရင်း အသင့်ပြင်ထားလိုက်ပေသည်။

* * *

အောင်စည်အောင်မောင်းတီးခတ်လျက် ချီတက်လာသော ကာလိင်္ဂတပ်ကြီးသည် အဿကပြည်၏စည်းရိုးသဖွယ် ရှိသည့် တောင်ကုန်းပေါ်တွင် တပ်ဖြန့်နေရာယူထားသည်။ မြင်းသံ၊ ဆင်သံ၊ ဓားလှံလက်နက်သံတွေက အဿကပြည်သူ တွေ ချောက်ချားလောက်သည်။ သူတို့သည် မကြာမီကာလတွင် ရန်သူကို ခြေမှုန်းလျက် ရန်သူမင်းကို သုံ့ပန်းအဖြစ် ခေါ်လာနိုင်တော့မည်ဟု တွက်ပြီးပျော်နေသည်။ ကာလိင်္ဂမင်းသည် သူ၏စစ်သည်များကိုသွေးမြောက်စေရန် သေရည်ပွဲကြီး ကျင်းပပေးသည်။ စစ်သည်အားလုံးသည် ရှေ့ရေးကို မတွေးဘဲ အပျော်ကြီးပျော်နေကြသည်။

ထိုအချိန်တွင် နန္ဒိသေနအမတ်သည် အခါမလပ်သတင်းစုံစမ်းရင်း၊ ရန်သူ၏သတင်းကို လေ့လာနေသည်။ ကာလိင်္ဂမင်းသည် စခန်းချထားသည့် တောင်ပေါ်ရှိရသေ့ကျောင်းသို့သွားကြောင်း၊ တိုက်ပွဲ၏အခြေအနေကို မေးမြန်းကြောင်း၊ ရသေ့က ဤစစ်ပွဲတွင် ကာလိင်္ဂတို့လုံးဝအောင်မြင်မည်ဟု နိမိတ်ဖတ်၍ ပိုမိုပျော်ကုန်သည်။ စည်းလွှတ်ဝါးလွှတ် အပျော်ကြီးပျော်နေကြသည်။

နန္ဒိသေနသည် ရုပ်ဖျက်လျက် ထိုရသေ့ထံသို့ တစ်ယောက်တည်းသွားသည်။ စစ်ပွဲအခြေအနေကို ကာလိင်္ဂ မင်းနည်းတူမေးမြန်းသည်။

"ဒီပွဲမှာ အဿကတွေ ရှုံးမယ်၊ ကာလိင်္ဂတွေအောင်မယ်"

"ဟုတ်ပါလိမ့်မယ် အရှင်ရသေ့။ အင်အားကြီးမားတဲ့ ကာလိင်္ဂမင်းအောင်ပွဲခံမယ်ဆိုတာ မပြောဘဲနဲ့သိသာပါ တယ်။ ဒါပေမယ့် အဘယ်နိမိတ်မြင်လို့ ဒီလိုမိန့်ဆိုတာလဲ သိပါရစေ"

"စစ်အောင်သူကိုစောင့်ရှောက်တဲ့နတ်တွေက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ကြတယ်။ ရွှင်လန်းတက်ကြွတဲ့ အသွင်ရှိတယ်။ စစ်ရှုံးမယ့်မင်းကိုစောင့်ရှောက်တဲ့ နတ်တွေကတော့ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားကြတယ်။ ညှိုးငယ်တဲ့ အသွင်ရှိတယ်။ ဒီနိမိတ်လက္ခဏာကြည့်ပြီး ငါမိန့်တာပါ"

"ဒါဆို စစ်ပွဲအောင်နိုင်ဖို့က"

"စောင့်ရှောက်တဲ့နတ်တွေကို ဖြိုဖျက်နိုင်ရင် အောင်မြင်နိုင်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



နန္ဒိသေနသည် စစ်ပွဲ၏အနိုင်အရှုံးကိုဆုံးဖြတ်ချက် ပေးမည့်လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခဲ့ပြီ။ ထို့ကြောင့် အဿကမင်းထံ ဝင်ရောက်ပြီး၊ တိုက်ခိုက်ရမည့်နည်းလမ်းကို သညာပေးသည်။

''အရှင်မင်းကြီး၊ ကာလိင်္ဂမင်းနဲ့ အရှင်မင်းကြီးစစ်ထိုးဖြစ်အောင် ကျွန်တော်မျိုးစီစဉ်ပါ့မယ်။ စိုးရိမ်စိတ်မရှိပါနဲ့၊ အရှင်မင်းကြီးနဲ့အနီးဆုံးမှာ ကျွန်တော်မျိုးရှိနေပါမယ်။ အကယ်၍ စစ်ထိုးကြရင် ကာလိင်္ဂမင်းရဲ့ဘေးမှာ ဖြူသော အဝတ်တွေဝတ်ထားတဲ့ နတ်တွေတွေ့ပါလိမ့်မယ်။ အရှင်မင်းကြီးက ကာလိင်္ဂမင်းကို အာရုံမစိုက်ပါနဲ့။ အဲဒီနတ်တွေကို လှံချက်ထိအောင်သာထိုးပါ။ မင်းကြီးရဲ့ လှံသွားရာအရပ်ကို ကျွန်တော်မျိုးနဲ့စစ်သည်တစ်ရာရဲ့ လှံချက်တွေလိုက်လာပါလိမ့်မယ်။ သူ့နတ်တွေကျသွားရင် အရှင်မင်းကြီးက အောင်ပြီ...အောင်ပြီလို့ဟစ်ကြွေးလိုက်ပါ။ ဒီအခါ သူ့ရဲကောင်းကိုးရာက သူ့တပ်ကိုတစ်ဟုန်ထိုးလိုက်ပါလိမ့်မယ်။ မင်းကြီးရဲ့နောက်မှာရှိနေတဲ့ အဿကပြည်သူတွေက ကာလိင်္ဂစစ်သည်တွေကို အပြီးတိုင်ချေမှုန်းပစ်ပါလိမ့်မယ် မင်းကြီး''

စစ်သူကြီးနန္ဒိသေန၏ စစ်ရေးပရိယာယ်ကို အဿကမင်းယုံကြည်သည်။ သို့သော် ဟုတ်မှဟုတ်ပါ့မလားဟူသော အတွေးရှိနေသဖြင့် အခြေအနေကို ရှင်းလင်းအောင်မေးသည်။ နန္ဒိသေနက စုံစမ်းရသည့် အချက်အလက်နှင့် မိမိဘက်မှ စစ်ဗျူဟာအခင်းအကျင်း၊ ပြည်သူ၏ စိတ်ဓာတ်ကိုရှင်းလင်းပြလိုက်သည်။ ထို့နောက် နန္ဒိသေနသည် ကာလိင်္ဂမင်းထံ ဘုရင့်ကိုယ်စားရာဇသံ ပို့လိုက်သည်။

အသင်ကာလိင်္ဂမင်း-

**သင်သည်ယောက်ျားကောင်းဟူ၍ ငါ့နိုင်ငံအားစစ်ထိုးလာသည်။ ငါသည်လည်း ယောက်ျားကောင်း ပီသစွာ ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ ငါတို့နှစ်ဦးကြောင့် ပြည်သူတွေ မညှိုးနွမ်းစေသင့်။ ယောက်ျားကောင်းမှန်လျှင် စစ်မြေပြင်မှာ တစ်ဦးချင်းတွေ့ကြစို့။**

အဿကမင်း၏စိမ်ခေါ်မှုသည် ကာလိင်္ဂမင်းဟူသောယမ်းပုံထက်သို့ မီးခဲတစ်ခဲပစ်ချသည့်နှယ် ပေါက်ကွဲသွားသည်။ မင်းနှစ်ပါးစစ်ထိုးလျက် အရှုံးအနိုင်ဆုံးဖြတ်ဖို့ လက်ခံလိုက်သည်။

ချိန်းဆိုထားသည့် စစ်တလင်းသို့ အဿကမင်းသည် ကာလိင်္ဂမင်း၏ သမီးတော်လေးပါး ခြံရံလျက်ထွက်လာသည်။ မိမိကဲ့သို့သော တိုင်းကြီးပြည်ကြီးအရှင်ကို မခံ့လေးစားအပြုအမူဖြင့် ဆက်ဆံလာသော အဿကမင်းအား သတ်ဖြတ်အံ့ဟု ကြိမ်းမောင်းဆဲဆိုလျက် မြင်းကိုဒုန်းစိုင်း ဝင်လာသည်။

''အရှင်မင်းမြတ်၊ စိတ်အေးအေးထားပြီး ရင်ဆိုင်ပါ။ ကာလိင်္ဂမင်းရဲ့ဘေးမှာ နတ်စစ်သည်တွေတွေ့သလား''

''တွေ့တယ်''

''ဘာအရောင်ဝတ်ထားသလဲ''

''အဖြူရောင်''

''ဟုတ်ပြီမင်းကြီး။ အဲဒီနတ်တွေကို ချိန်ရွယ်ပြီး အရှင်မင်းကြီးရဲ့လှံကို ပစ်လိုက်။ ကျွန်တော်မျိုးတို့က အဲဒီလှံချက်နောက်ကို လိုက်ထိုးမယ်''

အနီးကပ် သတိပေးနေသည့် နန္ဒိသေန၏စကားအတိုင်း အဿကမင်းက လှံကို လွှတ်လိုက်သည်။ နတ်စစ်သည် ပြိုလဲသွားသည်။ ဤသည်ကိုမြင်သည်နှင့် အဿကမင်း၏ အသံနက်ကြီးပေါ်လာတော့သည်။

''အောင်ပြီ...အောင်ပြီ''

စစ်ထိုးရုံသာရှိသေးသည်။ သူ့လှံချက်ကိုလည်း ရှောင်တိမ်းနိုင်လျက် အောင်ပြီဟုအော်သံကြားသဖြင့် ကာလိင်္ဂမင်း ကြောင်သွားသည်။ ငေးငိုင်လျက် လည်ပြန်လှည့်ကြည့်ချိန်တွင် လှံတစ်စင်းက ကာလိင်္ဂမင်း၏လည်ကို ဖောက်ဝင်သွားသည်။ မြင်းထက်က လန်ကျသွားချိန်တွင် အသင့်ရှိနေသော စစ်သူရဲကောင်း ကိုးရာ၏ကြွေးကြော်သံတွေက ဟိုမှ သည်မှတစ်ပြိုင်နက် ထွက်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကာလိင်္ဂမင်းကျဆုံးသွားသည်နှင့် စိတ်ဓာတ်ပျက်ပြားနေသော ကျူးကျော်သူတို့သည် ကစင့်ကလျား ဆုတ်ခွာကြသည်။ သို့သော် သူတို့ကား လွတ်လမ်းမရှိ။ အဿကပြည်သူတို့၏ ထိုးစုတ်သတ်ဖြတ်ခြင်း ခံလိုက်ရတော့သည်။

ကာလိင်္ဂနှင့် အဿကစစ်ပွဲက ပြီးလေပြီ။ အင်အားကြီးသည့် ကာလိင်္ဂတို့ကို အဿကစစ်သည်တို့က အောင်နိုင်လိုက်ပြီ။ ဤသည်မှာ ကြံ့ရည်ဖန်ရည်ရှိသော နန္ဒိသေနစစ်သူကြီး၏ မပြတ်မလပ်ကြိုးပမ်းအားထုတ်မှုနှင့် အောင်စိတ်ကြောင့်ပင် ဖြစ်ပေသည်။

ကျမ်းကို။ ။၅၁၀ ဇာတ်တော်၊ စတုတ္ထနိပါတ်၊ စူဠကာလိင်္ဂဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အမွေခံသား

ကျွန်ုပ်သိတတ်စအရွယ်တွင် ဖြဟ္မဒတ်မင်း၏စစ်တပ်ကြီးချီလာပြီး၊ ကျွန်ုပ်ဖခင်စိုးစံရာ သာဝတ္ထိပြည်ကို တိုက်ခိုက်ခံရပါတယ်။ ခမည်းတော်ဘုရင်မင်းမြတ်နဲ့ စစ်သည်တွေဟာ ရန်သူကိုရှုပ်ရှုပ်ချွချွ ခုခံကြတယ်။ ဒါပေမဲ့ ရန်သူ့အင်အားကကောင်းတော့ မြို့ကိုအလုံပိတ်ဆို့ခုခံတယ်။ ခုခံတယ်ဆိုပေမယ့် ကြာရှည်မခံနိုင်ဘူး။ မြို့တံခါး ပွင့်ပြီး ရန်သူတပ်တွေအလုံးအရင်းနဲ့ ဝင်လာတယ်။ နှစ်ဖက်စစ်သည်တွေဟာ အထွေးထွေးအလုံးလုံးနဲ့ အသက်လုတိုက်ပွဲဆင်ကြတယ်။ တိုက်သူကလည်း သဲသဲမဲမဲ၊ ခုခံသူကလည်း အစွမ်းကုန်ခုခံတော့ သေကြကြေကြတာမြင်မကောင်းအောင်ပဲ။

မြို့တံခါးပွင့်သွားချိန်မှာ ခမည်းတော်ဘုရင်ကြီးရောက်လာပြီး မယ်တော်ကို "ပြေးတော့"လို့ မိန့်ပါတယ်။ ကျွန်ုပ်ရဲ့မယ်တော်က ရွှေငွေရတနာယူနိုင်သမျှ သယ်ဆောင်ပြီး၊ ကျွန်ုပ်လက်ကိုဆွဲပြီး ပြေးပါတယ်။ ဒါပေမဲ့ ဘယ်ကဝင်လာမှန်းမသိတဲ့ မြားတစ်စင်းက မယ်တော်ရင်ကိုဝင်စိုက်ပြီး လဲကျသွားတယ်။ အဲဒီလိုလဲကျချိန်မှာ မယ်တော်က အထုပ်တစ်ထုပ်ကို ကျွန်ုပ်လက်ထဲထိုးထည့်ပေးပြီး "ပြေး" လို့တစ်ခွန်းတည်းအော်ကာ လဲကျသွားတယ်။ ကျွန်ုပ်လည်း အထွေးထွေးဖြစ်နေတဲ့ စစ်သားတွေကြားက ပြေးထွက်ခဲ့ပါတယ်။ အဲလို ပြေးထွက်လာရင်း ကျွန်ုပ်ရဲ့ခမည်းတော်ကို စစ်သားတွေဝိုင်းတိုက်နေတာ မြင်ရတယ်။ ဒဏ်ရာရနေတဲ့ ခမည်းတော်ဟာ ငါသေမှငါ့နန်းတော် ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ခုခံနေပုံရပါတယ်။ ဒါပေမယ့် နောက်ဆုံးတော့ ဓားလှံပေါင်းများစွာက ခမည်းတော်ရဲ့ခန္ဓာကိုယ်မှာစူးဝင်ပြီး လဲပြိုကျသွားပါတယ်။

သိတတ်စအရွယ်လူမမယ်လေးတစ်ယောက်ရဲ့ စိတ်ကိုချောက်ချားစေတဲ့ တိုက်ပွဲကြီးကိုကြုံခဲ့ရတယ်။ အဲဒီတိုက်ပွဲမှာ ကျွန်ုပ်ရဲ့ခမည်းတော်နဲ့မယ်တော် သေခဲ့ရတယ်၊ ပြီးတော့ ကျွန်ုပ်တို့ပျော်ပျော်ပါးပါးစံမြန်းခဲ့တဲ့ နန်းတော်ကြီး မီးလောင်ပျက်စီးသွားခဲ့တယ်၊ စစ်နိုင်ဘုရင်ရဲ့စစ်သည်တွေဟာ သာဝတ္ထိမြို့ကို မြေလှန်ရှာပြီးရသမျှ ရွှေငွေရတနာများ ယူသွားကြတယ်။ ဒီမြင်ကွင်းတွေဟာ ကျွန်ုပ်ရဲ့ မျက်စိထဲမှာ တစ်သက်လုံး ဖျောက်ဖျက်မရနိုင်တဲ့ မြင်ကွင်းတွေပါ။

အင်အားကောင်းသူက အင်အားနည်းသူကို အနိုင်ကျင့်၊ စော်ကားပြီး၊ လုယက်ဖျက်ဆီးသွားတဲ့ အနိဋ္ဌာရုံမြင်ကွင်းက ကျွန်ုပ်အသည်းမှာ စွဲထင်နေတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီသွေးချွေးအကြွေးကို ပြန်လည် တောင်းယူရမယ်လို့ စိတ်ထဲမှာ တေးထားမိတယ်။

ကျွန်ုပ်ဟာ ရန်သူဘေးကလွတ်အောင် မထင်မရှားအသွင်နှင့် ဝေးရာကိုပြေးခဲ့တယ်။ ကျွန်ုပ်မှာ အဖော်လည်း မပါဘူး။ အစောင့်အရှောက်လည်း မရှိဘူး။ အမြဲတမ်း အစောင့်အရှောက်တွေ...၊ အလုပ်အကျွေးတွေနဲ့ နေခဲ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အဖို့ အလွန်သိမ်ငယ်တဲ့ဘဝပါပဲ။ ဒါပေမယ့် အားကိုးစရာအဖြစ်တစ်ခုတော့ပါလာခဲ့တယ်။ အဲဒါက မယ်တော်ကိုယ်တိုင်လက်ထဲထည့်ပေးလိုက်တဲ့ မဖြစ်စလောက်ရတနာထုပ်လေးပါ။ မဖြစ်မလောက်ဆိုပေမယ့်ခုလိုအချိန်မှာ တော့ အဲဒီရတနာထုပ်ဟာ ကျွန်ုပ်အတွက် အင်မတန်အသုံးဝင်သလို၊ အလွန်ပင်အားဖြစ်စေခဲ့ပါတယ်။

ကျွန်ုပ်ဟာခြေဦးတည့်ရာပြေးရင်း တက္ကသိုလ်ပြည်ကိုရောက်သွားတယ်။ အသိမိတ်ဆွေမရှိ၊ နေစရာအိမ်မရှိတဲ့ ကျွန်ုပ်အတွက် တက္ကသိုလ် ပြည်ရောက်လာတာ ကံကောင်းခြင်းတစ်ပါးပဲ။ ဘာဖြစ်လို့လဲဆိုတော့ မယ်တော်က ကျွန်ုပ်ကိုတက္ကသိုလ်ပြည်အကြောင်း ခဏခဏပြောဖူးပါတယ်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်မယ့်သူက အဋ္ဌာရသ (၁၈) ရပ်တတ်ဖို့လိုတယ်။ ငါ့သားအရွယ်ရောက်ရင် အဲဒီ ပညာတွေကို တက္ကသိုလ်ပြည်သွားသင်ရမယ်။ တက္ကသိုလ်ပြည်မှာ ဒိသာပါမောက္ခဆရာကြီးရှိတယ်။ အတိုင်းတိုင်းအပြည်ပြည်က မင်းညီမင်းသားတွေ၊ သူဌေးသူကြွယ်တွေ၊ ပညာတတ်ပုဏ္ဏားရဲ့သားသမီးတွေဟာ ဒိသာပါမောက္ခဆရာကြီးဆီမှာ ပညာသင်ကြတယ်။ ငါ့သားဟာ မင်းသားတစ်ပါး ဖြစ်လေတော့ တက္ကသိုလ်ပြည်ကိုသွားရမယ်။ ပညာသင်ရမယ်။ အဲလို ပြောပြဖူးတော့ တက္ကသိုလ်ပြည်ကို မရောက်ဖူး ပေမယ့် အကျွမ်းတစ်ဝင် ရှိနေတယ်။

တက္ကသိုလ်ပြည်ရောက်လာတဲ့ ကျွန်ုပ်ဟာစစ်ရှုံးတဲ့မင်းရဲ့သားတစ်ယောက်အနေနဲ့ နေလို့အဆင်မပြေနိုင်ဘူး။ ဒါကြောင့် သာမန်ကြေးရည်တတ်တစ်ယောက်အနေနဲ့ အခပေးသင်ဖို့ ဆုံးဖြတ်လိုက်တယ်။ သင်ယူရာမှာလည်း စစ်ရဲ့အနိဋ္ဌာရုံကိုမြင်ထားတော့ ဓားခုတ်၊ လှံထိုး၊ စက်ကြိုး၊ ယန္တရားအတတ်ကို သင်ယူဖို့အားမထုတ်ချင်ဘူး။ ဒါကြောင့် ဗေဒင်သုံးပုံကိုသာ အဓိကထားသင်ပြီး၊ ကျန်တဲ့ပညာရပ်တွေကိုတော့ သာမန် သိထားရုံသဘောသာ သင်ယူခဲ့တယ်။ တက္ကသိုလ်ပြည်မှာ သုံးနှစ်သုံးမိုးပညာသင်လိုက်တော့ ကျွန်ုပ်မှာ အတွေ့အကြုံသစ်တွေ အမြောက်အမြားရတယ်။ မိတ်ဆွေတွေတိုးတယ်။ လူ့လောက လူ့သဘာဝအကြောင်း လေ့လာခွင့်ရတယ်။ ဒီအတွေ့အကြုံ ဗဟုသုတတွေဟာ ငွေရှိတိုင်းမရနိုင်သလို လူတိုင်းလည်းရနိုင်တဲ့ အခွင့်အရေးမျိုးမဟုတ်ပါဘူး။ အဲလိုနဲ့ ပညာစုံတဲ့အခါဆရာကြီးကို ကန်တော့ပြီး ပြန်ခဲ့တယ်။ ပြန်ခဲ့တယ်ဆိုပေမယ့် ကျွန်ုပ်မှာ ပြန်စရာမြေမရှိဘူး။ ဒါနဲ့အပြန်လမ်းမှာ ပစ္စန္တရစ်ရွာအနီးမှာရှိတဲ့ ဂူတစ်ဂူကိုအမှီပြုနေတဲ့ ရသေ့ငါးရာနဲ့ တွေ့တယ်။ ဒီရသေ့တွေနဲ့နေရင် လတ်တလောနေစရာရမယ်၊ သီးခြားဆန်တဲ့ မိတ်ဆွေတစ်စုလည်းရမယ်လို့ တွက်ပြီး၊ ရသေ့တွေနဲ့အတူ အဲဒီဂူမှာပဲ နေလိုက်ပါတော့တယ်။

* * *

ကျွန်ုပ်ဟာအတတ်ပညာအစုံတတ်မြောက်လာခဲ့တော့ အလိုလိုနေရင်း ရသေ့ငါးရာရဲ့ဆရာဖြစ်လာတယ်။ ရသေ့ငါးရာကိုအုပ်ချုပ်နေရပေမယ့် ကျွန်ုပ်စိတ်ထဲ ဖျောက်ဖျက်မရတဲ့ စွဲလမ်းမှုက ငါ့နိုင်ငံကို ဗာရာဏသီမင်းက ကျူးကျော်သိမ်းပိုက်ခဲ့တယ်၊ ငါ့ခမည်းတော်နဲ့ မယ်တော်ကိုသတ်ဖြတ်ခဲ့တယ်၊ ငါတို့ပိုင်တဲ့ ရွှေငွေ ရတနာတွေ မတရား ယူသွားကြတယ်။ ဒီအကြွေးပြန်ဆပ်ရမယ်။ တစ်နေ့နေ့မှာ မိဘအမွေကို ပြန်ယူရမယ်၊ မိဘရဲ့အမွေကို စောင့်ထိန်းဖို့ တာဝန်ရှိတယ်ဆိုတဲ့ သားသမီးတစ်ယောက်ဖြစ်အောင်ကြိုးစားဖို့ ငါ့မှာတာဝန်ရှိကျေပွန်တဲ့ အတွေး၊ စွဲလမ်းမှုပါပဲ။

ဒါနဲ့တစ်နေ့တော့ ကျွန်ုပ်နဲ့ ကျွန်ုပ်ရဲ့တပည့် ရသေ့ငါးရာဟာ ဗာရာဏသီပြည်ကို ထွက်ခဲ့ကြတယ်။ ဗာရာဏသီမင်းရဲ့ ဥယျာဉ်မှာ စခန်းချလိုက်တယ်။ ရန်သူနဲ့ အနီးဆုံးနေရာရောက်နေတဲ့ ကျွန်ုပ်ဟာ ရနိုင်သမျှသတင်းတွေ စုဆောင်းခဲ့တယ်။

ဗာရာဏသီမင်းက သူ့တိုင်းပြည်မှာ အုပ်ချုပ်နေပြီ၊ သိမ်းယူထားတဲ့ သာဝတ္ထိမြို့ကို မြို့စောင့်တပ်ပဲထားတယ်။ သာဝတ္ထိပြည်က သိမ်းယူလာတဲ့ ရွှေငွေရတနာများကိုလည်း ကြေးအိုးမှာထည့်ပြီး ကျွန်ုပ်တို့ခေတ္တစခန်းချနေတဲ့ ဥယျာဉ်တွင်းမှာမြှုပ်နှံသိမ်းထားတယ်ဆိုတဲ့ သတင်းရတယ်။ ဒီသတင်းလောက်နဲ့ မခိုင်လုံသေးလို့ စိတ်ရှည်ရှည် စောင့်စား ရမယ်လို့ စဉ်းစားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာတော့ ကျွန်ုပ်တို့ဟာ ဆွမ်းအလို့ငှာမြို့ထဲထွက်ခဲ့တယ်။ ဒါကို ဗာရာဏသီမင်းကမြင်တော့ ပင့်ခေါ်ပြီး ဆွမ်းလုပ်ကျွေးတယ်။ ရန်သူမင်းကိုပထမဆုံးအကြိမ် အနီးကပ်မြင်ရတာပါပဲ။ ရင်ထဲကတော့ မခံချင်စရာ အတွေးတွေ ပေါ်ခဲ့တယ်။ အချိန်မကျသေးတော့ မိမိဟာ သာဝတ္ထိပြည့်ရှင်ရဲ့ သားတော်ပဲလို့ မပြောသေးဘူး။ ပြောရရင်တော့ ပွင့်ပွင့်လင်းလင်းမကြေညာနိုင်သေးဘူးပေါ့။

ဒီလိုနဲ့ တစ်နေ့မှာ မင်းကြီးကနန်းတော်ထဲပင့်ပြီး ဆွမ်းကျွေးရင်း သူသိလိုတာတွေမေးတယ်။ သူမေးလေသမျှကို ကျွန်ုပ်ကပဲ ဒိုင်ခံအဖြေပေးတော့ ကြည်ညိုသဒ္ဓါစိတ်ဖြစ်ပြီး၊ ဥယျာဉ်တော်မှာ အမြဲသီတင်းသုံးဖို့ ဖိတ်မန္တကပြုပါတယ်။ ကျောင်းသခ်မ်းတွေလည်း ဆောက်လှူပါတယ်။ လောလောဆယ်တော့ ထီးနန်းပြန်မရသေးပေမယ့်၊ အတည်တကျ နေနိုင်တဲ့ ကျောင်းသခ်မ်းရသွားပါပြီ။

ကျွန်ုပ်ဟာ မိမိတတ်ထားတဲ့ မန္တန်အတတ်နဲ့ ဗာရာဏသီမင်းမြှုပ်ထားတဲ့ ရတနာတွေကို ရှာဖွေတယ်။ အလွယ်တကူတွေ့တော့ အဲဒီ ရတနာတွေကိုပြပြီး၊ ကိုယ့်ဘဝဇာတ်ကြောင်းအမှန်ကို ရသေ့ငါးရာအား ရှင်းပြပါတယ်။

"ဒီရတနာတွေရဲ့ ပိုင်ရှင်အစစ်ဟာ ကျွန်ုပ်ပါပဲ။ တိုင်းပြည်ကို လုယက်ဖျက်ဆီးခံရပြီး မတရားသိမ်းဆည်းခံရတဲ့ ရတနာတွေ ပြန်ရပါပြီ။ ဒါပေမယ့် ကျွန်ုပ်ရဲ့အကြီးမားဆုံးတာဝန်က မိဘအမွေကိုပြန်လည်ရယူဖို့ပါပဲ။ ဒါမှလည်း တာဝန်ကျေတဲ့ သားသမီးတစ်ယောက်ဖြစ်မှာပါ"

"ဆရာရသေ့ ဘာလုပ်ချင်လဲ။ ဆရာ့နောက်မှာ ကျုပ်တို့ရှိ ပါတယ်"

"ကောင်းပါပြီ၊ ဒီရတနာတွေယူပြီး၊ လက်နက်လူသူစုမယ်။ ပြီးတော့ သာဝတ္ထိမြို့ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်မယ်။ အဲဒီအလုပ်မှာ သင်တို့ရဲ့အကူအညီလိုပါတယ်"

"စိတ်ချပါဆရာရသေ့"

သဘောတူညီချက်ရသည်နှင့် ရွှေငွေရတနာများယူပြီး ညတွင်ချင်းပင် ဥယျာဉ်တော်မှထွက်ခဲ့တယ်။ လူသူစုရုံးပြီး မြို့စောင့်တပ်ကို တိုက်ခိုက်ရာ၊ သာဝတ္ထိမြို့ကိုရ၍၊ မင်းအဖြစ် ပြန်လည်စိုးစံခဲ့ပေသည်။

မင်းသားဆတ္တာသည်သည် တာဝန်ကျေသည့် သားသမီးတစ်ယောက်ဖြစ်ဖို့၊ မိဘအမွေခံယူထိုက်သည့် သားတစ်ယောက်ဖြစ်ဖို့ အချိန်များစွာ ကြိုးပမ်းခဲ့ရသည်။ သူ၏ရည်မှန်းချက်ကို ဖွဲသန်သန်ကြိုးပမ်းခဲ့သဖြင့်အောင်မြင်မှုရခဲ့ပေတော့သည်။

**ကျမ်းကိုး။ ။၅၅၀ ဇာတ်တော်၊ စတုကနိပါတ်တော်၊ ဖြဟ္မာဆတ္တဇာတ်**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ကြောက်ရွံ့နောက်တွန့်မဲ့

ပဥ္စာဝုဓ။

လက်နက်ငါးပါးအရှင်။

ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်၏ မိဖုရားခေါင်ကြီးမှ မွေးဖွားလာသည့် မင်းသား။ အိမ်ရှေ့စံခွင့်ရသူ။ ငယ်ရွယ်စဉ်ကပင် လက်နက်ငါးပါးကို ကျွမ်းကျင်စွာကိုင်တွယ်တိုက်ခိုက်နိုင်သဖြင့်၊ ငယ်မည်ပျောက်ပြီး ပဥ္စာဝုဓဟု ကျော်ကြားခဲ့သည်။

မင်းသားတစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်သော် ခမည်းတော်နှင့်မယ်တော်က တက္ကသိုလ်ပြည်လွှတ်၍ ပညာသင်စေသည်။ မင်းသားသည် ဒိသာပါမောက္ခဆရာကြီးထံကြိုးစားသင်ယူသဖြင့် အဋ္ဌာရသဆယ့်ရှစ်ရပ် ပညာတတ်မြောက်ခဲ့သည်။ နဂိုအခံပညာရှိထားသည့်ပြင် ဆရာကြီးက မွမ်းမံသင်ပြလိုက်သဖြင့် လက်နက်ငါးပါးအရှင်ဟု ကျော် ကြားခဲ့သည်။ မင်းသားအတတ်စုံ၍ ပြည်တော်ပြန်ရန် ဆရာ့အား ကန်တော့သော် ဆရာကြီးက လက်နက်ငါးပါးကို လက်ဆောင်အဖြစ် ချီးမြှင့်လိုက်သည်။

မင်းသားသည် လက်နက်ငါးပါးစွဲကိုင်လျက် ပြည်တော်သို့ အပြန်တွင်လမ်း၌တောတစ်ခုကို ဖြတ်ရသည်။ တောမဝင်မီ ခရီးသွားများက "ဤတောကို တစ်ယောက်တည်းဖြတ်မှာလား" ဟု မေးသည်။ မင်းသားက "မှန်ပါတယ်၊ တစ်ယောက်တည်းပဲ"ဟု ဖြေသည်။ ထိုအခါခရီးသွားများက "လုလင်၊ ဤတော၌စေးထန်းသောကိုယ်အမွေးရှိသည့် ဘီလူးရှိသည်။ လာသမျှဖြတ်သန်းမှုလူကို ဖမ်းယူစားသောက်လေ့ရှိသည်။ အန္တရာယ်ကြီး၍ အခြားလမ်းကသွားပါ" ဟုအကြံပြုသည်။ မင်းသားက "မစိုးရိမ်လင့်၊ ငါ့မှာ အဆောင်လက်နက်ပါပေတယ်၊ ဘယ်လိုရန်သူကိုမဆို ငါဖြိုခွင်းနိုင်ပေတယ်"ဟု မကြောက်မရွံ့စကားဆိုသည်။ ဆိုသည့်အတိုင်းလည်း တောသို့ရဲဝံ့စွာဝင်လေသည်။

* * *

"ဟယ်လုလင်၊ ရပ်လော့၊ သင်သည်ငါ၏ အစာဖြစ်ပြီ"

ကြောက်မက်ဖွယ်အသံကြီးနှင့် အော်လိုက်ပြီးရှေ့မှ ကာဆီးထားသော ရောမဘီလူးကြီးကိုတွေ့လိုက်သည်။ သာမန်သတ္တိစွမ်းအားရှိသူပင်လျှင် ဘီလူးကိုမြင်ရုံနှင့် လဲကျသွားနိုင်သည်။ ဘီလူး၏ဦးခေါင်းကား ပုတ်တောင်းလောက်ရှိသည်။ နီရဲသော မျက်လုံးအစုံက မီးဝင်းဝင်းတောက်သည့်အလား။ ကြီးမားသော အစွယ်ကြီးများကို ဖြဲထုတ်လျက် ခြိမ်းခြောက်စကားဆိုသည်။ မင်းသားသည် ကြောက်ရွံ့ခြင်းကင်းစွာဖြင့် လေးနှင့် မြားကိုဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...ဘီလူးယုတ်၊ သင်ဟာငါ့ကို သာမန်ပုဂ္ဂိုလ်လို့ ထင်သလော။ ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်ရဲ့ သား၊ ပဉ္စာဝုဓမင်းသားဆိုတာ ငါပဲ"

"အဟား ဟား ဟား။ မင်းသားအသားစားရတာ ပိုအရသာ ရှိတာပေါ့။ သင်ပြေးဖို့ မကြိုးစားနဲ့၊ လာခဲ့"

ဘီလူးသည်ကြီးမားရှည်လျားသော ညာလက်ကိုထုတ်လျက် မင်းသားကို ဖမ်းရန်ကြံသည်။ ပဉ္စာဝုဓမင်းသား သည် မြားတစ်စင်း ပစ်လွှတ်လိုက်သည်။ မင်းသား၏ မြားချက်သည် ကျောက်သားကိုပင် ထက်ခြမ်းကွဲနိုင်သော အစွမ်းရှိသည်။ မြားသည် ကိုယ်ကိုဖောက်လျက် သွားနိုင်မည့်အရှိန်အဟုန်ရှိသည်။ သို့သော် မြားသည်ဘီလူး၏ စေးထန်းသောအမွေးကိုငြိလျက် မလှုပ်မယှက် ရပ်တန့်သွားသည်။

ဘီလူးကသဘောကျဟန်ဖြင့် တဟားဟားရယ်သည်။ မင်းသားက ဒုတိယမြားကို ထုတ်ယူပစ်ခတ်ပြန်သည်။ မြားသည်စေးထန်းသော အမွေးတို့၌သာ ငြိပြန်သည်။ မင်းသားသည် ဆင့်ကာဆင့်ကာ မြားတွေပစ်သည်။ သုံးချောင်း၊ လေးချောင်း၊ ငါးချောင်း၊ ခုနစ်။

ပါလာသောမြားငါးဆယ်သည် ဘီးလူးကိုယ်၌သာ ငြိသည်။ ဘီလူးကမူ တစ်စုံတစ်ရာထိခိုက်ရှနာခြင်းမရှိ။ မင်းသား၏အဖြစ်ကို ကြည့်လျက်သဘောကျဟန်ဖြင့် တဟားဟားရယ်သည်။

မင်းသားသည် လေးကိုပစ်ချပြီး သန်လျက်နှင့် ခုတ်ပိုင်းသည်။ ဝါးအစည်းတစ်ရာ စုစည်းထားလျှင်ပင် တစ်ချက်တည်းနှင့် ပြတ်အောင်ခုတ်နိုင်စွမ်းရှိသည့် သန်လျက်သည် ဘီလူးကိုယ်၌ ငြိသည်။ မင်းသားသည် တိုက်ခိုက် လေသမျှ အလဟဿဖြစ်လျက် ရှုံးနိမ့်နေသည်။ သို့သော် ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် နောက်မဆုတ်ဘဲ ရှေ့သို့တိုးလျက် တိုက်ပွဲဝင်သည်။

မင်းသားသည်မြားထည့်သော တောင့်ကိုဖြုတ်လျက် အားကုန်လွှဲရိုက်သည်။ တောင့်သည်လည်း ဘီလူးကိုယ်၌ ငြိသည်။ မင်းသား၏ လက်ထဲ၌ ဆောက်ပုတ်တစ်ခုသာကျန်တော့သည်။ ဤဆောက်ပုတ်သာ ဘီလူးကိုယ်၌ကပ်ငြိလျှင် နောက်ထပ်ထုတ်သုံးစရာ လက်နက်မရှိတော့။ ဆောက်ပုတ်ကိုကိုင်လျက် ဘီလူးထံဝင်သည်။ ပြင်းထန်သော အရှိန်ဖြင့် အားကုန်ရိုက်ချလိုက်သည်။ ဆောက်ပုတ်သည်လည်း စေးထန်းသောအမွေးတို့၌သာ ကပ်ငြိလေသည်။

"ဟယ်ဘီလူးယုတ်၊ သင်ဟာ တခြားလူကိုရန်မူလို့ ရကောင်းရပေမယ်။ ငါ့ကိုမူ အောင်နိုင်ဖွယ်မရှိ"

မင်းသားသည် ဤသို့ကြုံးဝါးပြီး ဘီလူးထံချဉ်းကပ်လျက် ညာလက်သီးနှင့် ထိုးသည်။ ညာလက်သည် အမွေးတို့၌သာ ကပ်သည်။ ဘယ်လက်သီးနှင့် ပစ်ထိုးလိုက်ပြန်သည်။ ဘယ်လက် ကပ်လေ၏။ ညာခြေထောက်နှင့် ကန်သည်။ ညာခြေလည်း ဘီလူးကိုယ်၌ ကပ်သည်။ တစ်ဖန်ဘယ်ခြေထောက်နှင့် ကန်သည်။ ဘယ်ခြေ သည်လည်း ကပ်ငြိပြန်သည်။ ထိုအခါ ဘီလူးအား ခေါင်းနှင့်ဆောင့်တိုက်သည်။ ခေါင်းသည်လည်း ဘီလူးကိုယ်နှင့် ထိကပ်ပြီး လှုပ်ရှား၍မရတော့ပေ။

မင်းသားသည် လက်မြှောက်အရှုံးပေးရတော့မည့် အခြေအနေ ရောက်သွားသည်။ သို့သော် မင်းသားက အရှုံးမပေး လက်မမြှောက်။ ကြောက်ဟန်လည်းမပြဘဲ၊ ဘီလူးကို ရဲရဲဝံ့ဝံ့ရင်ဆိုင် နေပေသည်။

ဘီလူးသည် တစ်ကြိမ်မှုဖူးမျှ မကြုံဖူးသည့်အဖြစ်ကို ကြုံတွေ့ရသဖြင့် အံ့သြနေသည်။ ရှေးရှေးကတွေ့ရသူ တိုင်းသည် သူ့ကိုမြင်သည်နှင့် အကြောက်လွန်ပြီး လဲပြိုကျသွားသည်။ သတိမေ့သွားသည်။ ထိုသို့ဖြစ်လျှင်အလွယ်တကူ စားပစ်သည်။ အနည်းငယ်သတ္တိရှိသောသူမျိုးဆိုလျှင် ခေတ္တရင်ဆိုင်ကြည့်သည်။ နိုင်ခြေမပေါ်သည်နှင့် ကဆုန် ပေါက်ထွက်ပြေးတော့သည်။ ထိုပြေးသွားသူကို ဖမ်းယူစားသောက်ပစ်သည်။

ယခုမူ ပဉ္စာဝုဓမင်းသားသည်ကား ကြောက်ရွံ့မှု အလျဉ်းမရှိဘဲ လက်နက်ငါးမျိုးဖြင့် ရဲရဲဝံ့ဝံ့တိုက်ခိုက်သည်။ အမှန်မှာ မြားနှင့်ပစ်၍ မသေမှန်းသိရုံနှင့် လက်လျှော့အရှုံးပေးသင့်သည်။ မြားကုန်တော့ လေးနှင့်ရိုက်သည်။ လေးမရှိတော့

www.burmeseclassic.com

www.burmeseclassic.com



သန်လျက်နှင့် ခုတ်သည်။ သန်လျက်သုံးမရတော့ တောင့်နှင့်ရိုက်သည်။ တောင့်လက်လွတ်ရတော့ ဆောက်ပုတ်နှင့်ထုသည်။ လက်နက်ငါးပါးလုံးသုံးမရတော့သည်တိုင် အရှုံးမပေးဘဲ၊ လက်တွေခြေတွေ သုံးပြီးတိုက်ခိုက်သည်။ မကြုံဖူးသည့် ထူးခြားသူကိုတွေ့ရ၍ အံ့သြနေသည်။ ချီးကျူးမိသည်။

"အသင် မင်းသား၊ အသို့နည်း။ အရှုံးမပေးသလော…"

"ငါဟာ သင့်ကိုကြောက်ရွံ့နောက်တွန့်မည်သူမဟုတ်။ သင့်ကို အနိုင်ယူမယ့်သူ"

"အနိုင်ယူမည့်သူဆိုငြားလည်း သင်ဟာငါ့လက်တွင်းရောက် ပြီး၊ သင့်ကိုစားရုံသာရှိတော့သည်။

"သင်စားဝံ့ရင် စားစမ်း။ ငါသေသလို သင်လည်း သေမည်"

"ဘာ…ဒီအခြေအနေရောက်တာတောင် ငါသေမယ်လို့ ပြောတုန်းပါလား"

"မှန်ပါတယ်။ ငါ့ကိုယ်တွင်းမှာ ဝရဇိန်လက်နက်တွေ ရှိတယ်။ သင်ကငါ့ကို ကိုက်စားရင် ငါ့ကိုယ်တွင်းက ဝရဇိန် လက်နက်တွေက သင့်အူတွေကိုအပိုင်းပိုင်းပြတ်အောင် ဖြတ်ပစ်လိမ့်မယ်"

ဘီလူးတွေဝေသွားသည်။ မင်းသား မကြောက်မရွံ့ခုခံနေခြင်း မှာပြောသည့်အတိုင်း လျှို့ဝှက်လက်နက်ရှိ၍ ဖြစ်မည်ဟု တွေးသည်။ မင်းသားကိုမစားဘဲ လက်လွှတ်လိုက်ရသည်က အကြောင်းမဟုတ်။ စားမိက မိမိပင်သေရမည်ဟု တွေးပြီးထိတ်လန့်သွားသည်။ မင်းသားကို မစားဝံ့၍ ပြန်လွှတ်ပေးလိုက်သည်။

"အသင်ဘီလူး၊ သင်လွှတ်လို့ ငါလွတ်ပြီကား မှန်သည်။ သင့်ကား သံသရာတွင် ခံရမည့်ဘေးကမလွတ်။ သူ့အသက်ကို သတ်ဖြတ်ခြင်းဟူသည့် အမှုကြောင့်သင်ကား ငရဲသို့ကျလိမ့်မယ်။ ဒီဘေးကလွတ်အောင် သူ့အသက် မသတ် ပါနဲ့"

"သင် မင်းသားစကားက ငါ့အကျိုးလိုလားမှန်းသိပါတယ်။ ဒါပေမယ့် ဘီလူးဟာ သူ့အသက်သတ်စားတဲ့ အမျိုးပဲ"

"ဒါကို အဖန်တလဲလဲ သတ်စားနေရင် စက်ဆုပ်ဖွယ်ကောင်းတဲ့ ဒီဘဝ ဘယ်တော့လွတ်မလဲ။ ဒီဘေးက လွတ်ပြီး ကောင်းတဲ့ဘဝရောက်အောင် ကြိုးစားခြင်းဖြင့် သင်လွတ်မြောက်အောင်ကြိုးစားသင့်တယ်"

ပဉ္စာဝုဓမင်းသားသည် ဘီလူးကိုတရားပြ ဆုံးမသည်။ ဘီလူးသည်လည်း အမှန်ကိုမြင်၍ ဝန်ခံသည်။ မင်းသား သည် ဘီလူးရန်အောင်ပြီး၊ နေပြည်တော်ကို ပြန်ရောက်သည်။ နောင်တွင် မင်းအဖြစ် ကိုရလေသည်။

ပဉ္စာဝုဓမင်းသားသည် ကြီးစွာသော သေဘေးနှင့် ကြုံရသည်။ ကြုံပင်ကြုံရသော်လည်း ယောကျ်ားကောင်းပီသစွာ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရန်းကန်သည်။ သေဘေးကိုကြောက်ပြီး နောက်ဆုတ် ရှောင်တိမ်းခြင်းမရှိဘဲ ရှေ့သို့သာ တိုးသွားသဖြင့် နောက်ဆုံးတွင် အောင်ပွဲကိုရရှိခဲ့ပေတော့သည်။

ကျမ်းကိုး။ ။ဧကနိပါတ်၊ ပဉ္စာဝုဓဇာတ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကလာဗုမင်း၏ ကြာပွတ်ရိုက်ချက်က ပြင်းသည်။ အပြေးနှင့် တမင်ရိုက်လိုက်သဖြင့် အားထည့်ထားမှန်းလည်း သိသာသည်။ သာမန်ကြိုးကောက်နှင့် ရိုက်လျှင်ပင် သက်သာသည်မဟုတ်။ သားရေပြားတွင် သံဆူးများတပ်ထားသည့် ကြာပွတ်နှင့် အားကုန်လွှဲရိုက်သဖြင့် ကုဏ္ဍလရသေ့ခင်မျာ မီးစနှင့်အထိုးခံရသည့်အလား ကျော့ကော့သွားသည်။ သို့သော်ရသေ့ကမူ ကျော့ကော့ခံသည်။ အမယ်လေးဟုအော်သည်က ရံရွှေတော်တွေ မြင်ရုံပြင့်ထိတ်လန့်တကြား ဖြစ်လျက် အော်သည်။ သူတို့အော်မှ ကလာဗုမင်း ပို့ဒါသထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ခန္တီပါရမီ

ခန္တီပါရမီဟူသည် ကောင်းသောအရာနှင့် တွေ့လျှင်လည်းစိတ်မတက်၊ မကောင်းသောအရာနှင့်တွေ့လျှင်လည်း စိတ်မပျက်ဘဲ သည်းခံခြင်းသည် ခန္တီပါရမီဖြစ်သည်။

ကောင်းသောလောကဓံနှင့်တွေ့၍ လောဘဖြစ်လျှင်လည်းကောင်း၊ မကောင်းသော လောကဓံနှင့်တွေ့၍ ဒေါသဖြစ်လျှင် လည်းကောင်း၊ ထိုအာရုံကို သည်းခံနိုင်သည် မမည်ချေ။

သည်းခံခြင်း အဓိပ္ပာယ်သည် ကျယ်ဝန်းလှ၏။ သူတစ်ပါးက ကိုယ်ထိလက်ရောက်နှိပ်စက်ခြင်း၊ နာသာခံခက် အောင်ပြောခြင်း၊ မတရားစွပ်စွဲခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အမျိုးနှင့်စပ်ပြီးပြောခြင်းစသော ကာယအမှု၊ ဝစီအမှုဖြင့် စော်ကားလျှင် ကျောက်စာတိုင်ကဲ့သို့ တုန်လှုပ်ခြင်း မရှိရပေ။ ထို့အတူ သူတစ်ပါးက မြှောက်ပင့်ပြောဆိုလျှင်လည်း သာယာခြင်းမရှိ။ ချီးကျူးပစားလျှင်လည်း နှစ်သက်ခြင်းမရှိ နေနိုင်ခြင်းသည်လည်း သည်းခံခြင်းပင်ဖြစ်သည်။

မြတ်နိုးမှု၊ မထိမဲ့မြင်ပြုမှု နှစ်ချက်စလုံးကိုယူလျှင် ခန္တီပါရမီနှင့် ဥပေက္ခာပါရမီသည် မတူခြားနား၊ မကွဲပြားသကဲ့သို့ ရှိမည်။ ခန္တီနှင့် ဥပေက္ခာတို့၏ခြားနားမှုမှာ သတ္တဝါတို့ပြုအပ်သောအမှုကို သည်းခံခြင်းကား ခန္တီဖြစ်သည်။ သတ္တဝါတို့ အပေါ်မမုန်းမချစ် လျစ်လျူရှုခြင်းကား ဥပေက္ခာဖြစ်သည်။

အလောင်းတော်ကြီးများသည် ပင်ကိုယ်ကပင် နက်နဲသောသဘောရှိသောကြောင့် သုခနှင့်တွေ့သော်လည်း လောဘစိတ်ဖြင့် စိတ်တက်ကာ လော်လီခြင်းမရှိ၊ ပကတိခံနိုင်ရည်ရှိတော်မူကြသည်။ စိတ်ကိုအထူးပြုပြင်သည်းခံ နေဖွယ်မရှိ။ ဒုက္ခနှင့်တွေ့သောအခါ စိတ်ကို အထူးပြုပြင်၍ ခန္တီပါရမီမြောက်အောင် သည်းခံတော်မူသည်။ အလောင်း တော်တို့သည် သုခ၊ ဒုက္ခနှစ်ပါးစလုံးကို လောဘ၊ ဒေါသ မပေါ်ထွက်အောင် သည်းခံရပေမည်။

အလောင်းတော်တို့သည် ပင်ကိုယ်ပကတိ နက်နဲသောသဘောတော်ရှိကြသောကြောင့် သုခနှင့်တွေ့၍ လောဘ မထွက်မလော်လီ သည်းခံတော်မူကြခြင်းမှာ အထူးအဆန်းမဟုတ်သကဲ့သို့ပင်ဖြစ်၏။ လူသာမန်တို့သည် သည်းခံခြင်းတှာ ခဲယဉ်းစွာသော ဒုက္ခနှင့်တွေ့သည့်အခါ သည်းခံမှုကိုသာ ခန္တီပါရမီအနေဖြင့် အဋ္ဌကထာကဖွင့်သည်။

ခန္တီပါရမီသည် ပညာပါရမီ၊ ဝီရိယပါရမီတို့ကဲ့သို့ ပရမတ္ထတရား သီးခြားမဟုတ်။ အမျက်မထွက်ခြင်း လက္ခဏာရှိသော အဒေါသ၊ စေတသိက် ခေါင်းဆောင်သည့် ကုသိုလ်စိတ် စေတသိက်အစုဝင်ဖြစ်သည်။

ခန္တီသည် အဒေါသစေတသိက်ပင်ဖြစ်သော်လည်း အဒေါသစေတသိက်ဟူသမျှကို ခန္တီဟူ၍မခေါ်အပ်။ သူတစ်ပါးတို့က အမျက်ဒေါသထွက်ဖွယ်ရာ ပြုလုပ်၊ ပြောဆိုသောအခါ အမျက်ဒေါသမဖြစ်စေရန် တားဆီးသည့် အခြင်းအရာအားဖြင့်ဖြစ်သော အဒေါသသာ ခန္တီဟုခေါ်သည်။ သည်းခံခြင်းဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်းခံခြင်းနှင့်ပတ်သက်၍ သာသနာတော်သမိုင်းတွင် ထင်ရှားသော ပုဂ္ဂိုလ်ကျော်ကြီးများ ပေါ်ပေါက်ခဲ့သည်။

မန်းရတနာပုံခေတ်တွင် ပခုက္ကူနယ်ဘက်၌ ရဟန္တာဟု ကျော်ကြားသော အရှည်ဝါသီ ဆရာတော်ဦးကြည်ဟု ရှိသည်။ သဲပုံစေတီအနီး၌ သီတင်းသုံး၍ သဲပုံစေတီတောရဆရာတော်ဟုခေါ်သည်။ ဆရာတော်သည် ဓုတင် (၁၃) ပါးတွင် နိသဇ္ဇဓုတင် အထူးဆောင်၏။ ဝီရိယကို အစွမ်းကုန်ထုတ်လျက် မောဟ၊ ထိန၊ မိဒ္ဓကိုပြတ်ပြတ်သားသား နှင်ထုတ် ခြင်းဖြစ်သည်။ လမ်းလျှောက်ခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်းသုံးမျိုးသာ လဲလှယ်နေသည်။ အိပ်မပျော်သော်လည်း မလျောင်းရ။

ဆရာတော်သည် သီလအကျင့်ရှိရန်နှင့် ခန္တီမေတ္တာတရားကို အထူးဟောပြောသည်။ ရှေးရှေးဘုရားရှင်တွေက တို့ဘုရားရှင်လို ဥပဒေဝိနည်းအများကြီးလဲ မပညတ်ဘူး၊ ပိဋကတ်သုံးပုံလည်း မထားခဲ့ဘူး၊ လပြည့် လကွယ်နေ့တိုင်း "ခန္တီပရမံ တပေါတိ တိက္ခာ" သုံးဂါထာကို တစ်သက်လုံး ဟောသွားတယ်။ ဘာမဆို မြေကြီးလို သည်းခံရမယ်။ သူတစ်ပါးကို ထိခိုက်နစ်နာအောင် ဘာမှမလုပ်ရဘူး။ အပြစ်ရှိတဲ့ အကုသိုလ်အလုပ်ဆိုရင် ပြုချင်ပေမယ့် ကြိတ်မှိတ် သည်းခံလုပ်။ အစားအသောက်ကို ချင့်ချိန်စား။ စိတ်ဓာတ်ဖြူစင်အောင် ဆိတ်ငြိမ်ရာမှာ သမာဓိထူထောင်၊ ဘုရားအဆူဆူက သည်အတိုင်းပဲဟောတယ်။

ဆရာတော်သည် ခန္တီတရားကို ယောဂီတို့အား ဟောသကဲ့သို့ ကိုယ်တိုင်လည်း ကျင့်ကြံလိုက်နာသည်။ ဆရာတော်သည် အမြဲပံ့သကူတိစီဝရိတ်ဓုတင်ဆောင်၍ သင်္ကန်းသုံးထည်နှင့်နေသည်။ သင်္ကန်းတွင် သန်းများကပ်နေသည်။ အိပ်ရာတွင် ကြမ်းပိုးများစွဲနေသော်လည်း ရှင်လင်းခွင့်မပြု။ သတ္တဝါတို့အပေါ် ငဲ့ညာပြီး၊ ကိုယ်တိုင်ကမူ အနစ်နာခံ သည်။ တစ်ခါတွင် ဆရာတော်ဆွမ်းခံကြွရာ ကမ္မဋ္ဌာန်းကျောင်း၌ အလှူရှိ၍ရေစက်ချရန်လမ်းမှပင့်သည်။ ရေစက်ချအမျှဝေရန် ပင့်လျှောက်သဖြင့် ကြွသည်။ ရေစက်ချအမျှဝေပြီး ပြန်ကြွသော ဆရာတော်ထိုင်သည့်နေရာ၌ ပိုးလောက်တို့ တလှုပ်လှုပ် ပြေးနေသည်ကိုတွေ့ရမှ "ဆရာတော့်မှာ အနာရှိတယ်" ဟုသိသည်။ ဘယ်အချိန်ကအနာဖြစ်နေသည်မသိ။ ဆရာတော်၏ တင်ပါးခွက်၌ ပိုးလောက်များစုခဲနေသည်ကို တွေ့ရသည်။ဆေးကုသရန်လျှောက်သော် လက်မခံဘဲ "ခန္ဓာကိုယ်ဆိုတာ ပိုးတွေ လောက်တွေနေတဲ့အိမ်ပဲ" ဟုမိန့်လျက်သည်းခံနေပေသည်။

ဆင်းရဲခြင်းကို သည်းခံနိုင်သည်။ ပစ္စည်းလေးပါးကို မက်မောခြင်းမရှိရုံသာမက မိမိခန္ဓာကိုယ်ကိုပင် ပိုးလောက်တို့အား၊ သဒ္ဓါကြည်ဖြူ ပေးလှူသော ပုဂ္ဂိုလ်ဖြစ်ပေသည်။

ပဲခူးတိုင်း၊ မော်ဘီခရိုင်၊ ထန်းတစ်ပင်မြို့နယ်၊ နဲ့သမိန်ဆရာတော်သည်လည်း သည်းခံစိတ်ရှိမှုတွင် ကျော်ကြား သည်။

ဆရာတော်သည် စကားနည်းသည်။ တစ်ပါးတည်းနေလေ့ရှိသည်။ အစားအသောက် အလွန်ခြိုးခြံသည်။ သက်သတ်လွတ် ဘုဉ်းပေးသည်။ အချိန်ပြည့် တရားနှလုံးသွင်းနေလေ့ရှိသည်။

ဆရာတော်သည် ကျောင်းတွင်းရှိ သရက်ပင်အား အရပ်ထဲမှ လူငယ်များ ခိုးယူသည်ကို မြင်သော်၊ ခူးနေသူ မမြင်အောင် ရှောင်ပေးသည်။ ကျောင်းသား၊ ကိုရင်များက မကျေမနပ်ဖြစ်သည်တွင် "စားချင်လို့ ခူးတာ ခူးပါစေကွယ်၊ မနှောင့်ယှက်ပါနှင့်" ဟူ၍ပင် တားသည်။ ရေခပ်လာသူလုံမငယ်များ ပန်းအလှအယက်ခူး၍ ပန်းပင်များကျိုးသည် ကို ကိုရင်၊ ကျောင်းသားများက လျှောက်ထားသော် "မိန်းကလေးဆိုတာ ပန်းကြိုက်သကွယ်၊ ခူးပါစေ" ဟုနှစ်သိမ့် သည်။ ရပ်ရွာဒကာ၊ ဒကာမများ နှစ်နှင့်ချီ၍ ရှင်းခွင့်မရသော ကျက်သရေတိုက်ခန်းကို အခွင့်သာ၍ရှင်းရာ၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်မှအစ ကြမ်းပိုးများခဲနေသည်မှာ ကြက်သီးထလောက်သည်။ အခါတစ်ပါး၌ နာမကျန်း၍ ဒကာများကျောင်း၌ လာအိပ်ပြီး ပြုစုသည်။ တစ်ညတွင် အစောင့်သူနာပြုများ အိပ်မောကျနေခိုက် ရေမွှတ်သိပ် ဆာလောင်သဖြင့် ဆယ်ပေခန့်ဝေးသည့် သောက်ရေအိုးရှိရာသို့ ဖင်တရွတ်သွားပြီး သောက်၏။ ကတုန်ကယင်ဖြင့် ပြန်လာမှ အစောင့်များနိုး၍ အိပ်ရာသို့တွဲပို့ရသည်။ အကျိုးအကြောင်း မေးလျှောက်ရာ "တာဝန်ပိမှာစိုးလို့ပါ" ဟု ပြန်ဖြေသည်။ တစ်ခါတွင် ဒကာများက အမှတ်တမဲ့ ဝင်ကြည့်ရာ အခန်းထဲ၌ ခြင်သံတဝီဝီနှင့် ခေါင်းမြီးခြုံ အိပ်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့၍ အကျိုးအကြောင်းမေးရာ "ဒကာတစ်ယောက်က ခြင်ထောင်မရှိဟုဆို၍ ဖြုတ်စွန့်လိုက်ကြောင်း" သိရသည်။ ဆရာတော်သည် ပစ္စည်းအပေါ် တွယ်တာခြင်းမရှိဘဲ၊ အများအတွက်အနစ်နာခံပြီး၊ ကိုယ်သာ ဒုက္ခခံတတ်ကြောင်း သိရှိရပေသည်။

သာသနာတော်တွင် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ရှုတင်ဆောင်ပုဂ္ဂိုလ်ကျော်ကြီးဖြစ်သော အရှင်မဟာကဿပကဲ့သို့ ကြည်ညို ဖွယ်ပုဂ္ဂိုလ်များ ပေါ်ပေါက်ခဲ့သည်။ ရှုတင်၏သဘောမှာ အကျင့်မြတ်ဖြင့် ထိန်းသိမ်းခြင်း၊ စောင့်စည်းခြင်းဖြစ်သည်။ ဝိပဿနာအကျင့်ကိုသာ လုံ့လစိုက်လျက် မိမိကိုယ်အားဖြင့် ပလိဗောဓမများအောင် သည်းခံကျင့်ကြံခြင်းဖြစ်သည်။ တောရကျောင်းဆောက်တည်သော ရွှေမင်းဆရာတော်၊ ထွဋ်ခေါင်ဆရာတော်၊ ဆရာတော် ဦးသီလ တို့ကဲ့သို့သော ကြည်ညိုဖွယ် ပုဂ္ဂိုလ်များဖြစ်သည်။ ထိုပုဂ္ဂိုလ်များ၏ ခန္တီပါရမီကား ရေးဖွဲ့၍ဆုံးမည် မဟုတ်ပေ။

ခန္တီ ပါရမီနှင့်ပတ်သက်၍ စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်၌ သိကြားမင်းက သရဘင်္ဂရသေ့ကို မေးလျှောက်သည်။ "အရှင်ရသေ့၊ လောက၌ အဘယ်တရားကို ပယ်သတ်လျှင် တစ်ရံတစ်ဆစ်မျှ စိုးရိမ်ပူပန်ခြင်း မရှိသနည်း၊ အဘယ်တရားကို ပယ်ရှားက သူတော်ကောင်းတို့ ချီးမြှင့်ကြကုန်သနည်း၊ ဤလောက၌ အဘယ်သူပြောနိုင်သည့် ကြမ်းကြုတ်သောစကားကို သည်းခံရပါမည်နည်း၊ ဤအကြောင်းကို ဖြေကြားပါလော့"

သိကြားမင်း လောက၌ အမျက်ဒေါသကို ပယ်သတ်လျှင် တစ်ရံတစ်ဆစ်မျှ စိုးရိမ်ပူပန်ခြင်းမရှိ၊ သူတစ်ပါး၏ ဂုဏ်ကျေးဇူးချေဖျက်မှုမပြုလျှင် သူတော်ကောင်းတို့ချီးမြှင့်ကုန်၏။ မိမိထက်မြတ်သူ၊ ယုတ်သူတို့ ပြောကြ၏။ ထိုသို့ မိန့်သော် သိကြားမင်းက ဆက်၍ မေးမြန်းပြန်သည်။

"အရှင်ရသေ့၊ လောက၌ မိမိနှင့် တန်းတူဖြစ်သူ၊ မြတ်သူတို့၏ ကြမ်းကြုတ်သောစကားကို သည်းခံမည်ဆိုက သည်းခံနိုင်ရာ၏။ယုတ်ညံ့သူ၏ စကားကို အဘယ်သို့ သည်းခံနိုင်အံ့နည်း။"

"သိကြားမင်း၊ မြတ်သူ၏ ကြမ်းကြုတ်စကားကို ကြောက်ရွံ့သောကြောင့် သည်းခံရ၏။ မိမိနှင့်တန်းတူသူ စကားကို မိမိထက်သာလွန်အောင် ကြံစည်အားထုတ်အံ့သော အပြစ်ကိုမြင်၍ သည်းခံရ၏။ မိမိအောက်ဇာတ်နိမ့်သူ၏ ဆဲရေးစကားကို သည်းခံနိုင်ခြင်းသာ အမြတ်ဆုံးဟု သူတော်ကောင်းတို့ပြောကြ၏။ သည်းခံခြင်းဟူသည် နှုတ်ကျူးလွန်မှု စကားကို အမြက်မထွက်ခြင်း၊ ကိုယ်ကျူးလွန်မှုကို အမျက်မထွက်ခြင်းသည် သည်းခံခြင်းဟု မှတ်ယူရာ၏။

* * *

## ခန္တီနှင့် အက္ခောဓ

သူတစ်ပါးက မိမိအပေါ်ပြုလုပ်သော ကိုယ်၊ နှုတ်အတွက် ဒေါသမထွက်အောင်သိမ်းဆည်းခြင်းသည် ခန္တီ (သည်းခံခြင်း) ဖြစ်သည်။ အက္ခောဓမှာမူ အမျက်မထွက်အောင် သိမ်းဆည်းခြင်းဖြစ်သည်။ ဥပမာအားဖြင့် အလုပ်တစ်ခုကို တစ်စုံတစ်ယောက်အား ပြုမူရန်ခိုင်းစေ ထားသည်။ ထိုအခိုင်းခံရသူသည် မိမိဉာဏ်မီသရွေ့အကောင်းဆုံး ဖြစ်အောင် စီမံထားသည်။ သို့သော် ခိုင်းစေသူရောက်လာပြီးကြည့်သော် မိမိခိုင်းစေထားသည့်အတိုင်းမဟုတ်ဘဲဖြစ်သဖြင့် ဒေါသထွက်စရာအကြောင်းပေါ်သည်။ သို့သော် ဒေါသမထွက်အောင် သိမ်းဆည်းခြင်းသည် အက္ခောဓဖြစ်သည်။

### အမျက်ထွက်ကြောင်းကိုးပါး

အမျက်ထွက်စေခြင်း အကြောင်းတရား ကိုးပါးရှိသည်။ ၎င်းတို့မှာ-

၁။ ဤသူသည် ငါ၏အကျိုးစီးပွားမဲ့မှုကို ရှေးကပြုခဲ့ဖူးပြီးဟု အမျက်ထွက်ခြင်းတစ်ပါး။

၂။ ဤသူသည် ငါ၏အကျိုးစီးပွားမဲ့မှုကို ယခုပြုဆဲဟု အမျက်ထွက်ခြင်း တစ်ပါး။

၃။ ဤသူသည် ငါ၏အကျိုးစီးပွားမဲ့မှုကို နောင်အခါပြုလုပ်လတ္တံ့ဟူ၍ အမျက်ထွက်ခြင်းတစ်ပါး။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဤသူသည် ငါ၏မိတ်ဆွေ၏ အကျိုးစီးပွား မဲ့မှုကို ရှေးကပြုဖူးသည်ဟုအမျက်ထွက်ခြင်း တစ်ပါး။

၅။ ဤသူသည် ငါ၏မိတ်ဆွေ၏ အကျိုးစီးပွား မဲ့မှုကို ယခုပြုဆဲဟု အမျက်ထွက်ခြင်းတစ်ပါး။

၆။ ဤသူသည် ငါ၏မိတ်ဆွေ၏ အကျိုးစီးပွား မဲ့မှုကို နောင်အခါပြုလုပ်အတွဲ့ဟု ကြိုတင်အမျက်ထွက်တတ်ခြင်း တစ်ပါး။

၇။ ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွားကို ရှေးကပြုခဲ့ဖူးပြီးဟူ၍ အမျက်ထွက်သည် တစ်ပါး။

၈။ ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွားကို ယခုပြုဆဲဟူ၍ အမျက်ထွက်သည် တစ်ပါး။

၉။ ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွားကို နောင်အခါ ပြုလတ္တံ့ဟူ၍ ကြိုတင် အမျက်ထွက်တတ်သည် တစ်ပါး။

အမျက်ထွက်ခြင်း ကိုးပါးတွင် မိမိအတွက်၊ မိမိချစ်ခင်သူအတွက် အကျိုးမဲ့စေပြီး မိမိရန်သူအတွက် အကျိုးရှိစေခြင်းအပေါ် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးတွင် အမျက်ဟူ၍ ဖြစ်တတ်ပေသည်။

အမျက်ထွက်ခြင်း ကိုးပါးရှိပြီး၊ အမျက်ထွက်ဖွယ် မဟုတ်သည်ကို အမျက်ထွက်ခြင်းရှိ၏။ ဥပမာ မိုးရွာလွန်းခြင်း၊ နေပူလွန်းခြင်း၊ လေတိုက်လွန်းခြင်းစသည်တို့မှာ သဘာဝတရားဖြစ်၍ အမျက်မထွက်ထိုက်။ ဤသည်မှာ ဆင်ခြင်မှု ကင်းမဲ့သူတို့ သန္တာန်၌ဖြစ်ပွားပေသည်။

## သူတော်ကောင်းတို့အား

သူတော်ကောင်းတို့၏အားသည် သည်းခံခြင်းဖြစ်သည်။ ရဟန်းပုဏ္ဏားတို့ကိုးစားရာအားဖြစ်သည်။ မြတ်ဘုရားသည် အားရှစ်မျိုးကို ဟောကြားခဲ့သည်။ ၄င်းအား ရှစ် မျိုးမှာ-

၁။ ငိုကြွေးခြင်းသည် ကလေးတို့ ကိုးစားရာအား။

၂။ အမျက်ထွက်ခြင်းသည် မိန်းမတို့ ကိုးစားရာအား။

၃။ လက်နက်အမျိုးမျိုးသည် ခိုးသားဓားပြ၏ ကိုးစားရာအား။

၄။ ကျယ်ဝန်းသောနိုင်ငံကို အစိုးရခြင်းသည် ပြည့်ရှင်မင်းတို့ ကိုးစားရာအား။

၅။ သူတစ်ပါးကိုကြဲဖန်ကဲ့ရဲ့ခြင်းသည် လူမိုက်တို့ ကိုးစားရာအား။

၆။ သေချာစွာစူးစိုက်ဆင်ခြင်ခြင်းသည် ပညာရှိတို့ ကိုးစားရာအား။

၇။ အဖန်ဖန်စဉ်းစားဆင်ခြင်ခြင်းသည် အကြားအမြင်များသူတို့ကိုးစားရာအား။

၈။ သူတစ်ပါး ကျူးလွန်သည့် အပြစ်ကို အမျက်မထွက်သည်းခံခြင်းသည် ရဟန်းပုဏ္ဏားတို့ ကိုးစားအားထားရာဟူ၍ ဖြစ်သည်။

## အောင်နိုင်ခြင်းလေးပါး

တစ်ပါးသူက နှိပ်စက်ခြင်း၊ နာသာခံခက်အောင် ပြောဆိုခြင်း၊ မဟုတ်မတရားပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်းတို့ကို သည်းခံခြင်းပြု၏။ စော်ကားသည်ကို တုံ့ပြန်မှုမပြုဘဲသည်းခံခြင်းသည် အောက်ကျနောက်ကျမဖြစ်၊ ညှိုးငယ်ရာ မရောက်ပေ။ သူတော်ကောင်းတို့ ချီးမွမ်းသော အောင်မြင်ခြင်းဖြစ်သည်။ ထိုအောင်မြင်ခြင်းကား လေးပါးရှိပါသည်။ ၄င်းတို့မှာ-

www.burmeseclassic.com

www.burmeseclassic.com



၁။ စိတ်ဆိုးသူကို စိတ်မဆိုးခြင်းဖြင့် အောင်နိုင်ရာ၏။
၂။ မကောင်းသူကိုကောင်းခြင်းဖြင့် အောင်နိုင်ရာ၏။
၃။ စေးနှဲခြင်းကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏။
၄။ မုသားစကားပြောသူကို သစ္စာစကားဖြင့် အောင်နိုင်ရာ၏။

## သိကြားမင်း၏ သည်းခံစိတ်ဖြင့်အောင်နိုင်ခြင်း

သိကြားမင်းနှင့် ဝေပစိတ္တိအသူရာတို့ စစ်တိုက်ရာ သိကြားမင်း၏တာဝတိံသာနတ်တို့အောင်နိုင်သည်။ သိကြားမင်း၏ နတ်စစ်သည်တို့သည် ဝေပစိတ္တိ အသူရာအား လည်ပင်းတွင်ကြိုးငါးဆင့်နှင့် ချည်နှောင်လျက် ထားသည်။ သိကြားမင်းကို ကြမ်းကြုတ်သော စကားဖြင့် ဆဲရေးခြင်းပြု၏။ သို့သော် သိကြားမင်းက တစ်စုံတစ်ရာ ဒေါသမထွက်။ သည်းခံနေသည်။ ထိုအခါမာတလိနတ်သားက "အရှင်သိကြားမင်း၊ ဤမျှကြမ်းကြုတ်စွာဆဲရေးသည်ကို နှုတ်တုံ့မပြန်၊ အမျက်မထွက်ခြင်းမှာ ကြောက်၍လော..."ဟု မေးသည်။ ထိုအခါ သိကြားမင်းက "အချင်းမာတလိ၊ အကျိုးဟူသမျှတွင် ကိုယ်ကျိုးသာမြတ်၏။ ကိုယ်ကျိုးတွင်လည်း သည်းခံခြင်းထက်ပိုသော အကျိုးမရှိ။ အကြင်သူသည် ကိုယ်တိုင်က အားရှိသူဖြစ်လျက် အားမဲ့သူအား မတုံ့ မူသင့်။ သူ၏ကြမ်းကြုတ်စကားကို သည်းခံရာ၏။ သည်းခံခြင်းကို အမြတ်ဆုံးဟု သူတော်ကောင်းတို့ပြောကုန်၏။

သိကြားမင်းမိန့်ဆိုသည့်အတိုင်း သည်းခံစိတ်ဖြင့် အောင်နိုင်သော ခန္တီဝါဒီဇာတ်၊ အရှင်ပုဏ္ဏဇာတ်၊ အင်္ဂုလိမာလ မထေရ်ဝတ္ထု၊ ဘူရိဒတ်နဂါးမင်းဇာတ်တို့သည် ထင်ရှား၏။

သူတော်ကောင်း အလောင်းတော်တို့သည် ပါရမီတော် (၁၀)ပါးဖြည့်ဆည်းရာတွင် ခန္တီပါရမီဖြည့်ဆည်းရာ၌ ကြောက်ခမန်းလိလိ သတ္တိရှိပုံကို တွေ့ရသည်။ ထိုအကြောင်းကို ဆင်ခြင်ရတိုင်း ပါရမီဂုဏ်ထူးနှင့် ပြည့်စုံသော ဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါတိုးရပေသည်။

**ဆရာတော် ဦးဝိစိတ္တသာရ၏ "မဟာဗုဒ္ဓဝင်အနုဒီပနီ" ကောက်နုတ်ချက်**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ငါးသည်းခံ၏

ဗာရာဏသီပြည်တွင် ကလာဗုမင်းစိုးစံ၏။ ထိုမင်းသည် ကိလေသာကာမဂုဏ်ကို လွန်စွာမက်မော၏။ မိမိရရှိခံစားနေရသည့် လောကီစည်းစိမ်အပေါ် ရောင့်ရဲခြင်းမရှိ။ ဆားငန်ရေကိုသောက်မိသူသည် သောက်လေသောက်လေ ငတ်မပြေရှိသည့်အလား၊ လက်ရှိခံစားနေရသည့် ငါးဝအာရုံကာမဂုဏ်အပေါ်၌ ရောင့်ရဲခြင်းကင်းသည်။

''ငါ့ကျွန် သုသိဏ်…''

''မိန့်ပါအရှင်မင်းကြီး''

''မောင်မင်းကို ငါစီစဉ်ခိုင်းထားတာအားလုံး အဆင်သင့်ရှိပလား''

''မှန်ပါအရှင်မင်းကြီး။ ကိုယ်တော်ရှင်မြတ် ဥယျာဉ်တော်ထွက်စံမယ်ဆိုလို့ ကျေးတော်မျိုးကျွန်တော်မျိုး အားလုံးစီစဉ်ပြီးပါပြီ''

''သေရည်…''

''အသင့်ရှိပါတယ် မင်းကြီး။ ဟိုးပါရှန်ဒေသကထွက်တဲ့ နှစ်ချီဝိုင်ကို မင်းကြီးနှစ်သက်မှန်းသိလို့ အထူးမှာကြား စီစဉ်ထားပါပြီ''

''မောင်းမမိဿံတွေ ရွေးထားပြီလား…''

''စိတ်အလိုကျ အချောအလှလေးတွေ ဖိတ်ကြားထားပါတယ် မင်းကြီး၊ အရှင့်အလိုကိုသိတဲ့ ကျွန်ရင်းပီပီ၊ အလိုမရှိ အပိုသာရှိအောင် ကြံဆောင်ထားပါတယ်''

''အိမ်း၊ ငါကိုယ်တော်ရဲ့ အလိုကိုသိတဲ့ မောင်မင်းကို ဆုတော်လာဘ်တော်များချီးမြှင့်ရမယ်။ ငါနဲ့မောင်းမတွေ ကြားမှာ ဘယ်ယောက်ျားသားကိုမှ မမြင်ချင်ဘူး။ အဖိုဆိုရင် ငါကိုယ်တော်ကလွဲပြီး အပါးမကပ်စေနဲ့''

''စိတ်ချပါ မင်းကြီး။ ကိုယ်တော်မြတ်လွတ်လပ်စွာ ပျော်ပါးနိုင်အောင် အစောင့်တွေတောင် ဥယျာဉ်တော် အပြင်ဘက်မှာ နေရာချထားပါတယ်''

မင်းလိုလိုက် မင်းကြိုက်ဆောင်တတ်သော ကျွန်ရင်းသုသိဏ်ကို အသပြာထောင်ထုပ် ပစ်ပေးလိုက်သည်။ ဝမ်းသာအားရကောက်ယူပြီး ဗာရာဏသီပြည့်ရှင် ကလာဗုမင်းကို အကြိမ်ကြိမ် ဦးညွှတ်ရှိခိုး လိုက်လေသည်။

* * *

ဗာရာဏသီပြည်တွင် ကလာဗုမင်းစိုးစံချိန်တွင် ဘုရားလောင်းသည် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏားမျိုး၌ လူဖြစ်လာသည်။ အမည်ကား ကုဏ္ဍလဟု ထင်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုဏ္ဍလသတို့သားသည် ရှေးရေးကပြုခဲ့သော ပါရမီအဟုန်ကြောင့် ကြွယ်ဝသည့်အမျိုး၌ လူဖြစ်လာသော်လည်း သူသည်လောကအမြင် ရှိသည်။ ငယ်စဉ်က ပညာသင်ယူတတ်မြောက်ခဲ့သဖြင့် ကြောင်းကျိုးဆင်ခြင်နိုင်သော အသိဉာဏ်လည်းရှိသည်။ မိဘနှစ်ပါးကွယ်လွန်သော် မိဘများရှာဖွေသိမ်းဆည်းထားသည့် ကုဋေရှစ်ဆယ်သော အမွေကိုရသည်။ များပြားသော အမွေပစ္စည်းနှင့် ကွယ်လွန်သွားသည့် မိဘနှစ်ပါးကိုကြည့်လျက် သံဝေဂဖြစ်သည်။

"ငါ့မိဘများဟာ စည်းစိမ်ဥစ္စာကို ရှာသာရှာတတ်ပြီး၊ မသုံးတတ်သူများပါတကား။ ရွှေငွေရတနာများကို ခက်ခက်ခဲခဲရှာပြီး အကျိုးရှိ အောင် မသုံးတတ်လို့ ဒီပစ္စည်းတွေထားရစ်ပြီး၊ တမလွန်ခရီးကို လက်ချည်းဗလာသွားခဲ့ရပြီ။ ငါကတော့ ဒီရတနာတွေကို အချည်းနှီးမဲ့ အဖြစ်မခံ။ မရှိဆင်းရဲသားတွေကို ဝေငှခြင်းဖြင့် ဒါနကောင်းမှု ပြု တော့အံ့"

ကုဏ္ဍလသတို့သားသည် ဤသို့တွေးပြီးသည်နှင့် မြို့တွင်း စည်လည်စေသည်။ ထို့နောက် ဘဏ္ဍာတိုက်တံခါးကို ဖွင့်လျက် "ယူလိုသူ ယူစေ"ဟု ခွင့်ပေးလိုက်သည်။

ကုဏ္ဍလသတို့သားသည် ရွှေငွေရတနာများကို အလုအယက် ယူနေသူများကိုကြည့်လျက် ကြည်နူးဝမ်းသာနေသည်။ သူကမူ အဝတ်တစ်ထည်၊ သပိတ်တစ်လုံးလွယ်ပြီး ရသေ့ဝတ်လျက် ဟိမဝန္တာသို့ ဝင်လေသည်။

ကုဏ္ဍလသတို့သား၏ လုပ်ရပ်သည်အများအမြင်တွင် အံ့သြစရာဖြစ်သကဲ့သို့ ထူးဆန်းလှချည်တကားဟု ထင်ရသည်။ အချို့ကလည်း ရူးသွပ်ခြင်းဟုမြင်သည်။ ဘယ်သူတွေ ဘယ်လိုအထင်ရှိစေ၊ ကုဏ္ဍလရသေ့ကမူ လွတ်လပ်ခြင်း၊ နှောင်ဖွဲ့မှုကင်းခြင်း၊ ငြိမ်းချမ်းခြင်းဟူသော သမဏသုခများဖြင့် နှစ်သိမ့်နေပေသည်။

ကုဏ္ဍလရသေ့သည် ဟိမဝန္တာတောင်တွင် နှစ်များစွာ မှီတင်းနေရာမှချဉ် ဆားမှီဝဲရန်အလို့ငှာ လူ့ရပ်ခွင်သို့ ပြန်လာသည်။ ဗာရာဏသီမြို့ အရောက်တွင် စစ်သူကြီးနှင့် ဦးစွာဆုံတွေ့ရသည်။

"အို...သူတော်စင်ရသေ့၊ အရှင့်ကို ရှေးအခါက မမြင်ဖူးပါ။ အခုအဘယ်အရပ်က ကြွလာပါသလဲ"

"အချင်းစစ်သူကြီး၊ ငါဟာ ဟိမဝန္တာမှာ သီတင်းသုံးသူဖြစ်ပါတယ်။ ချဉ် ဆားမှီဝဲရန်အလို့ငှာ ဗာရာဏသီကိုလာခဲ့တယ်"

"ကောင်းပါတယ်။ ဗာရာဏသီပြည်သားတွေဟာ သူတော်စင်သူတော်ကောင်းတို့ကို လှူဒါန်းချင်တဲ့ဆန္ဒရှိကြပါပေတယ်။ အသင် ရသေ့ကိုလည်း ကျွန်ုပ်ကိုယ်တိုင် လိုအပ်တဲ့ပစ္စည်း ပေးလှူပါ့မယ်။ လောလောဆယ်တော့ ကျွန်ုပ်ပိုင်ဆိုင်တဲ့ ဥယျာဉ်တော်မှာ သီတင်းသုံးပါ"

"ကောင်းလေစွ ဒကာ"

ဤသို့ဖြင့် ကုဏ္ဍလရသေ့သည် စစ်သူကြီးယာယီခွင့်ပြုသော ဥယျာဉ်တော်ရှိ အစောင့်တဲကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးလေတော့သည်။

* * *

"ကျွန်ရင်း သုသိဏ်"

"မိန့်ပါအရှင်..."

"သေရည်တစ်ခွက်၊ ကြက်ပေါင်တစ်ချောင်း၊ အဟက်ဟက်... ဟောဒီကညာမယ်လေးတစ်ယောက်သာ ငါ့အပါးမှာရှိနေရင်...အဟိုး ဟိုး ဟိုး..."

"အို..."

ကလာဗုမင်းသည် သေရည်တစ်ကျိုက်သောက်ပြီး ကြက်ပေါင် တစ်ဖဲ့ကိုက်ရင်း အနီးရှိရံရွေတော် အချောအလှလေး၏ ခါးကိုသိမ်းဖက်လိုက်ရာ၊ ရုတ်တရက်ဖြစ်သဖြင့် လန့်ဖျပ်သွားပုံရသည့် မိန်းမချောလေးအသံထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောလေး၏ ချစ်ရည်ရွှန်းသော မျက်နှာလေးကို ရှုတ်ခနဲနမ်းလိုက်ပုံက မျက်နှာပူစရာ…။ သို့ပြား လည်း မိန်းမချောလေးက ဟန်ဆောင်ရယ်မောရင်း မင်းကြီး၏အပြုအစုအယုအယအပေါ်ကျေနပ်ဟန်ပြလိုက်ပုံကြောင့် ပျော်စရာလေး ဖြစ်သွားသည်။

''မောင်မင်း သုသိဏ်''

''အရှင်မင်းကြီး''

''ငါကိုယ်တော်မြတ်ရဲ့ စည်းစိမ်ဟာ ဘယ်သို့ရှိမလဲ''

''အရှင်မင်းကြီး၊ တာဝတိံသာစံမြန်းတဲ့ သိကြားမင်းကြီးတောင် အရှင့်စည်းစိမ်မမီပါဘူး''

''အဟား ဟား ဟား၊ ဒါက မြှောက်လွန်းပြီမောင်မင်း။ သိကြားမင်းကြီးက နတ်သမီးတစ်ဖက် ငါးရာနဲ့စံမြန်း ရတာ…ငါ့အပါးမှာခုရှိနေတာ ရံရွေတော် နှစ်ရာ့ငါးဆယ်။ မသေးငယ်ပေဘူးလား…''

''အရှင်မင်းကြီး၊ ကိန်းဂဏန်းနဲ့ တွက်ရင်သိကြားမင်းကြီးကသာသယောင်ရှိပေမယ့်၊ တကယ်တမ်းတွက်ရင် အရှင်မင်းကြီးက အမှန်သာပါတယ်''

''ဘာ့ကြောင့်''

''အရှင်မင်းကြီး၊ နတ်တွေဟာ သာယာမှုကိုစိတ်ဆန္ဒနဲ့သာပြီးစီးတယ်၊ ဆာလောင်မှုကိုလည်း စိတ်ညွတ်ရုံနဲ့ ပြည့်စုံစေတယ်လို့ ကြားဖူးပါတယ်''

''အိမ်း''

''သိကြားမင်းကြီးက စိတ်နဲ့သာပြီးငြိမ်းစေတော့ ဘယ်မှာခံစားချက် သက်ဝင်မလဲ ကိုယ်တော်။ အခုအရှင်မင်းကြီး က အရက်သောက်လည်း လက်တွေ့''

''မှန်တယ်…''

''ကြက်ကြော် စားရတာလည်း အစစ်အမှန်''

''အမှန်ပဲ''

''ကိလေသာကာမဂုဏ်ဆိုရင် တို့လိုက်ထိလိုက်ရုံနဲ့ အကြောပေါင်းတစ်ထောင်စိမ့်သွားစေနိုင်တဲ့ ဣတ္ထိယ မိန်းမသားတွေ ဝန်းရံနေတော့''

''အဟား ဟား ဟား။ မောင်မင်းဟာ ငါကိုယ်တော်မြတ်ရဲ့ ကျွန်ရင်း ပီပီ စကားအရာမှာလည်း လိမ္မာကျွမ်းကျင် ပေတယ်။ အင်း… ဒီကာမဂုဏ်ရသာဟာ ဘယ်ခါများ ကုန်ဆုံးမလဲ မသိဘူးပ''

''အရှင်မင်းကြီး၊ ဒီလောက်ချိုမြိန်တဲ့ သစ်သီးတွေစားနေရတဲ့ သုခကို ဘယ်တော့ဆုံးမလဲ တွေးမနေပါနဲ့ ကိုယ်တော်။ ခံစားခွင့်ရချိန် အပြည့်အနင့် ခံစားနိုင်ဖို့သာ အားထုတ်တော်မူပါ''

မင်းချင်း သုသိဏ်သည် ကလာဗုမင်းအကြိုက်လိုက်ပြီး မြှောက်ပင့်ပြောကြားလိုက်သည်တွင် လွှန်စွာသဘောကျ ဟန်ဖြင့် တဟား ဟား ဟားရယ်မောလိုက်သည်။ သုသိဏ်သည် ကုန်ခန်းနေပြီဖြစ်သော အရက်ခွက်ထဲသို့ ပါရှန့်ဗျစ်ရည်ကို ငှဲ့ထည့်လိုက်ပြီး၊ မင်းကြီးလက်တွင်း ထည့်ပေးလိုက်သည်။ ကလာဗုမင်းသည် လက်ထဲကမ်းပေးသည့် သေရည်ခွက်ကို မော့ချပစ်လိုက်ပြီး၊ အပါးတော်မှ အခြားမိန်းမချောလေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ မိန်းမပျိုလေးသည် စပါးကြီး မြွေ၏ညှို့ယူဖမ်းစားခံရသည့် သမင်ပျိုမလေးအလား ပျော့ခွေလျက် အလိုက်သင့်ပါသွားသည်။

နေ့ခင်းကြောင်တောင်ပင် အမှောင်ထုကြီးက တစ်နေရာတည်းကွက်လျက် ပိန်းပိတ်အောင် အမှောင်ထု ကျသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



''ဟင်…''

ကလာဗုမင်းသည် စက်ပျော်နေရာမှ ရုတ်တရက် လန့်နိုးချိန်တွင် သူ့အပါး၌ ရံရွေတော်များ မရှိတော့။ မိန်းမပျိုလေး၏ ပေါင်ထက်တွင် ခေါင်းအုံးလျက် မှေးစက်ခဲ့ပါလျက် အဆိုပါမိန်းမပျိုလေးပင် မရှိတော့။ သောက်လက်စ အရက်ခွက်နှင့် စားချင့်စဖွယ် အမြည်းဟင်းလျာများသာ ပိုလိုးပက်လက် ကျန်ရစ်သည်။

ဥယျာဉ်တော်အတွင်း၌ အထီးတည်းကျန်ရစ်သည့်အဖြစ်ကြောင့် ထိတ်လန့်တုန်လှုပ်စွာ ထအော်လိုက်မိသည်။

''သုသိဏ်''

ရှေးရှေးအခါက ဤနည်းသုသိဏ်ကို ခေါ်လိုက်လျှင် ''အရှင်မင်းကြီး၊ အမိန့်ရှိပါ။ ကျွန်တော်မျိုး ဘာဆောင်ကြဉ်း ပေးရပါ့မလဲ''ဟု ပျာပျာသလဲပြောတတ်သည့် ကျွန်းရင်းပင် အပါး၌မရှိ။ ဒေါသတရားက အဆီးအတားမရှိ ပေါက်ကွဲထွက်သွားသည်။

''သုသိဏ်…သုသိဏ်…ဟဲ့သုသိဏ်''

ကလာဗုမင်းက အသံကုန်ထုတ်လျက် အော်သော်ငြားလည်းအပါးတော်မြဲက ဘယ်ရောက်နေသည်မသိ။ လျှောင်းစက်ရာမှ လူးလဲထသည်။ လဲကျနေသောအရက်ခွက်ကိုကောက်ယူပြီး ဖျစ်ရည်အပြည့်ထည့်သည်။ ဒေါသဖြစ်ဖြစ်နှင့် တစ်ကျိုက်တည်း မော့ချလိုက်သည်။

''ခွီး…အဟွတ်…အဟွတ်ဟွတ်…အီး''

သေရည်က လမ်းကြောင်းလွဲပြီး သီးသွားသဖြင့် မချိမဆန့်ခံရသည်။ ဒေါသထွက်စရာက ပို၍ပို၍ဖြစ်လာသည်။

''သုသိဏ်''

''ကိုယ်…ကိုယ်တော်၊ ကျွန်…ကျွန်တော်မျိုး''

''မောင်မင်း ဘယ်သွားနေတာလဲ''

''ကျွန်တော်မျိုး ဟိုးနားက ချောက်ထဲမှာ အိပ်နေတာပါမင်းကြီး။ ခေါ်သံကြားလို့ ချက်ချင်း ထပြေးလာတာ…''

''ဘာ‥ငါစက်တော်ခေါ်ချိန်မှာ မောင်မင်းက အပါးမှာမရှိဘူး ဟုတ်လား''

''အရှင်မင်းကြီးလွတ်လပ်စွာ ပျော်ပါးနိုင်အောင်လို့…''

''တော်…ဘယ်မှာလဲ ဟိုဟာတွေ…''

''ကျွန်တော်မျိုး မအိပ်ခင်ကတော့ မင်းကြီးအပါးမှာရှိကြပါတယ်။ ခု…အဲ၊ ဘယ်များသွားကြသလဲမသိ…''

''မင်းသိတာ ဘာရှိလဲ သုသိဏ်၊ ငါ့စေးကို မကြောက်ရှေလား…''

''ကြောက်ပါတယ် အရှင်မင်းကြီး၊ သည်းခံခွင့်လွှတ်တော်မူပါ။ ရံရွေတော်တွေကို ခုချက်ချင်းခေါ်လာပါ့မယ်''

''ခေါ်လာမယ်…ဟုတ်လား။ မခေါ်လာနဲ့။ သင်းတို့ကို ငါကိုယ်တော်တိုင်ရှာမယ်။ ငါကိုယ်တိုင်အပြစ်ပေး မယ်''

''သင့်မြတ်ပါတယ် အရှင်မင်းကြီး''

မင်းချင်းသုသိဏ်သည် မိမိဘက်လှည့်နေသည့် စားဦးတစ်ဖက်သို့ လှည့်သွားသဖြင့် ရင်ထဲမှ ဝမ်းသာသွားသည်။ ကိုယ့်အသက်ထက် အခြားသူများအသက်ကို မငဲ့ကွက်နိုင်။ အလိုက်သင့်လှည့်ပေး လိုက်သည်။

ကလာဗုမင်းသည် ယစ်မူးခြင်းအရှိန်ပြေသေးဟန်မတူ။ ဒယီးဒယိုင်နှင့် ဒေါမာန်တကြီး လျှောက်သွားသည်။ ဤအခြေအနေတွင် မင်းကြီးကို ဝင်ထိန်းဖို့ မဆိုထားနှင့် အပါးသို့ပင် မချဉ်းကပ်ဝံ့။ ခပ်လှမ်းလှမ်းမှ လိုက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

"ရှဲရှေတော်အားလုံးသည် တစ်ခုသော သစ်ပင်ရိပ်တွင် သီတင်းသုံးနေသည့် ရသေ့တစ်ပါး၏ရှေ့တွင် စုရုံးရောက်နေကြသည်။ ရသေ့သည် ရှဲရှေတော်များကို ဘာတွေဟောကြားသွန်သင်ဆုံးမနေသည် မသိ။ အားလုံးက တရားခံမွှအောက်တွင် နစ်မျောနေရာ မင်းကြီးကိုပင် သတိရတော့ဟန်မတူ။

ကလာဗုမင်းသည် ထိုမြင်ကွင်းကို မြင်လိုက်သည်နှင့် ရုတ်တရက် ကြောင်ငေးသွားသည်။ ဒေါသကြောင့် အသားတွေတဆတ်ဆတ်တုန်ယင်နေသည်။ အစာအလုခံရသည့် ကျားဆိုးတစ်ယောက်သည် ရန်သူကျားကို ယှဉ်ပြိုင် သတ်ပုတ်ရန် အားထုတ်သည့်အလား ပရိသတ်၏ ရှေ့သို့ ခုန်ဝင်လိုက်လေတော့သည်။

* * *

"ဟယ်…ရသေ့ယုတ်၊ သင်ဟာငါ့ပိုင်နက်ထဲဝင်လာပြီး ငါ့ကိုစော်ကားတဲ့ အပြုအမူပြုသူပဲ"

"အသင်မင်းကြီး၊ သည်းခံလော့"

"ဘာ…ငါက ဘာကိုသည်းခံရမှာလဲ၊ နေ့ခင်းကြောင်တောင်မှာ ငါ့မောင်းမမိသံတွေ ခိုးယူစည်းရုံးသူကို ငါကသည်းခံရမလား"

"အသင်မင်းကြီး၊ ဒီအပြုအမူ ငါ့မှာ မရှိ"

ကလာဗုမင်းသည် ဒေါသတကြီးနှင့် ခုန်ဝင်လိုက်ရာ ရှဲရှေတော်အားလုံး အထိတ်တလန့်ဖြစ်ကုန်သည်။ ကျားဆိုးတစ်ကောင် သမင်အုပ်တွင်း ခုန်ဝင်လိုက်သဖြင့် သမင်မလေးတွေ အထိတ်တလန့်ဖြစ်ပြီး မင်တက်မိနေသည့်အလား ပါးစပ်အဟောင်းသားနှင့် ဖြစ်ကုန်သည်။ မင်းကြီး၏ စိတ်သဘောထားကို သိနေသဖြင့် သေဘေးနှင့် ကြုံတွေ့လေပြီဟု တွေးလျက် မျက်နှာမှုသွေးများ ဆုတ်ကုန်တော့သည်။

သူတို့သည် မင်းကြီးမောပန်းပြီး စက်တော်ခေါ်သွားလေပြီ၊ ဤမျှ မူးယစ်နေသည့်မင်းကြီးမှာ တော်တော်နှင့် ပြန်မနိုးနိုင်ဟုတွက်လျက် ဥယျာဉ်တော်တွင်း လှည့်ပတ်ကြည့်ကြသည်။ ရောင်စုံပန်းလေးတွေ ပွင့်ဖူးနေသည့် ဥယျာဉ်တွင်း၌ ပန်းများအလုအယက်ခူးပန်ရင်း ပျော်ရွှင်ကြသည်။ သို့နှင့်လှည့်လည်သွားလာရာ သစ်ပင်တစ်ပင်အောက်၌ တရားကျင့်နေသော ရသေ့ကိုမြင်သည်။

တည်ကြည်သော ဣန္ဒြေ၊ ရှင်းသန့်သည့် အသားရေကို မြင်လိုက်ရုံဖြင့် ကြည်ညိုသွားကြသည်။ ရသေ့အပါး ချဉ်းကပ်သွားချိန်တွင် ရသေ့က မျက်လုံးဖွင့်ကြည့်သည်။ "ဘယ်ကလာကြသလဲ…" ဟူသော မျက်လုံးအကြည့်ဖြင့် မေးပုံကြောင့်၊ မင်းကြီးဥယျာဉ်ကစားထွက်ရာ လိုက်ပါလာကြကြောင်းပြောရင်း၊ သင့်သည့်တရားမြွက်ကြားပါရန် တောင်းပန်သည်။

ကုဏ္ဍာလရသေ့သည် လောကီအရှုပ်အထွေးနှင့် ကင်းအောင်နေခဲ့ရာ၊ အရှုပ်အထွေးက အလိုလိုလာပတ်သဖြင့် စိတ်ပျက်သွားသည်။ သို့သော် တစ်ဖက်သားအပေါ်တွင် ငဲ့ညှာပြီး၊ တစ်ဖက်သား အလိုကျလိုက်လျောတတ်သည့် ကုဏ္ဍာလရသေ့သည် ရှဲရှေတော်တို့ တောင်းဆိုသဖြင့် တရားဓမ္မဟောပြသည်။ ဟောသည့်တရားမှာ သူကိုယ်တိုင် ကျင့်သုံးသော ခန္တီတရားပင်။ တရားတော် အစမသတ်မီပင် ကျားတစ်ကောင်၏ဟိန်းဟောက်သံမျိုးနှင့် အသံပေး ဝင်လာသည့် ကလာဗုမင်းကို တွေ့လိုက်သည်။ မီးဝင်းဝင်းတောက်သည့်အလား ဒေါသမျက်လုံးကို မြင်သည်။ ဒေါသဖြစ်နေမှန်းသိသည်။ အဒေါသနှင့် ရင်ဆိုင်ဖို့ရန်သာ အားခဲတော့သည်။

"သင် အခုဘာလုပ်နေလဲ"

"အသင်မင်းကြီး၊ ငါတရားဟောနေတယ်"

www.burmeseclassic.com

www.burmeseclassic.com


“ဘာ…တရားဟောနေတယ်၊ ဟုတ်လား…၊ အဟားဟားဟား ကဲ လုပ်စမ်းပါဦး၊ ဘာတရားလဲ”

“ခန္တီတရားပါ”

“ခန္တီ…ဘာခန္တီတရားလဲ။ သင့်အယူကဘာလဲ”

“ခန္တီဝါဒီပါ”

“အဟ၊ ခန္တီဝါဒီ။ သည်းခံသူပေါ့ဟုတ်လား…”

“မှန်ပေတယ် မင်းကြီး”

“သင်ဆိုလိုတာက သည်းခံနိုင်တယ်ပေါ့”

“မှန်ပါတယ် မင်းကြီး။ ငါဟာကြုံလာသမျှကို သည်းခံနိုင်တဲ့စိတ်နဲ့အနိုင်ယူပါတယ်…”

“ဩော်…ဒီလိုလား။ သင်ဟာ သင့်ဝါဒကို အမှန်တကယ် ဆုပ်ကိုင်ထားတယ်ပေါ့”

“မှန်ပေတယ် မင်းကြီး”

“ကောင်းပြီ။ ခန္တီ…သည်းခံခြင်းတရား။ သင်ဟာ ကိုယ်မလုပ်နိုင်၊ မကျင့်နိုင်တဲ့တရားကို တစ်ပါးသူကို ဟောနိုင်တာလား… ကိုယ်တိုင် ကျင့်ကြံနေလို့ဟောပြောနေတာလား သိရအောင်ငါစမ်းသပ်ရသေးတာပေါ့”

“သင့်ဆန္ဒအတိုင်းပါပဲ မင်းကြီး”

“အဟား…ဟား…ဟားဟား။ ကြိုက်ပြီ…ကြိုက်သွားပြီ။ ဒီလို အစမ်းသပ်ခံနိုင်သူနဲ့တွေ့တာ ငါကျေနပ်တယ်။ ဟေ့ သုသိဏ်”

“မှန်ပါ မင်းကြီး”

“ဆူးတပ်ထားတဲ့ ကြာပွတ်ယူခဲ့စမ်း”

“အရှင်မင်းကြီး၊ သူတော်ကောင်းကို သည်သို့မပြုသင့်ပါ”ဟု တောင်းပန်ချင်သော်လည်း၊ ဤအချိန်တွင် ဤစကားသည်မပြောသင့်။ အလွန်အန္တရာယ်ရှိသော စကားမှန်းသိလိုက်သဖြင့် နှုတ်ပိတ်ပြီး၊ ဆူးတပ်ကြာပွတ်ကိုယူပေးလိုက်ရသည်။ ရံရွေတော်များကမူ အသက်ပင် ပြင်းပြင်းမရှူဝံ့တော့။

* * *

“အသင်ရသေ့၊ သင်ဟာ ခန္တီဝါဒီလို့ဆိုတယ်။ ဝန်လည်းဝန်ခံတယ်။ ဒါဆို တစ်ဖက်သားက ရိုက်ပုတ်ရင်လည်း သည်းခံနိုင်တယ်ပေါ့”

“မှန်ပါတယ် မင်းကြီး”

“အသင်ရသေ့။ စကားကိုသေချာအောင် နားထောင်ပါ။ သည်းခံတယ်ဆိုတာ အတိုင်းအတာ တစ်ခုရှိပါတယ်။ အကျိုးထိပါးလာရင် ဘယ်သူမှသည်းမခံနိုင်ဘူးနော်…အပြစ်မရှိဘဲ တမင်သက်သက် ရိုက်ပုတ်ရင်လည်း ခံနိုင်တယ်။ ဒီလိုလား”

“ငါသည်းခံ၏”

“အဟားဟားဟား၊ ကြိုက်ပဟေ့၊ သည်းခံနိုင်မှု ရှိမရှိစမ်းလိုက်ရအောင်…ရှမ်း”

ကလာဗုမင်းသည် သေချာအောင် ချက်ကျကျမေးပြီးမှ သဘောကျဟန်ဖြင့် ရယ်လျက် ကြာပွတ်နှင့် လွဲရိုက်ချလိုက်သည်။

“အမယ်လေး…”

www.burmeseclassic.com

www.burmeseclassic.com



ကလာဗုမင်း၏ ကြာပွတ်ရိုက်ချက်က ပြင်းသည်။ အငြိုးနှင့် တမင်ရိုက်လိုက်သဖြင့် အားထည့်ထားမှန်းလည်း သိသာသည်။ သာမန်ကြိုးကောက်နှင့် ရိုက်လျှင်ပင် သက်သာသည်မဟုတ်။ သားရေပြားတွင် သံဆူးများတပ်ထားသည့် ကြာပွတ်နှင့်အားကုန်လွှဲရိုက်သဖြင့် ကုဏ္ဍလရသေ့ခင်မျာ မီးစနှင့်အထိုးခံရသည့်အလား ကျောကော့သွားသည်။ သို့သော်ရသေ့ကမူ ကျောကော့ခံသည်။ အမယ်လေးဟုအော်သည်က ရဲရွေတော်တွေ။ မြင်ရရုံဖြင့်ထိတ်လန့်တကြာ ဖြစ်လျက် အော်သည်။ သူတို့အော်မှ ကလာဗုမင်း ပိုဒေါသထွက်သွားသည်။

ရွှမ်း…ရွှမ်း…ရွှမ်း။

သုံးချက်တိတိအားကုန်လွှဲရိုက်ပြီး၊ အသားတွင်နစ်ဝင်သွားသည့် ဆူးများ မစူးစူးအောင် ရစ်ပတ်ဆွဲလိုက်ရာ၊ သွေးစိမ်းရှင်ရှင် ထွက်လာသည်။ ရွှေရောင်အသားနှယ် ဝင်းအိနေသော ရသေ့၏ကိုယ်လုံးတွင် သွေးနီများလွှမ်းနေသည်။

''ဘယ်လိုလဲ၊ ခန္တီဝါဒီ''

''ငါသည်းခံ၏''

''သြော်…သည်းခံနိုင်သေးသကိုး၊ အဟားဟားဟား''

''အရှင်မင်းကြီး၊ ဒီကိစ္စ အရှင်ရသေ့ အပြစ်မရှိပါ။ နှမတော်တို့ အပြစ်ပါ''

ကုဏ္ဍလရသေ့ မသက်မသာ ခံနေရသည်ကို မရှုစိမ့်ဟန်ဖြင့် ရဲရွေတော်တစ်ဦးက အရဲစွန့်လျှောက်သည်။ မင်းကြီးက စူးရဲသော အကြည့်ဖြင့် လှည့်ကြည့်လိုက်၍ ခေါင်းငုံ့သွားသည်။ မင်းကြီးက မခန့်ပြုံးတစ်ချက်ပြုံးလျက်၊ ရသေ့ကို ထပ်မံရိုက်ပြန်သည်။ မရှုရက်စရာ…။

''မယ်မင်းတို့၊ ငါအခုရိုက်နေတာ အပြစ်ရှိလို့ အပြစ်ပေးနေတာ မဟုတ်ဘူး။ မယ်မင်းတို့ကိုလည်း အပြစ်တင်စကား ပြောနေတာမဟုတ်ဘူး။ ခန္တီဝါဒီရသေ့ တကယ်ခန္တီတရားရှိမရှိစမ်းသပ်နေတာ… ဘယ်လိုလဲရသေ့။ ခန္တီသေးလား''

''ငါ…ငါ…ငါသည်းခံ၏''

''ဟင်၊ သည်းခံနိုင်သေးတယ်…ဟုတ်လား။ ကြိုက်ပြီ ဒီလို ခေါင်းကြောမာသူတို တွေ့ချင်နေတာ''

ကလာဗုမင်းသည် ကျားဆိုးကို လှံနှင့်ထိုးခံရ၍ ပိုမိုဒေါသဖြစ်သွားဟန်ဖြင့် ကြာပွတ်နှင့် အဆက်မပြတ်ရိုက်သည်။ ရသေ့ခမျာမှာလည်း မအော်ဘဲ လူးလွန့်ကြိတ်မှိတ်ခံရင်း လဲကျသွားသည်။ ဤအချိန်ထိ သည်းခံ၏…ဟုရေရွတ်နေသော ခန္တီရသေ့ကို မင်းကြီးဒေါပွသွား သည်။ ကိုယ်တိုင်လည်းဆက်မရိုက်နိုင် တော့သဖြင့်ကြာပွတ်ကို လွှတ်ချလိုက်ပြီး၊ သန်လျက်ဓားကို ဆွဲထုတ်လိုက်သည်။

''ရသေ့…သင် ခန္တီဝါဒီလား…''

''မှန်၏။ ငါသည်းခံ၏''

''သြော်…ဒီလိုလား။ ဟေ့ သုသိဏ်''

''မှန်ပါမင်းကြီး''

''ရော့ သန်လျက်။ ရသေ့ နားရွက်ဖြတ်''

''အရှင်မင်းကြီး''

ကွပ်မျက်ရင်းသုသိဏ်သည် ကိုယ်တိုင်အပြစ်မကျူးအောင်၊ တစ်ဖက်သားကို အပြစ်ပုံချရက်သော်လည်း ဤသို့မညာ မတာ နှိပ်စက်နေသည်မျိုးတော့ မကြည့်ရက်။ ''အရှင်မင်းကြီး၊ ဒီမျှမနှိပ်စက်သင့်တော့ပါ၊ ခွင့်လွှတ်တော်မူပါ'' ဟုအရဲစွန့်တောင်းပန်ချင်သည်။ သို့သော် မင်းကြီး၏ကျားဆိုးတစ်ကောင်နှယ်အကြည့်ကြောင့် စကားပင်ရှေ့မဆက် ဝံ့အောင်ဖြစ် သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


"သုသိဏ"

"အ…ရှင်…အရှင်…မင်း…မင်းကြီး"

"မင်းကိုငါအမိန့်ပေးနေတယ်။ ရသေ့နားရွက်ဖြတ်။ မင်းမဖြတ်ရင် မင်းနားရွက် ငါကိုယ်တိုင်ဖြတ်မယ်"

"သည်းခံပါ မင်းကြီး"

"ငါခန္တီဝါဒီ မဟုတ်ဘူး။ ခိုင်းတာမလုပ်ရင် သင့်အသက် ဒီနေရာမှာ ကျန်ရစ်ပြီ"

သုသိဏသည် တုန်ယင်သည့်လက်ဖြင့် မင်းကြီးထံမှသန်လျက်ကို ခံယူသည်။ သန်လျက်ကိုကိုင်လျက် ရသေ့အပါးတရွေ့ရွေ့ ချဉ်းကပ်သွားသည်။ အခုအချိန်တွင် "ငါသည်းမခံနိုင်တော့ပါ" ဟုရသေ့ နှုတ်မှ အသံထွက်လာပါစေဟု မျှော်လင့်သော်လည်း ရသေ့နှုတ်က ဆိတ်နေသည်။ သုသိဏဘာလုပ်ရမည်မသိ။ သူမလုပ်လျှင် ရက်ရက်စက်စက် အသတ်ခံရတော့မည်။ ရသေ့အပါးချဉ်းကပ်သွားပြီး နားရွက်ကိုဆွဲကိုင်လိုက်သည်။

"ဖြတ်"

မင်းကြီး၏အော်သံကြောင့် လန့်ပြီးလှီးဖြတ်ချလိုက်သည်။ ရသေ့ထံမှ ညည်းညူသံသဲ့သဲ့ ထွက်လာသည်။ စိတ်မကောင်းနိုင်တော့။

"အရှင်မင်းကြီး၊ နမတော်တို့ အနူးအညွတ်တောင်းပန်ပါရစေ၊ ဒီကိစ္စမှာ အရှင်ရသေ့အပြစ် လုံးလုံးမရှိပါဘူး"

"တိတ်စမ်း။ ငါဘာပြောလဲ။ အပြစ်ရှိလို့ စီရင်နေတာ မဟုတ်ဘူး။ ဒါခန္တီဝါဒကို စမ်းသပ်နေတာပါဆို။ ဘယ်လိုလည်း ရသေ့၊ သင်ဟာ ခန္တီဝါဒီလား…"

"ငါသည်းခံ၏"

"သုသိဏ၊ နှာခေါင်းဖြတ်"

"အရှင်မင်းကြီး။ မတော်…မတော်ပါဘူးဘုရား"

"ဖြတ်စမ်း"

ရသေ့၏ညည်းညူးသံကြားရသည်။ သို့သော် ကျယ်ကျယ်လောင်လောင်ကား မဟုတ်။ အော်သံပင် ကျယ်ကျယ်မပြုနိုင်တော့ဟန်။

"သင်ဟာ ခန္တီဝါဒီလား"

"ငါ သည်းခံ၏"

"သင်းလက်တွေဖြတ်စမ်း"

ကုဏ္ဍလရသေ့၏အဖြစ်က မရှုရက်၊ မမြင်ရက်စရာ။ လွန်ခဲ့သော အချိန်အနည်းငယ်က တင့်တယ်ရှုချင်စဖွယ် ရွှေအဆင်းနှယ်ရုပ်သွင်ရှိခဲ့သော ရသေ့သည် ခုတော့သွေးအလိမ်းလိမ်းနှင့်။ အသားတုံးတစ်တုံးကို မြေပေါ်တွင် ပုံထားသည့်အလား ဖြစ်နေသည်။

မင်း၏အမိန့်ကြောင့် မပြုချင်ဘဲပြုရသော သုသိဏသည်ပင် သွေးပျက်လာပြီ။ ရှူးသွပ်ချင်သလိုလိုဖြစ်လာပြီ။ ဒီမျှနှင့် ဒေါသပြေပါစေဟု ကျိတ်ဆုတောင်းရသည်။

"ဟယ်ရသေ့ယုတ်၊ သင်ဟာ ခန္တီဝါဒီလော…"

"ငါသည်းခံ၏"

'သုသိဏ၊ သင်းခြေထောက်တွေဖြတ်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး၊ ကျွန်တော်မျိုးကို သတ်ချင်သတ်လိုက်ပါတော့။ ကျွန်တော်မျိုး မလုပ်ရက်တော့လို့ပါ"

"အလကား အသုံးမကျတဲ့ ငယ်ကျွန်၊ ပေးစမ်းသန်လျက်။ ခြေထောက်ဖြတ်ဆိုရင် ဟောဒီလိုဖြတ်ရတယ်···ဒုန်း။ ဒီလိုခုတ်ရတယ်··· ဒုန်း"

သန်လျက်နှင့် ပိုင်းချခံရသော ခြေထောက်များက အိမ်မြှောင်မြီးပြတ်နှယ် တဆတ်ဆတ်ခုန်နေသည်။ မြင်ကွင်းက ဘယ်လိုမှဆက်မကြည့်ဝံ့ စရာ···။

"ရသေ့ယုတ်၊ သင်ဟာ ခန္တီဝါဒီလား"

"ငါသည်းခံ၏"

"ခုထိလက်မလျှော့တဲ့ ရသေ့စုတ်။ သင့်ခန္တီသင်သာစောင့်တော့"

ကလာဗုမင်းသည် အစွမ်းကုန်နှိပ်စက်ပြီး အားမရနိုင်သေးဟန်ဖြင့် ကုဏ္ဍလရသေ့၏ရင်ညွန့်ကို ဖနောင့်နှင့် ပေါက်ချလိုက်ပြီး ဒေါသတကြီးဖြင့် ဥယျာဉ်တော်မှ ထွက်ခဲ့တော့သည်။

* * *

မင်းကြီးထွက်သွားသည်နှင့် စစ်သူကြီးပျာယီးပျာယာ ရောက်လာသည်။ မြင်မကောင်းအောင် ဒဏ်ရာဒဏ်ချက်တွေနဲ့ လဲနေသော ရသေ့ကို ပွေ့ယူလျက် ဒဏ်ရာတို့ကို သုတ်သင်ပေးသည်။

"အရှင်ဘုရား၊ အမျက်မထွက်ပါနှင့်"

"ငါသည်းခံ၏"

"အရှင်ဘုရားရဲ့ ခန္တီပါရမီကို တပည့်တော်တို့ အလေးအမြတ် ထားပါတယ်ဘုရား၊ တကယ်လို့အမျက်ထွက်ရင်လည်း ကျူးလွန်တဲ့မင်းကိုသာ အမျက်ထွက်ပါ။ တိုင်းသူပြည်သားတွေကို အမျက်မထွက်ပါနှင့်"

ဤပြဿနာတွင် အပြစ်ရှိသူမှာ မင်းသာ။ ကလာဗုမင်းသည် ကိလေသာအလိုရမက်ကြီးသူပီပီ၊ ကာမဂုဏ်နှင့် မွေ့လျော်ချင်သည်။ ထိုရောအခါ ရံရွေတော်များကအပါး၌မရှိ၍ ဒေါသဖြစ်နေသည်။ ထိုရံရွေတော်များက ခန္တီဝါဒီ ရသေ့အပါးတွင် ဝိုင်းရံနေသည်ကို မြင်တော့ ရာဂမီးတောက်လောင်ပြီး အပြစ်မဲ့သူကို စော်ကားသည်။ အကယ်၍ ရသေ့ စိတ်ဆိုးလျှင် တိုင်းပြည်တစ်ခုလုံး မီးလောင်တိုက် အသွင်းခံရသည့်အလား ပြာကျသွားမှာ မြင်သည်။ ထို့ကြောင့် စစ်သူကြီးက တောင်းပန်သည်။

"အချင်းစစ်သူကြီး။ ငါနှင့်တူသော ပညာရှိတို့သည် မည်သူ့ကိုမျှ အမျက်မထွက်တတ်ကြ။ ငါ့လက်၊ ငါ့ခြေ၊ ငါ့နှာခေါင်းကိုဖြတ်သော မင်းကိုလည်းအမျက် မရှိ။ မေတ္တာစိတ်နှင့် အသက်ရှည်ပါစေလို့ ငါ့ဆုတောင်းပါတယ်···"

"အို···"

ရသေ့၏ဖြူစင်သောစိတ်ထားကို ကြားရသော် စစ်သူကြီးနှင့် ပရိသတ်အားလုံး စိတ်မကောင်းဖြစ်ရသည်။ ရသေ့အပေါ် မကျူးလွန်ဖို့ မတားမြစ်နိုင်သည့်အတွက် ကိုယ့်ကိုယ်ပင် ဒေါသဖြစ်ကြရသည်။

ကလာဗုမင်းသည် ဒေါသတကြီးပြုမူသော်လည်း အဒေါသနှင့် တုံ့ပြန်ခံရသည်ကို မကျေမချမ်းဖြစ်ပြီး ဥယျာဉ်တော်မှ တစ်ယောက်တည်း ထွက်ခဲ့သည်။ ရသေ့၏မြင်ကွင်းမှကွယ်ရာရောက်သော် လှုံ့ဆိုက်၏ဝန်ကို ဆက်လက်ထမ်းမထားနိုင်တော့သည့်အလား မဟာပထဝီမြေကြီး ထက်ခြမ်းကွဲလျက် ကလာဗုမင်းအား အရှင်လတ်လတ်ငရဲသို့ခေါ်ယူ သွားလေတော့၏။

ကျမ်းကိုး။ ။ ငါးရာ့ငါးဆယ့်ဇာတ်တော်၊ ခန္တီဝါဒီဇာတ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## သည်းခံစိတ်ဖြင့်သာ တုံ့ပြန်ပါ့မယ်ဘုရား

ခရီးရှည်ကြီးကို ရက်ရှည်လများဖြတ်သန်းလာရတဲ့ သုနာပရန္တတိုင်းသား ကုန်သည်လှည်းသမားတွေ ခုမှသက်ပြင်း ချနိုင်တယ်။ ဟုတ်ပ၊ ကုန်းလမ်း၊ ရေလမ်းခရီးကြမ်းကြီးက အခက်အခဲအမျိုးမျိုးကြုံခဲ့ရတာကလား…။ သာဝတ္ထိမြို့ကိုမြင် တော့ နွားတွေကိုကြိမ်တို့ရင်း "သွားကြစမ်း သားတို့ရာ…ရောက်ပါပြီဟ၊ နားရတော့မှာပါ" ဟုရွှင်ရွှင်မြူးမြူး အသိပေးခဲ့တယ်။ နွားတွေကလည်း နားရတော့မည်ဟူသော အသိကြောင့် ရှိသမျှအားကို ညှစ်ထုတ်ရုန်းခဲ့တာ ခဏနှင့်ပင် နားနေ့စခန်းရောက် သွားတယ်။

သာဝတ္ထိမြို့နှင့် ဇေတမင်းသား ဥယျာဉ်ကြားက အရိပ်ကောင်းရှိတဲ့နေရာမှာ လှည်းငါးရာဖြုတ်တယ်။ နွားတွေကို ထမ်းပိုးဖြုတ်ပေးလိုက် တယ်။ ပြီးတော့ ယာယီရွက်ဖျင်တဲလေးတွေထိုးပြီး ခေတ္တခဏအပန်းဖြေတယ်။ လှည်းသူကြီး မဟာပုဏ္ဏကတော့ မနားနိုင်သေးဘူး။ ကုန်တင်ထားတဲ့လှည်းတွေ တစ်စုတစ်စည်းတည်းရှိဖို့၊ ထင်းရေရနိုင်ဖို့၊ နွားစာ အတွက်မြက်ရဖို့၊ အားလုံးအတွက် ရိက္ခာနဲ့ရေ အလုံအလောက်ရဖို့အပြင် ပါလာတဲ့ကုန်စည်တွေရောင်းချဖို့ စီစဉ်နေရတယ်။ အေးလေ… ပစ္စည်းရှင်ဆိုတော့ တခြားလူတွေထက် ပိုသောက ရောက်ရတာပေါ့။

အားလုံးတည်တည်ငြိမ်ငြိမ်ဖြစ်တော့၊ ရောင်းကုန်တွေခင်းကျင်းဖို့ ပြင်ဆင်နေချိန်မှာ စိတ်ဝင်စားစရာမြင်ကွင်း တစ်ခုကို မဟာပုဏ္ဏ သတိပြုမိပုံရတယ်။ အတန်ကြာအောင် ခါးထောက်ကြည့်နေပြီးမှအနီးရှိတဲ့ လှည်းသမားကို လှည့်ပြောလိုက်တယ်။

"ဗလ"

"ခင်ဗျာ…သူကြီး"

"ဟိုသူတွေ ဘာလုပ်နေတာလဲ မသိဘူး"

"ဘယ်သူတွေလဲ သူကြီး"

"ဟာကွာ…မင်းကလူငယ် မဟုတ်သလိုပဲ။ ဘယ်တော့မှဖျတ်ဖျတ်လတ်လတ်၊ နိုးနိုးကြားကြားမရှိဘူး။ တစ်နယ်တစ်ကြေးကို အရောင်းအဝယ်နဲ့လာတဲ့လူဆိုတာ မျက်စိရှင်ရတယ်…နားပါးရတယ်။ စူးစမ်းလေ့လာမှုရှိရတယ်။ မင်း ဟိုမှာ မတွေ့ဘူးလားလူတွေ…"

"လူတွေကိုတော့ မြင်ပါတယ်သူကြီးရဲ့။ သာဝတ္ထိမြို့သားတွေပါ"

"အေးလေ…သာဝတ္ထိမြို့သားတွေမှန်းတော့ မင်းပြောမှလား… မြို့ထဲကထွက်ထွက်လာပြီ၊ ဟောဟို ဇေတ မင်းသားရဲ့ ဥယျာဉ်ထဲဝင် ဝင်သွားကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သရက်သီး ဝင်ခူးတာ ထင်ပါတယ်"

"ငါကွာ၊ မင်းခေါင်းကို ထုသာထုလိုက်ချင်တယ်…သရက်သီးခူးဖို့ကို အုံနဲ့ကျင်းနဲ့ လာမလားဟ။ ငါမနက်ကတည်းက သတိထားကြည့်နေတာ…အမျိုးသားရော၊ အမျိုးသမီးရော ပစ္စည်းလေးတွေသယ်ဆောင်ပြီး အဲဒီဥယျာဉ်ထဲဝင်သွားတယ်။ တစ်နာရီ၊ နှစ်ရီလောက်ကြာတော့ ပြန်လာတယ်။ ပြန်ထွက်လာချိန်မှာ သူတို့လက်ထဲမှာ ပစ္စည်းတွေမပါတော့ဘူး။ အဲ…နေလယ် နေ့ခင်းကျတော့ တစ်ခါလာကြပြန်တယ်။ မနက်ပိုင်းလောက်တော့ လူမများတော့ဘူး။ တစ်ခါညနေပိုင်းမှာ တစ်ခေါက် လာကြပြန်ရော…အဝင်အထွက် ဒီလောက်ရှုပ်ယှက်ခတ်နေပေမယ့် လာသမျှလူတွေက တို့ကိုစိတ်ဝင်စားပုံမပြဘူး"

"ဩော်…သိပြီသူကြီး။ အဲဒီဥယျာဉ်ထဲမှာ ပွဲလမ်းတစ်ခုရှိမယ်။ လူတွေပွဲသွားပွဲလာ လုပ်နေကြတာ…"

ဗလ၏ မှတ်ချက်စကားကိုစိတ်ပျက်သွားဟန်ဖြင့် စုတ်သပ်ပြီး ခေါင်းခါယမ်းတယ်။ ဗလကို ဆက်မပြောတော့ဘဲ၊ လမ်းမဆီသို့ လျှောက်သွားတယ်။ မဟာပုဏ္ဏဟာ လူတစ်ယောက်နှင့်ပြောဆိုနေတာကို ဗလက လှမ်းမြင်နေရတယ်။ မဟာပုဏ္ဏ ဥယျာဉ်ဆီသို့ မျှော်…မျှော် ကြည့်နေပြီး၊ သာဝတ္ထိမြို့သားက လက်တညွှန်ညွှန်နှင့် ရှင်းပြနေတယ်။ သွားရင်းလာရင်း လူတစ်ယောက်နှစ်ယောက်က ရပ်တယ်။ မဟာပုဏ္ဏမေးသမျှကို စိတ်လိုလက်ရ ဝင်ရှင်းပြနေတယ်။

မဟာပုဏ္ဏနှင့် ထိုသူများ စကားပြောနေတာက တော်တော်နှင့် အစမသတ်။ ဗလကတော့ သူတို့ပြောဆိုတာကို စိတ်မဝင်စားဘူး။ အနားယူ၊ အေးအေးဆေးဆေး နေဖို့သာ အာရုံရောက်နေတော့ သစ်ပင်ရိပ်မှာ ကျောချ၊ နဖူးပေါ်လက်တင်ပြီး အနားယူလိုက်ပါတယ်။

* * *

"တို့တစ်တွေ ကံထူးတာပဲဟေ့"

လှည်းသူကြီးမဟာပုဏ္ဏ ဘယ်အချိန်ပြန်ရောက်လာမှန်းမသိဘူး။ လှည်းဝိုင်းဆီပြန်မရောက်သေးဘဲ၊ အဝေးမှလှမ်းအော်ပြောလိုက်သံက ဓိမ်ယူနေတဲ့ ဗလကို အနှောင့်အယှက်ပေးသလို ဖြစ်သွားတယ်။ ဗလက ပက်လက်လှန်နေရာက တစောင်း အနေအထားပြောင်းပြီး၊ သူကြီးကို လှမ်းကြည့်လိုက်တယ်။ လမ်းပေါ်မှ ငွေတစ်မတ်ကောက်ရတဲ့ ကလေးငယ်လို မြူးကြွလာတဲ့ လှည်းသူကြီးကိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်သွားတယ်။

"ဘယ်လိုလဲ သူကြီး၊ အလျှူကြီးပေးနေတယ်။ လာသမျှကို ထမင်းကျွေးနေတယ်လို့ ကြားခဲ့လို့လား"

"မင်းအဘ၊ ကုဋေတန်တဲ့စကားရယ်ပေါ့မလုပ်နဲ့။ ဒီတစ်ခေါက် ကုန်လာရောင်းတာ တို့များရတနာထုပ်တွေရသလိုပဲ"

"ခင်ဗျာ…"

"ခင်ဗျာလုပ်မနေနဲ့။ တုံးလုံးလှဲမနေနဲ့။ ထစမ်း…လှည်းသမား အားလုံးဒီစုခိုင်း။ အဲအဲ…ဒီလိုလုပ်။ အုပ်စုလိုက်ခွဲထားတဲ့အထဲက အစောင့်တစ်ယောက်စီထားခဲ့ပြီး၊ ဒီကိုအကုန်လာကြလို့ လိုက်ပြောစမ်း"

"ခုလား သူကြီး"

"ဟာကွာ…ခုချက်ချင်း လာစေချင်လို့ ပြောခိုင်းတာပေါ့။ သွား… သွားစမ်းကွာ"

လှည်းသူကြီး မဟာပုဏ္ဏ ဘာကိုကြားခဲ့၊ မြင်ခဲ့မှန်းမသိ။ ကုန်တွေ ဖြုတ်ခဲ့နေကုန်၊ အမြတ်တွေအများကြီးရချိန်ကပင် သည်လောက် ဝမ်းမြောက်ဝမ်းသာမရှိ။ သူ့အမူအရာက ရောမရလာဘ်တစ်ခု မမျှော်လင့်ဘဲရသည့် နှယ် ရွှင်မြူးနေတယ်။

ဗလလည်း မေးမနေတော့ဘဲ ခပ်သုတ်သုတ် ပြေးထွက်ခဲ့ပြီး လှည်းဝိုင်းအတွင်း လှည့်ပတ်ပြောလိုက်တယ်။ သူပင် ပြန်မရောက်သေး၊ လှည်းသမား အားလုံးနီးပါး စုဝေးမိသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



''ဟင်းကောင်းစားရရင် ကိုယ့်မိတ်ဆွေ၊ ကိုယ့်ချစ်ခင်သူကို သတိရတတ်တယ်ဆိုသလို ခုလည်းကျုပ်ကြားခဲ့ရတဲ့ သတင်းကောင်းပါးချင်လို့ ခေါ်လိုက်တာ…''

လှည်းသမားများသည် လှည်းသူကြီး ပုဏ္ဏ၏ စကားကို ဂရုစိုက်နားစွင့်နေတယ်။ ပုဏ္ဏသည် တစ်ဦးစီ၏ မျက်နှာကို အသေအချာကြည့်ပြီး ဝမ်းသာအားရ စကားဆိုလိုက်တယ်။

''ဘုရားပွင့်ပြီ''

''ဗျာ…''

''မင်းတို့ကို ငါအမြဲ သတိပေးတယ်၊ နားမျက်စိဖွင့်ထားကြ၊ ပတ်ဝန်းကျင်ကို လေ့လာကြ၊ သတင်းစကား နားထောင်ကြလို့ ပြောထားတယ်၊ ဘယ်သူမှ နားမထောင်ဘူး၊ ဒီမယ်…လောကမှာ ဘုရားပွင့်ပြီ''

''ဗျာ…ဘုရား…ဘုရားဆိုတာ''

''သေပါတော့ ဗလရယ်၊ အလုံးစုံကို သိမြင်တော်မူတဲ့ လူ၊ နတ်၊ ဗြဟ္မာတို့ရဲ့ဆရာသခင် ဘုရားရှင်ကိုပြောတာ၊ ဘုရားပွင့်ပြီ၊ ဟောဒီ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတယ်၊ သတ္တဝါတို့ကို သနားကရုဏာထားပြီး တရားရေအေးတိုက်ကျွေးနေတယ်၊ ဟောဟိုမှာမြင်ရတဲ့ လူတွေက တရားနာဖို့ သွားနေကြတာ…''

''ဩော်…ဩော်''

''ဩော်မနေနဲ့ ဗလ၊ အခွင့်ကောင်းကြုံတုန်း တို့များတရားနာသွားကြမယ်၊ လှည်းဝိုင်းမှာ အစောင့် တစ်ယောက်နှစ်ယောက်ပဲထားခဲ့ အားလုံးငါနဲ့လိုက်ခဲ့ကြ''

မဟာ ပုဏ္ဏက လှည်းသမားများကို ဦးဆောင်လျက် တရားပွဲကို ရောက်ခဲ့တယ်၊ မြတ်စွာဘုရား၏ ရုပ်ဆင်းတော်ကို ဖူးမြင်ရသည်နှင့် ကြည်ညိုသဒ္ဓါစိတ်များ ဖြစ်နေတယ်၊ ဘုရားရှင်က တရားနာပရိသတ်၏ အခြေအနေကိုကြည့်လျက် ဒါနကထာကိုဟောပါတယ်၊ လှူဒါန်းပေးကမ်းခြင်းဖြင့် သံသရာခရီးသွားတို့အဖို့ ရိက္ခာထုတ်ယူသွားရန်၊ ဘဝဆက်တိုင်းအထောက်အပံ့ဖြစ်စေဖို့ ဖြည့်ဆည်းရန် ဒါနကောင်းမှုကြောင့် လူချမ်းသာ၊ နတ်ချမ်းသာဘဝ ရရှိနိုင်ကြောင်း ဟောကြားသွားတယ်။ ဒါနအကျိုးကြားလိုက်ရတော့ လှူချင်စိတ်တွေ တဖွားဖွား ပေါ်လာတယ်။

ဒီတရားနာလိုက်ရတော့ စိတ်ထဲချမ်းမြေ့သွားတယ်။ ကောင်းရာကို လမ်းညွှန်တဲ့အတွက် စိတ်ချမ်းသာမှုရှိတယ်။ မြင့်မြတ်တဲ့ပုဂ္ဂိုလ်ထူးရဲ့ အဆုံးအမကြားတော့ ဟုတ်ပေသားပဲ၊ ငါ့မှာလှူစရာပစ္စည်းလည်းရှိပြီး၊ လှူရမယ့် ပုဂ္ဂိုလ်လည်းတွေ့ပြီ၊ လှူချင်တဲ့ စေတနာတစ်ခုပဲ ပေါ်ပေါက်ဖို့လိုတယ်။ အနာဂတ်ဘဝချမ်းသာရေးအတွက် ငါလှူရမယ် ဆိုတဲ့ အသိကိုရသွားတယ်။

ဒါပေမယ့်ဘုရားရှင် ဆက်ဟောတဲ့ ''ကာမာနံအာဒီနဝ'' တရားနာရတော့ စောစောကစိတ်ကူးယဉ် တောင့်တမှု တွေ ဘယ်ပျောက်သွားမှန်းမသိပြန်ဘူး။ လူတွေထင်နေတဲ့ မက်မောနေတဲ့ လူဘဝ လူချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာဟာလဲ အမှန်တော့ ဆင်းရဲနဲ့မကင်းဘူးတဲ့ ဇာတိရလာလို့ ဇရာ၊ ဗျာဓိ၊ မရဏတရားတွေ မလွဲမသွေကြုံရမယ်။ ဇရာဆိုတဲ့ အိုခြင်းဖြစ်လာတာနဲ့ လူအိုတစ်ယောက် ကြုံရမယ့် ဒုက္ခ၊ သောက၊ ပရိဒေဝစတဲ့ မီးတွေလောင်မြိုက်ခံရမယ်။ ချမ်းသာဆိုတာ ချမ်းသာအစစ် မဟုတ်ဘူး။ အတုတွေ…။ ဒုက္ခပြွမ်းနေတဲ့ ချမ်းသာ တွေ…သောကဖိစီးနေတဲ့ ချမ်းသာတွေ…၊ အမှန်တော့တွယ်တာမက်မောစရာ မရှိဘူးတဲ့။ ဒါကိုထင်သာမြင်သာအောင် ဘုရားရှင်က ဥပမာရစ်ရပ်နဲ့ ထင်ဟပ်ဟောသွားတယ်။

လူ့စည်းစိမ်၊ နတ်စည်းစိမ်ဆိုတာ အမဲရိုးခြောက်နဲ့တူတဲ့ စည်းစိမ်ပါတဲ့။ အမဲသတ်ရုံကလွှင့်ပစ်လိုက်တဲ့ အမဲရိုးဟာအသားကပ်နေတာတစ်ခုလေးတောင်မကျန်ဘူး။ ဒါကိုခွေးကချီ၊ ကောက်ရိုးပုံကိုသယ်သွား၊ အမဲရိုးကို

www.burmeseclassic.com

www.burmeseclassic.com



ရှေ့လက်နဲ့ဖိပြီး ကိုက်တယ်။ အသားမရှိတဲ့ အရိုးသက်သက်ဆိုတော့ ကိုက်မရဘူး။ ကိုက်ရင်းနဲ့ယိုစီးလာတဲ့ သွားရည်ကြောင့် အမဲရိုးက နူးလာတယ်။ အနံ့လေးထွက်လာတယ်။ ဒီအနံ့လေး ခံပြီးအသားရနိုးရနိုးနဲ့ ကိုက်လိုက်တာသွားတွေပြုတ်ထွက်ကုန်ရော… လူ့ဘဝနတ်ဘဝဆိုတာ ဒီအတိုင်းပါပဲတဲ့။

စောစောက စိတ်ကူးယဉ်ထားတဲ့ ဘဝအိမ်မက်ဟာ ပျက်ပြယ်သွားရော။ မက်မောစရာမဟုတ်တဲ့ ဘဝစည်းစိမ်ကိုမမက်ဖို့ တရားပြပါတယ်။ အဲဒီလိုစည်းစိမ်ရှစ်မျိုးနဲ့ ဥပမာပေးသွားတယ်။ အမဲရိုးနဲ့တူတဲ့ စည်းစိမ်၊ သွေးသံရဲနေတဲ့ အသားထစ်နဲ့တူတဲ့ စည်းစိမ်၊ ငှားထားတဲ့ပစ္စည်းနဲ့တူတဲ့ စည်းစိမ်၊ အိပ်မက်နဲ့တူတဲ့ စည်းစိမ်၊ မြက်မီးရှူးနဲ့တူတဲ့ စည်းစိမ်၊ မီးကျီးတွင်းနဲ့တူတဲ့ စည်းစိမ်၊ သစ်သီးနဲ့တူတဲ့ စည်းစိမ်၊ စဉ်းကိုတုံးနဲ့တူတဲ့ စည်းစိမ်တွေအကြောင်း အကျယ်တဝင့်ရှင်းပြတော့၊ အခုအာသာငမ်းငမ်းရှာနေတဲ့…ကြွယ်ဝချမ်းသာဖို့ကြိုးပမ်းနေတဲ့ ကျုပ်ရဲ့အားထုတ်မှုတွေဟာ အလကားပါလားလို့ သိသွားတယ်။

ဘဝနဲ့စည်းစိမ်ကို မက်မောမှုမရှိအောင် ဟောပြီးတဲ့အခါမှာ "နေက္ခမ္မအာနိသံသ" လို့ခေါ်တဲ့ ကာမမှ ထွက်မြောက်ခြင်းရဲ့ အကျိုးကိုဖော်ပြတယ်။ ဆင်းရဲဒုက္ခတွေ ပင်လယ်ဝေနေတဲ့ ဒီလောက ဒီဘဝမှ လွတ်မြောက်ပြီး ချမ်းသာစစ်ဖြစ်တဲ့ သန္တိသုခရအောင် ကြိုးစားဖို့၊ အဲဒီနေရာရောက်ရင်ရရှိမယ့်အကျိုးတွေကို ဟောလိုက်တော့၊ ဘာလုပ်ရမယ်… ဘာလုပ်သင့်တယ်ဆိုတာ မျက်စိထဲပေါ်လာတယ်။ အဲဒီအခါမှာ ဘုရားရှင်က သစ္စာလေးပါး အမြတ်တရားဟောပြီး တရားကိုအဆုံး သတ်လိုက်ပါတယ်။

တရားနာပရိသတ်ရဲ့ သာဓုခေါ်သံ မြိုင်မြိုင်ကြီး ပေါ်လာချိန်ထိ သာဓုမခေါ်နိုင်သေးဘူး။ တရားကိုနှလုံးသွင်းပြီး ချမ်းမြေ့နေတယ်။ အမှန်တော့ ပျော်နေတာလား…ငြီးငွေ့တာလား…ဆိုတာ ခွဲခြားမသိပါဘူး။ ဒါပေမယ့် အလိုလိုဖြစ်လာတဲ့ စိတ်ထဲကအသိနဲ့ ဒီအသိကြောင့်ပြုလိုက်မိတာကတော့…

"ဘုန်းတော်ကြီးမြတ်တော်မူပေသော မြတ်ဘုရား။ တပည့်တော် မဟာပုဏ္ဏ ပန်ကြားဖိတ်မန္တက ပြုအပ်ပါတယ်။ မနက်ဖန်မှာ ဘုရားရှင်နဲ့တကွ သံဃာအားလုံး တပည့်တော်ရဲ့ ဆွမ်းအလှူခံယူတော်မူပါ၊ ဆွမ်းအလှူခံရန် လှည်းဝိုင်းဆီကို ကြွရောက်တော်မူပါဘုရား…"

* * *

ကာမာန် အာဒီနဝကထာ နာယူလိုက်ရတဲ့ မဟာပုဏ္ဏဟာ သူမက်မက်မောမော ရှာကြံနေတဲ့ စီးပွားဥစ္စာဟာ ဇင်္ဂမပစ္စည်းပဲ။ ဒီပစ္စည်းတွေဟာ အရှည်မမြဲဘူး။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက် သူနဲ့ ကြုံရင်ပျက်စီးရော…ဆုံးရှုံးရော။ လူကိုဥပဒ်ပေးတဲ့ဘေးလည်းဖြစ်တယ်။ ဒါကြောင့် ဇင်္ဂမပစ္စည်းကို ထာဝရပစ္စည်းဖြစ်အောင် ပြောင်းလဲပစ်ရမယ်။ မပိုင်ဝက်မွေးဘဝကို အဆုံးသတ်ပြီး၊ ကိုယ့်ပစ္စည်းကို ကိုယ်သွားရာနောက်တစ်ကောက်ကောက်ပါအောင် ယူသွားရမယ်လို့ စိတ်ကူးဖြစ်ပြီး၊ ဘုရားရှင်ကို ဆွမ်းစားပင့်လိုက်တာပါ။နှုတ်တံ့မပြန်ဘဲ၊ ငြိမ်သက်နေခြင်းက အလှူကို ခံယူမှန်းသိလိုက်တော့ လှည်းဝိုင်းပြန်လာ…မနက်ဖြန် သံဃာတွေ အလုပ်အကျွေးပြုဖို့ ဆွမ်း၊ ဆွမ်းဟင်း၊ ဘောဇဉ်၊ ချိုချဉ်တွေ ချက်ပြုတ်စီမံပါတယ်။ တစ်ညဉ့်ပတ်လုံး တရုန်းရုန်း ချက်ပြုတ်ကြော်လှော်ကြတာ မိုးစင်စင်လင်းမှ အစသတ်တယ်။ ဘယ်သူမှမအိပ်ရဘူး။ တစ်မှေးလေးတောင် မမှေးစက်ရဘူး။ အိပ်ရေးပျက်ပေမယ့် သဒ္ဓါစိတ်ကြောင့် ကြည်လင်နေတယ်။ လန်းဆန်းနေတယ်။ ဒါနဲ့ ဘုရားရှင်ကြွလာတော့ ဆွမ်းလုပ်ကျွေးကြတယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဘုရားရှင်က ဆွမ်းအတွက် အနုမောဒနာတရား ချီးမြှင့်တယ်။

ဒီတစ်ခါတရားနာရတာက ဘုရားရှင်ရဲ့မျက်နှာကိုတဝကြီးဖူးပြီး အားပါးတရ နာရတော့ အရသာပိုရှိသွားသလို ခံစားရတယ်။ ပထမ အကြိမ်တရားနာစဉ်က လူ့ဘဝ၊ လူ့စည်းစိမ်အပေါ် ငြီးငွေ့သွားတယ်။ အခုတစ်ဖန်နာရပြန်တော့

www.burmeseclassic.com

www.burmeseclassic.com



မဟာပုဏ္ဏာဟာ လိုရင်းစကားကိုပြောဆိုပြီးတာနဲ့ ဇေတဝန်ကျောင်းတော်ဆီပြန်ကြွသွားတဲ့ ဘုရားရှင်ရဲ့နောက်ကို တစ်ခါတည်း လိုက်သွားတယ်။ နားမလည်တဲ့ မျက်လုံးတွေနဲ့ကြည့်နေတဲ့ လှည်းသမားတွေကို တစ်ချက်လေးလှည့်မကြည့်ဘဲ လုံးဝသံယောဇဉ် ဖြတ်ချလိုက်တယ်။ ဗလနဲ့လှည်းသမားတွေကတော့ သူတို့ရဲ့ လှည်းသူကြီး ကျောပြင်ကိုငေးကြည့်ရင်း လွမ်းလွမ်းတတ ကျန်ရစ်ခဲ့ပါတော့တယ်။

ဝါဏိဇ္ဇဂါမရွာသား မဟာပုဏ္ဏာဟာ သံယောဇဉ်ပြတ်ပြီဆိုတော့ ကြာရိုးကိုဓားနဲ့ ဖြတ်ချလိုက်သလို တိခနဲပြတ်သွားစေတယ်။ နောက်ကြောင်းလည်း ဘာမှမတွေးတော့ဘူး။ ရှေ့အလုပ်ကိုသာတွေးပြီး ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရား တောင်းတယ်။ နည်းယူပြီး သစ်တစ်ပင်အောက်၊ ဝါးတစ်ပင်ရိပ်မှာ တရားကျင့်ကြံတယ်။

တရားကျင့်တဲ့ပုဂ္ဂိုလ်တွေမှာ သပ္ပာယလေးပါး မျှတဖို့လိုတယ်။ အဲဒါကတော့ ဥတုသပ္ပာယ၊ အာဝါသသပ္ပာယ၊ ပုဂ္ဂလသပ္ပာယနဲ့ ဘောဇနသပ္ပာယပါ။

အရှင်ပုဏ္ဏာရဲ့ ဇာတိကသုနာပရန္တတိုင်း။ အခုနေရတာက မဇ္ဈိမဒေသ။ ရာသီဥတုက ထူးထူးခြားခြား မကွဲခြားပေမယ့် ရာသီဥတုမတူတာတော့ အမှန်ပဲ။ ဇာတိရွာ ဝါဏိဇ္ဇဂါမထက်နည်းနည်းပိုပူတယ်။ အရိပ်အာဝါသ အနေနဲ့ကတော့ ဒီမှာပိုကောင်းသလိုလိုရှိပါတယ်။ ဇေတဝန်ကျောင်းတော်ဆိုတာ ဇေတမင်းသားရဲ့ ဥယျာဉ်ထဲမှာ ဆောက်ထားတဲ့ ကျောင်း။ ကျောင်းဝိဟာရကလည်း (၅၄)ကုဋေ အကုန်အကျခံဆောက်ထားတာဆိုတော့ ပြောစရာကိုမလိုဘူး။ တရားရှာတဲ့ ပုဂ္ဂိုလ်တွေအတွက် ရှုမှတ်စရာ နေရာတွေကလည်း ပေါပါတယ်။ အာဝါသ ကိစ္စကပြောစရာ မလိုဘူး။ ပုဂ္ဂလသပ္ပာယကတော့ အနည်းငယ် အဆင်မချောမွေ့တာတွေရှိတယ်။ ဒါကလည်း ဘာသာစကား မတူတာ··· အကျင့်စရိုက်မတူတာ··· ယဉ်ကျေးမှုမတူတာကြောင့်ပါ။ ဆက်ဆံရတာအခက်ဆုံးကတော့ တစ်ဦးနဲ့တစ်ဦး စကား မပေါက်တာပါပဲ။ ပိုပြီးအဆင်မပြေတာကတော့ ဘောဇနသပ္ပာယ မဖြစ်တာပဲ။ အရှင်ပုဏ္ဏာတို့ သုနာပရန္တတိုင်း သားတွေနဲ့ မဇ္ဈိမဒေသသားတွေ အဓိကထားစားတဲ့ အစာအာဟာရမတူညီမှုက အနှောင့်အယှက်ကြီးတစ်ခု လိုဖြစ်နေတယ်။ နို့ထမင်းနဲ့ ထောပတ်ကို အဓိကထားစားနေတဲ့ မဇ္ဈိမသားတွေထံက အလှူခံရတဲ့ပစ္စည်းဟာ အရှင်ပုဏ္ဏာလိုလားတဲ့ အာဟာရမျိုး မဟုတ်ဘူး။ အရှင်ပုဏ္ဏာက ချဉ်ရည်ဟင်း၊ ငါးပိထောင်းလေးနဲ့ ဘူဦးပေးချင်နေတယ်။ ရလာတာက ယာဂု။ အရှင်ပုဏ္ဏာက အရွက်စုံဟင်းချိုလေးနဲ့ မြေပဲဆံထောင်းကြော်လေး စားချင်တယ်၊ ရလာတာက ဆန်ပြုတ်။ အစားအစာနဲ့လျှာက သဟဇာတမဖြစ်တော့ ခံတွင်းမမြိန်ဘူး။ အာသာမပြေဘူး။ ရဟန်း ဆိုတော့ ကိုယ်တောင့်တတဲ့အစာကို လောင်းလှူပါ၊ ချက်ကျွေးပါလို့ပြောလို့ကလည်းမရဘူး။ သဒ္ဓါတရားနဲ့ လောင်းလှူတဲ့အပေါ်မှာပဲ နှစ်သက်မှုကိုဖယ်ပြီး မှီဝဲကြရတယ်။ အရှင်ပုဏ္ဏာဟာ ရသမျှနဲ့ရောင့်ရဲပြီး၊ ဘာဝနာအလုပ်ကို ဖိအားထုတ်တော့ ရုပ်ကိုအာဟာရကမဆောင်နိုင်တော့ဘူး။ ကျန်းမာရေးက တဖြည်းဖြည်းဆုတ်ယုတ်လာတယ်။ ကျန်းမာရေး ချို့ယွင်းတော့ တရားအလုပ်လုပ်ရမှာလည်း သမာဓိအား မထူထောင်နိုင် တော့ဘူး။ သမာဓိရအောင်ပင် မလုပ်နိုင်တော့ ခန္ဓာဉာဏ်ရောက်ရှုဖို့က ဘယ်လိုမှမဖြစ်နိုင်တော့ဘူး။

"အင်း၊ ဒီသာဝတ္ထိပြည်ဟာ ဘုရားရှင်သီတင်းသုံးရာအရပ်မို့ နေသင့်တဲ့အရပ်တော့မှန်တယ်။ ဒါပေမယ့် ငါ့အတွက်သပ္ပာယမဖြစ်တော့ တရားကျင့်ပေမယ့် တရားအသိမရနိုင်ဘူး။ ရဟန်းကိစ္စမပြီးနိုင်ဘူး။ ဘုရားရှင်ရဲ့ အဆုံးအမခံယူပြီး ကိုယ့်အရပ်ကိုယ် ပြန်နေတာကောင်းမယ်။ ဟိုမှာကတော့ ငါ့အဖို့သပ္ပာယမျှတနိုင်တယ်"

အရှင်ပုဏ္ဏာဟာ ဒီအတွေးတွေးမိတော့ ဘုရားရှင်ကိုလျှောက်ထား တောင်းပန်ဖို့စဉ်းစားတယ်။ ဒါပေမယ့် ဒီမှာမပျော်ဘူး၊ သပ္ပာယမရှိဘူး လို့လျှောက်ထားလို့သင့်ပါမလား···ဆိုပြီးတဲ့ဆိုင်းနေပြန်တယ်။ ရက်အတန်ကြာ သည်းခံနေပေမယ့် အခြေအနေကတိုးတက်မလာဘဲ ဆုတ်ယုတ်နေတယ်။ အထပ်ထပ်အပြန်ပြန်စဉ်းစားတော့ အချို့ရဟန်း တွေဟာ ဘုရားရှင်ထံက ကမ္မဋ္ဌာန်းတောင်းပြီး လျှောက်ပတ်ရာအရပ်မှာ သီတင်းသုံးတာကိုတွေ့ရတယ်။ အခြားအခြား ရဟန်းတွေတောင်ခွင့်ပြုသေးရင် မိမိကိုလည်း ခွင့်ပေးပါလိမ့်မယ်လို့တွေးပြီး၊ ဘုရားရှင်ထံ ဝင်လျှောက် လိုက်ပါတော့တယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သာယာမှုတွေ ပယ်ခွာသွားတယ်။ သံဝေဂနှင့်အတူ ရလိုက်တဲ့ ဒီအသိက မဟာပုဏ္ဏာကိုလမ်းကြောင်းမှန် ပေါ်တွန်းပို့လိုက်သလိုပါပဲ။ ဒါကြောင့် နဖူးထက် လက်တင်ရှိခိုးပြီး လျှောက်ထားပန်ကြားလိုက်မိတယ်။

"ဘုန်းတော်ကြီးမြတ်ပေသော မြတ်ဘုရား၊ တပည့်တော်ပုဏ္ဏအား သာမဏေပြုခွင့် ပေးပါ။ ဘုရားရှင်ရဲ့အရိပ်အောက်မှာ ခိုလှုံခွင့်ပြုတော်မူပါဘုရား…"

* * *

မဟာပုဏ္ဏဟာ ဘုရားရှင်ရဲ့တရား နာလိုက်ရတဲ့အတွက် လူ့ဘဝ လူ့စည်းစိမ်ကို ရှင်းရှင်းလင်းလင်းမြင်သွားတယ်။ သူ့အနေနဲ့ဘာလုပ်သင့်တယ်ဆိုတာလည်း သိသွားတယ်။ ဒီတော့ လှည်းငါးရာနဲ့ တင်လာတဲ့ ကုန်ပစ္စည်းတွေအပေါ်လည်း အာသီသပြတ်သွားတယ်။ ပြတ်သွားတယ်ဆိုပေမယ့် ဒီပစ္စည်းတွေက သူတစ်ယောက်တည်းပိုင်တာ မဟုတ်ဘူး။ သူ့ညီစူဠပုဏ္ဏနဲ့အတူတူ ပိုင်ဆိုင်တာ…သူတို့ညီအစ်ကိုဟာ သုနာပရန္တတိုင်းနဲ့ မဇ္ဈိမဒေသကို သွားချည်လာလှည့် ကုန်ကူးနေတာကြာပြီ။ အစ်ကိုတစ်လှည့်၊ ညီတစ်လှည့်သွားတယ်။ မဟာပုဏ္ဏကုန်ရောင်းလာရင် ညီဖြစ်သူက ကျန်ခဲ့တဲ့ စည်းစိမ်ကိုထိန်းသိမ်း၊ နောက်တစ်ကြိမ် အရောင်းအဝယ်လုပ်နိုင်အောင် ပစ္စည်းတွေရှာဖွေစု၊ အဲလိုစီမံရတယ်။ ရလာတဲ့အကျိုးအမြတ်ကို အညီအမျှခံစားကြပါတယ်။ အခုမဟာပုဏ္ဏ ကုန်ရောင်းလာတော့ ညီလုပ်သူကျန်ရစ်တယ်။ ကျန်ခဲ့တဲ့ညီဖြစ်သူက အစ်ကိုပြန်လာချိန်ကို မျှော်နေမှာပဲ။ အကျိုးအမြတ် ဘယ်လောက်ရတယ်ဆိုတာ သိချင်မှာပဲ။ ဒါပေမယ့်အဲဒီကိစ္စတွေအပေါ် မဟာပုဏ္ဏတွယ်တာမှု မရှိတော့ဘူး။ ဒီကရမယ့်ပစ္စည်းရော…ကျန်ရစ်တဲ့ပစ္စည်းရော၊ ဘာကိုမှ စိတ်မဝင်စားတော့ဘူး၊ သူစိတ်ဝင်စားတာက မြတ်စွာဘုရား သာသနာထဲခိုဝင်ပြီး၊ ချမ်းသာအစစ်ကိုရှာဖို့ပဲ။

"ကဲ၊ အားလုံးကိုအသိပေးပါတယ်။ ဒီပစ္စည်းတွေရောင်းချပြီး မိတ်ဆွေတို့ယူတန်တာလဲယူ၊ သုံးတန်တာလည်း သုံး၊ ကျုပ်ညီကိုလည်း ပေးသင့်တာပေးပါ"

"ဒါနဲ့ သူကြီးက"

"ငါဒီမှာနေခဲ့တော့မယ် ဗလ။ ဘုရားရှင်ရဲ့သားတော်အဖြစ် ဘဝကို အဆုံးသတ်တော့မယ်"

"ဟာ…စဉ်းစားပါဦးသူကြီးရယ်…မကြာခင် အရောင်းအဝယ်ကိစ္စလည်း ပြီးတော့မယ်။ ရောင်းချရတဲ့ ငွေတွေကလည်း အမြောက်အမြား"

"ဗလ။ အဲဒီပစ္စည်းတွေ တွယ်တာ မက်မောနေရင် ဘုရားရှင်ဟော တဲ့ အမဲရိုးကိုစုံမက်နေတဲ့ ခွေးလိုပဲဖြစ်မှာပေါ့"

"ဟာ…အဲဒါက တရားတော်အရပါ သူကြီးရာ"

"အေး…ဒီတရားတော်ကိုနာရတဲ့ အကျိုးကြောင့် ငါအမြင်မှန် ရသွားတာပဲ။ တစ်သက်လုံး တပင်တပန်းရှာနေတဲ့ စည်းစိမ်တွေဟာ ငါ့အတွက် ဘာမှမဟုတ်တော့ဘူး။ ငါပိုင်ဆိုင်တဲ့ ကျောက်မျက်ရတနာ တွေဟာ ယောဒီလမ်းပေါ်မှာတွေ့နေတဲ့ ကျောက်ခဲတွေလိုပဲ မက်မောစရာမဟုတ်တော့ဘူးဆိုတာ သိသွားပြီ"

"ဒါဆို၊ သူကြီး သုနာပရန္တတိုင်း ပြန်မလိုက်တော့ဘူးပေါ့"

"အေး…"

"ဝါဏိဇ္ဇဂါမရွာကိုလည်း မပြန်တော့ဘူးပေါ့"

"အေး…"

"ရှိထားတဲ့ ချမ်းသာကြွယ်ဝမှုကိုလည်း စွန့်လွှတ်ပြီပေါ့"

"အေး၊ ငါ့မှာသပိတ်တစ်လုံးနဲ့ သင်္ကန်းသုံးထည်ရှိရင်ပြည့်စုံပြီ။ ပေါ့ပါးတဲ့ ဝန်ကိုဆောင်ပြီး၊ လေးနက်မှန်ကန်တဲ့တရားကို ကျင့်ကြံဖို့သာ ဆုံးဖြတ်လိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



''ဘုန်းတော်ကြီးသော မြတ်ဘုရား၊ တပည့်တော်ပုဏ္ဏအား တရားအကျဉ်းမျှမြွက်ဟတော်မူပါ''

''အချင်းပုဏ္ဏ၊ အသို့ဟူမူနည်း…''

''မှန်ပါ မြတ်ဘုရား၊ တပည့်တော်ဟာ မြတ်ဘုရားထံက အဆုံးအမ နာယူပြီး၊ တစ်ခုသောအရပ်မှာ တစ်ပါးတည်း ကေစာ ဆောက်တည်လိုပါတယ်…''

အရှင်ပုဏ္ဏက သိုသိုဝှက်ဝှက်လျှောက်ထားပေမယ့်၊ သတ္တဝါတို့ရဲ့ အဇ္ဈတ္တသန္တာန်ကိုသိနေတဲ့ ဘုရားရှင်က အရှင်ပုဏ္ဏအလိုကို သိနေတယ်။

''ချစ်သားပုဏ္ဏ၊ လျှောက်ပတ်ရာနေပြီး သတိမေ့လျော့ပေါ့ဆနေမှာလား…''

''မှန်ပါမြတ်ဘုရား၊ အဆုံးအမအတိုင်း သတိမလျော့မပေါ့ဆဘဲ အားခဲကြိုးကုတ် လုံ့လထုတ်နေမှာပါ ဘုရား''

''ကောင်းပြီးချစ်သား၊ ဒါဆိုရင် ငါးဝအာရုံကာမဂုဏ်တွေကို မိမိခန္ဓာကိုယ်မှာ ဝင်မလာအောင် ထိန်းချုပ်။ မျက်စိအကြည်ဓာတ်က ရုပ်အလှကိုမြင်ရင် နှစ်သက်တယ်။ နားရဲ့အကြားဓာတ်က ချိုသာတဲ့အသံကြားရင် သဘောကျတယ်။ လျှာက အရသာကိုခံယူချင်တယ်။ နှာခေါင်းက မွှေးကြိုင်တဲ့ရနံ့ကို ရှူချင်ရှိုက်ချင်တယ်။ ခန္ဓာကိုယ်က နူးညက်တဲ့အတွေ့အထိကို ခံစားချင်တယ်။ ဒီအာရုံငါးပါးကို ခံစားချင်တဲ့ စိတ်ဖြစ်ရင်၊ တောင့်တရင် ချမ်းသာမှုမဖြစ်ဘဲ ဆင်းရဲခြင်းသာဖြစ်မယ်။ ဒါကြောင့်မျက်စိကိုမှိတ်၊ နားကိုပိတ်၊ လျှာကိုသိမ်းပြီး ငါးဝအာရုံ ကာမဂုဏ်ကိုစွဲမက်တဲ့ စိတ်တွေပယ်ဖြတ်လော့''

''ကောင်းမြတ်လှပါဘုရား''

''ချစ်သား ပုဏ္ဏ၊ ဒီရုပ်၊ ဒီခန္ဓာဖြစ်လာရင် အိုမှုဆင်းရဲ၊ နာမှုဆင်းရဲ၊ သေမှုဆင်းရဲကို မလွဲမသွေကြုံရမယ်။ မအိုပါနဲ့လို့တားမရဘူး။ မနာပါနဲ့လို့လဲ တားမရဘူး။ ရုပ်ခန္ဓာဟာအမြဲမရှိတဲ့သဘော…ဆင်းရဲတဲ့ သဘော၊ အစိုးမရတဲ့သဘောကို နှလုံးသွင်း၊ ဒီလိုနှလုံးသွင်းရင် ရုပ်ကို စွဲလမ်းစိတ်ကင်းသွားမယ်။ တွယ်တာတပ်မက်စိတ်ကင်းသွားမယ်။ အဲဒီ စွဲလမ်း၊ တပ်မက်စိတ်ကင်းသွားရင် ချစ်သားတောင့်တတဲ့ သုခချမ်းသာ တွေ့ရပါလိမ့်မယ်''

''သာဓု…သာဓု…သာဓုပါဘုရား''

မြတ်ဘုရားလမ်းညွှန်တဲ့ အဆုံးအမတရားနာရတဲ့အတွက် အရှင်ပုဏ္ဏဟာဘယ်လိုကျင့်ကြံရမယ်၊ ဘယ်လို အားထုတ်ရမယ်ဆိုတာ သိသွားတယ်။ ဒါကြောင့်လည်း လူသူနဲ့မနှောဘဲ တစ်ပါးတည်းကျင့်ကြံ နေပါ့မယ်၊ အဆုံးအမ တရားကို မမေ့မလျော့ မပေါ့မဆ အားထုတ်ပါ့မယ်၊ ခန္ဓာဉာဏ်ရောက်တရား ကျင့်သုံးပြီး မြတ်သော ချမ်းသာနဲ့ နေပါ့မယ်လို့ ကတိစကားလျှောက်ထားလိုက်တယ်။

ရဟန်း၊ နတ်၊ လူတို့ကိုကောင်းစွာ လမ်းပြဆုံးမတော်မူပေတဲ့ ဘုရားရှင်ကို တစ်သက်တာ၊ ဒီတစ်ခါပဲဟု ရည်မှတ်လျက် အားပါးတရ ဖူးမြော်လိုက်ပါတော့တယ်။

* * *

''ချစ်သားပုဏ္ဏ၊ သင်ဘယ်အရပ်မှာ သီတင်းသုံးမလဲ''

''မှန်ပါမြတ်ဘုရား၊ သုနာပရန္တတိုင်းကိုပြန်ပြီး၊ ဝါဏိဇ္ဇဂါမကို ဂေါစရဂါမ်ပြုပါမယ်ဘုရား''

ဘုရားရှင်ဟာ အရှင်ပုဏ္ဏရဲ့ အလိုကိုသိပေမယ့် သတိပေးစကားပြောဖို့ရှိတော့ မေးမြန်းစူးစမ်းလိုက်တာပါ။

''ချစ်သား ပုဏ္ဏ၊ သုနာပရန္တတိုင်းသားတွေဟာ ကြမ်းတမ်းတယ်။ ရုန့်ရင်းတယ်။ အကယ်၍သူတို့က ဆဲရေးကြမယ်ဆိုရင် သင်ဘယ်သို့ပြုမလဲ''

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ ကင်းဝေးတဲ့အရပ်ဆိုတော့ လူတွေကမယဉ်ကျေးကြဘူး။ အမြတ်ဆုံးရတနာကို ရတနာလို့မထင်မှတ် ကြဘူး။ ရဟန်းကို ရဟန်းမှန်းမသိတဲ့အတွက် ဘီလူး၊ သဘက်ထင်ပြီး၊ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံကြမှာကို ဘုရားရှင်က သိမြင်တယ်။ ဒီလိုဆက်ဆံရင် ဘယ်သို့တုံ့ပြန်လေမလဲလို့ မေးမြန်းပါတယ်။

"မှန်ပါ့မြတ်ဘုရား၊ မယဉ်ကျေးတဲ့ သုနာပရန္တတိုင်းသားတွေက ဆဲရေးလာရင်၊ သြော်…သူတို့တစ်တွေလိမ္မာကြပါပေတယ်။ ဆဲရုံသာဆဲပြီး လက်နဲ့မပုတ်ခတ်ကြဘူး။ တော်ပါပေရဲ့လို့တွေးပြီးသည်းခံစိတ်နဲ့ တုံ့ပြန်ပါ့မယ်ဘုရား"

"သာဓု…သာဓု။ ချစ်သားပုဏ္ဏ၊ တကယ်လို့များ သုနာပရန္တတိုင်းသားတွေက သင်ချစ်သားကို လက်ဖြင့်ကိုယ်ထိလက်ရောက် ပုတ်ခတ်လာမယ်ဆိုရင်ရော ဘယ်လိုသဘောထားမလဲ"

အရာရာကို ကြိုတင်သိမြင် ဆင်ခြင်မိတဲ့ဘုရားရှင်ဟာ ကြုံလာမယ့်ဘေးကို ကြိုတင်တွက်ဆလိုက်တယ်။ ရိုင်းစိုင်းတဲ့အရပ်မှာ ယဉ်ကျေးသိမ်မွေ့ခြင်းဆိုတာ ကင်းမယ်။ ဒါကြောင့်နှုတ်နဲ့ စော်ကားရုံနဲ့အားမရဘဲ ကိုယ်ထိလက်ရောက် ပြုမူမှာကို ကြိုတင်သိမြင်တယ်။

"ရှင်တော်မြတ်ဘုရား၊ ဒီလိုဆက်ဆံလာရင် သုနာပရန္တတိုင်းသားတွေဟာ လိမ္မာရေးခြားရှိကြပါပေတယ်။ ဆင်ခြင်တရားရှိကြပါတယ်။ သူတို့ဟာ လက်နဲ့သာပုတ်ခတ်ကြတာ၊ ခဲနဲ့မပစ်ပါလို့ နှလုံးပိုက်ပြီး သည်းခံခွင့်လွှတ်ပါ့မယ်ဘုရား"

"ချစ်သား၊ သူတို့က ခဲနဲ့ပစ်ရင်ရော…"

"မှန်ပါ၊ သုနာပရန္တတိုင်းသားတွေဟာ အလွန့်အလွန် စိတ်နှလုံးကောင်းကြပါပေတယ်။ သူတို့ဟာ ဘုရားတပည့်တော်ကို ခဲနဲ့သာပစ်ပြီး၊ တုတ်နဲ့မရိုက်ကြပါ။ တော်ပါပေတယ်လို့ နှလုံးပိုက်ပြီးသည်းခံပါ့မယ်"

"ချစ်သား၊ သူတို့တစ်တွေက တုတ်နဲ့ဝိုင်းရိုက်ရင်ရော"

"မှန်ပါ့မြတ်ဘုရား၊ သူတို့တစ်တွေတော်ကြပါပေတယ်။ တုတ်နဲ့ ရိုက်ရုံသာရိုက်ပြီး ဓားနဲ့မထိုးကြလို့ တော်ပါပေတယ်လို့ သည်းခံစိတ်နဲ့ ဆက်ဆံပါ့မယ်"

"ချစ်သားပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းသားတွေဟာ ဓားနဲ့ဝိုင်းခုတ်ကြရင်ရော…"

"မှန်ပါဘုရား။ ဒီအခါမှာလည်း သူတို့ဟာ လိမ္မာကြပါပေတယ်။ ငါ့ကိုဓားနဲ့သာခုတ်ကြတာ၊ အသေမသတ်ကြဘူး။ ဒီလူတွေတော်ပါပေတယ်လို့ နှလုံးသွင်း သည်းခံမှာပါဘုရား"

"ချစ်သားပုဏ္ဏ၊ သုနာပရန္တတိုင်းသားတွေက သင့်ကို အသေသတ်ကြမယ်ဆိုရင်ရော…"

"ဘုန်းတော်ကြီးသောမြတ်ဘုရား၊ သာသနာတော်မှာ ခန္ဓာကိုယ်ကို စက်ဆုပ်တဲ့၊ အသက်ရှင်မှုကို ငြီးငွေ့တဲ့ ရဟန်းတွေဟာ ခန္ဓာကိုယ်ကို စက်ဆုပ်လို့ အသက်ကိုသတ်ဖို့ ဓားလက်နက်ရှာရပါတယ်။ ကိုယ့်ကိုယ်ကို အဆုံးစီရင်ကြပါတယ်။ တပည့်တော်ကတော့ ကိုယ်တိုင်အားထုတ်စရာ မလိုတော့ပါဘူး။ သုနာပရန္တတိုင်းသားတွေ သတ်ပေးလို့ ဒီအခွင့်အရေးကို အလွယ်တကူရတဲ့အတွက် ကျေးဇူးတောင် တင်ရမှာပါ"

မြတ်ဘုရားသည် သူတော်ကောင်းတို့လက်ကိုင်ထားရမယ့် ခန္တီတရားကို အရှင်ပုဏ္ဏထံမှ ကြားလိုက်ရတော့ စိတ်ချသွားတယ်။ အရပ်တစ်ပါးမှာ တစ်ပါးတည်းသီတင်းသုံး၊ သာသနာပြုဖို့အရည်အချင်း ရှိပြီဆိုတာကို သိလိုက်တယ်။

"ချစ်သား ပုဏ္ဏ၊ သွားချိန်ကျရင် ကိုယ့်အထာကိုယ်သိပေတယ်။ အလိုရှိတဲ့အချိန်၊ အလိုရှိရာကိုကြွပေတော့"

ဘုရားရှင်က ဒီလိုခွင့်ပြုစကားမိန့်ကြားလိုက်တော့ အရှင်ပုဏ္ဏ ကျေနပ်သွားတယ်။ ဘုရားရှင်ကိုနောက်ဆုံး ပူဇော်ခြင်းအနေနဲ့ ဦးခိုက် ရှိခိုးလိုက်တယ်။ နောက်တစ်ကြိမ် ဖူးမြော်ခွင့်၊ ရှိခိုးခွင့်ဆိုတာ မှန်းဆလို့မရဘူး။ တွက်ဆလို့မရဘူး။ ဒီအချိန်ဟာ ဘုရားရှင်ကို နောက်ဆုံးဖူးတွေ့ရတာပဲလို့ နှလုံးသွင်းပြီး၊ စိတ်ရောကိုယ်ပါနှစ်ပြီး ပူဇော်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ပုဏ္ဏဟာ ဘုရားရှင်ရဲ့ရှေ့တော်မှောက်က လက်အုပ်ချီဦးခိုက်လျက် နောက်ပြန်ဆုတ်လာပြီး၊ ဇေတဝန်ကျောင်းပေါက်ကျမှ လှည့်ထွက်ခဲ့တယ်။ ရက်လများစွာ အမှီပြုခဲ့ရတဲ့ ဇေတဝန်ကျောင်းတော် ကြီးကို ကျေးဇူးတင်သလိုလို၊ လွမ်းသလိုလို ဖြစ်မိတယ်။ အတူသီတင်းသုံးဖော် အရှင်တို့ကိုလည်း သံယောဇဉ်ရှိသလိုလိုခံစားရတယ်။ ဒါပေမယ့် ဒီသံယောဇဉ်တရားတွေဟာ ရဟန်းတရားအတွက် အနှောင့်အယှက်လို့ သတိပြုမိတော့၊ စိတ်ကိုပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်တယ်။ သပိတ်ကိုပြင်လွယ်၊ သင်္ကန်းကိုပြင်ရုံလိုက်ပြီး မဇ္ဈိမဒေသမှ ခွဲခွာလိုက်တယ်။

ဝါဏိဇ္ဇဂါမရွာက အရှင်ပုဏ္ဏကို ဝမ်းသာအားရ ကြိုဆိုကြမလား‥ ဘယ်လိုဆန္ဒရှိမလဲမသိနိုင်ပေမယ့်၊ ကြုံလာသမျှကို ခန္တီတရားနဲ့ ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ။

ကျမ်းကိုး။ ။ပုဏ္ဏောဝါဒ သုတ္တန်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# တုံ့ပြန်မှု မငြူစူဘဲ

"မောင်တော်စမွေယျ၊ လူ့ပြည်ကိုမသွားပါနဲ့လား မောင်တော်... လူတွေက လောဘ၊ ဒေါသတရားတွေ လွှန်ကဲတော့ အန္တရာယ်များလှပါတယ်..."

နဂါးမိဖုရား သုမနာသည် လူ့ရပ်လူ့ခွင်၌ ဥပုသ်စောင့်သွားရန် ကြံစည်နေသော ခင်ပွန်းသည်စမွေယျအတွက် စိုးရိမ်စိတ်ဖြစ်မိသည်။ အင်္ဂတိုင်းနှင့် မဂဓတိုင်းကြားရှိ စမ္ပာမြစ်သည် ကျယ်လည်းကျယ် ပြော၏။ အစာရေစာလည်းပြည့်စုံ၏။ ရေအလျဉ်ကလည်း ညစ်နွမ်း ခြင်းမရှိ။ ဤဒေသဤအရပ်လောက် ပဋိရူပကျသည့်အရပ်၊ အခြား တစ်နေရာတွင် မရှိဟုမှတ်ယူသည်။ အထူးသဖြင့် စမွေယျနဂါးမင်းကြီးအဖို့ ဤနေရာသာ အသင့်လျော်ဆုံးဖြစ်သည်။

နဂါးမင်းကြီးအလိုကျဖြည့်ဆည်းဖို့ မိဖုရားများလည်းရှိသည်။ မောင်းမမိဿံရံရွေတော်များလည်းရှိသည်။ နဂါးမင်းအားပြုစုဖို့၊ ရန်ကို အကာအကွယ်ပေးဖို့ နဂါးလုလင်တွေလည်းရှိသည်။ မင်းကြီးအလိုကျ ဖြည့်ဆည်းဖို့ အသင့်စောင့်နေ၍၊ ကိုယ်တိုင်လုပ်ရသည်မရှိ။ သို့မျှမကသေး မင်းကြီးမငြီးငွေ့စေရန် ဖျော်ဖြေနေသည့် နဂါးပျိုမလေးတွေလည်း ဒုနှင့်ဒေး။ အတီးတော်...အဆိုတော်...အကတော်တွေ ငြိမ့်ညောင်းသာယာသည့် တေးသံ၊ စောင်းညင်း ပတ်သာနှင့် ဖျော်ဖြေသံကို သဇ္ဈာလီညောင်စောင်းထက်မှ နှစ်ပါးစုံညီ အာရုံခံစားဖို့သာရှိသည်။

သို့စဉ်လျက် နဂါးမင်းကြီးက ဘာကိုဘယ်လိုငြီးငွေ့နေသည်မသိ။ နန်းတော်ထဲတွင် စံပျော်နေရသည်ပင် ငြီးငွေ့ဟန်ဖြင့် ဥပုသ်ရက်ရှည်စောင့်ပြီး တစ်ပါးတည်း မွေ့လျော်သည်။ မင်းကြီးဥပုသ်သီလစောင့်ထိန်းသည်ဆိုပြီး၊ အလိုက်တသိဖယ်ကြဉ်နေရသည်။ အခုတစ်ဖန် လူ့ရပ်လူ့ခွင်သွားပြီး ဥပုသ်စောင့်မည်ဟု ဆိုလာသည်။ ရှေ့ရေးတွေးလျက် ပူပန်မိပေသည်။

"မောင်တော်...သူစိမ်းတစ်ရံဆံနယ်ပယ်မှာ ကိုယ့်အကြောင်းမသိတော့ ရန်ပြုချင်သူတွေ ရှိတတ်ပါတယ်... မိတ်ဆွေလား၊ ရန်သူလား ခွဲခြားမသိနိုင်တဲ့အတွက်လည်း အန္တရာယ်ကြီးပါတယ်အရှင်...ဥပုသ်စောင့်ချင်လည်း ဒီမှာပဲ စောင့်ပါလား..."

"အချင်းသုမနာ၊ သတ္တဝါတွေဟာဒုက္ခကို ခါးစည်းခံနိုင်ပေမယ့်၊ သုခကိုတော့မခံနိုင်ဘူး။ ချမ်းသာသုခခံစားဖူးတဲ့ သတ္တဝါမှန်သမျှ ဒီသုခတရားကို တပ်မက်မောတတ်တာ ဓမ္မတာပါ။ မောင်တော်ဟာ စမ္ပာပြည်ရဲ့ အရှင်သခင်ဆိုတော့ အင်မတန်ပြည့်စုံတဲ့ဘဝကိုရခဲ့တယ်။ စွဲလမ်းတပ်မက်မှုလည်း ရှိခဲ့တယ်။ ဒီမှာနေရင် အဲဒီချမ်းသာမှုကို တမ်းတမက်မော စိတ်ကရှိနေမှာပဲ။ ပယ်ဖျောက်လို့လည်းရမှာ မဟုတ်ဘူး။ ဒါကြောင့် တစ်ပြည်တစ်ရွာသွားတာပါ နှမတော်..."

"ဒီသဘောနဲ့ဆိုရင် မတားသာပါဘူး။ ဒါပေမယ့်တစ်ရပ်တစ်ကျေး ဝေးလံတဲ့ဒေသဆိုတော့ တစ်စုံတစ်ရာ အန္တရာယ်ကျရောက်နေရင် သိနိုင်ဖို့ မလွယ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အချင်းမိဖုရား မောင်တော်နဲ့ ခေတ္တလိုက်ခဲ့ပါ"

စမွေယျနဂါးမင်းသည် မိဖုရားကြီးသုမနာကိုခေါ်လျက် ဥယျာဉ်တော်ဆီ သွားသည်။ ဘာအကြောင်းကြောင့် ခေါ်လာသည်ကို မသိ၍၊ အလိုက်တသိငြိမ်သက်လိုက်လာခဲ့သည်။ ဥယျာဉ်တော်အတွင်းရှိ မင်္ဂလာကန်တော်အရောက်တွင် ရပ်လျက် ကန်တော်ကိုလက်ညှိုးညွှန်ပြသည်။

"နှမတော်...နဂါးရဲ့အကြီးဆုံးရန်သူဟာ ဂဠုန်ငှက်မျိုးပါ။ အကယ်၍ဂဠုန်ရန်နဲ့ ကြုံတယ်ဆိုရင် ယောဒီကန်တော်တွင်းက ရေဟာကျိုက်ကျိုက်ဆူပါလိမ့်မယ်"

"မှန်ပါမောင်တော်..."

"အကယ်၍မောင်တော်ကို အလမ္ပာယ်သမားရဲ့ ဖမ်းဆီးမှုခံရတယ်ဆိုရင် ဒီရေဟာသွေးကဲ့သို့ခြင်းခြင်းနီပါလိမ့်မယ်။ အဲဒီသင်္ကေတရှိလာရင် မောင်တော်အန္တရာယ်နဲ့ ကြုံနေပြီဆိုတာ နှမတော်သိရပြီပေါ့"

"အဲလိုသိရမှဆိုတော့ သိပ်နောက်ကျနေပြီ မောင်တော်..."

"စိတ်မပူပါနဲ့နှမတော်...အကျင့်မြတ်ရှိသူဟာ အန္တရာယ်မဖြစ်နိုင်ပါဘူး။ ဖြစ်လာရင်လည်း သီလကိုထိန်းပြီးသည်းခံနေပါ့မယ်"

နဂါးမိဖုရားကြီးသုမနာက ဘေးအန္တရာယ်ကိုမြင်သဖြင့် အမျိုးမျိုးဖျောင်းဖျပြောဆိုပေမယ့်၊ နဂါးမင်းကြီးကတော့ သူ့အကြံအစည်၊ သူ့အစီအစဉ်ကို မဖျက်လို။ လူ့ရပ်လူ့ရွာနသွားပြီး ဥပုသ်ရက်ရှည်စောင့်ရန်သာ အားသန်နေသည်။ ကောင်းသည့်အလုပ်ဖြစ်၍ တားလည်း မတားသာ။ စိတ်မချမ်းမသာနှင့်သာ မောင်တော်၏အလိုဆန္ဒကို ဖြည့် ဆည်းရုံသာရှိတော့သည်။

* * *

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ပညာသင်သူများသည် ကိုယ်ဝါသနာပါရာ အတတ်ပညာကို အားစိုက်သင်ယူသည်။ အချို့က စားရေး၊ လှံရေးဝါသနာပါသည်။ ထိုအတတ်ကို အာရုံစိုက်သင်ပြီး ကိုယ်တတ်သမျှကိုအစွမ်းပြချင်ကြသည်။ အချို့ကလည်း လေးအတတ်သင်သည်။ လေးစွမ်းပြလျက် ဂုဏ်ယူချင်သည်။ အချို့သောပုဏ္ဏားလုလင်တို့ကမူ ဗေဒင်သုံးပုံကိုလေ့လာပြီး ထိုပညာဖြင့် မင်းထံခစားကြသည်။ ဗာရာဏသီပြည်သား ပုဏ္ဏားလုလင်ကမူ တခြားသူများ နှင့်မတူ။ ထူးထူးခြားခြားပင် အလမ္ပာယ်အတတ်ကို သင်သည်။ မြွေခေါ် ယူနိုင်၊ သိမ်းဆည်းနိုင်သည့် ဂါထာကိုသင်သည်။ အဆိပ်ရှိသော မြွေမှန်သမျှသူ့ဂါထာစွမ်းဖြင့် ညို့ယူဖမ်းသည်။ ထိုသို့ဖမ်းပြီးလျှင် အဆိပ်ရှိသောမြွေကို အဆိမ်မဲ့သည့်အလား ပုတ်ခတ်ကစား ပြနိုင်သည်။

ပုဏ္ဏားလုလင်သည် သူ၏ပညာအစွမ်းကို ပြချင်နေပြီ။ သူ့အတတ်ကို ပရိသတ်များတွေ့မြင်လျှင် ဩဘာလက်ခုပ်တီး အားပေးကြသည်ကို ခံယူချင်သည်။ မြွေကိုအလွယ်တကူဖမ်းနိုင်သော အစွမ်း၊ မြွေကိုနိုင်နင်းသည့်အစွမ်းကြောင့် ပရိသတ်များအံ့ဩဝမ်းသာလျက် ပေးလာမည့်ဂုဏ်ပြုလက်ဆောင်ကို ရယူချင်သည်။

မြွေဖမ်းနိုင်သည်ဆိုသော်လည်း အဆိပ်မဲ့မြက်လျှောလိုမျိုး၊ ရေမြွေလိုမျိုးကိုဖမ်းပြရုံက လူတို့အံ့ဩမည်မဟုတ်။ အဆိပ်ပြင်းသည့် မြွေပွေး၊ မြွေဟောက်ကဲ့သို့မြွေမျိုးကိုဖမ်းနိုင်မှ လူအများကအံ့ဩမည်။ သည်မြွေမျိုး ကိုလိုသလိုခိုင်းနိုင်မှ ချီးကျူးမည်။ သို့ဖြစ်၍ မြွေဆိုးကို ဖမ်းဆီးရန်သာ အာရုံရှိနေသည်။

"ဟော"

လမ်းသွားရင်း တောင်၊ မြောက်၊ ဝဲ၊ ယာ ဘေးဘီကိုကြည့်လျက် လျှောက်အလာတွင် လမ်းဘေးတစ်နေရာ၊ သစ်ပင်တစ်ပင်အောက်ရှိ တောင်ပို့ထက်တွင် ခွေခွေလေးငြိမ်သက်နေသည့် မြွေတစ်ကောင်ကို တွေ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသွင်သဏ္ဌာန်မှာ မြွေဆိုးပုံဖြစ်သည်။ အရွယ်ကလူတို့ ခံ့ညားကြောက်ရွံ့သည့်အရွယ်။ သည်မြွေကိုတွေ့လျှင် "အောင်မလေး…"ဟုသည်းတုန်ရင်တုန် လန့်အော်ကြမှာ သေချာသည်။ ဤမြွေကို မိမိတတ်ထားသော ဂါထာစွမ်းဖြင့် ညို့ယူဖမ်းမည်။ မိမိသင်ထားသောဂါထာဖြင့် မြွေကိုယဉ်ပါးစေမည်။ မိမိလေ့ကျက်ထားသော ဂါထာဖြင့်မြွေကို လိုသလိုခိုင်းမည်။ က…ဆိုလျှင်က၊ ပါးပျဉ်းထဆိုလျှင်…ထ၊ ခေါင်းညိတ်ဆိုလျှင်…ညိတ်။ ဤမြွေကြီးကိုသာ မိမိကစေခိုင်းနိုင်လျှင် မရွှိမသားတွေ အံ့သြချီးကျူးကြမည်အမှန်။

ပုဏ္ဏားလုလင်သည် မြွေကိုညို့ယူဖမ်းစားသည့် ဂါထာကိုရွတ်လိုက်သည်။ ပုဏ္ဏား၏မြွေနှိုင်ဂါထာရွတ်ဆိုသံကို စမွေယျနဂါးမင်းကြီး ကြားသည်။ နဂါးကိုမြွေမှတ်လျက် ရွတ်ဆိုနေသည့် ပုဏ္ဏားလုလင်၏ အန္တရာယ်ကြီးမားမှုကို နဂါးမင်းသိသည်။ သို့သော် နဂါးမင်းသည် ဥပုသ်ရက်ရှည် စောင့်ထိန်းနေသည်မှာ သီတင်းနှစ်ပတ်ပင်ပြည့်တော့မည်။ (၄၅) ရက်တာဥပုသ်ကို အဓိဋ္ဌာန်ပြုထားရာ ဤကာလအတွင်း မည်သို့ပင် အရေးကြုံစေကာမူ ချိုးဖောက်ဖို့စိတ်မကူး။ အသက်ပင်သေစေကာမူ သီလကိုလုံခြုံအောင်ထိန်းသိမ်းမည်။

အကယ်၍နဂါးမင်းသာ အမျက်ထွက်လျှင်မျက်စောင်းတစ်ချက်ထိုးရုံဖြင့် ပုဏ္ဏားလုလင်ပြာကျသွားမည်။ နဂါးငွေ့ဖြင့် မှုတ်လိုက်လျှင် မျက်လုံးသော်လည်းကောင်း၊ လူသော်လည်းကောင်း ပျက်စီးသွားမည်။မိမိကြောင့် တစ်ပါးသူ ဒုက္ခမရောက်စေရ၊ အသက်အန္တရာယ်မကျရောက်စေရ။ ဤသို့နှလုံးသွင်းထား၍ ပုဏ္ဏားလုလင်ကိုရန်မမူဘဲ၊ ပုံစံမပြောင်းဘဲ ခွေနေလိုက်သည်။

ပုဏ္ဏားလုလင်သည် သူ၏ဂါထာစွမ်းကြောင့် မြွေကြီးငြိမ်သွားလေပြီ၊ ဤအနေအထားဆိုလျှင် အလွယ်တကူ ဖမ်းယူနိုင်ပြီဟူသောအသိနှင့် အပါးကိုချဉ်းကပ်သည်။ သူ့လက်ထဲမှတုတ်ချောင်းလေးနှင့် ဦးခေါင်းကို ခေါက်သည်။ စမ်းသပ်သည့်သဘောဖြင့် ခေါင်းကိုခေါက်လိုက်သည့်အတွက် မူးနောက်သွားသည်။။

"ငါလေ…နဂါးမှန်းသိအောင် ပြလိုက်သေးရတာပ" ဟု ဒေါသစိတ်ဝင်လာသော်လည်း၊ ချက်ချင်းပင် ရုပ်သိမ်းလိုက်သည်။

"အသင် စမွေယျ။ သင်ဟာကိုယ့်အသက်ကိုပင် မငဲ့ကွက်ဘဲ ပေးလှူထားတယ်မဟုတ်လော… ငါဟာပဥ္စသီလကို လုံခြုံအောင်စောင့်ထိန်းပြီး မြင့်မြတ်တဲ့ဘဝရောက်အောင် ကြိုးစားမယ်လို့ရည်မှန်းထားတယ်မဟုတ်လား။ ဘာမဟုတ်တဲ့ ကိစ္စအတွက် သီလအပျက် ခံတော့မလို့လား"

ကိုယ့်ကိုယ်ကိုဆုံးမလိုက်မှ ရင်ထဲမှဒေါသပြေသွားသည်။ သည်းခံ ခွင့်လွှတ်သည့်စိတ်တွေ ပြန်တက်လာသည်။ ပြုလိုရာပြုစေ…ဟု စိတ်နှလုံးဒုန်းဒုန်းချပြီး ငြိမ်နေလိုက်သည်။

ပုဏ္ဏားလုလင်ကမူ သူ၏မြွေဂါထာ အစွမ်းထက်လေပြီဟူသောအသိဖြင့် နီးနိုင်သမျှနီးအောင်ချဉ်းကပ်ပြီး၊ အမြီးကိုဆွဲယူလျက် မြေပြင်ပေါ် ပစ်ချလိုက်သည်။

ဗုန်း…။

ကြီးမားသည့်ကိုယ်ခန္ဓာကို အမြီးမှကိုင်လျက် မရွံ့မရဲစိတ်ဖြင့် ဆွဲလိုက်သည့် ပုဏ္ဏားလုလင်သည် မြွေ၏ပကတိအနေအထား မြင်သွားပြီး ထိတ်လန့်သွားဟန်ရှိသည်။ မြေပြင်ပေါ်လွှတ်ချလိုက်သည့်အတွက် ကိုယ်လုံးနှင့်မြေကြီးက အရှိန်နှင့်ရိုက်မိသွားသည်။ ထိန်းထိန်းသိမ်းသိမ်း မနေမိသဖြင့် မသက်မသာပစ်ကျသွားပြီး၊ မေ့မျောသွားမတတ်ခံစားသွားရသည်။

"သောက်ကျိုးနည်း အကောင်ကြီး၊ ခွေနေတော့ သေးသေးမွှားမွှား ထင်တာ…ခန္ဓာကိုယ်က ပေါင်လုံးလောက်ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားလုလင်က အထိတ်တလန့်ရေရွတ်ပြီး အပါးချဉ်းကပ်လာသည်။ သူ့လက်ထဲမှတုတ်နှင့် ခေါင်းကိုရိုက်သည်။ မလှုပ်မယှက်နေသည်ကို၊ သေပြီထင်ပြီကိုယ်လုံးကိုရိုက်သည်။ ဖျပ်ဖျပ်…ဖျပ်ဖျပ်နှင့် စမ်းရိုက်ကြည့်ပြီးမှ ခြေထောက်ခံလျက် ကိုယ်လုံးကို လှန်ကြည့်သည်။

မြေပေါ်ကျသည့်အရှိန်၊ ခေါင်းကိုရိုက်သည့်ဒဏ်ချက်၊ ကိုယ်လုံးအနှံ့ထုရိုက်ထားသည့်အတွက် နာကျင်မှုဒဏ်မျက်လုံးမှိတ်ခံနေသည်ကို သေပြီထင်ပြီး၊ လှန်အကြည့်တွင် မျက်စိဖွင့်ကြည့်လိုက်သည်။

"ခွေးမသား၊ ငါကသေပြီမှတ်နေတာ…တကယ်တော့ငါ့ဂါထာ အစွမ်းကြောင့် သင်းကနူးညံ့နေတာကိုး။ အဟေး…အဲလိုအသေကောင်လို နေတော့ ငါကဘယ်မှာ ငွေရတော့မလဲ။ ထစမ်း…ဖြန်း…ဖြန်း"

ပုဏ္ဏားလုလင်က လက်ထဲမှတုတ်နှင့် ကိုယ်လုံးကိုတဖြန်းဖြန်း ရိုက်သည်။ မလှုးမလွန့်လျှင် သူ့တုတ်ချက်ကြောင့် အသက်ပင် ထွက်သွားလောက်သည်။ ထို့ကြောင့် ကိုယ်ခန္ဓာကိုလွန့်လူး ရုန်းထလျက်၊ ခေါင်းကိုထူလိုက်သည်။ ပုဏ္ဏားလုလင်က ကျေနပ်ဟန်ဖြင့် စိုက်ကြည့်ရင်း ဂါထာတစ်ပုဒ်ကိုရွတ်ဆိုနေသည်။ ပုဏ္ဏားလုလင်၏ဆန္ဒမှာ တစ်စုံတစ်ခုလှုပ်ရှားပြစေချင်သည့် သဘောမှန်းသိ၍၊ ခေါင်းကို ဘယ်ညာယမ်းခါလျက် ကိုယ်ကိုမတ်မတ်ထားပြလိုက်သည်။

"ဒါပဲ…ဒီလိုပဲ။ ဖြစ်ရမှာပေါ့။ မင်းဟာငါ့အတွက်တော့ ရတနာသေတ္တာကြီးပဲ။ ငါ့အိတ်ထဲအသပြာတွေ လိမ့်ဝင်အောင် မင်းနဲ့လုပ်ရမယ်"

ပုဏ္ဏားလုလင်က အမြီးကိုဖမ်းကိုင်လျက် တရွတ်တိုက်ဆွဲခေါ်သွားသဖြင့် မသက်မသာနှင့် လိုက်ပါသွားရလေတော့သည်။

* * *

"အို…"

သုမနာ နဂါးမိဖုရားကြီးသည် စမ္ပေယျနဂါးမင်းကြီးသွားသည့်နေ့မှစ၍ နေ့စဉ်ဝတ်မပျက် မင်္ဂလာကန်တော်သို့လာသည်။ ကံရေပြင်၏ အခြေအနေကို စောင့်ကြည့်ရာ၊ ပကတိမပြောင်းမလဲရှိ၍ စိတ်နှလုံး ရွှင်ပြုံးခဲ့ရသည်။ သို့သော် ယနေ့ညနေပိုင်း လာအကြည့်တွင် ကန်ရေပြင် တစ်ခုလုံး သွေးရောင်ကဲ့သို့ ခြင်းခြင်းနီနေသည်။ သို့ဆိုလျှင် မင်းကြီးသည် မြွေအလမ္ပာယ်ဆရာ၏လက်တွင်းကျပြီဟု အတတ်သိလိုက်သည်။

မြင်လိုက်သည့်မြင်ကွင်းကြောင့် မူးမေ့လဲကျ သွားတော့မတတ် ခံစားရသဖြင့် ရံရွေတော်တစ်ဦးကို မှီထားလိုက် သည်။

"ခေါင်မိဖုရား…ခေါင်မိဖုရားကြီး၊ သတိထားပါ"

"အားလုံးတော့ ဒုက္ခရောက်ကြပြီ…အရှင်မင်းမြတ်ကြီး ရန်သူ့ လက်ထဲ ရောက်နေပြီ"

"မဖြစ်နိုင်ပါဘူး ခေါင်ဖုရား…မင်းကြီးလိုအစွမ်းသတ္တိရှိသူဟာ အလွယ်တကူတော့ ဒုက္ခမရောက်လောက်ပါဘူး"

"မဟုတ်ဘူး…မဟုတ်ဘူး။ ဒီအနေအထားကို မယ်မင်းတို့မသိနိုင်ဘူး။ မောင်တော်မင်းကြီးမှာရစ်တဲ့ စကားကို ငါသိတယ်။ ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ"

သုမနာသည် ရေကန်ကိုကြည့်ပြီးသည်နှင့် ဆောက်တည်ရာမရဖြစ်သွားသည်။ မင်းကြီးဒုက္ခရောက်သည်က နဂါးရွာမှာဆိုလျှင် အကြောင်းမဟုတ်။ နဂါးလုလင်များကိုအကြောင်းကြားပြီး လွတ်မြောက်အောင် လုပ်ကြဟုခိုင်းလိုက်ရုံနှင့် ကိစ္စပြီးသည်။ ခုအနေအထားက လူ့ရပ်လူ့ရွာမှာ ဖြစ်သည်။ အန္တရာယ်များပြားသည့်နေရာဌာန။ သို့သော် အန္တရာယ်များသည်ဆိုရုံဖြင့် လျစ်လျူရှုနေ၍မရ။ သည်လောက်ဆိုလျှင် မောင်တော်မင်းကြီး အဘယ်မျှ ဒုက္ခဖြစ်နေပြီမသိ။ အလမ္ပာယ်ဆရာ၏ နှိပ်စက်မှုဒဏ် ဘယ်မျှခံနေရပြီ မသိ။

www.burmeseclassic.com

www.burmeseclassic.com



"မယ်မင်းတို့"

"ခေါင်မိဖုရားကြီး"

"မောင်တော့်ကိုကယ်တင်ဖို့ ငါကိုယ်တိုင် လိုက်သွားမှဖြစ်မယ်"

"ဖြစ်ပါ့မလား ခေါင်မိဖုရား။ တစ်ပူကနှစ်ပူဖြစ်နေပါဦးမယ်"

"ဖြစ်မှဖြစ်ရော့၊ ဒီကိစ္စကို ဥပေက္ခာပြုနေလို့ မဖြစ်ဘူး"

သုမနာမိဖုရားကြီးသည် နန်းတွင်းမှအရေးပါသည့် ပုဂ္ဂိုလ်များကို ခေါ်ယူပြီး၊ မျက်နှာစုံညီရှေ့တွင် နန်းကိုခေတ္တလွှဲအပ်သည်။ မှာကြားစရာ ရှိသည်ကို အသေးစိတ်မှာကြားပြီး၊ နဂါးတို့အသွင်ကိုလဲလျက်၊ လူ့ရပ်ခွင်သို့ကူးသည်။ ကူးသည်ဆိုငြားလည်း လူ့ဘုံလူ့ဌာနသို့ ရုတ်ခြည်း မချဉ်းကပ်ဝံ့၍၊ ကောင်းကင်ထက်မှပင် အကဲခတ်ရှာဖွေလိုက်သည်။

"ဟင်"

မြင်ရသည့်ရှုခင်းက စိတ်မသက်သာစရာပင်။

မောင်တော်စမွေယျနဂါးမင်းသည် လူကြီး၊ လူရွယ်၊ ကလေးတို့အလယ်တွင် ရောက်နေသည်။ မောင်တော်၏ ရှေ့တွင် အလမ္ဗာယ်ဆရာက တုတ်တစ်ချောင်းကိုင်လျက် ရပ်နေသည်။

"အခုပရိသတ်တွေကို အလွန်ဆန်းပြားတဲ့ ပြကွက်တစ်ခုနဲ့ တင်ဆက်ပြသပါမယ်။ ဒီပြကွက်ဟာ ကျုပ်ကလွဲပြီး တခြားသူတို့ မပြနိုင်တဲ့ ပြကွက်ပါ။ ပရိသတ်များ မြင်တဲ့အတိုင်းပဲ၊ ဟောဒီမြွေကြီးဟာ ကလေးငယ်တစ်ယောက်ကို အလွယ်တကူ မျိုချနိုင်ပါတယ်။ ဒါပေမယ့် ဒီမြွေကြီးရဲ့ ယဉ်ပါးမှုက ဘယ်လိုရှိတယ်ဆိုတာ လက်တွေ့ကြည့်ချင်ရင် သတ္တိရှိရဲရင့်တဲ့ ကလေးတစ်ယောက်ထွက်ခဲ့ပါ"

အလမ္ဗာယ်ဆရာက လေလုံးထွားထွားခပ်ကြွားကြွားနှင့် ပြောလိုက်၍ အားလုံးစိတ်ဝင်စားသွားသည်။ မည်သည့် ပြကွက်မျိုးဖြစ်မည်ကို စိတ်ဝင်တစားဖြစ်နေသည်။ ကလေးတွေကလည်းကြည့်တော့ ကြည့်ချင်သည်။ သို့ငြားလည်း သည်းထိတ်ရင်ဖိုဖြစ်ရသည့် ပြသမှုမျိုးကိုတော့ အစမ်းသပ်မခံဝံ့။ သို့သော်ကလေးထဲမှ လူစွမ်းကောင်း တစ်ယောက် ထွက်လာသည်။

"ဟုတ်ပြီ။ အလွန်သတ္တိရှိတဲ့ဒီကလေးကို ဟောဒီမြွေကြီးနဲ့ နပန်းလုံးခိုင်းပါ့မယ်"

"ဗျာ..."

"အဟဲဟဲ၊ မကြောက်ပါနဲ့ကွ။ မင်းကမြွေကြီးကိုနိုင်တဲ့ မြွေမင်းသားဖြစ်မှာပါ။ ဒီမယ်၊ မင်းကဟောဒီမြွေကြီးရဲ့ ကိုယ်လုံးပေါ်ရပ်၊ ပါးပျဉ်းထောင်နေတဲ့ မြွေကြီးရဲ့လည်ပင်းကိုဖက်။ အဲဒီလို ဖက်ပြီး မြွေကြီးကိုလှဲချ။ ကိုင်ပေါက်။ မြွေကြီးက မင်းကိုရန်မမူစေရဘူး"

"တကယ်လား..."

"မင်းကမြွေမင်းသားလေ...မြွေမင်းသားဆိုတာ မြွေမှန်သမျှကိုနိုင်တယ်။ ကဲ...ဒီပြကွက်ကိုကြည့်ချင် သြဘာလက်ခုပ်တီးပါ၊ ပြီးတော့ ဆုတွေလာဘ်တွေလည်း ချီးမြှင့်ကြပါ"

အလမ္ဗာယ်သမား၏စကားအဆုံးတွင် ကလေးတို့၏လက်ခုပ်သံများ ပေါ်ပေါက်လာသလို၊ အသပြာ ငွေတွေကလည်း မြေပြင်တစ်ခုလုံးဖွေးဖွေးလှုပ်အောင် ပစ်ကျလာသည်။

ကလေးငယ်သည် အလမ္ဗာယ်သမား၏မြှောက်ပင့်စကားကြောင့် နဂါးမင်း၏ကိုယ်ပေါ်သို့ ပစ်ခုန်တက်ပြီး၊ နည်းမျိုးစုံဖြင့် နှိပ်စက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးမင်းကြီးသည် ဥပုသ်စောင့်နေသဖြင့် ကလေးငယ်ကိုရန်လည်း မပြု။ ဒုက္ခလည်းမပေး။ ကလေးငယ် လုပ်သမျှကို အောင့်အည်းသည်းခံ နေသည်။ ကလေးငယ်သည် အမှန်ပင် သူ့အနိုင်ရနေပြီဟူသော အသိကြောင့် နဂါးမင်း၏လည်ကို သိမ်းဖက်လျက် လည်ကိုလိမ်ချိုးလိုက်သည်။ နဂါးမင်းကြီးသည် ညှဉ်းဆဲမှုကိုမသက်မသာ ခံနေရသဖြင့် အမြီးကို တွန့်လိမ်လျက် မြေပြင်နှင့် တဖုန်းဖုန်းရိုက်နေသည်။ သူလုပ် သမျှငုံ့ခံနေရသော နဂါးမင်းကြီးကို ခြေစွမ်း၊ လက်စွမ်း၊ ဒူးစွမ်းပြခွင့်ရ၍ ကလေးငယ်က နည်းမျိုးစုံဖြင့် ဒုက္ခပေးသည်။

ထိုအခြင်းအရာကိုမြင်သော နဂါးမိဖုရားသည် စိတ်မသက်မသာဖြင့် ငိုရှိုက်မိသည်။ သာမန်အားဖြင့်ဆိုလျှင် မင်းကြီးအနေနှင့် ဤမျှ သည်းခံနိုင်မည်မဟုတ်။ ဥပုသ်စောင့်ထိန်းထား၍ အညှဉ်းပန်း ခံနေမှန်းသိလိုက်သည်။

''မောင်တော်ရယ်...ဒီအရေးတွေမြင်လို့ လူ့ရပ်လူ့ဌာနကို မသွားပါနဲ့လို့ တောင်းပန်တာ မရဘူး။ ခုတော့မြင်လို့ ကောင်းသေးရဲ့လား''

နဂါးမိဖုရား၏ ပြောဆိုငိုရှိုက်သံကို နဂါးမင်းကြီး ကြားလိုက်သည်။ မိဖုရားအသံပါလားဟု သိလိုက်သဖြင့် ကောင်းကင်ထက် မော့ကြည့်လိုက်ရာ နဂါးမိဖုရားကိုတွေ့လိုက်သည်။ လူ့ရပ်လူ့ခွင်တွင် ဤပုံ ဤအဖြစ်မျိုးကြုံရသည်ကို မျက်ဝါးထင်ထင်မြင်သွား၍ ရှက်စနိုးစိတ် ဖြစ်သဖြင့် ကလေးငယ်ကိုခါချပြီး၊ သူ့ကိုဖမ်းထည့်ထားသော ပခြုပ်တွင်း ပြေးဝင် လိုက်တော့သည်။

* * *

ရက်တရက် အစီအစဉ်ပျက်သွားသလို ဖြစ်သွား၍ အလမ္ပာယ်ပုဏ္ဏား ဒေါပွသွားသည်။ မိမိ၏ဂါထာစွမ်းကို မသိလေရော့သလားဟူသောအတွေးဖြင့် ထက်မြက်သောဂါထာကို ရေရွတ်သည်။ ထို့နောက် နဂါး၏ လည်ကိုကိုင်လျက် ပခြုပ်တွင်းက ဆွဲထုတ်သည်။

မိမိ၏မိဖုရားရှေ့တွင် ညှဉ်းပန်းနှိပ်စက်ခံရသဖြင့် နဂါးမင်းကြီး မျက်နှာမပြဝံ့။ ထို့နောက် အလမ္ပာယ်ဆရာက ပခြုပ်ထဲမှ ဆွဲထုတ်သည်ကို အသာတကြည်မလိုက်ပါဘဲ ရုန်းကန်နေသည်။ ခင်ပွန်းသည် မင်းကြီးဒုက္ခဖြစ်နေသည်ကို မြင်သော် နဂါးမိဖုရားက စိတ်မကောင်းခြင်းကြီးစွာဖြစ်လျက် ငိုကြွေးသည်။ သုမနာ၏ငိုရှိုက်သံကို ဗာရာဏသီမင်း ဥဂ္ဂသေနမြင်သော် ထူးဆန်းအံ့ဩနေသည်။

''အဘယ်မိန်းကလေး...ကောင်းကင်ထက်မှ သင်ကဘယ်သူလဲ''

''မှန်ပါ။ ဘုရားနှမဟာ စမ္မာပြည်က နဂါးမင်းရဲ့မိဖုရားသုမနာပါ''

''သင်နဲ့သူက ဘယ်လိုဆက်စပ်လို့လဲ''

''အရှင်မင်းကြီး၊ ပခြုပ်ထဲရောက်နေတဲ့ နဂါးဟာစမ္မာပြည့်ရှင်ဘုရင်တစ်ပါးပါ။ လူ့ရပ်လူ့ခွင်မှာ ဥပုသ်သီလ စောင့်ချင်တယ်ဆိုပြီး လာရာက ဒီလိုဖြစ်ရတာပါ။အရှင်မင်းကြီး စောင့်ရှောက်တော်မူပါ''

နဂါးမိဖုရားကတောင်းပန်သဖြင့် ဗာရာဏသီမင်းသည် သနားစိတ်ဖြစ်ကာ အလမ္ပာယ်ဆရာကို နှစ်သိမ့်၏။ ပတ္တမြား နားတောင်၊ မိန်းမပျိုနှစ်ဦး၊ ကျေးလက်ပြည်ရွာနှင့် ငွေကြေးများပေးလျက် နဂါးမင်းကို လွှတ်စေသည်။ ထိုအခါကျမှ နဂါးမင်းသည်လည်း ပခြုပ်တွင်းမှ ထွက်နိုင်ပြီး၊ အေးချမ်းစွာဖြင့် နဂါးပြည်သို့ ပြန်နိုင်လေတော့သည်။

**ကျမ်းကိုး။ ။ဝီသတိနိပါတ်၊ စမ္မေယျဇာတ်**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# တစ်လှည့်ဖိနပ်နှင့် သစ်ရွက်ထီး

ကပိလတိုင်း၊ ဥတ္တရပဉ္စာလပြည်၌ ဥတ္တရပဉ္စာလမင်း မင်းပြုစဉ် ဘုရားလောင်းသည် နိဂုံးရွာ၌ပုဏ္ဏားမျိုး၌ ဖြစ်သည်။ အရွယ်ရောက်သော် ရသေ့ပြုလျက် ဟိမဝန္တာတောသို့ခိုဝင်ခဲ့သည်။

ဗြဟ္မဏနွယ်ဖွား ပုဏ္ဏားလုလင်သည် အစဉ်အလာအတိုင်း အသက်အပိုင်းအခြားအလိုက် ဘဝသုံးမျိုးကို ကျင်လည် ဖြတ်သန်းရသည်။ ဗြဟ္မစာရီဘဝခေါ် မေထုန်မှုကိုရှောင်ကြဉ်သည့်ဘဝ၊ ဂဟဋ္ဌခေါ် အိမ်ထောင်ရှင်ဘဝ၊ ဝါနပတ္ထခေါ် တောနေရသေ့ဘဝတို့ဖြစ်သည်။

ငယ်ရွယ်စဉ်ကလေးဘဝမှ အသက် (၄၈) နှစ်ထိအတွင်းတွင် ဝေဒကျမ်းသင်ရသည်။ ဗေဒင်သရှ္ဗျာယ်ရသည်။ စရဏဟူသည့် သီလအကျင့် ကျင့်ရသည်။ မေထုန်မှုရှောင်ကြဉ်ရသည့်ကာလ ဖြစ်သည်။

ထိုဘဝလွန်သော် အိမ်ထောင်သားမွေးမှု ပြုကျင့်ရသည်။ သားသမီး မဖြစ်သူသည် မျိုးနွယ်ဆက်ပြတ်သည်ဟု ယူဆသည်။ ရဲကျသည်။ သို့ဖြစ်၍ ''ငါဟာ (၄၈) နှစ်ပတ်လုံး မြတ်သောအကျင့်ရှိပေတယ်။ ယခုအစဉ်အလာအရ သားမွေးမှုပြုလုပ်ဖို့ ကညာဘိက္ခဆွမ်း အလှူခံပါတယ်။ သမီးရှိရင်ပေးကြလော့''လို့ အလှူခံရသည်။ သမီးရှင်က သမီးကို ဝတ်ကောင်းစားလှဝတ်ဆင်ပေးပြီး ''ကျွန်ုပ်သမီးကို မယားအဖြစ် လှူဒါန်းပါတယ်'' ဆိုပြီးပေးလှူသည်။ ဗြဟ္မဏသည် သမီးပျိုရလျှင် တစ်ဦးနှင့်တစ်ဦးချစ်ခင်စွာ ပေါင်းသင်းရသည်။ သားသမီးတစ်ယောက်၊ နှစ်ယောက်ရလျှင် ဝါနပတ္ထဘဝကို ကူးရသည်။

ဝါနပတ္ထဘဝဟူသည် တောနေရသေ့ဘဝဖြစ်သည်။ လင်ရော၊ မယားပါ ရသေ့ဝတ်ပြီး တောတွင်း၌ တဲကျောင်း ဖြင့်နေရသည်။ မီးကို အလုပ်အကျွေးပြုရသည်။ ဗေဒင်၊ ဆေးဝါး၊ လေးမြား၊ နက္ခတ်၊ တူရိယာ ပညာသင်လိုသူများအား သင်ပေးရသည်။

ဘုရားလောင်းကမူ အရွယ်ရောက်သည်နှင့် ဂဟဋ္ဌဘဝကိုကျော်လျက် တောနေရသေ့ဘဝကို တိုက်ရိုက်ကူးပြောင်း ခဲ့သည်။ ခေါင်းမှ ဆံပင်ကိုအစေးတို့သုတ်လိမ်း၊ လိမ်ကျစ်ထားပြီး၊ ရသေ့အသုံးအဆောင်ပစ္စည်းများ ယူဆောင်လျက် တောသို့ဝင်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာညောင်းခဲ့ပြီ။ ချဉ်သီးနှင့်ဆားမှီဝဲရန်အတွက် ဟိမဝန္တာတောင်ပေါ်မှ ဆင်းခဲ့သည်။

ဘုရားလောင်းရသေ့၏ တည်ကြည်ရင့်ကျက်သည့် ဣန္ဒြေ၊ တင့်တယ်သည့် အဆင်းရူပါကိုမြင်ရသဖြင့် ဥတ္တရပဉ္စာလမင်း သည် ကြည်ညိုစိတ်ဖြစ်မိသည်။ ထို့ကြောင့် နှီးနှောစကားဆိုရန် မင်းချင်းတစ်ယောက်ကိုလွှတ်ပြီး ခေါ်ခိုင်းလိုက်သည်။

''အရှင်ရသေ့၊ ဘယ်အရပ်မှာ သီတင်းသုံးပါသလဲ''

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြီး၊ ငါဟာ ဟိမဝန္တာမှာ သီတင်းသုံးပါတယ်။ နှစ်ရှည် ကြာမြင့်စွာမွေ့လျော်ရာမှ ချဉ်သီးနဲ့ဆားလိုလို့ တောင်ပေါ်ကဆင်းလာတာပါ"

"ဒီအတွက်ဆိုရင် မကြောင့်ကြပါနဲ့။ ပေးလှူပါ့မယ်။ အရှင်ရသေ့ကိုလည်း ဒီအရပ်မှာသီတင်းသုံးဖို့ ဖိတ်ခေါ်ပါတယ်"

"မင်းကြီး၊ ငါတို့ရသေ့ဆိုတာ လူသူမနှောတဲ့နေရာမျိုးကိုသာ နှစ်သက်တယ်"

"ဒါဆို မင်းဥယျာဉ်နဲ့ သင့်မြတ်ပါလိမ့်မယ်။ ဥယျာဉ်မှူးတစ်ယောက်သာရှိလို့ ပရိသတ်အခြံအရံနည်းပါတယ်။ ကျွန်ုပ်အနေနဲ့ အရှင်ရသေ့ရဲ့ အကြံဉာဏ်တွေရယူချင်လို့ဖိတ်ခေါ်တာပါ"

"ကောင်းပြီလေ…မိုးလေးလတော့ နေပါ့မယ်"

ပဉ္စာလမင်း၏ဖိတ်ကြားချက်အရ ဘုရားလောင်းရသေ့သည် မင်း၏ဥယျာဉ်တွင် သီတင်းသုံးဖြစ်သွားတော့သည်။

* * *

ရသေ့သည် မင်း၏နန်းတော်သို့ ကြွလျက် နေ့စဉ်ဆွမ်းခံယူသည်။ မင်းကြီးကလည်း ကြည်ညိုစွာ လုပ်ကျွေးခြင်းအားဖြင့် ဆရာတပည့်ညီညွတ်နေသည်။

မိုးလေးလပြောင်းသဖြင့် ဆောင်းဦးသို့ပင်ရောက်လာသည်။ ခြေခင်းလက်ခင်းသာယာချိန်တွင် ရသေ့သည် ဟိမဝန္တာတောင်သို့ပြန်လိုသည်။ ထိုအခါပြတ်သွားပြီဖြစ်သည့် လွှာဖိနပ်နှင့် သစ်ရွက်ထီးတစ်လက် ရလိုသည်။ ဤပစ္စည်းမျှလောက်မှု မင်းကြီးထံအလှူခံလျှင် ကြည်ကြည်ဖြူဖြူ လှူဒါန်းလိမ့်မည်ဟုတွေးသည်။ တစ်ပါးသူထံမှ ပစ္စည်းတောင်းဖို့အရေးကို တစ်ညလုံးစဉ်းစားကြည့်သည်။

"အင်း၊ ပစ္စည်းဥစ္စာ တောင်းခံသူဟာ ငိုပြသူနဲ့အလားတူသည်။ အလှူခံသူလာ၍ လှူမည့်သူကလည်း မရှိပါဟုပြောရလျှင် ငိုသည်နှင့်ပင် တူချေသည်။ ငိုသူနှစ်ဦး ဆုံစည်းခြင်းအဖြစ်က မတင့်တယ်"

ရသေ့သည်ထိုသို့တွေးမိသည်နှင့်တောင်းခံဖို့အရေးပျက်ပြားသွားပြန်သည်။ သို့သော်နိုင်ငံတစ်ခုလုံးကို စိုးမိုးအုပ်ချုပ်သည့် မင်းအဖို့ လွှာဖိနပ်တစ်ရန်က ကြောင့်ကြစရာမဟုတ်၊ ဆင်ရတနာ၊ ရထားရတနာပေးလှူပါဟု တန်ဖိုးကြီးမြင့်သည့်ပစ္စည်းကိုအလှူခံခြင်းမဟုတ်၍တွန့်တိုမည်မဟုတ်။ လတ်တလောလွှာဖိနပ်မရှိလျှင် မင်းချင်းတစ်ဦးဦးအား ရှာခိုင်းလျှင် အလွယ်နှင့် ရနိုင်သည်သာ။

ရသေ့သည် အလှူမခံသေးမီတွေးလိုက်သည့် အတွေးကြောင့် အိပ်မပျော်နိုင်။ တောင်းရကောင်းနိုးနိုး၊ မတောင်းတော့ဘဲ ဖြစ်သလိုပြန်ရနိုးနိုး ဖြစ်နေသည်။ "အကယ်၍ ဘေးလူကြားနိုင်သည့်အခါ အလှူခံလျှင် ငါလည်းရှက်ရ၊ မင်းကြီးလည်း ငြင်းပယ်၍ ကောင်းပေတယ်။ ဒါကြောင့် နှစ်ဦးသားကြုံမှသာ တောင်းခံတော့အံ့ဟုတွေးသည်။

နောက်တစ်နေ့ ဆွမ်းခံယူရန် နန်းတော်ကြွသည်။ မင်းကြီးက ဖွယ်ဖွယ်ရာရာ ပြင်ဆင်ဆက်ကပ်သည်။ သဒ္ဓါတရားဖြင့်သက္ကာရမြောက်လှူဒါန်းသည့်ဆွမ်းကိုပင် ဖြောင့်ဖြောင့်မစားနိုင်ဘဲ၊ လွှာဖိနပ်အလှူခံဖို့အရေးကို ချင့်ချိန်နေမိသည်။

"အရှင်ရသေ့၊ တစ်စုံတစ်ခုများ ပြောချင်ဆိုချင်လား…"

ရသေ့၏ဂဏှာမငြိမ် အမူအရာကိုကြည့်လျက် မင်းကြီးက မေးလာသည်။ အခွင့်အရေးကိုလမ်းဖွင့်ပေးသဖြင့် ရသေ့စိတ်ထဲပျော်သွားသည်။ ဤအခွင့်ကောင်းကိုယူလျက် အလှူခံအံ့ဟု ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်မင်းကြီး၊ သင်နဲ့နှစ်ဦးချင်း ပြောလိုပါတယ်...''

မင်းကြီးကအမတ်များနှင့် နန်းတွင်းသူတို့အား အေးကိုရှောင်ခိုင်းလိုက်သည်။ ရသေ့က ဘာစကားပြောမည်ကို စိတ်ဝင်တစား နားစွင့်နေလိုက်သည်။

''အင်း...ပြောမလို့အားခဲထားတာ၊ ကဲလေ..နောက်မှပဲပြောပါတော့မယ်''

ရသေ့၏စကားကို ကြားတော့ မင်းကြီးက အံ့သြသည့်အမူအရာနှင့် ငေးကြည့်နေပေတော့သည်။

* * *

မင်းကြီးသည်နောက်နေ့တွင် ရသေ့အလာကို စိတ်စောစွာ စောင့်မျှော်နေသည်။ ရသေ့သည်လည်း မင်းကြီးနှင့်တွေ့ဖို့ စိတ်စောနေသည်။

ယမန်နေ့က မင်းကြီးအခွင့်အရေးပေးချိန်တွင် ''တခြားကိစ္စမဟုတ်ပါဘူး။ ဟိမဝန္တာကိုပြန်ဖို့ လှာဖိနပ်တစ်ရန် လိုအပ်နေလို့ပါ'' ဟုပြောလျှင် ကိစ္စပြီးသည်။ သည်စကားလေးတစ်ခွန်းပြောဖို့ကြံစည်သည်တွင် လည်မျိုကို အညှစ်ခံရ သည့်နှယ် လည်ချောင်းဝတွင် တစ်ဆို့နေသည်။ ရင်ထဲမှ စကားလုံးတွေထွက်မလာခဲ့။

မင်းကြီးကလည်း ဆရာရသေ့ ဘာပြောလေမလဲ...ဘယ်စကား ဆိုမလဲဟု ငံ့လင့်နေသည်။ ဆွမ်းစားကြွလာက တည်းက စောင့်စားသည်။ ဆွမ်းစားနေတုန်းလည်း စောင့်ကြည့်သည်။ ဆွမ်းစားပြီးချိန်တွင် ပြောခွင့်သာအောင် အမှုထမ်းတွေကို အခန်းထဲမနေဖို့ ကြိုတင်မိန့်ထား၍၊ ဘယ်သူမျှမရှိ။ ဆရာ-ဒကာနှစ်ဦးသာရှိသည်။

''ဆရာရသေ့''

''ဩော်...မင်းကြီး''

''တစ်စုံတစ်ခုများ ပြောစရာရှိသလားလို့''

''ဟုတ်တယ်။ ပြောမလို့ ညကတည်းက စိုင်းပြင်းထားတာ..ဒီနေ့တော့ မင်းကြီးကိုပြောမယ်လို့ ဆုံးဖြတ်ပြီး လာတာပါ''

''ဒါဆိုလည်း လွတ်လွတ်လပ်လပ် မိန့်ပါ''

''အိမ်း၊ မိန့်မလို့ပါဘဲ။ ဒါပေမယ့် နောက်နေ့မှပဲ မိန့်ပါတော့မယ်''

မင်းကြီး စိတ်ပျက်သွားရပြန်သည်။ နောက်နေ့တွင်လည်း ထိုနည်းနှင်နှင်။ တစ်နေ့ပြောနိုး၊ တစ်နေ့ပြောနိုးစောင့်စား လာရာ (၁၂)နှစ်ပင် လွန်မြောက်ခဲ့သည်။

''အင်း...ငါ့အရှင်နဲ့ငါဟာ ဆရာ-ဒကာဆက်ဆံရေး နီးနွယ်ခဲ့တာ (၁၂) နှစ်ကြာပြီ။ အရှင်မြတ်အပေါ်မှာငြိငြင် စရာတစ်ချက် မရှိတဲ့အပြင်၊ အပြောအဆို၊ အမူအရာ၊ အဆုံးအမတွေနာရလို့ ပိုပြီးကြည်ညိုခဲ့တယ်။ ဆရာရသေ့ဟာ အလိုဆန္ဒအားမကြီးဘဲ၊ ရောင့်ရဲမှုလည်းရှိတယ်။ သည်းခံစိတ်နဲ့လည်း ပြည့်စုံတယ်။ ခက်တာက (၁၂) နှစ်ကြာအောင်မပြောဘဲ နေတဲ့စကားက ဘာလဲမသိတာ ခက်တယ်''

မင်းကြီးသည် ဤသို့ မချင့်မရဲစိတ်ဖြင့် တွေးရင်း ဆရာရသေ့ကို မျှော်နေမိသည်။

''ဩော်...ဟုတ်ပြီ။ ဒါပဲဖြစ်မယ်။ (၁၂) နှစ်ကြာအောင်မပြောဘဲ ချင့်ချိန်နေတာဟာ မင်းစည်းစိမ်ကို တောင့်တလို့ပဲဖြစ်မယ်။ အသင်မင်းကြီးရဲ့ထီးနန်းကို ငါလိုလားပါတယ်လို့ ပြောဖို့ကဘယ်မှာသင့်မလဲ။ အင်း...ငါ့အရှင်သာ လိုလားမယ်ဆိုရင် မင်းစည်းစိမ်ကို လွှဲပေးမယ်။ တကယ်လို့အရှင်က ဖွင့်မပြောရင်လည်း ငါကိုယ်တိုင်ဖွင့် မေးမယ်''

မင်းကြီးသည် ဤသို့တွေးပြီး ဆရာရသေ့အလာကို စောင့်မျှော်နေသည်။ မျှော်ဆဲမျှော်ခိုက်မှာပင် ဆရာရသေ့ ရောက်လာသည်။ ဆွမ်းလုပ်ကျွေးပြီး၊ လူအရှင်းကို စောင့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ရသေ့။ ပြောမယ်ဆိုတဲ့စကားတစ်ခွန်းကိုစောင့်လာတာ အခုဆိုရင် (၁၂) နှစ်ကျော်သွားပြီး။ ဘာစကား ပါလိမ့်လို့တွေးရတာ အလုပ်တစ်ခုလိုဖြစ်နေတယ်။ ဒီနေ့တော့မေးမယ်။ ဆရာရသေ့ကလည်း ပြောပါတော့"

"ဟုတ်ပါတယ် မင်းကြီး၊ ကျုပ်ကမင်းကြီးဆီက တစ်စုံတစ်ခု တောင်းခံချင်လို့ပါ"

"ဒါများ ဆရာရသေ့ရယ်။ လိုချင်တာ တောင်းလိုက်ရောပေါ့"

"အင်း…တောင်းခံတယ်ဆိုတာ ငိုခြင်းတစ်မျိုးပဲ။ ဒီကိစ္စက အင်မတန် ရှက်ဖို့ကောင်းပါတယ်။ တစ်ခါ ဒီလိုတောင်းလို့ ပေးမယ့်သူက ပေးနိုင်ရင်ကောင်းတယ်။ မပေးနိုင်လို့ မရှိဘူးလို့ပြောရင် ဒါကလည်း ငိုကြွေးခြင်းတစ်ခုပဲ။ ဒါကြောင့် မပြောဖြစ်တာပါ"

"ဩော်…ဆရာရသေ့ရယ်။ တပည့်တော်လို ဒကာမျိုးကိုမှ တောင်းခံရင် ဘယ်သူ့ထံတောင်းခံမလဲ။ အရှင်ဘုရား မလာခင်ကတည်းက ဒီအတွေးရှိလို့ တပည့်တော်က ကြိုတင်ဆုံးဖြတ်ထားပါတယ်။ ဆရာရသေ့က မင်းစည်းစိမ် တောင်းခံရင်တောင်ပေးမယ်လို့ တွေးထားပြီးသားပဲ"

"အို…မဟုတ်ဘူးမင်းကြီး။ ကျုပ်လိုအပ်တာ လွှာဖိနပ်တစ်ရန်ပါ"

"အလို…ဘယ်လို။ လွှာဖိနပ်တစ်ရန်၊ အလှူခံဖို့ဟုတ်လား"

"မှန်ပေတယ်မင်းကြီး။ ငါဟာ ဟိမဝန္တာကိုပြန်ဖို့ လွှာဖိနပ်တစ်ရန်နဲ့ သစ်ရွက်ထီးတစ်လက် လိုချင်လို့ မင်းကြီးဆီ အလှူခံမလို့ကြံစည် နေတာ…"

"ဖြစ်မှဖြစ်ရလေ ဘုရား…"

ဆရာနှင့်ဒကာ ဤမျှနှစ်ရှည်ကြာစွာ ဆက်ဆံလာရာ၊ လွှာဖိနပ် တစ်ရန်၊ သစ်ရွက်ထီးတစ်လက် အလှူခံဖို့ကိစ္စ ချင့်ချိန်ခြင်းမှာ အံ့ဩရအောင်မယုံစရာဖြစ်ရသည်။ အဖိုးတန်ပစ္စည်းဆိုလျှင် ထားပါ။ ခုတော့ တန်ဖိုးမရှိသည့် ပစ္စည်းအတွက် တောင်းသင့် မတောင်းသင့်စဉ်းစား သည်မှာ (၁၂)နှစ်ပင်ကြာခဲ့သည်။ ဤမျှမိမိကိုယ်ကိုနှိပ်ကွပ်၊ သည်းခံ စောင့်စည်းသည့် အရှင့်ကိုမကြည်ညိုဘဲ မနေနိုင်တော့။ အကယ်၍ ဟိမဝန္တာကိုပြန်ကြွမည်ဆိုလျှင်ပင် ခြေသလုံးဖက် တောင်းပန်ပြီး၊ ဥယျာဉ်တော်၌သာ သီတင်းသုံးဖို့ တိုက်တွန်းရပေမည်။

ကျမ်းကိုး။ ။စတုတ္ထနိပါတ်၊ ဗြဟ္မဒတ္တဇာတ်။

❖ ❖ ❖

www.burmeseclassic.com

## သတ်လိုကသတ်ပါစေ

''လူမျိုးလေးပါးရဲ့ ကောင်းကျိုးချမ်းသာကိုစောင့်ရှောက်တဲ့ မောင်တော် မင်းမြတ်...မိမိကိုသတ်မယ့်သားလို့ သိပါလျက်နဲ့ သားတည်းဟူသော ချစ်ခြင်းကြောင့် ရှင်အောင်မွေးပါလေ မိန့်ခဲ့တဲ့ မောင်တော်...ခုတော့ မမြင်ရက်၊ မကြားရက်တဲ့ဘဝမျိုး ရောက်ရပြီပေါ့''

ဝေဒေဟီမိဖုရားသည် နန်းကျာဘုရင်ကြီး၏ အဖြစ်ကိုမမြင်ရက်... မရှုရက်တော့။ သည့်မှုယုတ်မာသည့် သားမျိုးကိုမှ မွေးမိလေခြင်း၊ စောင့်ရှောက်မိလေခြင်းဟု နောင်တရမိသည်။

''အရှင်မင်းကြီး၊ ချစ်လှပါတယ်ဆိုတဲ့ သားယုတ်သားမိုက်က ဘုရားနှမကိုပင် အကျဉ်းထောင်ထဲ ဝင်ခွင့်မပြုတော့ဘူးတဲ့ မောင်တော်... နောက်နောင်မှာပြည်ကြီးသခင်ကို ဖူးမြင်ခွင့်ရမှာ မဟုတ်တော့ပါ''

ဝေဒေဟီမိဖုရားသည် ဆံပင်ကိုဖားလျားချလျက် စိုရွှဲသောမျက်နှာ၊ ကြေကွဲသည့်မျက်လုံး၊ သောကရောက်သည့် နှလုံးသားနှင့် အကျဉ်းကျခံဘုရင်ကြီးကို နောက်ဆုံးအကြိမ် ဖူးတွေ့ရခြင်းဖြစ်၍ ဝမ်းနည်းပူဆွေးနေသည်။

''မောင်တော်မင်းကြီး။ ကျွန်တော်မျိုးမမှာ ကဲ့ရဲ့ထိုက်တဲ့အပြစ် ရှိပါက ခွင့်လွှတ်သည်းခံဖို့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးနှင့် ဦးညွှတ်တောင်းပန်ပါတယ်။ သည်းခံပါမောင်တော်...''

''ငါသည်းခံပါတယ် ချစ်သောမိဖုရား။ သားအပေါ်လည်း ခွင့်လွှတ်ပါတယ်...''

''ဒီအခြေအနေအထိ ခွင့်လွှတ်စကား ပြောတုန်းပဲလား မောင်တော်...မိုက်တွင်းနက်တဲ့သား၊ အဝိစိကျမယ့်သားကို ခွင့်လွှတ်သတဲ့လား မောင်တော်...''

''အဘယ်မိဖုရား၊ မလိမ္မာတဲ့သားက ငါ့ကိုသတ်လိုက သတ်ပါစေ...ဖခင်ရဲ့ချစ်ခြင်းနဲ့ သည်းခံခွင့်လွှတ်ပါတယ်...''

မောင်တော်မင်းတရားကြီး စကားကြားလိုက်ရတော့ ဝေဒေဟီ မိဖုရားမှာ အသည်းအူပြောင်းပြန်လန်သည့်အလား ခံစားသွားရတော့ သည်။

* * *

သားတော်အဇာတသတ်ကို သန္ဓေခစဉ် ထူးခြားသည့်နိမိတ်ကြောင့် ပုဏ္ဏားတော်များကို နိမိတ်ဖတ်စေသည်။

''အဖသတ်မည့်သား''ဟု အတတ်သေချာ ဟောသဖြင့် ဝေဒေဟီမိဖုရားက ကိုယ်ဝန်ကိုဖျက်ချရန် ကြံစည်သည်။ ထိုအကြံအစည်ကို မင်းကြီးသိတော့ ''ငါ့သားက ငါ့ကိုသတ်ချင်သတ်ပါစေ...သားတော်ကိုရှင်အောင်မွေးပါ'' ဟုတစ်ချက်လွှတ် အမိန့်ချ၍၊ မဖျက်ဆီးဖြစ်တော့။

www.burmeseclassic.com

www.burmeseclassic.com



မောင်တော်မင်းကြီးသည် သားဟူသောချစ်ခြင်းကြောင့် ဘေးကိုလည်းမမြင်။ ဘေးဟုလည်းမထင်။ နောင်တစ်ချိန် မိမိ၏အရိုက်အရာကို ဆက်ခံမည့်နန်းလျာသား…အနာဂတ်၏ ရောင်ခြည်ဟု မှတ်ယူလျက် ပြုစုသည်။ စောင့်ရှောက်သည်။ သို့သော်… သားတော် မောင် အဇာတသတ်ကမူ မပေါင်းသင့်သူကို ပေါင်းသည်။ ဆရာ မတင်သင့်သည့် အရှင်ဒေဝဒတ်ကို ဆရာတင်သည်။ ဖခင်ကိုယ်တိုင်က ဘုရားရှင်၏သာဝကကြီး ဖြစ်မှန်းသိလျက် ဖခင်ခြေရာကိုနင်းမလိုက်။ မဆည်းကပ်ထိုက်သည့် အရှင်ဒေဝဒတ်ကို ဆည်းကပ်နေသည်။

အရှင်ဒေဝဒတ်၏ကျောင်းသို့ ရေထွက်မတတ် သွားနေသည့်သားကို "ဟဲ့၊ မလျော်ကန်" ဟုမဟန့်တားမိ။ ဤသို့တားမြစ်လျှင် သား အနေအထိုင်ကျပ်မည်စိုး၍ ဟန့်တားရန် နှုတ်လေးနေမိသည်။ ထိုအကျိုးဆက်က ဖခမည်းတော်ကိုပင် လုပ်ကြံရန် ပေါင်ကြားတွင် ဓားဝှက်ပြီး နန်းတွင်းဝင်လာသည်။ အရိပ်အခြည်မလှ၍ တံခါးမှူး၊ တံခါးစောင့်တို့က ဖမ်းစစ်သော် သက်သေသက္ကာရနှင့်တကွ ဖမ်းမိသည်။ အရှင့်သားပင်ဖြစ်စေ မင်းကိုလုပ်ကြံရန် ကြံစည်သူကား သေဒဏ်ထိုက်သော တရားခံဖြစ်၍၊ နှောင်ကြိုးတည်းလျက် မင်းကြီးထံခေါ်ဆောင်ခဲ့တော့သည်။

"ဟဲ့…ဟဲ့၊ အဲဒါဘယ်လိုဖြစ်ရတာလဲ…"

"သားတော်ကို အတင်းအကျပ် ဖမ်းကြတယ် ခမည်းတော်… နှောင်ကြိုးလည်း တည်းကြတယ်"

" အဇာတသတ်မင်းသားဟာ မင်းကြီးကိုလုပ်ကြံဖို့ ဓားဝှက်ယူလာပါတယ်။ ဟောဒီမှာ အရှင်မင်းကြီး၊ သက်သေခံဓားပါ"

"ဟုတ်သလား သားတော်…"

မင်းကြီးကိုယ်တိုင် မြတ်နိုးချစ်ခင်သဖြင့် နန်းလျာမင်းသားဟုထားသူကို၊ တံခါးဗိုလ်၊ တံခါးမှူးများက တရားခံအဖြစ် ဖမ်းလာသည်။ ရုတ်တရက်တော့ ထူပူသွားသည်။ တစ်ချိန်က ပုဏ္ဏားတော်များနိမိတ်ဖတ်သည့်စကားကို ပြန်လည်ကြားယောင်သည်။ "ငါ့သားတော်က တကယ်ပင် ငါ့ကိုသတ်ဖို့ ကြံရွယ်နေပါပေါ့လား…ဟုတွေးပြီး စိတ်မကောင်းဖြစ်မိသည်။ သို့သော် ဝေဒေဟီမိဖုရားက သန္ဓေသားဘဝကတည်းက ဖျက်ချဖို့ကြံစဉ် "သတ်လိုကသတ်ပါစေ" ဟုမိန့်ခဲ့ပြီးဖြစ်သည်။ သားအပေါ်ချစ်မြတ်နိုးစိတ်ကြောင့် ဘေးကိုဘေးဟုမထင်။ ရန်ကို ရန်ဟုမတွက်။ သားကသတ်လျှင်လည်း ကြည်ကြည်ဖြူဖြူ အသေခံမည်ဟု စိတ်နှလုံး ဒုန်းဒုန်းချထားသည်။ ခုလည်းကြံစည်သူက ကြံစည်၍၊ ဟန့်တားသူက ဟန့်တားပြီး ခေါ်လာချေပြီ။

မင်းကြီးထံ ခေါ်မလာမီကပင် အမတ်အချို့က လက်စသတ်ဖျောက်ဖျက်ချင်သည်။ လုပ်ကြံဖို့အားထုတ်သည့် မင်းသားရော၊ ကြံစည်ရန် အကြံပေးသည့် အရှင်ဒေဝဒတ်ပါ သတ်ပစ်ရန် အကြံပေးသည်။ ဒေဝဒတ်သာလျှင်မဟုတ်၊ သူ့အသင်းအပင်း ရဟန်းအားလုံးသတ်ရန် အကြံပေးသည်။ ကျူပင်ခုတ်ကျူငုတ်ပင် မကျန်အောင်မှုန်းမှ ရန်အေးမည်ဟု ဆိုသည်။

အချို့အမတ်တွေကမူ ဒေဝဒတ်သာလျှင် သုတ်သင်သင့်သည်။ အခြားရဟန်းများ ဤအမှုတွင်မပါ၍ မသတ်သင့်ဟုဆိုသည်။ အချို့အမတ်ကမူ အဆောတလျင်မစီစဉ်သင့်၊ မင်းကြီးကို သားကသတ်လိမ့်မည်ဟု ရှေးယခင်ကပင် သိထားသည်။ သိပင်သိလျက် မွေးမြူခဲ့သည်မှာ အတိုင်းအဆမရှိသည့် ချစ်ခြင်းကြောင့်ဖြစ်သည်။ ဤအရေးကား မင်းကြီးရှေ့မှောက်ကျမှ ဆုံးဖြတ်သင့်သည်ဟု တားမြစ်၍၊ မင်းသားကို နှောင်တည်း ခေါ်လာသည်။

"ခမည်းတော်…သားကိုကယ်ပါဦး"

"စိတ်ချပါသားတော်…ငါ့သားဥပဒ်မဖြစ်စေရပါဘူး။ ဟဲ့ နှောင်ကြိုးတွေဖြုတ်စမ်း။ ဘယ့်နှယ်ကြောင့် ဒီလိုပြုမူရသတုန်း"

"အရှင်မင်းကြီးကို လုပ်ကြံ…"

www.burmeseclassic.com

www.burmeseclassic.com



"တော်…တန်…တိတ်။ ဒီစကားရှေ့မဆက်နဲ့။ ငါဘုရင်မင်းမြတ်ကို လုပ်ကြံတာ သင့်ကိုလုပ်ကြံတာလား"

"မှန်ပါခမည်းတော်၊ ဒီအမတ်က သားတော်ကိုရော၊ ဆရာဒေဝဒတ်ကိုသာမက ရဟန်းတွေကိုသတ်ဖို့ ကြံစည်ပါတယ်…"

"သယ်…မိုက်မဲတဲ့အမတ်။ မြင့်မြတ်တဲ့ရဟန်းကိုသတ်ဖို့ ကြံစည်တဲ့လူယုတ်မာ…သင်းသာ ဒီအရာမှာရှိနေရင် ငါ့သားတော် အသက်ရှင်ဖို့ လမ်းမမြင်ဘူး။ သင်းရော သင်းအပေါင်းအဖော်တွေပါ အရာချ"

မင်းကြီးသည် သားအပေါ်ချစ်ခြင်းဟူသော သံယောဇဉ်စိတ်ဖြင့် မလျော်ကန်သည့်စီရင်ဆုံးဖြတ်မှုကိုပင် ချမှတ်တော့သည်။

"ချစ်သား၊ ငါ့သားဒီကိုလာတာ ခမည်းတော်ကိုသတ်ဖို့ မဟုတ်ဘူးမို့လား"

"မှန်ပါ၊ သတ်ရန်အကြံနဲ့ပါဘုရား…"

"သတ်ရန်…အဟက်ဟက်။ ဘာကြောင့် သတ်ချင်ရတာလဲ သားတော်"

"ဟိုဒင်း၊ အဖသတ်မှ နန်းရမယ်လို့ ဆရာဒေဝဒတ်က အကြံပြုလို့ ပါ"

"ယော…နန်းလိုချင်လို့ သတ်ရန်ကြံတယ်။ မိုက်ပါဘိတော့ သားရယ်။ ဒီနန်းကိုပေးချင်လို့ ငါ့သားတော်ကို ရှင်အောင်မွေးခဲ့တာပါ။ ဒီထီးနန်းဟာ သားတော်အတွက် ရည်စူးပြီးသားပါ"

"ဒါပေမယ့် အဖနတ်ရွာစံမှ သားနန်းရမှာဆိုတော့ ဝေးလံလွန်းပါတယ်။ သားက ခုလိုချင်တာ…"

"ဩော်…ဒါများသားတော်ရယ်။ ကဲကဲဒီအတွက်ဆို စိတ်အေးအေးထား။ နံနက်ဖြန်ကျရင် ညီလာခံမှာ သားကို မင်းအဖြစ်ထားဖို့ ငါ့ကိုယ်တိုင်ဆုံးဖြတ်မယ်"

"တကယ်လား ခမည်းတော်"

"သားအတွက် လျာထားတဲ့ နန်းပါလို့ခမည်းတော်မိန့်ပြီးပြီပဲ"

အဇာတသတ်သည် ဖခင်ကိုသတ်ဖို့ပင်မလိုဘဲ နန်းကို အလွယ်တကူရလိုက်သဖြင့်၊ ဆရာအရှင်ကို အမြန်လျှောက်ထားဖို့ ကျောင်းတော်ဆီ ပြေးခဲ့ပေတော့သည်။

* * *

ထီးနန်းကိုပေးလျှင် သားတော်၏ ရန်အေးပြီး၊ မင်းကြီးလည်း တိုင်းရေးပြည်မှု စီရင်စရာမရှိတော့၍၊ ဘုရားရှင်အပါး အချိန်ပြည့် ဆည်းကပ်ခွင့်ရပြီးဟု မှန်းပြီးကြည်နူး ကျေနပ်မိသည်။ သို့သော် သုံးလေးရက်အကြာတွင် မင်းကြီးကိုဖမ်းဆီးပြီး၊ အကျဉ်း၌ ချထားလိုက် သည်။

"ဘယ်လိုလုပ်တာလဲ သားတော်…ထီးနန်းလိုချင်တယ်ဆိုလို့ သင့်ခမည်းတော်က အကြည်အသာ လွှဲအပ်ပေးထားပြီးပြီပဲ၊ ဘာကြောင့် ဘုရားဒကာကြီးကို ဖမ်းဆီးရတာလဲ"

"မယ်တော်…မင်းဧကရာဇ်တို့မည်သည် မြွေပွေးကို ခါးပိုက်ပိုက် မထားသင့်ဘူးလို့ ဆရာဒေဝဒတ်က မိန့်မှတ်တယ်။ ပြီးတော့မြွေခွေးကို အတွင်းထားပြီး ကျက်အပ်တဲ့စည်ကို လွယ်ထားရင်လည်း အမှုကမပြေ ဘူးလို့ ဆရာသခင်က ပြည့်နှစ်တယ်…"

"မှားပြီ၊ အမှားကြီးမှားပြီ။ ဆရာမတင်သင့်သူကို ဆရာတင်တဲ့ သားအဖြစ်က မြွေပွေးကိုခေါင်းပေါ် တင်သူလို ဖြစ်ပြီ။ မြွေပွေးက ခေါင်းကို ခဲတော့မယ်သား"

"မယ်တော် ဘယ်သူ့ကိုပြောတာလဲ"

"မင်းဆရာ၊ ဒေဝဒတ်ဟာ မြွေပွေးပဲ မြွေပွေး သားတော်"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ မယ်တော်၊ ဒီစကားထပ်မကြားချင်ဘူး။ ဒီနန်းဟာ ဆရာဒေဝဒတ် ပေးတဲ့နန်း"

ဝေဒေဟီမိဖုရားသည် အယူဖောက်ပြန်၊ မမှန်သည့်အကျင့်ရှိနေသည့် သားကိုဆက်ဆုံးမလျှင်လည်း အကြောင်းမထင်၊ မောင်တော်ဘုရင်ကြီးအတွက် တောင်းပန်ငြားလည်း အရာမထင် အကြောင်းကံမလှသူ နန်းကျဘုရင်ကိုသာအားပေးဖြေသိမ့်ရတော့မည်ဟု တွေးလျက်အကျဉ်းထောင် ဆီ ထွက်ခဲ့သည်။

"ငါ့မယ်တော်မှတစ်ပါး အခြားသူမဝင်စေရ" ဟုဘုရင်မင်းမြတ်ဖြစ်နေသူ အဇာတသတ်အမိန့်ကြောင့် နန်းတွင်းသားတို့လည်း မဝင်သာ။ သားအပေါ်အချစ်လွန်သည့် မင်းကြီးကို ကရုဏာသက်ရုံသာ သက်နိုင်သည်။

"မောင်တော်...နေရထိုင်ရတာ ကျဉ်းကျပ်တော်မူပါသလား..."

"စိတ်ပူပန်တော်မမူပါနဲ့ နှမတော်...ရှေးယခင်က တိုင်းရေးပြည်ရေးတွေကြောင့် စိတ်မအေးရတာ...ခုတော့ အေးအေးချမ်းချမ်း နှလုံးသွင်းနိုင်ပါတယ်။ အင်း...ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဖူးခွင့်မရတာဘဲ စိတ်မချမ်းသာတာပါ"

"ဒီကိစ္စကို မြတ်ဘုရားလျှောက်ထားရင်..."

"ဟိုးဟိုး၊ တို့သားအဖအရေးမှာ သူတော်ကောင်းတွေကို ဒုက္ခမပေးပါနဲ့။ သားတော် အမြင်မှားနေတုန်း ခဏခံစားရတာပါ။ မောင်တော်ဘုရားရဲ့အချစ်ကို နားလည်လာရင်နှောင်အိမ်ကလွတ်မှာပါ"

သားအပေါ် အဆိုးမမြင်ဘဲ၊ အမြဲတမ်းချစ်စိတ်ဝင်နေသည့် မင်းကြီးအတွက် စိတ်မကောင်းဖြစ်ရတော့သည်။

* * *

"သင်မင်းသား၊ ခမည်းတော်ကို ဓား၊ လှံလက်နက်နဲ့ မသတ်ထိုက်ဆိုတဲ့ အယူကိုငါလည်းလက်ခံတယ်။ ဒါပေမယ့် အစာငတ်ပြီး အသက်ဆုံးခြင်းမှာ အပြစ်မရှိ"

အရှင်ဒေဝဒတ်၏ မကောင်းသော အကြံဉာဏ်ကြောင့် အဇာတသတ်မင်းသည် မယ်တော်အား အစာရေစာ မသွင်းရဟု အမိန့်ချမှတ် လိုက်ပြန်သည်။ တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်လာသည့် ခမည်းတော်၏ကျေးဇူးကိုပင် မထောက်၊ ကောင်းနိုးရာရာအစာပေးခဲ့သည့် ခမည်းတော်၏ စေတနာမေတ္တာကိုပင်မငဲ့ညှာ...ခမည်းတော် ကိုပင် အစာငတ်၊ ရေငတ်ထားသည့် သားဆိုးသားမိုက်ကို ထုခြေပစ်လိုက်ချင်သည်။

အစာမသွင်းရဟု ရက်ရက်စက်စက် အမိန့်ချသဖြင့် စတုမဓုနှင့် လုပ်သောမုန့်ကို ဆံထုံးတွင်းတည့်ပြီး လျှို့ဝှက်ယူဆောင် ကျွေးမွေးရသည်။ ထိုအာဟာရဖြင့် ရောင့်ရဲနေသော မင်းကြီးက လခြဲကြာသည့်တိုင် အသက်မသေ၊ ကျန်းမာနေ၍ အခြေအနေ စုံစမ်းစေသည်။ ဆံထုံးကြား အစာဝှက်ယူကြောင်းသိသော် ဆံပင်ဖားလျားချဝင်စေ... ဟုအမိန့် ထုတ် သည်။

ဝေဒေဟီမိဖုရား ကြံရပြန်သည်။ အစာပြတ်လျှင် မောင်တော်က ရှင်ဖွယ်မမြင်။ ဘုန်းနိမ့်လျှင်လည်း နိမ့်စေ။ အသက်ရှင်နေလျှင် တော်ပြီဟု တွက်လျက် ထမင်းကို ရွှေခွက်တွင်ထည့်ပြီး၊ စီးနင်းတွင် သို့ဝှက် သယ်ဆောင်သည်။ ထိုအကြောင်းကို သိပြန်သော် ခြေနင်းမစီးရဟု အမိန့်ထုတ်ပြန်သည်။

ဝေဒေဟီမိဖုရားသည် ကိုယ်ခန္ဓာတွင် စတုမဓုနှင့် နံ့သာရောလူး၊ အဝတ်ဖုံးကွယ်ဝတ်သည်။ အကျဉ်းထောင်တွင်း ရောက်မှ ကိုယ်ကိုခြစ်ချ ပေးသည်။ အနည်းငယ်သော အာဟာရသာ သုံးဆောင်ရသဖြင့် မွတ်သိပ်နေသော မင်းကြီးက မိဖုရား၏ကိုယ်ကို အငမ်းမရလျက်သည်။

မင်းကြီး၏အဖြစ်ကို မြင်ရသော အစောင့်စစ်သားများသည် သားမိုက်၏ ညည်းဆဲမှုဒဏ် အလူးအလိမ့်ခံနေရသည့် နန်းကျဘုရင်ကြီးအဖြစ်ကို ကြည့်ပြီး မျက်ရည်ဝဲရသည်။ ဘုရားရှင်၏ဥပါသကာ၊ လူသူတော်ကောင်းကြီး အပေါ်

www.burmeseclassic.com

www.burmeseclassic.com



မအပ်မရာကြံစည်သည့် သားမိုက်ဘုရင်ကိုရွံရှာမိသည်။ သို့သော်သူတို့ရော ဘာများတတ်နိုင်ဦးမည်နည်း။ ဘုရင်ဟောင်းထက် လက်ရှိဘုရင်၏အမိန့်ကို နာခံရမည်။ ဖုံးကွယ်ပြီး မသိဟန်ဆောင်သည်ကလွဲ၍ လုံးလုံးလျားလျား အကူအညီမပေးနိုင်။ အကယ်၍ အားပေးကူညီကြောင်းသိလျှင် အသက်သေမည်မို့ မလှုပ်သာ။

သားကသည်မျှညှဉ်းပန်း နှိပ်စက်နေသော်လည်း မင်းကြီးကမူ သားကို အဆိုးမဆို။ အပြစ်မတင်။ မပေါင်းသင့်သူပေါင်းမိ၍ သားတော် မယဉ်ကျေး၊ မလိမ္မာသည်ဟုသာ ပြောသည်။

ခမည်းတော် နန်းကျဘုရင်ကြီး သေချိန်သင့်လျက် မသေခြင်းမှာ မယ်တော်၏ပံ့ပိုးမှုကြောင့်ဟုသိတော့ ''မယ်တော်မိဖုရားကြီးပင် မဝင်စေရ''ဟု အမိန့်ချမှတ်လိုက်လေတော့သည်။

* * *

အစာရေစာအဖြတ်ခံရသော မင်းကြီးသည် တုန်လှုပ်ချောက်ချားခြင်း မရှိ၊ မိမိ၏မင်္ဂလာဖိုလ်ချမ်းသားကိုခံစားလျက် စကြံလျှောက်ရင်း စံစားနေသည်။ ခုနစ်ရက်တိုင် အစာပြတ်နေလျက် အသက်မသေခြင်း အကြောင်းကိုမေးသော် မင်းကြီး စင်္ကြံကြွနေ၍ မျှတနေကြောင်းသိသည်။ ဖခင်အသက်ရှင်နေလျှင် အန္တရာယ်ကြီးသည်ဟု အယူရှိနေသော အဇာတသတ်သည် စင်္ကြံမလျှောက်နိုင်အောင် ခြေဖဝါးကို ဓားခွဲလျက် ဆားသိပ်ခိုင်းလိုက်သည်။ သား၏ရက်စက်သော အပြုအမူ ကိုမြင်ရကြားရသူတိုင်းက အော့နှလုံးနာကြသည်။ မင်းဆိုးမင်းယုတ်ဟု ကွယ်ရာတွင် အပြစ်တင်ကြသည်။

ငယ်စဉ်ကပင် ဖျောက်ဖျက်ရန် တိုက်တွန်းပါလျက် အချစ်ကြီး ချစ်ခဲ့သည့် ဘုရင်ဗိမ္ဗိသာရသည် ခုတော့ မရွေ့ရှားနိုင် တော့။ ပက်လက်အနေအထားဖြင့် ဘုရားရှင်ကိုသာ အာရုံပြုနေတော့သည်။

အဟော ဗုဒ္ဓေါ။

အဟော ဓမ္မော။

အဟော သံဃော။

ဘုရားရှင်၏ဥပါသကာကြီးသည် ဖြစ်ဖြစ်သမျှ ဒုက္ခအဝဝကို ဘဝဝဋ်ကြွေးဟုသာ အောက်မေ့သည်။ သားဆိုးသားမိုက်ကြောင့်ဟု တစ်ခွန်း မဆို။ တစ်ချိန်ချိန်တွင် အမြင်မှန်ရပြီး ဖခင်ဘုရင်ကြီးကို ဝန်ချတောင်းပန်မည်။ ဖခင်၏ ချစ်ခြင်းအပေါ် နားလည်ပြီး၊ လိမ္မာလာလိမ့်မည်ဟု တွေးနေသည်။ သို့သော်သားထံမှ တုံ့ပြန်လာသည့် ချစ်ခြင်းမေတ္တာကိုမရသည့်အခါ သည်းခံစိတ်ထားလျက် ကျေးဇူးရှင်ဘုရားသခင်ကိုသာ အာရုံပြုရင်း စုတေကျသွားလေတော့သည်။

အဖသတ်မည့်သားဟု ပုဏ္ဏားတော်များ ဟောကြားစဉ်က မိဖုရား၏ စကားကို မနာယူ။ သတ်လိုလျှင် သတ်ပါစေ··· ဟုကျေကျေ နပ်နပ်ပြောခဲ့သည့်မင်းကြီးသည် ခုတော့···သား၏သတ်ဖြတ်ခြင်းကို သည်းခံစိတ်နှလုံးသွင်းလျက်ဘဝကိုအဆုံး သတ် သွားလေတော့၏။

ကျမ်းကိုး။ ။ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာသနီ (အဋ္ဌမတွဲ)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ဝက်ပါ လမ်းခွဲ

အနယ်နယ် အရပ်ရပ်မှ ရောက်လာသည့် တပည့်အမြောက်အမြားနှင့် ဆက်ဆံဖူးသဖြင့် လူတို့၏စရိုက်လက္ခဏာကို ဒီသာပါမောက္ခဆရာကြီး သိနေသည်။

အချို့သူတွေက အမျက်ဒေါသ ခက်ထန်သည်။ နိုင်လိုမင်းထက်စိတ် ရှိသည်။ နှိပ်စက်ကလူ ပြုတတ်သည်။ ထိုသို့စိတ်ထားရှိသူ အများစုသည် မင်းညီမင်းသားများ ဖြစ်တတ်သည်။ မွေးရာပါဗီဇစိတ်နှင့် ပတ်ဝန်းကျင်ကပင်သူတို့ကို ဤပုံဤအသွင်ဖြစ်အောင် တွန်းပို့သလိုရှိတတ်သည်။

အချို့သူတွေက လောဘသက္ကာရစိတ်များသည်။ အရာရာကိုဈေးတွက်နှင့် တွက်တတ်သည်။ ငွေရှိလျက်ငွေပေးရမှာ တွန့်တိုလျက် အလုပ်အကျွေးပြုတပည့်အနေနှင့်ပင် ပညာသင်တတ်သည်။ ထိုသူမျိုး၏ မျိုးရိုးကိုလေ့လာလျှင်ကုန်သည်သူဌေးကြီးများဖြစ်နေသည်ကို တွေ့တတ်သည်။

အချို့သူတွေက မာန်မာနစိတ်ရှိသည်။ ငါနှင့်ငါသာ နှိုင်းစရာမရှိဟူသော စိတ်ထားမျိုးရှိသည်။ သူတို့အကြောင်းကိုလေ့လာသော် အမျိုးမြတ်သည်ဟု ယူဆသော ဗြာဟ္မဏတွေ ဖြစ်တတ်သည်။ မိဘအစဉ်အဆက် သွန်သင်ဆုံးမမှုကသူတို့ခေါင်းတွင် အရိုးစွဲနေတတ်သည်။

လူမျိုးတစ်ရာ့တစ်ပါးနှင့် မဖြစ်မနေပေါင်းသင်းရသဖြင့် လူအမျိုးမျိုး၊ စိတ်အထွေထွေကို တွေ့ရသည်။ တပည့်များစွာကိုသင်ပြနေသည့် ဒီသာပါမောက္ခဆရာကြီးသည်ပင် လူ့အကြောင်း၊ လူ့သဘော၊ လူ့မနောကို တပည့်များကြည့်ပြီးမှလေ့လာမှတ်သားနေရသည်။ လေ့လာလေလေ ကျယ်ပြန့်လေလေ…လူကဲကား စိန်ကဲကျောက်ကဲထက် အကဲခတ်ရခက်ခဲလှပေသည်။

* * *

''အမောင်…မရောက်လာတာကြာပြီပဲ''

''ဟုတ်ကဲ့ဆရာကြီး။ သီတင်းလေးပတ်၊ တစ်လနီးပါးလောက် ရှိသွားပြီ။ လာရေးမလာရေး၊ မေးသင့်မမေးသင့်စဉ်းစားရင်း အချိန် ကြာသွားတာပါ''

တပည့်ဖြစ်သူ၏ ထူးခြားသောစကားကြောင့် မျက်မှောင်ကုတ်လျက် စူးစမ်းသောအကြည့်ဖြင့် စိုက်ကြည့်လိုက်သည်။ ထို့နောက်ထူထဲသော မျက်ခုံးနှစ်ခုကိုပင့်တင်လျက် ''ဘာများလဲ…''ဟု အသံတိတ်မေးလိုက်သည်။

www.burmeseclassic.com



ဤလုလင်သည် တိုင်းတစ်ပါးမှ လာရောက်ပညာသင်သည့် ပုဏ္ဏားလုလင်ငယ်ဖြစ်သည်။ ပုဏ္ဏားလုလင်ဆိုသော်လည်း အမျိုးမာန် ကင်းသည်။ အခြားအခြားသော ပုဏ္ဏားများနှယ် မြဟ္မဏဟူသော မာန်မရှိခြင်းသည် ဒိသာပါမောက္ခဆရာကြီး အလိုကျဖြစ်သည်။ အဆိုပါလုလင်သည် ဒေါသလည်းကင်းသည်။ ရန်လိုဒေါသစိတ်ကင်းသဖြင့် အခြားသူများနှင့် ခိုက်ရန်ဒေါသလည်း မဖြစ်။ ရန်လိုသူကိုလည်း အပြုံးဆေးနှင့် နှလုံးအေးစေသည်။ ဒေါသကင်းခြင်းသည် ဒိသာပါ မောက္ခဆရာကြီး သဘောကျဖြစ်သည်။

သူသည် အလုပ်အကျွေးပြုတပည့်အဖြစ် ပညာသင်လိုကြောင်း ယှိကြားလာသည်။ ထိုသို့ လက်ခံလိုက်ခြင်းကြောင့်ပင် ဆရာတပည့်ဆက်ဆံရေးက ပို၍ ခွေးထွေးခဲ့သည်။ သူ၏အလိုက်သိမှု၊ တာဝန်ကျေမှု၊ ကျိုးနွံမှုကြောင့် ဆရာတပည့်ဆက်ဆံရေးထက် ပိုမိုသံယောဇဉ်ဖြစ်ခဲ့သည်။

သူသည် ပညာဆုံးခန်းတိုင်မရောက်မီပင် ဗာရာဏသီပြည်သူတစ်ဦးနှင့် လက်ထပ်လိုက်သည်။ မိဝေးဖဝေး အရပ်မှ ဖြစ်၍ ဒိသာပါမောက္ခဆရာကြီးကပင် မိဘအဖြစ် တောင်းရမ်း လက်ထပ်ပေးလိုက်သည်။ အိမ်ထောင်ရှင်ဖြစ်သွား၍ လင့်တာဝန်၊ မယားတာဝန်စောင့်သိဖို့ လိုကြောင်း၊ တစ်ဦးကိုတစ်ဦး ကြင်နာစွာ ဆက်ဆံဖို့လိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်သောအကြည့်ဖြင့် ကြည့်ဖို့လိုကြောင်း အဆုံးအမ ပေးခဲ့သည်။

တပည့် ပုဏ္ဏားလုလင်သည် ဇနီးသည်နောက် လိုက်ပါသွားသဖြင့် ဆရာကြီးနှင့် အနေဝေးသွားသော်လည်း၊ အဆက်တော့မပြတ်ပေ။ သူတို့ ဇနီးမောင်နှံသည် နှစ်ရက်တစ်ကြိမ်၊ သုံးရက်တစ်ကြိမ်ခန့် ဆရာကြီး အိမ်လာလည်လေ့ရှိသည်။ လာပြန်လျှင်လည်း တစ်နေ့ကုန်တစ်နေ့ခန်း နေသွားပြီး၊ ပြုဖွယ်မှန်သမျှ သိမ်းကျုံးလုပ်ပေးသည်။ ဆရာကြီးနှင့် ဆရာကတော်ကို မိဘသဖွယ် ခြေဆုပ်လက်နယ် ပြုပေးပြီးမှ ပြန်သွားလေ့ ရှိသည်။

လိမ္မာရေးခြားရှိသည့် သားသမီးမျိုးရလျှင် စိတ်ချမ်းသာသကဲ့သို့ တပည့်ကောင်း မြင်ရ၊ တွေ့ရလျှင်လည်း ဝမ်းမြောက်ကြည်နူးရသည်။ ဒိသာပါမောက္ခဆရာကြီးသည် တပည့်ပုဏ္ဏားလုလင်ကိုကြည့်ပြီး ကျေနပ်နေသည်။

တစ်လခန့် ပျောက်သွားသည့်အတွက် နေမကောင်းလို့လား…ပူပန်သောက ရောက်စရာရှိလို့လား…ဟုသောကစိတ်ဖြင့် မျှော်နေစဉ် တပည့်ကရောက်လာသည်။ မပြောဘူးသည့် စကားမျိုး ထူးထူးဆန်းဆန်း ပြောလာသဖြင့် မေးလေးဆတ် မေးလိုက်သည်။

"ကျွန်တော် ဇနီးသည်နဲ့ပတ်သက်လို့ပါ"

"အေး…"

"သူ ကျွန်တော့်အပေါ်ဆက်ဆံပုံက မှုမမှန်ဘူးဆရာ"

"အင်း ပြောပါဦး။ ဘယ်လို မှုမမှန်တာလဲ"

"တစ်ခါတစ်ရံတော့ ကျွန်တော့်ကိုသခင်လိုဆက်ဆံတယ်။ အဲဒီ အခါမှာ ခေါင်းပေါ်တင်ထားမတတ် ပြုစုလိုက်တာ အလွန်ပဲ။ တစ်ဖက်သားကတောင် အားနာယူရတယ်"

"သြော်…"

"တစ်ခါတလေကျတော့လည်း ကျွန်တော့်ကိုကျွန်လိုသဘောထားပြန်တယ်။ အဲဒီအချိန်မှာတော့ အိမ်စေကျွန်ကိုမှ ပြေပြေပြစ်ပြစ် ဆက်ဆံဦးမယ်။ ကျွန်တော့်ကိုကျွန်လောက်တောင် တန်ကြေး မထားတော့ဘူး"

"အင်း…"

"ကျွန်တော့်ခင်ပွန်းမဟာ စိတ်မှမှန်သေးရဲ့လားလို့ အောက်မေ့တယ်။ အဲဒါဆရာကြီးဆီ အကြံဉာဏ်လာတောင်းတာ…"

www.burmeseclassic.com

www.burmeseclassic.com



တပည့်လုလင်ကို ကရုဏာသက်ဟန်ဖြင့် ကြည့်ပြီး ခေါင်းကိုညင်ညင်သာသာပွတ်လျက် "ဒီလိုပါပဲကွယ်…" ဟု စာနာစကားသာဆိုလိုက်မိတော့သည်။

* * *

"အမောင်လုလင်…လောကမှာသိရန် အခက်ခဲဆုံးက မိန်းမတို့စိတ်ထားပဲကွဲ့။ ရှေးဆရာ့ဆရာတွေ ဆိုထုံးစကားရှိတယ်၊ မိန်းမတို့သည် နဒီမြစ်ကဲ့သို့ ကောက်ကွေ့သော သဘောရှိ၏တဲ့…"

"ဟုတ်ကဲ့"

"မြစ်ဆိုတာ ဘယ်တော့မှ ဖြောင့်ဖြောင့်ဖြူးဖြူး မစီးဘူး။ အကွေ့အကောက်များတယ်။ ဒီလိုပဲ မိန်းမတို့ရဲ့ စိတ်ထားဟာ အကွေ့အကောက် အလိမ်အပတ်တွေများတယ်။ သူလိုရင်ဖြောင့်ပြီး၊ သူမလိုတော့ ကောက်ကွေ့တာ မမှတာပါပဲ"

"အမိန့်ရှိပါ ဆရာ"

"အေး၊ မိန်းမတွေဟာ ကျားနဲ့လည်းတူတယ်။ ကျားဟာ သားကောင်ကို အမြဲချောင်းနေပြီး၊ လစ်ငိုက်နေတဲ့ သားကောင်တွေ့တာနဲ့ ခုန်အုပ်ဖမ်းဆီး စားသောက်တတ်တယ်။ ယုတ်တဲ့အကျင့် ရှိတာပေါ့၊ ရက်စက်တဲ့ သဘောဆောင်တာပေါ့"

ဆရာကြီး၏ ဩဝါဒကို ငြိမ်သက်နားထောင်နေသော ပုဏ္ဏား လုလင်သည် သူ့ဇနီးသည်၏ သဘောကို ဆရာကြီး ပုံဟပ်ပြသည့် အတိုင်း ရှိမရှိလေ့လာနေသည်။

"အဲ၊ မိန်းမတွေဟာ ကြောင်လိုလည်း လက်သည်းဝှက် နေတတ်တယ်။ အရေးအကြောင်းရှိမှ လက်သည်း ထုတ်ပြီး ဖမ်းတတ်တယ်။ ပြီးတော့ ကြောင်ဟာ ရန်သူထံကို သိုသိုဝှက်ဝှက်နဲ့ ချဉ်းကပ်တတ်တယ်။ ဒါကြောင့် မိန်းမပရိယာယ်ကို တို့များမှန်းဆရခက်တယ် တပည့်"

"ကျွန်တော်လည်း အကဲမခတ်တတ်တော့လို့ ဆရာကြီးဆီ အကြံဉာဏ်လာတောင်းတာပါ"

"တပည့်၊ မင်းမိန်းမမှာ သယောက်လင်ငယ် ရှိနေလိမ့်မယ်…"

"ဗျာ…"

"ဒီစကားပြောလို့ စိတ်လည်းမဆိုးနဲ့၊ အပြစ်လည်းမတင်နဲ့။ မိန်းမရဲ့ သဘောက ယုတ်မာတဲ့ အကျင့်ရှိတာ မမှတာပဲ။ အဲဒီလိုယုတ်မာမှု ကျူးလွန်ချိန်ကျရင် ကာမပိုင်လင်ကို ကျိုးနွံမှု ပြလေ့ရှိတယ်။ အပြစ်ရှိ နေတာကိုး"

"ဟုတ်ကဲ့"

"အေး၊ အကျင့်ယုတ်မရှိတဲ့ အခါမှာတော့ ဒီမိန်းမက သူ့မှာအပြစ်ကင်းတယ်၊ ဂရုစိုက်စရာမရှိဘူးဆိုပြီး ရိုင်းစိုင်းတဲ့ အမူအကျင့်နဲ့ ဆက်ဆံပြတတ်တယ်…"

"ဒီအတိုင်းပဲ ဖြစ်မယ်ဆရာကြီး။ ဟုတ်ပါတယ်၊ မှုမမှန်တဲ့ဆက်ဆံရေးဟာ ဒီအပေါ်မှာပဲ အခြေခံတာ…"

"အေး…ဒီလို ပြောလိုက်တဲ့အတွက် မင်းစိတ်ထဲမှာ ဘာမှမဖြစ်နဲ့။ ဒေါသစိတ်မထားနဲ့။ တကယ်တမ်း စဉ်းစားကြည့် ရင် ဇနီးမယားဆိုတာ သွေးသားမတော်စပ်တဲ့ တစ်စိမ်းတစ်ရံလေ… မင်း အပေါ်မှာ မိခင်လိုလည်း သံယောဇဉ်မရှိနိုင်ဘူး။ နှမလေးလိုလည်း မချစ်နိုင်ဘူး။ မိကြီးမိထွေးလိုလည်း မတွယ်တာနိုင်ဘူး"

"ဒါပေမယ့် ကျွန်တော်က ရိုးရိုးသားသား လုပ်ကိုင်ကျွေးနေတာ ပဲ"

"အဲဒါက ဝတ္တရားလေ တပည့်ရဲ့။ လင်သားတစ်ယောက်ဖြစ်လို့ လင့်ဝတ္တရားကျေအောင် ထမ်းဆောင်တာ…။ အေး၊ မယားတစ်ယောက်က မယားတာဝန်မကျေလို့ အပြစ်မဆိုနဲ့။ ဒီကိစ္စက သူ့စိတ်သူ့ကိုယ်။ သူ့စိတ်အကျိုးက သူ့ကို ပြန်အကျိုးပေးလိမ့်မယ်။ မင်းဘက်ကသာ တာဝန်မချွတ်ယွင်းစေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားလုလင်သည် ဆရာကြီး၏ အဆုံးအမစကားကို ဆက်ပြီး နားထောင်နေသည်။ လင်သားတစ်ယောက် အနေနှင့် မဖောက်မပြန် မှန်ကန်စွာဆက်ဆံသော်လည်း မိမိအပေါ် သစ္စာမဲ့သည့်ဇနီးသည်ကို ဒေါသဖြစ်မိသည်။ ထိုသို့ဒေါသစိတ် ဖြစ်မှန်းသိ၍ ဆရာကြီးက မိန်းမတို့၏ သဘာဝကို ဆက်ရှင်းပြသည်။

''အေး၊ ဖောက်ပြန်တယ်ဆိုတဲ့ မင်းမယားဟာ မင်းကိုမချစ်လို့တော့ မဟုတ်ဘူး။ ယုတ်မာစိတ်မွေးချင်လို့လည်း မဟုတ်ဘူး။ မင်းအပေါ် ချစ်တယ်။ ဒါပေမယ့် ကိလေသာကာမဂုဏ်ကိုတော့ မထိန်းနိုင်ဘူး။ အချစ်နဲ့ကိလေသာဟာ အဓိပ္ပာယ် ခြားနားသလို၊ အနှစ်သာရလည်းကွာတော့ ဖြစ်တတ် ကြုံတွေ့ရတတ်ပါတယ် တပည့်၊ သည်းခံလိုက်ပါ''

''ကျွန်တော် ဘယ်အထိ သည်းခံရမှာလည်း ဆရာကြီး''

''မင်းဇနီး လိမ္မာလာသည်အထိ''

မိဘနှယ် ရိုသေလေးစားရသည့် ဆရာကြီး အဆုံးအမကြောင့် လုလင်က ဣန္ဒြေမပျက်ဆက်ဆံသည်။ လင့်ဝတ္တရား ကျေအောင်နေသည်။ မယား၏ စိတ်ထားမမှန်မှုကိုလည်း လျစ်လျူရှုနေလိုက်သည်။ သူက ဘာမျှမပြောသော်လည်း၊ ဇနီးသည်ကမူ သူ့အကျင့်ယုတ်မှုကို ဆရာကြီးသိသွားကြောင်း သတင်းပြန်ရသဖြင့် အကျင့်ယုတ်မှုကို ဖျောက်ဖျက်လိုက်တော့သည်။

ပုဏ္ဏားလုလင်၏ ခွင့်လွှတ်သည်းခံမှုကြောင့် ဇနီးချောလေးလိမ္မာရေးခြားရှိခဲ့သည်။ နောက်နောင်တွင်လည်း အကျင့်ယုတ်ကိုတွေ့မြင်ရတော့မည် မဟုတ်ပေ။

ကျမ်းကိုး။ ။ဧကနိပါတ်၊ ဒုရာဇာနုဇာတ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သည်းခံကြည်ဖြူ ပေးအပ်လှူ

ဒင်ခနဲ့…အသံတစ်ခုကိုဦးစွာကြားလိုက်သည်။ ထို့နောက် ချက်တိုင်မှကျောအထိ တစ်စုံတစ်ခု ဖောက်ဝင်သွားသည့်နှယ် ခံစားလိုက်ရသည်။ ခန္ဓာကိုယ်တစ်ခုလုံး ကျောက်တောင်နှင့်တိုက်မိသည်အလား တုန်လှုပ်သွားသည်။ အသည်းနှလုံးကို ဆွဲညှစ်ယမ်းခါခံရသည့်နှယ် နာကျင်သွားသည်။ ဝေဒနာကို အောင့်အည်းသည်းမခံနိုင်သဖြင့် ကြိုးကြာသံဖြင့် ကျီကျီ… ကျာကျာ အော်မြည်လိုက်မိသည်။

"ရန်သူ…ရန်သူ"

အနီး၌ရှိနေသည့် မဟာသုဘဒ္ဒါမိဖုရားကအထိတ်တလန့်အမူအရာဖြင့် အော်ဟစ်လိုက်သည်။ မိဖုရားအသံကြောင့် အခြွေအရံဆင်ရှစ်ထောင်သည် အရပ်လေးမျက်နှာသို့ တဟုန်ထိုးပြေးထွက်သွားသည်။ တောတွေ၊ ချုံတွေကိုနှာမောင်းနှင့်ဆွဲယမ်း၊ ခြေနှင့်ကန်ကျောက်ပြီး ရန်သူကိုရှာသည်။ ဘုရားလောင်းဆင်မင်းအား ရန်ပြုသူကိုတွေ့လျှင် စိစိညက်ညက်ကျေအောင် ချေဖျက်ပစ်တော့မည်။

အဝေးအရပ်သို့ပြေးလွှားရှာဖွေနေသော်လည်း ရန်သူကအဝေးတွင် မရှိ။ အနီး၌သာရှိမည်။ ရန်သူ၏မြားချက်သည့်အောက်အရပ်မှလာသဖြင့် ဆင်မင်း၏အသက်ကို ရန်ရှာသူသည် အောက်ဘက်၌သာ ရှိမည်ဟုတွေးသည်။ ထို့ကြောင့် နှာနှင့် ရှပ်ကြည့်လိုက်သည်။

သြော်…။

ဘုရားလောင်းဆင်မင်းသိလိုက်ပါပြီ။ တွင်းတစ်ခုအပေါ်တွင် ပျဉ်ချပ်ဖုံးကွယ်ထားလျက် ရန်သူက ဆင်မင်းအလာကိုစောင့်ပြီး လုပ်ကြံခြင်းဖြစ်သည်။ ဤသို့ရှိမှန်းသာ မိဖုရားကြီးသိလျှင် ရန်သူအသက်ရှင်ဖွယ်မရှိ။ အခြွေအရံဆင်များသိသွားလျှင်မူ မှုန့်မှုန့်ညက်ညက်ကြေသွားမည်။ မိမိကြောင့်တစ်ပါးသူ အသက်မဆုံးရှုံးစေနှင့်။ ရန်သူပင်ဖြစ်စေကာမူ တစ်ဖက်သား ဥပဒ်မဖြစ်စေလိုသည်မှာ ဘုရားလောင်း၏ဆန္ဒ။

"အချင်းမိဖုရား၊ အခြားသူတို့ကား ငါဘေးရန်ဖြစ်သည်ကို စိုးရိမ်ဟန်ဖြင့် ပျာပျာသလဲရှိကြတယ်… သင်ကမူ မတုန်မလှုပ်၊ စိုးရိမ်ဟန်မပြ၊ ပူပန်ရမှန်းလည်း မရှိပါကလား…"

ဘုရားလောင်းဒဏ်ရာအနာတရဖြစ်၍၊ တစ်ကိုယ်လုံးတုန်ယင်ပြီး လဲပြိုတော့မည့်အခြေအနေတွင် သုဘဒ္ဒါမိဖုရားကလဲပြိုကျမသွားအောင် ကိုယ်နှင့်ထိန်းထားသည်။ အနာသက်သာပါစေ…ဟူသောသဘောဖြင့် ဖေးမထားသည်။ ဤသည်ကိုပင်အပြစ်ဆိုသဖြင့် စိတ်မချမ်းမသာ ဖြစ်သွားသည်။

"အဲလိုမပြောပါနဲ့ မောင်တော်…ဒီလောက်ဝေဒနာခံစားနေရတဲ့ မောင်တော်ကိုထားခဲ့ပြီး၊ ဖုရားနှမစွန့်ခွာသွားလို့ ဘယ်မှာစိတ်ချနိုင်မလဲ…"

www.burmeseclassic.com

www.burmeseclassic.com


"မဆိုင်တာ အကြောင်းမပြပါနဲ့ မိဖုရား၊ သင့်ချစ်ခြင်းကို ငါနားလည်ပါတယ်"

ဘုရားလောင်း၏စွပ်စွဲစကားကြောင့် မခွာချင်ပါဘဲလျက် ဘုရားလောင်းကို ဦးခိုက်လျက် ထွက်သွားသည်။ မိဖုရားကြီးသွားမှပင် ရန်သူအဖို့ ဘေးရန်ကင်းပြီဟုတွက်ဆလျက် ပျဉ်ချပ်ကိုခွာနှင့် ရှပ်လိုက်ရာ ရန်သူသည် မလှုပ်သာဘဲ၊ ငုတ်တုတ်ထင်ရှား ပေါ်လာတော့သည်။

* * *

ဟင်…။

မိမိအား အသက်အန္တရာယ်ပြုသည့် ရန်သူကို ဒေါသနှင့်တုံ့ပြန်ရန် စိတ်ကူးသည်။ ယုတ်မာသည့်မုဆိုးကို တွင်းထဲမှ နှာမောင်းနှင့်ဆွဲအယူတွင် ရဟန်းတို့ဝတ်ရုံသည့်သင်္ကန်းစ နှာမောင်းထက်ပါလာသည်။

လူဆိုး၊ လူမိုက်၊ လူယုတ်မာနှင့် အရဟတ္တ တန်ဆာသည် မည်သို့မျှ မပတ်သက်၊ မသက်ဆိုင်။ ယုတ်မာသည့် အကြံနှင့် ကြံစည်မှန်း သိလိုက်သည်။ သို့သော် ယုတ်မာသူက အဘယ်သို့ပင် ယုတ်မာစေ ကာမူ၊ သူတော်ကောင်း အကျင့်ရှိသူက စိတ်ယုတ်မမွေးသင့်။ သူတော်စင် သူတော်ကောင်းတို့နှင့် ဆက်စပ်နေသည့်အတွက် သည်းခံစိတ်မွေးရ တော့မည်။

အလောင်းတော်ဆင်မင်းသည်တွင်းထဲပုန်းလျှိုးနေသည့် မုဆိုးမိုက်ကို နှာမောင်းနှင့်သာ ပွေ့ယူလျက် မြေပြင်ထက် ချလိုက်သည်။

"အချင်းမုဆိုး၊ သင်ဟာယုတ်မာသော အကျင့်ရှိလျက် ဘယ့်အတွက် အရဟတ္တတန်ဆာကို ဆောင်ဘိသနည်း"

"ကျွန်ုပ်ကို အပြစ်မဆိုပါနဲ့ ဆင်မင်း။ ဤကိစ္စသည် စေခိုင်းသူ၏ အစီအမံပါ"

"ငါဟာ…သင်ရဲ့ရန်သူလည်းမဟုတ်၊ သင်နှင့်လည်းမသိ၊ သင့်ကိုလည်း ရန်မရှာ။ သို့စဉ်လျက် ဘယ့်အတွက် ကြောင့် စိန်သွားတပ် မြားနဲ့ခွင်းရသလဲ"

"ကျွန်ုပ် ဒီလိုမပြုချင်ပါ။ ဤကိစ္စသည် စေခိုင်းသူ၏အစီအမံပါ"

"အချင်းမုဆိုး၊ ငါဟာဟိမဝန္တာရှိ ဆဒ္ဒန်အိုင်သာမှာ ဓလေ့အလိုက်ပျော်ပါးရင်း၊ သီလနဲ့နေသူဖြစ်တယ်…၊ ဒီလိုအကျင့်သီလ ပြည့်စုံသူကို ရန်မမူသင့်"

"ကျွန်ုပ် စိတ်ဆန္ဒနဲ့ ကြံရွယ်ချက်မရှိပါ။ ဤကိစ္စသည် စေခိုင်းသူ၏ အစီအမံပါ"

ဆင်မင်းသည် ရန်သူကို အပြစ်မယူလိုသော်လည်း မပြစ်မှားသင့် သူကို ပြစ်မှားမိလေခြင်းဟု နောင်တရစေရန် စူးစမ်းခဲ့သည်။ ထိုအခါ လက်ရ ဖမ်းမိနေသော တရားခံက သူ့အပေါ်အပြစ်မတင်သင့်ကြောင်း၊ ဆန္ဒ မရှိပါဘဲလျက် ခိုင်းသူကခိုင်း၍ လုပ်ရကြောင်း ပြောဆိုနေသဖြင့် တွေဝေစိတ် ဖြစ်သွားသည်။ ထိုအခါကြောက်စိတ်ဖြင့် တုန်လှုပ်နေသော မုဆိုးကို စူးစူးစိုက်စိုက် ကြည့်မိသည်။

မုဆိုး၏အသွင်က သူတော်ကောင်းတို့ သွင်ပြင်လက္ခဏာမရှိ။

တွန့်လိမ်ကောက်ကွေး ပြောင်းဖူးမွေးဆံပင်က ဆီမသ၊ ဆေးမခြယ်၊ ကျိုးကန်းသိုက်နှယ်…။ မျက်နှာကလည်း ညစ်ထေးထေး၊ စုတ်ပြတ်ပြတ်…ကျင်စွယ်နှုတ်ခမ်းမွေးက မသပ်ရပ်၊ ထန်းမွေးဖြတ်ပြီး တပ်ထားသလို… နဂိုရှိမြဲ မုတ်ဆိတ်များကလည်း သစ်ပင်ကိုပျားစွဲသည့် အလား…။ သရဲများ ဝင်စားလေသလား ထင်မှတ်မှားသည့် နီရဲရဲ မျက်လုံးကြောင့် လူပင်ဆိုငြား လူသားနှင့်မတူ၊ ဘီလူးသဘက်အသွင်ပေါက်နေသည်။

"အချင်းမုဆိုး၊ သင့်စကားအလာ၊ ဆန္ဒမပါဘဲပြုခဲ့သည်ဆိုခြင်း ငါရှင်းအောင် ပြောစမ်းပ"

"ဆဒ္ဒန်မျိုးမြတ်အရှင်…ဆင်ခြင်တော်မူပါ။ မင်းမြဟ္မဒတ်၏ မယား တောင်ညာစံ မိဖုရားက စိန်မရှား၊ မြမရှား၊ ပတ္တမြားတွင်းထွက် နှစ်သက်ရာယန်ဆင် ဂုဏ်တင်နိုင်ပါလျက်…မြကိုမမင်၊ စိန်မဆင်၊ တောခွင်ရပ်ခြား ဆင်စွယ်ကိုမှ ပန်ချင်သတဲ့ ဘုရား…"

www.burmeseclassic.com

www.burmeseclassic.com


"သြော်..."

"ဆင်စွယ်ဆိုငြား နှစ်ပြားတစ်ပဲ တန်ဖိုးနည်းသည့် ဆင်မည်းရဲ့ အစွယ်ကို နားမှာညီဟန် မပန်ဆင်လို အမှုပိုတစ်မျိုး နှဲ့ပြီး...ဟိမဝန္တာအိုင် သာယာက ဆဒ္ဒန်မျိုးနွယ် ဆင်စွယ်ကိုမှ ပန်ဆင်သလိုပါသတဲ့"

"အင်း..."

"ဆင်မင်းအစွယ်၊ ခုဝယ်မပန်ရရင်ဖြင့် ကြမ္မာဂြိုဟ်ဆိုး၊ ရောဂါမျိုး ကိုးဆယ့်ခြောက်၊ ကိုယ်မှာကပ်ရောက်သည့် အလား နတ်ရွာလားပါရလိမ့်မယ်လို့ ကလူသလိုမြူသလိုနှဲ့တာကြောင့်၊ ဟိုလူကြီး မင်းမြတ်ဗ္ဗဒတ်က ဘာညာမတွေး အရေးတော် ပေါ်ပြီဆိုလျက် ဆင့်ခေါ်ချက်ထွက်လာပါဘုရား"

"အင်း..."

"မင်းမြတ်ဗိုလ်ပုံ၊ မုဆိုးတို့စုံတဲ့အခါ၊ ကျားကျားလျားလျား စာသူငယ်ကြားနားနေတဲ့-လင်းတ၊ ထူးခြား မုဆိုးမိုက်၊ နင့်အသွင် ငါကြိုက်ပြီ...မယားအလိုငါတောင်းဆိုမယ်...တောဟိုဝနာခုသွား၊ ရှားပါးတဲ့ ဆင်စွယ်ကို လက်ဝယ်အရောက် ဆက်လေတော့လို့ အမိန့်တော် မှတ်ပါဘုရား"

"သြော်..."

"အဆာကျယ်တာက မိဖုရား၊ အသွားစေခိုင်းသူက ဘုရင်မင်းမြတ်၊ လေးပစ်သူက ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက် ဤသုံးယောက်တွင်မှ ကံကွက်ကျား ငမိုက်သားမုဆိုးလေ သင်သာ သေရေးဆိုလည်း ကံမွဲသူ ဘုရားကျွန်တော် အသေဆိုးနဲ့ သေရပါတော့မယ်...လူမိုက်အကြံ သင်ချည်းခံ တော့ဆိုရင်လည်း မလွတ်သာ၊ ခွင့်ပေးပါမှ ချမ်းသာရမယ့် ဘုရားကျွန်တော်ပါ"

မုဆိုးမိုက်သည် ရပ်ရည်နှင့်မလိုက်အောင် ကြောက်ရွံ့ထိတ်လန့် သည့် အမူအရာနှင့် ကြုံကြုံပါအောင် ငိုရှိုက်နေပုံက စိတ်ပျက်စရာပင်။ သို့သော် အကြောင်းခြင်းရာကို ထောက်မျှော်သော် ပြီးစမတုံး၊ အမုန်းကြီးမုန်းလေသူကား ရှေးကမယားဟောင်း စူဠသုဘဒ္ဒါ အလောင်းမှန်းသိလိုက်သည်။

"အချင်းမုဆိုး၊ သင့်စကားအလာ၊ ငါသိပါချေပြီ။ မဖြစ်စလောက် အမှု၊ အပြစ်လို့ရှုမြင်၊ ငါ့ကိုသတ်ချင်သူကား ငါ့မယားဟောင်းဖြစ်ချေသည်။ မိန်းမလှအမုန်း သည်ဘဝသည်မျှနှင့်ဆုံး၊ အမုန်းစတုံးပါစေတော့၊ သင်လိုတဲ့အစွယ်များ၊ ငါနောင်ဘဝကိုရှေးရှု၊ ငါပေးလှူပါတော့မယ်..."

"အို...ကျွန်တော်မျိုးနားကြားမှားလေရော့သလား"

"အချင်းမုဆိုး၊ သင်အကြားမမှား၊ သဗ္ဗညုဉာဏ် ကေန်လိုချင်တဲ့ ငါကမင်းအရှင်မ၊ ဝမ်းသာရာရအောင် လှူပါ့မယ်၊ ဖြတ်ဖို့သာပြင်ပေတော့"

အလောင်းတော် ဆင်မင်းမှအစွယ်ကို ဖြတ်လှူမည့်စကားပြောကြားလိုက်သည်နှင့် ခွေးပိန်လောက်တွယ်၊ တအယ်အယ် အော် နေသည့်အလား မုဆိုးသားသည် ဝမ်းသာအားရ ခုန်ထလိုက်ပြီး ကွေးနေအောင်ကလေတော့သည်။

*　*　*

အစွယ်လိုသူမှာ စူဠသုဘဒ္ဒါမှန်း သိလိုက်ချိန်တွင် ရှေးယခင်က သွားအတူလာအတူ ကလူကျီစယ်ခဲ့သည့် အဖြစ်ကို တွေးမိသည်။

စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါဟူသော မယားနှစ်ယောက်အနက် အကြီးကိုပိုသည်၊ အငယ်ကိုပိုသည်ဟု သဘောထား မရှိခဲ့။ ငယ်ရွယ်သူဟူသောဂုဏ်ဖြင့် အရာရာအလိုမကျ ငြူစူစောင်းမြောင်းတတ်သည့် မိဖုရားကို အလိုလိုက်အကြိုက်ဆောင် ကျေနပ်အောင်ထားခဲ့သည်။ သို့သော် အကြိုက်တစ်ရာ ဆောင်ပါငြားလည်း မလိုက်တစ်ခါ၊ ကလူကျီစယ်ခဲ့သည့်အမှားက အငြိုးရန်စဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင်မူ အင်ကြင်းတောဒ္ဒ ပျော်စံစဉ် ဖူးပွင့်ဝေဝေ၊ ရနံ့တွေသင်းတဲ့ ရွှေအင်ကြင်းခက်ကို ခူးလျက် မယားအလှ ပန်ဆင်ကြဆိုပြီး အခက်ကိုလှုပ်ခါအချတွင် မဟာသုဘဒ္ဒါအပေါ် ဝတ်မှုန်ဝတ်ဆံကျပြီး၊ စူဠသုဘဒ္ဒါ ဦးကင်းထက်၊ ကြံအပက်၌မူ ပုရွက်၊ ပိုးမွား၊ ခါချဉ်များကျလေတော့ မယားကြီးရှေ့မှာ အရှက်ရအောင်ဖန် တမင်ကြံသည်ဟု ငြူစူခဲ့သည်။ မပြောပလောက်သည့် ထိုအမှားကို လင်သားရယ်လို့ သဘောမထား…ကျီစယ်တာပါ လားဟု မတွေးထင်…ငယ်လင်ကိုပင်မုန်းစိတ်ဝင်ခဲ့သည့် မိန်းမသားကြောင့်ခုများတော့ အသက်ဆုံးရှုံးရလေပြီ။

အစွယ်ကို ဖြတ်လှူရန်အကြံဖြင့် မုဆိုးမိုက်ရှေ့ဒ္ဒ ဦးဝိုက်၊ နှာမောင်းခင်း၊ ခြေဆင်းပေးလိုက်သည်တွင် မုဆိုးပြောက်ကျား၊ လှူငန္ဒားက ရှေ့လက်ပေါ်ခုန်တက်၊ နှုတ်ခမ်းကို ဆောက်ထိုးလှန်လိုက်သဖြင့် သွေးချောင်းတွေတွေ စီးလေတော့သည်။

နာကြင်မှုကို သည်းခံလျက် ''ပြုလိုရာပြုတော့၊ ငါ့အသွေး၊ ငါ့အသား၊ ငါ့နှလုံးသားမချန် လှူရန်ရည်မှန်းထားပြီး'' ဟု ဆိုလိုက်သည်နှင့် မုဆိုးလူယုတ်သည် စွယ်ရင်းကို ဒိုင်းလွှနှင့်ဖြတ်တော့သည်။ ကြောက်ဖွယ် ကျားကျား၊ လှူငန္ဒားသည် လောဘအားကြီးလျက် အစွယ်ကိုရလေမှ စွယ်ငုတ်ပင်မချန် အရကြံတော့မည့်အတွေးနှင့် မထောက်မညာ မသက်သာအောင် ဖြတ်သည်ကြောင့် နှုတ်ခမ်းသားတွေ ပွဲကြေကုန်တော့သည်။

''အချင်းမုဆိုး။ သင်ပြုသည့်ဒဏ်၊ ငါ့မှာခံရခက်သည်။ ငါကိုယ်တိုင်ဖြတ်၊ သင့်လက်အပ်ပါတော့မည်၊ ငါ့နှာမောင်းထဲ သင့်လွှကိုသာ ထည့်ပါတော့''

ရလိုဇောနှင့် မောအောင်တိုက်သော်လည်း မဖြစ်စလောက်လွှရာသာ ထင်သည်။ ဤမျှကြန့်ကြာလျှင် ငယ်ချစ်ရင်းနှမ၊ မယ်ဘဒ္ဒါပြန်လာသော် နှစ်ဦးနှစ်ဝအကျိုးမရဘဲ မုဆိုးမိုက်ပျက်ပြုန်း အသက်ဆုံးတော့အံ့ဟု တွေးမိသည်။ ကြာရှည်ဖင့်လေး မနေအောင် ကိုယ်တိုင်ဖြတ်ချလျက် အစွယ်နှစ်စုံကို ချီမယူလိုက်သည်။

''အချင်းမုဆိုး။ သင့်သခင်မ မုန်းပင်စိုက်ပျိုး၊ ပြေချိန်ညှိုးလျက်၊ မပြေနိုးသည့် မိန်းမမိုက်မုဆိုးကို ငါမှာတဲ့စကားပြောကြား လိုက်ပါ''

''မှန်ပါ…မှန်ပါ''

''ဟိုယခင် ရေးအထက်က ကြင်ဘက်ဟောင်း ဆဒ္ဒန်၊ မုန်းမာန်မရှိ၊ မုန်းစိတ်မဝင်၊ အပြစ်လို့မထင်ဘဲ၊ ကြင်ဖက် သက်လျာ၊ ပန်ဆင်ပါစေ တော့ဟု နှစ်ဖြာစွယ်များ၊ ဖြတ်ထားအလှူ သုံးတော်မူလော့လို့ မှာလိုက်ကြောင်း ပြောလိုက်ပါ''

''မှန်ပါအရှင်…''

''ငါတစ်မူကား ဤပြုရ ကုသလကြောင့် ဘဝအတန်တန်၊ အမှန်ရည်မှန်း၊ သဗ္ဗညုတဉာဏ်စွမ်းရစေကြောင်း ဆုတောင်းအပ်ပါတယ်…''

ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းသည် အစွယ်ကိုအပ်၊ လမ်းညွှန်အပ်ပြီးသည်နှင့် တင်းထားသည့်မာန် အားလျှော့ချသည် တွင် ခန္ဓာရုပ်ပျက်ပြုန်း အသက်ဆုံးလေတော့သည်။

ရန်သူကိုရှာဖွေရန် ထွက်သွားသည့် မိဖုရားသုဘဒ္ဒါနှင့် ဆင်ပေါက် ရှစ်ထောင် ပြန်အလာတွင် မြင်မကောင်းအောင် သွေးအိုင်ထွန်းနေသည့် ဆင်မင်းအလောင်းကို မြင်ရသည်။ အစွယ်ဟောင်းလောင်းနှင့် အသက်ဆုံးနေသည့် ဆင်မင်း အသွင်မြင်ရမှ ရန်သူ့လက်ချက်နှင့် အသက်ဆုံးရှုံးရသည့်ဖြစ်အင်ကို မြင်ရ၍ ရင်ကွဲမတတ်ခံစားရသည်။ အလောင်းတော် အရှင်မြတ်သည် ရန်သူကိုမြင်လျက်၊ တွေ့လျက်နှင့် ရန်တုံ့မမူဘဲ ကြည်ဖြူ သဒ္ဒါလှူသွားရှာပါပေတကားဟု သံဝေဂဖြစ်ကြ ရတော့သည်။

ကျမ်းကိုး။ ။ တိသနိပါတ်၊ ဆဒ္ဒန္တဇာတ်

www.burmeseclassic.com



www.burmeseclassic.com

အစ်ကိုကြီးအပြစ်မတင်တာ သိပါတယ်။ ဒါပေမယ့် ဒီလိုဖြစ်ပျက်ရတာ
စိတ်မကောင်းလို့ပါ။ ကျွန်ုပ်ဟာ ဝေစုကြာစွယ်ကို ခိုးယူမိခြင်းအဖို့၊
ပန်းကိုပန်ဆင်သူ ကာသိကတိုင်းဖြစ် စန္ဒကူးကို လိမ်းကျံရသူဖြစ်ပါစေသား...
သားသမီးတွေများစွာဖြစ်ထွန်းပါစေသား... ကာမဂုဏ်တို့၌
အလွန်ထက်မြက်ငဲ့ကွက်မှု၊ တွယ်တာမှုကို ကျွန်ုပ် ပြုရပါစေသား...

www.burmeseclassic.com

www.burmeseclassic.com

# သစ္စာပါရမီ

ဤနေရာတွင် သမ္မုတိ သစ္စာနှင့် ပရမတ္ထ (၂)ပါးသည် မိမိဆိုင်ရာသဘောအရ မှန်သည်။ ပညတ်သဘော ယူလျက် ''ဤအရာသည် လူဖြစ်၏။ ဤစကားမမှန်က ကျမ်းစူပါစေ''ဟု ကျိန်လျှင် သမ္မုတိသစ္စာသမားကို ကျမ်းမစူးနိုင်၊ ထို့အတူ ''ဤအရာကား လူဟူ၍မရှိ ၊ မမှန်ကကျမ်းစူးပါစေ''ဟု ပရမတ္ထသမားပြောလျှင် ကျမ်းမစူး။ သူ့အကျင့် သူမှန်ကန်သဖြင့် ''သစ္စာ''မည်ပေသည်။

သစ္စာပါရမီဟူသည် မချွတ်မယွင်းမှန်ကန်သည့်သဘောဖြစ်သည်။ သောကြာကြယ်သည် မိမိ၏သွားမြဲလမ်းကို စွန့်လျက် အခြားလမ်းသို့မသွား။ အချိန်မရွေးရာသီမရွေး လမ်းကြောင်းအမှန် သွားလေ့ရှိသည်။

မှန်ကန်သည့်သဘောကို သစ္စာဆိုငြားသော်လည်း မှန်ကန်ခြင်းသည်လည်း အရာလိုက်၍ ကွဲပြားသည်။ ကွဲပြားဟန်မှာ–

(၁) **သမ္မုတိသစ္စာ။** ။လောက၌ လူအများခေါ်ဝေါ်ပညတ်သမုတ်အပ်သည့်အတိုင်း မှန်ကန်ခြင်း ဖြစ်သည်။ များသောအားဖြင့် ပုံပန်းသဏ္ဌာန်ခွဲ၍ ပညတ်သမုတ်ကြသည်။ ဤပုံသဏ္ဌာန်ရှိက ''လူ''၊ ဤပုံသဏ္ဌာန်ရှိက နွား။ ဤပုံသဏ္ဌာန်ရှိက ယောကျ်ား၊ ဤပုံသဏ္ဌာန်ရှိက မိန်းမဟူ၍ ပညတ်ခေါ်ဝေါ် သမုတ်သည်။ သမုတ်သည့်အတိုင်း ပြောဆိုလျှင် သမ္မုတိသစ္စာမည်၏။

(၂) **ပရမတ္ထသစ္စာ။** ။''လူအများသမုတ်သည့် အရာမဟုတ်သော ဧကန်မုချ ဆတ်ဆတ်ရှိသော သဘောတရားကို ပရမတ္ထသစ္စာခေါ်သည်။ ဥပမာ အာရုံအမျိုးမျိုးကို သိခြင်းသဘောသည် စိတ်မည်၏''ဟု ဆိုရာမှာ စိတ်ဟူသောစကားအရ အာရုံကိုသိခြင်းသဘောသည် ပရမတ္ထ သဘာဝအားဖြင့် ထင်ရှား၍ မှန်ကန်၏။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့သည် ပရမတ္ထအားဖြင့် ထင်ရှား၍ ပရမတ္ထသစ္စာမည်၏။

သစ္စာ(၂)ပါးတွင် သမ္မုတိသစ္စာသည် သညာ၏ အာရုံဖြစ်သည်။ ပုံသဏ္ဌာန်ကိုစွဲလျက် မှတ်ထားခြင်းမှာ သညာတရားဖြစ်သည်။ ပရမတ္ထသစ္စာသည်ကား ပညာ၏ အာရုံဖြစ်သည်။ ပညာဖြင့်သာ ထင်ရှားနိုင်သည်။

စိတ်ဟူသော သိခြင်းသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ပညာဖြင့် ဆင်ခြင်သူအဖို့ စဉ်းစားလေလေ ထင်ရှားလေလေဖြစ်၏။ သညာသမားတို့ကမူ ပုံသဏ္ဌာန်ကို မှတ်သားသောသဘောဖြစ်၍ စိတ်တရားရှိသည်ဆိုလျှင် ထိုစိတ်သည် အလုံးလော၊ အပြားလော၊ လေးထောင့်လော၊ အမှုန့်လော၊ အရည်လောဟု မေးမြန်းမည်ဖြစ်သည်။ ဤသို့မေးလျှင် ဖြေနိုင်မည်မဟုတ်။ မဖြေနိုင်သဖြင့် စိတ်မရှိပြီဟု မဆိုသာ။

www.burmeseclassic.com

www.burmeseclassic.com



ပရမတ္ထသစ္စာကို သညာသမားကြည့်လျှင် ကြည့်စဉ်မှာပင် အကောင်အထည်ရှာမရ။ သမုတိသစ္စာကို ပညာ အမြင်ဖြင့် ကြည့်လျှင် ကြည့်စဉ်မှာပင် အကောင်ရှာမရဖြစ်တတ်သည်။ ဥပမာ သမ္မုတိသစ္စာအရ လူဟုခေါ်သည်ကို ခွဲခြားလျှင် ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း စသော သုံးဆယ့်နှစ်ကောဌာသကို လူလောဟု မေးလျှင် မဖြေနိုင်။ သုံးဆယ့်နှစ်ကောဌာသကို တစ်ခုချင်းစစ်သော် လူဟု မဆိုနိုင်၍ လူမရှိကောင်းဟု ပညာသမားတို့က ပြောကြမည်သာ၊

သစ္စာပါရမီဟူသည်ကား စကားကိုမချွတ်မယွင်း မှန်ကန်စွာ ပြောဆိုခြင်းဟူသော ဝစီသစ္စာ ဖြစ်သည်။ ဝစီသစ္စာကို မိမိ၏သန္တာန်၌ ပြည့်စုံအောင်ဖြည့်ကျင့်ခြင်းကို ''သစ္စာပါရမီဖြည့်သည်''ဟု ဆိုအပ်သည်။ ဘုရားအလောင်း သူတော်ကောင်းတို့သည် ဤဝစီသစ္စာကိုအထူး ဖြည့်ဆည်းကြပေသည်။ ဝစီသစ္စာမှာ (၃) ပါးရှိသည်။ ၎င်းတို့မှာ-

(၁) သဒ္ဒဟာပနသစ္စာ၊

(၂) ဣစ္ဆာပူရဏသစ္စာ၊

(၃) မုသာဝိရမဏသစ္စာတို့ဖြစ်သည်။

သဒ္ဒဟာပနသစ္စာဟူသည် သူတစ်ပါးတို့ မိမိကိုယုံကြည်စေရန် အမှန်ပြောကြားသော ဝစီသစ္စာ ဖြစ်သည်။ ကောင်းရာကိုပဲတွေးတွေးကြံကြံ၊ မကောင်းရာကိုပဲ တွေးတွေးကြံကြံ မှန်သောစကားကိုဆိုလျက် သစ္စာပြုလျှင် သဒ္ဒဟာပန သစ္စာဖြစ်သည်။ ဤစကားဥပမာကို ပကိဏ္ဏကနိပါတ်၊ ဘိသဇာတ်တွင်တွေ့ရသည်။

ဘိသဇာတ်တွင် ညီနောင်တစ်စု ရဟန်းဝတ်လျက် သူတော်ကောင်းအကျင့်ကျင့်သည်။ ကိလေသာကာမဂုဏ်ကို စက်ဆုပ်ရွံရှာသည်။ သို့ သော် တစ်ဖက်သားယုံကြည်အောင် သစ္စာပြုတိုင်တည်သောအခါ ''အကယ်၍ ကျွန်ုပ်သည် အရှင်၏ဝေစုဖြစ်သည့် ကြာစွယ်ကိုခိုးယူငြားအံ့၊ မြင်းကိုလည်းကောင်း၊ နွားကိုလည်းကောင်း၊ ငွေကိုလည်းကောင်း ရွှေကိုလည်းကောင်း၊ နှစ်သက်ဖွယ်ကောင်းသော မယားကိုလည်းကောင်း ဤအရပ်မှာရရှိပြီးလျှင် သားမယားနှင့် ပြည့်ပြည့်စုံစုံ၊ နေရသည်ဖြစ်ပါစေ''ဟု သစ္စာဆိုသည်။

သာမန်ပုထုဇဉ်တစ်ယောက်အနေနှင့် ဤစကားကြားလျှင် သစ္စာ စကားမဖြစ်ဘဲ ရယ်စရာသာဘော ဖြစ်နေသည်။ ''ငါဒီအမှုပြုလျှင် ချမ်းချမ်းသာသာနေရပါစေ''ဟု သစ္စာဆိုသည့်အလား ဖြစ်သည်။ သို့သော် ဇာတ်တော်ပါပုဂ္ဂိုလ်များသည် လောကီအာရုံကာမဂုဏ်ကို ရွံရှာစက်ဆုပ်သဖြင့် ရဟန်းဝတ်ပြီး၊ သံသရာမှလွတ်မြောက်အောင် ကြိုးပမ်းနေသူများဖြစ်၍၊ အလွန်ပြင်းထန်သော စကားရပ်ဖြစ်သည်။ အကျွတ်တရားမရဘဲ သံသရာမှာ တလည်လည်ဖြစ်ရပါစေသား…ဟုဘာဝနှင့် ယှဉ်ပြီး ပြောဆိုခြင်းဖြစ်၍၊ နစ်နာလှသည်။

ဤသဒ္ဒဟာပနသစ္စာသည် ယခုခေတ် တရားရုံးများတွင် ကျင့်သုံးသောကျမ်းသစ္စာကျိန်ဆိုသည့် သဘော သက်ရောက်သည်။ ကျမ်းကျိန်ဆိုသည်မှာ တစ်ဖက်သား ယုံကြည်စေရန် ''ဤအတိုင်းမှန်ကန်ပါသည်၊ မမှန်ခဲ့သော် ဤသို့ဖြစ်ပါစေသား''ဟု ရွတ်ဆိုရသည်။ ကျမ်းစာ၌ ရေးထားသောအပြစ်အတိုင်း မမှန်မကန်ပြောဆိုလျှင် သက်ရောက် ပါစေ ဟု ပြောဆိုခြင်းဖြစ်၍ သဒ္ဒဟာပနသစ္စာမည်သည်။

မှန်ကန်သည့်သစ္စာကို အရင်းမခံဘဲ၊ သူတစ်ပါးအကျိုးယုတ်စေရန် အတွက် မြွက်ဆိုခြင်းကား သစ္စာကျိန်ဆိုခြင်း မဟုတ်၊ ကျိန်ဆဲခြင်းဖြစ်သည်။ ''ဤအမှုကိုပြုသည့်အတွက် ခေါင်းစွဲနာဖြစ်ပါစေ…မြွေကိုက်ပါစေ… ရေဘေး သင့်ပါစေ''ဟု ပြောခြင်းမှာ သစ္စာကျိန်ဆိုသည်မဟုတ်၊ ကျိန်ဆဲခြင်းဖြစ်ပေသည်။ ရှေးကဘုရား၊ ပုထိုးတို့တွင် ကျိန်စာရေးထိုးတတ်သည်။ ငါ့ကောင်းမှုဖျက်သူသသည် အမျိုးခုနစ်ဆက် ညက်ညက်ပြုန်းတီးပျက်စီးစေသော်ဝ်။ ဘုရားတို့လာ၍ ချွတ်သော်လည်း မကျွတ်နိုင်သည့် ငရဲသစ်ငုတ်ဖြစ်စေသတည်း''ဟု ကျိန် စာရေးထိုးတတ်သည်။ ကျိန်ဆဲခြင်းမျိုးပင်။ သဘောထားသေးသိမ် သူအချင်းချင်း မခံသာအောင် ဆဲဆိုသောစကားမျိုးဖြစ်၍ ဘုရားအလောင်း သူတော်ကောင်းတို့ ပြုကျင့်လေ့မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓဟာပနသစ္စာကို အသီတိနိပါတ်၊ မဟာသုတသောမဇာတ်၌လည်း တွေ့နိုင်သည်။ မဟာသုတသောမမင်းသည် ဘုရားအလောင်း ဖြစ်သည်။ အကျင့်သီလနှင့်ပြည့်စုံသည်။ ယုတ်မာသောသဘောဖြင့် အသက်ရှည်ခြင်းသည် ကဲ့ရဲ့အပ်သည်ဖြစ်၍၊ မမှန်စကားမဆို။ မမှန် စကားပြောလျှင်သေသည်နောက် အပါယ်ဒုဂ္ဂတိဘေးကျမည်မှန်းသိသဖြင့် သဒ္ဓဟာပနသစ္စာစကားပြောလျက် ယုံကြည်အောင်ပြုသည်။ ကတိခံသည့်အတိုင်း အသက်သာသေစေ··· သစ္စာကိုမဖျက်ခဲ့ပေ။

ဒုတိယသစ္စာစကားဖြစ်သော ဣစ္ဆာပူရဏသစ္စာဟူသည် "မိမိအလိုရှိအပ်သော အရာကိုပြည့်စုံစေရန် အမှန်ပြောကြားအပ်သော ဝစီသစ္စာဖြစ်သည်။ ဤစကားကို သုဝဏ္ဏသာမဇာတ်တော်တွင် တွေ့ရသည်။

သုဝဏ္ဏသာမသည် ပီဠိယက္ခမင်းပစ်သည့် မြားဆိပ်မိလျက် မေ့မြောနေသည်။ ခမည်းတော်ဒုကူလနှင့် မယ်တော်ပါယိကသည် သားအသက်ရှင်ရန် သစ္စာစကား ဆိုသည်။

"ကျွန်ုပ်၏သားသည် မြတ်သောအကျင့် ကျင့်ပါ၏။ မှန်သောစကား ပြောပါ၏။ အမိအဖကိုလုပ်ကျွေးပါ၏။ အသက် အရွယ်ကြီးသူတို့ကို ရိုသေပါ၏။ သားကိုကျွန်ုပ် အသက်ထက်ပိုချစ်ပါ၏။ ပြုအပ်သောကုသိုလ်အလုံးစုံကြောင့် အဆိပ်ကင်း ပျောက်ပါစေသတည်း"

ဤဝစီသစ္စာစကားတွင် အမှန်ပြုကျင့်၊ ပြောဆို၊ လုပ်ဆောင်သည်များကို မှန်သည့်အတိုင်း ပြောဆိုသည်။ ပြောဆိုသည့်စကားမှန်ပါ၍ အဆိပ်ကင်းပါစေဟုဆိုသည်။ မှန်သည့်စကားသည် အကြောင်းပြချက်၊ အဆိပ်ပြေစေခြင်းသည် ရလိုသည့်အကျိုး။ အလိုရှိသည်ကို တောင်းဆိုခြင်းဖြစ်သဖြင့် ဣစ္ဆာပူရဏသစ္စာဟု ဆိုသည်။

အကယ်၍တစ်စုံတစ်ခုသော ဘေးကျရောက်ချိန်တွင် မှန်ရာကိုသစ္စာ ပြုလျက်၊ တောင်းဆိုက ပြည့်ဝသည့်သာဓကဇာတ်တော်များရှိသည်။ ကောင်းရာပဲလုပ်လုပ်၊ မကောင်းရာပဲလုပ်လုပ် အမှန်အတိုင်းပြောဆိုဖို့တော့ လိုသည်။ သို့မှလည်း ဝစီသစ္စာမြောက်ပေမည်။ ဤသစ္စာစကားမျိုးကို ဇာတ်တော်များ၌ အမြောက်အမြားတွေ့ရပေသည်။

ဘုရားရှင်လက်ထက်တော်က ဝေသာလီပြည်တွင် ငတ်မွတ်ဘေး၊ ရောဂါဘေး၊ ဘီလူးတို့၏နှိပ်စက်မှုဘေးကြောင့် လူအမြောက်အမြား သေကြေကြသည်။ မြတ်ဘုရားသည် သံဃာတော်များနှင့်ကြွရောက်ပြီး၊ ရှင်အာနန္ဒာအား ရတနသုတ်သင်ပေးသည်။ သံဃာများနှင့်ရွတ်ဖတ်စေသည်။ (၇)ရက်မျှ မြို့အတွင်းလှည့်ပတ်ရွတ်ဆိုရာ ကပ်ဘေးကြီးသုံးခုမှ လွတ်မြောက်ကြောင်းသိရသည်။ အရှင်အာနန္ဒာနှင့် ရဟန်းများရွတ်ဆိုသည်မှာ သစ္စာပြုဂါထာဖြစ်သည်။ ဘုရား၊ တရား၊ သံဃာရတနာ သုံးပါးဂုဏ်နှင့် သစ္စာဆယ့်နှစ်ချက်ပါသော သုတ်တော်ဖြစ်သည်။ မှန်ကန် သည့်သစ္စာအာနုဘော်ကြောင့် ဘေးကင်းရသောအဖြစ်အပျက် ဖြစ်ပေသည်။

တတိယမြောက် ဝစီသစ္စာမှာ မုသာဝိရမဏသစ္စာဖြစ်သည်။ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန် ပြောကြားအပ်သော သစ္စာစကားဖြစ်သည်။ ဘုရားအလောင်းသူတော်ကောင်းတို့သည် သေဘေး၊ နာဘေး၊ စီးပွားဥစ္စာ ပျက်စီးမှုဘေးတို့ ကြုံသော်လည်း အသက်ရှင်သန်မှုရေးရှုလျက် မုသားမဆိုချေ။

ဤသစ္စာနှင့်ပတ်သက်၍ ထင်ရှားသောသာဓကကို ဝိဓုရဇာတ်တော်တွင် တွေ့ရသည်။ ကောရဗျမင်းသည် ပုဏ္ဏကနှင့်အလောင်းအစားပြုလျက် ကြွေအန်ကစားသည် အကယ်၍ ကောဓုရဗျရှုံးသော် မင်း၏ကိုယ်၊ မိဖုရား၊ ထီးနန်းမှလွဲ၍ ကျန်ပစ္စည်းထဲမှာ အလိုရှိရာပိုင်ဆိုင်စေဟု လောင်းကြေးထပ်သည်။ ကောရဗျမင်းရှုံးသည်။ ထိုအခါ ပုဏ္ဏကက ဝိဓုရအမတ်ကို တောင်းသည်။ ကောရဗျမင်းသည် အမတ်ကြီးကိုမပေးချင်။ ထိုကြောင့် "ဝိဓုရသည် ငါ့ကိုယ်ဆိုလျှင်လည်း ဟုတ်၏။ ငါ၏ကိုးကွယ်ရာဆိုလျှင်လည်းဟုတ်၏။ သို့ဖြစ်၍ အမတ်ကြီးကို ငါပိုင်သည့်ရွှေငွေဥစ္စာနှင့် မနှိုင်းယှဉ်အပ်၊ ငါ့အသက်နှင့်သာ နှိုင်းယှဉ်အပ်၏"ဟု ဆိုလျက်ငြင်းသည်။ ထိုအခါ ပုဏ္ဏကက "အမတ်ကြီးသည် သင့်ပိုင်ဥစ္စာ ဟုတ်မဟုတ် အမတ်ကြီး၏အဆုံးအဖြတ်သာလျှင်တည်ပါစေ"ဟု ပြောပြီး အမတ်ကြီးအားမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးက မုသားစကားဆိုလျက် ငြင်းလျှင် ပုဏ္ဏကတ၏သိမ်းပိုက်မှုမခံရနိုင်။ သို့သော် ဘုရားအလောင်း ဝိဓုရအမတ်သည် မိမိ အသက်ကိုငဲ့လျက် မုသားစကားမဆိုချင်၍ "ငါသည် ကောရဗျမင်းထံ အလိုလိုကျွန်ခံလာသော ကျွန်ဖြစ်ပေသည်"ဟု မှန်သောစကားဆိုသဖြင့် ပုဏ္ဏကတ၏နှိပ်စက်မှုဒဏ်ခံရတော့သည်

ဝစီသစ္စာသည် (၁) အခြားသူများ မိမိကိုယုံကြည်စေရန် ရည်သန်၍ ပြောဆိုခြင်း သဒ္ဒဟာပနသစ္စာ (၂) မိမိလိုအပ်သော အလိုပြည့် ဝစေရန် ရည်သန်၍ပြောဆိုခြင်း ကုဏ္ဍာပူရဏသစ္စာ (၃) မဟုတ်မမှန် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်လို၍ ပြောဆိုခြင်း မုသာဝိရမဏ သစ္စာဟူ၍ သုံးမျိုးဖြစ်သည်။ ၎င်းသုံးမျိုးအနက် ဘုရားအလောင်းတော်များသည် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို အမြဲအားထုတ်တော်မူသည်။ မယုံမကြည်ရှိနေမည်ကို စိုးရိမ်သောကြောင့် ထိုစိုးရိမ်ရသော အကြောင်းနှင့်ကြုံသောအခါ သဒ္ဒဟာပနသစ္စာကို သုံးစွဲတော်မူသည်။ ဤအခါမျိုး မဟုတ်လျှင်မသုံး၊ မိမိလိုလားအပ်သော အကြောင်းကိစ္စရှိသောအခါ ထိုလိုလားချက်ပြည့်ဝစေရန် ကုဏ္ဍာပူရဏ သစ္စာကို သုံးတော်မူသည်။ အကြောင်းကိစ္စမရှိလျှင် မသုံး။ အလောင်းတော်နှင့် သူတော်ကောင်းများသည် မုသားစကားပြောခြင်းမှ ရှောင်ကြဉ်ခြင်း မုသာဝိရမဏ သစ္စာကိုမူ အထူးကြိုးစားတည်ဆောက်သည်။ မှန်ကန်သော စကားပြော၍ မိမိအသက်အန္တရာယ်ကျရောက်မည်၊ မိမိ၏ရာထူး စည်းစိမ်ယုတ်လျော့မည်၊ သားမယားနစ်နာမည်ဆိုငြားလည်း မှန်ရာကိုသာ ပြောဆိုခြင်းမှာ ဝစီသစ္စာဖြစ်ပေသည်။

ဝစီသစ္စာစကားပြောဆိုရာ၌ (၁) ဝစီဘေဒသိဒ္ဓိသစ္စာ၊ နှုတ်မြွက်သည်နှင့်ပြီးသောသစ္စာ၊ (၂) ပဋ္ဌာနုရက္ခဏ သစ္စာ၊ ပြောဆိုပြီးနောက် စောင့်ရှောက်မှုပြုရမည့် သစ္စာဟူ၍ (၂)ပါးရှိသည်။

ဘိသဇာတ်တော်လာ သဒ္ဒဟာပနသစ္စာသည် ပြောဆိုပြီးသည်နှင့် ဝစီသစ္စာကိစ္စပြီးမြောက်သည်။

သုဝဏ္ဏသာမဇာတ်တော်လာ ကုဏ္ဍာပူရဏဝစီသစ္စာသည်လည်း ပြောဆိုပြီးသည်နှင့် ဝစီသစ္စာကိစ္စပြီးသည်။

ဝိဓုရဇာတ်တော်လာ မုသာဝိရမဏ ဝစီသစ္စာသည်လည်း သစ္စာပြုပြီးသည်နှင့် ဝစီသစ္စာကိစ္စပြီးသည်။ နောက်ထပ်သစ္စာမြောက်အောင် စောင့်ရှောက်ရန် မကျန်တော့သဖြင့် ဝစီဘေဒသိဒ္ဓိသစ္စာဟု ဆိုအပ်၏။

မဟာသုတသောမဇာတ်တွင် မဟာသုတသောမမင်းသည် ပေါရိသာဒယုံကြည်စေရန် သဒ္ဒဟာပနသစ္စာစကားဆိုသည်။ "ငါသည် နန္ဒကပုဏ္ဏားထံမှ တရားနာယူပြီးလျှင် ပြန်လာပါမည်ဟု သဒ္ဒဟာမနဝစီသစ္စာစကားဆို၏။ ဤကိစ္စ၌သစ္စာစကားဆိုရုံနှင့် ကိစ္စမပြီး။ အမှန်ပြန်လာမှသာလျှင် မှန်ကန်သော သစ္စာစကားပြီးမြောက်သည်။ ဤကား ပဋ္ဌာနုရက္ခဏသစ္စာဖြစ်သည်။ ဤစကားမျိုးကို ဓယဒိသဇာတ်တော်၌လည်း တွေ့ရသည်။

ဝစီသစ္စာစကားသည်သာမန်လူတို့ စောင့်ထိန်းရန်ခက်ခဲသည်။ မြန်မာ့လူမှုရေးနယ်ပယ်တွင် "မုသားမပါလက်ာ မချော"ဟူ၍ပင် ဆိုရိုး စကားရှိသည်။ စကားတစ်ခွန်းကြောင့် အသက်သေမည်၊ အကျိုးယုတ်မည်ဖြစ်၍ လောကရေး၊ ဓမ္မရေးငဲ့ပြီး မုသားစကားဆိုရမည်။ ဆိုသင့်သည်ဟု အဓိပ္ပာယ်သက်ရောက်နေသည်။ ဘုရားအလောင်း သူတော်ကောင်းတို့ကား မမှန်ကန်သည့်စကားကို အကျိုးငဲ့ပြီး မပြောကြပေ။

လောကလူမှုရေးနယ်ပယ်တွင် သဒ္ဒဟာပနဝစီသစ္စာကို အသုံးပြုသည်။ တွင်ကျယ်သည်။ ဤသစ္စာစကားသည် တစ်ဖက်သားကို ယုံကြည်စေသကဲ့သို့ မိမိ၏ယုံကြည်မှု ခွန်အားလည်း တိုးတတ်စေသည်။

စစ်သည်တော်များသည် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သစ္စာအဓိဋ္ဌာန်ဆိုကြသည်။ "ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာ... စောင့်သိရှိသေပါမည်။ ဤစကားသည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအပေါ်သစ္စာမဖောက်ပါဟု ဆိုလိုသည်။ ကိုယ်ကျိုးမထိခိုက်လျှင် သစ္စာစောင့်ပြီး၊ ကိုယ်ကျိုးထိခိုက်လျှင် သစ္စာဖောက်ခြင်းမျိုးမရှိ။ "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"ဟုလည်း သစ္စာပြုသည်။ တပ်မတော်သားများသည် ဤသို့သစ္စာပြုသည့်အတိုင်း နိုင်ငံတော်အတွက် အသက်ပေးလှူကြသည်။ ခြေလက်စွန့်လွှတ်ကြသည်။ ထိုပုဂ္ဂိုလ်မျိုးကား အမှန် သစ္စာစောင့်သူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်မြို့စားရန်နိုင်၏ကျွန်ငထင်ငယ်သည် အသက်(၁၃)နှစ်သား အရွယ်သာရှိသည်။ ပြည်မြို့ကျ၍ ရန်သူများ မြို့တွင်းဝင်လာသည်။ နန်းတော်ကို ဝိုင်းမိသည်။ ငထင်ငယ်သည် ငါ့အသက်ရှင်နေသမျှ ငါ့အရှင်သခင်ကို ကာကွယ်မည်ဟု ဓားနှစ်လက်စွဲလျက် ခုခံသည်။ ပုဂံခေတ်၌ အုတ်လုငယ်သည် တိုင်းကျိုးပြည်ကျိုးကို ဦးဆွေးဆံမြည့် ဆောင်ရွက်သည်။ ဤလုပ်ရပ်များသည် သစ္စာရှိမှုကိုပြခြင်းဖြစ်သည်။ သစ္စာစောင့်သိခြင်းသည် စွမ်းရည်သတ္တိရှိသူများသာ ဆောင်ရွက်နိုင်သည်။

သစ္စာရှိသော လုပ်ရပ်သည် ခက်ခဲသည်။ သစ္စာရှိသောအပြော (ဝစီသစ္စာ)သည်က ပြောရန်လွယ်ကူသကဲ့သို့ ဖျက်ရန်လည်း လွယ်ကူသည်။ သို့သော် သူတော်ကောင်းတို့မည်သည်ကား စကားတစ်လုံးကို တန်ဖိုးထားသည်။ ''မလိုအပ်ဘဲမပြော''လိုအပ်၍ ပြောလျှင်လည်း ထိုစကားသည် ''ဆိုခဲစေမြဲစေ''ဟူသည့်အတိုင်း စောင့်ရှောက်တော်မူပေသည်။

သစ္စာပါရမီနှင့်ပတ်သတ်၍ မှတ်သားဖွယ် အကြောင်းအရာ ဇာတ်၊ ဝတ္ထုတို့ဖြင့် တင်ပြထားပါသည်။ ဖတ်ရှုလေ့လာပြီး သင်ခန်းစာထုတ်နုတ်လျက် ကျင့်သုံးရာသည်။

ပါရမီတော် (၁၀)ပါးတွင် ဒါနပါရမီသည် အခြေခံနှင့်အကြောင်းအရာ တိုက်ဆိုက်မှသာ ဒါနပါရမီဖြည့်ဆည်းနိုင်သည်။ သစ္စာပါရမီ၊ မေတ္တာပါရမီ၊ ခန္တီပါရမီတို့ကား ကိုယ်တိုင်ကျင့်ကြံအားထုတ်နိုင်သောအကျင့်များ ဖြစ်သည်။ သစ္စာတန်ခိုးကြောင့် မီးဘေး မှကင်းလွတ်ခြင်း၊ သစ္စာတန်ခိုးကြောင့် သေအံ့မူးမူးဘဝမှ လွတ်မြောက် ခြင်းဟူသော သာဓကများရှိသည်။ စွမ်းအားသတ္တိထက်မြက်သဖြင့် ကျင့်သင့်၊ ဆောင်သင့်သော ပါရမီဟု ဆိုရပေမည်။

ကျမ်းကိုး။ ။ (ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် အနုဒီပနီကိုးကား)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မိဂသမ္ပဒါမြစ်ကမ်းမှ သစ္စာစကား

''မယ်မယ်...ဟောဒီနေရာက အရိပ်အာဝါသလည်း ကောင်းတယ်။ လေကောင်းလေသန့်လည်းရတယ်။ မယ်မယ်နဲ့ ဖေဖေ ဟောဒီကွပ်ပျစ်မှာ နားနားနေနေ နေကြ။ ထိုင်လို့လည်းရ၊ လျောင်းလို့လည်းဖြစ်အောင် သားစီစဉ်ထားတယ်...ဒီမှာ မယ်မယ်၊ ဟောဒါလက်ကိုင်တန်း၊ ဒီတန်းလေးကိုင်ပြီး ညာဘက်အတိုင်းသွားရင် ကျောင်းသခ်မ်းထက်ရောက်သွားမယ်...ဘယ်ဘက်ကိုလိုက်ရင် တပို့တပါးသွားဖို့ ရေအိမ်ရောက်မယ်...ကွပ်ပျစ်စွန်းမှာသောက်ရေအိုးရှိတယ် မယ်မယ်...နေအေးရင်တော့ ကျောင်းပေါ်ပြန်တက်နေပေါ့''

''အေး...အေး၊ မယ်မယ်တို့အတွက် စိတ်ဖြောင့်ဖြောင့်ထားသွားပါ။ သိပ်လည်း ဒုက္ခခံရှာမနေပါနဲ့ သားလေးရယ်...တော်ရုံသင့်ရုံဆိုမယ်မယ်တို့က ပြည့်စုံပါတယ်...''

''ဟုတ်ကဲ့ပါ။ ကဲ...ဒါဆို သားသွားတော့မယ်နော်...''

''အေးအေး...မယ်မယ်အတွက်က စိတ်ချပါ။ မင်းအဖေအတွက်သာ အရေးကြီးတယ်...သူက သေးအိုးကွဲသားရဲ့။ တစ်နေ့ဆယ်ခါထက်မနည်း အပေါ့သွားတော့ ရေအိမ်လမ်းပြသွားဦး''

''ရပါတယ်ဗျာ...ကျုပ်ကအမှတ်သတိကောင်းပါတယ်။ တစ်ခါပြထားရင် တစ်သက်မှတ်မိတာပါ။ မယ်မင်းလို အမှတ်သညာနည်းတယ် မထင်ပါနဲ့''

သုဝဏ္ဏသျှံသည် သစ်သီးရှာသွားခါနီးတွင် မိဘနှစ်ပါးကို စိတ်မချနိုင်သဖြင့် အသေးစိတ်မှာသည်။ ဤသို့ဂရုတစိုက်ရှိသည့်အတွက် ပါရိကာက ကျေနပ်နေသည်။ သည်သားလေးရှိနေခြင်းကြောင့်သာ အစစ၊ အရာရာ အဆင်ပြေနေသည်။ အကယ်၍ ရှားရှားပါးပါးပေါ်ထွန်းခဲ့သည့် သားလေးသာမရှိခဲ့လျှင် ဒုက္ခိတဇနီးမောင်နှံနှစ်ယောက် အဘယ်မျှ ဒုက္ခရောက်မည်မသိ။ လိမ္မာရေးခြားရှိသည့် သည်သားလေး၏ဂုဏ်ကို တဖွဖွချီးကျူးမိသည်။ အချိန်နှင့်အမျှ ချီးကျူးခဲ့သော်လည်း ချီးကျူး၍ မဝ။ သားသမီးဟူသော တာဝန်၊ မိဘကို အလုပ်အကျွေးပြုသင့်သည်ဟူသော ဝတ္တရားကျေပွန်သည့် သား၏စိတ်ထားမှာ သာမန်စေတနာ မဟုတ်။ ဝတ္တရားကျေ မဟုတ်။ အနန္တမေတ္တာ အခြေခံထားသည့် စေတနာဖြစ်သည်။ သို့ဖြစ်၍လည်း သားလေး ကျန်းမာပါစေ...သားလေး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ...သားလေး လိုရာဆန္ဒပြည့်ပါစေ... သားလေးအားကြည့်ရှုစောင့်ရှောက်သူ ပေါ်ပါစေ...သားလေးအပေါ် လူနတ်ဗြဟ္မာတို့က ချစ်ခင်မြတ်နိုးပါစေဟု ဆုတောင်းရသည် အခါခါ။ အခုလည်း ကောင်းချီးသာဓုပေးမိသည်။

မိခင်ကြီးသည် သာဓုကောင်းချီးပေးနေသည့်တိုင် စကားနည်းသည့် ခင်ပွန်းသည် ဒုကူလက ငြိမ်သက်နေ၍ အားမရ။ သူ့ရင်တွင်းမှာတော့ သာဓုခေါ်ကောင်းခေါ်နေမည်။ မေတ္တာပွားကောင်းပွားနေမည်။ သို့သော် နှုတ်က

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဟာ မချီးမွမ်း၍ အားမရ။ "ငါ့သားလေး ကျန်းမာပါစေဗျာ..."ဟု တစ်ခွန်းမဆိုဘဲ ပုတီးလေးတချောက်ချောက် စိပ်နေသည့် အတွက် သူ့ကို လုံးကို ကိုင်လှုပ်ပစ်ချင်သည်။

ဖခင်ဒုကူလသည် စကားမဆိုသော်လည်း နှစ်လိုဖွယ်အပြုံးနှင့် တုံ့ပြန်သည်ကို သုဝဏ္ဏသျှံသတို့သား မြင်ရသည်။ ဤအပြုံး၏နောက်ကွယ်တွင် လေးနက်သောအဓိပ္ပာယ်များရှိနေသည်ကို သုဝဏ္ဏသျှံသိနေ၍ ကျေနပ်မိသည်။

ဤမိဘနှစ်ပါးသည် သုဝဏ္ဏသျှံသတို့သား ငယ်စဉ်တောင်ကျေး ကလေးဘဝက ယုယပိုက်ထွေး စောင့်ရှောက်ခဲ့သည်။ ထိုစဉ်က မိဘနှစ်ပါးပြောခဲ့သည့်စကားတွေလည်း ယခုအချိန်ထိနားမှာ စွဲနေသည်။ထိုအကြောင်းပြန်စဉ်းစား ကြည့်၍ မိဘနှစ်ပါး၏ ကျေးဇူးကို ပေးဆပ် ခွင့်ရချင်၍သာ သူကလူဖြစ်လာသည်။ ပါရမီဖြည့်ခွင့်ရရန် ကံတရားက စီမံလာသည်ဟု တွေးမိသည်။ ထို့ကြောင့်လည်း မိဘနှစ်ပါးအပေါ်တိုး၍ ကြည်ညိုခဲ့သည်။ တိုး၍ချစ်မြတ်နိုးခဲ့သည်။

"ဒီလိုသားရဲ့...အဖေတို့ရဲ့ရွာကြီးက ဂင်္ဂါမြစ်ကမ်းမှာရှိနေတော့ သဘာဝတရားက တို့ရွာသားတွေကို တံငါအလုပ်နဲ့ အသက်မွေးဖို့ ဖန်တီးပေးသလို ဖြစ်ခဲ့တယ်။ အေး...အဖေရဲ့အဖေ၊ သားရဲ့အဘိုးက ဒီရွာမှာ တံငါသူကြီးဆိုပါတော့။ တံငါသူကြီးဆိုတာ ဒီရွာသားတံငါသည်တွေကို ကြီးမှူးအုပ်ချုပ်ရတာ...ထားပါတော့၊ အဲဒီရွာမှာ အဖေဖွားတော့ ပုဆိုးဖြူနဲ့ ခံယူတာကိုအစွဲပြုပြီး ဒုကူလလို့အမည်ရခဲ့တယ်"

အဖေက အမည်ဘယ်သို့ရလာသည်ကို ဦးစွာရှင်းပြပြီး၊ ဇနီးသည်ဘက်ကို မေးဆတ်လျက် "မင်းအကြောင်း မင်းဆက်ပြောလိုက်"ဟူသော အမူအရာနှင့်ပြသည်။

"မယ်မယ်တို့က မြစ်တစ်ဖက်ကမ်းမှာကွဲ့။ သားရဲ့ဖေဖေက အခြားတစ်ဖက်မှာ...တစ်ရွာတည်းသားတွေ မဟုတ်ဘူး။ သားဖေဖေနဲ့လည်း မသိခဲ့ကြဘူး။ ဒါပေမယ့် မယ်မယ့်အဖေကလည်း တံငါရွာသူကြီးဆိုတော့ မိဘချင်းက အသိအကျွမ်းတွေ...ဒါကြောင့် သားပေး၊ သမီးယူလုပ်ဖို့ ကတိထားခဲ့ကြတယ်"

မယ်မယ့်စကားကို နားမလည်သည့်အမူအရာနှင့် ကြည့်နေ၍၊ မိဘနှစ်ပါးက အချင်းချင်းကြည့်ပြီး ရယ်မောကြသည်။

"ဒီလိုသားရဲ့၊ အဖေတို့ဗြဟ္မာဏတွေရဲ့အယူက အရွယ်ရောက်ရင် အိမ်ထောင်ပြုတယ်။ မျိုးဆက်အမွေထားရတယ်။ ဒါကြောင့် မိဘတွေက အဖေနဲ့အမေကို ထိမ်းမြားပေးဖို့ သဘောတူခဲ့တယ်။ ဒါပေမယ့် အဖေနဲ့အမေက အိမ်ထောင်သားမွေးမှုမပြုချင်ကြဘူး"

"ဪ..."

"ဒါပေမယ့် မိဘများရဲ့စကားကိုနာယူပြီး လက်ထပ်ခဲ့တယ်။ လင်ခန်း၊ မယားခန်းမနေဘဲ၊ မောင်လို နှမလိုဘဲ ဆက်ဆံခဲ့တယ်"

"ဪ...ဪ"

"ဒါဆိုသားက အဖေနဲ့အမေရဲ့ မွေးစားသားပေါ့"ဟု မေးချင်ပေမယ့် မမေးဖြစ်။ အဖေကပင် သူ့အကြောင်းကို ဆက်ပြောသည်။

"အဖေနဲ့အမေရဲ့မိဘတွေက တံငါသည်တွေဖြစ်ပေမယ့် အဖေနဲ့ အမေကတော့ ဒီအလုပ်နဲ့ အသက်မွေးချင် စိတ်မရှိဘူး။ ဒါကြောင့်ရဟန်းဝတ်ခွင့်ပြုဖို့ ခွင့်တောင်းပြီး၊ လောကီကိုခွာကြတယ် အဲဒီမှာသားရဲ့ အကြောင်းကပါလာပြီ"

မိမိအကြောင်းပါလာပြီဆို၍ ဖခင်ကြီးစကားကို စိတ်ဝင်စားမိသည်။

"မိဘတွေဆီခွင့်တောင်းပြီးရသေ့ရဟန်းဘဝနဲ့ ဟောဒီဟိမဝန္တာ တောင်ခြေကကျောင်းမှာရောက်...တရားမွေ့နဲ့ အချိန်ကုန်ခဲ့တာပေါ့။ အဲဒီအချိန်မှာ အဖေတို့အမေတို့ထံ သိကြားမင်းက တို့ရဲ့ အနာဂတ်အခြေအနေကို ကြိုပြောပြတယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲအဖေ..."

"မကြာမီမှာ မျက်စိကွယ်လိမ့်မယ်၊ ဒါကြောင့် သားထောက်သမီးခံရှိဖို့ မေထုန်အမှုမှီဝဲကြပါလို့ တိုက်တွန်းတယ်။ သားစဉ်းစားကြည့်၊ ဒီဘဝမျိုး မတည်ဆောက်ချင်လို့ စောင့်ထိန်းခဲ့တာ...ရဟန်းဘဝရောက်မှ မလျှော့တဲ့အကျင့်ကျင့်ဖို့က ဘယ်ဖြစ်မှာလဲ။ ဒါကြောင့် တူးတူးခါးခါးငြင်းလိုက်တယ်။ ဒီအခါသိကြားမင်းက တစ်ဦးကိုတစ်ဦး မစောင့် ရှောက်နိုင်တဲ့ ဘဝရောက်မယ်၊ နှစ်ဦးစလုံးအတိဒုက္ခ ရောက်ကြမယ်၊ အကယ်၍ မေထုန်မမှီဝဲလိုရင်လည်း ဖနီးသည် ဥတုလာချိန်မှာ ချက်တော်ကို လက်နဲ့သုံးသပ်ပါ၊ ဒီအခါ ကိုယ်ဝန်ရလာပါလိမ့်မယ်လို့ တိုက်တွန်းခဲ့ပါတယ်"

ဤဖြစ်စဉ်က တစ်ဆက်တည်းဖြစ်သော်လည်း မိဘနှစ်ပါးက တစ်ဆက်တည်းပြောခဲ့သည် မဟုတ်။ တစ်ခွန်းမေးမှအကြောင်းအရာ တစ်ခုပြောသည်ကို ဆက်စပ်ယူခဲ့ခြင်းဖြစ်သည်။

ဒုကူလနှင့် ပါရိကာဖနီးမောင်နှံအတွက် ပါရမီဖြည့်နိုင်ရန် သားတစ်ယောက်အဖြစ် လူ့ဘဝရောက်လာသော သုဝဏ္ဏသျှံသတို့သားသည် ငယ်စဉ်ကပင် မိဘနှစ်ပါးအား စောင့်ရှောက်ပြုစုလုပ်ကျွေးခဲ့သည်မှာ ခုအချိန်အထိဖြစ်ပေသည်။

* * *

ငယ်စဉ်တောင်ကျေးကလေးဘဝတွင် မိဘနှစ်ပါးက သစ်သီး၊ သစ်ဥရှာဖွေကျွေးခဲ့သည်။ မိဘများတောသို့ သွားတိုင်း သုဝဏ္ဏသာမသတို့သားသည် ကျောင်းသခ်ိန်းတွင် တစ်ယောက်တည်း ကျန်လေ့ရှိသည်။ တစ်ယောက်တည်းဟု ဆိုသော်လည်း မိဘများမရှိ ချိန်တွင် ဟိမဝန္တာတောင်မှ ကိန္နရီမများ ရောက်လာလေ့ရှိသည်။ သူတို့က အဖော်ပြုပေးသည်။ ပျင်းရိငြီးငွေ့မှု မရှိအောင် သီချင်းဆို ပြ၊ ကပြလေ့ရှိသည်။ မိဘများပြန်ရောက်ချိန်နီးမှ နှုတ်ဆက်ပြန်သွားလေ့ရှိသည်။

တစ်နေ့။

သည်နေ့ကိုတော့ တစ်သက်လုံး မေ့ပျောက်နိုင်မည် မထင်။

မိဘနှစ်ပါးပြန်လာချိန်တွင် မိုးကြီးသဲသဲမဲမဲ ရွာသည်။ ရေအိုးကြီးသွန်မှောက်ချသည့်အလား ဝေါခနဲပြိုကျသည့် မိုးကြောင့် မိဘနှစ်ပါးအတွက် စိုးရိမ်သွားသည်။ ဤမိုးဒဏ်ခံရမည်။ မိုးရေရွှဲပြီးချမ်းနေကြလိမ့်မည်။ ဤသို့တွေးမိသဖြင့် သစ်ရွက်ထီးကို ဆောင်ယူလျက် သွားလေ့သွားထရှိသည့် လမ်းအတိုင်း လိုက်သွားခဲ့သည်။

"မယ်မယ်...မယ်မယ်ရေ၊ သားခေါ်တာကြားလား"

"ဖေဖေ...ဖေဖေနဲ့ မယ်မယ် ဘယ်မှာလဲ"

သုဝဏ္ဏသာမ၏ခြေသံကြားရသော် မိခင်နှင့်ဖခင်က လှမ်းအော်တားသည်။မိဘများအန္တရာယ်နှင့်ကြုံချိန်မှာပင် သားဖြစ်သူကို အန္တရာယ် ရောက်စေလိုသော ဆန္ဒမရှိ။ ရှင်းပြချိန်လည်း မရှိ၍၊ နွယ်ကြိုးတစ်ချောင်းပစ်ပေးရန်သာ ပြောသည်။ သုဝဏ္ဏသာမသည်လည်း နွယ်ကြိုးတစ်ချောင်းအမြန်ရှာပြီး မိဘများထံ ပစ်ပေးလိုက်သည်။ အဖေနှင့် အမေက နွယ်ကြိုးကိုကိုင်ပြီး လျှောက်လာကြမှ မျက်စိတွေကွယ်ကုန်ကြောင်း သိရသည်။ ဝမ်းနည်းစိတ်ကြောင့် သည်းသည်းထန်ထန် ငိုပစ်လိုက်မိသည်။

ထိုနေ့ကသစ်သီးရှာသွားသော မိဘနှစ်ပါးသည် အပြန်လမ်း၌ မိုးမိသည်။ မိုးမစိုစိမ့်သောငှာ သစ်ပင်တစ်ပင် အောက်ဝင်ခိုသည်။ ထိုသစ်ပင်ခြေ၌ တောင်ပို့တစ်ခုရှိသည်။ ထိုတောင်ပို့ထဲ၌အဆိပ်ပြင်းသည့် မြွေက ခိုအောင်းနေသည်။ မိုးရေနှင့်အတူ မိဘနှစ်ပါး၏ ချွေးစက်များက တောင်ပို့ပေါ်စီးကျသွားသည်။ ထိုချွေးရေသည် မြွေဆိုးအပေါ်ကျရာ ဒေါသဖြစ်ပြီး အခိုးလွှတ်လိုက်၍ မျက်စိကွယ်ရတော့သည်။

သုဝဏ္ဏသာမသည် မျက်မမြင်မိဘနှစ်ပါးကိုဆွဲလျက် ကျောင်းသခ်မ်းအထိ အရောက်ခေါ်ခဲ့သည်။ စိုရွှဲနေသည့် အဝတ်အထည်များလဲပေးပြီး၊ နွေးနွေးထွေးထွေးဖြစ်အောင် စောင်များနှင့်ခြုံလွှမ်းပေးသည်။ ဤသို့ပြုစုပေးရချိန်တွင် အဖြစ်အပျက်ကိုတွေးလျက် စိတ်မကောင်းဖြစ်ကာ ငိုပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့သားရယ်…ဒီအဖြစ်အပျက်မျိုး ကြုံရလိမ့်မယ်လို့ မိတ်ဆွေ သိကြားမင်းက အသိပေးထားပြီးသားပါ။ မျက်စိကွယ်ရုံကွယ်တာပဲ။ အသက်မသေသေးလို့ ဝမ်းသာရမှာပါ။ ဒါပေမယ့် အဖေစိတ်မကောင်းတာက လူမမယ် သားလေးကို ဘာမှအထောက်အကူမပေးနိုင်တဲ့ ဘဝရောက်လို့ သားပင်ပန်းမှာတွေးပြီး စိတ်မချမ်းသာတာတစ်ခုပဲ ရှိတယ်…"

သုဝဏ္ဏသာမသည် ငိုနေလျှင် မိဘများပို၍ စိတ်မချမ်းမသာဖြစ်မည်တွေးလျက် မျက်ရည်ကိုသုတ်သည်။ အားမာန်တင်းသည်။

"ဘာမှစိတ်မကောင်းမဖြစ်နဲ့ အဖ…မိဘနှစ်ပါးကိုအလုပ်အကျွေး ပြုခွင့်ရလို့ သားကျေနပ်တယ်။ ဒီနေ့ကစပြီး မိဘနှစ်ပါးကို သားစောင့်ရှောက်မယ်…"

ဥမမယ် အရွယ်မရောက်သေးသည့်အချိန်မှ အသက် (၁၆)နှစ်ထိ မိဘများမငြိုငြင်အောင် အလုပ်အကျွေးပြုခွင့် ရခဲ့သည်။ ခုတော့အားလုံးက အထိုင်ကျပြီး ပုံမှန်လှုပ်ရှားနိုင်၍ ပျော်ရွှင်သည့် မိသားစုဘဝရခဲ့သည်။ သို့သော် မျက်မမြင်ဒုက္ခိတ မိဘများထားရစ်ပြီး၊ သစ်သီးရှာ ထွက်လေတိုင်း သောကဖြစ်ရသည်တော့ အမှန်ပင်။

* * *

"လာ…လာကြကွယ်…မိဂသမ္မဒါမြစ်ကမ်းသွားကြမယ်… သောက်ရေချိုးရေ ဝိုင်းကူသယ်… ကုသိုလ်ရမယ်… ညည်သည်လာရင် ရေပူရေချမ်းကမ်းရတယ်… တို့မိဘတွေလည်း ချိုးမယ်…ကုသိုလ်ရေးမို့ ကြိုးစားကွယ်… မိဂသမ္မဒါ မြစ်ကမ်းဆီသွားကြမယ်"

သုဝဏ္ဏသာမသတို့သားသည် ရွှေသမင်အခြံအရံငါးရာနှင့် မိဂသမ္မဒါမြစ်ကမ်းသို့ ရေခပ်ထွက်ခဲ့သည်။ မြစ်ဆိပ်တွင် ရေချိုးမည်။ ပြီးလျှင်သောက်ရေ ချိုးရေသယ်မည်။ ကျောင်းသင်္ခမ်းပြန်ရောက်လျှင် ရေကို မီးဖိုပေါ်တင်လျက် နွေးပြီး မိဘများကို ရေမိုးသန့်စင်ပေးမည်။ ထို့နောက်ရှာဖွေထားသည့် သစ်သီးသစ်ဥများကျွေးမည်။ အိပ်ချိန်ရောက်လျှင် မိဘနှစ်ပါးကို ခြေဆုပ်လက်နယ်ပြုမည်။ မိဘများအိပ်သွားမှ ရှိခိုးကန်တော့ပြီး အိပ်ရာဝင်မည်။

မနက်ပိုင်းတွင် စောစောအိပ်ရာမှထပြီး၊ မိဘများအတွက် မျက်နှာသစ်ရေ၊ ဒန်ပူထားပေးသည်။ တစ်ယောက်ချင်း မျက်နှာသစ်ပေးလျက် တရားထိုင်ရာ နေရာအရောက်ပို့ပေးသည်။ နာရီဝက်၊ တစ်နာရီတရားထိုင်ပြီးနောက်တွင် မိဘများကို နေ့လယ်နေ့ခင်းနားနေကျ ကွပ်ပျစ်ပေါ် အရောက်ပို့ပေးသည်။ ပြီးမှသစ်သီးရှာထွက်ခဲ့သည်။

ယခုသစ်သီးရှာက ပြန်ရောက်လျှင်ရောက်ခြင်းအပေါင်းအဖော် ရွှေသမင်ငါးရာကိုခေါ်လျက် မြစ်ဆိပ်ဆီဆင်းခဲ့ခြင်း ဖြစ်သည်။

ဤရွှေသမင်လေးများသည် သူတို့နေရာ ကျောင်းသင်္ခမ်းသို့တစ်ကောင်စ၊ နှစ်ကောင်စ ရောက်လာသည်။ သူတော်စင်သူတော်ကောင်းများ ရန်ရှာမည့်သူများမဟုတ်မှန်းသိ၍ တဖြည်းဖြည်းနှင့်လာစုဝေးသည်။ သုဝဏ္ဏသာမအဖို့ အဖော်ကောင်းတွေဖြစ်သည်။ ကစားဖော်ကစားဖက် ဖြစ်သည်။ ရွှေသမင်လေးတွေကလည်း သုဝဏ္ဏသာမလုပ်ရမည့် အလုပ်များဝိုင်းကူလုပ်ပေးကြသည်။ အခေါက်ခေါက်အခါခါမသယ်ရအောင် ထမ်းပိုးသယ်ဆောင်ပေးမှုကြောင့် များစွာသက်သာလှသည်။

နေဝင်ရီတရောအချိန်တွင် မိဂသမ္မဒါမြစ်ကမ်းက လှချင်တိုင်းလှ သာယာချင်တိုင်း သာယာနေသည်။ တသွင်သွင်စီးနေ သည့်မြစ်ရေ… ထိုမြစ်ရေအစ သဲသောင်ပြင်၊ ကမ်းတစ်ဖက်တစ်ချက်တွင် ပေါက်ရောက်နေသော သစ်ပင်တွေ…ဤသို့ လှပသောသဘာဝပန်းချီကားချပ်အတွင်းသို့ သက်ရှိသတ္တဝါတစ်အုပ်က စီးဝင်လာသည်။ ငွေသား ရောင်သဲပြင်ဘောင်တွင် ရွှေအိုရောင် သမင်လေးတွေက သက်ဝင်လှုပ်ရှားပေးလိုက်သဖြင့် ငေးမောကြည့်ရမည့် ပန်းချီကားချပ်တစ်ချပ်သဖွယ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏသာမသည် သီချင်းတကြော်ကြော်ဆိုချိန်တွင် ရွှေသမင်လေးများက မြူးမြူးကြွကြွနှင့် ဆော့ကစားနေသည်။ ရွှေသမင်လေးတို့ကပြသည်ကို သဘောကျကြည်နူးနေချိန်တွင် ဒုတ်ခနဲ အသံကြားလိုက်သည်။

"အို…မယ်မယ်"

သုဝဏ္ဏသာမသည် မိခင်ကိုတမ်းတရင်း၊ နာကျင်မှုဝေဒနာကြောင့် ဒူးညွတ်ကျသွားသည်။ ထိုအခါခြံရံလိုက်ပါလာသည့် ရွှေသမင်လေးများသည် အထိတ်တလန့်ဖြစ်လျက် အရပ်လေးမျက်နှာဆီသို့ ပြေးကုန်ကြသည်။

ကြည်နူးချမ်းမြေ့စရာကောင်းသည့် မြင်ကွင်းလေးက ရုတ်ခြည်း ပြောင်းလဲသွားသည်။ နာကျင်မှုဝေဒနာကြောင့် ညည်းညူမိသည်။

"ငါသည် ဤဟိမဝန္တာအရပ်တွင် နေလာသည်မှာကြာပြီ…ဤ မိဂသမ္မဒါမြစ်ကမ်းတွင်လည်း နေ့စဉ်သွားနေကျဖြစ် သည်…ငါမှာရန်သူမရှိပါ။ ငါ၏မိဘများတွင်လည်း ရန်သူမရှိပါ။ အဘယ်သူသည် ငြိုးသူရန်ဘက်ပမာ မြားနဲ့ပစ်ပါလိမ့်"

နာကျင်မှုဝေဒနာကို ကြိတ်မှိတ်သည်းခံရင်း၊ ရေရွတ်ညည်းတွားလိုက်မိသည်။ ထိုအချိန်မှာပင် သဲပြင်ကိုနင်းလျက် လှမ်းလာသောခြေသံကို သတိပြုမိသည်။ တစ်စုံတစ်ယောက်သည် အပါးသို့ ချဉ်းကပ်လာသည်။

"မှားပြီ"

စိတ်မကောင်းဟန်ဖြင့် ရေရွတ်သံ ပေါ်လာသည်။

"ဘာကြောင့် ငါ့ကိုမြားနဲ့ပစ်တာလဲ…ငါ့ကိုသားကောင်မှတ်လေသလော"

"ဟုတ်…ဟုတ်ပါတယ်။ ရွှေသမင်အုပ်ကိုမြင်တော့ မြားနဲ့ပစ်မိပါတယ်။ သင်ပါလာတာကို မမြင်ပါ။ သမင်အုပ်ထဲမှာ ရောနေတော့ သမင်တစ်ကောင်လို့ ထင်မိပါသည်။ သင်ဘယ်သူလဲ…"

"ကျွန်ုပ်ဟာ တံငါသည်ရဲ့သားပါ၊ သုဝဏ္ဏသာမလို့ခေါ်တယ်"

"အို…အမှားကြီးမှားခဲ့ပြီ။ သင့်ရဲ့ရွှေအဆင်းရှိတဲ့ အသားအရောင်က ရွှေသမင်တွေကြားရောက်တော့ အသွင်ပျောက်သွားတယ်…ခွင့်လွှတ်ပါ၊ ငါဟာ ကာသိပြည့်ရှင် ဘုရင်ပီဠိယက္ခပါလုလင်"

ကာသိပြည့်ရှင်မှန်းသိလိုက်သဖြင့် မိုက်လေခြင်းဟု ရေရွတ်မိပြန်သည်။

"အရှင်မင်းကြီး၊ လူတွေဟာ အရေခွံလိုချင်လို့ ကျားကိုပစ်ခတ်ဖမ်းဆီးကြတယ်။ အစွယ်ကိုလိုချင်လို့ ဆင်ကိုပစ်ခတ်သတ်ဖြတ်ကြတယ်။ ကျွန်ုပ်ကိုပစ်လို့ မင်းကြီးဘာရမလဲ"

"ငါ့မြားဦးရောက်လာနေတဲ့ သမင်တွေကြားမှာ သင်ဟာရှိနေတာကိုး"

"အရှင်မင်းကြီး၊ ဘာကြောင့်မမှန်စကားပြောတာလဲ။ ဒီသမင်တွေဟာ ငါရဲ့အဖော်မွန်တွေပါ…လူမြင်ရင် ဝေးဝေးရှောင်ပြေးတဲ့ ကိန္နရီ ကန္နရာသည်ပင် ငါ့ကိုမိတ်ဆွေအဖြစ်သိမှတ်ပြုကြတယ်။ သင်ပစ်ဖို့ ကြံစည်တဲ့ သမင်တွေဟာ ငါနဲ့အတူ တောထဲလှည့်လည်သွားနေတဲ့ သမင်တွေပါမင်းကြီး"

"ကျွန်ုပ်မျက်စိမှောက်ပြီး ပြုမိပါတယ်။ ဒီအတွက်တောင်းပန်ပါတယ်"

ပီဠိယက္ခမင်းကြီးသည် ခုအချိန်မှာတော့ အမှန်ကိုဝန်ခံလျက် တောင်းပန်ဖို့ကလွဲပြီး အခြားမရှိတော့ချေ။

* * *

"အမောင်လုလင်…သည်တောသည်တောင်ထဲမှာ သင်ကတစ်ယောက်တည်း ဘာလုပ်နေတာလဲ…"

"အရှင်မင်းကြီး။ ဒီအရပ်ဟာ ငါရဲ့မွေးရပ်မွေးမြေ၊ ဒီမှာနေ…ဒီ မှာပဲ ကြီးပြင်းခဲ့သူပါ။ ငါဟာတစ်ယောက်တည်းနေခြင်းမဟုတ်၊ ငါမိဘနှစ်ပါးရှိပေတယ်…"

www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေရှိတယ်၊ သူတို့က ဘယ်မှာလဲ"

"အရှင်မင်းကြီး၊ ငါ့မိဘများဟာ လောကီအာရုံကာမဂုဏ်ကိုမမွေ့လို့ တောရပ်မှီးနေသူတွေပါ။ သူတို့က မျက်စိမမြင်ကြဘူး။ အဲဒီ မျက်မမြင်မိဘတွေကို အလုပ်အကျွေးပြုနေသူပါ"

"အို...."

"အခုမိဘတွေ ချိုးဖို့ရေလာခပ်တာ...ကျုပ်ပြန်ရောက်မှ မိဘများ ရေချိုးရမယ်။ ကျုပ်ကျွေးမှ မိဘတွေစားရမယ်။ ကျုပ်မရှိရင် ဒုက္ခိတမိဘတွေဟာ သေဖို့သာအကြောင်းရှိပေတယ် မင်းကြီး"

"ဒုက္ခ...ဒုက္ခပါလား"

"မှန်ပေတယ် မင်းကြီး၊ မြားမှန်လို့သွေးပွက်ပွက်အန်တဲ့ ဒုက္ခဟာ ငါ့အတွက် မကြီးကျယ်ပါဘူး။ ဒုက္ခိတ မိဘနှစ်ပါး မမြင်ရတဲ့အဖြစ်သာ ငါ့အဖို့ဆင်းရဲလှပါတယ်..."

"စိတ်မကောင်းပါလုလင်..."

"အရှင်မင်းကြီး၊ မြားမှန်တာကို သံသရာမှာ ကျင်လည်နေတဲ့ ယောကျ်ားတိုင်း ကြုံတွေ့တတ်ပါတယ်။ ဒါပေမယ့် ဒီဒုက္ခဟာ မိဘနှစ်ပါးမမြင်ရတဲ့ ဒုက္ခလောက်မဆင်းရဲပါဘူး"

"အမှန်စိတ်မကောင်းနိုင်တော့ပါ"

"အရှင်မင်းကြီး၊ အားကိုးရာမဲ့တဲ့ ကျွန်ုပ်ရဲ့မိဘနှစ်ပါးဟာ ရက်ရှည်လများ ငိုကြွေးကြမှာ အသေအချာပါ။ မိဘနှစ်ပါးဟာ ကျွန်ုပ်ပဲ သစ်သီးရှာကျွေး၊ ခြေဆုပ်လက်နယ်ပြုပေးနေရပါတယ်။ ကျွန်ုပ်ကို မမြင်ရတဲ့ မယ်မယ်ဟာ သားလေးရေ...သားလေးလို့ လက်တယမ်းယမ်းနဲ့ တောင်စမ်းမြောက်စမ်းဖြစ်နေတော့မှာ သေချာပါတယ်၊ အရှင်မင်းကြီး။ ဒုက္ခိတမိဘနှစ်ပါးကို မမြင်ရတဲ့အတွက်ဆင်းရဲရတဲ့ ဒုတိယမြားချက်ဟာ ကျွန်ုပ်ရဲ့နှလုံးသားမှာ စူးဝင်နေပါပြီ။ ဒီမြားချက်က သင်ပစ်တဲ့မြားချက်ထက် ပိုပြင်းထန်ပါတယ်...ဒီဒုတိယမြားချက်ကြောင့်သေရပါတော့မယ်..."

သုဝဏ္ဏသာမသတို့သားသည် မြားဒဏ်ကြောင့် သေလည်းခံစားနိုင်သည်။ သို့သော် ကျန်ရစ်သည့် မျက်မမြင် မိဘနှစ်ပါးအရေးတွေးလျက် သောကမီးတောက်လောင်နေသည်။ ပီဠိယက္ခမင်းသည် မိဘကျွေးဖူးသိတတ်သည့် လုလင်ကို သတ်မိ၍ နောင်တအကြီးအကျယ်ရမိသည်။ စိတ်မကောင်းလည်းဖြစ်မိသည်။ ယုတ်မာသူသည် ငရဲသို့ကျခံရမည်ကို တွေးမိသည်။

"အမောင်လုလင်...ငါခံစားနားလည်မိပါတယ်...ဒီအနေအထားနဲ့ မင်းအဖြစ်မခံစားသင့်ပါ။ သင့်မိဘများကို ငါလုပ်ကျွေးပါ့မယ်"

"သင်တကယ်ဝန်ခံလား မင်းကြီး"

"ငါရဲ့အပြစ်ကို ဒီနည်းနဲ့စင်ကြယ်အောင် ဆေးကြောပါမယ်။ ငါဟာ လေးအတတ်ကျွမ်းကျင်ပါတယ်။ သားကောင်ကိုသတ် ပြီး သင့်မိဘများအား ရှာကျွေးပါမယ်"

"ဒီစကားကြားရုံနဲ့ ကျွန်ုပ်သေပျော်ပါပြီ။ အရှင်မင်းကြီးကို လမ်းညွှန်လိုက်ပါမယ်။ မိဘနှစ်ပါးကို ကျွန်ုပ်ရှိခိုး လိုက်ကြောင်း ပြန်ကြားလိုက်ပါ"

သုဝဏ္ဏသာမသတို့သားသည် မိဘများအတွက် စိတ်အေးသွား၍ အားလျှော့ချလိုက်လေတော့၏။

* * *

ပီဠိယက္ခမင်းကြီးသည် မျက်မမြင်ဒုက္ခိတ မိဘနှစ်ပါးကိုစောင့်ရှောက်ပါမည်ဟု ဝန်ခံလျက် ရေအိုးကိုယူပြီး ထွက်သွားသည်။ ထိုအချိန်နှင့် မရှေးမနှောင်းမှာပင် နူးညက်သောအထိအတွေ့နှင့် "သား..."ဟု ခေါ်သံကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သားဟုခေါ်သော်လည်း မယ်မယ်၏အသံမဟုတ်မှန်းသိသည်။ "ကျွန်ုပ်အား သားဟုခေါ်သူကား အဘယ်သူနည်း"ဟု မေးလိုက်သည်။ ထိုအခါမှ ကျွန်ုပ်အပါးချဉ်းကပ်လာသူမှာ ဂန္ဓမာဒနတောင်တွင်နေသည့် ဗဟုသုန္ဒရီနတ်သမီးဖြစ်ကြောင်း၊ လွန်ခဲ့သော ခုနစ်ဘဝက သားအမိတော်ကြောင်း၊ သားကိုချစ်စိတ်ဖြင့် အမြဲစောင့်ရှောက်ကြောင်း၊ ယနေ့တွင်မူ နတ်သဘင်အစည်းအဝေးသွားနေ၍ စောင့်ရှောက်ရန် လစ်ဟာသွားကြောင်း၊ မဖြစ်သင့်သူကို မလျှော်ကန်သည့်အမှုဖြစ်၍ စိတ်မကောင်းကြောင်း၊ ဘယ်သို့ပင်ဖြစ်စေ သားကိုစွမ်းနိုင်သမျှ ကူညီမည့်အကြောင်း နှစ်သိမ့်မှုပေး၍ အားတက်ရသည်။

ထိုအချိန်၌ပင် ပိဋ္ဌိယကမ္ဘမင်းကြီးသည် ကျောင်းသခ်မ်းသို့ ရောက်သွားသည်။ ခြေနတ်ခြေသိမ်းကိုကြားရုံနှင့် သူတို့၏သားမဟုတ်မှန်း သိသွားသော မိဘများက မေးသည်။

"ကျွန်ုပ်တို့၏ ကျောင်းသခ်မ်းပေါ်တက်လာသူက ဘယ်သူနည်း"

"သားပါအမေ"

"ငါတို့မှာသားတစ်ယောက်ပဲရှိတယ်။ အဲဒီသားဟာ အလွန်လိမ္မာပြီး၊ အလွန်သိမ်မွေ့တယ်။ သင့်လိုခြေနတ်ကြမ်းသူဟာ ငါတို့သား မဟုတ်နိုင်ဘူး၊ သင်ဘယ်သူလဲ"

"ကျွန်ုပ်ဟာ ကာသိဘုရင် ပိဋ္ဌိယကမ္ဘပါအမေ…ကျွန်ုပ်မျက်စိမှောက်မှားပြီး မြားနဲ့ပစ်မိလို့ အမေတို့ရဲ့သား သေသွားပါပြီ၊ ဒီအတွက် အမေတို့ကို လုပ်ကျွေးဖို့လာခဲ့တာပါ"

"ဖြစ်မှဖြစ်ရလေကွယ်…မျက်မမြင်မိဘနှစ်ပါးကို အလုပ်အကျွေး ပြုနေတဲ့ ကျုပ်တို့သားလေးက အရှင်မင်းကြီးကို ဘာလုပ်မိလို့လဲ…သူကရန်သူလား…ကလန်ကဆန်ပြောသလား…ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံလား…ကျုပ်တို့သားဟာ မိဘကိုမိဘမှန်းသိတယ်။ အသက်ကြီးသူ၊ ဂုဏ်ကြီးသူကို ရိုသေရမှန်းသိတယ်။ တစ်ဖက်သားအပေါ် ကိုယ်ချင်းစာနာတတ်တယ်…ဒီကလေးက မတော်မတရားလုပ်လိမ့်မယ်တော့ မထင်ပါဘူး"

"မှန်ပါတယ်။ ကျွန်ုပ်အမှားပါ အမိ၊ ဒီအတွက် အကြွေးဆပ်ပါမယ်။ သားအမှတ်နဲ့ တစ်သက်လုံး အလုပ်အကျွေးပြုပါမယ်"

"အင်း…ကျေးဇူးတင်တယ်။ ဒါပေမယ့် ကျုပ်တို့ကို သားဆီသာ ပို့ပေးပါ"

"ဘာလုပ်မှာလဲ အမေ…စိတ်ဆင်းရဲရရုံပဲရှိမှာပေါ့။ ပြီးတော့ အမေတို့ကလည်း သားရဲ့ရုပ်ကိုမြင်နိုင်တာမှ မဟုတ်တာ…"

"အေး…ဟုတ်တယ်။ သားရဲ့မျက်နှာကို မမြင်နိုင်ဘူး။ ဒါပေမယ့် သားမျက်နှာကို ကိုင်ကြည့်တာနဲ့ တို့က အားလုံးမှတ်မိတယ်။ ဒီသားရဲ့ မျက်နှာလေးပွတ်ပွတ်ကြည့်ရတဲ့ရက်တွေ မနည်းတော့ဘူး။ ကဲပါ၊ သားရှိရာ အရပ်သာ ပို့ပေးပါ"

ဒုကူလနှင့် ပါရိကာသည် သားသေပြီဆို၍ အသည်းနှလုံးတွေ ပြုတ်ကျသွားသည့်အလားခံစားရသည်။ ရှိုက်ကြီးတငင်ငိုကြွေးလျက် သားနာမည်လေးကို ထပ်တလဲလဲခေါ်ကြည့်သည်။ မင်းကြီးသည် မိမိ၏အမှားတစ်ချက်ကြောင့် လူအများပဋိဒေဝမီးတောက်လောင်ရသည့် အဖြစ်ကိုမြင်ရပြီး စိတ်မချမ်းသာနိုင်တော့ မျက်မမြင်မိဘနှစ်ပါးကို လက်ဆွဲခေါ်လျက် မိဂသမ္မဒါမြစ်ကမ်းဆီသို့ ခေါ်လာခဲ့တော့သည်။

* * *

"အမေတို့သား ဒီမှာပါ"ဟု ပိဋ္ဌိယကမ္ဘမင်းကြီးက လက်ကိုကိုင်လျက် လုလင်ကိုယ်လုံးနှင့်ထိပေးလိုက်သည်။ မျက်မမြင်ဒုကွိတနှစ်ယောက်သည် သူတို့သား၏မျက်နှာကိုအလုအယက်စမ်းသပ်ကြသည်။ ရင်အုံလေးကို ထိကြည့်သည်။ ပါးချင်းကပ်လျက် စမ်းသပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သား...မသေထိုက်ဘဲသေရတဲ့သားလေးရယ်၊ မင်းသေမယ့်အစား ဒီကမျက်မမြင်နှစ်ယောက် သေလိုက်ပါလား... ရှစ်ဖွယ်အဆင်းရှိတဲ့ သားလေးရယ်...အမေပြောနေတာကြားရဲ့လား။ ဟုတ်ကဲ့ကြားပါတယ် အမေရယ်လို့ တစ်ခွန်းလောက်ပြန်ပြောစမ်းပါ"

မယ်မယ်၏အသံကို နားထဲမှကြားရသလို ခံစားရသည်။ သို့သော် ကိုယ်ခန္ဓာက လှုပ်ရှားမရ။ အသံနှင့်တုံ့ပြန်စကား ပြောနိုင်ခြင်း မရှိပေ။

"အမေကြည့်မဝတဲ့သားလေးရယ်...အလွန်အလွန်ငိုက်မျှဉ်းနေသလား၊ ဒီမယ်သား၊ အမေ့ကိုစိတ်ဆိုးနေသလား...စိတ်ကောက်နေသလား...ဒါမှမဟုတ်၊ အိပ်မောကျနေလား...အိပ်စက်နေတယ်ဆိုရင် ခဏတစ်ဖြုတ်ဖြစ်ဖြစ် ပြန်လည်နိုးထလိုက်ပါလား"

အို...အမေရယ်ဟု ပိဋ္ဌိယက္ခမင်းကြီး၏ရင်ထဲမှ ရေရွတ်လိုက်သည်။

"အမေချစ်တဲ့သားလေးရယ်...သားလေးမရှိရင် မျက်မမြင်မိဘ နှစ်ပါးကို ဘယ်သူကစောင့်ရှောက်တော့မလဲ။ သားလိုရော ဘယ်သူက အန္တရာခံမလဲ။ အမေ့ဆံပင်ကို ဘယ်သူကရှင်းပေးမလဲ။ အမေ့ကို ဘယ်သူကရေမိုးချိုးပေးမလဲ။ ချေးညှော်တွေဘယ်သူကတိုက်ပေးမှာလဲ"

မိခင်ကြီးသည်သား၏ ကိုယ်လုံးကိုဖက်လျက် ငိုရင်းပြောဆိုနေသည်။ ထို့နောက် ခေါင်းကိုဆတ်ခနဲခွာလျက် ရင်ဘတ်ပေါ်လက်စမ်းကြည့်သည်။

"အဖေကြီး၊ ကိုယ်ငွေ့...ကိုယ်ငွေ့ရှိနေတယ်"

"ဟော...ဒါဆိုတို့သားလေးမျှောနေတာ"

"ဒါဆိုဘာလုပ်ကြမလဲ။ သားအသက်ရှင်ဖို့ အရေးကြီးတယ် လုပ်ပါဦး"

"ဟဲ့ ပါရိကာ၊ ဘာလုပ်ရမလဲ။ ဒီမှာ ဆေးဆရာလည်း မရှိဘူး။ ဆရာပင့်ဖို့ကလည်း တို့မှမစွမ်းတာ..."

"သြော်...အဖေကြီးရယ်၊ အကြံတုံးလိုက်တာ...ကျုပ်တို့ကုနိုင်တာ သစ္စာစကားပေါ့။ သစ္စာမွေလောက်ကောင်းတဲ့ ဆေးက ဘယ်မှာရှိဦးမလဲ"

"အေး...ဟုတ်တယ်၊ ဒါဆိုသစ္စာပြုကြမယ်"

"ကျုပ်...ပြုမယ်"

မျက်မမြင်ဒုက္ခိတနှစ်ယောက်သည် သူတို့အပါးတွင် ကျွန်ုပ်ရှိသည်ကိုပင် သတိမရတော့။ ကျွန်ုပ်ကိုလည်း စာရင်းမသွင်းတော့။ သူတို့သားအသက်ရှင်ရေးသာ အာရုံရောက်နေကြသည်။ အဘွားအိုသည် လက်အုပ်လေးချီလိုက်သည်။

"ကျွန်မရဲ့သားဟာ ကုသိုလ်ကောင်းမှုပြုလေ့ရှိပါတယ်။ ဤမှန်ကန်သောစကားကြောင့် မြားဆိပ်ပြယ်ပါစေ သား..."

မိခင်ကြီး၏သစ္စာစကားသည် စူးရှလှ၏။ ထိရောက်လှ၏။ ရေငတ်နေသူ ရေအေးအေးလေး သောက်ရသည့်အလား သုဝဏ္ဏသာမ၏ရင်သည်အေးမြသွား၏

"ကျွန်မပါရိကာသည် မွေးသည့်အချိန်မှ ယနေ့အထိ မြတ်သောအကျင့်သာကျင့်ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် အဆိပ်ပြယ်ပါစေသား"

"အို...မယ်မယ်စကားက သားရဲ့ရင်ကိုချမ်းမြေ့ပါစေတယ်ဟု စိတ်ထဲက ရေရွတ်မိသည်။

"ကျွန်မရဲ့သားလေး သုဝဏ္ဏသာမသည် မှန်ကန်သောစကားသာ ဆိုတတ်ပြောတတ်ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် အဆိပ်ပြယ်ပါစေသား"

www.burmeseclassic.com

www.burmeseclassic.com



''မင်းသစ္စာပြုပြီးပလား၊ ငါဆိုတော့မယ်''

''နေဦး၊ သားအတွက်ဆိုပြောစရာစကားတွေ အမြောက်အမြားပဲ။ ကျွန်မတို့ရဲ့သားလေးဟာ မိဘကို အလုပ်အကျွေးပြုသူဖြစ်ပါတယ်။ ဤ မှန်သောသစ္စာသောစကားကြောင့် အဆိပ်ပြယ်ပါစေသတည်း။ ကျွန်မ ပါရိကာရဲ့ သားလေးဟာ လူကြီးမိဘတွေကို ရိုသေပါတယ်။ ဤမှန်သော စကားကြောင့် အဆိပ်ပြယ်ပါစေသတည်း''

''ပြီးပြီလား…''

''နေဦး၊ ကျွန်မဆိုဖို့ကျန်သေးတယ်။ ကျွန်မသည် သားလေးကို အသက်ထက်ပင် မြတ်နိုးချစ်ခင်ပါပေတယ်။ ဤမှန်သောစကားကြောင့် အဆိပ်ပြယ်ပါစေ…''

''မယ်မင်းရာ ဒီစကားဟုတ်မလား၊ မင်းအသက်ထက်ပိုချစ်တယ်ဆိုတာ သစ္စာစကားမှ မဖြစ်နိုင်တာ…''

''ဟုတ်မဟုတ်စောင့်ကြည့်။ ကျွန်မသားကိုအသက်ထက်ပိုချစ်တယ်ဆိုတာ သစ္စာစကားပဲ''

မယ်မယ်၏သစ္စာစကားအဆုံးတွင် လွန့်လူးလျက် တစ်ဖက်သို့စောင်းလိုက်သည်။ ထိုအခြင်းအရာကို ပီဠိယက္ခ မင်းကြီးမြင်၍ ဝမ်းမြောက်ဝမ်းသာအသိပေးလိုက်သည်။

''ဟုတ်လား…ဒါဆိုသားလေး မသေဘူး။ အဖေကြီးသစ္စာဆို၊မြန်မြန်ဆို''

''အေးဆိုမယ်။ ကျွန်ုပ် ဒုကူလသည်သားကိုချစ်မြတ်နိုးပါ၏။ သားအတွက်ဆိုလျှင် ရင်မှအသည်းခွဲထုတ်ပံ့ပါ၏။ ဤမှန်သောစကားကြောင့် အဆိပ်ပြယ်ပါစေသား''

''ဟော…ဖခင်၊ အဖေအမမေတို့သား လှုပ်လာပြီ။ တစ်ဖက်ပြန်စောင်းသွားပြန်ပြီ။ ဒါဆို မြားဆိပ်ပြေတာ သေချာပြီ''

ပီဠိယက္ခမင်းကြီးသည် ထူးဆန်းသော အဖြစ်အပျက်မြင်ရ၍ အံ့အားသင့်နေသည်။ ဝမ်းသာနေသည်။ ခြေမကိုင်မိ လက်မကိုင်မိပင် ဖြစ်ရသည်။

''အရှင်မတို့ ကျွန်ုပ်လည်း သစ္စာဆိုပါမယ်''

''အလို၊ အခုပြောတာ ဘယ်သူပါလိမ့်''

''ကျွန်ုပ်ဟာ ဂန္ဓမာဒနတောင်က ဗဟုသုန္ဒရီ နတ်သမီးပါ။ သားလေးရဲ့လွန်ခဲ့တဲ့ ခုနစ်ဘဝက မိခင်ဟောင်းပါ''

''ဟုတ်တယ်… ကျွန်မတို့ သားလေးရဲ့ အမေဟောင်း။ အင်း…အမေပဲပေါ့။ ဒါဆို သားအတွက် သစ္စာပြုပါ''

ပီဠိယက္ခမင်းကြီးသည် စကားမပြောနိုင်အောင်ပင် အံ့သြနေမိသည်။ သုဝဏ္ဏသာမသတို့သား၏ မိခင်ဟောင်း ဆိုသူကပင် သစ္စာဆို လာလေပြီ''

''ကျွန်ုပ်ဗဟုသုန္ဒရီသည် ဂန္ဓမာဒနတောင်တွင် နှစ်ပေါင်း ရှည်ကြာနေခဲ့ပါတယ်…ဒါပေမယ့် သားသုဝဏ္ဏသာမ ထက် ချစ်မြတ်နိုးရသူမရှိပါ။ ဤမှန်သော သစ္စာစကားကြောင့် အဆိပ်ပြယ်ပါစေ''

ခုနစ်ဘဝက မိခင်၏သစ္စာစကားကြောင့် နေထိပန်းသည် ရေနှင့်တွေ့ရသည့်အလား လန်းလာသည်။

''ဂန္ဓမာဒနတောင်ရှိအပင် မှန်သမျှသည် ရနံ့မွှေးကြိုင်နေပါတယ်။ မမွှေးသည့်သစ်ပင်ဟူ၍ မရှိပါ။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပြယ်ပါစေသတည်း''

မှန်ကန်သည့်သစ္စာစကား၏ တန်ခိုးကြောင့် သုဝဏ္ဏသာမ သတို့သားသည် လဲလျောင်းနေရာမှ ထထိုင် တော့သည်။

ဟော…။

ပီဠိယက္ခမင်းကြီးသည် မကြုံဖူးသည့် အဖြစ်အပျက်ကိုမြင်ရ၍ အံ့သြနေသည်။ သုဝဏ္ဏသာမသတို့သားအနား ပြေးကပ်သွားပြီး၊ တရင်းတနှီးပွေ့ဖက်လိုက်သည်။

''ခွင့်လွှတ်ပါလုလင်''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်ဟာ မကောင်းမှုမပြုသလို၊ ပြုသူအပေါ်လည်း ခွင့်လွှတ်တဲ့ အကြည့်နဲ့အစဉ်ကြည့်သူပါ"

သားတည်းဟူသော ချစ်ခြင်းဖြင့် မိဘများက မှန်ကန်သောသစ္စာစကားဖြင့် ကုသခဲ့သည်။ မိခင်ဟောင်းဖြစ်သည့် ဗဟုသုန္ဒရီနတ်သမီးကလည်း အလားတူ သစ္စာတိုင်တည်ခဲ့သည်။ သားကိုကယ်တင်သည့် အပြင် မျက်မမြင်မိဘနှစ်ပါး၏ ဒုက္ခကိုတန်ခိုးဖြင့် ကယ်တင်လို၍ "သင်တို့အလိုရှိရာ ဆုကိုတောင်းပါ"ဟု မိန့်လိုက်သည်။ ဗဟုသုတကြွယ်ဝသောမိဘများက "သားရွှေအိုးထမ်းပြန်လာတာ မြင်ချင်ပါတယ်"ဟု တောင်းဆိုလိုက်သည်။ တစ်ချက်ခုတ်သုံးချက်ပြတ်စကားဖြစ်သည်။ သားအသက်ရှင်ရပါစေ…မျက်စိနှစ်ကွင်း အလင်းရပါစေ… သားကြီးပွားပါစေ" ဟူသော လိုအပ်ချက်သုံးခုကိုစကားတစ်ခွန်းနှင့် လုံလောက်အောင်တောင်းဆိုနိုင်ခဲ့သည်။ သို့ဖြစ်၍ ဒုကူလနှင့် ပါရိကာလည်း မျက်စိပြန်မြင်သည်။ သူတို့ချစ်မြတ်နိုးသည့် သားလိမ္မာလေးလည်း အသက်ချမ်းသာခဲ့ပေသည်။

ပီဠိယက္ခမင်းကြီးသည် သစ္စာတရား၏တန်ခိုးထက်မြက်မှုကို မြင်ရသည့်ပြင် မယုံကြည်နိုင်လောက်သည့် အဖြစ်အပျက်ကို ကိုယ်တိုင်မြင်ရကြုံရသဖြင့် အံ့သြရသည်။ ဒုကူလနှင့် ပါရိကာကိုဝန်ချတောင်းပန်ပြီး၊ မကောင်းမှုမှ ရှောင်ကြဉ်ရန် ကတိပေးလျက် ဟိမဝန္တာတောမှ ပြန်ခဲ့တော့သည်။

မိဂသမ္မဒါမြစ်ကမ်းတွင် ကြုံရသည့်အဖြစ်အပျက်ကိုမူ တစ်သက်တာတွင် မေ့နိုင်တော့မည် မဟုတ်ပေ။

**ကျမ်းကိုး။ ။မဟာနိပါတ်၊ သုဝဏ္ဏသာမဇာတ်။**

* * *

www.burmeseclassic.com

www.burmeseclassic.com

# မှန်ရာကိုသစ္စာဆိုပါမည်

"တရားကျင့်ဖော်တို့၊ ငါ့မှာအပြစ်ရှိရင် ပြောကြပါ...အပြစ်အတွက် ငါတောင်းပန်ပါ့မယ်။ အကျိုးအကြောင်း မသိရဘဲ အပြစ်မပေးကြပါနဲ့၊ ဘယ့်အတွက်ကြောင့် ငါ့အဖို့ဝေစုမထားကြသလဲ..."

နောင်တော်ကြီး မဟာကဿပစကားကြားလိုက်သည်နှင့် အားလုံးက အံ့အားသင့်ကုန်သည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် အဖြေထုတ်မရသည့် ပဟေဠိတစ်ပုဒ်ကြားရသည့်နှယ်ကြောင်ကုန်သည်။

"ဘယ်လိုများဖြစ်လို့လဲ နောင်တော်ကြီး"

"ငါ့အဖို့ ဝေစုမထားလို့ သုံးရက်လုံးလုံးမစားရပါ"

"အို..."

နောင်တော်ကြီးအတွက် စိတ်မကောင်းဟန်ဖြင့် ရင်ကိုဖိပြီး၊ စုတ်သပ်ကြသည်။ ဤသုံးရက်အတွင်း တာဝန်ကျသည့် ပုဂ္ဂိုလ်တို့ကို စူးစမ်းဟန်ဖြင့် မေးဆတ်လျက် အသံတိတ်မေးလိုက်သည်။ သူတို့ကိုယ်တိုင်လည်း အံ့သြနေသည်။

"ပထမနေ့က ငါဝေစုလာယူတာ ငါ့အတွက်ဝေစုက သတ်မှတ်နေရာမှာ မရှိဘူး။ မေ့သွားတာနဲ့ တူပါတယ်ဆိုပြီး ဘာမှမပြောဘဲ ငါ့အခန်း ငါပြန်ခဲ့တယ်..."

"ဖြစ်မှဖြစ်ရပလေ..."

အကြီးဆုံးညီငယ်က စိတ်မကောင်းဟန်ဖြင့် သံဝေဂစကားဖြင့် ညည်းညူသည်။

"ဒုတိယနေ့ကျတော့လည်း အချိန်ကျတော့ ဝေစုယူလာခဲ့ပြန်တယ်။ မရှိ ပြန်ဘူး။ သြော်...ငါ့မှာ အပြစ် တစ်စုံတရာမြင်လို့ ဒဏ်ပေးတဲ့အနေနဲ့ ဝေစုမပေးတာ ဖြစ်မယ်ဆိုပြီး အခန်းပြန်ခဲ့တယ်..."

"မဟုတ်တာပဲ"

"တတိယနေ့မှာလည်း အလားတူပဲ ဝေစုမထားပြန်ဘူး။ ဒီတော့ ငါစဉ်းစားတယ်။ ဘာအပြစ်လုပ်မိပါလိမ့်။ ကိုယ်တိုင်အပြစ်မမြင်ပေမယ့် ညီတော်တွေက မြင်လို့ဆုံးမတာပဲ။ ဒီတော့အပြစ်ရှိရင် တောင်းပန်မယ်၊ သည်းခံစေမယ်၊ ကန်တော့မယ်လို့ တွေးပြီး အခုလိုစည်ခေါက်စုဝေးမိတာပဲ"

နောင်တော်ကြီးစကားအဆုံးတွင် ညီငယ်များစိတ်မကောင်းဖြစ်ကြသည်။ မိမိတို့အထဲမှ တစ်စုံတစ်ဦးအမှား ကျူးလွန်လေပြီ။ အလေးအမြတ်ထားရမည့် နောင်တော်ကြီးကို မလျော်သောအမှုပြုကြချေပြီဟု တွေးနေကြသည်။

အတန်ကြာဆိတ်ငြိမ်သွားပြီးနောက် အကြီးဆုံးညီငယ်က ထရပ်ပြီး လက်အုပ်ချီရှိခိုးသည်။

"အရှင်...သူတစ်ပါးအတွက်မပါဘဲ၊ တပည့်တော်တစ်ဦးအတွက် သက်သက်ပြောဆိုမှာကို ခွင့်ပြုပါ သလား..."

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ…ပြောပါ"

"အရှင်မြတ်၊ အကယ်၍ ကျွန်ုပ်သည် အရှင်၏ဝေစုဖြစ်တဲ့ ကြာစွယ်ကိုခိုးယူပြားအံ့၊ မြင်းကိုလည်းကောင်း၊ နွားကိုလည်းကောင်း၊ ငွေကိုလည်းကောင်း၊ ရွှေကိုလည်းကောင်း၊ နှစ်ဖွယ်ကောင်းသော မယားကိုလည်းကောင်း၊ ဤအရပ်မှာရရှိပြီး၊ သားမယားတွေနဲ့ ပြည့်ပြည့်စုံစုံနေရသည်ဖြစ်ပါစေသား"

"အို…အိုး၊ ဘာကြောင့်ဒီမျှဝန်လေးတဲ့စကားဆိုရသလဲ။ သင် မစားတာ ငါသိပါတယ်။ ငါကငါ့အဖြစ်အပျက်ပြောပြတာ…အပြစ်ရှိရင် ဝန်ခံဖို့၊ တောင်းပန်ဖို့မိန့်တာပါ"

နောင်တော်ကြီးသည် အကြီးဆုံးညီငယ်၏ ကျိန်ဆိုစကားကြောင့် စိတ်မကောင်းဖြစ်သွားရသည်။

* * *

မဟာကဥ္စနသတို့သားနှင့် ညီငယ်များသည် ဗာရာဏသီပြည်သားများ ဖြစ်သည်။ ချမ်းသာကြွယ်ဝသော ပုဏ္ဏားမျိုးတွင် ဖြစ်လာကြ၍ ကြောင့်ကြတောင့်တခြင်း ကင်းမဲ့စွာနေခဲ့ရသည်။ သူတို့ဘဝတွင် စားစရာလည်း မပူပင်ရ။ ဝတ်စရာလည်း မပူပင်ရ။ ကိုယ့်ဝန်ကိုပင်မဆောင်ရဘဲ အခိုင်းအစေ၊ အလုပ်အကျွေးတို့၏ပြုစုစောင့်ရှောက်မှုဖြင့် ကြီးပြင်းခဲ့ရသည်။

မိဘနှစ်ပါးကွယ်လွန်သော် ကုဋေရှစ်ဆယ်သော ပစ္စည်းဥစ္စာသည် သူတို့လက်ထဲရောက်လာသည်။ ကြွယ်ဝမှုအစုစု ပိုင်ဆိုင်လာသည်။ သို့သော် ဤစည်းစိမ်ချမ်းသာသည် အစစ်အမှန်ချမ်းသာ မဟုတ်။ ပစ္စည်းကြောင့်လောင်သော မီး၊ ရမ္မက်ကြောင့်လောင်သော မီး၏အပြစ်ကိုမြင်သည်။ ထို့ကြောင့် ညီငယ်များ ခေါ်တိုင်ပင်သည်။

"ညီငယ်တို့၊ တို့မိဘတို့ဖထားခဲ့တဲ့ စည်းစိမ်ဥစ္စာကို ခွဲဝေသုံးစွဲရင်တောင် ဒီတစ်သက်တော့ အေးအေးဆေးဆေးနေနိုင်တယ်။ ဒါပေမယ့် ငါကတော့ ဒီစည်းစိမ်လည်း မမက်ဘူး။ စည်းစိမ်ဥစ္စာကြောင့် နောက်နောင်မှာဖြစ်လာမည့်ဘေးတွေကို ငါမြင်တယ်။ ဒါကြောင့် ဒီပစ္စည်းတွေကို ညီငယ်တို့သာခွဲဝေယူကြတော့"

"နောင်တော်ကြီးကရော…"

"ငါကတော့ ရသေ့ရဟန်းပြုပြီး အေးချမ်းတဲ့ဘဝ ထူထောင်တော့မယ်"

"ဒီလိုဆို ကျွန်တော့်ဝေစုပါ ညီငယ်တွေခွဲဝေယူပါစေ…ကျွန်တော်လည်း နောင်တော်ကြီးနဲ့အတူ ရသေ့ရဟန်းပြုမယ်"

အကြီးဆုံးညီငယ်က သူ့ဆန္ဒအရဆိုလာတော့ကျန်သည့် ညီငယ်များကလည်း ရသေ့ရဟန်းလုပ်မည်။ ပစ္စည်းတွေ ယူချင်သူ ယူပစ်စေ…ဟု ပြတ်ပြတ်သားသား ဆုံးဖြတ်ကြသည်။

"ဒါဆို တို့မိတ်ဆွေကို ခေါ်ပေးလိုက်"

"ကောင်းတယ်၊ သူဟာ ကျွန်တော်တို့အပေါ်အနွံအတာခံသူ၊ ညီအစ်ကိုရင်းတမျှ ကောင်းသူ။ သူ့သာပုံပေးလိုက်။ ပေးလိုက်ဆိုရှင်းပါတယ်။ မိတ်ဆွေကို ချက်ချင်းခေါ်လိုက်မယ်…"

အကြီးဆုံးညီငယ်သည် စိတ်မြန်လက်မြန်နှင့် စီစဉ်သည်။ မိတ်ဆွေထံသို့ အိမ်စေလွှတ်ပြီး ခေါ်ခိုင်းသည်။ ရောက်လာတော့ အကျိုးအကြောင်းအတိုချုံးရှင်းပြပြီး၊ ပစ္စည်းတွေပုံပေးသည်။

"ဒီလိုတော့ မကောင်းတာမကြံကြပါနဲ့။ ကျုပ်က ခင်ဗျားတို့ ညီအစ်ကိုကိုပေါင်းလာတာအေးအတူ၊ ပူအမျှအတူတကွ နေလိုလို့ပေါင်းတာပါ။ ကျုပ်ကို ပစ္စည်းတွေပေးတာ လက်မခံနိုင်ဘူး၊ ခင်ဗျားတို့နဲ့ပဲ ဆင်းရဲအတူတူ၊ ချမ်းသာအညီအမျှ ခံစားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



''ရော်...''

''မရော်နဲ့လေ...မိတ်ဆွေကောင်းဆိုရင် အတူလက်တွဲခေါ်သင့်တာပေါ့''

ပစ္စည်းဥစ္စာတွေကို မိတ်ဆွေအားပုံပေးသော်လည်း လက်မခံ။ မဟာကဥ္စနသတို့သားနှင့်အတူ ရသေ့ရဟန်းပြုမည်ဆို၍ လက်ခံလိုက်သည်။ ထိုအခါ မိမိတို့ကို အနှံ့အတာခံလုပ်ကျွေးသော အစေခံမ၏ စေတနာကို မြင်သည်။ သခင့်အမွေကို ဤအစေခံမသာလျှင် ခံစားခွင့်ထိုက်သည်ဟု တွက်လျက် လွှဲပေးလိုက်သည်။

''အရှင်သားတို့၊ ကျွန်မဟာ သခင်ကြီးတို့ လက်ထက်ကတည်းက ကျိုးနွံစွာ လုပ်ကိုင်လာသူပါ။ သခင်ကြီးနဲ့ သခင်မကြီးတို့ မျက်နှာလွှဲသွားတော့လည်း ဆက်လက်လုပ်ကျွေးလာတဲ့ ကာလအတွင်း အပြစ်တစ်စုံတစ်ရာမလုပ်ခဲ့ပါ။ မှားရင်ရိုက်နှက်ဆုံးမလို့ရပါတယ် အရှင်သားတို့၊ ဒီအပြစ်မျိုးမပေးပါနဲ့''

''ဟဲ့၊ ဆင်းရဲတဲ့နင့်ကို ချမ်းသာအောင်စောင့်ရှောက်တာလေ...''

ညီမအငယ်ဆုံးက အစေခံမ အထင်လွဲလေရော့သလား... အတွေးမှားလေသလား''ဟု တွေးလျက် ဝင်ရှင်းပြသည်။

''တောင်းပန်းပါရစေ မမလေး...၊ ဆင်းရဲသူဒုက္ခရောက်သူကို ဝါးကူထိုးမပေးပါနဲ့။ ပစ္စည်းတွေ့နဲ့ထားခဲ့မယ့်အစား အရှင်မတို့နဲ့သာ အတူတူလိုက်ပါရစေ...''

ကြံရှယ်သလို ဖြစ်မလာ၍ ညီအစ်ကိုတစ်စုခေါင်းချင်းဆိုင် တိုင်ပင်သည်။ ဤကုဋေရှစ်ဆယ်တန်ဖိုးရှိသည့် ဥစ္စာ၊ ရတနာ၊ ရွှေငွေတို့ကို အဘယ်သို့စီရင်ရမည်နည်း ဆွေးနွေးကြသည်။

''ကဲ၊ နောင်တော်ကြီးပြောမယ်၊ အားလုံးက ရသေ့ရဟန်းဝတ်၊ တောရပ်ဝင်၊ မွေ့နေချင်သူတွေချည်းဖြစ်နေတော့ ဒီပစ္စည်းတွေသာမက တို့အတွက် ဘာမှ အသုံးမကျတော့ဘူး။ ကျောက်သံပတ္တမြားတွေဟာ လမ်းဘေးက ကျောက်ခဲလောက်တောင် အသုံးမဝင်တော့ဘူး။ ဒီတော့ အသုံးဝင်၊ အကျိုးရှိအောင် လှူမယ်''

''သူငယ်ချင်း၊ အဲဒီအစီအစဉ် အကောင်းဆုံးပဲ။ ရှိတဲ့လူအတွက် အသုံးမဝင်ပေမယ့် မရှိသူအတွက်ကတော့ အသုံးဝင်မယ်...အစားလို သူ အစားပေး၊ အဝတ်လိုသူ အဝတ်ပေး၊ နေစရာအိုးအိမ် မရှိသူအတွက် အိုးအိမ်တွေစီစဉ်ပေးရင် နတ်လူသာစုခေါ်မယ့် ကိစ္စ၊ မြန်မြန်သာအကောင်ထည်ဖော်တော့''

မိတ်ဆွေက တိုင်တွန်းသည့်အပြင် ညီနောင်အားလုံးက သဘောတူသဖြင့် ဘဏ္ဍာတိုက်ဖွင့်လျက် လှူဒါန်းလိုက်သည်။ ပစ္စည်းအားလုံးစီရင်ပြီးမှ ညီငယ်ခြောက်ယောက်၊ နှမငယ် (၁) ယောက်၊ မိတ်ဆွေ (၁)ဦး၊ အိမ်စေမ (၁)ဦး၊ အိမ်စေယောကျ်ား(၁)ဦး အတူတကွ တောထွက်ခဲ့သည်။

ဟိမဝန္တာတောင်ခြေရှိ ပဒုမ္မာကြာအိုင်ကြီးတစ်ခုသို့ရောက်သော် အဆိုပြုသင့်သည့်နေရာဟုတွက်လျက်၊ သစ်ခက်တဲမျိုးဆောက်ပြီး နေလိုက်ကြသည်။ အစပိုင်းတွင် တစ်စုတစ်ဝေးတည်း သစ်သီးဝလံရှာကြ၊ ခွဲဝေစားကြနှင့် နေလာသည်။ သို့သော် ဤသို့သွားလာနေခြင်းမှာ ရွာနေလူများအမြင်၌ မတင့်တယ်။ တစ်စုတစ်ဝေးသွားလိုက်၊ စကားတွေဖောင်ဖွဲ့လိုက်နှင့်ဆိုက ကြည်ညိုစရာမဖြစ်ဟု တွေးမိသည်။

''ကဲ၊ ညီငယ်တို့ ဒီမှာပဲအေးအေးဆေးဆေးနေ၊ အားလုံးရဲ့စားဝတ်နေရေးအတွက် နောင်တော်ကြီးက တာဝန်ယူမယ်''

''အစ်ကိုကြီးဆိုလိုတာက သစ်သီးဝလံရှာဖွေဖို့ တစ်ယောက်တည်း တာဝန်ယူမယ်လို့ ဆိုလိုတာလား...''

''အေးလေ...ဝန်မလေးပါဘူး''

''ဒီလိုဆို ကျွန်တော်တို့က ဘယ်တရားမလဲ။ နောင်တော်ကြီးက ဒီတစ်ဖွဲ့လုံးရဲ့ဦးစီး။ ဦးစီးက ကိုယ်တိုင်ရှာကျွေးရ တယ်ဆို ဘယ်ဟုတ်တော့မလဲ။ အစ်ကိုကြီး မလုပ်ပါနဲ့''

www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးညီငယ်က အလျှင်စလိုဝင်တားသည်။ ယင်းကိစ္စအတွက် သူသာတာဝန်ယူပါမည်ဟုဆိုသည်။ ထိုအခါ မိတ်ဆွေဖြစ်သူက ဖြစ်သင့်သည့် စကားချပြသည်။

"တို့ သစ်သီးဝလံရှာမယ်။ နှမလေးနဲ့ အစေခံမကလည်း မိန်းမသားဆိုတော့ တောထဲတောင်ထဲ သွားရတာ မသင့်ဘူး၊ ကျောင်းမှာပဲနေ…တို့ရှစ်ဦးပဲအလှည့်ကျရှာမယ်"

"လုပ်နိုင်ပါ့မလား…"

"လူဆယ်တစ်ယောက်စာအတွက် ဘယ်လောက်များလိုလို့လဲ အစ်ကိုကြီးရာ…"

"ဒါဆိုလည်း ကောင်းပြီလေ…"

ကျန်သူရှစ်ဦးက အလှည့်ကျရှာဖွေလျက် မျှတစွာနေထိုင်လာရာ၊ ပဒုမ္မာကြာအိုင်ကြီးမှ ကြာဖူး၊ ကြာနွယ်၊ ကြာစွယ်တို့ ဖြိုင်ဖြိုင်ပေါလာသော် ရှာဖွေမှုမပြုတော့ဘဲ ကြာဖူး၊ ကြာစွယ်သာစားနေကြသည်။

အလှည့်ကျသူက ကြာအိုင်မှကြာဖူး၊ ကြာစွယ်ခူးလျက် သတ်မှတ်ပေးထားသည့် နေ့ရာတွင် သူ့ဝေစုနှင့်သူ ပုံပေးထားသည်။ အချိန်ကျလျှင် ကိုယ်ဝေစုကိုယ်ယူစားရုံသာ။

ဤသို့ဖြင့် အကျင့်သီလပိုင်းတွင် အချိန်ပိုသုံးပြီး၊ ရသမျှနှင့် ရောင့်ရဲနေရာ၊ သီလတန်ခိုးကြောင့် သိကြားမင်း၏ ဘုံဗိမာန်တုန်လှုပ်စေခဲ့သည်။ အခြင်းအရာကိုကြည့်သော် ပုဂ္ဂိုလ် (၁၁)ဦး၏ အကျင့်မြတ်ကြောင့်ဖြစ်ကြောင်းသိရသည်။ ဤတွင်သိကြားမင်းက ဆင်ခြင်သည်။ အကျင့်သီလပြင်းပြင်းထန်ထန် ကြိုးပမ်းခြင်းမှာ နတ်ပြည်နတ်ရွာရောက်လို၍လော။ သိကြားမင်း၏ဘုံနန်းကိုလုရန် ကြံသလောဟု တွေးလျက် စုံစမ်းသည်။ ကျင်နာမှုဆုတ်ယုတ်ပြီး ညီညွတ်မှုပျက်ပြားစေရန်အကြံဖြင့် နောင်တော်ကြီး၏ဝေစုကို သုံးရက်တိုင်တိုင် သိုဝှက်သိမ်းဆည်းထားလိုက်ရာ၊ ပြဿနာ ပေါ်လေတော့သည်။

* * *

အကြီးဆုံးညီငယ်က ကိုန်စာရွတ်ခြင်းမှာ ချစ်ခင်နှစ်သက်ဖွယ်ဝတ္ထု ပစ္စည်းနှင့် ကွေကွင်းလျှင် သောကဒုက္ခရောက်ရသည်။ ဤသို့သောလက္ခဏာရှိသည့် ဝတ္ထုကာမကိုကဲ့ရဲ့လို၍ ဖြစ်သည်။

ဝန်လေးသည့်စကားမဆိုပါလင့်ဟု တားမြစ်သည့်ကြားမှ ဒုတိယညီငယ်က ထရပ်သည်။

"ကျွန်တော်အမှန်ပဲ စိတ်မကောင်းဖြစ်ရပါတယ်။ ဒီကိစ္စကို စိတ်ကူးတောင်မရှိပါ။ အကယ်၍ခိုးရန် စိတ်ကူးဖြစ်မိ တယ်ဆိုရင် စွန့်လွှတ်ခဲ့တဲ့ ပစ္စည်းတွေ ပိုင်ဆိုင်ခွင့်ရပြီ၊ လူ့စည်းစိမ်ခံစားနေရပါစေ…"

"ညီငယ်၊ စိတ်ဆင်းရဲရမယ့်စကား ဘာကြောင့်ပြောလေသလဲ"

"ခွင့်ပြုပါအစ်ကိုကြီး။ ဒီစကားမပြောရရင် အသေတောင်ဖြောင့်မှာ မဟုတ်ပါဘူး"

တားနေသည့်ကြားက တတိယ ညီငယ်က ကိုန်တွယ်ပြန်သည်။ နောင်တော်ကြီးက နားကိုလက်နှစ်ဖက်နှင့် ပိတ်ထားသည်။ မကြားဝံ့။ ကိလေသာအာရုံ ကာမဂုဏ်ကို လွန်စွာစက်ဆုပ်သည့်အတွက် တောထွက်ခဲ့သည်။ ရသေ့ရဟန်းအဖြစ် အကျင့်မြတ်ကျင့်ခဲ့သည်။ ထိုအခါ ကာမနှင့်စပ်သည့်စကားကို မကြားဝံ့။ ကြားရမှာကို သေမလောက်ပင် ကြောက်နေသည်။

"ကျွန်မလည်း မခိုးပါဘူး"

"ကဲကဲ၊ နှမငယ်ထိုင်၊ ထိုင်ပါ။ အားလုံးကို ယုံပါတယ်။ အဖြစ်အပျက်ကို သိစေချင်လို့သာ ပြောတာပါ။ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး"

"အစ်ကိုကြီးအပြစ်မတင်တာ သိပါတယ်။ ဒါပေမယ့် ဒီလိုဖြစ်ပျက်ရတာ စိတ်မကောင်းလို့ပါ။ ကျွန်ုပ်ဟာ ဝေစုကြာစွယ်ကို ခိုးယူမိခြင်းအံ့၊ ပန်းကိုပန်ဆင်သူ ကာသိကတိုင်းဖြစ် စန္ဒကူးကို လိမ်းကျံရသူဖြစ်ပါစေသား…

www.burmeseclassic.com



သားသမီးတွေများစွာဖြစ်ထွန်းပါစေသား… ကာမဂုဏ်တို့၌ အလွန်ထက်မြက်ငဲ့ကွက်မှု၊ တွယ်တာမှုကို ကျွန်ုပ် ပြုရပါစေသား”

မဟာကဥ္စနသည် မိမိကြောင့်ဝန်လေးသော စကားဆိုကြရသည်ဟု စိတ်မကောင်းဖြစ်ရသည်။ အမှန်လည်း ဝေစုမရ၍ပြောမိခြင်းဖြစ်သည်။ ထိုမရသည့် သုံးရက်တွင် အလှည့်ကျသည့်သူများက ပို၍စိတ်မကောင်း ဖြစ်ရသည်။

“အင်း၊ ဒီပြဿနာက တို့ကိုဝန်လေးစေခဲ့တယ်။ ငါကလည်း ဝေစုရလျက် မရဘူးလို့ဆိုတာ မဟုတ်ပါဘူး။ အဲလိုဆိုမိရင် ကာမဂုဏ်စည်းစိမ်မှာ နစ်မျောနေရပါစေသား”

“အို…”

သိကြားမင်းသည် မဟာကဥ္စန အမျိုးပြုသော သူတော်ကောင်းများကို ဒုက္ခပေးသလိုဖြစ်၍ စိတ်မကောင်း ဖြစ်ရသည်။ ကာမဂုဏ်စည်းစိမ်ကို ရေအိမ်အလား…ထွေးပြီးသား တံတွေးပေါက်နှယ် စက်ဆုပ်သူတွေကို စိတ်ရှုပ်ထွေး စေခဲ့၍ စိတ်မကောင်းဖြစ်ရသည်။ ထို့ကြောင့် ကိုယ်ထင်ပြပြီး ဤအမှုကို မိမိပြုမိကြောင်း၊ စူးစမ်းစုံစမ်းလို၍ ပြုမိကြောင်း၊ အပြုမှားကိုသည်းခံစေလိုကြောင်း တောင်းပန်မှုအားလုံး သံသယရှင်းသွားသည်။

မဟာကဥ္စနနှင့် ညီနောင်များသည် ကိလေသာအာရုံကာမဂုဏ်ကို ငြီးငွေ့သည်။ ထို့ကြောင့် မှန်သောအပြုအမူ၊ မှန်သောစကားကိုသာ ဆိုသည်။ သစ္စာမြဲမြံသည့်အတွက် သိကြားမင်းကပင် ဦးခိုက်ပူဇော်ရပေတော့သည်။

ကျမ်းကိုး။ ။ပကိဏ္ဏကနိပါတ်၊ ဘိသဇာတ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# မုသားမဲ့ အလင်္ကာ

''မိတ်ဆွေ...မဏ္ဍာဗျူ၊ သင်ဟာသူတို့စွပ်စွဲသည့်အတိုင်း ပစ္စည်းခိုးမိပါသလော...''

''အဆွေ...သင်ဘာကြောင့် ဒီစကားမျိုးမေးဘိသနည်း။ မဖြစ်စလောက် ဒီပစ္စည်းကို ငါစုံမက်မယ်လို့ သင်ထင်နေလား''

''မထင်ပါ၊ ငါ့စိတ်မှာစိုးစဉ်းမျှ မထင်မိပါ။ သင်ဟာသည့်ထက်မက ချမ်းသာကြွယ်ဝတဲ့ပစ္စည်းကိုပင် မစုံမက်ဘဲ လှူခဲ့သူပါ။ အကယ်၍ ပစ္စည်းကိုစုံမက်တွယ်တာနေရင် အတိုင်းမသိကြွယ်ဝတဲ့ သင်ဟာ ခုလို ရသေ့ဖြစ်လာစရာအကြောင်း မရှိပါဘူး''

''ငါ့သီလကို သင်ရုံရင်ကျေနပ်ပါပြီ...''

ဤသို့အပြန်အလှန်ပြောနေသူမှာ မဏ္ဍာဗျူရသေ့နှင့် ဒီပါယနရသေ့တို့ ဖြစ်သည်။ သူတို့နှစ်ဦးသည် ကောသမ္ဗီပြည်၏ နိဂုံးရွာကြီး၌ မွေးဖွားကြီးပြင်းခဲ့သူများ ဖြစ်သည်။ ငယ်စဉ်ကပင် အကျွမ်းတဝင်ရှိသည်။ ကြီးလာသောအခါ၌လည်း မိတ်ဆွေရင်းချာများ ဖြစ်ခဲ့သည်။ သူတို့သည် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာကြသဖြင့် လောကီအာရုံကာမဂုဏ်ကို စိတ်တိုင်းကျခံစားနိုင်သူများဖြစ်သည်။ သို့သော် သူတို့သည် ကာမဂုဏ်၏အပြစ်ကိုမြင်လျက် ရှိသမျှစည်းစိမ်ကို ကွက်သာတွင်ပုံလှူခဲ့သည်။ သင်္ကန်းနှင့် သပိတ်ကိုသာ ယူဆောင်ပြီးရသေ့ဝတ်ကြသည်။ ထို့နောက် လူသူနှင့်ရောနှော ဆက်ဆံလိုစိတ်မရှိသဖြင့် လူသူကင်းဝေးရာ ဟိမဝန္တာတောသို့ ဝင်ခဲ့သည်။ တရားအကျင့်ကိုကျင့်သော်လည်း သုံးနှစ် သုံးနှစ်မိုးရှိသည့်တိုင် ဈာန်တရားကိုပင် မရခဲ့ပေ။

''မိတ်ဆွေ မဏ္ဍာဗျူ၊ ငါတို့ဟာ ရသေ့ဘဝကူးပြောင်းခဲ့သော်လည်း ဈာန်မျှပင်မရ။ ဒါပေမယ့် ချဉ်သီးနဲ့ ဆားပြတ်လပ်နေပြီ''

''သင်ဘာလုပ်ချင်လဲ ဒီပါယန''

''တို့များရဲ့လိုအပ်ချက် ဖြည့်ဆည်းဖို့ လူနေရပ်ကို သွားချင်တယ်''

မိတ်ဆွေနှစ်ဦးသည် အချင်းချင်းတိုင်ပင်လျက် ဟိမဝန္တာမှထွက်လာပြီး ကာသိတိုင်းသို့ဝင်သည်။ ဒီပါယနသည် သူ၏မိတ်ဆွေ သူကြွယ်တစ်ဦးနှင့် သွားရောက်တွေ့ဆုံပြီး အကျိုးအကြောင်းရှင်းပြခဲ့သည်။ သူကြွယ်သည် ရသေ့နှစ်ဦးအား ပစ္စည်းလေးပါးနှင့် ထောက်ပံ့သည်။ ကျောင်းသခ်မ်းဆောက်လုပ် လှူဒါန်းခဲ့သည်။ ထိုကျောင်းတွင် သုံးလေးနှစ်မျှ သီတင်းသုံးပြီးသော် ငြီးငွေ့စိတ်ဖြစ်လာ၍၊ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့နှစ်ဦးသည် ဗာရဏသီပြည်မှ အစိမုတ္တကသုသာန်ကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးခဲ့ကြသည်။ ထိုသုသာန်တွင် ဒီပါယန ရသေ့ကမူ ခေတ္တခဏမျှသာနေထိုင်ပြီး၊ မိတ်ဆွေသူကြွယ် လှူဒါန်းထားသည့်ကျောင်းသို့ ပြန်လာပြန်သည်။ အစိမုတ္တကသုသာန်တွင် မဏ္ဍဗျရသေ့သာလျှင် ကျန်ရစ်ခဲ့သည်။

တစ်နေ့တွင် ခိုးသူတစ်ယောက်သည် ပစ္စည်းထုပ်ယူငင်ထွက်ပြေးသည်။ လူအများက ဝိုင်းအုံလိုက်ကြသဖြင့် လွတ်နိုင်မည်ကိုမမြင်၍ မဏ္ဍဗျရသေ့ကျောင်းအနီး၌ ချပြေးသည်။ လူများရောက်လာသော် မဏ္ဍဗျရသေ့ကို ပစ္စည်းထုပ်နှင့်တကွ ဖမ်းမိသည်။ မဏ္ဍဗျရသေ့က ပစ္စည်းထုပ်ကို သူမခိုးကြောင်း၊ ခိုးသူတစ်ယောက် ချပြေးသဖြင့် ကောက်ယူကြည့်မိကြောင်း ဆိုအခိုက်မှာပင် လူအများရောက်လာ၍ ဤနည်းဤပုံဖြစ်ရကြောင်း ရှင်းပြသည်။ သို့သော် လူအများက မယုံကြည်၊ လက်မခံ။ ပစ္စည်းထုပ်ခိုးဝှက်ထွက်ပြေးပြီး လွတ်ပုံမရသဖြင့် ရသေ့ဟန်ဆောင်နေသည်ဟု ထင်သည်။ သို့ဖြစ်၍ရိုက်ပုတ်ထုနှက်ဖမ်းဆီးပြီး ဗာရဏသီမင်းထံ အပ်နှံသည်။

ဗာရာဏသီမင်းသည် လူအများလျှောက်တင်သည်ကိုသာ လက်ခံပြီး၊ ရသေ့စကားကို လက်မခံ။ ဆင်ခြင်စဉ်းစားခြင်း မပြုတော့ဘဲ တံကျင်လျှိုသတ်စေ…ဟုအမိန့်ချသည်။

အာဏာသားတို့သည် ရသေ့ကိုဖမ်းဆီးတုပ်နှောင်လျက် သုသာန်ခေါ်လာသည်။ အမိန့်အတိုင်းတံကျင်လျှိုသတ်ရန် ရှားသားတံကျင်လုပ်သည်။ ရသေ့၏စအိုမှ တံကျင်ကိုရိုက်တွင်းသည်။ ချွန်မြနေအောင် လုပ်ထားသည့်တံကျင်က စူးမဝင်။ ထို့ကြောင့် အနီး၌ရှိသော တမာကိုင်းကို ခုတ်လျက် တံကျင်လုပ်သည်။ ထပ်မံရိုက်သွင်းပြန်သည်။ မည်သို့ပင် အားထုတ်စေကာမူ တံကျင်ကစူးမဝင်၍ သံတံကျင်လုပ်သည်။ လူကိုမဆိုထားနှင့် မာကျောသည့်သစ်သားကိုပင် အလွယ်တကူစူးဝင်နိုင်သည့် သံတံကျင်နှင့်ရိုက်သွင်းပြန်သည်။ မစူးဝင်ပေ။ အညှဉ်းဆဲ အနှိပ်စက်ခံရသည့် မဏ္ဍဗျရသေ့လည်း ပင်ပန်းဆင်းရဲလှပြီ။ အာဏာပါးကွက်သားတို့လည်း ဇောချွေးများပျံနေပြီ။ တံကျင်လျှိုမသတ်လျှင် အာဏာသားများအမိန့်မနာခံ၍ မင်းဒဏ်သင့်တော့မည်။ ဤတွင် မဏ္ဍဗျသည် ဇာတိဿရဉာဏ်ဖြင့် အတိတ်ဘဝကို ပြန်ကြည့်သည်။ ထိုစဉ်က ပင်လယ်ကသစ်တံကျင်နှင့် ယင်ငယ်တစ်ကောင်ကို ထိုးခဲ့ဖူးသည်။ ထိုမကောင်းမှုကံက ဝဋ်ခံရဖို့ရှိနေသဖြင့် ဤသို့ကြုံတွေ့ရကြောင်း ဆင်ခြင်မိသည်။ အာဏာပါးကွက်သားတို့အား ပင်လယ်ကသစ်တံကျင် လုပ်ယူလာရန် မိန့်ကြားပြီး လျှိုသတ်စေမှ ရသေ့၏ကိုယ်တွင်း စူးဝင်တော့သည်။

မဏ္ဍဗျရသေ့၏သတင်းကိုကြားရသော် ကဏှဒီပါယနရသေ့သည် မိတ်ဆွေထံ အဆောတလျင်လာခဲ့သည်။ အာဏာသားများ နှိပ်စက်ထားသဖြင့် ဝေဒနာအပြင်းအထန် ခံစားနေရသော မဏ္ဍဗျထံ ရောက်လာသည်။ မြင်ရသည့် မြင်ကွင်းက မကြည့်ရက်စရာ။ တစ်ခါတည်းမသေဘဲ၊ ဝေဒနာခံစားနေရသူမှာ အကျင့်သီလရှိသော မိတ်ဆွေဖြစ်သည်။ အကျိုးအကြောင်း မေးသောအခါ အဖြစ်မှန်သိရသဖြင့် ပို၍စိတ်မကောင်းဖြစ်ရသည်။ မိတ်ဆွေကို ပွေ့ဖက်လျက် စိတ်သက်သာရာရပါစေတော့ဟူသောသဘောဖြင့် နှစ်သိမ့်သည်။

"ငါ့ထိုက်နဲ့ငါ့ကံ သဘောပဲထားပါတော့ မိတ်ဆွေ…ရှေးဝဋ်ကြွေးပေးဆပ်ရတယ်လို့ပဲမြင်ပါတယ်… သင်သာပြန်ပါတော့"

"ငါဘယ်မှာပြန်နိုင်မှာလဲ။ သင်နဲ့အတူရှိနေသင့်တာပေါ့"

"ဒီပါယန၊ အပြစ်ရှိသူအပါးမှာ သင်နေတော့ဆင်းရဲရုံပဲ ရှိမှာပေါ့"

ရသေ့နှစ်ပါးပြောဆိုနေသည့်စကားကို ပုန်းကွယ်နားထောင်နေသည့် အမှုထမ်းများကြားရသည်။ ထိုအကြောင်းကို မင်းကြီးအားပြန်လည်လျှောက်ထားသော် မင်းကြီးသည် သုသာန်မြေသို့ရောက်လာသည်။ ထိုအခါ ဒီပါယနရသေ့က မဏ္ဍဗျရသေ့၏ ရှေးဘဝအခြေအနေ၊ အတူနေထိုင်စဉ် အကျင့်သီလအလုံးစုံကို ရှင်းပြသည်။ မင်းတို့ကျင့်အပ်သည့်

www.burmeseclassic.com



မင်းကျင့်တရားကိုလည်း ဟောကြားရာ မင်းကြီးကရသေ့၏တံကျင်ကိုနုတ်စေသည်။ အတိတ်ဝဋ်ကြွေးရှိသည့်အတွက် တံကျင်က နုတ်မရ။ အပြင်ထွက်နေသည့်အစွန်းကိုသာလျှင်လွှနှင့်ဖြတ်ပေးရုံသာရသည်။ မဏ္ဍဗျရသေ့ကို တောင်းပန်လျက် မင်းဥယျာဉ်တွင် ကျောင်းဆောက်လှူသည်။ ပစ္စည်းလေးပါးတာဝန်ယူခဲ့သည်။

ကဏှဒီပါယနရသေ့သည် မိတ်ဆွေမဏ္ဍဗျကို နှုတ်ဆက်လျက် သူကြွယ်လှူထားသည့် ကျောင်းသို့ပြန်လာခဲ့သည်။ ကြုံတွေ့ရသည့်အဖြစ်အပျက်များအပေါ် ဆင်ခြင်လျက် ငြီးငွေ့စိတ်ကိုဖျောက်ပြီး ကျင့်ကြံအားထုတ်ရာ ဈာန်အဘိညာဉ်ကို ရပေသည်။

* * *

"ဘယ်လိုဖြစ်ရတာလဲ ဘုရား…"

ကဏှဒီပါယနရသေ့ ပြန်ရောက်ကြောင်း သတင်းကြားသည်နှင့် မိတ်ဆွေသူကြွယ်က အဖျော်ရည်များယူဆောင်လျက် သားမယားနှင့်အတူ ရောက်လာသည်။ သိရကြားရသည့် သတင်းထက် ပိုမိုပြည့်စုံသည့် သတင်းစကားကြားလို၍ မေးလျှောက်လာသည်။

"အင်း၊ ပြောရရင်တော့ ကျုပ်ရဲ့သီတင်းသုံးဖော်အကြောင်း မသိတာ လည်းပါတယ်၊ တစ်ဖက်စကား လွယ်လွယ် ကူကူ လက်ခံယုံကြည်တာလည်းပါတယ်၊ မှုတတဲ့တရားစီရင်မှု မရှိတာလည်းပါတယ်။ အဲ…နောက်ဆုံး သတ္တုချုရမှာကတော့ အတိတ်ကပြုခဲ့တဲ့ ကံအရဝဋ်ကြွေးဆပ်ရတာပေါ့လေ…"

"အရှင်ဘုရားသာ ရောက်မသွားရင် ဒီကိစ္စကို တော်တော်ခံစားရဦးမှာ…"

"ဟုတ်တယ်…ကျုပ်ရောက်သွားလို့ မဏ္ဍဗျရဲ့ရှေးဘဝအခြေအနေသိသွားတာပေါ့။ အေးလေ…ထန်းသီး ကြွေခိုက် ကျီးပျံခိုက်ဆိုသလို ဖြစ်ကြတာပေါ့"

မဏ္ဍဗျရသေ့အကြောင်း စိတ်ဝင်စားစရာပြောဆိုနေမိရာ၊ သူကြွယ်လင်မယားသည် အတူပါလာသည့် သားကို ပင်မေ့ လျော့နေသည်။ စောစောပိုင်းက အနီးအနားတွင် ဆော့ကစားနေသည်ကိုမြင်ရ၍ အမှုမဲ့အမှတ်မဲ့နေလိုက်သည်။ အတန်ကြာမှ သတိရပြီးကြည့်တော့ သားကိုမမြင်၍ သူဌေးကတော် ပျာယာခတ်သွားသည်။

"သားငယ် ယညဒတ္တရော…"

"ဟေ…ကျုပ်ဘယ်သိမှာလဲ မယ်မင်းရဲ့၊ စောစောကတော့ မြင်လိုက်မိတယ်…"

သူဌေးကတော်သည် ပျာယိပျာယာ အမူအရာဖြင့် ကျောင်းအောက်ဆင်းသွားသည်။ ချစ်ခင်နှစ်လိုဖွယ် အဆင်း ရှိသည့် သားလေးအတွက် သောကမီးတောက်လောင်မှာ မလွဲပေ။ ခဏကြာသော် အထိတ်အလန့် အော်ဟစ်သံ ကြားရသဖြင့် သူကြွယ်ပြေးဆင်းသွားသည်။

"ဘာဖြစ်တာလဲ…ဘာလဲ"

"သားလေး မြွေကိုက်ခံရပြီထင်တယ်။ ဟောဒီမှာတွင်းထဲလက် နှိုက်ရက်နဲ့လဲကျနေတယ်"

သူဌေးကတော်တွေးထင်ချက်မှာ မှန်ကန်လောက်သည်။ ကလေးသည် မြေပြင်ပေါ်တွင် မျက်နှာတစောင်း ပြုလျက် လဲကျနေသည်။ သူ့တစ်ကိုယ်လုံးပြာနှမ်းပြီး၊ အသက်ရှူရပ်သွားသည်။

"ဘယ်လိုလုပ်ကြမလဲ၊ ကျွန်မသားလေးတော့ ရေတိမ်နစ်ပါပြီ"

"နေစမ်းပါဦးကွာ…မင်းတို့မိန်းမသားတွေက ဖြစ်လာရင် ငိုဖို့လောက်ပဲတွေးတယ်…မြွေကိုက်တာလား…. ကင်းကိုက်တာလား။ တခြားအန္တရာယ်တစ်ခုခုကြုံတာလား ဝေခွဲပါရစေဦး"

"ဘာကိုဝေခွဲနေရမှာလဲ၊ ကလေးက အသက်မရှူတော့ဘူး။ ကယ်…ကယ်ပါ…ကယ်ပါဦး ဆရာရသေ့ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ကဏှာဒီပါယနရသေ့သည် စောစောကပင် မိတ်ဆွေရသေ့၏စိတ်မကောင်းစရာအဖြစ်အပျက်ပြောခဲ့သည်။ ရင်ထဲခံစားနေရသည်မှာ မပြေသေး။ အခုတစ်ဖန်ဝမ်းနည်းစရာအဖြစ်က ကြုံရပြန်သည်။ ကြုံတွေ့နေရသည်က ဒကာရင်း၏ဒုက္ခ။ သည်ဒုက္ခကို ဘယ်ပုံဖြေရှင်းပေးရမှန်းပင်မသိ။ ကိုယ့်ဆွမ်းဒကာ၊ ကွမ်းဒကာတွင် သောက၊ ပရိဒေဝ မီးတောက်လောင်နေသည်မှာ ကိုယ်ကိုယ်တိုင် ခံစားရသည်နှင့် မခြားပေ။ အိမ်ရှေ့ပူတော့ အိမ်နောက်မချမ်းသာဆိုသည့် အလားဖြစ်နေပြီ။ ခေါင်းတစ်ခုလုံး ပူလောင်သွားရလေတော့သည်။

*   *   *

သူကြွယ်လင်မယားနှင့် ကဏှာဒီပါယနတို့ကျောင်းပေါ်တွင် စကားပြောနေချိန် သားငယ်ယညဒတ္တသည် ကျင်ပေါက်ကစားနေသည်။ ပေါက်ရင်းပေါက်ရင်းနှင့် ကျင်သည် ကျင်းတစ်ခုတွင်ဝင်သွားသည်။ ထိုကျင်းထဲတွင် မြွေဆိုးအောင်းနေသည်။ ယညဒတ္တသည် ကျင်ကိုတွင်းထဲမှ နှိုက်ယူချိန်တွင် မြွေကကိုက်လိုက်ခြင်းပင်။ မြွေလည်းအပြစ်မရှိ။ ကလေးလည်းအပြစ်မရှိ။ ကံကြမ္မာက ဖန်လာခြင်းပင်။

''အရှင်မြတ်ဘုရား၊ သားငယ်ကို ကယ်ပါဦး''

''အဲဒါအခက်ဆုံးပဲ။ မြွေဆိပ်နိုင်ဆေးတော့ ငါမသိ။ သစ္စာစကားဆိုပြီးကုဖို့သာ အကြောင်းရှိတယ်...''

''ဒါဆိုလည်းကု...ကုပေးပါဘုရား''

ကဏှာဒီပါယနရသေ့သည် ယညဒတ္တသူငယ်၏ ဦးခေါင်းထက် လက်တင်လျက် သစ္စာစကားဆိုသည်။

''ငါသည် လှူဒါန်းကိုငြီးငွေ့၍ ရသေ့ပြုခဲ့ရာ (၇) ရက်သာလျှင် ရွှင်ရွှင်လန်းလန်း ကြည်ကြည်သာသာရှိခဲ့သည်။ ထို (၇)ရက်ကလွန်ပြီး ယနေ့နှစ်ပေါင်းငါးဆယ်တိုင် စိတ်မကြည်လင်ပါ။ မပျော်ရွှင်ပါ။ အောင့်အည်းသည်းခံလျက်သာ နေခဲ့သည်မှာ ယခုအချိန်ထိဖြစ်ပါသည်။ ဤစကားမှန်ပါလျှင် ကလေးငယ်တွင်ကျရောက်နေသော အဆိပ်တို့ ပြယ်ပါစေသား''

ဤသို့မှန်ကန်သည့် သစ္စာစကားဆိုသည်နှင့် အဆိပ်မိပြီး မူးမေ့နေသော ကလေးငယ်သည် သတိလည်လာသည်။ မျက်လုံးဖွင့်လာသည်။ မိဘနှစ်ပါးကို ''အဖေ...အမေ''ဟု ခေါ်ပြီး၊ မျက်လုံးပြန်မှိတ်သွားသည်။ ရသေ့၏ သစ္စာစကား ကြောင့် ကိုယ်အထက်ပိုင်းရှိ အဆိပ်များ လျော့ကျသွားပေသည်။

သစ္စာစကား၏တန်ခိုးကြောင့် အဆိပ်ပြယ်သင့်သလောက်ပြယ်သည်ကိုတွေ့ရ၍ အားတက်လာသည်။ မိခင်ဖြစ်သူမှာ သားအသက်ရှင်သည်မြင်၍ ဆရာရသေ့ကို အထူးကျေးဇူးတင်နေသည်။

''ငါ့အစွမ်းနဲ့တော့ ကုပေးပြီးပြီ၊ သင်တို့လည်း သစ္စာဆိုကြ''

''တပည့်တော်တို့လည်းဆိုရမှာလား...ဘာကိုပြောဆိုရမှာလဲ''

''ဩော်...သူဌေးရာ သစ္စာစကားဆိုတာ မုသားမဲ့စကားပေါ့။ ဆိုးတာပဲဖြစ်ဖြစ်၊ ကောင်းတာပဲဖြစ်ဖြစ် မှန်ကန်တဲ့စကားဖြစ်ရမယ်''

''ဒီလိုလား...ကောင်းပါပြီအရှင်မြတ်၊ ဒါဆိုသစ္စာပြုပါမယ်''

သူကြွယ်သည် သားဓောကြောင့်သာ သစ္စာစကားဆိုမည်ဖြစ်သော်လည်း ကဏှာဒီပါယနရသေ့ကို အားတောင့်အားနာ ဖြစ်နေသည်။ သို့ကြားလည်း ရသေ့ကပင် သူ၏စိတ်ရင်းမှန်ကိုဖွင့်ထုတ်ပြနေပြီဖြစ်၍၊ ဆုတ်ဆိုင်းမနေသာတော့။

''ကျွန်ုပ်သည် ရဟန်း၊ ပုဏ္ဏားများ၊ ဧည့်သည်များလာလျှင် နှစ်သက်ခြင်း၊ ကြည်ညိုခြင်း အလျဉ်းမရှိပါ။ ကြည်ညိုစိတ်လည်း မဖြစ်ပါ။ ဤသို့မနှစ်သက်၊ မကြည်ညိုသည်ကို တစ်ပါးသူအား မသိစေခဲ့ပါ။ ဖုံးကွယ်ထားပါသည်။ လှူဒါန်းခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် သားခံစားနေရသော ဝေဒနာသက်သာပါစေ၊ အဆိပ်ပြေပျောက်လျက် သားငယ်ယညဒတ္တ အသက်ရှင်ပါစေသတည်း''

www.burmeseclassic.com

www.burmeseclassic.com



ဤသို့မှန်ကန်သည့်စကားဆိုလိုက်ရသော်လည်း ဆရာရသေ့၏ မျက်နှာကိုပင် မကြည့်ဝံ့။ အားတုံ့အားနာ ဖြစ်နေသည်။ သို့သော် သားငယ်ယညဒတ္တ၏ ခါးအထက်ပိုင်းရှိ အဆိပ်တွေလျော့ကျပြီး၊ ထထိုင်သောအခါ အားလုံးက ဝမ်းသာကုန်သည်။ အပြစ်ကိုမဆိုဘဲ သစ္စာစကား ၏စွမ်းရှိမှုကြောင့် ဝမ်းသာနေကြသည်။

"ကဲ…မယ်မင်းသစ္စာဆိုတော့၊ ကျုပ်နဲ့ဆရာရသေ့ သစ္စာစကားကြောင့် ကျုပ်တို့သားလေး ထထိုင်နိုင်ပြီ။ မယ်မင်းသစ္စာဆိုတာနဲ့ အဆိပ်အားလုံးကျတော့မှာ…"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဟု ဆိုလိုက်သော်လည်း သစ္စာစကားမဆိုဘဲ အားတုံ့အားနာ အမူအရာဖြင့်ကြည့်နေ၍ သူဌေးစိတ်ဆိုးချင်လာသည်။

"ဟဲ့၊ ဘာကိုတွေဝေနေတာလဲ၊ ဘာကြောင့်တုံ့နှေးနေတာလဲ"

"ဟိုဒင်း၊ သူကြွယ့်ကို အားနာနေတာ…"

"အားနာတာ၊ အားပါတာတွေ လုပ်မနေနဲ့။ ဆိုမှာသာဆို"

ခင်ပွန်းသည်က အတင်းအကျပ် တိုက်တွန်းနေသဖြင့် သက်ပြင်းတိတ်တခိုးချလျက် သစ္စာစကားဆိုလိုက်သည်။

"ကျွန်မသည် သားကိုကိုက်သည့်မြွေကို မခင်မင်၊ အလွန်ပင်မုန်းပါသည်။ ဤမြွေကို မုန်းသည့်နည်းတူ ခင်ပွန်းသည် (ကလေး၏ အဖေ)ကိုလည်း မုန်းပါသည်။ ဤသစ္စာစကားကြောင့် သားငယ်ယညဒတ္တမှာ စွဲကပ်သည့် အဆိပ်ပြေပါစေ…ရောဂါပျောက်ပါစေ.."

ဤသို့သစ္စာစကားဆိုသည်နှင့် မြွေဆိပ်တက်ပြီး မေ့မြောနေသော ကလေးသည် ထရပ်၏။ ကျင်ကိုနှိုက်ယူလျက် ပြန်ကစားသည်။

ဤဖြစ်ရပ်တွင် ရသေ့သည်လည်းကောင်း၊ သူကြွယ်သည်လည်းကောင်း၊ သူကြွယ်၏ကတော်သည်လည်းကောင်း စိတ်ရင်းမှန်ကို ဖုံးကွယ်မထား၊ အများနားခံသာအောင် မုသားစကားမဆို၊ မှန်သောသစ္စာ စကားဆို၍ ကလေးအသက် ချမ်းသာရာရခြင်းဖြစ်ပေသည်။

**ကျမ်းကိုး။ ။ ဒသကနိပါတ်၊ ကဏှဒီပါယနဇာတ်။**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာနှလုံးသား

“အသင်ကစ္စည်းလုလင်…အရှင်မင်းကြီးအား အကျိုးစီးပွားရှိသည်လည်းဖြစ်စေ…မရှိသည်မူလည်းဖြစ်စေ…ဟုတ်မှန်ရာသာ ငါဆိုအံ့၊ လောက၌ ကျွန်လေးမျိုးရှိ၏။ ဒီလေးမျိုးက အိမ်ပေါက်ကျွန်၊ ဥစ္စာဖြင့်ဝယ်သောကျွန်၊ သူခစားကျွန်၊ တိုင်းတစ်ပါးမှ ဆောင်ယူခဲ့သော သုံ့ကျွန်ဟူ၍ လေးပါးရှိပေတယ်…ထိုကျွန်လေးမျိုးတွင် ငါသည် မင်းခစားအမတ်ဖြစ်၍ သူခစားကျွန်တည်း၊ ငါဟာအရပ်တစ်ပါးရောက်နေသော်လည်း ကျွန်မျိုးဝင်တည်း၊ မင်းကြီးသည် တစ်စုံတစ်ခုပြုရာကိစ္စကြောင့် ငါကိုသင့်အားပေးလျှင် တရားသောပေးခြင်းတည်း”

“ကောင်းလေစွ…မှန်လေစွ၊ သင်ဟာ အမှန်ပညာရှိသူပဲ။ မှန်ရာအဆုံးအဖြတ်ကို ပေးတတ်သူမို့ ငါချီးကျူးပါတယ်”

ကစ္စည်းလုလင်အသွင်ဆောင်ထားသော ပုဏ္ဏကဘီလူးသည် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ခုန်ထသည်။ တဖြောင်းဖြောင်းမြည်အောင် လက်ပမ်းပေါက်ခတ်သည်။ လိုရာဆန္ဒပြည့်မြောက်အောင် ဆောင်ရွက်နိုင်သည့်အတွက် ဆောက်တည်မရအောင် ဝမ်းသာနေသည်။

ဓနဥ္စယမင်းကမူ အဖိုးတန်ရတနာတစ်ပါးဖြစ်သော ဝိဓုရအမတ် ဆုံးရှုံးသဖြင့် အလွန်အမင်း စိတ်ပျက်သွားသည်။ အကယ်၍အခြားတစ်ပါး မင်းက တိုင်းပြည်ကို စစ်ပြုသဖြင့် မြို့အလုံးပျက်စေ…ဥစ္စာပစ္စည်းတွေ ဆုံးရှုံးစေဦး ဝိဓုရအမတ် ဆုံးရှုံးရသလောက် မနစ်နာ။ အဆုံးရှုံးမခံလို၍ ပရိယာယ်စကားဖြင့် ဝိဓုရသည် ငါနှင့်မဆိုင်။ ငါပိုင်မဟုတ်ဟုငြင်းဆန်ခဲ့သည်။ ထိုအခါကစ္စည်းလုလင်က ဤစကားနှင့်ပတ်သက်၍ ဝိဓုရ၏အဆုံးအဖြတ်သာတည်စေ…အကယ်၍ ဝိဓုရအမတ်က မင်းကြီး နှင့်မဆိုင်ဟုဆုံးဖြတ်လျှင် ငါလိုက်နာမည်။ အမတ်ကြီးက သမာသမတ်ကျကျဆုံးဖြတ်သည့်အတိုင်း လိုက်နာမည်ဟု ဆိုသည်။ ဤကိစ္စတွင် အမတ်ကြီး၏ အဆုံးအဖြတ်တစ်ခုတည်းသာ ပဓာနကျသည်။ မင်းနှင့် ကစ္စည်းလုလင်တို့သည် အမတ်ကြီးထံ အဆုံးအဖြတ်ခံသော် အမတ်ကြီးက မှန်ကန်သည့်စကားဆိုသဖြင့် အဖိုးတန်ရတနာ ဆုံးရတော့မည်။

“အို…မင်းအပေါင်းတို့၊ ငါမေးတဲ့စကားကို ဝိဓုရအမတ်က ဟုတ်မှန်ရာကိုဆိုပေတယ်…ဓနဥ္စယမင်းကမူ မတရားတဲ့သဘောရှိတယ်။ ငါ့အား ဘာကြောင့် ဝိဓုရအမတ်ကို မပေးတာလဲ”

“ယူ…သင်ယူ။ ဟယ်…ဝိဓုရ၊ သင့်ကိုငါက မင်းစည်းစိမ်ပေးလျက် ငါ့မျက်နှာမှမထောက်။ ယခုမှမြင်ဖူးတဲ့ ကစ္စည်းလုလင်မျက်နှာကိုသာငဲ့တယ်”

“မှန်ရာသာဆိုပေတယ် မင်းကြီး”

www.burmeseclassic.com

www.burmeseclassic.com



"မှန်ရာ…သြော်၊ မှန်ရာတဲ့လား…ဒါဆိုသင်ဟာ ကစ္စည်းလုလင် နောက်လိုက်သွားလေတော့"

ဓနဥ္စယမင်းသည် ကိုယ်ပြုသည့်အမှားကို မဆင်ခြင်။ ဝါသနာပါရာ ကြွေအန်ကစားဖို့သာ အာရုံရှိသည်။ ဝါသနာအရ ကစားပြန်တော့ အလောင်းအစားပါသည်။ တစ်ဖက်သားပစ္စည်းကိုသာ ရချင်သည်။ ကိုယ်ပေးရမည့် အရင်းအနှီးကိုမတွက်။ ပေးရမည်ဆိုတော့ နှမြောနေသည်။ တွန့်တိုသည်။ မပေးချင်၍ လိမ်လည်ဖို့ကြိုးစားသည်။ တစ်လျှောက်လုံးအမှားလုပ်သူက အမှန်တရားသစ္စာစကားပြောသူကိုပင် အပြစ်တင်နေသည်။

ခုတော့ ဝိဓုရ ဆုံးရှုံးရလေပြီ။

* * *

ကုရုတိုင်း၊ ဣန္ဒပတ္ထပြည်ကို အစိုးရသော ဓနဥ္စယကောရဗျမင်း၏အမတ်ဝိဓုရသည် ပညာကြီး၏။

ကောရဗျမင်းထံသို့ ရှေးအတိတ်ဘဝကပင် အကျွမ်းတဝင်ရှိသော သိကြားမင်း၊ ဝရုဏ နဂါးမင်း၊ ဂဠုန်မင်းတို့သည် စကားနီးနှောလေ့ရှိသည်။ သီလနှင့်ပတ်သက်၍ပြောဆိုရာတွင် မည်သူ့သီလကမြတ်သည်ကို ငြင်းခုံကြသည်။

"အရှင်တို့၊ သီလတကာတွင် ကျွန်ုပ်၏သီလကအမြတ်ဆုံးဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဂဠုန်မင်းသည် ကျွန်ုပ်ကို အန္တရာယ်ပြုသည်ဖြစ်စေ…မပြုသည်ဖြစ်စေ…ဂဠုန်တို့ကမူ ကျွန်ုပ်တို့ကို အန္တရာယ်ပြုတတ်ပါတယ်…ထိုသို့ အသက်အန္တရာယ်ပြုတတ်သော ဂဠုန်မင်းကိုတွေ့ရပေမယ့် ကြောက်ရွံ့ခြင်းမရှိ၊ မိမိဝေဒနာကို ပမာဏ မပြုဘဲ သည်းခံနိုင်ခြင်းရှိလို့ပါ"

ဝရုဏ နဂါးမင်းသည် အမျက်မထွက်ခြင်း၊ သည်းခံခြင်းနှင့်ပြည့်စုံ၍ သူ၏သီလမြင့်မြတ်ကြောင်းဆိုသည်။ ထိုအခါ ဂဠုန်မင်းက ဤသို့ဆိုသည်။

"အမင်းမင်းတို့၊ နဂါးဟာ ဂဠုန်အတွက် အမြတ်ဆုံးအစားအစာပါ။ အစာကိုမြင်လျက် မွတ်သိပ်ခြင်းတို့သည် သည်းခံနိုင်ခြင်း အစာတည်းဟူသော အကြောင်းကြောင့် မကောင်းမှုမပြုသော ကျွန်ုပ်ရဲ့သီလသာ ပိုမြတ်ပါတယ်"

ဂဠုန်မင်းသည် အစားအစာအတွက် ယုတ်မာသောအမှုမပြုဘဲ၊ သီလစောင့်ထိန်းသည့် မိမိ၏သီလသာ မြတ်ကြောင်းဆို၏။ ထိုအခါ သိကြားမင်းကလည်း သူ၏သီလအကျင့်သာ မြတ်ကြောင်းဆိုသည်။

"အချင်းတို့၊ အကြင်သူသည် ကိုယ်ဖြင့်မြူးထူးခြင်း၊ နှုတ်ဖြင့်မြူးတူးခြင်း၊ အပျက်စကားမဆို၊ တဏှာ၏အကြောင်းဖြစ်သော အသားကို ပြေပြစ်စေခြင်းဟု မစားမမှိဝဲ၊ အရေပြေပြစ်ရန် ပန်း၊ နံ့သာ၊ အခိုး၊ အထုံမသုံး၊ မေထုန်မှုကိုလည်း ရှောင်ကြဉ်လျက် လူ့ပြည်၌ သီလဆောက်တည်ခြင်းပြု၏။ ဒါကြောင့် ငါ့သီလသာမြတ်၏"

သိကြားမင်းသည် နတ်စည်းစိမ်ကို ဖယ်ကြဉ်လျက် လူ့ရပ်လူ့ရွာလာပြီး ဥပုသ်စောင့်ခြင်းကြောင့် မြတ်သည်ဆို၏။ ထိုအခါ ဓနဥ္စယ ကောရဗျမင်းကဆိုသည်။

"ငါသည် များပြားသောဥစ္စာကိုလည်းကောင်း၊ တစ်သောင်းခြောက်ထောင်သော နန်းတွင်းသူတို့ကို လည်းကောင်း၊ နန်းစည်းစိမ်ကိုလည်းကောင်း စွန့်၍ဥပုသ်ဆောက်ခြင်းကြောင့် ငါရဲ့သီလသာ မြတ်၏"

ဤသို့မင်းလေးပါးသည် သူ့သီလမြတ်သည်။ ငါ့သီလမြတ်သည်ဟု အငြင်းပွားရာ၊ ဝိဓုရပညာရှိထံ အဆုံး အဖြတ်ခံယူ ရန် ရောက်လာကြသည်။

"အရှင်မင်းကြီးတို့၊ သင့်တို့၏စကားသည် ကောင်းမြတ်ကြပါပေ၏။ ဥပမာဆိုရသော် လှည်းပုံတောင်း၌ ကောင်းစွာ နက်အပ်သောအကန့်ကဲ့သို့ ရှိပါပေ၏။ အကြင်ပုဂ္ဂိုလ်၌သည်းခံခြင်း၊ အစာကြောင့် မကောင်းမှုမပြုခြင်း၊ ကာမဂုဏ်၌ မွေ့လျော်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြောင့်ကြမှု မရှိခြင်း ဂုဏ်နှင့်ပြည့်စုံခြင်း ဂုဏ်လေးပါးအနက် သီးခြားစီပြည့်စုံ၍ မင်းကြီးတို့ရဲ့သီလဟာ တူညီပါပေတယ်…"

www.burmeseclassic.com

www.burmeseclassic.com



ထိုအဆုံးအဖြတ်စကားကြားသော် မင်းလေးပါးက ကျေနပ်နှစ်သက်သည်။ ထို့ကြောင့် ပညာရှိပီသပါပေသည်ဟု ချီးမွမ်းလျက် သိကြားမင်းသည်မီးခိုးအဆင်း ရှိသော ဘွဲ့မြှုပုဆိုးချီးမြှင့် ပူဇော်သည်။ ဂဠုန်မင်းသည် ပွင့်ချပ်တစ်ရာရှိပြီး၊ ရတနာဝတ်ဆံများ စီခြယ်ထားသော ရွှေပန်းခိုင်ကို ပညာဉာဏ်ပူဇော်သောအားဖြင့် ချီးမြှင့်သည်။ နဂါးမင်းကမူ အဖိုးအတိုင်းမသိ ထိုက်တန်သော ပတ္တမြားမျက်မြတ်ကို လည်၌ဆွဲထားရာမှ ဖြုတ်လျက်ချီးမြှင့်သည်။ ထိုအခါ ဓနဥ္စယမင်းသည် နို့ညှစ်နွားမ တစ်ထောင်၊ နွားလားဥသဘ၊ ဆင်၊ မြင်း၊ သိန္ဓောမြင်းကသော ရထားဆယ်စီး၊ ရွာကြီး (၁၆)ရွာကို ချီးမြှင့်ပူဇော်သည်။

ဥပုသ်သီလတည်ဆောက်ပြီးပြန်လာသော နဂါးမင်း၏လည်၌ ပတ္တမြားရတနာပါမလာသည်ကို နဂါးမင်း၏ မိဖုရား ဝိမလာမြင်သော် အကျိုးအကြောင်းမေးသည်။ ထိုအခါ ဝရုဏနဂါးမင်းက လူ့ပြည်၌ ကြုံတွေ့ရသော အဖြစ်အပျက်နှင့် ဝိဓုရပညာရှိကို ပူဇော်ခဲ့သည့်အကြောင်းကို အလုံးစုံပြန်ပြောပြသည်။ ထိုစကားကြားသော် ဝိမလာသည် ဝိဓုရ၏တရားစကားကို နာလိုသော အာသီသဖြစ်လာသည်။

"အရှင်မင်းကြီး၊ ဝိဓုရပညာရှိ၏ တရားကိုနာလိုပါ၏၊ နဂါးပြည်သို့ ဆောင်ယူပေးပါ"ဟုဆိုလျှင် ဆောင်ပေးမည့် အကြောင်းမမြင်၊ ဥပါတမျဉ်ဖြင့် ကြုံးပမ်းမှုရမည်ဟုတွေးလျက် မမာမကျန်းဟန်ပြုသည်။ မင်းကြီးထံသို့အခစားမဝင်ဘဲ နေသည်။ ထိုအခါ နဂါးမင်းကြီးသည် ဝိမလာနေသည့် အဆောင်သို့ကြွလာသည်။

"အဘယ်မိဖုရား...သင့်အသားအရေက ဖျော့တော့လျက်၊ ကိုယ်ခန္ဓာလည်း ကြုံလှီနေပါတလား၊ အဘယ် ဝေဒနာ ရှိသလဲ"

"မြတ်သော မင်းကြီး၊ တစ်ခုသောအာသီသမပြည့်၍ နွမ်းလျနေပါတယ်"

"အချင်းမိဖုရား၊ ငါဟာ နဂါးပြည်ကိုအစိုးရသော နဂါးမင်းဖြစ်သည်ကို မသိသလော...သင်အလိုရှိရာကို ငါမဆောင်ယူနိုင်ဟု ထင်သလော..."

"ဒါဆို ဝိဓုရအမတ်ရဲ့နှလုံးသားရလိုပါတယ်။ အရှင်မင်းကြီးစကားကြောင့် နှလုံးသားစားချင်တဲ့ ဆန္ဒ ဖြစ်နေ ပါတယ်..."

"အို...."

ဝရုဏနဂါးမင်းသည် မိဖုရားစကားကြားသောကြောင့် အထူးတုန်လှုပ်သွားသည်။ မသင့်သည့်အလိုဆန္ဒမှန်းလည်း သိလိုက်သည်။

"အဘယ် မိဖုရား၊ သင်အလိုရှိရင် နေကိုလည်းကောင်း၊ လကိုလည်းကောင်းယူပေးခြင်းဟာ မခဲယဉ်း။ ဝိဓုရအမတ်ဟူသည် တစ်ရာ့တစ်ပါးသော မင်းတို့မြတ်နိုးကော်ရော် ပူဇော်နေသည့် ပညာရှိပုဂ္ဂိုလ်ဖြစ်ပေတယ်။ ဒီလိုပုဂ္ဂိုလ်ကို နဂါးပြည်သို့ ဘယ်လိုဆောင်ယူရနိုင်မလဲ"

"ဝိဓုရရဲ့နှလုံးသားမရရင် နှမတော်သေရုံပဲရှိပါတယ်။ ကံအလျောက်သေချင်လည်း သေပါစေတော့"

နဂါးမင်း၏ မိဖုရားဝိမလာသည် ဟန်ဆောင်စိတ်ကောက်လျက် သလွန်ထက်တွင် လျောင်းစွေနေသည်။ ထိုအကြောင်းကို သမီးဖြစ်သော ဣရန္ဒတီကြားသိရသည်။ မိခင်၏ကျေးဇူးဂုဏ်ကိုပေးဆပ်ရန်မှာ ဤနည်းသာရှိသည်။ မိမိကဲ့သို့သမီးတစ် ယောက်ရှိနေပါလျက် မိခင်၏ အသက်မဆုံးရှုံးသင့်ဟုတွေးလျက် ဝိဓုရအမတ် နဂါးပြည် ရောက်လာရေးကို တွေးနေမိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မအမည် ဣရန္ဒတီ…နတ်လူအပေါင်းနှစ်ထောင်းစေမည်… ရုပ်ရည်အဟုတ်ကြည် ပေါ်လွင်သည်… အလိုရှိပါလျှင်ပြောမည်… ဝိဓုရသုခမိန်ရဲ့နှလုံးကိုပင်အတည်…တရားသဖြင့်ရလိုသည်…ဆောင်ကြဉ်းနိုင်သူအမည်… စာရင်းတင်သွင်းလိုက်တော့ ယုံကြည်…ကျွန်မ ခင်ပွန်းထိုအမည်''

မယ်တော်မိဖုရား၏ လိုလားတောင့်တချက်ကို ဖြည့်ဆည်းနိုင်ရန် မဟာသမုဒ္ဒရာမှခွဲထွက်လျက် ကာဠအမည်ရှိ တောင်ပေါ်တက်ခဲ့သည်။ ထိုတောင်သည် ယူဇနာခြောက်ဆယ်အမြင့် ရှိသည်။ ကျောက်ညိုတို့ဖြင့်ပြီးသော ထိုတောင် တန်းထက်တွင် ပန်းနှင့်အတိပြီးသော ဒန်းကိုစီးသည်။ နတ်ပန်းတို့ကို ခူးယူဖြန့်ခင်းလျက် တစ်ကိုယ်တည်းမြူးမြူး ကြွကြွ ကခုန်သည်။ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသည့်အသံဖြင့် တေးဆိုရင်း မာယာကွန်ယက်ကို ဖြန့်ကျက် ထားလိုက်သည်။

''အလို…''

ဝေဿဝဏ်နတ်မင်းကြီး၏တူတော် ပုဏ္ဏကနတ်ဘီလူးသည် တစ်ဂါဝုတ်ပမာဏရှိသော သိန္ဓောမြင်းကိုစီးလျက် ထွက်အလာ ကာဠတောင်ထိပ်အရောက်တွင် သီချင်းသံကြား၍ ရပ်တန့်လိုက်သည်။ ချိုမြကြည်သာသည့်အသံလေးက သူ့ကိုဖမ်းစားထားလေပြီ။ ရိုးတွင်းခြင်ဆီထိ စွဲငြိစေသည့်သီချင်းသံကို သဲကွဲအောင်နားစွင့်လိုက်သည်နှင့် သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားလုမတတ်ဖြစ်သွားသည်။

ဝိဓုရသုခမိန်၏နှလုံးသားကိုအတည်…တရားသဖြင့် ရလိုသည်… ဟူသည့် သီချင်းစာသားက သူ့နှလုံးသားကို ပုတ်ခတ်နေသည်။ အကယ်၍ ဝိဓုရကိုဖမ်းပေးပါ…နှလုံးသားကို ယူပေးပါဟုတောင်းဆိုလျှင် ငါပုဏ္ဏက အခုချက်ချင်း ယူပေးမည်။ ငါ့ကြင်ယာဖြစ်လေ့ဟု ရဲရဲရင့်ရင့်တာဝန်ယူမိမည်။ ခုတော့ တရားသဖြင့်ရလိုသည်ဆို၍ စဉ်းစားရကျပ်သွား သည်။ သို့သော် အခြင်းအရာစုံစမ်းရန် အသံရှင်ဆီသို့ အရောက်သွားခဲ့သည်။

''အို…''

အဆင်းရူပါအားဖြင့် အချောအလှနတ်သမီးတွေကိုပင် လွှမ်းကဲသွားသည့် ဣရန္ဒတီကိုမြင်လိုက်သဖြင့် မင်သက်မိ သွားသည်။ တဒင်္ဂမျှ စကားမဆိုနိုင်အောင် ဖြစ်ရသည်။

''နှစ်လိုမြတ်နိုးအပ်တဲ့ ဆင်းရူပါရှိတဲ့ အပျိုစင်မိန်းကလေး… ကျွန်ုပ် ပုဏ္ဏကဟာ သင့်ကိုမြင်လျှင် မြင်ခြင်းမြတ်နိုး စုံမက်စိတ်ဖြစ်မိပါတယ်…ဝေဿဝဏ်နတ်မင်းကြီးရဲ့တူဖြစ်တဲ့ ကျွန်ုပ်ပုဏ္ဏကရဲ့ အချစ်ကိုလက်ခံပါ''

''အရှင်သား၊ မိကောင်းဖခင်သားသမီးများဟာ ရိုင်းစိုင်းတဲ့အပြုအမူမရှိ၊ အပြောရောအပြုပါ သိမ့်မွေ့ကြပါပေတယ်။ အလိုရှိပါက မိဘအုပ်ထိန်းသူကို ပြောပါအရှင်…''

''ချစ်နှမ သင့်မိဘများက ဘယ်သူနည်း''

''အမောင်…ယူဇနာငါးရာကျယ်တဲ့နဂါးပြည်အစိုးရတဲ့ ဝရုဏနဂါးမင်းဟာ ကျွန်မအဖပါ။ အမိကား ထိုမင်းရဲ့မြောက်သား ဝိမလာဒေဝီဖြစ်ပါတယ်''

''ကောင်းပြီလေ…ဒါဆိုထိုက်တန်တဲ့တံစိုးလက်ဆောင်ပေးပြီး ငါတောင်းရမ်းယူပါမယ်…''

ပုဏ္ဏကသည် ဣရန္ဒတီကို သိန္ဓောမြင်းထက်တင်လျက် ခေါ်ဆောင်ပြီး နဂါးပြည်သို့ ခရီးနှင်ခဲ့သည်။ နဂါးမင်းကြီး ရှေ့မှောက်ရောက်သည်နှင့် စကားဆိုသည်။

''မဟာသမုဒ္ဒရာကို အစိုးရတဲ့ နဂါးမင်း၊ ကျွန်ုပ်ပုဏ္ဏကဟာ ဣရန္ဒတီကို မြင်လျှင်မြင်ခြင်း စုံမက်ခြင်း ဖြစ်ရပါတယ်။ ဒါကြောင့် ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ အဿတရိုရ်မြင်းကတဲ့ရထားတစ်ရာ၊ ရတနာဆယ်ပါး အပြည့်တင်ထားတဲ့ ရထားတစ်ရာနဲ့ လက်ဆောင်ပေးတောင်းရမ်းပါမယ်၊ ကြည်ဖြူပါ''

''အမောင်လုလင်…မဟာသမုဒ္ဒရာကို အစိုးရတဲ့ငါလိုမင်းဟာ ဉစ္စာရတနာမလို၊ အလျှံပယ်ပေါများတဲ့ သူကြွယ်အတွက် ရတနာတစ်ထုပ်က မက်မောစရာမဟုတ်၊ အကယ်၍သင်သာ တစ်ခုဆောင်ရွက်ပေးနိုင်လျှင် ငါ့သမီးကို ပေးပါမယ်…''

www.burmeseclassic.com

www.burmeseclassic.com



"အဘယ်အရာလည်း နဂါးမင်း"

"ဓနဥ္စယကောရဗျမင်းရဲ့ အမတ်ပညာရှိ ဝိဓုရကိုတရားနည်းလမ်းနဲ့ ဆောင်ယူနိုင်က သင်လိုချင်သည့် ငါ့သမီးကို ပေးအပ်မည်..."

ပုဏ္ဏကသည် မျှော်တွေးထားသည့်အတိုင်းကြား၍ တွံ့ဆိုင်းသွားသည်။ ဣရန္ဓတီ၏သီချင်းသံကြားကတည်းက ဤအရေးကိုတွေးတောခဲ့သည်။ နည်းလမ်းရှာခဲ့သည်။ သို့သော်ရုတ်ခြည်းတော့ အကြံအစည်က မပေါ်သေး။ သို့သော် ဣရန္ဓတီကိုလည်း လက်မလွှတ်ချင်သဖြင့် ဦးရီးတော်ဝေဿဝဏ်နတ်မင်းနှင့်တိုင်ပင်ရန် စတုမဟာရာဇ်နတ်ဘုံသို့ တက်လေ၏။

ဦးရီးတော်ဝေဿဝဏ်နတ်မင်းထံ ချဉ်းကပ်သော်လည်း ဝိဓုရကို ယူဆောင်ရေးမှာ ခွင့်မပြုနိုင်ဟု ကြိုတင်တားသည်။ သို့သော် ပရိယာယ်ကြွယ်သော ပုဏ္ဏကသည် ဦးရီးတော် အမှုစီရင်ချိန်တွင် အပါးသို့ချဉ်းကပ်၏။ သူတင်ပြလို သည်ကို အဆောတလျင်တင်ပြသည်။ ဝေဿဝဏ်နတ်မင်းကြီး အာရုံများနေချိန်ဖြစ်၍ ပုဏ္ဏကတင်ပြသည်ကို လုံးစေ ပတ်စေ မကြားပေ။ အမှုသည်နတ်ကို ဝေဿဝဏ်နတ်မင်းကြီးက "သွားလော့၊ သိမ်းယူလော့"ဟု အခြားကိစ္စနှင့် စိစဉ်ညွှန်ကြားရာ၊ ပုဏ္ဏကသည် သူ့ကိုဆိုလေဟန်ဖြင့်ယူ၍၊ ထွက်ခဲ့တော့သည်။

ဝိဓုရအမတ်ကိုယူရေးမှာ အပြောလွယ်သြားလည်း အလုပ်က မလွယ်။ တရားနည်းလမ်းတကျယူလော့ဟုဆိုသဖြင့် ပို၍ခက်ခဲသည်။ နည်းလမ်းရှာသော် ဝိဓုရ၏အရှင်သခင် ဓနဥ္စယကောရဗျမင်းသည် ကြွေအန်ကြူးသည်။ ကြွေအန်ကို အလောင်းအစားပြုလျက်ယူချေသော် အကြည်အသာရနိုင်လိမ့်မည်ဟု တွက်သည်။

"ငါဟာ ကောရဗျမင်းကို အလောင်းအစားပြုပြီး ကြွေအန်ကစား မယ်။ သူလည်းမက်၊ ငါ့လည်းထိုက်တန်တဲ့ ကြေးပြ ရင် အဆင်ပြေလောက်တယ်။ ဒီတော့ ဝေပုလ္လတောင်မှာရှိတဲ့ မနောဟရပတ္တမြားကတော့ တန်ကြေးလည်းရှိတယ်။ မင်းလည်းနှစ်သက်မယ်"

ဤသို့တွေးလျက် ဝေပုလ္လတောင်ထိပ်တက်လျက် မနောဟရပတ္တမြားကိုယူသည်။ ကောင်းကင်ခရီးဖြင့် ဣန္ဒပတ္ထနဂိုရ်ပြည်သို့ဆင်းသည်။ သိန္ဓောမြင်းကို သင့်ရာတွင်ထားရစ်ပြီး မထင်ရှားသည့်အသွင်ဖြင့် တစ်ရာ တစ်ပါးသောထီးဆောင်းမင်းတို့ကြွေအန်ကစားရာသို့ဝင်သည်။

"အို...မင်းအပေါင်းတို့၊ အဘယ်သူသည် ငါ၏ဥစ္စာကိုအောင် နိုင်စွာရယူနိုင်မည်နည်း။ ယောဒီပတ္တမြားရတနာ ရယူချင်သူဟာ ငါ့ကို အောင်နိုင်လျှင်ရနိုင်အံ့။ အကယ်၍ မအောင်နိုင်လျှင် သင့်ရဲ့အမြတ်တနိုးထားရာ ရတနာကိုငါယူအံ့"

ထီးဆောင်းမင်းတို့အလယ်တွင် ရဲရင့်စွာစိန်ခေါ်လာသောပုဏ္ဏကကို ကောရဗျမင်း သေသေချာချာကြည့်သည်။ လူစိမ်းလုလင်၏လက်တွင်းရှိသော ပတ္တမြားရတနာ၏တန်ဖိုးကို မှန်းဆရသည်။ ဤရတနာပစ္စည်းနှင့် အလောင်းအစား ထပ်လာ သူကား အဘယ်သူနည်းဟု တွေးနေသည်။

"အမောင်လုလင် သင်ဘယ်သူနည်း၊ ကုရုတိုင်းသားတော့ မဟုတ်တန်ရာ"

"အရှင်မင်းကြီး၊ ကျွန်ုပ်သည်ကား ကစ္စည်းလုလင်တည်း။ ကျွန်ုပ်၏မိဘများကား အင်္ဂတိုင်း၊ ကာလစမ္ပာနဂိုရ်ပြည်သားများဖြစ်ပေတယ်"

"ဩော်...ဩော်၊ အင်္ဂတိုင်းသားကိုး။ အမောင်က အန်ကစားလိုတယ်ပေါ့၊ ဒါဆို လောင်းကြေးတင်ပါ"

"မှန်ပါမင်းကြီး၊ ယောဒီမနောဟရပတ္တမြားဟာ ကျွန်ုပ်ရဲ့လောင်းကြေးပါ။ ပတ္တမြားရဲ့တန်ဖိုးကိုတော့ မင်းကြီး အကဲဖြတ်နိုင်ပါလိမ့်မယ်"

"သင့်ကြေးက ဒါအကုန်ပဲလား..."

"သိန္ဓောမြင်းလည်းပါပါသေးတယ်။ မနောဟရပတ္တမြားနဲ့ သိန္ဓောမြင်းကိုကြေးထပ်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



''သင့်မြင်းရဲ့အစွမ်းကိုပြပြီးလော့''

ပုဏ္ဏကဘီလူးသည် မင်းကြီးနှစ်လိုစိတ်ပေါ်အောင် သိန္ဓောမြင်းကိုစီးလျက် ကာဠပဗ္ဗတနဂိုရ်မြို့ရိုးထက် စိုင်းနှင်ပြသည်။ အဝန်းခုနစ်ယူဇနာရှိသော မြို့ရိုးထက်၌မြင်းကိုစီးသော် မြင်လည်းမထင်။ ပုဏ္ဏကလည်း မထင်။ ပုဏ္ဏက၏ခါးတွင်စီးထားသောပဝါနီစသည် မီးစကိုကိုင်လျက် ဝှေ့ယမ်းသကဲ့သို့ထင်နေသည်။ မြင်းပြေးပုံမှာ မြင်းအပေါင်းလည်ချင်းယှက်လျက်မြို့ကို ဝန်းရံပြေးသကဲ့သို့ထင်ရသဖြင့် တစ်ရာ့တစ်ပါးသော မင်းအပေါင်းတို့ ရင်သပ်ရှုမောဖြစ်ကုန်သည်။ ထို့နောက် မြို့တွင်းရှိ ဥယျာဉ်တော်ရေကန်တွင် မြင်းကိုစိုင်းနှင်ရာခွာကိုပင်ရေမစိုအောင်ပြေးနိုင်စွမ်းသည်။ တစ်ဖန်ပဒုမ္မာကြာရွက်ပေါ်နှင်းလျက် သွားစေသည်။ ထို့နောက် မြင်းကိုအသံပြုခေါ်လျက် လက်ဝါးဖြန့်ပေးသည် လက်ဝါးပြင်ထက်၌ရပ်ပြသည်။

''အရှင်မင်းကြီး၊ ဘယ်သို့ထင်သလဲ''

''ကောင်းပြီး၊ သင်နဲ့ကျွန်ုပ်ကြွေအန်ကစားမည်''

''ကစားမည်ဆိုက သင့်ပါတယ်။ ဒါပေမယ့် အရှင်မင်းကြီးတင်မယ့်ကြေးကိုမိန့်ပါဦး''

''အမောင်လုလင်၊ ငါ့ကိုယ်ကိုလည်းကောင်း၊ မိဖုရားကိုလည်း ကောင်း၊ ထီးနန်းကိုလည်းကောင်းချန်လှပ်လျက် အခြားဥစ္စာပစ္စည်းဟာ ငါရဲ့လောင်းကြေးပဲ''

''ကောင်းပါပြီ၊ မင်းကြီးကတိစကားဟာ တည်ပါစေ···တစ်ရာ့ တစ်ပါးသော မင်းတို့ သက်သေအရာထားပါတယ်''

''သင့်လေစွ''

ဓနဥ္စယကောရဗျနှင့် ပုဏ္ဏကတို့၏ အလောင်းအစားကြွေအန်ကစားပွဲက နှစ်ဦးနှစ်ဖက်သဘောတူညီမှုဖြင့် စလေတော့၏။

* * *

''ခပ်သိမ်းကုန်သော မြစ်တို့သည် ကောက်ကွေ့၏။ တောဟူသမျှသည် ထင်းအတိဖြစ်၏။ မိန်းမဟူသမျှသည် ဆိတ်ကွယ်ရာရှိသော် မကောင်းမှုပြုကုန်၏''

ကောရဗျမင်းနှင့်ပုဏ္ဏကသည် လောင်းကြေးထပ်လျက် ကြွေအန်ကစားသည်။ ထိုသို့ကစားရာတွင် တစ်ရာ့တစ်ပါးသော မင်းတို့သက်သေထားသည်။ နှစ်ဦးသဘောတူညီမှုရသော် ကောရဗျမင်းက ကြွေအန် ကစားရန် အန်သီချင်းသီဆိုသည်။ သီချင်းဆိုခြင်းမှာ လွန်ခဲ့သောသုံးဘဝက အမိတော်ဖူးသော နတ်သမီးကို သတိပေးခြင်းပင်။

''အိုးအမိနတ်သမီး၊ ငါ့ကိုစောင့်ရှောက်လော့။ ငါ၏မှီခိုရာဖြစ်ပါလော့။ အို···မိခင်သင့်တန်ခိုးဖြင့် အောင်မြင်မှုကိုပေးလော့''

ဤသို့အန်သီချင်းဆိုလျက် ကစားသော် အန်ကျလျက်သတိပေး သဖြင့် အမြဲတမ်းအနိုင်ရသည်။ အကယ်၍ရှုံးအံ့ဖြစ်သော အန်ကျလျက် သတိပေးသဖြင့် ခရီးတစ်ဝက်တွင် ဖမ်းလျက်ခြေဖျက်၏။ နိုင်ခြေရှိ မှအန်ကိုကျစေသည့်အတွက် အမြဲတမ်းနိုင်နေခြင်းဖြစ်သည်။

ကောရဗျမင်းသည် အန်သီချင်းဆိုလျက် အန်ကိုမြှောက်သော် ပုဏ္ဏကက တန်ခိုးဖြင့်ရှုံးအန်ကိုကျစေသည်။ ရှုံးမည့်ရေးကိုကြိုသိသဖြင့် ခရီးတစ်ဝက်မှဖမ်းယူလိုက်သည်။ ဒုတိယအကြိမ်အန်သီချင်းသီဆိုလျက် အန်ကိုမြှောက်ပြန်သည်။ ရှုံးမည့်အန်ကျလာသည်။ ပုဏ္ဏကကတန်ခိုးနှင့် ဖန်တီးနေသည်ကို မသိသော်လည်း ရှုံးမည်မှန်းသိ၍ ခရီးတစ်ဝက်မှဖမ်းလိုက်ပြန်သည်။ တတိယအကြိမ်အန်ကိုဖမ်းသော် ပုဏ္ဏကတွေးသည်။ အဘယ်ကြောင့်ကြိုတင်သိလေသနည်းဟု

www.burmeseclassic.com



တန်ခိုးနှင့်ကြည့် သော် ကိုယ်စောင့်နတ်သမီးကို မြင်သည်။ ပုဏ္ဏကသည် အမျက်ဒေါသ မျက်လုံးနှင့် နတ်သမီးကိုကြည့် လိုက်ရာ နတ်သမီးလည်း ထိတ်လန့်လျက် ပြေးလေတော့သည်။ ကိုယ်စောင့်နတ်သမီးထွက်ပြေးသဖြင့် နောက်တစ်ကြိမ် ပစ်သော် သတိပေးနိုင်ခြင်း မရှိတော့။ အန်ရွဲသည် အရှုံးဘက်ကျသည်။ ပုဏ္ဏကသည် သူ့အလှည့်တွင် တန်ခိုးနှင့်နိုင်အောင် ဖန်တီးထားသဖြင့် အနိုင်ဘက်မှကျသည်။ ပုဏ္ဏကသည် ဝမ်းသာအားရ စွာခုန်ထလျက် လက်ရုံးဆန့်တန်းကြုံးဝါးလိုက် သည်။

ဓိတံမေ…ဓိတံမေ။အောင်ပြီ…အောင်ပြီဟူသော အော်ဟစ်သံက ယူဇနာတစ်သောင်းရှိသော ဇမ္ဗူဒိပ်တစ်ကျွန်းလုံး သိမ့်သိမ့်တုန်သွားလေတော့၏။

* * *

ဓနဥ္စယကောရဗျမင်းသည် မကြုံစဖူးသောအဖြစ်နှင့် ကြွေအန်ရှုံးနိမ့်ခဲ့၍ စိတ်ဆင်းရဲသွားသည်။ ကတိအတိုင်းပေး ရမည်ကို နှမြောတွန့်တိုခြင်းမရှိသော်လည်း ဆင်းရဲသားလုလင်ကို ရှုံးရသည့်အတွက် စိတ်မချမ်းသာပေ။

"အရှင်မင်းကြီး၊ ကျွန်ုပ်နှင့်ကတိရှိသည့်အတိုင်း လောင်းကြေးကိုပေးလော့"

"ကောင်းပြီလုလင်…ကတိအတိုင်းပေးရမှာ ဝန်မလေးပါ။ ငါအစိုးရတဲ့ ဤမြေမှာ သင်နှစ်သက်ရာတစ်ခု တောင်းပါ။ ဆင်ရတနာ… မြင်းရတနာ…နွားရတနာတွေရှိပါတယ်။ အဖိုးတန်အဝတ်အစား၊ ပတ္တမြားနားထောင်းတွေ ဝတ်ဆင်ထားတဲ့ သမီးကညာတွေလည်းရှိပါတယ်။ နှစ်သက်မှုကိုယူပါ။ ရွှေငွေရတနာနှစ်သက်တယ်ဆိုလည်း ယူပါ။ ကတိမဖျက်ပါ လုလင်"

"အရှင်မင်းကြီး၊ မင်းကြီးပိုင်ဆိုင်တဲ့ ဥစ္စာအနက်အခြား မလိုလားပါ။ ငါ့အား အမြတ်ဆုံးရတနာဖြစ်တဲ့ ဝိဓုရအမတ်သာ ပေးလော့"

"ဘာ…"

မထင်မှတ်သည့်လောင်းကြေးကိုတောင်းသဖြင့် မင်းကြီးရင်တုန်အောင်ပင် အံ့သြထိတ်လန့်သွားသည်။ သို့သော် ဟန်ကိုယ့်ဖို့ဟု တွက်လျက် ငြင်းပယ်စကားဆိုသည်။

"အမောင်လုလင်၊ ရှေးကပင် ငါဆိုခဲ့မဟုတ်လော…ငါ့ကိုယ်၊ ငါ့မိဖုရား၊ ငါ့နန်းစည်းစိမ်မှအပ ကျန်ပစ္စည်းနဲ့ လောင်းကြေးထပ်တယ်မဟုတ်လား"

"မှန်ပါတယ်။ မင်းကြီးကို မတောင်းဆိုပါ"

"ဝိဓုရအမတ်ဟာ ငါရဲ့ကိုယ်ဖွားပဲ။ ဝိဓုရကိုငါ့ပစ္စည်းလို့ မသတ်မှတ်။ သူဟာ ငါရဲ့ကိုးကွယ်ရာဖြစ်တယ်။ မှီခိုရာ ကျွန်လည်းဖြစ်တယ်။ ဝိဓုရကို မပေးနိုင်"

"အရှင်မင်းကြီးသင်နှင့် မငြင်းလို၊ ဤစကားကို ဝိဓုရအမတ်၏ အဆုံးအဖြတ်သာလျှင် နာယူသင့်တယ်"

ပုဏ္ဏကကလည်း ဝိဓုရအမတ်အပြောသာ အရေးကြီးဆုံးဖြစ်၍ အခိုင်အမာပြစကားဆိုသည်။ ကောရဗျမင်းသည် ဝိဓုရတစ်ချက်ငြင်းရုံနှင့် ကိစ္စပြတ်သည်။ မငြင်းပယ်ဘဲမနေဟုတွက်လျက် ဝိဓုရအမတ်ထံ လာခဲ့ကြသည်။

"သုခမိန်၊ သင်ဟာတရားမွေ့နဲ့အညီ နေသည်ဟုကျော်ကြားပါတယ်။ အသက်ကြောင့် မမှန်စကားမဆိုဟုလည်း ဂုဏ်ကျေးဇူးကျော်ကြားပါတယ်။ ဒါ့ကြောင့် သင်ဟာ မင်းကြီးကျွန်လော…သို့မဟုတ် မင်း၏ဆွေမျိုးလော"

ထိုသို့အမေးခံလိုက်ရသည်နှင့် ပြဿနာရှိလေပြီဟုတွေးလိုက်သည်။ အကယ်၍ ငါကမင်း၏ဆွေမျိုးဟု လည်းကောင်း၊ မင်းထက်မြတ်သူဟု လည်းကောင်း၊ သူစိမ်းဟုလည်းကောင်းဖြေလျှင် ငါ့စကားလက်ခံရာ၏။ သို့သော်အမှန်တရားကို ကိုးကွယ်လျက် သစ္စာစကားသာ ပြောလေ့ရှိသော ငါဟာအသက်ကိုငဲ့ပြီး မုသားစကားမဆိုသင့်။

www.burmeseclassic.com

www.burmeseclassic.com



"အမောင်လုလင်...ငါဟာ မင်း၏ကျွန်တည်း"

"အောင်ပြီ...အောင်ပြီ"

ပုဏ္ဏကသည် ကြံစည်သမျှအောင်ပြီဖြစ်၍ ဝင့်ကြွားစွာအော်ဟစ် လိုက်သည်။ သို့သော် မှန်ကန်သော သစ္စာစကား ဆိုဝံ့သည့် ဝိဓုရအမတ်ကို ရင်ထဲမှအခါခါ ချီးကျူးလိုက်မိပေသည်။

**ကျမ်းကိုး။ ။ဝိဓုရဇာတ်တော်။**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာဆိုပြပါ့မယ်

မျှော်မျှော်သူ့နှမ်း ပန်းလှပါပေ့ါရှင်×××ရွှေလည်တိုင်ဖော့ရိုးကျိုးလုပြီ သခင်××× မောင့်ရင်ခွင်ခိုဝင်လှည့်နှား××× နားပါရစေဦးတော့အစဉ်…

ချိုသာသည့်အသံလေးက လူးလွန့်လွင့်မျောလာသည်။

ဗာရာဏသီမင်းသည် ထိုအသံလေးကြားစကပင် လှမ်းလက်စခြေကို ရပ်သည်။ နားကိုစွင့်လျက် တောင်မြောက် ဝဲယာသို့ ကြည့်သည်။ ပုံပန်းသဏ္ဍာန်ကို မမြင်ရသော်လည်း ကရဝိက်သံနှယ် ငြိမ့်ညောင်းသာယာသည့် အသံလေး ကြားရုံဖြင့် သဒ္ဒအာရုံ၏ ဖမ်းစားမှုကို ခံရသွားသည်။ စပါးကြီးမြွေ၏ ခံတွင်းမှ လွတ်မြောက်သူကဲ့သို့ သဒ္ဒအသံ၏ ဖမ်းစားမှုမှ လွတ်မြောက်သည်နှင့် ခြေကို သွက်သွက် ရွှေလျားလိုက်သည်။

အသံရှင်က ဘယ်မှာလဲ…။

ဗြဟ္မဒတ်မင်း၏ ရင်ထဲတွင် ထိုမေးခွန်းကို ထပ်ပြန်တလဲလဲ ရေရွတ်သည်။ စိတ်ထဲက ရေရွတ်နေသည့် နည်းတူ ခြေကိုလည်း အဆက်မပြတ် ရွှေလျားသည်။ မျက်လုံးများကိုလည်း အနားမပေး။ စွန်ရဲတစ်ကောင်၏ မျက်လုံးနှယ် အသုံးချလျက် တောင်မြောက်ဝဲယာကြည့်မိသည်။

ဟော…။

ရင်ထဲ ဒိတ်ခနဲ ခုန်သွားသည်။ အသံရှင်လေလား…ဟု အထူးစူးစမ်းစရာမလို။ မင်းကြီးကို ရုတ်တရက် မြင်လိုက်သည်နှင့် ရှက်စနိုးအမူအရာဖြင့် ခေါင်းငုံ့ရပ်နေသော မိန်းမချောလေးကို မြင်ရသည်။ တဒင်္ဂမြင်ရသော အာရုံကသည်ပင် ဗြဟ္မဒတ်မင်းကို လုံးဝ ဖမ်းစားအနိုင်ယူလိုက်ခဲ့လေပြီ။

× × ×

"သီချင်းဆိုတာ မိန်းကလေးလား…"

သီချင်းသံရှင်မှန်းသိသော်လည်း မိန်းမပျို နှုတ်မှ ဝန်ခံစကားကြားလိုသဖြင့် ဗြဟ္မဒတ်မင်းက မေးလိုက်သည်။ မင်းကြီးက မေးလိုက်မှပင် ထင်းခွေနေသည့် မိန်းမပျိုသည် ယောကျ်ားသားတစ်ယောက်နှင့် နှစ်ကိုယ်ချင်း မျက်နှာချင်း မဆိုင်ဝံ့ဟန်ဖြင့် ခေါင်းက ပိုငုံ့သွားသည်။ လက်ချင်းအကြောင်းမဲ့ ပွတ်နေသည့် မိန်းမပျိုလေး၏ ရိုးသားမှုကို မင်းကြီး အသိအမှတ် ပြုလိုက်သည်။

"ကျွန်ုပ်ဟာ ဂီတအကျော်အမော်တွေရဲ့ သီဆိုဖျော်ဖြေမှုကို နားဆင်ဖူးပါတယ်။ ဒါပေမယ့် မင်းလောက် ဆွဲဆောင်မှု မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဖြူပွဲဒတ်မင်းက ချီးကျူးစကားဆိုလိုက်သည်။ ဆိုပင်ဆိုငြားသော်လည်း ထူးခြားသော ခံစားမှု ရှိဟန်မပြ။ အကယ်၍ လူရေးလူမှု ကျွမ်းကျင်သူသာဆိုလျှင် ''အဲလောက် မြှောက်ပင့်မနေပါနဲ့ရှင်…ဒီလောက်လဲ အသံမကောင်းပါဘူး။ ဆိုတတ်လို့ ဆိုတာ မဟုတ်ပါဘူး။ ပျင်းလို့ ညည်းမိတာပါ။ ဘာဘာညာညာနှင့် ခွန်းတုံ့ပြန်မှာ အမှန်။ ခုတော့ အလိုက်သင့်စကားပင် မဆိုတတ်။

''ဒီလောက် နှစ်လို ချိုမြိန်တဲ့ အသံရှင်ဟာ ရုပ်ရည်ချောမောသူဖြစ်မယ်လို့ ကျုပ် ခန့်မှန်းခဲ့တယ်။ အမှန်ပဲ ချောမောတာ တွေ့ရတော့ ကျုပ်သိပ်အံ့သြသွားတယ်…''

''ရှင်…''

''ဒီလောက် တောကျတဲ့ နေရာမှာ ဒေဝစ္ဆရာ နတ်သမီးလေးလို လှပတဲ့ မိန်းကလေးမျိုး ရှိပေလိမ့်မယ်လို့ ကျုပ်မထွက်မိဘူး။ အဲဒါ ကျုပ်အမှားပဲ''

''ဟုတ်ကဲ့…''

''အဟက်ဟက်။ မင်းမှာ ရှင်နဲ့ ဟုတ်ကဲ့ကလွဲပြီး တခြား စကားမရှိဘူးလား…''

''ရှင်…ဟုတ်ကဲ့''

ဖြူပွဲဒတ်မင်းသည် ဤမျှ ရိုးသားပြီး၊ ဤမျှ လူရေးလူမှု မကျွမ်းကျင်သော မိန်းကလေးမျိုး မတွေ့ဖူး၍ တစိမ့်စိမ့်ကြည့်နေမိသည်။

''မင်းနာမည် ဘယ်လိုခေါ်လဲ''

''ရှင်…''

''ဟော…မင်းနာမည်က ရှင်တဲ့လား''

''အို··ဟင့်အင်း။ အိုဒင်း…မဟုတ်ပါဘူး။ ကျွန်မက…အဲ ဟိုလေ…ကျွန်မ နာမည်က မစပယ်ပါ''

''မစပယ်။ အို…လူက လှသလို နာမည်လေးက လှလိုက်တာ…ဒီမယ် မစပယ်။ မင်းဟာ ရုပ်လည်းလှတယ်။ အသံလည်း ချိုသာတယ်။ မင်းမှာ အပြစ်ပြောစရာ ဘာတစ်ခုမှ မရှိဘူး''

''ဟုတ်ကဲ့''

''နေပါဦး။ မင်းလေးက ဒီဥယျာဉ်ထဲမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ''

''ကျွန်မ ထင်းခွေတာပါ''

''သြော်…သြော် ထင်းခွေရင်း သီချင်းဆိုတယ်ပေါ့။ အင်း…မင်းသီချင်းဆိုလိုက်တာ သိပ်ကောင်းတယ်။ ဒီသီချင်းသံကြောင့် မင်းနဲ့ငါ ဆုံတွေ့ခဲ့ရတာပဲ။ ဒီမယ် မစပယ်…''

''ရှင်…''

''မင်းဘယ်မှာနေလဲ။ မင်းအိမ်ကို တို့များ မဖိတ်ခေါ်ချင်ဘူးလား…''

''ဘာလုပ်ဖို့လဲ''

''နောက်နောင်လည်း မင်းနဲ့တွေ့ဖို့ လာချင်တယ်လေ…အဲဒီလို လာနိုင်အောင် မင်းအိမ်ကို သိဖို့ လိုတာပေါ့''

''ကျွန်မအိမ်က ဒီဥယျာဉ်ထဲမှာပဲ။ ကျွန်မအဖေက ဒီဥယျာဉ်မှူးကြီးလေ…ဥယျာဉ်မှူးသိခ်ဆိုတာ ကျွန်မအဖေပါ''

''သြော်…သြော်။ သိခ်သမီးကိုး။ ကျုပ်ဝမ်းသာတယ်…''

ဖြူပွဲဒတ်မင်းသည် မစပယ်ကို အဖော်ပြုလျက် အိမ်သို့ ရောက်သွားသည်။ ဥယျာဉ်မှူး သိခ်သည် ဖြူပွဲဒတ်မင်းကို မြင်သည်နှင့် ထိုင်ရာမှ အဆောတလျင် ထသည်။ ပုဆစ်ဒူးတုပ် လက်အုပ်ချီရှိခိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် ရောက်လာသော မင်းကြီးနှင့်အတူ သမီးကို မြင်လိုက်ခြင်းကြောင့် အနာဂတ် အခြေအနေကို စိုးစဉ်းမျှ ရိပ်စားမိသည်။ ဗြဟ္မဒတ်မင်းသည် မစပယ်ကို ချစ်မြတ်နိုး၍ အိမ်တိုင်ရာရောက်လိုက်လာပြီကို အတတ်သိလိုက်သည်။ တောင်ညာစံဒေဝီ မဟေသီမိဖုရားအရာ မရနိုင်သော်လည်း ကျေးတောသူတစ်ယောက်အနေနှင့် မိဖုရားဖြစ်ရခြင်းမှာ သိမ်ငယ်သည်မဟုတ်။ တစ်နည်းဆိုရလျှင် မိန်းမသားထု၏ အမြင့်ဆုံး၊ အမြတ်ဆုံးနေရာကို ရခြင်းမှာ ဝမ်းသာစရာပင် ဖြစ်တော့သည်။

× × ×

ဖန်ရောင်၊ မှန်ရောင်၊ ရတနာရောင်တို့ဖြင့် ပြိုးပြိုးပြောင်ပြောင် အရောင်တောက်နေသည့် ရွှေနန်းတော်ကြီးကို ခွာလျက် တောကြိုတောင်ကြားအတွင်းရှိ တဲငယ်ပျက်တွင် ပျော်မွေ့နေသည်မှာ တစ်လပင် ကျော်လွန်ခဲ့ပြီ။ နန်းတွင်းသူအပျိုချောတို့ကို မေ့လျော့လျက် မစပယ်၏ ရင်ခွင်တွင်း၌ လျောင်းစက်ရသည်ကို မွေ့လျော်နေမိသဖြင့် အရာရာ မေ့နေသည်။

စောင်းခတ်သမားသည် စောင်းနှင့် ကြာရှည်ခွဲခွာမနေသင့်။ မိန်းမသားတစ်ယောက်သည် လင်သားနှင့် ရက်လကြာ ခွဲခွာမနေသင့်။ ထို့အတူ မင်းဧကရာဇ်သည် ရွှေနန်းတော်ကြီးနှင့် ကြာရှည် ခွဲခွာမနေသင့်။

ဤအတွေးဝင်လာသည်နှင့် ဗြဟ္မဒတ်မင်းသည် ဗာရာဏသီ နန်းတော်သို့ ပြန်ရန် စဉ်းစားရတော့သည်။

''မိန်းကလေး…ငါဘုရင်မင်းမြတ်က သင့်ကို စုံမက်မြတ်နိုးပေမယ့် ထီးရေးနန်းရေးက ရှိနေသေးတယ်…''

မင်းကြီး၏ စကားကြားလိုက်သော မစပယ်သည် အားဆောင်ပြုံးလိုက်သည်။ အလိုက်သိတတ်ဟန်ဖြင့် ခွင့်လွှတ်ပြုံး ပြုံးသော်လည်း သူ့အပြုံးတွင် အားမပါသည်ကို သတိပြုမိသည်။ ကျေးတောသူမလေးကို သနားစိတ်ဖြင့် ရင်ခွင်တွင်း ဆွဲသွင်းလျက် ဖြေသိမ့်စကားဆိုရသည်။

''ဘိသိက်သွန်း ထီးဖြူဆောင်းတဲ့ မင်းဧကရာဇ်ဘဝကို မင်းလေး နားလည်ချင်မှ နားလည်မှာပါ''

''အမှန်ပဲ နားမလည်ပါဘူးအရှင်…''

''ဘယ်သို့ပဲဖြစ်ဖြစ် မင်းအပေါ် ချစ်မြတ်နိုးတယ်ဆိုတာ ယုံရဲ့လားမစပယ်''

''ဟုတ်ကဲ့''

''အေး…အကယ်၍ သမီး မိန်းကလေးမွေးဖွားလျှင် ဟောဒီ နဝရတ်လက်စွပ် ရောင်းချ စားသောက်ပါ''

ဗြဟ္မဒတ်မင်းသည် မင်းဧကရာဇ်တန်ဆာဖြစ်သော နဝရတ်လက်စွပ်ကို ချွတ်လျက် မစပယ်လက်ထဲထည့်လိုက်သည်။ အဘယ်မျှ တန်ဖိုးရှိသည်ကို မစပယ်မသိသော်လည်း တစ်ဘဝစာ ဖူလုံသည့် ရတနာပစ္စည်းမှန်းတော့ မစပယ် ခန့်မှန်းမိသည်။ ဤမျှ အဖိုးတန်သည့် ပစ္စည်းရသော်လည်း မစပယ်ဝမ်းမသာ။ မစပယ် မြတ်နိုးသည်က စည်းစိမ်ဥစ္စာမဟုတ်။ ဗြဟ္မဒတ်မင်းလည်း မဟုတ်။ ယောကျ်ားကောင်းရုပ်သွင်ရှိသော သူ၏ လင်သားသာဖြစ်သည်။ ထိုလင်သားနှင့် ခွဲခွာရတော့မည်ဟူသော အသိကြောင့် ရင်တွင်းမှ ထုတ်ဖော်မပြောတတ်သော ဝေဒနာခံစားသွားရသည်။

''အေး၊ တကယ်လို့ သားယောကျ်ားလေး ဖွားမြင်ခဲ့ရင် ငါ့သားကို လက်ဆွဲပြီး နန်းတော်ထဲ လိုက်ခဲ့ပါ။ မင်းကိုလည်း ကြီးစွာ မြှောက်စားမယ့်အပြင် ငါ့သားလည်း ထီးမွေနန်းမွေ ဆက်ခံခွင့်ရအောင် ငါချီးမြှောက်ပါ့မယ်''

မစပယ်ဝမ်းသာသွားသည်။ မိမိ၏ လင်သားနှင့် ပြန်လည်ဆုံစည်းခွင့်ရနိုင်သည့် အခွင့်အရေးတစ်ခုကို မှေးမှိန်စွာ မြင်လိုက်ရသဖြင့် မပွင့်တပွင့် ပြုံးလိုက်သည်။ ထိုအပြုံးသည် အားသေးသော်လည်း အလင်းရောင် စွမ်းအား အဘယ်မျှ ကြီးမားသည်ကို ကြည့်တတ်လျှင် မြင်နိုင်သည်။

''သားယောကျ်ားလေးပဲ ဖြစ်ပါစေ…''

မစပယ်၏ ရင်တွင်းမှ ကျိတ်ဆုတောင်းလိုက်မိတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"ဘာ…ကျေးတောသူက သူ့သားဟာ ငါနဲ့ရတဲ့သားလို့ စွပ်စွဲတယ် ဟုတ်သလား…"

ဗြဟ္မဒတ်မင်းသည် သားကို လက်ဆွဲလျက် ဝင်လာသည့် ဥယျာဉ်မှူး၏ သမီးကို မြင်လိုက်သည်နှင့် ပြဿနာတော့ ပေါ်ချေပြီဟု တွေးလိုက်သည်။ ဤကိစ္စသည် ကေရာဇ် ဘုရင်တစ်ပါးအနေနှင့် အသေးအမွှားဖြစ်သည်ဟု လည်း ဆိုနိုင်သည်။ အလေးအနက်ထားရမည့် ကိစ္စတစ်ရပ်လည်း ဖြစ်နိုင်သည်။ ထီးရိပ်နန်းရိပ်မသိ၊ ထီးသုံးနန်းသုံး နားမလည်သော ကျေးတောသူကို သိမ်းပိုက်ဖို့သည် အများအမြင်တွင် မတင့်တယ်။ အတိုင်းတိုင်းအပြည်ပြည်နှင့် ဆက်ဆံနေရသော မင်းတစ်ပါးအဖို့ စောင့်ထိန်းရမည့် ကျင့်ဝတ်ကို လျစ်လျူရှု၍မသင့်။

"မှန်ပါ အရှင်မင်းကြီး၊ ကျေးတောသူမက နဝရတ်လက်စွပ်ကို ပြပြီး နန်းတော်ထဲ အရောက် ဝင်လာပါတယ်။ ပြီးတော့ သားငယ်ဟာလည်း ရွှေနန်းရှင်ရဲ့ ရင်သွေးလို့ လျှောက်လာပါတယ်။

"အင်း…"

မင်းကြီးသည် အမတ်ကြီးကမ်းပေးသော နဝရတ်လက်စွပ်ကို ဟန်မပျက် ယူကြည့်သည်။ သူ၏ လက်သူကြွယ် တွင် ဝတ်ဆင်လိုက်သည်။

"အင်း…လက်စွပ်ကတော့ ငါ့လက်စွပ်ပဲ မင်းကြီး။ ဒါပေမယ့် လက်စွပ်ပြရုံနဲ့ ငါနဲ့ ဒီကျေးတောသူမ ရင်းနှီးခဲ့တယ်၊ ဒီကလေးဟာ ငါနဲ့ ရတဲ့ ကလေးပါလို့ စွပ်စွဲချက်ကတော့ ရက်ဖွယ်ပ။ ဟဲ့သူငယ်မ ဒီလက်စွပ် ဘယ်ကရလဲ"

"အရှင်မင်းကြီးကိုယ်တိုင် ပေးခဲ့တာပါ"

"ဘာ…"

"အကယ်၍ သမီးမိန်းကလေးမွေးရင် ဒီရတနာလက်စွပ်ရောင်းချစားရစ်တော့။ သားယောက်ျားလေးရရင် ဒီလက်စွပ်ပြပြီး နန်းတော်ထဲ လိုက်ခဲ့ပါလို့ မောင်တော်မင်းကြီး မိန့်ခဲ့တာပါ"

"တော်…"

မစပယ်သည် ပကတိရိုးစင်းစွာဖြင့် ပရိသတ်ဗိုလ်ပုံအကြားတွင် ထုတ်ဖော်ပြောချေပြီ။ "ဤစကားအမှန်ပဲ အမတ်ကြီးတို့"ဟု ဝန်ခံလျှင် ပြဿနာက ပြီးငြိမ်းသည်။ သို့သော် သိက္ခာကမူ လုံးလုံးလျားလျား ကျချေပြီ။ ကိုယ့်အတွက် ငဲ့လျက် မစပယ်ကို ပြစ်တင်ရုံမှလွဲ၍ အခြားမရှိတော့။

"ဟဲ့ကျေးတောသူ။ လက်စွပ်ကတော့ ငါ့လက်စွပ်မှန်တယ်။ ဒါပေမယ့် သင့် ရင်ခွင်တွင်းက သားကတော့ ငါ့သားမဟုတ်"

"အရှင်မင်းကြီး။ ဒီကလေးဟာ မင်းကြီးနဲ့ ဖုရားတပည့်တော်မရဲ့ ရင်သွေးဖြစ်တယ်ဆိုတာ ကျွန်တော်မျိုးမနဲ့ မင်းကြီးမှလွဲ၍ အခြားသိနိုင်သူတွေဟာ နတ်ကောင်းနတ်မြတ်တွေပဲ ရှိပါတယ်…"

"အင်း…"

"ကျွန်တော်မျိုးမဟာ လူရေးလူမှု နားမလည်တဲ့ ကျေးတောသူမလေးပါ။ စကားအဆန်းမပြောတတ်သလို မမှန်စကားလည်း မပြောတတ်ပါ မောင်တော်မင်းကြီး"

"ဒါဆို ငါက မုသားစကားဆိုတယ်လို့ သင်ဆိုလိုတာပဲ"

"မဝံ့ပါမင်းကြီး။ ဖုရားတပည့်တော်မမှာ သက်သေပြစရာလည်း မရှိပါ။ ရပ်ရွာအသိမှတ်ပြုပြီး လက်ထပ်ခဲ့တာ မဟုတ်လို့ သက်သေလည်း မရှိပါ။ မှန်ပါမင်းကြီး။ ဒီကိစ္စအမှန်ဖြစ်ကြောင်း သစ္စာတိုင်တည်ရုံမှလွဲ၍ အခြားမရှိပါဘုရား"

မစပယ်သည် စကားအဆန်းတကြယ် မပြောတတ်သကဲ့သို့ အားကိုးရာမရှိသဖြင့် သစ္စာစကားဆိုရန်သာရှိကြောင်း လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ။ မှန်ရာစကားသစ္စာဆိုပါ။ သင့်သစ္စာစကားတည်ရင် ငါလက်ခံမယ်။ သို့မဟုတ်ရင်ဖြင့်..."

ဖြဟ္မဒတ်မင်းသည် မင်းအာဏာဖြင့် တစ်ဖက်သတ်စီရင်ချက်ချနိုင်သော်လည်း ရိုးသားသည့် မစပယ်အပေါ် သည်သို့ မပြုရက်၊ သည်မျှ မစိမ်းကားသင့်။ သို့ဖြစ်၍ သူ့အတွက် အခွင့်အရေးတစ်ခု ဖွင့်ပေးလိုက်သည်။

"အရှင်မင်းကြီး။ ဤ ကျွန်တော်မျိုးမလက်တွင်းရှိ သားယယ်သည် အရှင်ဖြဟ္မဒတ်မင်း၏ ရင်သွေးစင်စစ်ဖြစ်ပါတယ်။ ဤစကားမှန်လျှင် ရင်သွေးယယ်ဟာ ကောင်းကင်မှာ တည်ပါစေ...မမှန်ကန်ပါက မြေမှာကျလျက် အသက်ဆုံးရှုံးပါစေသတည်း။

မစပယ်သည် ခိုင်မာယုံကြည်သည့် စိတ်ဖြင့် သစ္စာတိုင်တည်ပြီး ကလေးကို လေထဲ မြှောက်တင်လိုက်သည်။

"ဟယ်..."

"အို...အလို"

"ဟ..ဟ၊ ကြည့်ကြစမ်း။ ကြည့်ပါဦးဟ။ လေထဲမြှောက်တင်လိုက်တဲ့ကလေးဟာ မြေပေါ်မကျဘဲ ကောင်းကင်မှာ တည်နေတယ်"

"အလို...ဒါဆိုရင်"

"ဘာပြောစရာလိုသေးလဲ။ ဒီကလေးဟာ ဖြဟ္မဒတ်မင်းရဲ့ ရင်သွေးဆိုတာသေချာနေတာပေါ့"

မင်းကြီးသည် ပလ္လင်ထက်မှ ဆင်းလျက် ကောင်းကင်ထက်တွင် တည်နေသော သားယယ်ကို ယုယစွာ ပွေ့ယူလိုက်သည်။

"အမတ်မင်းတို့၊ ဒီကလေးဟာ ကျွန်ုပ်ရဲ့ ရင်သွေးတော်အစစ်အမှန်ဖြစ်ကြောင်း သစ္စာစကားက သက်သေပြနေတယ်။ အမှန်တော့ ဟောဒီ ကျေးတောသူမလေးဟာ ကျွန်ုပ်နဲ့ ယှဉ်ပါးခဲ့တာအမှန်ပါပဲ။ ဒါကြောင့် သားရော၊ ကြင်ယာကိုပါ ကြည်ဖြူစွာ သိမ်းပိုက်လိုက်ပါတယ်"

ဖြဟ္မဒတ်မင်းသည် အဖြစ်မှန်ကို ဝန်ခံလျက်၊ သားယယ်ကို ရင်ခွင်ထက်ဝယ် တင်လျက် ပိုက်ထွေးလိုက်သည်။ ထိုစဉ်မှာပင် သစ္စာရှင်မလေး မစပယ်သည်လည်း မင်းကြီးအပါးသို့ ဖြည်းညင်းစွာ ချဉ်းကပ်သွားလေတော့၏။

× × ×

ကျမ်းကိုး

ငါးရာ့ငါးဆယ်ဇာတ်တော်၊ ကေနိပါတ်၊ ကဋ္ဌဝါဟနဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာတန်ခိုး အကျိုးအဖြာဖြာ

"ဟယ် လူသတ်သမား…ငါ့အဖသတ်သူ၊ သေပေတော့"

"ဟုတ်တယ်၊ လူဆိုးက ခုမှ သူတော်ကောင်းယောင် ဆောင်နေတာ-သတ်ပစ်"

"ဒါက-ငါ့သားတွက်ဟေ့…ဒုန်း"

မြတ်ဘုရား၏ ကယ်တင်စောင့်ရှောက်မှုကြောင့် သာသနာတော်တွင်းရောက်လာ။ အဆုံးအမအတိုင်းကျင့်ကြံသဖြင့် အာသဝေါတရား ကင်းပြတ်သွားသော အရှင်မြတ်သည် ဆွမ်းအလို့ငှာ သာဝတ္ထိမြို့တွင်း ကြွချီလာသည်။

ခန္ဓာကိုယ်က ဖွံ့ဖွံ့ထွားထွား၊ ကြမ်းတမ်းသည့်ဘဝကို ဖြတ်သန်းခဲ့ရသဖြင့် အသွင်ကြမ်းသော အင်္ဂုလိမာလကို လူတိုင်းက သိနေသည်။ လည်ပင်းတွင် လက်ချောင်းများ သီဆွဲလျက်၊ ဓားတဝင့်ဝင့်လုပ်နေသော သူ့ကို မသိသူမရှိ။ မမှတ်မိစရာမရှိ။ တောအုပ်တွင်း ထင်းခွေ၊ ဆီးသီးကောက်၊ ဟင်းရွက်ခူးသွားသူကို မြင်သည်နှင့်။ ငါဟော့၊ အင်္ဂုလိမာလ" ဟု ကြုံးဝါးအော်ဟစ်သည်။ ထိုအသံကြားရုံဖြင့် ခရီးသွားသည် စပါးကြီးမြွေညှို့ခံရသူနှယ် မှင်တက်သွားသည်။ ပုန်းဝှက်နေရာမှ ခုန်ထွက်လာသည့် သူကို မြင်ရုံဖြင့် အံ့အားသင့်ကုန်သည်။ ကျားနှင့်တွေ့သော ခွေးပမာ ဖင်တရွတ်သီလျက် ပြိုလဲသွားသည်။ ထိုအခါ အကြင်နာမဲ့စွာ သတ်ပြီး၊ လက်ညှိုးကို ဖြတ်ယူသည်။ လက်ညှိုးတစ်ချောင်းဖြတ်ပြီးတိုင်း ကျေနပ်အားရသည့် အမူအရာဖြင့် တဟားဟားရယ်မောလျက် ပန်းကုံးသဖွယ် ဆင်ယင်ထားသည့် အခြားလက်ညှိုးများနှင့် အတူတူ သီလိုက်သည်။

တစ်…နှစ်…သုံး။

တစ်ဆယ်…နှစ်ဆယ်…သုံးဆယ်။

တစ်ရာ…နှစ်ရာ…သုံးရာ။

'အင်း…ငါ့ဆရာ အလိုရှိတဲ့ လက်ညှိုးတစ်ထောင်ပြည့်ဖို့ တစ်ချောင်းပဲ လိုတော့တယ်။ လက်ညှိုးတစ်ထောင်နဲ့ပူဇော်ရင် ဆရာ့ထံက ပညာကုန်ရတော့မယ်။ ပညာကို အာသာငမ်းငမ်း တတ်မြောက်ချင်တဲ့ ငါဟာ မကြာမီ အလိုပြည့်တော့မယ်။ ဒီတော့ နောက်ဆုံးလိုတဲ့ လက်ညှိုးတစ်ချောင်း…"

အဟိံသကသည် ကြိုးနှင့်သီထားသည့် လက်ညှိုးများကို ရေတွက်ကြည့်ပြီး နှစ်လိုစွာ ပြုံးလိုက်သည်။ လက်ညှိုးတစ်ချောင်းရဖို့ လူတစ်ယောက်၏ အသက်ကို ရက်ရက်စက်စက်သတ်ဖြတ်နေသော အဟိံသကသည် သူ့လုပ်ရပ်အပေါ် ကျေနပ်နေသည်။ တရားသည့်အမှုဟု ထင်နေသည်။ အဝိဇ္ဇာအမှောင်တိုက်ဖုံးလျက် အမှန်ကိုမမြင်။ အမှားကို အမှန်ထင်လျက် မကောင်းမှု ဒုစရိုက်အမှုကို ဆက်တိုက် ကျူးလွန်နေသည်။

www.burmeseclassic.com


"အင်း…လိုအပ်နေတဲ့ လက်ညှိုးတစ်ချောင်းအတွက် ဒီနေ့တော့ ဘယ်သူ့ကိုမှ ငဲ့ညှာမနေတော့ဘူး။ တွေ့တဲ့လူဟာ ငါ့ရန်သူ။ သူ့ကိုသတ်ပြီး လက်ညှိုးအရဖြတ်မယ်။

အဟိံသကသည် ခိုင်မာသည့် ဆုံးဖြတ်ချက် ချလိုက်သည်။

ထိုအချိန် မတိုင်မီ ရက်အနည်းငယ်က ကောလသတိုင်းသားများသည် ဟစ်တိုင်တွင် ဟစ်ကြွေး အော်ဟစ်ခဲ့ကြသည်။

"ကယ်တော်မူပါ အရှင်မင်းကြီး။ ခုအခါ ကောသလတိုင်းသားတွေဟာ အမိမဲ့ သားပမာ မှီခိုရာမဲ့နေကြပါပြီ။ အင်္ဂုလိမာလခေါ်တဲ့ လူဆိုးကြီးကြောင့် ဘေးအန္တရာယ်တွေ ဖြစ်နေပါပြီ။ လူဆိုးကို ရှင်းလင်းသုတ်သင်ပေးပါ ဘုရား"

ပြည်သူပြည်သားတွေ အော်ဟစ်တောင်းဆိုသဖြင့် ကောသလမင်းကြီးကိုယ်တိုင် စစ်သည်ငါးရာခေါ်ဆောင်လျက် အင်္ဂုလိမာလအား ဖမ်းဆီးရန် ထွက်သွားသည်။

ထိုသတင်းကြားသော မိခင် မာတာနိပုဏ္ဏေးမကြီးသည် သားဟူသော ဓေဖြင့် သားကို သတင်းပေးရန် တောသို့ ဝင်ခဲ့သည်။ သားအတွက် စားမြိန်ထုပ်၊ အဝတ်ပုဆိုးတွေ သယ်လာပြီး၊ မင်းဘေးက လွတ်အောင် ပြေးရန် သတင်းပေးရမည်။ အကယ်၍ မင်းကြီးက ဖမ်းမိလျှင် ရက်ရက်စက်စက် သတ်ဖြတ်ခံရလိမ့်မည်။ ထိုဘေးမျိုးကို သားဖြစ်သူ မခံစားစေချင်။

"သားရေ…အဟိံသက၊ ကောသလမင်းကြီး ဖမ်းဖို့လာနေပြီ။ ငါ့သား လွတ်ရာအရပ် ပြေးတော့"

တောစပ်ရောက်ကတည်းက အော်ဟစ်သတင်းပေးသော မိခင်ကြီး၏ အသံကို အင်္ဂုလိမာလ ကြားလိုက်သည်။ ယနေ့တွေ့သည့်သူကို အလွတ်မပေး။ အသက်သတ်ပြီး လက်ညှိုးဖြတ်တော့အံ့ဟု အမိဋ္ဌာန်ပြုထားမှ မိခင်ကြီးက ရောက်လာသည်။ မိခင်ကြီးကိုတော့ မသတ်ရက်။ သို့သော် သတ်ဖို့လည်း ဆုံးဖြတ်ချက်ချထား၍ အခက်ကြုံတော့သည်။

"အမေ…ကျွန်တော့်ဆီမလာနဲ့။ အမေလာရင် ကျွန်တော် သတ်မိတော့မယ်"

အင်္ဂုလိမာလက အော်ဟစ်သတိပေးသည်။ သို့သော် သားကိုချစ်သော မိခင်ကြီးက တုံ့တည်မနေ။ သားသတ်လျှင်လည်း သေချင်သေပါစေ…၊ သူ့ သားလွတ်မြောက်ရေးသာအဓိကဟု နှလုံးပိုက်လျက် ရှေ့ဆက် တိုးသည်။

ထိုအခြင်းအရာကို ဘုရားရှင်သည် သဗ္ဗညုတ စက္ခုနှင့် ကြည့်သော် မြင်၏။ အကယ်၍ ဘုရားရှင်သာ မကယ်မလျှင် အင်္ဂုလိမာလသည် မိခင်ကြီးကို သတ်ဖြတ်မိသည့် ကံဖြင့် မဟာအဝီစိငရဲကျတော့မည်။ ဘုရားရှင်က အချိန်မီ တားမြစ်နိုင်လျှင် သစ္စာအမြင်ရလျက် သံသရာမှ ကျွတ်တမ်းဝင်မည့် ဥပနိဿယကို မြင်သည်။ ထို့ကြောင့် ဘုရားရှင်သည် သင်္ကန်းကိုပြင်ဆင်ဝတ်ရုံလျက် အင်္ဂုလိမာလနှင့် သူ့မိခင်၏ကြားတွင် တန်ခိုးနှင့်ရပ်တန့်လိုက်သည်။

မိခင်ကို သတ်အံ့ဟု ကြံစည်နေချိန် ရဟန်းတစ်ပါးကို မြင်လိုက်၍ အင်္ဂုလိမာလသည် ပြေးလက်စ ခြေလှမ်းကို ရပ်တန့်လိုက်သည်။ ဦးတည်ချက် ပြောင်းလိုက်သည်။ ဘုရားရှင်အား သာမန်ရဟန်းတစ်ပါးဟု အထင်ရှိသော အင်္ဂုလိမာလသည် သတ်အံ့ဟု လိုက်သည်။ သို့သော် တန်ခိုးဖြင့် ဟန့်တားထား၍ လိုက်မမီချေ။

"ရဟန်းကြီး၊ ရပ်တော့"

"ငါကားရပ်၏။ သင်သာလျှင် မရပ်မနား ပြေးလွှားနေသည် အင်္ဂုလိမာလ"

သူကဲ့သို့သော စွမ်းအားရှင်ပင် လိုက်မမီအောင် ပြေးနိုင်စွမ်းသည့် ရဟန်းကြီးကို အံ့သြနေသည်။ ရပ်တန့်ရန်ဆိုတော့ ငါကားရပ်၏ဟုဆိုသည်။ အင်္ဂုလိမာလ နားမလည်နိုင်။ ထပ်မံမေးမြန်းသော် ဘုရားရှင်က ဓမ္မစကားဖြင့် ဆုံးမသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဘုန်း၊ ရှေးကံ၊ ရှေးက ဖြည့်ဆည်းခဲ့သော ပါရမီနှင့် ပြည့်စုံသည့် အင်္ဂုလိမာလသည် တရားနှင့်စပ်သော စကားတစ်ပိုဒ်ကြားရုံဖြင့် သံဝေဂဖြစ်သွားသည်။ တရားအသိရှိသွားသည်။ ဘုရားရှင်၏ အဆုံးအမ၌ တည်သွားသည်။ ဘုရားရှင်က ဧဟိဘိက္ခုခေါ်သည့်ခဏတွင် ဝါတော်ခြောက်ဆယ်ရှိသော ရဟန်းအသွင်သို့ ရုတ်ခြည်း ပြောင်းသွားသည်။

ကြောက်မက်ဖွယ်လူဆိုးကြီးတစ်ယောက်အသွင်မှ ရုတ်ခြည်းရဟန်းဖြစ်သွားသော အင်္ဂုလိမာလမထေရ်ကို လူတို့က ကြောက်ရွံ့တုန်း၊ စက်ဆုပ်တုန်း၊ မုန်းတီးတုန်း။ ထိုရောအခါ ဆွမ်းခံကြွလာသော မထေရ်ကိုမြင်သော် အငြိုးဖြင့် ပစ်ခတ်ကြသည်။ ဆဲရေးကြသည်။ ကျားတစ်ကောင်နှယ် ဆိုးသွမ်းခဲ့သော အင်္ဂုလိမာလသည် ယခုအခါ နူးညံ့ပျော့ပျောင်းသည့်သမင်လေးပမာ ပြုသမျှကို သည်းခံနေပေသည်။

× × ×

"ချစ်သား အင်္ဂုလိမာလ၊ သင့်ကို ယာဂုတစ်ဖွန်းတစ်ယောက်မျှ မလှူကြဘဲ တုတ်ခဲတို့နှင့် ပစ်ခတ်၊ ယုတ် ညံ့တဲ့ဆဲရေးမှုနဲ့ ရန်မူကြခြင်းမှာ ယခုဘဝတွင် လူတစ်ထောင်ကျော်ကို သတ်ဖြတ်ခဲ့တဲ့ ပါဏာတိပါတကံ၏ ဒိဋ္ဌဓမ္မအကျိုးပေပဲ။ သည်းခံလော့ ချစ်သား"

အင်္ဂုလိမာလမထေရ်သည် ဆွမ်းအလှူခံ၍မရသည့် အကြောင်းကို ဘုရားရှင် ကြားလျှင် သည်းခံစိတ်ထားရန် ဆုံးမသည်။ အသက်မွေးမှု လွယ်ကူစေရန်လည်း ပရိတ်တရားကို ချီးမြှင့်သည်။

တစ်ခါသော် ဆွမ်းခံကြွချိန်တွင် ကိုယ်ဝန်သည်တစ်ယောက် မီးမဖွားနိုင်သည့် ဝေဒနာကြောင့် လွန်စွာ ဆင်းရဲနေကြောင်း သိလာသည်။ ထိုအကြောင်း ဘုရားရှင်အား လျှောက်ထားသော် ဘုရားရှင်က အသက်မွေးမှု လွယ်ကူစေရန် သင်ပေးသော ပရိတ်ကို ရွတ်စေသည်။ အရှင်မြတ်ကြီးသည် ပရိတ်တရားကို ရွတ်ဖတ်ပြီးနောက် သစ္စာဆိုလိုက်သည်။

"ငါဟာ အရိယာသူတော်စင်ဖြစ်သည့်နေ့မှစ၍ သတ္တဝါတစ်ဦးဦးကို သေစေလိုသော စိတ်ဖြင့် သတ်ဖူးခြင်း မရှိပါ။ ဤမှန်သော သစ္စာစကားကြောင့် ကိုယ်ဝန်သည် ချမ်းသာပါစေသတည်း"

အရှင်မြတ်ကြီးက ဤသို့ မှန်ကန်သော စကားဆိုလျက် သစ္စာတိုင်တည်သည့် ခဏတွင် ကိုယ်ဝန်သည် မီးဖွား၏။ ခံစားနေရသော ဝေဒနာသည်လည်း ပိန်းကြာရွက်တွင် ရေမတင်ကဲ့သို့ ကင်းစင်ပပျောက်သွား၏။

ထိုသတင်းစကားသည် သာဝတ္ထိမြို့တွင်း ချက်ချင်းပျံ့နှံ့သွားရာ လူအများသည် ချီးမွမ်းကြသည်။ ဆက်ကပ်ကြ သည်။ အရှင်မြတ်ကြီးကို ရှေးကကဲ့သို့ ရွံမုန်းခြင်းမရှိတော့ဘဲ၊ အမြတ်တနိုးကိုးကွယ်ဆည်းကပ်ကြတော့သည်။

× × ×

**ကျမ်းကိုး**

ဓိနတ္ထပကာသနီ (သတ္တမတွဲ)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အမေ့အတွက် ယုန်သား

ဇဂ္ဂနသည် မိမိရှေ့မှ လစ်ခနဲ ထွက်ပြေးသွားသော ယုန်ငယ်လေးနောက်သို့ ပြင်းစွာသော အဟုန်ဖြင့် ပြေးလိုက်သည်။

မိမိအား အန္တရာယ်ပေးမည့်သူဟု အမှတ်သညာထားသော ယုန်သူငယ်သည် သေဘေးမှ လွတ်မြောက်ရန် ခုန်၍ ခုန်၍ ပြေးသည်။ အမှီအခို ရလိုရငြားတွေးဟန်ဖြင့် ချုံတစ်ခုထဲ ပြေးဝင်သည်။

ဟော…။

ဘေးကို ကြောက်သဖြင့် လွတ်မြောက်အောင် ရုန်းလေမှ ယုန်သူငယ်က ကံဆိုးရှာပြီ။ ချုံထဲ ပြေးအဝင်တွင် နွယ်ခင်းတစ်ခုက သူ့ကိုယ်ကိုရစ်ပတ်သွားသည်။ လွတ်မြောက်ရန် အားစိုက် ရုန်းသည်။ ရုန်းလေမှပင် နွယ်ပင်တို့က သူ့ကိုယ်လုံးကို ပို၍ တင်းကျပ်စွာ ရစ်ပတ်ဖွဲ့နှောင်ကုန်သည်။ ခေါင်းကိုငြိထားသော နွယ်ကို ယမ်းခါထုတ်သည်။ နွယ်ပင်က ဦးခေါင်းကို အထပ်ထပ် ရစ်ပတ်သွားသည်။ လက်ခြေတို့ကို ယမ်းခါလျက် လွတ်အောင် ကြိုးစားပြန်သည်။ ခြေရောလက်ပါ ချည်နှောင်မိသွားသည်။

ဇဂ္ဂနသည် အောင်မြင်သူ၏အပြုံးဖြင့် တစ်ချက်ပြုံးလိုက်သည်။ နွယ်တွင်ရစ်ပတ်မိနေသော ယုန်သူငယ်ရှိရာသို့ ဣန္ဒြေရရ လျှောက်သွားသည်။

ဟင်…။

ဇဂ္ဂနသည် လှမ်းလက်စခြေကို ဖျတ်ခနဲ ရပ်လိုက်သည်။ အားကုန်ထုတ်ရုန်းနေသော ယုန်သူငယ်လေးကို ကြည့်သည်။ သူ ဘယ်သို့ပင် ကြိုးစားအားထုတ်စေကာမူ အခြေအနေက လွတ်မြောက်စရာ အကြောင်းမရှိ။ အလွယ်တကူ ဖမ်းယူရုံသာရှိတော့သည်။ အလွယ်တကူ ရသည့် ယုန်ငယ်လေးကို ဖမ်းဖို့ လက်အလှမ်းလိုက်တွင် သူ့လက်များကို တစ်စုံတစ်ယောက်က သိမ်းဆွဲလိုက်သည့်နှယ် ဖြစ်သွားသည်။ လက်အစုံက ယုန်သူငယ်ဆီ ရောက်မသွားပေ။

ဇဂ္ဂန၏ ဖမ်းဆီးခြင်းကို ခံရတော့မည်ဟု သိနေပုံရသော ယုန်သူငယ်လေးသည် လွတ်မြောက်ရန် အားကုန်ရုန်းသည်။ နွယ်နှင့်ရစ်ပတ်ထားသော ကိုယ်လုံးမှ အမွေးအမျှင်များ ပြုတ်ထွက်ကုန်သည်။ တစ်ကိုယ်လုံး နာကျင်နေပုံရသော်လည်း ယုန်လေးကမူ အားမလျှော့။ ခွန်အားရှိသမျှ ကြိုးစားရုန်းကန်သည်။

ဇဂ္ဂနသည် အရှိန်ဖြင့်လေး ဆုတ်ဆိုင်းမနေတော့ဘဲ ချုံနွယ်တွင်းမှ ယုန်လေးကို ဖမ်းကိုင်လိုက်သည်။

အို…။

ယုန်လေးသည် သေရမည့်ဘေးကိုသိပြီး ကြောက်ရွံ့တုန်လှုပ်နေဟန်ဖြင့် အသားများ တဆတ်ဆတ် တုန်နေသည်။ လက်နှစ်ဖက်ကြားမှ လွတ်မြောက်အောင် ထပ်မံအားထုတ်သော်လည်း အချည်းနှီး။ ဇဂ္ဂနက တင်းကျပ်စွာ ဆုပ်ကိုင်လျက်၊ ပက်လက်လှန်အနေအထားဖြင့် ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''သိပ်ကြောက်နေလား…''

ဇဋ္ဌနစိတ်ထဲမှ မေးလိုက်သည်။ ယုန်လေးသည် ပက်လက်လှန်အနေအထားမှ လူးလဲထသည်။ ထွက်ပြေးရန် ကြိုးစားသည်။ ကြောက်စိတ်ဖြင့် သူ့တစ်ကိုယ်လုံးသည် တုန်ယင်နေသည်။

ဇဋ္ဌနသည် မိခင်ကြီး၏ ဝေဒနာကို ကုသနိုင်ရန် အစ်ကိုဖြစ်သူက စေခိုင်း၍ ဤတောစပ်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

''ညီလေး…ဆေးဆရာက တို့အမေရောဂါကုဖို့ ယုန်သားလိုသတဲ့။ ယုန်သားရရင်…စားလိုက်ရင်ပေါ့ကွာ… တို့အမေမှာ ရက်ရှည်လများစွဲကပ်နေတဲ့ ရောဂါဝေဒနာ ပျောက်မတဲ့။ ဒီတော့ ငါ့ညီက ယုန်သားသွားရှာ…။

''ဟုတ်ကဲ့…''

အစ်ကိုကြီးက အမေ့အတွက်ဟု ဆိုသဖြင့် တက်တက်ကြွကြွ ကတိပေးလိုက်ပြီး တောထဲ ထွက်ခဲ့သည်။ သူတို့ရွာ၏ အနောက်ဘက်တွင် တောင်ကုန်းလေးတစ်ခုရှိသည်။ တောင်ကုန်းခြေတွင် ကြည်လင်သည့် စမ်းချောင်း လေးတစ်ခု စီးဆင်းနေသည်။ ထိုစမ်းချောင်း၏ ဒီမှာဘက်တွင် စေးပျစ်ချုံတန်းရှိသည်။ တောင်ခြေတွင် ကျက်စားနေသော ယုန်တွေ…ချေတွေ…ဖွတ်တွေ…ပုတက်တွေသည် ဤစမ်းချောင်းနှင့် ဤတောကို အမှီပြုနေသည်။ ရွာမှ မုဆိုးများသည် သားကောင်လိုချင်လျှင် ဤတောခြေကို လာလျက် တောလိုက်လေ့ရှိသည်။

ဇဋ္ဌနသည် မိခင်ကြီးအတွက် ယုန်သားလိုသည်ဆိုသဖြင့် ဤတောတန်းဆီသို့ ထွက်ခဲ့သည်။ တောစပ်ရောက် သည်နှင့် ငုံးငှက်ကလေးတွေက ဖလူးခနဲ ထပြန်သွားသည်။ ငှက်ပျံသံကြောင့် မြက်နုစားနေသော ယုန်ငယ်လေးလည်း အလန့်တကြား ထပြေးသည်။ ပြေးလေမှ ချုံတောတစ်ခုတွင် နွယ်တက်နေသော ဆူးနွယ်ကို တိုးမိရာ ပိုက်ကွန်တွင် မိသည့်အလား ချုပ်နှောင်မိတော့သည်။

ဇဋ္ဌနသည် ဤရွှေ့ဤမျှ လွယ်လွယ်ကူကူ ဖမ်းရနိုင်မည်မထင်ခဲ့။ ယုန်ကို ပစ်ဖမ်းရန် လေးခွ ဆောင်လာသည်။ လေးခွဒဏ်ကြောင့် မူးလဲနေသော ယုန်ကို ရိုက်နှက်ရန် ဝါးဆစ်တိုတစ်ချောင်း ဆောင်လာသည်။ ခုတော့ လေးခွကို မသုံးရ။ ဝါးဆစ်တိုလည်း အသုံးမချရ။ ယုန်သူငယ်လေးကို လက်ဖြင့် အလွယ်တကူ ဖမ်းရလိုက်သဖြင့် ဝမ်းသာသွားရ ပေသည်။

× × ×

ဇဋ္ဌနသည် တဆတ်ဆတ် တုန်ယင်နေသော ယုန်လေး၏ မျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။ သူ့ မျက်လုံးများသည် ရီဝေနေသည်။ မှိုင်းပျနေသည်။ မျက်ရည်များ စီးကျနေသည့်အလား ထင်မိသည်။

ဇဋ္ဌနသည် သေသေချာချာ ကြည့်သည်။ ယုန်လေး၏ နှုတ်ခမ်းနှစ်လွှာသည် တဆတ်ဆတ် တုန်နေသည်။ သူ့နှုတ်က စကားတွေ အများကြီး ပြောနေသည်။ ''မလုပ်ပါနဲ့ဗျာ…ကျွန်တော့်အသက်ကို ချမ်းသာပေးပါ။ ရှိခိုးတောင်းပန် ပါတယ်ဗျာ…ကျွန်တော့်ကို မသတ်ပါနဲ့။ ကျွန်တော်ဟာ ခင်ဗျားရဲ့ ရန်သူမဟုတ်ပါဘူး။ ခင်ဗျားကိုလည်း ရန်မရှာပါဘူး။ ခင်ဗျားပိုင်ဆိုင်တဲ့ ပစ္စည်းကိုလည်း ရန်မရှာပါဘူး။ ကျွန်တော်ဟာ အလေ့ကျပေါက်နေတဲ့ မြက်သာ စားတဲ့ ယုန်လေးပါ။ ကျေးဇူးပြုပြီး ကျွန်တော့်ကိုလွှတ်ပါ။ အနူးအညွတ်တောင်းပန်ပါတယ်…''။ ဇဋ္ဌနသည် ယုန်လေးနှုတ်ခမ်းမှ တောင်းပန် နေဟန်ကို မြင်သည်။ တောင်းပန်စကားတွေ ကြားနေသည်။ ဇဋ္ဌန ဘာလုပ်ရမှန်းမသိတော့။

ဤအချိန်တွင် သူ၏အစ်ကိုကြီးက သူ့ကို စောင့်နေတော့မည်။ ဇဋ္ဌနပြန်လာလျှင် ယုန်တစ်ကောင်ကောင်တော့ ရလာလိမ့်မည်။ ယုန်သားသာစားရလျှင် သူတို့အမေ၏ ရောဂါဝေဒနာပျောက်ကင်းလိမ့်မည်။ မိဘအပေါ် တာဝန်ကျေသော သားကောင်းအဖြစ် ကျေးဇူးတုံ့ပြန်ခွင့်ရတော့မည်ဟု တွေးနေကောင်းတွေးနေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဇဂ္ဂနကိုယ်တိုင်လည်း ထိုဆန္ဒရှိသည်။ တစ်သက်လုံး ပြုစုစောင့်ရှောက်ခဲ့သောအမေ...သူတို့ကို နို့ချိုတိုက်ကျွေး မွေးခဲ့သော အမေ...သူတို့ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပညာသင်ပေးသောအမေ...သူတို့၏ စားဝတ်နေရေးဖြည့်ဆည်း ပေးသောအမေ...။ အမေ့ဘက်က တာဝန်ကျေသည်။ သူတို့တစ်တွေ ဤအသက်အရွယ်ရောက်အောင် မွေးကျွေးခဲ့သော ဝန်ကဖိစီး၍ အမေအိပ်ရာထက် လဲသည်။ အနှစ်နှစ်အလလ ပင်ပန်းခဲ့သော ဒဏ်ရာဒဏ်ချက်က အမေ့ခန္ဓာကိုယ်ကို ထိုးနှက်ခဲ့သည်။ အမေ မလုပ်နိုင်တော့ အစ်ကိုကြီးက အမေ့တာဝန်ယူသည်။ မိသားစုစားဝတ်နေရေးအတွက် ဖြည့်ဆည်းရသလို၊ အမေ့ကျန်းမာရေးအတွက် စောင့်ရှောက်ရသည်။ ဝေဒနာ သက်သာစိမ့်သောငှာ ဆရာအမျိုးမျိုးပင့်လျက် ကုသခဲ့ရာ၊ ယခုနောက်ဆုံးဆရာနှင့်ကျမှ ရောဂါသက်သာလာသည်။ ရောဂါကင်းကင်းရှင်းရှင်းပျောက်ဖို့ ယုန်သား လိုအပ်သည်ဆို၍ ဇဂ္ဂနကို ယုန်ရှာခိုင်းသည်။

ဇဂ္ဂနကိုယ်တိုင်လည်း လိုလိုလားလားဖြင့် တောစပ်သို့ ထွက်ခဲ့သည်။ ယုန်ကို အထူးမရှာရဘဲ အလွယ်တကူ ဖမ်းဆီးရမိပြီ။ ဤယုန်ကိုသတ်၊ ချက်ပြုတ်ပြီး ကျွေးလိုက်လျှင် အမေက ငေါက်ခနဲ ထထိုင်မည်။ ရောဂါရှင်းရှင်း ပျောက်မည်။

သို့သော်...

ဇဂ္ဂနသည် သူ့လက်ထဲမှ ယုန်လေးကို ပြန်ငုံ့ကြည့်လိုက်သည်။ ယုန်ကလေးက သေမှာ ကြောက်ရွံ့သဖြင့် တဆတ်ဆတ် တုန်ယင်နေသည်။ ကြောက်ရွံ့စိုးထိတ်နေသော ဤယုန်လေးကို သူဘယ်လို ပြုရမည်မသိ။

"အင်း...ဒီယုန်လေးပါသွားရင် အစ်ကိုကလည်း ဝမ်းသာသွားမယ်။ အမေလည်းနှစ်ရှည်လများ ခံစားနေရတဲ့ ရောဂါပျောက်ကင်းသွားမယ်...ဒါပေမယ့်"

တစ်ဖက်သား အသက်ဆုံးရှုံးပြီး သူတို့အမေ အသက်ချမ်းသာရရေးသည် တရားမျှတပါမည်လားဟု တွေးမိသည်။ ကြောက်ရွံ့နေသော ယုန်လေးကို ဆွဲယူမြှောက်လျက် စေ့စေ့ကြည့်သည်။ သူ့စိတ်ထဲ၌ ချီတုံချတုံဖြစ်နေသည်။ ဇဂ္ဂနသည် ကိုယ့်စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချလျက် ယုန်လေးကို မြက်ခင်းပေါ် ပြန်ချပေးလိုက်သည်။ ယုန်လေးသည် သေဘေးက လွတ်မြောက်သွားသဖြင့် ဝမ်းသာသွားဟန်ဖြင့် ချောင်းစပ်သို့ ပြေးဆင်းပျောက်ကွယ်သွား လေတော့၏။

× × ×

"ဇဂ္ဂန၊ ယုန်မရခဲ့ဘူးလား..."

"ရပါတယ်..."

"ဟေ...ဒါဆို ဘယ်မလဲ ဇဂ္ဂန"

"ပြန်လွှတ်ပေးလိုက်တယ်အစ်ကို"

"ဘာကွ"

အစ်ကိုဖြစ်သူ၏ အသံက ကျားဟိန်းသည့်အလား...။ ဇဂ္ဂနတုန်လှုပ်သွားသည်။ သူ့ကို ခုန်အုပ်တော့မည့် အလား ရှေ့တိုးလာသည်။ အစ်ကို့ကို လက်ကာပြလျက် "ကျွန်တော်ပြောပါရစေအစ်ကို" ဟု တောင်းပန်လိုက်သည်။

"ဟေ့ကောင်ဇဂ္ဂန။ မင်းကို ယုန်ရှာခိုင်းလိုက်တာ။ ယုန်ဖမ်းမိတယ်ဆိုပြီး ဘာ့ကြောင့် ပြန်လွှတ်ရတာလဲ...။ ဒီယုန်သားဟာ တို့အမေရောဂါ ပျောက်ကင်းစေမယ့် ဆေးဝါးဆိုတာ မင်းမသိဘူးလား..."

"သိပါတယ်အစ်ကို"

"သိရက်သားနဲ့ မင်းဘာဖြစ်လို့ မယူခဲ့တာလဲ။ ဒီမယ်ဇဂ္ဂန၊ အမေဟာ ဒီရောဂါဝေဒနာကြောင့် အိပ်ရာထဲ လဲနေတာ ဘယ်လောက်ကြာပြီလဲ။ ဆရာတွေ ခေါ်ကုနေတာ ငွေဘယ်လောက် ကုန်နေပြီလဲ။ အခု ဆေးနဲ့ ရောဂါ ဆက်စပ်လို့ ဝေဒနာသက်သာနေတာ မင်းမသိဘူးလား..."

www.burmeseclassic.com

www.burmeseclassic.com


''သိပါတယ်…''

''သိတယ်…သိရက်နဲ့ မင်းဘာလို့ ရအောင် ရှာမလာလဲ''

''ရှာပါတယ်၊ ရပါတယ် အစ်ကို''

''ရရက်နဲ့ ယုန်ကို ပြန်လွှတ်ရအောင် ဒီယုန်က မင်းအဖေလား…မင်းအမေလား…မင်းသားသမီးလား''

''မဟုတ်ပါဘူး၊ သနားလို့ပါ''

''ဘာကွ၊ သနားလို့။ ယုန်ကို သနားပြီး မင်းက အမေ့ကိုတော့ မသနားဘူးပေါ့။ ဟင်း… တော်တော်မွေးရကျိုးနပ်မယ့်ကောင်။ ငါကွာ လုပ်လိုက်ရရင်…။

''သား…သားကြီး မလုပ်နဲ့''

အစ်ကိုကြီး၏ အော်ဟစ်ကြိမ်းမောင်းသံကြောင့် အမေက မှိန်းနေရာမှ နိုးသွားပုံရသည်။ မျက်လုံးဖွင့်ကြည့်သည်။ ထိုအချိန် အစ်ကိုဖြစ်သူက ဇဋ္ဌနကို ခုန်အပ်လျက်၊ ဇက်ကိုနှိမ်ပြီး ထိုးကြိတ်တော့မည့်ဟန်ပြင်သည် မြင်၍ လှမ်းတားသည်။ အစ်ကိုက ဒေါသကို လျှော့လျက် လူချင်းခွာလိုက်သော်လည်း ဇဋ္ဌနကို အမှုန့်ခြေဖြစ်လိုဟန်ရှိသည်။

''အလကား၊ သောက်သုံးမကျတဲ့ကောင်''

''မဆူပါနဲ့ သားကြီးရယ်…''

''အလိုက်ကမ်းဆိုးမသိတဲ့ကောင်ကို ဆူရုံတင်မဟုတ်ဘူး။ သတ်ပစ်ချင်တာ…ဘယ့်နှယ်ဗျာ၊ အမေ့အတွက် ယုန်သားရှာခိုင်းတာ ရသတဲ့။ အဲဒီရတဲ့ ယုန်ကို ပြန်လွှတ်ပစ်သတဲ့''

''သူမသတ်ချင်လို့ ရှိမှာပေါ့ သားရယ်…''

''မသတ်ချင်တာ မသတ်ခိုင်းပါဘူး။ ဒီအရောက် ဖမ်းလာပေါ့။ ကျွန်တော့်ဘာသာ သတ်ပြီး အမေ့ကို ချက်ကျွေးမှာပေါ့။ သောက်သုံးမကျတဲ့ကောင်။ အမေတိုက်ခဲ့ရတဲ့ နို့ဖိုးတောင် နားမလည်တဲ့ ခွေးတိရစ္ဆာန်''

''ဆူမနေပါနဲ့ သားရယ်…''

မိခင်ကြီးသည် ဒေါသတကြီးဆူနေသော အစ်ကိုကြီးအား ဖြေသိမ့်ရင်း ဇဋ္ဌနကို သူ့အပါးလာဖို့ လက်ယပ်ခေါ်သည်။ ဇဋ္ဌနသည် မိခင်ကြီးအပါးကို တရွေ့ရွေ့ ကပ်သွားသည်။ မိခင်ကြီး၏ မျက်နှာကို အနီးကပ် မြင်ရ၊ ကြည့်ရမှ အသားအရေ ဖြူဖျော့ကျုံလှီနေသော မိခင်၏ ရုပ်သွင်ကို သေသေချာချာ ကြည့်မိသည်။ တစ်ချိန်က ဆူဆူဖြိုးဖြိုး ကျန်းကျန်းမာမာရှိသော မိခင်ကြီးသည် ရောဂါ၏ ဝါးမျိုနှိပ်စက်မှုကြောင့် လူရုပ်ပင် မပေါ်တော့။ သွေးသား ဆုတ်ယုတ်နေပုံမှာ ကြည့်ရက်မြင်ရက်စရာမရှိ။ ဇဋ္ဌနသည် သူ့လုပ်ရပ်အပေါ် မှားလေပြီလားဟု တွေးမိသည်။

အမှန်တော့ မိခင်ကြီး အသက်ရှည်စေချင်သည်။ ကျန်းမာစေချင်သည်။ ရှေးကနှယ် သွားသွားလာလာ လှုပ်လှုပ်ရှားရှား ရှိစေချင်သည်။ ထိုသို့ လှုပ်ရှားနိုင်အောင် ယုန်သားလတ်လတ်ဆတ်ဆတ် လိုအပ်သည်။ မိခင်ကြီး၏ ကျေးဇူးပေးဆပ်သည့်အနေဖြင့် ယုန်သားရှာကျွေးသင့်သည်။ သို့သော် ရထားသည့် ယုန်ကိုပင် ဇဋ္ဌနက ပြန်လွှတ်ပစ်သည်။ သည့်အတွက် အစ်ကိုကြီးက ဒေါသဖြစ်မည်ဆိုလည်း ဖြစ်လောက်သည်။

ဇဋ္ဌနသည် အမေ၏ ကျုံလှီနေသော လက်ကို ဖမ်းဆုပ်လိုက်သည်။ ရုတ်တရက် ဖြစ်ပေါ်လာသော စေတနာ၊ ဆန္ဒ၏ တိုက်တွန်းချက်အရ ဇဋ္ဌနသစ္စာပြုလိုက်သည်။

''ကျွန်ုပ်သည် လူဖြစ်သည့်နေ့မှစ၍ သေစေလိုသောစိတ်ဖြင့် သတ္တဝါတို့ကို သတ်ဖူးခြင်းမရှိပါ။ ဤသစ္စာစကားကြောင့် မိခင်ကြီး ကျန်းမာပါစေသတည်း''

ဇဋ္ဌန၏ ရေရွတ်သံအဆုံးတွင် အစ်ကိုကြီးထံမှ ထွီခနဲ တံတွေးထွေးသံကြားလိုက်သည်။ အထိတ်တလန့် အမူအရာဖြင့် လည်ပြန်လှည့်ကြည့်ချိန်တွင် မီးဝင်းဝင်း တောက်မတတ် ကြည့်နေသော အစ်ကို့ မျက်လုံးအစုံ‌နှင့်

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်သည်။ စိုးရွံ့စွာဖြင့် ပြန်လှည့်လိုက်ချိန်တွင် အိပ်ရာပေါ်လဲနေသော အမေက အိပ်ရာထက်၌ ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွားသည်။

"ဟာ…အမေ"

"ဟုတ်တယ်သား၊ အမေ့ဝေဒနာတွေ ပိန်းကြာရွက်ပေါ် ရေမတင်သလို တစ်ခါတည်း ပျောက်ကျသွားတယ်"

"အမေ…အမေ၊ တကယ်လားအမေ။

ဇဂ္ဂနစကားမပြောနိုင်အောင် အံ့အားသင့်နေချိန်မှာပင် အစ်ကိုကြီးက ပြေးလာပြီး၊ အမေ့ကိုယ်လုံးလေးကို သိုင်းဖက်လျက် တုန်တုန်ယင်ယင် လေသံဖြင့်မေးသည်။ အစ်ကိုကြီးက မျက်ရည်ဝဲသလို၊ အမေ့မျက်နှာတွင်လည်း မျက်ရည်တွေ စီးကျနေသည်။ ဇဂ္ဂနသည် သူ၏ သစ္စာတန်ခိုးကြောင့် မိခင်ကြီးရောဂါ ပျောက်ကင်းသွားသည်ကို လက်တွေ့မြင်ရသဖြင့် ဝမ်းသာအားရ ထအော်မိလိုက်သည်။

"အမေရယ်…"

× × ×

ကျမ်းကိုး

အဋ္ဌသာလိနီအဋ္ဌကထာ

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သစ္စာဂုဏ်ရည်

မူလမြို့အကျယ်က တစ်မျက်နှာလျှင် တစ်ဂါဝုတ်ရှည်၏။ လူဦးရေ ထပ်မံပွားစည်လာသော် မြို့အဝန်းက ကျဉ်းလာသည်။ နောက်ထပ် တစ်ဂါဝုတ်ထပ်ချဲ့ရသည်။ ကာလရှည်ကြာသော် လူဦးရေ ထပ်မံတိုးလာသဖြင့် တစ်ဂါဝုတ်ချဲ့ရပြန်သည်။ ဤသို့ဖြင့် မြို့မျက်နှာတစ်ဖက်လျှင် သုံးဂါဝုတ်ကျယ်သည်။

ခုနစ်ထောင့်၊ ခုနစ်ရာ၊ ခုနစ်ကျိပ် ခုနစ်ယောက်သော မြို့စားမင်းများ အုပ်ချုပ်သော ဝေသာလီပြည်သည် စည်းလုံး၏။ ညီညွတ်၏။ လိစ္ဆဝီမင်းသားတို့ အလှည့်ကျ အုပ်ချုပ်သော ဝေသာလီသည် စုလစ်၊ မွမ်းချွန်တပ်သော ဇရပ်များ၊ ဥယျာဉ်ရေကန်များ၊ ခမ်းနားသော လူနေအိမ်များဖြင့် စည်ကားနေပေသည်။

ထိုဝေသာလီသို့ ပုရာဏ ကဿပလာသည်။ မက္ခလိဂေါသာလရောက်သည်။ အဇိတ ကေသကမ္ဗလ ဝင်သည်။ အယူဝါဒသစ်တွေ ထူထောင်လျက် မိမိကိုယ်ကို ဘုရားဟု အထင်ရောက်နေသော ပုဂ္ဂိုလ်များလည်း ဝါဒ ရေးရာဟောပြောရန် ဝင်လာကြသည်။ အတ္တကိလမထနုယောဂ အကျင့်လွန်ဖြင့် လူတို့ကို ဖမ်းစားသော သူများကလည်း အကိုးကွယ်ခံလိုသဖြင့် ရောက်လာကြသည်။ ဤသို့ မိစ္ဆာဝါဒီရှင်တို့၏ လွဲမှားသော အယူကြောင့် လောကသည် ချောက်ချား၏။ မိုးလေဝသ ဆွံ့ရှား၏။ တစ်နှစ်လုံး မိုးမရွာသည့်နှစ်မျိုးပင် ကြုံရသည်။

မိုးလေဝသပျက်ပြားသဖြင့် သီးနှံအထွက် ဆုတ်ယုတ်သည်။ စားရေရိက္ခာမဖူမလုံဖြစ်ကြသည်။ ထိုအခါ လူတို့သည် ရရာသီးနှံ၊ ကြုံရာအစားအစာ ရှာကြံစားကြသည်။ ဤတွင် ရောဂါကပ်ကြီးကျရောက်လျက် လူတို့ သေကုန်သည်။ ထိုသေလွန်သူတို့သည် လွဲမှားသော အယူရှိကြသဖြင့် သုဂတိဘုံသို့ မရောက်၊ မလားကြ။ အပါယ်ဘုံသားတွေသာ အဖြစ်များသည်။ တစ္ဆေ၊ သရဲ၊ ဖုတ်၊ ပြိတ္တာ၊ ဘီလူး၊ သဘက်တွေ ဖြစ်ကြသည်။

ဝတ်မွတ်ဘေးကြောင့် နေ့စဉ် သေကြေပျက်စီးသူများကို နိုင်နင်းအောင်ပင် မမြှုပ်နိုင်တော့။ မြို့အနှံ့တွင် အလောင်းကောင်များ ဖွေးဖွေးလှုပ်နေသည်။ အပုပ်နံ့များက လှိုင်နေသည်။ ထိုအပုပ်နံ့ရသော ဘီလူးတို့သည် မြို့တွင်းသို့ ဝင်လာကြသည်။ ရှင်နေသေးသူတို့ကို ဖမ်းဆီးနှိပ်စက်ကြသည်။

ဝတ်မွတ်ခေါင်းပါးသောကပ်၊ ရောဂါဘယနှိပ်စက်သောကပ်၊ သတ္တဝါတို့ သေကြေအောင် ဘီလူးသဘက်တို့ နှိပ်စက်သော ကပ်ဘေးကြောင့် ဝေသာလီ တစ်မြို့လုံး ချောက်ချားနေသည်။ အမေကယ်ပါ…အဖကယ်ပါဟု အော်ဟစ် ညည်းညူသံတွေ စီစီညံနေသဖြင့် လူတိုင်း စိုးရွံ့နေသည်။ မြို့ပင် ပျက်စီးလုနီး ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝေသာလီ မြို့သားတို့ စုရုံးလျက် လိစ္ဆဝီမင်းသားတို့ ရုံးထိုင်ရာ လွှတ်တော်သို့ ချဉ်းကပ်သည်။

''အရှင်သားတို့၊ ကျွန်ုပ်တို့အသက်ကို စောင့်ရှောက်ပါလော့''

''ကိုးကွယ်ရာဖြစ်ပါလော့''

''ကယ်တင်ပါလော့...''

ထိုသို့ တောင်းဆိုသော် လိစ္ဆဝီမင်းသားတို့ တိုင်ပင်ကြသည်။

''ပြည်သူတွေရဲ့ ဘေးဆိုးကို ကယ်တင်ရန် ဘယ်လိုစီစဉ်မလဲ''

''မက္ခလိ ဂေါသာလဟာ အကျင့်ထူးတဲ့ ပုဂ္ဂိုလ်ကြီးပဲ။ ဒီကိုယ်တော်ကြီးကိုပင့်၊ တရားနာရရင် ဘယ်လိုနေမလဲ...''

''မက္ခလိထက်စာရင် အသက်ကြီးတဲ့ ပုရာဏ ကဿပကို အမှီအခိုပြုတာ ပိုကောင်းတာပေါ့''

''ကျုပ်အမြင်တော့ မကုကေဉ္စယနက ပိုစူးရှမယ်ထင်တယ်။

မိမိတို့ ယုံကြည်ကိုးကွယ်သည့် ဆရာသမားများကို ဝေသာလီမြို့ပင့်ပြီး၊ တရားနာရန်၊ ငြိမ်းအေးမှု ဖန်တီးရန် အဆိုတင်ကြသည်။

''သင်တို့စကား မငြင်းပယ်ပါဘူး။ ဒါပေမယ့် လောကမှာ ဘုရားရှင် ပွင့်နေပြီတဲ့...''

''ဘုရား...ဘုရားနဲ့ ပြောကြတာ များလှပါပြီ''

''အခု ပြောတဲ့ ဂေါတမဗုဒ္ဓဆိုတာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးသိတယ်...''

''ဒါဆိုရင် တို့ရဲ့ ရှေးဖြစ်ကိုသိမယ်ပေါ့''

''တန်ခိုးရှင်ဖြစ်တဲ့ဘုရားသခင်က မသိဘဲ မနေဘူး။ တို့ခံစားနေရတဲ့ ဒုက္ခကိုလည်း ငြိမ်းအေးစေနိုင်မှာ အမှန်ပဲ''

''ဒါဆို ဘုရားရှင်ကို ပင့်ဖို့လိုတယ်...ဘုရားရှင်က ဘယ်မှာလဲ''

''ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရလှူထားတဲ့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်တဲ့''

''အဲဒါ လွယ်ပါ့မလား...''

''ဘာကို မလွယ်တာလဲ။ ဗိမ္ဗိသာရကို အကျိုးအကြောင်း လျှောက်တင်ပြီး၊ တို့ပြည်သူတွေကို အကူအညီပေးဖို့ တောင်းခံရင် မပေးဘဲ နေမှာမဟုတ်ပါဘူး''

''ဟုတ်ပြီ...ဒါဆို ရာဇဂြိုဟ်ကို တမန်လွှတ်စို့''

လိစ္ဆဝီမင်းများသည် ဘုရားရှင်ကို ဝေသာလီသို့ ကြွချီပါရန်...ကပ်ဘေးတို့မှ ကင်းငြိမ်းအောင် စောင့်ရှောက်ရန် တမန်လွှတ်၍ ပန်ကြားကြကုန်တော့သည်။

× × ×

''ဝေသာလီပြည်သို့ ဘုရားရှင် ကြွရောက်မည်'' ဟူသည့် သတင်းစကားကြောင့် လိစ္ဆဝီမင်းသားတို့ ဝမ်းသာသွားသည်။ ဝေသာလီသို့ အလျင်အမြန်ပြန်လာပြီး ကြိုဆိုပင့်ဆောင်ရေးအတွက် တိုင်ပင်ကြသည်။

ဘုရားရှင် ဝေသာလီသို့ ကြွမည့်သတင်းကိုကြားသော ဗိမ္ဗိသာရမင်းကြီး အလျင်အမြန် ရောက်လာသည်။

''ရှင်တော်မြတ်ဘုရား...ဝေသာလီကို ကြွမယ်ဆိုရင် ခေတ္တမျှ ဆိုင်းငံ့ပါ။ ရာဇဂြိုဟ်နှင့် ဂင်္ဂါမြစ်အကြား ခရီးလမ်းကို သုတ်သင်ပါရစေ...''

''ကောင်းပြီ မင်းကြီး''

www.burmeseclassic.com

www.burmeseclassic.com



ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်အား အထူးကြည်ညိုသည့်အလျောက် ခရီးလမ်း မညီညာ၊ မချောမွေ့သည့် လမ်းမှ မကြွစေလို။ ညီညာအောင် သုတ်သင်ပေးလိုသည်။ သို့ဖြစ်၍ ပြည်သူအားလုံး ဆင့်ခေါ်သည်။ အမှုထမ်း၊ အရာထမ်းတို့ကို အစုလိုက် အဖွဲ့လိုက် ကွပ်ကဲစေသည်။

“လမ်းမှာ အမှိုက်သရိုက် ချုံနွယ်မရှိစေနှင့်။ ခလုတ်ကန်သင်းကမူ၊ ချိုင့်ဝှမ်း မရှိစေနှင့်။ ညီညာပြေပြစ်ပါစေ…။ ပြီးတော့ လမ်းတစ်လျှောက်သဲဖြူခင်း၊ ပန်းပေါက်ပေါက်တို့ကြဲပက်။ လမ်းဘေးဝဲယာမှာ ကြာသွတ်အိုးနဲ့ ငှက်ပျောပင်တွေ စိုက်။ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့လည်း အသရေရှိအောင် ဆင်ယင်။ တစ်ယူဇနာမှာ ခရီးတစ်ထောက်နားဖို့ ယာယီကျောင်းတွေဆောက်…”

အဖက်ဖက်က လစ်ဟင်းချို့ယွင်းမှုမရှိအောင် စီမံပြီးမှ မင်း၊ မိဖုရားကိုယ်တိုင်လိုက်ပါပို့ဆောင်သည်။

ဘုရားရှင်အား ထီးဖြူနှစ်လက်မိုးပြီး နောက်တော်မှ ပါရှိသည့် သံဃာတော်များအား ထီးဖြူတစ်လက်စီ အုပ်မိုးပူဇော်စေသည်။ တစ်ရက်လျှင် တစ်ယူဇနာနှုန်းဖြင့် ကြွစေပြီး၊ ဆွမ်း၊ ဘောဇဉ်၊ အဖျော်ရည်တို့ဖြင့် မပြတ်မလပ် လုပ်ကျွေးလျက် လိုက်ပါခဲ့သည်။

ဂင်္ဂါမြစ်ကမ်းသို့ရောက်သော် အထူးထူးသော တန်ဆာဆင်ယင်ထားသည့် ရွှေဖောင်ထက်၌ သီတင်းသုံးစေသည်။ ထို့နောက် လိစ္ဆဝီမင်းတို့ကိုလည်း ဘုရားရှင် ကြွလာကြောင်း ကြိုတင် သတင်းစကား ပါးလိုက်သည်။

မင်းကြီးသည် ဂင်္ဂါမြစ်တွင်းထိ ဆင်းလျက် ဘုရားရှင်အား ပို့ဆောင်သည်။ သတင်းစကား ကြိုရထားသော လိစ္ဆဝီမင်းသားတို့ကလည်း နှစ်ဆင့်မက သာလွန်သော ပူဇော်မှုဖြင့် ကြိုဆိုသည်။ ဝေသာလီနှင့် ဂင်္ဂါမြစ်ကမ်းထိ သုံးယူဇနာကွာသည့် ခရီးတစ်လျှောက်တွင် ပြည်သူတို့က သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

မြတ်ဘုရားသည် ဂင်္ဂါမြစ်ကမ်း၌ ဖဝါးခြေချလိုက်သည်နှင့် တစ်နှစ်လုံး ခေါင်နေသည့် မိုးက ရေပြည့်အိုးကို သွန်ချသည့်အလား သဲသဲမဲမဲ ရွာချသည်။ လျှပ်စစ်များ၊ ပြိုးပြိုးပြက်ပြက်လက်ပြီး၊ မိုးကြိုးစက်တို့ ထစ်ချုန်းရွာသွန်းရာ၊ အညစ်အကြေးတို့နှင့် ပေကျံနေသော ဝေသာလီပြည်သည် သန့်စင်သွားသည်။ လူသေကောင်၊ ခွေးသေကောင်၊ နွားသေကောင်တို့ကို မိုးရေက တိုက်စားသယ်ယူလျက် ဂင်္ဂါမြစ်တွင်းပို့လိုက်သည်။

ဘုရားရှင် ကြွလာသော် နတ်ရွာနှစ်ထပ်ကို အစိုးရသည့် သိကြားမင်းနှင့် နတ်ပြဟ္မာများ လာရောက် ပူဇော်သဖြင့် ဖုတ်၊ တစ္ဆေ၊ ပြိတ္တာတို့ မနေဝံ့ဘဲ ထွက်ပြေးကုန်သည်။

ဘုရားရှင်သည် ညီတော် အာနန္ဒာကို ခေါ်လျက် ရတနသုတ်ကို သင်ပေးသည်။ ထွက်ပြေးလေသော ဘီလူး၊ သဘက်တို့ ပြန်မဝင်နိုင်စိမ့်သောငှာ တံတိုင်းသုံးထပ်အတွင်း၌ နေ့ညမပြတ် ရတနာ့သုတ်ကို ရွတ်ဖတ်စေသည်။ ခုနစ်ရက်မြောက်နေ့တွင် ဘုရားရှင် ကိုယ်တိုင် ကြွရောက်လျက် ပရိတ်တရားရွတ်ဖတ်ပြီး မေတ္တာပို့ရာ ဝေသာလီတွင် ကျရောက်နေသော ကပ်ဘေးကြီး ကင်းစင်သွားတော့သည်။

အရှင်အာနန္ဒာ အမှူးပြုသော ရဟန္တာပုဂ္ဂိုလ်ငါးရာသည် ဝေသာလီမြို့တွင်း၌ တစ်ညဉ့်မပြတ်၊ အချိန်မလပ်ဘဲ မြို့အလုံးကို လှည့်လျက် သစ္စာစကားဆိုသည်။

“လောက၌ လူ့ပြည်၊ နတ်ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်တို့၌ ရတနာအသီးသီး ထင်ရှားရှိပေ၏။ ထိုထိုသော ရတနာတို့တွင် မြတ်ဘုရားနှင့်တူသော ရတနာမည်သည် မရှိ။ ဤမှန်သောသစ္စာစကားကြောင့် ဘေးသုံးပါးမှ လွတ်ကင်းချမ်းသာပါစေသတည်း”

“လောက၌ ရတနာအသီးသီးရှိပေ၏။ ထိုထိုသော ရတနာတို့တွင် တရားရတနာနှင့်တူသည့် ရတနာမရှိ။ ဤမှန်သော သစ္စာစကားကြောင့် ဘေးသုံးပါးမှ ကင်းဝေးချမ်းသာပါစေသတည်း”

www.burmeseclassic.com



“လောက၌ ရတနာအသီးသီးရှိပေ၏။ ထိုထိုသော ရတနာတို့တွင် သံဃာရတနာနှင့်တူသည့် ရတနာမရှိ။ ဤမှန်သော သစ္စာစကားကြောင့် ကပ်ကြီးသုံးပါးဘေးမှ ကင်းဝေးချမ်းသာပါစေသတည်း”

ရတနာသုံးပါး၏ ဂုဏ်ကို ဖော်ထုတ်လျက် မှန်ကန်သော သစ္စာစကားဆိုသည်တွင် ဝေသာလီ ပြည်သူတို့ ခံစားနေရသော ကပ်သုံးပါးဘေးသည် ကင်းစင်လွင့်ပျောက်သွားရလေတော့၏။

× × ×

ကျမ်းကိုး

စူဠဝဂ်၊ ပဌမသုတ်

ဓမ္မပဒဋ္ဌကထာ (စတွဲ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဖွားပက်တော်ကဏ္ဍက ငါ့ကိုထူပဲ့လော့ ...
ငါဟာ သုံးလီသော ဘဝလှောင်အိမ်မှ
လွတ်မြောက်အောင် ရုန်းထွက်မည်။
ငါလွတ်မြောက်လျှင် သုံးခွင်သော ဝေနေယျတို့ကို
ခေမာသောင်ကမ်း နိဗ္ဗာန်နန်းပို့ချေမည်။
သည့်အတွက် တောရိပ်ခိုမှီး ဓမ္မပြည့်ဆီးပို့ ကူလော့ကဏ္ဍက ....

www.burmeseclassic.com

www.burmeseclassic.com

# အဓိဋ္ဌာနပါရမီ

အဓိဋ္ဌာနဟူသော ပါဠိစကားကို ရှေးပညာရှိတို့က "ဆောက်တည်ခြင်း"ဟူ၍ အနက်မြန်မာ ပြန်ကြသည်။

အဓိဋ္ဌာနဟူသော ပါဠိမှာ (အဓိ) ပုဒ်၊ (ဋ္ဌာ) ပုဒ်၊ (အန) ပစ္စည်းတို့ ကိုတွဲစပ်ထားရာ သဒ္ဒါအနက်အားဖြင့် "အလွန်အကျူးအထူးတည်ဆောက်ခြင်း"ဟု အနက်ထွက်သည်။ ပညာရှိများကမူ အဓိဋ္ဌာန=ဆောက်တည်ခြင်း ဟူ၍သာ ပြန်ဆိုကြသည်။

(ဆောက်) ဟူသော စကားလုံးသည် ပေါရာဏအရ "စိုက်ထူခြင်း" ဖြစ်သည်။ ရှေးက မိန်းမများဆံထုံးပေါ်ရှိ ဖြောင့်ဖြောင့်မတ်မတ် စိုက်ထိုးအပ်သော ပန်းကို (ပါဠိလို) ဝဋံသကာဟုခေါ်သည်။ မြန်မာဘာသာ အားဖြင့် (ဦးဆောက်ပန်း) ဟုခေါ်သည်။

(တည်) ဟူသောစကားသည် အခြားမှ တစ်စုံတစ်ရာဝတ္ထုကို ဆောင်ယူချထားလာသည်ဟု အဓိပ္ပာယ်ရသည်။ သိမ်တို့၊ ကျောင်းတို့ပြုလုပ်လျှင် သိမ်ဆောက်သည်၊ ကျောင်းဆောက်သည်ဟု ပြောထုံးရှိသည်။ အကြောင်းကား တိုင်တို့ကို ဦးစွာ စိုက်ထူအပ်သောကြောင့်ဖြစ်သည်။ စေတီမှာမူ တစ်ခါတည်း စိုက်ထူ၍မရပေ။ အုတ်ချပ်ကို ဖြည်းဖြည်းချင်း စီရသည်။ ထို့ကြောင့် စေတီတည်သည်ဟု ခေါ်ထုံးရှိသည်။ သို့ဖြစ်၍ ဘုရားတည်၊ ကျောင်းဆောက်ဟူ၍ အစဉ်အလာအရ ပြောကြသည်။

အဆိုပါစကားနှစ်လုံးကို တွဲစပ်လျက် (ဆောက်တည်) ဟုသုံးလိုက်လျှင် နဂိုမူလအနက်ထက်ပို၍လေးနက်သွားသည်။ "မရွှေ့မလျား၊ မတုန်မလှုပ်စိတ်၌ထားခြင်း၊ (ဝါ) အတည်ဖြစ်စေခြင်းဟူသော အဓိပ္ပာယ်ကောက်ယူရသည်။ သီလဆောက်တည်သည်ဆိုလျှင် "သီလကိုမရွှေ့မလျား၊ မတုန်မလှုပ်စိတ်၌ထားသည်၊ အတည်ဖြစ်စေသည်"ဟု အဓိပ္ပာယ်ဆောင်သည်။ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိဟုဆိုလျှင် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သည့် ကျင့်ဝတ်အစုကို မရွှေ့မလျား၊ မဖောက်မပြား၊ မတုန်မလှုပ်ဘဲ စိတ်၌ ထားပါ၏။ အတည်ဖြစ်ပါစေ၏ဟု အဓိပ္ပာယ်ဆောင်သည်။

သီလအရာ၌ သမာဒါနဟူသည် ဆောက်တည်ခြင်း ဟူ၍ပင် ပြန်ဆိုသည်။ (သံ) ပုဒ်၊ (အာ) ပုဒ်၊ (ဒါ) ပုဒ်နှင့် (အန) ပစ္စည်းတွဲစပ်သော ပုဒ်ဖြစ်သည်။ ကောင်းစွာယူခြင်းဟု အနက်ရသည်။

သီလကို မရွှေ့မလျား၊ မတုန်မလှုပ် စိတ်၌ ထားသည်ဟူရာ၌ သီလအား ကိုယ်နှုတ်နှစ်ပါးကို ကောင်းစွာ ထိန်းစောင့်မှုဖြစ်သည်။ မတုန်မလှုပ်၊ မရွှေ့မလျားစိတ်၌ထားမှုအရကား ထိုထိန်းစောင့်မှုသီလကို မိမိသတ်မှတ်အပ်သော အချိန်ကာလအတွင်း ရွှေ့လျားဖောက်ပြား တုန်လှုပ်မှုမရှိအောင် စိတ်၌ထားခြင်း၊ စွဲမြဲစွာ အတည်ဖြစ်စေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဓိဋ္ဌာနပါရမီကို အလောင်းတော် သုမေဓာရှင်ရသေ့ ဆင်ခြင်တော်မူရာတွင် မရွေ့မလျားမဖောက်မပြား မတုန် မလှုပ်ကြံ့ကြံ့တည်နေသော ကျောက်တောင်ကြီးသည် ပြင်းစွာလာသောလေတို့ကြောင့် မတုန်မလှုပ်၊ မိမိတည်ရာဌာန၌သာ တည်နေသကဲ့သို့ကျင့်ရမည်ဟူ၍ယူ၏။ အဓိဋ္ဌာနပါရမီကို ကျောက်တောင်ကြီး ဥပမာဖြင့် နိုင်းနှိုင်းသည်။

## အဓိဋ္ဌာနအမျိုးမျိုး

အဓိဋ္ဌာနပြုခြင်း၊ တည်ဆောက်ခြင်းဟူသည် အမျိုးမျိုးရှိသည်။ ၄င်းတို့မှာ-

၁။ ဥပုသ်အဓိဋ္ဌာန်

၂။ သင်္ကန်းအဓိဋ္ဌာန်

၃။ သပိတ်အဓိဋ္ဌာန်

၄။ ရာန်အဓိဋ္ဌာန်

၅။ ကထိန်အဓိဋ္ဌာန်

၆။ နိရောဓဝင်စားအဓိဋ္ဌာန် တို့ဖြစ်သည်။

## ဥပုသ်အဓိဋ္ဌာန်

ဥပုသ်တွင် သံဃဥပုသ်၊ ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ်ဟူ၍ သုံးမျိုးရှိသည်။

သံဃဥပုသ်ဟူသည် လပြည့်နေ့၊ လကွယ်နေ့တွင် အနည်းဆုံးသံဃာ လေးပါးတို့ ဥပုသ်ပြုရန် သိမ်တစ်ခု၌ စုဝေးမိလျှင် ပြုရသည့်ဥပုသ်တည်း။ ထိုဥပုသ်ပြုလျှင် ရဟန်းတစ်ပါးက ပါတိမောက်ကိုရွတ်ဆိုပြ၍ ကျန်ရဟန်းများက ရိုသေစွာ နားထောင်သည်။

ရဟန်းလေးပါးမပြည့်ဘဲ နှစ်ပါး၊ သုံးပါးသာရှိလျှင် ဂဏဥပုသ်ပြု ရသည်။ ဥပုသ်ပြုရာ၌ ရဟန်းလေးပါး အနည်းဆုံးရှိမှ သံဃာခေါ်သည်။ နှစ်ပါးသုံးပါးသာရှိလျှင် (ဂဏ) ဂိုဏ်းဟူ၍သာခေါ်သည်။ ရဟန်းသုံးပါးရှိလျှင် ဂဏဉတ်ထား၍ လည်းကောင်း၊ နှစ်ပါးသာရှိလျှင် ဉတ်မထားမူ၍ မိမိတို့အာပတ်မှစင်ကြယ်ကြောင်း ရွတ်ဆိုပြောကြား ရသည်။ ထို့ကြောင့် ဂဏဥပုသ်ကိုပါရိသုဒ္ဓိဥပုသ်ဟုခေါ်သည်။ ရဟန်းတစ်ပါး တည်းသာရှိခဲ့သော် ပုဂ္ဂလဥပုသ်ပြုရသည်။ ထိုပုဂ္ဂလဥပုသ်ပြုပုံမှာ အချိန်ရှိသေးလျှင် အခြားရဟန်းများလာလိမ့်နိုးနိုး မျှော်ကိုးစောင့်စား၍၊ တစ်ပါးမျှမလာဘဲ အချိန်ကုန်သောအခါ ''ယနေ့သည် ငါ၏ဥပုသ်နေ့ ပင်ဖြစ်သည်'' ဟုအဓိဋ္ဌာန်ရသည်။ ဤဥပုသ်ကိုအဓိဋ္ဌာန်ဥပုသ် ဟုခေါ်သည်။

## သင်္ကန်းအဓိဋ္ဌာန်

ရဟန်းတော်များသည် သင်္ကန်းရပြီး (၁၀) ရက်အတွင်း ထိုသင်္ကန်းကို အဓိဋ္ဌာန်တင်ရသည်။ အဓိဋ္ဌာန်မတင်ဘဲ အမှတ်တမဲ့ (၁၀)ရက်လွန်အောင်ထားလျှင် ထိုသင်္ကန်းကို ဝိနည်းကံအရစွန့်ရသည်။ ပါစိတ်အာပတ်လည်းသင့်သည်။ သင်္ကန်းရလျှင် ''ဤသင်္ကန်းကို အဓိဋ္ဌာန်ပြုပါ၏'' ''ဤသင်္ကန်းကို သင်းပိုင်ဟူ၍၊ ဧကစီသင်္ကန်းဟူ၍၊ နှစ်ထပ် သင်္ကန်းဟူ၍၊ အကြမ်းသုံးပရိက္ခာဟူ၍ စိတ်ထဲမှာစွဲမှတ်ထားပါ၏'' ဟူ၍ ဆိုခြင်းဖြစ်သည်။

## သပိတ်အဓိဋ္ဌာန်

ရဟန်းတော်တို့သည် သပိတ်ရလာလျှင် (၁၀) ရက်အတွင်း ''ဣမံ ပတ္တံ အဓိဋ္ဌာမိ'' ဤသပိတ်ကို အဓိဋ္ဌာန် တင်ပါ၏ဟုဆို၍ အဓိဋ္ဌာန်တင်ရသည်။ (၁၀)ရက်လွန်လျှင် သပိတ်ကို ဝိနည်းကံအရ စွန့်ရသည်။ ပါစိတ်

www.burmeseclassic.com

www.burmeseclassic.com



အာပတ်လည်းသင့်သည်။ ဤထည့်စရာသည် ငါ၏သပိတ်ဖြစ်သည်ဟု စိတ်ထဲမှာစွဲမြဲထားခြင်းကိုပင် သပိတ်အဓိဋ္ဌာန် တင်သည်ဟုခေါ်၏။

## ဈာန်အဓိဋ္ဌာန်

ဈာန်တရားအရာ၌ရလာလျှင် ဝသီဘော်ငါးမျိုးဖြင့် ပွားများလေ့လာရမည်။ ဝသီဘော်ဟူသော စကားမှာ ဝသီဘာဝဟူသော ပါဠိမှ ဆင်းသက်လာသည်။ "စိုးပိုင်နိုင်နင်းခြင်း" ဟူ၍အဓိပ္ပာယ်ရသည်။ (၁) အာဝဇ္ဇနဝသီ (၂) သမာပဇ္ဇနဝသီ (၃) အဓိဋ္ဌာနဝသီ (၄) ဝုဋ္ဌာနဝသီ (၅) ပစ္စဝေက္ခဏာဝသီဖြစ်သည်။

အာဝဇ္ဇဝသီဘော်ဟူသည် ပဌမဈာန်ကိုရလျှင် ငါ့ဈာန်မှာ မည်သည့် တရားများပါဝင်သည်၊ မည်သည့်တရား လက္ခဏာများ ရှိသည်ဟု ဆင်ခြင်စမှာ မလွယ်ကူ။ နှောင့်နှေးနေသည်။ အကြောင်းမှာ ဆင်ခြင်မှု၌ စိုးပိုင်နိုင်နင်းမှုမရှိ၍ ဖြစ်သည်။

သမာပဇ္ဇနဝသီ၊ သမာပဇ္ဇန= ဝင်စားခြင်း=မိမိစိတ်အစဉ်မှာဈာန် စိတ်တို့ဝင်ရောက်ဖြစ်ပွားလာခြင်းဖြစ်သည်။ အာဝဇ္ဇနဝသီဘော်စိုးပိုင်နိုင်နင်းပြီးနောက် ဝင်စားမှု၌ စိုးပိုင်နိုင်နင်းအောင် လေ့လာရသည်။ မိမိစိတ်အစဉ်၌မဖြစ်နိုင်သေး။ ဝင်စားဖန်များ၍ စိုးပိုင်နိုင်နင်းသောအခါ ဝင်စားတိုင်းဈာန်စိတ်တို့ အလွယ်တကူဖြစ်ပွားသည်။

အဓိဋ္ဌာနဝသီဘော်ဟူသည် ဝင်စားသောအခါဈာန်တရားသည် ငါ၏ စိတ်အစဉ်၌ မည်မျှကြာအောင် တည်နေပါစေဟူ၍ အဓိဋ္ဌာန်ရခြင်း၊ ဆောက်တည်ရခြင်း စိတ်၌စွဲမြဲစွာထားခြင်းဖြစ်သည်။ မနိုင်နင်းသေးမီ ပို၍လည်းကောင်း လျော့၍ လည်းကောင်းဖြစ်နေတတ်၏။ ဉပမာ ငါ၏ စိတ်မှာဈာန်တရားတစ်နာရီခန့်ဖြစ်စေသတည်းဟု အဓိဋ္ဌာန်လျှင် တစ်နာရီ မပြည့်မိပြတ်ခြင်းမရှိ။ အဓိဋ္ဌာန်ဝသီဘော်အတိုင်းဖြစ်သည်။

ဝုဋ္ဌာနဝသီဘော်ဟူသည် မိမိဝင်စားသောဈာန်မှထခြင်းဖြစ်သည်။ ဈာန်မှထခြင်းသည် ဈာန်စိတ်အစဉ်ဖြစ်နေရာမှ ထိုဈာန်စိတ်နှင့် မတူသည့်ဘဝင်စိတ်ပြောင်းလဲဖြစ်ပွားခြင်းကို ခေါ်သည်။ မိမိရည်မှန်းသည့်အချိန်၌ဈာန်မှ ထဖို့ရန် စိုးပိုင်နိုင်နင်းမှုကို ဝုဋ္ဌာနဝသီဘော်ခေါ်သည်။

ပစ္စဝေက္ခဏာဝသီဘော်ဟူသည် ဈာန်၌ပါဝင်သောတရားတို့ကို စဉ်းစားဆင်ခြင်မှု၌လေ့လာနိုင်အောင်ပွားများရ၏။ ထိုသို့စဉ်စားဆင်ခြင်ရာ၌ မနိုင်နင်းမီလွယ်ကူစွာမထင်။ နိုင်နင်းသောအခါမှ လွယ်ကူစွာထင်သည်။ အာဝဇ္ဇန မြန်မြန် ပေါ်အောင် လေ့လာနိုင်နင်းသည်။

အဓိဋ္ဌာနဣဒ္ဓိဟူသည် မိမိတစ်ကိုယ်တည်းကိုအရာအထောင်လိုသလောက် ဖြစ်လာပါစေဟူ၍ ဉာဏ်ဖြင့် အဓိဋ္ဌာန်လိုက်သည်။ ဆောက်တည်လိုက်သည်။ ဆောက်တည်လိုက်တိုင်း မိမိအလိုရှိသမျှ အရာအထောင် နိမ္မိတ ရုပ်ပွားများဖြစ်ပွားပြည့်စုံလာခြင်းသည် အဓိဋ္ဌာနဣဒ္ဓိ ဖြစ်သည်။ ဣဒ္ဓိ၏အနက်မှာတန်ခိုးဖြစ်သည်။

သမာပတ် (၈) ပါးလုံးရသော အနာဂါမ်၊ ရဟန္တာတို့ နိရောဓ သမာပတ်ဝင်စားတော့မည်ဆိုလျှင် "ငါသမာပတ် ဝင်စားနေသည့်ရက်အတွင်း ငါ၏ကိုယ်နှင့် လွတ်ကင်းနေသောပစ္စည်းများ တစ်စုံတစ်ရာအန္တရာယ်ကြောင့် ပျက်စီးခြင်း မရှိပါစေသတည်း ဤသို့အဓိဋ္ဌာန်ပြုပြီးမှ သမာပတ် ဝင်စားခြင်းကို နိရောဓရှေ့သွားအဓိဋ္ဌာန်ဟုခေါ်သည်။

## အဓိဋ္ဌာန်သုံးမျိုး

အဓိဋ္ဌာန်ဟုခေါ်အပ်သော ဆောက်တည်ခြင်း၊ စိတ်၌စွဲမြဲစွာထားရှိခြင်းသဘောကို အရာသို့လိုက်၍ (၁) ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန် (၂) အာသီသအဓိဋ္ဌာန် (၃) ဝတအဓိဋ္ဌာန်တို့ရှိပေသည်။

ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်ဟူသည် ရှေးအဖို့ကပင် နိမိတ်ပြရန်စိတ်တည်ဆောက်ခြင်း၊ စိတ်၌စွဲမြဲစွာထားရှိခြင်းဖြစ်သည်။

အာသီသအဓိဋ္ဌာန်ဟူသည် မိမိလိုလားတောင့်တအပ်သော အကြောင်းအရာအတွက် စိတ်တည်ဆောက်ခြင်း၊ စိတ်၌စွဲမြဲစွာထားရှိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတအဓိဋ္ဌာန်ဟူသည် ကျင့်ဝတ်ဝတ္တရားတို့ကို ကျင့်ကြံရန်စိတ် ဆောက်တည်ထားခြင်း၊ စိတ်၌စွဲမြဲစွာထားရှိခြင်း ဖြစ်သည်။

## ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန်

လောကမှာ မိမိတို့အလိုရှိအပ်သောအရာ ပြည့်စုံမည်၊ မပြည့်စုံမည် ကြိုတင်သိရှိရန် အဓိဋ္ဌာန်သည် ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန်ဖြစ်သည်။ ဤ အဓိဋ္ဌာန်မျိုးကို စမ္ပေယျဇာတ်တွင်တွေ့ရသည်။ နဂါးမင်းသည် လူ့ပြည်သို့ ဥပုသ်ဆောက်တည်ရန် မသွားမီ "ငါ့ကိုရန်သူတို့နှိပ်စက်လျှင် ဤရေ နောက်ကျူပါစေ...ဂဠုန်ဖမ်းယူလျင် ပွက်ပွက်ဆူပါစေ... အလမ္ပာယ် ဖမ်းယူလျှင် သွေးအဆင်းကဲ့သို့ခြင်းခြင်းနီပါစေဟု အဓိဋ္ဌာန်ပြုပြီး လူ့ပြည်သွားသည်။ အဓိဋ္ဌာန်ပြုသည့်အတိုင်း နိမိတ် ထင်သည်။

ဘုရားလောင်းသည် တောထွက်တော်မူရာ အနော်မာသောင်၌ ဆံတော်ပယ်ပြီး "အကယ်၍ငါဘုရားဖြစ်မည် မှန်လျှင် ကောင်းကင်၌ တည်ပါစေ...ဘုရားမဖြစ်သော်မြေပြင်ကျပါစေ...ဟုအဓိဋ္ဌာန်ပြီးဆံတော် ကောင်းကင်ပစ်တင်ရာ ပန်းဆိုင်းကဲ့သို့တည်၏။ ဘုရားဖြစ်မဖြစ်နိမိတ် သိလို၍ ကြိုတင်အဓိဋ္ဌာန်ပြုခြင်းဖြစ်သည်။

အလောင်းတော်သည် ရဟန်းပြုပြီး (၆) နှစ်ကျင့်ပြီးသော် သူဋ္ဌေးသမီးသုဇာတာကပ်လှူသော ဃနာနို့ဆွမ်းကို နေရဉ္ဇာမြစ်ကမ်းတွင် ဘုဉ်းပေးပြီး "ငါသည် ယနေ့ဘုရားဖြစ်မည်မှန်အံ့၊ ဤရွှေခွက်အထက်သို့ ဆန်စေသတည်း၊ ဖြစ်မည်မဟုတ်လျှင် အောက်သို့ စုန်စေသတည်း"ဟု အဓိဋ္ဌာန်၍မြစ်ရေ၌မျှောသည်။ ရွှေခွက်အထက်အညာ ဆန်၏။

## အာသီသအဓိဋ္ဌာန်

မိမိတောင့်တလိုလားချက်ပြည့်စုံစေရန် အဓိဋ္ဌာန်ပြုခြင်း၊ ဆောက်တည်ခြင်း၊ စိတ်၌စွဲမြဲထားရှိခြင်းဖြစ်သည်။ ဝိဓုရ ဇာတ်တော်တွင် ဝိဓုရအမတ်အား ပုဏ္ဏကမှ မြင်း၌ချည်လျက်ဒုန်းစိုင်းသော် "ဤငါဝတ်ထားသော ပုဆိုးသည် ငါအလိုမရှိပဲ မကျွတ်ပါစေသတည်း" ဟုဆောက်တည်သည်။ မိမိဝတ်ထားသည့်ပုဆိုးမကျွတ်ပဲ မြဲတည်စေလိုသည့် အတွက် အဓိဋ္ဌာန်ပြု၍ အာသီသအဓိဋ္ဌာန်ပြု၍ အာသီသအဓိဋ္ဌာန်ဖြစ်သည်။

နဠပါနဇာတ်တွင် ဘုရားလောင်းမျောက်မင်းနှင့် မျောက်ရှစ်သောင်းသည် ရေဘီလူးစောင့်သောရေကန်မှ ရေကို ကန်အတွင်းမဆင်းဘဲ သောက်ရန်ကန်ပတ်လည်ရှိကျူတောမှ ကျူတစ်ပင်ယူပြီး၊ ကျူရိုးအတွင်းမှ အဆစ်အဖုမခံရန် သစ္စာပြု၏။ ကျူရိုးတိုးလျှိုပေါက် ဖြစ်စေ၍သောက်စေ၏။ မျောက်အားလုံးအတွက် မှုတ်မပေးနိုင်သဖြင့် "ဤကန်ဝန်းကျင်ရှိ ကျူပင်တို့သည် တိုးလျှိုးပေါက်ချည်း ဖြစ်စေကုန်သတည်း" ဟုအဓိဋ္ဌာန်ရာဖြစ်၏။ ဤသည်မှာ အာသီသအဓိဋ္ဌာန် ဖြစ်သည်။

ထို့နည်းတူစွာ ကုဏ္ဍုရဇာတ်နှင့် မာတင်္ဂဇာတ်တွင်လည်း အာသီသ အဓိဋ္ဌာန်ပြုသည်ကိုတွေ့ရသည်။ မြတ်ဘုရား သတ္တသတ္တာဟစံတော်မူရာ လင်းလွန်းပင်၌သီတင်းသုံးပြီး၊ တပုဿနှင့် ဘလ္လိကမုန့်လှူသည်တွင် စတုမဟာရာဇ် နတ်မင်းကြီးက မြသပိတ်လေးလုံးလှူ၏။ ခံယူတော်မူပြီး သပိတ်လေးလုံးကို တစ်လုံးတည်းဖြစ်စေဟု အဓိဋ္ဌာန်ပြုရာ တစ်လုံးတည်းဖြစ်၏။

## ဝတအဓိဋ္ဌာန်

ဝတဟူသည်ထူးသောအကျင့်ဖြစ်သည်။ ထူးသောအကျင့်တွင် ကောင်းခြင်း၊ မကောင်းခြင်းဟူ၍ (၂) မျိုးရှိသည်။

မြင့်မြတ်သောလျှုဒါန်းမှု၊ သီလစောင့်ထိန်းမှု ကျင့်ဝတ်ကို (ဝတ)ဟု ခေါ်သည်။ ထို့အတူ ယုတ်ညံ့သောအကျင့် ကိုလည်း (ဝတ)ဟုပင် ခေါ်သည်။ ဤအဓိဋ္ဌာန်ပါရမီ၌မူ မြင့်မြတ်သောအကျင့်ကိုသာယူရမည်။ အဓိဋ္ဌာန်ဟူသည်

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကာလ၊ ယခုရောက်ဆဲကာလနှင့် မသက်ဆိုင်။ နောင်အခါမှာယခုဆောက်တည်သည့်အတိုင်း စိတ်၌စွဲမြဲထားသည့်အတိုင်း အမှန်ကျင့်မှသာ ပါရမီမြောက်သည်။

အဓိဋ္ဌာန်ပြုလျှင် ကြံ့ခိုင်သဖ္ဖွာန်တစ်ချောင်းတည်း ပြုကျင့်ရမည်။ အပျက်အစီးမရှိရ။ မြဲမြဲသေချာမှသာ အဓိဋ္ဌာန်မြောက်သည်။

ဗုဒ္ဓလောင်းလျာတို့သည် ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်နှင့် အာသီသအဓိဋ္ဌာန် (၂)မျိုးကို အထူးဖြည့်ကျင့်တော်မမူ။ ပြုခွင့်သင့်မှသာပြုကျင့်သည်။ စမ္ပေယျဇာတ်တွင် နဂါးမင်းသည် သီလဆောက်တည်ရန်မသွားမီ အဓိဋ္ဌာန်သည်။ "ငါသည်အရေထူအရေပါး၊ အသွေးအသား၊ အကြော၊ အရိုး အင်္ဂါလေးပါးကိုအကြင်သူသည် ပြုဖွယ်ကိစ္စရှိအံ့၊ အလိုရှိရာအစိတ်အပိုင်းကိုယူပါစေ၊ ငါပေးလှူအပ်၏"ဟု အဓိဋ္ဌာန်ပြုပြီး၊ သီလဆောက်တည်၏။ ခန္ဓာကိုယ် ဆုံးပင်ဆုံးစေ သီလအပျက်မခံဟု အဓိဋ္ဌာန်ပြုသည်။

သိဝိဇာတ်တွင် သိဝိမင်းကြီးသည်မျက်စိလှူဒါန်းရန် အဓိဋ္ဌာန်ပြုသည်။ "ယနေ့ငါ့ထံမှာ မျက်စိအလိုရှိသည်ဟု အကြင်သူသည် တောင်ရမ်းအလှူခံငြားအံ့၊ ထိုအလှူခံအား တွန့်တိုခြင်းမရှိ လှူဒါန်းမည်ဟုဆောက်တည်သည်။ သိကြားမင်းက ပုဏ္ဏားယောင်ဆောင်၍ မျက်စိလာအလှူခံ၏။ အဓိဋ္ဌာန်အတိုင်းလှူလေသည်။

တေမိဇာတ်တွင် တေမိမင်းသားသည် မင်းမလုပ်လိုသောစိတ်ဖြစ်၏။ စိတ်ညစ်ညူး၏။ ထိုအခါမယ်တော်ဟောင်းဖြစ်ဘူးသော ထီးချက်စောင့်နတ်သမီးက "ချစ်သားမစိုးရိမ်လင့်၊ ဤမင်းအိမ်နန်းမှ ထွက်မြောက်လိုလျှင်မဆွံ့ဘဲနှင့်ဆွံ့ယောင်ဆောင်။ မပင်းဘဲနှင့်ပင်းယောင်ဆောင်၊ မအဘဲနှင့် အယောင်ဆောင်၊ ဤသုံးချက်ကို ငါဆောင်၍နေမည်ဟုအဓိဋ္ဌာန်ပြုပါလေ...သင်အလိုရှိတိုင်းပြည့်မည်" ဟုပြောကြားသည်။ တေမိမင်းသားက ငါကျင့်မည်ဟု အဓိဋ္ဌာန်ပြု၏။ (၁၆) နှစ်လုံးလုံး ဤသို့ကျင့်ရာအမျိုးမျိုးသောနည်းဖြင့် စမ်းသပ်ခံရသည်။ အဓိဋ္ဌာန်အတိုင်းနေ၏။ နောက်ဆုံးတွင် "ငါ၏သားတော်သည် အမှန်ပင်ဆွံ့အနားပင်းနေသူဟု ဆုံးဖြတ်လျက်သတ်ရန်အမိန့်ပေးသည်။ သေမည့် ဘေးကြုံသည်အထိ အဓိဋ္ဌာန်မပျက်အောင်ဆောက်တည်သည်။ ဤသို့ခိုင်မြဲသောအဓိဋ္ဌာန်ဖြင့် ရဲရဲဝံ့ဝံ့စွန့်စားဖြည့်ဆည်းခြင်းသည်သာ အဓိဋ္ဌာန်ပါရမီမြောက်ပေသည်။

**(ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် အနုဒီပနီမှ ကောက်နုတ်ချက်)**

❖ ❖ ❖

www.burmeseclassic.com

# ရဟန်းတစ်ထောင်

"ကျောင်းတိုက်တွင် ရဟန်းတစ်ပါးကျန်ရစ်သေး၏။ ပင့်ချေဦးလော့"

ဆရာဇီဝကသည် ဘုရားရှင်အားဆွမ်းဘုဉ်းပေးစိမ့်သောငှာ လက်ဆေးရေကပ်သည်တွင် ကျောင်း၌ ရဟန်းတစ်ပါး ကျန်နေသေးကြောင်း ဘုရားရှင်ကမိန့်၍၊ မဟာပန်ထေရ်ကို လှည့်ကြည့်သည်။ နံနက်ဖန်တပည့်တော်၏အိမ်ကို ကျောင်းရှိသံဃာအားလုံး ဆွမ်းစားကြွတော်မူပါဘုရားဟု ဘုရားရှင်ကို လျှောက်ထားသည်။ ဘုရားရှင်က ငြိမ်သက်ခြင်းဖြင့် ခံယူ၍ သံဃာတစ်ထောင်စာ စီစဉ်ပြီးသား။ သို့စဉ်လျက် ကျောင်း၌သံဃာတစ်ပါး ကျန်ရစ်သည်ဆို၍ "ဘယ်လို ဖြစ်ရတာလဲဘုရား…"ဟူသော အဓိပ္ပာယ်နှင့်မဟာပန်ထေရ် ဆီကြည့်မိသည်။ ကြည့်ပင်ကြည့်သော်လည်း ဘုရားရှင်မိန့်သည်ဖြစ်၍ သေချာနိုင်သည်။ ထို့ကြောင့် အခိုင်းအစေတစ်ဦးကို "ရဟန်းတစ်ပါးကျောင်းမှာရှိတယ်၊ အမြန်ပင့်ချေ"ဟု စေလိုက်သည်။

ဆရာဇီဝကစေသည်နှင့် ထိုသူလည်းကျောင်းသို့ကဆုန်စိုင်းပြေးသွားသည်။

ထိုအခြင်းအရာကို စူဠပန်ထေရ်သိသည်။ နောင်တော်မဟာပန်သည် မိမိကိုရဟန်းစာရင်းမှ ဖယ်ထားပြီးဖြစ်၍၊ ရဟန်းမရှိဟုမိန့်သည်ကိုလည်း ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားထားခြင်းဖြစ်သည်။ ထို့ကြောင့် မိမိ၏ရဟန်းကိစ္စပြီးကြောင်း၊ ဣဒ္ဓိဝိဒအဘိညာဉ်နှင့် ပြည့်စုံသူဖြစ်ကြောင်းပြတော့အံ့ဟု တွေးသည်။

"ဥယျာဉ်တွင်းရှိကျောင်းအားလုံးတွင် ရဟန်းများနှင့် ပြည့်စေ… ငါ ၏ကိုယ်ပွားပုံတူများဖြစ်စေ…"

စူဠပန်ထေရ်သည် ပုံတူရဟန်းတစ်ထောင်ကို တန်ခိုးဖြင့်ဖန်ဆင်းလိုက်သည်။ ကျောင်းဝန်းထဲ၌ ရဟန်းတို့ ပြည့်နေသည်။

"ဟင်…"

ရဟန်းတစ်ပါးကျန်နေသည်ပင့်ချေ…ဟုစေခိုင်းသဖြင့် ပြေးလေရာ၊ ရဟန်းအမြောက်အမြားတွေ့ရသဖြင့် ကြောင်နေသည်။ အချို့ရဟန်းတွေက သစ်ပင်ခြေတွင် စာများ သရဇ္ဈာယ်နေသည်။ အချို့ရဟန်းက စင်္ကြံလျှောက်နေသည်။ အချို့က သင်္ကန်းချုပ်နေသည်။ အချို့က ကမ္မဋ္ဌာန်း စီးဖြန်းနေသည်။ လုလင်သည် တောင်၊ မြောက်ဝဲယာလှည့်ပတ်ကြည့်ပြီး အဖြေရှာမရအောင်ဖြစ်နေသည်။ အဘယ်ရဟန်းကိုပင့်ခိုင်းမှန်းမသိသဖြင့် အဆောတလျင် ပြန်လာသည်။

"သူဌေးမင်း၊ ရဟန်းတစ်ပါးတည်းမဟုတ်ဘူး"

"ဟေ…"

"ကျောင်းဝန်းတစ်ခုလုံးရဟန်းတွေ ပြည့်နေတယ်။ သူဌေးပြောတော့ တစ်ပါးတည်းဆိုလို့ ဘာလုပ်ရမှန်း မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် စူဠပန်၏ရဟန်းကိစ္စပြီးခြင်း၊ တန်ခိုးအဘိညာဉ် နှင့်ပြည့်စုံခြင်းအကြောင်းကို သိသည်။ နောင်တော် ရဟန်းအား အစွမ်းအစပြလေမှန်း သိလိုက်သည်။

''စူဠပန်ဆိုတဲ့ ရဟန်းကိုပင့်ချေ''

ဘုရားရှင်က မိန့်သဖြင့် ဤကိစ္စကိုဘုရားရှင်သိနေမှန်း ဆရာဇီဝက သဘောပေါက်လိုက်သည်။ ဘာတွေဘယ်လိုဖြစ်သည်ကို အသာစောင့်ကြည့်ရန်သာ တွေးလိုက်သည်။

ခဏအကြာတွင်အဆိုပါလုလင်ပြန်ရောက်လာပြန်သည်။

''အရှင်စူဠပန်၊ ဆွမ်းစားပင့်ပါတယ်ဘုရားလို့ ကျွန်တော်ပင့်လျှောက်တော့ ရဟန်းအားလုံးက ငါစူဠပန်လို့ချည်း ပြောတယ်။ ဘယ်ရဟန်းပင့်ရမှန်းမသိလို့''

လုလင်အဖြစ်က ငိုလည်းငိုချင်စရာ…ရယ်လည်းရယ်ချင်စရာ။ ရဟန်းတစ်ပါးပင့်သည့်ကိစ္စတွင် ကျောင်းနှင့်အိမ် ကူးချည်သန်းချည် ပြေးနေရသည်မှာ မောဟိုက်နေပြီ။ သူကိုယ်တိုင်လည်း ဘာကြောင့် သည်မျှခက်ခဲနေသည်ကို နားမလည်နိုင်တော့။

''အချင်းလုလင်၊ သင်က အရှင်စူဠပန်ကြွပါလို့လျှောက်ချေ။ အားလုံးက ငါစူဠပန်လို့ပြောပေမယ့်ဦးဆုံးပြောသူကို လက်ကိုင်လျက်ကြွပါ ဘုရားလို့ပင့်''

ဘုရားရှင်လမ်းညွှန်သည်နှင့် လုလင်လည်း ကျောင်းတိုက်သို့ တစ်ခေါက်ပြေးခဲ့ပြန်သည်။ အရှင်စူဠပန်ကြွပါ ဘုရားဟု လျှောက်ချိန် တွင် '' ငါစူဠပန်'' ဟုဦးဆုံးမိန့်သောရဟန်းကို လက်ဖမ်းကိုင်လိုက်သည်။ ကျောင်းဝန်းအတွင်းရှိ ကျန်ရဟန်းများကွယ်သွားတော့သည်။

ရဟန်းပင့်လာသောလုလင်သည် မျက်လှည့်ပြနေသည့်အလားဖြုတ်ခနဲ ပျောက်သွားသောရဟန်းများကို လှည့်ပတ် ရှာကြည့်သည်။ တစ်ပါးမျှမတွေ့တော့၍ အံ့သြနေသည်။

''ဒကာ၊ သွားကြစို့''

အရှင်စူဠပန်က တည်ငြိမ်သောအမူအရာဖြင့် မိန့်သည်ကိုကြည့်လျက် တစ်ခဏမျှငိုင်နေသည်။ အံ့သြစိတ်ကြောင့် တုန်လှုပ်ချောက်ချားရလေတော့သည်။

* * *

စူဠပန်တို့ညီအစ်ကို၏ဘဝအစသည် မလှပခဲ့။ ဆွေမရှိ မျိုးမရှိအရပ်တွင် နေရသဖြင့် ကစားဖော်တို့၏အနိုင်ကျင့်မှု၊ ဖိနှိပ်မှုကို လိုမ့်ခံရသည်။ တစ်ကောက်ကြွက်မိသားစုဟု အပြောခံရသဖြင့် စိတ်မချမ်းမသာဖြစ်ရသည်။

''မေမေ…ကျွန်တော်တို့မှာ အဘိုးအဘွားမရှိဘူးလား''

''ဘာဖြစ်လို့လဲ…''

''ကစားဖော်တွေကပြောကြတယ်၊ မင်းတို့မိဘတွေက ဘယ်အရပ်က ရောက်လာမှန်း မသိဘူး။ အဘိုးအဘွား မရှိတဲ့ ဥတစ်လုံးတစ်ကောင်ကြွက်တွေတဲ့…''

''သူတို့မသိလို့ပြောကြတာပါ''

''ဒါဆို ကျွန်တော်တို့မှာလည်း အဘိုးအဘွားရှိတယ်ပေါ့''

''ရှိတယ်သား…သားရဲ့အဘိုးဟာ သာမညမဟုတ်ဘူး၊ ရာဇဂြိုဟ်က သူဌေးကြီး''

''ဗျာ…ရာဇဂြိုဟ်ကသူဌေးကြီး ဟုတ်လား။ အဘိုးကသူဌေးဖြစ်ရက်နဲ့ အမေနဲ့အဖေက ဘာဖြစ်လို့ဆင်းတောင့် ဆင်းရဲဖြစ်နေတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ကဲ၊ ဒါတွေမေးမနေပါနဲ့သားရယ်...အဘိုးအဘွားရှိတယ်လို့ သိထားပြီးတာပဲ။ နောင်ပြောရင် ငါ့အဘိုးက ရာဇဂြိုဟ်သူဌေးကွလို့သာပြော..."

မိဘများက တစ်စိတ်တစ်ပိုင်းဖွင့်ပြောပြီး၊ တစ်စိတ်တစ်ပိုင်းဖုံးကွယ်ထားသဖြင့် အခက်ကြုံရပြန်သည်။ "ငါတို့ဟာ ဆွေမဲ့မျိုးမဲ့ မဟုတ်ဘူး၊ ငါတို့အဘိုးက ရာဇဂြိုဟ်သူဌေးဟေ့" လို့သင်ထားသည့်အတိုင်းပြောမှ ပြဿနာကပိုရှုပ် ထွေးကုန်သည်။ လှောင်ပြောင်သရော်ခံရသည်။ နောက်ဆုံးတွင်အဖြစ်မှန်ကို ခြွင်းချန်မထားတော့ဘဲ အဖြစ်မှန်ပြောပြရ တော့သည်။

အဘိုးအဘွားအပေါ် စော်ကားသလိုပြုမိခဲ့သဖြင့် မိခင်ကိုအမွေဖြတ်ထားမှန်းသိရ၍ စိတ်မကောင်း။ အမေ့ကိုလည်း အပြစ်မတင်လို၊ အဖေ့ကိုလည်း အပြစ်မပြောရက်။ အိမ်စေကျွန်ဖြစ်၍ သမီးနှင့်သဘောမတူသည့် အဘိုးအဘွား များလည်း အပြစ်မဆိုသာ။ အမှန်တော့ လူတန်းစားခွဲခြားမှုရှိသည့် မဇ္ဈိမဒေသယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေးစနစ် ဆိုးကိုသာ ပုံချစရာရှိသည်။ သို့သော်ဘယ်သူ့မှလည်း ပုံမချချင်။ မိဘနှစ်ပါးနှင့် အဘိုးအဘွားတို့ ပြန်လည် သင့်မြတ်ရေးကိုသာ တွေးနေမိသည်။

"အမေ...သားတို့ကိုအဘိုးဆီလိုက်ပို့ပါလား"

"မသွားချင်စမ်းပါနဲ့ သားရာ...မင်းတို့အဘိုးက အဖေ့မျက်နှာမြင်ရင်လွယ်မှာ မဟုတ်ဘူး။ မြောက်မြင်တိုင်းခဲနဲ့ ထုချင်သလိုဖြစ်နေတာ..."

"အဲဒါဟိုတုန်းကဖြစ်မှာပါ။ အမေပဲ ခဏခဏပြောတဲ့။ သားအချစ်၊ မြေးအနှစ်ဆို"

"အဲဒါစကားအရပြောတာပါ"

"ကျွန်တော်တို့ညီအစ်ကိုမျက်နှာမြင်ရင် အဘိုးစိတ်ပြေချင်ပြေမှာပါ"

ဤစကားကြောင့် အဖေနှင့်အမေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ သားတို့ကိုမွေးဖွားဖို့ပြင်ဆင်ချိန်က မိခင်ပြောခဲ့သည့်စကားနှင့် တိုက်ဆိုင်သွားသဖြင့် အထိတ်တလန့်အမူအရာဖြစ်သွားခြင်းပင်။

ဖြစ်ခဲ့ပြီးသည်ကလည်း ဖြစ်ခဲ့ပြီ။ အချိန်တွေလည်းကြာခဲ့ပြီ။ သားသမီးအပေါ် ထားသည့် ဒေါသတရား ဟူသည် ချစ်၍၊ သံယောဇဉ်ရှိ၍ဖြစ်ရသော ဒေါသ။ ကြာတော့လျော့ပါးသွားလောက်ပြီဟု မျှော်လင့်မိသည်။

မိဘနှစ်ပါးတိုင်ပင်ညှိနှိုင်းပြီး သားနှစ်ယောက်ကိုလက်ဆွဲပြီး ရာဇဂြိုဟ်မြို့ထွက်ခဲ့သည်။ မြို့ပြင်ဇရပ်တွင် တည်းလျက် အကျိုးအကြောင်းကို အဘိုးထံလူကြုံနှင့် သတင်းပေးလိုက်သည်။

"မိဘရဲ့ရင်ညွန့်ကိုစုံကန်သွားတဲ့ သမီးမိုက်မျက်နှာကို နောက်တစ်ခါပြန်မကြည့်ချင်ဘူး။ ဆင်းရဲနေတယ်ဆိုလို့ ရင်းနှီးစားသောက်ဖို့ပေးလိုက်တယ်။ ဝေးရာအရပ်သာသွားနေကြ။ ငါ့မြေးနှစ်ယောက်ကိုတော့ထားခဲ့။ သူတို့ဒုက္ခ ရောက်ရတာ သမီးမိုက်ကြောင့်၊ ကလေးတွေက အပြစ်မရှိဘူး"

အဘိုး၏ပြတ်သားသောစကားကြောင့် အဖေနှင့်အမေက ပေါင်းစည်းခွင့်မရ။ သားနှစ်ယောက်၏ရှေ့ရေးကို ကြည့်ပြီး မခွဲချင်ပါဘဲလျက်၊ အဘိုးလက်ကိုအပ်ခဲ့လေတော့သည်။

* * *

ရာဇဂြိုဟ်သူဌေး၏မြေးတွေဟူသော ဂုဏ်ပုဒ်ကြောင့် ရှေးကနွယ်မျက်နှာငယ်စရာလည်းမရှိ။ အဘိုး၏ကြွယ်ဝ ချမ်းသာမှုကြောင့်လည်း ဆင်းရဲချို့တဲ့သည့်ဘဝ မဟုတ်တော့။

ချမ်းချမ်းသာသာနေရသည်ဆိုသော်လည်း တစ်ခါတစ်ရံမိဘနှစ်ပါး အကြောင်းတွေးပြီးစိတ်မကောင်းဖြစ်ရသည်။

မျက်နှာမရွှင်မလန်းဖြစ်ဖြစ်နေသည့် ညီအစ်ကိုနှစ်ယောက်ကို စိတ်ပြောင်းစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် အဘိုးက ကျောင်းတော်သို့ ခေါ်ခေါ်သွားသည်။ အဘိုးနှင့်အတူ တရားနာခွင့်ရသည်။ တစ်လနှစ်လခန့်အကြာတွင် အစ်ကိုကြီး မဟာပန်က သာသနာ့ဘောင်အတွင်းဝင်လိုကြောင်း အဘိုးကိုခွင့်ပန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ ဒီစကားမျိုးဘယ်နှေကြားရမလဲလို့ အဘိုးစောင့်မျှော်နေတာ ကြာပြီ။ ဒီမယ် ငါ့မြေးကြီး၊ အဘိုးမှာသားတို့ တစ်သက်စားမကုန်တဲ့ စီးပွားရေးရှိတယ်။ ဒီအမွေကို မြေးတို့ပုံပေးခဲ့မှာပဲ။ ဒါပေမယ့် ရွှေ၊ ငွေ၊ ဥစ္စာရတနာအမွေထက် သာသနာ့အမွေသာပေးချင်တယ်။ ဘာပြုလို့လဲဆိုတော့ ရွှေ၊ ငွေ၊ ရတနာအမွေဆိုတာက တည်မြဲတာလဲ မဟုတ်ဘူး။ အန္တရာယ်လည်းများတယ်။ ဒါကြောင့် သာသနာ့ဘောင်ဝင်မှာဆို အဘိုးကိုယ်တိုင် လိုက်ပို့မယ်..."

မဟာဓနသူဌေးသည် မြေးမဟာပန္ထကကိုလက်ဆွဲပြီး ဘုရားထံမှောက်ခေါ်လာသည်။ သင်္ကန်းဝတ်ပေးသည်။

မဟာပန္ထကသည် မိဘနှစ်ပါးနှင့် ဦးဆုံးခွဲခွာရပြီး၊ ညီအစ်ကိုနှစ်ယောက် အဘိုးထံနေရသည်။ တစ်ဖန်ညီငယ်ကို ထားခဲ့ပြီး သာသနာ့ ဘောင်ရောက်ခဲ့သည်။ သာသနာတော်၏အေးမြသောအရိပ်ကို ခိုလှုံရသော် ပြောမပြတတ်အောင် ချမ်းသာမှုကိုရရှိခံစားရသည်။ ထိုအခါ ညီငယ်စူဠပန္ထကကိုလည်း သာသနာ့ဘောင်တွင်း သွတ်သွင်းလိုက်သည်။ အဘိုးကိုအကျိုးအကြောင်းရှင်းပြပြီး၊ ရဟန်းဘဝ ကူးပြောင်းစေလိုက်သည်။

* * *

"ငါ့ညီပန္ထက၊ ရဟန်းဆိုရင်ရဟန်းကျင့်ဝတ်နဲ့ ညီညွတ်ဖို့လိုတယ်။ ရဟန်းဟာ ဂန္ထဓုရနဲ့ ဝိပဿနာဓုရ အကျင့်ကို ကျင့်ကြရတယ်။ နှစ်ပါးမကျင့်နိုင်ရင်တောင် တစ်ပါးပါး တာဝန်ထမ်းဆောင်ဖို့လိုတယ်"

"နောင်တော် လမ်းညွှန်ပါ"

"လောလောဆယ်တော့ ဂါထာလေးတစ်ပုဒ်ပေးထားမယ်။ အဲဒါကျက်။ ပါဠိလိုရရင် အနက်ပါကျက်။ ပါဠိရော အနက်ပါရအောင်ကျက်"

"ကောင်းပါပြီ နောင်တော်..."

စူဠပန္ထကသည် နောင်တော်ပေးသည့်ဂါထာကိုကြိုးစားကျက်မှတ်သည်။ သို့သော်တစ်နေကုန်ကျက်သည့်တိုင် ဂါထာတစ်ပါဒပင်မရ။ ဉာဏ်ထိုထိုင်းသည် ညီကိုကရုဏာဒေါသစိတ်ဖြင့် ဆူမိသည်။ ဆူမှုရပြီးသား ဂါထာက အစပင်ရှာမရတော့။ ဤသို့ဖြင့် တစ်ပတ်မှနှစ်ပတ်။ နှစ်ပတ်မှတစ်လ။ ဝါတွင်းသုံးလ ကုန်သွားသည့်တိုင် ဂါထာတစ်ပုဒ်ကိုပင် အလွတ်ရအောင် မကျက်နိုင်သဖြင့် မဟာပန္ထက ဒေါပွသွားသည်။

"စူဠပန္ထက၊ သင်ဟာသာသနာ့ဘောင်နှင့်မထိုက်တန်။ သာသနာတော်ထဲ သင်ရှိလည်းအကျိုးမရှိ။ သင်နှင့် ကျောင်းမတန်၊ သွားလေတော့"

ညီငယ်ကိုသမဏချမ်းသာဖြင့် အေးချမ်းသည့်ဘဝထူထောင်နိုင်အောင် သာသနာ့ဘောင်ဆွဲခေါ်သော်လည်း၊ သာသနာတော်နှင့် မထိုက်တန်ဟူ၍နှင်လွှတ်သည်။

စူဠပန် ဝမ်းနည်းသွားသည်။ သူသည်လူဝတ်လဲပြီး အဘိုးထံမပြန်လို။ မပြန်ချင်၍လည်းမရ။ နောင်တော်က နှင်နေပြီ။ ဝမ်းနည်းကြေ ကွဲစိတ်ဖြင့် ကျောင်းနောက်ဘက်ရှိ သစ်ပင်ရိပ်တွင် ကျိတ်ငိုသည်။ နောင်တော်မဟာပန်ကမှု သံယောဇဉ်ပြတ်လေဟန်ဖြင့် လှည့်၍ပင်မကြည့်ဘဲ ကျောင်းပေါ်တက်သွားတော့သည်။

* * *

"ချစ်သား စူဠပန်၊ အထုပ်အပိုးတွေနဲ့ ဘယ်ကိုလဲ"

"မှန်ပါ..."

"ချစ်သား၊ သင့်မျက်နှာမှာ မျက်ရည်တွေနဲ့ပါလား..."

"မှန်ပါ၊ နောင်တော်မဟာပန်က နှင်ထုတ်လို့ဝမ်းနည်းပြီး ငိုနေမိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



''ဘာအတွက်နှင်တာတဲ့လဲ...''

''ကျက်ခိုင်းတဲ့ ဂါထာရအောင်မကျက်နိုင်လို့ ကျောင်းနဲ့မတန်ဘူးဆိုပြီး နှင်လွှတ်တာပါ''

ဘုရားရှင်သည် ဂါထာတစ်ပုဒ်ကိုရအောင် မကျက်နိုင်သည့် စူဠပန်၏ ဉာဏ်ရည်ထိုင်းရခြင်းအကြောင်းကို သိတော် မူသည်။ တစ်ခုသောဘဝတွင် စူဠပန်သည် ဂန္ထဝါစကပဏ္ဍိတအဖြစ် တပည့်ပေါင်းများစွာကို ပရိယတ် ကျမ်းစာများ သင်ပြ၏။ ထိုစာသင်သားများတွင် တစ်ယောက်သောတပည့်သည် ဉာဏ်နုံနဲ့သည်။ ထိုမျှထုံထိုင်းသည့် အတွက် ပဏ္ဍိတက လှောင်ပြောင်ပြက်ရယ်ပြုမိသည်။ ဤဝဋ်ကြွေးကြောင့် ယခုဘဝတွင် ဉာဏ်ထုံထိုင်းနေခြင်းဖြစ်သည်။ ဘုရားရှင်သည် စူဠပန်အား ကရုဏာသက်မိသည်။

''ချစ်သား၊ ငါဘုရားရှိလျက် သင့်မှာအားကိုးစရာ၊ အမှီပြုစရာမရှိဟု ဆိုရသလား...သင့်နောက်တော်လက်မခံ ပေမယ့် ငါဘုရားလက်ခံပါမယ်...''

စူဠပန်သည် ဘုရားရှင်အား အားကိုးကြီးစွာဖြင့် မော့ကြည့်သည်။ သာသနာ့ဘောင်တွင် လက်ခံမည်ဆိုခြင်းကြောင့် အားတက်လာသည်။

''ချစ်သားစူဠပန်၊ ဤပိတ်စကိုယူ၊ အရှေ့အရပ်ကိုမျက်နှာမူလျက် ''ရဇောဟရဏံ...ရဇောဟရဏံ'' ဟု ရေရွတ်ပြီး ဆုပ်နယ်လေလော့''

ဘုရားရှင်သည် စူဠပန်အား ကမ္မဋ္ဌာန်းပေးလျက် ဆရာဇီဝကပင့်ထားသည့် ဆွမ်းခံယူရန် ရဟန်းများနှင့် ကြွသွားသည်။ အရှင်စူဠပန်ကမူ ကျောင်းတိုက်၌တစ်ပါးတည်း ကျန်ရစ်သည်။ ထိုသို့တစ်ပါးတည်းနေရခိုက်တွင် ဘုရားရှင်ညွှန်ပြသည့် အတိုင်း ''ရဇောဟရဏံ'' ဟုရေရွတ်ရင်း ပိတ်ဖြူစကိုဆုပ်နယ်ရာ၊ ခဏအကြာတွင် ပိတ်ဖြူစသည် နွမ်းကျေလျက် ချေးများတင်သွားသည်။ ထိုအခြေအနေကိုမြင်သော် စူဠပန်သည် သုံးသပ်ဆင်ခြင်မိသွားသည်။

''သြော်...ဖြူစင်သောပုဆိုးကြမ်းသည် ညစ်နွမ်းခဲ့၏။ ပျက်စီးခဲ့၏။ သင်္ခါရတာရားတို့သည်အမြဲ မရှိချေတကား''

ဘုရားရှင်သည် စူဠပန်၏ဝိပဿနာစခန်းကို ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူသည်။ ထို့ကြောင့် ရောင်ခြည်တော် လွှတ်လျက် တရားပေးသည်။

''ချစ်သားစူဠပန်။ သင်၏ကိုယ်တွင်း၌ရာဂအစရှိသော မြူတို့ရှိ၏။ ထိုမြူကိုပယ်လော့''၊ ချစ်သားစူဠပန်။ ရာဂကို ရဇဟုဆိုအပ်၏။ ရဇောဟူသည်ကား ရာဂတည်းဟူသော မြူဖြစ်၏ဟုရာဂကင်းပြီးသော ဘုရားရှင်သာသနာ၌ ဆိုအပ်၏''

ဘုရားရှင်သည်ရာဂတည်းဟူသောမြူ၊ ဒေါသတည်းဟူသော မြူ၊ မောဟတည်းဟူသောမြူကိုပယ်သက်ရန် ဟောသော်ဉာဏ်အလင်းရသဖြင့် ပဋိသမ္ဘိဒါပတ္တနှင့်တကွ ရဟန္တာဖြစ်လေတော့သည်။

ထိုအခိုက်အတန့်လာသောလုလင်ရောက်လာသော် အရှင်မြတ်သည် သူ၏ရဟန်းကိစ္စပြီးဆုံးခြင်းနှင့် တန်ခိုးတော်ကို သိစေအံ့ဟု ဣဒ္ဓိပါဒ်တန်ခိုးဖြင့် အဓိဋ္ဌာန်ပြုလိုက်ပေသည်။ အရှင်မြတ်နှင့် တစ်ထေရာတည်းတူသောစူဠပန် တစ်ထောင်ဖြစ်လေတော့၏။

* * *

ဂါထာတိုလေးတစ်ပုဒ်ကိုပင် တစ်ဝါတွင်းလုံးရွတ်ဆိုကျက်မှတ်သည်ကို မရသဖြင့် ပိဋကတ်သုံးပုံသင်ဖို့မလွယ်။ ရဟန်းဖြစ်လျက် ဝိနည်းမသိ၊ သုတ္တန်နားမလည်၊ အဘိဓမ္မာမသင်အံနိုင်သူကား အကျိုးမရှိတန်ရာဟု တွေးလျက် မဟာပန်ကကျောင်းမှနှင်ထုတ်သည်။ သို့သော်ဘုရားရှင်က စူဠပန်ကိုစောင့်ရှောက်လျက် ရဟန်းကိစ္စပြီးသည်အထိ ဆောင်ကြဉ်းပေးခဲ့သည်။ ပဋိသမ္ဘိဒါပတ္တနှင့်ပြည့်စုံသောရဟန်းသည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသောတရား အလုံးစုံကို အနက်ရော၊ သဘောပါသိပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



''အချင်း ဇီဝက၊ စူဠပန်မထေရ်၏သပိတ်ကိုယူချေ''

လုလင်ပင့်လာသောစူဠပန်ကိုမြင်သည်နှင့် ဘုရားရှင်က ဆရာဇီဝကကို လမ်းညွှန်သည်။ ဆရာဇီဝကသည် ပျာပျာသလဲကြိုဆိုလျက် သပိတ်ကို လှမ်းယူသည်။

''အချင်း ဇီဝက၊ သင့်အားငါ၏ချစ်သားစူဠပန်က တရားဟောလိမ့်မည်''

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးနောက် သံဃာပရိသတ်နှင့် ကျောင်းပြန်သွားသည်။ အရှင်စူဠပန်သည် ပိဋကတ်သုံးပုံကိုချောက်ချားတုန်လှုပ်အောင် မွှေနှောက်ဟောပြောပြီး၊ ဆွမ်းအတွက်အနုမောဒနာချီးမြှင့်ခဲ့ပေသည်။ ဂါထာတစ်ပုဒ်ပင်တစ်ဝါတွင်းလုံး ကျက်သော်လည်း မရ။ သူက ပိဋကတ်သုံးပုံကို ချောက်ချားအောင်ဟောပြသဖြင့် နောင်တော်မဟာပန် အံ့ဩနေသည်။ ထိုမျှမက ပုံစံတူကိုယ်ပွားရဟန်း တစ်ထောင်ကို အဓိဋ္ဌာန်နှင့် ဣဒ္ဓိပါဒ် တန်ခိုးပြလိုက်သည့်အတွက် ချီးကျူးမဆုံးအောင် ဖြစ်ရလေတော့သည်။

ကျမ်းကိုး။ ။ဓမ္မပဒ၊ စူဠပန်ဝတ္ထု။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အနော်မာသောင်ကမ်းမှအစိတ္တာန်

သူအို၊ သူနာ၊ သူသေရဟန်းဟူသော နိမိတ်လေးပါးမြင်သော်အလောင်းတော်သည်ရဟန်းအဖြစ်ကို စိတ်ညွတ်လျက် ဥယျာဉ်တော်သို့ တစ်ပါးတည်းထွက်စံတော်မူသည်။ ထိုအခိုက် ဘဒ္ဒကစ္စနာမိဖုရားမှ သားလှရဟုလာဖွားမြင်ကြောင်းလာ၍ လျှောက်တင်သည်။

''သြော်...လကိုရာဟုဖမ်းသကဲ့သို့ မယားဟူသောအနှောင်အဖွဲ့အပြင် သားကလာ၍ နှောင်ဖွဲ့လေဘိတကား''

သံဝေဂဖြစ်နေစဉ် သံယောဇဉ်နှောင်ဖွဲ့အပ်သောကြိုးများဖြင့် ရစ်ပတ်ခံရ၍ အလောင်းတော်ညစ်ညူးရသည်။ တစ်နေ့ခင်းပတ်လုံး စိတ်လက်မကြည်မသာနှင့် ဥယျာဉ်တော်၌စံမြန်းပြီး နောက်ညချမ်းအချိန်တွင် နန်းတော်သို့ပြန်ကြွလာသည်။

နိဗ္ဗုတာ နူနသာ မာတာ၊

နိဗ္ဗုတော နူနသာ ပိတာ။

နိဗ္ဗုတာ နူနသာ နာရီ၊

ယဿာယံ ဤဒိသော ပတိ။

အို...ခင်ပွန်းမတို့၊ ဤလူ့ရွာတွင် ဘုန်းပညာအသရေအခြွေအရံနှင့်စံပယ်ရာ၌ အတုမရှိ အသဒိသဖြစ်သော သားမြတ်၏မိခင်သည် ငြိမ်းချမ်းပေအံ့။

ထိုသို့သောသားမြတ်၏ဖခင်သည် ကြည်လင်ရွှင်လန်းပေအံ့။

ထိုသို့သော လင်ကောင်းမယား ကြင်သက်ထားသည် အလွန်ပင်လျှင် ကြည်ရွှင်နှဲပျော် ငြိမ်းချမ်းလေအံ့။

လေသာပြတင်းမှလွင့်ပျံ့ခုန်ဆင်းလာသော တေးသံသည်မင်းသား၏ ချေလှမ်းကို တုံ့နှေးသွားစေသည်။ ငြိမ့်ငြိမ့်ညောင်းညောင်းသံစဉ်လေးများကမင်းသား၏သောတအာရုံကို ဖမ်းစားထားသည်။ တေးသံက စပါးကြီးမြွေ တစ်ကောင်အလား ညို့ယူဖမ်းစားထားသည်။

ငြိမ်းချမ်းခြင်း...ငြိမ်းချမ်းခြင်း။

မင်းသားသည်သီချင်းတစ်ပုဒ်လုံးကို နားစိုက်ထောင်ခဲ့သော်လည်း သူ့နားဌ်မှု ငြိမ်းချမ်းခြင်းဟူသော စကားသာလျှင် ပဲ့တင်ထပ်နေသည်။

''အင်း၊ ပုထုဇဉ်သာဖြစ်သေးတဲ့လူရဲ့ အတ္တဘောကိုမြင်တဲ့ မိခင်ရဲ့ရင်မှာ ရွှင်လန်းရတယ်ဆိုတာ ဘယ်မှာဖြစ်နိုင်မှာလဲ။ ဖခင်ရဲ့ရင်မှာ ရွှင်လန်းရတယ်ဆိုတာကရော ဘယ်မှာဖြစ်နိုင်မှာလဲ။ ထိုသူရဲ့ဇနီးမယား ကရော ငြိမ်းချမ်းပါ့မလား...ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဒုက္ခကင်းဝေးမှ ငြိမ်းချမ်းမှာပေါ့။ ဒီလိုတရားတွေပယ်နိုင်တဲ့သားမျိုးမှ ငြိမ်းချမ်းမှာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



မင်းသားသည်ဤသို့ထပ်တလဲလဲရေရွတ်ရင်း အတန်ကြာတွေဝေနေသည်။ ထို့နောက် နိဗ္ဗုတာ…နိဗ္ဗုတာ ဟူသည့် စကားကိုထပ်ပြန်တလဲလဲရွတ်သည်။ ရွတ်နေရင်းမှ ညှိုးနွမ်းနေသည့်မျက်နှာသွင်ပြင်သည် ချက်ချင်းရွှင်ကြည်လာသည်။ ငပုပ်ဖမ်းရာမှလွတ်မြောက်လာသည့်လမင်းကြီး၏မျက်နှာအလား ဝင်းပထိန်လင်းလာသည်။

"အင်း၊ ဒီနေ့ပဲ လူ့ရပ်ခွင်ကထွက်၊ တောရပ်ကိုဝို၊ ရဟန်းတရား အားထုတ်မှသာ နိဗ္ဗုတာကိုအရ ရှာမှီးတော့အံ့"

မင်းသားသည်ရထားထက်မှဆင်းလျက် စောင်းသံလာရာအိမ်ထက်သို့တက်သည်။ မင်းသားလာသည်ကိုမြင်သော ကိသာဂေါတမီသည် ပျာပျာသလဲကြိုဆိုသည်။ မိဖုရားကြီးသားဖွားချိန်မို့ ငါ့အားသိမ်းမြန်းရန်လာသည်ဟုအတွေးနှင့် ရွှင်မြူးနေသည်။

"ချစ်နှမကိသာ၊ သင်ဟာငါ့ရဲ့အမြင်အာရုံကိုဖွင့်ပေးတဲ့ ကျေးဇူးရှင်ပေပဲ။ ဒါကြောင့် မောင်တော်ဘုရားရဲ့ ပတ္တမြား လက်စွပ်ကိုဆုအဖြစ် ချီးမြှင့်ပါတယ် နှမတော်…"

မင်းသားသည် ကိသာဂေါတမီအား ပတ္တမြားလက်စွပ်ချွတ်ပေးလေ၏။

* * *

တောထွက်ရန်အကြံရှိသော မင်းသားသည်တစ်စုံတစ်ရာ အနှောင့်အယှက်မရှိအောင် ဟန်မပျက်စံမြန်းနေသည်။

အဝတ်နံ့သာ၊ အဆင်တန်ဆာ၊ ရုံရွှေအပေါင်းကလည်း ထုံးစံအတိုင်းဝန်းရံခစားနေသည်။ သလွန်ထက်၌အေးချမ်းစွာ စံမြန်းနေသော မင်းသားကို စောင်း ညင်းပတ်သာ တူရိယာဖြင့် ဖျော်ဖြေရန်အတီးတော်တို့က အစွမ်းကုန်ဖျော်ဖြေသည်။

"ဘုန်းဘုန်းတေဇာ…သမ္ဘာတော်ချဉ်းအမင်းမင်းတို့ဝပ်တွားပေရာ…လောင်းတော်မြတ်ရာဇာ"

စောင်းသံနှင့်အတူ သီကျူးလိုက်သည့် အဆိုတော်၊ အသီတော်တို့၏ ဘုန်းတော်ဘွဲ့တေးသံက ကာမဂုဏ်အာရုံ၌ ပျော်မွေ့သူဖြစ်ပြီးအံ့ နှစ်လိုဖွယ်ပင်။ သို့သော် လောကီကိုငြီးငွေ့နေသော မင်းသားအဖို့ဘုန်းတော်ဘွဲ့သည်မဆွဲဆောင်။ နိဗ္ဗုတာ…ဟူသည့်ငြိမ်းချမ်းရာအရပ်သည်သာ နားဝယ်ပွဲတင်ထပ်နေသည်။ မငြိမ်းချမ်းသည့်ဘဝငြိမ်းချမ်းရအောင် စွမ်းဆောင်လှည့်ပါလော့…ဟု ရင်ထဲမှ ညည်းညူမိသည်။

အလောင်းတော်မင်းသားသည် အကြံတော်ရှိသည့်အလျောက် စောစောပင်လျောင်းစက်လိုက်သည်။ မင်းသား စက်တော်ခေါ်လေသည်နှင့် အတီးသမားကနားသည်။ အသီသမားက ရပ်သည်။ အကယ်၍ မင်းသားကအလိုရှိလျှင် အလွယ်တကူဖျော်ဖြေနိုင်ရန်အတွက် နန်းတော်၏အတွင်းဆောင်၌ပင် အိပ်စက်နားနေလိုက်သည်။ ထွန်းညှိထားသည့် မီးတိုင်လေးများသာ သက်ရှိထင်ရှားရှိနေသည်။ လေညင်းလေးတိုးဝင်ချိန်တွင် မီးညွန့်လေးများက ဘယ်ညာယိမ်းလျက် အသိမဲ့ကနေသည့်အလား လှုပ်ရှားနေပေသည်။

တစ်မှေးလောက် စက်ပျော်ပြီးနောက် ညဉ့်ဦးယံအလွန်တွင်ဖျတ်ခနဲ လန့်နိုးလာသော မင်းသားသည်မျက်လုံးကို ဖွင့်လျက် နားစွင့်သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးက တိတ်ဆိတ်နေသည်။ မင်းသားသည်လျောင်းရာမှညင်သာစွာ ထလျက် ဝဲယာအေးဘီကို အကဲခတ်လိုက်သည်။

"အို…"

စောစောက သီဆိုကပြခဲ့သည့် မိန်းကလေးများသည် အတုံးအရုံး အိပ်စက်နေသည်။ ခြယ်သထားသည့် သနပ်ခါး၊ အမွှေးနံ့သာကိုမဖျက်ဘဲ အိပ်နေပုံမှာ ထိတ်လန့်စရာ…ပါးစပ်ကိုဖွင့်လျက် တခူးခူးတခဲခဲအသံတွေ မြည်နေသည်။ အချို့ကအံကိုကြိတ်သည်။ အချို့ကမူ ဟောင်းလောင်းပွင့်နေသောခံတွင်းမှ အရိအရွဲ၊ အရည်တို့စီးကျနေသည်။ ထိုအနံ့ကလွှင့်လာသည်။ ပုပ်အဲ့အဲ့၊ ညှီစို့စို့အနံ့များက ခန်းမတစ်ခုလုံးလှိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့သောအတီးသည်များက စည်ကိုအားပါးတရဖက်ထားပြီး၊ ထဘီအပေါ်ပိုင်းက ပြိုကျနေသည်။ အချို့ကလည်း ခါးမှထဘီပင်ကျွတ်ထွက်ပြီး ပိုးလိုးပက်လက်လန်နေသည်။ အထွေးထွေး၊ အယှက်ယှက် တုံးလုံးပက်လက် လန်နေပုံမှာ သုသာန်တစပြင်တွင် စွန့်ပစ်ထားသော အလောင်းကောင်များအလား မှတ်ထင်ရသည်။

မမြင်ချင်လျက်မြင်နေရသည့် အနိဋ္ဌာရုံမြင်ကွင်းကြောင့် ထိတ်လန့် လာသည်။ ဤနယ်ပယ်၊ ဤအရပ်မှရုန်းမထွက် နိုင်လျှင် ဤအနိဋ္ဌာရုံတို့သာ မြင်နေရမည်ဟုတွေးလျက် အိပ်ပျော်နေသူတွေကို ကျော်ခွထွက်လာသည်။ တံခါးခုံတွင် အိပ်စက်နေသည့် ဖွားဖက်တော်မောင်ဆန်အား အသာလှုပ်လိုက်သည်။

"မောင်ဆန်...ထထ၊ ကဏ္ဍကပြင်ချေတော့"

* * *

"ဖွားဖက်တော်ကဏ္ဍက၊ ငါ့ကိုကူလော့...ငါဟာသုံးလီသောဘဝလှောင်အိမ်မှ လွတ်မြောက်အောင် ရုန်းထွက်မည်...ငါလွတ်မြောက် လျှင် သုံးခွင်သောဝေနေယျတို့ကို ခေမာသောင်ကမ်းနိဗ္ဗာန်နန်းသို့ပို့ချေမည်..သည့်အတွက် တောင်ရိပ်ခိုမှီး သစ္စာမြေရှာဖို့ ကူလော့ကဏ္ဍက"

ညဉ့်သုံးယမ်တွင်နှစ်ယမ်လွန်ကျူး၊ နောက်ဆုံးယမ်အကူးတွင် မောင်ဆန်ရောက်လာ၊ ဆင်တန်ဆာဆင်လာတော့ လောင်းတော်မင်းမြတ် သိဒ္ဓတ္ထတောထွက်မည်မှန်းသိ၍ အထူးတက်ကြွနေစဉ် လောင်းမင်းသားက ကျောကိုသပ်လျက် ဆိုလာသည်။

"အလောင်းတော်မင်းမြတ် သိဒ္ဓတ္ထဘုရား၊ ဖွားဖက်ကျွန်ရင်း မြင်း ကဏ္ဍက၊ အကျိုးဆောင်ရအောင် အသင့် စောင့်ဆိုင်းလျက်ပါ"

အလောင်းတော်မင်းသားသည် အရပ်ရှစ်တောင်ရှိသည့် ကဏ္ဍကမြင်းထက်လွှားခနဲခုန်တက်ပြီး၊ ဆန္နအမတ်ကို မြင်းမြီး၌ဆွဲစေလျက် နန်းတော်မှထွက်သည်။

"ဩော်..."

အလောင်းတော်မင်းသားသည် ခမည်းတော်မင်းကြီးအစီအမံပြုထား သည့်မြို့တံခါးကို စူးစူးစိုက်စိုက်ကြည့် လိုက်သည်။ သားတော်လူလှ နန်းမစွန့်ခွာ တောသို့ဝင်မှာစိုး၍ မြို့တံခါးကိုအခိုင်အမာထားသည်။ အမြင့်တစ်ဆယ့် ရှစ်တောင်ရှိသည့် တံတိုင်း၊ ဗိုလ်ခြေတစ်ထောင်ရှိမှဖွင့်နိုင်ပိတ်နိုင်သည့်တံခါး။ အကြားမလပ်စောင့်ကြပ်နေသည့် အိပ်ဖန်ဆော် အလွယ်တကူထွက်ဖို့မဖြစ်နိုင်သည်ကြည့်လျက် အစိုးရိမ်ပိုသောခမည်းတော်ကို စာနာမိသည်။ သားတည်း ဟူသော ချစ်ခြင်းကြောင့် သောကရောက်လေခြင်းဟု တွေး၍ ပင့်သက်ချမိသည်။

"အို...အလောင်းတော်မင်းမြတ် သိဒ္ဓတ္ထ"

မြို့တံခါးကြည့်လျက်တွေးနေစဉ် ရှေ့မှ ဘွားခနဲပေါ်လာသည့် မာရ်နတ်က လက်ပြတားသည်။

"မင်းသား၊ ရွှေနန်းစည်းစိမ်ကို အမြိုင့်သားခံစားနေရလျက် ဘယ့်အတွက် ဆင်းရဲဖို့ အကြံဖြစ်ဘိသနည်း။ ယနေ့မှလွန်မြောက် ခုနစ်ရက်ရောက်လျှင် စကြဝတေနာ ပေါ်ပါလိမ့်မည်။ ကျွန်းငယ်နှစ်ထောင်၊ ကျွန်းကြီးလေးရပ် စိမ့်အပ်သော စကြမင်းအဖြစ် ရယူပါလော့"

မာရ်နတ်က ကိလေသာကာမဂုဏ်နှင့်ဆွယ်သည်။ သာမန်အားဖြင့် ဆိုလျှင် တွယ်မက်စရာ...။ သို့သော် စကြာမင်းသော၊ နတ်မင်းသော စိတ်သဘောမရ။ ချမ်းသာမထင်။ နိဗ္ဗာန်ကိုသာ ဆင်ခြင်မိသဖြင့် ခေါင်းခါငြင်းပယ် လိုက်သည်။

"အချင်းမာရ်နတ်၊ စကြာရတနာရောက်လာမည်ကို ငါမသိမဟုတ်၊ သိ၏။ ငါဟာမင်းအဖြစ်ကိုအလိုမရှိ။ မင်းစည်းစိမ်ကိုလည်း စွန့်ပစ်သည့်တံတွေးပေါက်လောက်ပင် မခံမင်...ငါ့အလိုဆန္ဒဖျက်ဖို့ သင်မကြံလေနှင့်၊ ဘေးဖယ်လော့"

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာကြောကွင်းနှင့် ချုပ်နှောင်ရန်ကြံစည်သော်လည်း မာရ်နတ်၏ အကြံဆိုးပယ်လိုက်သည်နှင့် မာရ်နတ်ကွယ်သည်။

''အင်း…ငါရဲ့ခမည်းတော်ဟာလောကီကိုကျောခိုင်းထွက်မှာစိုးလို့ တံတိုင်းပတ်ရံခတ်ထားသော်လည်း အချည်းနှီးသာ…ငါဟာကဏ္ဍကမြင်းကို ဒူးနှစ်လုံးနှင့်ညှပ်ယူပြီး၊ ဆင်ပြောင်ဆယ်စီးအားမာန်ကြီးသည့် ခွန်အားသုံးလျက်ခုန်ကျော်အံ့''

ဘုရားလောင်းက ဤသို့စိတ်အကြံ ဖြစ်သည်။

မောင်ဆန်ကလည်း သခင့်အလိုဖြည့်ဆည်းနိုင်ရန် တစ်ချိန်းတည်း၌ပင် စိတ်အကြံဖြစ်သည်မှာ…

''ငါသည်အလောင်းမင်းသားမြို့ရိုးကိုကျော်နိုင်စိမ့်သောငှာ ကဏ္ဍကမြင်းကို ပခုံးနှင့်ထမ်းလျက်ခုန်ကျော်အံ့''

ထိုစဉ်မှာပင် ကဏ္ဍကမြင်းကလည်း အလောင်းတော်၏ပါရမီကို ဖြည့်ဆည်းရန်အကြံဖြင့် ''ငါသည် မောင်ဆန်ကို မြဲမြံစွာကိုင်ထားစေပြီး အရှင့်ကို ကျောထက်မှာတင်လျက် မြို့ရိုးကိုကျော်အံ့'' ဟုတွေးသည်။

သို့သော် အလောင်းမင်းသား၏ပါရမီကိုဖြည့်ဆည်းရန်စောင့်နေသည့်နတ်များက မြို့တံခါးအသင့်ဖွင့်ပေးသဖြင့် အထူးအားထုတ်စရာ မလိုတော့ချေ။ လွယ်လင့်တကူထွက်နိုင်ခဲ့သည်။

အလောင်းတော်ထွက်တော်မူရာတွင် လက်ဝဲဘက်မှ နတ်ခြောက်သောင်း၊ လက်ျာဘက်မှနတ်ခြောက်သောင်းသည် မီးရှူးများထွန်းညှိ လိုက်ပါသည်။ နတ်အများက ပန်းမိုးကြဲဖြန့်ပူဇော်သည်။ အချို့နတ်များကမူ စောင်းညှင်းပတ်သော တီးခတ်ပူဇော်သည်။ ကောင်းချီးဂါထာ ဟစ်ကြွေးလျက်လိုက်ပါပို့ဆောင်ရာ ယူဇနာသုံးဆယ်ခရီးကို ညတွင်းချင်း ရောက်သည်။

''အချင်းမောင်ဆန်၊ ရှေ့မှာဆီးကာနေတာ အဘယ်မြစ်လဲ၊ နာမည်ဘယ်လိုခေါ်လဲ''

''အလောင်းတော်မြတ်၊ ဤမြစ်ကား အနော်မာခေါ်ပါတယ်…''

''အင်း၊ အနော်မာ…အနော်မာဟူသည် မယုတ်မာဘဲလျက်မြင့်မြတ်ခြင်းဟု အဓိပ္ပာယ်တည်း၊ ငါ၏ခရီးကား အမှန်ပင် အောင်တော့မည်။ ကိုင်း၊ ကျွန်ရင်းကဏ္ဍက၊ အနော်မာကိုကူးချေလော့''

ဘုရားလောင်းမှန္နိုးဆော်လိုက်သည်နှင့် ကဏ္ဍကသည်လေကိုခွင်းလျက်အဟုန်ပြင်းစွာ ခုန်လိုက်ရာ… အနော်မာမြစ်၏သဲသောင်စပ်သို့အလိုက်သင့် ကျလေ၏။

ငါ၏အလိုကားပြီးပြီ။ ဌာနီနန်းမှခွာနိုင်ပြီ။ ရှေ့အဖို့ကား ငါ့ကိုယ် ငါ့တာဝန်သာဖြစ်ဘိ၏ဟုတွေးလျက် မောင်ဆန်ကို အပါးခေါ်သည်။

''အချင်းမောင်ဆန်၊ ငါဆင်မြန်းအပ်သော အဝတ်တန်ဆာဟာ အကျင့်မြတ်ရှိသူနဲ့မလျော်…ဤအဝတ်ကိုယူလျက် သင့်ရဲ့ဘက်တော်ကဏ္ဍကအား ခေါ်လျက်ပြန်လေတော့''

''အရှင်…''

''အသင့်သခင်မနဲ့ ငါရဲ့ခမည်းတော်အား တောထွက်သွားပြီဟု သတင်းပါးလေ…''

''တင်လျှောက်ပါရစေအရှင်…ကျွန်ရှင်နှစ်ပါးအတူလာခဲ့တာ အရှင့်ကိုထားစွန့်ခွာသွားရမှာမလျော်၊ နောက်တော်ပါးက လိုက်ပြီး ဝတ်ကြီးဝတ်ငယ်ပြုပါရစေ…''

''အချင်းမောင်ဆန်၊ သင့်အကြံကောင်းပေမယ့် ငါ့အတွက်လည်း အနှောင့်အယှက်ဖြစ်၊ ကျန်ရစ်သူတွေလည်း စိတ်မအေး၊ ဒီအတွေးဖျောက်ပြီး၊ ပြန်ပါလေမောင်ဆန်''

မောင်ဆန်သည် အမျိုးမျိုးတောင်းပန်သော်လည်း ခွင့်ပြုချက်မရသဖြင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရသည်။ ထိုအကြောင်းကိုသိသော ကဏ္ဍကသည် ကြေကွဲသောနှလုံးဖြင့် ပူဆွေးခြင်းပြင်းစွာဖြစ်သော် ရင်တွင်းအသံထုတ်လျက် ကြိမ်ဖန်များစွာအော်ဟစ်ငိုကြွေးရာ၊ ရင်ကွဲနာကျလျက် ဆုံးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သန့်စိတ်ဆင်းရဲသွားရပြန်သည်။ မိတ်ရင်းကဗ္ဗာကကလည်း ကွဲကွာ၊ အရှင်ကလည်းသံယောဇဉ်ဖြတ်လျက ခွဲခွာလေရာ…ယူဇနာသုံးဆယ်ခရီးကို တစ်ယောက်တည်းခြေကျင်လှမ်းပြန်ရတော့မည်။ မင်းဝတ်တန်ဆာနှင့် မြင်းကကြိုးတန်ဆာကိုထမ်းလျက် စိတ်ပန်းနွမ်းလျစွာပြန်လာခဲ့ရတော့သည်။

* * *

အလောင်းတော်မင်းမြတ်သည် အဆုံးစွန်ရည်မှန်းရဟန်းဝတ်တော့ရန်အကြံဖြင့် ဆံကျင်ကိုဆွဲသည်။ ဘယ်လက်နှင့် ဆံကျင်ကိုကိုင် ညာလက်နှင့်သန်လျက်ကိုဆွဲယူပြီး တိခနဲ့နေအောင်ဖြတ်ချသည်။ ပြတ်ပြီ… သံယောဇဉ် ပြတ်လေပြီဟု ကိုယ့်ကိုယ်ကိုအသိပေးလျက် ဆံတော်မြတ်ကိုကြည့်သည်။ ဤဆံတော်မြတ်ကိုယူလျက် အဓိဋ္ဌာန်စကားဆိုလေအံ့ဟု အကြံဖြစ်သည်။

"ငါသည်ဘုရားစင်စစ်ကေန်ဖြစ်မည်မှန်က ဤဆံတော်သည်မြေ၌ မသက်၊ ကောင်းကင်ထက်၌ပန်းဆိုင်းဆွဲ သကဲ့သို့ တည်စေသတည်း"

အလောင်းတော်သည် မိမိ၏ရည်မှန်းချက်အောင်မအောင်သိလိုသဖြင့် ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်ပြုလိုက်သည်။ ဆံတော်သည် အသက်ရှိသည့်အလား ကောင်းကင်ထက်ပြေးသွားသည်။ တစ်ယူဇနာမြင့်သောအရပ်တွင် ပန်းဆိုင်းဆွဲ သကဲ့သို့တည်သည်။ ထိုဆံတော်ကိုမြင်သော သိကြားမင်းသည် ရတနာပန်းတောင်းဖြင့်ခံယူသည်။

ဆံတော်ကိုပယ်ပြီးချိန်တွင် မင်းသားဘဝကအမြတ်တနိုးဝတ်ဆင်ခဲ့သည့် ကာသိတိုင်းဖြစ်အဝတ်ပုဆိုးသည်ကား ရဟန်းနှင့်မလျော်ဟု အကြံဖြစ်၏။ ထိုအကြံကိုဃဋိကာရဗြဟ္မာမင်းသိ၍၊ ပရိက္ခရာရှစ်ပါးနှင့် ကြာသက်န်းကိုဆက်ကပ်လာ၍ လဲလှယ်ဝတ်ရုံလိုက်သည်။

သဗ္ဗညုတဉာဏ်တော်ကိုရည်ရွယ်လျက် နန်းစည်းစိမ်ကိုစွန့်ခွာ ရဟန်းဘဝကူးပြောင်းခဲ့သော အလောင်းတော်သည် ခုတော့ရဟန်း အဖြစ်ကိုရောက်လေပြီ။ အဓိဋ္ဌာန်အတိုင်းလည်း အနော်မာမြစ်ကမ်းအနီးရှိ အနုပီယသရက်တောသို့ ဝင်လေတော်မူလေသည်။

ကျမ်းကိုး။ ။ကျီးသဲလေးထပ်ဆရာတော်၏ ဇိနတ္ထပကာသနီ(ပ)တွဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# မျက်လုံးတော်လှူ အစိတ္တာန်ယူ

"ငါသည် အဝတ်အထည်မရှိသူကို အဝတ်အထည်ပေးဖူး၏။ အစာရေစာငတ်သူအား ထမင်းဖျော်ရည် ပေးလှူဖူး၏။ ငါသည် လူအများနားနေအပန်းဖြေရန် ဇရပ်၊ တန်ဆောင်လည်းဆောက်လှူခဲ့၏။ ငါသည်အများ သူငါအပန်းဖြေနိုင်ရန် ဥယျာဉ်ခြံမြေအား ဆောက်လှူခဲ့၏။ ငါသည်ပြည်သူတို့အား စိုက်ပျိုးစားသောက်နိုင်စိမ့်သောငှာ လယ်ယာ၊ ကိုင်း၊ ကျွန်းဖော်ထုတ်ပြီးခွဲဝေပေးဖူး၏။ ငါသည်ကိုယ်ဝတ္ထု ပစ္စည်းများကို မပေးမလှူဖူးသည်မရှိ၊ ဗာဟိရအာမိသဒါနကို မပြတ်မလပ် ပြုမူခဲ့လေပြီတကား"

သိဝိတိုင်း၊ အရိဋ္ဌပုရပြည့်ရှင်ဘုရင်သိဝိသည် မိမိ၏အလှူဒါန ကောင်းမှုအတွက် ပြန်လည်တွေးတော ပီတိဖြစ်နေသည်။

နန်းတော်၏အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်လေးမျက်နှာနှင့်နန်းတော်ဦးလွှတ်တော်ဦးတွင် မဏ္ဍပ်ဆောက်လျက် တစ်ရက်လျှင် တစ်သိန်းစီအကုန်အကျခံလှူသည်။ ဤအလှူများကိုလည်း ကိုယ်တိုင် စီးကြပ် လှူလေ့ရှိသည်။

"အင်းငါဟာ ဗာဟိရအာမိသဒါနအားဖြင့် မလှူဖူးသည့်မရှိ။ အဘယ်အမှုထပ်မံပြုသော် ကောင်းအံ့နည်း"

သိဝိမင်းသည် ဒါနအပေါ်ရောင့်ရဲခြင်းမရှိရကား ဘယ်သို့ပြုရမည်ကို ကြံဆသည်။

"ဩော်...ဟုတ်ပြီ။ လူဟာပစ္စည်းကိုပေးလှူဖို့က မခက်ခဲဘူး။ သဒ္ဓါစေတနာထက်ရင် လှူနိုင်တာပဲ။ လှူဖို့ခက်ခဲတာက "အဇ္ဈတ္တိကအာမိသဒါန"ပဲ။ မှန်တယ်...ခြေလက်ဖြတ်လှူဖို့မစဉ်းစားကြဘူး၊ မဝံ့ကြဘူး။ မျက်စိ၊ နား၊ နှာခေါင်းစတဲ့ အင်္ဂါကြီးငယ်ကိုပေးလှူဖို့မစဉ်းစားကြဘူး။ မြတ်သောအလှူပေးလှူချင်တယ်ဆိုရင် ဒီအလှူလောက် မြင့်မြတ်တဲ့အလှူ မရှိနိုင်ဘူး"

သိဝိမင်းကြီးသည် မကြံစည်ဘူးသော အကြံအစည်ကိုတွေးလိုက်မိသည်နှင့် ဝမ်းမြောက်စိတ်ဖြင့် ကိုယ်တစ်ခုလုံး တုန်လှုပ်သွားသည်။ ပီတိစိတ်ဖြင့် ကိုယ်အနှံ့ခါထွက်သွားသည်။

"ဟုတ်ပြီ။ မြင့်မြတ်သောအလှူကိုငါစွမ်းဆောင်အံ့။ အကယ်၍ တစ်စုံတစ်ယောက်က ငါ့မျက်စိကိုအလှူခံလာရင် ငါလှူမယ်။ ငါ့မျက်စိသာ မဟုတ်ဘူး၊ ငါ့နှလုံးသား၊ ငါ့အသည်း၊ ငါ့ကျောက်ကပ်၊ အို... အသွေးအသားအားလုံး ငါလှူမယ်။ အလှူခံသာရောက်လာပါစေ၊ အသက်စွန့်လှူလိုက်မယ်..."

သိဝိမင်းကြီး မဖြစ်ဖူးသော စိတ်ဆန္ဒပေါ်လာ၍ပုဗ္ဗစေတနာဖြစ်လာသည်။ ထိုစိတ်စေတနာ၏တောင့်တချက်က သိကြားမင်း၏ဘုံဗိမ္မာန်ထိ လွင့်တက်သွားသည်။ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် တင်းမာသော အခြင်းအရာပေါ်လာသည်။ဤအခြင်းအရာသည် အမှန်ပင်လော...တဒင်္ဂဖြစ်ပေါ်သောစေတနာလောဟု စူးစမ်းရန်အကြံ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အကယ်၍စေတနာထက်သန် သဒ္ဓါစိတ်မှန်လျှင် အလှူဒါနထမြောက်အောင် ငါအကျိုးဆောင်အံ့ဟုတွေးမိသည်။ သို့ဖြစ်၍ သိကြားမင်းသည် မျက်မမြင်လူအိုပုဏ္ဏားယောင်ဆောင်လျက် မင်းကြီးလာမည့်လမ်းမှ စောင့်ကြိုနေလိုက်တော့သည်။

* * *

တောင်ဝှေးကိုမြေတွင် တခေါက်ခေါက်ခေါက်လိုက်၊ ထိုတောင်ဝှေး ကိုမြှောက်ခါရှေ့နောက်ဝဲယာကိုရမ်းခါလျက် လျှောက်လာသည့်ပုဏ္ဏားအိုကိုမြင်လိုက်သော် မင်းကြီးစိတ်ထဲဒိတ်ခနဲ ဝမ်းမြောက်သွားသည်။ ရပ်နေသောခြေထောက်ကို သွက်လက်စွာလှုပ်ရှားခြင်းဖြင့် ပုဏ္ဏားအိုရှေ့ ရပ်လိုက်သည်။

"အချင်းပုဏ္ဏား၊ သင့်မျက်စိမမြင်သလော…"

"ဪ…မှန်ပါတယ်။ မျက်စိနှစ်ဖက်လုံးအလင်းမရပါဘူး။ ဘယ်သူပါလိမ့်"

"ကျွန်ုပ်သိဝိမင်းပါ"

"ဟာ…အလိုက်သင့်ပါပေ့။ ကျုပ်လည်းမင်းကြီးဆီလာတာပါ"

"ဘာအကြောင်းရှိလို့လဲ ပုဏ္ဏားကြီး"

"အရှင်မင်းကြီးက အလှူအတန်းမှာ ရက်ရောတယ်လို့သတင်းပျံ့နှံ့ နေတယ်မဟုတ်လား…ဒါကြောင့်မင်းကြီးထံအလှူခံ ရရင်ကောင်း၏လို့ တွေးပြီးလာခဲ့တာ…"

"အသင်ပုဏ္ဏားကြီး။ အလိုရှိရာမိန့်ပါ။ ဪ…သိပြီ။ အပေါ်ရုံ ခြုံထည်မရှိလို့ဖြစ်မယ်။ ကျွန်ုပ်ပေးလှူပါမယ်"

"မဟုတ်ဘူး…မဟုတ်သေးဘူးမင်းကြီး။ ကျွန်ုပ်တို့ပုဏ္ဏားမျိုးက အပေါ်ရုံခြုံထည်ဝတ်လေ့မရှိပါဘူး။ ကျုပ်လို တာက…"

"ဪသိပြီ။ သင်ကအိုရွယ်သူဆိုတော့ ထောက်ကူဖေးမမယ့်သူ လိုအပ်တယ်မဟုတ်လား… ဒီအတွက်မပူပါနဲ့ ပုဏ္ဏားကြီး၊ သင့်ကို အလုပ်အကျွေးပြုမယ့် မိန်းမတစ်ယောက်ငါလှူ…"

"အရှင်မင်းကြီး၊ ကျွန်ုပ်မလိုပါဘူး၊ အခုအလှူခံချင်တာက မျက်လုံး၊ အသင်မင်းကြီးထံက မျက်လုံး အလှူခံ ပါတယ်…"

ပုဏ္ဏားအိုစကားကြားရတော့ သိဝိမင်းသည် ငါ့အကြံအောင်လေပြီဟု တွေးလျက် ဝမ်းမြောက်ဝမ်းသာဖြစ်သည်။

မင်းကြီးသည်မျက်မမြင်ပုဏ္ဏားအို၏တောင်ဝှေးကိုဆွဲလျက် နန်းတော်ထဲဝင်လာပုံကြောင့် အံ့သြကုန်သည်။ မလျော်ကန်သည့်အပြုအမူ ဖြစ်သဖြင့် မသင့်ကြောင်းတင်လိုပေမယ့် မလျှောက်သာ။

"မောင်တော်မင်းကြီး…"

မိဖုရားကြီးကလျှောက်ထားရန်စကားစရုံနှင့် လက်ပြတားသည်။"အသင်မိဖုရားဘာလျှောက်မယ်ဆိုတာ ကျွန်ုပ်သိသည်၊ မလျှောက်လေနှင့်၊ ကျွန်ုပ်စကားသာ နားထောင်ကြ"ဟူသော အဓိပ္ပာယ်နှင့်တားမြစ်၍ နှုတ်ဆိတ် သွားရသည်။

"ကျွန်ုပ်အာသီသပြည့်ပြီ"

"မိန့်ပါမောင်တော်…"

"ကျွန်ုပ်ဟာဒါနကောင်းမှုနဲ့ ပတ်သက်လို့မရောင့်ရဲတာ မိဖုရားကြီးအသိပဲ။ ဒါကြောင့် ငါဘာလှူရင် ကောင်းမလဲ ဆိုတဲ့အကြံဖြစ်လာတယ်…ဒီအခါ ငါရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုပေးလှူရရင် ကောင်းလေစွလို့ အကြံတော် ဖြစ်မိတယ်"

"မသင့်တော်တာပဲ မောင်တော်ရယ်…"

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပဲ၊ ဒီအကြံဖြစ်ချိန်မှာပဲ၊ ဟောဒီမျက်မမြင်ပုဏ္ဏားက မျက်လုံးအလှူခံလာတယ်"

"အို..."

မိဖုရားကြီးက အထိတ်တလန့်အမူအရာဖြင့် မင်းကြီးအားတစ်လှည့် မျက်မမြင်ပုဏ္ဏားအားတစ်လှည့်ကြည့်သည်။ ကြံကြံဖန်ဖန်အလှူခံသည့် ပုဏ္ဏားနှင့် စိတ်ကူးတရ အလှူပေးလိုသည့်မင်းကြီးကို နားမလည်နိုင်။

"ကျွန်ုပ်ရဲ့ဒါန အထမြောက်ပြီ မိဖုရား"

"မဟုတ်သေးပါဘူး မောင်တော်...တခြားလှူဒါန်းတဲ့ကိစ္စ နှမတော် မတားမြစ်ပါဘူး။ ခန္ဓာကိုယ်အစိတ်အပိုင်းကိုတော့ မလှူသင့်ပါဘူး"

"အဘယ်မိဖုရား...ကျွန်ုပ်ပန်ဆင်ထားတဲ့ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင်အဖြစ်ကိုမေ့နေပြီလား။ ကျွန်ုပ်ဟာ သတ္တဝါတွေအကျိုး မျှော်ကိုးသယ်ပိုးဖို့ ဒီအမြတ်ဆုံးဆုကို ပန်ဆင်ထားတာလေ..."

"မှန်ပါတယ် မောင်တော်၊ ဒါပေမယ့် မျက်လုံးလှူဖို့ကိုတော့ စဉ်းစားပါဦး"

"သင်မတားပါနဲ့၊ အကယ်၍အသက်ကိုအလှူခံလာရင်တောင်လှူမယ်လို့ ရည်ရွယ်ထားသူက မျက်လုံးကိုတွန့်တိုနေရင် ဘယ်မှာဆုကြီးပန်ဖြစ်တော့မလဲ။ ဟဲ့...သမားတော် သိဝိကကိုဆင့်ခေါ်လိုက်စမ်း"

မင်းကြီးသည်လုံးဝဆုံးဖြတ်ထားသည့်အလျောက် မျက်စိထုတ်ယူရန် သမားတော်ကို ဆင့်ခေါ်တော့သည်။

"မှန်ပါ၊ မြတ်သောမင်းကြီး၊ ကျွန်တော်မျိုး မဝံ့မရဲ လျှောက်ထားပါရစေ..."

"လျှောက်ထားပါ သက်တော်ရှည်ဘိုးဘိုး"

"မင်းကေရာဇ်တို့မည်သည် ရာဇဓမ္မသင်္ဂဟတရားလေးပါ၊ မင်းကျင့်တရား ဆယ်ပါး၊ အပရိဟာနိယတရား ခုနစ်ပါးနဲ့ ပြည့်စုံအပ်ပါတယ်"

"ဒီကိစ္စကို ငါဘုရင်မင်းမြတ်မဖောက်ပြန်ပါဘူး"

"မှန်ပါဘုရား၊ ဒါကြောင့်လည်းအရှင့်ပူရပြည့်ရှင်ဟာ မင်းကောင်းမင်းမြတ်တစ်ပါးလို့ကျော်ကြားထင်ရှားတော်မူတာပါ။ ဒီလိုအတိုင်းတိုင်း အပြည်ပြည်က လေးစားချစ်ခင်တဲ့မင်းတစ်ပါးဟာ ကိုယ်အင်္ဂါချို့ယွင်းတယ်ဆိုရင်..."

"အင်း၊ အမတ်မင်းတင်လျှောက်တာစဉ်းစားစရာပါ။ ဒါပေမယ့် ငါရဲ့အဓိဋ္ဌာန်ကိုပိုလေးစားရမယ်။ ဒါကြောင့် သင်တို့မတားကြလေနဲ့"

မင်းကြီးသည် မျက်စိကိုပေးလှူရန်ဆုံးဖြတ်ထားသဖြင့် တားမြစ်သည်ကိုပင် လက်မခံတော့ဘဲ သမားတော်အလာကိုသာ စောင့်စားတော့သည်။

* * *

"အရှင်မင်းကြီး၊ ရှင်သန်နေတဲ့ သစ်ပင်ကိုခုတ်လှဲလိုက်တာ၊ သတ်ပစ်တာလွယ်ပါတယ်ဘုရား။ ဒီကိစ္စကတစ်ခဏနဲ့ ပြီးပါတယ်။ ဒါပေမယ့် ရှင်အောင်ပြန်မွေးဖို့ကတော့ လွန်စွာခက်ခဲပါတယ်"

"သင့်စကားငါနားလည်တယ်သမားတော်...ငါရဲ့ဒါနကိုမဖျက်ဆီးပါနဲ့"

"အရှင်မင်းကြီး၊ မျက်စိကိုလှူဒါန်းခြင်းထက် နှစ်ဦးနှစ်ဖက်အကျိုးရှိမယ့်အလှူမျိုး လှူသင့်ပါတယ်။ မျက်မမြင်ဒုက္ခိတ တစ်သက်လုံးအေးအေးလူလူစားနိုင်အောင် ငွေကြေးထောက်ပံ့လိုက်ရင် ပုဏ္ဏားကြီးလည်း အဆင်ပြေသွားမှာပါ။ ဟုတ်ရဲ့လားပုဏ္ဏားကြီး"

သမားတော်ကြီးက မင်းကြီးခြေ၊ လက်၊ အင်္ဂါချို့ယွင်းမည်ကိုမလိုလား၍ အရဲစွန့်ပန်ကြားသည်။ မိမိအစွမ်းဖြင့် မရနိုင်မှန်းသိ၍ အလှူခံ မျက်မမြင်ပုဏ္ဏားကြီးကိုယ်တိုင် သဘောတူလက်ခံကြောင်းအဆိုရစေရန် အကူအညီတောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''အင်း...ဒီအစီအစဉ်ကတော့ ကောင်းပါတယ်။ ဒါပေမယ့် ကျွန်ုပ်ဟာ ငယ်စဉ်ကတည်းက ဒီအသက်အရွယ်အထိ မျက်စိကန်းခဲ့တော့ ပတ်ဝန်းကျင်ကို ဘာမျှမမြင်ရဘူး။ ကောင်းကင်ကြီး ပြာနေတယ်လို့ပြောရင် ကောင်းကင်ဆိုတာ ဘယ်ဟာလဲ၊ ပြာတယ်ဆိုတာ ဘယ်လိုလဲလို့မသိဘူး။ မခံစားရဘူး။ ဟယ်ဟို မိန်းကလေးက လှလိုက်တာလို့ ချီးမွမ်းသံကြားရလည်း ဒီနည်းအတိုင်းပဲ၊ ဘာမှမခံစားနိုင်ဘူး။ အဲ...အထူးတောင့်တတာကတော့ အရှင်သိဝိမင်းကိုမြင်ဖူးချင်တာပဲ။ မဇ္ဈိမဒေသမှာ ကောင်းသတင်းနဲ့ ကျော်ကြားတဲ့ မင်းကြီးကိုမြင်ဖူးချင်တယ်။ ဒီလိုအလှူအတန်းရက်ရောတာ ဘယ်လို လူစားလဲဆိုတာ တွေ့ချင်တယ်။ အဓိကဆန္ဒရှိတာ ကျုပ်မျက်လုံးကောင်းဖို့ပါပဲ''

အကူအညီတောင်းလေမှုပို၍ဆိုးသည့်အဖြစ်ကြောင့် စိတ်ပျက်သွားသည်။ တစ်ဖက်သားကိုဒုက္ခပေးသည့် ပုဏ္ဏားအိုကို ခေါင်းနှိမ်ပြီးကျောကိုသာ ထောင်းပစ်လိုက်ချင်သည်။

''ကဲ၊ သမားတော်ကြီး၊ ပုဏ္ဏားဆန္ဒဖြည့်ဆည်းနိုင်အောင် ငါ့မျက်လုံးသာ ဖောက်ထုတ်ပါ''

''အရှင်မင်းကြီး စဉ်းစားပါဦး။ ကျွန်တော်မျိုးရဲ့အစွမ်းထက်တဲ့ဆေးကိုမျက်စင်းခပ်လိုက်တာနဲ့ မျက်လုံးဟာရှေ့ကို စူထွက်လာပါလိမ့်မယ်။ မျက်အိမ်တွင်းမှထွက်လာတဲ့ မျက်လုံးကိုဖြတ်ယူလိုက်တာနဲ့ ကိစ္စက ပြီးပါပြီ''

''ဒါဆိုလည်း ဆေးသာတင်တော့''

''အရှင်မင်းကြီးနောက်ဆုံးအနေနဲ့စဉ်းစားပါ။ မျက်စဉ်းခတ်လိုက်ရင် လွန်စွာနာကျင်ပါလိမ့်မယ်''

''ငါရဲ့အသက်ကိုတောင် စွန့်လှူထားပြီးပြီ၊ နာကျင်ရုံတော့ စဉ်းစားစရာမလိုပါဘူး''

အားလုံးကပိုင်းတားနေသည့်ကြားက ဖွတ်တရွတ်လှူဒါန်းလိုသည့် မင်းကြီး၏ဆန္ဒကိုပိတ်ပင်၍မရတော့ပေ။ ထို့ကြောင့် မျက်စဉ်းဆေးခပ်လိုက်သည်။

''အို...''

မျက်အိမ်ကြီးစူလာပြီး၊ မျက်လုံးကြီးပေါက်ထွက်လာပုံကိုမြင်ရ၍ မိဖုရားကြီးကအထိတ်တလန့်အော်လိုက်သည်။ ပြင်းထန်သောဝေဒနာကြောင့် လူးလွန့်အောင့်ခံနေသော မင်းကြီးအဖြစ်ကို မြင်ရသည်မှာလည်း စိတ်မချမ်းသာစရာ။

''အရှင်မင်းကြီး၊ ဒီအချိန်မှာ စိတ်ကူးပြောင်းရင် အချိန်မီပါသေးတယ်။ မျက်လုံးကိုအိမ်ထဲပြန်ထည့်ပြီး၊ ဆေးထည့်လိုက်ရင် အကောင်းပကတိဖြစ်နိုင်ပါသေးတယ်။ စဉ်းစားပါမင်းကြီး''

''ဖြတ်...''

မင်းကြီး၏ ပြတ်တောင်းသောအမိန့်ကြောင့် သမားတော်ကြီးဆုတ်ဆိုင်းမနေသာတော့။ မျက်လုံးကိုဖြတ်ယူလျက် မင်းကြီး၏လက်တွင်းသို့ထည့် ပေးလိုက်သည်။

''အချင်းပုဏ္ဏား၊ ငါဟာသဗ္ဗညုတဉာဏ်ရခြင်းရဲ့ အထောက်အပံ့အလို့ငှာ ဤမျက်စိကိုလှူပါ၏။ ငါ၏အဓိဋ္ဌာန် အထမြောက်အောင် လာရောက်အလှူခံသော သင်လည်းချမ်းသာစေသော်''

''သာဓု...သာဓု...သာဓု။ မင်းကြီးသက်တော်ရှည်ပါစေ''

မျက်စိအလှူခံရသဖြင့် ပုဏ္ဏားအိုက ဝမ်းမြောက်ဝမ်းသာ ဖြစ်လေဟန်ဖြင့် သာဓုခေါ်သည်။ သမားတော်ကြီးသည် မျက်စိကို မျက်မမြင်ပုဏ္ဏား၏မျက်လုံးအိမ်ထဲအနေတော် ထည့်ပေးလိုက်လေသည်။

* * *

မျက်စိတစ်ဖက် ပြန်ကောင်းသွားသည့် ပုဏ္ဏားသည် ထိုင်ရာမှ တောင်ဝှေးထောက်လျက် ထရပ်သည်။ အလင်းရသော မျက်လုံးတစ်ဖက်နှင့် မင်းကြီးကိုကြည့်သည်။ ထို့နောက် မိဖုရားကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါများကို လှည့်ပတ်ကြည့်သည်။

''ဒါဟာ...သိဝိမင်းကြီးမို့လား။ ဟုတ်ပါတယ်။ ဒါနသီလမွမ်းထုံနေတဲ့ ပုဂ္ဂိုလ်ရဲ့ရုပ်က ရှင်းသန့်ကြည်လင်နေတယ်လို့ အဆိုရှိတယ်။ ပြုံးပျော်ရွှင်ပျနေတဲ့ပုဂ္ဂိုလ်က သိဝိမို့လား''

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပေတယ် ပုဏ္ဏား၊ ကျွန်ုပ်ဟာ သိဝိမင်းပါပဲ"

"အဟဲဟဲ၊ မင်းကြီးကျေးဇူးကြောင့် ကျုပ်ချမ်းသာရာရတယ်။ ကျေးဇူးအထူးတင်ပါတယ်မင်းကြီး။ အဲ… ဒါပေမယ့်"

ပုဏ္ဏားသည်မြင်ရသည့်မျက်လုံးကိုမိတ်လျက် မျက်နှာအပေါ်မော့ပြီး စဉ်းစားဟန်ပြုသည်။

"ဘာများလဲ ပုဏ္ဏား"

"အရှင်မင်းကြီးဟာတစ်ချိန်က မျက်စိကောင်းတော့ လောကကြီးတစ်ခုလုံးကိုရှင်းရှင်းလင်းလင်း မြင်ဖူးတွေ့ဖူးတယ်။ ဒီအရသာကိုလည်း ခံယူဖူးတယ်။ ကျုပ်ကတော့တစ်ဖက်အားနဲ့သာ အမြင်ဓာတ်ခံစားရတော့"

"ဟဲ့၊ ပုဏ္ဏားအို၊ သင့်စကား ဒီမှာရပ်"

မျက်မမြင်ပုဏ္ဏားလျှောက်ထားမည့်စကားကို ကြိုတင်သိနေလေဟန် ဖြင့် မိဖုရားကြီးက ဝင်ရောက်ဟန့်တားသည်။ မင်းကြီးကလက်ပြတားလိုက်ပြီး၊ အဓိပ္ပာယ်နားလည်ဟန်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"အသင် ပုဏ္ဏား၊ သင့်ရဲ့မျက်စိနှစ်လုံးစလုံးမြင်လိုသလား"

"ဒီအရသာကို ခံစားချင်တာပဲ မင်းကြီး"

"ကောင်းပြီ၊ သမားတော်ကြီး သိဝိက၊ ကျန်နေတဲ့မျက်လုံးကို ဖောက်လိုက်ပါ"

"အရှင်မင်းမြတ်"

သမားတော်၏စကားကို လက်မခံဘဲ၊ ကျန်မျက်လုံးကိုပါဖောက်ယူပြီး ပုဏ္ဏားကိုလှူလိုက်သည်။ မျက်လုံးနှစ်လုံးကို ရသွားသော ပုဏ္ဏားသည် သာဓုခေါ်ကောင်းချီးပေးဖို့ပင် သတိမရလေဟန်ဖြင့် ပျော်ပျော် ရွှင်ရွှင် ထွက်သွားတော့သည်။

အကောင်းပကတိအနေအထားမှ မျက်စိကွယ်သွားရသည့် မင်းကြီးသည် အများအမြင်တွင် မတင့်တယ်တော့သဖြင့် အမတ်များကို ထီးနန်းလွှဲပြီး၊ ဥယျာဉ်တော်တွင်း၌ တစ်ပါးတည်းစံမြန်းတော်မူလေသည်။

* * *

ခြေလက်ရှိသူသည် ခြေလက်၏အကျိုးကိုကောင်းနေစဉ်က မသိ။ ခြေလက်အင်္ဂါချို့ယွင်းသွားမှထိုခြေလက်၏ တန်ဖိုးကို အကျိုးကိုသိသည်။

သိဝိမင်းကြီးသည် မျက်စိကောင်းနေစဉ်က မျက်စိ၏အသုံးဝင်အကျိုးကြီးမှုကို အာရုံမစိုက်မိ။ ခုအလင်းမရတော့မှ မျက်စိကောင်းခြင်း အကျိုးကိုသိလာသည်။

"အင်း…ငါ့မျက်စိကွယ်သွားပေမယ့် ငါ့ကျေးဇူးကြောင့်ပုဏ္ဏားအိုကြီးတော့ အဆင်ပြေသွားပြီ။ ခုဆိုရင် သူကြည့်ချင်တာကြည့်လို့ရပြီ။ မြင်ချင်တာ မြင်လို့ရပြီ။ သူ့ဘယ်လောက်ဝမ်းသာနေမလဲ မသိဘူး။

သိဝိမင်းကြီးသည်ပြုခဲ့သောအလှူဒါနအကျိုးကိုတွေးပြီး လမ်းလျှောက်နေစဉ် ကျောက်ခဲတစ်လုံးနှင်းမိပြီး ချော်လဲကျသွားသည်။ ဒေါသစိတ်ဖြစ်သွားသည်။

"ငါလေ…ဒီလိုမျက်ကန်းဘဝနေရတာထက်စာရင် မြန်မြန်သေလိုက်တာကမှ ကောင်းသေးတယ်။ သေမယ်ဆိုလည်းသေလိုက်ပါတော့"

"အို…မင်းကြီး၊ ဘာကိုတောင့်တသလဲ"

"သင်ဘယ်သူတုန်း"

"ငါသိကြားမင်းပါ မင်းကြီး။ သူတော်ကောင်းကိုစောင့်ရှောက်သူပါ။ အရှင်မင်းကြီးရဲ့ သူတော်ကောင်းစိတ်ကြောင့် ငါချီးမြှင့်ဖို့ ရောက်လာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



“ဒါဆိုလည်း မြန်မြန်သေရအောင် ဖန်တီးပေးပါ။ အကန်းဘဝဟာ ဘဝတစ်ခုလုံးဆုံးရှုံးတာနဲ့ ဘာထူးသေးလဲ”

“မျက်စိမမြင်လို့သေလိုတာမို့လား…အကယ်၍သင့်မျက်လုံးကောင်းရင် သေချင်စိတ်မရှိဘူးမို့လား….”

သိဝိမင်းကြီးသည် သိကြားမင်း၏အမေးကို ပြန်လည်စဉ်းစားကြည့်သည်။ မျက်စိမမြင်တော့မှ သေချင်စိတ်ဖြစ်လာသည့် စိတ်ကိုသတိပြုမိသည်။ အကယ်၍မျက်စိသာ အကောင်းပကတိဖြစ်နေလျှင် အသက်ရှင်လိုသေးသည်။ အလှူဒါနတွေ ပြုလိုသေးသည်။ လူ့ဘဝတွင် အသက်ရှင်နေသမျှ ဒါနပါရမီ၊ သီလပါရမီဖြည့်လိုသေးသည်။

“မှန်ပေတယ် သိကြားမင်း”

“ဒါဆို သင်းမျက်လုံးပြန်ကောင်းအောင် မျက်လုံးလှူစဉ်က စိတ်ကို နှလုံးသွင်း၊ ဒီကောင်းမှုအကျိုးကို ငါလည်း ထပ်တူရပါစေလို့ အဓိဋ္ဌာန်တင်ဆုတောင်းပေါ့မင်းကြီး”

သိကြားမင်းသည် မင်းကြီးအားအကြံပြုပြီးသည်နှင့် တာဝတိံသာသို့ ပြန်တတ်သွားသည်။ မင်းကြီးသည် မိမိ၏ ဒါနကောင်းမှုကို နှလုံးသွင်းသစ္စာပြုလိုက်သည့်ခဏတွင် မျက်စိအလင်းပြန်ရလေသည်။

မျက်စိများအကောင်းပကတိဖြစ်သွားသော မင်းကြီးသည်ရွှေနန်းတော် သို့ပြန်ဝင်သည်။ မင်းကြီးလျှောက်လာသည်ကို မြင်ရသော နန်းတွင်းသူ နန်းတွင်းသားတို့သည် ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ကြွေးကြော်ဆိုကြသည်။

“အရှင်မင်းကြီး၊ သက်တော်ရှည်ပါစေ…”

**ကျမ်းကိုး။ ။ဝိသတိနိပါတ်၊ သိဝိဇာတ်။**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သေသော်လည်းသေစေ

"အဆင်ပြေကြလား..."

"ပြေပါတယ်ခင်ဗျာ..."

"လောက်လောက်ငငါ ပြည့်ပြည့်စုံစုံရှိကြလား..."

"ရှိပါတယ်သူဌေး"

သခ်သူဌေးသည် ဘဏ္ဍာစိုးကိုခေါ်လျက် တောင်တံခါးရှိ မဏ္ဍပ်ရောက်ချိန်တွင် လူကအတော်အတန် ကျဲနေပြီဖြစ်သည်။ လက်ကျန်ထမင်းဟင်းနှင့် ပြည့်စုံလုံလောက်မှုရှိမရှိမေးမြန်းပြီး၊ မိမိအိမ်ရှိမဏ္ဍပ်သို့ တစ်ကျော့ ပြန်လှည့်လိုက်သည်။

မြို့တံခါးလေးရပ်၊ မြို့လယ်နှင့် မိမိအိမ်ရှေ့ခြောက်ဌာနတွင် မဏ္ဍပ်ခြောက်ခုဆောက်လျက်၊ ဌာနတစ်ခုတွင် တစ်သိန်းဖိုးစီအကုန်အကျခံ လှူဒါန်းသည်။ ဤအလှူက တစ်နေ့တစ်ရက်မဟုတ်၊ နိစ္စဓုဝအလှူ။

မိဘဘိုးဘွားလက်ထက်မှ ကျန်ရှိသည့်ပစ္စည်းနှင့် ကိုယ်တိုင်စုဆောင်းရှာဖွေထားသည့်ပစ္စည်းပစ္စယများက တစ်နေ့တစ်ရက်စာ မဟုတ်။ တစ်သက်တာပေးလှူလျှင်လည်း ကုန်ဖွယ်မရှိ။ ဤပစ္စည်းများကို ဘဏ္ဍာတိုက်ထဲတွင် မပျောက်ပျက်အောင် သိုမှီသိမ်းဆည်းရုံဖြင့် အကျိုးမရှိ၊ သေရွာသို့လည်းယူမသွားနိုင်။ မိမိသွားလေရာအပါ ယူသွားနိုင်အောင် ဒါနကုသိုလ်ပြုမည်။ နောင်ဘဝအတွက် ရိက္ခာထုပ်စိုက်ပျိုးမည်ဟု ကြံရွယ်ခဲ့သည်။ ကြံစည်သည့်အတိုင်း မြို့တံခါး လေးရပ်နှင့် မြို့တွင်း၌မဏ္ဍပ်ကြီးဆောက်လုပ်လှူဒါန်းရာ၊ လူအများ နှစ်လိုမှုရရှိသည်။

သခ်ပုဏ္ဏားသည် သူဆင်းရဲများကြောင့်ကြမှုကင်းပြီး၊ ပျော်ပျော်ရွှင်ရွှင်စားသောက်နေသည်ကိုမြင်ရလျှင် ပီတိ ဖြစ်နေသည်။ ပေးသမျှကျွေးသမျှကို အားပါးတရစားသောက်နေသည်ကိုတွေ့ရလျှင် ကျေနပ်သည်။ ကျွေးမွေးရာတွင် လောက်လောက်ငငဖြစ်စေရန် ကိုယ်တိုင်ကြီးကြပ်ညွှန်ကြားလေ့ရှိသည်။

ဤသို့ရက်လရှည်ကြာ လှူဒါန်းခဲ့ရာ ပစ္စည်းဥစ္စာလျော့ပါးသွားသည်။ ဘဏ္ဍာတိုက်ကိုဖွင့်ကြည့်ချိန်တွင် တစ်ဝက်သာသာလျော့နည်းနေမှုကြောင့် စိုးရိမ်သွားသည်။ ပစ္စည်းဥစ္စာကုန်ခန်းသွားမည်ကို မစိုးရိမ်၊ မလှူရမတန်းရ ဖြစ်မည်ကိုသာတွေးပူသည်။ ထို့ကြောင့်လျော့နည်းသွားသည့် ရိက္ခာများဖြည့်တင်းရန် စီမံရတော့သည်။

* * *

"သူဌေးကိုယ်တိုင်သွားမလို့လား...အန္တရာယ်ကြီးပါတယ်သူဌေးရယ်"

"ဒီတစ်ခေါက်တော့ ကိုယ်တိုင်ဖိဖိစီးစီးလုပ်မှဖြစ်မယ် ဘဏ္ဍာစိုး၊ လှူဖို့တန်းဖို့ငွေကြေးလျော့နည်းနေပြီ၊ ငါက မလှူဘဲမနေနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း သူဌေးကိုယ်စားကျွန်တော်လိုက်သွားပါ့မယ်…"

"မဖြစ်ဘူး၊ ဘဏ္ဍာစိုး။ အလှူမဏ္ဍပ်တွေမှာ သင်ရှိမှဖြစ်မယ်။ ကဲပါလေ…ကြာမယ်မထင်ပါဘူး"

သခ်ပုဏ္ဏားသည် ငွေရေးကြေးရေးလျော့နည်းလာခြင်းအတွက် ပူပန်သောကဖြစ်လာသည်။ သို့အတွက် ကုန်သွယ်လှေများကို ကိုယ်တိုင်ကြီးကြပ်လိုက်ပြီး၊ ကိုယ်တိုင်ရောင်းချကိုယ်တိုင်ငွေသိမ်းပြီး ဘဏ္ဍာတိုက်ထဲ တည့်ချင်သည်။ ပြည့်ပြည့်ဝဝရှိလျှင် ကြောင့်ကြမှုကင်းစွာလှူနိုင်မည်။ သို့ဖြစ်၍ ကုန်သွယ်သွားရန်လှေများရှိရာ ပတ္တနဆိပ်ကမ်းသို့ ဆင်းဖို့ပြင်သည်။

"သူဌေးထီးဆောင်းသွားဦးလေ…သင်္ဘောဆိပ်အသွားလမ်းမှာနေပူမယ်"

"အေးအေး၊ လောနေတော့ပူတာလည်း မသိတော့ပါဘူး ဘဏ္ဍာစိုးရယ်"

"ဖိနပ်ကတော့ စီးလက်စနဲ့ပဲသွားမှာလား…"

"လဲမနေပါဘူး"

သူဌေးသခ်သည် ကုန်အပြည့်တင်ထားသည့်လှေများရှိရာသင်္ဘောဆိပ်သို့ ခပ်သုတ်သုတ်ထွက်ခဲ့သည်။

ထိုအခိုက်တွင် ဂန္ဓမာဒနတောင်ဦးသီတင်းသုံးသော ပစ္စေကဗုဒ္ဓါသည် သခ်၏ရေလမ်းခရီးအန္တရာယ်ကို ရှုမြင်သည်။ ကုသိုလ်ကောင်းမှု နှင့် ထုံမွှမ်းနေသော သူဌေးသခ်ကိုအချည်းနှီးမဆုံးပါးစေလို။ သူကြောင့် လောကတွင် ဒါနမဆိတ်သုဉ်း၊ သီလမခေါင်းပါးခြင်းဟုမြင်သည်။ ဒါန၊ သီလအရာတွင်ရှေ့ဆောင်လမ်းပြနေသော သခ်ပုဏ္ဏားကို ကယ်တင်ရန် ကောင်းကင် ခရီးဖြင့်ကြွလာသည်။ နေရှိန်ကြောင့် မီးကျီးခဲတမျှ ပူလောင်နေသော သဲသောင်ပြင်ကိုနင်းလျက် သခ်ရှိရာသို့ ရှေးရှု လာသည်။

"ဟော…အရှင်မြတ်"

သခ်ပုဏ္ဏားသည် မိုခိုရာဖြစ်သောပစ္စေကဗုဒ္ဓါအရှင်မြတ်မြင်သည်နှင့် သင်္ဘောပေါ်မှ အပြေးတစ်ပိုင်းနှင့် ဆင်းလာသည်။ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုရှိခိုးလိုက်သည်။

"အရှင်ဘုရားကြွလာမယ်မှန်းမသိလို့ဘုရား…"

"အချင်းသခ်၊ ကုန်သည်လှေနဲ့ ခရီးသွားမယ်ဆိုတာသိလို့ လာနှုတ်ဆက်တာပါ"

"ဝမ်းမြောက်ရပါဘုရား…"

သခ်သည် အရှင်မြတ်ကိုခရီးဦးကြိုပြုလျက် ခြေဆေးရေနှင့် ခြေအစုံကို ကိုယ်တိုင်ဆေးကြောပေးသည်။ ထို့နောက် နံ့သာရည်သုတ်လူးပေးပြီး သူစီးထားသည့် ဖိနပ်ကိုချွတ်လျက် ကိုယ်တိုင်လှူလိုက်သည်။

"သဲသောင်က နေပူနေတော့ ခြေထောက်သဲပူဒဏ်ခံရတာပေါ့ ဘုရား…အရှင်ဘုရားခြေအစုံကိုကိုင်ကြည့်တော့ လှပ်လှပ်လှပ်လှပ်နဲ့တောင်ဖြစ်နေသေးတယ်။ ခုမှအပူလျော့သွားတယ်"

"အင်း၊ ဟုတ်ပါလိမ့်မယ်"

"ပြန်ကြွရင်လည်း ထီးလှူလိုက်ပါရစေ…"

"သာဓု…သာဓု…သာဓု"

သခ်ပုဏ္ဏားသည် မရည်ရွယ်ဘဲနှင့် ထီးဖိနပ်လှူဖြစ်သွားသည်။ အရှင်ပစ္စေကဗုဒ္ဓါသည် သခ်ပုဏ္ဏားထံသွားလျှင် ဤသို့ထီးနှင့်ဖိနပ်လှူရခြင်းကြောင့် သွားလမ်းလာလမ်းဖြောင့်ဖြူးအံ့၊ အန္တရာယ်တစ်စုံတစ်ရာ တွေ့သည့်တိုင် ဤအလှူဒါန၏အကျိုးကြောင့် ဘေးကင်းအံ့ဟုမြော်မြင်ပြီး အလှူဒါနမြောက်အောင် ကြွလာခြင်းဖြစ်သည်။

သခ်၏အလှူအတွက်ကောင်းချီးပေးပြီး၊ အရှင်မြတ်ပြန်ကြွသည်။ သခ်ပုဏ္ဏားလည်း ကြည်နူးသဒ္ဓါစိတ်ကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်လှေပေါ်သို့ပြန်တက်ခဲ့သည်။ ခဏအကြာတွင် လှေကြီးကိုရွက် လွှင့်ထွက်ခဲ့တော့သည်။

* * *

www.burmeseclassic.com



သင်္ဘောလိုက်ပါလာသည့် ကုန်သည်လှေကြီးသည် ဆိပ်ကမ်းမှတရွေ့ ရွေ့ထွက်ခွာလာရာ လေးရက်မြောက်နေ့တွင် သမုဒ္ဒရာသို့ရောက်သည်။ အပြောကျယ်လှသည့်သမုဒ္ဒရာကိုတစ်လနီးပါးဖြတ်ကျော်လျှင် တစ်ဖက်သင်္ဘောဆိပ်သို့ ရောက်သွားမည်။ ထိုသင်္ဘောဆိပ်မှာပင် ကုန်များအရောင်းအဝယ်ပြုမည်။ မိမိအရပ်တွင်ရှားပါးသော ပစ္စည်းများ ဝယ်ခြမ်းပြီး ပြန်ရောင်းလျှင်၊ တစ်နှစ်စာလျှုနိုင်သည့် ငွေကြေးပြန်ရမည်။ ဤသို့သုံးလ တစ်ခေါက်ပုံမှန်အရောင်း အဝယ်ဖြစ်လျှင် သူ၏နိစ္စဓုဝအလှူကြီးက အောင်မြင်နေမည်သာ။

ဟာ...။

အတွေးနှင့်နစ်မျောနေစဉ်မျှော်စင်ထိပ်မှ သင်္ဘောသား၏ အော်သံနှင့်အတူ သင်္ဘောသားများ ရှုပ်ရှပ်သဲသဲ ဖြစ်ကုန်သည်။ သူဌေးသခ်ဖြုန်းခနဲ့ထရပ်လိုက်သည်။

"ဘာဖြစ်တာလဲ"

"လေဆင်နှာမောင်းဝင်လာမယ့် လက္ခဏာပဲ သူဌေး"

"ဟေ...ဘယ်လိုလုပ်ကြမလဲ"ဟု စိုးရိမ်ပူပန်မှုဖြင့် မေးလိုက်ချင်ပေမယ့်၊ အစိုးရိမ်တကြီးပြင်ဆင်လှုပ်ရှား နေသည့် သင်္ဘောသားများ စိတ်အနှောင့်အယှက်ဖြစ်မည်စိုး၍ မမေးဖြစ်တော့။ သင်္ဘောသားများအား ဘာဝိုင်းကူရမလဲဟု တွေးသည်။ တွေးပင်တွေးသော်လည်း သင်္ဘောသားတို့၏အလုပ်နှင့် ပတ်သက်၍သူကျွမ်းကျင်သည်မရှိ။ ထို့ကြောင့် ဘေးမှသာ ရပ်ကြည့်နေမိသည်။

သင်္ဘောသားများက ရွက်ကိုအလျှင်အမြန်ဖြုတ်ချပြီး၊ သင်္ဘောဝမ်း၌ထည့်လာသည့် ကုန်ပစ္စည်းများကို ချည်နှောင် ထုပ်ပိုးနေသည်။

လေကတဖြည်းဖြည်းနှင့် ပိုကြမ်းလာသည်။ ရေသရဲတစ်ကောင်ပမာ အသံကုန်ဟစ်ကြွေးလျက် ခြေကားယား လက်ကားယားပြေးဝင်လာသည့် လေဆင်နှာမောင်းကြီးက ကုန်တင်လှေကြီးကို တွန်းထိုးပုတ်ခတ်ပစ်လိုက်သည်။ သင်္ဘောသားများသည် အလဲလဲအပြိုပြိုနှင့် အော်ဟစ်ဆဲဆိုရင်း ကုန်းရုန်းထသည်။ ထိုအချိန်မှာပင် ရေလုံးကြီးတစ်ခုက သင်္ဘောကိုယ်ထည်ကိုဝုန်းခနဲအသံမြည်သွားအောင် ပစ်တိုက်လိုက်သည်။ ကိုယ်ထည်အချို့ကွဲအက်ပျက်စီးလျက် ရေများသင်္ဘောအတွင်း ဝင်လာသည်။ ပျက်စီးလေပြီ။

သူဌေးသခ်သည် မိမိ၏သင်္ဘောကြီး ပျက်စီးသွားပြီဟူသော အသိကြောင့်ကိုယ့်အသက်ရှင်သန်ရေးအတွက် လုံးပန်း အားထုတ်ရန်သာ ကြိုးစားတော့သည်။ သို့ဖြစ်၍ အလွယ်တကူရှာဖွေတွေ့သည့် အစားအစာများကို ကမန်းကတန်း စားလိုက်သည်။ တစ်ကိုယ်လုံးကို ဆီများလိမ်းကျံလျက် ခါးတောင်းကျိုက်သည်။ ထို့နောက် လင်းယာဉ်တိုင်ထိပ်သို့ တက်လိုက်သည်။

လေမိုက်ကပြင်းထန်ဆဲ။ သင်္ဘောကြီးကမူ တဖြည်းဖြည်းနှင့် မည်းနက်နေသည့် ရေပြင်ထဲသို့နစ်မြုပ်စပြုပြီ။ ပစ္စည်းသခ်ါရ၊ လူသခ်ါရဟူသော အတွေးတစ်ခုဝင်လာသည်။ အရာရာကိုတွယ်တာ စိတ်ဖျောက်လျက် ရှေးရှေးက ပြုဖူးသော ကုသိုလ်ကောင်းမှုကိုသာ အောက်မေ့ဆင်ခြင်လိုက်ပြီး၊ မိမိ၏အရပ်ဒိသာနီသို့မှန်းဆလျက် ပင်လယ်တွင်းခုန်ချ လိုက်သည်။

အပြောကျယ်သည့် ပင်လယ်ပြင်ကြီးကို လက်ပစ်ကူးနေသည့် သူဌေးသခ်၏ကြိုးပမ်းအားထုတ်မှုသည် အကျိုးမဲ့ အားထုတ်နေခြင်းသာ။ သို့သော် သူဌေးသခ်ကမူ ယောကျ်ားတို့ ဖွဲသေခါမှလျှော့အံ့ဟု စိတ်စွဲထားသည်။ ကူးရင်းခပ်ရင်း သေလိုကသေ၊ မသေကကမ်းပေါ်သို့ပြန်ရောက်ရမည်။ ဤသို့ရောက်လျှင်ရှိသည့်ပစ္စည်းကို လှူဒါန်းဦးမည်။ လှူဒါန်း ခြင်းဖြင့် ဘဝကို အဆုံးသတ်မည်ဟု တွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးရင်းခပ်ရင်း တောင်တွေးမြောက်တွေးတွေးမိသည်။ သဘော်ဆိပ် မှထွက်လာချိန်နှင့် ပင်လယ်ခရီးသွားလာချိန်ကို တွက်စစ်သော် ဤနေ့ ဤရက်သည်ဥပုသ်သီတင်းနေ့ဖြစ်သည်ကို သတိရလိုက်သည်။ ဩော်... ငါအသက်ရှင်နေသေးသမျှ ကောင်းမှုပြုမည်။ ဒါနကောင်းမှု မပြုနိုင်သော်လည်း သီလကောင်းမှုကားပြုနိုင်သေးသည်။ ဤသို့ တွေးလျက် ပင်လယ် ဆားငန်ရေကို ငုံလျက်တွေးထုတ်ပြီး အဋ္ဌင် ဥပုသ်သီလ စောင့်ထိန်းရန်ရွတ်ဆိုလိုက်လေတော့၏။

* * *

''အသင်ယောကျ်ား၊ သင်ရဲ့လုံ့လအားငါချီးကျူးပါဘိ။ ဤရွှေခွက်တွင်း၌ထမင်း၊ အဖျော်နဲ့အားရှိစေသောအစာများရှိပါ၏။ သုံးဆောင်ပါ''

သင်္ခပုဏ္ဏားသည် ပင်လယ်ပြင်ကြီးကိုအန်တုလျက် ကူးခပ်နေစဉ် တစ်စုံတစ်ယောက်၏အသံကြား၍ မော့ကြည့်လိုက်သည်။

''ငါမဏိမေခလာနတ်သမီးတည်း။ ငါဟာရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူအား အစဉ်စောင့်ရှောက်သူဖြစ်တယ်''

''ဩော်...ဩော်''

''သင်ဟာ အကျင့်သီလနဲ့လည်းပြည့်စုံတယ်။ မိဘနဲ့သက်ကြီးရွယ်ကြီးတွေကိုလည်း ရိုသေပြုစုတယ်။ ဒါကြောင့် သင်လိုပုဂ္ဂိုလ်မျိုး အချည်းနှီးမဆုံးရှုံးသင့်။ အာဟာရသုံးဆောင်ပါ''

''အချင်းနတ်သမီး၊ ငါဟာဥပုသ်နေ့ဖြစ်လို့ ရှစ်ပါးသီလစောင့်ထိန်းရန် အဓိဋ္ဌာန်ပြုထားတယ်။ စောင့်လည်းစောင့်ရှောက်ထားတယ်။ သင်ပေးတဲ့အစားအစာကြောင့် ငါရဲ့သီလမညှိုးနွမ်းစေလို''

''အသင်အာဇာနည်ယောကျ်ား။ အူမတောင့်မှသီလစောင့်နိုင်မယ်လို့ ဆိုရိုးစကားရှိတယ်။ ခက်ခက်ခဲခဲရန်းကန်းနေရချိန်မှာ သင့်အဖို့အားနှင့် ပြည့်စုံသင့်တယ်...''

''ရှိစေနတ်သမီး။ သင့်အစာတစ်လုတ်အတွက် ငါစောင့်ထိန်းတဲ့သီလအပျက်မခံ''

မဏိမေခလာနတ်သမီးသည် အကျင့်သီလနှင့် ပြည့်စုံသည့်ပုဏ္ဏားအား ချီးကျူးလိုက်မိသည်။ သို့သော် အကျင့်မြဲမြံမှု ရှိမရှိ စမ်းသပ်ရန် တွေးလိုက်ပြန်သည်။

''အသင်ယောကျ်ား။ ဒီရွှေခွက်တွင်းမှာ ထမင်း၊ အဖျော်သာမက အိပ်ရာ၊ ဆင်၊ မြင်းတို့လည်းပါရှိတယ်။ သင်အလိုရှိသလိုသုံးဆောင်ပါ''

''အချင်း နတ်သမီး၊ ငါ့ကိုဒါတွေဘာကြောင့်ပေးနေသလဲ''

''သင့်ကောင်းမှုကြောင့်ပါ''

''အချင်းနတ်သမီး၊ ငါ့ကောင်းမှုကားများလှ၏။ အဘယ်ကောင်းမှုနည်း''

''အသင်ယောကျ်ားကောင်း၊ သင်ခရီးမထွက်ခင် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ရိုကျိုးစွာရှိခိုးခြင်း၊ ထီး၊ ဖိနပ်လှူဒါန်းခြင်းအကျိုးတည်း''

''ဝမ်းမြောက်လှပါဘိ။ ငါ့ကောင်းမှုကား ဤမျှနှင့်မတန်။ နေ့စဉ်ပြုသော ဒါနကောင်းမှုကြောင့် ငါဒီခရီးထွက်ခဲ့ခြင်းဖြစ်တယ်၊ အကယ်၍ ငါလွတ်မြောက်လျှင်ပြုမြဲဝတ်အတိုင်းပြုရန် အဓိဋ္ဌာန်ပြီးဖြစ်တယ်။ အကယ်၍ သင်ကူညီလိုလျှင် ငါ့အားစည်းစိမ်မလို။ ရေလုံတဲ့ လှေတစ်စင်းသာလျှင်လိုပေ၏''

သင်္ခပုဏ္ဏားသည် စည်းစိမ်ကိုငြင်းပယ်လျက် ပင်လယ်မှလွတ်မြောက်ရေးသာ တောင်းဆိုသည်။ မဏိမေခလာနတ်သမီးသည် သူတော်ကောင်းကို စောင့်ရှောက်အပ်သည့်အလျောက် လှေတစ်စီးကိုဖန်ဆင်းပေးလိုက်ပြီး ထိုလှေပေါ်တွင် ရတနာခုနစ်ပါးအပြည့်တင်လျက် ဆိပ်ကမ်းအရောက် ပို့ပေးလိုက်လေတော့သည်။

ကျမ်းကိုး။ ။ငါးရာငါးဆယ်ဇာတ်တော်၊ ဒသကနိပါတ်၊ သင်္ခဇာတ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ရန်တုံ့မှု အစိတ္တာန်ယူ

''ဒီနေ့လောက်လာဘ်တိတ်တဲ့နေ့မျိုး တစ်ခါမှ မကြုံဖူးပါဘူး''

မုဆိုးတစ်ယောက်က ခေါင်းကိုဘယ်ပြန်ညာပြန်ခါလျက် ညည်းညူသည်။

''ဟုတ်ပကွာ…တခြားနေ့ဆိုရင် ယုန်တစ်ကောင်လောက်ဖြစ်ဖြစ်၊ ယက်ကန်ယက်ကန်ဖြစ်နေတဲ့ လိပ်ဖြစ်ဖြစ် ရတတ်သေးတယ်…''

''မင်းက ယုန်မရခင်ကတည်းက သံပရာရှာနေတာကိုး''

''ဘာဆိုင်လို့လဲ''

''ဟုတ်တယ်လေ…ဒီနေ့သမင်တစ်ကောင်ရအောင်ပစ်မယ်။ တစ် ခြမ်းကိုရောင်းပြီး တစ်ခြမ်းကို ဆီပြန်ချက်စားမယ်လို့ ကြိမ်းမောင်းထားတာ…သမင်တောင် ကျောချမ်းလောက်တယ်…''

မုဆိုးနှစ်ယောက်က အချင်းချင်းပြောရင်း စိတ်ပျက်လက်ပျက် ညည်းညူသည်။

သားကောင်မရသည်နေ့မှ နေကလည်းခြစ်ခြစ်တောက်ပူနေသည်။ ခေါင်းပင်အရည်ပျော်သွားလေမလားဟု ထင်ရသည်။ နဖူးမှဒီးဒီးကျနေသော ချွေးကိုပုဆိုးစနှင့်သုတ်ရင်း စိတ်မောလူမောဖြင့် အဝေးသို့မျှော်ကြည့်သည်။

''ဟော့…''

ရုတ်တရက်ရပ်တန့်လျက်၊ ''တိတ်တိတ်နေ''ဟူသော အမူအရာ ဖြင့်နှုတ်ခမ်းပေါ်လက်ညှိုးကို ကန့်လန့်ဖြတ်တင် ''ရှူး…ရှူး'' ဟု အသံပြုလိုက်သည်။ ကျန်မုဆိုးများက ''ဘာလဲ…'' ဟူသော အမူအရာဖြင့် မျက်စပစ်မေးသည်။

စောစောကသတိပေးသည့်မုဆိုးက တောင်ပို့တစ်ခုဆီသို့ လက်ညှိုးညွှန်ပြသည်။

အရိပ်ကောင်းသည့်သစ်ပင်ကြီးအောက်ရှိ တောင်ပို့တစ်ခုပေါ်တွင် ပေါင်လုံးခန့်ရှိသော မြွေကြီးတစ်ကောင်က ကိုယ်လုံးကိုရစ်ခွေထားပြီး၊ ခေါင်းကိုမေးတင်လျက် အိပ်စက်နေသည်။

''ငါးမရရေချိုးပြန်တာတော့ မဟုတ်ဘူး၊ သားကောင်မရရင်လည်း မြွေဖမ်းပြန်တာပေါ့''

''စပါးကြီးမြွေနဲ့တူတယ်…''

''မဟုတ်ဘူး၊ အဲဒါစပါးအုံးကွ''

''ဘယ်ကလာ…ကိုယ်ထည်ကြီးတာမြင်လို့ စပါးကြီးတွေ စပါးအုံး တွေပြောမနေနဲ့၊ အဲဒါမြွေဆိုး။ အင်မတန် အဆိပ်ပြင်းတဲ့ မြွေမျိုး''

''ခင်ဗျားက ဘယ့်နှယ်သိလဲ''

www.burmeseclassic.com

www.burmeseclassic.com



''မြွေခေါင်းကဝိုင်းတယ်…သူ့အရေခွံကမည်းပြောင်နေတယ်။ မြွေပွေးလိုအကွက်တွေထမနေပေမယ့် ထူထဲတဲ့အကြေးခွံရှိတယ်။ အဲဒါ မြွေဆိုး၊ ဒါမှမဟုတ် နဂါး''

နဂါးဟုဆိုလိုက်သဖြင့် မုဆိုးများလန့်ဖျပ်ပြီး ခြေတစ်လှမ်းဆုတ်ကြသည်။ ကြောက်ရွံ့သည့်မျက်နှာများဖြင့် မြွေကြီးဆီကိုပဲ ကြည့်နေသည်။ မြွေကြီးကမူ သူ့အနီးတွင်မုဆိုးများရောက်နေသည်ကို မသိဟန်၊ သတိမမူမိလေဟန်ဖြင့် အိပ်စက်လျက်။

''ဘယ်လိုလုပ်မလဲ…''

''ဖမ်းမယ်…''

''အန္တရာယ်ကြီးတယ်နော်…''

''အန္တရာယ်ကြီးလေလေ ဈေးကောင်းရလေလေပေါ့။ ဒီမြွေကြီးဖမ်းပြီး အထူးအဆန်းပြမလား…ပြလို့ရတယ်။ ဒါမှမဟုတ် မျက်လှည့်ပြမလား။ နောက်ဆုံးမျက်လှည့်ဆရာကိုရောင်းရင်…''

''တော်တော်အကြံကြီးတယ်။ မြွေဖမ်းဖို့ပဲကြိုးစားဦး''

မုဆိုးဆယ့်ခြောက်ယောက်သည် မလှုပ်မယှက်ခွေနေသည့် မြွေကြီး ကိုဖမ်းဖို့ကြံစည်ကြသည်။ ဖမ်းလည်းဖမ်းချင်၊ လိုလည်းလိုချင်၊ အန္တရာယ်ဖြစ်မှာလည်း ကြောက်နေသည်။ မြွေကြီးကိုစမြင်သည့် ပုဏ္ဏားကမြွေနှင့် နီးနိုင်သမျှ နီးကပ်သွားအောင်တိုးသွားသည်။ ခွေအိပ်နေသည့်မြွေကြီးကို စေ့စေ့စပ်စပ်ကြည့်ပြီး၊ ကျန်မုဆိုးများကိုလက်ရပ်ခေါ်သည်။ မုဆိုးများက မရဲတရဲတိုးလာကြသည်။

''ဒီမြွေကြီး မလှုပ်နိုင်တော့ဘူးဗျ။ သားကောင်တစ်ကောင်ကောင်ဖမ်းစားပြီး မှိန်းနေတာ…''

''ဘယ်ကလာ…ဒီလောက်ပိန်ချုံးနေတဲ့ ကိုယ်လုံးမြင်ရရက်နဲ့၊ အစာမြိုထားတယ်ဆိုတာ ဟုတ်မလား…''

''အင်း…ဒါလဲဟုတ်တာပဲ။ ဒါဆိုဘာလို့ငြိမ်နေတာလဲ''

''ဟော့ကောင်၊ မင့်လက်ထဲကတုတ်နဲ့ ထိုးကြည့်စမ်း''

''ဟာ…မလုပ်ရဲပါဘူး။ တုတ်နဲ့ထိုးလိုက်မှ ဝူးခနဲထလိုက်ရင် အခက်''

''မှန်း…မင်းတို့ဘေးဖယ်စမ်း။ ငါ့စိတ်ထဲသိနေလိုလိုရှိတာတစ်ခုရှိတယ်။ ဟုတ်မဟုတ်သေသေချာချာစမ်းကြည့်မယ်''

မုဆိုးဆယ့်ခြောက်တွင် အကြီးအမှူးဖြစ်သည့် မုဆိုးကြီးက သူ့လူများကိုတွန်းဖယ်လျက် ရှေ့ကိုထွက်လာသည်။ မှိန်းနေသောမြွေကြီးကို အနေအထားအမျိုးမျိုးမှလှည့်ကြည့်သည်။ ထို့နောက်မုဆိုးတစ်ယောက် လက်ထဲမှတုတ်ကိုဆွဲယူလျက် မြွေ၏ကိုယ်လုံးကို တို့ကြည့်သည်။ မြွေမလှုပ်။ မြွေ၏ကိုယ်လုံးအောက်သို့ တုတ်သွင်းလျက် ထိုးကော်ကြည့်သည်။ မြွေကမလှုပ်။

''သေချာပြီဟေ့။ ကံကောင်းချင်တော့ ဥပုသ်သည်မြွေနဲ့တည့်တည့်တိုးတာပဲ။ ဒီမြွေကိုကြိုက်သလိုလုပ်။ ကိုက်ဖို့မပြောနဲ့၊ အမြီးနဲ့တောင် မခတ်ဘူး''

ခေါင်းဆောင်မုဆိုးသည် တံကျင်တစ်ခုကိုယူလျက် မြွေ၏ ခွေနေသောကိုယ်ထည်တွင်းသို့ ထိုးသွင်းလိုက်သည်။ ထို့နောက်အခြားတစ်ချောင်းယူလျက် ထိုးသွင်းလိုက်ပြန်သည်။ တံကျင်ရှစ်ချောင်းသွင်းလျက် ခွေနေသောမြွေကြီးကို ရဲရဲတင်းတင်းရွှေ့ယူလိုက်သည်။

* * *

ကဏ္ဍာဝေဏ္ဏာမြစ်ကိုစိုးစံသော သင်္ခပါလနဂါးမင်းသည် နဂါးစည်းစိမ်ကို နှစ်များစွာစိုးစံရသဖြင့် နဂါးမင်း၏ ဘဝ ငြီးငွေ့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးပျို့ရှယ်စဉ်ကမူ နဂါးမိဖုရားကြီးနှင့် ချစ်တင်းနှီးနှောရသည်ကို လည်းကောင်း၊ နဂါးရံရွေတော်များ၏ အလုပ်အကျွေး ပြုမှုကိုလည်းကောင်း၊ နဂါးအခြွေအရံတို့၏ သီကျူးတီးခတ်၊ ကခုန်ဖျော်ဖြေမှုကို လည်းကောင်း ခံစားရ၍မရောင့်ရဲနိုင်။ တရှိုက်မက်မက်ရှိခဲ့သည်။ ခုတော့ စည်းစိမ်ကိုလည်း မခင်တွယ်ချင်။ ရသာတဏှာအပေါ်၌ မတပ်မက်။ ကာမဂုဏ်အာရုံ ဟူသမျှသည် တဒင်္ဂ၊ တစ်ခဏသာချမ်းသာမှုပေးနိုင်ပေတကားဟု သိလာသည်။ ထိုအခါ လျောက်ပတ်သောနေရာတွင် တစ်ပါးတည်းနေလိုသည်။ ငြိမ်သက်မှုနှင့်ကုသိုလ်ကောင်းမှုကိုသာလျှင် ပြုချင်သည်။ သို့ဖြစ်၍ ဥပုသ်သီလ စောင့်ထိန်းခြင်းဖြင့်သာ အချိန်ကုန်ဆုံးစေချင်သည်။ ထိုအခါတွင် ပျော်ရွှင်ချမ်းမြေ့စရာ အဖုံဖုံနှင့်ပြည့်လျှမ်းနေသော နဂါး ပြည်သည် နဂါးမင်းအဖို့ငြီးငွေ့စရာဘုံဌာနဖြစ်လာသည်။ နဂါးပြည်မှ စွန့်ခွာလျက် လူ့ရပ်လူ့ခွင်ကိုသွားလိုသည်။ မြတ်သောအကျင့်သီလစောင့်ထိန်းလျက် ချမ်းမြေ့စွာနေချင်သည်။

လူ့ရပ်လူ့ခွင်သည်ဘေးအန္တရာယ်တွေနှင့်များပြားသော်လည်း ဆိတ်ငြိမ်ရာအရပ်၊ လူသူအရောက်အပေါက်နည်းရာ အရပ်ကိုအမှီပြုလျှင် ဘေးမဖြစ်လောက်ဟုတွက်သည်။ ထိုကြောင့်ရှစ်ပါးသီလခံယူပြီး အစိဌာန်ဥပုသ် ဆောက်တည် လိုက်သည်။

အစိဌာန်ဥပုသ်ဆောက်တည်၍ တစ်ပတ်သာသာရချိန်တွင် တောကောင်လိုက်ရာမှပြန်လာသော မုဆိုး ဆယ့်ခြောက်ယောက်က အမှတ်မထင် ရောက်လာလေသည်။ အစပိုင်းတွင် သူ့ကိုမမြင်သော်လည်း မုဆိုးတစ်ယောက် တွေ့သွားသည်။ အန္တရာယ်က ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီ။

"ငါသည် ရှစ်ပါးသီလကိုတစ်ဆယ့်လေးရက်ဆောက်တည်အံ့၊ ထိုကာလအတွင်းတစ်စုံတစ်ယောက်က ငါ့ကို ဖမ်းလျှင် လည်းကောင်း၊ သတ်လျှင်လည်းကောင်း၊ ငါ့အသွေးအသားယူလျက် ငါ့အရေကိုဆုတ်လျှင်သော်လည်းကောင်း ကြည်ဖြူစွာ ပေးလှူအံ့"

ဒါနကောင်းမှု၊ သီလကောင်းမှုပြုခွင့်ရတော့အံ့ဟု အစိဌာန်ပြုချိန်မှာပင် မုဆိုးတစ်ယောက်ကတုတ်နှင့် လာထိုးသည်။ ဥပုသ်စောင့်ပြီး အစိဌာန်ဥပုသ်ထား၍ မလှုပ်မယှက်နေသည်ကို အခွင့်ကောင်းယူလျက် ကိုယ်လုံးကို ရိုက်ကြည့်သည်။ မလှုပ်မယှက်ငြိမ်ခံနေသည်နှင့် ဝမ်းသာ အားရပိုင်းအုံလာသည်။ တံကျင်တုတ်တွေနှင့် ကိုယ်လုံးထဲ ထိုးသွင်းသည်။ နာကျင်လိုက်သည့်ဖြစ်ခြင်း။ အသည်းခိုက်အောင်ခံစားရသဖြင့် ကိုယ်ကိုဆန့်ထုတ်ရန်ကြံစည်မိသည်။ သို့သော်မိမိ၏ ဒါနကောင်းမှုအထမ မြောက်မည်စိုးသဖြင့်အောင့်အည်းသည်းခံနေလိုက်သည်။

"ငါ့အသက်ပင်ပေးစွန့်ပြီးဖြစ်လျက် ဘယ့်အတွက်တွန့်တိုနေသနည်း။ ပါရမီဖြည့်လော့...သည်းခံလော့... အစိဌာန်အောင်မြင်အောင် ဆောက်တည်လော့"

အစိဌာန်ပါရမီမြောက်ရန်အတွက် သည်းခံပြီးငြိမ်နေစဉ်မှာပင် မုဆိုးများက တံကျင်လျှိုထမ်းလျက် သယ်ကြ တော့သည်။

"လေးလိုက်တဲ့သတ္တဝါကွာ...အချိန်နှစ်ဆယ်လောက်ရှိမယ်"

"အချိန်နှစ်းလေ ကောင်းလေပေါ့။ တချို့က မြွေသားဆို သိပ်ကြိုက်တာ၊ ကြက်နဲ့တောင်လဲစားတယ်..."

"အဲလိုလူမျိုးနဲ့တွေ့မှ မြက်မြက်လေးရမှာ၊ အရေခွံကိုဆုပ်ပြီး အခင်းလုပ်ရင်လည်းကောင်းတယ်..."

"တချို့က မြွေအရေခွံကိုအင်္ကျီလုပ်ဝတ်တယ်...ဒီလိုလူမျိုးတွေ့ရင် ပွပေါက်"

မုဆိုးများက သခ်ပါလနဂါးကိုသတ်ဖြတ်ပြီးရောင်းစားရန် ကြံကြသည်။ နဂါးမင်းသည် အလုံးစုံကို ကြားနေသော်လည်း ပြုလိုရာပြုစေတော့ဟု နှလုံးပိုက်လျက်သည်းခံနေလိုက်သည်။

"ဗျို့ဆရာတို့၊ အဲဒါဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မြွေ...မြွေလေ၊ ဖမ်းလာတာ..."

"ဟာ...ခင်ဗျားတို့လုပ်ပုံက ရက်စက်လိုက်တာ၊ အသက်ရှင်နေတဲ့မြွေကို တံကျင်လျှို ထမ်းလာရတယ် လို့ပဲဗျာ..."

မိတ္ထိလာမြို့မှ လှည်းငါးရာနှင့်ထွက်လာသော အာဠာရသူကြွယ်သည် မုဆိုးများဖမ်းဆီးလာသည့်မြွေကိုကြည့်ပြီး၊ ကရုဏာစိတ်ဖြစ်မိသည်။ သတ်အံ့ဟုကြံ၍ယူဆောင်လာသော်လည်း မသေမရှင်ဝေဒနာ ခံစားနေရမည့်အနေအထားကို စဉ်းစားကြည့်သည်။ စိတ်မသက်သာ။

"မိတ်ဆွေတို့က အဲဒီမြွေကိုရောင်းမှာလား..."

"ကြိုက်ဈေးရရင် ရောင်းမှာပေါ့"

"ဘယ်လောက်ရရင် ရောင်းမှာလဲ..."

"ပေးနိုင်တာပြောလေ..."

မရ၊ ရသလောက်နှင့်ရောင်းမည့်အကြံရှိသော်လည်း ရသမျှအဆီညှစ်ယူရန်အကြံနှင့် ဈေးခေါ်သည်။ အာဠာရ သူကြွယ်သည်နွားဆယ့်ခြောက်ကောင်၊ ရွှေအနည်းငယ်နှင့် အဝတ်အစားများပေးလျက် နဂါးမင်းကို ဝယ်လိုက်သည်။ မုဆိုးများလက်ချက်နှင့် အနာတရဖြစ်နေသည်ကိုဆေးဝါး ကုသပေးသည်။

"ကျေးဇူးရှင်၊ ကျုပ်ဟာ ကဏ္ဍဝေဏ္ဏနဂါးပြည်ကိုစိုးစံတဲ့ သခံပါလ နဂါးမင်းပါ။ သင့်ကြောင့် အသက်ချမ်းသာ ရခဲ့တဲ့အတွက် ကျေးဇူးဆပ်ချင်လို့ နဂါးပြည်ကိုလိုက်ခဲ့ပါ"

သခံပါလနဂါးမင်းသည် သူကြွယ်အားနဂါးပြည်ခေါ်သွားပြီး ကြီးစွာသောစည်းစိမ်ချမ်းသာဖြင့် ခံစားစေသည်။ အာဠာရသည်နဂါးပြည်တွင် တစ်နှစ်နေပြီး၊ လူ့ရပ်ခွင်ပြန်လာလျက် ရသေ့ဝတ်ကာ ဟိမဝန္တာသို့ဝင်လေ၏။

ကျမ်းကိုး။ ။ငါးရာ့ငါးဆယ့်ဇာတ်တော်၊ စတ္တာလီသနိပါတ်၊ သခံပါလဇာတ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ကျူပင်အဆစ်မကျန်ရစ်စေ

''ရေ…ရေ…ရေဆာတယ်''

''ဟာ…ဒီလောက်အော်နေရလား၊ ရေဆာတာမင်းချည်းမဟုတ်ဘူး။ အားလုံးဆာနေတာ…''

''ခင်ဗျားတို့ဆာတာမဆာတာတော့ မသိဘူး၊ ကျုပ်ဆာတာကတော့ အူတောင်ပြတ်ကျတော့မလား မသိတော့ဘူး''

''မဖြစ်နိုင်တာကွာ…အူပြတ်ကျမှတော့ မင်းပုံလဲနေပြီပေါ့''

''ကတ်မပြောနဲ့ဗျာ…ရေဆာနေလို့ ဥပမာစကားပြောတာ၊ အူပြတ်မှတော့ ကျုပ်အူထဲကထွက်တဲ့ချေးတွေ ခင်ဗျားမျက်နှာ စဥ်ပြီပေါ့''

ဘုရားလောင်အမျုးပြုသော မျောက်ရှစ်သောင်းသည် အစာအာဟာရအလို့ငှာ တောတောင်အတွင်း လှည့်လည်ရာ မရောက်ဖူးသည့် အရပ်ရောက်သွားသည်။ သွားရင်းသွားရင်းလမ်းစပျောက်သဖြင့် တောထဲမှာပင် တဝဲဝဲလည်လည် ဖြစ်နေသည်။ ဟိုလမ်းဟုတ်နိုးနိုး၊ ဒီလမ်း ဟုတ်နိုးနိုး ဖြင့် မှန်းဆလိုက်သွားရာ တောနက်ကြီးတစ်ခုထဲရောက်သွားသည်။

''ဒီလောက်ကြီးမားတဲ့ ကျူတောမျိုးတစ်ခါဘူးမျှ မတွေ့ဖူးဘူး''

''ဟုတ်ပါတယ် အလောင်းတော်မျောက်မင်း။ ရောမကျူတောကြီးပဲ။ ကျူပင်တွေပေါက်နေပုံကလည်း စိပ်ပြီး၊ သိပ်သည်းနေတာပဲ''

''ဩော်…ဟုတ်ပြီ။ ကျူရှိရင် ရေကန်ရှိမယ်…''

''ဟာ…ရေဟုတ်လား၊ ဘယ်…ဘယ်မှာလဲ။ ကျုပ်သောက်ပါရစေ''

အလောင်းတော်မျောက်မင်းနှင့် မျောက်ကြီးတချို့ တိုင်ပင်နှီးနှောနေစဥ် ရေဆာလောင်နေသည့်မျောက်တစ်စု အသံကြားသည်နှင့် အငမ်းမရဖြစ်နေသည်။

''ဘယ်လိုဖြစ်နေတာလဲ…ကျူတောရှိရင်ရေရှိနိုင်တယ်လို့ပြောတာ… ပတ်ဝန်းကျင်လှည့်ပတ်ရှာကြည့်''

မျောက်အများလှုပ်လှုပ်ရွရွဖြစ်ကုန်သည်။ အရပ်လေးမျက်နှာခွဲလျက် ဟိုဟိုသည်သည်ရှာကြသည်။ ခဏအကြာ တွင် ဝမ်းသာအားရအော်ဟစ်သံကြားရသည်။

''ရေတွေ့ပြီ…ရေကန်ကြီးတွေ့ပြီ။ စိမ်းကြည်နေတာပဲ''

''နေကြဦး''

ပျော်မြူးနေသည့်မျောက်အပေါင်းသည် ဘုရားအလောင်းမျောက်မင်း၏ တားမြစ်သံကြောင့် ရေကန်တွင်း ဆင်းသောက်ဖို့ ကြံစည်နေသည်ပင် တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရတာလဲ မသိဘူး"

"အကြောင်းရှိလို့နေမှာပေါ့"

"အကြောင်းကရှိရှိပါဦးကွာ…ဒီမှာကရေဆာနေရတဲ့အထဲ"

ဘာဘာညာညာနားမလည်သော မျောက်ငယ်များက မကျေမနပ်သံဖြင့် တီးတိုးတီးတိုးပြောနေသည်။ အသိဉာဏ်ရှိသောမျောက်ကြီးများက ဟန်ရှိ၍ငြိမ်ကုတ်နေရသည်။

ဘုရားလောင်းမျောက်မင်းသည် ရေကန်အနီးသို့ချဉ်းကပ်လာပြီး စေ့စေ့စပ်စပ်လေ့လာသည်။ ဟိုဟိုဒီဒီ လိုက်ကြည့်သည်။

"ကန်ထဲဘယ်သူဆင်းသေးလဲ"

"မဆင်းသေးပါဘူး မျောက်မင်း"

"မဆင်းကြနဲ့၊ ဆင်းရင်ဘီလူးအစားခံရလိမ့်မယ်…"

"ဗျာ…"

ရေဆာလွန်းနေသဖြင့် ကန်ထဲဆင်းဖို့ကြံနေသော မျောက်များသည် ဘီလူးဟုကြားလိုက်သဖြင့် အထိတ်တလန့်ခုန်ဆုတ်ကြသည်။ မျက်လုံးလေးများပြူးလျက်၊ ရင်ကိုဖိလျက် တုန်တုန်ယင်ယင်ဖြစ်နေသည်။

"သင်တို့ဒီမှာကြည့်။ ဟောဒီခြေရာဟာ ကန်တွင်းဆင်းသွားတယ်၊ ဒါပေမယ့်ပြန်တက်လာတဲ့ ခြေရာမတွေ့ရဘူး။ ဒါဆိုဒီရေကန်မှာ ရေကန်စောင့်ဘီလူးရှိတာ သေချာတယ်။ ကန်ထဲဆင်းတာနဲ့ သင်တို့ကိုဖမ်းယူ စားပစ်လိမ့်မယ်"

"အောင်မယ်လေး"

"သင်တို့ကိုတားမြစ်တာဟာ ရေမသောက်စေချင်လို့ မဟုတ်ဘူး။ငါကိုယ်တိုင်လည်း ပိုဆာလောင်နေတာပဲ။ ရေလို့ကြားလိုက်တော့ ပိုဆာလောင်တယ်။ ဒါပေမယ့် သင်တို့ကိုငါခဏခဏပြောဖူးတယ်။ ဘာပဲလုပ်လုပ် သတိရှိကြ။ စားသတိ၊ သွားသတိ၊ နေသတိ၊ ထိုင်သတိလို့ပြောထားတယ်။ ပြောထားတဲ့ကြားက အစာရလိုဇောလေးဝင်လာတော့ သတိပျောက်ပြီးတောမှောက်ကုန်တယ်။ ဒါကိုသတိပြန်မထိန်းရင် မျိုးပြုတ်ရုံပဲရှိမှာပေါ့"

"ဒါဆိုရေမြင်ပြီး ရေမသောက်ရတော့ဘူးပေါ့"

"နေပါဦးလေ…"

မျောက်မင်းသည်ရေကန်ဝန်းကျင်တွင်ပေါက်နေသော ကျူပင်လေးငါးပင်ကို နုတ်ယူစေသည်။ မျောက်တချို့က အလျင်အမြန်သွားယူလျက် မျောက်မင်းလက်ကို အပ်သည်။

* * *

"ဩော်…မိတ်ဆွေတို့ကအုံနဲ့ရောက်နေကြတာကိုး"

အသံကြားလိုက်သဖြင့် မျောက်အပေါင်းက လှည့်ကြည့်လိုက်သည်။ အဘိုးအိုတစ်ဦးကို တွေ့လိုက်သည်။ ပြုံးရွှင်သော အမူအရာနှင့် မျောက်အားလုံးကို ဝေ့ဝဲကြည့်သည်။

"ကြည့်ရတာ ရေဆာလောင်နေတဲ့ အနေအထားပဲ။ ဒီကန်ရေကသန့်ပါတယ်။ စိမ်းကြည်အေးမြနေတယ်။ သောက်ပါသောက်ပါ။ ဒါကျူပ်ရေကန်ပါ။ ဩ္ဒသည်ကို ဩ္ဒဝတ်ပြုတဲ့အနေနဲ့ ကျူပ်က လောကွတ်ပြုပါတယ်"

"ကျေးဇူးပဲ အဘိုး၊ ဟုတ်တယ်…ရေဆာနေတာ"

မျောက်ငယ်များက ရေဆာလောင်နေချိန် ဖိတ်မန္တကပြု၍ ဝမ်းသာသွားသည်။အဘိုးအိုကို ကျေးဇူးရှင်အလားနှစ်သက်ကုန်ကျသည်။ ထိုစဉ် ဘုရားအလောင်းမျောက်မင်း၏ စကားကြောင့် အံ့အားသင့်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရေကန်မှာတွေ့ရတဲ့ သင်ဟာ ရေကန်စောင့်ဘီလူးမဟုတ်လား"

"ဩော်…အထင်မှားပြန်ပြီ"

"သင်ဟာတခြားသူသာ ညာလို့ရမယ်၊ ငါလိုပညာရှိသူကိုလိမ်လို့ညာလို့မရဘူး ရေကန်စောင့်ဘီလူး။ သင်ဟာ လူသဏ္ဌာန်ဖန်ဆင်းထားပေမယ့် မျက်တောင်မခတ်၊ မျက်ထောင့်ကနီပြီး၊ နဖူးမောက်၊ နှာယောင်ကောက်နေကတည်းက ဘီလူးမှန်း အတတ်သိတယ်…။ ဘီလူးမဟုတ်လား"

"မှန်ပါတယ်။ ကျွန်ုပ်ဟာ စတုမဟာရာဇ်နတ်မင်းကြီးလေးပါး အမိန့်နဲ့ ဒီရေကန်ကိုစောင့်ကြပ်နေတဲ့ ဘီလူးပါ။ ကန်တွင်းဆင်းသူကို စားခွင့်ရထားပါတယ်'

"အသင်ဘီလူး၊ ငါတို့အားလုံးဒီရေကန်ကရေကိုသောက်မယ်၊ ဒါပေမယ့် သင်စားခွင့်မရဘူး"

"ရေကန်တွင်းဆင်းရင် ငါစားပိုင်ခွင့်ရှိတယ်"

"ကန်တွင်း တို့မဆင်းဘဲ ရေကိုအရယူသောက်မယ်"

ဘုရားအလောင်းမျောက်မင်းသည် စောစောကနုတ်ယူထားသော ကျူပင်ကိုယူသည်။ ကျူရိုးအတွင်းရှိ အဆစ်များ ပွင့်ထွက်သွားအောင် လေနှင့် မှုတ်လိုက်သည်။ အဆစ်များပြုတ်လျက် ကျူရိုးဟောင်းလောင်းပေါက် ဖြစ်သွားသည်။ ထိုဟောင်းလောင်းပေါက်ကျူပင်များကိုဆက်လျက် ရေကန်တွင်းသို့ ကျူရိုးကိုချပြီး၊ အဝေးမှစုတ်ယူလိုက်သည်။

"အသင်ဘီလူး ငါတို့ဟာသင့်ရေကန်တွင်းမဆင်းဘဲ ဒီနည်းနဲ့ရေကို ယူသောက်မယ်။ နတ်မင်းကြီးလေးပါးရဲ့ ခွင့်ပြုချက်က ကန်တွင်းဆင်းမှ စားခွင့်ပြုတော့ တို့ကိုစားခွင့်မရ"

ရေစောင့်ဘီလူးသည်မျောက်များကိုစားရန် ကြံစည်သော်လည်း စားခွင့်မရ၍၊ ပျောက်ကွယ်သွားသည်။

ဘုရားလောင်းမျောက်မင်းသည် မျောက်ရှစ်သောင်းရေသောက်နိုင်ရန် ကျူရိုးများကိုအဆစ်ပြုတ်အောင် မှုတ်ပေးဖို့ မလွယ်။ သို့ဖြစ်၍ ကျူရိုးများအဆစ်မဲ့သွားစေရန် အဓိဋ္ဌာန်တည်ဆောက်တော့အံ့ဟု ကြံသည်။

"ငါသည်ဖွားသည်မှစ၍ဒီအချိန်ထိ မြတ်သောအကျင့်ရှိ၏။ မှန်သောစကားဖြင့်သာ အဆုံးအမ ပြု၏။ ဤစကားမှန်လျှင် ကျူပင်အားလုံး၏ အဆစ်များပြုတ်ပါစေသတည်း"

ဘုရားအလောင်းမျောက်မင်း အဓိဋ္ဌာန်ပြုလိုက်သည့်အတွက် ကျူပင်များအဆစ်မဲ့သွားသည်။ ထိုကျူပင်များကို နုတ်ယူလျက် ကန်တွင်းမှရေကို စုပ်ယူသောက်သုံးရာ မျောက်အားလုံးချမ်းသာရကြတော့သည်။

ကျမ်းကိုး။ ။ငါးရာ့ငါးဆယ်ဇာတ်တော်၊ သီလဝဂ်၊ နာဠကပါနဇာတ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အများအကျိုးသယ်ပိုးရည်သန်အစီတွာန်

''ကိုင်း၊ ဘယ်လိုလုပ်ကြမလဲ...''

''ဒီကိစ္စကသက်သက်မဲ့လုပ်တာ၊ မြေနိမ့်ရာလှံစိုက်သဘောပဲ''

''လှံစိုက်တာတုတ်စိုက်တာ လုပ်မနေနဲ့၊ အသက်ဘေးက လွတ်အောင် မနည်းပြေးခဲ့ရတယ်...ဒီကိစ္စက တို့နဲ့မဆိုင်ဘူး။ ဘယ့်နှယ်ကွာ...နန်းတွင်းမှာရှိနေတဲ့ ရထားကို တို့က ဘယ်လိုလုပ်ဖျက်ဆီးနိုင်မှာလဲ...''

''အေးလေ...အမိန့်ပေးတဲ့မင်းက စဉ်းစားဖို့သင့်တယ်''

မြို့ခွေးများသည် အမှုထမ်းတို့၏အတင်းအဓမ္မဖမ်းဆီးသတ်ဖြတ်ခံရသဖြင့် သေဘေးမှလွတ်အောင် ပြေးကြလွှားကြနှင့် ခွေးလောကတစ်ခုလုံး ပျက်စီးမတတ်ဖြစ်သွားသည်။

အစပိုင်းခွေးများကမူ မအူမလည်နှင့် နှိမ်နင်းခံရသည်။ အမှုထမ်းအချို့က ထန်းညက်ခဲတွေ...အမဲလုံးတွေ ပစ်ကျွေးသည်။ အစားငမ်းငမ်းတက်ခွေးတွေက မချိမဆန့်အော်ဟစ်ညည်းညူရင်းသေကုန်သည်။

''အဆိပ်...အဆိပ်မိပြီ''ဟု မသေခင်အော်ဟစ်သတိပေးသဖြင့် ကျန်ခွေးတွေက အမဲလုံးကောက်မစားတော့။ ထိုအခါမင်းမှုထမ်းတွေက ထောင်ချောက်တွေဆင်ဖမ်းသည်။ အကင်းမပါးသည့်ခွေးများ တအိုင်အိုင်အော်ဟစ်ရုန်းကန်ရင်း အထုအရိုက်ခံသေရပြန်သည်။

''ဖမ်းနေပြီ...သတ်နေပြီ'' ဟုအော်ဟစ်သတိပေးသွားသဖြင့် ကျန်ခွေးများထွက်ပြေးကြသည်။ အိမ်ကျိုအိမ်ကြား၊ မြောင်းကျိုမြောင်းကြားတွင် ပုန်းအောင်းပြီး အမှုထမ်းတွေ၏ အရိပ်အခြည် စောင့်ကြည့်ရသည်။ တစ်နေ့ခင်းလုံး ပုန်းအောင်းနေပြီး အမှုထမ်းတွေပြန်သွားမှ တောင်ကြည့်မြောက်ကြည့်နှင့် အထိတ်ထိတ်အပျာပျာဖြင့် ထွက်ကြရသည်။

တစ်ကောင်နှင့်တစ်ကောင်အဖော်ပြုပြီး၊ ဘုရားလောင်းခွေးမင်းရှိရာ သုသာန်သင်္ချိုင်းသို့ စုရုံးရောက်လာကြသည်။

''ဘယ်လိုဖြစ်ကြသတုန်း''

''အမှုထမ်းတွေကလိုက်ဖမ်း၊ လိုက်သတ်နေတာပဲ။ ဘာအကြောင်းဆိုတာ မသိရဘူး''

''အကြောင်းမရှိဘဲနဲ့တော့ ဖြစ်မှာမဟုတ်ဘူး။ လူမှာ လွတ်လပ်ခွင့်ရှိသလို တို့ခွေးတွေမှာလည်း ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိတာပဲ''

''အဲဒါအမှန်ပဲ အလောင်းတော်...''

''တို့ဟာ ကျေးဇူးသိတတ်သူပါ။ တို့ကို ကျွေးမွေးစောင့်ရှောက်ထားသူဆိုရင် တို့များကလည်း ပြန်လည်စောင့်ရှောက်ကြတယ်...လူတွေကောင်းကောင်းမွန်မွန်အိပ်လို့ရအောင် အိပ်ရေးပျက်ခံစောင့်ရှောက်ကြတာပဲ''

www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်ပဲ၊ ဒါကြောင့် ကျုပ်အိမ်ရှင်ကဆိုမှန်မှန်ကျွေးတယ်။ ဘေးဘီကိုထွက်ရှာစရာမလိုဘူး..."

ထိုသို့ပြောဆိုနေကြစဉ်ခွေးအိုကြီးတစ်ကောင်က ခနော်ခနဲ့ကိုယ်လုံးကို အားဆောင်သယ်လာရင်း အပြေးတစ်ပိုင်းနှင့် ရောက်လာသည်။ သူလည်းမင်းမှုထမ်းတွေရန်ကဘယ်လိုပုန်းအောင်းထွက်လာသည်မသိ။ သဘေးမှဖွတ်ရုန်းထွက်လာရဟန်ဖြင့် မောပန်းနေသည်။

"အဘိုးကြီးဘယ်ချောင်ကထွက်လာတာလဲ..."

"ချောင်ကမဟုတ်ဘူး..."

စကားတစ်ခွန်းပြောပြီးမောဟန်ဖြင့် ရပ်နားနေသည်။ လျှာထွက်မတတ်ပြေးလာပုံထောက်တော့ အန္တရာယ်ကြီးကြီး မားမားကြုံရမှန်းသိလိုက်သည်။ အမောပြေအောင် စိတ်ရှည်ရှည်စောင့်နေပြီးမှ ဘုရားလောင်းက စုံစမ်းသည်။

"ပြောပါဦး"

"အခုတို့များကိုလိုက်သတ်နေတဲ့ ကိစ္စစုံစမ်းရပြီ"

"ဟုတ်လား...ပြောပါဦး"

"ဟိုတစ်လောကဗြဟ္မဒတ်မင်းကြီးဥယျာဉ်တော်ကစားထွက်တာ ကြားလိုက်မိသလား..."

"ကြားရုံတင်မဟုတ်ဘူးအဘိုးရေ...ဘုရင်တွေဥယျာဉ်ကစားထွက်တယ်ဆိုတာ ဘယ်လိုပါလိမ့်ဆိုပြီးအစအဆုံး လိုက်ကြည့်ခဲ့တာ...အမှန်တော့ ပျော်ပွဲစားထွက်တဲ့သဘောပါဗျာ...စားလိုက်သောက်လိုက်၊ ကလိုက်ခုန်လိုက်နဲ့ အုန်းအုန်းကျွက်ကျွက်ပဲ။ အဲဒီနေ့က ပွဲကျန့်ဝင်တီးတာ မိုက်ကိုတင်းရော..."

"အေး၊ ကံကောင်းလို့မင်းသေပန်းမပွင့်တာ...ပြဿနာအစကအဲဒီက။ ပျော်ပွဲစားထွက်တော့ မင်းကြီးစီးလာတဲ့ ရထားယာဉ်မိုးစိုသွားတယ်...ရထားအမိုးနဲ့အကာက သားရေနဲ့လုပ်ထားတယ်။ ဒီသားရေကိုရေစိုတော့ နူးသွားရော... ဒီတော့သားရေဆိုရင် သွားရေကျတဲ့တို့လိုခွေးတွေက မင်းကြီးလှည်းက အမိုးနဲ့အကာတွေကို စားပစ်တာ လှည်းပျက် သွားသတဲ့"

"ဒီတော့..."

"မင်းကြီးလှည်းကိုစားပစ်တာက နန်းတော်တွင်းကခွေးတွေ...ဒါကို အမှုထမ်းတွေက အမှန်အကန် မလျှောက် ရဲတော့ မြို့တွင်းကခွေးတွေ ပိုက်လုံးပေါက်ဝင်လာပြီး လှည်းကိုစားသွားတယ်လို့ လျှောက်တင်သတဲ့"

"ဘာဆိုင်လဲဗျ"

"အေး...ဆိုင်တာ မဆိုင်တာမသိဘူး။ မင်းကြီးက သူ့လှည်း ဖျက်ဆီးရပါမလားဆိုပြီး မြို့တွင်းက ခွေးမှန်သမျှ သတ်စေလို့ အမိန့်ပေးသတဲ့"

အဘိုးကြီးယူလာသည့်သတင်းကြောင့်ခွေးများ မခံမရပ်နိုင်အောင် ဖြစ်ရသည်။ မြို့တွင်းနေခွေးများအနေနှင့် နန်းတော်တွင်းဝင်ဖို့မလွယ်။ ဝင်ဖို့မဆိုထားနှင့် မြို့တံခါးနားမယောင်မလည်ကပ်လျှင်ပင် တုတ်နှင့်ပစ်၊ ခဲနှင့်ထုခံရသည်။ နန်းတွင်းမှခွေးသာ ခွေးထင်ကြပြီး မြို့တွင်းရှိခွေးဆိုလျှင် ကလေကချေခွေးဟု ထင်နေသည်။

ခွေးများကတစ်ယောက်တစ်ပေါက်နှင့် မကျေနပ်ချက်တွေ ပြောကြသည်။ ဒေါပွကြသည်။ မတရားသည့် မင်းမှုထမ်းများကို ဘယ်ပုံဟုံ့ပြန်ရမလဲဟု တိုင်ပင်သည်။

ဘုရားလောင်းခွေးမင်းကမူ ဤပြဿနာကိုဘယ်ပုံရှင်းရမလဲဟု တွေးနေသည်။ ခွေးတစ်မျိုးသားလုံးဘေးအန္တရာယ် ကင်းအောင်ရှင်းလင်းနိုင်မည့်နည်းမှာ ဗြဟ္မဒတ်မင်းနှင့်တွေ့နိုင်မှဖြစ်မည်။ အကယ်၍မင်းမှုထမ်းနှင့်သာတွေ့လျှင် ပြဿနာ မပြေလည်ရုံသာမက အသက်အန္တရာယ်ပင်ကြုံနိုင်သည်။ သို့သော်အများအတွက်ဖြစ်၍ ကိုယ့်အသက်ကိုပင် စွန့်လွှတ်တန်က စွန့်လွှတ်ရမည်။ အမျိုးအတွက် အကျိုးဆောင်ဖို့ စိတ်ပိုင်းဖြတ်လိုက်တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်သည် သိတတ်စအရွယ်မှစ၍ ဤသုသာန်သင်္ချိုင်းတွင်းသာ အမှီပြုနေပါသည်။ မမှန်ကန်သည့် အသက်မွေးမှုမပြုဘဲ သီလအကျင့်နှင့်အညီ နေပါသည်။ ငါသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလအားဖြင့် ပါရမီဖြည့်ဆည်းသူ ဖြစ်ပါသည်။ သို့ဖြစ်ရာငါ့အားတစ်စုံတစ်ယောက်က ခဲဖြင့်လည်းကောင်း၊ တုတ်ဖြင့်လည်းကောင်း ပစ်ခတ်ခြင်းငှာ မဝံ့စေသတည်း"

ဘုရားလောင်းခွေးမင်းသည် အမျိုးကိုစောင့်နိုင်အံ့သောငှာ အဓိဋ္ဌာန်ပြုသည်။ ထိုသို့ပြုပြီးနောက် ခွေးအပေါင်းကို "ငါမလာမီ ဘယ်မှမသွားကြနဲ့၊ ငါ့ကိုသာစောင့်နေရစ်"ဟု မှာလျက် နန်းတော်ဆီသို့ထွက်ခဲ့သည်။

ဘုရားအလောင်းတော်၏တည်ကြည်သော ဣန္ဒြေကြောင့်အစောင့်အမှုထမ်းတို့မြင်သော်လည်း မောင်းမထုတ်။ တုတ်တွေ၊ ခဲတွေနှင့်ပစ်ရန်လည်း မကြံရွယ်။ ဘုရားအလောင်းခွေးမင်းအား နန်းတော်ထဲမှခွေးဟု အထင်ရှိ၍ ရန်မမူဘဲ စောင့်ကြည့်သည်။ ထို့ကြောင့် အနှောင့်အယှက်ကင်းစွာဖြင့် မင်းကြီးထံရောက်သွားသည်။

"အရှင်မင်းကြီး၊ မင်းကြီးဟာခွေးတွေကို သတ်စေလို့ အမိန့်ပေးပါသလား"

"ငါပေးတယ်..."

"အဘယ်အကြောင်းကြောင့်လဲ မင်းကြီး။ အပြစ်မဲ့သူကို အကြောင်းမဲ့သတ်ရင် မင်းကျင့်တရားနဲ့ ညီညွတ်ပါ့မလား..."

"အကြောင်းမဲ့မဟုတ်၊ ငါ၏ရထားယာဉ်ကိုဖုံးအုပ်ထားတဲ့ သားရေကို ကိုက်ဖြတ်စားလို့သတ်ခိုင်းတာပဲ"

"အရှင်မင်းကြီး၊ နန်းတွင်းမှာရှိတဲ့ ရထားယာဉ်ကသားရေကိုပြင်ပခွေးကဘယ်လိုလုပ်စားနိုင်မလဲ။ စားချင်းစားရင် နန်းတွင်းခွေးတွေပဲ စားမှာပေါ့ မင်းကြီး။ အပြစ်ကျူးလွန်သူက တစ်ဦး၊ အပြစ်ပေးခံရသူက တခြားဖြစ်နေပြီ"

"သင် ဒီစကားကို ဘာကြောင့်ပြောနိုင်လဲ"

"အမှန်တရားပေါ်ပေါက်အောင် ကျွန်တော်မျိုးဖော်ထုတ်ပြပါမယ်။ ရက်တက်ရည်နဲ့နေစာမြက်ယူဆောင်ပေးပါ။ ပြီးရင်နေစာမြက်ကိုထောင်းထုလျက် ရက်တက်ရည်နဲ့ရောပြီး နန်းတွင်းကခွေးများတိုက်ကြည့်ပါ မင်းကြီး"

ဘုရားလောင်းခွေးမင်း၏တောင်းဆိုချက်အတိုင်း နန်းတွင်းခွေးတို့ကို တိုက်ကျွေးရာ သားရေစများ အန်ထုတ်ကုန်တော့သည်။

"အရှင်မင်းကြီး၊ အပြစ်ရှိသူက ချမ်းသာရာရနေပြီး၊ အပြစ်မဲ့သော မြို့တွင်းခွေးတွေဘေးသင့်နေလို့ စွန့်စားပြီး ဖော်ထုတ်ရတာပါ"

"ငါတောင်းပန်ပါတယ် ခွေးမင်း"

မင်းကြီးသည် အမှားကိုတောင်းပန်လျက် မြို့တွင်းခွေးတို့ကို ဘေးမဲ့ပေးသည်။ ခွေးမင်းကိုလည်း မိမိ၏ စားတော်ပွဲကိုစွန့်လျက် နေ့စဉ်မပြတ် ကျွေးမွေးစောင့်ရှောက်လေသည်။ ထိုအချိန်မှစ၍ ခွေးအပေါင်း ချမ်းသာရာရလေတော့၏။

ကျမ်းကိုး။ ။ ငါးရာ့ငါးဆယ်ဇာတ်တော်၊ ကေနိပါတ်၊ ကုက္ကုရဇာတ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## နေ့တစ်ဝက်

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ကျေးလက်နေပုဒ်၌ သူဆင်းရဲဖြစ်သည်။ သူသည် ဆင်းရဲသော်လည်း ကောင်းရာကောင်းမွန်လုပ်ကိုင်စားသည်။ ကာယအားကိုးလျက် ကြိုးကြိုး စားစားလုပ်သည်။

ဗာရာဏသီမြို့တွင် သုစိပရိဝါရသူဌေးကြီး ထင်ရှားရှိသည်။ သူသည် ကုဋေရှစ်ဆယ်ကြွယ်ဝသည်။ လယ်ယာလုပ်ငန်းဖြင့် ကြီးပွား ချမ်းသာသည့်အလျောက် လယ်ယာ၌သာ စောက်ချလုပ်ကိုင်သည်။ လုပ်သားပေါင်းများစွာ ခန့်ထားပြီး၊ သူဌေးကမူ အထိုင်မှလမ်းညွှန်စေခိုင်းသည်။

ဘုရားအလောင်းလုလင်သည် သူဌေးထံအလုပ်သွားတောင်းသည်။ ဘုရားလောင်း၏ ရုပ်ရည်လက္ခဏာကြည့်ပြီး သဘောကျသည်။ သို့သော် ကျွမ်းကျင်သည့်အလုပ်၌တာဝန်ပေးခြင်းက ပိုမိုတွင်ကျယ်မည်ဟုတွေးလျက် စုံစမ်းသည်။

"သင်က ဘာအလုပ်ကျွမ်းကျင်လဲ သူငယ်..."

"ကြုံရာကျပန်းလုပ်စားသူဆိုတော့ ဘာမဆိုကျွမ်းကျင်ပါတယ်..."

"လယ်ထွန်တတ်လား..."

"ထွန်တက်ပါတယ်..."

"ပျိုးနုတ်တတ်လား..."

"တတ်ပါတယ်ခင်ဗျ"

"ဒါဆိုမြက်လည်း ကောင်းကောင်းရိတ်တတ်မှာပေါ့"

"ဒါက သာမန်လောက်ပါ"

"အဟဲ၊ မြက်ရိတ်တာက တခြားနေရာမှာ သာမန်ဖြစ်ပေမယ့်၊ ကျုပ်အိမ်မှာက အလုပ်ကြီးဗျ။ နွားကောင်ရေ တစ်ထောင်၊ ကျွဲကောင်ရေ ငါးရာအတွက် ရိတ်ရမှာ..."

"ကျွန်တော်တစ်ယောက်တည်းတော့ ဟုတ်မယ်မထင်ပါဘူး"

"အေး၊ ဒါတော့မှန်သကွဲ့။ တခြားမြက်ရိတ်လုပ်သမားတွေလည်း ရှိတော့ရှိပါတယ်။ ကျွမ်းကျင်တဲ့ မြက်ရိတ်သမား လေးငါးဆယ်ရိတ်မှ နိုင်းနွားတွေအတွက် ဖူလုံတာ၊ ဒီတော့ မောင်ရင်လေး ကျွမ်းကျင်မှဖြစ်မယ်"

"သူဌေးကြီးခိုင်းကြည့်ရင် သိပါလိမ့်မယ်..."

မိမိကိုယ်ကို စိတ်ချယုံကြည်မှုဖြင့်ပြောလိုက်သော လုလင်ကိုသဘောကျပြီး မြက်ရိတ်သမားခန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ခန့်သည့်နေ့မှာပင် မြက်ရိတ်တာဝန်ပေးသဖြင့် ဘုရားလောင်းသည် သူ၏စွမ်းရည်ကိုပြသခွင့်ရလိုက်သည်။ သူဌေးကြီးက လွန်စွာကျေနပ်အားရလျက် ချီးကျူးစကား အထပ်ထပ်ပြောကြားလေသည်။

* * *

"ရော်…ဒီနေ့လုပ်ငန်းခွင်မှာ ငါတစ်ယောက်တည်းပါလား…"

ဘုရားအလောင်းလုလင်သည် မိမိတာဝန်ကို ဝီရိယစိုက်လုပ်ဆောင်သည့်အနေဖြင့် နံနက်စောစောထွက်လာသည်။ အလုပ်လုပ်ချိန်နာရီဝက် သာသာရှိသည်ထိပေါ်မလာ၍၊ ရိတ်ပြီးသမျှထမ်းပိုးပြန်ခဲ့သည်။

"ဟော…မောင်ရင်က အလုပ်ဆင်းနေလား"

"ခင်ဗျာ"

"ဒီနေ့ဥပုသ်နေ့လေ…ဒီအိမ်က အိမ်ရှင်ရော၊ အလုပ်သမားပါ အဖိတ်၊ လပြည့်လကွယ်မှာ ဥပုသ်စောင့်ရတယ်…"

"ဩော်…အဲဒါကြောင့်ကိုး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က အဲဒါမသိဘူးခင်ဗျာ။ စောစောစီးစီးမြက်ရိတ်ထွက်လာတာ ကျွန်တော့်လူတွေလာနိုးလာနိုးစောင့်နေမိတယ်။ မလာမှမြက်ထမ်းပြန်လာတာ…"

သူဌေးက သဘောကျဟန်ဖြင့် ရယ်မောပြီး၊ လုလင်၏ပခုံးကိုလာပုတ်သည်။ အလုပ်အပေါ်အာရုံစိုက်သည့်အတွက် ကျေနပ်ဟန်ဖြင့် ပြုံးနေသည်။

"သူဌေးခင်ဗျာ…ကျွန်တော်လည်း ဥပုသ်စောင့်လို့ရမလား"

"ဟ၊ ရတာပေါ့။ ငါက ဒါန၊ သီလနဲ့ပတ်သက်ရင် ကိုယ်တိုင်လည်း လုပ်တယ်။ တခြားလူတွေကိုလည်း တိုက်တွန်းတယ်။ အထူးသဖြင့် မောင်တို့လိုအလုပ်သမားတွေ လုပ်စေချင်တယ်…"

"ဟုတ်ကဲ့ခင်ဗျ"

"ငါ့အသိနဲ့ပြောရရင် ဒါနနည်းလို့မွဲတယ်တဲ့။ ရှေးရှေးဘဝဘဝက ဒါနကုသိုလ်နည်းပါးရင် ခုဘဝမှာ ဆင်းရဲတာပဲ။ အခုမောင်တို့ ချို့တဲ့တယ်ဆိုတာ ရှေးကုသိုလ်နည်းလို့ပဲ။ ကျုပ်ဆန္ဒက အားလုံး ပြေလည်စေချင်တယ်။ ချမ်းသာစေချင်တယ်။ ဒါကြောင့် အခါကြီးရက်ကြီးမှာ ဒါနပြုကြ၊ သီလဆောက်တည်ကြဆိုပြီး၊ အလုပ်နားခွင့်ပေးထားတယ်"

"ဩော်ဩော်"

"နားခွင့်ပေးတယ်ဆိုပေမယ့် လုပ်ခမလျှော့ဘူး။ ပေးမှာ…ဒါန၊ သီလသာလုပ်။ အဲဒါကြောင့် အလုပ်သမားတွေ နားနေတာ…မောင်ရင်လေးလည်း ဥပုသ်စောင့်ချင်ရင် နေ့ဝက်တော့ မှီသေးတာပဲ"

"ဟုတ်ကဲ့၊ ကျွန်တော်စောင့်ပါမယ်"

ဘုရားလောင်းလုလင်သည် သူဌေးကြီး၏စေတနာနှင့်လုပ်ရပ်ကို သဘောကျ၍ ရှစ်ပါးသီလခံယူပြီး၊ သတ်မှတ်ထားသည့်အခန်းတွင် သီလကိုအာရုံပြုနေလိုက်သည်။

တစ်နေ့လုံး ထူးထူးခြားခြားမရှိပေမယ့် ညဦးလယ်ပိုင်းအရောက်တွင် ဆာလောင်မှုဝေဒနာ ခံစားရတော့သည်။ တစ်အိမ်လုံး ဥပုသ်စောင့်သဖြင့် ထမင်းဟင်းလျာမချက်၍ စားခွင့်မကြုံ။ မနက်ကလည်း ဘာမှမစားဘဲ အလုပ်ဆင်းလုပ်၊ အလုပ်ကပြန်ရောက်ရောက်ချင်း သီလယူတော့ နေက မွန်းလွဲနေပြီ။ ဝမ်းထဲ အစာမရှိသည့်ဒဏ်က ခုမှပင် ဒုက္ခပေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com




"အင်း၊ ငါဟာနေ့တစ်ဝက်ဥပုသ်စောင့်ထားတယ်။ ဆာလောင်မှုဝေဒနာကြောင့် ငါဥပုသ်ကိုချိုးဖျက်ရင် ငါ့လောက် အသုံးမကျတဲ့လူ ဘယ်သူရှိဦးမလဲ၊ ဒါကြောင့်ငါဘယ်လိုဝေဒနာမျိုးခံစားရပါစေ၊ ငါ့အဓိဋ္ဌာန်မဖျက်ဘူး"

ဘုရားလောင်းလုလင်သည် ဆာလောင်မွတ်သိပ်သဖြင့် လေနာ ထကြွသော်လည်း အောင့်အည်းသည်းခံသည်။ ရောဂါကပို၍ပို၍ဆိုးဝါးလာသည်။ သို့သော် သူကအဓိဋ္ဌာန်မဖျက်ဘဲ နေ့ဝက်ဥပုသ်ရရန် ကြိုးစားသည်။ တစ်ကြိမ် တစ်ခါဖူးမျှ သီလမယူ၊ ဥပုသ်မစောင့်ခဲ့သော လုလင်သည်ဝေဒနာ အပြင်းအထန်ခံစားရပြီး၊ နံနက်မိုးသောက်ချိန်တွင် ကွယ်လွန်သွားတော့သည်။

သူဌေးကြီးသည် နေ့ဝက်ဥပုသ်အဓိဋ္ဌာန်ကို အောင်မြင်အောင် ထိန်းသိမ်းသွားသည့်လုလင်အား ကရုဏာသက်ဟန်ဖြင့် ကြည့်လျက် "သူက သုဂတိဘုံရောက်မှာ အသေအချာပါပဲ"ဟု မှတ်ချက်ချပေသည်။

ကျမ်းကိုး။ ။သတ္တကနိပါတ်၊ ဂင်္ဂမာလဇာတ်။

www.burmeseclassic.com



www.burmeseclassic.com

အရှင်...
သေရမှာအတွက်ဝန်မလေးပါဘူး။ ဒါပေမယ့် ကျွန်ုပ်သေရင်
ဝမ်းမှာလွယ်ထားတဲ့ ကလေးပါ အသက်ဆုံးရှုံးရပါလိမ့်မယ်။
အပြစ်မဲ့တဲ့ ကလေးကတော့ ရှင်သန်ဖို့အခွင့်အရေး ရှိသင့်ပါတယ်။

သုသာန်သချိုင်းထဲမှပါရမီရှင်

www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာပါရမီ

မေတ္တာဟူသော ပါဠိကို ရှေးဆရာတို့က "ချစ်ခြင်း"ဟု အနက် မြန်မာပြန်ဆိုသည်။ "ပေမ"ဟူသော ပါဠိကိုလည်း "ချစ်ခြင်း"ဟူ၍ပင်အနက်မြန်မာပြန်သည်။

မေတ္တာ သဒ္ဒါအရ ချစ်ခြင်းကား ဝိသေသဖြစ်သည်။ ပေမသဒ္ဒါအရ ချစ်ခြင်းကား သာမညဖြစ်သည်။

ပေမသဒ္ဒါအရချစ်ခြင်းသုံးမျိုးခွဲခြားပြထားသည်။ ၄င်းတို့မှာ-

(၁) **တဏှာပေမ**။ ယောက်ျားနှင့် မိန်းမ အချင်းချင်းတဏှာလောဘ၏ အစွမ်းဖြင့် ချစ်ကြိုက်ခြင်းဖြစ်သည်။

(၂) **ဂေဟသိတပေမ**။ မိဘနှင့် သားသမီး၊ ညီနှင့်အစ်ကို၊ မောင်နှင့်နှမ အချင်းချင်း ချစ်ခင်တွယ်တာမှု ဖြစ်သည်။

(၃) **မေတ္တာပေမ**။ သူတစ်ပါး၏ အကျိုးစီးပွားကိုလိုလားခြင်းသည် မေတ္တာပေမဖြစ်သည်။ ဤမေတ္တာပေမသည် လူချင်း စကြဝဠာတစ်ညီဝေးကွာစေကာမူ ထိုသူ စီးပွားချမ်းသာသည်ဟုသိလျှင် ကျေနပ်၏။ အတူမနေသည့်အတွက် ခက်ခဲဝန်လေးခြင်းအလျဉ်းမရှိ။

တဏှာပေမနှင့် ဂေဟသိတပေမသည် ကုသိုလ်တရားမဟုတ်။ တဏှာပေမမှာ တဏှာရာဂဖြစ်၍ ဂေဟသိတပေမမှာ လောဘဖြစ်သည်။ မေတ္တာတရားသည် စင်ကြယ်သော သဘောတရားပင်ဖြစ်၍ ဗြဟ္မာဝိဟာရမည်၏။

## မေတ္တာနှင့် အဒေါသ

မေတ္တာသည် ပရမတ္ထအားဖြင့် ထင်ရှားရှိကောင်းသော သဘောတရားပင်ဖြစ်သည်။ သို့သော် ပရမတ္ထကို တစ်ခုစီထုတ် ရေတွက်ရာမှာကား မေတ္တာတရားကို သီခြားမပြ။ အဒေါသစေတသိက်သာပြသည်။

အဒေါသစေတသိက်သည် သောဘဏစိတ် (၅၉)ပါးလုံးနှင့်ယှဉ်၏။ သောဘဏစိတ် (၅၉)ပါးဖြစ်တိုင်း အဒေါသစေတသိက်ပါလျက်ရှိသည်။ အဒေါသတရားမှာ အာရုံအမျိုးမျိုးကို အာရုံပြုနိုင်သည်။ မေတ္တာတရားကား သတ္တဝါပညတ်တစ်မျိုးတည်းသာ အာရုံပြုနိုင်သည်။

ဒါန အမျိုးမျိုးပြုရာ သီလအမျိုးမျိုးဆောက်တည်ရာတွင်အဒေါသ ပါရသည်ချည်းဖြစ်သည်။ အဒေါသဖြစ်တိုင်း မေတ္တာဟူ၍ မခေါ်ရ။ သတ္တဝါပညတ်ကို အာရုံပြုကာ ချမ်းသာပါစေ...ကျန်းမာပါစေဟုသတ္တဝါတို့၏ စီးပွားချမ်းသာ လိုလားသော အခြင်းအရာဖြင့် အဒေါသစေတသိက်ဖြစ်မှသာ မေတ္တာဟုခေါ်သည်။

ခန္တီပါရမီအရ အဒေါသစေတသိက် ကောက်ယူနိုင်စေကာမူ အဒေါသဟူသမျှ ခန္တီအရ ကောက်မရ။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးက ပြစ်မှားသည့်အခါ မိမိအလျှဉ်းဒေါသမထွက်ရအောင် တားဆီးသည့် အဒေါသစေတသိက်ကို ကောက်ရသည်။ မေတ္တာတွင်လည်း သတ္တဝါတို့၏ အကျိုးကို လိုလားသော အခြင်းအရာအားဖြင့် အဒေါသ စေတသိက်ကိုသာ မေတ္တာအရကောက်ရသည်။

## (၅၂၈)သွယ် မေတ္တာ

မေတ္တာတရား (၅၂၈)ပါးရှိသည်ဟု အများကသိမှတ်ကြသည်။ အမှန်မှာ မေတ္တာပွားများနည်း (၅၂၈)မျိုးရှိသည့် အတွက် မေတ္တာ (၅၂၈)ပါးဟု ပြောခြင်းဖြစ်သည်။

မေတ္တာပွားနည်း (၅၂၈)မျိုးမှာ-

(၁) အနောဓိသမေတ္တာ (၅)မျိုး

(၂) ဩဓိသမေတ္တာ (၇) မျိုး

မေတ္တာပို့ရမည့် ပုဂ္ဂိုလ်အားဖြင့် (၁၂)ဦးရှိသည်။ ထို(၁၂)ဦးကို ပွားများသည့် အခြင်းအရာက လေးမျိုးရှိသည်။ ထိုအခြင်းအရာ လေးမျိုးမှာ-

(၁) ရန်မရှိသည်ဖြစ်ကြပါစေ (အဝေရာ ဟောန္တု)

(၂) စိတ်မချမ်းသာမှု ကင်းကြပါစေ (အဗျာပဇ္ဈာ ဟောန္တု)

(၃) ဆင်းရဲခြင်းမရှိသည်ဖြစ်ကြပါစေ (အနီဃာ ဟောန္တု)

(၄) ချမ်းသာကိုယ်စိတ်မြဲပါစေ (သုခီ အတ္တာနံ ပရိဟရန္တု)

ပုဂ္ဂိုလ်(၁၂)ပါးကို အခြင်းအရာ (၄)ပါးစီရသောကြောင့် လေးဆယ့်ရှစ်ပါးဖြစ်သည်။ ဤလေးဆယ့်ရှစ်ပါးသည် အရပ်မျက်နှာ အထူးမမှတ်သားဘဲ ပို့သသောမေတ္တာဖြစ်သည်။

ပုဂ္ဂိုလ်တစ်ဦးကို အခြင်းအရာ (၄)ပါးစီဖြင့် အရပ်ဆယ်မျက်နှာပြည့်အောင် မေတ္တာပွားလျှင် (၄၈၀)ရှိသည်။ အရပ်မျက်နှာ မှတ်သားပို့သသည်က (၄၈၀)နှင့် အရပ်မျက်နှာ မမှတ်သားဘဲ ပို့သသောမေတ္တာ (၄၈)ပေါင်းလျှင် (၅၂၈)သွယ် မေတ္တာဖြစ်သည်။

## အနောဓိသ ပုဂ္ဂိုလ် (၅)ဦး

(၃) ဘုံအတွင်းရှိသမျှ သတ္တဝါတွေကို ငါးမျိုးခွဲထားသည်။ ဤငါးမျိုးတွင် မပါဝင်သော သတ္တဝါဟူ၍ မရှိပေ။ အနောဓိသဟူသည် အပိုင်းအခြားမထားဟူ၍ အဓိပ္ပာယ်ရသည်။ အနောဓိသ သတ္တဝါများမှာ-

(၁) အလုံးစုံသော သတ္တဝါတွေ (သဗ္ဗေ သတ္တာ)

(၂) အလုံးစုံသော အသက်ရှိသတ္တဝါ (သဗ္ဗေ ပါဏာ)

(၃) အလုံးစုံသော ကိုယ်ထင်ရှားရှိ သတ္တဝါ (သဗ္ဗေ ဘူတာ)

(၄) အလုံးစုံသော ပုဂ္ဂိုလ်တွေ (သဗ္ဗေ ပုဂ္ဂလာ)

(၅) အလုံးစုံသော ကိုယ်ခန္ဓာ အတ္တဘောတွင် အကျုံးဝင်သော အရာတွေ (သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ)

www.burmeseclassic.com

www.burmeseclassic.com



## ဩဓိသ ပုဂ္ဂိုလ် (၇)မျိုး

တစ်မျိုးတစ်မျိုးလျှင် လိုရာပိုင်းခြားသတ်မှတ် ပို့အပ်သော ပုဂ္ဂိုလ် (၇)မျိုး ခွဲထားသည်။ ၎င်းတို့မှာ-

| | | |
|---|---|---|
| (၁) | အလုံးစုံသော မိန်းမတွေ | (သဗ္ဗာ ဣတ္ထိယော) |
| (၂) | အလုံးစုံသော ယောကျာ်းတွေ | (သဗ္ဗေ ပုရိသာ) |
| (၃) | အလုံးစုံသော မြင့်မြတ်သည့် ပုဂ္ဂိုလ်တွေ | (သဗ္ဗေ အရိယာ) |
| (၄) | အလုံးစုံသော မမြင့်မြတ်သည့် ပုဂ္ဂိုလ်တွေ | (သဗ္ဗေ အနရိယာ) |
| (၅) | အလုံးစုံသော နတ်ဗြဟ္မာတွေ | (သဗ္ဗေ ဒေဝါ) |
| (၆) | အလုံးစုံသော လူတွေ | (သဗ္ဗေ မနုဿာ) |
| (၇) | အလုံးစုံပြိုကွဲပျက်စီးနေသော ပြိတ္တာတွေ | (သဗ္ဗေ ဝိနိပါတိကာ) |

### မေတ္တာပွားရာ၌ ပြည့်စုံရမည့်တရား(၁၅)ပါး

၁။ ကောင်းမြတ်သော အရာတို့ကိုကျင့်ခြင်းမှာ စွမ်းရမည်။
၂။ ဖြောင့်မတ်သောတရားရှိရမည်။
၃။ တစ်ခါတစ်ရံမျှ ကောက်ကွေ့ခြင်းမရှိဘဲ ကောင်းကောင်းကြီး ဖြောင့်မတ်ရမည်။
၄။ ပညာရှိတို့ကောင်းစွာ ဆုံးမလွယ်သူဖြစ်ရမည်။
၅။ ကောင်းမြတ်သောအရာတို့၌ နူးညံ့ပျော့ပျောင်းသူဖြစ်ရမည်။
၆။ မာန်မာန တက်ကြွခြင်းမရှိစေရ။
၇။ မိမိမှာထင်ရှားရှိသော ပစ္စည်းဖြင့်သာ ရောင့်ရဲတင်းတိမ်ကျေနပ်သူ ဖြစ်ရမည်။
၈။ သူတစ်ပါးတို့ စောင့်ရှောက်မွေးမြူရန် လွယ်ကူသူ ဖြစ်ရမည်။
၉။ ကျင့်ဝတ္တရားအတွက် မလိုလားအပ်သည့် အပိုပစ္စည်းများ နည်းပါးသူဖြစ်ရမည်။
၁၀။ ပေါ့ပါးလွယ်ကူသော အသက်မွေးခြင်းရှိသူဖြစ်ရမည်။
၁၁။ ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိသူဖြစ်ရမည်။
၁၂။ အပြစ်ကင်းသော အရာ၌ ရင့်ကျက်သော ဉာဏ်ပညာရှိသူဖြစ်ရမည်။
၁၃။ ကိုယ်နှုတ်နှလုံးသုံးပါးလုံးကြမ်းကြုတ်ခြင်းမရှိစေရ။
၁၄။ ဒါယကာ၊ ဒါယိကာမတို့အပေါ် တွယ်တာကပ်ငြိခြင်း မရှိစေရ။
၁၅။ ပညာရှိများစွပ်စွဲကဲ့ရဲ့မည့် အရာမှန်လျှင် တစ်စုံတစ်ရာ အနည်းငယ်မျှမပြုကျင့်ရ။

### မေတ္တာပွားနည်း

မေတ္တာပွားလိုသူသည် ပြည့်စုံရမည့်တရား (၁၅)ပါး ပြည့်စုံလျှင် မေတ္တာသုတ်လာ မေတ္တာပို့နည်း(၃)မျိုးဖြင့် ပို့ရာ၏။

(၁) သဗ္ဗသင်္ဂါဟိကမေတ္တာ - သတ္တဝါအလုံးစုံကို တစ်ခွန်းတည်းဖြင့် နှံ့အောင်ပွားသော မေတ္တာ။
(၂) ဒုကဘာဝနာ မေတ္တာ - သတ္တဝါတို့ကို နှစ်စု နှစ်ပုံ ပုံ၍ ပွားသောမေတ္တာ။
(၃) တိကဘာဝနာ မေတ္တာ - သတ္တဝါတို့ကို သုံးစုသုံးပုံ ပုံ၍ ပွားသောမေတ္တာ တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သဗ္ဗ သင်္ဂါဟိက မေတ္တာ

*ဤမေတ္တာ ပွားနည်းမှာ-*

(၁) သဗ္ဗ သတ္တာ သုခိနော ဟောန္တု၊ အလုံးစုံသော သတ္တဝါတို့ ကာယိကသုခနှင့် ပြည့်စုံပါစေ။
(၂) သဗ္ဗ သတ္တာ ခေမိနော ဟောန္တု၊ အလုံးစုံသော သတ္တဝါတို့ ဘေးရန်ကင်းကြပါစေ။
(၃) သဗ္ဗ သတ္တာ သုခိတတ္တာ ဟောန္တု၊ အလုံးစုံသော သတ္တဝါတို့ စေတသိက သုခနှင့် ပြည့်စုံကြပါစေ။

## ဒုက ဘာဝနာ မေတ္တာ

*ဤမေတ္တာ ပွားနည်းမှာ-*

(၁) တသာ ဝါ ထာဝရာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု၊ သုခိတတ္တာ၊
ကြောက်လန့်ခြင်း မကင်းသည့် ပုထုဇဉ် သေက္ခအရိယာ သတ္တဝါ၊ ကြောက်လန့်ခြင်းကင်းသည့် ရဟန္တာသတ္တဝါ၊ ဤအလုံးစုံသော သတ္တဝါသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ။
(၂) ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု၊ သုခိတတ္တာ၊
မြင်အပ်သောသတ္တဝါ၊ မမြင်အပ်သောသတ္တဝါ၊ အလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
(၃) ဒူရာဝါ အဝိဒူရာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု၊ သုခိတတ္တာ၊
ဝေးနေ၊ နီးနေ သတ္တဝါအလုံးစုံတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
(၄) ဘူတာ ဝါ သမ္ဘဝေသီ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု၊ သုခိတတ္တာ၊
ရဟန္တာ ပုဂ္ဂိုလ်၊ ကြွင်းသော ပုထုဇဉ် သေက္ခ ပုဂ္ဂိုလ် အလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

## တိက ဘာဝနာ မေတ္တာ

(၁) ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု၊ သုခိတတ္တာ၊
ရှည်၊ တို၊ အလတ် ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါအလုံးစုံတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
(၂) မဟန္တာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု၊ သုခိတတ္တာ၊
ကြီး၊ ငယ်၊ အလတ် ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါအလုံးစုံတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
(၃) ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု၊ သုခိတတ္တာ၊
ဆူ၊ ကြုံ၊ လတ် ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါအလုံးစုံတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဤမေတ္တာပွားနည်း သုံးမျိုးသည် သူတစ်ပါးတို့ စီးပွားချမ်းသာရစေရန်တောင့်တလိုလားသဖြင့် (ဟိတ သုခါနာဂမ ပတ္ထနာ မေတ္တာ)ဟု ခေါ်သည်။ သူတစ်ပါး၊ အစီးအပွားမဲ့ ဒုက္ခဆင်းရဲ မရောက်စေရန် တောင့်တခြင်းကို (အဟိတ ဒုက္ခာနာဂမ ပတ္ထနာ မေတ္တာ)ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ မေတ္တာပွားနည်းမှာ-

နပရောပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိနံ ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာ ညမညဿ ဒုက္ခမိစ္ဆေယျ။

“သတ္တဝါ တစ်ယောက်သည် တစ်ယောက်ကို မလှည့်ဖြားပါစေသား၊ မထီမဲ့မြင်မှု မပြုပါစေသား၊ အချင်းချင်းအား ကိုယ်နှုတ်နှလုံး ဖောက်ပြန်ကာ ချုပ်ချယ်ခြင်း ထိပါးခြင်းဖြင့် ဆင်းရဲဒုက္ခကို အလိုမရှိပါစေသား”

မေတ္တာသုတ်တွင် မေတ္တာပွားနည်း အမျိုးမျိုးပြထားသည်။ ထိုသို့ပြရခြင်းမှာ ပုထုဇဉ်တို့ စိတ်အာရုံသည် မရပ်မနား လှည့်သွားနေသည်။ မေတ္တာဘာဝနာအာရုံ၌ ကြံ့ကြံ့မတည်နိုင်။ သို့ဖြစ်၍ မေတ္တာပွားနည်းအမျိုးမျိုးကို ဘုရားရှင်ဟောတော်မူခြင်းဖြစ်သည်။

## မေတ္တာပွားရန်ခက်ခဲပုံ

ပါရမီ(၁၀)ပါးတွင် တစ်ပါးဖြစ်သော မေတ္တာပါရမီသည် သတ္တဝါတို့ကို အာရုံပြုကာ ချမ်းသာစေလိုသော စိတ်နှလုံးထားရသဖြင့် မြင့်မြတ်သောပါရမီဖြစ်သည်။ မေတ္တာပါရမီ ပွားရာ၌ (၁) ဝေရီပုဂ္ဂိုလ်၊ (၂) မဇ္ဈတ္တပုဂ္ဂိုလ်၊ (၃) ပိယပုဂ္ဂိုလ်ဟု သုံးမျိုးရှိသည့်အနက် ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်ကို မေတ္တာပွားရန်မှာ ခက်ခဲသည်။ မိတ်ဆွေလည်း မဟုတ်၊ ရန်သူလည်းမဟုတ်သော မဇ္ဈတ္တပုဂ္ဂိုလ်အပေါ်တွင်မူ ရန်သူလောက်မခဲယဉ်းပေ။ ချစ်ခင်သောမိတ်ဆွေ ပိယပုဂ္ဂိုလ်အတွက်မူ ခဲယဉ်ခြင်းမရှိပေ။

မေတ္တာပါရမီပွားများလိုလျှင် ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာပွားရသည်။ မိမိကိုယ်ကို ပွားများသဖြင့် လွယ်လွယ်ကူကူပြည့်စုံပေသည်။ ထို့နောက် ရန်သူ ပုဂ္ဂိုလ်၊ အလယ်အလတ် ပုဂ္ဂိုလ်တို့အပေါ် ပွားများသင့်သည်။ ရန်သူနှင့် အလယ်အလတ်ပုဂ္ဂိုလ်အပေါ် မေတ္တာပွားဖို့ထားဦး၊ ပိယ ပုဂ္ဂိုလ်အပေါ် ကိုယ်နှင့်ထပ်တူ ပွားများရန်ပင် ခဲယဉ်းသည်။ အလယ်အလတ် ပုဂ္ဂိုလ်၊ ရန်သူပုဂ္ဂိုလ်ကို တစ်တန်းတစ်စားတည်းထားလျက် မေတ္တာပို့ရန်မှာ လွန်စွာ ခက်ခဲသည်။ဤသို့ ပိုင်နိုင်မှသာ မေတ္တာစစ်ဖြစ်သည်။

မေတ္တာပို့လျှင်ပို့သူထံသို့ မေတ္တာစာတ်ရောက်ကြောင်း ယုံမှားသံသယမရှိအပ်ပေ။

မြတ်ဘုရားသည် သံဃာအခြံအရံဖြင့် ကုသိနာရုံသို့ကြွရာ “မလ္လမင်းတို့သည် ဘုရားရှင်အားမကြိုဆိုလျှင် ဒဏ်ထားစတမ်း” ကတိကဝတ်ထားသည်။ ရောဇမည်သော မလ္လမင်းသည်လည်း ဘုရားရှင်အားကြိုဆိုရာတွင် ပါသည်။ ထိုရောဇမင်းသည် လူဖြစ်စဉ်က အရှင်အာနန္ဒာ၏ သူငယ်ချင်းဖြစ်၍ အရှင်အာနန္ဒာက “ဘုရားရှင်အား ကြိုဆိုခြင်းမှာ အရတော်စွ”ဟု ချီးမွမ်းစကားဆိုသည်။ ထိုအခါ ရောဇမင်းက “သဒ္ဓါတရားကြောင့် ကြိုဆိုသည်မဟုတ်၊ အချင်းချင်း ကတိထားသဖြင့် ဒဏ်ကျမည်စိုး၍ ကြိုဆိုကြောင်း”ပြောသည်။ ထိုစကားကြားသော် အရှင်အာနန္ဒာသည် စိတ်နှလုံးမချမ်းသာသဖြင့် ဘုရားရှင်အားလျှောက်၏။ဘုရားရှင်သည်ရောဇမင်းအား သီးသန့်အာရုံပြုလျက် မေတ္တာပို့ရာ အမိနှင့်ကွဲနေသော နွားငယ်ပမာ မိမိ၏ နန်းတော်၌ မနေနိုင်ဘဲ ဘုရားကျောင်းတော်သို့လာလျက် ဘုရားရှင်အား သဒ္ဓါတရားဖြင့် ဖူးမြော်၏။ တရားနာရသော် သောတာပန်ဖြစ်သည်။

မေတ္တာအစွမ်းကား အံ့မခန်းအောင် ထက်မြက်ကြောင်းကို ဝတ္ထုသာဓကများဖြင့် တင်ပြအပ်ပါသည်။ ဖတ်ရှုပြီးနူးညံ့စိတ်ဖြင့် မှန်ကန်စွာ ပွားများနိုင်ကြပါစေ။

(ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် အနုဒီပနီက)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# တုန့်နိုင်းမရသည့် မိခင်မေတ္တာ

"အရှင်…ကျွန်ုပ်မှာသားကို ကိုယ်ဝန်လွယ်ထားရပါတယ်။ သားကို ရှင်သန်အောင်ဖွားပါရစေ…သားဖွားပြီးက ကြည်ဖြူစွာ အသတ်ခံပါမည်။ လောလောဆယ် တခြားသူနဲ့ အလှည့်ပြောင်းပေးပါ"

"ဘာ…သတ္တဝါတွေက အရှင်သေချင်တယ်လို့ရှိမလား…အသက်ရှင်သန်ခွင့်ရှိသမျှ နေချင်ကြတယ်…ဒါသတ္တဝါတွေရဲ့ဆန္ဒ၊ နင့်ကိုယ်စားတခြားလူက သေပေးရမယ်ဆိုလို့ တရားမျှတမလား…မရဘူး၊ သင့်အလှည့် သင်သာတာဝန်ယူ"

ကိုယ်ဝန်ဆောင် သမင်မသည် ဦးစီးခေါင်းဆောင် သာခသမင်စကားကြားရသဖြင့် စိတ်ဆင်းရဲသွားသည်။ မိမိ သေရခြင်းအတွက် ဝမ်းမနည်းပါ။ သို့သော် အပြစ်မဲ့သည့်သားလေး ဘာမသိညာမသိသေရမည့်အရေးအတွက် စိတ်မကောင်းမိ။ ဖြစ်နိုင်လျှင်သည်သားလေးကို မွေးဖွားပေးခဲ့ချင်သည်။ သားလေးလောကအတွင်း ရှင်သန်နိုင်သည်အထိ မွေးပေးခဲ့ချင်သည်။ ခုတော့ မိမိရော၊ သားငယ်ပါအသက်ဆုံးရှုံးရတော့မည်။

ကိုယ်ဝန်ဆောင်သမင်မလေးသည် ကြုံလာသည့်ဘဝအကြောင်း စဉ်းစားရင်း မလှမ်းချင်လှမ်းချင် လှမ်းလာသည်။ တစ်ခုသောသစ်ပင်ကိုမှီလျက်နံနက်ဖန်ကြုံမည့်အရေးကိုတွေးနေသည်။ သေရမည့်ရက် မနီးသေးသည့်သမင်များကမူ မြူးထူးပျော်ပါးစွာ ဆော့ကစားနေသည်။ သမင်ဖိုနှင့်သမင်မလေးများက တစ်ကောင်နှင့်တစ်ကောင် မြူးလျက်၊ ကျူလျက် ချစ်ရည်လူး ပျော်မြူး၍ပင်နေကြသေးသည်။ ယနေ့ပျော်နိုင်သော်လည်း နောက်တစ်နေ့၊ သို့မဟုတ် တစ်နေ့နေ့တွင် သေဘေးကြုံရလိမ့်မည်။ ထိုအခါသားသတ်သမား၏ သတ်ဖြတ်မှုကို ခံရန်စဉ်းတီတုံးပေါ် လည်စင်းပေးရလိမ့်မည်။ ဤဘေးဆိုးက ဘယ်တော့များမှ လွတ်မြောက်ပါ့မလဲဟု တွေးလိုက်မိသည်။

ဟယ်…။

သေဘေးမှလွတ်မြောက်ရေးတွေးမှပင် သူတို့၏အခြားခေါင်းဆောင်ဖြစ်သော နိဂြောဓသမင်ကြီးကို မျက်စိထဲ မြင်လာသည်။

နိဂြောဓသမင်ကြီးသည် စာနာစိတ်ရှိသည်။ တစ်ဖက်သားအပေါ်လည်း အနစ်နာခံတတ်သည်။ ခေါင်းဆောင်ဟူ၍ အခွင့်အရေးမယူ၊ သူကပင် ထောက်ထားစာနာတတ်သည်။ သူ့အခြေအနေကို နိဂြောဓသမင်ကြီးအား တင်ပြရလျှင် ဖြစ်တန်ကောင်းရဲ့ဟု တွေးလိုက်သည်။

သောကကြောင့် နုံးခွေနေသည့်စိတ်က လန်းဆန်းလာသည်။ ဆုတ်ယုတ်နေသည့်အားများ ပြန်တက်လာသည်။ ဟိုကြောင့် လူးလဲထလိုက်ပြီးသမင်ကြီးရှိရာဆီသို့ ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



''အရှင်၊ ကျွန်ုပ်ဘဝကို ကယ်တင်ပါ...''

ကျွန်ုပ်သည် နိဂြောဓသမင်ကြီးရှေ့တွင် ဒူးထောက်လျက် ငိုချလိုက်သည်။ ကျွန်ုပ်၏အနေအထားကိုမြင်သော သမင်ကြီးက ကရုဏာသက်သွားဟန်ရှိသည်။

''အဘယ် သမင်မလေး...သင့်မှာအဘယ်ပြဿနာရှိလို့ ငိုယိုရတာလဲ...အခက်အခဲရှိရင် ကူညီနိုင်အောင် အကျိုးအကြောင်းရှင်းပြပါ...''

''အရှင်...ကျွန်ုပ်မနက်ဖြန်မိုးသောက်ရင် အသတ်ခံရပါတော့မယ်''

''သြော်...အင်းအင်း၊ တို့များဘဝကဒီလိုပဲ ကုန်ဆုံးကြရမှာပဲလေ...သင့်အလှည့်မှာ သင်အသက်ဆုံးရှုံးရသလို၊ အခြားအခြားသမင်တွေလည်း ဒီလိုကြုံရမှာပါ''

''အရှင်...သေရမှာအတွက် ဝန်မလေးပါဘူး။ ဒါပေမယ့် ကျွန်ုပ်သေရင် ဝမ်းမှာလွယ်ထားတဲ့ကလေးပါ အသက်ဆုံးရှုံးရပါလိမ့်မယ်။ အပြစ်မဲ့တဲ့ကလေးကတော့ ရှင်သန်ဖို့အခွင့်အရေးရှိသင့်ပါတယ်...''

''သြော်...သင့်မှာ ရင်သွေးရှိနေလား...''

''မှန်ပါတယ်အရှင်...ဒီကလေးကိုမွေးဖွားပြီးတဲ့အချိန်ထိ အသက်ရှင်နေချင်ပါတယ်။ ဒါကြောင့်သေရမည့် အလှည့် လဲလှယ်ပေးဖို့ တောင်းပန်ပါတယ်...''

''အင်း...လဲလှယ်ပေးဖို့ဆိုတဲ့အခွင့်အရေးပေးဖို့က ခက်တယ်။ ဘယ်သူမှသေချင်မှာ မဟုတ်ဘူး''

သမင်ကြီး၏စကားကြားသော် ရေနစ်သူဖမ်းဆွဲထားသည့် မြက်ပင်လေး အမြစ်မှကျွတ်ပါလာသကဲ့သို့ အားကိုးရာမဲ့ သွားသည်။ မျှော်လင့်ချက်ကုန်ဆုံးပြီဟု တွေးလျက်ငိုချလိုက်သည်။

''သင်မငိုပါနဲ့''

''ကျွန်ုပ် ဘယ်လိုဖြေရမလဲ အရှင်...၊ လောကကြီးက ကျွန်ုပ်တို့အပေါ် တရားမျှတမှုမရှိတာကို ဘယ်လို ဖြေသိမ့်ရမလဲ''

''အင်း...ဒါဟာသတ္တဝါတွေကြုံရ၊ တွေ့ရမယ့်လမ်းပါပဲ။ ကဲလေ...မင်းစိတ်ချမ်းချမ်းသာသာနေပါ''

''ရှင်...''

''မင့်သားကိုသာ အသက်ရှင်အောင် မွေးပါ။ မင်းကိုယ်စား ငါအသေခံလိုက်ပါ့မယ်''

''အရှင်.....အရှင်မြတ်က အသေခံမယ်''

သမင်မလေးသည် နိဂြောဓသမင်ကြီးက သူ့ကိုယ်စားအသေခံ မည်ဟုပြောလိုက်၍ မယုံနိုင်အောင်အံ့သြ သွားသည်။ သူလိုလားချက်ပြည့်သဖြင့် ဝမ်းသာရမည်ဖြစ်သော်လည်း ဝမ်းမသာနိုင်။ ခေါင်းဆောင်သမင်ကြီးက သူ့ကိုယ်စား အသေခံပေးမည်ဟူသောအဖြစ်ကို ယုံလည်း မယုံချင်၊ လက်လည်းမခံချင်။ သို့သော် သမင်ကြီးနှုတ်က ထုတ်ဖော် ပြောလိုက်သဖြင့် အံ့သြခြင်းကြီးစွာ ဖြစ်ရလေတော့သည်။

* * *

ဗာရာဏသီပြည်၏ အရှင်သခင်ဗြဟ္မဒတ်မင်းသည် သမင်သားကို အလွန်အမင်းနှစ်သက်သည်။ ဤသို့နှစ်သက် ခြင်းက သူတို့တစ်တွေ ဘေးဆိုးနှင့်ကြုံရစေခြင်းဖြစ်သည်။

မင်းကြီးသည် သမင်သားအလို့ငှာ နေ့စဉ်တောလိုက်လေ့ရှိသည်။ ထိုသို့တောလိုက်လျှင် မင်းချင်းတွေရော၊ ကျေးရွာသူကျေးရွာသားများပါ အငြိမ်မနေရ။ မင်းမိန့်ဖြင့် တောချောက်ပေးရသည်။ တစ်နေ့တလေ ဆိုလျှင်အကြောင်း မဟုတ်။ နေ့စဉ်ရက်ဆက်ဖြစ်တော့ အလုပ်ပင်မလုပ်ရတော့။ ထိုအခါ မင်းချင်းများနှင့် ကျေးရွာသားများတိုင်ပင်လေ့က်

www.burmeseclassic.com



မင်းကြီးအတွက် သမင်အလွယ်တကူရနိုင်သည့်နည်းလမ်း စဉ်းစားလာသည်။ တောထဲရှိသမင်များကို မင်းဥယျာဉ်အတွင်း မောင်းသွင်းပေးထားပြီး လုံခြုံအောင်ခြံခတ်ကာရံပေးထားမည်။ မင်းကြီးအလိုရှိသည့်အချိန်၊ စားချင်သည့်သမင်ကို အလွယ်တကူ ပစ်ခတ်ဖမ်းယူစားသောက်ရုံသာရှိသည်။

ဤအစီအစဉ်ကြောင့် နိဂြောဓရွှေသမင်ဦးဆောင်သော သမင်ငါးရာနှင့် သာခသမင်ဦးဆောင်သော သမင်ငါးရာသည် ဖမ်းဆီးလှောင်ပိတ်ခံကြရသည်။ မင်းကြီးသည် သမင်သားလတ်လတ်ဆတ်ဆတ်ကို အလွယ်တကူ ပစ်ခတ်ရုံသာ...။

ဗြဟ္မဒတ်မင်းကြီးသည် သမင်ပေါင်းတစ်ထောင်ထဲမှ ရွှေရောင်အဆင်းရှိသည့် သမင်ကြီးနှစ်ကောင်ကိုတွေ့သည်။ ရုပ်အဆင်းထူးခြားသည့်အပြင် ရွှေရောင်အဆင်းရှိသည့် သမင်ကြီးတွေ ထူးခြားလှသည်။ မသတ်ရက်အောင် နှစ်သက်သည်။ ထို့ကြောင့် ဤသမင် နှစ်ကောင်ကို ဘယ်သောအခါမှ မသတ်ရဟု ဘေးမဲ့ပေးခဲ့သည်။ မင်းကြီးကိုယ်တိုင်လာရောက် ပစ်ခတ်လျှင်လည်း သမင်နှစ်ကောင်ကိုမူ ပစ်ခတ်ခြင်းမရှိပေ။

အချိန်ကျလျှင် လေးသည်တော်များက သမင်ကိုပစ်ခတ်ဖမ်းဆီးရန် ဥယျာဉ်ထဲရောက်လာလေ့ရှိသည်။ ထိုသို့ လေးကိုင်ဝင်လာသည်နှင့် သေမည့်ဘေးသိနေ၍ အသက်လုပြေးကြသည်။ တစ်ကောင်နှင့် တစ်ကောင်တိုးဝှေ့ ထွက်ပြေးကြရာ အလဲလဲအပြိုပြို။ မြားဒဏ်မခံရမီပင် ခြေကျိုး၊ လက်ကျိုးအနာတရဖြစ်ရသည်။

မင်းကြီးနေ့စဉ်ပစ်ခတ်ဖမ်းဆီးသည်က သမင်တစ်ကောင်သာ။ သို့သော် သေဘေးကြောက်လျက် ပြေးကြသဖြင့် အနာတရဖြစ်သည်က အမြောက်အမြား။ ဤပြဿနာကို နည်းလမ်းတကျဖြေရှင်းရန် နိဂြောဓ သမင်ကြီးက အကြံရသည်။ ထို့ကြောင့် သမင်အပေါင်းကိုခေါ်လျက် အကောင်းဆုံးနည်းကို စဉ်းစားပြီးညှိနှိုင်းသည်။

"အချင်းတို့၊ ငါတို့ဟာ မင်းဥယျာဉ်ထဲမှာ ဖမ်းဆီးခံနေရတယ်။ မင်းကြီးကတို့ထဲမှ တစ်နေ့တစ်ကောင်ကျ ပစ်ခတ် စားသောက်နေတယ်။ ဒီကိစ္စကြောင့် တစ်နေ့နေ့မှာတော့ သေဘေးကြုံကြရမှာပဲ။ အေး...မကြုံရသေးခင် တို့များ ဖြစ်ပျက်နေပုံက အများမချမ်းသာစရာပဲ။ ဒီတော့ အကြောင်းမဲ့အနာမခံဘဲ၊ တို့များအလှည့်ကျ အသေခံ သင့်တယ်..."

နိဂြောဓသမင်ကြီး၏အစီအစဉ်က ကောင်းသည့်အစီအစဉ်တော့မဟုတ်။ သေရမည့်အရေးကို ဘယ်ပုံဘယ်နည်း အသေခံမည်ဟု ကြံစည်ခြင်းဖြစ်သဖြင့် "သဘောတူပါတယ်"ဟု မည်သူမျှ ခေါင်းမညိတ်။ ခေါင်းမညိတ်သော်လည်း ခေါင်းခါနိုင်သည့် နည်းလမ်းမရှိသဖြင့်၊ ဤနည်းသာလျှင် အကောင်းဆုံးဖြစ်နေ၍ သဘောတူလိုက်ကြ ရသည်။

တစ်နေ့တစ်ကောင် အလှည့်ကျ အသေခံလာသည်မှ နံနက်ဖန်တွင် ကိုယ်ဝန်ဆောင် သမင်မလေး အလှည့် ရောက်လာသည်။ ဤတွင် ပြဿနာက ခေါင်းဆောင်နိဂြောဓသမင်ကြီးထံ ရောက်လာသည်။

"အချင်းသမင်မလေး...သင့်ကိုယ်စားငါအသေခံပါ့မယ်လို့ပြောတဲ့အတွက် စိတ်မကောင်းမရှိပါနဲ့။ ဒီအစီအစဉ်ကို ငါကလိုလိုလားလား လက်ခံတာပါ။ ဘာပြုလို့လက်ခံတာလဲဆိုတော့ သင့်မှာမိခင်စိတ်ရှိလို့ပဲ"

"ရှင်..."

"သင်ဟာမမြင်ရသေးတဲ့ ရင်သွေးအပေါ်ထားရှိတဲ့ မေတ္တာစိတ်က တော်ရုံတန်ရုံမေတ္တာစိတ် မဟုတ်ဘူး။ အခက်အခဲနဲ့ဘေးဆိုးကြုံရင် သတ္တဝါတွေဟာ ကိုယ်ကျိုးသာကြည့်တတ်တယ်။ အဲဒီထဲမှာ တချို့မိဘတွေဟာ ကမ္ဘာ မီးလောင်သားကောင်ချနင်းဆိုတဲ့ အကြင်နာမဲ့တဲ့ နည်းလမ်းနဲ့ကိုယ့်အသက်ကိုရှာကြံမွေးတတ်သူတွေပင်ရှိတယ်။ အဲဒီ မိခင်ထဲမှာသင်ကမပါလို့ သင့်ကိုငါလေးစားတယ်"

"ကျွန်ုပ်လည်း ဒီသားမွေးပြီးရင် အသတ်ခံဆိုလည်း အသတ်ခံမှာပါ"

"ဟုတ်ပါတယ်...အဲဒီစိတ်ထားကိုလေးစားလို့ သင့်ကိုယ်စား ငါအသေခံမှာပါ။ စိတ်ချမ်းချမ်းသာသာပဲ နေတော့"

* * *

www.burmeseclassic.com

www.burmeseclassic.com



နိဂြောဓသမင်ကြီးက ကိုယ်ဝန်ဆောင်သမင်မလေးအတွက် အသက်အသေခံမည်ဟူသော သတင်းက သမင်အပေါင်းတွင် ချက်ချင်းပျံ့နှံ့သွားသည်။

"ဟာ…ဒီလိုဆို ငါတို့ခေါင်းဆောင်ကြီးက အသားလွှတ်သေရမှာပေါ့"

"သမင်မင်းက သဘောတူတာလေ…"

"သဘောတူပေမယ့်၊ ဒီအစီအစဉ်ကို ဟိုသမင်မလေးက လက်မခံသင့်ဘူး။ သင်းလိုဘာမဟုတ်တဲ့ သမင်တစ်ကောင်သေရတာ အကြောင်းမဟုတ်ပေမယ့် သမင်မင်းဆုံးရှုံးရတာ တို့တစ်မျိုးလုံးဒုက္ခရောက်တာနဲ့ အတူတူပဲ"

"အဲဒါဆို ဘယ်လိုဖြစ်သင့်လဲ"

ဘယ်လိုဖြစ်သင့်လဲဟု သမင်တစ်ကောင်က ထမေးလိုက်၍ စကားဖွာသည့်သမင်မှာ ငြိမ်ကျသွားသည်။ သမင်မင်းကိုယ်စား ကျွန်ုပ်အသေ ခံမည်ဟုလည်း ဝန်မခံရဲ၊ အကြံပြုစရာလည်း အဖြေမရှိ။

နောက်တစ်နေ့တွင် သမင်မင်းသည် အသတ်ခံရန်နေရာသို့ မတုန်မလှုပ်သည့် အမူအရာဖြင့် လျှောက်သွားသည်။ သမင်အပေါင်းသည် မနီးမဝေးမှ မယောင်မလည် ကြည့်နေကြသည်။ စိတ်မကောင်းသည့် အမူအရာဖြင့် ငိုင်နေကြသည်။

သမင်မင်းသည် စဉ်းတီတုံးပေါ်တွင် လည်ကိုစင်းပေးလိုက်သည်။

"ဟော့…ဟော့"

"ဟာ…"

သမင်သားယူရန်လာသော စားတော်ချက်သည် စဉ်းတီတုံးပေါ် လည်စင်းပေးသည့် သမင်ကို ခုတ်ဖြတ်ရန် ဓားကို မြှောက်လိုက်စဉ်အဖော်ပါလာသည့်သူက လှမ်းဆွဲသည်။ အသံပြုလျက် သမင်ကိုထိုးပြသည်။

ဘေးမဲ့ပေးထားသောသမင်ကြီးက လာအသတ်ခံနေသဖြင့် မြှောက်ထားသောဓားကိုလွှတ်ချလိုက်သည်။ ဘေးမဲ့ပေးထားသည့် သမင်ကိုသတ်မိလျှင် မင်းပြစ်ဒဏ်ခံရမည်ဖြစ်၍ တုန်လှုပ်သွားသည်။ စဉ်းတီတုံးပေါ်မှ ရွှေသမင်ကြီးကို တွန်းဖယ်လိုက်သည်။

"အချင်း နိဂြောဓ၊ ဘယ်လိုလုပ်တာလဲ။ သင့်ကိုဘေးမဲ့ပေးထားတာပဲ"

"ဟုတ်ပါတယ်။ ငါ့ကိုဘေးမဲ့ပေးထားပေမယ့် ဘေးမဲ့ပေးချမ်းသာခွင့်မရတဲ့ ကိုယ်ဝန်သည် သမင်မလေးက သေရတော့မယ်။ သမင်တစ်ကောင်အတွက် ဝမ်းထဲကသားငယ်ပါ ပျက်စီးရတော့မှာမို့ သူတို့ကိုယ်စား ငါ အသေခံတာ…"

"အသင်အသေခံပေမယ့်၊ ငါတို့ မသတ်ဝံ့ဘူး"

"ကိုယ်ဝန်သည် သမင်မလေးကို စောင့်ရှောက်မည့်နည်းလမ်းက ဒီနည်းပဲရှိပါတယ်။ ကိုယ်ဝန်သည် သမင်မလေး ချမ်းသာစေချင်တာ နဲ့ အခြားသမင်တစ်ကောင် အသေခံလိုက်ပါလို့ ငါကဘယ်မှာပြောရက်မလဲ"

"ဒါပေမယ့်…"

'ခေါင်းဆောင်ဆိုတာ မလျော်ကန်တဲ့အမိန့်ကို မပေးသင့်သလို၊ ကိုယ့်အောက်ငယ်သားကြုံတွေ့ရတဲ့ ပြဿနာကို ဖြေရှင်းပေးသင့်တယ်။ သတ်ပါ…သင်တို့မင်းကြီးအတွက် ငါ့အသားကိုသာ ယူပါတော့"

စားဖိုမှူးသည် မကြုံဖူးသည့်အဖြစ်အပျက်ကြောင့် သမင်ကို မသတ်သေးဘဲ၊ မင်းကြီးထံ လျှောက်ထားသည်။ ထိုအခါ ဗြဟ္မဒတ်မင်းသည် ဥယျာဉ်တော်သို့ ချက်ချင်းလိုက်လာပြီး၊ သမင်မင်းနှင့်တွေ့သည်။

"အချင်း နိဂြောဓ။ သင့်ကိုငါကိုယ်တိုင်ဘေးမဲ့ပေးထားပါလျက် ဘာကြောင့် အသတ်ခံသနည်း"

"အရှင်မင်းကြီး၊ ကိုယ်ဝန်ဆောင် သမင်မလေးရဲ့ တောင်းပန်ချက်အရ ငါအသေခံပေတယ်…မိခင်မေတ္တာစိတ်ရှိတဲ့ ဒီသမင်မလေး…ဟာ အချည်းနှီးမသေသင့်၊ သူမသေသင့်လို့ အခြားသမင်တစ်ကောင်ကောင်ကို အစားထိုးပေး

www.burmeseclassic.com

www.burmeseclassic.com



လျှင်လည်း လက်အောက်ငယ်သားအပေါ်ထားရှိရမယ့် ငါ့စေတနာက မမှန်ကန်။ သတ္တဝါမှန်သမျှ သေဘေးကြောက်ပေမယ့်၊ သေသင့်တယ်လို့ထင်ရင် ခေါင်းဆောင်လုပ်သူက တာဝန်ယူရပါတယ် မင်းကြီး''

''အို...အချင်းနိဂြောဓ။ ငါသည် သင်ကဲ့သို့ ခန္တီပါရမီ၊ ကရုဏာ မေတ္တာပါရမီနှင့် ပြည့်စုံသူကို လူများတွင်ပင် မတွေ့ဖူးပါချေ။ ဒါကြောင့် သင့်ကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်သမင်မကိုလည်းကောင်း ဘေးမဲ့ပေးပါ၏။ ချမ်းသာပါစေ...''

''သာဓု...သာဓုပါမင်းကြီး။ ဒါပေမယ့် သတ္တဝါမှန်သမျှ သေဘေးကိုကြောက်ရွံ့ကြတာ မွေတာပါ။ ရသာတဏှာကြောင့် သတ္တဝါများ အသက်မသေသင့်ပါ''

''ကောင်းပါပြီး နိဂြောဓသမင်မင်း၊ သတ္တဝါအားလုံးချမ်းသာပါစေ...''

ကိုယ်ဝန်ဆောင်သမင်မလေးကို အကြောင်းပြုလျက် သမင်မင်း ဆောင်ရွက်ခဲ့ရာမှ သတ္တဝါအားလုံးချမ်းသာရာရ၍ အားလုံးပျော်ရွှင်သွားသည်။ သို့သော် သတ္တဝါမှန်လျှင် ယခုမသေရသော်လည်း တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် သေရမည်ဖြစ်ရာ ထိုသေဘေးမှလွတ်မြောက်အောင် ကြိုးစားကြဖို့ အလောင်းတော်နိဂြောဓသမင်မင်းက ဆုံးမလေသည်။ ထိုအချိန်မှစ၍ သမင်အပေါင်းသည် မင်းဥယျာဉ်တွင် ပျော်ရွှင်စွာနေခွင့်ရခဲ့လေတော့၏။

ကျမ်းကိုး။ ။ဧကနိပါတ်၊ နိဂြောဓဇာတ်

❖ ❖ ❖

www.burmeseclassic.com

## သံသရာအဆက်ဆက်နွယ်ယှက်လာသည့်မေတ္တာ

“သား…အမယ်လေးကွယ်၊ မိအိုဖအိုကို အချိန်ကြာမြင့်စွာ ပစ်ထားပြီး ဘယ်အရပ်ဘယ်ဒေသကို သွားနေတာလဲ…ဒီအမေအိုအဖေအိုကို မချစ်လို့လား…မကြင်နာလို့လား၊ အချိန်နှင့်အမျှ စောင့်စားနေတဲ့ အမေနဲ့ အဖေကို စိမ်းကားရက်လိုက်တာ… မေတ္တာပျက်လို့လား သားရယ်…”

“ဟယ်…”

အရှင်အာနန္ဒာသည် ဤသို့သာလျှင် အံ့အားသင့်စွာ ရေရွတ်နိုင်သည်။ အတန်ကြာပင် စကားမပြောနိုင်အောင် ဖြစ်သွားရသည်။

ဘုရားရှင်၏ခမည်းတော်သည် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမှန်း အများသူငါသိထားသည်။ မယ်တော်မှာ ဒေဝဒဟပြည့်ရှင်ဘုရင်သုပ္ပဗုဒ္ဓ၏နှမတော် မဟာမာယာဒေဝီတော်မှန်းလည်း သိထားကြသည်။ မိထွေးတော်မှာ မာယာဒေဝီ၏ညီမတော် ပဇာပတိဂေါတမီ မှန်းလည်းသိထားကြသည်။

သုဒ္ဓေါဒန၏ညီတော်၊ ညီမတော်များကို ဆန်းစစ်ပြန်တော့ သုက္ကောဒန၊ ဓောတောဒန၊ သက္ကောဒန၊ အမိတောဒနနှင့် အမိတာမှန်း အားလုံးသိထားသည်။ ကျွန်ုပ်၏ခမည်းတော်မှာ အမိတောဒနဖြစ်သဖြင့် နောင်တော်သိဒ္ဓတ္ထနှင့် ဝမ်းကွဲညီအစ်ကိုတော်နေသည်။ အရှင်မြတ် အနုရုဒ္ဓါသည်လည်း ဦးရီးတော် သုက္ကောဒန၏သားဖြစ်သဖြင့် နောင်တော်နှင့် ညီအစ်ကိုဝမ်းကွဲတော်သည်။ သကျသာကီဝင်တို့၏ ဆွေတော်မျိုးတော်စာရင်းကို ရာဇဝံသမှတ်တမ်းပြုစုထားရာ အတိအကျရှိထားပြီးဖြစ်သည်။ သို့စဉ်လျက် ဘုရားရှင်ကို ဤသာကေတမြို့မှ အဘိုးအိုနှင့်အဘွားအိုက သားဟု ခေါ်ခြင်းမှာ နားမလည်နိုင်အောင် ဖြစ်ရသည်။

ဘုရားရှင်က မည်သို့တုံ့ပြန်လေမည်နည်းဟု စောင့်ကြည့်နေမိသည်။

“သားရယ်…ဒီအမေ–ဒီအဖေက အိုကြီးအိုမအရွယ်ရောက်နေပြီး ကိုယ့်အားကိုယ်ကိုး ဘာမှမလုပ်နိုင်တော့ဘူးဆိုတာ သားမသိလေရော့သလား…ဒါမှမဟုတ် သိပါလျက်နဲ့ ဥပေက္ခာရှုထားတာလား…အားကိုးစရာဆိုလို့ ဒီသားပဲရှိတယ်ဆိုတာ မသိလေရော့သလား…”

အဘွားအိုသည် ဘုရားရှင်၏လက်တော်ကို ဖမ်းကိုင်သည်။ ထို့နောက် မသင့်လျော်ပါဟုတွေးလျက် ဘုရားရှင်၏ခြေတော်ကို နဖူးနှင့် တိုက်ကာတိုက်ကာ ပြောနေသည်။ လွှမ်းလွန်ကျူးကျူးရှင်းနှီးကျွမ်းဝင်မှုပြသည်ကို ဘုရားရှင်ကိုယ်တော်မြတ်က သည်းခံတော်မူသည်။ ဤအခြင်းအရာကို ကြည့်လျက်သားဟုခေါ်နေသော အဘွားအိုသည် ဘုရားရှင်နှင့် တစ်နည်းတစ်ဖုံဆက်စပ်နေမည်ဟု တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုသည် ခြေတော်အစုံကိုဖက်လျက် ရှိုက်ကြီးငင်ကြီး၍အားရသည်နှင့် ဒူးတုပ်ထိုင်သည်။ လက်အစုံကို ပူးယှက်လျက် လျှောက်ထားပြန် သည်။

"သားကြီး၊ အစ်ကိုကြီးကိုစောင့်မျှော်နေတဲ့ ညီတွေ၊ ညီမတွေကို လိုက်ကြည့်ပါဦး။ မလိမ္မာတဲ့ဒီကလေးတွေကို ဆုံးမရစ်ပါဦး။ ဒီကလေးတွေက အဖေ၊ အမေစကားထက် သူတို့အစ်ကိုကြီးစကားသာ နားထောင်တာကွဲ့…။ ငါ့သားကြီး ပြောခဲ့မှ ဒီအဘွားအို၊ အဘိုးအိုကို ဂရုစိုက်ကြမှာ…ကဲ၊ ငါ့သားကြီး အဖေတို့၊ အမေတို့နဲ့လိုက်ခဲ့"

အဘွားအိုသည် ဘုရားရှင်ကို လွန်စွာကျွမ်းဝင်ဟန်ဖြင့် ဖိတ်ခေါ်သည်။ "ငါဘုရားလက်ခံပါတယ်…"ဟု နှုတ်ကလည်းဝန်မခံ။ အမူအရာနှင့်မပြမီပင်အဘွားအိုးက ထရပ်သည်။ ခုချိန်ထိဝတ်ပြုရှိခိုးနေသော ပုဏ္ဏားအိုကို တစ်ချက်ကြည့်လိုက်သည်။

"ကိုရင်…သားကြီးက အိမ်ကိုကြွလိမ့်မယ်လေ…ကိုရင်ကဒီနေရာက ထဖို့စိတ်မကူးဘူးလား…သားဘုရား ကြွလာတာကို မကြိုဆိုဘူးလား…"

"ဘယ့်နှယ်စကားဆိုရသတုန်း မယ်မင်း၊ တို့သားကိုမျှော်နေတာ ဘယ်လောက်ကြာပြီထင်လဲ။ ဒီလိုကြွလာချိန်မှာ မဖိတ်ဘဲနေမလားကွဲ့။ ကဲ…သွားကြမယ်"

အဘိုးကြီးကလည်း အဘွားကြီးသတိပေးလိုက်သည်နှင့်ဆတ်ခနဲ ထရပ်သည်။ ပုဆိုးကိုတင်းတင်းရင်းရင်း ပြင်ဝတ်လျက် ဘုရားရှင်ကို "ကြွပါဘုရား"ဟူသော အမူအရာနှင့် ဖိတ်ခေါ်ပြီးရှေ့ကလှမ်းကြွသည်။

ဤအချိန်ထိ စကားတစ်ခွန်းမဆိုဘဲ၊ အဘိုးအိုအဘွားအိုပြုသမျှကို ကြည်ဖြူစွာ လက်ခံနေသော ဘုရားရှင် သည် အဘိုးအိုဦးဆောင်ခေါ်ရာသို့ လိုက်ပါမည့်အရိပ်လက္ခဏာပြသည်။ သာသနာ့ဦးသျှောင်ဘုရားရှင်ကြွပြီဆိုသည်နှင့် နောက်ပါရဟန်းများလည်း ဖဝါးခြေထပ် လိုက်ပါတော့သည်။

သာကေတမြို့ကိုရောက်သည်နှင့် ဤသို့ထူးဆန်းစွာ ကြိုဆိုခံရချိန်တွင် မြို့သူမြို့သားများသည် မနီမဝေးမှ အကဲခတ်နေသည်။ ဘုရားရှင်အား ရင်းနှီးကျွမ်းဝင်စွာ နှုတ်ဆက်သော နကုလပိတာနှင့် နကုလမာတာ ဇနီးမောင်နှံကို ကြည့်လျက် အံ့အားသင့်နေသည်။ သူတို့သိနေသည်က အဘိုးအို၊ အဘွားအိုတွင် သမီးနှစ်ယောက်နှင့် သားတစ်ယောက်ရှိ သည်။ အငယ်ဆုံးသော သားလေးနကုလကိုအစွဲပြုလျက် အဘိုးကြီးကို နကုလပိတာဟု ခေါ်သည်။ အဘွားကြီးကို နကုလမာတာဟု ခေါ်သည်။ တစ်ယောက်တည်းသော သားကို အကြောင်းပြု အမည်တွင်နေသော ဒီအဘိုးအို အဘွားအိုက ဘုရားရှင်ကို သားဟုခေါ်၍ အံ့သြနေသည်။ ယခုတစ်ဖန်အိမ်သို့ပင် ပင့်ဆောင်သွား၍၊ ပို၍စိတ်ဝင်စား ဖြစ်ကုန်တော့လေသည်။

"ဟဲ့၊ ကလေးတွေ…ဘယ်သွားကြသလဲ။ အိမ်ထဲမှာ ဘာလုပ်နေကြသလဲ။ အမြန်ထွက်လာပြီး ကြည့်လိုက်စမ်း၊ ဘယ်သူပါလာသလဲလို့ မြန်မြန်ထွက်ကြည့်ကြစမ်း"

အဘွားကြီးသည် ဘုရားရှင်ကိုယ်တိုင် အိမ်ကိုလိုက်ပါလာသဖြင့် ဝမ်းသာနေသည်။ ဂုဏ်ယူနေသည်။ အဖိုးတန် ကျောက်မြက်ရတနာတွေကို စကြဝဠာတင်းတောင်းနှင့် ခပ်ယူပေးလျှင်ပင် ဤမျှဝမ်းသာမည် မထင်။ နတ်ဒေဝါ တစ်ဦးဦးက စကြာမင်းအဖြစ် တန်ခိုးနှင့်ဖန်ဆင်း ပေးလျှင်ပင် ဤမျှဂုဏ်ယူမည်မထင်။ ဘုရားရှင်ကိုယ်တိုင် အိမ်ကို ကြွလျက် ချီးမြှင့်သည့်အတွက် ဂုဏ်ယူနေသည်။

အဘွားအို အသံပြုလိုက်သဖြင့် သမီးနှစ်ယောက်နှင့်သားနကုလ ပြေးထွက်လာသည်။ အိမ်ရှေ့တွင် ဘုရားရှင်နှင့် ရဟန်းများ တွေ့လိုက်သည့်အတွက် အံ့အားသင့်ကုန်သည်။

"ဟဲ့၊ ဒီကလေးတွေ ဘာဖြစ်နေတာလဲ။ မင်းတို့အစ်ကိုကြီးကို နှုတ်ဆက်လိုက်လေ…ကြိုဆိုစကား ဆိုလိုက်လေ…အစ်ကိုကြီးရယ် အိမ်ပေါ်ကြွပါ၊ ဆွမ်းဘောဇဉ် ဆက်ကပ်ပါရစေလို့ ပြောလိုက်လေ…"

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုစကားကြောင့် မောင်နှမသုံးယောက်သည် လက်အုပ်ချီသည်။ ဒူးတုပ်ထိုင်ချသည်။ ထို့နောက် ထိခြင်း ငါးပါးနှင့်အညီရှိခိုး ဝပ်ချသည်။

"အဲဒါပဲသားကြီးရဲ့…အရိပ်အကဲမသိ၊ အသိအလိမ္မာမရှိတဲ့ ဒီကလေးတွေကို မိဘလုပ်သူက ဘယ်လိုဆုံးမရမလဲ။ ကိုယ့်အစ်ကိုကြီး အိမ်လာတာကို ကြိုဆိုရမှန်းမသိဘူး။ ဧည့်ဝတ်ပြုရမှန်းမသိဘူး။ ဒီကလေးတွေ လိမ္မာအောင်ဆုံးမပေးစမ်းပါ"

အဘွားအိုကြီး ပျာယာခတ်နေပုံ၊ စကားတွေအလွန်အကျူး ပြောနေပုံကြည့်ပြီး ပြုံးမိသည်။ သို့သော် ဣန္ဒြေရှင်ဘုရားသခင်က ငြိမ်သက်သည်းခံနေ၍ ဆိတ်ငြိမ်နေလိုက်ရသည်။

"ဟဲ့၊ သမီးကြီး။ အိမ်ပေါ်မှာ နေရာခင်းချေ။ သမီးငယ်က တဘက်သွားယူ၊ သားငယ်က ခြေဆေးရေယူခဲ့။ ဒီမယ်နကုလ… ကိုယ့်အစ်ကိုကြီးကို ခြေဆေးရေနဲ့ဆေးကြော၊ တဘက်နဲ့သုတ်။ အဲဒါ ကုသိုလ်ဟဲ့။ ငွေကြေးမကုန်ကျဘဲ ရတဲ့ကုသိုလ်…ဟုတ်ရဲ့လားသားကြီး"

အဘွားကြီးက သူ့စကားကိုလေးနက်စေရန် ဘုရားရှင်ထံမှပင် အကူအညီယူနေပြန်သည်။ မလိမ္မာကြဘူး၊ နားမလည်ကြဘူးဟု တဖွဖွအပြစ်တင်ခံရသော သားသမီးများက မိခင်ကြီးစကားကို တစ်သဝေမတိမ်း နာခံ လုပ်ဆောင်သည်။ မိခင်၊ ဖခင်၏အဆုံးအမကို နာယူသော ဤသားနှင့်သမီးများကိုပင် အားမရနိုင်သည့် အဘွားအိုအဖြစ် ကြည့်လျက် ပြုံးပင်ပြုံးမိချေတော့သည်။

* * *

နကုလပီတာနှင့် နကုလမာတာသည် လျှပ်တစ်ပြက်စီစဉ်လျက် ဘုရားရှင်အား ဆွမ်းကပ်သည်။ လျှပ်တစ်ပြက်ဟု ဆိုသော်လည်း ကြိုတင်စီမံ ချက်ပြုတ်ထားသည့်အလား ဆွမ်းဘောဇဉ်က ဖွယ်ဖွယ်ရာရာ ရှိသည်။ ဘုရားရှင်နှင့်တကွ ရဟန်းငါးရာအတွက် ဖူလုံရုံမျှမက ပိုလျှံ၍ပင်ရှိသည်။ ဤမျှပြည့်စုံခြင်းမှာ ဘုရားရှင်၏ဘုန်းကံကြောင့်ဟု တွက်လိုက်သည်။

ဘုရားရှင်က ဆွမ်းအတွက် အနုမောဒနာတရား ချီးမြှင့်ချိန်တွင် ရဟန်းတို့စိတ်ထဲတွင် သံသယရှိနေသော အကြောင်းကို ဟောကြားသွားသည်။

"ချစ်သားရဟန်းတို့ သင်တို့စိတ်ထဲတွင် သံသယဖြစ်နေသော ဤပုဏ္ဏားအိုဇနီးမောင်နှံကား ဘဝများစွာ ဆက်ဆံဖူး၏။ ဤပုဏ္ဏားသည် ဘဝငါးရာ အဖတော်ဖူး၏။ ထို့နောက် ဘထွေးအဖြစ်ဘဝငါးရာ တော်စပ်ဖူး၏။ ထို့နောက် ဘဝငါးရာမျှ ဘကြီးအဖြစ်တော်ဖူးသည်။ ဘဝငါးရာစီပင် တစ်ဆက်တစ်စပ်တည်း ငါ့အား ကျေးဇူးရှိဖူး၏။

"သြော်…"

ပုဏ္ဏားအိုကြီးက ဘုရားရှင်၏မိဘဖြစ်ဖူးသည်ဟု ကြားလိုက်မှ ရင်ထဲတွင် မတင်မကျဖြစ်နေသည့် သံသယတွေ ပြေသွားသည်။

"ချစ်သားရဟန်းတို့၊ ဤပုဏ္ဏေးမသည် ဘဝငါးရာမျှ ငါ၏အမိ တော်ဖူး၏။ တစ်ဆက်တည်းမှာပင် ဘဝငါးရာမျှ ငါ၏မိထွေးတော်ဖူး၏။ ထို့နောက် ဘဝငါးရာမျှ မိကြီးလည်းဖြစ်ဖူး၏။ ဘဝပေါင်းတစ်ထောင့်ငါးရာမျှ တစ်ဆက်တည်းပင် ဤအမိ၏ရင်ခွင်တွင်း၌ ငါဘုရား ကြီးပြင်းခဲ့ရသည်။ နို့ချိုသောက်စို့ခဲ့ရသည်။ ဤသို့ အတိတ်ဘဝက ဘဝပေါင်းများစွာ ဆုံစည်းခွင့်ရခဲ့၍ ယခုမြင်လျှင် မြင်ခြင်းသားဟူ၍ ခေါ်ခဲ့ခြင်းပင် ဖြစ်ပေသည်"

ကျွန်ုပ်တို့သည် ဘုရားရှင်၏စကားကြားသည်နှင့် ရင်ထဲကြည်နူး စိတ်ဖြစ်လျက် သာဓုအကြိမ်ကြိမ်ခေါ်မိသည်။ နကုလပီတာနှင့် နကုလမာတာသည် သားဘုရား၏အတိတ်ဘဝအကြောင်း ဟောပြောချက်ကို ကြားရသော် ဝမ်းသာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ပင်ကျလာသည်။ နကုလပိတာသည် စီးကျသောမျက်ရည်ကို လက်ခုံနှင့်သုတ်လျက် အလေးအနက်စကား လျှောက်ထားသည်။

"ရှင်တော်မြတ်ဘုရား…ရှေးရှေးက ဇာတ်ကြောင်းပြန်ပြောင်းကြား ရသဖြင့် လွန်စွာပီတိဖြစ်ရပါတယ်… သားဟူသော သံယောဇဉ်၊ ဘုရားဟူသော ကြည်ညိုစိတ်ဖြင့် ဆည်းကပ်ခွင့်ပေးတော်မူပါ။ ဤသာကေတ မြို့တွင် သီတင်သုံးစဉ် ကာလအတွင်း နေ့စဉ်နေ့တိုင်း ဆွမ်းကပ်ခွင့်ပေးတော်မူပါ"

"အချင်းနကုလပိတာ…သင်၏သဒ္ဓါတရားကို ငါဘုရားအသိ အမှတ်ပြုပေတယ်။ ဒါပေမဲ့ ဘုရားရှင်တို့ မည်သည် သတ္တဝါအများ၏အကျိုးကိုရှေးရှုရမယ်၊ သူတို့ကလည်း ကုသိုလ်ယူချင်ကြပေမယ်၊ ဒါကြောင့် နေ့စဉ် ဆွမ်းလုပ်ကျွေးဖို့ သင်မလိုလားပါနဲ့"

"အို…သားရယ်၊ ဒီအရပ်ဒီဒေသမှာ မိဘအိမ်ရှိနေမှ တခြားက ဆွမ်းခံနေဦးမလား… သံသရာတစ်လျှောက်လုံး ကျွေးခဲ့ မွေးခဲ့တဲ့ ဝတ္တရားလောက် ဝန်မလေးတဲ့ကိစ္စကို ခွင့်ပေးပါ"

"အကြောင်းဆိုက်ရင် ဆွမ်းရပ်ခံပါ့မယ်…"

နကုလမာတာ၏သဒ္ဓါလောဘကြီးမှုကို ကြည့်ပြီး၊ သာဓုခေါ်မိပြန်သည်။ ဘုရားရှင်သည် ပုဂ္ဂလိက အကိုးကွယ်ခံ၊ အပူဇော်ခံမဖြစ်ထိုက်၍လိုက်လျောသင့်သမျှလိုက်လျောပြီး၊ အများသူငါအကျိုးဖြစ်စေရန် ပိတ်ပင်သင့်သည်ကို ပိတ်ပင်သည်။

"ကောင်းပါပြီ သားဘုရား။ သားဘုရားခွင့်ပြုချိန်မှာ ဆက်ကပ်လှူဒါန်းပါ့မယ်။ သို့ပေမယ့် ဤသာကေတမြို့မှာ သီတင်းသုံးစဉ်ကာလအတွင်း တပည့်တော် နကုလပိတာကသာ ဆွမ်းစီရင်ပါရစေ…သား ဘုရားအလိုအတိုင်း အများသူငါ ကုသိုလ်ယူနိုင်အောင် ဆွမ်းစီရင် ပေးပါ့မယ်ဘုရား"

"သာဓု…သာဓု…သာဓု နကုလပိတာ"

ဘုရားရှင်သည် သာကေတမြို့တွင် သီတင်းသုံးစဉ်ကာလပတ်လုံး နကုလပိတာ စီစဉ်ပေးသည့်ဆွမ်းနှင့် မျှတအဆင်ပြေခဲ့သည်။ နကုလပိတာနှင့် နကုလမာတာသည် တစ်ကြိမ်နှစ်ကြိမ်မျှသာ အလှည့်ကျဆွမ်း ကပ်ခွင့် ရသော်လည်း ဆွမ်းကပ်လှူတိုင်း ဖိတ်ကြားခံရသဖြင့် မပြတ် မလပ်တရားနာခွင့်ရခဲ့သည်။ ထို့ကြောင့် ရုပ်နာမ်မွေ့သခါရ တို့၏ဖြစ်စဉ် ကို အမှန်အတိုင်းရှုမြင်ခဲ့ရ၍၊ မဂ္ဂင်ရှစ်ပါးအကျင့်မြတ်ကို ကျင့်နိုင်ခဲ့ရာ၊ အနာဂါမိမင်၊ ဖိုလ်သို့ တိုင်ဆိုက် ရောက်ခဲ့သည်။

သံသရာတွင်ကြုံခဲ့ဖူး၊ ဆုံခဲ့ဖူးသည့်အကျိုးဆက်က ပဋ္ဌပုနနဘာဝတိုင် မေတ္တာအားဖြစ်စေရာ…ထိုမေတ္တာအားကပင် နကုလပိတာနှင့် နကုလမာတာကို မဂ်ဆိုက်၊ ဖိုလ်ဆိုက်သည့်အကျိုးကို ရစေခဲ့သည်။ နကုလပိတာနှင့် နကုလမာတာ၏ ရင်းနှီးကျွမ်းဝင်မှုက တေဒဂ် ဂုဏ်ထူးကိုပင် ချီးမြှင့်ခံခဲ့ရပေသည်။

ကျမ်းကိုး။ ။ ကေနိပါတ်၊ သာကေတဇာတ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သေသူအတွက်မျက်ရည်မကျနဲ့

"ဟော…ဒီမိသားစု ခွင်တည့်နေပြီထင်တယ်…ဘာလဲဗျ၊ သမင်လား…ချေလား…မီးဖုတ်နေပုံထောက်တော့ တောကောင်ခပ်ကြီးကြီး ရထားပြီးထင်တယ်…"

"မဟုတ်ပါဘူး၊ သေသူကို မီးရှို့သင်္ဂြိုဟ်နေတာပါ"

"ဩော်…လူသေကို မီးရှို့တာလား…ဒါဆိုခင်ဗျားတို့ မိသားစု မုန်းတဲ့လူတစ်ယောက် သေပြီထင်တယ်… ဒါကြောင့် မီးရှို့ပစ်တာ ထင်တယ်…"

"မဟုတ်ပါဘူး၊ သေသူဟာ ကျွန်ုပ်တို့အားလုံးက ချစ်မြတ်နိုးတဲ့ ကျွန်ုပ်တို့ရဲ့သားပါ"

"ဗျာ…ဘယ်လိုဘယ်လို၊ သေသူက ခင်ဗျားတို့ချစ်မြတ်နိုးတဲ့ သားလေးဟုတ်ရဲ့လား…ဒီစကားအမှန်ပဲလား… အမှန်ဆိုရင်တော့ အံ့ဩစရာပဲ။ ကိုယ့်ရင်သွေးတစ်ယောက်သေတာတောင် ပူဆွေးသောကရိပ်မထင်ဘဲ၊ တည်ငြိမ် လိုက်ကြတာ…ဒီလောက်တောင် မေတ္တာစိတ် ခေါင်းပါးရသလားဗျာ…"

အဘိုးအိုအသွင်ဆောင်ထားသော သိကြားမင်းသည် တရားအသိ ရှိသောမိသားစု၏ အခြေအနေကို စူးစမ်းဟန်ဖြင့် မေးလိုက်ခြင်းဖြစ် သည်။ ဤမိသားစု၏ အကျင့်သီလတန်ခိုးကြောင့် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် တင်းလာ၏။ ပူလာ၏။ ထိုအခါ ဆင်ခြင်ကြည့်သော် လယ်သမားမိသားစု၏ သီလဂုဏ်ကျေးဇူးကြောင့်မှန်း သိလိုက်သည်။ အကြောင်းရင်းကို သိနိုင်ရန်အတွက် လူ့ပြည်သို့ဆင်းပြီး စုံစမ်းလေသည်။

* * *

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းသည် မြို့တံခါးအနီးရွာ၌ လယ်သမားတစ်ဦး ဖြစ်ခဲ့သည်။

သူ့တွင် သားတစ်ဦးနှင့် သမီးတစ်ဦးရှိသည်။ သားအရွယ်ရောက်သော် အမျိုးတူ၊ အနွယ်တူ အမျိုးသမီးတစ်ဦးနှင့် လက်ဆက်ပေးခဲ့ပြီး မိသားစုအားလုံး စည်းစည်းရုံးရုံး နေထိုင်သည်။ အိမ်စေကျွန်တစ်ဦး အပါအဝင် မိသားစုခြောက်ဦး ရှိသည်။ မိသားစု ခြောက်ဦးသည် ညီညီညွတ်ညွတ်၊ တိုင်တိုင်ပင်ပင်နှင့် လယ်ယာလုပ်ကိုင်လျက် အေးချမ်းစွာနေကြသည်။

"သားရေ…အဖေက ဆက်ထွန်လိုက်မယ်၊ သားက အမှိုက်သရိုက်တွေကောက်ပြီးမီးရှို့"

"ဟုတ်ကဲ့၊ အဖေ…"

"သစ်ရွက်ခြောက်တွေ ပေါပါတယ်ကွာ…အမှိုက်မကျန်အောင် ရှို့သာရှို့၊ ပြာက သဘာဝမြေဩဇာသားရဲ့"

"စိတ်ချပါအဖေ…အဖေစိတ်တိုင်းကျဖြစ်ရစေမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးသည် လယ်ယာလုပ်ငန်းတွင် စနစ်ကျပြီး၊ အောက်ခြေသိမ်း လုပ်ငန်းပင် ပေါ့ပေါ့ဆဆ မလုပ်တတ်သည်ကို သိထား၍ စိတ်တိုင်းကျဖြစ်ပါရစေမယ်ဟု ကတိပေးလိုက်မှ ထွက်သွားသည်။ သားဖြစ်သူသည် ထွန်ယက်ရာမှ ပေါ်လာသော မြက်၊ သစ်မြစ်၊ သစ်ရွက်ပါမကျန် ကောက်ယူပြီး မြက်ခြောက်နှင့်ရောလျက် မီးရှို့သည်။ အလုပ် ဇောကပ်နေသည့် သားဖြစ်သူသည် တောင်ပို့အနီး၌မီးရှို့စဉ်၊ မီးခိုးက တောင်ပို့တွင်းဝင်လျက် တွင်းအောင်းနေသည့် မြွေကိုမီးခိုးမွန်စေမှန်း မသိ။ မီးခိုးအရိုက်ခံရသည့်အဆိပ်ပြင်းမြွေသည် ဒေါသထွက်ပြီး၊ မီးရှို့နေသည့် သားကို ကိုက်လိုက်သည်။ သားဖြစ်သူသည် နေရာတွင်ပင် ဗုန်းဗုန်းလဲကျသေဆုံးသွားသည်။

သား၏အဖြစ်ကို လယ်ထွန်နေသည့် ဖခင်ပြီးကမသိချေ။ ခေတ္တခဏထွန်နွားသည့်အချိန်တွင် သား၏လှုပ်ရှားသံ မကြား၍ သွားကြည့်မှ သားသေဆုံးနေသည်ကို သိရသည်။ စိတ်ထဲက မကောင်းသော်လည်း သေသူကသေပြီ။ ပြန်ရှင်စရာအကြောင်းမရှိ။ ထို့ကြောင့် သားအလောင်းကို ပွေ့ယူလျက် သစ်ပင်ရိပ်တွင် ပြောင်းထားသည်။

ထိုနေ့မနက်ကပင် သားအဖနှစ်ဦးအတူတူ လယ်တောသို့ထွက်ခဲ့သည်။ လမ်းတွင်ရှေ့လုပ်ရမည့် လုပ်ငန်းစဉ်တွေကို သားအဖနှစ်ဦးတိုင်ပင်ခဲ့သေးသည်။ ဤနှစ်သီးနှံလေးများဖြစ်ထွန်းလျှင် ရောင်းချပြီး နွားတစ်ရှဉ်းထပ်မံထူထောင်မည်။ တစ်ရှဉ်းတည်းနှင့် လုပ်နေရသည်မှာ နွားလည်းမနားရ။ လူလည်းမအားရ။ နှစ်ယောက်လုပ်အားနှင့် နွားနှစ် ရှဉ်းလုပ်လျှင် နောက်ထပ်တိုးချဲ့နိုင်မည်။ သားအဖနှစ်ယောက်လုပ်အားနှင့်ဆိုလျှင် နောက်နှစ်မိုး၊ သုံးမိုးကြီးစားက စီးပွားရေးဦးထောင်လာနိုင်သည်။ ဤသို့တိုင်ပင်ပြီး စိတ်ကူးယဉ်ခဲ့သည်။

အမှန်တော့ သားကိုယ်တိုင်က သူသေလိမ့်မည်ဟု မတွက်။ မတွက်၍လည်း ရှေ့လုပ်ငန်းစဉ်တွေတွက်ပြနေခြင်း ဖြစ်သည်။ သားမဆိုထားနှင့် ဖခင်ပုဏ္ဏားကြီးပင်လျှင် ကိုယ့်ကိုယ်ကို မသေနိုင်သေး။ အသက်ရှည်ဦးမည်ဟု တွက်ထားသည်။

ထင်မထားသည့် သေခြင်းတရားက သတိမပေး၊ အချက်မပြဘဲ ဖြုန်းခနဲဝင်လာသည်။ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာတွင်သေမည်မှန်းမသိနိုင်၍ သတိပေါ့ဆခဲ့သော သူတို့သားအဖသည် ရုတ်တရက် အဖြစ်အပျက်ကြောင့် အံ့အားသင့်နေသည်။

ငါသည်မုချသေရမည်။ သေခြင်းသည်သာ အဆုံးဖြစ်ချေသည်ဟု မရဏာနုဿတိပေးနေပါလျက် ဖျတ်ခနဲ သေလိုက်တော့ အံ့အားသင့် သွားရသည်။

"ဩော်…သူငယ်ရေ၊ ခဏ…ခဏကွာ"

အိမ်နီးနားချင်းတစ်ယောက် လယ်ကွင်းအနီးမှ ဖြတ်လျက်ရွာသို့ပြန်သည်ကိုမြင်၍ လှမ်းတားလိုက်သည်။ လူငယ်ကလည်း ပုဏ္ဏားကြီး ဘာမှာလိုပါလိမ့်ဟူသော အတွေးနှင့်ရပ်စောင့်နေသည်။

"မင်းပြန်သွားရင် ငါ့အိမ်ကိုပြောလိုက်စမ်းပါ"

"ဟုတ်ကဲ့ ဦးကြီး"

"ဒီနေ့ထမင်းလာပို့ရင် နှစ်ယောက်စာထည့်မလာတော့နဲ့၊ တစ်ယောက်စာပဲထည့်ခဲ့ဖို့ပြောလိုက်စမ်းပါ"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

"အေး၊ ထမင်းပို့ရင် ခါတိုင်းလို ကျွန်မတစ်ယောက်တည်း မလွှတ်နဲ့၊ အိမ်ရှိလူကုန်လာ…အဝတ်အစားတွေ သပ်သပ်ရပ်ရပ်၊ စင်စင်ကြယ်ကြယ်ဝတ်ခဲ့၊ အဲ့…ပြီးတော့ နံ့သာများလိမ်းကျံခဲ့ဖို့ ပြောလိုက်စမ်းပါ"

"ဘာများအရေးပေါ်လို့လဲ"

"အဲသလိုသာတိတိကျကျ ပြောလိုက်ပါကွယ်…"

www.burmeseclassic.com

www.burmeseclassic.com



ထွေထွေထူးထူးပြောလိုဟန်မရှိမှန်းသိ၍၊ လူငယ်က ဟုတ်ကဲ့ဟု ပြောပြီး ရွာသို့ပြန်သွားသည်။ ပုဏ္ဏေးမကြီးသည်လည်း လူငယ်၏စကား ကြားသည်နှင့် သားဖြစ်သူရုတ်တရက်ကွယ်လွန်ကြောင်းသိလိုက်သည်။ ထို့ကြောင့် အိမ်ရှိ လူကုန်အဝတ်အစားသစ်သစ်လွင်လွင်တွေဝတ်လျက် လယ်တောသို့လာခဲ့သည်။ ဖခင်ပုဏ္ဏားကြီးအတွက် ယူလာသော ထမင်းကိုပေးသည်တွင် ပုဏ္ဏားကြီးသည် သစ်ပင်ရိပ်တွင် အေးအေးဆေးဆေးထိုင်စားသည်။ မိခင်၊ ဖနီး၊ နှမဖြစ်သူနှင့် ကျွန်မသည် သေဆုံးသူ၏အလောင်းကို မွမ်းမံပြင်ဆင်သည်။ ထို့နောက် အလောင်းဘေးတွင် ဝိုင်းထိုက်လျက် မရဏာနုဿတိကို တည်ငြိမ်စွာပွားသည်။ ဖခင်ကြီးစားသောက်ပြီးချိန်တွင် ရသမျှသစ်ခြောက်၊ ဝါးခြောက်များရှာဖွေလျက် အလောင်းကိုမီးသဂြိုဟ်သည်။ ဤသို့တစ်ခုချင်း အစီအစဉ်တကျ ဆောင်ရွက်နေသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မျက်ရည်မကျဘဲ၊ တရားသဘောဖြင့်သာ ဆင်ခြင်နေကြသည်။

ဤသို့ပုဏ္ဏားကြီးမိသားစု၏တရားဂုဏ်ရည်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် တင်းမာပူလောင်လာသည်။ အကျိုးအကြောင်းကို ဆင်ခြင်သော် ပုဏ္ဏားကြီး၏ ဂုဏ်ကျေးဇူးကြောင့်မှန်း သိသဖြင့် အခြင်းအရာကို စုံစမ်းရန် လယ်ကွင်းထဲသို့ ဆင်းခဲ့လေတော့သည်။

* * *

"မိတ်ဆွေပုဏ္ဏားကြီး၊ ကျုပ်မြင်ဖူးတွေ့ဖူးသမျှကတော့ သား၊ မယား၊ ဆွေမျိုးသေဆုံးရင် အနည်းနဲ့အများ ငိုကြွေးကြတယ်…ယောက်ျား သားဖြစ်လို့ ဖြေသိမ့်နိုင်တယ်ဆိုရင်တောင် ဝမ်းနည်းစိတ်နဲ့ မှိုင်တွေနေတယ်…စိတ်ဓာတ် ကျနေတယ်…သောကရောက်နေတယ်။ သင်ကတော့ ကိုယ့်သားအရင်း သေတာ ဘာမှမဖြစ်သလို နေနိုင်တာအံ့သြမိတယ်။

သိကြားမင်းက လူတွေ၏သဘောနှင့်ဆန့်ကျင်နေသည့်ပုဏ္ဏားကြီး အနေအထားကိုကြည့်လျက် သာသာနှင့် နာနာအပြစ်တင်လိုက်သည်။ ပုဏ္ဏားကြီးက မပြုံးမရယ်မျက်နှာထားဖြင့် ခေါင်းညိတ်လိုက်သည်။ ထို့နောက်စကားပြောရန် အားယူသည့်အနေဖြင့် ချောင်းတစ်ချက်ဟန့်လိုက်သည်။

"သင်ပြောတာမှန်ပါတယ်။ သားသမီးသေလို့ ပူဆွေးတမ်းတငိုကြွေးကြသူတွေ ကျုပ်လဲတွေ့ဖူးပါတယ်။ ဒါပေမယ့် ကျုပ်သားဟာ မြွေအရေခွံလဲသလို မိမိကိုယ်ကိုစွန့်ခွာသွားတာပါ။ သူ့မှာဘာခံစားချက်မှမရှိ တော့ဘူး။ မိဘဆွေမျိုးတွေ အပူကြီးပြီးရှိုက်ကြီးတငင်ငိုနေလည်း၊ သူကတော့ သိမှာမဟုတ်တော့ဘူး။ သစ်တုံးလိုခန္ဓာကိုယ်ကြီးဖက်ငိုနေလို့ ဘာထူးမှာလဲ။ ကိုယ်သာပင်ပန်းရုံရှိမှာပေ့ါ။ ဒါ့ကြောင့် ငါမငိုပါ"

"ဩော်…ဩော်။ အင်း ဟုတ်ပေသားပဲ"

အဖိုးအိုအသွင်ဆောင်ထားသည့် သိကြားမင်းသည် ဖခင်ပုဏ္ဏားကြီး၏အမြင်ကိုကြားရသော် အံ့သြချီးကျူးမိသည်။ ဤအသိ၊ ဤအတွေးသာ လူတိုင်းမှာရှိကြလျှင် ပင်ပန်းစရာမရှိဟု သဘောပိုက်လျက် မိခင်ပုဏ္ဏေးမကြီးဆီ လျှောက်သွားလိုက်သည်။

"ဘယ်လိုလဲ ပုဏ္ဏေးမကြီး၊ အခုသေသူက သင့်သားဆို"

"ဟုတ်ပါတယ်…"

"ဟုတ်တယ်…သားတစ်ယောက်လုံးသေတာ ပူပန်မှုလည်း မရှိဘဲ၊ အဝတ်အစားသစ်သစ်လွင်လွင်တွေဝတ်၊ သနပ်ခါးပန်းမာန်တွေ လိမ်းခြယ်ထားလိုက်တာ ပွဲလမ်းသဘင်သွားတော့မှာလား အောက်မေ့ရတယ်…ဘယ်လိုလဲ၊ သင့်သားအပေါ် သံယောဇဉ်မရှိဘူးလား…"

အဖိုးအိုအမေးကြောင့် ပုဏ္ဏေးမကြီးက နှုတ်ခမ်းသားတွန့်ရုံသာ ပြုံးလိုက်သည်။ ထို့နောက်မေးလာသည့် အဖိုးအိုကို စေ့စေ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



“မိတ်ဆွေစဉ်းစားကြည့်စမ်းပါ။ ဒီသားက ငါတို့မခေါ်ဘဲရောက်လာတယ်…ပြန်သွားတော့လည်း ငါတို့က ခွင့်မပြုဘဲ သူ့ဆန္ဒအလျောက် ပြန်သွားတယ်။ ဒီကိစ္စအတွက် ငိုကြွေးနေလို့ ဘာအကျိုးထူးမှာလဲ… အကျိုးထူးစရာကော ရှိလား”

“သားလေ…သားဆိုတဲ့ သံယောဇဉ်လက္ခဏာတော့ ပြသင့်တာပေါ့”

“မှန်ပါတယ်။ သားသမီးဖြစ်လို့ ငါမီးသင်္ဂြိုဟ်လိုက်ပါပြီ”

“သြော်…သြော်”

မိခင်ပုဏ္ဏားမကြီး၏ သဘောထားသိလိုက်ပြန်တော့ မအံ့သြ၊ မချီးကျူးဘဲ မနေနိုင်ပြန်။ သာမန်လူတို့ မထားနိုင်သော စိတ်ထားဖြစ်၍ ရင်ထဲကချီးကျူးလိုက်သည်။

“ကလေးမ၊ သင်က သေသူနဲ့ ဘာတော်လဲ”

“နှမပါ။ သေသူက ကျွန်မအစ်ကိုပါ”

“ဟုတ်လား…သင့်အစ်ကို၊ ဒါဆိုရင် အသက်ရှင်စဉ်တုန်းက သင့်ကိုနှိပ်စက်ကလူပြုပေလိမ့်မယ်။ ဟုတ်ပါတယ်လေ…ဒီလိုမှာကြည်း အောင်လုပ်လို့လဲ သင်ကနာစိတ်မှာနေတာဖြစ်မယ်”

“မဟုတ်ပါဘူး၊ ကျွန်မနဲ့အစ်ကိုဟာ အလွန့်အလွန်သံယောဇဉ် ကြီးကြပါတယ်။ အသက်ရှင်စဉ်က အစ်ကိုဟာ သူများအစ်ကိုတွေနဲ့ မတူအောင် စောင့်ရှောက်ခဲ့ပါတယ်….”

“ဒါနဲ့များ မိန်းကလေးရယ်၊ အစ်ကိုသေတာတောင် မျက်ရည်တစ်စက်မကျတာအံ့ရော…”

“သေသူအတွက်ငိုကြွေးခြင်းကြောင့် မိမိသာပင်ပန်းကြုံလို့ရှိမှာပေါ့။ ငိုလို့ဘာထူးခြားလာမှာလဲ။ ဘယ်လိုရော အဓိပ္ပာယ်ရှိမှာလဲ…”

“ဟင်…”

အသက်အရွယ်ငယ်သော်လည်း အသိဉာဏ်ကြွယ်သည့် မိန်းကလေးစကား ကြားလိုက်ရသဖြင့် အံ့သြရပြန်သည်။ သို့နှင့်သေသူ၏ ဇနီးထံ ချဉ်းကပ်လိုက်သည်။

“မိန်းကလေးကရော သေသူနဲ့ဘာတော်လဲ”

“ကျွန်မခင်ပွန်းပါ”

“ဟော…ခင်ပွန်းသည်။ ကိုယ့်ခင်ပွန်းသည်ဆုံးပါးတာတောင် မျက်ရည်က ခိုင်လှချည်လား…နေပါဦး၊ သေသူက သင့်အပေါ်မှာ သစ္စာမရှိဘူးလား…”

“ရှိပါတယ်”

“ဒါဆို သင့်မှာမြော်မြင်သူရှိလား…”

“မရှိပါဘူး၊ ကျွန်မနဲ့သူဟာ တစ်ဦးနဲ့တစ်ဦးသစ္စာရှိရှိပေါင်းသင်းခဲ့သူတွေပါ…သူကမဖောက်ပြန်သလို၊ ကျွန်မကလည်း သစ္စာစောင့်ပါတယ်”

“ဒါနဲ့များမိန်းကလေးရယ်…ကိုယ့်အပေါ်ကောင်းတဲ့ လင်သား ဆုံးရှုံးတာတော့ ဝမ်းနည်းရိပ်ပြသင့်ပါတယ်။ အမြင်လှအောင် ငိုပြသင့်ပါတယ်…”

“အဟင်း…ဟင်း၊ သေသူအတွက် ငိုကြွေးတမ်းတခြင်းဟာ ကောင်းကင်ပေါ်က လပြည့်ဝန်းကိုလိုချင်လို့ လက်ဖြန့်တောင်းတဲ့ကလေးလိုပဲရှိမှာပေါ့။ အဲလိုတောင်းခံလို့ရပါ့မလား။ မထူးခြားတဲ့ကိစ္စအတွက် ဘာကြောင့် သောကရောက်နေမှာလဲ”

www.burmeseclassic.com

www.burmeseclassic.com


"ဩော်...အင်းအင်း"

သိကြားမင်းသည် အံ့ဩဖွယ်ကောင်းလောက်အောင် တရားနှလုံးနှင့် ပြည့်စုံသောမိသားစုကို ကြည့်ပြီးလေးစား ကြည်ညိုမိသည်။ သို့သော် မေးရန်ကျန်နေသည့် အိမ်စေကျွန်မထံ ချဉ်းကပ်လိုက်သည်။

"သင်ကရော ဘာတော်လဲ"

"ကျွန်မဟာဒီအိမ်က အခိုင်းအစေကျွန်ပါ။ သေသူကတော့ ကျွန်မရဲ့သခင်ပါ"

"ဟုတ်ပြီ၊ သင်ကမငိုဘူးဆိုလည်း သင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သေသူဟာ အသက်ရှင်စဉ်ကာလက သင့်ကိုနှိပ်စက် ကလူပြုလိမ့်မယ်..."

"ဒီလိုမရှိပါဘူး။ သခင်ဟာ အင်မတန်အကြင်နာတရားရှိသူပါ"

"ဟေ...ကြင်နာတယ်"

"ဟုတ်ပါတယ်။ ကျွန်မဟာ ဒီအိမ်ရဲ့ကျွန်တစ်ယောက်ဖြစ်ပေမယ့် ကျွန်လိုအဆက်ဆံမခံရပါဘူး။ အိမ်သား တစ်ယောက်လို အရေးပေးခံရပါတယ်။ ညှာတာမှုလည်းရှိပါတယ်"

"ဒါဖြင့်ရင် သင်ကကြင်နာတတ်တဲ့ နှလုံးသားမရှိသူဘဲ။ ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့သူ သေတာတောင် ဝမ်းမနည်းဘူးဆိုတော့"

"အဘိုး၊ ကျွန်မမေးပါရစေ...ကွဲသွားတဲ့ရေအိုးကို ပြန်ဆက်ရင် အကောင်းပကတိဖြစ်ပါ့မလား..."

"အင်း...ပကတိအတိုင်းလိုတော့ ဘယ်ဖြစ်မလဲ။ မကောင်းနိုင်ဘူး ပေါ့"

"ကွဲသွားတဲ့ရေအိုးဟာ တစ်ဖန်ပြန်ဆက်ပြီး အကောင်းပကတိမရှိနိုင်တော့သလို၊ သေသူအတွက်ငိုကြွေးလို့ရော ပြန်ရှင်လာပါ့မလား"

"ဘယ်ကလာရှင်မလဲ...၊ ဒါပေမယ့်..."

"မကောင်းနိုင်တဲ့ရေအိုးလို၊ ပြန်မရှင်နိုင်တဲ့သခင့်အတွက် ငိုကြွေးနေခြင်းဟာ မိုက်မဲရာကျမှာပေါ့"

သိကြားမင်းသည် တရားနှလုံးရှိသည့် မိသားစုကို မေတ္တာတရား ခေါင်းပါးလေခြင်းဟု အမြင်နှင့်စူးစမ်း ကြည့်သည်။ သို့သော်သူတို့သည် သေသူအတွက် မေတ္တာမပျက်၊ ချစ်မြဲချစ်လျက်ရှိကြသည်။ ချစ်ပင်ချစ်သော်လည်း မြွေကဲ့သို့ အရေခွံလဲပြီးထွက်သွားသော ရုပ်ခန္ဓာသည် အသိမဲ့နေပြီ။ ငိုကြွေးလျှင်လည်း ဘာမျှမထူးခြား။ အချည်းနှီး မဲ့ပူဆွေးခြင်းထက် လုပ် သင့်လုပ်ရာကိုလုပ်လျက် မရဏာနုဿတိပွားများခြင်းမှာ မှန်ကန်သောအပြုအမူဟု သိလိုက်သည်။

"အချင်းပုဏ္ဏား၊ သင်တို့မိသားစုဟာ သားသမီး ဆွေမျိုးဉာတကာ အပေါ်မှန်ကန်တဲ့ချစ်ခြင်းမေတ္တာနဲ့ ဆက်ဆံ နိုင်ကြသူတွေဖြစ်ပါတယ်။ ငါဟာ သင်တို့အကြောင်း စုံစမ်းချင်လို့လာခဲ့တဲ့ သိကြားမင်းပါ"

"ဩော်...ဩော်"

"သင်တို့ရဲ့စိတ်ထားကိုချီးကျူးလို့ ဒီနေ့ဒီအချိန်ကစပြီး လက်နဲ့ ဘာတစ်ခုမှမလုပ်ဘဲ၊ ပြည့်စုံအောင် ငါရတနာ ခုနစ်ပါးချီးမြှင့်ခဲ့ပါမယ်။ တရားနှလုံးသွင်းပါ။ ဥပုသ်သီလဆောက်တည်ပါ။ ကောင်းသောအမှုကိုပြုပါတော့"

သိကြားမင်းသည် ပုဏ္ဏား မိသားစုအား ချီးကျူးထောက်ပံ့ပေးခဲ့ပြီး နတ်ပြည်သို့ပြန်သည်။ ပုဏ္ဏားမိသားစု သည်လည်း အလောင်းပြာကျသွားပြီဖြစ်သဖြင့် သိမ်းဆည်းစရာတွေ သိမ်းဆည်းလျက် လယ်တောမှပြန်ခဲ့လေသည်။

ကျမ်းကိုး။ ။ ပဉ္စကနိပါတ်၊ ဥရဂဇာတ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာလက်နက်

"အရှင်မင်းကြီး၊ ဗာရာဏသီထီးနန်းကို အလွယ်တကူသိမ်းယူခြင်းဖြင့် ကေရာဇ်မင်းအဖြစ် ခံယူပါ"

"ဘယ်လိုမောင်မင်း..."

"လူသူလက်နက်အင်အားအနည်းငယ်နှင့် အလွယ်တကူသိမ်းယူနိုင်တာ ဗာရာဏသီပြည်ပါပဲ မင်းကြီး"

ကောသလပြည့်ရှင် ဘုရင်ဒုဗ္ဗိသေနသည် ဗာရာဏသီပြည်ကိုသိမ်းယူရန် လျှောက်တင်သော ဗာရာဏသီအမတ်ဟောင်းကို စူးစမ်းသောအကြည့်နှင့်ကြည့်သည်။ ဤအမတ်သည် ဘာကြောင့်များ ထပ်တလဲလဲတင်လျှောက်နေသနည်း။ သူသည် အယုံသွင်းလျက် ဖျက်ပြားအောင် ကြံစည်နေသည့် သူလျှိုလောဟု တွေးလိုက်သည်။ တွေးလည်းတွေးစရာ။ ဤဗာရာဏသီအမတ်ဟောင်းသည် ဒုဗ္ဗိသေနမင်းထံလာရောက်ခစားသည်။ "ဗာရာဏသီမင်းသည် ကျေးဇူးမသိတတ်။ ကျိုးနွံစွာခစားပါလျက် အပြစ်ရှာပြီး သူ့အားတိုင်းပြည်မှနှင်ထုတ်သည်။ ယင်းဖြစ်ရပ်ကြောင့် စိတ်ထဲနာကြည်းမိပြီး၊ အရှင့်အကျိုးသယ်ပိုးလို၍ ဝင်ရောက်ပါသည်"ဟု ဆိုလာသည်။ ဤသို့ဆိုလာစဉ်က ချက်ချင်းလက်မခံခဲ့။ တစ်ဖက်သားကို အယုံသွင်းလျက် သတင်းရယူပြီး သူလျှိုလုပ်လေသလား၊ ဘာလားစဉ်းစားမိသည်။ သို့သော် အမတ်တစ်ယောက်ကို အချောင်ရသည့်ပြင် အကျိုးရှိစွာ အသုံးချလျှင် အဖိုးတန်အမှုထမ်းဖြစ် နိုင်သည်ဟုတွက်လျက် လက်ခံလိုက်သည်။ လက်ခံသည်ဆိုသော်လည်း အရိပ်အခြည်ကြည့်၊ စောင့်ကြည့်နေခြင်းသာဖြစ်သည်။

ထိုစဉ်မှာပင် ဗာရာဏသီအမတ်ဟောင်းက သူ့အကျိုးအတွက် လျှောက်ထားတင်ပြလာသည်။ မဟာသမုဒ္ဒရာသည် မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာမှ ရေတို့ဝင်ရောက်သော်လည်း အာသာဆန္ဒမပြည့်ဝသကဲ့သို့ မင်းတို့၏သဘောမှာလည်း အဘယ်မျှပင် နိုင်ငံကျယ်ဝန်းစေကာမူ ရောင့်ရဲတင်းတိမ်ခြင်း မရှိကြ။ လွယ်လွယ်ကူကူရလျှင် နယ်ပယ်ချဲ့ထွင်ချင် သည်မှာသဘာဝ။

"အချင်းအမတ်၊ သင့်စကားကို ငါဘယ်သို့ယုံအပ်မည်နည်း"

"အရှင်မင်းကြီး၊ အကျိုးပျက်စီးခဲ့သူ တစ်ယောက်အနေနဲ့ ပျက်စီး အောင်လုပ်သူကို ဘယ်လောက်နာကြည်းနေမယ်ဆိုတာတွေးမိရင် ကျွန်တော်မျိုးစကားကို လက်ခံနိုင်မှာပါ"

"သင်က ပရိယာယ်သုံးရင်ရော..."

"ကျွန်တော်မျိုးရဲ့အသက်ဟာ အရှင်မင်းကြီးလက်ထဲမှာ ရှိနေပါတယ်။ အသက်နဲ့အလောင်းအစားလုပ်တာပါ"

ဗာရာဏသီအမတ်ဟောင်းသည် ယုံကြည်စေရန်ကတိစကား ဆိုသည်။ သို့သော် လွယ်လွယ်ကူကူပေးသောကတိစကားကို ချက်ချင်း လက်ခံဖို့ မယုံကြည်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မျိုးလျှောက်တင်တာ မယုံရင် လူအနည်းငယ်စေလွှတ် ပြီး သူ့ရွာကိုထိပါးကြည့်ပါမင်းကြီး။ ထိုသူတွေကို သူတို့ဖမ်းဆီး ရမိသွားရင် "ရင်းနှီးစားသောက်ရန်မရှိလို့ ခိုးဆိုးတိုက်ခိုက်တာပါလို့"ပြောပါစေ…ဒီအခါ အဲဒီဖမ်းမိသူတွေကို ရင်းနှီးစားသောက်ဖို့ဆိုပြီး ရွှေငွေရတနာများပေးလျက် ပြန်လွှတ်ပါလိမ့်မယ်"

"အကယ်၍ ပြန်မလွှတ်ဘဲ သတ်ပစ်ရင် ငါ့လူတွေဆုံးရှုံးကုန်မယ်"

"အဲဒီလူတွေ သတ်ရင် အရှင်မင်းကြီးက ကျွန်တော်မျိုးကို စစ်ဆေးမနေဘဲ သုတ်သင်လိုက်ပါ"

အမတ်ယောင်းသည် ဗာရာဏသီမင်း၏သဘောထားကိုသိသည်။ ဗာရာဏသီမင်းသည် တရားမွေ့နှင့်ပြည့်စုံသည်။ အမြဲတမ်းဥပုသ်သီလ စောင့်ထိန်းပြီး မေတ္တာပွားများနေလေ့ရှိသည်။ တစ်ဖက်သားအပေါ်တွင် စာနာစိတ်မွေးပြီး၊ ရန်သူကိုပင်ခွင့်လွှတ်သည်းခံတတ်သဖြင့် ရက်ရက်စက်စက်နှိပ်စက်မည်မဟုတ်။ သူကိုယ်တိုင်ပင် အလိုဆိုးနှင့် တိုင်းပြည်အာဏာသိမ်းပိုက်ဖို့ကြံရာ၊ အရေးမလှ၍ ဖမ်းဆီးစစ်ဆေးခံရသည်။ မကွယ်ဝှက်သာသဖြင့် မှန်ကန်ကြောင်း ဝန်ခံလိုက်သည်။ သူ့လုပ်ရပ်က အဆုံးစီရင်ရုံကလွဲ၍ အခြားမရှိပေ။ သို့စဉ်လျက် ဗာရဏသီမင်းကမူ သစ္စာမဲ့သောသူ့အား တိုင်းပြည်မှ နှင်ထုတ်သည်ကလွဲပြီး မသတ်ခဲ့။

အမတ်ယောင်းက သစ္စာမဲ့သောအကြံနှင့် ကောသလမင်းထံ ဝင်ခစားသည်။ မင်းကြီးယုံကြည်စေရန် အကျိုးလိုလားဟန်ပြသည်။ ကောသလမင်းကလည်း ယုံကြည်၊ ဗာရာဏသီမင်းလည်း အကျိုးမဲ့စေဟုတွက်လျက် မကောင်းသောအကြံဖြင့် လျှောက်တင်ခဲ့သည်။

"ကောင်းပြီ၊ သင့်အကြံအတိုင်း ငါဆောင်ရွက်မည်။ တစ်စုံတစ်ခု ဖြစ်ပြီးဆိုရင်တော့ သင့်ကို ငါကိုယ်တိုင်စီရင်မည်"

ဤသို့ဖြင့် ကောသလမင်းက လူစေလွှတ်ပြီး လုယက်နှောင့်ယှက်ခိုင်းသည်။ မျှော်လင့်ထားသည့်အတိုင်း အဖမ်း အဆီးခံရသည်။ မင်းထံ ရောက်သွားသော် အမတ်ယောင်းပြောသည့်အတိုင်း ဆုံးမလျက် ပြန်လွှတ်သည်။ ရင်းနှီး စားသောက်ရန် ရတနာပစ္စည်းတွေပေးလိုက်သည်။ ဤသို့ဖြင့် နှစ်ကြိမ်၊ သုံးကြိမ်စမ်းသပ်ကြည့်ရာ၊ အောင်မြင်သဖြင့်၊ ဗာရာဏသီပြည်ကို သိမ်းပိုက်ရန် တပ်အလုံးအရင်းနှင့် ချီတက်သည်။ မြို့ကိုဝန်းရံပြီး "ထီးနန်းအပ်မည်လော… သို့မဟုတ် တိုက်ခိုက်သိမ်းပိုက်ရမည်လော…ဟု ရာဇသံပို့ရာ မင်းကြီးကိုယ်တိုင် အဖမ်းဆီးခံလာသည်။ ဗာရာဏသီပြည်ကို အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့လေပြီ။

* * *

ဒုတ္ထိသေနမင်း ဖမ်းဆီးမှုခံရသည့် ဗာရာဏသီမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်သည်။ ဒါနအမှုလည်းပြုသည်။ ငါးပါးသီလလည်း စောင့်ထိန်းသည်။ လဆန်းပက္ခ၊ လဆုတ်ပက္ခတွင်လည်း ဥပုသ်စောင့်ထိန်းသည်။ သတ္တဝါတို့အပေါ်ကြင်နာ စိတ်လည်းထားသဖြင့် တော်ရုံတန်ရုံ အပြစ်ကျူးလွန်လျှင်လည်း အရေးယူအပြစ်ပေးခြင်း မရှိပေ။ ထိုအားနည်းချက်ကိုသိသော အမတ်သည် မကောင်းသောအကြံနှင့် မလျော်ကန်သည့်အမှုကို ကျူးလွန်သည်။ သစ္စာမဲ့သောလုပ်ရပ်ကြောင့် အမတ်ကို ရာထူးမှချလျက်၊ တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။ ဤသို့ နှင်ထုတ်သော်ငြားလည်း တရားစောင့်သော မင်းကြီးသည် အငြိုးလည်းမရှိ။ ပျက်စီးရန်လည်း မကြံ။ ရာထူးမှ ထုတ်သော်လည်း အခြားတစ်ပါးတိုင်းပြည်၌ မူလရာထူးအတိုင်း ပြန်ရသည်ကိုပင် မုဒိတာပွားမိသည်။

မင်းကြီးသည် ဗြဟ္မဝိဟာရတရားလေးပါးဖြစ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား အစဉ်ဖြည့်ဆည်းသည့်အလျောက် ချစ်သူ၊ မုန်းသူမခွဲခြားဘဲ မေတ္တာထားသည်။ ချစ်သူအပေါ် မုဒိတာနှင့် မေတ္တာထားရန် လွယ်ကူသော်လည်း မုန်းသူအပေါ် အမျက်ဒေါသ စိတ်မဖြစ်၊ အဒေါသစိတ်ထားနိုင်ရေးမှာ လွယ်သည်တော့မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မလွယ်ကူသည့်အမှုကို မေတ္တာထားနိုင်အောင် မိမိနှင့်ထပ်တူပြု၍ နှလုံးသွင်းရသည်။ "ငါချမ်းသာသလို ချမ်းသာပါစေ...ငါဘေးကင်းသလိုဘေးကင်းပါစေ...အကယ်၍ ငါ့ဒွိဘေးဥပဒ် ကျရောက်ငြားလည်း တစ်ပါးသူ၌ ဘေးကင်းလျှင် ဝမ်းသာပါ၏"ဟူ၍ အမြဲနှလုံးသွင်းသည်။ ထိုသို့ အထုံအကျင့်ရနေသော ဖြဟ္မဒတ်မင်းသည် ဒုဗ္ဗိသေနမင်း၏ ဖမ်းဆီးခံရချိန်တွင် မေတ္တာပွားနေသည်။

"မောင်မင်းတို့၊ ငါတို့ဟာ စစ်အောင်နိုင်ပြီ၊ ဗာရာဏသီပြည်ကို ရပြီ။ သို့ပေမယ့် ရန်စက မငြိမ်းသေး။ အကယ်၍ ဖြဟ္မဒတ်မင်းကသာခုခံလျှင်မှု သုတ်သင်ရုံသာရှိသည်။ ခုတော့ ဖြဟ္မဒတ်မင်းနှင့်တကွ သူ့မှူးမတ်များက အကြည်အသာအဖမ်းခံလေတော့ သုတ်သင်ဖို့ခက်နေတယ်...ဒီတော့ ဖြဟ္မဒတ်မင်းကို သံခြေကျင်းခတ်၊ အကျဉ်းထောင်ထဲ ထည့်၊ အစာရေစာအငတ်ထား၊ ဆင်းရဲခြင်းကြီးစွာဖြင့် သေပစေ..."

"မှန်ပါ၊ အမိန့်တော်အတိုင်း စီရင်ပါ့မယ်...၊ ကျွန်တော်မျိုးကိုယ်တိုင် ကြီးကြပ်စီမံပါမယ်"

ဤစကားကိုဆိုသူက ဖြဟ္မဒတ်မင်း၏အမတ်ဟောင်းပင်။ သူ့အကြံအစည် အထမြောက်ပြီဖြစ်၍၊ လက်စားချေခွင့်ရပြီဟု တွေးသည်။

"အဟား၊ ခုတော့ သင်ဘာခံနိုင်သေးလဲ မင်းဖြဟ္မဒတ်။ ငါ့ကို တိုင်းပြည်က နှင်ထုတ်တဲ့ သင့်ရဲ့ရလဒ်ဟာ အခုတော့ တိုင်းပြည် လက်လွတ်ရုံမက အကျဉ်းခံမင်းတစ်ပါးဖြစ်နေပြီလေ...ဒီအဖြေမျိုး ခံစားရအောင် ကြံစည်တာ ဘယ်သူလဲလို့သိရင် သင့်ရင်ထဲ ယားကျိကျိဖြစ်မှာ မြင်ယောင်သေးတယ်...တရားရှင်ယောင်ယောင်၊ ဘာယောင်ယောင်ဖြစ်နေတဲ့ သင့်ကိုဘယ်လိုနှိပ်စက်ညှဉ်းပန်းရမယ်ဆိုတာ တစ်ညလုံးစဉ်းစားပြီးမှ အကောင်းဆုံးနည်းနဲ့ အပြစ်ပေးရမယ်..."

ဖြဟ္မဒတ်မင်း၏ အမတ်ဟောင်းသည် ဤသို့စိတ်ထဲမှ ကြိမ်းဝါးပြီး၊ နောက်တစ်နေ့တွင် အကျဉ်းထောင်ထဲသို့ ရင်ကော့ဝင်သွားသည်။ အမတ်ဟောင်းအမူအရာကို ဖြဟ္မဒတ်မင်းမြင်သည်နှင့် အခြေအနေမှန်ကို သိလိုက်သည်။ သို့သော် အမတ်ဟောင်းအပေါ် ဒေါသစိတ်မဝင်ဘဲ၊ မေတ္တာစာတ်သာ ဖြန့်ကျက်နေလိုက်သည်။

"ဘယ်လိုလဲ အကျဉ်းခံမင်းကြီး။ သံခြေကျင်းတွေခတ်ထားတော့ အနေအထိုင်ကျဉ်းကျပ်နေသလား..."

"မေတ္တာစိတ်ဖြန့်ကျက်ထားသူအဖို့ ကျဉ်းကျပ်တယ်ဆိုတာ မရှိပါဘူး အမတ်မင်း"

"ဩော်...ဒီလိုလား...ကြုံလာတဲ့ဘေးကို ခန္တီတရားနဲ့ လက်ခံယူတယ်ဆိုပါတော့။ ကောင်းပြီလေ...သင်ဘယ်လေ...သည်းခံနိုင်တယ်ဆိုတာ စောင့်ကြည့်သေးတာပေါ့။ ဟေ့...အမှုထမ်းတွေလာစမ်း။ ဟောဒီအကျဉ်းခံမင်းကို ထုပ်မှာစောက်ထိုးဆွဲလိုက်"

အမတ်ဟောင်းသည် တစ်သက်လုံးစောင့်ရှောက်ခဲ့သည့် ကျေးဇူးကိုပင် မထောက်ထား။ မင်းကြီးကိုညှဉ်းပန်းနှိပ်စက် တော့သည်။ မင်းကြီးကမူ ဒုဗ္ဗိသေနမင်းကိုလည်းကောင်း၊ အမတ်ဟောင်းကိုလည်းကောင်း ဒေါသမဖြစ်။ ခံစားရသည့်ဝေဒနာကို တရားနှလုံးသွင်းလျက် သည်းခံသည်။

"ငါ၏မိတ်ဆွေဖြစ်တဲ့ ဒုဗ္ဗိသေန၊ သင်က ငါ့ကိုညှဉ်းဆဲသော်လည်း ညှဉ်းဆဲသည်ဟု မမြင်။ သင်က ပါရမီဖြည့်သည်ဟုသာ မြင်ပါသည်။ အသင်ဒုဗ္ဗိသေန ကျန်းမာပါစေ...ဘေးကင်းပါစေ"

ဖြဟ္မဒတ်မင်းသည် ရန်သူမင်းအပေါ် အပြစ်မြင်ပြီး၊ ဒေါသစိတ် ဝင်လာမည်စိုးသဖြင့် ကိုယ့်ကိုယ်ကိုစိတ်ထဲမှ ဆုံးမသည်။ မေတ္တာစိတ်ပွားများသည်။

"အချင်းအမတ်ဟောင်း၊ သင်၏အလိုဆန္ဒကြောင့်ဖြစ်စေ...မင်း၏ အလိုဆန္ဒကြောင့်ဖြစ်စေ... ငါ့အားညှဉ်းဆဲသော်လည်း၊ ငါသည်သင့်အပေါ် စိတ်မကွက်။ သင်ချမ်းသာပါစေ...အန္တရာယ်ကင်းပါစေ..."

www.burmeseclassic.com

www.burmeseclassic.com



အမတ်ဟောင်း၏ ယုတ်မာပက်စက်သည့် အကြံအစည်ကို ကြုံတွေ့ခံစားနေရသော်လည်း ဒေါသစိတ်မဝင်အောင်၊ နှလုံးသွင်းသည်။ မေတ္တာပွားသည်။

ဗြဟ္မဒတ်မင်း၏မေတ္တာစိတ်သည် နှလုံးသွင်းမှန်သဖြင့် တန်ခိုးအာနုဘော်ဖြစ်လာသည်။ မေတ္တာစွမ်းအားကြောင့် ကောသလမင်း၏ ကိုယ်မှာပူလောင်လာသည်။ မီးနှင့်ရှို့မြှိုက်ခံရသည့်အလား မခံမရပ်နိုင်အောင်ဖြစ်လာသည်။

"ဟဲ့၊ မယ်မင်းတို့ လာကြစမ်း၊ ယပ်ခတ်ကြစမ်း၊ အလိုလေးလေး ပူလောင်လိုက်တာ…အိုးယိုးယိုး၊ နေလို့မရတော့ဘူး။ သောက်တော်ရေ ဆက်ကြစမ်း၊ ရေအေးအေးလေးဆက်ကြစမ်းပါဟဲ့။ ဟာ…မခံနိုင်ဘူး။ လုံးဝကို မခံနိုင်အောင်ဖြစ်နေပြီ၊ ဟဲ့ ရေ…ရေ…ရေတွေယူခဲ့စမ်း၊ ငါ့ခေါင်းပေါ်က ဖြိုလောင်းကြစမ်း၊ များများလောင်း အဆက်မပြတ် လောင်းကြစမ်း"

မင်းကြီးသည် မခံမရပ်နိုင်အောင် ပူလောင်သဖြင့် အော်ဟစ် အကူအညီတောင်းရသည်။ မိဖုရားခေါင်ကြီးလည်း မနေသာ။ အခြားမိဖုရားများကမူ ပျာယာခတ်ကုန်သည်။ ယပ်ခတ်ပါဆို၍ ဝိုင်းဝန်း ခတ်ပေးရသည်။ ရေတော် ဆက်စမ်းဟုဆိုသဖြင့် ပြေးလွှားယူဆောင်လျက် ဆက်ရသည်။ တစ်ခါရေတွေနှင့် အဆက်မပြတ်လောင်းခိုင်း၍ လောင်းပေးရသည်။

မိဖုရားကြီးက သမားတော်များကို ဆင့်ခေါ်လျက်ကြည့်ရှုစမ်းသပ်စေသည်။ လျော်ကန်မည်ထင်သည့် ဆေးဝါးတွေ ပေးဆက်ကြသည်။ သို့သော်ဝေဒနာက မသက်သာသဖြင့် ဗေဒင်၊ ဟူးရာ အတတ်တတ်သည့် ပညာရှင်များ ခေါ်ယူ တွက်ချက်ကြည့်သည်။ တစ်နန်းတော်လုံး ရုတ်ရုတ်သဲသဲဖြစ်လျက် စိတ်မချမ်းမသာဖြစ်ရသည်။

"ဒါဘယ်လိုဖြစ်ရတာလဲ"

"အရှင်မင်းကြီး၊ အကျင့်သီလနဲ့ပြည့်စုံတဲ့ ဗြဟ္မဒတ်မင်းကို ထောင်သွင်း အကျဉ်းချထားခံရလို့ စိတ်ကျဉ်းကျပ် နေပါလိမ့်မယ်။ သီလနဲ့ ပြည့်စုံသူကို နှိပ်စက်တဲ့အတွက် မင်းကြီးလည်း ဝေဒနာခံစားရတာပါ"

"ဟင်…"

"နတ်ဒေဝါများက အပြစ်ပေးတာဖြစ်နိုင်ပါတယ်ဘုရား"

"ဒါဆို ငါက ဘယ်လိုလုပ်ရမလဲ"

"အပြစ်ကို သည်းခံဖို့ ဗြဟ္မဒတ်မင်းကို တောင်းပန်ပြီး၊ အကျဉ်းမှလွှတ်ပေးရင် ပြေတန်ကောင်းပါဘုရား"

"လွှတ်…အမြတ်လွှတ်။ ဗြဟ္မဒတ်မင်းကို နှောင်အိမ်ကလွှတ်ပြီး ငါ့ထံခေါ်ခဲ့။ ငါတောင်းပန်ပါရစေ…"

ကောသလမင်းသည် ဗြဟ္မဒတ်မင်းကို တောင်းပန်သည့်ခဏတွင် ကျရောက်နေသောဝေဒနာများ ချက်ခြင်း သက်သာပျောက်ကင်းသွားသည်။ ကောသလမင်းသည် ဗြဟ္မဒတ်မင်းကို ဓား၊လှံ၊ လက်နက်ဖြင့် နှိပ်စက်အနိုင်ယူနိုင် သော်လည်း မေတ္တာလက်နက်စွမ်းအားကိုမူ မယှဉ်သာ။ လက်မြှောက်အရှုံးပေးရတော့သည်။ ဤပြဿနာ၏အရင်းခံမှာ အမတ်ဟောင်းကြောင့်ဖြစ်ရသည်ဟု ကောသလမင်းက ယူဆပြီး၊ အကျဉ်းချလိုက်သည်။ ဗြဟ္မဒတ်မင်းကိုမူ ဗာရာဏသီပြည်အရောက် ကောင်းမွန်စွာပို့ဆောင်လျက် နန်းအပ်လိုက်သည်။

"မိတ်ဆွေ ဒုဗ္ဗိသေန၊ သင့်တွင် ဘေးမရှိပါစေနှင့် ကျန်းမာချမ်းသာပါစေ"

ဗြဟ္မဒတ်မင်းသည် စိတ်ထားမကွက်ဘဲ မေတ္တာပွားများလျက် အေးချမ်းစွာစံမြန်းတော်မူလေသည်။

**ကျမ်းကိုး။ ။ စတုက္ကနိပါတ်၊ ကေရာဇာတ်။**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာမျက်ဝန်း

''ဘုရားမြတ်စွာ…နာကျင်လှချည်းရဲ့၊ ကိုက်ခဲလှချည်ရဲ့၊ ဒုက္ခရောက်လှချည်ရဲ့ဘုရား…''

ပူတိဂတ္တတိဿမထေရ်သည် နာကျင်ကိုက်ခဲသည့် ဝေဒနာကို အောင့်အည်းသည်းခံနိုင်စွမ်းမရှိသဖြင့် အသံထုတ်ညည်းညူလိုက်သည်။ ကျေးဇူးတော်ရှင် ဘုရားသခင်ကို တမ်းတသည်။ သီတင်းသုံးဖော် ရဟန်းတော်တွေကို မျှော်လင့်မိသည်။ သို့သော် သီတင်းသုံးဖော်တို့က အနားမကပ်တော့။ သွေးအလိမ်းလိမ်း၊ ပြည်အရွှဲရွှဲနှင့် ပုပ်အဲ့နံစော်နေသည့် အနံ့ကိုမခံ နိုင်တော့။ နှလုံးမသတီစရာ ရုပ်ခန္ဓာကိုကြည့်လျက် ပျို့ကြ၊ အန်ကြကုန်သည်။ ရောဂါဖြစ်စက တတ်နိုင်သမျှ ဖေးကူကြသော်လည်း ကြာတော့ပြုစုသုတ်သင်ရန်ပင် မတတ်နိုင်တော့ ကိုယ်မချိသော် အမိသော်လည်း သားတော်ခဲ ဟူသည့် စကားအတိုင်း၊ တစ်ပါးတည်း ထားရစ်လျက်ထွက်သွားကြသည်။

အားကိုးရမည့်သူ၊ နှစ်သိမ့်မည့်သူ၊ ဖေးမမည့်သူ မရှိတော့အားငယ်စိတ်ပိုဖြစ်လာသည်။ ထိုအခါ နာကျင်သည့် ဝေဒနာက ပိုသည်းထန်လာသလိုဖြစ်လာသည်။ နာကျင်မှုဖြစ်လာချိန်တွင် အားကိုးစရာအဖြစ် အဖဘုရားသခင်ကို မျက်စိထဲမြင်လာသည်။

တိဿသည် ဘုရားရှင်၏သာသနာတွင်းသို့ တကယ်တမ်းယုံကြည်သက်ဝင်ပြီး၊ သဒ္ဓါစိတ်ဖြင့် ရဟန်းပြုလာခဲ့သူဖြစ်သည်။ တိဿသည် မြတ်ဘုရားဒေသနာ၌ သံသယမရှိ။ အဆို အဆုံးအမအတိုင်း ကျင့်ကြံအားထုတ်လျှင် မဂ်ချမ်းသာဖိုလ်ချမ်းသာရလျက် သန္တိသုခဟု ခေါ်သည့် နိဗ္ဗာန်သို့တိုင် မျက်မှောက်ပြုနိုင်သည်ကို မြင်သည်။ ထို့ကြောင့် တိဿသည်ရဟန်းဘောင်သို့ ခိုဝင်ခဲ့သည်။ ပရိယတ္တိစာပေ သင်ယူသည်။ ပဋိပတ်ကိုလည်း အားထုတ်သည်။ ယင်းကြောင့် ထိုက်သင့်သလောက် စာပေတတ်မြောက်ပြီး၊ ထိုက်သင့်သလောက် တရားကို ရှုမှတ်နိုင်သည်။ သို့သော် သစ္စာလေးပါးကို ထိုးထွင်းမမြင်။ သစ္စာမမြင်၍ အရိယာလည်း မဖြစ်သေးပေ။

တိဿရဟန်းသည် စာသိ၊ သညာသိရှိသော်လည်း သူ၏အသိဉာဏ်အပေါ်တွင် သံသယရှိနေသည်။ ဤတရားကို ငါကျင့်ဆောင်နိုင်ပါ့မလား…အမှန်တကယ်ထိုးထွင်းသိနိုင်ပါ့မလားဟု သံသယရှိနေခြင်းကြောင့် သောတာပန်အဆင့်ပင် မတက်လှမ်းနိုင်ခဲ့။

တိဿရဟန်းသည် စာပေကိုတိုး၍ ကြိုးစားသည်။ ပဋိပတ်အလုပ်ကို တိုး၍ အားထုတ်သည်။ ထိုသို့အားထုတ်နေစဉ်မှာပင် ကိုယ်ခန္ဓာ၌အဖုအစက်လေးများ ပေါက်လာသည်။ အစပိုင်းတွင် သာမန်အဖုအစက်ဟူ၍ပင် ထင်မိသည်။ ရရာဆေးဝါးများဖြင့် ကုသကြည့်သည်။ အနာကမသက်သာ။ မုန်ညင်းစေ့ခန့်သာရှိသော အနာဖုလေးများက တဖြည်းဖြည်းနှင့် ပဲစေ့ခန့်ဖြစ်လာသည်။ စိုးရိမ်စိတ်ဝင်လာပြီး ဆေးမြီးတိုနှင့် ရှာကြံကုသည်။ ရောဂါကမဆုတ်ယုတ်။ ရှေ့ဆက်တိုးလာကာ ကလောစေ့ခန့်ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



“အရှင်ဘုရား အနာတွေက ဘယ်လိုဖြစ်တာလဲ”

“မသိပါဘူး ဘုရား…။ ဖြစ်စက နီရဲရဲအဖုလေးတွေပါ။ ယားယံသလိုရှိတာနဲ့ ပွတ်မိကုတ်မိတယ်။ အဲဒါ တဖြည်းဖြည်းကြီးလာတာပဲ”

“ဆေးလေးဘာလေး မမှီဝဲဘူးလား…”

“မှန်ပါ၊ တချို့ကလမ်းညွှန်လို့ သောက်ဆေးလည်းသောက်ပါတယ်။ စားဆေးလည်း စားပါတယ်။ ဟိုဟာ ကောင်းတယ်၊ ဒီဟာကောင်းတယ်လို့ ပြောတာကြောင့် ဆေးလည်းလိမ်းတာပဲ။ အဲဒီလို လိမ်းတဲ့ကြားက တဖြည်းဖြည်းကြီး လာ…ပွားလာတာပဲ”

“ကိုယ်တော့်အနာတွေ မပေါ့နဲ့၊ ဂရုစိုက်ဦး။ ကြည့်ပါဦး၊ အနာတွေက ပွလာပြီ…”

တိဿရဟန်း၏အနာများသည် သျှိသျှားသီးခန့်ဖြစ်လာသည်။ ထို့ နောက် အနာများပေါက်ကွဲထွက်လျက် သွေးတွေ၊ ပြည်တွေ၊ သင်နေ့ရည်တွေ ကျလာသည်။ တစ်ကိုယ်လုံးတွင် အနာများပေါက်နေသဖြင့် သွေးပုပ်၊ ပြည်ပုပ်တွေက သုတ်သင်၍မနိုင်အောင် ယိုစီးကျသည်။ သင်္ကန်းများပင် စိုရွှဲလျက်ဂျပ်စွဲနေသည်။ အပုပ်နံ့လှိုင်နေသဖြင့် အညှီ၊ အပုပ်ကို ကြိုက်သည့် ယင်တို့၊ ဖြုတ်တို့ ဝိုင်းအုံလာသည်။ နှိပ်စက်ကြသည်။ ယင်နားသောအနာတွင် ပိုးလောက်တို့က အသိုက်အအုံဖွဲ့သဖြင့် အနာကပိုကြီးလာသည်။ ပိုဆိုးလာသည်။အသားဆိုင်များ ပဲ့ကြွေကျကုန်သည်။ လူနှင့်အနာ မလိုက်ဖက်အောင်ပင် ပြင်းထန်လာသဖြင့် ဟိုဟိုဒီဒီ ထမသွားနိုင်တော့ဘဲ အိပ်စက်ရာ ခုတင်ညောင်စောင်းထက်တွင် တုံးလုံးလဲတော့သည်။

အစပိုင်းတွင် သီတင်းသုံးဖော် ရဟန်းများက ဖေးဖေးမမ၊ ထောက်ထောက်ကူကူပြုကြသည်။ အနာကို ဆေးကြောရန် ရေနွေးကျိုပေးခြင်း၊ ဖန်ဆေးရည် စပ်ပေးခြင်း၊ ဆေးဝါးများရှာပေးခြင်း ပြုကြသည်။ သို့သော် အနာသည်းပြီး၊ အနံ့အသက်များက ပုပ်ညှီလာတော့ ရွံရှာစိတ်ဖြစ်လာသည်။ အတူတူသီတင်းသုံးဖို့ပင် မသတီနိုင်အောင်ဖြစ်လာသဖြင့် တိဿရဟန်းတစ်ပါးတည်းထားခဲ့ပြီး၊ အခြားကျောင်းများသို့ ရွှေ့သွားကြတော့သည်။

“အို…နာကျင်ပါဘိ။ ခံရခက်လိုက်ပါဘိ။ ဝေဒနာသက်သာအောင် စောင်မစောင့်ရှောက်တော်မူပါမြတ်ဘုရား”

တိဿရဟန်းသည် ဘုရားရှင်ကိုသာ တမ်းတရုံမှလွဲ၍ အခြား မစွမ်းနိုင်တော့ပေ။

* * *

မြတ်ဘုရားသည် ဂန္ဓကုဋီတိုက်တွင်းမှ ကျွတ်ထိုက်သည့်ဝေနေယျ သတ္တဝါကိုကြည့်တော့ ပူတိဂတ္တတိဿ မထေရ်ကို ဉာဏ်ကွန်ယက်တွင်း၌ထင်လာသည်။ ပူတိဂတ္တတိဿသည် အရဟတ္တဖိုလ်သို့ရောက်နိုင်သော ဥပနိဿယကို မြင်သည်။ သို့စဉ်လျက် အဘယ်သို့သော အကြောင်းကြောင့် ဤမျှဆိုးဝါးသော ဝေဒနာရသည်ကို ဆက်လက်ဆင်ခြင် သည်။ ထိုအခါ ပူတိဂတ္တတိဿ၏ အတိတ်ဘဝကို ရှုမြင်ရပေသည်။

ပူတိဂတ္တတိဿသည် ကဿပဘုရားရှင် လက်ထက်က ငှက်ခတ် မုဆိုးဖြစ်ခဲ့သည်။ သူသည် ငှက်များကို ဖမ်းလျက် သတ်ဖြတ်ရောင်းချခြင်းဖြင့် အသက်မွေးသည်။ ရောင်းမကုန်သည့်ငှက်များကို လွတ်မသွားအောင် အတောင်ကို ချိုး၍လည်းကောင်း၊ ခြေကိုချိုး၍လည်းကောင်း လှောင်အိမ်ထဲ ပစ်ထားသည်။ အသက်ရှင်သည့်ငှက်ကို ဤသို့ရက်ရက် စက်စက်ပြုခဲ့သော ဝဋ်ကြွေးက ခုတော့ပေးဆပ်ရလေပြီ။ အနာ၏ နှိပ်စက်မှုကြောင့် ခြေထောက်တွေသွင်သွင်ကျိုးကုန်သည်။ ပိုးလောက်လမ်းတို့ ကိုက်ဖြတ်စားသဖြင့် အရိုးအဆစ်များပြုတ်ထွက်ကုန်သည်။ ငှက်တွေကို နာကျင်စေသည့်နည်းတူ သူလည်းနာကျင်သည်။ အတောင်တွေချိုးသဖြင့် အနာဖြစ်၊ ပြည်တည်၊ ပုပ်ပွသည့်နည်းတူ သူလည်းပုပ်အဲ့လျက် နံစော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိဿသည် ငှက်ပစ်သမားဘဝတွင် အသက်မွေးမှု၌သာ အာရုံရှိ၍ ကုသိုလ်၊အကုသိုလ်လည်း မတွေးခဲ့။ ယနေ့ စားရ၊ ယနေ့ဝတ်ရရေးသာအလေးထားကြည့်သည်။ မနက်ဖြန်ကို မစဉ်းစား။ သံသရာကို မချင့်တွက်။ နောင်သံသရာတွင် ဤကောင်းမှု၊ မကောင်းမှုဒဏ်ခံရလိမ့်မည်ဟု မစဉ်းစားခဲ့။ သို့သော်သူသည် ရတနာသုံးပါးကိုကြည်ညိုသည်။ ဘုရားကိုဘုရားမှန်း၊ တရားကိုတရားမှန်း၊ သံဃာကိုသံဃာကိုမှန်းသိသည်။ သိပင်သိသော်လည်း တစ်ဘဝအရေးသာချင့်တွေး လျက် ငှက်ခတ်မုဆိုးဘဝကို ကြည်နူးခဲ့သည်။ မုဆိုးဖြစ်လျှင် သားကောင်သတ်ရမည်၊ သတ္တဝါကိုလူချွတ်မှကျွတ်မည်ဟူသော မမှန်ကန်သည့်အတွေးရှိခဲ့သည်။

ဝဋ်ကြွေးကိုပေးဆပ်ရပြီး၊ အန္တိမဘဝတွင် ရဟန်းတရားသိမြင်လျက် သံသရာမှလွန်မြောက်မည်ကို သိသောဘုရားရှင်သည် တစ်ခုသောကျောင်းဆောင်တွင်း၌တစ်ပါးတည်း ညည်းညူအော်ဟစ်နေသည့် တိဿရဟန်းထံသို့ ကြွတော်မူလေသည်။

* * *

မြတ်ဘုရားသည် ကျွတ်ထိုက်သော သတ္တဝါ၏ဉပနိဿယကိုမြင်လျှင် စကြဝဠာတံတိုင်းခြားနေငြားလည်း ထိုသူ့ထံ အရောက်သွားလျက် ဟောကြားအပ်သော တရားကို ဟောမြွက်သည်။ အမှန်လမ်းကို ညွှန်ပြသည်။ သတ္တဝါများအပေါ် ရင်ဝယ်သားကဲ့သို့ ချစ်ခင်သနားသော…ကရုဏာမျက်လုံးဖြင့် ကြည့်တတ်သော…မေတ္တာမျက်ဝန်းဖြင့် ဖြန့်ကျက် ကြည့်တတ်သော ဘုရားရှင်သည် ဤတိဿရဟန်းကို ကယ်တင်နိုင်မည်ကိုမြင်သည်။ တိဿရဟန်းကို အကြောင်းပြုလျက် အခြားရဟန်းများ အစဉ်ကျင့်ဆောင်ရမည့် ဝတ္တရား၊ အသိဉာဏ်ရင့်သန်စေမည့် အကြောင်းတရား မြင်သဖြင့် ကြွချီတော်မူသည်။

မြတ်ဘုရားကြွချီလျှင် ဖဝါးခြေထပ်ကပ်ပါလေ့ရှိသည့် အာနန္ဒာမထေရ်လည်းပါလာသည်။ ဘုရားရှင်၏ အရိပ်အခြည်စောင့်ကြည့်နေသော လက်ဝဲရံ၊ လကျ်ာရံ အဂ္ဂသာဝကကြီးများလည်း လိုက်ပါလာသည်။ အရှင်အနုရုဒ္ဓါ၊ အရှင်ဉပါလိအစရှိသော ရဟန္တာမထေရ်ကြီးများလည်း စုံးစမ်းဟန်ဖြင့် ပါလာသည်။

ဘုရားရှင်အဘယ်သို့ကြွလေမည်နည်းဟု ကြည့်နေစဉ်မှာပင် တိဿရဟန်း သီတင်းသုံးရာ ကျောင်းဆောင်တွင်းသို့ ဝင်သွားသည်။ အများက ဥပေက္ခာရှု ပစ်ထားသော တိဿသည် ဝေဒနာကြောင့် ညည်းညူနေ သည်။ လူးလှိမ့်နေသည်။ သွေးအလိမ်းလိမ်း၊ ပြည်အရွှဲရွှဲ၊ အနံ့အသက် ဆိုးတွေထနေသော တိဿအနီးသို့ ဘုရားရှင် ကပ်သွားသည်။

''ချစ်သား တိဿ''

ကရုဏာလွှမ်းသော အသံတော်ဖြင့် ခေါ်လိုက်သည့် ဘုရားရှင် အသံတော်ကြောင့် တိဿရဟန်းညည်းညူသံ ရပ်သွားသည်။ ဝေဒနာကို မျိုသိပ်လျက် ဘုရားရှင်အား မျက်လုံးဖွင့်ကြည့်သည်။ မဟာမေတ္တာ တော်ရှင်ဘုရားသခင်၏ မျက်နှာတော်ကို ဖူးလိုက်ရသည်နှင့် ဝေဒနာတစ်ဝက် သက်သာသွားဟန်ဖြင့် ငြိမ်သက်သွားသည်။

''ချစ်သား တိဿ၊ ငါဘုရားရှိနေပါလျက် သင့်မှာအားကိုးမဲ့ ပြီဟု မမှတ်လေလင့်''

ဘုရားရှင်သည် သွေးပြည်အလိမ်းလိမ်းဖြစ်နေသော တိဿ၏ဦးခေါင်းကို ညင်ညင်သာသာပွေ့ယူလိုက်သည်။

''မြတ်ဘုရား၊ တိဿရဟန်းကို တပည့်တော်ပြုစုပါ့မယ်…''

သာသနာဦးသျှောင်ပုဂ္ဂိုလ်ကြီးက သာမန်ရဟန်းတစ်ပါးအရေးကို အလေးဂရုပြုသဖြင့် အရှင်အာနန္ဒာ မနေသာတော့။ သူတို့ကဲ့သို့သော ရဟန်းများရှိပါလျက် ဘုရားရှင်ကိုယ်တော်တိုင် စောင့်ရှောက်ရသည်ဆိုလျှင် အများအမြင်မှာ မလျော်၍၊ ဝင်ရောက်တာဝန်ယူသည်။

''အာနန္ဒာ ရေနွေးကျိုလော့။ တိဿရဟန်းမှာ ပေကျံနေတဲ့ သွေး၊ ပြည်တွေကိုဆေးကြောဖို့ ရေနွေးယူခဲ့''

''မှန်ပါဘုရား၊ တပည့်တော်သာရိပုတ္တရာ ကိုယ်တိုင်စောင့်ရှောက်ပါ့မယ်။ ဘုရားရှင်ဘေးက ကြည့်နေပါ။ ညွှန်ပြပါ''

www.burmeseclassic.com

www.burmeseclassic.com


"သာရိပုတ္တရာ၊ ပေကျံနေတဲ့ သက်နိုးတွေကို ရေနွေးနဲ့ရှာ…ခန္ဓာကိုယ်မှအညစ်အကြေးတွေကို ရေနွေးနဲ့ဆေး၊ ပြီးရင် ဖန်ရည်နဲ့ ဆေး ကြော…"

"ကောင်းပါပြီမြတ်ဘုရား၊ တပည့်တော် အနုရဒ္ဓါဆောင်ရွက်ပါ့မယ်…"

"ချစ်သား အနုရဒ္ဓါ၊ တိဿရဟန်းရဲ့ သင်္ကန်းတွေကို ပိုးမွှား သန့်စင်အောင် ရေနွေးနဲ့ပြုတ်လျှော်… နေပူမှာဖြန့်လှန်း၊ ပြီးတော့ ခုတင် ညောင်စောင်းမှာ ပေကျံနေတဲ့ သွေးပုပ်၊ ပြည်ပုပ်တို့ကို ဆေးကြောလိုက်"

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် တိဿရဟန်းကို အလေးအနက်ထားပြုစုသဖြင့် သံဃာပရိသတ် မနေသာတော့။ ကျောင်းတစ်ခုလုံးနီးပါးရောက်လာလျက် အားပေးနှစ်သိမ့်ကြသည်။

"ချစ်သားတို့၊ သာသနာတော်တွင်း ရောက်လာတဲ့ ရဟန်းကို ရဟန်းအချင်းချင်းသာလျှင် စောင့်ရှောက်ရပေမယ်။ အဘယ်မိဘ၊ အဘယ်သားမယား၊ အဘယ်ဆွေမျိုးမှ စောင့်ရှောက်နိုင်ဖွယ်မရှိ။ တစ်ပါး ကို တစ်ပါးပြုစုခြင်းဟာ နိမ့်ကျသည်မဟုတ်၊ မြင့်မြတ်သော ဆောင်ရွက်မှု ဖြစ်ပေတယ်…"

ဘုရားရှင်သည် သူနာပြုစုသည့်လုပ်ငန်း၏ အကျိုးကြီးမားပုံကို ဟောကြားသည်။ ထိုအခါ ရှေးကရောင်ဖယ် လုပ်မိသည့်ရဟန်းများ နောင်တရကုန်လေတော့၏။

* * *

ပူတိဂတ္တတိဿသည် မြတ်ဘုရား၏အကြင်နာလက်ဖြင့် ထွေးပွေ့ခြင်းခံရသည်နှင့် ရောဂါတစ်ဝက်မျှ သက်သာသလိုဖြစ်သွားသည်။ ထို့နောက်ရေနွေးဖြင့် ကိုယ်အလုံးကိုသန့်စင်ပေးပြီး၊ ဖန်ရည်ဆေးကြော ပေးသဖြင့် အနွေးဓာတ်ရသောအခါ နာကျင်မှု သက်သာလာသည်။ သွေး၊ ပြည်တို့နှင့် အလိမ်းလိမ်းပေကျံသည့် သင်္ကန်းကိုလျှော်ဖွပ်၊ နေပူလှန်းပေးပြီး၊ ပြန်လည်ဝတ်ရုံပေးသည့်အတွက် နွေးထွေးမှုရပြီး သက်သာရာရသည်။ သူ့အပေါ်တွင် လျစ်လျူမရှုဘဲ ပြုစုစောင့်ရှောက်သဖြင့် ကျေနပ်ပီတိဖြစ်သည်။ နှစ်သက်ခြင်းပီတိဖြစ်လာသော် ငြိမ်းအေးခြင်း ပဿဒ္ဓိရသည်။ ထိုအခါချမ်းသာခြင်း သုခဖြစ်လာသည်။ ထိုနောက် တည်ငြိမ်မှုသမာဓိ ဖြစ်လာသည်။ သမာဓိရလျှင် ဝိပဿနာ ရှုနိုင်လေပြီ။ ရုပ်နာမ်ကို ဝိပဿနာဉာဏ်မျက်စိနှင့် ကြည့်လိုက်သည်။

"ချစ်သား ပူတိဂတ္တတိဿ။ ဤခန္ဓာကိုယ်သည် ဝိညာဉ်ကင်း၍ စွန့်ပစ်လျှင် အသုံးမကျတော့သည့် ဖွဲပမာဖြစ် လိမ့်မည်။ ဤခန္ဓာသည် မကြာမီမြေပြင်၌ လဲလျောင်းရပေမည်"

ဘုရားရှင်သည် ရုပ်နာမ်ဓမ္မသဘာဝ၏အဖြစ်ကို ဆင်ခြင်နိုင်ရန် ခန္ဓာကိုယ်၏အပြစ်ကို ပြညွှန်လိုက်သည်။ တိဿရဟန်းသည် ရှေးအခါက ခန္ဓာကိုယ်ကိုတွယ်တာစိတ်ဖြစ်နေသဖြင့် နှစ်သက်ခြင်း၊ တပ်မက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်၏အလိုလိုက်လျက်၊ ခန္ဓာကိုယ် တောင်းဆိုသမျှ မညည်းညူနိုင်ခဲ့။ ထမင်းဆာလျှင် ထမင်းကျွေးရ သည်။ အိုက်စပ်လျှင် ရေချိုးပေးရသည်။ ညောင်းညာလျှင် ဣရိယာပုတ် ပြောင်းလဲပေးရသည်။ ခန္ဓာကိုယ်တောင်းဆိုသမျှ အလိုလိုက်လျက် ဆောင်ရွက်ပေးနေရသည်။ လူ့ခန္ဓာကိုယ်က နတ်ခန္ဓာလိုချင်…ဗြဟ္မာခန္ဓာလိုချင်ပြန်လည်း သူ့ဆန္ဒဖြည့်စွက်နိုင်အောင် ကြိုးပမ်းရသည်။ ခန္ဓာကိုယ်က နာကျင်သည်၊ ကိုက်ခဲသည်ဆိုတော့ မနာကျင်အောင်၊ မကိုက်ခဲအောင် စောင့်ရှောက်ရသည်။

ဘုရားရှင်သည် ခန္ဓာကိုယ်၏အပြစ်ကို ဖော်ပြလိုက်သော် အမြင်က ပြောင်းလဲသွားသည်။ ငါ့ကိုယ်၊ ငါ့ခန္ဓာမဟုတ်မှုဘဲ ရုပ်နှင့်နာမ်အအ ဖြစ်သာ မြင်လာသည်။ ကိုယ်တိုင်အစိုးမရသည့် ခန္ဓာကိုယ်မှာ ကိုယ်မပိုင်၊ သူသာပိုင်ပြီး သူ့အလိုသာ ဖြစ်သည်ကိုတွေ့ရသည်။ ထိုအခါ မြတ်နိုးစရာ မဟုတ်တော့။ ၃၂ ကောဋ္ဌာသ အစုအဝေးဖြစ်သော ခန္ဓာကိုယ်၏ အစိတ်အပိုင်းများ ထင်လာသည်။ ဆံပင်၊ ခြေသည်း၊ လက်သည်း၊ သွေး၊ သလိပ်၊ ပြည်၊ အကျိအချွဲများအဖြစ် မြင်လာသည်။ ထိုအခါ စုံမက်စရာမရှိဘဲ၊ စက်ဆုပ်ရွံရှာစရာအဖြစ် တွေ့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကို စက်ဆုပ်ဖွယ်ရာအဖြစ် မြင်သော် တွယ်တာစရာမရှိတော့။ တွယ်တာမှုမရှိ၍ နာသည်ကိုလည်း ကိုယ်နာခြင်း မဟုတ်။ သူ့ဖာသာ သူသဘောသူ့ဆောင်နေမှန်းသိလာသည်။ ထို့ကြောင့် နာကျင်စိတ်ပျောက်သွားပြီး ငြိမ်းအေးစိတ်တွေသာ ပေါ်လာသည်။ ဤတွင် တည်ငြိမ်သည့်သမာဓိ ရလာ၏။ ထိုအခါ ဝိပဿနာတင်ရှုလိုက်ရာ ပဋိသမ္ဘိဒါပတ္တာနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွားလေတော့၏။

ခန္ဓာဇာတ်သိမ်း၍ ဘဝချုပ်ငြိမ်းသွားသော ပူတိဂတ္တတိဿမထေရ်၏ အလောင်းရုပ်ကလာပ်ကို ကြည့်လျက် ဘုရားရှင်သည် သံဝေဂပွားသည်။ ရဟန်းတို့ကိုလည်း ပူတိဂတ္တတိဿမထေရ်၏ ရှေးဘဝကပြုမူခဲ့သော မကောင်းမှု အကြောင်းကိုရှင်းပြသည်။ ဤအကျိုးဆက်က နောက်ဆုံးဘဝတွင် အပြီးသတ်ပေးဆပ်ရသည်ကို နှလုံးသွင်းရှုမြင်ကြရန် ဆုံးမသည်။

လောကတွင် ဆင်းရဲဒုက္ခ အမျိုးမျိုးကြုံတွေ့ရသော တပည့်ရဟန်း၏ မျက်နှာကို မေတ္တာပွမ်းသော အကြည့်ဖြင့် တစ်ချက်ကြည့်ပြီး၊ လွတ်မြောက်ရာ အမှန် ပြည်နိဗ္ဗာန်သို့ရှေးရှုရန် ဆုံးမလျက် ဂန္ဓကုဋီ တိုက်သို့ ပြန်ကြွခဲ့ပေတော့သည်။

ကျမ်းကိုး။ ။ ဓမ္မပဒ၊ စိတ္တဝဂ်၊ ပူတိဂတ္တတိဿမထေရ်ဝတ္ထု။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာရင်ငွေ

"မိုက်ပါဘိ သားတော်ရယ်...သားတော်ဟာ လတ်တလောသေစေတတ်သော အဆိပ်ရှိသော မြွေပွေး၊ မြွေဟောက် တို့ကို ကောက်ကိုင်မိသည့်အလားဖြစ်ချေပြီ"

"အို..."

ခမည်းတော် ဗာရာဏသီမင်း၏ ပူပန်သောက စကားကြားသော် နန္ဒကုမာရမင်းသား ကြီးစွာတုန်လှုပ်သွားသည်။ ကြောက်ရွံ့စိုးရိမ်သည့် မျက်နှာဖြင့်ခမည်းတော်ကို ကြည့်လိုက်သည်။

"သားတော်၊ သင်ဟာ အလျှံပြောင်ပြောင်တောက်လောက်သောမီးကျီးတွင်းဆင်းသကဲ့သို့လည်းကောင်း၊ မုန်ယစ်သည့်ဆင်ကို အစွယ် ကိုင်ဘိသကဲ့သို့လည်းကောင်း၊ မပြစ်မှားအပ်သည့်ပုဂ္ဂိုလ်ကို ပြစ်မှားမိချေပြီ..."

နန္ဒနမင်းသားသည် ဗာရာဏသီပြည့်ရှင် အဠသမင်း၏သားတော်ကြီးဖြစ်သည်။ နှစ်သက်ဖွယ်အဆင်းရှိသည်။ ဥတုသုံးပါးနှင့်လျော်ညီသောပြာသာဒ်သုံးဆောင်တွင် မင်းစည်းစိမ်ကို ခံစားနေသည်။ တစ်သောင်းမျှသော ကချေသည် မိန်းမတို့ ဝန်းပတ်ရံလျက် စောင်း၊ ညင်း၊ ပတ်သာ၊ တူရိယာတို့ဖြင့် တီးခတ်ဖျော်ဖြေသည်။ အလုပ်အကျွေး အမှုထမ်းတို့၏ဝန်းရံခစား မြှောက်စားခြင်းခံရသဖြင့် မထားရှိအပ်သော မာနရှိခဲ့သည်။

"အချင်းတို့၊ ဇမ္ဗူတစ်ဝန်းမှာရှိတဲ့ အမင်းမင်းတို့ဟာ ငါ့စည်းစိမ်မျိုး ရှိရဲ့လား"

"အရှင့်သား ဧကရာဇ်ဘွဲ့ခံသည့်မင်းများပင်လျှင် အရှင့်စည်းစိမ်မျိုး မရှိပါ။ စစ်သည်အင်အား၊ ရထားအင်အား၊ ဆင်အင်အား၊ မြင်းအင်အား တူညီကောင်းတူညီပေမယ်။ ဒါပေမယ့် အခုလိုချောမောပြေပြစ်တဲ့ကညာပျိုတွေ ဝန်းရံနေဖို့တော့ မလွယ်ပါမင်းသား...အကယ်၍ လွယ်ကူသည်ထားဦး အရှင့်သားလို ကာမဂုဏ်ကိုခံစားဖို့တော့ ဘယ်မှာ လွယ်ကူမလဲ မင်းသား..."

အမှုထမ်းတို့သည် ဂုဏ်မောက်သူကို မြှောက်ပင့်စကားဆိုသဖြင့် ဘဝင်မြောက်ပြီး အောက်ခြေလွတ်သွားသည်။ မာနတံခွန် မိုးစွန်ထိတက်သွားရာ၊ ထောင်လွှားမှု အထွဋ်အထိပ် ရောက်သွားတော့သည်။

ငါနှင့်ငါသာနှိုင်းစရာမရှိဟု ထင်ထားသော နန္ဒနမင်းသားသည် သီရိကမည်သော မင်္ဂလာဆင်တော်ကိုစီးလျက် ဥယျာဉ်ကစားရန် ထွက်သည်။ စစ်အင်္ဂါလေးပါးခင်းကျင်းလျက် မောင်းမမိဿံအခြွေရံတွေ ခြံရံထွက်လာသော မင်းသား၏ အသရေကိုမြင်လိုသဖြင့် မြို့သားအားလုံး ထွက်ပြီး ဖူးမြော်ကြသည်။

"နန်းလျာမင်းသားရဲ့ အသရေက တင့်တယ်လိုက်တာ...အရှေ့ဘက်အရပ်က နေမင်းကြီး ထွက်လာသည့် အလား အရှိန်အဝါရှိပါပေတယ်။ လပြည့်ညမှာထွန်းလင်းတဲ့ လမင်းကြီးလိုလဲ ကျက်သရေရှိပါပေတယ်..."

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတို့၏ ချီးကျူးထောမနာသံက တစ်ဆင့်စကား တစ်ဆင့်နား မှ မင်းသား၏ရွှေနားတော်ကို ဆိုက်လာသည်။ ချီးကျူးသံကြားရလျှင် ဝမ်းမြောက်ပီတိဖြစ်ရသည့် လူ့သဘာဝအတိုင်း မင်းသားပီတိဖြစ်မိသည်။ အတိုင်းအဆမရှိ လွန်လွန်ကဲကဲ ချီးကျူးသော်ဝမ်းသာရုံမျှမက မာနပါရောယှက်လာသည်။ "ငါ့ဘုန်း ငါ့ကံကို ယှဉ်ဝံ့သူရှိသေးလား" ဟုပင်ထင်လျက် ဘဝင်လေဟပ် တဖျပ်ဖျပ်ဖြစ်မိသည်။

ထိုစဉ် မထင်မှတ်သော မြင်ကွင်းကြောင့် ဟင်းခနဲ့ရေရွတ်မိသည်။

"သင်း ဘယ်သူလဲ..."

"ဒေဝလပစ္စေကဗုဒ္ဓါပါအရှင်..."

"ဘာပြောတယ်..."

"စရဏတစ်ဆယ့်ငါးပါး၊ သံဝရလေးပါး၊ တရားအပေါင်းနှင့်ပြည့်စုံတဲ့ အရှင်မြတ်ဒေဝလပါ"

"ဘာစရဏလဲ၊ ဘာသံဝရလဲ၊ ဘာတရားကိုသိတာလဲ...သင်းက ငါကြွလာတာကို မမြင်ရော့သလား... ငါ့ရှေ့တူရူမှာ ရပ်နေရလား..."

"အရှင်မင်းသား၊ သူတော်စင် သူတော်ကောင်းတို့မည်သည် မင်း၊ ပုဏ္ဏား၊ ရသေ့၊ ရဟန်းတို့ထက် ထူးခြားမြင့်မြတ်သူမို့ လူတွေက အလေးအမြတ်ထားရိုသေရမှာပါ..."

"ဘာ...မြင့်မြတ်သူ၊ ငါ့ထက်မြင့်မြတ်သူ ဖြစ်ရမလား...ငါလို မင်းသားကို မခန့်မလေးလုပ်တဲ့ သင်းကို လက်တွေ့ အပြစ်ပေးရမယ်"

နန္ဒကုမာရမင်းသားသည် သီရိကဆင်ကို ချွန်းဖွင့်လျက် အရှင်ပစ္စေကဗုဒ္ဓါကို တိုက်ချလိုက်သည်။ သို့သော် တန်ခိုးနှင့်ပြည့်စုံသော အရှင်ကိုကား ထိခိုက်အောင် ပြုနိုင်စွမ်းမရှိ။

စိတ်အနှောင့်အယှက်ဖြစ်ခဲ့သော်လည်း ဥယျာဉ်တော် ကစားခဲ့သည်။ ဥယျာဉ်တော်မှအပြန်၊ နန်းတော် အရောက်တွင် စိတ်အေးလက်အေးရှိချိန်၌ စဉ်းစားသော် မိမိ၏အမှားကို ပြန်မြင်မိသည်။ သံကောက်ကို မျိုမိသောငါး၊ လုံသွားအပေါ်အိပ်စက်ခဲ့သောယောက်ျားကဲ့သို့ နာကျင်မှုဝေဒနာ ခံစားရသည်။ ကြီးစွာသော ဋ္ဌမြေဖြင့်လှမ်းကြွလာသော အရှင်ပစ္စေကဗုဒ္ဓါကို ဆင်နှင့်တိုက်ချလိုက်ချိန်တွင် ဝဲယာမှရှုစားနေသော ပရိသတ်၏အထိတ်တလန့် အော်ဟစ်သံ၊ အရှင်မြတ်အတွက် စိုးရိမ်ပူပန်မှု၊ ရိုင်းစိုင်းသောအမှုပြုသည့် မင်းသားအပေါ်ရှုတ်ချသံတွေပေါ်ထွက်လာသည်။ ချစ်ခင် မြတ်နိုးခံရသော မင်းသားအပေါ် ပရိသတ်၏ မုန်းတီးမှုမြားချက်တွေက စုပြုံကျလာလေတော့သည်။

* * *

"သားတော်မှားမိပြီ ခမည်းတော်...ဒီအတွက် စားမဝင်၊ အိပ်မပျော်ဖြစ်ရပါတယ်..."

"အင်း...ဒီအမှုပြုခဲ့ရင် ပြုသူသာပျက်စီးတာ မဟုတ်ဘူးသားတော်၊ အခြံအရံနဲ့တကွ တိုင်းသူပြည်သားတွေပါ ပျက်စီးစေတတ်တယ်။ ဒီမယ်သားတော် ခမည်းတော်အရင် စံမြန်းသွားတဲ့ သုခမေလမင်း၊ ကောသလမင်း၊ သိဂ္ဂဝမင်း၊ သတ္တကမင်းတို့ဟာ ရဟန်းကောင်း၊ ရဟန်းမြတ်ကို စော်ကား ပြစ်မှားမိတဲ့အတွက် တိုင်းပြည်ပါ ပျက်စီးဖူးတယ်..."

"အို..."

"တကယ်လို့အရှင်မြတ်တို့ အမျက်ထွက်ရင် ငါတို့လူသားမဆိုထားနဲ့ နတ်ဘုံသော်မှပျက်စီးစေနိုင်တယ်။ ယူဇနာရှစ်သောင်းလေးထောင်ရှိတဲ့ မဟာသမုဒ္ဒရာလည်း ခန်းခြောက်စေနိုင်တယ်..."

"တကယ်ပဲလား ခမည်းတော်"

"ဒီကိစ္စကို ပြေပျောက်အောင် ခမည်းတော်လည်း မတတ်နိုင်ဘူး။ သားတော်ကိုယ်တိုင် အရှင်မြတ်ကို တောင်းပန်မှ ပြေပျောက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



နန္ဒကုမာရ မင်းသားသည် သာမန်အမှုဟုထင်လျက် မာန်မာနစိတ်ဖြင့် ကျူးလွန်မိရာ၊ စည်းစိမ်ရွှေလျောရမည်ဆိုတော့ လွန်စွာထိတ်လန့်မိသည်။ ကြောက်စိတ်ကြောင့် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ရသည်။

မင်းသားသည် ဤဘဝတွင်မင်းသားဟူသော မာနမာန်တက်သော်ငြားလည်း ရှေးရှေးကပြုဖူးသည့် ပါရမီကား မသေးသိမ်။

ပဒုမုတ္တရာဘုရားရှင်ပွင့်ထွန်းစဉ်က နန္ဒကုမာရသည် တရားဓမ္မနှင့်မွေ့လျော်သော သုနန္ဒအမည်ရှိ ရသေ့တစ်ပါးဖြစ်ခဲ့သည်။ ထိုစဉ်က ဟိမဝန္တာတွင် သီတင်းသုံးခဲ့ရာ ချဉ်ဆားအလို့ငှာ ဟံသာဝတီပြည်သို့ ဈာန်အဘိညာဉ်ဖြင့် ကြွလာသည်။ ထိုစဉ် ခေမမိဂဒါဝုယျာဉ်၌ သီတင်းသုံး စံပယ်နေသော ပဒုမုတ္တရာဘုရားရှင်ကို ဖူးမြင်ရသည်။ မြတ်နိုးသော သဒ္ဓါစိတ်ဖြစ်၍ ပူဇော်ထူးဖြင့် ပူဇော်ရန်စိတ်ဆန္ဒဖြစ်ခဲ့သည်။

"ဘုရားရှင် သီတင်းသုံးရာ နေရာကား အမိုးအကာမရှိ၊ လွင်တီးခေါင်၌ သီတင်းသုံးခြင်းကား မလျော်၊ ငါသည် ပန်းတို့ဖြင့်ပြီးသော ကျောင်းအာရာမ်လှူအံ့"

ဤသို့တွေးလျက် ဟိမဝန္တာသို့ ဈာန်အဘိညာဉ်တန်ခိုးနှင့်သွားပြီးပန်းယူ၏။ ပန်းမဏ္ဍပ်ကြီးဆောက်လျက် လှူ၏။ ထိုပန်းမဏ္ဍပ်တွင် ခုနစ်ရက်ပတ်လုံး တရားရေအေးအမြိုက်ဆေး တိုက်ကျွေးရာ လူအမြောက်အမြား အကျွတ်တရား ရကုန်သည်။ ထိုစဉ်ဘုရားရှင်သည် သဗ္ဗပါဠိကမည်သောရဟန္တာတစ်ပါးအား ဝိနည်းဆောင်ရာတွင် ဧတဒဂ်ထားသည်မြင်၍ ဖြစ်လိုသောဆန္ဒရှိသည်။ ထို့ကြောင့် ဤပြုသောကောင်းမှုကြောင့် နောင်ဘုရားရှင်လက်ထက်၌ ဝိနယဓရ ဧတဒဂ်ရသော ပုဂ္ဂိုလ်ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့သည်။ ပြည့်စေနိုင်သည့် ဥပနိဿယမြင်၍ ဘုရားရှင်က ဗျာဒိတ်ပေးခဲ့သည်။

သုနန္ဒရသေ့သည် ဗျာဒိတ်စကားရသော် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ ထို့ကြောင့် လူ့ဘဝနေစဉ် ရှာဖွေစုဆောင်းထားသော ရွှေ၊ ငွေများကို ကျောင်း၊ အာရာမ်ဆောက်လုပ်စေသည်။ အရှင်မြတ် လမ်းညွှန်၍ မယားဟောင်းသည် သောဘနမည်သော ဥယျာဉ်ကို အသပြာတစ်သိန်းနှင့်ဝယ်လျက် စုလစ်မွမ်းချွန်၊ ပြာသာဒ်တစ်စောင်းတို့ပါသည့် ကျောင်းအာရာမ်ကိုဆောက်လှူသည်။ ဘုရားအမှူးပြုသော သံဃာတော်များ ပင့်ဖိတ်လျက် ဆွမ်းကပ်လှူပြီး ဆုတောင်းသည်။

ထိုဘဝမှအသက်အတိုင်းနေပြီး စုတေသောအခါ နတ်ပြည်၌နတ်စည်းစိမ်ကို ခံစားရသည်။ ထိုမှစုတေပြန်သော် ဗာရာဏသီမင်း၏ မိဖုရားခေါင်ကြီးဝမ်း၌ လူလာဖြစ်ပြီး နန္ဒကုမာရဟု အမည်တွင်ခဲ့ သည်။

ရှေးဘဝက အကျင့်သီလနှင့် ပြည့်စုံသူဖြစ်ခဲ့ပါလျက် ယခုဘဝတွင် မထားရှိအပ်သော မာနထားမိ၍ အရှင်ပစ္စေကဗုဒ္ဓါကို အပြစ် ကျူးလွန်မိခဲ့ချေပြီ၊ မပြုသင့်သည့်အမှုကြောင့် များစွာထိတ်လန့်လျက် မင်းချင်းသုံးသောင်းကို ခေါ်သည်။ ပန်းနံ့သာကို ကိုင်စေသည်။ ကိုယ်တိုင်လည်း ပန်းနံ့သာကိုင်စွဲကာ၊ စိုစွတ်သောအဝတ်၊ ဖြန့်ကြဲသောဆံပင်၊ ပူပန်သော မျက်နှာဖြင့် အရှင်ပစ္စေကဗုဒ္ဓါ၏ရှေ့မှောက် သွားသည်။

"အရှင်ဘုရား၊ တပည့်တော်ကို သနားသဖြင့် သည်းခံတော်မူပါ။ ပစ္စုပ္ပန်သံသရာ ဒုက္ခကင်းအောင် မေတ္တာထားတော်မူပါ"

"အချင်းဒါယကာ ငါသည်းခံ၏။ မေတ္တာထား၏။ သင့်ကိုသာလျှင်မဟုတ်။ ခြောက်ပါးသော နတ်ရွာ၊ သုရာဂန္ဓဗ္ဗနတ်နယ်တစ်လွှား နဂါး၊ တာနောယက္ခ၊ အပေါင်းက ငါ့ဦးခေါင်းထက် သန်လျက်၊ လှံတံ၊ နှင်တံ၊ သံတူနှင့်ထု၍ အသက်ဆုံးရှုံးရစေကာမူ မာန်မူခြင်းမရှိ။ ဒေါသကင်းလျက်၊ မေတ္တာစိတ်ဖြင့်သာ အမြဲရှုတော်မူပေသည် ဒကာ"

"မှန်ပါဘုရား...အရှင်ဘုရားရဲ့ မေတ္တာစကားကြားရလို့ ရင်ထဲ ချမ်းမြေ့ကြည်သာ ဝမ်းမြောက်ရပါတယ် ဘုရား...တပည့်တော်ရဲ့အမှားကို ခွင့်လွှတ်သည်းခံလိုက်သဖြင့် ရင်ဝတွင်လုံသွားထောက်ခြိမ်းခြောက်သကဲ့သို့ ခံစားနေရမှု ကင်းလွတ်သွားသလို ခံစားရပါတယ်ဘုရား..."

www.burmeseclassic.com

www.burmeseclassic.com



နန္ဒနမင်းသားသည် အရှင်မြတ်၏ ခွင့်လွှတ်စကားကိုကြားမှပင် အရာရာချမ်းမြေ့သွားသည်။ ထောင်ထား ထကြွနေသည့် မာနသည်လည်း ခုမှပင်ခေါင်းနိမ့်ခံရသော သစ်ပင်အလား ဖက်ကျိုးကျသွားသည်။

"အသင်မင်းသား၊ ငါဟာ အကုသိုလ်စေတနာကို ပယ်ပြီးဖြစ်၍ မီးသည်ရေ၌ မတည်သကဲ့သို့ လည်းကောင်း၊ မျိုးစေ့သည် ကျောက်ဖျာ ထက်၌ မပေါက်သကဲ့သို့လည်းကောင်း၊ မိုးရေသည် မီးကျီးစု၌ မတည်သကဲ့သို့ လည်းကောင်း ဘုရားပစ္စေကဗုဒ္ဓါတို့၌ ဒေါသမတည် ရေကန်၌ ကြာတည်သကဲ့သို့ ငါတို့နှလုံးသားတွင် မေတ္တာသည်သာတည်ပေ တယ် မင်းသား"

နန္ဒနမင်းသားသည် အရှင်မြတ်၏မေတ္တာရင်ငွေ့ကို ခိုလှုံခွင့်ရသဖြင့်၊ အရိပ်ကောင်းသော သစ်ပင်အောက်တွင် ခိုဝင်နားနေရသည့်အလား အေးမြသွားလေတော့၏။

ကျမ်းကိုး။ ။ ဓမ္မပဒဋ္ဌကထာ၊ ဥပါလိထေရ်ဝတ္ထု။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာသည်သာ

ဗြဟ္မဒတ်မင်းစီးလာသော ရထားသည် ကောသလမင်းစီးနင်းသည့် ယာဉ်ရထားနှင့် လမ်းကျဉ်းတစ်နေရာတွင် ဆုံစည်းသည်။

မင်းနှစ်ပါးသည် မင်းကျင့်တရားဆယ်ပါး၊ အပရိဟာနိယတရားခုနစ်ပါး၊ သင်္ဂဟတရားလေးပါး၊ ခေါင်းဆောင်အင်္ဂါခြောက်ပါးနှင့်အညီ အုပ်ချုပ်သည်။ မတရားသည့်အမှုမပြု။ စီရင်ဆုံးဖြတ်ဖွယ် အကြောင်းကိစ္စ ရှိလျှင်လည်း အဂတိတရားလေးပါးနောက် မလိုက်မူဘဲ တော်တိမှန်ကန်စွာ ဆုံးဖြတ်သည်။ မိမိကိုယ်တိုင် ဓမ္မနှင့်အညီ အုပ်ချုပ်သကဲ့သို့ အမတ်တို့ကိုလည်း ဆုံးဖြတ်စေသည်။ အမှားအမှု ပြုသူကို ပြုသည့်အလျောက် စီရင်ပြီး၊ အမှန်ပြုသူကို ချီးမြှောက်လေ့ရှိသဖြင့် ပြည်သူတို့သည်လည်း မဟုတ်မမှန်သည်ကို မလုပ်ကြ။ အမှုအခင်းကင်းရှင်းလျက် တရားရုံးတို့တွင် အမှုအခင်းမရှိ။ ပြဿနာမပေါ်ချေ။

ဗြဟ္မဒတ်မင်းသည် ဆိတ်သုဉ်းနေသည့် တရားရုံးကို ကြည့်လျက် ဆင်ခြင်သည်။

"ငါဟာ တိုင်းပြည်ကို တော်တိမှန်ကန်စွာ အုပ်ချုပ်သည့်အတွက် ငြိမ်းအေးပေတယ်။ ပြည်တွင်းရှိ ပြည်သူတို့၏ ဘေးရန်လည်း ကင်းရှင်းတယ်။ ဒါဟာ ကျေနပ်စရာအချက်ပဲ။ ဒါပေမယ့် အလုံးစုံ ပြည့်စုံသလားဆိုတာ စူးစမ်းသင့်တယ်။ ငါ့မှာ တစ်စုံတစ်ရာ အပြစ်ရှိသလား… တစ်ဦးတစ်ယောက်ကရော ငါ့ရဲ့ အပြစ်ကို ပြောဆိုကြသလား…အကယ်၍ အပြစ်ကိုတွေ့လျှင် အမြန်ပြင်ပြီး၊ အပြစ်ကင်းအောင် နေမယ်"

ဤသို့တွေးလျက် နန်းတော်တွင်း၌ ရုပ်ဖျက်၍ စနည်းနာသည်။ အပြစ်ဆိုသူမရှိဘဲ ဂုဏ်ကျေးဇူးစကားကိုသာ ပြောသည်ကို ကြားရသည်။ နန်းတွင်းစုံစမ်းရုံနှင့် မပြည့်စုံ။ နန်းတွင်းမှာတော့ ငါ့ကို အမှီပြုနေကြတော့ ငါ့အကြောင်း မကောင်းပြောသူရှိမယ် မဟုတ်။ အခြေအနေမှန်သိရအောင် နန်းပြင်၊ မြို့တွင်း၊ မြို့ပြင်ထွက် စုံစမ်းသင့်သည်။ ဤသို့တွေးလျက် ရုပ်ဖျက်ပြီး စုံစမ်းပြန်သည်။ မြို့တွင်းမြို့ပြင်ကလည်း ရှုံ့ချစကားမဆိုဘဲ ဂုဏ်ကျေးဇူးစကားသာလျှင် ပြောဆိုသည်ကို ကြားရပြန်သည်။ မြို့အတွင်း စုံစမ်းရုံဖြင့် မပြည့်စုံ။ နိုင်ငံအနှံ့ အရပ်လေးမျက်နှာရှိ ကျေးရွာများသို့ လှည့်လည်စုံစမ်းသင့်သည်ဟု တွေးလျက် စုံစမ်းပြန်သည်။ ကျေးရွာဇနပုဒ်၊ နယ်စွန်နယ်ဖျားရှိ လူအများကလည်း ကျေးဇူးမဲ့စကားမဆို ဂုဏ်ကျေးဇူးစကားသာဆို၍ ကျေနပ်သွားသည်။

ဗြဟ္မဒတ်မင်းသည် ကျေးလက်ထိ သတင်းစုံစမ်းပြီးနောက် နေပြည်တော်သို့ ပြန်လာသည်။ အပြန်လမ်းတွင် ကောသလဘုရင် ဗလ္လိကာ၏ ရထားနှင့် ဆုံစည်းသည်။ လမ်းကျဉ်းတွင် ဆုံရသော ဗလ္လိကသည်လည်း ဗြဟ္မဒတ်မင်းနည်းတူ အပြစ်ဆို၊ မဆိုသတင်းစုံစမ်းရာမှ ပြန်လာခြင်းဖြစ်သည်။ သူတော်ကောင်းမင်းနှစ်ပါး၏ ရထားနှစ်စီးဆုံကြရာ တစ်ဦးဦးက ဖယ်ပေးရတော့မည်။

မင်းနှစ်ပါးက စကားမဆိုဘဲ ငြိမ်သက်လျက် နေကြပေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"အချင်း ရထားမှူး၊ သူတော်ကောင်းဖြစ်သော ငါ့အရှင် ကြွလာတယ်။ သင်က အလိုက်တသိ ဖယ်သင့်တယ်..."

ဗာရာဏသီမင်း၏ ရထားမှူးက တစ်ဖက်သူ မသိ၍၊ မလေးမစားပြုမိလျှင် အပြစ်ဖြစ်မည်စိုးသဖြင့် အသိပေးလိုက်သည်။ ထိုအခါ ဗလ္လိကမင်း၏ ရထားထိန်းက နှစ်လိုစွာ ပြုံးလိုက်သည်။

"မိတ်ဆွေရထားထိန်း၊ ငါ့အရှင်ကောသလမင်းဟာလည်း သူတော်ကောင်းဥစ္စာခုနစ်ဖြာ၊ သူတော်ကောင်းတရားခုနစ်ပါးနဲ့ ပြည့်စုံသူသာဖြစ်တယ်..."

"အလို...ဒီစကားမှန်ရင် သင့်မှာ အမှားမရှိပါ။ ဒါပေမယ့် အရှင့်အလိုကိုသိတဲ့ ကျွန်တွေအနေနဲ့ မျှတတဲ့ အဆုံးအဖြတ် ချရလိမ့်မယ်"

"ကောင်းပါတယ်မိတ်ဆွေ..."

"ဘာပဲဖြစ်ဖြစ် ကြီးသူကို ဝရဂါရဝထားရလိမ့်မယ်။ ငါ့အရှင်ရဲ့ အသက်က (၆၂)နှစ်ရှိပြီ။ သင့်အရှင်က ငယ်မယ်ထင်တယ်"

"အို...အံ့သြဖို့ကောင်းလိုက်တာ...ငါ့ရဲ့ အရှင်သခင်ကလည်း သင့်အရှင်နဲ့ တစ်ထပ်တည်းပါလား..."

ကောသလမင်း၏ ရထားထိန်းစကားကြောင့် ဗာရာဏသီမင်း၏ ရထားထိန်းမှာ အကြံရကြပ်သွားသည်။ ခေါင်းကိုကုတ်ကာ ကုတ်ကာ စဉ်းစားသည်။

"သက်တူရွယ်တူဆိုတော့ အပြစ်ပြောဖို့ ခက်ပြီ။ နေဦး...နေဦး။ ပိုင်ဆိုင်တဲ့နိုင်ငံ အကျယ်အဝန်းအရ နှိုင်းယှဉ်ကြစို့။ နိုင်ငံငယ်သူက နိုင်ငံကြီးမင်းကို ဂရုဂါရဝပြုဖို့ လိုတယ်"

"ဒါဖြစ်သင့်တာပေါ့"

"သင်တို့ နိုင်ငံ ဘယ်လောက်ကျယ်လဲ။ တို့နိုင်ငံက ၁၃ယူဇနာနဲ့ တာတစ်ရာအရှည်ရှိတယ်။ အဲသလို ညီညာတဲ့ အရပ်လေးမျက်နှာဟာ တို့နိုင်ငံရဲ့ အဝန်းပဲ"

"အို...တိုက်ဆိုင်လိုက်တာ၊ တို့ပြည်ကောသလဟာလည်း ဒီအကျယ်အဝန်းပဲ"

"ဟုတ်လား...အံ့သြစရာကောင်းလိုက်တာ။ ဒါဆိုရင်တော့ စည်းစိမ်ဥစ္စာ ကြွယ်ဝမှုကတော့ တူနိုင်ဖွယ်မရှိပါဘူး။ ငါတို့အရှင်မှာ ဆင်နှစ်ရာ၊ မြင်းလေးထောင်၊ ရထားငါးရာ၊ စစ်သည်တစ်သိန်း၊ လယ်မြေတာလေးသောင်း၊ ကျွဲနွားဆိတ်သိုးကတော့ ရေတွက်မရဘူး"

"ဟုတ်ရဲ့လား...ဒါဆို ထူးဆန်းစွာ တိုက်ဆိုင်ပြန်ပြီ။ ငါ့အရှင်ရဲ့ စည်းစိမ်ကလည်း ဒီအတိုင်းပဲ..."

ရထားမှူးအချင်းချင်း ပြောဆိုနေပုံကို ပညာရှိ မင်းနှစ်ပါးသည် နားစွင့်နေသည်။ လိမ္မာသော အမှုထမ်းများပီပီ၊ မှန်ကန်စွာ အဆုံးအဖြတ် ယူနေသဖြင့် မပြောသာဘဲ နားစွင့်နေသည်။ အကယ်၍ တစ်ဦးဦးက သာလွန်လျှင် အကြည်အသာ ခွင့်ပြုပြီး အနူးအညွတ် တောင်းပန်ရန်သာ စိတ်ကူးနေကြသည်။

"ကောင်းပြီလေ...ဘယ်ဟာ ဘယ်သင်းတွေ ဘယ်လောက်တူတူ အမျိုးအနွယ်ကတော့ ကွဲလွဲပါလိမ့်မယ်။ တို့အရှင်က မြင့်မြတ်တဲ့ ဗြာဟ္မဏပါ"

"တို့အရှင်လည်း ဗြာဟ္မဏ"ပါပဲ။

"အရှင်မင်းကြီးရဲ့ ခမည်းတော်နဲ့ မယ်တော်လည်း ဗြာဟ္မဏပဲ"

"တို့အရှင်ရဲ့ ခမည်းတော်နှင့် မယ်တော်လည်း ဗြာဟ္မဏပဲ"

"အဘိုးအဘွားကရော..."

"ဗြာဟ္မဏတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဘေးအဘိုးရော..."

"ဖြာဟ္မဏတွေပါ"

ဆွေခုနစ်ဆက်တိုင်တိုင် မျိုးနွယ်ဇာတ်မြစ်စုံစမ်းရာ မင်းနှစ်ပါးသည် မြင့်မြတ်သူများချည်း ဖြစ်နေသည်။ ခြားနားခြင်း မရှိ။ အားလုံးဂုဏ်ရည်ရော၊ အရေအတွက်ပါ တူညီနေသည်ကို အံ့သြစွာ ကြုံရသည်။ ရထားမှူးနှစ်ယောက်သည် ဘယ်သို့ စဉ်းစားဆုံးဖြတ်ရမည်မှန်းမသိအောင် ကြံရာမရှိ ဖြစ်ကုန်ကြတော့သည်။

× × ×

မြင်းရှစ်ကောင်စီ ကထားသောရထားကို မောင်းနှင်သည့် ရထားထိန်းနှစ်ဦးသည် အရှင်နှစ်ပါး၏ ဂုဏ်ရည်ကို နှိုင်းယှဉ်ရာ အံ့သြလောက်အောင် တူနေသဖြင့် ဘာဆက်လုပ်ရမှန်းမသိ။ ခဏကြာ တွေးတောပြီးနောက်...ဖြာဟ္မဒတ်မင်း၏ ရထားမှူးက တက်ကြွသည့်လေသံနှင့် အော်လိုက်သည်။

"တွေးမိပြီဟေ့"

"ဘာပါလိမ့်..."

"တို့အရှင်နှစ်ပါးရဲ့ အကျင့်သီလချင်း ချိန်ထိုးကြည့်ကြမယ်။ အကျင့်သီလ ပိုမြင့်မြတ်သူကို ငယ်သူက ဖယ်ပေးကြစို့"

"သင့်တာပါပဲ။ ဒါဆို ကျုပ်က စပြောမယ်..."

"ပြောပါ... ပြောပါ"

"ကျုပ်ရဲ့ အရှင်သခင်ဟာ အဂတိတရားလေးပါးကို ရှောင်ရှားပြီး မှုတစွာ စီရင်တယ်။ မင်းကျင့်တရားနဲ့ အညီ အုပ်ချုပ်တယ်ဗျ"

"ဟုတ်ပြီ၊ အုပ်ချုပ်ပုံ ကြားပါရစေ..."

"ငါတို့အရှင်မြတ်ဟာ ကြမ်းကြုတ်ခက်ထန်သူကို ကြမ်းကြုတ်ခက်ထန်တဲ့ဒဏ်ပေးတယ်။ နူးညံ့သိမ်မွေ့သူကို နူးညံ့ခြင်းနဲ့ အောင်နိုင်တယ်။ ကောင်းသူကို မိမိက ပြန်ကောင်းခြင်းနဲ့ အောင်ပွဲခံတယ်။ မကောင်းသူကိုတော့ မကောင်းတဲ့နည်းနဲ့ ဆုံးမတယ်။ ဒါ ငါတို့ဘုရင်ရဲ့ အကျင့်ပဲ"

ဗာရာဏသီမင်း၏ ရထားမှူးသည် ဗလ္လိက မင်း၏ အကျင့်ကိုကြားရသော် သာခုခေါ်သည်။ ထိုအခါ ဗလ္လိက၏ ရထားမှူးက "အကျင့်သီလနဲ့ ပြည့်စုံတဲ့ တို့အရှင်ရဲ့ လမ်းကိုဖယ်လော့" ဟု ဆိုလိုက်သည်။

ဖြာဟ္မဒတ်မင်း၏ ရထားမှူးက အဓိပ္ပာယ်ပါပါ ပြုံးသည်ဆိုရုံ ပြုံးလိုက်သည်။

"ငါ့ အရှင်ရဲ့ အကျင့်သီလကိုလည်း နားထောင်ပါဦး မိတ်ဆွေ"

"လျှောက်ပတ်ပါတယ်..."

"ငါ့အရှင်ဟာ အမျက်ဒေါသကြီးသူကို မေတ္တာဖြင့် အောင်နိုင်တယ်"

"ဟေ..."

"ဒေါသကို ဒေါသနဲ့ မတုံ့ပြန်ဘူး။ မေတ္တာနဲ့သာ တုံ့ပြန်တယ်"

"အံ့လေစွ"

"နေဦးမိတ်ဆွေ။ ဒီတစ်ချက်သာရုံနဲ့ မချီးမွမ်းနဲ့ဦး။ ငါတို့မင်းဟာ မကောင်းသူကို မိမိက ကောင်းမှုနဲ့ အနိုင်ယူတယ်။ ဝန်တိုစဉ်းလဲ သူကို ပေးကမ်းခြင်းဖြင့် အောင်ပွဲခံတယ်။ မုသားစကားဆိုသူကို သစ္စာစကားနဲ့ ဆုံးမတယ်"

"သာခု...သာခု...သာခု..."

www.burmeseclassic.com

www.burmeseclassic.com



ကောသလမင်း၏ ရထားမှူးသည် ပြဟ္မဒတ်မင်းကို ရည်ရွယ်လျက် လက်အုပ်ချီသည်။ ထို့နောက် ရထားထက်မှ ဆောလျင်စွာ ဆင်းသည်။ ဗလ္လိကမင်းရထားထက်မှ ဆင်းနိုင်ရန်လည်း စီမံပေးသည်။

ဗလ္လိကမင်း၏ ရထားထိန်းသည် မြင်းရှစ်ကောင်ကို ရထားမှ ဖြုတ်လျက် အဝေးသို့ ပို့သည်။ ရထားကို လွတ်ရာသို့ ဆွဲယူ ဖယ်ပေးသည်။

"အရှင်မင်းကြီး ကျွန်ုပ် ဦးညွတ်ပါတယ်။ ဤရွေ့ဤမျှ အကျင့်သီလနှင့် ပြည့်စုံသော အရှင်မင်းကြီးကို ဆုံတွေ့ရတဲ့အတွက် အထူးပင် ကျေနပ်ဝမ်းမြောက်မိပါတယ်"

ဗလ္လိကမင်းသည် ပြဟ္မဒတ်မင်းကြီးကို လေးလေးစားစား ရှိခိုးလိုက်သည်။ ဒေါသကြီးသူကို မေတ္တာဖြင့် အောင်နိုင်သော မင်းကြီး၏ အကျင့်သီလကို မယှဉ်နိုင်၍ အရှိအသေပေးလိုက်ပေတော့သည်။

× × ×

ကျမ်းကိုး

ငါးရာ့ငါးဆယ်ဇာတ်တော်၊ ဒုကနိပါတ်၊ ဒဠှဝဂ်၊ ရာဇောဝါဒဇာတ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာရှုပွား လားရမြဲပဟာ့ပြည်

အကြောင်းတိုက်ဆိုင်လျှင် အတိတ်ဘဝဇာတ်ကြောင်းကို သာကေဆောင်လျက် ဟောပြောဆုံးမလေ့ရှိသော ဘုရားရှင်သည် "ချစ်သားရဟန်းတို့" ဟု အာလုတ်ပြုလိုက်သည်။ ဤသို့ အခေါ်ရှိလျှင် တရားဆန်းတစ်ပုဒ် နာခွင့်ရတော့မည်မှန်းသိသော ရဟန်းတို့က နားကို စွင့်ထားကြသည်။

ငါဘုရားဟာ တစ်ခုသော ကမ္ဘာမှာ ပုဏ္ဏားမျိုး၌ လူဖြစ်ခဲ့တယ်။ ထိုစဉ်က ငါ့ရဲ့ အမည်က အရကလို့ ခေါ်ပေတယ်..."

ပုဏ္ဏားမျိုး၌ လူဖြစ်ခဲ့သည်ဟု မိန့်လိုက်သည်နှင့် ပုဏ္ဏားတို့၏ အမူအကျင့်၊ စရိုက်ဓလေ့ကို သိလိုက်သည်။

ဗြာဟ္မဏ အယူရှိသော ပုဏ္ဏားတို့သည် ဘဝတွင် အရွယ်သုံးပိုင်း ပိုင်းခြားထားသည်။ ပထမအရွယ်မှာ ငယ် ရွယ်စဉ်မှ အသက် (၄၈)နှစ်အထိရှိသော အပိုင်းဖြစ်သည်။ ဤအပိုင်းတွင် မေထုန်မှုကို ရှောင်ကြဉ်လျက် ဝေဒကျမ်းများသာ သင်ယူသည်။ ဗေဒင်ကို သရဇ္ဈာယ်သည်။ ဝိဇ္ဇာအတတ်နှင့်၊ သီလစောင့်ထိန်းသည့် စရဏအတတ်ကို သာလျှင် ကြိုးစား အားထုတ်ကြသည်။ ထိုဘဝကို ဗြဟ္မစာရီဘဝဟု ခေါ်ကြသည်။

အသက် (၄၈)နှစ်တိုင် မြင့်မြတ်သော အကျင့်ကိုကျင့်ပြီးသည်နှင့် အိမ်ထောင်သားမွေးမှု ပြုလုပ်သည်။ သားသမီးမဖြစ်စေသောသူသည် မျိုးနွယ်ဆက်ကို ဖြတ်သည့်အတွက် ငရဲကျသည်။ ဤသို့ မှားယွင်းသော အယူရှိသဖြင့် မိန်းမအတွက် မင်း၊ သူဌေး၊ သူကြွယ်၊ ကုန်သည်တို့ထံ ချဉ်းကပ်လျက် အသပြာတစ်ထောင်၊ တစ်သောင်းတင်သည်။ ငါသည် ဗြဟ္မစရိယ အကျင့်ကို လေးဆယ့်ရှစ်နှစ်တိုင် ကျင့်ခဲ့တယ်။ အရွယ်ရောက်တဲ့ သမီးပျိုရှိက ငါ့ကို လှူဒါန်းကြလော့" ဟု ကညာဘိက္ခခေါ် အပျိုဆွမ်းခံရသည်။ အပျိုဆွမ်းခံသော အိမ်၌ အရွယ်ရောက်သော သမီးပျိုရှိက မိဘတို့သည် သမီးပျိုကို တန်ဆာဆင်လျက် အိမ်ရှေ့တွင် ရပ်နေစေသည်။ ထိုအလှူခံသော ဗြာဟ္မဏထံ ရှိသေစွာ ချဉ်းကပ်လျက် "ဒီသမီးပျိုကို သိမ်းပိုက်ပါ။ မယားအဖြစ် လှူဒါန်းပါတယ်" ဟုဆိုလျက် ရေစက်သွန်းချ လှူသည်။ ဗြာဟ္မဏသည် သမီးပျိုရလျှင် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ပေါင်းရသည်။ နှိပ်စက်ကလူ မပြုရပေ။ ထိုသို့ ပေါင်းရာ၌ သားသမီးမျိုးဆက်မပြတ်ရေးသာ အထူးရည်ရွယ်ပေါင်းသင်းရသည်။ သားသမီးတစ်ယောက်စ၊ နှစ်ယောက်စ ရသည်အထိ အိမ်ထောင်ရှင်ဘဝဖြင့် နေကြသည်။ ဤဘဝ အပိုင်းအခြားကို ဂဟဋ္ဌပိုင်းဟု ခေါ်သည်။

တတိယပိုင်းကိုမူ ဝါနပတ္တပိုင်းဟုခေါ်သည်။ တောနေ ရသေ့အဖြစ်နေရသော ဘဝဖြစ်သည်။ ဗြာဟ္မဏသည် သားသမီးရသည်နှင့် ရသေ့ လုပ်လျက် တော၌ နေကြသည်။ ရသေ့သည် လေးမြားအတတ်၊ ဆေးဝါး အတတ်၊ နက္ခတ်အတတ်၊ တူရိယာဂီတပညာကို လေ့လာသော တပည့်များအား သင်ကြားပို့ချသည်။ မီးကို လုပ်ကျွေးသည်။ ယဇ်ပူဇော်သည်။ ဈာန်အကျင့်လမ်းလိုက်သည်။ တပအကျင့်ကို ကျင့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ဗြဟ္မဏ ပုဏ္ဏားတို့ ကျင့်ကြံသော အပိုင်းဖြစ်သည်။

ရှေးအခါက ဘုရားရှင်သည် ပုဏ္ဏားမျိုး၌ဖြစ်ခဲ့သည်ဟု မိန့်လိုက်သဖြင့် ဆက်စပ်တွေးမြင်ကြည့်မိသည်။

"ချစ်သား ရဟန်းတို့၊ အရက အမည်ရှိတဲ့ ငါဟာ အရွယ်ရောက်တော့ ဟိမဝန္တာတောကိုဝင်တယ်။ မြတ်သော အကျင့်ကိုကျင့်တယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ တရားလေးပါးကို အစဉ် ပွားများတယ်။ ငါဟာ ဗြဟ္မဝိဟာရတရားနဲ့ နေသလို ငါရဲ့ တပည့်ရသေ့တွေကိုလည်း ဗြဟ္မဝိဟာရတရားလေးပါးနဲ့ နေဖို့ ငါဆုံးမတယ်..."

ရဟန်းတို့သည် ဘုရားရှင် မိန့်ကြားသည်ကို အာရုံမပြတ် အောင်နာယူနေသည်။ မြတ်သော အကျင့်ကို နာရသဖြင့် ကိုယ်တိုင်လည်း ကြည်နူးချမ်းသာနေမိသည်။

"ချစ်သားရဟန်းတို့၊ သူတော်စင် သူတော်ကောင်းတို့ထားရှိအပ်တဲ့ မေတ္တာတရားရဲ့ အကျိုးကို သိကြသလော..."

"မှန်ပါမြတ်ဘုရား။ နာယူမှတ်သားနိုင်အောင် ဟောမိန့်တော်မူပါ"

"ချစ်သားတို့၊ မေတ္တာပွားများသူဟာ ချမ်းသာစွာ အိပ်စက်ရတယ်။ ဘာတဲ့လဲ"

"ချမ်းသာစွာ အိပ်စက်ရတာပါဘုရား"

"ထို့အတူပဲ ချမ်းသာစွာနိုးရတယ်"

"ချမ်းသာစွာ နိုးထရတာပါဘုရား"

"အေး၊ အိပ်နိုးချမ်းသာလို့မှတ်။ အိပ်တော့လည်း အိပ်မက်ဆိုးမမက်ဘူး"

လူတို့ရဲ့ ချစ်ခင်မှုခံရတယ်။ နတ်တို့ကလည်း ချစ်မြတ်နိုးကြတယ်။ ဘယ်နှစ်ချက်ရှိပြီလဲ..."

"ငါးချက်ပါဘုရား..."

"မှန်ပေတယ်။ နောက်ရတဲ့အကျိုးကတော့ နတ်တို့ စောင့်ရှောက်တယ်။ မေတ္တာပွားတဲ့အတွက် မီးလည်း မလောင်ဘူး။ အဆိပ်လည်း မသင့်ဘူး။ လက်နက်လည်း မစူးရှဘူး။ မှတ်မိကြလား..."

"မှန်ပါ မြတ်ဘုရား"

"အေး၊ နောက်ဆုံး မေတ္တာပွားတဲ့ အကျိုးကတော့ သေတဲ့အခါ မတွေဝေဘဲ သေကြရတဲ့ အပြင်၊ သေပြီးနောက် ဗြဟ္မာပြည်ကို လားရောက်ကြရတယ်"

ဘုရားရှင်သည် လွန်ခဲ့သည့် ကမ္ဘာတစ်ခုက အရက ရသေ့ဖြစ်စဉ်ပြုကျင့်ခဲ့သည့် အကျိုးကြောင့် ဗြဟ္မာပြည်သို့ လားရကြောင်း သာဓကဆောင်လျက် ဟောမိန့်သည်။ တရားနာရသော ရဟန်းတို့သည် လွန်စွာ နှစ်သက်ပီတိဖြစ်ကြသဖြင့် သာဓုခေါ်လေရာ...နတ်ဗြဟ္မာတို့ ကြားသိကုန်သည်။

သံသရာသြဃမှ လွန်မြောက်အောင် မကြိုးစားနိုင်သေးမီ၊ ကောင်းမြတ်သော သုဂတိဘုံတွင် ခံစားနိုင်ရန်အတွက် ဘုရားရှင်က ဗြဟ္မဝိဟာရတရားလေးပါးအနက် မေတ္တာတရားကို ဟောမြွက်ရာ၊ ရဟန်းတို့သည် ကေန်မုချ ကျင့်ကြံကြလိမ့်မည်။ ထိုသို့ ကျင့်ကြံလျှင် ဗြဟ္မာ့ပြည်သို့ လားကြရမည်မှာ ကေန်ဖြစ်ပေတော့သည်။

ကျမ်းကိုး

ငါးရာ့ငါးဆယ့်ဇာတ်တော်၊ ဒုကနိပါတ်၊ အရကဇာတ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာတန်ခိုး

တစ်လစာရိက္ခာကို ရောမအိတ်တွင် ထည့်လျက် ပိုးလိုက်သည်။ လွန်ကြိုး၊ လေး၊ မြား၊ ဓား၊ လှံ၊ ပဲခွပ် စသည့် မုဆိုးအသုံးအဆောင် လက်နက်ကိရိယာတို့ကို ခါးတွင် ချိတ်၍လည်းကောင်း၊ ပိုးအိတ်ထက် တင်လျက်လည်းကောင်း သယ်လာ၏။ လေးကိုမူ အရေးဟဲ့ဆိုလျှင် အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် ပခုံးထက် တင်လာသည်။ တောကောင်က လျှပ်တစ်ပြက်ဝင်တိုက်လျှင် လေးကိုချ၊ လှံကိုထုတ်သုံးနိုင်ရန်လည်း အသင့်ရှိနေစေသည်။

ဗာရာဏသီပြည်မှ ခရီးပြင်းနှင်လာရင်း ပြည့်ရှင်မင်းအမိန့်တော်မှတ်သည့် စကားကို ပြန်တွေးလာမိသည်။

"ဟဲ့ လုဒ္ဒက၊ ဟိမဝန္တာမှာ ရောဟဏီ ရွှေသမင်ရှိတယ်ဆိုတာသိလား..."

"မှန်ပါ"

မှန်ပါဟု မဝံ့မရဲ လျှောက်လိုက်သော်လည်း ရောဟဏီ ရွှေသမင်ရှိသည်ကို ဂဃနဏ သတင်းမကြားမိ။ ရွှေသမင်အုပ်ကြီးတွေ့ခဲ့တယ်...ဟု မုဆိုးအချို့က သတင်းပေးသည်။ ဘယ်အရပ်မှာလဲ...ဟု မေးတော့ မရေမရာ။ ဟိမဝန္တာဟု ဖြန်းသန်းရမ်းတုတ်သည်။ ဟိမဝန္တာဆိုသည်က အဝန်းကျယ်သည်။ မဇ္ဈိမ တစ်ဝန်းလုံး ခြုံငုံပတ်ထားသည့် အလား ရှည်လျားကျယ်ဝန်းသည့်နေရာကို ဘယ်သူက သွားနိုင်မည်နည်း။ ပင်လယ်ပြင်ထဲ ပျက်စီးသည့် လှေငယ်ကို တွေ့အောင်ရှာဖို့က လွယ်ကောင်းလွယ်မည်။ ဟိမဝန္တာရှိ ရောဟဏီ ရွှေသမင်ရှာဖို့က ခက်ပါဘိ။ သို့သော် မသိပါ၊ မကြားဘူးပါဆိုလျှင် တစ်သက်လုံး ထိန်းသိမ်းလာသည့် မုဆိုးတစ်ယောက်၏ ဂုဏ်သိက္ခာကျတော့မည်။

"အမောင်လုဒ္ဒက၊ ငါမင်းကြီးရဲ့ ကြင်ယာတော် ခေမာမိဖုရားက ရောဟဏီရွှေသမင်ရဲ့ တရားနာရတယ်လို့ အိပ်မက်မြင်မက်တယ်..."

"မှန်ပါ..."

"အဲလို မြင်မက်ကတည်းက ရွှေသမင်ရဲ့ တရားနာလိုတဲ့ အာသီဆန္ဒဖြစ်နေတယ်။ မောင်မင်းအစွမ်းနဲ့ ရွှေသမင်ကို ဆောင်ယူနိုင်မလား..."

ကျားတွေ...ဆင်တွေ...မြွေဆိုးတွေ ဖမ်းဆီး၊ သတ်ဖြတ် အသက်မွေးနေသည့် မုဆိုးကို ရွှေသမင် ဖမ်းနိုင်မလားဟု မေးသည်မှာ မလိုအပ်။ သမင်တစ်ကောင်မဟုတ် ဆယ်ကောင်၊ ဆယ့်ငါးကောင်ပင် အလွယ်တကူ ဖမ်းနိုင်သည်။ သို့ဖြစ်၍ မခန့်ပြုံးလေးတစ်ခုကို သိုသိုဝှက်ဝှက်ပြုလိုက်သည်။

"မှန်ပါ၊ အလွယ်တကူ ဆောင်ယူနိုင်ပါတယ်မင်းကြီး"

"ကောင်းပါပြီ။ ဒါဆို လုံလောက်တဲ့ရိက္ခာယူ၊ ဟိမဝန္တာသွား၊ ရောဟဏီ ရွှေသမင်ကို အသက်ရှင်လျက် ထိခိုက်ဒဏ်ရာမရစေဘဲ နန်းတော်အရောက် သယ်ယူခဲ့။ ဒါကို ဆောင်ကြဉ်းနိုင်ရင် ကြီးစွာသော ဆုလာဘ်ချီးမြှင့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သည်သို့ အမိန့်တော် နာယူပြီး ဟိမဝန္တာတောသို့ ထွက်ခဲ့သည်။

ကတိပြုသည်မှာ လွယ်ကူသော်လည်း ထိုကတိစကားတည်အောင် အကောင်အထည် ဖော်ရသည်က မလွယ်ကူ။ ကြားရုံသာ ကြားဖူးပြီး၊ မြင်ပင် မမြင်ဖူးသေးသည့် ရောဟဏီ သမင်မင်း အမှန်အကန်ရှိမရှိ မသိ။ ထို့ကြောင့် မိတ်ဆွေ မုဆိုးများထံ သတင်းစုံစမ်းသည်။

"ရှိတယ်…သမင်ပေါင်းရှစ်သောင်း အခြံအရံနဲ့ ဟိမဝန္တာမှာ ကျက်စားနေတယ်"

မိတ်ဆွေတစ်ယောက်က ကြားသတင်း၊ မြင်သတင်းကို ပေးသည်။ သူ့စကား ဘယ်ရွေ့ ဘယ်မျှ မှန်သည် မသိသေး။ တချို့က ကိုယ်တိုင် မကြုံဖူးပါလျက် ကြုံဖူးသယောင် အပိုစကား အကြွားပိုတတ်သည်။ သေချာအောင် လေ့လာရပြန်သည်။

"ရောဟဏီသမင်မင်းမှာ စိတ္တဆိုတဲ့ ညီငယ်နဲ့ သုတနာဆိုတဲ့ ညီမငယ်ရှိသေးတယ်"

ဒုတိယမိတ်ဆွေစကားအရ ဟိမဝန္တာတောတွင် ရောဟဏီ သမင်မင်းရှိသည်မှာ ရာနှုန်း ရှစ်ဆယ်နီးပါး သေချာသည်။ သို့ဖြစ်၍ အနီးစပ်ဆုံး ရှိနိုင်မည့် နေရာကို စုံစမ်းရပြန်သည်။

ကျက်စားရာ အရပ်ကိုသိလျှင် ဖမ်းရေးက မခက်တော့။ မုဆိုးတစ်ယောက်အနေနှင့် တောကောင်တို့၏ အလေ့အထကိုသိသည်။ မုဆိုးတွင် မုဆိုးမာယာရှိသကဲ့သို့ တောကောင်တိုင်းတွင်လည်း သူ့မာယာနှင့် သူ ရှိတတ်သည်။ မာယာကို အသုံးချလျက် ဘဝရှင်သန်နေကြတော့၊ သူ့မာယာ မသိထား၍မရ။ သူ့အားနည်းချက် မလေ့လာ၍မဖြစ်။ လေ့လာနိုင်မှ အလွယ်တကူ ဖမ်းနိုင်ပေမည်။

လုဒ္ဒကမုဆိုးသည် စုစည်းသင့်သမျှ စုစည်းပြီး ရွှေသမင်ကို ဖမ်းဆီးရန် ခရီးစတင် ထွက်ခဲ့သည်။

ကြမ်းတမ်းသည့် ခရီးလမ်းကို ဖြတ်သန်းရသဖြင့် မောပန်းနေသော်လည်း တာဝန်ကြီးတစ်ခုကို ယူထားသဖြင့် နားမနေနိုင်။ ရောဟဏီ ရွှေသမင်ကို ဖမ်းဆီးနိုင်လျှင် ရရှိမည့် စည်းစိမ်က စောင့်ကြိုနေသဖြင့် တက်ကြွစွာ လှမ်းခဲ့တော့သည်။

× × ×

တစ်ပတ်ကျော် ခရီးပြင်းနှင်ခဲ့ရာ မိတ်ဆွေမုဆိုးများ လမ်းညွှန်သည့်အရပ်သို့ ရောက်သွားသည်။ တစ်ပတ်လုံးလုံး စောင့်ကြည့်သော် ရောဟဏီ သမင်မင်းနှင့် သူ့၏ အခြွေအရံတို့၏ အလေ့အထကို သိသွားသည်။ ထို့ကြောင့် ရောဟဏီ သမင်မင်း ရေသောက်ဆင်းလေ့ရှိသည့် ရေဆိပ်တွင် ကျော့ကွင်းကို ထောင်ထားလိုက်သည်။

အလုပ်တစ်ခုလုပ်လျှင် သေသေသပ်သပ် ကျကျနန လုပ်တတ်သော မုဆိုးကြီး လုဒ္ဒကသည် ရောဟဏီသမင်မင်းကို ဧကန်မုချ ဖမ်းဆီးရတော့မည်ဟု စိတ်ချယုံကြည်စွာဖြင့် အရိပ်ကောင်း၊ မျက်ကွယ်ကောင်းသည့် ချုံပုတ်တစ်ခုအောက်၌ အနားယူမှေးစက်နေလိုက်သည်။

"ဂျောင်း…"

မောင်းခလုတ် ပြုတ်သံ ကြားလိုက်၍ ဆတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ပက်လက်လှန်လှဲနေရာမှ လက်ထောက်ထပြီး ကိုယ်တစောင်းအနေအထားဖြင့် ကျော့ကွင်းရှိရာသို့ လှမ်းကြည့်လိုက်သည်။

ရောဟဏီ ရွှေသမင်ကြီး မိလေပြီ။

ရန်သူဖမ်းခံရပြီဟူသော အသိကြောင့် ထိတ်လန့်တကြားဖြင့် ခုန်ကာ ခုန်ကာ ရုန်းကန်သည်။ ရုန်းလေ ကြိုးက ချည်နှောင် ရစ်ပတ်မိလေဖြစ်သည်။

ရွှေသမင်ကြီး ကျော့ကွင်းကိုမိပြီး၊ ပြင်းပြင်းထန်ထန် အော်ဟစ်ရုန်းကန်သည်ကိုမြင်ရတော့ အခြွေအရံ သမင်ရှစ်သောင်းက ထိတ်လန့်တကြား ပြေးလွှားကြသည်။ ဦးတည်ရာအရပ်သို့ ကြောက်အားတကြီး ပြေးကြသော

www.burmeseclassic.com

www.burmeseclassic.com

သမင်တို့၏ လှုပ်ရှားသံက တောတစ်ခုလုံး ပွက်ပွက်ညံသွားသည်။ မုဆိုးကြီးသည် ဆုတ်ဆိုင်းမနေတော့ဘဲ လဲလျောင်းရာမှ ခုန်ထသည်။ အရေးပေါ်လျှင် အသုံးချရန် လှံကိုဆွဲလျက် တဟုန်ထိုး ပြေးထွက်ခဲ့သည်။

ဟင်…။

ကျော့ကွင်းမှ လွတ်မြောက်အောင် ကြိမ်ဖန်များစွာ ကြိုးစားရုန်းကန်သော ရောဟဏီသမင်ကြီးသည် အားကုန်သွားဟန်တူသည်။ ရုန်းမရမှန်းသိ၍ စိတ်လျှော့အားပျက်ဟန်ဖြင့် ငေးမှိုင်ရပ်နေသည်။

ဤအဖြစ်မှာ ကြုံတွေ့နေကျဖြစ်၍ အံ့သြစရာမဟုတ်။ ဟင်ခနဲ အသံပြုမိအောင် အံ့သြမိသည်က မထင်မှတ်သော မြင်ကွင်းကို တွေ့လိုက်ရ၍ ဖြစ်သည်။ ဖမ်းမိထားသော သမင်ကြီးအပါးမှ အခြေအရံ ရှစ်သောင်းက ထွက်ပြေးကုန်သော်လည်း သမင်နှစ်ကောင်ကမူ စွန့်ခွာမသွားဘဲ ရောဟဏီသမင်ကြီး၏ ဝဲယာနှစ်ဖက်တွင် မှီရပ်နေသည်။ သမင်မင်းကို ဖမ်းလျှင် ကျွန်ုပ်တို့ကိုလည်း ဖမ်းပါ။ သမင်မင်းကိုသတ်လျှင် ကျွန်ုပ်တို့ကိုလည်း သတ်ပါဟု တောင်းဆိုနေဟန် ရပ်နေသည်။ မိမိ၏ အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ ဖြစ်အတူ၊ နစ်အတူ ခံစားမည်ဟု ဆုံးဖြတ်ထားဟန် တူသည်။

“အချင်း ရောဟဏီရွှေသမင်၊ သင့်အပါးက အသူနည်း”

“ငါ့အပေါ် သစ္စာစောင့်သူတွေပါ”

“ကျွန်ုပ်တို့ လိုလားတာက သင့်ကိုသာ။ သင့်မိတ်ဆွေတွေကို ဖမ်းဆီးရန် ဆန္ဒမရှိ”

“အချင်းလုဒ္ဒက၊ သူတို့ဟာ ငါ့ညီနဲ့ ညီမဖြစ်တယ်။ ကောင်းတူဆိုးဖက် နေကြတယ်။ သူတို့ဟာ အသက်ဘေး ကြုံရင်လည်း အချင်းချင်း စွန့်ခွာလေ့မရှိကြဘူး။ တို့ဟာ မျက်မမြင် မိဘနှစ်ပါးကို အလုပ်အကျွေးပြုနေသူပါ”

“သြော်…မိဘ အလုပ်အကျွေးပြုနေတာ…”

“မှန်ပါတယ်…ငါ့မိငါ့ဖဟာ အိုမင်းမစွမ်း အရွယ်ရောက်နေပြီ။ ကိုယ်တိုင် လုပ်ကိုင်မစားနိုင်တဲ့အပြင် မျက်စိမမြင်သူတွေဖြစ်တယ်…ငါ့ကို ဖမ်းဆီးသတ်ဖြတ်ရင် ငါ့မိဘနှစ်ပါးဟာ စောင့်ရှောက်မယ့်သူမရှိလို့ သေကုန်ကြမှာပါ…”

လုဒ္ဒက မုဆိုးသည် ရောဟဏီသမင်မင်းကို ဖမ်းဆီးရုံနှင့် ဒုက္ခိတ သတ္တဝါနှစ်ဦးအသက်ပါ သတ်ဖြတ်ရာ ရောက်မည်ကို တွက်မိသည်။ ထို့ပြင် မိဘအပေါ် တာဝန်ကျေသည့် သားသမီးအဖြစ်ကို မြင်ရ၍ လေးစားမိသည်။ သားနှင့်အမိ၊ မောင်နှင့်နှမ ထားရှိသော မေတ္တာအတိုင်းအတာကို မြင်သော ရွှေသမင်ကြီးကို ဖမ်းလိုစိတ်မရှိတော့။ လက်ထဲမှ ဓားနှင့် ကျော့ကွင်းကို ဖြတ်လျက် လွှတ်ပေးလိုက်တော့သည်။

× × ×

“အချင်းမုဆိုး၊ သင်ဟာ ငါ့ကို ညွှတ်ကွင်းထောင်ဖမ်းခဲ့ပြီး ဘာကြောင့် ပြန်လွှတ်သလဲ…”

“အဆွေရောဟဏီ၊ ငါဟာ သားကောင်လိုက်တဲ့ မုဆိုးဖြစ်ပေမယ့်… မေတ္တာတရားထားသူပါ။ မိဘမေတ္တာ သိပြီး တုံ့ပြန်ကျေးဇူးဆပ်သူကို ငါစော်ကားလျှင် ငါသာ ဒုက္ခဖြစ်မယ်မှန်းသိလို့ လွှတ်တာပါ”

“ဒါဖြင့် အစက ဘာ့ကြောင့် ဒုက္ခခံ ဖမ်းနေလဲ”

“အချင်းရွှေသမင်။ ဗာရာဏသီမင်း၏ ကြင်ယာတော် ခေမာမိဖုရားက သင့်ထံမှ တရားနာရတယ်ဆိုပြီး အိပ်မက်မက်သတဲ့။ ဒီလိုမက်ပြီးကတည်းက တရားနာခွင့်ရဖို့ တောင့်တခဲ့တယ်။ ဒီအခါ မင်းကြီးက ငါ့ကိုလွှတ်ပြီး စေခိုင်းတာပဲ”

ရွှေသမင်သည် မုဆိုး၏ စကားကိုကြားသော် မိဖုရား၏ အလိုဆန္ဒပြည့်ဝစေရန် ကြံဆောင်သင့်သည်ဟု တွေးသည်။

“အို…မုဆိုး။ ကျွန်ုပ်၏ ကျောမှ အမွေးတို့ကို လက်တစ်ဆုပ်ယူပါ”

www.burmeseclassic.com

www.burmeseclassic.com



"ပြ…"

"ဒီ အမွေးကိုပြလျက် မင်းကြီးကို ကျွန်ုပ်နဲ့ တွေ့ခဲ့ကြောင်းသက်သေပြပါ။ ပြီးတော့ ဓမ္မဥ္စရ အစချီတဲ့ ဂါထာကို ကျွန်ုပ်သင်ပေးလိုက်ပါမယ်…"

"အဲဒါက…"

"မိဖုရားကြီးကို ဒီဂါထာရွတ်ပြခြင်းဖြင့် တောင့်တတဲ့ အလိုအာသ၀ မှန်သမျှ ပြေငြိမ်းသွားပါလိမ့်မယ်…"

မုဆိုးသည် ရောဟဏီ သမင်မင်းသင်ပြသည့် ဂါထာဆယ်ပုဒ်ကို အလွတ်ရွတ်ဆိုလျက် လာရာလမ်းအတိုင်း ပြန်ခဲ့သည်။ နန်းတော်ရောက်သော် အဖြစ်အပျက် အလုံးစုံကို ရှင်းပြပြီး ရောဟဏီသမင်မင်း သင်ပြလိုက်တဲ့ ဂါထာကို ရွတ်ဖတ်ပြလေတော့ လိုချင်တောင့်တသည့်အတိုင်း အေးငြိမ်းသွားတော့သည်။ မင်းကြီးသည်လည်း မုဆိုးကို ဆုလာဘ်များစွာ ချီးမြှင့်လေ၏။

မိဘအပေါ်ထားရှိသော မေတ္တာကြောင့် ဘေးရန်က ကင်းဝေးရသည့်နည်းတူ ရောဟဏီသမင်မင်းအပေါ် မေတ္တာစိတ်ဖြင့်ဆက်ဆံ၍ မုဆိုးသည်လည်း ကြီးစွာသောဆုလာဘ် ရရှိခဲ့လေသည်။

မေတ္တာတန်ခိုး အကျိုးထူးပေစွတကား။

× × ×

**ကျမ်းကိုး**

**ငါးရာငါးဆယ်ဇာတ်တော်၊ ဝီသတိနိပါတ်၊ ရောဟဏီမိဂဇာတ်။**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သူငယ်တို့သည် မဟာသာလသူဌေးသားကို
တံတွေးနှင့်ထွေးသည်။ ရိုက်ပုတ်ကန်ကျောက်သည်။
အကြောင်းမဲ့ နှိပ်စက်သည်။ ယင်းအတွက် သူငယ်တို့ကို
မုန်းစိတ်ဝင်။ အကြင်နာစိတ်ဖြင့် သူဌေးသားကို လာစောင့်ရှောက်ကြသည်။
အဝတ်အထည်တွေပေးကြသည်။ အစားအစာတွေကျွေးကြသည်။
ယင်းသို့ ချမ်းသာမှုကို ဆောင်သော်လည်း တွယ်တာစိတ်မရှိ။

www.burmeseclassic.com

www.burmeseclassic.com

# ဥပေက္ခာပါရမီ

ဥပေက္ခာဟူသောပါဠိ၏အနက်မှာ သင့်တင့်အောင်ရှုခြင်း ဖြစ်သည်။

သင့်တင့်အောင်ရှုခြင်းသည် ဆင်းရဲမှု၊ ချမ်းသာမှုနှစ်ခုအနက် မည်သည့်ဘက်မှ တစ်ဖက်သတ်မလိုက်ဘဲ သင့်တင့်အောင်ရှုခြင်း ဖြစ်သည်။

ဥပေက္ခာဟူသောအနက်သည် အများနားလည်နေသော လျစ်လျူရှု ခြင်း၊ ဂရုမစိုက်ဘဲ ပစ်ထားခြင်းမျိုး မဟုတ်ပေ။ ဥပေက္ခာအာရုံပြုမှုရှိသည်။

သတ္တဝါတို့ကိုအာရုံပြုကာ သတ္တဝါတို့၏ချမ်းသာမှု၊ ဆင်းရဲမှုသည် သူတို့၏ကံအတိုင်းသာဖြစ်သည်။ ချမ်းသာထိုက်သောကံပါလာလျှင် ချမ်းသာလိမ့်မည်။ ဆင်းရဲထိုက်သောကံပါလာလျှင် ဆင်းရဲလိမ့်မည်။ တစ်စုံတစ်ရာမျှ ကြောင့်ကြစိုက်ဖွယ်မရှိ။ ဤသို့နှလုံးသွင်းခြင်းသည် ဥပေက္ခာဖြစ်သည်။

ဆိုရသော် ဥပေက္ခာသည် အာရုံမပြု၊ ဂရုမစိုက်၊ စွန့်ပစ်ထားသော သဘောမျိုးမဟုတ်။ အာရုံပြု၍ဂရုစိုက်ရမည့် သဘောဖြစ်သည်။ ''ငါ နှင့်တကွသော သတ္တဝါများချမ်းသာစေရန်အတွက်လည်းကောင်း၊ ဆင်းရဲစေရန်အတွက် လည်းကောင်း တစ်စုံတစ်ရာအားထုတ်၍ မရ၊ ချမ်းသာထိုက်သောကံပါလျှင် သတ္တဝါတို့သည် ချမ်းသာမည်။ ဆင်းရဲထိုက်သောကံပါလျှင် ဆင်းရဲကြမည်သာဖြစ်သည်။ ထိုသတ္တဝါတို့၏ဆင်းရဲမှုသည် မိမိကံနှင့်သာ သက်ဆိုင်၍ တစ်စုံတစ်ရာကြောင့်ကြစိုက်မရနိုင်ပေ။ ဤသို့ သတ္တဝါတို့ကို အာရုံပြုကာ ထင်ထင်ရှားရှား နှလုံးသွင်းနိုင်လျှင် ဥပေက္ခာစင်စစ်ဖြစ်သည်။ သတ္တဝါတို့အတွက် တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြမှုမပြုရသဖြင့် ဥပေက္ခာတရားသည် သိမ်မွေ့သည်။ တည်ငြိမ်သည်။ မေတ္တာတရားထက်ပင် အဆင့်မြင့်လေသည်။

မေတ္တာတရားသည်ပင် ပွားများရန်ခက်ခဲသည်။ မေတ္တာသည် (ဝေရီပုဂ္ဂိုလ်) ရန်သူအပေါ် ပွားရန်ခက်ခဲသည်။ (မဇ္ဈတ္တပုဂ္ဂိုလ်) မချစ်မမုန်းဘူး၊ မိတ်ဆွေလည်းမဟုတ်၊ ရန်သူလည်းမဟုတ်သော အလတ်တန်းစားအပေါ်၌မှု ခက်ခဲသည်လည်း မဟုတ်၊ လွယ်ကူသည်လည်းမဆိုသာ။ (ပီယပုဂ္ဂိုလ်) ချစ်အပ်သော မိတ်ဆွေအပေါ်မှု ပွားများ ရလွယ်ကူသည်။ သို့ဖြစ်ရာ ပွားများရလွယ်ကူသော ချစ်ခင်သူကိုသာ ပွားများပြီး၊ အလယ်အလတ်နှင့် ရန်သူအပေါ် မေတ္တာမပွားတော့ဟုဆိုလျှင် ထိုမေတ္တာသည်အဖိုးမတန်တော့။ မေတ္တာပါရမီဖြည့်ကျင့်ရာလည်း မရောက်ပေ။

မေတ္တာကိုကျကျနနပွားမည်ဆိုလျှင် ရှေးဦးစွာ မိမိကိုယ်ကိုမေတ္တာ ပွားရသည်။ မိမိကိုယ်ကို မေတ္တာပွားလျှင် ခြွင်းချက်မရှိ ပြည့်စုံနိုင်သည်။ ထိုဖြစ်ပေါ်သော မေတ္တာကိုစံနမူနာယူပြီး ရန်သူပုဂ္ဂိုလ်၊ မိတ်ဆွေ တို့အပေါ် ပွားများရမည်။ ထိုသို့ပွားရာတွင် မိမိကိုယ်ကို ပွားသည်နှင့်မခြား ညီညီမျှမျှထားရှိရမည်။ ပုဂ္ဂိုလ်သုံးမျိုးအပေါ်အညီအမျှ မေတ္တာပွား

www.burmeseclassic.com

www.burmeseclassic.com


ရန်မှာ လွယ်ကူသည်တော့ မဟုတ်ပေ။ "အတ္တသမံ ပေမံ နတ္ထိ" ကိုယ်နှင့်ထပ်တူ ချစ်အပ်သူ မရှိ ဟူသော တရားတော်အရ ထောက်လျှင် ချစ်အပ်သော ပိယပုဂ္ဂိုလ်အပေါ်၌ပင် ကိုယ့်နှင့်ထပ်တူ အညီအမျှထားရှိရန်မှာ ခဲယဉ်းလှသည်။ သို့ဆိုလျှင် မိတ်ဆွေအပေါ်၊ ရန်သူအပေါ်တွင် မိမိနှင့်ထပ်တူ၊ တစ်တန်းတစ်စားတည်းထားရေးမှာ ခက်ခဲလှသည်။ ပုဂ္ဂိုလ်သုံးဦးစလုံး အပေါ် ညီညီမျှမျှ ထားရှိပွားများမှသာ မေတ္တာပါရမီ ပွားများရာရောက်သည်။ မေတ္တာစစ်သည်။

ဤသို့မေတ္တာပွားနည်းအတိုင်း ဥပေက္ခာပါရမီပွားဖို့လိုသည်။ ပုဂ္ဂိုလ်သုံးမျိုးအနက် အလယ်အလတ် မဇ္ဈတ္တပုဂ္ဂိုလ် အပေါ်မှာပင် ဥပေက္ခာတရားဖြစ်ရန် မလွယ်ကူလှပေ။

လောက၌ပြောလေ့ရှိသော စကားတစ်ရပ်ရှိသည်။ "သူ့ကို ငါဥပေက္ခာပြုထားပြီးဖြစ်သည်။ ဤစီးပွားကိုလည်း ကမ္မဿကာပင် ထားသည်"ဟု ပြောကြသည်။ ဂရုမစိုက်သည့်သဘော၊ အရေးမပါသည့်သဘော ဖြစ်နေသည်။ ဥပေက္ခာပါရမီသဘောသည် အာရုံပြုရမည်။ ဂရုစိုက်ရပေမည်။

ဥပေက္ခာပြုရာ၌ အလယ်အလတ်ပုဂ္ဂိုလ်ကို ပွားများရန်လွယ်ကူသည်။ အဘယ်ကြောင့်ဆိုသော် အလယ်အလက် ပုဂ္ဂိုလ်အပေါ်တွင် ချစ်ခြင်း၊ မုန်းခြင်းမရှိ၍ ချမ်းသာစေလိုသောစိတ်၊ ပျက်စီးစေလိုသောစိတ်မဖြစ် ပွားအောင် စောင့်ရှောက်နိုင်သည်။ ရန်သူအပေါ်ကိုမူ ဥပေက္ခာစိတ်ပွားရန်မူ ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် ရန်သူအပေါ်၌ မုန်းစိတ်ရှိ၍ ပျက်စီးလျှင် ဝမ်းသာသည်။ ရန်သူကောင်းစားလျှင် မနာလိုမနှစ်သက်။ ထိုသဘောနှစ်မျိုး မပေါ်ပေါက်အောင် ထိန်းသိမ်းရန်မှာ ခက်ခဲလှသည်။ ဤသဘောမျိုးဝင်လာလျှင် ဥပေက္ခာပါရမီပျက်သည်။

ရန်သူအပေါ်ဥပေက္ခာထားရန် ခက်သည့်နည်းတူ ပိယပုဂ္ဂိုလ် မိတ်ဆွေအပေါ်ဥပေက္ခာထားရန် ပို၍ခဲယဉ်းသည်။ အဘယ့်ကြောင့်ဆိုသော် ပိယပုဂ္ဂိုလ်အပေါ်တွင် ပကတိအားဖြင့် မေတ္တာသက်ဝင် ချစ်ခင်နေ၍၊ ထိုသူချမ်းသာလျှင် စိတ်ရွှင်လန်းသည်။ ပျက်စီးလျှင် အလွန်တရာပူပင်သောကဖြစ်ရသည်။ ရွှင်လန်းခြင်း၊ ပူပင်သောကရောက်ခြင်း နှစ်မျိုးမဝင်အောင် စောင့်ရန်မှာခဲယဉ်းလှ၏။

ဥပေက္ခာပါရမီသည် မိမိကိုယ်နှင့်တကွ မဇ္ဈတ္တပုဂ္ဂိုလ်၊ ဝေရီပုဂ္ဂိုလ်၊ ပိယပုဂ္ဂိုလ်သုံးမျိုးလုံး၌ စိတ်သဘောထား မခြားနားဘဲ တစ်မျိုးတစ်စားတည်းအားဖြင့် လျစ်လျူရှုနိုင်မှသာ ပါရမီမြောက်သည်။

ဥပေက္ခာပါရမီသည် မေတ္တာပါရမီထက် အဆင့်မြင့်သည်။ ဤသို့ ဆိုရခြင်းမှာ ဥပေက္ခာသည် မေတ္တာကဲ့သို့ ကမ္မဋ္ဌာန်းလေးဆယ်တွင် တစ်ပါးအပါအဝင်ဖြစ်သည်။ ပါရမီ (၁၀) ပါး၌လည်း တစ်ပါးပါဝင်သည်။ သမထနည်းအရ ဥပေက္ခာကမ္မဋ္ဌာန်းပွားလျှင် အထက်တန်းဈာန်အတွက်သာ ပွားရသည်။ အောက်ဈာန်အတွက် မပွားရ။ ဈာန်သည် ဉာဏ်နုံ့နဲ့သူတို့မှာ ငါး ကြိမ်မြောက်မှဈာန်စခန်းအဆုံးရောက်၏။ ဉာဏ်ထက်သောပုဂ္ဂိုလ်ကား လေးကြိမ်ပေါက်လျှင် ဈာန်အဆုံးရောက်သည်။ ဉာဏ်ထက်သူသည် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန် အားဖြင့် လေးပါးရှိသည်။ မည်သည့်ဈာန်မျှမရသေးသူသည် ဥပေက္ခာ ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပွားများခြင်းမပြုရသေး။ ဥပေက္ခာကမ္မဋ္ဌာန်းသည် ပဉ္စကနည်းအရ ပဉ္စမဈာန်နှင့်သာ ဆိုင်သည်။ စတုတ္ထ နည်းအလိုအရ စတုတ္ထဈာန်နှင့်သာဆိုင်သည်။ ဉာဏ်နုံ့နဲ့သူသည် အခြားသော သမထ၊ ကမ္မဋ္ဌာန်းများဖြင့် စတုတ္ထဈာန်တိုင်ပေါက်မြောက်အောင် အားထုတ်ပြီးမှ ပဉ္စမဈာန်အားထုတ်ချိန်တွင် ဥပေက္ခာကမ္မဋ္ဌာန်းကို ပွားများနိုင်သည်။ ဉာဏ်ထက်မြက်သူဖြစ်လျှင် အခြားသမထကမ္မဋ္ဌာန်းအားဖြင့် တတိယဈာန် ပေါက်အောင်အားထုတ်ပြီးမှ စတုတ္ထဈာန်ဥပေက္ခာ ကမ္မဋ္ဌာန်းကို ပွားများနိုင်သည်။ အကြောင်းမူကား ဥပေက္ခာကမ္မဋ္ဌာန်း သည် သိမ်မွေ့တည်ကြည် မြင့်မြတ်သောသဘောရှိ၍ အထက်၌ဖြစ်သော ဈာန်နှင့်သာဆိုင်သည်။

မေတ္တာတရားသည် အောက်ဈာန်လေးပါး၊ သုံးပါးတို့နှင့်သာ သက်ဆိုင်၏။ ဥပေက္ခာတရားသည် အထက်ဈာန်နှင့် ဆိုင်၏။ ထို့ကြောင့် ဥပေက္ခာတရားက သာလွန်မြင့်မြတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


## ဥပေက္ခာပါရမီပြည့်စုံခြင်း

မုန်းခြင်း၊ ချစ်ခြင်းနှစ်မျိုး၏ငြိမ်းခြင်းသည် ဥပေက္ခာပါရမီ၏ ပြည့်စုံခြင်းဖြစ်သည်။ မငြိမ်းအေးသေးလျှင် ဥပေက္ခာပါရမီမဖြစ်ပေ။

လူမှုရေးနှင့်စပ်၍ တစ်စုံတစ်ရာမသိမြင်ဘဲ တွေဝေငေးမှိုင်နေခြင်းသည် ဥပေက္ခာမဟုတ်ပေ။ ဥပေက္ခာဟု ထင်မှားသည့် သိမှုသာဖြစ်သည်။ ဥပေက္ခာအစစ်မှာ တစ်စုံတစ်ရာမသိမမြင်ဘဲ တွေဝေငေးငိုင်ခြင်း မဟုတ်။ သတ္တဝါ၏ဆင်းရဲကြောင်း၊ ချမ်းသာကြောင်း အကောင်းအဆိုးကို သိမြင်၏။ သို့သော် ထိုကိစ္စသည် ငါနှင့်မဆိုင်၊ သူတို့ကံနှင့်သာ ဆိုင်သည်ဟု ထင်မြင်နှလုံးသွင်းခြင်းသာဖြစ်သည်။

## ဥပေက္ခာဆယ်ပါး

ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် အဋ္ဌသာလိနီ အဋ္ဌကထာတို့အလိုအရ ဥပေက္ခာဆယ်ပါးရှိကြောင်းပြဆိုထားသည်။ ၎င်းတို့မှာ-

၁။ ဆဠင်္ဂုပေက္ခာ၊
၂။ ဗြဟ္မဝိဟာရုပေက္ခာ၊
၃။ ဗောဇ္ဈင်္ဂုပေက္ခာ၊
၄။ ဝီရိယုပေက္ခာ၊
၅။ သင်္ခါရုပေက္ခာ၊
၆။ ဝေဒနုပေက္ခာ၊
၇။ ဝိပဿနုပေက္ခာ၊
၈။ တတြမဇ္ဈတ္တုပေက္ခာ၊
၉။ ဈာနုပေက္ခာ၊
၁၀။ ပါရိသုဒ္ဓုပေက္ခာတို့ဖြစ်သည်။

## ဆဠင်္ဂုပေက္ခာ

ရဟန္တာပုဂ္ဂိုလ်ကြီးများမှာ ခြောက်ပါးသော ဒွါရတို့၌ကောင်းဆိုး အာရုံခြောက်မျိုးတို့ ထင်ကြရာအလိုရှိအပ်သည့် ဣဋ္ဌအာရုံထင်သော်လည်း ဝမ်းမြောက်တော်မမူ၊ အလိုမရှိအပ်သည့် အနိဋ္ဌအာရုံထင်သော် လည်း နှလုံးမသာမယာမရှိကြဘဲ သတိသမ္ပဇဉ်မြဲယှဉ်တော်မူကာ အသင့်အတင့်အားဖြင့် ရှုတော်မူသည်။ ဤသို့ဒွါရခြောက်ပါး၌ ဣဋ္ဌ၊ အနိဋ္ဌကောင်းဆိုး အာရုံခြောက်မျိုးထင်ရာ၌စင်ကြယ်သော မူလပကတိသဘောကို မစွန့်လွှတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဥပေက္ခာသည် ဆဠင်္ဂုပေက္ခာမည်၏။ အင်္ဂါခြောက်ပါးပါရှိသော ဥပေက္ခာဟု ဆိုလိုသည်။

## ဗြဟ္မဝိဟာရုပေက္ခာ

သတ္တဝါတို့၏ ချမ်းသာမှု၊ ဆင်းရဲမှုသည် ထိုသူတို့၏ကံအတိုင်းသာဖြစ်သည်ဟု လျစ်လျူရှုခြင်းသည် ဗြဟ္မဝိဟာရုပေက္ခာမည်သည်။ ဤဗြဟ္မဝိဟာရုပေက္ခာသည်ပင် ဥပေက္ခာပါရမီဖြစ်သည်။

## ဗောဇ္ဈင်္ဂုပေက္ခာ

မဂ်ဖိုလ်တရားရရန် အားထုတ်သောအခါ အချို့တရားက အားလျော့၍၊ အချို့တရားက အားပိုနေလျှင် အားလျော့သောတရားကိုပေးခြင်း၊ အားပိုနေသောတရားကို ဖိနှိပ်ပေးခြင်းဖြစ်သော်လည်း မဂ်၏အင်္ဂါ အစိတ်အပိုင်းဟုခေါ်အပ်သော ဗောဇ္ဈင်အဖြစ်သို့ရောက်သောအခါ ယှဉ်ဖော်ယှဉ်ဖက်တရားတို့သည် အလျော့အပိုမရှိဘဲ အညီအမျှသာ ဖြစ်ရှိကြသောကြောင့် တကွဖြစ်ဖက်တရားတို့အပေါ်မှာ အညီအမျှသာ ဖြစ်ခြင်းဥပေက္ခာသည် ဗောဇ္ဈင်္ဂုပေက္ခာမည်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဝီရိယုပေက္ခာ

မဂ်တရား၊ ဖိုလ်တရားရရှိရန်အားထုတ်ရာမှာ လိုသည်ပိုသည်မရှိအောင် ညီမျှစွာဖြစ်သောဝီရိယသည် ဝီရိယုပေက္ခာ ဖြစ်သည်။

## သင်္ခါရုပေက္ခာ

သမာဓိတရား၊ မဂ်ဖိုလ်တရားရရန်အားထုတ်သောအခါ ပဠမဈာန်စသည်ဖြင့် အသီးသီးပယ်ရှားအပ်သော နီဝရဏစသော သင်္ခါရတရားတို့ကို အာရုံယူခြင်း၌ လျစ်လျူရှုခြင်းသဘောသည် သင်္ခါရုပေက္ခာဖြစ်သည်။

## ဝေဒနုပေက္ခာ

အာရုံအရသာခံစားရသည့်အခါ ချမ်းသာသောအနေအထားဖြင့်လည်း မဟုတ်၊ ဆင်းရဲသောအနေအထားဖြင့်လည်း မဟုတ်ဘဲ အလတ်စားဖြစ်သော အနေအထားဖြင့်သာ ခံစားသောဝေဒနာသည် ဝေဒနုပေက္ခာ ဖြစ်သည်။

## ဝိပဿနုပေက္ခာ

ခန္ဓာစသောတရားတို့၏ အနိစ္စစသောသဘောကို အထူးမြင်အောင် ဆင်ခြင်သုံးသပ်ရာ၌ လျစ်လျူအနေအထား ဖြင့်သာ သုံးသပ်ဆင်ခြင်ခြင်းသည် ဝိပဿနုပေက္ခာမည်၏။

## တတြမဇ္ဈတ္တုပေက္ခာ

ဆိုင်ရာဆိုင်ရာ မိမိတို့၏ကိစ္စ၌ အညီအမျှဖြစ်နေကြသော သဟဇာတ်တရားတို့အပေါ်မှာ ညီညွတ်အောင် အားထုတ်မနေတော့ဘဲ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည်တတြမဇ္ဈတ္တုပေက္ခာ ဖြစ်သည်။

## ဈာနုပေက္ခာ

ဈာန်တရားကိုပွားများရာမှာ တတိယဈာန်ဖြစ်သော မြင့်မြတ်သောချမ်းသာ၌ပင် ချမ်းသာသည့်အစုအဖို့မှာ မကျရောက်မပါဝင်စေဘဲ လျစ်လျူရှုနိုင်ခြင်း သဘောလည်း ဈာနုပေက္ခာမည်၏။

## ပါရိသုဒ္ဓုပေက္ခာ

အလုံးစုံဆန့်ကျင်ဘက်ဖြစ်သော တရားတို့မှစင်ကြယ်သည်ဖြစ်၍ ဆန့်ကျင်ဖက်တရားတို့ကို ငြိမ်းစေမှု၌ ကြောင့်ကြခြင်းမပြုသော သဘောသည် ပါရိသုဒ္ဓုပေက္ခာမည်၏။

ဤဆယ်ပါးတွင် ဆဠင်္ဂုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ၊ တတြမဇ္ဈတ္တုပေက္ခာ၊ ဈာနုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာခြောက်ပါးသည် တရားကိုယ်အားဖြင့် တူညီ၏။ သို့သော် ကိစ္စအလုပ်ကွဲပြား၍ ခြောက်မျိုး ကွဲပြားခြင်း ဖြစ်သည်။

ကောင်းကောင်းဆိုးဆိုး အာရုံခြောက်မျိုးလုံး အာရုံပြုကာ၊ ထိုအာရုံတို့၌ အလယ်အလတ်စားအားဖြင့် နှလုံးသွင်း နိုင်ခြင်းသည် ဆဠင်္ဂုပေက္ခာ၏ ကိစ္စဖြစ်သည်။

သတ္တဝါတို့ကို အာရုံပြုကာ သတ္တဝါတို့၏ ချမ်းသာရေး၊ ဆင်းရဲရေး၌ လျစ်လျူရှုခြင်းသည် ဗြဟ္မဝိဟာရုပေက္ခာ၏ ကိစ္စဖြစ်သည်။

ဈာန်မဂ်ဖိုလ်တို့ကိုရရန် အားထုတ်ရာမှာ ပယ်ရှားအပ်သော နီဝရဏ တရားကို အာရုံယူမှု၌ လျစ်လျူရှုခြင်းသည် ဗောဇ္ဈင်္ဂုပေက္ခာ၏ကိစ္စဖြစ်၏။

ဝီရိယ၏အပိုအလိုမရှိညီမျှစွာဖြစ်ခြင်းသဘောသည် ဝီရိယုပေက္ခာ၏ ကိစ္စဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အပိုအလိုမရှိ တညီတညွတ်တည်းဖြစ်နေသော ဖြစ်ပေါ်ဖြစ်ဖက် တရားတို့ကို ချီးမြှောက်ဖိနှိပ်မှုမပြုဘဲ လျစ်လျူရှုခြင်းသည် သခ်ါရုပေက္ခာ၏ကိစ္စဖြစ်၏။

အာရုံခံစားမှု၌ လျစ်လျူရှုခြင်းသည် ဝေဒနုပေက္ခာ၏ကိစ္စဖြစ်၏။

ရုပ်တရားနာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် သုံးသပ်စိစစ်မှု၌ လျစ်လျူရှုခြင်းသဘောသည် ဝိပဿနုပေက္ခာ၏ကိစ္စဖြစ်၏။

အညီအမျှဖြစ်ကြသော ယှဉ်ဖော်ယှဉ်ဖက်တရားအတွဲအပေါ်မှာ လျစ်လျူရှုခြင်းသဘောသည် တတြမဇ္ဈတ္တုပေက္ခာ၏ ကိစ္စဖြစ်၏။

အလွန်မြတ်သော ဈာန်ချမ်းသာ၌ပင် လျစ်လျူရှုခြင်း သဘောသည် ဈာနုပေက္ခာ၏ကိစ္စဖြစ်၏။

အလုံးစုံဆန့်ကျင့်ဖက်ဖြစ်သော တရားတို့မှ စင်ကြယ်သော လျစ်လျူရှုခြင်းသဘောသည် ပါရိသုဒ္ဓုပေက္ခာ၏ ကိစ္စဖြစ်၏။

ဥပေက္ခာ ဆယ်ပါးတွင် ပါရမီဥပေက္ခာဟူ၍ တိုက်ရိုက်မပါရှိပေ။ အဋ္ဌကထာဆရာကြီးများအလိုအရ ဥပေက္ခာ ဆယ်ပါးတွင် ဗြဟ္မဝိဟာရုပေက္ခာ၌ ပါရမီဥပေက္ခာပါဝင်သည်ဟု မှတ်ယူအပ်သည်။ အချို့ကမူ "သတ္တဝါတို့ ချမ်းသာမှု၊ ဆင်းရဲမှုသည် ကံအတိုင်းသာဖြစ်သည်၊ သတ္တဝါတို့ချမ်းသာ၊ ဆင်းရဲအပေါ်စိတ်တစ်မျိုးတည်းထားခြင်းမှာ "ဗြဟ္မဝိဟာရုပေက္ခာဖြစ်ပြီး၊ မိမိပေါ် ပြစ်မှုကျူးလွန်သူနှင့် မြတ်နိုးသူအပေါ် စိတ်မခြား တစ်သားတည်းထားနိုင်ခြင်းမှာ ဥပေက္ခာပါရမီဖြစ်၏။

ဥပေက္ခာပါရမီ၏သဘောသည် သိမ်မွေ့၏။ လေးနက်၏။ ဘုရား၊ ရဟန္တာတို့သာလျှင် ဖြည့်ကျင့်နိုင်သော ပါရမီသဘောဖြစ်သည်။ မိမိကို ပြစ်မှားသော သတ္တဝါ၊ မြတ်နိုးသော သတ္တဝါ၊ ထိုသတ္တဝါတို့အပေါ် အလယ်အလတ်စား စိတ်ထားနိုင်ခြင်းသည် ဗြဟ္မဝိဟာရုပေက္ခာဖြစ်၏။ ပါရမီဥပေက္ခာသည် ထိုဗြဟ္မဝိဟာရုပေက္ခာ၌ပါဝင်သည်။ ဤနေရာတွင် ပုထုဇဉ်တို့ထားရန် မလွယ်ကူပေ။ ရန်သူကိုမုန်းခြင်း၊ မိတ်ဆွေအပေါ်ချစ်ခြင်းသည် ပုထုဇဉ်တို့စိတ်ဖြစ်သည်။ မုန်းသင့်သူလည်း မမုန်း၊ ချစ်သင့်သူလည်း မချစ်၊ ချစ်ခြင်းမုန်းခြင်းအခြေခံမထားမှုရေးကား လွန်စွာခက်ခဲ၏။ မြင့်မြတ်သော ပုဂ္ဂိုလ်တို့၌သာ ထိုစိတ်မျိုးမြင်တွေ့နိုင်ပါသည်။

ဥပေက္ခာပါရမီ၏သဘောသရုပ် ထင်မြင်စေရန်အတွက် ဝတ္ထုသာကေများ ဥပမာပေးလျက်တင်ပြထားပါသည်။ ဥပေက္ခာပါရမီ၏သဘော မှ မေတ္တာပါရမီသဘော၊ ခန္တီပါရမီသဘောလည်း သက်ဝင်နေ၍ခွဲခြားရ ခက်သည်။ သို့သော် ခန္တီပါရမီထက်လေးနက်ပြီး၊ မေတ္တာပါရမီထက် အဆင့်မြင့်သည့် သဘောကိုတွေ့ရမည်။ ဝတ္ထုသာကေများ ခံစားလေ့ကျင့်ကြပါကုန်။

(ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ၏ ဗုဒ္ဓဝင်အနုဒီပနီမှ ကောက်နုတ် တင်ပြချက်)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သုသာန်သင်္ချိုင်းထဲမှ ပါရမီရှင်

"အမောင်...ဒီပစ္စည်းတွေဟာ အမောင့်မိဘတွေ ရှာဖွေစုဆောင်း ထားတဲ့ပစ္စည်းပဲ။ တို့တာဝန်က အမောင် ပြန်ရောက် လာသည်အထိ စောင့်ထိန်းထားရမယ့် တာဝန်အရထိန်းသိမ်းထားတာ...အခုလွှဲပေးပြီ။ ရော့...ဟောဒီမှာ ပစ္စည်းစာရင်း... ကဲ၊ ဒီကိုလာ ရတနာပစ္စည်းတွေ အပ်မယ်"

တက္ကသိုလ်ပြည်တွင် ပညာသင်ကြားနေသည့်ဘုရားလောင်းသည် ပညာစုံ၍၊ ပြန်လာလျှင်လာခြင်း ဦးရီးက ပစ္စည်းတွေ လွှဲပေးသည်။ ပစ္စည်းလွှဲပေးချိန်တွင် ဆွေမျိုးအားလုံးစုဝေးရောက်နေသည်။ ဦးရီးက အသိသက်သေအဖြစ် တမင်ခေါ်ထားပြီး၊ အများမျက်စိရှေ့မှောက်တွင် လွှဲပေးခြင်းဖြစ်သည်။

"အေး၊ မိဘပစ္စည်းကို မပျောက်ပျက်အောင် ထိန်းသိမ်းပေါ့"

ခေါ်ကြီးတစ်ယောက်က အကျိုးမဲ့ပျောက်ပျက်ကုန်မှာ စိုးရိမ်ဟန်ဖြင့် သတိပေးသည်။ ခေါ်ကြီးစေတနာကိုသိသော်လည်း ပစ္စည်းအပေါ် ကြောင့်ကြစိုက်မှုကြောင့် ရင်ထဲကကျိတ်ရယ်လိုက်သည်။

"ပစ္စည်းဆိုတာ ကိုယ်ကခင်မှ၊ တန်ဖိုးထားမှ ပစ္စည်းကလည်း ခင်တယ်...အလွယ်ရလို့ အလွယ်မသုံးနဲ့"

ဦးလေးက လွှဲအပ်ပေးသော ပစ္စည်းစာရင်းကို ယူကြည့်ရင်း၊ တူဖြစ်သူကို အသုံးအစွဲနှင့် ပတ်သက်ပြီးဩဝါဒ ပေးသည်။ တက္ကသိုလ်ကပြန်လာသည်ဆိုသော်လည်း စီးပွားရေးကို နကန်းတစ်လုံးမှ နားမလည် သေးသည့် ကလေး တစ်ယောက် အဖြစ်သာ မြင်နေသည်။ သည်အရွယ်နှင့် သည်စီးပွားဥစ္စာပိုင်ဆိုင်မှုသည် မမျှတ။ ထိန်းသိမ်းနိုင်စွမ်း မရှိဟု ထင်နေသည်။

"အေး...ငါ့တူရတဲ့မိဘစည်းစိမ်ဟာ ဒီတစ်သက်မဟုတ်ဘူး၊ ဆယ်သက်စားမကုန်ဘူး။ လိမ်လိမ်မာမာသာနေ၊ တိုးပွားအောင်လုပ်လော့"

ဦးရီးက ဘဏ္ဍာတိုက်သော့ကို အများသူငါရှေ့တွင် လွှဲပေးသည်။

ဘုရားအလောင်းလုလင်သည် ရလာသည့်စည်းစိမ်အတွက် တုန်လှုပ်ခြင်းမဖြစ်။ မက်မောခြင်းလည်းမရှိ။ ဤမျှများပြားသော စည်းစိမ်ဥစ္စာ ကိုထားခဲ့ပြီး၊ တမလွန်ဘဝကူးပြောင်းသွားသည့် မိဘနှစ်ပါးအဖြစ်ကို ဆင်ခြင်မိသည်။ တို့မိဘများသည် ဤစည်းစိမ်ရဖို့ အဘယ်မျှ အာရုံစိုက်ရှာဖွေပြီး ဤစည်းစိမ်မပျက်စီးအောင် အဘယ်မျှ ကြောင့်ကြခဲ့ရသည် မသိ။ စည်းစိမ် ဥစ္စာအတွက် အဘယ်သို့သော လောဘ၊ ဒေါသစိတ်များဖြစ်ခဲ့သည်မသိ။ အလိုရမ္မက်ကြီးကြီးဖြင့်ရှာဖွေခဲ့သော်လည်း ခုတော့ ထိုပစ္စည်းများ ထားရစ်ပြီး တမလွန်ဘဝသို့ လက်ချည်းသက်သက် ထွက်ခွာသွားကြရပြီ။ အသက်ရှင်စဉ်က ပွားခဲ့သော လောဘ၊ ဒေါသစိတ်နှင့် အကုသိုလ်အမှုများသာ သယ်ဆောင်သွားကြရပြီ။

www.burmeseclassic.com



"ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့။ သေခြင်းတရားဆိုတာ မလွဲမသွေကြုံရတာပဲလေ…မင်းမိဘတွေဟာ မင်းအတွက် တာဝန်ကျေခဲ့ပါတယ်…"

မဟာသာလသူဌေးသားသည်ရရှိခံစားရသည့် စည်းစိမ်အတွက် ငြီးငွေ့စိတ်ဖြင့် တွေးနေသည်ကို၊ ကွယ်လွန်သည့် မိဘများအတွက် ပူဆွေးသောကရောက်နေသည်ထင်ပြီး တရားချသည်။ "ကျွန်တော် ဒါတွေမစဉ်းစားပါဘူး" ဟုပြောလျှင် "အဘယ်ကိစ္စစဉ်းစားတာ လဲ… စည်းစိမ်ခံစားရမှာ ငြီးငွေ့တယ်ဆိုတာ မဟုတ်သေးဘူး၊ ဘာဘာညာညာနှင့် ပြောနေဦးမည်" စကားလမ်းကြောင်းရှည်နေဦးမည်။ အများ၏စောင့်ကြည့်နေမှုကိုလည်းမခံချင်၊ အားပေး နှစ်သိမ့်နေသည့်အသံတွေလည်း မကြားချင်။ တစ်ယောက်တည်း အေးအေးချမ်းချမ်း၊ လွတ်လွတ်လပ်လပ်သာနေချင်၍ ပြီးလွယ်စီးလွယ် ခေါင်းညိတ်လိုက်သည်။ ပြောသမျှအဆုံးအမကို ငြိမ်သက်နားထောင်နေလိုက်တော့သည်။

* * *

မိဘနှစ်ပါးဆုံးရှုံးသည့်အခါ မမြဲခြင်းသဘော၊ သင်္ခါရတရားကို ထင်လာမြင်လာသည်။ မိမိသည်လည်း တစ်နေ့တွင် သေရမည်၊ ထိုအခါ ပိုင်ဆိုင်သည့်ဥစ္စာပစ္စည်းတွေ စွန့်လွှတ်ခဲ့ပြီး လက်ချည်းသက်သက်ထွက် ခွာသွားရဦးမည်ဟု တွေးလျက်ထိတ်လန့်လာသည်။ အစကတည်းက ထိုအတွေးခံရှိသော်လည်း အခြားအခြားသော ဗဟုကိစ္စတွေကြောင့် ငုပ်လျှိုးနေသည်။ မိဘများဆုံးပါးသွားတော့ အသိဉာဏ်ပွင့်သွားသည်။ ထိုအခါ လူ့ဘဝ၊ လူ့လောကကို ငြီးငွေ့လာသည်။

မဟာသာလသူဌေးသားသည် လူ့ဘဝ၊ လူ့သဘာဝကိုတွေးမိလေလေ ငြီးငွေ့စက်ဆုပ်စရာတွေက ပိုပြီးထင်လာသည်။ ခန္ဓာကိုယ်၏ မတင့်တယ်မှု၊ ရွံရှာဖွယ်ကောင်းမှုကို အမှတ်သညာပြုမိသော် အိမ်ရာတည်ထောင်ဖို့လည်း စိတ်ပျက်လာသည်။

ဦးကြီးနှင့် ဒေါ်ကြီးများက မိဘအမွေအနှစ်ထိန်းသိမ်းဖို့၊ မဟာသာလမျိုးဆက်မပြတ်အောင်စောင့်ရှောက်ဖို့ တဖွဖွမှာသော်လည်း ကိလေသာအာရုံ ကာမဂုဏ်ကို တွယ်ဖက်နေလိုစိတ်မရှိ။ ကြောင့်ကြ နေလိုစိတ်မရှိ။ ရစ်ပတ်ဖွဲ့နှောင်ခံလိုစိတ် မရှိ ဖြစ်နေသည်။

"ငါရသေ့ရဟန်းလုပ်သွားတာပဲ ကောင်းတယ်…"

ကာမဂုဏ်နယ်မှရုန်းထွက်နိုင်အောင် သံယောဇဉ်ဖြတ်တောက်ပစ်ချင်သည်။ ချမ်းသာသမျှစည်းစိမ်ကို မတွယ်မက်ဘဲ ဘဏ္ဍာတိုက် တံခါးဖွင့်ထားမည်။ ယူချင်သူယူ၊ သုံးချင်သူသုံး၊ ဘယ်သူဘယ်ဝါဟု ဥပဒ်မထားဘဲ ပစ္စယောဟောတု လုပ်လျက် စည်းစိမ်ကိုစွန့်မည်။ ထိုသို့ စွန့်လျှင် ချီးမွမ်းသံတွေ…ထောမနာပြုသံတွေ ညံညံညံနေမည်။

"အံ့ပါရဲ့ဗျာ…ဒီလောက်ကြွယ်ဝချမ်းသာတဲ့ စည်းစိမ်ကိုစွန့်တယ်ဆိုတာ"

"ချမ်းသာမှုစွန့်နိုင်တာထား၊ ဆင်းရဲပင်ပန်းတဲ့ဘဝထဲ ခြေစုံပစ်ဝင်တာက ပိုချီးကျူးဖို့ကောင်းတယ်…"

"တကယ်ဆို ဒါနကောင်းမှုတွေ လုပ်နေရင်ပြီးတာပဲ"

"ဟာ၊ ဘဝမှာဒါနနဲ့ချည်း မပြီးဘူးလေ…သီလနဲ့ဘာဝနာကမှ လွတ်မြောက်မှာ…ရဟန်းလုပ်သွားတာ အမှန်ဆုံးပဲ"

ဤသို့အမွန်းတင်စကားတွေပြောကြမည်မှာ သေချာသည်။ မဟာသာလသူဌေးသားသည် လူတို့၏မစားရဝခမန်း ပြောဆိုသံကိုလည်း မကြားချင်။ လာဘ်ရခြင်းမရခြင်းအပေါ် ခံစားမနေလို။ မြင့်မြတ်သော အကျင့်ရှိသူပါတကား…ဟု အရိုအသေ ပေးခြင်း၊ ချီးကျူးခြင်းအပေါ်၌လည်း မသာယာချင်။ သို့ဖြစ်၍ ရဟန်းအဖြစ်ကူးပြောင်းဖို့ အစီအစဉ်ကို ပယ်ဖျက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''အင်း၊ ငါဟာ လာဘ်ရမှုအပေါ်သာယာမလား…ဒါတော့ မသာယာတာသေချာတယ်။ ရှိတဲ့စည်းစိမ်ကိုတောင် စွန့်ပစ်သေးတာပဲ။ ဒါဆို လာဘ်မရခြင်းအပေါ် သည်းခံနိုင်မလား… စိတ်မချမ်းမသာဖြစ်မလား။ အင်း… ဒါကိုတော့ စဉ်းစားရမယ်။ အခုအနေအထားက သည်းခံနိုင်ပေမယ့် ရေရှည်သည်းခံနိုင်မလား…လောကဓံတရားအပေါ် တုန်လှုပ်ခြင်းမဖြစ်အောင် စွမ်းဆောင်နိုင်ပါ့မလား''

မဟာသာလသူဌေးသားသည် လောကဓံတရား၏ရိုက်ပုတ်မှု ဒဏ်ခံနိုင်မခံနိုင်ရက်များစွာစဉ်းစားကြည့်သည်။ အထူးသဖြင့် သူတစ်ပါး၏ ကဲ့ရဲ့ရှုတ်ချမှု၊ အပြစ်တင်မှု၊ နှိပ်စက်မှုဒဏ်ခံနိုင်မခံနိုင် စဉ်းစားနေသည်။ ထိုသို့စဉ်းစားသောအခါ လောကဓံတရားအပေါ် ခံစားနိုင်ခြင်း၊ အရာရာကိုလျစ်လျူရှုနိုင်ခြင်းသည် အမြတ်ဆုံးအကျင့်ပါတကားဟုသိ လာသည်။ ထိုအကျင့်မြတ်ကို ကျင့်နိုင်မကျင့်နိုင်ချင့်ချိန်ကြည့်သည်။ အစမ်းသဘောနှင့် လေ့ကျင့်ကြည့်သည်။ ကိုယ့်ကိုယ်ကိုစိတ်ချရပြီဟု ယူမှတ်သောအခါ ဘဏ္ဍာတိုက်သော့ကို ရိုက်ချိုးလျက်တံခါးများကို ဖွင့်ထားလိုက်သည်။ ထို့နောက် အိမ်တံခါး၊ ဝင်းတံခါးများကို ဟင်းလင်း ဖွင့်ထားသည်။ သူသည် အဝတ်တစ်ထည်ကိုယ်တစ်ခုသာဆောင်ယူလျက် အနှစ်နှစ် အလလကနေခဲ့သော အိမ်ကြီးကို စွန့်ပစ်ခဲ့သည်။ သံယောဇဉ်ဖြတ်ပြီး ထွက်လာသည်နှင့် နောက်ကိုပင်ပြန်လှည့်မကြည့်တော့ဘဲ၊ လမ်းပေါ်၌ ခြေသလုံးအိမ်တိုင်နေထိုင်လိုက်တော့သည်။

* * *

မဟာသာလသူဌေးသား၏ခြံ ဝင်းတံခါးကြီးဟင်းလင်းပွင့်နေသဖြင့် သွားရင်းလာရင်းကြုံသူက စူးစမ်းသည်။ လူတစ်ယောက်မှမရှိဘဲ ဘဏ္ဍာတိုက်ကြီးပွင့်နေသဖြင့် စိတ်ကြိုက်ယူသည်။ အများသူငါလည်း သတင်းပေးသည်။ ထန်းလျက်လုံးနံ့ရသည့်ပုရွက်ဆိတ်များပမာ ချက်ချင်းအုံခဲ့သွားသည်။ သူ့ထက်ငါအလုအယက် ယူငင်နေသည့် သတင်းကြောင့် ဆွေမျိုးများကသောကမျောပြေးလာကြသည်။ ခြိမ်းခြောက်ဟန့်တားပြီး အိမ်ထဲမှမောင်းနှင်ထုတ်လိုက်သည်။ သို့သော် ပစ္စည်းကမကျန်တော့။ ဖိတ်စဉ်ကျသည့် ပစ္စည်းတချို့သာပြန်ရသည်။

''ဒီကလေး ဘယ်လိုလုပ်သွားတာလဲ မသိပါဘူး။ တကယ်ဆို လူကြီးတွေကို အသိပေးသင့်တယ်…''

''မသိပါဘူးကွာ…ရူးတာဖြစ်မှာပေါ့''

''တောက်…နမြောစရာ၊ ဘာမဆိုင်ညာမဆိုင်ကောင်တွေ ယူမွေသွားတာကုန်ရော…''

ဆွေမျိုးများဆူညံဆူညံ ပွက်စီပွက်စီနှင့် အပြစ်ပြောနေသော်လည်း မဟာသာလသူဌေးသားကမူ အားလုံးကိုဥပေက္ခာ ရှုလိုက်ပြီ။ သံယောဇဉ်ကို တိခနဲဖြတ်ချလိုက်ပြီဖြစ်၍ ဘာကိုမျှမတွယ်တာတော့။ ဦးကြီး၊ ဦးလေးတို့၏ အပြစ်တင်စကားကိုလည်း အလေးမထား။ ပစ္စည်းရသူတို့၏ ကျေးဇူးတင်စကားကိုလည်း ဝမ်းမြောက်ဝမ်းသာမဖြစ်၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ခြေဦးတည့်ရာထွက်ခဲ့သည်။

မဟာသာလသူဌေးသားသည် ခေါင်းပါးသော အသက်မွေးမှုဖြင့် လောကဓံကိုကြံ့ကြံ့ခံရင်ဆိုင်မည်။ သူတစ်ပါးအပေါ် စိတ်ဆိုးခြင်းအပြစ်တင်လိုစိတ်ကင်းမည်။ ထို့အတူ သူတစ်ပါး၏ချမ်းသာဆင်းရဲကိုလည်း လျစ်လျူရှုမည်။ မိမိကိုယ်ကို မြေပြင်အလားသဘောထားလျက် မည်သို့ပင်ပြုမှုဆက်ဆံလာစေကာမူ မတုန်မလှုပ်သည်းခံမည်။ ရိုက်လည်းခံ၊ ဖဲ့လည်းခံ၊ သွေးထွက်သံယိုပြုလည်းခံမည်။ ယုတ်စွအဆုံး သတ်လိုလျှင်သတ်စေဦးတော့ သည်းခံနေမည်။ မြေကြီးသည် မိမိအပေါ် တံတွေးအညစ်အကြေးစွန့်လည်း ငုံ့ခံသည်။ မစင်စွန့်လည်း ငြိမ်ခံသည်။ တူးဆွလည်းခံ၊ ဖဲ့လည်းခံ၊ မီးမြှိုက်လည်းခံသည်။ ထိုမြေကြီးကို ဥပမာ ထားလျက် မိမိကိုယ်ကို ကျင့်ကြံမည်ဟု ဆုံးဖြတ်ခဲ့သည်။

''မိမိကိုမည်သူက လာရောက်နှိပ်စက်လေမလဲ၊ မိမိ၏ပါရမီကို ဘယ်သူကဖြည့်ဆည်းလေမလဲ''ဟု နလုံးပိုက်လျက် ကျေးရွာနိဂုံးများ လှည့်လည်သွားသည်။ တစ်ရွာလျှင် တစ်ညသာတည်းခိုလျက် နှိပ်စက်မည့်သူကို ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com


အိမ်မရှိ၊ ယာမရှိလှည့်လည်သွားလာနေသည့် မဟာသာလသူဌေးသားကို အချို့ကခိုးသူဟုထင်သည်။ ''ဟဲ့သူခိုး၊ ဒီနေရာ ဘာလာလုပ်နေလဲ၊ ထွက်သွား'' ဟု အော်ငေါက်လွှတ်သည်။ မိမိကိုသူခိုးဟုထင်ခြင်းအပေါ်လည်း စိတ်မကွက်။ ကလေကချေဟုထင်လျက် မောင်းထုတ်သူအပေါ်လည်း စိတ်မဆိုး။ ထွက်သွား…ဟု မောင်းထုတ်လျှင် အသာတကြည်ထွက်သွားသည်။

အချို့ကမူ မဟာသာလသူဌေးသားကို သူတောင်းစားဟုထင်သည်။ ညှိုးလျှဆာလောင်နေသည့် အသွင်အပြင်ရှိသော သူ့အား ထမင်းဟင်းပေးသည်။ အကြွင်းအကျန်ထမင်းက စားချင်စရာမရှိ။ ဆန်လုံးနီထမင်းခဲက ကျောက်ခဲအလား မာနေသည်။ ရှေးအခါက သူစားခဲ့သည့် သလေးဆန်ကိုချက်ထားသည့် ထမင်းနှင့်မူ လားလားမျှမတူ။ လည်ချောင်းနင်လောက်သည့် ထမင်းကိုပင် အာဟာရအဖြစ်မှီဝဲရသည့် ရက်တွေ မနည်းတော့။ ရောင့်ရဲသည်းခံစိတ် မွေးသည့်သူ့အနေနဲ့ လျှာအရသာဖြစ်ဖို့ မစဉ်းစား။ သည့်အတွက်လည်း ဝမ်းနည်းမနေတော့။

ဤသို့လှည့်လည်သွားလာနေရာ ကာလကြာတော့ တစ်ထည်တည်းသော အဝတ်အစားတွေက ညစ်ပေလာသည်။ စုတ်ပြတ်ကုန်သည်။ ဆွေးရိကုန်သည်။ သည့်အတွက် မတောင့်တ။ စိတ်ပျက်အားငယ်ခြင်းလည်းမရှိ။ အရှက်လုံရုံအဝတ်အစားနှင့် ရောက်ရာ၊ ကြုံရာ သွားခြင်းဖြင့် သူ့ပါရမီကို ဖြည့်ဆည်းနေပေတော့သည်။

* * *

''ဟဲ့၊ ကလေးတွေ…ဘာဖြစ်လို့တစ်ဖက်သားကို နှောင့်ယှက်ရတာလဲ''

''ပျော်လို့''

''ဒါပျော်စရာလား…ငရဲကြီးမယ်''

မဟာသာလသူဌေးသားသည် သူ့ပါရမီကူညီဖြည့်ပေးမည့်သူကို ရှာဖွေနေစဉ် နိဂုံးရွာသို့ ရောက်သွားသည်။ လူငယ်တို့၏ ဝေလေ့စရိုက်မြင်သော် အလိုပြည့်ပြီဟု တွက်လိုက်သည်။ ဤရွာနိဂုံးရှိကလေးတို့သည် လွန်လွန်ကျူးကျူးဆော့ကား လုပ်တတ်သည်။ လူကြီးကို လူကြီးမှန်းမသိ။ ရဟန်းသံဃာကို ရှိသေရမှန်းမသိ။ သူတို့သည် တစ်ဖက်သားကို ဆဲရမှာလည်း ဝန်မလေး။ ခဲနှင့်ပေါက်ရမှာလည်း ဝန်မလေး။ တစ်ဖက်သား ဒုက္ခရောက်သည်မြင်လျှင် ရယ်သည်။ ပျော်သည်။ ဟာသဖြစ်သည်။

ခုလည်း မဟာသာလသူဌေးသားကို စ,စရာ၊ နောက်စရာအဖြစ် မြင်သည်။ အင်္ကျီအဝတ်အစားစုတ်ပြတ်နေပြီး၊ အရှက်လုံရုံသာ ဝတ်စားထားသော သူဌေးသားကို အရူးတစ်ယောက်ဟုထင်သည်။ အစပိုင်းတွင် နောက်မှဝိုင်းအုံလိုက်ပြီး စကြနောက်ကြသည်။

''အရူး…အရူး၊ ငပေါ…ငပေါ''

''မျောက်…မျောက်၊ ဟေလာမျောက်ကြီး ရောက်သီးစားမလား…''

''တုံး…တုံး၊ ခွေးချေးတုံး၊ ချေးတုံးဘယ်သူစား…ခွေးကြီး စား''

ကလေးအချို့က အရူး…အရူးဟု အော်ဟစ်လှောင်ပြောင်ပြီး၊ ခဲနှင့် ပေါက်ကြသည်။ ကလေးတွေ တကောက်ကောက်လိုက်လာသည်ကို ကြောက်ရွံ့ဟန်ဖြင့်ရှောင်သည်။ ဤသို့ရှောင်သည်ကိုပင် သဘောကျဟန်ဖြင့် ခဲနှင့်စမ်းပေါက်ကြည့်သည်။ ကျောကိုဗုန်းခနဲ ခဲထိမှန်သည်တွင် ကျောကော့လျက်ပြေးသည်ကိုရယ်စရာအမှတ်ဖြင့် တစ်ယောက်တစ်လက်ထုသည်။ သူတစ်ချက်၊ ငါတစ်ချက် ဝိုင်းထုရာ ရှောင်၍မလွတ်။ ခဲတွေက ကျောရော၊ ခေါင်းရော၊ ကာကွယ်သည့် လက်ရော ထိမှန်သည်။ သူဌေးသားက ရန်ပြုနေသော ကလေးတို့ကို ကြောက်ရွံ့ဟန်ဖြင့် ပြေးသည်။ ကလေးတွေ စုပြုံ အော်ဟစ် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နိုင်ထက်ကလူလုပ်နေသည့်ကိုမြင်၍ လူကြီးတစ်ယောက်က ဝင်တားသည်။ ကလေးတွေက ဂရုမစိုက်။ လူကြီးကိုလေးစားရမှန်း မသိ။ ဆုံးမသူကိုပင် လှာထုတ်ပြောင်သည်။ အချို့ကလည်း အဘိုးကြီး ခါးကုန်းနေသည့်ဟန်ဖြင့် တုလုပ်ပြီး ''ပျော်လို့''ဟု မခန့်မလေးပြောကြသည်။ အဘိုးအိုသည် ကလေးတွေကို ဟန့်သည်။ ခြိမ်းခြောက်ငေါက်ငမ်းသည်။ သူတို့ကမူ ကြောက်ရွံ့ရမှန်းမသိ။ အဘိုးအိုသည် သူတို့ လေးစားရမည့်သူ မဟုတ်။ သူတို့က အမှုထမ်း အရာထမ်း၏သား။ သူဌေးသူကြွယ်၏သား။ ဂုဏ်သရေရှိသူ၏သား။ အဘိုးအိုက ဘာအဆင့်မှ မရှိ။ အကယ်၍အဘိုးအိုက ရိုက်မောင်းလုပ်လာလျှင် သူတို့မိဘများက အဘိုးအိုကိုပင် အပြစ်ရှာဒုက္ခပေးနိုင်သည်။ ဤအတွေးရှိထားသဖြင့် ရမ်းကား ချင်တိုင်း ရမ်းကားတော့သည်။

''ဟဲ့ ကလေးတွေ၊ ဘာဖြစ်လို့ ခဲနဲ့ပေါက်ရတာလဲ''

''ပေါက်ချင်လို့''

''ဒီသူငယ်က မင်းတို့ပေါက်စရာလား…ဆော့စရာလား။ သူငယ်ဟာ မင်းတို့ထက် အသက်ကြီးတာ မသိဘူးလား''

''သိသားပဲ''

''သိရက်သားနဲ့ လုပ်တာဆို မင်းတို့ကအရိုင်းအစိုင်းတွေပဲ''

''ရိုင်းဘာဖြစ်လဲဗျာ…ဒီငနဲက ခင်ဗျားကြီးနဲ့ ဘာတော်လဲ။ ခင်ဗျား မယားပါသားလား''

''ဟာ…မင်းတို့တော့ကွာ၊ ငါလက်ကတောင်ဝှေးနဲ့ ဆော်မိတော့မယ်''

''ဆော်ရဲဆော်ကြည့်ပါလား။ ခင်ဗျားကြီးထိပ်ကွဲမသွားတော့ပြောချင်သလိုပြော''

ပြောမရ ဆုံးမမရသည့် ကလေးတွေကို အဘိုးကြီးလက်လျှော့ရသည်။ မတရားအနိုင်ကျင့်ခံနေရသည့် လူငယ်အတွက် စိတ်မကောင်း တာကလွဲပြီး မတတ်နိုင်တော့။ သူ့ထိုက်နှင့် သူ့ကံရှိစေတော့ဟု သဘောထားပြီး မျက်နှာလွှဲရတော့သည်။

သူဌေးသားကမူ ဤရွှေဉာဏ်နှုတ်ကြမ်းသော…အမူအရာကြမ်းသော…အဆုံးအမမနာယူတတ်သော ကလေးများ နှင့်တွေ့ခြင်းမှာ သူ့ပါရမီ ပြည့်အောင်ဖြစ်စေသည်ဟု သဘောရလိုက်သည်။ ကလေးတို့ကိုကြောက် ရွံ့ဟန်ဆောင်လျက် ပြေးသည်။ ပြေးသည်ဆိုငြားလည်း မလိုက်ဘဲ နေမည်စိုးသဖြင့် ဆုတ်ဆိုင်းဆုတ်ဆိုင်း တုံ့နှေးတုံ့နှေးလုပ်နေသည်။ ကလေးတွေက သူ့နောက်ပိုင်းအုံလိုက်သည်။ လိုက်မီသည်နှင့် ခြေထောက်နှစ်ချောင်းကိုင်လျက် ဆွဲလှဲသည်။ သူဌေးသား သည် လမ်းပေါ်ပက်လက်လန်လဲကျသွားသည်။ လိပ်နှယ်ပက်လက်လန်ပြီး ယက်ကန်ယက်ကန်ဖြစ်နေသော သူ့ကိုခြေနှစ် ခတ်သူက ခတ်သည်။ ခြေထောက်ကိုဆွဲပြေးသူက ပြေးသည်။ အချို့ကလေးတွေက သဲတွေကုတ်ယူပြီး သူ့မျက်နှာပေါ် ကြဲသည်။

အမှန်တော့ ဤကလေးများကို သူသည် ရိုက်ပုတ်လွှတ်နိုင်သည်။ ကန်ကျောက်ပစ်နိုင်သည်။ အနည်းဆုံးတော့ ဆဲရေးလွှတ်နိုင်သည်။ သို့သော် ဤအပြုအမူများတစ်ခုမှမလုပ်။ သူသည် လိပ်တစ်ကောင် အလားငုံ့ခံသည်။ နာကျင်မှုကိုအောင့်ခံသည်။ သူ၏ သည်းခံနိုင်စိတ် ဘယ်အတိုင်းအတာထိရှိသည်ကို ကိုယ်တိုင်အစစ်ဆေးခံသည်ကလွဲ၍ ဘာမျှပြန်မလုပ်ပေ။

ဤသို့မတရားနှိပ်စက်နေသည်ကို မြင်သောအခါ လူကြီးတချို့ ရောက်လာသည်။ ကလေးတို့ကို မောင်းထုတ်သည်။ ကလေးတွေက သူ့ကိုဆက်မလုပ်ဘဲ၊ လူကြီးတွေကို မခန့်လေးစားအမူအရာနှင့် ကြည့်သည်။ ထို့နောက် သူ့ကို မကျေမနပ်ဖြစ်ဟန်ဖြင့် ဆဲဆိုရေရွတ်သည်။

မဟာသာလသူဌေးသားသည် လဲကျနေရာမှ လူးလဲထသည်။ ကလေးတို့ကန်ကျောက်ထားသဖြင့် နာကျင်နေသော ခြေထောက်ကို ဆုပ်နယ် ပွတ်သပ်သည်။ ထို့နောက် ကလေးတို့ရန်ကိုကြောက်ရွံ့ဟန်ဖြင့် ခပ်လှမ်းလှမ်း ထိရောက်အောင် ပြေးသည်။ ပြီးလျှင် ကလေးတို့အရိပ် အခြည်ကိုစောင့်ကြည့်လျက် ခပ်ဖြည်းဖြည်းလမ်းလျှောက်သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com


ကလေးတို့သည် လာရောက်ဟန့်တားသူများကို မကျေမနပ်သော်လည်း ဆက်လက်ဒုက္ခပေးလျှင် ဆုံးမတော့မည့်အသွင်ရှိ၍ငြိမ်နေသည်။ မဟာသာလသူဌေးသားသည် ကလေးတို့နှင့်ဝေးရာပြေးလေဟန်ဆောင်သော်လည်း သူတို့ကိုမျက်ခြည်ဖြတ်မထားခဲ့။ သူ့ပါရမီကိုကူညီဖြည့်ဆည်း မည့်သူများဟု မှတ်ယူလျက်သွားလိုက်၊ ရပ်လိုက်လုပ်နေသည်။ သူဌေးသားသည် ရွာပြင်သို့တရွေ့ရွေ့ထွက်ခဲ့သည်။ ဤရွာမှအထွက်တွင် သချိုင်းထိတော့ လူကြီးတွေက လိုက်ပါစောင့် ရှောက်လိမ့်မည် မဟုတ်။ ဤသို့ဟန့်တားမည့်သူမရှိလျှင် ကလေးတွေက သူ့ကိုစိတ်ကြိုက်ဒုက္ခ ပေးလိမ့်မည်။ သူသာ သည်းခံဖြည့်ကျင့်ဖို့လိုသည်။

သချိုင်းစပ်မရောက်မီပင် ဒုန်းစိုင်းအော်ဟစ်လိုက်လာသည့် ကလေးအုပ်ကိုလှမ်းမြင်သည်။

''အရူးကြီး၊ ရပ်စမ်း...အဲဒီနေရာမှာရပ်စမ်း''

''မျောက်အိုကြီးရာ မင်းလားတို့လက်ကလွတ်မှာ...''

''သူတောင်းစားရာ...မင်းကိုနောက်တစ်ခါ ဒီရွာထဲမလာဝံ့အောင် ဆုံးမရမယ်...ပညာပေးရမယ်''

သူဌေးသားသည် ဆဲဆိုးကြိမ်းမောင်းလိုက်လာသည့် လူမိုက်လူရမ်းကားလေးများကို ငေးကြည့်နေသည်။ သူတို့တစ်တွေသည် မိမိအား အပျော်တမ်းနှိပ်စက် ဟားတိုက်ဖို့ စိတ်အားထက်သန်နေသည်။ သူတို့ကို တားမြစ်မည့်သူမရှိ။ ပိတ်ပင်မည့်သူမရှိ။ သို့ဆိုလျှင် သူတို့က စိတ်ကြိုက်ဒုက္ခပေးတော့မည်။ မိမိဖြည့်ဆည်းသည့် ဥပေက္ခာပါရမီပြည့် ဝတော့မည်ဟု နှလုံးပိုက်လျက်ငုတ်တုတ်ထိုင်လိုက်သည်။ အနီးတွင် တွေ့ရသော လူခေါင်းခွံတစ်ခုကို ကောက်ယူ ခေါင်းအုံးလျက် တုံးလုံးလှဲနေလိုက်သည်။

''သင်တို့သည် ငါ့အားရိုက်လိုကရိုက်လော့...ပုတ်ခတ်လိုက ပုတ်ခတ်လော့...ငါသည် သင်တို့ပြုသမျှကို မြေကြီးအလား သည်းခံနေတော့အံ့''

ကလေးတစ်သိုက်သည် သူဌေးသားရှိရာသို့ ဝိုင်းအုံစုပြုံရောက်လာသည်။ သူဌေးသားသည် သူတို့၏ ငြိုးသူရန်ဘက် မဟုတ်ပါဘဲလျက် အငြိုးကြီးစွာဖြင့် ကန်ကျောက်သည်။ တံတွေးနှင့်ထွေးသည်။ ချွဲကန်းဟပ်လျက် မျက်နှာကိုပက်သည်။ ဤသို့ကိုယ်ထိလက်ရောက်စော်ကားရုံမက အယုတ္တအနတ္တဆဲရေးသည်။ ဆဲရေး၍ပြီးပြန်တော့ ခဲတွေနှင့်ကောက်ပြီး ထုနှက်ပြန်သည်။ ကလေးတစ်သိုက်၏ ရိုက်ပုတ်ကန်ကျောက်မှုဒဏ်ကြောင့် သူသည် မေ့မျော သွားသည်။ ထိုအခါမှ ကလေးတွေ ကျေနပ်သွားသည်။ လူသေအလား သစ်ကိုင်းတွေချိုးလျက် ဖုံးလွှမ်းပေးပြီး ပြန်သွားတော့သည်။

သူဌေးသားသည် ဘယ်နှယ်ရက်ခန့်မေ့မျောနေသည် မသိ။ အသုဘချရန် သချိုင်းသို့ လူတွေရောက်လာမှ သူဌေးသားကိုတွေ့သည်။ မေ့နေသည့် သူဌေးသားကို သတိပြန်ရအောင်ပြုစုပေးပြီး၊ ထိခိုက်အနာတရဖြစ်နေသည့် ဒဏ်ရာများကို ကုသပေးသည်။

''ဒီလောက်သည်းခံနိုင်တဲ့ ပုဂ္ဂိုလ်မျိုးမတွေ့ဖူးဘူး။ ကလေးတွေ စော်ကားသမျှ ခေါင်းငုံ့ခံတယ်...''

''သူက အရူးလား...''

'''ဘယ်ကအရူးဟုတ်ရမှာလဲ...တရားအကျင့်သီလရှိတဲ့ ပုဂ္ဂိုလ်၊ ခန္တီတရားရှိတဲ့ ပုဂ္ဂိုလ်''

''ကြည့်ရတာတော့ ဖြစ်ပျက်ခဲ့သမျှကို သူ့ဘာမှမသိသလိုပဲ။ နာကျင်မှုမရှိသလိုပဲ''

''ဒီလောက်ထုရိုက်နေတာ မနာကျင်ဘဲတော့ရှိမလားကွ။ ပုဂ္ဂိုလ်ထူးဆိုတော့ သည်းခံနိုင်တာပေါ့။ သေလောက်တဲ့ ဒဏ်ရာရပေမယ့် မသေတာထောက်ရင် တန်ခိုးရှင်ဖြစ်မယ်...''

''တန်ခိုးရှင်...ဟုတ်လား၊ ဒါဆိုကလေးတွေတော့ အန္တရာယ်ပဲ၊ သူတော်ကောင်းကိုပြစ်မှားမိပြီ''

''ဟုတ်တယ်၊ တောင်းပန်သင့်တယ်။ ကလေးတွေကို တောင်းပန်ခိုင်းရမယ်...''

''တစ်သက်လုံးဆုံးမ,မရတဲ့ ဒီကလေးတွေက တောင်းပန်မယ်လို့ ထင်သလား၊ ဝေးသေးတယ်။ ကလေးတွေကြောင့် တစ်ရွာလုံး အပြစ်မရောက်အောင် တို့များကပဲ ကိုယ်စားတောင်းပန်ကြရအောင်''

www.burmeseclassic.com

www.burmeseclassic.com


လူတစ်စုသည်အချင်းချင်း ညှိုးနှိုင်းတိုင်ပင်ပြီး သူ့ထံသို့ရိုကျိုးနှိမ့်ချသည့် အမူအရာနှင့် ချဉ်းကပ်သည်။ အလေးအနက် စကားဆိုသည်။

''မြင့်မြတ်သောပုဂ္ဂိုလ်ခင်ဗျာ…ကလေးတွေဟာ မလိမ်မိုး၊ မလိမ္မာ လို့ပြုမှား၊ ပြစ်မှားရှိကြပါသည်။ ဒီအတွက် စိတ်မဆိုးဖို့အနူးအညွတ် တောင်းပန်ပါတယ်…''

''ခွင့်လွှတ်ပါတယ်၊ သူတို့အပေါ်မှာ စိတ်မကွက်ပါ''

''ဒါတကယ်ပါလား ခင်ဗျား။ ဒီလိုဆိုရင် ကျွန်တော်တို့ရဲ့ပူဇော်မှုခံယူပါ''

''မလိုပါဘူး၊ သင်တို့မကြောင့်ကြပါနဲ့။ ငါဟာ ပါရမီဖြည့်နေတာပဲ''

ကျေးရွာသားများသည် နားမလည်နိုင်သည့် အမူအရာဖြင့် ကြည့်နေကြသည်။ အပြစ်ကျူးလွန်သည်ကို ခွင့်လွှတ်နိုင် သည့်အပြင်၊ သူတို့၏ အပူဇော်ခံမှုကိုငြင်းပယ်လိုက်၍ အံ့သြနေသည်။ ဘုရားလောင်း သူဌေးသားကမူ ရန်သူကိုခွင့်လွှတ် အကြည့်နှင့် ကြည့်နိုင်သကဲ့သို့ မိမိ အပေါ်မြတ်နိုးသူတို့အပေါ်တွင်လည်း တွယ်တာမှုမရှိ။ မဟာသာလ သူဌေးသား၏ စိတ်တွင် ချစ်ခြင်း၊ မုန်းခြင်းမရှိ။ ဆင်းရဲစဉ်ကလည်း မကြောင့်ကြ၊ ချမ်းသာတော့လည်းမပူပင်။ ရှိန့်ခွင်သဖွယ် ညီညာစိတ်ဖြစ်သည်။

သူငယ်တို့သည် မဟာသာလသူဌေးသားကို တံတွေးနှင့်ထွေးသည်။ ရိုက်ပုတ်ကန်ကျောက်သည်။ အကြောင်းမဲ့ နှိပ်စက် သည်။ ယင်းအတွက် သူငယ်တို့ကိုမုန်းစိတ်မဝင်။ အကြင်နာစိတ်ဖြင့် သူဌေးသားကိုလာစောင့်ရှောက်ကြသည်။ အဝတ်အထည်တွေပေးကြသည်။ အစားအစာတွေ ကျွေးကြသည်။ ယင်းသို့ ချမ်းသာမှုကိုဆောင်သော်လည်း တွယ်တာ စိတ်မရှိ။

ဤသို့မြတ်သော ဥပေက္ခာပါရမီကျင့်သည်ကိုမြင်သော် ရွာသူရွာသားများက ရင်သပ်ရှုမောမ်းသည်။ ကြောက်မက် ဖွယ်ကောင်းလောက်အောင် အကျင့်ရှိပါပေ၏ဟု ချီးကျူးလျက်၊ ကြက်သီးဖြန်းဖြန်းထကုန်တော့သည်။ ပါရမီရှင် သူဌေးသားကမူ တုန်လှုပ်ခြင်းကင်းစွာ၊ တွယ်တာခြင်းကင်း စွာဖြင့် ထိုနေ့ညမှာပင် အရပ်တစ်ပါးသို့ ထွက်သွားလေတော့သည်။

ကျမ်းကိုး။ ။ မဟာလောမဟံသစရိယ။

❖ ❖ ❖

www.burmeseclassic.com

# ဥပေက္ခာမျက်ဝန်း

မဂဓတိုင်း၊ မဟာတိတ္ထရွာနေ ကပိလပုဏ္ဏားသည် ပဉ္စည်းဥစ္စာ (၈၇) ကုဋေကြွယ်ဝသူဖြစ်သည်။ အနွယ်ကား ကဿပဖြစ်သည်။ ပုဏ္ဏားကြီး၏ဇနီးသည်မှ လွန်စွာချစ်ဖွယ်ကောင်းသည့် သားရတနာဖွားသည်။ ရုပ်ဆင်းသဏ္ဌာန်မှီလျက် ပိပ္ပလိဟုအမည်ပေးသည်။ အရွယ်ရောက်သော် ဥပဓိရုပ်အလွန်ကောင်းသည်။ ရုပ်အဆင်းရော၊ ပဉ္စည်းဥစ္စာပါပြည့်စုံသဖြင့် သမီးရှင်တိုင်းက လိုလားကြသည်။

မရှေးမနှောင်းမှာပင် မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့နေ ကောသိယ ပုဏ္ဏား၌သမီးရတနာထွန်းကားသည်။ တင့်တယ်သော အဆင်းအသရေရှိသဖြင့် ဘဒ္ဒကာပိလာနီဟု အမည်ပေးသည်။ သာဂလမြို့၏ကျက်သရေ ဆောင်သူအဖြစ် ထင်ပေါ်သည်။

ထိုနှစ်ဦးသည် ဗြဟ္မပြည်မှစုတေလာသူများဖြစ်၍ လောကီအာရုံကာမဂုဏ် ခံစားလိုစိတ်ကင်းသည်။ ရာဂခေါင်းပါးသည်။

သူတို့အရွယ်ရောက်သော် မိဘများက မျိုးဆက်အမွေထိန်းသိမ်းရန် အိမ်ရာဆောင်နှင်းစေလိုသည်။

“ချစ်သား ပိပ္ပလိ၊ သားဟာ အသက် (၂၀)အရွယ်ရောက်ပြီဆိုတော့ အိမ်ထောင်ပြုသင့်ပြီ၊ နှစ်သက်သူရှိရင် ညွှန်ပြလော့”

သားကိုအိမ်ထောင်ချပေးလိုသဖြင့် စကားကမ်းလှမ်းသည်။ သားဖြစ်သူ ပိပ္ပလိကနှစ်လိုစွာပြုံးလျက် ခေါင်းကိုဖြည်းလေးစွာခါယမ်းသည်။

“ကျွန်တော် အိမ်ထောင်မပြုလိုပါ”

“ဟေ…ဒါဆို”

“အဖေနဲ့ အမေအသက်ရှည်သမျှ အလုပ်အကျွေးပြုနေချင်ပါတယ်”

“ဒီစကားကတော့ ဝမ်းသာစရာပဲ။ ဒါပေမယ့် အဖေတို့အမေတို့မရှိရင် လောကအလယ်မှာ သားတစ်ယောက်တည်း ကျန်ရစ်မှာပေါ့။ အဖော်ရှိဖို့လိုတယ်သား”

“အဖေတို့ အမေတို့မရှိတော့ရင် ရဟန်းပြုလိုက်မှာပါ”

“အိုး…မင်းရဲ့အတွေးက တို့မျိုးဆက်ကိုဖြတ်မယ့်အတွေးပဲ။ စဉ်း စားပါဦး”

မိဘနှစ်ပါးက အိမ်ထောင်ပြုရန် တိုက်တွန်းသည်တွင် ပိပ္ပလိသည် ငြင်းပယ်ခဲ့သည်။ သို့သော် လေးငါးရက်တစ်ကြိမ် တိုက်တွန်းမြဲတိုက်တွန်းသည်။ ပိပ္ပလိအနေနှင့် ကာမဂုဏ်ကိုငြီးငွေ့သော်လည်း မိဘစကားကို ဖီဆန်ဖယ်ရှားသည့်သဘောဖြစ်နေ၍ စိတ်မချမ်းသာ။ သူလည်းဝမ်းသာ၊ မိဘလည်းစိတ်ချမ်းသာရေးတွေးလျက် ရွှေစင်နိက္ခ တစ်ထောင်ယူပြီး ကျွမ်းကျင်သူအား မိန်းမရုပ်ထုစေသည်။ နတ်သမီးတမျှ လှပသည့် ရွှေစင်ရုပ်လေးကို အဝတ်တန်ဆာဆင်ယင်ပြီး မိခင်ထံ ယူသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ၊ သားကိုအိမ်ထောင်ပြုစေချင်တယ်မို့လား…"

"မေးမျှားမေးနေရသေးလား သားရယ်…"

"သားအိမ်ထောင်ပြုရင် အမေတို့စိတ်ချမ်းသာမယ်မို့လား"

"အမှန်ပဲသား"

"ဒါဆို…ယောဒီလိုလှပတဲ့ မိန်းကလေးမျိုးရရင် သားအိမ်ထောင်ပြုမယ်…"

ဝိပ္ပလိက အသင့်ယူလာသော ရွှေစင်ရုပ်လေးကို မိခင်ကြီးကကြည့်သည်။ အိမ်ထောင်မပြုလိုသည့် အကြံနှင့်ကြံစည်လေမှန်း မိခင်ကြီးရိပ်စားမိသည်။ သို့သော်သား၏ဘုန်းကံကို မိခင်ကြီးယုံသည်။ သားဘုန်းကံကြောင့် သား၏ဖူးစာ ဖက်တွေ့နိုင်သည်ဟုတွေးပြီး၊ ပုဏ္ဏားရှစ်ယောက်ကိုခေါ်သည်။ အကျိုးအကြောင်းရှင်းပြလျက် ရွှေရုပ်နှင့်တကွ၊ လုံလောက်သောစရိတ်ပေးပြီး သတို့သမီးရှာလော့ဟုစေလေသည်။

ပုဏ္ဏားရှစ်ယောက်သည် ရွှေရုပ်ကိုသယ်ဆောင်လျက် တစ်မြို့ပြီး တစ်မြို့ဇမ္ဗူတစ်ဝန်းလုံးလှည့်လည်သည်။ သို့သော် ရွှေရုပ်နှင့်တူသူကို ရှာမရ။ သို့နှင့် မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့သို့ရောက်သွားသည်။ ရေဆိပ်သို့ရောက်သော် ရွှေရုပ်ကိုသင့်ရာတွင်ထားလျက် အသွားအလာကို စောင့်ကြည့်သည်။ ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ကြုံလိုက်ကြသည်။

"အိုး…အရှင်မရယ်၊ စိတ်ပူပြီးလိုက်ရှာလိုက်ရတာ၊ အရှင်မက ဒီရောက်နေတာကိုး"

အမျိုးသမီးငယ်တစ်ဦးသည် ရွှေရုပ်ကိုသက်ရှိလူအမှတ်ဖြင့် ဖမ်းကိုင်လျက်စကားပြောသည်။ သို့သော် လူမဟုတ်မှန်း သိ၍ ရှက်ကိုးရှက်ကန်းအမူအရာဖြင့် အံ့အားတသင့်ဖြစ်နေသည်။

"ဒီ…ဒီမယ်သူငယ်မ၊ သူငယ်မရဲ့အရှင်မက ဒီရွှေရုပ်နဲ့တူလား…"

"ဒီရုပ်…အဟင်းဟင်း၊ ရုတ်တရက်မြင်တော့ အရှင်မနဲ့တူတယ်လို့ ထင်လိုက်တာ၊ တကယ်တော့ အရှင်မက အဆတစ်ရာသာပါတယ်… ကိုယ်ရောင်ကလည်း ဆယ့်နှစ်တောင်ရှိတဲ့ တိုက်ခန်းမီးမထွန်းဘဲ လင်းတယ်.."

"ဟုတ်တယ်…"

"ကျွန်မကဘာမို့အပိုစကားပြောမှာလဲ။ ကိုယ်ရနံ့ကလည်း ကြုံမွှေးကြိုင်လှိုင်နေတာ ခုနစ်အိမ်လောက်ထိ ပျံ့နှံ့ပါ တယ်…ဒီဇမ္ဗူမှာတော့ အလှချင်းယှဉ်စရာမရှိပါဘူး"

ပုဏ္ဏားရှစ်ယောက် ဝမ်းသာသွားသည်။ သူတို့ရှာနေသည့် အလှရှင် တွေ့ပြီးဟုတွေးလျက် ထိုအထိန်းမိန်းမကို အဖော်ပြုလျက် ရွှေရုပ်အဆင်းရှိသည့် မိန်းကလေးအိမ်သို့ လိုက်သွားကြသည်။

"ဧည့်သည်တွေပါလား…ဘယ်အရပ်ကပါလဲ၊ ဘာကိစ္စများရှိပါသလဲ"

"ရွှေလမ်းငွေလမ်းဖောက်ဖို့ပါခင်ဗျာ။ ဒီအိမ်မှာ ရွှေအဆင်းနဲ့တူတဲ့ သတို့သမီးရှိကြောင်း သိရပါတယ်။ ကျွန်ုပ်တို့က မဟာတိတ္ထရွာက သူဌေးကြီးကပိလလွှတ်တဲ့ အောင်သွယ်တော်တွေပါ"

ပုဏ္ဏားတို့သည် လာရင်းကိစ္စကိုအကြောင်းစုံရှင်းပြပြီး၊ လက်ဆောင် အဖြစ်ပေးလိုက်သော ရတနာယန်းခိုင်များ ပေးလိုက်သည်။ ကောလိယပုဏ္ဏားသည် သတင်းစကားကြားရုံနှင့် အမျိုး၏မြတ်ခြင်း၊ ဘုန်းသမ္ဘာရှိခြင်း၊ ဥစ္စာခနေ ပြည့်စုံခြင်းကြောင့် သဘောညီညွတ်ပြီး လက်ဆောင်တို့ကို လက်ခံလိုက်သည်။ ထို့နောက်သမီးကိုခေါ်လျက် ပုဏ္ဏားတို့နှင့် မိတ်ဆက်ပေးသည်။ ဘဒ္ဒကာပိလာနီသည် အိမ်ထောင်သားမွေးမှုကို မလိုလားသော်လည်း မိဘစကားမပယ်ရှားလို၍ ငြိမ်နေလိုက်သည်။

ပုဏ္ဏားတို့သည် အကျိုးဆောင်၍ အောင်မြင်ခဲ့သဖြင့် ဝမ်းသာဖွယ် စကားပြန်ကြားခဲ့သည်။ ဝိပ္ပလိ၏မိဘများက ဝမ်းသာနေသော်လည်း ဝိပ္ပလိကမူ စိတ်ကျဉ်းကျပ်နေသည်။ အိမ်ထောင်မပြုချင်ပါပဲလျက် အိမ်ရာထောင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



အမှုပြုရတော့မည်ဟု တွေးလျက်ကြံရာမရဖြစ်သွားသည်။ နှစ်ဖက်မိဘများသဘောတူနေသော်လည်း ကာယကံရှင်များက လက်မခံလျှင် ပျက်ပြယ်နိုင်သည်ဟုတွေးလျက် စာတစ်စောင်ရေးပြီး၊ လူယုံတစ်ဦးကိုတိတ်တဆိတ်စေလွှတ်လိုက်သည်။

ချစ်နှမ ဘဒ္ဒကာပိလာနီ…

ငါဟာ လူ့ဘောင်မှာနေရတာ မပျော်မွေ့လို့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရဟန်းဝတ်ဖို့ ရည်ရွယ်ထားပါတယ်။ ဒါပေမယ့် မိဘများက အနိုင်ထက်စီစဉ်လို့ အကျပ်ရိုက်နေတယ်။ ဒါပေမယ့် ရဟန်းဝတ်ဖို့ အစီအစဉ်ကတော့ အပျက်မခံပါ။ အကယ်၍ထိမ်းမြားဖြစ်လည်းရဟန်းဝတ်မှာပါ။ အဲဒီအခါ စိတ်ဆင်းရဲရမှုက နှမငယ်သာဖြစ်လိမ့်မယ်။ ဒါကြောင့် အမျိုးတူအရွယ်တူ ယောကျာ်းတစ်ယောက်ကိုသာ လက်ခံထိမ်းမြားလိုက်ပါ။

ဝိပ္ပလိက ဤသို့စာစေသည့်နည်းတူ ဘဒ္ဒကာပိလာနီကလည်း စာတစ်စောင်ရေးပြီး လူလွှတ်ပို့နိုင်းသည်။ ထိုစာယူလာသူနှစ်ဦးသည် ခရီးလမ်းတွင် ဆုံတွေ့ကြသည်။ အချင်းချင်း နှုတ်ဆက်ပြောဆိုရင်း အကျိုးအကြောင်းမေးသော် အရှင်သခင်နှင့် အရှင်သခင်မတို့အရေးဖြစ်နေကြသည်။ သို့ဖြစ်၍ နှစ်ယောက်သားတိုင်ပင်ပြီး စာအိတ်ကိုဖွင့် ဖောက်ဖတ်ကြည့်ကြသည်။ နှစ်ဦးစလုံးက လောကကိုငြီးငွေ့၍ တောထွက်မည့်အကြံမှန်း သိသည်။ အရှင်နှင့် အရှင်မကား လိုက်ဖက်ညီသော မောင်နှံဖြစ်မည်ကိုလည်းကောင်း၊ တစ်မိသားနှင့် တစ်မိသားပေါင်းစည်းမိလျှင် တိုးတက်မည့်အရေးကို လည်းကောင်း မြော်မြင်လျက် အစီအစဉ် ပြောင်းလဲပစ်ရန်တိုင်ပင်သည်။

အစ်ကိုဝိပ္ပလိ…

နှမကို ကြင်ဖက်အဖြစ် ဆောင်နှင်းရန် နှစ်သက်ကြောင်းသိရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ အောင်သွယ်တော်တွေ သာဂလမြို့ရောက်လာတော့ အစ်ကိုရဲ့အကြောင်းကိုကြားရ သိရပါတယ်။ သတင်းစကားကြားရုံနဲ့ ရှေးရေစက်ကြောင့်ထင်ပါရဲ့ အစ်ကို၊ လူချင်းမမြင်ရပေမယ့် သံယောဇဉ်နှယ်ပတ် မြတ်နိုးအပ်ပါတယ်။ မကြာမတင်ခင်မှာ အစ်ကိုက နှမလေးကို လာရောက်သိမ်းပိုက်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ပတ်ဝန်းကျင်၏ဖေးကူမှုကြောင့် ဝိပ္ပလိနှင့် ကာပိလာနီသည် အိမ်ထောင်ဖက်အဖြစ်နှင့် ထိမ်းမြားဖြစ်ခဲ့လေ တော့သည်။

* * *

"နှမ ဘဒ္ဒကာပိလာနီ…"

"ပြောပါ အစ်ကို"

"ငါဟာ အိမ်ထောင်မပြုချင်လို့ နှမကိုတောင်းပန်ခဲ့တယ်…သင့်တော်တဲ့လူမြင်ရင် အိမ်ထောင်ပြုလိုက်ပါလို့ ရေးလိုက်တဲ့စာရခဲ့တယ်မို့လား…"

"ရှင်…ဟိုဒင်း၊ အဲဒီသဘောရေးခဲ့လို့လား။ ကျွန်မရေးတဲ့စာမှာလည်း အစ်ကို့ကိုသင့်တော်တဲ့ အိမ်ရှင်မလောင်းရှာပါ။ ကျွန်မ အိမ်ထောင်မပြုချင်ပါလို့ ရေးလိုက်တာ"

"ဟုတ်ရဲ့လား…ဒါပေမယ့်အစ်ကိုရတဲ့စာက…သြော်…အင်း၊ အင်း၊ ဟုတ်ပြီ…တွေးမိပြီ။ အများကလည်း မင်္ဂလာ ပေါင်းဖက်စေချင်တဲ့ဆန္ဒရှိ၊ တို့နှစ်ဦးကလည်း ရှေးရေစက်ပါ၊ ကြမ္မာကဖန်တီးလာတော့ အိမ်ထောင်ရှင်တွေ ဖြစ်လာကြပြီ။ ဒါပေမယ့် တကယ့်အိမ်ထောင်သည်ဘဝအရသာကို မခံစားချင်လို့မို့လား"

"ဟုတ်ပါတယ်…"

ဝိပ္ပလိနှင့် ဘဒ္ဒကာပိလာနီသည် အခြေအနေအရဖြစ်လာသော ဘဝကိုသွေဖည်လျက်၊ မိမိတို့ဖြစ်လိုသည့်ဘဝ တည်ဆောက်နိုင်ရန်တိုင်ပင်သည်။ တစ်ဦးနှင့်တစ်ဦးရာဂစိတ်ဖြင့် မဆက်ဆံဘဲ၊ မိဘများအလိုကျ အိမ်ထောင်သည်ဘဝကို ဟန်ဆောင်နေထိုင်ကြရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညအခါအိပ်ရာဝင်တော့ ဝိပ္ပလိသည် ပန်းကုံးတစ်ကုံးယူလာသည်။ ကာပိလာနီကလည်း ပန်းကုံးတစ်ကုံးယူလာသည်။ အိပ်ရာထက်အတူအိပ်သော်လည်း အလယ်တွင်ပန်းကုံးများချထားသည်။ မိမိဘက်မှပန်းကုံး ညှိုးနွမ်းလျှင် မိမိသည်ရာဂစိတ်ဖောက်ပြန်သည်ဖြစ်၍ စွန့်ခွာမည်ဆိုက စွန့်ခွာသွားကြစတမ်းသဘောတူကြသည်။ ညဥ့်အခါတွင် တစ်ဦးနှင့် တစ်ဦးကိုယ်လက်မထိပါးဘဲ အိပ်စက်ကြသော်လည်း နေ့အခါတွင်မူ မိဘများအလိုကျပြောဆိုဆက်ဆံကြသည်။

မိဘနှစ်ပါးက မရိပ်စားမိ။ ဘယ်နေ့ဘယ်အခါတွင် မြေးကိုချီမရလေမလဲ…ဘယ်သောအခါ အမွေဆက်ခံရမည့် မျိုးဆက်ပေါ်ထွန်းလာ လေမလဲဟု စောင့်မျှော်ခဲ့သည်။ သို့သော် မျှော်ရင်းမျှော်ရင်းဖြင့်သာ မိဘများရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားသည်။

ဝိပ္ပလိနှင့် ဘဒ္ဒကာပိလာနီသည် မိဘများကွယ်လွန်သည့်အတွက် ဝမ်းသာရခက်၊ ဝမ်းနည်းရခက်ဖြစ်ရပြန်သည်။ သူတို့နှစ်ဦး ကြံရွယ်ထားသည့် ရသေ့ရဟန်းပြုနိုင်တော့မည်ဟု ဝမ်းသာခဲ့လျှင် မိဘများသေသည်ကိုပင် ဝမ်းသာရသလော…ဟု တွေးတောစရာ။ ဆန္ဒအတိုင်းဖြစ်လာပြီ ဆိုသော်လည်း သံယောဇဉ်ဖြတ်ဖို့ခက်သည်က မိဘလက်ငုတ်လက်ရင်း စီးပွားရေးတွေက ကျန်နေသည်။ ဖခင်သူဌေးကြီးထံမှ အသပြာငွေ (၈၇) ကုဋေအပြင်၊ လယ်တွေက အမြောက်အမြား။ ရုတ်တရက်စွန့်ပယ်သွားရန်ခက်နေသည်။ သို့နှင့် ဟန်မပျက်ဆက်နေရပြန်သည်။ တစ်ခါတစ်ရံတွင်မူ ဖခင်ကြီးပြောပြသည့်စကားများက ဟုတ်နိုးနိုးထင်မိသည်။

''ဒီလိုသားရဲ့၊ တို့ပြဟ္မဏတွေရဲ့ ယဉ်ကျေးမှုအရ ကာယကံမြောက် ဇနီးမောင်နှံအဖြစ် ဆက်ဆံသည်ဖြစ်စေ… မဆက်ဆံသည်ဖြစ်စေ… အဖိုနဲ့အမဆိုတာ အစုံလိုက်ရှိရတယ်''

ဖခင်စကားကြောင့် ဝိပ္ပလိကနားမလည်ဟန်ဖြင့် ကြောင်တောင်တောင်ကြည့်သည်။ ဖခင်ကြီးက အဓိပ္ပာယ်ပါပါ တစ်ချက်ပြုံးသည်။

''တို့များက ဘုရားလို့ယူထားတဲ့ ပြဟ္မာကြီးရှိတယ်။ အဲဒီပြဟ္မာကြီးရဲ့ဇနီးက သူရဿတီ၊ နောက်ပုဂ္ဂိုလ်ကြီးက ဗိဿနိုး၊ ဗိဿနိုးရဲ့ဇနီးက လက္ခမီး။ နောက်ပုဂ္ဂိုလ်ကြီးက သီဝ။ သီဝရဲ့ဇနီးက ပရ်ဝတီ၊ ဟုတ်တယ်နော်…''

ဖခင်၏စကားကိုယောင်နနနှင့် ခေါင်းညိတ်မိသည်။

''အဲဒီပြဟ္မာကြီးဟာ ကာလသုံးပါးတွင်ဖြစ်ခြင်းကို တာဝန်ယူရတယ်။ လူတွေပေါက်ဖွားတာ ပြဟ္မာကြီးတာဝန်။ သတ္တဝါမှန်သမျှ ဖြစ်လာအောင် ပြဟ္မာတာဝန်ယူရတယ်။ အေး…တို့များရပ်တည်ဖို့ကို တော့ ဗိဿနိုးကတာဝန်ယူတယ်။ ပျက်ခြင်းကျတော့ သီဝကတာဝန်ယူ တယ်။ ဒီတော့တို့များရဲ့ ယဉ်ကျေးမှု အစဉ်အလာအရ ဖြစ်ခြင်း၊ တည်ခြင်း ပျက်ခြင်းဟာ ဘုရားတွေအလိုကျဖြစ်လာရတာ…ငြင်းဆန်လို့မရဘူး။ ငြင်းဆန်ရင်ပြဟ္မာကြီးရဲ့ဆန္ဒကိုဆန့်ကျင်တာ…မလိုလားရင် ဗိဿနိုးရဲ့အဆုံးအမကိုမလိုလားတာ…ဖီဆန်ရင် သီဝဘုရားရဲ့ဆန္ဒတော်ကိုသွေဖည်တာ…''

ဖခင်ကြီးသည် ဝိပ္ပလိနှင့် ဘဒ္ဒကာပိလာနီ၏ဆန္ဒနှင့်ဘဝကို ပုံစံချလျက် လိုရာအခြေအနေဆိုက်အောင် ဖန်တီးပေးခဲ့သည်။ ပုံစံခွက်ထဲမှဘဝအတိုင်း မလှုပ်သာမလူးသာနေခဲ့ရသည်။ မိဘများဆုံးပါးချိန်တွင် ပုံစံခွက်ထဲမှခုန်ဆင်းဖို့ ကြံရွယ်သော်လည်း မခုန်သာသေး။ ဖြစ်ချင်သည့်ဘဝ မထူထောင်နိုင်သေး။ မိဘများ၏အရိပ်က လွှမ်းမိုးနေဆဲပင်။

* * *

ဖခင်ကြီးကပိုလထားခဲ့သည့် လယ်ယာချောင်းမြောင်းတွေကို စွန့်လွှတ်မည်ဆိုက စွန့်လွှတ်နိုင်သည်။ သို့သော်သူတို့ကို အမှီပြုနေသည့် လယ်ယာအမှုလုပ်၊ ဆင်ထိန်း၊ မြင်းထိန်း၊ နွားထိန်း၊ ကျွဲထိန်းအင်အား မနည်းလှ။ အားလုံး ကသောင်းကနင်း ဖြစ်ကုန်နိုင်သည်။ ကြည့်လေ… လယ်ယာတွေအတွက်ရေကဲ့ယူရန် တည်ဆောက်ထားသည့် တစ်ဖက်ဆည်ကန် ခြောက်ဆယ်။ ဒီဆယ်တွေစောင့်ရှောက်ရန်ခန့်ထားသည့်က အဝန်း(၁၂)ယူဇနာရှိအရပ်၌ ပြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနုရာဓမြို့ ပမာဏရှိသည့် ဆင်ထိန်းတို့နေသည့် ရွာက(၁၄)ရွာ၊ မြင်းထိန်းရွာက(၁၄)ရွာ၊ ရထားထိန်းရွာက(၁၄)ရွာ။ ဤရွာနေသူတွေ၏ဘဝက သူ့အပေါ်တွင် မှီနေသည်။ သူတို့ကိုငဲ့လျက် ရုန်းမထွက်သာဘဲဖြစ်နေသည်။

တစ်နေ့တွင် အခြံအရံများနှင့်အတူ ရထားစီးလျက် အလုပ်များကို စေ့ဖန်ဆော်ဩရန်တောသို့သွားသည်။ လယ်ကွင်းသို့ဆင်းသည်။ ကန်သင်းရိုးပေါ်မှရပ်လျက် လုပ်ငန်းခွင်အခြေအနေကို ကြီးကြပ်နေချိန်တွင် ပိပ္ပလိ၏မြင်ကွင်း၌ တစ်စုံတစ်ခုပေါ်လာသည်။

"ဟဲ့၊ ဟိုမှာကျေးငှက်တွေက ဘာလိုက်ကောက်စားနေတာလဲ"

"သြော်…ပိုးကောင်တွေပေါ့သူဌေး။ ထယ်တိုးတော့ မြေကြီးခဲနဲ့အတူ ပေါ်လာတဲ့ပိုးကောင်လေးတွေရှိတယ်။ အဲဒါကောက်စားနေတာပါ"

"အို…"

ပိပ္ပလိရင်ထဲ စူးနစ်သွားသည်။ ကြီးနိုင်ငယ်ညှဉ်းအဖြစ်ကြောင့်လော…အဘယ်အတွက်ကြောင့်လဲဟု ဝေဖန်စဉ်းစားသည်။

"နေ…နေဦး။ ဒီကိစ္စ၊ ဒီမကောင်းမှုက ဘယ်သူနဲ့စပ်သလဲ"

"ဒီလယ်၊ လယ်ကထွက်တဲ့ သီးနှံကအရှင်သာ ပိုင်ဆိုင်တော့ ဖြစ်သမျှဟာ အရှင်နဲ့သာစပ်ပါတယ်"

"သြော်…ငါ့အကျိုးအတွက် သတ္တဝါတွေသေကျေပျက်စီးရပါကလား။ ဒါဆိုငါလုပ်နေတဲ့အမှုက ဘယ်မှာကောင်းကျိုးဖြစ်တော့မလဲ။ မကောင်းမှုတွေ နေ့စဉ်ကျူးလွန်မိတဲ့ ငါဟာဒီလောကထဲမှာနေလို့ကော ဘာဖြစ်လာမှာလဲ၊ အကုသိုလ်သာ တိုးပွားဖို့အကြောင်းရှိတယ်"

ပိပ္ပလိသည် ဤသို့တွေးမိသည်နှင့် ရဟန်းဘဝကူးပြောင်းရန်ဆုံးဖြတ်ပြီး လယ်တောမှချက်ချင်းပြန်ခဲ့သည်။ ထိုအချိန်မှာပင် ကပိလာနီသည်လည်းအလားတူ သံဝေဂဖြစ်ခဲ့သည်။ အိမ်ရှိနှမ်းတို့ကို နေပူလှန်းစဉ် နှမ်းထဲမှ ပိုးကောင်မွှားကောင်တို့ကို ကျေးငှက်တို့က လာရောက် ကောက်စားကြသည်။ သတ္တဝါသေကြေခြင်းမှ သူ့ပယောဂမကင်းဟုတွေးလျက် သံဝေဂဖြစ်နေသည်။

"နှမ…ဘဒ္ဒကာပိလာနီ"

"ပြောပါမောင်ကြီး"

"သင့်မိဘအိမ်ကရောက်လာစဉ် အဘယ်မျှ စီးပွားပါလာသလဲ"

"ဘာဖြစ်လို့လဲမောင်ကြီး။ အသပြာငါးသန်းငါးသိန်းပဲ ပါပါတယ်"

"တခြားအတွေးမမှားပါနဲ့။ အဲဒီငွေရော၊ ငါ့မိဘလက်ထက်က ကျန်ခဲ့တဲ့ ငွေ(၈၇)ကုဋေကိုပါ သင့်ကိုပေးအပ်ခဲ့ပါ့မယ်။ ငါကတော့ လောကီအာရုံကို မခင်တွယ်လို့ ရဟန်းပြု တောထွက်တော့မယ်…"

သံဝေဂဖြစ်ပွားခဲ့သော ဇနီးမောင်နှံနှစ်ဦးသည် ညစာအတူသုံးဆောင်ပြီးချိန်တွင် နှစ်ယောက်တည်းအေးအေးလူလူ စကားပြောဖြစ်သည်။ ထိုစဉ် ပိပ္ပလိက သူဆုံးဖြတ်ချက်ကိုဖွင့်ဟပြောသည်။ ကာပိလာနီကိုယ်တိုင်ကလည်း အခွင့်သင့်နိုက် ပြောလိုက်မည်ဟု ကြံစည်နေချိန်တွင် လင်သားထံမှစကားကြားရ၍ အားတက်သွားသည်။ အခွင့်သင့်တုန်း သူလည်း ရဟန်းလုပ်ရန်ဆုံးဖြတ်ထားကြောင်း အကျိုးအကြောင်းရှင်းပြသည်။ သို့နှင့် ပိပ္ပလိဇနီးမောင်နှံသည် ဖန်ရည်စွန်း အဝတ်၊ သပိတ်နှင့် ပရိက္ခရာရှစ်ပါးကို ဈေးမှ သိုသိုသိပ်သိပ်ဝယ်သည်။ တစ်ဦးဆံပင်ကို တစ်ဦးရိတ်ပေးပြီး လောက၌ရှိသော ဘုရားရှင်နှင့် ရဟန္တာကိုရည်စူးလျက် ရဟန်းပြုသည်။ ထို့နောက်တစ်စုံတစ်ဦးကိုမျှ အသိမပေးဘဲ ပြာသာဒ်ထက်မှ ဆင်းလာကြသည်။ သို့သော် မိုးလင်းချိန်တွင် အရှင်နှစ်ပါး မရှိတော့ကြောင်း သိလိုက်သည့် ကျေးကျွန်များက အပူတပြင်း လိုက်ရှာကြသည်။ ကျေးကျွန်တို့၏ရွာများမလွန်မီပင် မီလာကြ၍ ခြေထောက်ဖက်တောင်းပန်ကြသည်။

www.burmeseclassic.com



"အရှင်သခင်တို့ရယ်…ကျွန်တော်ကျွန်မတို့ကို မှီခိုရာမဲ့တဲ့ဘဝနဲ့ မထားခဲ့ပါနဲ့။ အသင့်မဖြစ်သေးခင် ဘဝမပျက်စီးပါရစေနဲ့"

"အမောင်တို့၊သင်တို့ဘာကိုကြောင့်ကြလဲ။ ငါတို့ရှိနေတော့လဲ ဘယ်လောက်ကြိုးစား…ကြိုးစား နောင်အနှစ်တစ်ရာတိုင် ငါ့ကျွန်အဖြစ်ကလွတ်နိုင်မှာ မဟုတ်ဘူး။ ငါတို့မရှိတော့ ကျွန်ဘဝကလွတ်ရုံသာမက ငါထားတဲ့ပစ္စည်းနဲ့ ဘဝရပ်တည်လို့မရပေဘူးလား"

"ဒါပေမယ့်…"

"အခြားအခြားတွေးမနေပါနဲ့၊ ငါတို့ရဲ့သွားလမ်းကိုလည်း မပိတ်ပင်ကြပါနဲ့"

အရှင်နှစ်ပါးသည် ကျေးကျွန်များ၏သံယောဇဉ်၊ ပစ္စည်းသံယောဇဉ်ကို အပြီးဖြတ်လျက်၊ ထိုသူတို့နှင့် ဝေးရာတောဝနာသို့ ချဉ်းကပ်ခဲ့လေတော့၏။

* * *

"အရှင်မ ဘဒ္ဒကာပိလာနီ"

"မိန့်ပါဘုရား…"

"သင်နဲ့ ငါဟာသံယောဇဉ်ပြတ်တယ်ဆိုပြီး တောရပ်ခိုဝင်ခဲ့ပေမယ့် တစ်ဦးနဲ့ တစ်ဦးမခွဲဘဲ၊ အတူတူသွားလာနေရင် ဘေးအမြင်မှာ မတင့်တယ်"

အရှင်နှစ်ပါးသည် တောလမ်းအတိုင်းအတူတူထွက်လာရာ၊ တစ်ခု သောနေရာအရောက်တွင် ခေတ္တရပ်နားသည်။ ထိုသို့ရပ် ခေတ္တနားခိုက်တွင် အတွေးတစ်ခုထင်လာ၍၊ ဖွင့်ဟစကားဆိုလာသည်။

"အချင်းဘဒ္ဒကာပိလာနီ၊ သင်နဲ့ငါဟာသံသရာတစ်လျှောက်မခွဲဘဲ တတွဲတွဲနေလာကြတာများပြီ။ သံယောဇဉ်တွယ်နေသမျှ သံသရာခရီးက ရှည်နေလိမ့်ဦးမယ်၊ ဒါကြောင့် ဒီနေရာက အပြီးတိုင်ခွဲကြစို့"

"သင့်ပါတယ်အရှင်…အရှင်မြတ်နဲ့နေခဲ့စဉ်က ကျေးဇူးတရားကို ရှိခိုးခြင်းဖြင့်ပေးဆပ်ပါရစေ…အမှားတစ်ခုခုရှိရင်လည်း ခွင့်လွှတ်သည်းခံပါ"

ဘဒ္ဒကာပိလာနီသည် အရှင်ပိပ္ပလိ၏ခြေအစုံကိုဖက်လျက်ထိခြင်း ငါးဖြာနှင့်အညီ ဦးခိုက်ကန်တော့သည်။ ထို့နောက်လက်ျာရစ်သုံးပတ်ပတ်လျက် ကန်တော့သည်။ ထို့နောက်အရှင်မြတ်ကို ဖယ်ခွာလျက် လက်ဝဲလမ်းကိုရွေးသည်။ ပိပ္ပလိသည်လည်း အရှင်မကိုထားရစ်ပြီး လက်ျာလမ်းအတိုင်း ထွက်ခွာသည်။

အရှင်နှစ်ပါးသည် ဘဝများစွာသံသရာတွင် အတူယှဉ်တွဲလျက် တစ်ဦးအကျိုးတစ်ဦးသယ်ပိုးရင်း ချစ်ကြင်နာစွာ ပေါင်းလာခဲ့သည့်ဘဝကို အနားသပ်သည်။ နောင်တွင် ပြန်မဆုံတွေ့နိုင်သည့်အဖြစ်ကို ရွေးလျက် တစ်ဦးကိုတစ်ဦး စွန့်ခွာလိုက်ကြသည်။ ပိပ္ပလိသည် အရှင်မကိုမချစ်၍လည်းမဟုတ်။ မုန်း၍လည်းမဟုတ်။ ချစ်ခြင်း မုန်းခြင်းမရှိဘဲ၊ သတ္တဝါမှန်သမျှ ကိုယ့်ကံအရဖြစ်ရတာပေပဲဟု နှလုံးသွင်းလျက် စွန့်ခွာခဲ့ရာ ကမ္ဘာမြေပြင်က ကောင်းချီးပေးသည့် အနေဖြင့် အသံမြည်ဟစ်ကြွေးလေတော့၏။

* * *

အရှင်ပိပ္ပလိနှင့် အရှင်မကာပိလာနီသည် မြင့်မြတ်သူတို့ကြုံတွေ့ရသည့် မာန်နတ်၏ တပ်ကြီး(၁၀)တပ်နှင့် ဆုံတွေ့ခဲ့ရသည်။ ဤသည်မှာ လောက၏အကျိုးစီးပွားဆောင်သူတိုင်း ကြုံရသည့် အခြင်းအရာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမကြုံရသည်မှာ ကာမဂုဏ်တပ်ဖြစ်သည်။ အိမ်ထောင်သားမွေး ကိစ္စရှုံရှာသော်လည်း အခြေအနေအရ ကြုံရသည်။ အခက်အခဲပေါင်းများစွာ ကျော်လွှားလျက် ခုတော့ ကာမဂုဏ်တပ်ကို ဖောက်ထွက်နိုင်ခဲ့သည်။ ဒုတိယမြောက်တပ်က ဆီးကြိုနေသည်။

ဤတပ်သည် ရသဖြစ်သည်။ လုပ်ငန်းတိုင်းတွင် ရသရှိသည်။ ရသကိုတွေ့အောင်ရှာနိုင်ဖို့လိုသည်။ သံဝေဂ ဖြစ်လျက် တောထွက်လာခြင်းမှာ တောထွက်ခြင်း၏ရသကိုလမ်းစရရှိခြင်းဖြစ်သည်။ ဒုတိယတပ် ကျော်ဖြတ်နိုင်တော့ တတိယမြောက်တပ်က ဆီးကြိုစောင့်နေသည်။

ဤတပ်မှာ ဝေ်မွတ်ခြင်းဖြစ်သည်။ အရှင်နှစ်ပါးသည် ရှိသည့်စည်းစိမ်ကိုစွန့်ခဲ့၍ ပစ္စည်းလက်မဲ့ဘဝ ရောက်သွားပြီ။ ထိုအခါ ဝေ်မွတ်ခြင်း ကြုံတော့သည်။ အရှင်နှစ်ပါးသည် ဆွမ်းခံရသမျှနှင့် ရောင့်ရဲသည်။ တင်းတိမ်သည်။ အကောင်းအဆိုးကို တောင့်တခြင်းမရှိ၊ ကြုံလာသည့်အခက်အခဲကို အငတ်ခံလျက် တွန်းလှန်ခဲ့သည်။

ဤတွင် စတုတ္ထတပ်မဖြစ်သော ပျင်းရိခြင်းဟာ စောင့်ကြိုနေသည်။ လူသည် မိမိအတွက် သက်သာသလို အချောင်ခို နေခြင်းကို ချမ်းသာသည်ဟုထင်သည်။ ဤအထင်မှာ ယုတ်နိမ့်သူတို့အထင်ဖြစ်သည်။ တစ်ကိုယ်ကောင်းဆန်သူ တို့အထင်ဖြစ်သည်။ အရှင်နှစ်ပါးက ပျင်းရိခြင်းတပ်မကို ဖြိုနိုင်ခဲ့သည်။

ထိုအခါ ပဉ္စမတပ်ဖြစ်သော ထိနမိဒ္ဓကစောင့်ကြိုနေသည်။ လုပ်ငန်းပင်ပန်းသော် ငိုက်မျဉ်းခြင်းဖြစ်သည်။ ထိနမိဒ္ဓသည် အကုသိုလ်ဖြစ်သည်။ အရှင်နှစ်ပါးသည် ဤအကုသိုလ်ကို ကျော်လွှားနိုင်ခဲ့သည်။

ထိုအခါ ဆဋ္ဌမမြောက်တပ်မဖြစ်သော အကြောက်တရားက စောင့်ကြိုနေသည်။ စိတ်ဓာတ်အားငယ်သူသည် တာဝန်ကြီးယူရန် ကြောက်ရွံ့သည်။ ငါ့ကို အဓိကထားသူများကြောက်တတ်သည်။ ငါ့ကိုပယ်သတ်နိုင်က ကြောက်ရွံ့ခြင်း ကင်းလျက် မာရ်နတ်၏တပ်ကို အောင်နိုင်ပေသည်။

ထိုအခါ သတ္တမမြောက်တပ်မဖြစ်သော ဝိစိကိစ္ဆာကကြိုနေသည်။ ဤသည်မှာယုံကြည်မှု မခိုင်မြဲသမျှ မပြတ်သားမှု၊ နောက်ဆံတင်းမှု၊ တွေဝေမှု၊ သံသရာရှိမှုဖြစ်တတ်သည်။ ယုံကြည်မှုဖြင့် အရှင်နှစ်ပါးအောင် နိုင်ခဲ့ပြန်သည်။

ထိုအခါ အဋ္ဌမမြောက်တပ်မဖြစ်သော အောက်ခြေလွတ်မှုက ကြိုနေသည်။ မိမိလုပ်ငန်းအောင်မြင်လျှင် အောက်ခြေ လွတ်မှုဖြစ်တတ်သည်။ တချို့ကရောင်းရင်းများ ကျေးဇူးကြောင့် အောင်မြင်ခဲ့သည်။ ထိုအခါရောင်းရင်းများကိုမေ့ရနီး၊ အခွင့်အရေးတောင်းလာနိုးဖြင့် ထိုသူတို့၏ကျေးဇူးကိုကန်းတတ်သည်။ မိမိအနေအထားသည် ခိုင်မာပြီးမည်သူမှ မဖြိုဖျက်နိုင်ဟု ထင်တတ်သည်။ ဤသို့ အောက်ခြေလွတ်သော မာနတ်၏တပ်ကို အောင်နိုင်ခဲ့ပြန်သည်။

ထိုအခါ နဝမမြောက်တပ်မဖြစ်သော သာယာမှုကဆီးကြိုနေသည်။ မှန်ကန်သော စိတ်စေတနာဖြင့် လုပ်ငန်း ဆောင်ရွက်ရာ ယင်း၏အကျိုးများ အမှန်ပင်ရသည်။ လာဘ်လာဘ ပေါ်များလာသည်။ ဂုဏ်သတင်း ကျော်လာသည်။ ထိုအခါ ကျော်ကြားမှုအပေါ် သာယာစိတ်ဖြစ်လာသည်။ အရှင်နှစ်ပါးသည် ထိုတပ်မကိုအောင်မြင်စွာ နှိမ်နင်းနိုင် ခဲ့သည်။

ထိုအခါ ဒသမမြောက်တပ်မကြီးက ဆီးကြိုနေသည်။ ဤတပ်မှာ မိမိကတော်ကြောင်း၊ အခြားသူက မိမိလောက် မတော်ကြောင်း ပြော ဆိုခြင်းဖြစ်သည်။ အရှင်နှစ်ပါးသည် ထိုတပ်ကိုအောင်နိုင်ခဲ့သည်။

မာရ်နတ်၏တပ်မကြီး (၁၀)တပ်ကို ကျော်လွှားဖြတ်လာနိုင်သော ဝိပ္ပလိကိုဘုရားရှင်သည် ဝေဠုဝန်မှ သုံးဂါဝုတ် ခရီးဝေးကွာသော အရပ်မှလာကြိုနေသည်။ ဘုရားရှင်မှန်းသိအောင် ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက် ထိုင်နေသည်။ ဝိပ္ပလိသည် မြင်ရုံနှင့်ဘုရားရှင်မှန်းသိသဖြင့် ညွတ်တွားရိုကျိုးစွာဖြင့် ချဉ်းကပ်သည်။ "အချင်း ကဿပ လာလော့..."ဟု အနွယ်ကိုတပ်လျက် ကြိုဆိုသည်။ ရဟန်းအဖြစ် ဩဝါဒပေးလျက် စောင့်သိစေခြင်းဖြင့် ဘုရားရှင်၏သာသနာတော်တွင် ရှုတင်ဆောင် မဟာထေရ်ကြီးတစ်ပါး ပေါ်ထွန်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မဟာကဿပသည် မာရ်နတ်၏တပ်မကို တိုက်ရာတွင် အပြီးသတ်အောင်မြင်အောင် သီလ၊ သမာဓိ၊ ပညာကိုဖြည့်ဆည်းရ သည်။ သိက္ခာသုံးရပ်တွင် သီလသည် အရေးကြီး၏။ သီလခိုင်မှ သမာဓိပိုင်သည်။ သမာဓိခိုင်မှ ပညာထက်အောင်လုပ်ရသည်။ ပညာထက်မှ ရုပ်နာမ်ခန္ဓာမြင်သည်။ ထို့နောက် ရုပ်နာမ်ဓမ္မသင်္ခါရ၏ အဖြစ်အပျက်မြင်သည်။ ထိုသို့မြင်မှ ရုပ်နာမ်ကိုငြီးငွေ့ပြီး တပ်မက်ခြင်းကင်းသည်။ ထိုအခါမှ နိဗ္ဗာန်ကိုမျက်မှောက်ပြုသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုမှလည်း ရဟန်းကိစ္စပြီးသည်။

အရှင်မဟာကဿပသည် မိမိ၏အကျိုးကိုစွန့်လျက် လောကအကျိုး သယ်ပိုးရန် ရဟန်းဘဝကူးခဲ့သည်။ ထိုသို့ သယ်ပိုးရန် ပါရမီဖြည့်ဆည်းရသည်။ ဘဝများစွာ သံသရာ ရသည့်ဒုက္ခကိုမြင်၍ ပါရမီဖြည့်ဆည်းရာတွင် အထက်တန်းပုဂ္ဂိုလ်များသာ ကျင့်ကြံနိုင်သော ဥပေက္ခာပါရမီ ဖြည့်ဆည်းအောင်မြင်ခဲ့သည်။ ခုတော့ အရှင်မြတ်၏စိတ်တွင် ချစ်ခြင်း လည်းမရှိ၊ မုန်းခြင်းလည်းမရှိ။ အားလုံးအပေါ်တွင် တစ်ပြေးညီစွာ ထားနိုင်သော ဤစိတ်ကိုထားနိုင်၍လည်း ပါရမီဖြည့်ဖက် ဘဒ္ဒကပိလာနီ ကိုပင် ဥပေက္ခာပြုနိုင်သည်။ အရှင်မြတ်၏မျက်ဝန်းတွင် ဥပေက္ခာအရိပ် များသာလျှင် ထင်ဟပ်နေတော့သည်။

ကျမ်းကိုး။ ။ ဓမ္မိန္ဒပကာသနီ (တ) တွဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# မုန်းခြင်းချစ်ခြင်းအပြစ်ကင်းစွာ

နန်းကျဘုရင်ကြီးသည် လေးဘက်လေးတန့်တွင်ကာရံထားသည့် ကျောက်နံရံကြီးများကို ငေးကြည့်နေသည်။ သက်ရှိသတ္တဝါဆိုလျှင် ယင်ပင်ဝင်မရအောင် လုံခြုံသည့်အခန်း။ မှိန်လဲ့လဲ့အလင်းတန်းလေးတစ်ခုတိုးဝင်နေ၍သာ နေ့ဟူ၍လည်းကောင်း၊ ညဟူ၍လည်းကောင်း ခွဲခြားသိနိုင်သည်။ သို့သော် နန်းကျဘုရင်ကြီးအဖို့မူ နေ့ဖြစ်ဖြစ်၊ ညဖြစ်ဖြစ် မထူးခြားတော့။ ဤအခန်းကြီးကို ဟာလာဟင်းလင်းဖြစ်အောင် ဖွင့်လိုက်လျှင်လည်း အကြောင်းမထူးတော့။ လွတ်လပ်ခွင့်ပေးသည့်တိုင် ဝေဒနာ၏နှိပ်စက်မှုဒဏ်ကြောင့် မလွတ်လပ်နိုင်။ ရှေးအခါက လမ်းလျှောက်လျက် တရားနှလုံးဆင်ခြင်နိုင်သော်လည်း ခုအခါတရား ဆင်ခြင်ဖို့ပင် မစွမ်းတော့။ ဓားခွဲလျက် ဆားသိပ်ခံရသည့် ခြေထောက် များက အနာများဖြစ်နေပြီ။ မန်းလိုက်နေပြီ။ သွေးပုပ်နှင့် ပြည်များအောင်းလျက် ဖူးရောင်နေပြီ။ လမ်းလျှောက်ဖို့နေနေ သာသာ ဝေဒနာကြောင့် ညည်းညူနေရသည်။ ဝေဒနာပျောက်အောင် ဆင်ခြင်နေရသည်။ တစ်ခါတစ်ရံတွင်မူ အသိစိတ်ပင် ပျောက်လျက်မိန်းမောသွားသည်။

ဤမျှပြင်းထန်သော ဝေဒနာခံစားနေရသော်လည်း အပြစ်ရှာသူ ဘုရင်မင်းမြတ်အပေါ်ဗွေမယူ။ အပြစ်တင်စကားပင်လျှင် မဆို။ သားဟူသော ချစ်ခြင်းကြောင့် အရာရာကိုသည်းခံသည်။ ဆင်းရဲမှုဝေဒနာကို တရားအဖြစ် ပြောင်းလဲပစ်လျက် လောကဓံကိုရင်ဆိုင်ခဲ့သည်။

သည်သားကိုယ်ဝန်လွယ်ထားစဉ် မိဖုရားခေါင်ကြီးဖြစ်သည့် ဝေဒေဟီမိဖုရား၌ ကြီးစွာသောချင်ခြင်းဖြစ်သည်။ နန်းကျဘုရင်ကြီး၏ လက်မောင်းသွေးကိုသောက်လိုသည့် အာသီသပင်။ ထိုအကြောင်းကို မလျှောက်ရက်၍ မိဖုရားကြီးက မျိုသိပ်ထားသည်။ နေထိပန်းနွယ် ညှိုးကျနေသည့် မိဖုရားမျက်နှာမြင်၍ မေးမြန်းကြည့်သည်။ အကျိုးအကြောင်းသိသော် သားဟူသောချစ်ခြင်းဖြင့် လက်ရုံးသွေးကို ဖောက်တိုက်ခဲ့သည်။ ဤအခြင်းအရာကိုထောက်လျက် ပုဏ္ဏားတော်များက အဖသတ်မည့်သားဟု နိမိတ်ဖတ်သည်။ ခမည်းတော်ကိုပင် အန္တရာယ်ပေးမည့် သားမှန်းသိသဖြင့် ဝေဒေဟီမိဖုရားက ကိုယ်ဝန်ဖျက်ချသည်။ မင်းကြီးသိသော် အပြစ်တင်သည်။ မင်းမိန့်နှင့်တားလျက် "ငါ့အားသတ်လိုကသတ်စေ… သားကိုမဖျက်ချပါနှင့်" ဟုတားမြစ်ခဲ့ရသည်။

ထိုသားတော်လေးဖွားမြင်သော် သား၏မျက်နှာမြင်လိုက်ရုံနှင့် နေမထိထိုင်မသာ၊ ဝမ်းမြောက်သည့်အမူအရာဖြင့် သားမျက်နှာကို ကြည့်သည်။ ဝင်းဝင်းပပ၊ ရွှေလမျက်နှာမြင်ရသော် ဝါဂွမ်းဆီထိ၊ ရွှန်းစိုအိသည့်အလား နှလုံးသားယိုဖိတ်ချစ်ခင်စိတ်ကြောင့် စားတော်ပင်မခေါ် နိုင်။ သားတော်အပါးထိုင်လျက် ငိုက်မျဉ်းခဲ့ရသည့်ညများက အမြောက်အမြား။ မဖောက်ပြားသည့်ချစ်စိတ်ဖြင့် နှစ်သက်ပျော်မြူးနေစဉ် သား၏လက်၌ ရူနာပေါက်သည်။ သမားတော်ခေါ်ပြ၊ ဆေးထည့်

www.burmeseclassic.com



တော့လည်း မသက်သာ။ တကျိုကျိုတကျာကျာ အော်ငိုနေရာ၊ သက်သာစေကြောင်း လက်ချောင်းကိုခံတွင်း၌ ငုံထားပေးသည်။ အာငွေ့ပေးသဖြင့် သက်သာရာရလျက် မှေးစက်သွားချိန်တွင် ခံတွင်း၌ပင် အနာပေါက်လျက် ပြည်ကျလာသည်။ ခံတွင်းထဲမှပြည်ကို ထွေးထုတ်လျှင် အိပ်စက်ရာမှ နိုးထသွားမည့်စိုးသဖြင့် ပြည်ကိုထွေးမထုတ်ဘဲ မရွံမရှာ မျိုချလိုက်ရသည်။ သားအပေါ်ချစ်ခြင်းကြောင့် မိမိကိုယ်ကို ဘုရင်ပါတကားဟူသည့်အသိ ပျောက်ခဲ့ရသည်။ ထိုသို့သော သားချစ် ဖခင်ကြီးက အခုတော့ သားကြောင့်ပင် အကျဉ်းခံနေရပြီ။ သားအမိန့်ကြောင့် ခြေထောက်စားခွဲခံရပြီ။ သားအာဏာကြောင့် အစာငတ်ရေငတ်ဘဝနှင့် ဆင်းရဲမှုမျိုးစုံ ကြုံနေရလေပြီ။

* * *

သား၏ ရင်တွင်း၌ ဤသို့အစွဲတွေဆိုး ခိုဝင်နေခြင်းမှာ အခြားမဟုတ်။ လမ်းညွှန်သည့်ဆရာမိုက်ကို အားကိုးမှားခြင်းပင်။

အမှန်တော့ အရှင်ဒေဝဒတ်သည် အထင်ကြီးစရာ။ ဒေဝဒတ်သည် ဒေဝဒဟပြည့်ရှင်၏သား၊ နန်းလျာမင်းသား။ နောင်တစ်ချိန်တွင် ဒေဝဒဟ ပြည်ကို သိမ်းမြန်းအုပ်ချုပ်ရမည့်သူ။ ဤအခွင့်အရေးတို့ကို လက်လွှတ်လျက် ဗုဒ္ဓသာသနာတော်အတွင်း ရဟန်းဝတ်ခဲ့သည်။ သာသနာတော်၏ ဦးသျှောင်၊ နတ်လူပြဟ္မာတို့၏ဆရာအရှင် ဗုဒ္ဓက သူနှင့်တစ်ဝမ်းကွဲညီအစ်ကို။ ထို့မျှမက အစ်မတော် ဘဒ္ဒကစ္စနာနှင့်ပေါင်းဖက်၍ ယောက်ဖတော်သူ။ ဤသို့အနွယ်တော် အားဖြင့်လည်း မြင့်မြတ်၊ အဆင်းသဏ္ဍာန်ကလည်း တင့်တယ်၊ ဂုဏ်ဒြပ်ကလည်းထည်ဝါသဖြင့် အထင်ကြီးမည်ဆိုလျှင် အထင်ကြီးစရာ။

ပို၍အထင်ကြီးစေသည်က အရှင်သည် လောကီအဘိညာဉ်ရပုဂ္ဂိုလ် ဖြစ်သည်။ တစ်ခါတွင် မင်းသားတစ်ပါးတည်း စံမြန်းရာပြာသာဒ်ထက်၌ ဘွားခနဲပေါ်လာသည်။ ပေါ်လာပုံက ထူးထူးခြားခြား။ ရဟန်းအသွင်နှင့် မဟုတ်မူဘဲ၊ သာမန်လူသား။ မြွေများက တစ်ကိုယ်လုံးရစ်ပတ်ထားသည်မှာ အသည်းယားစရာ။ တွန့်လိမ်ခွေခေါက်လျက် ပါးပြင်းထ၊ မာန်ကြွနေသော မြွေတို့ ရစ်ပတ်ထားသည့်အသွင် မြင်ရတော့ လန့်၍ပင် အော်မိသည်။ လန့်ပါသည်ဆိုမှ လန့်နေသလား မင်းသားဟု မေးလာသည့် အရှင်ရှေ့မှောက်တွင် ဒူးထောက်တောင်းပန်ရသည်။ ကြောက်စရာအသွင် ဖျောက်လျက် မူလအသွင်ပြပါ…တန်ခိုးစွမ်းအားရပ်ပါဟု တောင်းပန်တော့မှ ရဟန်းအသွင်နှင့်ပြသည်။

မမြင်ဖူးသည်ကိုမြင်ရ၊ မကြားဖူးသည်ကိုကြားရသည့် အဇာတသတ်မင်းသားသည် အရှင်ဒေဝဒတ်ကို အထင်ကြီးသွားသည်။ မှီခိုအားထားစရာပုဂ္ဂိုလ်ဟု မြင်မိသည်။ သို့ဖြင့် နေ့စဉ်ဆွမ်းအုပ်ငါးရာပို့လျက် ဥပါသကာအဖြစ် ခံယူခဲ့သည်။

အရှင်ဒေဝဒတ်သည် တစ်ရက်တွင် အဇာတသတ်၏အိမ်သို့ လျှို့ဝှက်ရောက်လာပြီး၊ ထူးထူးခြားခြားစကားဆိုသည်။

"အသင်မင်းသား၊ ငါမိန့်တဲ့စကားဟာ သင့်အကျိုးလိုလားလို့ ဩဝါဒပေးတယ်ဆိုတာ ယုံကြည်သလား…"

"မှန်ပါ၊ လုံးဝယုံကြည်ပါတယ် အရှင်မြတ်"

"ဒါဆို လူ့အလှာမှာ ဒုတိယနေရာက သင် ဘာကြောင့်အချိန်ဖြုန်းနေလဲ၊ ပထမနေရာရောက်အောင် ကြိုးစားပါလား"

"ခမည်းတော်မင်းတရားကြီး နတ်နန်းစံရင် အသင့်ရမှာပါဘုရား"

"ဟဲ့မင်းသား။ ရှေးအခါက လူတို့သက်တမ်းကရှည်ကြတယ်။ ခုခေတ်မှာတော့ လူတို့ဟာ ကမ်းစွန်းကမ်းဖျားမှာတည်နေတဲ့သစ်ပင်လို အလျင်အမြန်လဲကျရတယ်။ သက်တမ်းကလည်း တိုတောင်းလှတယ်…"

"မှန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"သင့်ခမည်းတော် ဗိမ္ဗိသာရမင်းဆိုတာကလည်း နုပျိုသေးတယ်။ အရွယ်လွန်မှ အဖအရိုက်အရာဆက်ခံပြီး မင်းလုပ်မယ်ဆိုရင် အမဲရိုးကိုက်တဲ့ခွေးမိုက်လို အသားကြွင်း၊ အသားကျန်၊ အသားကပ်သာ စားရပေမှာပေါ့"

"ဒါဆို..."

"မင်းသားကခမည်းတော်ကိုဖယ်ရှား၊ နန်းကိုအရယူပြီး မင်းလုပ်။ ငါကဘုရားရှင်ကို ဖယ်ထုတ်ပြီး၊ ဘုရားလုပ်မယ်။ ဒီတော့မှ ဆရာနဲ့ဒကာ ဆိုစရာမရှိအောင် ပြည့်စုံမှာပေါ့မင်းသား"

မင်းသားသည် ဆရာဒေဝဒတ်ကိုယုံကြည်သည်။ အားကိုအားထား ပြုသည်။ အရှင်ဒေဝဒတ်၏ဘုန်းတန်ခိုး၊ အရှင်မြတ်၏အမြော်အမြင်၊ အရှင်ဒေဝဒတ်၏ပညာကို မင်းသားအထင်ကြီးသည်။ သို့ဖြစ်၍ အကြံပြုသည်ကို အလွယ်တကူလက်ခံလျက်၊ ခမည်းတော်ကိုသတ်ရန်ပေါင်ကြားတွင် ဓားကိုချည်နှောင်လျက် တိတ်တဆိတ်ဝင်သည်။

"အရှင်မင်းသားခဏ ရပ်ပါ။ အစစ်ဆေးခံပါ"

"ဟဲ့၊ ငါဟာ မင်းရဲ့သား၊ အိမ်ရှေ့မင်းသား၊ စစ်ဝံ့သလား"

"တာဝန်အရပါမင်းသား။ လက်ရှိအချိန်မှာ ရွှေနန်းရှင်ရဲ့အန္တရာယ်ကို ကာကွယ်ရန်မှတစ်ပါး ကျွန်တော်တို့ဟာ အခြားတာဝန်မရှိပါ။ မင်းသား အစစ်ဆေးခံပါ"

အိပ်ဖန်စောင့်များသည် အချိန်အခါမဟုတ်ဘဲ တိတ်တဆိတ်ဝင်လာသည့်မင်းသားကိုမယုံသင်္ကာဖြစ်သည်။ အစစ်ဆေးမခံဘဲ ငြင်းဆန်တော့ ပို၍ပင်သံသယ ဖြစ်သည်။ မင်းသားကို အတင်းအကျပ်ဖမ်းလျက် စစ်ဆေးသော် လျှို့ဝှက်ယူလာသည့် ဓားကိုတွေ့သဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တော့သည်။

"အသင်မင်းသား၊ ဒါဘယ်လိုအကြံလဲ"

"ငါ့ဖခင်ကို ငါသတ်ဖို့"

"ကြည့်စမ်း၊ ယုတ်မာတဲ့မင်းသား၊ ဒီအကြံအစည်ကို ဘယ်သူပေးလဲ"

"ငါ့ဆရာဒေဝဒတ်"

"သြော်...လူကောင်းနှစ်ယောက်ပေါင်းမိတာကိုး။ ဒီအကြံအစည်မျိုးဖြစ်ရင် ဘယ်လိုပြစ်ဒဏ်စီရင်တယ်ဆိုတာ မင်းသားမသိဘူးလား"

အမတ်များသည် ဖခင်ကိုပင်လုပ်ကြံသတ်ဖြတ်ရန် ကြံစည်သောမင်းသား၏ရိုင်းစိုင်းယုတ်မာမှုကို စက်ဆုပ်သည်။ ဤကိစ္စအတွက် အထူးစဉ်းစားစရာမလို။ သုတ်သင်ရှင်းလင်းပစ်ရုံသာရှိသည်။

"ဒီကိစ္စဟာ မင်းသားတစ်ယောက်တည်းအကြံ မဟုတ်ဘူး။ နောက်ကွယ်ကစီစဉ်တဲ့ ဒေဝဒတ်နဲ့ဒေဝဒတ်ရဲ့ အပေါင်းအသင်းတွေပါနေတယ်။ ဒီတော့ ကျူပင်ခုတ်ရင် ကျူငုတ်ပါမချန်နဲ့။ ရဟန်းတွေပါ သတ်သင့်တယ်..."

"မဟုတ်သေးဘူး။ အကြံပေးတဲ့ ဒေဝဒတ်ပဲ တာဝန်ရှိတယ်... ကျန်တဲ့ရဟန်းတွေက သိမှာတောင်မဟုတ်ဘူး။ သတ်မယ်ဆိုဒေဝဒတ်ပဲ သတ်ရမှာ..."

"နေဦး...နေကြဦးဟေ့၊ ငါတို့မင်းကြီးက သားသတ်မယ်ဆိုတဲ့အစီအစဉ်ကို မမွေးခင်ကတည်းကသိတယ်။ သားအပေါ်ချစ်တဲ့စိတ်ကြောင့်မသတ်နဲ့၊ ရှင်အောင်မွေး၊ ငါ့ကိုသတ်ချင်သတ်ပါစေလို့ မိဖုရားကြီးအားမိန့်ခဲ့တဲ့ စကားရှိတယ်။ သူ့အပြစ်က ကိုယ့်အပြစ်မဖြစ်စေနဲ့။ ဒီကိစ္စ မင်းကြီးထံရောက်သင့်တယ်။ မင်းကြီးဆန္ဒအရ စီစဉ်ပါစေ..."

အမတ်တို့အချင်းချင်းသဘောထားကွဲပြီး၊ တရားခံမင်းသားကို ကြိုးနှင့်တုပ်နှောင်လျက် သက်သေခံဓားနှင့်အတူ ခေါ်ဆောင်သွားသည်။ ဗိမ္ဗိသာရမင်းကြီးသည် တရားခံသဖွယ် ဖမ်းလာသည့်သားကိုမြင်သည် နှင့် ပျာယာ ာ်သွားသည်။ သားဖြစ်သူက ခမည်းတော်ကိုတွေ့သည်နှင့် မျက်ရည်ခံထိုးလျက် "သားတော်ကို ကယ်ပါဦး ခမည်းတော်"ဟု ခြေထောက်ဖက် ငိုယိုသည်။ သားအဖြစ်ကို မကြည့်ရက်သည့်မင်းကြီးက နှောင်ကြိုးများဖြေပေးရင်း "ဒီကိစ္စ ဘယ်လိုဖြစ်တာလဲ"ဟု ဒေါသတကြီးမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး၊ အဇာတသတ်မင်းသားဟာ အချိန်မဲ့အခါမှာ မင်းကြီးရဲ့ အိပ်ဆောင်တော်ထဲဝင်ဖို့ ကြိုးစားပါတယ်..."

"ဟဲ့၊ ခမည်းတော်ထံ သားတော်ဝင်တာ အပြစ်လား..."

"မှန်ပါ၊ မင်းသားက ဓားသန်လျက်ကို လျှို့ဝှက်ယူလာပါတယ်"

"ဟဲ့၊ အိမ်ရှေ့စံမင်းသားဆိုတာ ရန်များမှန်းမသိရောသလား။ အရေးရှိရင် ကာကွယ်ဖို့ ဓားသန်လျက်ဆောင်တာ အဆန်းလား..."

"မဟုတ်ပါဘူး မင်းကြီး၊ စစ်မေးတော့ ခမည်းတော်ကိုလုပ်ကြံဖို့လို့ မိန့်ဆိုပါတယ်..."

"ဟေ...ဒီအကြံအစည်ကြံစည်မိသလား၊ သားတော် ဒီလိုကြံစည်တာဝန်ခံလား..."

"မှန်ပါတယ် ခမည်းတော်"

"နေပါဦး၊ ဘာကြောင့် ခမည်းတော်ကို လုပ်ကြံချင်တာလဲ"

"သားက ခမည်းတော်ရဲ့စည်းစိမ်လိုချင်လို့၊ နန်းရချင်လို့ပါ"

"သြော်...အဟဟ။ ငါသားလုပ်ကြံချင်တာ နန်းလိုချင်လို့တဲ့ အမတ်ကြီးများရဲ့။ ဒါများသားရယ်...ဒီနန်းဟာ သားတော်အတွက် ရည်ရွယ်ပြီး ခမည်းတော်က စောင့်ရှောက်ထားတာပါ။ ငါ့သားနန်းလိုချင်တာနဲ့ ခမည်းတော်ကို လုပ်ကြံနေဖို့ မလိုပါဘူး။ ကဲကဲ...နံနက်ဖန်ကျရင် ငါ့သားတော်ကို နန်းအပ်၊ ဘိသိက်သွန်း မင်္ဂလာသဘင် စီစဉ်မယ်။ အားလုံးအသင့်ဖြစ်ပါစေ..."

"အရှင်မင်းကြီး စဉ်းစားတော်မူပါ။ ထီးနန်းလိုချင်လို့ လုပ်ကြံဖို့တောင် ပက်ပက်စက်စက် ကြံစည်တဲ့မင်းသားကို နန်းအပ်..."

"တော်...တန်...တိတ်။ သင်ဟာ ငါ့အလိုကိုဖျက်ဆီးသူပဲ။ နောင်ကြိုးတဲပြီး၊ အကျဉ်းချလိုက်"

မင်းကြီးသည် သားဟူသောချစ်ခြင်းစိတ်ဖြင့် အပြစ်ရှိသူကို ခွင့်လွှတ်ရုံသာမက နန်းကိုပင်ပေးသည်။ မလျော်သော ဆုံးဖြတ်ချက်ဖြစ်၍ အမိန့်တော်ပြင်ဆင်ရန် လျှောက်ထားသူအား အပြစ်ဒဏ်ပေးရသည်။ သည်မျှနှင့် မတန်သေး။ သားတော်ကိုသတ်ရန်၊ ရဟန်းကို သတ်ရန် ကြံစည်ကြောင်း သားတော်ကတင်လျှောက်ရာ ထိုအမတ်များကို ရာထူး မှနုတ်ပယ်လျက် အကျဉ်းချပြန်သည်။ မင်းသားကိုနောင်ကြိုးတည်း ခေါ်လာသူများအား ရာထူးမှချသည်။

မင်းကြီး၏ မလျော်သောဆုံးဖြတ်ချက်ကြားရသူတိုင်း စိတ်ပျက်ကြသည်။ မသင့်သည့်ရာထူးကို နှင်းအပ်သည့်အတွက် အဇာတသတ်မင်းကို ပို၍ပင်စိတ်ပျက်ကြသည်။

အဇာတသတ်သည် သူလိုချင်သော...ဆရာ၏သြဝါဒအတိုင်း ဆောင်ရွက်နိုင်သောကြောင့် မြူးထူးတက်ကြွနေသည်။ ဟန်တစ်ခွဲသားနှင့် အရှင်ဒေဝဒတ်ထံရောက်သွားသည်။

"မင်းသား၊ သင်လောက် မိုက်မဲရူးသွပ်သူကားမရှိ။ သင်ဟာမြွေပွေးကိုခါးပိုက်ပိုက်ထားပြီး။ ဒီအမှုက သင့်ကိုပြန်စီရင်လိမ့်မယ်"

"ဘာကြောင့်လဲ အရှင်မြတ်"

"စဉ်းစားလေ...သင်ဟာမြွေခွေးကိုစည်ထဲထည့်ကျက်သလိုဖြစ် မနေဘူးလား...သားရေကြိုက်တဲ့ မြွေခွေးက စည်းမျက်နှာပြင်ကိုကိုက်တော့မှာပေါ့။ လူဟာချမ်းသာရင် ကြင်နာပေမယ့် ဆင်းရဲတဲ့အခါ မုန်းတယ် မင်းသားရဲ့"

"ဒါဆို ဘာလုပ်ရမလဲ အရှင်မြတ်"

"ရန်သူဆိုတာ အငုတ်ကြွင်းမချန်ရဘူး။ ဧကရာဇ်ဘုရင်ကြီးကို သတ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားတွေဝေသွားသည်။ မိမိအပေါ် ဤမျှလောက်များ အကြင်နာမေတ္တာစိတ်ထားသော ခမည်းတော်ကို မသတ်ရက်။ ဆရာအရှင်၏ စကားကိုလည်း မပယ်လှန်ချင်။ သို့သော် ကြံဖန်ဆင်ခြေပေးသည်။

''အရှင်မြတ်၊ ခမည်းတော်ကို ဓားလက်နက်နဲ့ မသတ်ကောင်းဘူးမို့လား…''

ဦးဆုံးဓားနှင့် လုပ်ကြံရန် ကြံစည်ခဲ့ပါလျက် အကြောင်းပြဆင်ခြေစကားဆိုချင်တော့ မခိုင်မာသည့်စကားဆိုမှန်း သဘောပေါက်သည်။ အရှင်ဒေဝဒတ်က သဘောကျဟန်ဖြင့် တဟားဟားရယ်ရင်း၊ မင်းသား၏ခေါင်းကိုညင်ညင်သာသာပုတ်သည်။

''အ၊ ပါပေ့ မင်းသားရယ်။ လူသတ်တာ ဒီနည်းတစ်ခုပဲသိလား။ မှတ်ထား။ ဓားလက်နက်နဲ့ မသတ်ချင်ရင် အကျဉ်းချ။ အစာငတ်ထား။ ဒီလူသား ဘယ်နှစ်ရက်တောင့်ခံမှာလဲ။ ထမင်းအသက်ခုနစ်ရက်တဲ့။ နေနိုင်ရင် ခုနစ်ရက်ပေါ့ မင်းသားရဲ့''

ရက်စက်သည့်အကြံအစည်ကို သွန်သင်ဆုံးမရာ၊ အဇာတသတ်လည်း မငြင်းပယ်သာတော့။ အရှင်ဒေဝဒတ်၏ သွန်သင်နည်းပြမှုအတိုင်း ဆုံးဖြတ်လိုက်တော့သည်။

''နန်းကျဘုရင်ကြီးအား အကျဉ်းချစေ…''

* * *

ဝေဒေဟီမိဖုရားကြီးသည် မသင့်သည့်အမိန့်ကြောင့် နန်းတော်တွင်း ဝင်လျက် သားတော်အားဖျောင်းဖျသည်။ နားဝင်အောင်စကားဆိုသည်။ သို့သော် တစ်ဖက်နားရောက်နေပြီး၊ အရှင်ဒေဝဒတ်ကိုသာ ယုံကြည်ကိုးစားနေသော အဇာတသတ်မင်းကို ဖျောင်းဖျမရ။ ခမည်းတော် နန်းကျဘုရင်ထံမယ်တော်မှတစ်ပါး အသွားအလာမရှိစေရ၊ မယ်တော်သည်ပင် အာဟာရယူဆောင် မသွားရဟုအမိန့်ထုတ်လိုက်သည်။

မိဖုရားကြီးသည် သားကိုဆုံးမ မရ၍ စိတ်ဆင်းရဲရသော်လည်း မိဖုရားကြီးအဖြစ်က တော်သေးသည်။ သားကိုချစ်သည့် ဘုရားရှင်၏ ဥပါသကာကြီးအဖြစ်ကမူ ပို၍စိတ်ဆင်းရဲရသည်။

အစာဖြတ်လျက် အငတ်ထားသော နန်းကျဘုရင်ကြီးထံ မိဖုရားကြီးဝင်ခဲ့သည်။ အစာရေစာမပေးဟုဆိုငြားလည်း ထမင်းကိုရွှေခွက်တွင်ထည့်လျက် ခါးပိုက်တွင်ဆောင်ယူ ကျွေးမွေးသည်။

ဤအဖြစ်အပျက်ကို အစောင့်များရိပ်စားမိသည်။ သို့သော် နိမ့်ပါးသူကို ဝါးကူမထိုးချင်သည့် ဆန္ဒ၊ သူတော်ကောင်းဥပါသကာကြီးကို ကြင်နာသည်က တစ်ဝ၊ နန်းကျမိဖုရားဖြစ်သော်ငြားလည်း ယခင်အရှိန် ဝါကိုမလွန်ဆန်နိုင်သေးသည်က တစ်ကြောင်း၊ အကြောင်းကြောင်းထောက်လျက် မသိကျိုးကျွံပြုနေသည်။

ခုနစ်ရက်နေလျှင် အစာပြတ်ပြီးငတ်သေလိမ့်မည်ထင်ခဲ့သည်။ နတ်ရွာစံပြီဟု သတင်းမကြားရ၍ အစောင့်အကြပ်များကိုခေါ်မေးသော် မိဖုရားကြီးကိုယ်၌ စားစရာတစ်စုံတစ်ရာ ဝှက်ယူကျွေးမွေးဟန်တူကြောင်း၊ လက္ခဏာဖျက်လောက်အောင် ရှာဖွေရန် မသင့်၍မရှာမိကြောင်း လျှောက်ထားသည်။ မင်းကြီးသည်အစောင့်အကြပ်များကို အပြစ်တင်လျက် ယုံကြည်စိတ်ချရသော အစောင့်များလဲလှယ်ချထားသည်။ မိဖုရားကြီးကို ဝင်ခွင့်ပြုသော်လည်း အသေးစိတ်ရှာဖွေပြီးမှသာ ဝင်ခွင့်ပြုရန် အမိန့်ပေးလိုက်သည်။

အစားအစာကိုလျှို့ဝှက်ယူဆောင်၍ မရသည့်အခါ မိဖုရားကြီး ကြံဆောင်ရပြန်သည်။ စတုမဓုမုန့်ကိုပြုလျက် ဆံထုံး၌ထည့်ယူကျွေးမွေးသည်။ မိဖုရားကြီး၏ ကြိုးစားပမ်းစားကြံစည်ကျွေးမွေးမှု အာဟာရမပြတ်သဖြင့် မင်းကြီးက အသက်ဆက်လက်ရှင်သန်နေသည်။ အဇာတသတ် စုံစမ်းပြန်သည်။ ဖြစ်နိုင်ချေရှိသော ဆံထုံးကိုဖြေချပြီးမှ ဝင်ခွင့်ပြုရန် အမိန့်ချပြန်သည်။ ထိုအခါ မိဖုရားကြီးက နံ့သာလူးရာတွင် ပျားရည်နှင့် ထောပတ်ကိုထည့်လူးသည်။ နှောင်အိမ်တွင်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်မှ ခြစ်ချပြီး မင်းကြီးအား ကျွေးသည်။ မင်းကြီးက မဝလင်၍ မိဖုရားကြီး၏ကိုယ်ကို လျှာနှင့်လျက်စားသည်။ ထိုအဖြစ်ကိုမြင်ရသော် မိဖုရားကြီးမှာ မကြည့်ရက်၊ မမြင်ရက်၍ ငိုကြွေးတော့သည်။

"မကြည့်ရက်၊ မရှုရက်လိုက်တာ မောင်တော်ရယ်…ဒီအဖြစ်မျိုးကြုံမှာစိုးလို့ ကိုယ်ဝန်ရှိစဉ်ကတည်းက ဖျက်ချလိုက်ပါရစေဆိုတော့ လက်မခံခဲ့ဘူး"

"အဘယ်မိဖုရား ဘာကြောင့်သားတော်ကို အပြစ်ဆိုနေတာလဲ"

"မောင်တော့်ကိုနှိပ်စက်နေတာ သားတော်လေ"

"မိဖုရားရယ်…တို့သားတော်လေးက မလိမ်မိုးမလိမ္မာလေးပါ။ မမိုနိုအပ်တဲ့ ပုဂ္ဂိုလ်ကိုမှီခိုမိလို့ စိတ်ရိုင်းဝင်နေတာပါ။ မှားမှန်းသိရင် လိမ္မာသွားပါလိမ့်မယ်"

"သင်း မလိမ္မာခင် မောင်တော်နတ်ရွာလားလိမ့်မယ်…"

"အဘယ်မိဖုရား၊ ငါ့သားသတ်လို့သေချင်သေပါစေ…ဒီအတွက် ငါခွင့်လွှတ်ထားပြီးသားလို့ မိန့်ထားရက်နဲ့ နောက်နောင်ပြဿနာစကားမမိန့်နဲ့ နှမတော်…"

မင်းကြီးသည် သားတော်အပေါ်စိတ်နာကြည်းသင့်လျက် မနာကြည်း။ အပြစ်တင်သင့်လျက် မတင်။ ရန်သူပင် ဖြစ်လျက် ခွင့်လွှတ်သောအကြည့်နှင့် ကြည့်နိုင်သည်ကို အံ့သြနေသည်။

အစာအာဟာရနှင့်ဖြတ်ထားသော်လည်း မယ်တော်မိဖုရားကြီးအဝင်အထွက်ရှိနေသဖြင့် မသေနိုင်ဘဲရှိနေကြောင်း သိရ သဖြင့် မယ်တော်ကြီးကိုပင် ဝင်ရောက်ခွင့်ပိတ်ပင်လိုက်တော့သည်။

"မောင်တော်ဘုရားရယ်…ဖခင်ရဲ့ချစ်ခြင်းကို နားမလည်၊ မေတ္တာစိတ်မသိတဲ့ သားယုတ်က ခုအခါ နှမတော်ကိုပင် ဝင်ခွင့်မပေးတော့ဘူး။ နောက်နောင်ကို ကျေးဇူးရှင်မောင်တော်ဘုရားကိုတွေ့ခွင့်ရတော့မှာ မဟုတ်တော့ပါဘူး"

"ကံစီမံတဲ့အတိုင်းပေါ့ မိဖုရား။ စိတ်မကောင်းမဖြစ်ပါနဲ့"

"သူတော်ကောင်းမောင်တော်…ဒီတစ်ကြိမ်နောက်ဆုံးတွေ့ရတော့မှာမို့ နှမတော်က ကံသုံးပါးနဲ့ပြစ်မှားမိရင် သည်းခံခွင့်လွှတ်တော်မူပါ"

"အဘယ်မိဖုရား၊ သင့်အပေါ် အပြစ်မမြင်ပါ။ အကယ်၍ အပြစ်ရှိလျှင်လည်း အပြစ်လို့မမြင်ပါ။ ငါခွင့်လွှတ်ပါတယ်"

မင်းကြီးနှင့် မိဖုရားအဖြစ်ကိုကြည့်ပြီး အစောင့်အကြပ်များပင် စိတ်မချမ်းမသာဖြစ်ရသည်။ မပြစ်မှားသင့်သည်ကို ပြစ်မှားသောမင်း အပေါ်လည်း စိတ်ပျက်မိသည်။ သို့သော် မင်းကြီးဆန္ဒကို မလွန်ဆန်ဝံ့။

မင်းကြီးသည် အာဟာရမမှီဝဲရသော်လည်း ချောက်ချားတုန်လှုပ် ခြင်းမရှိ။ မိမိရထားသော မဂ်ဖိုလ်ချမ်းသာကို ခံစားကာ လူးလာခေါက်တုံ့ စင်္ကြံလျှောက်နေသည်။ အာဟာရ မမှီဝဲရသော်လည်း အသားအရေကပို၍ပင် တင့်တယ်နေသည်။

"ငါ့ရဲ့ခမည်းတော် အသက်ရှိသေးသလော…"

"မှန်ပါမင်းကြီး၊ ရှေးကထက်ပင် စိုပြည်နေပါသေးတယ်"

"ဘာကြောင့်လဲ…"

"အစာအာဟာရမမှီဝဲရပေမယ့် လမ်းလျှောက်နေတာကြောင့် ကျန်းမာရေးပြည့်စုံနေတာ ဖြစ်ပါလိမ့်မယ်"

"ဒါဆို…"

အဇာတသတ်မင်းကြီးသည် လူစိတ်ပျောက်နေသည်။ အရှင်ဒေဝဒတ် အစီအမံအတိုင်း အကောင်အထည် ဖော်ဖို့သာ အာရုံထားနေသည်။

"နန်းကျာဘုရင်ကြီး လမ်းမလျှောက်နိုင်အောင် ခြေဖဝါးဓားနဲ့ခွဲလိုက်…ရောဂါဒဏ်အလူးအလိမ့်ခံရအောင် အနာကိုဆားနဲ့ပက်။ သည့်ထက်သည်မျှတောင့်ခံနေရင် ငါကိုယ်တိုင်သတ်မယ်…"

www.burmeseclassic.com

www.burmeseclassic.com



မင်းချင်းတို့သည် သူတော်ကောင်းနန်းကျာဘုရင်ကြီးကို ဤမျှရက်ရက်စက်စက်မပြုရက်။ ပြည်သူပြည်သားအားလုံး အပေါ်ရင်ဝယ်သားနှယ် ချစ်ခင်သနားသည့် မင်းကြီး၏ ကရုဏာ၊ မေတ္တာအပေါ် အလေးအနက်ထားပြီး စိတ်မကောင်း ဖြစ်ရသည်။ မင်း၏အမိန့်ကို မလွန်ဆန်ဝံ့၍ ပြုရကြောင်း တောင်းပန်လျက် ခြေဖဝါးကိုဓားနှင့် ခွဲလိုက်လေတော့သည်။

* * *

အသက်ကိုရန့်ရှာမည့်သား...ဟု ပုဏ္ဏားတော်များမိန့်စဉ် သားအပေါ်ချစ်ခြင်းကြောင့် သတ်လိုကသတ်ပါစေဟု မိန့်ပြီး၊ ကိုယ်ဝန်ကိုစောင့်ရှောက်စေခဲ့သည်။ တစ်ဖန်အိပ်ဆောင်အတွင်း ဓားဝှက်ဝင်လာချိန်၌ အစောင့်တို့က ဖမ်းဆီးခေါ်ဆောင်လာသည်။ မေးမြန်းတော့ ခမည်းတော်ကိုလုပ်ကြံရန်ဟု နှုတ်ကဖွင့်ဟခဲ့သည်။ ထိုစဉ်ကလည်း သားအပေါ် ခွင့်လွှတ်ခဲ့သည်။ ခွင့်လွှတ်ရုံမက သားတော်ကနန်းလိုချင်ကြောင်းဆိုချိန်တွင် နန်းလုယောက်ျားဟု ကွပ်မျက်သင့်သည်။ ဤနန်းသည် သားတော်အတွက်စောင့်ရှောက်ခဲ့သည်ဟူသောအတွေးနှင့် အလျင်အမြန်အပ်နှင်းခဲ့သည်။

မြတ်ဗုဒ္ဓသာသနာတော်ကို ယုံကြည်သက်ဝင်သည့် အချိန်မှ၍ ထီးနန်းကို လွှဲအပ်ချင်သည်။ အရွယ်မရောက်သေးသည့်သားကို စောင့်ရှောက်ရင်း စောင့်ကြည့်လာရာ ကိုယ်တိုင်တောင်းဆိုသဖြင့် အလွယ်တကူ နန်းအပ်ခဲ့သည်။ သားတော်တိုင်းပြည်အုပ်ချုပ်လျှင် အေးအေးဆေးဆေး တရားဘာဝနာနှင့်နေရတော့မည်။ ငြိမ်းချမ်းသည့်ဘဝရတော့မည်ဟု နှလုံးသွင်းမိသည်။ သို့သော် နန်းကျာဘုရင်အဆိပ်မဲ့မြွေကို ရန်သူနှယ်သဘောထားလျက် အကျဉ်းချသည်။

ကျဉ်းကျပ်ပိတ်မှောင်သည့် အကျဉ်းထောင်ထဲရောက်သည်ကိုပင် "ငါ့သားတော်ပို့ပေးလို့ အေးချမ်းတဲ့ဘဝရလေပြီ...မင်းမှုမင်းရေးနှင့် နှောင်ဖွဲ့အပ်သည့် ဘုရင်ဘဝကိုစွန့်လျက် တရားနှင့်သာနေရလေပြီ" ဟုတွေးလျက် နှစ်သိမ့်ကြည်နူးခဲ့သည်။ ဖခင်ကိုရန်သူသဖွယ်မှတ်လျက် အစာတော်၊ ရေတော်ထားသည်ကိုပင် "ငါသည် ဝိကာလဘောဇနပုဒ်"ကို မစောင့်ထိန်းပါပဲလျက် အလိုလိုအထမြောက်ခဲ့လေပြီဟု နှလုံးသွင်းခဲ့သည်။ သားတော်ဘုရင်မင်းမြတ်ကျူးလွန်သမျှသည် ငါ့အားပါရမီ ဖြည့်နေခြင်းဟု နှလုံးသွင်းလျက် အပြစ်မမြင်ခဲ့။ ရန်သူပင်ဖြစ်သော်လည်း ရန်သူဟုမမြင်။

သားတော်က ခြေခွဲလျက်ဆားသိပ်စေချိန်တွင် ငါ၏ခန္တီစိတ်ကို စမ်းသပ်တာပါလား...ငါ၏မေတ္တာပါရမီကိုဖြည့်ဆည်းတာပါလား... ငါ၏သီလပါရမီကို အားပေးတာပါလားဟု နှလုံးသွင်းသည်။ ဓားဒဏ်ရာကြောင့်အနာများရင်းပြီး ဝေဒနာအကြီးအကျယ်ခံစားရချိန်ထိ သားကိုအမှားမမြင်။ ခန္တီဝါဒီရသေ့အား ကလာဗုမင်းနှိပ်စက်သည်ကို သည်းခံစိတ်ထားနိုင်ပုံကို နှလုံးသွင်းလျက်သည်းခံခဲ့သည်။ နန်းကျာဘုရင်၏စိတ်တွင် မုန်းခြင်း၊ ချစ်ခြင်းသည် ကင်းပြတ်ခဲ့ပြီ။ သားတော်အပေါ်ရော၊ ဝေဒေဟီမိဖုရားအပေါ်ပါ တစ်ပြေးညီစိတ်ထားလျက် အရာရာကို ဥပက္ခာထားလိုက်သည်။ ဝေဒနာကိုအောင့်အည်းသည်းခံလျက် ညောင်စောင်းထက်၌ တစောင်းလေးလှဲရင်း ဥပေက္ခာတရားဖြင့် ရှုရာ၊ အမှောင်ထုကြီးသည် မင်းကြီးအလိုကိုဆန့်ကျင်လျက် လုံးဝပင်ဥပေက္ခာရှုလိုက်လေတော့သည်။

လောကတစ်ခုလုံး အမှောင်ထုဖုံးသွားလေတော့၏။

**ကျမ်းကိုး။ ။ ဓိနတ္ထပကာသနီ (အဋ္ဌမ)တွဲ။**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဥပေက္ခာရပ်ဝန်းအလွန်

''သားရေ…အမေ့သားလေး…အမေ့ကိုစောင့်ပါဦး''

မယ်တော်ကြီး၏အရိပ်အရောင်ကို ဖျတ်ခနဲတွေ့လိုက်သည်။ သံယောဇဉ်ကြီးလွန်းသည့် မယ်တော်ကြီးအကြောင်းကို တစ်ဆင့်စကားတွေဖြင့် ကြားထားပြီးဖြစ်သည်။ လောကကိုငြီးငွေ့လျက် ရဟန်းမပြုသော်လည်း သံယောဇဉ်မဖြတ်နိုင်သည့် မယ်တော်ကြီးကို ဘယ်သို့ ဆုံးမရမလဲဟု တွေးနေမိသည်။ သံယောဇဉ်ကြီးလွန်းသော မယ်တော်ကြီးကို သံယောဇဉ်ဖြတ်ရန် မိန့်သော်လည်းတရားကိုမမြင်။ သားဟူသော သံယောဇဉ်က ရင်ထဲတွင်ကိန်းနေသည်။ ဖြတ်ပါဆိုလည်း မဖြတ်နိုင်။ အချိန်ရှိသမျှ သားမျက်နှာကို မြင်ဖို့သာအားထုတ်နေသည်။

အရှင်ကုမာရကဿပသည် မယ်တော်ကြီးကိုပင် ရှောင်နေရသည်။ ခုလည်းဆွမ်းခံကြွရာလမ်းတွင် မယ်တော်ကြီးပုံရိပ် ကို ဖျတ်ခနဲလှမ်းမြင်လိုက်သည်။ ဆွမ်းခံမည့် အစီအစဉ်ကိုဖြတ်လျက် နောက်ကြောင်းပြန်လှည့်ခဲ့သည်။

မယ်တော်ကြီး၏အသံကို ကြားရသည်။

အမှန်တော့ သည်မယ်တော်ကြီးနှင့် တွေ့သင့်သည်။ တရားပြသင့်သည်။ ဟောလည်းမောရုံသာဖြစ်မည်။ တရားအသိတော့ ရှိလေမည်မထင်။

''သားရေ…ခဏစောင့်ပါဦး သားရယ်''

မြို့တံခါးမှပြန်ထွက်လျက် ဇေတဝန်ကျောင်းသို့ ခပ်သွက်သွက် လျှောက်ပြန်လာရာ မယ်တော်ကြီးအသံကြောင့် တုံ့ခနဲဖြစ်သွားသည်။ ရပ်စောင့်နေရကောင်းမလားဟု တွေးမိသည်။ သို့သော် ကိုယ့်အသိက ပြန်လည်လှုံ့ဆော်နေသည်။ သွားတော့ရပ်စောင့်မနေနဲ့ဟု သတိပေးသံကြားရသည်။ အရှင်ကုမာရကဿပသည် ရပ်မစောင့်တော့ဘဲ ဆက်လျှောက်လိုက်ရာ၊ နားထဲတွင် လဲပြိုကျသွားသည့်အသံ ကြားလိုက်သည်။ မယ်တော်ကြီးပြိုလဲသွားမှန်း သိလိုက်သည်။ စိတ်ထဲမကောင်းနိုင်တော့ အပြေးသွားပြီး ထူပေးချင်ပေမယ့် မထူပေးခဲ့။

* * *

မယ်တော်ကြီးကို ဥပေက္ခာပြုလျက် တိမ်းရှောင်နေခြင်းမှာ မယ်တော်ကြီးကြောင့် မိမိ၏အသရေယုတ်လျော့သွားမှာ စိုး၍မဟုတ်။ သိက္ခာမဲ့မှာစိုး၍ မဟုတ်။ အမှန်တော့ မယ်တော်ကြီးသည် သာမန် မိန်းမသားမဟုတ်။ ရာဇဂြိုဟ်ပြည်တွင် အင်မတန်ကြွယ်ဝချမ်းသာသော မိဘနှစ်ပါးမှ ပေါက်ဖွားလာသူ၊ သူဌေးသမီး။ ဂုဏ်နှင့်ဒြပ်နှင့် ထည်ထည်ဝါဝါရှိသူ။

www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ကြီးသည် ဤရွှေဤမြူစည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော်လည်း လောကစည်းစိမ်၌ ယစ်မူးမနေ။ ဤစည်းစိမ် ဥစ္စာသည် ချမ်းသာမှုဖြစ်စေသည်ဟုဆိုခြင်းထက် စည်းစိမ်ကြောင့် ချမ်းသာမဖြစ်။ အတုအယောင်ချမ်းသာမှုသာ ဖြစ်သည်။ ဤချမ်းသာမှုကို စုံမက်မနေဘဲ ချမ်းသာစစ်ကိုရှာရန်သာ အာရုံရှိသည်။ ထို့ကြောင့် လူ့ဝတ်ကို စွန့်ခွာပြီး ရဟန်းမအဖြစ် ကူးပြောင်းကာ တရားဘာဝနာရှာရန်သာ စိတ်ဝင်စားသည်။

သို့သော် မယ်တော်ကြီး၏မိဘများက ရှေးဆန်သည်။ ရှေးရိုးစွဲပြဟ္မဏအယူ၊ ပြာဟ္မဏယဉ်ကျေးမှုကိုသာ တွယ်ဖက် ထားချင်သည်။ သို့ဖြစ်၍လည်း မျိုးဆက်ပြန့်ပွားရေး၊ ပြာဟ္မဏမျိုးဆက်သစ်ဖြစ်ပေါ်ရေးအတွက် အိမ်ထောင်ပြု စေသည်။ အိမ်ထောင်မပြုချင်ဘဲ အဓမ္မ အိမ်ထောင်ပြုစေရာ၊ ငြီးငွေ့စရာ အိမ်ထောင်သည်ဘဝ ရောက်သွားသည်။ သို့သော် လေးငါးရစ်လအကြာတွင် လင်သားကိုပန်ကြားလျက် ရဟန်းဘဝကို ကူးပြောင်းခဲ့သည်။

ရဟန်းဖြစ်ပြီး မကြာမီတွင် ကျွန်ုပ် ကိုယ်ဝန်ရှိရာ သာသနာတော်၌ အရှုပ်အထွေးဖြစ်တော့သည်။

"ဒါဘယ်ကကိုယ်ဝန်လဲ၊ မှန်တာဝန်ခံစမ်း"

အရှင်ဒေဝဒတ်၏အသိုင်းအဝိုင်းတွင် ရဟန်းပြုခဲ့သဖြင့် ဝိနည်းအဆုံးဖြတ်ခံရန် အရှင်ဒေဝဒတ်၏ ရှေ့မှောက်ရောက် ရသည်။

"တပည့်တော်မ၊ မဖောက်ပြန်မကျူးလွန်တာ အမှန်ပါ"

"ဟ၊ မဖောက်ပြန်ဘူး ဖွတ်မိုတ်ငြင်းမနေနဲ့၊ ဗိုက်ကပေါ်နေပြီလေ...ဒါဘယ်လိုရှင်းမလဲ"

"မှန်တာပြောတာပါအရှင်မြတ်"

"မှန်လည်း ဗိုက်နဲ့၊ မှားလည်းဗိုက်နဲ့၊ လက်တွေ့အမြင်က မတင့်တယ်ဘူး၊ ငါ့သာသနာမှာ ဒီလိုအကျင့်ပျက်တဲ့ ထေရီမ ရှိနေလို့မလျော်ဘူး။ လူထွက်၊ သင့်မိဘဆီပြန်တော့"

"အရှင်မြတ်၊ တပည့်တော်မ ရှင်းပြပါရစေ..."

"တော်...တော်။ ဒေဝဒတ်ရဲ့ကျောင်းက ရဟန်းမဗိုက်ပေါ်တယ်ဆိုရင် ဘေးကဘယ်လိုထင်မလဲ။ တခြားသာသနာက ဘယ်လိုပုတ်ခတ်မလဲ။ သင့်အပြစ်သင်သာတာဝန်ယူ။ သွားတော့"

အရှင်ဒေဝဒတ်က အကျိုးအကြောင်းတင်ပြလျှောက်ထားသည်ကို လက်မခံ။ အတင်းပင်လူထွက်ခိုင်းသည်။

သူသည် သာသနာတော်အတွင်း ဝင်လာသည်မှာ အယောင်ဆောင် မဟုတ်။ သင်္ကန်းလေးဝတ်ပြီး ဟန်ပြနေလို၍ မဟုတ်။ သဒ္ဓါစိတ်နှင့် ဝင်လာပြီး၊ အမှန်အကန် ကျင့်ကြံအားထုတ်နေသူဖြစ်သည်။ ဝိပဿနာ တရားအားထုတ်သော်လည်း တရားအသိမရှိနိုင်သေးသည်ကလွဲ၍ အကျင့်စရဏရှိသူ ဖြစ်သည်။ ဤမျှသဒ္ဓါစိတ်ရှိသူကို စွပ်စွဲနှင်ထုတ်သည်မှာ မလျော်ကန်ဟုထင်သည်။

"အရှင်မတို့၊ တပည့်တော်ရဟန်းဝတ်တာ မြတ်ဘုရားကိုဦးထိပ်ထားဝင်လာတာပါ။ ဒီကိစ္စမှာ ဘုရားရှင်ထံက အဆုံးအဖြတ်ကိုသာ နာခံပါမယ်။ ဒါ့ကြောင့် သာဝတ္ထိကိုအရောက်သွားပြီး နာခံမယ်။ ဘုရားရှင်က ရဟန်းမနဲ့မလျော်လို့ ဆုံးဖြတ်ရင်တော့ နာခံပါ့မယ်။ ခုတော့ ဘုရားရှင်ထံအရောက်သွားပါမယ် အရှင်မတို့"

မယ်တော်သည် အရှင်ဒေဝဒတ်၏အဆုံးအဖြတ်ကို မကျေနပ်သဖြင့် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းသို့ သွားခဲ့ပေသည်။ ဘုရားရှင်ကို သနစ်စုံလျှောက်ထားသည်တွင် "ချစ်သား ဥပါလိ၊ ဝိနည်းအရ အဆုံးအဖြတ်ပေးလော့" ဟုဘုရားရှင်က ညွှန်ကြားသည်။ အရှင်ဥပါလိသည် ဥပါသကာဖြစ်သော အနာထပိဏ်၊ စူဠအနာထပိဏ်နှင့် ဥပါသိကာ ဝိသာခါတို့ကို သက်သေပြုလျက် စစ်ဆေးသည်။ အရှင်ဥပါလိ၏ တာဝန်ပေးချက်အရ ကျောင်းအမကြီးဝိသာခါကို တင်းတိမ်ကမ္ဘလာကာရံလျက် ရပ်လက္ခဏာကြည့်စေသည်။

"အရှင်မရဲ့ ရာသီပန်းပွင့်ရက်ကို မှတ်မိပါသလား..."

www.burmeseclassic.com

www.burmeseclassic.com



''ခင်ပွန်းသည်နဲ့ နောက်ဆုံးတွေ့ထိရက်ကို သတိပြုမိပါသလား''

''အရှင်မ၊ ရဟန်းဘောင်ရောက်တဲ့ ရက်ဘယ်နေ့လဲ...''

သိသင့်သိအပ်သော အချက်အလက်မေးမြန်းပြီး ကိုယ်ဝန်လက္ခဏာကို လေ့လာသော် ရဟန်းမဖြစ်မီကစွဲကပ်သော ကိုယ်ဝန်ဟုတညီတညွတ်တည်း ဆုံးဖြတ်သည်။ ထိုအခါ အရှင်ဥပါလိက ''ရဟန်းမဖြစ်မီရရှိသော ကိုယ်ဝန်ဖြစ်၍ သိက္ခာမကျ၊ ရဟန်းဘဝနေခွင့်ပြုသည်''ဟု ဆုံးဖြတ် သည်။ ဘုရားရှင်က ဥပါလိ၏အဆုံးအဖြတ်ကို သာဓုခေါ်လျက် ကောင်းချီးပေးခဲ့သည်။

ကျွန်ုပ်သည် မိခင်ကြီးကိုဤမျှအထိဒုက္ခပေးခဲ့သော်လည်း တစ်ယောက်တည်းထွန်းပေါက်သည့် သားဟူ၍ မြတ်မြတ် နိုးနိုး စောင့်ရှောက်ခဲ့သည်။ ကျွန်ုပ်သည် ရဟန်းမတို့၏ကျောင်းတိုက်တွင် ဖွားမြင်ခဲ့သော်လည်း ကျောင်းတိုက်၌ အရှည်ကြာမြင့်စွာ မနေရ။ တစ်နေ့တွင် ကျောင်းတိုက်သို့ရောက်လာသော ပသေနဒီကောသလမင်းကြီးက ကျွန်ုပ်၏ ငိုသံကိုကြားသွားသည်။ ရဟန်းမတို့နေသည့်အရပ်နှင့် ကလေးငယ်မှာ မအပ်စပ်။ မသင့်လျော်ဟုတွေးပြီး သားအဖြစ် ကောက်ယူမွေးစားသဖြင့် နန်းတွင်းရောက်ခဲ့သည်။ မင်းသားတို့အဆင့်နှင့်အညီထားရှိသဖြင့် ကျွန်ုပ်၏အမည်တွင် ကုမာရဟူသောဂုဏ်တပ်လျက် ကုမာရကဿပဟု အမည်တွင်ခဲ့သည်။

ကျွန်ုပ်သည် မင်းသားဖြစ်သော်လည်း သာသနာတော်နှင့် နွယ်ယှက်နေခြင်းကြောင့် ဘုရားရှင်ကိုလည်းကောင်း၊ ရဟန်းတော်များကိုလည်းကောင်း၊ ထေရီမကြီးများကိုလည်းကောင်း ရင်းနှီးကျွမ်းဝင်ခဲ့သည်။ အရှင်မြတ်တို့၏အလေ့စရိုက်၊ အကျင့်သီလကိုမြင်ရ၊ တွေ့ရဖန်များသော် လောကီနယ်ပယ်တွင် နေထိုင်ရန်ငြီးငွေ့လာသည်။ ထို့ကြောင့် မွေးစားဖခင်ထံမှ ခွင့်ပြုချက်တောင်းလျက် သာသနာ့ဘောင်ခိုဝင်ခဲ့သည်။

ကျွန်ုပ်၏မယ်တော်သည် မမျှော်လင့်ဘဲရလာသည့်သားအပေါ် အဘယ်မျှချစ်ခင်တွယ်တာသည်ကို မပြောဘဲ သိနိုင်ကြပါလိမ့်မည်။ မွေးစားဖခင် ပသေနဒီကောသလမင်းကြီး နန်းတော်သို့ခေါ်သွားစဉ်ကလည်း ထည့်ချင်ဟန်မတူ။ ရဟန်းမနှင့်မလျော်ကန်ဟု ဆုံးဖြတ်၍သာ ထည့်ပေးလိုက်ရပေမယ့်၊ သံယောဇဉ်မပြတ်။ မင်းသားတဖြင့်လဲ သား ကိုတွေ့နိုးတွေ့နိုးနှင့် နန်းတွင်းလာလာကြည့်သည်။ အခြားအကြောင်းများကိုပြသော်လည်း သားမျက်နှာမြင်ချင်စိတ် က ပိုနေသည်။

ထိုမှတစ်ဖန် သာသနာ့ဘောင်ရောက်လာပြီဆိုတော့ ဝေးရာမှ နီးလာပြီဟူသောအတွေးနှင့် ရဟန်းများသီတင်း သုံးရာအရပ်သို့ မကြာခဏလာကြည့်သည်။ အခွင့်သာလျှင် သားသာမဏေကိုကြည့်လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ ဤသို့လာနေခြင်းသည် ကျွန်ုပ်၏ကမ္မဋ္ဌာန်းအလုပ်ကို အနှောင့်မယှက်ဖြစ်စေခဲ့သည်။ သို့ဖြစ်၍ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်း ကိုတောင်းခံလျက် အန္ဓဝန်တောသို့ဝင်ခဲ့သည်။

ကျွန်ုပ်တောသို့ဝင်ချိန်တွင် မိခင်ကြီးကိုအသိမပေး၊ နှုတ်မဆက်ဘဲ ရုတ်တရက်ထွက်သွားခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်ရှိမည်ထင်ပြီး တစ်ရစ်ဝဲဝဲလုပ်နေသည့် မိခင်ကြီးသည်နောင်မှသိသွားသည်။

လောကတွင်တွယ်တာစရာအဖြစ် ဒီအမေ၊ ဒီသားသာရှိရာ သူစိမ်းပြင်ပြင်ဆက်ဆံသွား၍၊ ရင်ထဲမချိအောင် နာကျင်မိသည်။ သို့သော် တစ်နေ့ပြန်လာနိုး၊ တစ်ရက်ရောက်လာနိုး စောင့်စားခဲ့သည်။ အရှင်ကုမာရကဿပသည် အန္ဓဝန်တော၌ (၁၂) နှစ်ကြာတရားကျင့်မှ ရဟန်းကိစ္စ ပြီးမြောက်ခဲ့သည်။ ဤတွင်ဘုရားရှင်အား အသိပေး လျှောက်ထားရန် သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းသို့ ပြန်လာခဲ့သည်။

အရှင်ကုမာရကဿပ ပြန်ရောက်ကြောင်း၊ ရဟန်းကိစ္စပြီးကြောင်းကြားသော် မိခင်ကြီးမှာဝမ်းသာလွန်းသဖြင့် မျက်ရည်ပင်လည်ခဲ့သည်။ ထိုအကြောင်းကိုပြောပြရန်နှင့် ကွဲကွာနေသော သား၏ရုပ်သွင်ကို ဖူးတွေ့ချင်၍အရှင်မသည်

www.burmeseclassic.com

www.burmeseclassic.com



သား၏အရိပ်အခြည်ကို စောင့်ကြည့်သည်။ သို့သော် ရိပ်ခနဲမြင်ရရုံသာမြင်ရပြီး၊ သားအမိချင်းမတွေ့ရ၍ စိတ်မချမ်းမသာဖြစ်နေသည်။

အရှင်ကုမာရသည် ရဟန်းဖြစ်သည်မှာ အချိန်ကြာမြင့်သော်လည်း တရားကိုမတွေ့။ သံယောဇဉ်ကြီးရစ်နှောင်နေသည့် မိခင်ကြီးအဖြစ်ကိုသိသည်။ မိခင်ကြီးအား သံသရာမှ ကူးမြောက်စေချင်သည်။ ကူးမြောက်စေလိုသော်လည်း ညင်ညင်သာသာဆုံးမ၍ တရားရမည်မဟုတ်သည်ကို သိနေသည်။ မိခင်ကြီးကိုသံယောဇဉ်ပြတ်အောင် ဦးစွာ ဖြတ်ပေးမှသာ ဖြစ်မည်ဟုတွေးတောစဉ် မမျှော်လင့်ဘဲ မြို့တွင်း၌ဆုံတွေ့သည်။ ဤတွင် ဆွမ်းခံခြင်းမပြုတော့ဘဲ လာရာလမ်းအတိုင်း နောက်ကြောင်းပြန်လှည့်ခဲ့တော့သည်။

* * *

ကျွန်ုပ်၏ဘဝဦးအစိတ်အပိုင်း အဖြစ်အပျက်ကို သာသနာ့ဘောင်မရောက်မီ မိခင်ကလည်းကောင်း၊ ပသေနဒီကောသလမင်းကြီးကလည်းကောင်း အခြားအခြားသောသူများကလည်း ပြောပြ၍သိခဲ့သည်။ လူ့ဘဝကို ခက်ခက်ခဲခဲ ရလာရခြင်းအကြောင်း စဉ်းစားမိတိုင်း သံဝေဂဖြစ်မိသည်။ ယင်းဒုက္ခများမှ လွန်မြောက်အောင် ရုန်းကန်ချင်စိတ်သာ ဖြစ်နေသည်။ သို့နှင့် ရဟန်းဘဝကူးပြောင်းခဲ့ပြီးနောက် တရားကျင့်ရာ ပဋိသမ္ဘိဒါပတ္တ၊ ဆဋ္ဌအဘိညာဉ်ရသည့် ရဟန်းဖြစ်ခဲ့သည်။ ထိုအခါ ဤဘဝတွင် ကြုံခဲ့ရသည့် ဒုက္ခနှင့် ရဟန်းကိစ္စပြီးရခြင်း၏ ပါရမီဖြည့်ကျင့်မှုကို ပြန်ပြောင်းကြည့်မိသည်။

ကျွန်ုပ်သည် ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်၊ လူဖြစ်လာ သောဘဝတွင် မိတ်ဆွေရဟန်း(၆)ပါးနှင့် အတူ တရားကျင့်ဖူးသည်။ သာသနာတော်ဆုတ်ယုတ်ပြီး လူတို့၏အကျင့်စရိုက်များ ကြမ်းတမ်းချိန်တွင် ရလာသည့် လူ့ဘဝကို အချည်းနှီးမကုန်ဆုံးသင့်။ အမိုက်မှောင်တွင်းမှ ရုန်းထွက်လျက် အလင်းရောင်အောက်ရောက်အောင် ကြိုးစားသင့်သည်ဟု အသိဖြစ်သည်။ ထို့ကြောင့်အဖော်ရဟန်းများနှင့် တိုင်ပင်ပြီး အလွန်မတ်စောက်မြင့်မားသည့် တောင်ထိပ်ထက် တက်သည်။ အရိုးကျေကျေအရေခန်းခန်း ကျင့်ကြံရန်ဆုံးဖြတ်ပြီး၊ တရားအားထုတ်ကြသည်။

တရားကျင့်ဖက်မိတ်ဆွေ (၇)ဦးအနက် (၅)ရက်မြောက်နေ့တွင် မထေရ်ကြီးက ရဟန်းကိစ္စပြီးစီးခဲ့သည်။ ထိုမထေရ်က ဆွမ်းခံလျက် အလုပ်အကျွေးပြုရန် အားထုတ်သည်။ မူလသဘောတူညီချက်တွင် ဤသို့စောင့်ရှောက်ရန်မပါ၊ ကြောင့်ကြအားစိုက်မနေပါနှင့်ဟု ငြင်းပယ်၍ရဟန်းကြီးက အရပ်တစ်ပါးထွက်သွားသည်။ ဒုတိယမြောက်ရဟန်းက (၆) ရက်မြောက်နေ့တွင် အနာဂါမ်တည်သည်။ ထိုပုဂ္ဂိုလ်ကလည်း အလားတူစောင့်ရှောက်ရန် အားထုတ်သည်။ ရဟန်းများက သဘောမတူ၍အရပ်တစ်ပါးထွက်သွားသည်။ ကျန်ရဟန်းများ တရားအားထုတ်သော်လည်း ရဟန်းကိစ္စမပြီးမီ၊ အစာငတ်လျက် ကွယ်လွန်ကြသည်။ ထို ငါးဦးတွင်ကျွန်ုပ်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။

ကျန်သူငါးဦးအနက် တစ်ဦးက ဂေါတမဘုရားရှင်ပွင့်ထွန်းချိန်တွင် တက္ကသိုလ်ပြည်တွင် ပုက္ကုသာတိမင်းဖြစ်သည်။ ဗိမ္ဗိသာရမင်း၏အကူအညီဖြင့် ဘုရားရှင်ပွင့်ထွန်းတော်မူကြောင်းသိလျက် ဘုရားရှင်နှင့်ကြုံရသည်။

အခြားတစ်ဦးမှာမူ မလ္လတိုင်းတွင် ဒဗ္ဗမင်းသားဖြစ်လာသည်။ ဘုရားရှင်သာသနာတော်အတွင်းရောက်ပြီး၊ တေဒဂ်ရ ရဟန္တာတစ်ပါး ဖြစ်ခဲ့သည်။

အခြားတစ်ဦးသည် သဘိယပရိဗိုဇ်အဖြစ် ထင်ရှားခဲ့သည်။ သူသည်လည်း ဘုရားရှင်နှင့်ဆုံစည်းခွင့်ရကျွက် ရဟန္တာဖြစ်ခဲ့သည်။

အခြားတစ်ဦးမှာ ဗာဟိရတိုင်း၌ ကုန်သည်ဖြစ်ခဲ့သည်။ သင်္ဘောပျက်ပြီး ဆိပ်ကမ်းမြို့၌ အချိန်အတန်ကြာ နစ်မျောနေခဲ့သည်။ သို့သော် မိတ်ဆွေပြဟ္မာကြီးက အသိပေးသဖြင့် ဘုရားရှင်ပွင့်ထွန်းတော်မူကြောင်း သတင်းကြားလျက်၊ ဘုရားရှင်ရှိရာလာပြီး တရားနာခွင့်ရပြီး၊ တေဒဂ်ရ ရဟန္တာဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အန္တိမဘဝသည်လည်း အခက်အခဲအမျိုးမျိုး၊ ပြဿနာအမျိုးမျိုးကြုံတွေ့လျက် နောက်ဆုံးတွင် ဘုရားရှင်၏သာသနာတော်တွင်း ရောက်ခဲ့သည်။ ကိလေသာကို ပယ်သတ်နိုင်သော ရဟန်းကိစ္စပြီးသော ပုဂ္ဂိုလ်ဖြစ်သော်လည်း မိဘကျေးဇူးပေးဆပ်ရန်၊ သာသနာ့ဝန်ကိုဆောင်ရွက်ရန်ကမူ ကျန်နေသေးသည်။ ထိုစဉ်မှာပင် မိခင်ကြီး၏ခေါ်သံကြားရသည်။ မရှေးမနှောင်းမှာပင် ခလုတ်တိုက်လဲမှန်း သိလိုက်သည်။

* * *

"ဘာကြောင့် ပြေးလိုက်နေရတာလဲ"

"ဟင်..."

"ဘိက္ခုနီအရေခြုံထားပြီး သိက္ခာမဲ့လိုက်တာ..."

"အို...ဘယ်လိုများပြောလိုက်တာလည်း သားရယ်..."

"သားရယ်...သားရယ်ဟုတ်လား။ ရဟန်းမဖြစ်နေလျက်နဲ့ သားဆိုတဲ့ သံယောဇဉ်မဖြတ်နိုင်တာ ဘာအသုံးကျဦးမှာလဲ"

"ပြောရက်လိုက်တာ သားရယ်..."

သားဟူသော သံယောဇဉ်ကြောင့် ပြေးလိုက်လာသော မိခင်ကြီး သည် ကျွန်ုပ်၏သူစိမ်းပြင်ပြင်ဆက်ဆံရေးကြောင့် ရုတ်တရက် ကြောင်သွားသည်။ မိခင်ကြီးအထင်တွင် သားဖြစ်သူက လိုက်လျောဖော်ရွေ စွာ ကြိုဆိုမည်။ "မယ်တော်ကြီး ကျန်းခန့်သာ မာပါသလား...အာဟာရဘောဇနေ ပြည့်စုံပါသလား...တရားအကျင့်ကော ကျင့်နိုင်ရဲ့လား...မေ့လျော့ပေါ့ဆမနေနဲ့ မယ်တော်ကြီး၊ သံသရာကပြတ်အောင် အားထုတ်ပါ...အခွင့်ကောင်းကို လက်မလွှတ်ပါစေနဲ့"ဟု ပဋိသန္ထာရ စကားပြောမည် ထင်ထားသည်။ ထိုသို့ပြောလာလျှင် မယ်တော်ကြီးကျန်းမာပါတယ်...သားတော်ရော ကျန်းခန်းသာ မာရဲ့လား...ကျန်းမာရေးကိုဂရုစိုက်ပါသား...အေးလေသားကိုကြည့်ရတာ လန်းဆန်းနေတော့ ကျန်းမာမှာပါ၊ အမေ့သားကို ဒီပုံဒီအခြေအနေမျိုးတွေ့ရတာ အမေဝမ်းသာလှပြီ၊ တစ်ယောက်ဆို တစ်ယောက်ထွန်းပေါက်တဲ့သားကိုကြည့်ပြီး အမေ ဝမ်းသာနေတာဟု ပြောလိုက်ချင်သည်။ သို့သော်မထင်မှတ်သည့် ဆက်ဆံ ရေးကြုံရ၍ရင်နင့်သွားသည်။ ရင်ဝတည့်တည့် သစ်တုံးတိုနှင့် အဆောင့် ခံရသည့်အလား အောင့်သွားသည်။

မိခင်ကြီးစိတ်ထဲအခံစားရဆုံးစကားက "ဘိက္ခုနီအရေခြုံထားပြီး သိက္ခာမဲ့လိုက်တာ...ဆိုသည့်စကား။ မိခင် တစ်ယောက်ဘယ်လိုမှ မခံစားနိုင်သည့် အသုံးအနှုန်း။ အကယ်၍လူဝတ်နှင့်သာဖြစ်ပါမူ... သိက္ခာမဲ့မှုနဲ့ မွေးခဲ့လို့ မင်းဒီအခြေအနေရောက်လာတာပော့"ဟု အော်ပစ်လိုက်ချင်သည်။ သည့်မျှမက နာကြည်းစရာကောင်းသည်က "သားမို့ သားလို့" ခေါ်သည်ကိုပင် အပြစ်တင်သည်။ သံယောဇဉ်မပြတ်နိုင်တာ ဘာအသုံးကျမှာလဲဟု နောက်ဆုံးစကား ပြောပြီး၊ လှည့်ထွက်သွားပုံမှာ ရင်ကျိုးစရာ။ သားဖြစ်သူ၏ရုပ်လွှာကိုကြည့်လျက် အံကိုက်လိုက်မိသည်။

"ဩော်...မင်းကဒီလောက်ထိ စိမ်းစိမ်းကားကားဆက်ဆံမှတော့ ငါမအေကလည်း ဘာဆက်ဆံစရာလိုလဲ၊ ဂျင်းစိမ်းနဲ့ မိဿလင်သူကြင်မှ ကိုယ်ကြင်မှာပေါ့"

မယ်တော်သည် နာကြည်းစိတ်ဖြင့် ပြန်လှည့်သွားသည်ကို မြင်တွေ့ရသည်။ ထို့နောက် အချိန်အတော်ကြာ ပျောက်ကွယ်နေသည်။ မိမိ၏အဆုံးအမကို နားလည်သွားပြီဟု သတိထားမိသည်။ လင်ဟူသော သံယောဇဉ်၊ ပစ္စည်းသံယောဇဉ်ကို ဖြတ်နိုင်ပါလျက် သားသံယောဇဉ် မပြတ်နိုင်သော ရစ်ပတ်နှောင်ဖွဲ့နေသည့် ကြိုးကိုဖြတ်တောက်ပေးလိုက်သည်။ ဥပေက္ခာပြုလျက် ကျောခိုင်းထွက်ခဲ့သည်။ ကျွန်ုပ်၏ဥပေက္ခာ ပြုမှုသည် မိခင်ကြီးကိုတရားလမ်းကြောင်းမှန်ပေါ်သို့ ပို့ပေးလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာပျောက်ကွယ်နေသော မိခင်ကြီးနှင့် ဆွမ်းခံလမ်းတွင် အမှတ်မထင်ဆုံတွေ့သည်။ သည်အခါမှာတော့…သား…သားဟု ပျာယာခတ်မနေတော့ဘဲ ရင့်ကျက်တည်ငြိမ်နေသည့်အသွင်တွေ့ရသဖြင့် မယ်တော်ကြီးသည် တရားအသိရှိသွားပြီဟု ယုံကြည်လိုက်သည်။ ထို့ကြောင့်မယ်တော်ကြီးကိုကျော်ခိုင်းလိုက်သည်။ မိခင်ကြီးကလည်း တည်ငြိမ်စွာဖြင့် အရှင်ကုမာရကိုကျော်ခိုင်းထွက်ခွာသွားလေတော့၏။

**ကျမ်းကိုး။ ။ ဓမ္မပဒ၊ အတ္တဝဂ်၊ ကုမာရကဿပဝတ္ထု။**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တရားရှိသူ၏ နှလုံးသား

"ဒီလောက်ဆိုတော်လောက်ပါပြီ မယ်တော်ကြီးရဲ့။ လူကဘယ်လောက်လာမှာမို့လဲ…"

"ဟဲ့၊ မလာဘူးလို့ပြောရမလား…အဝတ္တိကတိုင်းနဲ့ ဒက္ခိဏပထတိုင်းမှာ သာသနာပွင့်ထွန်းစဆိုတော့ စူးစမ်းချင်သူတွေလည်းရှိတယ်… ငါ့သား ကောဋိကဏ္ဏသောဏက တရားဟောမှာလေ…"

"ဟုတ်ကဲ့…ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ။ မယ်တော်ကြီးစိတ်ကြိုက် မဏ္ဍပ်ကြီးဆောက်ပေးပါ့မယ်"

မယ်တော်ကြီးသည် သားရဟန်းအတွက် ကြည်နူးဝမ်းသာနေသည်။ ဘုရားရှင်ရှေ့မှာ ရွတ်ပြသရဇ္ဈာယ်ပြသည့်တရားကို ပြန်လည်ဟောကြားပေးရန် ပန်ကြားချက်အရ၊ မယ်တော်ကြီးကိုတရားဓမ္မလက်ဆောင်ပေးမည်ဆို၍အားရဝမ်းသာ ဖြစ်နေသည်။

အမှန်သာဆိုလည်း သားသောဏကိုအထင်မကြီးမိ။ သည်လိုသည်ပုံစံလည်းဖြစ်လာမည်မထင်။ လူ့ပေါ်ကြော၊ လက်ကြောမတင်းသည့်သားက အရှင်မဟာကစ္စည်းထံ ရဟန်းခံမည်ဟု ခွင့်ပန်လာတော့ ရယ်ပင်ရယ်မိသေးသည်။ လူဆိုးလူမိုက်လေးမဟုတ်ပေမယ့် လူလိမ္မာ၊ လူယဉ်ကျေးမဟုတ်သည့်သားက ဝိနည်းစည်းကမ်းနှင့် တင်းကျပ်သည့်ဘဝမျိုး ဘယ်ပုံရပ်တည်မလဲ…ဘယ်လောက်လုပ်နိုင်မလဲဟုတွေးပြီး ရယ်သွမ်းသွေးခဲ့သည်။

"ရဟန်းဝတ်မယ်…ဟုတ်စ"

"ဟုတ်ပါတယ်အမေ…အရှင်မဟာကစ္စည်းမထေရ်ထံမှာ ရဟန်းဝတ်တော့မလို့ပါ"

"အေး…ဝတ်ပေါ့၊ ဒါပေမယ့် ရဟန်းဖြစ်ရင် မင်းအခုနေသလို မနေရဘူး၊ ထမင်းတစ်လုတ်ကို ထမင်းပွဲလက်ရောက် အရန့်သင့်မစားရဘူးဆိုတာ သိရဲ့လား…"

"သိပါတယ် အမေ"

"ဘယ်လိုသိတာလဲ…ရဟန်းဟာ သပိတ်ပိုက်ပြီး အိမ်စဉ်လှည့်ခံရတယ်။ ဆန်ကောင်းတဲ့ ဆွမ်း‥ရချင်လည်းရမယ်။ မရဘဲ လုံးတီးဆန်နီကြောင်ကြောင်ကို စားချင်လည်းစားရမယ်။ ကောင်းမွန်တဲ့ဟင်းလျာ ရချင်လည်းရမယ်၊ မရဘဲ ချဉ်ပေါင်ဟင်းတစ်ခွက်နဲ့ တစ်နပ်ဆွမ်း ပြီးချင်လည်းပြီးရမယ်"

"ဟုတ်ကဲ့၊ ကျွန်တော်သိပါတယ်အမေ…"

"သိပါတယ်ဆိုတော့ ဖြစ်သလိုစားနိုင်တယ်လို့ပြောတာလား"

"ဟုတ်ကဲ့"

သား သောဏစကားကြောင့် မိခင်ကြီးက မျက်လုံးလှန်ကြည့်သည်။ ခုချိန်ထိ သားအပေါ်မယုံနိုင်သေး။ ဘာမသိ ညာမသိ ခေါင်းညိတ်ဝန်ခံနေသည်ဟုသာထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒီမယ်…ရဟန်းတွေ ဘယ်လိုဝတ်ရတယ် ဆိုတာရောသိလား။ အခုလို ပိုးလုံချည် ပိုးအင်္ကျီ ဝတ်ရမယ် ထင်နေလား။ သစ်ခေါက်ဆိုးတဲ့ တစ်ထည်သင်္ကန်းပဲ ဝတ်ရတာနော်…အဝတ်အစားဂျီဂျောင်နိုင်တဲ့ မင်းဟာ အဲဒါမျိုးဝတ်နိုင်လား…''

''ဝတ်နိုင်ပါတယ်''

''ယော…ဝတ်နိုင်တယ်။ ဒါဆို ရဟန်းဝတ်တော့မယ်လို့ ဆုံးဖြတ်ချက်ချပြီးပြီပေါ့''

''ဟုတ်ပါတယ်…''

''နေဦး…နေဦး၊ မင်းသိဖို့ပြောရဦးမယ်။ ဟိုရဟန္တာအရှင်မြတ်ကြီးဖြစ်တဲ့ အရှင်မဟာကစ္စည်းထေရ်ရဲ့ နေပုံထိုင်ပုံကြည့်ပြီးအားကျတာ လား…အရှင်မြတ်ကြီးကို စန္ဒပဇ္ဇောတမင်းက ကြည်ညိုလို့ ကျောင်းကြီး ဆောက်လှူထား တာ။ အရှင်မြတ်က ကျောင်းနဲ့ကန်နဲ့နေရပေမယ့်။ မင်းက သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင် ရိပ်အောက်နေချင်နေရမှာ…''

''ဟုတ်ကဲ့၊ အဲဒီဘဝကို ကျွန်တော်မြတ်နိုးလို့ပါ''

မိခင်ကြီးက စိတ်ဓာတ်ကျစရာစကားတွေ ပြောနေပေမယ့် သားကမူ စိတ်မပျက်နောက်မဆုတ်၊ ရဟန်းဝတ်ဖို့သာ အားသန်နေသည်။

''အေး…ရဟန်းဝတ်နိုင်တယ်ဆိုလည်း ဝတ်။ ဝတ်ရင်တော့ ထူးချွန်ပြောင်မြောက်အောင် ကြိုးစား…''

မိခင်ကြီးက ဤသို့ပြောလိုက်သည်နှင့် အဝတ်အထည်ကိုယ်တစ်ခုနှင့် ထွက်သွားသည်။ ဘယ်နေ့ဘယ်အချိန် စိတ်ဓာတ်ကျပြီးပြန်လာမလဲဟု တွေးသော်လည်းပြန်မလာ။ တစ်ရက်မှ တစ်ပတ်၊ တစ်ပတ်မှ တစ်လ၊ ဤသို့ဖြင့် လမှနှစ်တိုင်သွားသည်။ နှစ်နှင့်ချီပြီး သားမျက်နှာမမြင်ရတော့ အရှင်ကစ္စည်းမထေရ်ကျောင်းထိ လိုက်သွားသည်။ သတင်းစုံစမ်းကြည့်သည်။ သားသောဏက ကမ္မဋ္ဌာန်းနည်းတောင်းပြီး တောရဆောက်တည်ရန်ထွက်သွားကြောင်း၊ ဘယ်အရပ်၊ ဘယ်ဒေသဟု မသိနိုင်ကြောင်း သတင်းသာရ၍ စိတ်မချမ်းမမြေ့နှင့် ပြန်လာရသည်။ သို့နှင့် တစ်နှစ်မှ နှစ်နှစ်၊ နှစ်နှစ်မှ သုံးနှစ်တိုင်သည်အထိ သား၏ မျက်နှာကို မတွေ့ရ။ မရေမရာသတင်းများသာလျှင် ကြားရသည်။ သားကိုခွဲခွာရပြန်တော့ မိခင်စိတ်နှင့် လွမ်းသလိုလို…ပူဆွေးသလိုလို တောင့်တသလိုလို ဖြစ်ရသည်။ ကိုယ်က ဘယ်လောက်ပင်တောင့်တစေကာမူ သားကမူသတင်းအစအနပင် ပျောက်သွားသည်။ ပေါ်လာမည့်ပေါ်လာတော့ မြှန်းစားကြီး။

တစ်ရက်တွင် အိမ်စောင့်နတ်သမီး၏ သာဓုခေါ်သံကြားလိုက်၍ အံ့အားသင့်သွားသည်။ ကိုယ့်အိမ်မှာ အလှူအတန်းလည်းမလုပ်၊ တစ်စုံတစ်ရာကုသိုလ်ကောင်းမှုလည်း မပြုမိ။ သို့စဉ်လျက် နတ်သမီးက သာဓုခေါ်သဖြင့် မေးမိသည်။

''အဘယ်နတ်သမီး၊ ငါ့အိမ်မှာ အလှူအတန်းလုပ်တော့ သာဓုမခေါ်ဘဲ၊ ဘာမှမလုပ်တဲ့နေ့မှ ဘာကိစ္စ ထယောင်နေ တာလဲ''

''ငါက သင့်ကိုသာဓုမခေါ်''

''ဘယ်လို…ဘယ်လို၊ ငါ့အိမ်မှာ အမှီပြုနေပြီး ငါ့ကိုသာဓုမခေါ်ဘဲ ဘယ်သူ့ကိုခေါ်တာလဲ''

''သင့်သား သောဏရဲ့ကောင်းမှုအတွက်ခေါ်တာပါ''

''ဘယ်လို…ဘယ်လို၊ ကျုပ်သား သောဏကိုသာဓုခေါ်တယ်။ သားက ဘာလုပ်လို့လဲ၊ အခုဘယ်မှာလဲ''

''သင့်သားဟာ သာဝတ္ထိပြည်ဇေတဝန်ကျောင်းမှာ ရောက်နေတယ်''

''ဩော်…''

''ဘုရားရှင်နဲ့အတူ ဂန္ဓကုဋီတိုက်မှာရှိနေတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို…ဘယ်လို၊ ကျူပ်သားက ဘုရားရှင်အပါးမှာရှိနေတယ် ဟုတ်စ"

"မှန်ပေတယ်။ ဘုရားရှင်က သောဏမထေရ်ကို ဂန္ဓကုဋီတိုက်ထဲမှာ အတူကျိန်းစက်ခွင့်ပြုထားတယ်။ ဒီနေ့မှာ သင့်သားက ဘုရားရှင် ဟောကြားတဲ့ဂါထာတော်နဲ့ ဘုရားရှင်ကိုပူဇော်တယ်…ဘုရားရှင်ရဲ့ တရားကို နှုတ်ငုံဆောင်ပြီး ပြန်လည်ဟောကြားလို့ ဘုရားရှင်က ကောင်းချီးပေးတယ်။ ဒီအသံကို နတ်၊ ဗြဟ္မာတွေကကြားလို့ ကောင်းချီးပေး ကြတယ်။ စကြဝဠာတစ်တိုက်လုံးရှိတဲ့ နတ်တွေရဲ့သာဓုခေါ်သံကြားလို့ ကျုနုပ်လည်း သာဓုခေါ်တာပါ"

"သြော်…"

မယ်တော်ကြီးသည် သား၏သတင်းကိုကြားရသဖြင့် အံ့သြဝမ်းသာစွာဖြင့် ရေရွတ်လိုက်သည်။ ဝမ်းသာစိတ်ကြောင့် စကားမပြောနိုင်အောင်ပင် ဖြစ်ရသည်။ သားကိုလွမ်းတနေသော မယ်တော်ကြီးသည် သားသတင်းကြားရတော့ ပို၍လွမ်းလာသည်။ ပို၍မြင်ချင်တွေ့ချင်သည်။ အထူးသဖြင့် ဘုရားရှင်ကို ဟောသည့်တရားကို နာချင်သည်။ ဘယ်လို တရားပါလိမ့်ဟု သိချင်နေသည်။ သားပြန်လာလျှင် တခြားဘာကိုမှမတောင်းဆို။ ဘုရားရှင်ထံ ရွတ်ဆိုပြသည့် တရားနာပါရစေဟုသာ တောင်းဆိုမည်ဟု တွေးထားသည်။

သို့နှင့်သားသောဏမထေရ်သည် အဝန္တိကတိုင်းသို့ ပြန်ကြွလာကြောင်း သတင်းကြားသည်နှင့် အလျင်အမြန်သွားရောက်ဖူးတွေ့ပြီး၊ တရားဟောကြားဖို့ ပန်ကြားသည်။ သားသောဏကလည်း မယ်တော်ကြီးအား ဟောပြမည်ဟု ကတိပေးသဖြင့်၊ သူလည်းနာ၊ အများသူငါလည်း နာခွင့်ရအောင် ရွာလယ်ကွက်လပ်၌ မဏ္ဍပ်ကြီးထိုးသည်။ တော်ရုံတန်ရုံ မဟုတ်။ ရောမမဏ္ဍပ်ကြီးကို အကုန်အကျခံလျက် ဆောက်လုပ်ခြင်းဖြစ်ပေသည်။

* * *

"ဟဲ့၊ တရားဟောပလ္လင်က ဘေးရောက်မနေဘူးလား…အလယ်ကျကျထားမှ ငါ့သားကိုအကုန်ဖူးရမှာပေါ့"

"ရွှေ့ပေးပါ့မယ်…အမေကြီးစိတ်ကြိုက်နေရာချပေးမယ်"

"အဲဒါပြီးရင် ဖျာတွေခင်းဦးနော်…မြေကြီးပေါ်ထိုင်ပြီး နာလို့မဖြစ်ဘူး"

"ခင်းပေးမှာပါ…မယ်တော်ကြီးဖျာနဲ့လောက်ပါ့မလား…မလောက်ရင် ဘယ်လိုလုပ်မလဲ"

"ဟဲ့၊ မလောက်ရင်ငှား၊ ငှားမရရင်ဝယ်ဟယ်…"

"ဝယ်…ခုမှဘယ်သွားဝယ်မှာလဲ အဘွားရဲ့။ ဖျာသည်ကအလွယ်တကူရှိတာမှ မဟုတ်တာ…"

"ဒါဆိုကောဇော‌တွေ ထုတ်ပေးမယ်၊ ခင်းကြည့်။ မလောက်ရင် ပြော"

မယ်တော်ကြီးသည် သား၏တရားနာယူရန် အားသန်နေသည်။ ထို့အတူအခြားသူတွေကိုလည်း နာယူစေချင်သည်။ နာစေချင်သည်မှာ ကြွားဝါချင်၍၊ ဂုဏ်ယူဝင့်ကြွားစေချင်၍ မဟုတ်။ သားရဟန်းက ဘုရားရှင်ကို ဘယ်လိုတရားမျိုး ရွတ်ဖတ်သဇ္ဈာယ်ပြခဲ့သည်ကို သိစေချင်၍ဖြစ်သည်။

မယ်တော်ကြီးစိတ်ထဲ၌ အံ့သြဝမ်းသာမှုတွေက ပြည့်သိပ်နေသည်။ သာဝတ္ထိနှင့် အဝန္တိကတိုင်းက ယူဇနာ (၁၂၀) သာသာဝေးသည်။ ထိုအရပ်တွင် ဟောသည့်တရားကို အိမ်စောင့်နတ်သမီးကကြားရပြီး သာဓုခေါ်သည်။ စကြဝဠာ တစ်တိုက်လုံးရှိ နတ်၊ ဗြဟ္မာများက သာဓုခေါ်သည်ဆိုခြင်းမှာ မအံ့သြဘဲမနေနိုင်။ တုန်လှုပ်မိအောင်ပင် ဝမ်းသာ မိသည်။

မယ်တော်ကြီးသည် တရားနာရမည်ဆိုကတည်းက အိမ်တွင်မနေတော့။ တရားမဏ္ဍပ်တွင် အချိန်ကုန်နေသည်။ ညကျမှနာရမည်ဖြစ်သော်လည်း ပြင်ရေးဆင်ရေးရှိနေ၍ နံနက်ကတည်းက မဏ္ဍပ်သို့ရောက်နေသည်။ မယ်တော်ကြီး စိတ်ထဲ ပြင်၍ပင်မပြီးတော့။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြိုက်ပြင်ဆင်ပြီးမှ အိမ်ကိုခပ်သုတ်သုတ်ပြန်လာပြီး၊ ရေမိုးချိုး၊ အဝတ်အစားလဲပြီး၊ တရားနာရန် တစ်ခေါက်ပြန်သည်။

"ဟဲ့၊ ညည်းတို့လဲ တရားလိုက်နာကြလေ…"

"အမေကြီးသွားတော့ အိမ်စောင့်မရှိလို့ဖြစ်မလား"

"အမယ်၊ ခုမှစောင့်ချင်နေလိုက်တာ…သွားကြမယ်၊ လာ…အစောင့်တစ်ယောက်ပဲနေခဲ့"

မယ်တော်ကြီးကအိမ်ရှိလူကုန်ခေါ်ပြီး တရားပွဲသို့ တစ်ခေါက် ပြန်လာသည်။

ဤအခွင့်ကောင်းကို စောင့်နေသည့် ခိုးသားတို့သည် အခွင့်ကောင်း ပေါ်ပြီဟုတွက်လျက် မြေအောက်ဥမင်တူးပြီး အိမ်ထဲဝင်ဖို့ ကြိုးစားတော့သည်။ ယင်းအခြေအနေကို အစောင့်မိန်းမသားက သိသည်။ အော် ဟစ်အကူအညီတောင်းဖို့ကလည်း ခက်နေသည်။ ရွာသားတိုင်းက အိမ်ကိုထားရစ်ပြီး တရားပွဲကို စုပြုံရောက်နေကြပြီ။ အိမ်စေမိန်းမသည် အိမ်တံခါးကို လုံခြုံအောင်ပိတ်ပြီး တရားနာသွားဟန်ဖြင့် မယ်တော်ကြီးနောက်လိုက်သွားသည်။

အိမ်စေမိန်းမရောက်တော့ တရားပွဲက စနေပြီ။ အရှင်မြတ်၏တရားတွင် အားလုံးက နစ်မျောနေကြပြီ။ အိမ်စေမသည် မယ်တော်ကြီးအပါးကပ်သွားပြီး တီးတိုးခေါ်လိုက်သည်။

"အမေကြီး"

"ဟေ…ညည်းလည်း တရားနာဖို့လိုက်လာတာလား။ အေးအေး ကောင်းတယ်။ နာရခဲတယ်…နာနာ"

"မဟုတ်ဘူး အမေကြီး"

"ဟေ…"

"အိမ်မှာ သူခိုးကပ်နေလို့ အမေကြီးကိုလာပြောတာ…"

"အို…အေ"

"ခြံထဲကို မြေအောက်လိုဏ်ခေါင်းတူးပြီးဝင်လာတာ… သမီးကလည်း တစ်ယောက်တည်းဆိုတော့ ဘာလုပ်ရမှန်းမသိလို့ အမေကြီး လာပြောတာ…"

"အင်း…အေးအေး။ ရှိစေတော့။ ညည်းတရားနာချင်လည်းနာ မနာချင်လဲ ပြန်သွား၊ ငါ့ကိုလာမနှောင့်ယှက်နဲ့"

မယ်တော်ကြီးထံမှ ထင်မထားသည့်စကားကြားလိုက်၍ အစေခံ အမျိုးသမီးမှာ ပြန်ရနိုး။ ဆက်ထိုင်ရနိုး ဖြစ်သွားသည်။

သူတို့ပြောဆိုနေချိန်တွင် သူခိုးအဖွဲ့အကြီးအကဲသည် ဓားကိုဂွက်လျက် အနီးနားတွင် အရိပ်အခြည်ကြည့်နေသည်။ အကယ်၍ မယ်တော်ကြီးက အိုးအရိပ်တကြီးထအော်လျှင် အမြန်ဆုံးနှုတ်ပိတ်ရန် စောင့်နေခြင်းဖြစ်သည်။ "လုပ်ကြပါဦးဟေ့၊ အမေကြီးအိမ်သူခိုးဖောက်ဝင်နေလို့တဲ့၊ ဝိုင်းကြပါဦး၊ ကူကြပါဦး"ဟု အကူအညီတောင်းလျှင် တရားနာ ပရိသတ်တွေ စုရုံးပြီးအိမ်ဆီလာကြမည်။ ဤသို့လာလျှင် ပစ္စည်းဖောက်ယူနေသည့် သူ့လူများလိုဏ်ခေါင်းတွင်း၌ မိနေတော့မည်။ ဤသို့မယ်တော်ကြီး မအော်နိုင်အောင် နှုတ်ပိတ်ရန် စောင့်နေရာ ပြောလိုက်သည့်စကားကြောင့် ကြောင်သွားသည်။ ဘာလုပ်ရမှန်းမသိအောင်ပင် ငိုင်သွားရလေတော့သည်။

* * *

မယ်တော်ကြီးသည် သားရဟန်းဟောသည့်တရားအပေါ် အာရုံရောက်နေ၍၊ ကျရောက်သည့်ဘေးကိုလည်း ဂရုမစိုက်။ ပစ္စည်းအပေါ်လည်း တွယ်တာစိတ်မထား။ မျက်လုံးလေးမှိတ်၊ လက်အုပ်လေးချီလျက် ငြိမ်နေသည်။

ထိုစဉ်မှာပင် စောစောကပျာယီးပျာယာထွက်သွားသော အစေခံမ ပြန်ရောက်လာသည်။ ဂဏှာမငြိမ်သည့် အမူအရာနှင့် မယ်တော်ကြီးအနား ချဉ်းကပ်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေကြီး"

"ဟော..ညည်းမပြန်သေးဘူးလား"

"ပြန်သွားပြီးပြီ အမေကြီး၊ သူခိုးတွေ ငွေတိုက်တံခါးဖွင့်ပြီး ငွေတွေကို ယူနေပြီ"

"အေး..."

"အခုရွှေတိုက်တံခါးဖွင့်နေကြပြီ"

"အေး..."

"ရွှေတွေလည်းယူတော့မယ်"

"ကျွတ်...ညည်းအလုပ်ညည်းလုပ်စမ်း"

"ကျွန်မလာသတိပေးတာ..."

"ဒီမယ်၊ ညည်း နားလည်အောင် တစ်ခါတည်းပြောမယ်။ ငါ့ပစ္စည်းတွေ ယူချင်ယူသွားပစေ... တစ်ပြားမှမကျန်လည်း နေပစေ...ငါတရားနာပျက်အောင်လာပြောမနေနဲ့။ အိုအေ...ငါ့ရှိတဲ့စည်းစိမ်တွေ ကုန်သွားလည်း ငါမနေ့မြောဘူး။ တရားတစ်ပုဒ်တော့ ဖြောင့်ဖြောင့်နာစမ်းပါရစေ၊ သွား...သွား၊ သွားတော့"

ပစ္စည်းဥစ္စာတွေ သူခိုးခိုးနေကြောင်းသိလျှင် တုန်လှုပ်သွားလိမ့် မည်။ အထိတ်တလန့်ထအော်လိမ့်မည်။ ထိုသို့အော်လျှင် အစီအစဉ် ပျက်သွားမည်။ သို့ဖြစ်၍ပစ္စည်းရှင် မယ်တော်ကြီးကို သတ်ပစ်မည်ဟု ဓားကိုင်လျက်ကပ်သွားသော ခိုးသူကြီးသည် လက်ထဲမှဓား လွတ်ကျသွားသည်။ သူလည်း တရားမဏ္ဍပ်တွင်းမှ အမြန်ထွက်လျက် သူ့လူတွေဆီ မပြေးရုံတမယ် လာခဲ့သည်။

"ဟေ့၊ အားလုံးနားထောင်စမ်း၊ အခုယူထားတဲ့ ပစ္စည်းတွေအကုန်ပြန်ထားလိုက်"

"ဗျာ..."

"ဒီလောက် တရားမွေ့အပေါ်အာရုံရောက်နေတဲ့ သူတော်ကောင်းကြီးရဲ့ ပစ္စည်းသွားယူမိရင် ဘေးသင့်တော့မှာပေါ့"

"ဟာ...ဆရာရယ်။ ခက်ခက်ခဲခဲ ကြိုးစားထားရတဲ့ ပစ္စည်း လက်ထဲရောက်နေမှ ပြန်ထားရမယ်လို့ပဲ"

"မင်းလျှာမရှည်နဲ့။ ငါပြောတဲ့အတိုင်းခုချက်ခြင်းလုပ်။ သူတော်စင် မယ်တော်ကြီးရဲ့ပစ္စည်းကို တစ်ပြားတစ်ချပ်မှ မလျော့အောင်ပြန်ထား ငါ့စကားနားမထောင်တဲ့လူ သေပြီသာမှတ်"

ခိုးသူကြီးသည် သူ့လူတွေကိုညွှန်ကြားပြီး၊ သူကိုယ်တိုင်ကမူ တရားမဏ္ဍပ်ဆီပြန်လာသည်။ မယ်တော်ကြီး အပါးတွင် မယောင်မလည် ကပ်နေပြီး၊ တရားကိုနာယူမိသည်။

အရှင်မြတ်သည် ဘုရားရှင်အား ပြန်လည်သရုပ်ဖော်ပြသည့် ဂါထာကိုပါဠိရော အနက်ပါပြန်ဆိုဟောပြောသည်မှာ မိုးစင်စင်လင်းမှ တရားသိမ်းသည်။ တစ်ညလုံးတရားနာသည့် ပရိသတ်ထံမှ သာဓုခေါ်သံကြားမှပင် မယ်တော်ကြီးကလည်း လှိုက်လှိုက်လှဲလှဲ သာဓုခေါ်လိုက်လေသည်။

"အမေ...ကျွန်တော့်ကိုခွင့်လွှတ်ပါ"

မယ်တော်ကြီးသည် ထိုင်ရာမှထရပ်လိုက်ချိန်တွင် ခိုးသူကြီးသည် မယ်တော်ကြီး၏ခြေအစုံကိုဖက်လျက် ဦးတိုက်သည်။ ဝမ်းနည်းသံကြီး နှင့်လည်း တောင်းပန်သည်။ သားမဟုတ်ဘဲ၊ အမေဟုခေါ်လျက် တောင်းပန်နေသူကို ငုံ့ကြည့်မိသည်။

"မင်း...မင်းဘယ်သူလဲ"

"ကျွန်တော်အမေ့ပစ္စည်းတွေကို မြေအောက်လိုဏ်ဂူတူးပြီးခိုးဖို့ ကြံစည်သူပါ"

www.burmeseclassic.com

www.burmeseclassic.com



''ဟော...''

''အမေ့ကိုလည်း သတ်ပစ်မယ်လို့ ကြံစည်မိပါတယ်''

''ဪ...ဪ''

''အမေဟာ တရားကိုသာ စူးစိုက်နာယူနေပြီး၊ တရားနှလုံးသွင်းနေတာရယ်...ပစ္စည်းအပေါ်တွယ်တာမက်မောခြင်းမရှိဘဲ၊ တရားရတနာကိုသာ မြတ်နိုးတန်ဖိုးထားတဲ့ သူတော်စင်အမေ့ကို ကျွန်တော်မဟုတ်မတရားကြံမိပါတယ်...''

''ဪ...ဪ''

''သူတော်ကောင်းကိုပြစ်မှားမိတဲ့ ကျွန်တော့်ကိုခွင့်လွှတ်ပါအမေ...''

''မင်းက ဘာတစ်ခုမှမလုပ်သေးဘဲနဲ့ ဘာကိုခွင့်လွှတ်ရမှာလည်း မင်းတို့ကြံစည်တာလည်း အမေသိမှမသိဘဲကွယ်''

''ဟုတ်ပါတယ်...ခုတော့ပစ္စည်းတွေလည်း ပြန်ထားပြီးပါပြီ။ သူတော်စင် သူတော်ကောင်းပြစ်မှားတဲ့ကျွန်တော်တို့ကို သိကြားမင်းက ဝရဇိန်လက်နက်နဲ့ အခွင်းခံရမှာစိုးလို့ တောင်းပန်ပါတယ် အမေ... သားတို့ကိုခွင့်လွှတ်ပါ''

''ဪ...အေးအေးခွင့်လွှတ်ပါတယ်။ အမေက သားရဲ့တရား နာရတာလောက် ဘာတစ်ခုမှသံယောဇဉ်မရှိဘူး။ အမေ့ပစ္စည်းအားလုံး ယူချင်ယူသွား၊ အမေ့ရင်ထဲမှာတရားရတနာကိန်းကျန်ခဲ့ရင်တော်ပြီ''

''ပစ္စည်းတွေလည်း မယူတော့ပါဘူးအမေ''

''သာဓုတော်...သာဓု။ တရားစောင့်သူကို တရားကပြန်စောင့်တယ်ဆိုတာ အမှန်ပဲ။ ဒါကြောင့် တရားနဲ့အညီသာ ကျင့်ကြံကြပါ''

ခိုးသားများက ဝန်ချတောင်းပန်၍ အလွယ်တကူ ခွင့်လွှတ်လိုက်သည်။ အကယ်၍ သူတို့တစ်တွေ ပစ္စည်းအကုန်ယူ သွားလျှင်လည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်မည်မဟုတ်။ ပစ္စည်းအပေါ်တွယ်တာ တပ်မက်စိတ်ကင်းပြီး၊ ဥပေက္ခာရှု နိုင်သည်။ ထိုမျှမက သူ့အသက်ကို ရန်ရှာလာလျှင်လည်း သည်းခံမည်သာ။ ထိုသူတို့ကိုလည်း ရွံမုန်းနေမည်မဟုတ်။ မယ်တော်ကြီးစိတ်ထဲတွင် ခိုးသူတွေကိုလည်း ရန်သူဟုမမြင်။ သူ့စိတ်ထဲတွင် အားလုံးအပေါ် ဥပေက္ခာတရားထားပြီး ဖြစ်ပေတော့သည်။

**ကျမ်းကိုး။ ။ ဓမ္မပဒ၊ ဘိက္ခုဝဂ်၊ ခိုးသားဝတ္ထု။**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ပြဟ္မာ့ဒဏ်

"အရှင်ဘုရား…ဒီအကျင့်က ရဟန်းတော်တွေနဲ့ မလျော်ကပ်ပတ်ပါ"

"ဘာ…"

"အပ်စပ်မှုလည်း မရှိဘူး"

"ဘယ်လို"

"ရဟန်းကောင်းတွေနဲ့ မလျော်ကန်လို့ ဆင်ခြင်ဖို့သတိပေးတာပါ"

"အဟား…ဟား…ဟား။ သင်တို့က ငါ့ကိုတောင် ဆုံးမနေသေးတယ်။ ဒီမယ်၊ ငါဘယ်သူဆိုတာ သိလား…အဲအဲ၊ တောရဟန်းတွေဆိုတော့သိမှာမဟုတ်ပါဘူး၊ အဟင်း…ဟင်း၊ ဒီမယ်…သင်တို့ရဲ့ ဘုရားရှင်က ဘယ်သူလဲ"

"အရှင်ဘုရား ဘာကြောင့်ဒီစကားမေးတာလဲ…ဂေါတမဗုဒ္ဓဟာ တပည့်တော်တို့နဲ့ အရှင်ဘုရားရဲ့ဆရာလေ… ဂေါတမဘုရားရှင်ရဲ့ ဩဝါဒကိုခံသူတွေမှန်းသိရက်နဲ့"

"ဟုတ်ပြီ၊ အဲဒီသင်တို့အလေးအမြတ်ထားတဲ့ ဗုဒ္ဓဟာ ကျုပ်နဲ့ဖွားဖက်တော်…"

အရှင်ဆန္န၏ဂုဏ်ယူဝင့်ကြွားဟန်နှင့် ပြောလိုက်ပုံကြောင့်အားလုံးက အံ့အားသင့်သွားသည်။ ဘာကြောင့်ဤစကား ပြောလေသလဲဟု စဉ်းစားမရ။ အမှန်ဆိုလျှင် အရှင်ဆန္နသည် ဘုရားရှင်နှင့် မနိုင်းအပ်။ဖွားဖက်တော်ဟူသည်မှာ အဘယ်မျှဆက်နွယ်မည်နည်း။ ညီတော်ဖြစ်သည့် အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာတို့ပင် ဤစကားမဆို။ နောင်တော် ဖြစ်သည့် အရှင်ဘဒ္ဒိယလည်း ဤစကားမျိုးမသုံးနှုန်း။ ဘုရားရှင်အဖို့ သကျသီဟမင်းမျိုးကို အနွယ်တော်ဟု မယူဆ။ ဂင်္ဂါဝါဠုသဲထုမက ပွင့်တော်မူသောဘုရားရှင်တို့သာလျှင် အနွယ်တော်ဟု မှတ်ယူသည်။ သံဃာပရိသတ်ကိုမူ သကျ သာကီမျိုးနွယ်၊ ဘုရားရှင်၏ သားတော်များဟုသာ သတ်မှတ်သည်။ သို့ဖြစ်၍ အရှင်အာနန္ဒာကိုလည်းကောင်း၊ အရှင်အနုရုဒ္ဓါကိုလည်းကောင်း သားတော်ဟူ၍သာ မှတ်ယူသည်။

ညီတော် အာနန္ဒာကလည်း ညီတော်ဟုမသတ်မှတ်။ ဖွားဖက်ဖြစ်သော်လည်း အရှင်ဆန္နကဲ့သို့ ဖွားဖက်တော်ဟု ဂုဏ်ပုဒ်မတက်။ အရှင်ဆန္နစိတ်ကြီးဝင်ပုံကိုကြည့်လျက် အံ့အားသင့်ကုန်သည်။

"ဒီမယ်၊ အရှင်ဘုရားတို့သိအောင် ထပ်ပြောဦးမယ်။ အလောင်း တော်သိဒ္ဓတ္ထမင်းသား တောထွက်တော့ ဖဝါးခြေထပ် ကပ်ပါသွားတာ ဘယ်သူထင်လဲ"

"မိန့်ပါဦး"

"အာနန္ဒာ မဟုတ်ဘူး၊ အနုရုဒ္ဓါ မဟုတ်ဘူး။ ဘုရားရှင်ရဲ့အကျိုးဆောင်က ဆန္န"

www.burmeseclassic.com

www.burmeseclassic.com


"ဩော်...ဩော်"

"အဲဒီအချိန်ကတည်းက အတူတူလိုက်ပါပါရစေ...အပါးမှာ နေပြီး အလုပ်အကျွေးပြုပါရစေ...အရှင့်သားလိုပဲ တရားကျင့်ပါရစေလို့ ပန်ကြားခဲ့တယ်၊ အလောင်းမင်းသားက ခွင့်မပြုလို့နေရစ်ခဲ့ရတာ..."

"ဩော်...ဟုတ်မှာပါ"

"ဟုတ်မှာပါလို့ပြောတာက မယုံကြည်တဲ့သဘောလား...ဒီမယ် ဘုရားရှင်နဲ့ဦးဆုံးလက်တွဲခဲ့တဲ့ ကျုပ်လိုပုဂ္ဂိုလ်ကို နောက်မှပေါက်တဲ့ ရွှေကြာပင်တွေက ဆရာလာမလုပ်နဲ့၊ လုပ်လည်းဆန္နက လက်ခံမှာ မဟုတ်ဘူး ဒါပဲ"

အရှင်ဆန္နသည် ကောင်းရာကောင်းကြောင်းပြောသည်ကို မနာခံ။ ဖွားဖက်တော်ဟူသည့်မာန်နှင့် ခါချသည်။

ထိုအကြောင်းကို ဘုရားရှင်အားလျှောက်တင်ရာ ဘုရားရှင်က သံဃာ့ပရိသတ်ရှေ့မှာပင် အရှင်ဆန္နကို အပြစ်တင်သည်။ ကဲ့ရဲ့သည်။ အကျင့်ပျက်တဲ့ဆန္နဟုပင် ဆိုချင်ဟန်ရှိသည်။ ထိုသို့အပြစ်တင်စဉ်မှာ တော့ အရှင်ဆန္နမလှုပ်။ ငုတ်တုတ်ငြိမ်ခံနေသည်။

ဘုရားရှင်သည် အရှင်ဆန္န၏အပြုအမူကိုမနှစ်သက်။ အတူနေ ရဟန်းများ၏ဆိုဆုံးမသည်ကို မနာခံမှုအတွက် ဒုဗ္ဗစသိက္ခာပုဒ်ကို ပြဋ္ဌာန်းလိုက်သည်။

* * *

အရှင်ဆန္နသည် ဘုရားရှင်၏ဖွားဖက်တော်ဖြစ်သဖြင့် ငယ်စဉ်က အကျွမ်းတဝင်နေခဲ့ရသည်မှာ မှန်သည်။ ရင်းနှီးမှုရှိသည်မှာလည်း မှန်သည်။ သို့သော် ဘုရားရှင်သည် အနေနီးခြင်း၊ အနေဝေးခြင်းမကြည့်။ အကျွမ်းတဝင် ရှိသည်ကို ဦးစားမပေး။ ပါရမီအလျောက် ချီးမြှောက်သင့်သည်ကို ချီးမြှောက်သည်။

သာသနာတော်တွင် ဦးဆုံးအသိအမှတ်ပြုခံရသော အရှင်ကောဏ္ဍည မထေရ်သည် အသက်အားဖြင့်လည်း ကြီးသည်။ ဝါတော်အားဖြင့် လည်း သံဃာပရိသတ်တွင် အကြီးမြတ်ဆုံးဖြစ်သည်။ သို့သော် လက်ဝဲရံ၊ လက်ျာရံ အဂ္ဂသာဝကအရာချီးမြှင့်ချိန်တွင် လက်ျာရံအဖြစ် အရှင်သာရိပုတ္တရာမထေရ်၊ လက်ဝဲရံအဖြစ် အရှင်မဟာမောဂ္ဂလာန်မထေရ် ကို ခန့်အပ်ခဲ့သည်။ အရှင်မြတ်ကြီးကိုမူ တတိယမဟာသာဝကကြီးအရာဌာ နှင်းအပ်သည်။ ထိုစဉ်က ရဟန်းပရိသတ်ကြားတွင် ဘုရားရှင်သည် မျက်နှာကြည့်ပြီးပေးသည်ဟု ဆိုကြသည်။ အမှန်တော့ လက်ဝဲရံ၊ လက်ျာရံအရာတွင် အရှင်ကောဏ္ဍညကြီးပါသင့်သည်။ အရှင်မြတ်ကြီး ကိုမရွေးလျှင် ပဉ္စဝဂ္ဂီတွေထဲက ရွေးသင့်သည်။ အကယ်၍နှစ်သက်မှု မရှိသေးလျှင် ဘဒ္ဒဝဂ္ဂီတွေထဲမှ ရွေးသင့်သည်။ ထိုပုဂ္ဂိုလ်များမရွေးလျှင် ယသသတို့သားနှင့်သူ၏မိတ်ဆွေငါးဆယ်ထဲမှရွေးသင့်သည်။ အကယ်၍ နှစ်သက်မှုမရှိသေးလျှင် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်ထဲမှ ရွေးသင့်သည်။ ထိုအထဲမှ မနှစ်သက်သေးလျှင် ကဿပညီနောင်သုံးဦးနှင့်သူတို့၏နောက်လိုက်တစ်ထောင်ထဲမှ ရွေးသင့်သည်။ ထိုပုဂ္ဂိုလ်များသည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်မထေရ် နှစ်ပါးအရင် သာသနာ့ဝန်ထမ်းရဟန်းဖြစ်လာသူတွေဖြစ်သည်။ သို့စဉ်လျက် အရှင်နှစ်ပါးကို အဂ္ဂသာဝကအရာ ခန့်ခြင်းမှာ ရှေးရှေးကပြုခဲ့သော ပါရမီ၊ တောင်းခဲ့သည့်ဆုအရ ချီးမြှင့်ကြောင်းမိန့်ကြားခဲ့သည်။ ဤအဖြစ်အပျက်ကို ကြည့်လျှင် ဘုရားရှင်သည် အနီးအဝေးမကြည့်၊ အကျွမ်းဝင်မှုရှိမရှိကို မကြည့်ကြောင်းပေါ်လွင်သည်။

အမှန်တော့ အရှင်ဆန္န စဉ်းစားသင့်သည်။ ဖွားဖက်တော်ဟု ဂုဏ်ပုဒ်တစ်ခုနှင့် နေရာတကာ လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေ၊ ပြုမူချင်တိုင်းပြုမူလျှင် အရှင်ဆန္နက အလျင်အဦးနေရာမရနိုင်။ ဖွားဖက်တော်လည်းဖြစ်၊ ညီတော်လည်းဖြစ်သည့် အရှင်အာနန္ဒာသာ ရသင့်သည်။ ဖြစ်သင့်သည်။ ဦးစားပေးမပေးချင့်တွက်လျှင် အရှင်အာနန္ဒာသည်ပင် ဝါတော် (၂၀) ပြည့်မှ အလုပ်အကျွေးရဟန်းအဖြစ် ခန့်အပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အနေနီးသည့်ပုဂ္ဂိုလ်၊ အကျွမ်းတဝင် ရှိသည့်ပုဂ္ဂိုလ်ဟု ဂုဏ်ခံလျက် အခြားရဟန်းတို့ အသိပေးသည်ကို လက်မခံ "အရှင်ဘုရား…ဤသို့ မပြုပါနှင့်၊ ဤသို့ပြုမူခြင်းမှာ မသင့်ပါ" ဟုဆုံးမသည်ကို၊ အလေးမမူ။

"အရှင်ဘုရားတို့ ဒီလိုပြောတိုင်း လက်ခံရမှာလား…အခြားဝိနည်း မှိုရ်ပုဂ္ဂိုလ်တွေကို မေးကြည့်ဦးမယ်။ မမေးရသေးသမျှ အရှင်တို့စကား နားမထောင်နိုင်"

"တပည့်တော်တို့က သာသနာတော်အကျိုးငဲ့ကွက်ပြီး ဆုံးမတာပါ"

"တယ်တော်ပါလား…အရှင်ဘုရားတို့ပြောပုံက တပည့်တော်က မငဲ့ကွက်သလိုလို၊ ဘုရားရှင်ရဲ့သာသနာတော်ကို စောင့်ရှောက်စတမ်းဆိုရင် ဘယ်သူက ပိုစောင့်ရှောက်မယ်ထင်လဲ"

အရှင်ဆန္နသည် ဝိနည်းနှင့်မညီညွတ်၍ ဆုံးမသည်ကို မနာခံ။ ဝိနည်းမှိုရ်ပုဂ္ဂိုလ်များထံ စုံစမ်းဦးမည်ဟု ရှောင်ဖယ်စကားဆိုသည်။ ထိုအကြောင်းကို ဘုရားရှင်အားလျှောက်ထားသော် ဘုရားရှင်က အရှင်ဆန္နကို ပြင်းပြင်းထန်ထန် ကဲ့ရဲ့သည်။ ထိုသို့ကဲ့ရဲ့ပြီး "သဟဓမ္မိကသိက္ခာပုဒ် ပညတ်တော်မူသည်" ဤသိက္ခာပုဒ်သည် သီတင်းသုံးဖော်၏ အဆုံးအမကို သွယ်ဝိုက် ငြင်းဆန်ခြင်းဖြစ်သည်။

* * *

အရှင်ဆန္နသည် ဘုရားရှင်နှင့်အကျွမ်းတဝင်ရှိသူဟူ၍ သံဃာများအလယ်တွင် အခွင့်အရေးပိုယူသည်။ ယင်းအပြုအမူ မှာ ဘုရားရှင် ၏အလိုဆန္ဒနှင့် လုံးဝဆန့်ကျင်နေသည်။ ဘုရားရှင်သည် ရဟန်းသိက္ခာ၊ ရဟန်းတရားမရှိ တစ်ဖက်သား အနှောင့်အယှက် ဖြစ်စေလျက် အဂ္ဂသာဝက ပုဂ္ဂိုလ်ကြီးများကိုပင် မျက်နှာသာမပေးခဲ့။

တစ်ခါတွင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်မထေရ်ကြီး နှစ်ပါးသည် တောနေတပည့်ရဟန်းငါးရာနှင့် ကျောင်းတော်ကိုရောက်လာသည်။ တောနေရဟန်းများသည် ဘုရားရှင်၏ဆန္ဒတော်ကို မသိ။ ဘုရားရှင်သည် ဆူဆူညံညံ အသံပြုသည်ကို မကြိုက်၊ မလိုလားပေ။ ကျောင်းတော်ကြီးသို့ ရောက်လာသော ရဟန်းများက ဝမ်းသာပျော်မြူးနေဟန် ဖြင့် သူတစ်ခွန်းငါတစ်ခွန်းပြောဆိုနေရာ အုန်းအုန်းကျွက်ကျွက်ဖြစ် နေသည်။ ထိုအခါဘုရားရှင်က "တံငါသည်တွေလို ဆူဆူညံညံအသံပြုနေတာ ဘယ်သူတွေလဲ…အခုပဲကျောင်းနဲ့ဝေးရာသွားကြ" ဟု ငေါက်မမ်းလွှတ်သည်။ တပည့် မကောင်းသဖြင့် ဆရာ့ခေါင်းထိပြီး၊ အရှင်မြတ်ကြီး နှစ်ပါးပါကျောင်းတော်မှ ထွက်ခဲ့ရသည်။ ဘုရားရှင်အား ဖူးချင်၍လာသူများ ဖူးခွင့်မကြုံတော့ပေ။

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်ကဲ့သို့ မထေရ်ကြီးများကိုပင် သာသနာတော်အကျိုးနှင့်ပတ်သက်လျှင် ခွင့်လွှတ်ခြင်းမရှိရာ၊ အရှင်ဆန္နက အမျိုးနှင့်ဆန့်ကျင်ပြုမူနေ၍၊ ဖဲကြဉ်ချင်သည်။ သို့သော် အရှင်ဆန္န ၏ပင်ကိုယ်စိတ်ထား က မဆိုးပေ။ အရှင်ဆန္နသည် ဘုရားရှင်ကိုပုဂ္ဂိုလ်ရေးအရ ကြည်ညိုသည်။ ပုဂ္ဂိုလ်ရေးအရ အလေးထားသည်။ ထို့အတူ ပုဂ္ဂိုလ်ရေးအရ မှီခိုချင်သော ဆန္ဒရှိနေသည်။ ဘုရားရှင်သည် အခြား ရဟန်းတို့၏ဘုရားရှင်မဟုတ်…မိမိအတွက် သာလျှင် ဘုရားရှင်…မိမိအတွက်သာလျှင် ဆရာသခင်ဟူ၍ခံယူနေသည်။ တွေးထားသည်။ သို့ဖြစ်၍လည်း ဘုရားရှင်ကိုအမှီပြုလျက် မာန်တက်နေခြင်းဖြစ်သည်။

ဤအချိန်တွင် အရှင်ဆန္နကိုဆုံးမလျှင် နားဝင်မည်မဟုတ်။ တရားမြင်မည်မဟုတ်။ အချိန်အခါစောင့်ဆိုင်းပြီး၊ ဆုံးမမှသာ သံဝေဂဖြစ်မည်ဟုမြင်သဖြင့် ဆုံးမသင့်သလောက်သာ ဆုံးမသည်။

သို့နှင့်ဘုရားရှင်၏ နောက်ဆုံးအချိန်သို့ရောက်လာသည်။

ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုရန်အတွက် မလ္လာမင်းတို့၏အင်ကြင်း တောသို့ရောက်လာသည်။ ဝေဒနာသည် သည်း သည်းထန်ထန် ခံစားနေရချိန်တွင် ဝေဒနာကို သည်းခံလျက် သာသနာတော်အရေးကို ရှေးရှုလျက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမသင့်သည်ကို ဆုံးမသည်။ ထိုအခါ သာသနာတော်ကြီးပြိုကွဲအောင် ဆန္ဒမရှိပါဘဲလျက် ဖန်တီးနေသော အရှင်ဆန္နကိုဆုံးမရန် အချိန်ကျပြီဟု တွက်သည်။

''ချစ်သားအာနန္ဒာ၊ ငါဘုရားလွန်တော်မူလျှင် ဆန္နရဟန်းကို ဗြဟ္မဒဏ်ပေးကြကုန်''

အရေးကြီးသည့်မိနစ်မှာချက်ဖြစ်၍ အရှင်အာနန္ဒာက ဂရုတစိုက်မှတ်သားသည်။ နားမလည်သည်ကို ချက်ချင်းကောက် မေးသည်။

''ရှင်တော်မြတ်ဘုရား...အဘယ်သို့ဗြဟ္မဒဏ်ပေးရမည်နည်း''

''ချစ်သားအာနန္ဒာ၊ သံဃာအပေါင်းစည်းဝေး၍ ဆိုနိုင်ခက်ခဲသောဆန္နအား ဤသို့ဗြဟ္မဒဏ်ပေးလော့။ ဤဆန္န ရဟန်းသည် သူဆိုသမျှ ဆိုသည်ကိုတစ်ပါးသော ရဟန်းတို့မဆိုမဆုံးမကြလင့်။ ဤသူ၏စကားကိုလည်း မလေးစား ကြလင့်။ ဤကား ဗြဟ္မဒဏ်တည်း။

ဘုရားရှင်သည် သာသနာတော်ကြီး အရှည်ခံ့တည်တံ့စေရန် အလေးအနက်ထားသည်။ ရှေးရေးကို မြော်မြင်တွေးလျက် မှာကြားခဲ့သည်။

''ချစ်သားအာနန္ဒာ...ငါ၏သာဝကဖြစ်သော သံဃာတော်တို့သည် ငါဘုရားလွန်ပြီဟု ထင်မှတ်ကြမည်။ ဤသို့ မထင်ကြလေနှင့်။ ငါဘုရားသည် အကြင်သုတ်၊ အဘိဓမ္မာကိုဟောအပ်ခဲ့ပြီးပြီ။ ဝိနည်းတရားတော်လည်း ပညတ်ခဲ့ပြီးပြီ။ အလုံးစုံသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားသည် ငါဘုရားလွန်ပြီးနောက် သင်တို့၏ဆရာဖြစ်လတ္တံ့။

ဤလမ်းညွှန်အဆုံးအမသည် ဘုရားရှင်မရှိသော်ငြားလည်း လိုက်နာကျင့်ဆောင်ရမည့် ကျင့်ဝတ်၊ နည်းလမ်းဟု ညွှန်ပြခြင်းပင်။ သို့ဆိုလျှင် ဝိနည်းကိုမလေးစားသည့် အရှင်ဆန္နအားဆုံးမရန် ဘုရားရှင် ကိုယ်စားဆုံးမမည့်သူရှိနေခြင်း ဖြစ်သည်။

ဘုရားရှင်သည် ဆန္နရဟန်း၏သဘောထား နားလည်သည်။ ဘုရားရှင်ကိုကျောထောက်နောက်ခံပြုလျက် မာန်တက် နေခြင်းကြောင့် ရဟန်းတရားလည်းမပြီး၊ ပြီးမြောက်အောင် ကျင့်ကြံခြင်းလည်းမရှိ။ ထိုသူသည် ဘုရားရှင်၏အဆုံးအမကို မနာယူခြင်းသာဖြစ်သည်။ ထိုသူ အတွက် အပြစ်ဒဏ်မှာ သာသနာတော်မှဖယ်ကြဉ်ခြင်းသာလျှင် အသင့်မြတ်ဆုံးဖြစ်သည်။

ဆန္နရဟန်းသည် အရှင်ဒေဝဒတ်နှယ် ပကာသနီယကံပြုတိုက်သူ မဟုတ်။ ကလေးဆိုးကြီးနှယ် နွဲ့ဆိုးဆိုး နေခြင်းသာ ဖြစ်သည်။ ဘုရားရှင်မရှိတော့လျှင် အားကိုးစရာမရှိတော့၍ စိတ်အားငယ်သွားမယ်။ ထိုစဉ်နိုက် သံဃာ ပရိသတ်ကပါ ဖယ်ကြဉ်ထားလျှင် မာန်မာနလျော့ကျသွားမည်။ ဤသို့မာန်ကျလျှင် တရားအမြင်ရှိလာမည်ဟုတွက်လျက် ဘုရားရှင်က ဥပေက္ခာပြုလိုက်ခြင်းပင်ဖြစ်သည်။

ရဟန်းတို့၏ဗြဟ္မဒဏ်ပေးခြင်းခံရသော အရှင်ဆန္နသည် သံဝေဂဖြစ်လျက် တရားလမ်းကြောင်းပေါ် ရောက်သွားရာ မကြာမီရဟန်းကိစ္စ ပြီးဆုံးခဲ့လေတော့သည်။

ကျမ်းကိုး။ ။ စိန္တပကာသနီး (ဒသမတွဲ)။